www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၊ အတွဲ(၇)၊ အမှတ်(၇)

# ရွှေအမြုတေ မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com



# ရွှေအမြုတေ
## မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ
အတွဲ(၇)၊ အမှတ်(၇)

ကျေးဇူးရှင်မိဘနှစ်ပါးအား ဂုဏ်သေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

BURMESE CLASSIC .com

[redacted]

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဘုရားသမိုင်း


- ရခိုင်ပြည်နယ်၊ မအိစက်တော်ရာ ဘုရားဖူးခရီး. . . ... ရွှေချိုအောင်(ပလီ) ၇
- မတိယဝ်ဏာစေတီသို့မတုတ်. . . . . ... မြမဥ္ဇူဝေ(ကျုံမငေး) ၁၅
- ရွှေပေါင်းသမိုင်းဝင် ပါဒကြီး ၅ထပ် ဆုတောင်းပြည့် ... အောင်ကောင်းမြ ၂၄
- ဆံတော်ရှင်ဆုတောင်းပြည့် ဇနတ်စေတီတော်သမိုင်း ... မင်းထက်ကျော် ၃၈
- ပင်းမြို့ပေါင်းမှ ရှင်အရဟံ မဟာဗောဓိ. . . . . ... မင်းသုခ ၈၂
- ထူးဆန်းထွေလာ ကျောက်ဆည်ရွာ ... ဗေဒသုတေသီဆရာမျိုး ၁၇၂


## ဘာသာရေးသုတ/ရသဆောင်းပါး


- မုဆိုးဝန်ထောက်အား ဆုံးမသောငှက်များ ... မမွာစရိယဦးငွေလှိုင် ၁၉
- ဝမ်းတော်ဘုရား ဘုရားကြီးကျောင်းတိုက်နှင့်. . . . . ... တွင်းကြီးသားတင်ဝင်းဦး ၄၅
- သင်ခန်းစာများကို မိတ္တူပွားခြင်း ... ဥသျှောင်မှူး(လှိုင်လင်) ၅၀
- ဝဋ္ဋနာဒီပနီ ... သုခ ၆၆
- ပိုင်လျှင်နိုင်မည် ... မောင်ရဲလှ ၉၉
- သစ်ငုတ်တိုဘဝရှောင်ရှားကြ ... အရှင်တိလောက ၁၀၂
- ကိုးဆယ့်နှစ်ကမ္ဘာငိုကြွေးခဲ့ရသူများအကြောင်း ... မေတ္တာရှင်(ရွှေပြည်သာ) ၁၁၅
- ပန်ဆုပြည့်စေလှူမှုဝေ၍ ... ခင်(တောင်ကြီး) ၁၃၂


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- အောင် ၈ ချက် ဂါထာ ... မင်းကြည်ဖြူ ၆၄
- ရှိကျိုးပူဇော် သာယာဝတီပရိတ်တော် ... ဝသုန်ဟိန်းထက် ၇၃
- ဘေးရန်အန္တရာယ်မှလွတ်တင်း၍. . . . . ... နေဝန်းနီ ၁၀၄
- မဏိဇောတပတ္တမြားရတနာဂါထာတော် ... ကျော်သန်း(တိုင်းရင်းဆေး) ၁၂၂
- ကြိုတိုင်းအောင်ဆောင်တိုင်းမြောက် ... တင့်ထူး(ဇေယျဝတီ) ၁၃၅
- အခက်အခဲအကျပ်အတည်းမှ. . . . . ... လင်းပြည့်မောင်(မြန်မာစာ)၁၄၃


## တိုင်းရင်းဆေး


- လူတိုင်းအတွက် ငွေမကုန်သောဆေးမြီးတိုများ ... ပေါ်လွင်ဦး(ရေး) ၁၈၉
- ဆေးပေါင်းခတဲ့ညရဲ့ မဲဇလီပင်အကြောင်း ... သစ္စာဝါဒီမြတ်စောလင်း ၁၉၁
- ကြို့ကြီးထိုးသော်. . . . . ... နတ်မောက်မှတ်ကျောက် ၂၂၂
- ကျောက်ဖရုံနှင့်. . . . . ... ကျော်တင်မွေ ၂၃၂
- အစွမ်းထက်သော ဂမုံးသယ်ာစင်ဆေးအသုံး ... ချစ်မှုန်ခင်(ကြို့ပင်ကောက်) ၂၄၇


www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဝင်ရသ


- ဝတ္ထိရရွှေဖိုးလေး ... မုဒ့ံစောနောင်ဖေ ၅၅
- ဆည်းဆာညရဲ့ အလင်းပွင့် ... 'ကိုမိုး(ရွှေပြည်သာ) ၇၆
- အလမ္ဗာသာနတ်သမီးမာယာ ... ညီအောင်ပြည့် ၉၅
- အသိပညာနှင့်ယှဉ်သောအတတ် ... ပန်းမြိုင်လယ်စိန်ဝင်း ၁၀၉
- စခင်ရွှေမှုလမ်းပြကြယ် ... သာခုမြေဘုန်းရှိန် ၁၆၇


## အထွေထွေသုတ၊ ရသဆောင်းပါး


- စည်တော်ပိတ်သချိုင်းနှင့်..... ... ကိုသက်ရှည် ၁၀၇
- ထီပေါက်ဖူးတဲ့လူ ... သက်နှင်းဆွေ(ပုပ္ပါး) ၁၂၄
- စာအုပ်စင် ... သုတအံ့ ၁၄၇
- ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓပုထိုးတော်ကြီး ... မောင်လင်းအောင် ၁၅၂
- ကြီးဆောင်ကာ အရောင်ရွှေပေတော့ ... ဦးကျော်(ပြည်) ၂၀၆
- ပြာပုမိုးရွာခဲ့တဲ့ မွန်ပီမြို့ဟောင်း ... ကိုအေးမြင့်(ရှေး/သု) ၂၁၆
- အမျိုးသားများရဲ့ ဘယ်လက်ဖဝါးပြင်မှ..... ... ဦးအောင်မြိုင် ၂၆၂
- ဇော်ဂျီတောင်ဝေ့ပင် ... ဧရာမြေကျော်ဝေ ၂၉၀
- မနောမယစွမ်းအင်ထူး ... သက်လုံ ၃၀၇


## ဝတ္ထုရှည်ဆန်းကြယ်ဝတ္ထုများ


- ဖြစ်ရပ်ဆန်းကြယ် ကြခတ်ဝါးတောကြီးထဲဝယ် ... မြသိန်း ၁၃၈
- အပိုက်အမဲလေးမှ..... ... အောင်ငြိမ်းလှိုင် ၁၆၂
- လူ့ဘဝသည်သာလျှင် ... အလင်္ကာသူရ ၁၈၀
- နိုင်ငံခြားပြန်တစ်ဦးနှင့်ကျွန်တော် ... မောင်မြင့်မား(ဘိုကလေး) ၁၉၄
- သူယောင်အရှုပ်တော်ပုံ ... စိုးဝေ ၂၁၀
- ခရီးသည် ... ဇလွန်ကျော်ဦး ၂၂၄
- တန့်တင်တောင်ကြီးက စောင်းသီချင်းသံ ... မင်းဟိန်းထိဝ် ၂၄၀
- တမြေ့မြေ့ ... ကောင်းသော် ၂၅၃
- နှတ်ဝစီကြောင့် အဟုတ်တကယ်ဖြစ်ခဲ့ပြီ ... ရိရိဌေး ၂၆၈
- မျှော်ရုံတောကပြန်ခဲ့တယ် ... သန်းဆွေသစ် ၂၈၃
- ဝိညာဉ်မေတ္တာ ... ညီညီနိုင် ၂၉၇
- ကျွတ်ချိန်တန်၍ကျွတ်သည် ... ဆုမွန်ဦး ၃၁၁
- အိပ်မက်မဟုတ်သောည ... နေမင်းသူရိန် ၃၁၉
- ကျောက်သခွေ့နှင့်သံသေဘား ... မင်းရဲကျော် ၃၂၅












www.burmeseclassic.com



**အယ်ဒီတာချုပ်**
မောင်ညိုမေး (ဝန်းတော)
**တာဝန်ခံအယ်ဒီတာ**
ကိုကိုလူ(ထားဝယ်)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
[illegible]
[illegible]
[illegible] A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ထုန်လေး
**[illegible]** - ယဉ်မင်းဆု
**မျက်နှာဖုံးဓာတ်ပုံဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးဝန်း၏** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ဝန်း၏**
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်ဇင်၊ ခိုင်ရှင်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စေတူ၊ ကျော်စိုးညိန်း၊ ဆုးထက်အောင်၊ ဝညတ်၊ မောင်လူရှင်
**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာစစ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်တျင်ယုံ(တောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေဇေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အခဆောင်၊ အစီအရင်၊ ယတြာ



- ပီယလက်ကိုင်ပဝါဆောင်ကြည့်ပါ ... အောင်ကောင်းမြ ၁၅၈
- သားသမီး အဖတ်တင်နိုင်သော ဆင်စွယ်ဂမုန်း ... နေဝန်းသစ် ၂၂၁
- ခင်ပွန်းအိမ်မြဲစေဖို့ ... အောင်လံထူဆရာဟိန်း ၂၃၈
- သက်ရောက်ယတြာ ... မောင်ရဲလေး(ဟင်္သာတ) ၂၅၈
- ဆောင်ရန်နှင့်ရှောင်ရန် ... လပွတ္တာရန်မင်းအောင် ၂၆၄
- ချစ်စကိုရှည်စေ မုန်းစကိုတိုစေ ... ဆရာဝေယံဦး ၂၉၄
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၃၀၇
- အပြိုင်အဆိုင် အတိုက်အခိုက်တွေအတွက် ... မိုးဟိန်းကျော် ၃၃၂


## အသုံးချပညာရပ်များ


- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၄၉
- ၂၀၁၂ ဒီဇင်ဘာလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
  ၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်တံကြမ္မာ ... ဦးဇေယျာကို ၂၄၈
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၅၉
- ၂၀၁၂ ဒီဇင်ဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာၤကုဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွန်းခေါင် ၂၇၉
- ၂၀၁၂ ဒီဇင်ဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၃၃၄
- ၂၀၁၂ ဒီဇင်ဘာလ၊ တြင်းရှပ်အဟောစာတမ်းများ ... [illegible] ၃၃၅

www.burmeseclassic.com






ပါဒကြီး ငါးထပ်ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်
ပါဒကြီး၊ ကျောက်တန်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



မဒီအထက်စက်တော်ရာရှိစေတီတော်



မဒိလက်ဝဲခြေတော်ရာ
မုံစဲကျွန်း၊ ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်ပြည် မအီစက်တော်ရာဘုရားဖူးခရီးစဉ်

ရွှေချိုအောင်(ငပလီ)



ဆင့်တင်ကျောက်ဆောင်ထက်ရှိ စေတီနှင့်စက်တော်ရာ

BURMESE CLASSIC .com

ဗုဒ္ဓ၏ ခြေတော်ရာများသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသည့် နိုင်ငံများတွင် အလေးထား ကိုးကွယ်သမှုပြုကြောင်းကို မှတ်တမ်းများအရ လေ့လာသိရှိနိုင်ပါသည်။ ဗုဒ္ဓဘာသာအများစုသည် ဗုဒ္ဓ၏ နောင် သာသနာနှစ်များတွင် ဗုဒ္ဓသာသနာတော် အရှည်သဖြင့် တည်တံ့နိုင်ရန်အလို့ငှာ ဘုရားရှင်၏ ခြေတော်ရာကို ကိုးကွယ်သာသနာပြုနိုင်ရန် ကျောက်ဖျာထက်တွင် ခတ်နှိပ်ချထား ချီးမြှင့်ခဲ့သဖြင့် ဘုရားရှင်ကိုယ်တော်တိုင်ကြွရောက်တော်မူခဲ့သည့် သက်သေသာဓကအဖြစ် အတွင့်အမြတ်ထား ကိုးကွယ်လေ့ရှိကြပေသည်။

ဗုဒ္ဓသာသနာသမိုင်းမှတ်တမ်းများအရ သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓ၏ ခြေတော်ရာတစ်ဆူကို လည်းကောင်း၊ ဇမ္ဗူဒီပမဇ္ဈိမလတိုင်း နမ္မဒါမြစ်ကမ်းတွင် တစ်ဆူ၊ သစ္စဗန္ဓ ရသေ့တောင်းပန်သဖြင့် နမ္မဒါမြစ်ကမ်းတောင်ထိပ်တွင် တစ်ဆူချထား ချီးမြှင့်တော်မူခဲ့ကြောင်းကို တွေ့ရှိရပေသည်။ တစ်ဖန်ယိုးဒယားနိုင်ငံတွင် ခြေတော်ရာတစ်ဆူ၊ လာအိုနိုင်ငံတွင်တစ်ဆူ၊ သီရိလင်္ကာနိုင်ငံတွင် တစ်ဆူ စသဖြင့် မှတ်တမ်းများရှိလေသည်။ မြန်မာပြည်တွင်မူ "မန်းရွှေစက်တော်ရာ" နှစ်ဆူသည် လည်းကောင်း၊ ရခိုင်ဒေသတွင် "မအီစက်တော်ရာ" နှစ်ဆူနှင့် ရသေ့တောင်မြို့နယ် "မုံစဲကျွန်း စက်တော်ရာ"တစ်ဆူတို့သည် လည်းကောင်း သက်သေထင်ရှားတည်ရှိ ဖူးတွေ့



www.burmeseclassic.com

www.burmeseclassic.com




မအီလက်ဝဲခြေတော်ရာ

BURMESE CLASSIC .com

သဖြင့် နိမ့်မာသည့် ဘုရားခြေတော်ရာ(စက်တော်ရာ)အထောက်အထားများ ဖြစ်ပေသည်။

မန်းရွှေစက်တော်မှာမူ ဒေသဖွံ့ဖြိုးမှု ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းခြင်း၊ သာသနိကအလှူရှင်များက လှူဒါန်းတည်ဆောက်မှုရှိခြင်းတို့ကြောင့် အများပြည်သူတို့ သွားလာရောက်ရှိကြကာ မျက်ဝါးထင်ထင် ဖူးမြင်နိုင်ကြပေသည်။

သို့သော် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့နယ်ခွဲ၊ မအီချောင်းတွင် တည်ရှိသည့် မအီစက်တော်ရာနှစ်ဆူမှာမူ ဒေသဖွံ့ဖြိုးမှုမရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ အလှူရှင်များက သာသနိကအဆောက်အအုံများ လှူဒါန်းမှု မပြုနိုင်သေးခြင်း စသည့် အချက်များကြောင့် ဘုရားရှင်၏ စက်တော်ရာနှစ်ဆူကို လုပ်သားပြည်သူများ လွယ်လင့်တကူ ဖူးမြော်နိုင်ရန် အခွင့်အလမ်းနည်းပါးလျက် သိရှိသူ နည်းပါးလှပေသည်။ မြန်မာပြည်အရပ်ရပ်မှ ပုဂ္ဂိုလ်များမဆိုနှင့် ရခိုင်ပြည်နယ်ရှိ ဒေသခံများပင် ဖူးမြော်ရောက်ရှိနိုင်ရန် ခက်ခဲလျက်ရှိပေသည်။




မအီအထက်စက်တော်ရာရှိစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အား ဝတ္ထုငွေလှူဒါန်းနေစဉ်


BURMESE CLASSIC .com

မအီစက်တော်ရာသမိုင်းကို ရှာဖွေထုတ်ဖော်ခဲ့သူမှာ ရန်ကုန်မြို့ ကျောက်မြောင်းရပ်၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိယဝံသဖြစ်လေသည်။ ဆရာတော်သည် မအီစက်တော်ရာနစ်ဆူကို ဒေသခံ ရခိုင်ဆရာတော်များ၊ ဒကာများ၏ အကူအညီဖြင့် တောနင်းရှာဖွေ မှတ်တမ်းတင်ခဲ့လေသည်။ တပည့် ဒကာများ၏ ကြိုးစားအားထုတ်မှု၊ ဆရာတော်၏ ဇွဲ၊ လုံ့လ၊ သဒ္ဓါတရားထက်သန်မှုကြောင့် အလွန်တရာမှ လူသူမနီးသည့် တောကြီးမျက်မည်းထဲမှ မအီစက်တော်ရာနစ်ဆူကို တွေ့ရှိဖော်ထုတ်တော်မူနိုင်ခဲ့လေသည်။

ဆရာတော် ရေးသားမှတ်တမ်းတင် ပြုစုသည့် မအီစက်တော်ရာသမိုင်းမှတ်တမ်းအရ ဂေါတမမြတ်ဗုဒ္ဓသည် ဘုရားရှင်အဖြစ် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးနောက် ဝါတော် ၂၀အရတွင် ရခိုင်ပြည် ဓညဝတီပြည့်ရှင်မင်းကြီး စန္ဒသူရိယဘုရင်မင်းမြတ်၏ ပင့်ဆောင်လျှောက်ထားချက်အရ ရခိုင်ပြည်သို့ ကြွချီတော်မူခဲ့ခြင်းဖြစ်သည်။ ရှေးအတိတ်ကာလက ဂေါတမ မြတ်ဗုဒ္ဓနှင့် စန္ဒသူရိယ ဘုရင်မင်းမြတ်တို့သည် အလွန်တရာမှ ချစ်ခင်ခဲ့ကြသည့် အဆွေခင်ပွန်းကောင်းများဖြစ်ခဲ့ကြလေသည်။ နောင်သောအခါ ဂေါတမမြတ်ဗုဒ္ဓဟုလည်းကောင်း၊ စန္ဒသူရိယ ဘုရင်မင်းမြတ်ဟု လည်းကောင်း ဘဝပြောင်းလာကြသည့်အခါ ရှေးပန္နက် ပဋ္ဌာန်းရေစက်ကြောင့် နတ်ဒေဝတာများ၏ နှိုးဆော်တိုက်တွန်းချက်ဖြင့် သတင်းစကားကြားသိရကာ ဂေါတမမြတ်ဗုဒ္ဓဘုရားရှင်ကို စန္ဒသူရိယ ဘုရင်မင်းမြတ်သည် ကြည်ညိုဖူးမြင်လိုစိတ် တဖွားဖွားဖြစ်ပေါ်လာခဲ့စေသည်။

ထို့ကြောင့် ပညာရှိ သူတော်ကောင်းများ၏ လမ်းညွှန်ချက်ဖြင့် မြတ်စွာဘုရားရှင်အား တောင်းပန်လျှောက်ထားပင့်ဖိတ်တော်မူလေသည်။ မြတ်စွာဘုရားရှင်ကလည်း အတိတ်တော် ပဋ္ဌာန်းဆက်အရ ရခိုင်ပြည်တွင် သာသနာပြုရန်အလို့ငှာ ကြွချီတော်မူလာခဲ့လေသည်။ ထို့နောက် မဏိသေလာ ကျောက်ဖျာကြီးထက်တွင် ရပ်တန့်တော်မူပြီး ရခိုင်နယ်တစ်ဝှမ်းရှိ အတိတ်ကာလတွင် ကျင်လည်ကျက်စားခဲ့ဖူးရာ အတိတ်ကို ဆောင်တော်မူ၍ ဗျာဒိတ်တော်များကို ချီးမြှင့်ပေးသနားခဲ့လေသည်။ အချိန်ကာလအားဖြင့်မူ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ဗုဒ္ဓမြတ်စွာသည် သာသနာပြုနိုင်ရန်အလို့ငှာ ရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့ခြင်းဖြစ်လေသည်။

စန္ဒသူရိယ ဘုရင်မင်းမြတ်သည် ဂေါတမမြတ်ဗုဒ္ဓအား ကြည်ညိုစွာ ဖူးမြော်ခွင့်ရရှိသည်ကို တင်းတိမ်အားရခြင်း မရှိနိုင်ဘဲ မြတ်ဗုဒ္ဓ ရခိုင်ပြည်မှ ပြန်လည်ကြွချီသည့်အခါတွင် ဘုရားရှင်ကိုယ်စား ကိုယ်ပွား ဖူးမြော်နိုင်ရန်အလို့ငှာ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ပါမည့်အကြောင်း လျှောက်ထားတော်မူရာ မြတ်ဗုဒ္ဓဘုရားရှင်က ခွင့်ပြုသည့်အပြင် ရင်ငွေ့တော် ခုနစ်ခုပ်ပေးသွင်းလျက် သက်ရှိထင်ရှား ကိုယ်ပွားတော်အဖြစ် ကိုးကွယ်ခွင့် ပြုခဲ့လေသည်။ ထို့နောက် ဝေဘာင်စဉ် ခုနစ်ခရိုင်နှင့်တကွ လှည့်လည်ကြွချီကာ ဓညဝတီ



သံပန်းတိုင်ကာရံထားသည့် အောက်စက်တော်ရာ




www.burmeseclassic.com

www.burmeseclassic.com


မြို့သို့ ဆက်လက်ကြွချီတော်မူလေသည်။ ဤသို့ ဒေသစာရီ ကြွချီတော်မူခဲ့စဉ် ယခု မြင်မတိန့်ချောင်ခေါ် တြိနဒီတော် ထက်တွင် ရပ်တန့်တော်မူပြီး ဗျာဒိတ်တော်မြွက် ချီးမြှင့်တော် မူလေသည်။

မြတ်ဗုဒ္ဓဘုရားရှင်က နောင်ဝယ် ဤတောင်ခြေရင်း၌ မြို့ငယ်တစ်ခုဖြစ်ထွန်းပေါ်ပေါက်၍ "မဒီမြို့"ဟု တွင်လတ္တံ့။ ငါဘုရားရှင်သည် ဆင်မင်းတစ်ကြိမ်၊ ရေနတ်နဂါးမင်း တစ်ကြိမ်ဖြစ်ခဲ့ဖူးလေရာ "မဟာဝိဟိက"ဆင်မင်းတစ်ဇာတ်ဖြစ်ခဲ့ ဖူးစဉ် ညီတော် "စူဠဝိဟိက"ဆင်ငယ်သည် ယခုအခါ လူဘဝဖြင့် ဝင်စားလျက် မုဆိုးအဖြစ် အသက်မွေးလျက်ရှိပေသည်။ ထို့ကြောင့် မဏိသေလရေအိုင်ကြီးအနီးရှိ နာဋ္ဌာဂီရိတောင်ထိပ်၌ "တြိသေလ"အမည်ရှိ ဆင့်တင်ကျောက်ဆောင်ထက်မှာ ရပ်တန့်ကာ မုဆိုး စံလုအား "ညီတော် စံလု"ဟု သုံးကြိမ်တိုင်တိုင်ခေါ်လေရာ မုဆိုး စံလုလည်း "ဘုရား"ဟု သုံးကြိမ်တိုင်တိုင် ပြန်ကြားထူးခဲ့လေသည်။

မုဆိုး စံလု၏ တောင်းပန် လျှောက်ထားချက်အရ ဂေါတမ မြတ်ဗုဒ္ဓဘုရားရှင်သည် နာဋ္ဌာဂီရိတောင်ထက် တြိသေလအမည်ရှိ ဆင့်တင် ကျောက်ဆောင်ကြီးပေါ်၌ လက်ဝဲ ခြေတော်ရာကို ခတ်နှိပ်လျက် ချီးမြှင့်ခဲ့လေသည်။ တစ်ဖန် "မဏိသေလ နဂါးမင်း"ဘဝက ကျင်လည်ကျက်စားခဲ့ဖူးရာ မဏိသေလရေအိုင်ကြီးရှိ ကျောက်ဆောင်ထက်တွင် လက်ယာ ခြေတော်ရာတစ်ဆူ၊ စုစုပေါင်း ခြေတော်ရာနှစ်ဆူကို ခတ်နှိပ်ချထား ချီးမြှင့်တော်မူခဲ့လေသည်။ မုဆိုး စံလုလည်း မုဆိုးအလုပ်ကို စွန့်လွှတ်တော်မူလျက် အထက်ခြေတော်ရာ တည်ရှိရာ ဆင့်တင် ကျောက်တုံးကြီးပေါ်တွင် စက်တော်ရာစေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့လေ



လက်ယာအောက်ခြေတော်ရာကိုဖူးတွေ့ရစဉ်



အထက်စက်တော်ရာအား ဖူးမြော်နေသူ

သည်။ ထို့နောက် သာသနာပြုကာ တရားဘာဝနာ အားထုတ်ရင်း ဘဝကူးသွားခဲ့လေသည်။

မဒီစက်တော်ရာသည် ရှေးယခင်ကာလက တောတောင်အခဆင့်ဆင့်ဖြင့် ရောက်ရှိရန် ခက်ခဲခြင်း၊ သားရဲတိရစ္ဆာန်များ ပေါများခြင်း၊ ဆင်, ကျား, ဝံ, မိကျောင်းကဲ့သို့သော အန္တရာယ်ရှိသည့် သားရဲများ ပေါများခြင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲ၍ သွားလာရောက်ရှိရန် မလွယ်ကူခြင်းတို့ကြောင့် နှစ်ပေါင်းများစွာ တိမ်မြုပ်နေခဲ့ပေသည်။ မဒီစက်တော်ရာ ရှိသည်ဟူသော သတင်းရရှိပြီး မုဆိုးများမှအပ မည်သူ တစ်ဦးတစ်ယောက်မျှ ရောက်ရှိ ဖူးမြော်နိုင်ခြင်း မရှိခဲ့ချေ။

ယခုကာလတွင် သစ်တောများ ပြုန်းတီးလာခြင်း၊ ခြေလျင်သွားလမ်းပေါ်ပေါက်လာခြင်း၊ ပြုပြင်စောင့်ရှောက်မည့် ရဟန်းပုဂ္ဂိုလ်ရှိလာခြင်း၊ ဘုရားခြေတော်ရာ ဖူးသူများ တစ်ဆင့်စကားဖြင့် လမ်းပန်းခက်ခဲသော်လည်း တကူးတက လာရောက် ဖူးမြော်သူများ ရှိနေကြပြီဖြစ်ပါသည်။ ယခုအခါ သစ်ထုတ်လုပ်သူများ၏ ထုတ်လုပ်ရေး ကားလမ်းများ လမ်းထွင်ထားပြီဖြစ်သဖြင့် ဘူဒိုဇာ မြေထိုးစက်ဖြင့် ဖောက်လုပ်ထားသည့် မြေသား ကားလမ်းပေါ်ပေါက်နေပြီဖြစ်ပါသည်။ အဆင်ပြေသူများအဖို့ ပါဂျရိုး၊ ပရာဒို စသည့် ကားများဖြင့် သွားရောက်ဖူးမြော်နိုင်ပြီဖြစ်ပါသည်။ ကျန်ကားများဖြင့် သွားရောက် ဖူးမြော်နိုင်ခြင်း မရှိသေးပါ။ ခြေလျင် တောင်တက်ခရီးဖြင့်သာ နေ့ဝက်ခရီး သွားရောက်ဖူးမြော်နိုင်ကြပါသည်။ မော်တော်ဆိုင်ကယ်(ကယ်ရီ)နှင့် ၅၀၀၀ကျပ်နှုန်းဖြင့် ပို့ဆောင်ပေးလျက်လည်း ရှိပါသည်။

မဒီစက်တော်ရာ ဖူးမြော်လိုသူများသည် တောင်ကုတ်မြို့မှ တောင်ကုတ်-ကျောက်ဖြူ ကားလမ်းမအတိုင်း သွား



www.burmeseclassic.com

www.burmeseclassic.com



စက်တော်ရာအားထိမ်းသိမ်းစောင့်ရှောက်နေပေးနေသည့် ဆရာတော်

လျက်၊ မြစ်ရေစိမ့်စမ်း၊ တောင်စခန်းနှင့် ကမ်းကွေ့သဲသောင်၊ ကျောက်ဆောင်ပြင်ထက်၊ စက်တော်ရာဖူး၊ ရောက်ခဲ့ဖူးပြီ ကြည်နူးစိမ့်ကျ၊ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ၊ ဖူးတွေ့ပါသည်၊ နိဗ္ဗာသောင်ကမ်း၊ ဓမ္မလမ်းသို့၊ ငြိမ်းချမ်းကူးမြောက်လိုသတည်း"ဟူသည့် စာလင်္ကာလေးသည် စာဆိုရင်ထဲတွင် အလိုလိုရေးစပ်ပြီးသား ဖြစ်နေပေသည်။

မအီစက်တော်ရာဒေသသည် တောနက်ရာဒေသဖြစ်သဖြင့် သစ်ပင်ကြီး/ငယ်များ၊ ချုံနွယ်စေးပျစ်များ၊ ဝါးတောကြီးများဖြင့် တောအထပ်ထပ် လျှိုမြောင် ချိုင့်ဝှမ်းအသွယ်သွယ် ဆန်းကြယ်နက်နဲလှပေသည်။ မြိုင်နေသည့် တောလမ်းတစ်လျှောက် တောင်တန်း ကုန်းမြင့်များသို့လည်း တက်ရောက်ကြရသည်။ လျှိုမြောင်ကုန်းခင်း ဆင်ခြေလျှောသို့လည်း သက်ဆင်းသွားလာကြရသည်။ ချောက်ကမ်းပါး၊ စမ်းကမ်းပါးတို့မှလည်း ဖြတ်ကျော်သွားရသည်။ တစ်ခါတစ်ရံ

ချောက်ကာ လမူးရွာတွင် စခန်းချ ရပ်နားနိုင်ပါသည်။ လမူးရွာတွင် ထမင်းဆိုင်များဖြင့် စည်ကားနေပြီး တည်းခိုနားနေနိုင်ပါသည်။ ၎င်းရွာမှ လမ်းပြများကို ငှားရမ်းခေါ်ဆောင်၍ မအီစက်တော်ရာကို ဖူးမြော်ရန် သွားနိုင်ပါသည်။ လမ်းပန်းခက်ခဲသဖြင့် မကျွမ်းကျင်သူများအဖို့ များစွာအခက်အခဲရှိနိုင်ပါသည်။ လမူးရွာမှ စနဲရွာသို့ သွားရောက်ရပါသည်။ စနဲရွာမှတစ်ဆင့် အရှေ့ဘက် တောင်တန်းအသွယ်သွယ်ကြားရှိ မအီစက်တော်ရာသို့ တောလမ်းခရီးဖြင့် ဘုရားဖူးထွက်နိုင်ကြပါသည်။ စနဲရွာမှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လျှင် မှိုင်းပြာရီလွင် တောင်တံတိုင်းအဆင့်ဆင့်တို့ တည်ရှိကာ လွမ်းမောဖွယ်ရာပင် ကောင်းပါသည်။ ရှင်မဟာရဋ္ဌသာရ၏ "စက်တော်ရာဘုရားဖူးခရီး"ကဗျာလင်္ကာထဲကလိုပင် တောအဝေ့ တောင်အတွေ့၊ ချောင်း၊ မြောင်း၊ ရေတံခွန်၊ စိမ့်စမ်း၊ လျှိုမြောင်အထပ်ထပ်နှင့် တောတောင်သဘာဝ အထိအတွေ့များကို လက်တွေ့ကျကျ ခံစားတွေ့ရှိရမည်ဖြစ်ပေသည်။

"စက်တော်ရာဖူး၊ တောတောင်ထူးသည့်၊ မြူးပျော်ကျေးငှက်၊ မြိုင်ယံထက်မှ၊ ငှက်နှင့် ဥဒေါင်း၊ သားရဲပေါင်းတို့ သောင်းသောင်းဖျဖျ၊ မြည်ကြူးကြလျက်၊ သဘာဝစမ်းမြောင်၊ ချောက်ကမ်းပါးယောင်နှင့်၊ တောတောင်ရေမြေ ပန်းလုဝေ



စက်တော်ရာဘုရားဖူးအဖွဲ့အမှတ်တရ



ခက်ခဲသည့် သစ်လုံးတံတားကို ကျော်ဖြတ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



မအီမြစ်ကမ်းပါးမှ ဘုရားဖူးအဖွဲ့



လမ်းခရီးမှ ကျေးရွာတစ်ရွာ

သစ်ပင်လှဲ၍ ယာယီပြုလုပ်ထားသည့် သစ်လုံးတံတားထက်မှ ချောက်ကမ်းပါးကို ဖြတ်ကျော်ရသည်မှာ အသည်းယားစရာပင် ကောင်းလေသည်။ ကျေးငှက်များ သားရဲတိရစ္ဆာန်များ မြည်သံ စုံလင်စွာနှင့် တောအထပ်ထပ် မြိုင်အထပ်ထပ်တို့က ပိတ်ကာဆီးနေသကဲ့သို့ ခံစားရလေသည်။ မအီစက်တော်ရာတောက ရိုးမကြီးကဲ့သို့ နက်ရှိုင်းလှသည်။

♦♦♦

နားသင့်ရာ တစ်ထောက်နား၍ စက်တော်ရာဖူး သွားကြသူများသည် နေ့ဝက်ခရီးအကြာတွင် မအီစက်တော်ရာသို့ ရောက်ရှိကြသည်။ မိုင်အားဖြင့်မူ ခန့်မှန်းခြေ ၉မိုင်ကျော်ကွာဝေးမည်ဖြစ်ပေသည်။ စက်တော်ရာဘုရားဖူးအဖွဲ့သည် မြတ်စွာဘုရားရှင်၏ ခြေတော်ရာအစုံကို တကယ့်နဖူးတွေ့ဒူးတွေ့ ဦးခိုက်ဖူးမြော်လိုက်ကြရသည့်အခါ အလွန်တရာ ဗုဒ္ဓမမ္မရသပီတိများ တဖွားဖွားဖြစ်ပေါ်လာခဲ့ကြရလေသည်။


လမ်းခရီးတစ်လျှောက် ပင်ပန်းနွမ်းနယ်သမျှတို့သည် ကြက်ပျောက် ငှက်ပျောက် ကွယ်ပျောက်ကုန်ကြလျက် ရေကန်အလယ်မှ ပဒုမ္မာရွှေကြာပန်းကဲ့သို့ ရွှင်လန်းဝမ်းမြောက်ကြလေသည်။ စက်တော်ရာဘုရားဖူးအဖွဲ့ကို ဆရာတော်က လိုက်လံကြည်ဖြူသည့် သဒ္ဒါတရားဖြင့် ကြိုဆိုလေသည်။ ဆရာတော်မှာ မကြာသေးမီက ဤနေရာဒေသသို့ ရောက်ရှိကာ မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှစ်ဆူကို ထိန်းသိမ်းစောင့်ရှောက်မည်၊ တောတောင်အထပ်ထပ်သို့ ကျော်ဖြတ်ကာ ရောက်ရှိလာသည့် စက်တော်ရာဘုရားဖူးအဖွဲ့ကို တတ်နိုင်သမျှ ကူညီမည်၊ စက်တော်ရာဒေသတွင် သာသနိကအဆောက်အအုံများကို အလှူခံ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်သွားမည်ဟု ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ထားလေသည်။ ဆရာတော်၏ စိတ်ထားက ဤမျှ မွန်မြတ်သန့်စင်လေသည်။

စက်တော်ရာဘုရားဖူးအဖွဲ့သည် အချိန်နည်းပါးသွားသဖြင့် အပန်းဖြေသူက ဖြေ၊ နားနေသူက နား၊ ချက်ပြုတ်ရေးကိစ္စ တာဝန်ယူသူက ယူ၊ စက်တော်ရာနှစ်ဆူကို ဖူးသူက ဖူးနှင့် ပျားပန်းခတ်မျှ ဖြစ်နေကြသည်။ တောင်ကုတ်မြို့နယ်ဘက်မှ စက်တော်ရာ ဖူးမြော်လာကြသည့် ကျေးရွာသားများ



တောင်တန်းတွေပေါ်က ဘုရားဖူးအဖွဲ့

www.burmeseclassic.com



မအီစက်တော်ရာတည်ရှိရာ တောတောင်အထပ်ထပ်

သည်လည်း သူ့အုပ်စုနှင့် သူ စခန်းချ ချက်ပြုတ်စားသောက်၍ နားနေကြ၏။ သူတို့ဒေသဘက်က ပို၍နီးသည်ဟု ဆိုကြသည်။ နှစ်စဉ်နှစ်တိုင်း လာရောက်ဖူးမြော်နေကျဟုလည်း သိရှိရလေသည်။ ဆရာတော်ကလည်း စက်တော်ရာဘုရားဖူးအဖွဲ့ကို အလွန်တာဝန်ကျေလှသည်။ အထက်စက်တော်ရာအနီးတွင် စတင်တည်ဆောက်နေသည့် ကျောင်းဆောင်ပြီးမြောက်ရေးကိုလည်း အားထုတ်နေရသည်။ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကျောင်းဆောင်ပြီးမြောက်မှသာ ဘုရားဖူးများ စနစ်တကျ ကျောင်းဆောင်တွင် အမောဖြေ နားနေနိုင်မည် မဟုတ်ပါလား။

နေမင်းကြီးသည် ဂေါ်ယာအနောက်စွန်းဆီသို့ တရွေ့ရွေ့ ဝင်လုနီးပါးဖြစ်နေရာ စက်တော်ရာဘုရားဖူးအဖွဲ့သည် ခြေတော်ရာနှစ်ဆူတွင် အမွှေးနံ့သာ ဆီမီးပူဇော်ရန် အဆောတလျင် ပြင်ဆင်ကြရသည်။ နေဝင်သွားပါက သွားရေးလာရေး ခက်ခဲ၍ဖြစ်သည်။ ခြေတော်ရာနှစ်ဆူတွင် ဘုရားဖူးများ၏ အမွှေးနံ့သာတိုင်များသည် သင်းပျံ့လျက် ဆီမီးရောင်တလက်လက်ဖြင့် ထွန်းလင်းတောက်ပနေသည်ကို ဖူးတွေ့ရသူများအဖို့ မေ့ပီတိ၊ ငြိမ်းချမ်းခြင်းပီတိကို ရရှိကြလေသည်။

ရှင်နေမင်းသည် အထက်စက်တော်ရာ ဆင့်တင်ကျောက်တုံးကြီးပေါ်ရှိ စေတီတော်အနီးမှ တဖြည်းဖြည်းနိမ့်ဆင်းပျောက်ကွယ်သွားသည်ကို ရှုမြင်ရသည်မှာ တစ်သက်တာတွင် တစ်ခါမျှ မမြင်တွေ့ မကြုံဆုံရသည့် မြင်ကွင်းပင်ဖြစ်သည်။ စက်တော်ရာတစ်ခွင်တွင် ညအမှောင်ထုကြီးသည် တဖြည်းဖြည်းစိုးမိုးကြီးထွားလာခဲ့ရာ တစ်နေ့တာ ခရီးပန်းလာသမျှကို အိပ်စက် အနားယူခြင်းဖြင့် တစ်ညတာကို လွန်မြောက်စေခဲ့ကြလေသည်။

နံနက် အရုဏ်တက်သည်နှင့် ဆရာတော်အတွက် ဆွမ်းကိစ္စ၊ ခြေတော်ရာနှစ်ဆူတွင် မြတ်စွာဘုရားသခင်အား အာရုံပြု၍ ဆီမီး၊ အမွှေးနံ့သာ၊ မုန့်ဆွမ်းတော်ကြရန် စီစဉ်နေကြသည်။ ပြီးလျှင် ပုတီးပါသူအချို့က ပုတီးစိပ်၍ အာရုံယူကြသည်။

အောက်စက်တော်ရာသည် မယဉ်ကျေးသူ တိုင်းရင်းသားအချို့၏ အသိမကြွယ် တူးဆွမှုကြောင့် ခြေတော်ရာတွင် အပေါက်များ ဖြစ်ပေါ်ခဲ့သည်။ အမှန်မှာ မြတ်ဗုဒ္ဓ၏ တန်ခိုး




www.burmeseclassic.com

www.burmeseclassic.com

တော်ကြောင့် ခြေတော်ရာဆီမှ စက်တော်ရောင်ခြည်တော်များ မကြာခဏ ကွန့်မြူးလေ့ရှိရာ မသိ နားမလည်သူအချို့က ရတနာများ မြှုပ်နှံထား၍ ထိုရတနာများမှ အရောင်များ ထွက်ပေါ်သည်အထင်ဖြင့် တူးဆွ ရှာဖွေကြခြင်းဖြစ်လေသည်။ ဤရွှေ ဤမှု မသိလှသည့် လူမိုက်များသည် နောင်အခါတွင် ဆင်နင်း၊ ကျားကိုက်၍ သေဆုံးရခြင်း၊ ကပ်ရောဂါကျရောက်၍ သေဆုံးရခြင်းတို့ ဖြစ်လေသည်။

ယခင်က အောက်ခြေတော်ရာကို ပျဉ်းကတိုးသစ်များနှင့် ဆောက်လုပ်၍ အမိုးအကာပြုလုပ်ထားရာ တောဆင်ရိုင်းများ လာရောက်၍ ဖျက်ဆီးခံရသဖြင့် ကျောင်းဆောင်ကြီး ပြိုပျက်သွားရဖူးသည်။ တောဆင်ရိုင်းများ မကြာခဏ လာရောက်လေ့ရှိသည်ဟု ဆရာတော်က ပြောပြပါသည်။ ယခုအခါ အောက်စက်တော်ရာကို သံပန်းတိုင်များဖြင့် ပတ်ပတ်လည် ဝန်းရံကာ တည်ဆောက်ထားပါသည်။ အပေါ်မှ ကြိမ်နွယ် ကြိမ်ခက်၊ သစ်ကိုင်း သစ်ခက်များဖြင့် ယာယီ မိုးကာပေးထားလေသည်။



အပေါ်ဘက် ခြေတော်ရာမှာမူ ကျောက်တောင်ကြီး၏ ဆင့်တင် ကျောက်ဖျာကြီးပေါ်တွင် တည်ရှိနေပေရာ ခြေတော်ရာကို ကွန်ကရစ်ကျောက်ပြားချပ်များဖြင့် ဝန်းရံ မိုးကာထားလေရာ ဂူသဖွယ် ထိန်းသိမ်းထားရှိလေသည်။ ခြေတော်ရာ စေတီတော်မှာလည်း ဟောင်းနွမ်းလျက် ရောင်တော်ပွင့် ကိုယ်လုံးပြည့် ရွှေသင်္ကန်းအလျှုရှင်၊ ရွှေထီးတော်အလျှုရှင်တို့ လိုအပ်နေလေသည်။

ဂေါတမ မြတ်ဗုဒ္ဓ၏ ခြေတော်ရာအစစ် သာသနာ့အမွေအနှစ်တို့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် အလွန်တရာမှ ရှားပါး၍ ဖူးတွေ့ရခဲသည့် လက်ဝဲ-လက်ယာ ခြေတော်ရာနှစ်ဆူကို ထိန်းသိမ်းစောင့်ရှောက်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်သူပြည်သားများနှင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားများအနေဖြင့် ဗုဒ္ဓအမွေအနှစ် ခြေတော်ရာအစစ်ကို သာသနိကအဆောက်အအုံများနှင့် အချိန်မရွေး လွယ်လင့်တကူ ဖူးမြော်နိုင်ရေးအတွက် လမ်းကောင်း လမ်းသစ်များ ဖြစ်ပေါ်ရေးတို့ကို နိုင်သမျှ စွမ်းသမျှ ထည့်ဝင်လှူဒါန်းကြကာ အကောင်အထည်ဖော်သင့်ပြီဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ဤသို့သာ အဖက်ဖက်မှ ဝိုင်းဝန်းထိန်းသိမ်း လှူဒါန်းစောင့်ရှောက်မှု မရှိပါက နောင်အရှည်တွင် ဂေါတမမြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာနှစ်ဆူသည် မေးမှိန်ကွယ်ပျောက် ပျက်စီးရမည့်အရေးကို စာရေးသူ ရင်လေးမိပါသည်။

ဘုရားဖူးအဖွဲ့သည် ဆရာတော်၏ တည်ဆောက်ဆဲ ကျောင်းဆောင်အတွက် အလှူငွေများ တတ်နိုင်စွမ်းသမျှ လှူဒါန်းကြပါသည်။ ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံကာ သာဓုအနုမောဒနာခေါ်ဆိုခဲ့ပါသည်။ ဆရာတော်က နောင်နှစ်များတွင်လည်း အခြား ဘုရားဖူးများကိုပါ နှိုးဆော်၍ ထပ်မံ လာရောက်ဖူးမြော်ရန် နှိုးဆော် တိုက်တွန်းလိုက်ပါသည်။

ဘုရားဖူးအဖွဲ့သည် ဆရာတော်ကို ဖူးမြော်ကန်တော့ နှုတ်ဆက်လျက် နေရှိန်မပူပြင်းမီ ခရီးသွားလာနိုင်ရေးအတွက် ပြင်ဆင်ကြရပါသည်။ ထို့နောက် လှသူမနီး တောတောင်ကြီး အတွင်းရှိ မအီစက်တော်ရာကို အကြိမ်ကြိမ်ဖူးမြော် ကန်တော့ကာ မအီချောင်း စက်တော်ရာဒေသမှ တရွေ့ရွေ့ ပြန်လည် ထွက်ခွာလာခဲ့ကြလေတော့သည်။

မအီစက်တော်ရာဘုရားဖူးအဖွဲ့သည် လာလမ်းအတိုင်း တရွေ့ရွေ့ထွက်ခွာလာခဲ့ရာ မအီစက်တော်ရာ တည်ရှိရာ တောတောင်တန်းတစ်ခွင်သည် တဖြည်းဖြည်း ဝေးသထက်ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေတော့သတည်း။

* * *

ရွှေချိုအောင်(ဗမသိ)




www.burmeseclassic.com

www.burmeseclassic.com

# မဟီယင်္ဂဏစေတီ
## (သို့မဟုတ်)
# ရှုဦး တောက်ပြား၏ ကုသိုလ်တော် မရှိခဏစေတီဘုရား

■ မြမဥ္ဇူဝေ(ကျုံမငေး) ■

သမိုင်းရောင် မညှိုးသည့် စစ်ကိုင်းတောင်ရိုးသည်ီ စေတီဘုရားများနှင့် သာသနာစည်ပင်လှသလို၊ ဘုရားဖူးများနှင့်လည်း စည်ကားလှသော နေရာမြတ်ဖြစ်ပါသည်။ များလှစွာသော လှိုဏ်မြောင်များနှင့် သစ်ပင်ကြီးငယ်အသွယ်သွယ် နေချင့်စဖွယ် အေးချမ်းမှုနှင့်လည်း ပြည့်စုံနေပါသည်။ ထို့ကြောင့်လည်း သူတော်စင်များ တရားရှာမှီးရာအရပ်ဟု ဂုဏ်သတင်းကြွယ်ခဲ့ပါသည်။



မရှိခဏ မဟီယင်္ဂဏစေတီတော်

သာသနာ့အောင်မြေ တောင်ထူးဘောင်မြတ်ဖြစ်ခြင်း၊ ဓာတ်မွေသရိအဆူဆူတို့ ကိန်းဝပ်တော်မူနေသော စေတီဘုရားများ၏ ထုံးဖြူဖြူဖွေး မြင်ကွင်းကလေးကလည်း ကြည်နူးသဒ္ဓါပွားကာ ကြည်လင်လန်းဆန်းကြရပါသည်။ ထို့ကြောင့်လည်း “စစ်ကိုင်းတောင် ဗျိုင်းကောင်နှင့်တူသလေ”ဟူသော စာချိုးကလေးရှိခဲ့တာဟုလည်း ဂုဏ်ယူမှတ်သားခဲ့ရပြန်ပါသည်။

စစ်ကိုင်းတောင်ရိုးကို မြေလျှင်ဆက်လျှင် ခြသေ့တစ်ကောင်နှင့် သောဘာပန်ဈေး၊ ဆွမ်းဦးပုညရှင် မှန်ဦးသမ်းနှစ်သွယ်တို့တွင် ကြိုက်နှစ်သက်ရာ




www.burmeseclassic.com

www.burmeseclassic.com

လမ်းမှ တက်နိုင်ကြပါသည်။ စစ်ကိုင်းတောင်၊ စစ်ကိုင်းချောင်များမှာ ထုံးဖြူဖြူဖွေး စေတီကလေးများကို လှမ်းမျှော်ငေး၍ စိတ်ဝယ်မှန်းကာ ဖူးမြော်ပြီး စစ်ကိုင်းမြို့တွင်းမှ ရောက်ဖို့ရန် မလွယ်လှသော စေတီဘုရားသို့ ဦးစွာသွားရောက်ကြဖို့ ကျွန်မတို့အဖို့ ဆုံးဖြတ်ပြီး ဒေသခံ ကုသိုလ်ရှင် ကားမောင်းသူ စစ်ကိုင်းသား ကလေး၏ ဦးဆောင်မှုဖြင့် အမည်ထူးခြား စေတီဘုရားတစ်ဆူ ရှိရာသို့ သွားခဲ့ကြပါသည်။

ကျွန်မတို့ စေတီဘုရားမှန်ဦးကို လှမ်းမျှော်ကြည့်သော အခါ "မရှိခဏ စေတီတော်ကြီး"ဟု ရေးထိုးထားသော မှန်ဦးစာကို တွေ့ရပါသည်။ ခရီးစဉ်ကို ပို့ဆောင်သူက "သူခိုး တောက်ပြားဘုရား"ဟု ဆိုပြန်သောကြောင့် အသင့်တွေ့ရသော ဘုရားကြီးမှန်ဦးအဝင် အုတ်လှေကားမှ တက်ခဲ့ကြပါသည်။ ဘုရားကြီး၏ သမိုင်းကြောင်းကိုလည်း သိချင်လှပြီဖြစ်၍ ခပ်သုတ်သုတ်တက်ခဲ့ကြပါသည်။ ရင်ပြင်တော်မှာ ခဏနားရင်း ဒေသခံ ဥပါသကာကြီးများထံ အလှူငွေထည့်ရင်း မေးမြန်းလိုက်မိပါသည်။

◆◆◆




မရှိခဏစေတီတော်တွင် တည်ထားသော ရွှေသာလျောင်းရုပ်ပွားတော်

သက္ကရာဇ် ၇၁၄ခုနှစ်မှ ၇၂၆ခုနှစ်အထိ ၁၂နှစ်တာ ထီးနန်းစိုးစံခဲ့သော စည်းခုံ ဒါယကာမင်းလက်ထက်တွင် နာမည်ကျော် "သူခိုး တောက်ပြား"ဟုဆိုသော သူခိုးတစ်ဦး ပေါ်ပေါက်ခဲ့ပါသည်။ သူခိုးဖြစ်သော်လည်း သဒ္ဓါစိတ်ရှိသူဖြစ်၍ ချမ်းသာသောအိမ်များမှ ပစ္စည်းအချို့ကို ခိုးပြီး တစ်ပုံကို ဘုရားလှူ၊ တစ်ပုံကို ဆင်းရဲသားများအား ပေး၍၊ ကျန်တစ်ပုံကို မိမိအတွက် သုံးစွဲ၏။ ဟိုဟိုဒီဒီမှ ခိုးယူရရှိသော ပစ္စည်းများကို စုပေါင်းကာ ဘုရားတည်ခဲ့သည်ဟု ရေးလူကြီးများ ဆိုရိုးစကားရှိခဲ့သော်လည်း ပညာဝန် ဦးဖိုးကျားနှင့် ပြည်တော်သာ ဦးထွန်းရီတို့က...

"သူခိုး တောက်ပြားသည် မရှိခဏဘုရားတည်ကြောင်း ဆိုသည်မှာ အရိုပ်အယောင်ပြ စကားသာဖြစ်ပြီး အထောက်အထား အတိအကျမပြနိုင်၍ ဤအဆိုသည် သိပ်မမှန်နိုင်သော အဆိုပင်ဖြစ်၏"ဟု အတိအလင်း ဆိုခဲ့ကြပါသည်။


မည်သို့ပင်ဆိုစေ၊ ဟိုယခင်အချိန်မှ ယနေ့အချိန်အခါအထိ မရှိခဏဘုရားသည် "တောက်ပြားဘုရား"၊ "သူခိုးကြီးဘုရား"ဟုသာ ခေါ်နေကြဆဲဖြစ်ပါသည်။

www.burmeseclassic.com

အချို့သောသူများကလည်း ဤစေတီတော်ကြီးကို သက္ကရာဇ် ၇၈၈ ခုတွင် အင်းဝနန်းကို စိုးစံတော်မူသော မိုးညှင်းမင်းတရားကြီးလက်ထက်၌ သူရဲကောင်း စစ်သူကြီး ရာဇသင်္ကြန်က "မဟီယင်္ဂဏစေတီဘုရား" ဟု ဘွဲ့မည်တင်၍ တည်ထားခဲ့သည်ဟု ဆိုပါသည်။ နေရာဒေသအရပ်ကိုမူ အတိအကျဆိုထားခြင်း မရှိခဲ့ချေ။ ကျောက်စာ၊ မှင်စာ၊ ပုရပိုက်စာ၊ အမှတ်အသားများကိုလည်း မတွေ့ရသောကြောင့် မှန်းဆချက်သာ ဖြစ်မည်ဟု ထင်ရပြန်ပါသည်။

မိမိတို့အရပ်ဒေသ၏ သမိုင်းရာဇဝင်အကြောင်းကို ခံယူကာ လူ့ရုံတော် ကျေးကျွန်ဖြစ်ခဲ့ရသော သူခိုးကြီး တောက်ပြားတစ်ဖြစ်လဲ မင်းမှုထမ်း တောက်ပြားသည် စစ်တက်ဆိုင်ရာ ရာထူးဘွဲ့ထူးများကို ရယူနိုင်ခဲ့ပြီးသော ဘဝနှင့် "မရှိခဏ" ဟူသော စေတီတည်ခဲ့သည်ဟူသည့်အဆိုကို လက်ခံရပါမည်။

သို့သော် သက္ကရာဇ် ၇၈၉ခုနှစ် မိုးညှင်းမင်းတရားကြီးလက်ထက် စစ်သူကြီး ရာဇသင်္ကြန်က တည်ခဲ့သည်ဟု ဆိုပြန်သောအခါ နှစ်ကာလ ၆၀နှစ်ကျော် ကွာနေပြန်၏။ ထိုအဆိုနှစ်မျိုးတွင် သူခိုးကြီး တောက်ပြား တည်ခဲ့သည်ဟူ



မရှိခဏလာဘသိဒ္ဓိဆုတောင်းပြည့်ရုပ်ပွားတော်

လေ့လာမိသူအချို့ကလည်း စစ်သူကြီး ရာဇသင်္ကြန်သည် မိမိ၏ အရှင်သခင် ဘဝရှင် မိုးညှင်းမင်းတရားကြီး ကောင်းမှုဖြစ်သော ရတနာစေတီတော်ကြီးထက် ပိုမိုမြင့်မားသည့် အရှေ့ဘက်အရပ် မင်းဝံတောင်သွန့်ကုန်းပေါ်တွင် "မဟီယင်္ဂဏစေတီ" တည်သည်မှာ မဖြစ်နိုင်ဘဲ စစ်ကိုင်းမြို့ ရေဝန်းအရပ်သား သူခိုးကြီး တောက်ပြားကသာ မင်းမှုထမ်းဘဝဖြင့် တည်ခဲ့သည့် ဘုရားဟု ဆိုကြပြန်ပါသည်။

စေတီ ဒါယကာ မည်သူဖြစ်သည်ကို အသေအချာ လေ့လာနိုင်ရန် အချိန်အခါကို ကြည့်၍ ဆုံးဖြတ်ရမှာ ဖြစ်ပါသည်။ ထို့ကြောင့် သက္ကရာဇ်ကို ကြည့်သောအခါ ၇၂၆ခုနှစ်တွင် နန်းတက်သော သတိုးမင်းဘုရား၏ သူကောင်းပြုခြင်းသောအဆိုကို အများစုက လက်ခံခဲ့ကြပါသည်။

ရာဇဝင်အတိအကျဆိုနိုင်သည်မှာ သူခိုး တောက်ပြား တည်ခဲ့သော "မရှိခဏစေတီ" သည် နှစ်ပေါင်း ၆၀ကျော် ကြာလာသောအခါ ရာသီဥတုဘေး၊ သဘာဝဘေးများကြောင့် ယိုယွင်းလာသဖြင့် စစ်ကိုင်းမြို့နှင့် အနီးဆုံး စေတီကြီးကို မပျက်စီးစေရန် စစ်သူကြီး ရာဇသင်္ကြန်မှ မွမ်းမံပြုပြင်ခဲ့သည်ဟုဆိုသော် တင့်တယ်မှာ ဖြစ်သည်ဟု ဒေသခံများ ဆိုပါသည်။ စေတီ၏ ဘွဲ့မည် "မရှိခဏ" "မဟီယင်္ဂဏ" ဆိုသည်ကို [illegible]ယော်...

* မရှိခဏ - ယနေ့ခေါ်နေသော ဘွဲ့မည်၊
* မရှိရင်ခဏ - ပြောင်းလဲလာသော ခေါ်ဆိုမှု၊



www.burmeseclassic.com

www.burmeseclassic.com

* မရှိရင်ဂဏ - ပါဠိပျက် မြန်မာသံခေါ်ဆိုမှု

* မဟိယင်္ဂဏ - မူရင်း ပါဠိကျောက်စာပါ ခေါ်ဆိုမှု

ဟူ၍ တွေ့ရမှာ ဖြစ်ပါသည်။

"မရှိခဏ၊ ရှိထာဝရ၊ အမြဲချမ်းသာ"ဟူသော အဓိပ္ပာယ်ဖြင့် ဒေသခံများက စေတီတော်ကို အဓိဋ္ဌာန်ပြု ဖူးမြော်နေကြပါသည်။

စေတီတော်နှင့် ယှဉ်သော လေ့လာစရာ သာသနိက အဆောက်အအုံ ရုပ်လုံးရုပ်ကြွများနှင့် အမြင့်အဝန်းတို့ကို လေ့လာမှတ်သားလို၍ မေးမြန်းလိုက်သောအခါ မရှိခဏ စေတီတော်သည် နဝင်းနှစ်ထပ်စေတီဖြစ်သည်ဟု ပြောကြပါသည်။ မှန်နိုင်သော အပြောဖြစ်ပါသည်။ (မရှိ - ၅+၄ = ၉)



မရှိခဏစေတီတော်ကြီး မုခ်ဦးတွင်
စာရေးသူအမှတ်တရ

(ခဏ - ၂+၇ = ၉)၊ မရှိခဏ ၉+၉ = ၁၈ = ၉ ဖြစ်နေပါသည်။

ဉာဏ်တော်အမြင့်နှင့် ပုံစံတော်စနစ်များကို ကြည့်သောအခါ၌လည်း နဝင်းခေါ် နဝင်းဆင့်သော တြင်းကြေဖြစ်နေ၍ သေချာစွာ ကြည့်သော်...

(၁) စေတီတော်၏ ဉာဏ်တော်အမြင့် ၉၆ ပေ၊ ၉ လက်မဖြစ်၍ ၁၁၆၁ လက်မရှိ၏။ ၃နှင့် စားသော် တြင်းကြေနေ၏။

(၂) စေတီတော်၏ ဖိနပ်တော်အမြင့် ၂ပေ၊ ၃လက်မဖြစ်၍ ၂၇လက်မရှိ၏။ ၃နှင့် စားသော် တြင်းကြေနေ၏။

(၃) စေတီတော်၏ ပထမ ပစ္စယံအကျယ်သည် ၁၂ ပေ၊ ၃လက်မဖြစ်၍ ၁၄၇လက်မရှိ၏။ ၃နှင့် စားသော် တြင်းကြေနေ၏။

(၄) စေတီတော်၏ ဒုတိယပစ္စယံအကျယ်သည် ၈ပေ ၆လက်မဖြစ်၍ ၁၀၂လက်မရှိ၏။ ၃နှင့် စားသော် တြင်းကြေနေ၏။

(၅) စေတီတော်၏ တတိယ ပစ္စယံအကျယ်သည် ၇ပေ ၆လက်မဖြစ်၍ ၉၀လက်မရှိ၏။ ၃နှင့်စားသော် တြင်းကြေနေ၏။

(၆) ရစ်ထောင့်သည် ၅ပေရှိ၍ လက်မပေါင်း ၆၀ရှိ၏။ ၃နှင့် စားသော် တြင်းကြေ၏။

(၇) ကြာဝန်းသည် ၄ပေရှိ၍ လက်မပေါင်း ၄၈ဖြစ်ရာ ၃နှင့် စားသော် တြင်းကြေ၏။

(၈) ခေါင်းလောင်းသပိတ်သည် ၁၇ပေရှိ၍ လက်မပေါင်း ၂၀၄လက်မဖြစ်ရာ ၃နှင့် စားသော် တြင်းကြေ၏။

(၉) ဖောင်းဆယ်တစ်လုံးသည် ၁၈ပေရှိ၍ လက်မပေါင်း ၂၁၆လက်မဖြစ်ရာ ၃နှင့် စားသော် တြင်းကြေ၏။

(၁၀) ကြာမှောက်ကြာလှန် ခရာသီးမှာ ၂၂ပေ ၃လက်မဖြစ်၍ လက်မပေါင်း ၂၆၇လက်မဖြစ်ရာ ၃နှင့် စားသော် တြင်းကြေ၏။

ဉာဏ်တော်၏ ပုံစံစနစ်တော်သည်လည်း တြင်းပေါ် တြင်းဆင့်နေသော တြင်းကိန်းစေတီဖြစ်နေသောကြောင့် ထူးခြားနေပါသည်။ အဓိဋ္ဌာန်ကျင့်စဉ်ပြုနေသော သူတော်စင်များက "တြင်း + နဝင်း ဘုရား"ဟုလည်း ခေါ်ကြပါသည်။

မည်သို့ပင်ဆိုစေ ဗုဒ္ဓသာသနာ၏ အမွေခံ စေတီဘုရားများသည် တောင်းဆုပြည့်စုံသော စေတီဘုရားများဖြစ်၍ ဖူးမြော်ကြခြင်းဖြင့် ကုသိုလ်ပွား ဒါနပြုနိုင်လျှင် မိမိတို့အတွက် ကောင်းမှုအကျိုးကို ခံစားကြရမှာဖြစ်သောကြောင့် စစ်ကိုင်းမြို့အဝင် မြစ်ကမ်းနံဘေးနှင့် နီးသော "မရှိခဏ"ဟု ခေါ်သော "မဟိယင်္ဂဏစေတီ"သို့ ဘုရားဖူးတစ်ခေါက်သွားရောက်စေချင်ပါသည်။

* * *

မြမဥ္ဇူဝေ(ကျုံမငေး)

မှီငြမ်း

- ဒေသခံများ၏ ပါးစပ်ရာဇဝင်ဘုရားသမိုင်း။
- မရှိခဏ-မဟိယင်္ဂဏစေတီသမိုင်း(သပြု-မြဲသောင်း)။

www.burmeseclassic.com



ဓမ္မာစရိယ ဦးရွှေရှိုင်

# မုဆိုးဝန်ထောက်ကြီးအား ဆုံးမသောငှက်များ

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထောက်ကြီး ဦးညိုနှင့် ဇနီး ဒေါ်မမကြီးတို့သည် ၁၈၉၈ ခုနှစ်က မိတ္ထီလာမှ ဂန့်ဂေါသို့ အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့ကြရသည်။

ဝန်ထောက်ကြီး ဦးညိုဟူသည် "မောင်ရင်မောင်၊ မမယ်မ"ဝတ္ထုရေးသူ ကိုမ်းလုကျော်၏ မွေးစားဖခင်ဖြစ်၏။ ဦးညိုသည် ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းကာ ဇနီးဖြစ်သူကိုပင် သွေးဆောင် ဖျောင်းဖျနေခဲ့သည်။ မရသည့်အဆုံး မတည့်အတူနေ "မြွေမသေ တုတ်မကျိုး" တစ်ယောက်ကို တစ်ယောက် အယူဝါဒနှင့်စပ်၍ အနှောင့် အယှက်မပေးစတမ်း ကတိဖြင့် နေထိုင်လာခဲ့၏။

ဂန့်ဂေါမြို့၏ ဝန်ထောက်ဘဝဖြင့် နေထိုင်စဉ် ငွေ တစ်ကျပ်ပေးလျှင် ကြက် ၁၀ကောင်မျှ ရရှိနိုင်သဖြင့် စိတ်ကြိုက် ဝယ်ယူကာ ကြက်ခြံလုပ်၍ထား၏။ ယောသား ရှင်အောင်မြတ်ကို လခပေး၍ ကြက်ထောင်မှူး ခန့်ထားလိုက်သေးသည်။

ထိုမှဖြင့် အားမရသေးဘဲ နေ့စဉ်လည်း တပည့်ကျော် များနှင့် အတူထွက်၍ ငှက်ပစ်မုဆိုး လိုက်သွားမိအောင် သွားလိုက်ရသေး၏။

ဒေါ်မမကြီးမှာ ဦးညိုတို့ ဆရာတပည့်လုပ်သမျှအပေါ် သတိပေး တောင်းပန်၍မရသာလျှင် မသိကျိုးကျွံပြု၍ နေလာခဲ့၏။ အသီအကျွမ်းမရှိ ရောက်သစ်စ ဒေသလည်း ဖြစ်၊ လောကီအတတ်များ စွမ်းလှသည် စသော ကောလာဟလ ကလည်း ရှိနေ၍ ဒေါ်မမကြီးခမျာ ရတနာသုံးပါးနှင့် မေတ္တာ ဘာဝနာကို ကြိုးစား၍ ဆောင်ရွက်ရလေသည်။

တစ်နေ့သောကာလတွင် ငှက်ပစ်ဝါသနာကြီးလှသော ဦးညိုအား ငှငှက်နှင့် မောက်တင်ငှက်များက မေတ္တာနှင့် ကရုဏာတို့၏ သဘောတရားကို သက်သေတင်၍ ပြကြသည်။

ဦးညိုလည်း တကယ့်ငှက်များနှင့် ပက်ပင်းပါ တိုးမိရာ အသိဉာဏ်များ တွေဝေသွား၏။ ထိုငှက်များကို ပစ်မိသည်မှာ ဦးညိုအတွက် ကံကောင်းသည်ဟုပင် ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် ငှက်များက ဟောပြသော တရားသည် ဦးညိုအား သမ္မာဒိဋ္ဌိဘဝသို့ ပြန်လည်သက်ဝင်စေခဲ့သည်။

ငှက်တို့တွင် ငှငှက်သည် ထူးခြားလှ၏။ မည်သည့် သက်ရှိ ပိုးကောင်သတ္တဝါများကိုမျှ မစားသောက်ရုံသာမက၊ လူတို့ စားသုံးရန် စိုက်ပျိုးထားသော မည်သည့်သီးနှံကိုမျှ စားသောက် ဖျက်ဆီးရိုးထုံးစံမရှိပေ။

လူများက ပစ်ခတ်၍ ထိမှန်သေဆုံးလျှင်လည်း ပစ်သူ၏ ခြေရင်းသို့ ထိုးဆင်း ပျံကျလာကာ နှုတ်သီးကို ဟ၍ အစာများကို အန်ထုတ်ပြလေ့ရှိသည်။

"ကျွန်ုပ်တို့သည် လူတို့ မသဒ္ဓါသော အသီးအနှံများကို မစားပါ။ မယုံလျှင် ကြည့်ပါတော့"ဆိုသကဲ့သို့ ညောင်သီးများကို အန်ပြရင်း အသက်ထွက်သွားရလေ့ရှိကြပေသည်။ ထို့ကြောင့် ရှေးလူကြီးများက ငှက်ပစ်လေ့ရှိသော ကလေးငယ်များအား "ဒီငှက်တွေက သူတော်ကောင်းငှက်တွေပါကွာ၊ မပစ်ကြပါနှင့်"ဟု တားမြစ်တတ်ကြ၏။

ထို့နောက် မောက်တင်ငှက်ဆိုသော ငှက်များလည်း ဟသ်ာငှက်မျိုးဖြစ်၍ အံ့ဖွယ် စိတ်ထားကောင်းရှိသော ငှက်မျိုး ဖြစ်၏။ လူသာမန်တို့၌ပင် မရှိသော မေတ္တာ ကရုဏာ ကိုယ်ချင်းစာစိတ်များ ရှိကြသည်။ အများအားဖြင့် ငှက်မောင်မယ် ရွှေလည်တွဲ၍ မခွဲမခွာ သွားလာကျက်စားလေ့ရှိရာ ရန်သူလက်ချက်ကြောင့် တစ်ကောင်သေဆုံးသွားလျှင် ကျန်ရစ်သော တစ်ကောင်မှာ ကောင်းကင်သို့ အားကုန်ပျံတက်ပြီး အတောင်ပံကို ရုတ်လျက် ထိုးဆင်းကာ ထိုနေရာ၌ပင် မြေကြီးကို ရင်ဘတ်ဖြင့် တိုက်သတ်၍ ပွဲချင်းပြီး သေပြလေ့လည်း ရှိကြသည်။

ဝန်ထောက်ကြီး ဦးညိုသည် သူ့ဘဝအကြောင်းကို သူကိုယ်တိုင် ၁၂၇၈ ခုနှစ်က ရေးသား၍ ၁၂၈၇ခုနှစ်က မန္တလေး ဂဏဝတီ ပုံနှိပ်တိုက်၌ ပုံနှိပ်ရိုက်ခဲ့ဖူး၏။ ၁၉၆၂ခုနှစ်က ရန်ကုန်မြို့ "ဗိုင်-အမ်-ဘီ-အေ"အသင်းက ဒုတိယအကြိမ် "ဘဝအလင်းပြ"အမည်ဖြင့် စာအုပ်ရေ ငါးသောင်း ထပ်မံရိုက်နှိပ်သည်ကို ဖတ်ရှုရလေသည်။

ဝန်ထောက်ကြီး ဦးညိုအား ဘဝလမ်းကြောင်း ပြောင်းလဲသွားအောင် (အကြောင်းအားလျော်စွာ) စတင် ဆော်ဖန်သော ငှက်များအကြောင်း ကာယကံရှင်ကိုယ်တိုင် ရေးသားချက် မှုရင်းကို ဖတ်ရှု သုံးသပ်ကြရန် ဖော်ပြပါအံ့။

(ဦးညို ဆဲကောင်ပေါင်းလဲ နေမကောင်းစဉ် ဒေါ်မမကြီး၏ ပရိတ်မေတ္တာ ရွတ်ဆိုပို့သမှုကြောင့် ထူးခြားစွာ ဆေးဝါးဓာတ်စာများရ၍ ကျန်းမာလာပုံ၊ သစ္စာပြုပုံ၊ ဘာသာ ချင်းပြိုင်ပုံ စသည်တို့ကိုလည်း ၎င်းစာအုပ်၌ ဖော်ပြပါရှိပါသည်။)

**မမကြီး၏ မေတ္တာကြောင့် ငှက်သတ္တဝါများ**
**အသက်ဘေးမှ ချမ်းသာခြင်း**

ယောအရပ်သည် ဆောင်းဥတုအခါကျလျှင် တောတောင်ကုန်းတန်း လျှိုမြောင်တို့သည် အလွန်သာယာပြီး တော



www.burmeseclassic.com

www.burmeseclassic.com

ကြက် တောငှက်မှစ၍ တောတိရစ္ဆာန်များ အလွန်ပေါများသောကြောင့် သေနတ်ပစ် ဝါသနာပါသောသူတို့ အလွန်ပျော်မွေ့ဖွယ်ကောင်းလေသည်။

ကျွန်ုပ်သည်လည်း သေနတ်ပစ် ဝါသနာပါသောသူဖြစ်၍ နံနက်တိုင်း လှည့်လည်၍ ပစ်ခတ်သည်သာမက၊ နယ်လှည့်သွားသည့်အခါတို့၌ ယမ်းတောင့်များစွာ ယူသွားလေ့ရှိသည်။

ဂန့်ဂေါမြို့က ခရီး ၆ဂမိုင် ကွာဝေးသောအရပ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိရာ ထိုညောင်ပင်ကြီးပေါ်မှာ ဆောင်းကာလအခါ နံနက်နေစာလှုံ၍နေကြသော ငှက်ဟု အများခေါ်ကြသော မယ်ဇယ်ငှက်အများအပြားရှိတတ်သည်။

ညောင်ပင်သို့ နံနက် ၉နာရီခန့်အချိန် နယ်လှည့်ရာက အပြန် ကျွန်ုပ်တို့ရောက်သောအခါ များစွာသောငှက်တို့သည် အချို့ကား အိပ်လျက်၊ အချို့ကား ညောင်ကိုင်းပေါ်မှာ ငြိမ်သက်စွာ နားလျက်နေသည်ကို ကျွန်ုပ်မြင်လေလျှင် တစ်ခါတည်း လှည်းပေါ်က ခုန်ဆင်း၍ ပစ်မည်လုပ်ရာ မမကြီးကလည်း လှည်းပေါ်မှာ ပါလာသဖြင့် အတန်တန်တားသော်လည်း မနေ။

"ငါတို့တရားသခင်က ငါတို့စားရန် ဖန်ဆင်းထားသော ဟင်းသီးဟင်းရွက်ကလေးများအတွက် မင်းက သည်လောက်အငဲ့ရေးမပြုပါနှင့်"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။ ထိုအခါ မမကြီးက-

"တား၍မရလျှင် ပစ်ပါတော့။ သို့သော်လည်း ထိုသနားစရာကောင်း၍ ပျော်ပါးစွာနေသော ငှက်များအတွက် ပရိတ်မေတ္တာပြု၍ ဆုတောင်းပါရစေဦး"

ဟု ဆိုပြီးလျှင် သူ ဆုတောင်း၍နေခိုက် ကျွန်ုပ်သည် အတော်ပင် သည်းခံလျက် စောင့်ဆိုင်းနေရသည်။

သူ ဆုတောင်းပြီးသည်နှင့် တစ်ပြိုင်နက် နံပါတ် ၄ စရိတ်များစွာထည့်၍ထားသော ယမ်းတောင့်ကို သေနတ်ထဲသို့ သွတ်သွင်းပြီးလျှင် "ဆုတောင်းမေတ္တာပြုသောသူအား သည်တစ်ခါ ငှက်သားဝအောင် ကျွေးတော့မည်"ဟု စိတ်ထဲက ကြံ၍ အနိမ့်ဆုံး အကိုင်းပေါ်မှာ စု၍နားကြသော ငှက်တို့ကို ချိန်ရွယ်ပြီးလျှင် ပစ်လိုက်လေသည်။

ငှက်များ နားသော ညောင်ကိုင်း ညောင်ရွက်တို့သည် ကြေမွကျိုးပဲ့၍ အပိုင်းပိုင်းပြတ်ကျသော်လည်း ငှက်တစ်ကောင်မျှ မကျသည်နှင့် ငှက်များသည် ဒဏ်ရာရလျက် မသေဘဲ ပျံသွားကြသည်အထင်နှင့် ညောင်ပင်အောက် တလင်းပြင်နှင့် အနီးနားရှိ သစ်ပင်အောက်တို့မှာ လိုက်လံရှာဖွေရာ သွေးပေါက် သွေးစ တစ်စက်မျှ မတွေ့ရသည့်အပြင် ငှက်မွေး ငှက်တောင် တစ်ပင်မျှပင် ရှာမရသောကြောင့် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အနားက ငှက်ကောက်ရန် စောင့်နေကြသော ယောသားများပါ အံ့သြခြင်းဖြစ်ကြလေသည်။

ကျွန်ုပ်သည် သေနတ်ပစ်ခြင်းအတတ်၌ တစ်ဖက်ကမ်းမခတ်သော်လည်း အတန်အလေ့အကျင့်ရှိသောကြောင့် ခါတိုင်းသောနေ့တို့၌ အလွန်မြင့်မောက်သော သစ်ပင်များမှာ နား၍နေသော တစ်ကောင်တည်းသော ငှက်ကိုပင် ထိမှန်ဖူးသည်မှာ များလှပြီ။



ယခု ငှက်တစ်ကောင်မျှ မကျသည်မှာ ဗုဒ္ဓဘာသာ ပရိတ်မေတ္တာ ဘာဝနာသည် အတော်ပင် စူးရှပါ၏တကားဟု စိတ်ထဲ၌သာ မှတ်ယူထားလိုက်သည်။

မိုးဥတုအခါ ဂန့်ဂေါမြို့၏ အရှေ့ဘက်နား လယ်ကွင်းများ၌ ရေများစွာ ရှိတတ်သည်။ ထိုရေကွက်များထဲမှာ အစာရှာစား ပျော်မြူးရန် မောက်တင်ခေါ် ရေဝမ်းဘဲတို့ လာတတ်ကြ၏။ ၎င်း၏ သဏ္ဌာန်မှာ ဟင်္သာလောက်ရှိ၍ အမွေးအတောင်တို့မှာ အတော်အတန်ပင် လှပသဖြင့် နှုတ်သီးရင်းနားမှာ ဂုံညင်းသဏ္ဌာန် ဝိုင်းစက်၍ မာကျောသော အမောက်ရှိသည်။

www.burmeseclassic.com

တစ်နေ့သ၌ ယောသား ကျော်လှဆိုသူသည် ကျွန်ုပ်တို့ စားရန်အတွက် ငှင်းဝမ်းဘဲများကို သွားပစ်ရာ ဝမ်းဘဲတစ်ကောင်ကို သေနတ်ထိမှန်လေ၏။ ကျန်ရှိသော အဖော်နှစ်ကောင်တို့သည် ထွက်၍မပြေးဘဲ ဒဏ်ရာရရှိသော ဝမ်းဘဲကို အတောင်ဖြင့် ထမ်း၍ယူနေကြသည်ကို ရှင်ကျော်လှက ထပ်မံပစ်မည်ပြုရာ ကျွန်ုပ်က အဝေးမှ မြင်သဖြင့် အမှတ်သညာပေး၍ မပစ်ရန် တားမြစ်လိုက်သည်။

ထို့နောက် ဒဏ်ရာရရှိသော ဝမ်းဘဲ သေသောကြောင့် အိမ်သို့ ယူလာသည်ကို အဖော်နှစ်ကောင်တို့သည် ကောင်းကင်ထက်က ပျံဝဲလျက် သနားစဖွယ် ဟစ်အော်၍ အိမ်နားသို့ အရောက်လိုက်လာကြသည်။

ထိုအခြင်းအရာကို မြင်လျှင် ကျွန်ုပ်စိတ်ထဲ၌ ပေါ်လာသည်မှာ ရွှေကျင်မြို့အပိုင် ဘောကထာခေါ် ရွာငယ်တစ်ခုတွင် ညဦးသန်းခေါင်အချိန်လောက်၌ ရင်ဘတ်နာ၍ မီးလှုံရန် မီးဖိုဆောင်သို့ သွားသော မိန်းမတစ်ယောက်ကို ကျားတစ်ကောင်သည် ချီယူ၍ အိမ်နှင့် မနီးမဝေးတွင် ကြွက်ကိုကြောင်များက ကစားသည့်နည်းတူ ကစားနေသည့်အခါ ထိုမိန်းမက ဟစ်အော်၍ "ကျွန်မ မသေသေးပါ။ လာ၍ကယ်ပါ"ဟု လင်ဖြစ်သူကို ပြောသော်လည်း မိုက်ရိုင်းရက်စက်သော လင်ယောက်ျားက သနားကရုဏာမဖက်သကဲ့သို့ အိမ်ထက်၌သာ တိတ်ဆိတ်စွာ ပုန်းကွယ်နေလေသဖြင့် တအော်အော်နှင့် တောနက်ရာသို့ ထိုမိန်းမ ပါရှာလေသည်။

ဤမောက်တင်တို့မှာ တိရစ္ဆာန်ဖြစ်ပါလျက် ရန်သူကြီး၏ ရှေ့မှောက်၌ မကြောက်မရွံ့ စွန့်စွန့်စားစားပြုလုပ်သည်မှာ ထိုထိမှန်သော မောက်တင်နှင့် မည်သို့တော်စပ်သည်မသိ၊ မိမိတို့အသက်ကို မငဲ့ကွက်ဘဲ ရဲစွမ်းသတ္တိရှိ၏တကားဟု အလွန်သနားသဖြင့် ၎င်း၏ အသားကို မစားသည့်အပြင် "ငါ၏ ဘုရားသခင် ဖန်ဆင်းသော ဟင်းရွက်ဟင်းသီးပင်ဖြစ်သော်လည်း နောင် ဤငှက်မျိုးကို ဘယ်တော့မှ မပစ်ရ"ဟု တားမြစ်လိုက်သည်။

ကျွန်ုပ် ဗုဒ္ဓဘာသာဖြစ်ပြီးနောက် အသီတိနိပါတ်မဟာ ဟံသဇာတ်ကို ဖတ်ရှု တွေ့မြင်ရသည်မှာ -

"ဘုရားအလောင်း ရွှေဟံသာမင်းသည် ခေမာမုဆိုး ထောင်သော ကျော့ကွင်း၌ မိ၍ ဆင်းရဲ နာကျင်စွာ လျှောင်းလျက်နေသည်ကို မြင်သော ရှင်အာနန္ဒာအလောင်းဖြစ်သော ဟံသာစစ်သူကြီး သုမုခသည် မုဆိုးကို မကြောက်မရွံ့ မိမိ၏ အရှင်ဖြစ်သော ရွှေဟံသာမင်းအပါးက မခွာဘဲ ရဲရင့် တည်ကြည်သောစိတ်နှင့် နေလေသည်"

အလွန်သိမ်မွေ့သော တရားတော်ကို ယုံကြည်၍ ဗုဒ္ဓဘာသာဖြစ်ပါလျက် သေနတ်ပစ် ဝါသနာပါကြသောသူများသည် ဤအကြောင်းကို ဖတ်လျှင် သနားကရုဏာစိတ်ရှိစေရန် တစ်ကြောင်း၊ ထို့ပြင် လောကဒုက္ခနှင့် တွေ့ကြုံ ခံရမိသော်လည်း အဆွေခင်ပွန်းကို မစွန့်ပစ်သင့်ကြောင်းများကို သတိတရားရကြပေလိမ့်မည်ဟု မျှော်လင့်၍နေသည်။

## မေတ္တာဟူသည် ပုဂ္ဂိုလ်သတ္တဝါ မျက်နှာမလိုက်

ဤနေရာ၌ (ဝီသတိနိပါတ်၊ ရောဟဏမိဂဇာတ်လာ) ဘုရားလောင်းတော် ရွှေသမင်မင်းနှင့် မုဆိုးကြီးအကြောင်းကို သတိရစေ၏။

မုဆိုးတစ်ယောက်သည် ခေမာမိဖုရားကြီး ချင်ခြင်းတပ်၍ ဘုရင့်အာဏာ၊ ဘုရင့်ရိက္ခာဖြင့် ရွှေသမင်ကို ဖမ်းရန် ဟိမဝန္တာတောသို့ သွားရောက်ရ၏။ ရွှေသမင်မင်း ကျက်စားရာ ဒေသရှိ ရေအိုင်တစ်ခု၌ ညွှတ်ကွင်းထောင်ဖမ်းသည်။

အလောင်းတော် ရွှေသမင်မင်းလည်း မျက်မမြင် မိအို ဖအိုကြီးနှစ်ကောင်၊ ညီနှင့် နှမများအပါအဝင် အခြွေအရံရှစ်သောင်းနှင့်အတူ ထိုရေအိုင်သို့ ရေသောက်ဆင်းလာရာ ညွှတ်ကွင်း၌ ဖမ်းမိလေ၏။ ရုန်းကန်၍ အော်မြည်လျှင် ဆွေတော်မျိုးတော်များအားလုံး မောပန်းလာကြရာ ရေမသောက်ရသေးမီ လန့်ကြောက် ထွက်ပြေးကြမည်စိုး၍ မအော်ဘဲ အောင့်အည်းသည်းခံပြီး ရေသောက်ဟန် ဆောင်နေရရှာသည်။

အားလုံး ရေသောက်ပြီးချိန်လောက်တွင် ညွှတ်ကွင်းကို သုံးကြိမ်တိုင်တိုင် ဆောင့်၍ ရုန်းကန်ကြည့်ရာ ပထမအကြိမ် အရေပြတ်သွား၏။ ဒုတိယရုန်းသောအခါ အသားစိုင်ပြတ်၍၊ တတိယအကြိမ် အကြောများ ပြတ်သွားပြီး ညွှတ်ကွင်းသည် အရိုးကိုပင် ထိဆိုက်သွားသည်။ ညွှတ်ကွင်းကို ရုန်းကန်၍ မရရှိပေ။ ထိုအခါ ရွှေသမင်မင်းက အော်လိုက်ရာ ကျန်သမင်များအားလုံး သုံးစုခွဲကာ ထွက်ပြေးသွားကြ၏။

အတန်ကြာသောအခါ ညီတော် သမင်နှင့် နှမ သမင်နှစ်ကောင်တို့သည် နောင်တော်ကို မတွေ့၍ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြသည်။ ရွှေသမင်သည် ညီတော်နှင့် နှမတော်အား "ရန်သူရှိတယ်၊ ပြန်သွားကြ"ဟု နှင်ရာ နောင်တော်နှင့်အတူ အသက်ကိုသာ အသေခံမည်၊ မပြန်လိုကြောင်း ငြင်းဆိုကြ၏။ မျက်မမြင် အမေအိုနှင့် အဖေအိုကြီးကိုလည်း လုပ်ကျွေးရင်း သားချင်းအပေါင်းတို့ကိုလည်း စောင့်ရှောက်ရန် ပြန်ဖို့ပြောသော်လည်း မပြန်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com

ရေအိုင်စပ်တွင် ညွှတ်ကွင်းဖြုတ်ထားသော ဒဏ်ရာကြောင့် တုန်ချိချိဖြစ်နေသော နောင်တော် သမင်မင်းအား ညီတော်က ညာဘက်မှ၊ နှမတော်က ဘယ်ဘက်မှ ကိုယ်လုံးချင်းထိအောင် တစ်ဖက်တစ်ချက် တွဲမှီ၍ပင် ရပ်ပေးထားကြရှာလေသည်။

ထိုအခြေအနေကို မြင်ရသောအခါ မုဆိုးသည် အနီးသို့လာ၍ တိရစ္ဆာန်တို့ပင်လျှင် ဒုက္ခရောက်သောအခါ အဖော်ကို မစွန့်ခွာဘဲ အသက်ကိုပင် အသေခံ၍ သနားကြင်နာစိတ်ရှိကြပုံကို ကြည့်ကာ လွန်စွာစိတ်မကောင်းဖြစ်သွား၏။ မိမိထောင်ထားသော ညွှတ်ကွင်းကို ကြည့်ရာ အလောင်းတော်၏ ခြေ၌ သွေးစိမ်းရှင်ရှင်ထွက်ကာ အရိုးပြတ်မတတ် ခံနေရကြောင်း သိရသည်နှင့် ပို၍ပင် မေတ္တာကရုဏာသက်မိလေသည်။

မုဆိုးသည် ညွှတ်ကွင်းကို အသာအယာဖြုတ်၍ ရေဖြင့် သွေးများကို ဆေးကြောပေး၏။ စုတ်ပြတ်ပေါက်ပြဲသွားသော ဒဏ်ရာကို သနားခြင်းကြီးစွာဖြင့် အသာအယာ လက်ဖြင့် ဆုပ်နယ်၍ပေး၏။ မကြာမီ မုဆိုးကြီး၏ မေတ္တာကြောင့် စုတ်ပြတ်သွားသော အရေ အရေချင်း၊ အသား အသားချင်း၊ အကြော အကြောချင်း ဆက်စပ်သွားကာ ဒဏ်ရာမှာ လုံးဝ ပကာတိ ပျောက်ကင်းချမ်းသာသွား၏။

ဘုရင့်အာဏာကိုပင် မကြောက်အားဘဲ သနားမေတ္တာဖြင့် ရွှေသမင်ညီအစ်ကိုမောင်နှမများအား အသက်ချမ်းသာပေးကာ ဘေးမဲ့လွှတ်လိုက်လေတော့သည်။

စာလိုပေရေမို ကြီးကြီးကျယ်ကျယ် မသိကြရသူများကိုပင်လျှင် အမှန်တကယ် အကျိုးလိုလား သနားချစ်ခင်သော စိတ်ထားရှိနိုင်ပါမှ လူမျိုးဘာသာ နေရာဒေသ ခေတ်ကာလ အချိန်အခါမရွေး၊ သတ္တဝါမရွေး ဗီယဆေးကြီး၊ မသေဆေးကြီးအဖြစ် သတ္တဝါတို့အား အမြဲတမ်း အကူအညီပေးလျက် ရှိနေသည်မှာ မေတ္တာပင်တည်း။

* * *

ဓမ္မာစရိယဦးဌေးလှိုင်

(မှတ်ချက်။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ "မေတ္တာဝါဒ"(ဗြဟ္မဝိဟာရအဖွင့်)စာအုပ်မှ ကူးယူဖော်ပြအပ်ပါသည်။)

" အာစရိယဂုဏ် အပဟံ ဝန္ဒာမိ "

ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခံ့ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သက္ကတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခေတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင်ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်းသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။



www.burmeseclassic.com


www.burmeseclassic.com

### ရန် ကုန် တိုင်း ဒေ သ ကြီး ကျောက် တန်း မြို့ နယ် ရှိ

### ရှေးဟောင်းသမိုင်းဝင် ပါဠိကြီး ငါးထပ် ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်ကြီးနှင့်

# ကြည်ညိုဖွယ် ရုပ်ပွားစေတီတော်များ

■ အောင်ကောင်းမြ(သာကေတ) ■





www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်လခန့်က ကျွန်ုပ်သည် ပါဒကြီးဘုရား အနီးရှိ သီလရှင် စာသင်တိုက်တွင် ကျင်းပပြုလုပ်သော အလှူပွဲတစ်ခုသို့သွားရင်း အပြန်တွင် ပါဒကြီးဘုရားသို့ ဝင်ရောက်လေ့လာ ဘုရားဖူးဖြစ်ခဲ့ပါသည်။ ယခင်နှစ်များဆီ ကလည်း ထိုဘုရားသို့ ရောက်ဖူးပါသည်။ ကျောက်တန်း ရေလယ်ဘုရားသွားရင်း အပြန်တွင် ပါဒကြီး၌ ခရီးပြုလုပ်ကာ ထမင်းစား အနားယူဖူးပါသည်။ သို့သော် ထိုအချိန်က ကင်မရာ ထည်း မပါသွားသလို၊ ဘုရားသမိုင်းဆောင်းပါးရေးရန်လည်း အစီအစဉ်မရှိခဲ့ပါ။ အများနှင့် သွားရသောခရီးဖြစ်နေ၍ ကိုယ့်



ဘာနှင့်ကိုယ် သွားချင်ရာသွား၊ လုပ်ချင်တာ မပြုလုပ် င့်ဟု ခံယူထားမိပါသည်။

ယခုတစ်ခေါက်တွင် ကင်မရာလည်း အဆင်သင့်ပါ၊ ယောက်တည်းလည်းဖြစ်၍ အေးအေးဆေးဆေး အချိန် ဓာတ်ပုံရိုက် မှတ်တမ်းတင် ပူဇော်နိုင်ခဲ့ပါသည်။ ပါဒကြီး သို့ ပါဒကြီးကားမှတ်တိုင်တွင် ဆင်းပြီး ဘုရားမုခ်ဝအဝင် လျှောက်သွားပါက ၁၀မိနစ်ခန့်ထက် မပိုပါ။ ဘုရား အထိ ဘုရားဖူးကား၊ ကိုယ်ပိုင်ကားများဖြင့် ဖြောင့်တန်း ဝင်ရောက်နိုင်ပါသည်။

ဘုရားသမိုင်းစာအုပ်ကို လေ့လာသောအခါ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ကျော်က မြန်မာနိုင်ငံအောက်ပိုင်းတွင် ဘုရင့် နေပြည်တော်ကြီးတစ်ခုဖြစ်ခဲ့ဖူးသော ပါဒနေပြည်တော်သည် ယခုအခါ ရန်ကုန်မြို့ အရှေ့တောင်ဘက် ၁၅မိုင်ခန့်အကွာ သန်လျင်-ကျောက်တန်းသွား ကားလမ်းဘေး တောကြီးမျက် မည်းအလယ်တွင် “ပါဒကြီး”အမည်ဖြင့် ရွာကြီးတစ်ရွာအဖြစ် တည်ရှိလေသည်။

ထိုပါဒကြီးကို ဟံသာဝတီ(ဘီ)နယ်နှင့်တကွ ရန်ကုန်၊ ပဲခူး စသော မြို့တော်ကြီးများမှ အထူး အလေးဂရုပြု ဖူးမြော် ပူဇော်ကြခြင်းသည် ဉာဏ်တော် ၂၆တောင် ၁ပေရှိ “ငါးထပ် ရပ်ပွားတော်ကြီး”ကြောင့်ပင် ဖြစ်လေသည်။

ထူးမြတ်ဇာနည် မဟာထေရ်၏ အတ္ထုပ္ပတ္တိအကျဉ်း ၅ထပ်ရုပ်ရှင်တော်မြတ်ကြီး၏ သမိုင်းကို ရေးလျှင် (ထိုရုပ်ရှင် တော်မြတ်ကို ပထမ စတင်တည်ဆောက်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၏ အကြောင်းအရာ) ထေရုပ္ပတ္တိမပါလျှင် မပြီး ပေ။ ထို့ကြောင့် ရုပ်ပွားတော်ကြီးကို အားကြိုးမာန်တက် စတင် တည်ဆောက်သော ပါဒဆရာတော်ဘုရားကြီးသည် မြန်မာဘုရင်သုံးဆက်အပြင် အင်္ဂလိပ်မင်းနှစ်ဆက်၊ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

၅ဆက်တိုင်တိုင် မိလိုက်သော ရွှေကျင်ဝါဒီ အာဇာနည်မည်တွင် သမိုင်းဝင်သည့် မဟာထေရ်အရှင်သူမြတ်ကြီးတစ်ဆူပင် ဖြစ်လေသည်။

မုံရွာခရိုင် အရာတော်ရွာကြီး၌ အဘ ဦးသက်ပြင်း၊ အမိ ဒေါ်ညက်ဥတို့မှ သက္ကရာဇ် ၁၂၁၂ခုနှစ်တွင် ပါဒဆရာတော်ဘုရားကြီး အရှင်ကုသလဖြစ်မည့် သားငယ်ကို ဖွားမြင်သည့် ပါဒဆရာတော်ဖြစ်မည့် မောင်မြတ်စံသည် မင်းတုန်းမင်းလက်ထက် စနှစ်သားအရွယ်မှစ၍ ကျောင်းနေရာ သာမဏေ၍ သားတော် သီပေါမင်းသား ဘိသိက်ခံတော်မူစဉ်အချိန်၌ ဆရာတော် ဦးကုသလမှာ သိက္ခာတော် ၉ဝါရှိလေပြီ။ ထိုအချိန်တွင် ပြည်တွင်းရေး နန်းတွင်းရေး မတည်ငြိမ် ဆူပူလှုပ်ရှားမှုကယက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ မန္တလေးနေပြည်တော်တွင် ဆက်လက်နေလိုစိတ် မရှိတော့သဖြင့် သက္ကရာဇ် ၁၂၄၀ခုနှစ်တွင် မြန်မာပြည်အောက်ပိုင်း ရန်ကုန်မြို့သို့ ဆင်းလာခဲ့ပြီးနောက် ရန်ကုန်မြို့မှတစ်ဆင့် ပါဒကြီးသို့ ရောက်ရှိခဲ့လေသည်။



အဖြစ်ဖြင့်ပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို တတ်မြောက်လေသည်။

မင်းတုန်းမင်း နန်းတက်၍ ၁၈နှစ်အကြာ သက္ကရာဇ် ၁၂၃၁-၁၂၃၂ ခုနှစ်အဝင် သက်တော် ၁၉နှစ်တွင် မင်းတုန်းဘုရင်၏ အပါးတော်မြဲ အတွင်းဝန်ကြီး ဝက်မစွတ်မြို့စားမင်းကြီး မဟာအဘယ(ဦးညို)က ရဟန်းဒါယကာပြုလုပ်၍ ပထမ မဟာဝိသုဒ္ဓါရုံမ ရွှေကျင်ဆရာတော်ကြီးထံတွင် ရဟန်းပြုလေသည်။ ဘွဲ့တော်မှာ အရှင်ဦးကုသလဖြစ်သည်။

**ရတနာပုံ-မန္တလေး သီပေါမင်းခေတ်**

သက္ကရာဇ် ၁၂၄၀ ခုနှစ်တွင် မင်းတုန်းဘုရင် နတ်ရွာစံ

**ဝါးတိုင်ထူ ခနိမိုးမှ တိုးတက်လာပုံ**

ဝါးတိုင်ထူ၍ သက်ကယ်၊ ခနိမိုးကျောင်းကလေးတွင် သီတင်းသုံးနေရာ တဖြည်းဖြည်း တစ်စတစ်စ လူသိများလာ ပြီး ဟိသာဝတီနယ်တစ်ခုလုံး၏ ကြည်ညိုလေးမြတ်ခြင်းကို ခံရလေသည်။ ပါဒသူ-ပါဒသားတို့၏ တိုးတက်သော စေတနာကြောင့် ဝါးတိုင်-ခနိကျောင်းမှ တိုက်ကျောင်းကြီးအနေအထား သို့ ရောက်ကာ ပိဋကတ်တိုက်တည်ခြင်း၊ အင်ဂျင်စက်ဖြင့် ရေသွယ်၊ မီးသွယ်ခြင်းတို့ကို ပြုလုပ်အောင်မြင်လေသည်။

**ငါးထပ် ရစ်ပွားတော်ကြီး တည်ရန် အကြံ**

ဆရာတော်ဘုရားကြီး "အရှင်ကုသလ"၏ ...

www.burmeseclassic.com




၌ တည်သဖြင့် ရပ်ရွာစီးပွားရေး ကြီးပွားရေးမှစ၍ ဘာသာ-သာသနာရေးတို့တွင် ကြီးပွားအောင်မြင် တိုးတက်လာသော အချိန်ရောက်ရှိလာပါသည်။ ထိုအချိန်တွင် ဆရာတော်သည် "ကျောင်းဟူသည် ရုပ်ပွား၊ စေတီ၊ ဘုရားမရှိက မတင့်တယ်။ ထို့ကြောင့် ရုပ်ပွားတော်ကြီးတစ်ဆူတည်ထားကိုးကွယ်ရသော် သင့်လိမ့်မည်။ လောက၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွား ဖြစ်လိမ့်မည်"ဟု ကြံစည်တော်မူပြီးသော် ငါးထပ် ရုပ်ရှင်တော် ဘုရားကြီး တည်ထားရန် ဆုံးဖြတ်တော်မူလိုက်လေသည်။

သက္ကရာဇ် ၁၂၆၆-၆၇ ခုနှစ်တွင် ကျောင်းအရှေ့ဘက် ဆင်ခြေလျှောဖြစ်နေသော ကုန်းမြေနေရာကို တံတိုင်းကာရံ ပြီး မြေဖို့စေသည်။

**ရုပ်ပွားတော်ကြီးတည်ခြင်း**

မြေညှိပြီး မြေအသားသေရန် တစ်နှစ်ခန့်ထားစဉ် ဦးစံလှ၊ ဦးဖေတိုး၊ ဦးလူဖေ၊ ဦးမောင်လေး၊ ဦးဖံကြီး၊ ဦးသာကျော် စသော ရပ်ရွာလူကြီးများကို တာဝန်ချထားကာ ရပ်ရွာအားဖြင့် အုတ်များကို ဖုတ်ကြရာ အုတ်ချပ်ပေါင်း ၁၅၀,၀၀၀ (တစ်သိန်းငါးသောင်း)ကျော် ရရှိလေသည်။


ထို့နောက် ရန်ကုန်မြို့ ဖက်တန်းရပ်ကွက်မှ ပန်းရံဆရာကြီး ဦးညက်ကြီးကို ခေါ်ယူလျက် သက္ကရာဇ် ၁၂၆၇ခုနှစ်၊






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

တော်သလင်းလဆုတ် ၇ရက်၊ စနေနေ့တွင် ဆရာတော်ဘုရား ကြီး အရှင် ဦးကုသလကိုယ်တော်တိုင် အုတ်မြစ်ချ၍ ဘုရား ကြီးကို စတင်တည်ဆောက်လေသည်။ ထိုအချိန်တွင် ဆရာ တော်၏ သက်တော်မှာ ၅၇နှစ်၊ သိက္ခာတော်၊ ၃၈ဝါရှိတော် မူလေပြီ၊ တပည့် ဒါယကာများ၏ လူအား၊ ငွေအား၊ စေတနာ အားဖြင့် ကြိုးစားကြရာ ၁၂၆၉ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဉာဏ်တော်အတောင် ၂၆တောင် ၁ပေရှိ ရုပ်ပွားတော်ကြီး အပြီးသို့ ရောက်ရှိလေသည်။ ယခုဆိုလျှင် ပါဒ ငါးထပ်ကြီး ဘုရားကြီးမှာ နှစ်ပေါင်းရာကျော် ၁ဝ၅နှစ်တိုင် ရှိနေပေပြီ။ ဘုရားကြီးမှာ တစ်နှစ်ထက် တစ်နှစ် ဘုရားဖူးများလာပြီး ပို၍ကြည်ညိုတင့်တယ်ဖွယ် ဆောင်ရွက်ထားပါသည်။



## ဘွဲ့တော်ကို သမိုင်းတင်တော်မူခြင်း

ရုပ်ပွားတော်ကြီး မျက်နှာတော်ဖွင့်သောနေ့တွင် ပါဒ ဆရာတော် အရှင် ဦးကုသလသူမြတ်က "သဗ္ဗညုတ ရှင်တော်မြတ်ဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ ဒေဝ ပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရ မာန်တည်းဟူသော မာရ်ငါးပါးကို အောင်တော်မူခြင်းအထိမ်း အမှတ်ဖြင့် ဗောဓိပင်ရင်း ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူဟန်ကို ရုပ်ပွားတော်ကြီး တည်လုပ်ခြင်းဖြစ်သည်။ ထိုသို့ မာရ်ငါးထပ်ကို တစ်ထပ်မကျန် တွန်းလှန်အောင်မြင် တော်မူခြင်းကို အကြောင်းပြု၍ ယခုတည်ဆောက်ပြီးစီးသော တင်ပျဉ်ခွေ ရုပ်ရှင်တော်မြတ်ကြီးအား "ငါးထပ်ကြီး ဆုတောင်း ပြည့် ရုပ်ရှင်တော်" ဟု ဘွဲ့တော် သမုတ်ရမည်" ဟူ၍ မိန့်တော် မူကာ "ငါးထပ်ကြီးဘုရား" (ဗောဓိမူလေပလင်္ကမှို မာရံသဗ္ဗေနှ အာယုဓာ) ဘွဲ့မည်နှင့် သမိုင်းတွင်တော်မူလေသည်။

ပါဒကြီး ငါးထပ် ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာ စသည်တို့ ပူဇော်၍ လိုရာဆန္ဒ ဆု တောင်းပါက ပြည့်စေသည်ဟု လူအများ ဆိုကြ၏။ ရန် အတိုက်အခံ၊ အမှုပြဿနာရှိပါက အမြန်အောင်မြင်စေမည်။ အဓိဋ္ဌာန်ပြု ဆုတောင်းပါ။

## ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အတိုင်းအရှည်

* ဉာဏ်တော်အမြင့် ပေ ၄ဝ၊ ၈လက်မ။





* ပလ္လင်တော်မှ ဓမ္မစက်ရောင်တော်ပြန်အထိ ၄၅ပေ၊ ၉လက်မ။
* ပလ္လင်တော်အလျား (အရှေ့မှ အနောက်သို့) ၃၃ပေ၊ ၁၁လက်မ။
* ပလ္လင်တော်အနံ (တောင်မှ မြောက်သို့) ၂၀ပေ၊ ၁၁ လက်မ။
* ပလ္လင်တော်အမြင့် ၄ပေ၊ ၆လက်မ။
* ဓမ္မစက် ၇လက်မ။
* အုတ်နံရံအကျယ်အဝန်း (အရှေ့မှ အနောက်သို့) ၁၂၂ပေ၊ တောင်မှ မြောက်သို့ ၁၁၇ပေ၊ ၂လက်မ။



www.burmeseclassic.com

www.burmeseclassic.com






ဉာဏ်တော်အတိုင်းအရှည်(တစ်နည်း)

* ဉာဏ်တော်အမြင့် ၂၆တောင်၊ ၁ပေ။
* ပလ္လင်တော်အလျား ၂၄တောင်။
* ပလ္လင်တော်အနံ ၁၄တောင်။
* ပလ္လင်တော်အမြင့် ၂တောင် ၁ပေ။

သဗ္ဗညုတရှင်တော်ဘုရား မာရ်ငါးပါးကို အောင်တော်မူသော အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်အပ်သော ပါဒရှာ ငါးထပ် ဆုတောင်းပြည့်ရုပ်ရှင်တော်မြတ်ကြီးသည် ဤသို့အားဖြင့် အပြီးသို့ရောက်သည်မှစ၍ အနယ်နယ်အရပ်ရပ်မှ သင်္ဘောနှင့် တစ်တန်၊ မော်တော်ကားနှင့် တစ်ဖုံ၊ မြင်းလှည်း ဆိုက်ကားနှင့် တစ်မျိုး၊ ခြေလျင်တစ်သွယ် လာရောက်ဖူးမြော်ကြသည်မှာ နေ့စဉ်နှင့်အမျှ ပွဲတော်ကြီး ကျင်းပနေသည့်အလား များစွာစည်ကားလျက် ယနေ့တိုင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အပူဇော်ကို ခံလျက်ရှိပေသည်။

ဆုတောင်းတိုင်း ပြီး၊ ငါးထပ်ကြီး၊
မေးပြီး လျှင်စွာ၊ ပါဒရှာသို့ သွား၊
ချမ်းသာလိုသူ လူအများ။









www.burmeseclassic.com

www.burmeseclassic.com









တိုးတက် လွန်ကြီးပွား။ ။

**တန်ဆောင်းတော်ကြီးဆောက်လုပ်ရန်**

ဉာဏ်တော် ၂၆တောင် ၁ပေရှိ ငါးထပ် ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်တော်မူရန် ကောင်းမွန် ကြီးကျယ်သော တန်ဆောင်းတော် မရှိသေးသဖြင့် ဝါး၊ ဓနိမိုး တန်ဆောင်းတော်နှင့်ပင် တစ်နှစ်ခန့် စံတော်မူရလေသည်။ ၁၂၆၉ခုနှစ်တွင် ဘုံငါးဆင့်ရှိသော ဇေတဝန်ဆောင် တန်ဆောင်းတော်ကြီးကို ပါဒရပ်သူ-ရပ်သားများအင်အားနှင့် ဆောက်လုပ်လှူဒါန်းကြသည်။

တန်ဆောင်းတော်အတွင်း၌ မှန်စီရွှေချ နဂါးရုပ်၊ ပန်းပု၊







www.burmeseclassic.com

www.burmeseclassic.com




ပန်းပြောက်တို့ဖြင့် တင့်တယ်ခမ်းနားစွာ ဆင်ယင်ထားသည်မှာ ဖူးမြင်ရသူတို့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေသည်သာမက၊ ထိုခေတ် လက်ရာများသည် အနုပညာမြောက်သော လက်ရာကောင်းများဖြစ်သဖြင့် သုတေသီများအဖို့လည်း များစွာသော အထောက်အထားဖြစ်လာလေသည်။ တန်ဆောင်းအတွင်းတွင် ရှေးဟောင်း ခေါင်းလောင်းကြီးတစ်လုံး၊ ရှေးဟောင်း ပန်းပုရုပ်လုံးများ၊ ပန်းချီကားချပ်များ လေ့လာတွေ့ရှိရပါသည်။ အထူးသဖြင့် ဗုဒ္ဓဝင် ရုပ်စုံရုပ်လုံးများမှာ အနုပညာလက်ရာအပြင် ကြည့်ရှုလေ့လာတတ်ပါက တရား သံဝေဂရစရာ ညွှန်ပြနေပါသည်။





www.burmeseclassic.com


www.burmeseclassic.com
















www.burmeseclassic.com

www.burmeseclassic.com












ယခုအခါ နှစ်ပေါင်း ကြာညောင်းသဖြင့် ရင့်ရော်လျက်ရှိရကား ယခုလက်ရှိ ဆရာတော် အရှင်နန္ဒမေဓာမှ ထပ်မံပြုပြင်လျက်ရှိပါသည်။ သက္ကရာဇ် ၁၂၇၀ ခုနှစ်တွင် ဦးမောင်ကလေး + ဒေါ်အေးမယ်မိသားစုက အာရုံခံ တန်ဆောင်းတော်ကြီးကို ဘုံသုံးဆင့်နှင့်တကွ ဆောက်လုပ်လှူဒါန်းပြန်သည်။ အာရုံခံ တန်ဆောင်းတော်ကြီးဆောက်လုပ်၍ ၂နှစ်အကြာ သက္ကရာဇ် ၁၂၇၃ခုနှစ်တွင် ဦးဖေကိုး + ဒေါ်အေးကြိုင် သားသမီးတစ်စုတို့က ဘုံခုနစ်ဆင့်ရှိသော တန်ဆောင်းသစ်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြပြန်လေသည်။ ၁၂၇၇ ခုနှစ်တွင် တန်ဆောင်းကြီးအရှေ့ဘက်မှ တန်ဆောင်းသစ်တစ်ဆူဆောက်လုပ်လှူဒါန်းကြပြန်လေရာ တန်ဆောင်းတော်ကြီး ၅ဆူဖြင့် တလူလူလွင့်မားလျက် စည်ကားသိုက်မြိုက်စွာ ယနေ့တိုင် စံတော်မူလျက်ရှိပါသည်။


ဂေါပကလူကြီးတစ်ဦးမှ "ဘုရားကြီးအနောက်ဘက်မှာ ဘုရင့်သောက်တော်ရေတွင်းရှိတယ်။ သွားလေ့လာပါလား" ပြော၍ လူသွားလမ်းအတိုင်း ဆင်းသွားရာ ရွာတစ်ရွာသို့ရောက်၏။ "ပါဒရွာ"ဟု ဆိုပါသည်။ ထိုရွာစပ်တွင် ဘုရားတစ်ဆူ၊ ဇရပ်တစ်ဆောင်နှင့် ရှေးဟောင်း ရေတွင်းတစ်တွင်းကို ပြန်လည်ပြုပြင် မွမ်းမံထားတာ တွေ့ရပါသည်။ နှစ်ပေါင်း ၁၀၀ကျော်က ရေတွင်းဖြစ်သော်လည်း ရေမှာ ကြည်လင်အေးမြသန့်စင်နေ၍ သောက်ရေအဖြစ် အသုံးပြုနေကြရသည်။




www.burmeseclassic.com

www.burmeseclassic.com











ထိုရေတွင်းမှအပြန် ဘုရားပရဝဏ်အဝင်ဝမှ ဘုရားကြီး တန်ဆောင်းကို လှမ်းတွေ့ရသည့်မှာ တန်ဆောင်းပြာသာဒ်များနှင့် လွှန်စွာမှ ခံ့ညားလျက်ရှိသည်။ ထို့ကြောင့် ဓာတ်ပုံရိုက် မှတ်တမ်းတင်လိုက်ပါသည်။

သက္ကရာဇ် ၁၂၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်နေ့တွင် တန်ဆောင်းတော်ကြီးအတွင်း၌ ပါဒကြီးနေ ဦးဖေတိုး + ဒေါ်ငြိမ်းတို့က အောက်-မန်းစက်တော်ရာပုံ ခြေတော်ရာကြီး တစ်ဆူကို ကျောက်သလင်းဖြူတွင် ထုလုပ်လှူဒါန်းလေသည်။

တတိယမြောက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ(ဓမ္မာစရိယ) သည် ရပ်ရွာစေတီတော်များနှင့် ပါဒကြီးကျောင်းကို အစစ တာဝန်ယူ စောင့်ရှောက် ပြုပြင်ထိန်းသိမ်းလျက် ပါဒကြီး ကျောင်းကိုလည်း "ပါဒကြီး ပရိယတ္တိစာသင်တိုက်"အမည် ပြောင်းလဲပြီး စာသင်တိုက်အဖြစ် တည်ထောင်လိုက်ပါသည်။

**မဟာဂန္ထဝါစက ပဏ္ဍိတ**

**ဘဒ္ဒန္တစန္ဒိမာ(ဓမ္မာစရိယ)၏ ပြုပြင်မှုများ**


* ၁၃၅၁ ခုနှစ်တွင် ဗောဓိပင်များကို ရန်ကုန်မြို့ ဒေါ်ရင်မေ ကောင်းမှုဖြင့် တစ်သောင်းနှစ်ထောင်ကျပ် အကုန် အကျခံ၍ ပြန်လည်မွမ်းမံတည်ဆောက်ခြင်းနှင့် အများကောင်းမှု ဖြင့် ဆုတောင်းပြည့် ပါဒ ငါးထပ်ဘုရားကြီး၏ ဂန္ဓကုဋီ တန်ဆောင်းတော်ကြီးကို အသစ်တစ်ဖန် ပြန်လည်တည် ဆောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





* ၁၃၅၂ ခုနှစ်တွင် ရုပ်ရုံပြတိုက်မှ အဟောင်းအပျက်များကို ပြုပြင်မွမ်းမံခြင်းနှင့် ပန်းချီကား ၂၃ချပ်တို့ကို ရေးဆွဲခြင်းများ ပြုလုပ်ပါသည်။

* ၁၃၅၃ ခုနှစ်တွင် ပါဒနိုင်ငံတော်နှင့် ဆုတောင်းပြည့် ပါဒ ငါးထပ်ဘုရားကြီး၏ သမိုင်းအကြောင်း အုတ်နံရံပန်းချီကားများ ရေးဆွဲခြင်း၊ ဂန္ဓကုဋီတန်ဆောင်းကြီး၏ နောက်ကျောဘက်၌ အုတ်တံတိုင်းနှင့် အုတ်နံရံများ ကာရံခြင်းများ ပြုလုပ်ပါသည်။

* ၁၃၅၄ ခုနှစ်တွင် တန်ဆောင်းတော်ကြီးအတွင်း၌ ဂရမ်တိုကျောက်ပြားများ ခင်းထားခြင်း ပြုလုပ်ပါသည်။

* ၁၃၅၅ ခုနှစ်တွင် ဆုတောင်းပြည့် ပါဒ ငါးထပ်ဘုရားကြီး၏ ရင်ပြင်တော်ရှေ့၌ ဘုရားဖူးကားများ ရပ်နားရန် ဂဝံကျောက်များ ခင်းခြင်း၊ ရေလောင်းအိမ်သာများ ပြုပြင်ခြင်းများ ပြုလုပ်ပါသည်။

* ၁၃၅၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်၊ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၂ရက် ဗုဒ္ဓဟူးနေ့မှစ၍ ပါဒ ဆံတော်ရှင် စေတီတော်ကြီး မွမ်းမံပြုပြင်ခြင်းများကို နိုင်ငံတော်မှ ဦးဆောင်၍ တည်ဆောက်လျက်ရှိပါသည်။

နောက်တိုး ကျောင်း၏ အဆောက်အအုံကိုလည်း ချမ်းမြေ့ရိပ်သာမိသားစုမှ “ချမ်းမြေ့ရတနာတိုက်ကျောင်း”ကိုလည်း ဆောက်လုပ်လှူဒါန်းထားပါသည်။

ရုပ်ပွားစေတီတော်များနှင့် ပတ်သက်၍ လည်းကောင်း၊ ပါဒကြီး ပရိယတ္တိစာသင်တိုက်နှင့် ပတ်သက်၍ လည်းကောင်း ဆောင်ရွက်စရာများ ကျန်ပါသေးသည်။ တိုးတက်ကောင်းမွန်အောင် ဘုရားဖူး ပြည်သူများမှ မိမိတို့ တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီ လှူဒါန်းကြရန် နှိုးဆော်ထားပါသည်။

ပါဒ ငါးထပ်ကြီးဘုရားနှင့် ပါဒ ဆံတော်ရှင်စေတီကာပ်နေ၍ တစ်ဆက်တည်းသွားရောက် ဖူးမြော်လေ့လာနိုင်ပါသည်။ ပါဒဆံတော်ရှင်(ကျိုက်ပါဒ ဆံတော်ရှင်)တွင် မုဒြာအမျိုးမျိုး ဘုရားရုပ်ပွားတော်များကို ဖူးမြော်လေ့လာနိုင်ပြီး အေးအေးဆေးဆေး ပုတီးစိပ် တရားကျင့်ကြံအားထုတ်နေသော နေရာကောင်းဖြစ်ပါသည်။

ပါဒကြီး ငါးထပ်ရုပ်ရှင်တော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တန်ခူးလပြည့်တိုင်း ကျင်းပလျက်ရှိပြီး ပါဒ ဆံတော်ရှင်စေတီတွင်လည်း တန်ဆောင်မုန်းလပြည့်တွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ပူဇော်နေကြောင်း သိရှိခဲ့ရပါသည်။

စာဖတ်ပရိသတ်များအနေဖြင့် ပါဒကြီးဘုရားရောက်ပါက ရှေးဘုရင်များ သောက်ခဲ့သော ဘုရင့်ရေတွင်းမှ ရေကိုခပ်ယူပြီး အဆောင်၊ ရေမန်းပြုလုပ်နိုင်သလို ပါဒ ဆံတော်ရှင်စေတီတော်မြတ်ကိုလည်း အရောက်သွားကြပါဟု မေတ္တာဖြင့် အကြံပေးလိုက်ပါသည်။

* * *


အောင်ကောင်းမြ(သာ[illegible])

မှီငြမ်း - ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များ(သိမ်းပြည့်တော်သာ ဦးထွန်းရှိ)။ - ကိုယ်တိုင်သွားရောက်လေ့လာမြင်မှုမှတ်တမ်း။



www.burmeseclassic.com

www.burmeseclassic.com




ဆံတော်ရှင် ဆုတောင်းပြည့် ဓနုတ်စေတီတော်

ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်တိုင်း၊ ဒလမြို့နယ်မှ

# သမိုင်းဝင် သံတော်ရှင် ဆုတောင်းပြည့် ဝနှတ်စေတီတော်သမိုင်း

မင်းထက်ကျော်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် အိန္ဒိယပြည်၌ တတိယသင်္ဂါယနာတင်ပွဲကို အသောကမင်းတရားအား အမှူးထား၍ ကျင်းပခဲ့သည်။ ထိုသင်္ဂါယနာတင်ပွဲတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်က ကြီးမှူးခဲ့၏။ ထိုမထေရ်သည် သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်သို့ သာသနာပြုရန်အလို့ငှာ အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်တို့ကို စေလွှတ်ခဲ့သည်။

ထိုအချိန်တွင် သထုံပြည်၌ ဓမ္မသီရိမာသောကမင်း နန်းစံလျက်ရှိ၏။ ထိုစဉ်အခါ သထုံပြည်သည် ပင်လယ်ကမ်းရိုးဖြစ်၍ ပင်လယ်အော်မှ ဘီလူးချောင်းရန်ကို ခံစားနေရလေသည်။ သထုံပြည်တွင် သာသနာပြုရန် လာရောက်ကြသည့် အရှင်နှစ်ပါးတို့ နန်းတွင်း၌ ရှိနေကြစဉ် ညအချိန်တွင် သထုံပြည်မင်း၏ မိဖုရားသည် သားငယ်တစ်ပါးကို ဖွားမြင်လေ၏။ ထိုအခါ ဘီလူးမကြီးတစ်ကောင်သည် ထိုသားငယ်ကို စားရန် ဘီလူးအခြံအရံများနှင့် နန်းတွင်းသို့ လာရောက်ခဲ့ရာ ထိုသာသနာပြု အရှင်နှစ်ပါးနှင့် ပက်ပင်းတိုးမိလေသည်။


အရှင်နှစ်ပါးသည် မိမိတို့၏ တန်ခိုးတော်ဖြင့် ဘီလူးတို့ကို နှင်ထုတ်ခဲ့သဖြင့် သားငယ်သည် ဘီလူးရန်မှ လွတ်မြောက်ခဲ့ရလေသည်။ ထိုကျေးဇူးကြောင့် သထုံမင်း ဓမ္မသီရိမာသောကနှင့် မိဖုရားကြီးမှစ၍ သထုံပြည်သားအပေါင်းတို့သည် ထိုအရှင်နှစ်ပါးကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

## ကြည်ညို့ဆဖွယ်ရာ

သထုံမင်း ဓမ္မသီရိမာသောကသည် ထိုမျှလောက်နှင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ အရှင်မထေရ်နှစ်ပါးတို့ထံ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ပေးသနားပါရန် တောင်းခံလျှောက်ထားလေသည်။

ထိုအခါ အရှင်နှစ်ပါးသည် ဘုရားသခင်လက်ထက်တော်က သထုံဘုရင် မဟာသီရိမာသောက တည်ထားခဲ့သော သွားတော်ဓာတ်များ ကိန်းဝပ်ရာ ၃၃ဆူသော ကျောက်စေတီတို့ကို ဣန္ဒမနောတောင်ထိပ်၌ ပြသခဲ့လေသည်။

ထိုစေတီများမှာ တောဖုံးလွှမ်းလျက်ရှိရာ မင်းကြီးသည် တောရှင်း၍ သွားတော်ဓာတ် ၃၃ဆူကို ယူဆောင်ပင့်ခဲ့၏။ ထို့နောက် သွားတော်ဓာတ် ၃၃ဆူကို ၃၃ဌာနခွဲပြီး ၃၃ဆူသော တိုက်စေတီတို့ကို သာသနာပြုသောအနေဖြင့် တည်ထားကာ တိုင်းသူပြည်သားများအား ကြည်ညိုစေပါသည်။



ယခင်မူလ ဓနုတ်စေတီတော်

## ထပ်မံ ဆဖွယ်ရာ ပူဇော်ထား

ဓမ္မသီရိမာသောကမင်းသည် အရှင်နှစ်ပါးအား အိန္ဒိယပြည် အသောကမင်းထံသို့ ဓာတ်တော်တောင်းခံစေရာ အရှင်မောဂ္ဂလိပုတ္တတိဿနှင့် အသောကမင်းထံမှ ရရှိခဲ့သည့် ဆံတော် ၇ဆူနှင့် ဓာတ်တော် သုံးစလယ်တို့အနက် ဆံတော်နှစ်ဆူနှင့် ဓာတ်တော် တစ်စလယ်တို့ကို ဝေစုအဖြစ် ရရှိခဲ့သည်။

## လေးသည်ရွာ

ထိုစဉ် ဒလနယ်ခွဲ "လေးသည်"ဟူသော ရွာတစ်ရွာရှိ၏။ ထိုရွာသည် ဓနုတ်စေတီ၏ တောင်ဘက်တွင် ရှိသည်။ ထိုခေတ်ထိုအခါက ရန်ကုန်မြစ်ဝသည် ပင်လယ်ကမ်းပါးရွာဖြစ်လေသည်။ အရှင်သောမာယ၏ သာသနာပြုမှုကြောင့် လေးသည်ရွာတွင် သာသနာ့ဝန်ထမ်း ၁၂ပါး ပေါ်ပေါက်လာ၏။

အရှင်နှစ်ပါးသည် အိန္ဒိယမှ ပင့်ဆောင်လာသော ဆံတော်နှစ်ဆူနှင့် ဓာတ်တော် ၂၄ဆူတို့ကို လေးသည်ရွာ ရဟန်းများအား ဝေပေးလေသည်။




www.burmeseclassic.com

www.burmeseclassic.com

**လေးသည်ရွာနှင့် မနုတ်စေတီ**

ထိုအခါ လေးသည်ရွာ၏ အကြီးအကဲ သံဃာတော် အရှင်သုဇာတသည် သထုံမင်း စူဠသီရိမာသောက၏ အထောက်အပံ့ဖြင့် တိုက်တန်ဆောင်းတစ်ခုကို ရွာသူရွာသား များအား တည်ဆောက်စေသည်။ ထိုတိုက်အလယ်၌ ကျောက်ပလ္လင်တစ်ခု ပြုလုပ်စေပြီး လေလုံ ဖန်ဘူးနှင့် ထည့်ထားသည့် ဆံတော်နှစ်ဆူကို လည်းကောင်း၊ ဖန်ဘူးနှင့် ထည့်ထားသည့် ဓာတ်တော် ၂၄ဆူကို လည်းကောင်း ကလျာဏ်




ဆံတော်ရှင် ဆုတောင်းပြည့် မနုတ်စေတီတော် တောင်ဘက်တန်ဆောင်း

၌ တည်ထားလျက် စေတီတည်၏။ ထိုစေတီသည် ပလ္လင်ပေါ် တည်သော တိုက်စေတီဖြစ်သောကြောင့် အရှင်သောဏနှင့် ဥတ္တရမဟာထေရ်တို့က "ဒုနုဂုဟာစေတီ"ဟူသော ဘွဲ့ကို ဆက်ကပ်တော်မူခဲ့သည်။

ထို့နောက် သထုံမင်း စူဠသီရိမာသောကသည် ဒဂုန် တိုက်စေတီ၊ တွံတေးတိုက်စေတီတို့ကို ကြွရောက်၍ ကောင်း ချီးပြုသကဲ့သို့ ဒုနုဂုဟာစေတီသို့လည်း ကြွရောက်၍ သာဓု အနုမောဒနာပြုလေသည်။ မနုတ်စေတီမှ သာသနာနှစ် ၂၄၀၃ တွင် တည်၍ ပြီးစီး၏။

စေတီ၏ အမြင့်မှာ ၁၆တောင်ရှိပြီး တိုက်တစ်မျက်နှာ လျှင် ၈တောင်ခန့် ရှိသည်။ ရှေးက ယင်းစေတီကို "မနုဂုဟာ စေတီ"ဟု ခေါ်ဝေါ်ကြသော်လည်း ယခုအခါ "မနုတ်စေတီ" ဟုသာ ခေါ်ဝေါ်ကြပါသည်။ မနုတ်စေတီအား လေးသည်ရွာ သာသနာ့ဝန်ထမ်းများ၏ အကြီးအမှူးဖြစ်သည့် အရှင်သုဇာတ နှင့် တပည့် ရဟန်းတို့က စောင့်ရှောက်ခဲ့ကြသည်။ ထို့ပြင် သထုံမင်းအဆက်ဆက်တို့သည် စေတီပြိုသောအခါ၌ လည်း ကောင်း၊ ပျက်သောအခါ၌ လည်းကောင်း ပြုပြင်ခဲ့ကြကြောင်း မနုတ်ကျောက်စာတွင် ရေးထိုးထားလေသည်။



ဆံတော်ရှင် ဆုတောင်းပြည့် မနုတ်စေတီတော် အရှေ့ဘက်မုခ်ဦး

မနုတ်စေတီ၏ သမိုင်းသည် စေတီတည်ခဲ့သည်မှ အနော်ရထာမင်းလက်ထက်တိုင်အောင် နှစ်ပေါင်း ၁၃၆၀ ကျော်အတွင်း တိမ်မြုပ်ခဲ့သော်လည်း စေတီသည် တိုင်းပြည် ၏ အုပ်ချုပ်ရေးနှင့် တိုင်းပြည်စီးပွားရေးတွင် အရေးပါ အရာ ရောက်ခဲ့သော သာသနာ့အဆောက်အအုံတစ်ခုဖြစ်လာခဲ့လေ သည်။

**မင်းအဆက်ဆက်ပြုပြင်ခြင်း**

ကောဇာသက္ကရာဇ် ၇၁၅ ခုနှစ်တွင် ဟံသာဝတီဘုရင် ဗညားဦး(ရာဇဓိရာဇ်) ပြုပြင်သည်။ ၇၁၆တွင် ဘုရင်ဗညားဦး



www.burmeseclassic.com

www.burmeseclassic.com

နှင့် မိဖုရားတို့က ထီးတော်တင်လှူသည်။ မြေ ၅၀ကေ လှူသည်။

သက္ကရာဇ် ၇၅၆တွင် ဘုရင် သုတသောမ ရာဇမိရာဇ်၏ အမိန့်အရ မနုတ်ကင်းသူကြီး "ထဗ"က ၄၅တောင်မြင့် တည်ခဲ့သည်။


ရွှေဘုရား၊ ငွေဘုရား ၄၅ဆူစီ ဌာပနာပြီး ထီးတော်တင်ခဲ့သည်။ ၇၇၆တွင် စေတီကို ရွှေအပြည့်ချပြီး ကုန်းတော်၌ ရေပ်နှစ်ဆောင်လှူခဲ့သည်။

သက္ကရာဇ် ဂ၁၉ တွင် လျှော်လှုပ် ပြိုကျရာ ရှင်စောပု ဘုရင်မကြီးက ၆၅တောင်မြင့် မနုတ်စေတီသစ် တည်သည်။

လှူ၏။ ဆက်လက်၍ စေတီပြည့် ရွှေချခြင်း၊ မဟာရံတံတိုင်း၊ စေတီရင်ပြင်၊ စောင်းတန်း၊ သိမ်နှင့် အာရုံခံ တန်ဆောင်းအသစ်တို့ ဆောက်လုပ်လှူဒါန်းသည်။

သက္ကရာဇ် ၉၆၁တွင် ဇေင်ကာနှင့် ပေါ်တူဂီများ ဖျက်၍ စေတီရင်ပြင်၊ တန်ဆောင်းများ ပျက်စီးသည်။ ၁၀၀၆ခုနှစ် သာလွန်မင်းလက်ထက်တွင် စေတီတော်ပြို၍ အသစ်တည်ခဲ့သည်။

သက္ကရာဇ် ၁၀၄၁တွင် မင်းရဲကျော်ထင်သည် ရွှေသင်္ကန်းကပ်လှူခဲ့ပြီး ၁၀၆၃တွင် စနေမင်းက ထီးတော်သစ် တင်ခဲ့သည်။



၂၇-၆-၂၀၀၆ နေ့နံနက် (၃း၀၀ နာရီ ၁၅ မိနစ်)အချိန်တွင် ပြိုကျပျက်စီးသွားခဲ့သော မနုတ်စေတီတော်

ဂ၂၅ တွင် ထီးတော်သစ်တင်၍ ဂ၂၆တွင် စေတီလုံးတော်ပြည့် ရွှေချသည်။

သက္ကရာဇ် ဂ၉၁ တွင် ဓမ္မစေတီမင်းသည် စေတီအား ရွှေသင်္ကန်းကပ်၍ အာရုံခံ တန်ဆောင်း ၄ဆောင် ဆောက်လုပ်လှူဒါန်းသည်။ သက္ကရာဇ် ၉၀၁ခုတွင် တောင်ငူဘုရင် တပင်ရွှေထီးသည် စေတီကို ရွှေသင်္ကန်းကပ်သည်။ ၉၀၄ခုတွင် ထီးတော်အသစ် တင်လှူခဲ့သည်။

သက္ကရာဇ် ၉၂၆တွင် မနုတ်စေတီပြို၍ ဘုရင့်နောင်သည် အတောင် ၉၀မြင့် စေတီသစ်တည်၍ ကြေးထီးတော်


သက္ကရာဇ် ၁၁၇၂တွင် လျှော်ကြောင့် ပြိုကျ၍ မနုတ်ကင်းသူကြီးက ပြုပြင်ကာ ၁၁၇၃တွင် ဘိုးတော်မင်းတရား (ပဒုံမင်း)က ပို့၍ ရန်ကုန်မြို့ဝန် မင်းလှနော်ရထာက ကြေးထီးသစ်တင်သည်။

## နယ်ချဲ့ဒထဲနှင့် မနုတ်စေတီတော်


သက္ကရာဇ် ၁၂၁၃ ခုနှစ်တွင် မနုတ်ကင်း ခံတပ်မှ မြန်မာတို့နှင့် အင်္ဂလိပ်တို့ တိုက်ခိုက်ကြရာ အင်္ဂလိပ်တို့သည် မနုတ်စေတီခံတပ်ကို မြန်မာတို့ခံတပ်အဖြစ် အသုံးမချနိုင်စေ

www.burmeseclassic.com





ဆံတော်ရှင်ဆုတောင်းပြည့် မနုတ်စေတီတော် (ဦးသန်း+ဒေါ်ရွှေအုံ)တန်ဆောင်း



မနုတ်ဘိုးဘိုးကြီး

ရန် စေတီတံတိုင်းအား ဖြိုဖျက်လိုက်ကြ၏။

ထို့ပြင် မနုတ်စေတီတော်ရင်ပြင်ပေါ်နှင့် ပတ်ဝန်းကျင်ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်းတို့ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြပြန်သည်။

**အင်္ဂလိပ်လက်အောက်သို့**

သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်၊ တနင်္လာနေ့မှစ၍ အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့သည်တွင် မနုတ်စေတီတော်သည်လည်း အင်္ဂလိပ်လက်အောက်သို့ ကျရောက်ကာ မနုတ်ကင်းနှင့် ရွာသည်လည်း ပျောက်ကွယ်ခဲ့၏။ မနုတ်စေတီတော်၏ ပွဲတော်မှာ သက္ကရာဇ် ၁၂၁၄ခုနှစ်မှ ၁၂၃၀ပြည့်နှစ်ထဲ မကျင်းပနိုင်ဘဲ ၁၂၃၁ခုနှစ်၊ တန်ဆောင်မုန်းလတွင်မှ သခွတ်ပင်၊ ဘုရားကြီးချောင်၊ ရခိုင်ချောင် စသော ရွာများမှ ရွာသားများက ဦးဆောင်၍ ပွဲတော်ကို ပြန်လည်ကျင်းပကြပါသည်။

ဆံတော်ရှင် ဆုတောင်းပြည့် မနုတ်စေတီတော်ဘုရားသမိုင်းကို လေ့လာကြည့်ပါက ဒုတိယပိုင်း သင်တိုင်းစေတ်ခေတ်(၁၂၅၁-၁၃၀၉)ခုအထိ။ ပြည်ထောင်စုခေတ် မနုတ်■



www.burmeseclassic.com


www.burmeseclassic.com



ခြေတော်ရာ



နောင်တော်ကြီးစေတီ



ဗိုလ်ကြီးကျင်စိန်ဦးဆောင်၍
ဦးတင်မောင်+ဒေါ်အေးကြည် မိသားစု
ရခိုင်ချောင်ရွာအလယ်ပိုင်းမှ
လှူဒါန်းပါသည်

ဗ-ဆ-ပ-လ အစိုးရလက်ထက်အခြေအနေ၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်အခြေအနေ(၁၉၆၂-၁၉၇၄)ခုနှစ်အထိ၊ ပြည်ထောင်စု ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မ-ဆ-လ) လက်ထက်အခြေအနေ (၁၉၇၄-၁၉၈၈)ခုနှစ်အထိဟူ၍ တွေ့ရှိရပါသည်။

ထိုကာလတွင် မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်တွင် လေမုန်တိုင်းဒဏ်ကြောင့် အနောက်ဘက် ဒေါ်သဲငွေတန်ဆောင်း ပြိုကျပျက်စီးသွားသဖြင့် ရန်ကုန်မြို့ ဝက်ပါလမ်းမှ အလှူဒါယကာ ဦးတင်ဝင်းမှ ငွေကျပ် ၃၅,၀၀၀ကို လှူဒါန်းပြီး ပြန်လည်ပြုပြင်ခဲ့ရပါသည်။

သဘာဝဘေးဒဏ်၊ လျှင်ဒဏ်၊ လေမုန်တိုင်းဒဏ် စသည့် ဒဏ်တို့ကြောင့် အနိစ္စသဘောအရ ပြိုကျပျက်စီးလိုက်၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုး၏ စေတနာသဒ္ဓါ ဒါနအားကောင်းမှုကြောင့် ပြန်တည်လိုက် စသည့် ဖြစ်,ပျက်၊ ပျက်ပြီးပြန်ဖြစ် စသည်တို့ကို တွေ့မြင်ရပါသည်။

စေတီတော်ဂေါပကအဖွဲ့မှ ထုတ်ဝေသော လက်ကမ်းစာစောင်တွင်···

www.burmeseclassic.com



ဘတ်ရုံဖြိုချခြင်း

* နေ့တ်စေတီ ဘတ်ရုံဖြိုချရေးလုပ်ငန်းကို (၆-၃-၀၈)ရက်နေ့တွင် [illegible] အလှူငွေ [illegible] ချက်ချင်းစတင်ဆောင်ရွက်ခဲ့ပါသည်။
* [illegible] ဖျက်သိမ်းလိုက်ရွှင်းနေသော ထီး [illegible] (၁-၃-၀၈)ရက်နေ့တွင် ပြန်လည်ချခဲ့၊ (၂၈-၃-၀၈)ရက်နေ့တွင် ထီးတော်အသစ်တင်ခဲ့ပါသည်။
* ငလျင်လှုပ်ခတ်ပေါက်၍ ကွဲအက်ပျက်စီးနေသော ငှက်ပျောဖူးကို ၄ပေအထိ ဖျက်ချပြီး အသစ်ပြန်လည်ပြုလုပ်ခဲ့ပါသည်။
* ထီးတော်အသစ်ကို ရွှေသင်္ကန်းကပ်လှူခြင်း၊ ငှက်ပျောဖူးတော်ကို ၉လက်မ ကြေးပြားခံ ရွှေသင်္ကန်းကပ်လှူခြင်း ပြုခဲ့ပါသည်။
* စေတီရင်ပြင်၌ ယခင်ရှိပြီး အရန်စေတီ ၁၁ဆူနှင့် စေတီ ၁၃ဆူ ထပ်မံတည်ဆောက်ပြီး ၂၄ဆူတည်ပြီးဖြစ်ပါသည်။
* စေတီရင်ပြင်ဂြိုဟ်ထောင့် ရှစ်ထောင့်၌ မီးတိုင်များစိုက်ထူ လှူဒါန်းပြီးဖြစ်ပါသည်။
* စေတီတော် မီးပူဇော်ရန် ၄-ကေဗွီ မီးစက်တစ်လုံးလှူဒါန်းပြီးဖြစ်ပါသည်။
* စေတီတော်တောင်ဘက်နှင့် မြောက်ဘက် တန်ဆောင်းများ၏ ဘုံဆင့် ပြာသာဒ်များရှိ ပန်းပုလက်ရာများအား ပြုပြင်ခြင်း၊ ရေနံသုတ်လိမ်းခြင်းပြုပြီးဖြစ်ပါသည်။

**စေတီတော်ကြီး ပြိုကျပျက်စီးခြင်း**

သမိုင်းဝင် နေ့တ်စေတီတော်ကြီးသည် (၂၇-၆-၂၀၀၆) ရက်နေ့ နံနက် ၃နာရီ ၁၅မိနစ်အချိန်တွင် တနင်္လာ(အရှေ့တောင်)ထောင့်မှ ထီးတော်၊ ငှက်ပျောဖူးနှင့်တကွ စေတီတော်ထက်ခြမ်းကွဲ၍ မြေသို့ ပြိုကျခဲ့ပါသည်။

စေတီတော်ပြိုကျ ပျက်စီးခဲ့သဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာပစ္စည်းများကို ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နေ့တ်စေတီတော် ဂေါပကအဖွဲ့တို့က ပြန်လည်ရှာဖွေ ကောက်ယူ စုဆောင်းလျက်ရှိပါသည်။

ယခုအခါ သမိုင်းဝင် နေ့တ်စေတီတော်ကြီးကို ပြန်လည်တည်ဆောက် ပူဇော်နိုင်ရန်အတွက် တာဝန်ရှိသူများက အပူတပြင်း ဆောင်ရွက်လျက်ရှိရာ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်ဟု ရေးသားဖော်ပြထားပါသည်။

ဒလမြို့နယ်၊ ရခိုင်ချောင်တိုက်နယ်၊ မနေ့တ်ကျေးရွာသခွတ်မြစ်ဝတွင် တည်ရှိသော စေတီတော်အောက်ခံအောက်ပိုင်းအခြေအနေ သဲမြေ ရေတို့နှင့် ဆက်စပ်နေခြင်း၊ နုံးမြေဖြစ်နေသောကြောင့် စေတီတော်ကြီးလုံးပတ်တော်အပြီးမသတ်ခင်၊ အချောမကိုင်ရသေးမီ ထီးတင်ခြင်း မပြုအပ်ကြောင်း အောင်စေတီဆရာတော်ဘုရားကြီး မိန့်ကြားသည်ကို မှတ်သားရပါသည်။

"ဘုရားစေတီမပြီးခင် ထီးမတင်ရ" ဟု ဆိုပါသည်။

**မူလဉာဏ်တော်အတိုင်းအတာ**

* ဉာဏ်တော်အမြင့် - ၁၈၆ပေ၊
* ငှက်ပျောဖူး - ၂၃ပေ၊
* ထီးတော်အဝ - ၉ပေ ၉လက်မ၊
* ထီးတော်အမြင့် - ၃၂ပေ၊
* လုံးပတ်တော် - ၂၄၄ပေ ၈လက်မ၊
* ဖိနပ်တော် - ၄၉၀ပေ ၄လက်မ၊

ရှေးမြန်မာမင်းများ အစဉ်အဆက် တည်ထားကိုးကွယ်ပြုပြင်ခဲ့သော ရန်ကုန်တိုင်း၊ ဒလမြို့နယ် ဆံတော်ရှင် ဆုတောင်းပြည့် နေ့တ်စေတီတော်ကြီး ကြည်ညိုတင့်တယ်စွာ ရေရှည်တည်တံ့ခိုင်မြဲစွာ မူလအတိုင်း ဖြစ်ပေါ်လာရေးအတွက် စေတနာသဒ္ဓါထက်သန်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။ ဘုရားဟောင်းပြုပြင်တည်ခြင်းသည် ကျန်းမာ အသက်ရှည်ခြင်း၊ ကောင်းရာသုဂတိလားရခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

* * *

မင်းထက်ကျော်(B.Sc)

ကိုးကား - ပါဠိနိုင်ငံတော်ရာဇဝင်နှင့် ရှင်ပွားစေတီတော်များသမိုင်း(ပြည်တော်သာ ဦးထွန်းရီ)၊ - ကိုယ်တိုင်သွားရောက်လေ့လာဖူးမြော်မှုမှတ်တမ်း။



www.burmeseclassic.com

www.burmeseclassic.com

## ဝမ်းတော်ဘုရား၊ ဘုရားကြီးကျောင်းတိုက်နှင့်

# ဆရာတော် ဦးကလျာဏ

■ တွင်းကြီးသား တင်ဝင်းဦး ■

မဂ္ဂဇင်းဖောင်ပိတ်အပြီး မရောက်တာ သုံးလေးလခန့် ရှိပြီဖြစ်သည့် မိသားစုရှိရာ ရွာသို့ ပြန်ဖို့ စီစဉ်ခဲ့တာ ကြာခဲ့ပြီ။ သို့ကြောင့် ကျွန်တော် အယ်ဒီတာလုပ်နေသည့် "အီတာနယ်လိုက်(ဖ်)"မဂ္ဂဇင်းဖောင်ပိတ်အပြီး ကျွန်တော် တည်းခို စားသောက်နေသည့် မြိတ်ကျောင်း၊ သရက်တောကျောင်းတိုက် ဆရာတော် ဦးကလျာဏနှင့်အတူ ရွာကို ပြန်ခဲ့ကြသည်။ ကျွန်တော်က မိသားစုဆီ၊ မိသားစုနှင့် ညီအစ်ကိုမောင်နှမတစ်တွေနှင့် မွေးရပ်ဆီ။ ဆရာတော် ဦးကလျာဏက သူ၏ ခမည်းတော်ကြီး အသက်ရှိနေစဉ်အတွင်း သင်္ကန်းကပ်ပေးဖို့ အတွက် ရွာသို့ ကြွခဲ့ခြင်းဖြစ်သည်။

ကျွန်တော်နှင့် ဆရာတော် ဦးကလျာဏတို့ "ရွှေစင်စကြာ"ကားဖြင့် ၂၉-၇-၂၀၁၂ရက်နေ့၊ ညနေ ၆နာရီတွင် ပြန်ခဲ့ကြသည်။ ကျောင်းမှနေ၍ ဆရာတော်၏ ဒါယိကာမ မနန်း(မတင်မာဝင်း)တို့မှ ကားဖြင့် ကားဂိတ်အရောက်ပို့ပေးခဲ့သည်။ ဆရာတော်နှင့် ကျွန်တော် ခုံတခြားဆီဖြစ်သည်။ အဝေးပြေး ကားကွင်းမှ ၆နာရီထွက်ခဲ့ပြီး ၉နာရီ ၅မိနစ်တွင်





ဆရာတော်ဦးကလျာဏ




www.burmeseclassic.com

www.burmeseclassic.com

**မြစ်ထက်ခွဲ သဘျှင်အရောက်တွင် ခေတ္တခဏနားအပြီး ခရီး ဆက်ခဲ့ရာ နောက်ရက် ၃၀-၇-၂၀၁၂ရက် မနက် ၂နာရီ အချိန်တွင် ဇော်ကိုင်းသို့ ဝင်သည်။ ချောင်းဦးမြို့ ပခုက္ကူ လမ်းခွဲကို မနက် ၄နာရီခွဲမှာ ဝင်သည်။**

ပခုက္ကူလမ်းဆုံမှာ ဆင်း၊ ပစ္စည်းများ ချအပြီး ချောင်းဦး လမ်းခွဲမှနေ၍ မန်ကျည်းဘုတ်ရွာအထိ ပခုက္ကူသွားမည့် (လိုက်ထရပ်)ကားနှင့် လိုက်ခဲ့ပြီး မန်ကျည်းဘုတ်ရွာအရောက် ရွာမှ ဆိုင်ကယ်များနှင့် ကြိုနေကြသည်။ ရွာကို ၆နာရီထိုးခန့် တွင် ရောက်သည်။

ဦးကလျာဏကြွလာသည့်အတွက် ဆွမ်း၊ ကွမ်း လိုလေသေး မရှိ။ ကျိန်းစက်ဖို့ နေရာအထိ ပြင်ဆင် ခင်းကျင်းထားသည် ကို တွေ့ရပါသည်။ ကျွန်တော့်အနေနှင့်ကတော့ ရန်ကုန်က ဆရာတော် ဦးကလျာဏသည် လက်ရှိအခြေအနေအရ ဘဝ ကျပ်တည်းမှုကို ရုန်းကန်နေရသည့် ကျွန်တော့်အတွက် ကျေးကျေးဇူးရှင်ဖြစ်သလို၊ ရွာမှ ဆရာတော် ဦးကလျာဏ သည်လည်း ကျွန်တော်၏ ကျေးဇူးရှင်တစ်ပါးဖြစ်ပါသည်။ လွန်ခဲ့သည့် ၄နှစ်ခန့်က ကျွန်တော့်သားအလတ်နှင့် အငယ် ဆုံးသားကို ရှင်ပြုစဉ်က အရာရာအားလုံး ကူညီခဲ့ရုံသာမက၊



ဘုရားကြီးကျောင်းတိုက်ထဲရှိ ဘုရားစေတီတော်များ

ဆရာတော် ဦးကလျာဏသည် ဘုရားကြီးကျောင်း တိုက်မှာ သီတင်းသုံးသည်။ ဆရာတော်၏ ပစ္စည်းများကို ဘုရားကြီးကျောင်းမှာ ချအပြီး အိမ်ကို လာခဲ့သည်။

ဤနေရာတွင် ပြောစရာရှိလာပါသည်။ ရန်ကုန်မှ မြိတ် ကျောင်းဆရာတော်၏ ဘွဲ့ကလည်း ဦးကလျာဏဖြစ်ပြီး ရွာမှ ဘုရားကြီးကျောင်းတိုက်ဆရာတော်ကလည်း ဦးကလျာဏ ပင် ဖြစ်ပါသည်။ ဆရာတော်နှစ်ပါးမှာ ဘွဲ့တော်တူသလို၊ သက်တော်သည်လည်း တူမည်ဟု ခန့်မှန်းရပါသည်။ ရွာမှ ဆရာတော် ဦးကလျာဏသည် ရန်ကုန်မှ ဆရာတော် နှုတ်၏ စောင်မခြင်း၊ လက်နှင့် ကူညီခြင်းများ ပြုခဲ့သည့် ဆရာတော်ဖြစ်ပါသည်။

အဘယ်သို့ဆိုစေ၊ ဦးကလျာဏနှစ်ပါးစလုံး ကျွန်တော့် ကျေးဇူးရှင် အရှင်သခင်များဖြစ်ကြပြီး၊ ထိုကျေးဇူးများက ဆပ်လို့ ကုန်တော့မည်မဟုတ်ဟု ထင်မိပါတော့သည်။

ဤသို့ဖြင့် ရွာသို့ ရောက်သည့်နောက်တွင်တော့ ကျွန်တော့်အနေနှင့် ဘုရားကြီးကျောင်းတိုက်အကြောင်းနှင့် ဆရာတော် ဦးကလျာဏအကြောင်း၊ ထို့အပြင် ဆရာတော် ဦးကလျာဏ အမိဌာန်ဝင် ပြုပြင်မွမ်းမံ၍ ကာသိလ်ပွဲနေဆဲ




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည့် ဝမ်းတော်ဘုရားအကြောင်းကို စာတစ်ပိုဒ်၊ ဆောင်းပါးတစ်ပုဒ်မျှပင် မရေးမိသေး။ ရေးမည်ဟု အားခဲခဲ့သော်လည်း မအောင်မြင်ခဲ့။ ဘုရားကြီးကျောင်းကို အကြိမ်ကြိမ်ရောက်၊ ဆရာတော်နှင့် အခါခါဆုံ၊ ဝမ်းတော်ဘုရားကိုလည်း အလီလီဖူးနှင့် ကြုံခဲ့သော်လည်း စာတစ်စောင် ပေတစ်ဖွဲ့နှင့် မဖွဲ့ဖြစ်။ တာဝန်မကျေခဲ့ပါ။

ဝမ်းတော်ဘုရားအကြောင်းကိုတော့ ကျွန်တော့်ဆရာ တွင်းကြီး ဝမ်းမောင်က ဘာသာရေးမဂ္ဂဇင်းတစ်စောင်တွင်တော့ ဖော်ပြခဲ့ပြီးပြီဖြစ်သည်။ ထိုစဉ်က သမိုင်းအထောက်



အထား မပြည့်စုံသော်လည်း ဂေါပကလူတစ်ဦးထံ မေးမြန်းချက်ကို တင်ပြထားသည်ဟု ထင်ပါသည်။

ယခုတော့ ကျွန်တော့်တွင် တာဝန်တွေ ကျန်သေးသည်ဟု ခံစားရပြီး လက်လှမ်းမီသမျှကို ရေးသားဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ထိုအခါ ဦးသောင်းဒန်ကို မေးမြန်းပြီး ပါးစပ်ရာဇဝင်အဖြင့် တင်ပြမည်ဟု ကြံရွယ်ခဲ့ပါသည်။ သို့သော် ကျွန်တော်တို့ မပြန်ခင်ကတည်းက ဦးသောင်းဒန်တစ်ယောက် သေဆုံးသွားပြီဟု သိရ၍ ဘာမျှမတတ်နိုင်တော့။

ထို့ကြောင့် ကျွန်တော့်အနေနှင့် ဆရာတော် ဦးကလျာဏ သာသနာပြုနေပုံအကြောင်း၊ ဝမ်းတော်ဘုရားပရဝဏ်ထဲက တည်ဆောက်ဆဲ အဆောက်အဦအချို့ကိုသာ တင်ပြမည်ဖြစ်ပါသည်။

(ဝမ်းတော်ဘုရားသမိုင်းနှင့် ထူးခြားချက်များကို သီးခြားတင်ပြပေးပါမည်။)

♦♦♦

ဘုရားကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဦးကလျာဏ၏ အမည်မှာ ကိုကြည်အောင် ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး တွင်းကြီးကျေးရွာအုပ်စု၊ ကံတောရပ်ကွက်၌ အဘ ဦးလုံးပေါ၊ အမိ ဒေါ်ဟန်တို့မှ ၁၃၀၈ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သန့်စင်တော်မူခဲ့ပြီး မွေးချင်း ၅ယောက်အနက် ဒုတိယသားရတနာတစ်ပါးဖြစ်သည်။ ငယ်စဉ်ကတည်းကပင် ဘုရားကြီးကျောင်းတိုက်မှာပင် ကျောင်းသားအဖြစ် စာပေများ သင်ကြားခဲ့သည်။ ထိုစဉ်က ဘုရားကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော်မှာ သက်တော်ရ ဆရာတော် ဦးဝိလာသဖြစ်ပြီး ဆရာတော် ဦးဝိလာသထံ ချဉ်းကပ်၍ လောကီ-လောကုတ် နှစ်ဖြာသော စာပေများကို သင်ကြားရင်း ၁၃၂၀ပြည့်နှစ်တွင် မြောင်မြို့နယ်၊ နဘက်ကျေးရွာရှိ ဥသျှစ်ပင်ကျောင်းဆရာတော် ဦးကောသလထံ ဆင့်ပွားပညာများကို သင်ယူခဲ့ရပါသည်။

လောကီပညာဖြစ်သည့် စာပေများကို နဘက်ရွာ၊ ရွာသစ် မူလတန်းကျောင်း၌ စတုတ္ထတန်း၊ နဘက်ရွာ အထကကျောင်းတွင် ဆဋ္ဌမတန်းအထိ ဆက်လက် ပညာသင်ကြားရင်းရှိစဉ် သဒ္ဓါရတရားသဘောအရ ဆရာတော် ဦးကောသလ ကျန်းမာရေးမကောင်း၍ ၁၃၂၄ခုနှစ်၊ ပြာသိုလဆန်း ၁၄ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည့်အတွက် ဆက်လက်၍ ဆရာတော် ဦးကေသရထံတွင် လောကုတ္တရာပညာများ ဆက်လက်သင်ကြားခဲ့သည်။ ဥသျှစ်ပင်ကျောင်းဆရာတော်ဖြစ်သည့် ဦးကောသလ ပျံလွန်တော်မူပြီးနောက် ကျောင်းထိုင် ပဓာန ဆရာတော် ဦးကေသရသည် တွင်းကြီးကျေးရွာအုပ်စု ဒဟတ်ချောင်ရပ်ကွက်မှ ဆရာတော်ဖြစ်သည်။

ဦးကလျာဏလောင်းလျာ ကိုကြည်အောင်သည် ဆရာတော် ဦးကေသရထံ ပညာများ ဆက်လက်သင်ကြားရင်း ၁၃၂၈ ခုနှစ်၊ ကဆုန်လကွယ်နေ့တွင် သာသနာ့ဘောင်သို့ တက်လှမ်းခဲ့ပြီး ဘွဲ့တော်ကို ဦးကလျာဏဟု ခံယူခဲ့သည်။ ထို့နောက် တွင်းကြီးကျေးရွာအုပ်စု၊ ဒဟတ်ချောင်ရပ်ကွက် ဦးဖိုးမြ-ဒေါ်အေးတန်တို့က ရဟန်းဘဝသို့ ချီးမြှောက်ခဲ့ပြီး ဆရာတော် ဦးဝိလာသထံ ခဏ္ဍသိမ်တွင် ဥပသမ္ပဒါပြုကာ ရဟန်းအဖြစ် ရောက်ခဲ့သည်။

www.burmeseclassic.com


ထို့နောက် ဦးကလျာဏသည် ၁၃၃၀ ပြည့်နှစ်တွင် ချောင်းဦးမြို့ မဟာဓမ္မာရုံကျောင်းဆရာတော် ဦးမာနိတထံ ပညာများ ဆက်လက်သင်ကြားခဲ့ရာ ၎င်းနှစ်မှာပင် အငယ်တန်း အောင်ခဲ့သည်။ ၁၃၃၂ ခုနှစ်တွင် အလတ်တန်းအောင်ပြီး ၁၃၃၃ ခုနှစ်တွင် ပဲခူးတိုင်း ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလထံ အကြီးတန်းပညာများ ဆက်လက်သင်ကြားခဲ့သည်။ သို့သော် ဆရာတော် ဦးဝိလာသ ကျန်းမာရေးမကောင်း၍ မွေးရပ်ရွာ ဘုရားကြီးကျောင်းတိုက်သို့ ပြန်လည်ကြွခဲ့ရတော့သည်။ ရွာသို့ ပြန်ကြွသည့်လမှာ သီတင်းကျွတ်လဖြစ်ပြီး ဆရာတော် ဦးဝိလာသသည် ၎င်းနှစ် တန်ဆောင်မုန်းလဆုတ် ၁၅ရက်နေ့တွင် ပျံလွန်တော်မူခဲ့ပါတော့သည်။

ဤသို့ မှူရင်းဆရာတော် ဦးဝိလာသ နတ်ရွာစံပြီးသည့်နောက် ဘုရားကြီးကျောင်းတိုက် သီတင်းသုံးရေးအတွက် ဆရာတော် ဦးကုသလနှင့် ဆရာတော် ဦးဉာဏိကတို့မှ ဦးစီးနာယကပြု၍ ဦးဝိလာသ၏ တပည့်များဖြစ်ကြသော ဦးမာနိတ၊ ဦးကေသရနှင့် ဆရာတော် ဦးကလျာဏတို့သုံးပါးအား လက်ရှိ ဘုရားကြီးကျောင်းတိုက်ကို ၁၃၃၄ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်နေ့တွင် အပ်နှံခဲ့သည့်အတွက် ဆရာတော် ဦးကလျာဏကို ကျန်ဆရာတော်နှစ်ပါး၏ သဘောတူညီမှုအရ ဘုရားကြီးကျောင်းတိုက်အား လွှဲအပ်သီတင်းသုံးစေခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

ဖော်ပြပါ အကြောင်းအရာများသည် ဆရာတော် ဦးကလျာဏ၏ ဘဝတစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ပါသည်။

◆◆◆

စာရေးသူတို့ တွင်းကြီးရွာတွင် "ကြီးလေးကြီး"ဟု ခေါ်တွင်သည့်···



ကျန်စစ်မင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ရန်အောင်မာန်အောင် ဆုတောင်းပြည့်ဘုရား

(၁) ဘုရားကြီးကျောင်း၊
(၂) လျောင်းတော်မူကြီး(ချမ်းသာကြီး)၊
(၃) ကန်ကြီး၊
(၄) တွင်းကြီး

ဟူသည့် ကြီးလေးကြီးဖြင့် ရွာကို တည်ခဲ့ခြင်းဖြစ်ပြီး အတိတ်နိမိတ်ကောင်း ကိုးနဝင်းကျေ ယူခဲ့ခြင်းဖြစ်ပါသည်။

ဘုရားကြီးကျောင်းတိုက်သည် ဒဟတ်ချောင်ရပ်ကွက်၏ အရှေ့မြောက်ဘက်၊ မယ်ဇလီရပ်ကွက် အနောက်တော[င်]ဘက်တွင် ရှိပြီး ကျောင်းဝိုင်းက ကျယ်ဝန်းသည်။ ကျောင်းတိုက်ကြီး၏ အရှေ့ဘက်တွင် စေတီဘုရား များပြားစွာ ရှိ[...]

www.burmeseclassic.com



ဆရာတော်ဦးကလျာဏ

ကြပြီး ကျောင်း၏ အရှေ့တောင်ဘက်တွင် ကန်နှစ်ကန်ရှိသည်။ ထိုကန်နှစ်ကန်သည် အရှေ့ဘက်၊ အနောက်ဘက် ဘပ်နေပြီး ကျန်နှစ်ကန်၏ တောင်ဘက်တွင် ကျေးရွာဈေး ရှိပါသည်။

ကျေးရွာဈေး၏ တောင်ဘက်တွင် ဒဟတ်ချောင်ရပ်ကွက်နှင့် ရွာမရပ်သို့ ဆက်ထားသည့်လမ်း ရှိပါသည်။ ဈေး၏ အရှေ့ဘက်တွင် မယ်ဇလီရပ် အ·မ·က ကျောင်းနှင့် အထွက်တိုးစခန်းရှိပါသည်။ နှစ်ရွာဆက်ထားသည့် အရှေ့ အနောက်လမ်း၏ တောင်ဘက်ကပ်လျက်တွင် ကျေးရွာ အ·ထ·က ကျောင်းရှိသည်။

စာရေးသူတို့ရွာ၏ အရှေ့တောင်ဘက်(မိုင်ဝက်ခန့်)တွင် ဝမ်းတော်ဘုရားရှိသည်။ ရွာမှနေ၍ လှမ်းမျှော်ကြည့်လျှင် မှန်ကူညီပင်အုပ်ဆိုင်းဆိုင်းဖြင့် ရင်သပ်ရှုမောဖွယ် မြင်ရသည့် ဝမ်းတော်ဘုရားရှိပါသည်။ ထိုဝမ်းတော်ဘုရားသည် တန်ခိုးကြီးဘုရားဖြစ်သည့်အတွက် ရွာဝန်းကျင်၌ ကျေးရွာအများ အပြားတို့မှ နှစ်စဉ်နှစ်တိုင်း (တပေါင်းလပြည့်၊ ဝါဆိုလပြည့်နှင့် သီတင်းကျွတ်လပြည့်နေ့တိုင်း) ဘုရားဖူးရင်း၊ နတ်တက်ရင်း (ဘုည်းဦးချ)ဟူသည့်သဘောနှင့် လာကြရပါသည်။ နှစ်စဉ် နှစ်တိုင်း ၎င်းနေ့များ၌ လှည်းနွားကိုယ်စီဖြင့် လာရောက်ကြသည်က အံ့မခန်းဖွယ်ဖြစ်ပါသည်။

ဝမ်းတော်ဘုရားဝိုင်းက ကျယ်သည်။ ဘုရားအရှေ့ဘက် ခြမ်းတွင် ရေကန်တစ်ကန်ရှိပြီး အရှေ့ဘက်တွင် သီရိမေဃာ သောကမင်း တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေမုဋ္ဌော ဆုတောင်းပြည့် စေတီတော်ကို မှန်စီရွှေချ သက်နှန်းတော်ဖြင့် သပ္ပာယ်စွာ တည်ရှိနေပါသည်။ ရွှေမုဋ္ဌောစေတီ၏ မြောက် ဘက်ကပ်လျက်ရှိ ဂူထဲတွင် သိကြားမင်းရုပ်တု၊ ထီးဖြူဆောင်း ဘုရားလောင်းရုပ်တု၊ အရေးတော် အမှတ်တော် ရုပ်တုများ ရှိပါသည်။

ဘုရားပရဝဏ်အနောက်မြောက်ထောင့်တွင် ကျန်စစ် မင်းသား တည်ထားကိုးကွယ်တော်မူခဲ့သော ရန်အောင်၊ မာန်အောင် ဆုတောင်းပြည့်စေတီရှိပြီး ဘုရား၏ အနောက် တောင်ထောင့်တွင် ဖောင်ကြိုးရစ် စေတီငယ်တစ်ဆူရှိနေပါသည်။

ယခင်က ရွှေမုဋ္ဌောစေတီရှေ့လောက်တွင် အာရုံခံ တန်ဆောင်းအဟောင်းရှိနေပြီး ယခုအခါ ရွှေမုဋ္ဌောစေတီ၊ ဘုရားလောင်းရုပ်တု ဂူနှင့် ရန်အောင်-မာန်အောင် စေတီရင်ပြင် အထိ ခန့်ထည်သော အာရုံခံ တန်ဆောင်းကြီးသည် ရင်ပြင် တော်နှင့်အပြည့် တည့်ဆောက်ထားသည်ကို ကျေနပ်ကြည်နူး ဖွယ် တွေ့ရပါသည်။

ဤသို့ တိုးတက်စည်ကား သာယာလာစေရန်အတွက် ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးကလျာဏသည် အစိုဋ္ဌာန်ပြုကာ မနေကြာင့်မကြ မတောင့်မတနှင့် ပြုပြင်တည် ဆောက်ကာ ကုသိုလ်ယူခဲ့ခြင်းဖြစ်သည်။ ဘိလပ်မြေတိုင်များ၊ ကျွန်းသား၊ အင်းသားများနှင့် သွပ်များကို အသုံးချပြီး တိုင် မျက်နှာပြင်များတွင် အလှူရှင်များစာရင်း၊ လှူဒါန်းသည့်ငွေ၊ ခုနှစ်သက္ကရာဇ်များကို အတိအကျရေးသား မော်ကွန်းထိုးထား သည်ကို တွေ့ရသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ဆရာတော် ဦးကလျာ ဏနှင့်အတူ ဝမ်းတော်ဘုရားကို လာခဲ့ပြီး ဓာတ်ပုံဖြင့် မှတ် တမ်းတင်နိုင်ခဲ့ပါသည်။ ကျောက်တိုင်များတွင် ခုနှစ်အလိုက် ရရှိသည့် အလှူခံငွေများကို ရေးသားဖော်ပြအပ်ပါသည်။ (နတ်လူ သာဓုခေါ်နိုင်ကြပါစေ။)

* ၁၃၅၆ ခုနှစ် အလှူခံငွေ ၈၈၃၅ ကျပ်၊
* ၁၃၅၇ ခုနှစ် အလှူခံရငွေ ၈၆၆၀ ကျပ်၊



ဆရာတော်ဦးကလျာဏ ဦးစီးတည်ဆောက်ခဲ့သော အာရုံခံတန်ဆောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com




ဝမ်းတော်ဘုရား
အရှေ့ဘက်ခြမ်းရှိ
ရေကန်

* ၁၃၅၈ ခုနှစ် အလှူခံရငွေ ၁၂၄၂၈ ကျပ်၊
* ၁၃၅၉ ခုနှစ် အလှူခံရငွေ ၂၀၀၀၈ ကျပ်၊
* ၁၃၆၀ ပြည့်နှစ် အလှူခံရငွေ ၂၂၃၆၄ ကျပ်၊
* ၁၃၆၁ ခုနှစ် အလှူခံရငွေ ၃၄၅၆၁ ကျပ်၊
* ၁၃၆၂ ခုနှစ် အလှူခံရငွေ ၅၁၄၃၄ ကျပ်၊
* ၁၃၆၃ ခုနှစ် အလှူခံရငွေ ၈၂၇၁၀ ကျပ်၊
* ၁၃၆၄ ခုနှစ် အလှူခံရငွေ ၁၁၄၉၈၄ ကျပ်၊
* ၁၃၆၅ ခုနှစ် အလှူခံရငွေ ၈၁၄၆၅ ကျပ်၊
* ၁၃၆၆ ခုနှစ် အလှူခံရငွေ ၂၀၈၅၃၀ ကျပ်၊
* ၁၃၆၇ ခုနှစ် အလှူခံရငွေ ၂၄၀၀၇၅ ကျပ်၊
* ၁၃၆၈ ခုနှစ် အလှူခံရငွေ ၂၅၉၄၇၃ ကျပ်၊
* ၁၃၆၉ ခုနှစ် အလှူခံရငွေ ၈၇၅၀၀ ကျပ်၊
* ၁၃၇၀ ခုနှစ် အလှူခံရငွေ ၁၄၄၆၈၉ ကျပ်၊
* ၁၃၇၁ ခုနှစ် အလှူခံရငွေ ၁၈၅၉၂၀ ကျပ်၊
* ၁၃၇၂ ခုနှစ် အလှူခံရငွေ ၁၇၈၄၃၀ ကျပ်၊
* ၁၃၇၃ ခုနှစ် အလှူခံရငွေ ၁၇၅၀၀၀ ကျပ် ရရှိ လှူဒါန်းထားကြောင်း ကမ္ပည်းရေးထိုးထားပြီး၊ ထိုရရှိသည့် ငွေများဖြင့်ပင် အမျိုးဘာသာ၊ သာသနာ့အကျိုးကို သယ်ပိုး ထမ်းရွက်နေကြောင်း သိရ၍ ကျွန်တော့်အနေဖြင့် ဆရာတော် ဦးကလျာဏအား ကျေးဇူးတင် လက်အုပ်မိုး ရှိမိုးရင်း ဤဆောင်းပါးဖြင့် ကန်တော့အပ်ပါသည်။

(မှတ်ချက်။ ဝမ်းတော်ဘုရားသမိုင်းကြောင်းနှင့် ထူးခြားဆန်းကြယ်ဖြစ်ရပ်များကို ဆက်လက်လေ့လာကာ ဖော်ပြပေးပါမည်။ ယခု ဝမ်းတော်ဘုရား၊ ဆရာတော် ဦးကလျာဏနှင့် ဘုရားကြီးကျောင်းတိုက်၏ ဓာတ်ပုံများကို ဖော်ပြ ကာသိလ်ပြုရပါသည်။)■

* * *

ဓာတ်ပုံ - တွင်းကြီးသားတင်ခင်ဦး



ဘုရားကြီးကျောင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အယုလွယ်ပြီး
အခေါ်ခက်တာ
ငွေကြေးမဟုတ်ဘူး
အဲဒါ···
ကျေးဇူးတရား။

♦♦♦

ပေတာန် ဒက္ခိဏာဒ္ဓဏ္ဍ ပုဗ္ဗေကာတ မနုဿရဲ

ပုဗ္ဗေကာတ၊ ရှေးက ပြုဖူး မြတ်ကျေးဇူးကို၊ အနုဿရံ-အနုဿရန္တော - မတွေ့ကြတော့ပေမယ့် အောက်မေ့တမ်းတ သတိရနေသည်ရှိသော်၊ ပေတာန် - ဘဝနိဂုံး ချုပ်ပျောက်ဆုံး သွားသောသူအား (ဝါ) မိမိ၏ ကျေးဇူးရှင်တို့အား။ ဥဒ္ဒိဿ-ရည်မှန်း၍၊ ဒက္ခိဏာ - အလှူခေါ်ကြ၊ မြတ်ဒါနကို၊ ဧွှာ-အရေးတယူ အလေးမူကာ၊ ပေးလှူရာ၏။

♦♦♦

**အမေ့အတွက် ကောင်းမှု**

အမေ···

အနိုင်းမဲ့တဲ့ အမေ့ရဲ့ ကျေးဇူးတရားတွေကို သား သိတတ်စအရွယ်ကတည်းက ဆပ်ဖူးချင်နေမိတယ်။ ဒီအကြောင်းတွေကို အဖေတို့ ဦးလေးတို့နဲ့ နီးစပ်ရာ ဆရာသမား လူကြီးသူမများကို အကျိုးအကြောင်းပြောပြတော့ သူတို့က ပြောတယ်။

"သာသနာ့ဘောင်မှာ သင်္ကန်းဝတ်နဲ့ နေလို့ ပရိယတ်၊ ပဋိပတ်လုပ်ငန်းတွေ လုပ်ပြီး သာသနာပြုနေတာဟာလည်း မိဘကျေးဇူးဆပ်နေတာပါပဲ" တဲ့။

ဒီလိုဆိုရင်တော့ သား ဆပ်ဖူးချင်နေတဲ့ အမေ့ကျေးဇူးကို ဂုနှစ်သားအရွယ်လောက်ကတည်းက သား ဆပ်ခွင့်ရနေခဲ့ပါတယ်။ ဒါပေမယ့် ဘယ်ကျေသေးဦးမလဲနော်။ ဒီလောက်ဆပ်ခွင့်ရရုံနဲ့တော့ သား မတင်းတိမ် မကျေနပ်နိုင်သေးဘူးလေ။ ဒီလိုနဲ့ ဘုရားဟောတဲ့ တရားဓမ္မတွေ နာ၊ တရားစာအုပ်တွေ ဖတ်၊ ဘာသာရေးစာပေတွေ လေ့လာရင်း အထက်ပါ ဂါထာတစ်ပုဒ်ကို တွေ့လိုက်ရတယ် အမေ။

အဲဒီအချိန်ကတည်းက စပြီး အမေ့အတွက် ရည်စူးလို့ သား တတ်နိုင်သမျှ ကောင်းမှုကုသိုလ်တွေ ပြုပေးခဲ့တယ် အမေ။ သား ဘာကောင်းမှုကုသိုလ်မျိုးကိုပဲ လုပ်လုပ်ပါ အမေရယ်၊ နောက်ဆုံး သားလုပ်နေတဲ့ ပရဟိတလုပ်ငန်း။ တရားဟော၊ စာသင်သားတွေကို စာဝါပို့ချ၊ ဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့ စသည်နဲ့ ကျောင်းသန့်ရှင်းရေးလုပ်တာကအစ ရသမျှသော ကောင်းမှုကုသိုလ်ရဲ့ အဖို့ဘာဂကို အမေ့အတွက် အမျှအတန်းပေးဝေမြဲပါ အမေ။

အမေ မကျွတ်မလွတ်ဖြစ်မှာကို အရမ်းစိုးရိမ်လားဆိုရင် စိုးရိမ်တာပေါ့ အမေရယ်။ အမေဆုံးတာ နှစ် ၂၀ကျော်ပြီဆိုပေမယ့် အမေ မကျွတ်မလွတ်ဖြစ်မှာကိုတော့ စိုးရိမ်နေတုန်းပဲ အမေ။ ဒါ အမှန်တရားကို ဝန်ခံတာပါ။ ဘုရားဟောတဲ့ တရားသဘောအရ လူတစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးဆုံးသောအချိန်ဟာ သူ့ရဲ့ ဘဝကူးမယ့် အချိန်ပဲတဲ့ အမေ။ အဲဒီဘဝကူးခါနီးလေးမှာ ကိုယ့်ရဲ့ နှလုံးသွင်းက "အယောနိသော မနသိကာရ"လို့ ဆိုတဲ့ မသင့်မတင့်တဲ့ နှလုံးသွင်းမှုမျိုးများ နှလုံးသွင်းမိရင် အပါယ်နိမိတ်တွေထင်ပြီး အပါယ်ဘုံကို ရောက်သွားစေနိုင်တယ်တဲ့ အမေ။

အမေဆိုရင် သားသမီးက များလွန်းတဲ့အပြင် သံယောဇဉ်ကလည်း ကြီးတတ်လွန်းတာ လွန်ရောမဟုတ်လား။ ပြီးတော့ အမေဆုံးတော့လည်း အဖတ်မတင် အသက်မရှင်လိုက်တဲ့ အမေနဲ့ သုံးရက်ခြားလောက်မှာပဲ အမေ့နောက်လိုက်ပါ ဆုံးပါးသွားတဲ့ အမေ့သမီးအထွေးဆုံးလေးကို မီးဖွားခါစ မီးနေသည်တဝနဲ့ မီးတွင်းထဲမှာ ဆုံးတာမဟုတ်လား။ အဲဒါလောက်ဆို အမေ့ရဲ့ စိတ်အစဉ်ခံစားမှုနဲ့ နှလုံးသွင်းမှုကို ခန့်မှန်းလို့ ရတယ်လေ အမေ။

ဘုရားဟောတဲ့ တရားသဘောကို ကြိုတင် နှလုံးသွင်းထားရအောင်ဆိုတော့လည်း ဘုရားဟောတဲ့ တရားသဘောကိုလည်း အမေ နားလည်ထားတာ ရှိမှမရှိတာလေ။ အမေ့မှာ စာလည်း မတတ်၊ ဘုရားတရားဆိုရင်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာအဆင့်ပဲ ရှိတာလေ။ ဒါတွေဟာ အမေ့အပြစ်မဟုတ်ပါဘူး။ အမေ့ဘဝအကျိုးပေးနဲ့ ပတ်ဝန်းကျင်ရဲ့ စရိုက်အနေအထား ဘဝပေးအခြေအနေအရ ဖြစ်ရတာလေ။ ဒါကြောင့် အမေ ဘဝကူးခါနီးတုန်းက အမေ့နှလုံးသွင်း မသင့်မှာကို သား အရမ်းစိုးရိမ်မိတယ် အမေ။

မြတ်စွာဘုရားက ဟောထားတယ် အမေ။ ဘဝတပါးကူးပြောင်းသွားပြီးဖြစ်တဲ့ ကိုယ့်ကျေးဇူးရှင်ရဲ့ ကျေးဇူးတရားတွေကို ဆပ်ချင်တယ်ဆိုရင် ကိုယ့်ကျေးဇူးရှင် ရည်စူးရည်မှန်း

www.burmeseclassic.com

www.burmeseclassic.com

အလျှုအတန်း ကောင်းမှုကုသိုလ်ပြုပြီး အမျှအတန်းပေးဝေရမယ်တဲ့။

မိဘတွေတိုင်းဟာ သူတို့သားသမီးတွေအပေါ်မှာ မျှော်လင့်ချက် ၅ချက်ထားကြတယ်တဲ့ အမေ။ အဲဒီ ၅ချက်ထဲမှ နောက်ဆုံးတစ်ချက်က "ပေတာနံကာလကိရိယာနံ - ဘဝကူးသန်း တို့ကို မှန်း၍ အမျှအတန်းပေးဝေစေလိမ့်မယ်" တဲ့။ အမေလည်း သားတို့အပေါ်မှာ မျှော်လင့်ချက်တွေ ထားခဲ့မှာပဲလေ။ ဒါကြောင့် အမေ့ရဲ့ ကျေးဇူးကို ဆပ်၊ အမေ့မျှော်လင့်ချက်ကို ဖြည့်ဆည်းရင်း ကောင်းမှုကုသိုလ်တွေ ပြုလုပ်ဖြစ်တယ်လေ အမေ။

အခု သားရဲ့ လာဘ်လာဘတွေ၊ စာရေးလို့ ရတဲ့ တမူခတွေ၊ ဓမ္မပူဇာတွေထဲကနေ တမလွန်ရောက်နေတဲ့ အမေ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ အမေ့အတွက် ရည်စူးပြီး ဘုရားထီးတော်တွေ၊ ဘုန်းကြီးကျောင်းအဆောက်အအုံတွေ၊ ဘုန်းကြီးကျောင်း အုတ်တံတိုင်းတွေ၊ ဘုန်းကြီးကျောင်းသွားတဲ့ လမ်းတွေ၊ အုတ်ကန်တွေ၊ ဝါဆိုသင်္ကန်း၊ ဝါဆိုဆွမ်းတွေ၊ ကထိန်သင်္ကန်း၊ ကထိန်ဆွမ်းတွေ အမြဲတမ်း လှူဒါန်းနေပါတယ် အမေ။

အမေ ရောက်လေရာ ဘုံဘဝ၊ တည်လေရာ ဘုံဌာနမှာ အမေ စားသောက်လိုသော ခဲဖွယ်ဘောဇဉ်တွေ ဝတ်ဆင်လိုတဲ့ အဝတ်တန်ဆာတွေ၊ နေထိုင်လိုတဲ့ ဘုံဆောင် နန်းပြာသာဒ်တွေနဲ့ ပြည့်စုံအောင်ရယ်၊ သားအတွက်လည်း အမေ့ကျေးဇူးဆပ်တာရောက်အောင်ရယ်လေ အမေ။ တကယ်လို့ အမေက နဂိုကတည်းက ကောင်းရာမွန်ရာ လူ့ပြည်နတ်ရွာကို ရောက်နေရင်ပဲဖြစ်ဖြစ် (သို့မဟုတ်) သား ပြုပြုသမျှ ကောင်းမှုကုသိုလ်တစ်ခုခုကြောင့် အမေ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပြီး ကျွတ်တမ်းဝင်နေခဲ့ရင်ပဲ ဖြစ်ဖြစ်၊ သား ပြုခဲ့ပြုလတ္တံ့သော ကောင်းမှုကုသိုလ်ရဲ့ ကောင်းကျိုးအဖို့ဘာဂကို သား ပြန်ရတာပေါ့ အမေရယ်။

အမေ သာဓုခေါ်ဆိုဖို့ လိုအပ်နေတဲ့ ဘုံဘဝရောက်ရင်လည်း အမေ သာဓုခေါ်နိုင်ပါစေနော် အမေ။ ကုသိုလ်အမျှ အမျှ အမျှပါ အမေ။

♦♦♦

**ဒုလ္လဘတရားငါးမျိုး**

* ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော - ဘုရားပွင့်တော်မူတဲ့ အခွင့်အခါကောင်းကို ရခဲခြင်း။
* မနုဿတ္တဘာဝေါ ဒုလ္လဘော - လူ့ဘဝကို ရခဲခြင်း။
* ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော - ရဟန်းအဖြစ်ကို ရခဲခြင်း။
* ဒုလ္လဘာသဒ္ဓါသမ္ပတ္တိ - သဒ္ဓါတရားရှိဖို့ ခက်ခဲခြင်း။
* သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ - သူတော်ကောင်းတရား နာကြားနိုင်ဖို့ ခက်ခဲခြင်း။

♦♦♦

**အမေ့အတွက် တောင်းဆု**

အမေ…

လောကကြီးထဲမှာ အင်မတန်မှ ရခဲတဲ့ အရာ ၅ခုရှိတယ်။ အဲဒါကို ဒုလ္လဘတရားငါးပါးလို့ ခေါ်တယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတော်မူခဲ့တာလေ အမေရဲ့။

အဲဒီ ရခဲခြင်းငါးပါးထဲမှာ သားတို့ သားအမိတစ်တွေ အကုန်ရနေတယ်လို့ ပြောရမယ် အမေ။ ဘာဖြစ်လို့လဲဆိုတော့ သားတို့တစ်တွေဟာ ကြုံနိုင်ခဲတဲ့ ဘုရားသာသနာ ထွန်းကားနေတဲ့ ခေတ်ကာလမှာ ရခဲတဲ့ လူ့ဘဝကို ရခဲ့ကြတယ်။ ရခဲတဲ့ ရှင်ရဟန်းဘဝကိုလည်း အမေ့ရဲ့ သားတွေ ရခဲ့ကြတယ်။ ရနေကြတယ်၊ သူတော်ကောင်းတရားတွေကိုလည်း နာကြားခွင့်ရခဲ့ကြတယ်။ အင်း…ဒီအချက်ကတော့ အမေ့အတွက် အားနည်းတယ်နော်။ မရှိသလောက်ပဲ ပြောပါတော့ အမေရာ။

အမေ…

အခုနောက်ပိုင်း သားသိလာတာတစ်ခုက သားတို့ ကျေးလက်တောရွာက ရွာသူရွာသား ဘိုးတွေ ဘွားတွေ တော်တော်များကလေ ဘာသာရေးနဲ့ ပတ်သက်လာရင် ဗုဒ္ဓဘာသာဝင်ဆိုပေမယ့် တကယ့်ကို မိရိုးဖလာ ဗုဒ္ဓဘာသာတွေ အဖြစ်နဲ့ပဲ ဘဝတစ်ခုကို အဆုံးသတ်သွားကြတာ များတယ်နော် အမေ။ အမေအပါအဝင်ပဲ ဆိုပါတော့ဗျာ။

ဘာဖြစ်လို့ သားက အဲလိုပြောရတာလဲဆိုတော့ ကိုယ့်တာသာ၊ ကိုယ့်သာသနာအကြောင်းနဲ့ ပတ်သက်လာရင် ဘာမှမသိ၊ ဘာမှ နားမလည်ကြလို့ပဲ အမေ။ မသိဘူးဆိုတာလည်း စာမသင်ခဲ့ကြရဘူးလေ အမေ။ စာမသင်ရတော့ စာမတတ်၊ စာမတတ်တော့ ဘယ်လိုသိ၊ ဘယ်လိုနားလည်မလဲနော်။ စာမသင်ရဘူး၊ စာမတတ်ဘူးဆိုတာကလည်း စာသင်ဖို့အခွင့်ကမှ မရှိတာလေ။ တောရွာရဲ့ ဓလေ့ထုံးစံသဘာဝအရ မနက်လင်းတာနဲ့ ချက်ပြုတ် စားသောက်ပြီး လယ်ထဲ ခြံထဲသွား အလုပ်လုပ်၊ ညနေ မိုးချုပ်မှ ပြန်ရောက်။ အိမ်ပြန်ရောက်တော့ တစ်ခါ ချက်ပြုတ် စားသောက်ပြီး မောမောပန်းပန်းနဲ့ အိပ်ရာဝင်ကြ၊ ဒါနဲ့ပဲ သံသရာလည်နေကြ



www.burmeseclassic.com

www.burmeseclassic.com

တာ တောရွာရဲ့ သဘာဝမဟုတ်လား။ အရင်တုန်းက တောရွာနေ လူတန်းစားများအတွက် တီဗွီဆိုတာ ဘာမှန်းမသိ၊ ဗီဒီယိုဆိုတာ မမြင်ဘူး။ တယ်လီဖုန်းဆိုတာ နားမလည်၊ အင်တာနက်ဆိုတာ ဝေလာဝေးမဟုတ်လား အမေ။ အရင်တုန်းက အမေတို့ခေတ်တုန်းက ပြောတာပါ။ အခုတော့ တိုးတက်လိုက်ပုံများ။ ခေတ်မီလိုက်ပုံများ အမေ့ကို မြင်စေချင်စမ်းပါဘိ အမေရယ်။

အမေတို့ခေတ်တုန်းက ဆိုရင် ဘုရားသွား ကျောင်းတက်ဆိုပြန်တော့လည်း ဝါတွင်းကာလ လပြည့်လကွယ်နဲ့ အခါကြီးရက်ကြီးတွေလောက်နဲ့ သာရေးနာရေးရှိမှ သွားဖြစ်ကြတာလေနော် အမေ။ ဘုန်းကြီးကျောင်းသွားတက်တော့လည်း ဘုန်းကြီးဟောတဲ့ တရား။ အိမ်ရောက်တော့ အမှုအပင်တွေကြား ပြန်မေ့သွားတော့တာပဲမဟုတ်လား။ ကောင်းမှုကုသိုလ်နဲ့ ပတ်သက်လာရင် ဒါန၊ သီလ၊ သမထလောက်ပဲ ရှိကြတာ။ ဒါတောင် တချို့များအတွက် အနိုင်နိုင်။ အကျိုးတရားကို နားမလည်တော့ အကြောင်းတရားကို မလုပ်ဖြစ်တာလေ။ ကောင်းမှုကုသိုလ်နဲ့ ပတ်သက်ပြီး ပြောတာပါ။ မကောင်းတာများဆိုရင်တော့ အကျိုးတရားကို သိသိ,မသိသိ အကြောင်းတရားကတော့ ပြုနေကြတာပဲလေ။ ဝိပဿနာတရားဆိုတာတော့ ကြားတောင် မကြားဘူးကြတာတွေက ခပ်များများလေ။ အားထုတ်ဖို့ဆိုတာတော့ အိပ်မက်ထဲ တောင်ရောက်ကြဖူးရဲ့လား မသိဘူးနော် အမေ။

ဆိုတော့ အမေ့အတွက်က ဘုရားသာသနာနဲ့ ကြုံရကျိုး မနပ်လိုက်ဘူးလို့ သားတော့ မြင်တယ် အမေ။ ဝမ်းနည်းစရာကောင်းတာ နောက်တစ်ခုက အခုဆိုရင် အမေ့သားကိုယ်တိုင်က တရားဟော ဓမ္မကထိကတစ်ပါးဖြစ်လို့ နယ်တကာလှည့်ပြီး လူတကာကို ဒါန၊ သီလ၊ သမထ ဝိပဿနာတရားတွေ လှိုင်နေအောင် ဟောပြနေတဲ့အချိန်မှာ အမေ နာကြားခွင့်မရှိတာပါပဲ အမေ။ ဒါဟာ အမေ့ရဲ့ အတိတ်ကံကြောင့်ပေါ့နော်။ အမေရယ်···ဖြစ်လေရာ ဘဝတိုင်းမှာ ဒီအဖြစ်မျိုး အမေ ထပ်ပြီး မကြုံပါစေနဲ့လို့ အမေ့အတွက် သား တောင်းဆုပြုပါတယ် အမေ။

အမေတစ်ယောက် သံသရာခရီးတစ်လျှောက်မှာ သာသနာတော် ထွန်းကားတဲ့ အရပ်ဒေသမှာ ဗုဒ္ဓဘာသာ မိကောင်းဖခင်ရဲ့ သားသမီးဖြစ်ခွင့်ရလို့ ရတနာမြတ်သုံးပါးကို ကြည်ညို ဆည်းကပ်တတ်ပြီး ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်၊ ဖြစ်ပျက်ဆုံးအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကာ အမတစခန်း နိဗ္ဗာန်လမ်းကို လျှောက်လှမ်းနိုင်ပါစေနော် အမေ။

အမေ···

အမေဆိုရင်လေ စာပေနဲ့ ပတ်သက်ပြီး အမေ့သားသမီးတွေကိုသာ စာတတ်ပေတတ်ကြီးတွေ ဖြစ်အောင် မွေးထုတ်ပေးနိုင်ခဲ့ပေမယ့် အမေကိုယ်တိုင်ကျတော့ ကကြီး၊ ခခွေးကိုတောင် ဘယ်လိုရေးရမှန်း မသိခဲ့ဘူးနော်။ အမေရယ် သံသရာတစ်လျှောက်မှာ ဒီလိုအဖြစ်ဆိုးမျိုးလည်း အမေ ထပ်မကြုံပါစေနဲ့လို့ သား တောင်းဆုပြုပါတယ် အမေ။ စာမတတ်ရင် အကန်းတဲ့ အမေ။ အမေလည်း ကန်းခဲ့တာပဲလေ-နော်။ စာမတတ်တဲ့အတွက် အမေ့မှာ အနည်းဆုံး ဓမ္မအသိ၊ ဓမ္မအမြင်တော့ ကန်းခဲ့တာပဲလေ။ အဲဒါ အထိနာဆုံးသော နာခြင်းပဲပေါ့ အမေရာ။

အမေ···

သားသိသလောက်၊ သားမှတ်မိသလောက် ပြောရရင် အမေ့ဘဝက အရမ်းသနားဖို့ ကောင်းခဲ့တယ်နော်။

အမေ့ဘဝက အရွယ်ရောက်စကတည်းက စလို့ မိဘတွေနဲ့ လယ်ထဲခြံထဲဆင်းပြီး အိမ်မှုကိစ္စတွေနဲ့ပဲ အချိန်ကုန်ခဲ့တယ်။ ဒီလိုနဲ့ အိမ်ထောင်ရက်သားကျ၊ သားသမီးတွေ ထွန်းကား၊ ခေတ်ဆိုးခေတ်ပျက်ကြီးထဲမှာ လုပ်အမှု သားသမီးအမှုတွေကြားမှာ လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် အားတင်းရပ်တည်လို့ မျက်ရည်ပင်လယ်ဝေရင်းနဲ့ပဲ ဘဝတစ်ခုကို အဆုံးသတ်လိုက်ရတာနော်။ အမေရယ်···ရခဲ့တဲ့ လူ့ဘဝမှာ အမေ့အတွက် အဓိပ္ပာယ်မရှိသလောက်ပဲနော်။ အမေ ၄၅နှစ်ဆိုတဲ့ ကာလတိုလေးမှာ အမေ့အတွက် ပျော်စရာဆိုတာရော ရှိခဲ့ဖူးရဲ့လား အမေရယ်။

အမေ···

ဘဝဆက်တိုင်း လူ့ဘဝရဲ့ အနှစ်သာရကို သိရှိပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝကို တည်ဆောက်နိုင်ပါစေနော်။ အမေ့မှာ ရှိသမျှ ဝဋ်ကြွေးတွေလည်း ဒီဘဝ ဒီမျှနဲ့ ကျေပါစေတော့လို့ အမေ့အတွက် ကောင်းမှုပြုရင်း တောင်းဆုချွေလျှက်ပါ အမေ။

(ဆက်လက်ဖော်ပြပါဦးမည်)

* * *

အမေ့သား ဉာဏ်မှူး(ရွှိုင်ယော်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**မြတ်စွာဘုရားရှင်** ပရိနိဗ္ဗာန်ဝင်စံသွားတော်မူခဲ့ပါပြီ။ **တတိယအကြိမ်မြောက်** သင်္ဂါယနာတင်ပွဲပြီးစီး၍ **ထိုတိုင်းကိုးဌာန** သာသနာပြုချိန်ကာလရောက်လာပြီ။

**ရဟန္တာမထေရ်မြတ်** အရှင်သောဏနှင့် အံ့ရှင်ဥတ္တရတို့ အမှူးရှိသော သာသနာပြုအဖွဲ့သည် တနင်္သာရီကမ်းမြောင်ဒေသ၊ တိုက်ကုလား(ဒုတိယသထုံ)မြို့သို့ ကြွရောက်လာတော်မူကြသည်။ ထိုထေရဝါဒ သာသနာပြု ရဟန္တာများသည် တိုက်ကုလားမြို့နှင့်တကွ ရာမညတိုင်းကြီးအတွင်း၌ သာသနာပြုတော်မူကြပါ၏။

ထိုစဉ်ကာလက ရာမညတိုင်းကြီးအတွင်းရှိ မြို့ရွာအများအပြား၌ တိုက်ကုလားမြို့ဘုရင်၏ လက်အောက်ခံများအဖြစ် မွန်မင်း၊ မွန်မြို့စားအသီးသီးက အုပ်ချုပ်ကွပ်ကဲလျက်ရှိကြသည်။ မုပွန်(မော်လမြိုင်)မြို့၌ သုဂဒိန်မင်း၊ ဝါခရူ(ကျိုက္ခမီ)မြို့၌ ဖြသပေါ့တ်မင်း၊ လမိုင်းမြို့၌ ဘောဂရင်မင်း၊ ရေးမြို့၌ ဟန်လာမင်းတို့ အုပ်ချုပ်လေသည်။ ဇရား(ချင်ဖြာ)မြို့ကို အုပ်ချုပ်သူကား "ဗညားသံဗွီမင်း" ပေတည်း။

ဇရားမြို့နယ်အတွင်းက ကောဒတဗင်(ကွာန်လဗင်)ရွာကြီးပါ။

အရှေ့တောင်ညှိတောင်တန်းကို ကျော်တက် ထွက်ပြူလာရန် အားခဲလျက်ရှိသော ပတ္တမြားခဲအလား ရဲရဲနီ နေဝန်းကြီး။ တပေါင်းလပြည့်နံနက်၏ သူရိယနေမင်းက ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်ရန် လှုပ်ရှားစ ပြုနေကြသော ကောဒတဗင်ရွာသူရွာသားတို့အား မင်္ဂလာပါဟု နှုတ်ခွန်းဆက်သနေဟန်ရှိသည်။ အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားနေကြသော သားအမိနှစ်ယောက်။ ရှင်စောလုနှင့် သား ညီစန်။

မုဆိုးမ ရှင်စောလုသည် ကန်စွန်းဥတစ်ဥနှင့် ပြောင်းဖူးတစ်ဖူးတို့ကို အဝတ်ပိုင်းစဖြင့် ထုပ်မိုးနေသည်။ ညဉ့်ဦးပိုင်းကတည်းက ပြုတ်ထားသဖြင့် အေးစက်နေသော်ငြား သိုးနံ့ကား မထွက်သေးပါ။ နှမ်းထမနဲစားနေသော သားဖြစ်သူအား တတွတ်တွတ်မှာကြားလျက်ရှိသည်။ ကေပုတ္တမို့ စိတ်မချဘဲ ပူပန်ခြင်းဖြစ်၏။

"သား ညီစန်···လူလေး၊ နေ့ခင်းမှာ စားဖို့ ဒါပဲ ယူသွားတော့နော်။ နေလို့ စားလို့ မကောင်းတော့ အမေလည်း မချက်မပြုတ်ချင်ဘူးပေါ့။ ထမင်းထုပ်လည်း သားဆီ မပို့နိုင်တော့ဘူးကွယ်၊ သိလား"

နှမ်းထမနဲကို လက်စသတ်နေသော ညီစန်က ခေါင်းညိတ်ပြသည်။

ရှင်စောလု၏ အသက်က ၃၀ကျော်ခဲ့သည်မှာ ငါးနှစ်လောက်ရှိပြီပဲ။ ညီစန့်ဖခင်ဖြစ်သူ ညီလိန် ဆုံးပါးသွားစဉ်က ရှင်စောလုအသက် ၃၀ပင် မပြည့်တတ်သေး။ ရုပ်ရည်က ဖိုပြည်တင့်တယ်၊ အရွယ်က ဖျတ်လတ်ပျိုမျစ်၊ လူလုံးကိုယ်ဟန်ကလည်း ကျစ်လျစ်ကြော့ရှင်းလှပါသည်။ ရွယ်တူတန်းတူလူပျိုများကိုပင် အလွယ်တကူ သိမ်းသွင်း၍ ထိမ်းမြားရယူနိုင်လောက်သည်။ စိတ်က ဖြူစင်ရိုးသား၍ စကားကတိတည်ကြည်၏။

ခင်ပွန်းသည်ဖြစ်သော ညီလိန်က လူကုံထံ လယ်ပိုင်ရှင်တစ်ဦးထံ၌ သူရင်းငှားလုပ်ကိုင်ခဲ့သည်။ ဆယ်မိုးဆယ်နှစ်အတွင်း မောင်တစ်ထမ်း မယ်တစ်ရွက်ဘဝ၌ ဝမ်းဝရုံနှင့် ခါးလှရုံမျှထက် ပို၍စီးပွားမဖြစ်ခဲ့။ လယ်ယာလုပ်ငန်းအားလပ်ချိန်တွင် အရှေ့တောင်ညှိတောသို့ တက်ပြီး ထင်းရှာ၊ ဝါးခုတ်လုပ်ခဲ့၍သာ အိမ်ထောင်သက်ကာလအတွင်း ကိုယ်ပိုင်တဲတစ်လုံးကို ဆောက်နိုင်ခဲ့ခြင်းဖြစ်၏။ ယခုထိ နေထိုင်လာသော ရွာအစွန်ရှိ တဲကိုပင် ခင်ပွန်းဆုံးပါးချိန်တွင် လယ်ပိုင်ရှင်က ပြုပြင်ပံ့ပိုးပေးခဲ့သဖြင့် လုံလုံခြုံခြုံဖြစ်နေခြင်းပါတည်း။

တစ်ပင်လဲသူ တစ်ပင်မထူတော့ပါ။ မုဆိုးမမှာ သတ္တိရှိသည်။ ကေပုတ္တသားတစ်ယောက်ကို အားကိုးပြုပြီး ငွဲနပဲကြီးစွာဖြင့် ကြိတ်ကြိတ်ခဲခဲ ဘဝကို ရုန်းကန်ထူထောင်ခဲ့သည်။

♦♦♦

နွားကျောင်းမထွက်မီ နှမ်းထမနဲ စားသော သား၏လှုပ်ရှားမှုကို မိခင်က လိုက်ကြည့်နေ၏။ အနီး၌ ထိုင်နေလျက်ပင် တစ်နေ့တာ လုပ်စရာ အမှုတိုင်းအတွက် သတိပေးစကားတို့ကို သားအား တတွတ်တွတ်မှာကြားနေဆဲပါ။ ညီစန်က စကားဖြတ်၍ ပြောသည်။ အမေ စိတ်အေး၍ စိတ်ချရန်ဖြစ်၏။

"အမေ·· သား သွားတော့မယ်။ ထမနဲ မစားခင်က သား ဘုရားရှိခိုးခဲ့တယ်။ မေတ္တာသုတ်တော်ကို သား ရည်မှန်းပြီး ဖြန့်ဝေလိုက်တယ်။ သဝေမပါ ကိုးဂါထာနဲ့ ဧဝေဝ ဂါထာတော်တို့ကိုလည်း သက်စေ့ရွတ်ခဲ့ပြီးပြီ။ ကဲ အမေ


www.burmeseclassic.com

www.burmeseclassic.com

ထို ကန်တော့ဖို့ပဲ ကျန်တော့တယ်"

သားက ထိုင်၍ မိခင်ကို ရိုသေစွာ ဦးသုံးကြိမ်ချလိုက်သည်။

"သာဓု...သာဓု...သာဓု၊ အမေ့သားလေး ညီစန် သွားလေရာ ခရီး၊ အားထုတ်ရာ အလုပ်မှာ ခလုတ်မထိ ဆူးမငြိဘဲ ချောမွေ့အောင်မြင်ပြီး အမေ့ဆီ အချိန်မှန် ပြန်ရောက်ပါစေကွယ်။ အဲ...အဲ...လယ်ပိုင်ရှင် နွားတွေက တန်ဖိုးကြီးတယ်၊ သားလေး ဝီရိယထားပြီး နွားမပျောက်အောင် စောင့်ရှောက်နော်"

ညီစန်က ညှိုထပ်ထပ်ဖြစ်နေသော ဖှင်ဖြူ ရှပ်လက်တိုအင်္ကျီကို သပ်ရပ်အောင် ဆွဲဆန့်သည်။ ပုဆိုးစကို ဒူးဝန်းဖုံးရုံအထိ ဆွဲတင်ကာ မြဲမြံစွာ ဝတ်သည်။ မိခင် လှမ်းပေးနေသော နေ့လယ်စာအထုပ်ကို ဖခင်၏ တစ်ပတ်နွမ်း လုံချည်ပိုင်း၌ အကျအနထည့်သွင်း စည်းနှောင်ကာ ပခုံးထက်၌ စလွယ်သိုင်းသည်။ ပြီးမှ စီးနေကျ ဖှင်နီကြိုး ဖိနပ်တို့ကို အသေအချာ ရှပ်လျက် ကြိုးချည်လိုက်သည်။ ခမောက်အနားကျယ်ကို ခေါင်း၌ ဆောင်းကာ ကြိမ်လုံးကို ယူလေ၏။ နွားထုတ်ယူရန် နွားခြံဆီသို့ ဦးတည်သွားနေသော သူ့ခြေလှမ်းများက ယုံကြည်မှုဖြင့် သွက်လက်နေပေသည်။

ညီစန်၏ နွားအုပ်သည် သွားနေကျလမ်းအတိုင်း သွားနေကျ စားကျက်မြေဆီသို့ နေမပူမီ သုတ်သုတ်လေး ဆီးနှင်နေသည်။

သွားနေကျလမ်းကား ကန်ကလေးစေတီအလွန်နှင့် ကန်ကြီးစေတီ မရောက်မီအကြား၌ ဖောက်လုပ်ထားသော ဂဝံမြေကျောက်လမ်းပင်ဖြစ်သည်။ ထိုဂဝံလမ်းသည် ကန်ကလေးကန်နှင့် ကန်ကြီးကန်တို့၏ ရေပြင်ထိစပ်မှုကို ဖန်တီးပေးသော သဘာဝ ရေစီးမြောင်းကို သစ်သားတံတားငယ်ဖြင့် ခြတ်ကျော်ထားလေသည်။

ထိုဂဝံလမ်းအတိုင်း အရှေ့ဘက်ဆီသို့ ဦးတည်သွားပါက တောင်ညိုတောင်ခြေမတိုင်မီ "ဂျုံးဂျုံးကျ" စမ်းရေပေါက်ရှိရာ တောအုပ်လျှိုမြောင်တို့ကို ရေးဦးစွာ မြင်တွေ့နိုင်ပါသည်။ ထိုတောအုပ်နှင့် ဆက်စပ်နေသော အရှေ့မြောက်ယွန်းယွန်း ကွင်းပြင်ကျယ်ကြီးသည် ညီစန်တို့၏ နွားစားကျက်မြေပြန့်ပင် ဖြစ်လေတော့၏။

နွားအုပ်ထဲမှ နွားတို့သည် စားကျက်မြေအတွင်းသို့ လွတ်လပ်စွာ ချဉ်းနင်းဝင်ရောက်သွားကြပြီ။

ညီစန်လည်း နားခိုနေကျ အရိပ်ကောင်း ပညောင်ပင်ကြီးအောက်၌ သွားရောက်နေရာယူ၍ အမောအပန်းဖြေပါသည်။ နေဝန်းကြီး မြင့်တက်လာသည်နှင့်အမျှ ညီစန့်ပူပန်စိတ်ကလည်း...

"အမေ နေမကောင်းလို့ ကနေ့ ထမင်းမချက်ဟု ပြောခဲ့သည်။ ခုချိန်လောက်ဆိုလျှင် ရဟန်းတော်များ၊ အထူးသဖြင့် ကန်ကလေးကျောင်းတိုက်မှ ဦးဇင်းများ ရွာတွင်းဝင်၍ ဆွမ်းခံကြွချေပြီလား။ အမေတစ်ယောက် ဆွမ်းလောင်းဖြစ်တော့မည်မထင်ပါ။ သားသိသမျှ အမေသည် တန်းစီကြွလာသော ရဟန်းတော်များအား ဆွမ်းဒါနလောင်းလှူရန် ဝါသနာကြီးသည်။ ထိုသို့လောင်းလှူရသည့်အတွက် ပီတိဖြစ်လျက် ပျော်ရွှင်နေစမြဲ။ ရှိသမျှဖြင့် ဒါနပြုရသည်ကို ကျေနပ်၍ ကြည်ညိုနေတတ်သော အမေ။ အမေ ဆွမ်းဒါနပြုဖို့ ကိုယ်တူကိုယ်ထ လုပ်နိုင်ပါ့မလား"

စိတ်ပူပန်စွာဖြင့် ညီစန် တွေးနေစဉ် ဂျုံးဂျုံးကျ စမ်းရေ၌ ရဟန္တာမြတ်ကြီးနှစ်ပါးတို့ ရေသုံးသပ်တော်မူခဲ့ကြသည်။ ထိုရဟန္တာမထေရ် အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် ဆွမ်းအလို့ငှာ ထိုတောအုပ်ထဲမှ ထွက်ကြွတော်မူကြသည်ကို ညီစန် မြင်တွေ့သွားပြီ။ ညီစန်တစ်သက် နွားကျောင်းသားဘဝ တစ်လျှောက် သည်တစ်ခေါက်ကဲ့သို့ ဆွမ်းခံကြွလာသော ထူးထူးဆန်းဆန်း ရဟန်းတော်များကို တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ရဘူးချေ။

ကျောပြင်နှင့် ထိကပ်နေသော နေ့လယ်စာထုပ်ဆီသို့ ညီစန့်လက်က အလိုအလျောက်ရောက်ရှိပြီး ကိုင်ဆုပ်မိသည်။ ကန်စွန်းဥနှင့် ပြောင်းဖူးတို့က နေပူရှိန်ကြောင့် သိုးနံ့ထွက်,မထွက်၊ အရသာပျက်,မပျက်ကို သူ မမှန်းဆတတ်ပါ။ ရဟန်းတော်နှစ်ပါးတို့က သိုးနံ့ထွက်၍ အရသာပျက်နေသော အာဟာရဝတ္ထုကို အလှူခံ,မခံကိစ္စအတွက်သာလျှင် သူ မှန်းဆကြည့်သည်။ အဲ - လှူဖွယ်ဝတ္ထုအပေါ် စိတ်က အမွန်အမြတ်ပြုရသည်ဟု အမေပြောဖူးသည်ပဲ။

မြင့်မြတ်သော အလှူခံ ပုဂ္ဂိုလ်၊ စေတနာစင်ကြယ်သော ပေးလှူသူ၊ သန့်ရှင်းသော အလှူဝတ္ထု၊ သည်သုံးမျိုးပေါင်းဆုံ၍ ပြည့်စုံနေပါပြီ။ နေမင်း၏ ထွန်းလင်းသော ရောင်ခြည်အောက်၌ ရွှေဝါရောင် သင်္ကန်းတို့သည် ဝင်းလက်တောက်ပနေသည်။ ညီစန်၏ အာဟာရဒါနသည် ပညောင်ပင်ကြီး၏ အောက်ခြေ၌ ရွှေကိုယ်တော်နှစ်ပါး၏ သိုးမြောက်မှုဖြင့် အောင်မြင်စွာ ပြီးမြောက်သွားချေပြီ။

တည်ကြည်ငြိမ်းအေးသော ကိုယ်တော်မြတ်နှစ်ပါး၏ ကြာခြေတော်၌ ဖူးမြော်ဦးခိုက်လျက် လက်အုပ်ချီမိုးကာ ရှိခိုးကန်တော့လိုက်ပါသည်။ ညီစန်၏ နှလုံးအိမ်မှ စိမ့်ထွက်



www.burmeseclassic.com

www.burmeseclassic.com

ယိုစီးလာသော ဝိတိခံစားမှုတို့သည် အသွေး၊ အကြော၊ အသား၊ ရိုးတွင်းချင်ဆီအထိ တစ်ကိုယ်လုံး ပျံ့နှံ့သွားလျက် တစိမ့်စိမ့်ကျေနပ်ခြင်း၊ တသိမ့်သိမ့်ကြည်နူးခြင်းသို့ ရောက်လေ၏။

"အရှင်ဘုရားတို့ . . . ဆင်းရဲလှသော တပည့်တော်၏ သေးနုပ်သော ဝတ္ထုကို အလှူခံတော်မူပါ ဘုရား"

ဆွမ်းခံ ကိုယ်တော်မြတ်ကြီးတို့က အလှူခံယူလျက် သာခုသုံးကြိမ်စီ ခေါ်တော်မူကြပါ၏။

"ငါ အငတ်ခံပြီး ပေးလှူတာကို အမေသိရင် သိပ်ဝမ်းသာမှာပဲ။ အိမ်ပြန်ရောက်မှ အမေ သာခုခေါ်ဖို့ အမျှပေးဝေရမယ်။ ကျေနပ်ပြီး ဝိတိဖြစ်ရတဲ့ အလုပ်မျိုးကို ငါလုပ်နိုင်တာပဲလေ"

♦♦♦

ညီစန် အာဟာရဒါနပြုသောရက်မှ ခုနစ်ရက်မြောက်သော နံနက်ပိုင်းတွင် ကန်ကြီးရေပြင်ကျယ်၌ ရွှေအိုးလေးတစ်လုံး ပေါ်လောမျောပါနေသည်ကို အာဂမ္ဘ ဘုရားဖူးတစ်စုက မြင်တွေ့သွား၏။

ထိုသို့ မြင်တွေ့၍ ဆင့်ပွားပြောကြားမှုကြောင့် နောက် ၁၀ယောက်၊ နောက် ၁၀၀ စသည်ဖြင့် သတင်းပြန့်ပွားလျက် လာရောက်ကြည့်ရှုလျက် ရှိကြသည်။ ကန်ကြီး ရွှေအိုးလေး သတင်းသည် ကော့တဗင်ရွာနှင့် ဇရာမြို့ နယ်နိမိတ်ကို ဖောက်ထွက်ကာ မပွန်မြို့၊ မတ္တမမြို့၊ ဝါခရူမြို့၊ လမိုင်းမြို့ ရေးမြို့များအထိ ပြန့်ပွားရောက်ရှိသွားလေသည်။ မြင်ရသူတိုင်း၊ ကြားကြသူတိုင်းအဖို့ ထူးခြားအံ့ဖွယ် ဂမ္ဘီရဆန်းကြယ်ဖြစ်နေပေ၏။

"ကန်ကြီး ကန်ရေပြင်မှာ ရွှေအိုးလေးတစ်လုံးထွက်ပေါ်လာသတဲ့"

"ထူးဆန်းလိုက်ပုံက ရွှေအိုးလေးဟာ ရေပေါ်မှာ ရွက်လွှင့်သလို မျောပါနေတာဆိုပဲ"

ဤတွင် ကန်ကလေးကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော ဆရာတော်ကြီးတစ်ပါးကလည်း လာရောက်ဖူးစမ်းကြသော ပရိသတ်လေးပါးတို့အား ဤကဲ့သို့ မိန့်ကြားခဲ့သည်ဟု အဆိုရှိ၏။

"ဤဒေသ၌ ပါရမီကုသိုလ်ကံ ကြီးမားသော ပုဂ္ဂိုလ်ထူးရှိနေ၍ ရွှေအိုးပေါ်လာခြင်းဖြစ်ဟန်တူကြောင်း၊ ဂရုဓမ္မသီလစောင့်ထိန်းလျက် အဓိဋ္ဌာန်ပြုကာ ရွှေအိုးကို ဆယ်ယူသင့်ကြောင်း၊ မိမိတို့၏ ရှေးကုသိုလ်ကံ ပါရမီအလျောက် ထိုက်တန်သူအဖို့ အောင်မြင်မှု ရနိုင်ကြောင်း"

အုတ်အော်သောင်းတင်း ဆွဲအားပြင်းလှသော ကန်ကြီးရွှေအိုးလေးကို ကြည့်ရှုရန်၊ ဆယ်ယူရန် ကြားသိသူတိုင်း စိတ်အားထက်သန်နေကြသည်။

"သွားကြည့်ကြမယ်ဟေ့၊ ကော့တဗင်ကန်ကြီးထဲက ရွှေအိုးကို ဘယ်သူမှ မရသေးဘူးတဲ့"

"ဟေ့ - လာကြ သူငယ်ချင်းတို့ ကန်ကြီး ရွှေအိုးလေးကို ငါတို့ အဓိဋ္ဌာန်နဲ့ ဆယ်ယူကြရအောင်"

အရပ်ရှစ်မျက်နှာရှိ တခြားမြို့ရွာများမှ ရဟန်းရှင်လူပရိသတ်မျိုးစုံသည် ကန်ကြီးစေတီတော်နှင့် ကန်ကြီးကန်ပရဝဏ်ပတ်ဝန်းကျင်သို့ အသီးသီး တစ်သုတ်ပြီးတစ်သုတ် ရောက်လာစုဝေးကြလေသည်။

ကန်ကြီးကန်သည် သဘာဝအလျောက် ဖြစ်ပေါ်လာသော ထုံးအိုင်အမျိုးတွင် အကျုံးဝင်သည်။ အောက်ခြေဂဝံမြေသည် အပေါ်မြေထု၏ နှစ်ပရိစ္ဆေဒများစွာ ဖိနှိပ်ထားမှုကြောင့် ဂဝံကျောက်အမာဖြစ်လာသည်။ အကြိမ်ကြိမ်တိုက်စား၍ ဖယ်ထုတ်ခြင်းခံရသော အပေါ် မြေလွှာနေရာ၌ ရေပြင်ကျယ်က အစားထိုး လွှမ်းမိုးလာရာ ဧရိယာ ၅ကေနီးပါးရှိနေခဲ့ပြီ၊ အကျယ်ဆုံး ကမ်းနှစ်ဖက်၏ အကွာအဝေးမှာ တစ်မိုင်ခန့်ဖြစ်လေသည်။

အနိုက်များ ကင်းစင်၍ ကြည်လင်အေးမြသော ရေပြင်မှာ ပေ ၁၈၀ ရှိသည်ဟု ဆို၏။ ကန်ကြီးရေပြင်မှာ ကျယ်ဝန်းသည်နှင့်အမျှ အကွေ့အကောက် အပြတ်အလပ်များ ရှိနေရာ ကောင်းကင်အထက်စီးမှ ကြည့်ရှု၍ ပုံဖော်ခဲ့လျှင် ဥဒေါင်းငှက်သဏ္ဌာန် ရုပ်ပေါ်လွင်နေသည်။

လူစုလူအုပ်ကြီးမားသည်ဖြစ်၍ ကန်ကြီးကန်၌ ပွဲတော်တမျှ စည်ကားနေသည်။ သောက်ဖွယ်စားဖွယ်နှင့် အသုံးအဆောင်ပစ္စည်း၊ ကစားစရာပစ္စည်းရောင်းချသော ဈေးတန်းနှင့် ဆိုင်ငယ်များလည်း မှိုပွင့်သကဲ့သို့ ပေါ်ပေါက်လာသည်။ ရပ်ရွာခံ ဆိုင်ဖွင့်သူများအဖို့ အရောင်းအဝယ်များပြားလာ၍ အကျိုးဖြစ်ထွန်းပါသည်။ ဤနည်းတူစွာ ဘုရားဖူးအဖွဲ့များပြားလာ၍ ကန်ကြီးစေတီတော်လည်း အလှူငွေအများအပြားကို လက်ခံရရှိချေလ၏။

ကန်ကြီးရေပြင်အနီးရှိ ပရိသတ်ထုကြီး၏ မျက်စိအောက်၌ ရွှေအိုးလေးသည် လူးလားခေါက်ပြန် သက်ရှိဟန်ဖြင့် အရပ်မျက်နှာစုံသို့ စုန်ဆန်သွားလာနေသည်။ လိုချင်စိတ်မက်မောစိတ်မရှိဘဲ ကြည့်ရှုလိုစိတ်မျှဖြင့် ကြည့်နေသော ပုဂ္ဂိုလ်ထံသို့ ရွှေအိုးလေးက အနီးကပ်ပေးတတ်သည်။ ကြည့်နေသူက စိတ်ပြောင်းလျက် လောဘထွက်ပြုလိုသည်နှင့်

www.burmeseclassic.com

လက်မလှမ်းရသေးမီပင် ရွှေအိုးလေးက ဝေးရာသို့ ပြေးခွာသွားလေ့ရှိသည်။ ရှမြင်ရသူတို့အဖို့ အံ့သြ၍မကုန်၊ ချီးမွမ်း၍ မပြီးနိုင်ဖြစ်ကြရလေသည်။

ကန်ကြီး ရွှေအိုးလေးကို မည်သူကမှ သိမ်းယူ၍ မရနိုင်ဘဲ အဓိဋ္ဌာန်ပြုကြသူ ပရိသတ်အားလုံး လက်မှိုင်ချထားခဲ့သည်မှာ ထူးခြားအံ့ဖွယ်တစ်ရပ်ပါတည်း။

♦♦♦

တပေါင်းလကွယ်နေ့၏ ညနေချမ်းအချိန်ဖြစ်သည်။

ဇရားမြို့စား ဗညားသံဗွိမင်းသည် သူတုန်းကံ၊ သူပါရမီကို စမ်းသပ်လို၍ အခြံအရံနောက်ပါများနှင့်တကွ ကန်ကြီးသို့ ဆိုက်ရောက်လာသည်။ မြို့စားမင်းက ကန်ကလေး ဆရာတော်ထံ ပူဇော်ဦးတိုက်၍ အဓိဋ္ဌာန်တင်ပြီးမှ ပိုက်ကွန်အသစ်ဖိုးမုံ၊ လှေအသစ် ငါးစင်းဖြင့် လာရောက်ခြင်းဖြစ်သည်။ ထိုသတင်းသည် အတ်အတ်ကျက်ကျက်ဖြစ်နေသောကြောင့် ညီစန်တို့သားအမိလည်း ထိုရွှေအိုးဆယ်ယူပွဲသို့ အများနည်းတူ တိုးဝှေ့၍ ကြည့်ဖြစ်ကြလေသည်။

လှေတစ်စင်းလျှင် တက်ကိုင်တစ်ယောက်နှင့် ကွန်ကိုင်တစ်ယောက် လူနှစ်ယောက်သာ စီးခွင့်ရသည်။ လှေငါးစင်းနှ လူ ၁၀ယောက်ပြည့်နေရာ ကွန်ကိုင်တစ်ယောက်မှာ မြို့စားမင်းကိုယ်တိုင်ဖြစ်သည်။ လှေကို ဖြည်းဖြည်းလှော်၍ ကမ်းမှ ခွာခဲ့ကြပြီ။ ရွှေအိုးလေးက ဘယ်အရပ်ဆီ ရောက်နေသနည်း။ ညနေစောင်း နေရောင်ခြည်အောက်ရှိ ကန်ရေပြင်လင်းလင်းလက်လက်အတွင်း ရွှေအိုးလေးက ဝင်းဝင်းပပ ပေါ်ထွက်လာသည်။

လှေငါးစင်းက ရွှေအိုးလေးရှိရာသို့ စက်ဝိုင်းသဏ္ဌာန် အကျယ်မှ အကျဉ်းသို့ ရောက်အောင် ချဉ်းကပ်လှော်ခတ်နေကြပြီ။ ရွှေအိုးလေးအား ထွက်ပေါက် ပြေးကွက်မရှိစေရန် စနစ်တကျ ပိတ်ဆို့ထားလိုက်ပြီ။

"ကွန်ပစ်ကြ"

မြို့စားမင်း၏ အမိန့်ပေးသံက ကျယ်လောင်စွာ ထွက်လာသကဲ့သို့ မြို့စားမင်း၏ ကွန်အပါအဝင် ကွန်ငါးဖုံလည်း လေထဲတွင် ပျံဝဲထွက်လာပြီးနောက် ရွှေအိုးလေးအပေါ် ဖုံးလွှမ်းကျရောက်သွားတော့၏။ သို့သော် ရွှေအိုးလေးကို မည်သည့်ကွန်အတွင်း၌မျှ မတွေ့ရပါ။ ဝန်းရံထားသော လှေများ၏ စက်ဝိုင်းအပြင်ဘက် ရေပြင်တစ်နေရာ၌ လှုပ်ရှားမြူးကြွနေဟန်ဖြင့် မြင်တွေ့ကြရ၏။ မျက်မြင်ကိုယ်တွေ့ဖြစ်၍သာ ယုံကြည်ကြတော့၏။

"ဟာ…ဟယ်…ဟင်…ဘယ်လိုဖြစ်တာပါလိမ့်"

"တကယ်ဆန်းကြယ်တဲ့ ဖြစ်ရပ်ပဲနော်"

"ပဥ္စလက်ဆရာမပါပေမယ့် မျက်လှည့်ပွဲက ကြည့်ကောင်းပြီး ထူးခြားတယ်ဗျ"

မြို့စားမင်း အရှက်ရမည်ကို စိုးရိမ်၍ ထပ်မံ ပိတ်ဆို့ဝန်းရံသည်။ ထပ်၍ထပ်၍ ကွန်ပစ်ကြပြန်သည်။ ရွှေအိုးလေးကား လွတ်လပ်စွာ လှုပ်ရှားဆော့ကစားနေမြဲ။ ဒေါသစိတ်ဖြင့် မြို့စားမင်း တစ်ကြိမ် နှစ်ကြိမ်မက နေဝန်းစန်းစန်းမြုပ်သည်အထိ ကြိုးပမ်းခဲ့သည်။ အကြိမ်ကြိမ်တိုင်းပင် အချည်းနှီးဖြစ်ရသောကြောင့် ဆုတ်နစ်သောစိတ်ဖြင့် ဘုန်းကံပါရမီစမ်းသပ်ပွဲကို မြို့စားမင်း စွန့်လွှတ်လိုက်ရလေ၏။

"ဟေး…ဘုန်းကံရှင် ဘယ်ရောက်နေသလဲ၊ ပါရမီရှင်က ဘယ်သူဖြစ်မလဲ"

မအောင်မြင်သော စမ်းသပ်ပွဲမှအပြန်တွင် ပရိသတ်ကြီးက မချင့်မရဲဖြင့် ဟစ်ကြွေးနေကြသည်။ သိလိုစိတ်ဖြင့် တောင့်တခြင်း၊ မျှော်လင့်စိတ်ဖြင့် စောင့်စားခြင်းရှိသည်ဖြစ်၍ ပရိသတ်ကြီး၏ စိတ်ဝင်စားမှု၊ စိတ်ထက်သန်မှုတို့သည် ကန်ကြီး ရွှေအိုးလေးအပေါ်သို့ စုပြုံ သက်ရောက်နေလေတော့၏။

♦♦♦

မဟာသင်္ကြန်ကာလသို့ ဝင်ရောက်တော့မည့် အကြိုနေ့နံနက် အရုဏ်မတက်မီဖြစ်သည်။

ကော့တဗင်ရွာ၊ ရေလုပ်ငန်းပိုင်ရှင် လူကုံထံတစ်ဦး၏ နှစ်ထပ်အိမ်ကြီးအပေါ်ထပ်ရှိ ဘုရားခန်း၌ ဆီမီးများ ထွန်းလင်းနေသည်။ သူဌေးကတော် သီလဆောက်တည်၍ အဓိဋ္ဌာန်ပြုပြီးနောက် အစေအပါး ငွေတုတ်ကို ခေါ်ကာ အောက်ထပ်သို့ ဆင်းလာသည်။ အိမ်စောင့်တို့က တံခါးမကို ဖွင့်ပေးကြ၏။

"အိမ်ကို လုံခြုံအောင် စောင့်ကြပ်ရစ်ကြ။ ဝိရိယ မပေါ့နဲ့။ လာ - ငွေတုတ်၊ သွားကြစို့"

သူဌေးကတော်အမည်က အချောအလှ ကွမ်းတောင်ကိုင် ရှင်စောဥ။ ရှင်စောလှ၏ သူငယ်ချင်းတစ်ဦး။ သူတို့နှစ်ယောက်စလုံးက တစ်ရွာတည်းသား တစ်ကောင်ကြွက်ဖြစ်သော လုသူရင်းထား ညီလိန်ကို အပျိုဖြန်းအရွယ်တွင် အတူတူရင်ခုန်ကာ ချစ်ကြိုက်ခဲ့ကြသည်။ ရှင်စောလှအပေါ် အနိုင်ရယူလိုသဖြင့် ညီလိန်ကို အပိုင်သိမ်းအံ့သောစိတ်ဖြင့် ရှင်စောဥက ပရိယာယ်အကွက်ဆင်ခဲ့သည်။ မာယာကျော့ကွင်းမြှုပ်ခဲ့သည်။ ညီလိန်က ထိုအကွက်သို့ မဝင်ဘဲ ထိုကျော့ကွင်း၌ မနင်းဘဲ ရှောင်နိုင်တိမ်းနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

ညီလိန်က ဣန္ဒြေပြည့်ပြည့် သိမ်သိမ်မွေ့မွေ့ဖြင့် ဆက်ဆံတတ်သော ရှင်စောလှကို ရွေးချယ်ခဲ့၏။ ထိုအခါ ရှင်စောလှနှင့် ညီလိန်တို့ကို မနေ့ဥစ္စာဖြင့် အနိုင်ရယူရန် ရှင်စောဥ ဆုံးဖြတ်ခဲ့ပြန်သည်။ သူတို့နှစ်ဦး အိမ်ထောင်ပြုချိန်နှင့် မရှေးမနှောင်းပင် ရှင်စောဥက တစ်ရွာတည်းသား ရေလုပ်ငန်းရှင် လူကုံထံ သားတစ်ယောက်ကို ရွေးချယ်လက်ထပ်လိုက်၏။ ရှင်စောလှတို့တွင် သား ညီစန်ကို ဖွားမြင်ထားသော်လည်း ရှင်စောဥတို့တွင် သားသမီးထွန်းကားလာခြင်း မရှိသေးချေ။

အချစ်ရေးနှင့် သားသမီးထွန်းကားမှုတွင် ရှုံးနိမ့်နေရသော ရှင်စောဥက ရှင်စောလှထက် မနေ့ဥစ္စာအရာတွင်သာမက၊ ဘုန်းကံပါရမီတွင်လည်း အသာရ၍ အနိုင်ယူရန် ပိုင်းဖြတ်ထားပြီးဖြစ်သည်။ သို့ဖြင့် ငါးဖမ်းထွက်ရာ မုတ္တမပင်လယ်ပြင်မှ ခင်ပွန်းလင် ပြန်မရောက်မီ မဟာသင်္ကြန်အကြိုရက်တွင် ရွှေအိုးလေးကို ဆယ်ယူရန် မင်္ဂလာအကြံအစည်အတွက် နံနက်စောစောလှုပ်ရှားနေခြင်းပါတကား။

ရှင်စောဥက လူသူလေးပါးကင်းသော အစိတ္တာန်ပြုသူ မရှိသေးသော ကန်ကြီးကမ်းပါးတစ်နေရာကို ရွေးချယ်ခဲ့သည်။ မိုးစင်စင်မလင်းသေး။ အရှေ့ဘက်ဆီ၌ ရောင်နီပျို့အန်တော့မည်။ ရှင်စောဥက သူကြားဖူးနားဝရှိခဲ့သော ကံန်ကြီး နဂါးသိုက် ပါးစပ်ရာဇဝင်ထဲက သိုက်ရာဇာအမည်တို့ကို ထုတ်ဖော်ကာ လာရောက် စောင်မရန် ဖိတ်ခေါ်နေသည်။ မျက်စိမှိတ်၍ အာရုံ၌ ပေါ်,မပေါ် စူးစိုက်ထားလိုက်၏။ ငွေတုတ်အသံထင့်။

"မမကြီး…မမကြီး၊ ရွှေအိုးလေး ပေါ်လာပြီ၊ တရွေ့ရွေ့ နီး,နီးလာတယ် မမကြီး"

အစိတ္တာန်အောင်မြင်မည်ဟူသော ယုံကြည်စိတ်ဖြင့် ရှင်စောဥ မှိတ်ထားသော မျက်စိကို ဖွင့်၏။ အနီးကပ်ရောက်နေသော ရွှေအိုးလေးကို ယာလက်ဖြင့် လှမ်းကာ ဖမ်းကိုင်ဆုပ်လိုက်ပါ၏။ မြင်နေရသည်မှာ ကြာဖူးသဏ္ဌာန် ရွှေအိုးလေးအား ဖုံးအုပ်ဖွဲ့စည်းထားသော ကြာပွင့်ဖတ် သုံးခုနှင့် ခေါင်းထောင် နဂါးသုံးကောင်။ တွေ့ကြုံခံစားရသည်မှာ နဂါးတစ်ကောင်ကို ဖမ်းဆုပ်မိထားသော ရှင်စောဥ၏ လက်ဖမိုး၌ ကျန်နဂါးနှစ်ကောင်၏ ဖိညှပ်ထားမှု။ ထူးခြားဆန်းပြားနေသည်က လက်ဆုပ်မြဲမြဲဖြင့် ဆွဲယူကြည့်သော်ငြား ရွှေအိုးလေးက လုံးဝ မလှုပ်၊ ပကတိ ကျောက်ရုပ်။ နာကျင်သဖြင့် လက်ကို လွှတ်ကာ ရုပ်သိမ်းသော်ငြား နဂါးနှစ်ကောင် အဖိအညှပ်မှ မကျွတ်။ ရုန်းထွက်၍ မလွတ်ခြင်းပါတကား။ ယူလျှင် မရ၊ ရုန်းလျှင် နာလှချေ၏။ အခက်တွေ့ကြုံပြီ၊ ဘယ်သူ့အသံလဲ။

"သင့်လက်၌ နဂါးအဆိပ်ထိထားသည်၊ နေထွက်သည်နှင့် အဆိပ်တက်ပြီး သင်သေရအံ့။ စဉ်းစားပါလော့။ သင်ဝတ်ဆင်ထားသော ကျောက်မျက်ရတနာအားလုံးကို နေမထွက်မီ ပေးစွန့်ရန် ကတိပြုမည်လား။ ကတိပြုနိုင်ပါက သင့်အသက်ချမ်းသာမှုကို ဖြစ်စေအံ့"

တိုးတိုးတိတ်တိတ်ဖြင့် ကျိတ်ကြံကျိတ်လုပ်ကာမှ ရှင်စောဥ သေဘေးနှင့် ကြုံရပြီ။ ခြော်…ကံဆိုးလှပေစွ။ အရုက်ကွဲမည့်ထက် သေပွဲဝင်မည့်ဘေးက မဝေးတော့၊ ရွှေအိုးလေး၏ ညင်သာသော်လည်း စိုးထိတ်ဖွယ် ခြိမ်းခြောက်မှုကို အန်တု၍ မလွတ်မြောက်နိုင်။ အကြိတ်အနယ် ပြိုင်အပ်သောပွဲမဟုတ်။ ကြိတ်မှိတ်ခံရတော့မည်သာ။

"ကောင်းပါပြီ ရွှေအိုးလေး။ ရတနာတို့ကို ပေးစွန့်ရန် ကတိပြု…ပြုပါ၏"

ကြိတ်မနိုင် ခဲမရ ရှင်စောဥစိတ်က မကျေနပ်လှစေကာမူ အသက်သေးကြံခိုက် မနေ့ဥစ္စာကို ကြောင့်ကြမစိုက်နိုင်တော့ပြီ။ ထူးဆန်းပေ၏။ အံ့ဖွယ်အတိ။ ရှင်စောဥ လက်ဝါးသည် မရုန်းဘဲ မနာမကျင်ဘဲ လွတ်၏။ စောစောက အဆိပ်ထိ၍ အညိုရောင်သမ်းလာသောလက်သည် မူလအသားရောင်အတိုင်းဖြစ်သွား၏။

"ဟောတော့… ငါ့လက်ဝတ်လက်စားတွေ ဘယ်ရောက်သွားသလဲ"

ရှင်စောဥ ရေရွှတ်မြည်တမ်းသံက နောက်ကျသေးသည်။ ရှင်စောဥ၏ ပုလဲတစ်ဆင်စာ၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ဆံထိုးနှင့် နားကပ်တို့သည် ရွှေအိုးလေးသယ်ဆောင်ရာသို့ လိုက်ပါ ကွယ်ပျောက်သွားခဲ့ချေပြီ။

◆◆◆


ထိုအကြိုနေ့၏ ညဉ့်သုံးယံကုန်ခါးတော့မည့် မိုးသောက်ယံတွင် အိပ်ပျော်နေသော ညီစန်က ကြုံကြိုက်ခဲလှသော အိပ်မက်ဆန်းတစ်ခုကို မြင်မက်လေသည်။ အိပ်မက်ကား ဤသို့ပါတည်း။

ညီစန်သည် ကန်ကြီးကန်ရေပြင်ကျယ်ကို ကမ်းပါးတစ်နေရာ၌ ထိုင်လျက် ကြည့်နေလေသည်။ ရုတ်တရက် ပွက်ထလျှာနေသော ရေပြင် ဝဲဂယက်လှိုင်းများထဲမှ နဂါးရုပ်ဦးထိပ်ရှက်သော ပုဂ္ဂိုလ်ကြီးတစ်ယောက် ထွက်ပေါ်လာကာ သတင်းစကားပြောကြားပါသည်။

"တူတော်မောင်…ချိုးမွှမ်းထိုက်တဲ့ သစ်သီးဆွမ်းဒါန ကြောင့် တူတော်မောင်ရဲ့ ရှေးရေးကုသိုလ်ပါရမီဟာ ပွင့်လန်းသွားပြီကွယ်၊ နှစ်သစ်ကူးပြီးတဲ့အခါမှာ တူတော်မောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓသာသနာတော်ကို ပြုစုစောင့်ရှောက်ရလိမ့်မယ်။ ကန်ကြီး ရွှေအိုးလေးက သာသနာတော်နဲ့ ကန်ကြီးစေတီတော်အတွက် ဦးရှီးတော်ရဲ့ အထောက်အပံ့ လိုတရ ဆုလာဘ်ပေးပဲ။ နှစ်ဆန်းတစ်ရက်နေ့မနက်ပိုင်းမှာ တူတော်မောင် အစိတ္တာန်တင်ပြီး ရွှေအိုးလေးကို ယူငင်သိမ်းပိုက်ပါလေ"

နံနက်မိုးလင်းသောအခါ ယာဂုပြုတ်နေသော မိခင်အား သားက အိပ်မက်အတိုင်း ပြောပြပါသည်။ မိခင်က သံသယဝင်သဖြင့် မသိမသာ သက်ပြင်းချလိုက်မိသည်။ ပြီးမှ နှစ်သိမ့်စကားဖြင့် ဖျောင်းဖျရှာသည်။

"ညီစန်…အိပ်မက်အတိုင်း ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် သိပ်အစွဲမကြီးနဲ့နော် သား"

လူငယ်ပီပီ ညီစန်က မဟာသင်္ကြန်ပွဲတွင် လွတ်လပ်ပျော်ရွှင်စွာ ဝင်နွှဲခဲ့သည်။ အိပ်မက်ကိုကား မေ့မေ့ပျောက်ပျောက်မထားနိုင်။ သင်္ကြန်ပွဲပြီးလျှင်ဟူသော အတွေးက ရှင်လန်းတက်ကြွဖွယ်ရာ ဖြစ်နေချေ၏။

အိပ်မက်ထိဖွင့်ရက် နံနက်ပိုင်းရောက်လာပြီ။

ရှင်စောလုသည် သား စိတ်ကျေနပ်စေရန်သာ အတူလိုက်ပါလာသည်။ မအောင်မြင်လျှင် သား စိတ်ဆင်းရဲ ညှိုးငယ်သွားမည့်အဖြစ်ကို မတွေ့ရဲလောက်အောင် ပူစပ်ပူလောင်ရှိနေသည်။ ညီစန်ကား မိခင်နှင့် မတူဘဲ အပူအပင်မရှိအောင် လန်းဆန်းတက်ကြွနေသည်။ နေဝန်းမထွက်ပြူမီ ကန်ကြီးသို့ လျှောက်လှမ်းလာကြပြီ။

မိုးမသောက်မီ ရှင်စောလု နီးထသည်နှင့် ပန်း၊ ရေချမ်း၊ သစ်သီးခွမ်းနှင့် ယာဂုခွမ်း၊ ဆီမီးတို့ကို ဘုရားစင်၌ ပြင်ဆင်ပေးသည်။ သားနိုးသည့်အခါ ဂရုစမ္ပသီလကို သားအမိ ပြိုင်တူဆောက်တည်ခဲ့ကြသည်။ ညီစန်လည်း မိခင်နှင့် အတူတကွ မေတ္တာသုတ် ရွတ်ပွားဖြန့်ဝေရန်၊ သဝေမပါ ကိုးဂါထာနှင့် စ-ခ-ဗ-ဝ ဂါထာတော်တို့ကို သက်စေ့ရွတ်ဆိုရန် မမေ့ခဲ့ပါ။ အလှူခံကိုယ်တော်မြတ်ကြီးနှစ်ပါး စောင့်ရှောက်တော်မူပါရန်လည်း တိုင်တည်မိခဲ့သေး၏။

ကန်ကြီးကမ်းပါးတစ်လျှောက် သူတို့သားအမိနည်းတူ အစိတ္တာန်ပြုမည့်သူများ၊ အစိတ္တာန်တင်နေသူများအားလုံးသည် တလှုပ်လှုပ်ဖြင့် ကိုယ်စီ အလုပ်လုပ်နေကြချေပြီ။ ညီစန်တို့လည်း နီးစပ်ရာ၊ လစ်လပ်ရာ ကမ်းပါးရေစပ်၌ သက်သက်သာသာ နေရာယူ၍ အလုပ်စတင်လိုက်ပါသည်။ သစ်သီးခွမ်းဒါနကို အာရုံပြု၍ စိတ်ညွှတ်နေ၏။

"ဦးရှီးတော် အိပ်မက်ပေးတိုင်း မှန်ကန်ပါက တပည့်တော် ညီစန်ရှေ့မှောက်သို့ ထိုက်တန်သော လိုတရ ရွှေအိုးလေး မလွဲမသွေ အရောက်လာပါစေသား"

ထူးခြားအံ့ဖွယ်ရှိလေစွ။

အဘယ်ရေအောက်၌ ငုပ်ပျောက်နေသည် မသိနိုင်ကြသော ရွှေအိုးလေးသည် ကန်ရေပြင်ထက်သို့ ဘွားခနဲ ပေါ်ထွက်လာသည်။ ရှက်တပ် လေ့ငယ်သည့် လေအဟုန်ပင့်ရာ တူရူအရပ်သို့ လျင်မြန်စွာ ရေရုပ်တိုက်၍ ပြေးသွားသကဲ့သို့ ရွှေအိုးလေးသည် ညီစန်၏ အစိတ္တာန်ပင့်ရာ ကမ်းစပ်သို့ ရေရုပ်တိုက်ကာ အရောက်ပြေးလာလေ၏။ ညီစန့်ဝန်းကျင်ရှိ အစိတ္တာန်တင်ကြသူများအားလုံးသည် မိမိတို့ဆီ အပြေးလာနေသည်ဟု ကိုယ်စီအထင်ရှိနေကြသည်။ ရွှေအိုးလေးက ညီစန်၏ ရှေ့မှောက်၌ ရောက်ရှိ ရပ်တန့်နေမှန်း အသေအချာမြင်တွေ့သွားကြပါ၏။

"ဟင်…ရွှေအိုးလေးက ရှင်စောလုသားရှေ့မှာ ရပ်နေသတော့"

"အိုး…ငါ့ရှေ့ရောက်လာဖို့ နည်းနည်းပဲ လိုတော့တာကွ…ဟီးဟီး"

"ဟယ်…အံ့သြစရာ၊ ရှင်စောလုသားရဲ့ ပါရမီပေပဲ"

"အင်း…နောက်ဆုံးတော့ ဘုန်းရှင်ကံရှင် ပေါ်လာပြီပေါ့လေ"

တောမီးပမာ လျင်မြန်စွာ ကူးစက်ပျံ့နှံ့သွားသော (သို့မဟုတ်) မိုးသောက် လေအေးလေညင်း ဆောင်ယူပေးသော ညီစန်၏ အောင်ပန်းသတင်း။ ရွှေအိုးလေးရှိနေသော သားအမိ



www.burmeseclassic.com

www.burmeseclassic.com

အနီးသို့ သူထက်ငါ ရေရောက်အောင် အလုအယက်တိုးဝှေ ကြည့်ရှုခြင်း။ ဤအနေအထားတွင် ရွှေအိုးလေးကို ဆယ်ယူလျက် ပခုံးထက်၌ တင်ထမ်းကာ လမ်းလျှောက်ပြန်ရမည်မှာ ခဲခဲယဉ်းယဉ်း။ ဖျတ်ခနဲ ပေါ်လာသော စိတ်ကူးကို မိခင်က သားထံ တီးတိုးဖြန့်ဝေပေးလိုက်၏။

"ကန်ကြီးရွှေအိုးလေး…ထိုက်တန် သင့်တော်သော သင်၏ နေရာကို သိ၍ ဆန္ဒရှိသလို သွားရောက်ပါချေ"

ပြတ်သား ကြည်လင်သော ညီစန်၏ စကားသံကို ပရိသတ်အားလုံး နားဆင်လိုက်ကြရ၏။ ပရိသတ်၏ မျက်စိအောက်မှ ရွှေအိုးလေးသည် အမိန့်နာခံသူပမာ ဝဲယာတစ်ချက်စီ ယိမ်းငဲ့၍ အထင်အရှားပင် လှုပ်ခါပြလေ၏။ ပြီးလျှင် ကန်ရေပြင်ကျယ်သို့ ဟိတ်ကြီးဟန်ကြီးထုတ်ကာ တလှုပ်လှုပ်ဖြင့် ဣန္ဒြေရရ ငြိမ့်ငြိမ့်သာသာ ရွေ့လျားလာ၍ ရေအောက်အထိ စုတ်ခနဲ ငုပ်လျှိုးသွားပါတော့၏။ ပရိသတ်ကြီးကား ယခုမှ ပင့်သက်ချပြီး အိမ်ပြန်ရန် လမ်းခွဲနိုင်ကြပါ၏။

"ဟေး…ရွှေအိုးလေး ငုပ်လျှိုးပြီး ရေအောက်မှာ ကွယ်ပျောက်သွားပြန်ပြီ"

•••

ကဆုန်လပြည့်နေ့။

ဗုဒ္ဓနေ့။

မဟာဗောဓိပင်၌ ရေသွန်းလောင်းသောနေ့။

ညီစန်နှင့် လူငယ် ကာလသားတို့က ကန်ကလေးဓာတုစေတီတော်၌ ကပ်မှီပေါက်ရောက်နေသော ရေညှိပင်၊ ညောင်ပင်ငယ်နှင့် တခြားကပ်ပါးပင်များကို ခွဲနုတ်သုတ်သင်ကြသည်။ ကိုယ်လုံးတော်ပြည့် ထုံးသင်္ကန်းဆက်ကပ်ကြသည်။ အရွယ်အို သက်ကြီးတို့က ဗုဒ္ဓဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်း၊ အဝတ်သင်္ကန်းကပ်လှူခြင်း ပြုလုပ်ကြသည်။ နေ့ခွင်းဆက်ကပ်ပြီးသောအခါ ညဦးယံ တရားပွဲအတွက် ပြင်ဆင်ကြပါ၏။

ညနေပိုင်း ညောင်ရေသွန်းပွဲတော် ကျင်းပရာတွင် ညီစန်တို့က အတီးအမှုတ် အဆိုအကပိုင်းဖြင့် ပါဝင်လျက် ရှင်စောလုတို့က ရေအိုးကိုယ်စီနှင့် အပျိုအချောအလှပိုင်းကို ဦးဆောင် ကြီးကြပ်ကြရသည်။ ညီစန်နှင့် ရှင်စောလု၏ အဝတ်အဆင်တို့သည် ယခင်နှစ်များထက် ထူးခြားစွာ ရွှန်းလက်သစ်လွင်နေသည်ကို တစ်ရွာလုံးက မြင်တွေ့ကြသည်။ ရွှေအိုးလေးနှင့် ဆက်စပ်ပြီး သတိတရရှိနေကြသည်။ ရွှေအိုးရဲ့မရကို သံသယဝင်နေကြသည်။

ညောင်ရေသွန်းပွဲပြီးစီး၍ ကိုယ်စီ အိမ်ပြန်နေကြစဉ် မိန်းမပိုင်းက ကိုယ့်အစု သူ့အစုဖြင့် ဝိုင်းဖွဲ့ကာ တီတိုးစကားဆိုကြသည်။ ခဏချင်းပင် စကားအရှုပ်အထွေးပေါ်လာသည်။ ရှင်စောလုကို ကြည့်ကာ မေးငေါ့သူတို့က ငေါ့ကြသည်။ စောင်းပါးရိပ်ခြေဖြင့် စကားစောင်းမြောင်းကြသည်။ မကြာမီ အသံစွာကျယ်စွာကျယ်ဖြင့် ရန်တွေ့သော ရှင်စောဥ ဈေးခနဲ ရောက်လာပြီးလျှင် ရှင်စောလုအား သူခိုးဟု စွပ်စွဲလာချေပြီ။

"ဟဲ့…မိစောလု၊ နင်ဝတ်ထားတာ ငါ့ပစ္စည်းချည်းပဲ။ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ဆံထိုးနဲ့ နားကပ်၊ အဲဒါ ပုလဲတစ်ဆင်စာလေ။ ငါ့အိမ်ထောင်ဦးပစ္စည်းဟဲ့။ တစ်ရွာလုံး သိကြတယ်။ ကောင်မက ငါ့ပစ္စည်းတွေနဲ့ ကြွားဝါနေလိုက်တာ။ နင် မရှက်ဘူးလား မိစောလု၊ သူခိုးမ"

"သူငယ်ချင်း စောဥရယ်၊ ဒီလို မစွပ်စွဲပါနဲ့။ ငါ သူခိုးမဟုတ်ဘူး။ သူငယ်ချင်းရဲ့ ပစ္စည်းကို ခိုးယူဖို့နေနေသာသာ ရှိနေမှန်းတောင် ငါ မသိခဲ့ပါဘူး။ ငါ့သား ရွှေအိုးလေးထဲက ဒီပုလဲတစ်ဆင်စာရခဲ့လို့ ငါဝတ်လာတာပါ။ ဒီပစ္စည်းတွေက ဘယ်လိုလုပ်ပြီး သူငယ်ချင်းပစ္စည်းဖြစ်နေရတာလဲ၊ ကဲ - ပြောလေ"

တစ်ရွာလုံးက ပုလဲတစ်ဆင်စာကို ရှင်စောဥ၏ ပစ္စည်းမှန်း သိကြသည်။ ထိုနည်းတူစွာ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် ရှင်စောလုကို ယုံကြည်ကြသည်။ ဘက်လိုက်၍ မဖြစ်ပါ။ သို့သော်…သို့သော် လျှို့ဝှက်သော ပဟေဠိ၏ အဖြေညှိပုံကို သိလို မြင်လိုကြသေးသဖြင့် ပရိသတ်ကြီးက စောင့်ကြည့်နေလေ၏။

"မိစောလု အယုတ်တမာမ၊ နင့်သား ရွှေအိုးရတယ်ဆိုတာ မဖြစ်နိုင်ဘူး။ ရွှေအိုးလေး ကန်ကြီးရေပြင်မှာ ငုပ်ပျောက်သွားတာ မြင်တွေ့ထားသူတွေ အများကြီးပဲ။ တကယ်လို့ နင်တို့ ရလာခဲ့ရင်လည်း အဲဒီရွှေအိုးကို ရေမြေ့ရှင် မြို့စားမင်းပဲ ပိုင်ခွင့်ရှိတာလေ။ နင်က ပိုင်စိုးပိုင်နင်းလုပ်ပြီး မင်းပြစ်မင်းဒဏ် မကြောက်မရွံ့ဘဲ ခိုးသုံးနေရဲတယ်။ ရွှေအိုးလေးဟာ မင်းဘဏ္ဍာပဲ။ နားမလည်ဘူးလား။ မင်းဘဏ္ဍာဆိုတာ မြွေဆိုးအဆိပ်ထက် ပြင်းထန်ဆိုးရွားတယ်လို့ နင် မသိဘူးလား အယုတ်တမာမရဲ့"

"အေး ငါသိတယ ရှင်စောဥ။ သူငယ်ချင်း နားထောင်ဦး ငါပြောပြမယ်။ ငါ့သား ညီစန်က အမိဌာန်နဲ့ တရားမျှတစွာ ထိုက်ထိုက်တန်တန် ရွှေအိုးရခဲ့တာ ငါတို့သားအမိပဲ သိတာလေ။ သမ္မာအာဇီဝနည်းနဲ့ ပိုင်ဆိုင်လာတဲ့ ရတနာတွေကို မြို့စားမင်းမပြောနဲ့ဦး၊ နတ်သိကြားမင်းတွေတောင် ယူ ဖျက်ဆီးဖို့ မတတ်နိုင်ဘူးဆိုတာ သူငယ်ချင်း မြဲမြဲမှတ်ထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်"

မရပ်မစဲသေးသော ပုလဲတစ်ဆင်စာအတွက် ရှင်စောဥက နောက်တစ်ရက်နံနက်တွင် ဈေးမြို့သို့ သွားရောက်ကာ မြို့စားမင်းထံ ဦးတိုက် လျှောက်ထားလေသည်။ အမှုထမ်း ရဲမက်များ ခေါ်ဆောင်ရာသို့ ရွှေအိုးပိုက်ထားသော ညီစန်တို့ သားအမိ လိုက်ပါလာရသည်။

တရားခွင်ခန်းဆောင်၏ တရားပလ္လင်ထက်၌ မြို့စားမင်းက ရာဇမာန်အပြည့်ဖြင့် ထိုင်နေသည်။ တရားပလ္လင်ရှေ့မှောက် တရားခွင်အမှုထမ်းများ ရဲမက်များ၊ ပရိသတ်စုံညီအလယ်ရှိ စားပွဲထက်၌ တင်ထားအပ်သော ရွှေအိုးလေးသည် တည်ငြိမ်စွာ ဝင်းလက်တောက်ပနေ၏။ မြို့စားမင်းက တရားခွင်ကို ဝန်ခံချက်ဖြင့် ဖွင့်လှစ်၏။

"အလွန်အကြူး ထူးခြားအံ့ဖွယ် ဂမ္ဘီရဆန်ဆန် ရွှေအိုးလေးကို ပရိသတ်တို့ ကြည့်ရှုကြပါ။ အကြိမ်ကြိမ် ကွန့်ပစ်ပြီး ဆယ်ယူခဲ့ပေမယ့် ကျုပ်နဲ့ မထိုက်တန်လို့ ကျုပ် မရခဲ့တာကို ဝန်ခံလိုပါတယ်။ ပိုင်ရှင်မဟုတ်သူက ယူဆောင်နိုင်ဖို့ ဆေးစွ၊ လက်နဲ့ ထိကိုင်ခွင့်မပေးခဲ့တာကို အားလုံးသိကြပါတယ်။ ရွှေအိုးလေးဟာ မင်းဘဏ္ဍာမဟုတ်ဘဲ ရေးကုသိုလ်ပါရမီထူး ပုဂ္ဂိုလ်သာလျှင် ပိုင်ဆိုင်ခံစားထိုက်ပေတယ်"

"ကဲ - ရှင်စောဥနဲ့ ညီစန် ရှေ့တိုးလာပြီး စားပွဲနားမှာ ရပ်နေကြပါ။ ပိုင်ရှင် ညီစန်က ရွှေအိုးထဲရှိ ရတနာပစ္စည်းတွေကို လက်နဲ့ နှိုက်ထုတ်ပြပါ။ စွပ်စွဲသူ ရှင်စောဥက မိမိပိုင်ပစ္စည်းဟုတ်,မဟုတ် ကြည့်ရှုပါ"

ညီစန်က လက်ဝါးနှစ်ဖက်ပေါ် တင်ပြရာ ရှင်စောဥက မကိုင်ဘဲ အနီးကပ် စစ်ဆေးနေ၏။

"ပိုင်ရှင်က ရတနာပစ္စည်းတွေ ပြန်ထည့်လိုက်၊ စွပ်စွဲသူက ဟုတ်,မဟုတ် အဖြေပေး"

"မြို့စားမင်း…ရှင်စောဥပိုင် ပုလဲတစ်ဆင်စာ ဟုတ်မှန်နေပါတယ်"

"ကောင်းပြီ ရှင်စောဥ။ သင်ပိုင်တဲ့ ရတနာကို ကျုပ်ခွင့်ပေးတယ်။ သင် ရွေးယူပါတော့"

လောဘအားကြီးသူပီပီ မောဟဖုံးလွှမ်းခံရသော ရှင်စောဥသည် ဗျာပါဒကြောင့်ကြစိတ် ဦးစီးလျက် ရွှေအိုးလေးကို ရေကြီးသုတ်ပျာ ကိုင်၍ဖွင့်ပါသည်။ သကြ်န်အကြိုနံနက်က ကန်ကြီးအဖြစ်အပျက်ကို သူ မေ့ခဲ့ပြီ။

"ဒုတ်…ဒုတ်…ဒုတ်…အမေ့…"

ဝုန်းခနဲ ဒုန်းခနဲ ပြိုလဲကျသံနှင့်အတူ ရှင်စောဥက တရားခွင်ကြမ်းပြင်၌ ငြိမ်သက်နေပြေပြီ။

"ဟယ်…ဘယ်က ဘယ်လိုဖြစ်သွားပါလိမ့်"

"အိုး…ရှင်စောဥ လဲကျသွားတာ ပြန်မထတော့ပါလား"

"ဟင်…အသားရောင်က မည်းနက်နေတာပဲ။ နဂါးအဆိပ်ထိသွားပြီထင်တယ်"

"အေး၊ တစ်ပါးသူကို မတရားစွပ်စွဲတဲ့ အကုသိုလ်မို့ လက်ငင်းအကျိုးခံစားရတာ ဖြစ်မယ်ကွယ့်"

အမှုထမ်းများက သမားတော်ကို ပင့်ခေါ်၍ အလောင်းကို ပြသရာ ပြင်းထန်သော မြွေဆိပ်ကြောင့် ရှင်စောဥ သေဆုံးကြောင်း အတည်ပြုပေးသည်။ မြို့စားမင်းက စွပ်စွဲမှုကို သိမ်းပိုက်ပြီးနောက် သူ့ဆန္ဒမွန်ကို ထုတ်ပြပါ၏။

"ဈေးနယ်သူနယ်သား ပရိသတ်တို့ … ကျုပ်တို့နယ်မြေဖြစ်တဲ့ ကောတဗင်ရွာ၊ ကန်ကလေး၊ ကန်ကြီးနဲ့ ကန်ကြီးစေတီတော်တို့ဟာ နဂါးသိုက်နဲ့ ဆက်နွယ်နေပုံရပြီး တန်ခိုးအလွန်ကြီးပါတယ်။ ကျုပ်လက်ထက်မှာ ဂမ္ဘီရ ရွှေအိုးလေးနဲ့ ထူးခြား ပါရမီရှင်လည်း ထွက်ပေါ်လာတယ်။ ဒါကြောင့် လက်ရှိ ဆရာတော်ကြီးများထံမှာ ဩဝါဒ နာခံပြီးတော့ ကျုပ်က ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်တို့ကို ပြုပြင်မွမ်းမံလိုပါတယ်။ ကိုယ်စီ ဆန္ဒအားလုံး ညီနိုင်းကြရအောင်"

တရားခွင် ပရိသတ်ကြီးက သူတစ်မျိုး ငါတစ်ဖုံ အကြောင်းစုံအောင် ပြောသော်ငြား အချုပ်သဘောကား အားလုံးတူညီနေသည်။ လူငယ် ညီစန်က နောက်ဆုံးမှ တင်ပြခွင့်ရရှာသည်။

"မြို့စားမင်း…ကန်ကြီးစေတီတော်နဲ့ တခြား သာသနိကအဆောက်အအုံတွေ ပြုပြင်မွမ်းမံရာမှာ ကျွန်တော်တို့သားအမိက ရွှေအိုးလေး ပေးသမျှ ရတနာတွေကို မြို့စားမင်းလိုအပ်သလောက် လှူဒါန်းထောက်ပံ့ပေးဖို့ ကတိပြုပါတယ်"

ညီစန်က ပြောပြောဆိုဆို ရွှေအိုးလေးကို ဖွင့်ပြလိုက်လျှင် အတွင်းမှ ရွှေဒင်္ဂါးပြားများသည် သက်ရှိဟန်ဖြင့် ရှေ့နောက် ပုံသဏ္ဍာန်အတိုင်း ခုန်ထွက်၍ စနစ်တကျစီထပ်နေကြရာ စားပွဲပြည့်မောက် ရွှေတောင်ပေါက်သကဲ့သို့။

* * *

မှုံ့စောနောင်ဖေ

(ဆရာကြီး ဒဂုန် ဦးစန်းငွေ၏ သီဟိုဠ်ဝတ္ထု၊ "ဥဗ္ဗရောင်ရိယ"ကို အခြေပြု ရေးဖွဲ့…ဦး)



www.burmeseclassic.com

www.burmeseclassic.com

# အောင်(ရ)ချက်ဂါထာ

မင်းကြည်ဖြူ




www.burmeseclassic.com

www.burmeseclassic.com

လောကသည် ထူးဆန်းလျှို့ဝှက်သော အကြောင်းအရာတို့ဖြင့် ရပ်တည်နေပါ၏။ လူသတ္တဝါတို့သည်လည်း သိမ်မွေ့နက်နဲသော အကြောင်းတို့ဖြင့် အသက်ရှင် ရပ်တည်နေကြ၏။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကား အနှိုင်းမဲ့ဖြစ်၏။ ထိုရတနာသုံးပါးကို ဆည်းကပ်ပူဇော်ခြင်းဖြင့် လောက၌ အန္တရာယ်အတားအဆီးမှန်သမျှ ကျော်လွှားနိုင်ကြ၏။

လောက၌ ပြီးမြောက် အောင်မြင်သော လောကအစီအရင်မှန်သမျှသည်လည်း ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့်သာ ဖြစ်၏။ သို့ဖြစ်ရာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ ပူဇော်ပါက တောင့်တ လိုချင်အပ်သော ဆန္ဒမှန်သမျှ ပြီးပြည့်စုံမည်သာ ဖြစ်ပါ၏။ အောင်ရစ်ချက် ဂါထာတော်သည်လည်း ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပူဇော် စီရင်ထားသည်ဖြစ်ရာ ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ပါက မိမိတို့အတွက် အောင်ခြင်းမင်္ဂလာအဖြာဖြာကို ရရှိစေနိုင်၏။

ဇယစက္ကော ဇယန္တောယော၊
ဇယိတဗ္ဗေ ဇယာသနေ၊
ဇယာပေသိ ဇယေသိန်၊
ဇယံဒေတု ဇယုတ္တရော။

ဇယစက္ကော- ပါရမီတော်ဆယ်ချက် အောင်လက်နက်နှင့် အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဇယာသနေ- အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိပင်ရင်း၌၊ ဇယိတဗ္ဗေ - အောင်အပ်သည့် တရားမာရ်ငါးပါးတို့ကို၊ ဇယန္တော- ပါရမီတော် စက်တန်းလက်နက်ဖြင့် အပြွင်းမဲ့ ချေမှုန်းပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူပြီ။

ဇယေသိန်- မြတ်နိဗ္ဗာန်အောင်နန်းနှင့် အောင်ဘိသိက်ကိုလိုလိုကိုများ ထိုထိုဝင်ရှအတွင်း၌ လွတ်ကင်းအောင် ကြီးဖြင့် ရာမီးကာ နေကြကုန်သော သူတို့အား ပေသိ - ကိုယ်တော်မြတ်နှင့်အတူ၊ အောင်ပန်းကို ၍ ထွတ်အဋ္ဌ အမြိုက်ဓာတ်သို့ ဆိုက်ကပ်အောင်စေ မူလေပြီ။

ဇယုတ္တရော - အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင်ထွတ်ခေါင် မြတ်သရဖူ သသယမှု မကိုင်ထီး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီးဖြစ်ပေထသော၊ သောဇယစက္ကော- ထိုအောင်စက်သခင် ဘုရားရှင်သည်၊ မေ- အောင်ဆုလိုကြား တပည့်တော်အား၊ ဇယံ- အောင်ပန်းဝေမြိုင် အောင်ဖူးတွေ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို၊ ဒေတု- ကရုဏာရှေ့ထား၍ ပေးသနားတော်မူပါ ဘုရား။

ဤဂါထာတော်သည် ဇယံ-အောင်ခြင်းဟု ရစ်ကြိမ်တိတိ ပါ၏။ ရွတ်ဆိုလျှင်လည်း "ဇယ…ဇယ"ဟူသော အသံ သည် အစီအရီထွက်ပေါ်လာသဖြင့် သုတိ- မင်္ဂလာရှိပေ၏။ အဓိပ္ပာယ်လည်း အလွန်ကောင်း၏။ အောင်စက်ပိုင်ရှင် ဘုရားသခင်ထံမှ အောင်ဆုကို ပေးပါရန် ဆုတောင်း၏။ အနက်လည်း အလွန်ကောင်း၏။

လူတို့သည် ပညာရေး စီးပွားရေး ကျန်းမာရေး နိုင်ငံရေး စသည့် လူမှုရေးတို့၌ အောင်မြင်ကျော်ကြားလိုကြ၏။ အောင်မြင်လိုသူတိုင်း ဤဂါထာတော်မြတ်ကို ရွတ်ဆိုသင့်၏။ ဤဂါထာတော်ကို ရွတ်ဆိုရာ၌ အောင်မြင်လိုမှုဆန္ဒ၊ အောင်မြင်ခြင်းသို့ ညွှတ်နေသော စိတ်၊ အောင်မြင်ဖို့ ကြိုးစားရွတ်ဆိုခြင်းဖြင့် သစ္စာပြု၏။ ဘုရားရှင်၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်ဂုဏ်တို့ကို သိမြင်၏။ စွမ်းရည်ကိုလည်း နားလည်၏။

သို့ဖြစ်ရာ ပြုသူ၏ စိတ်၌ အောင်မြင်လိုမှုဆန္ဒ၊ ဝီရိယ၊ ပညာရှိနေသဖြင့် မုချ အောင်မြင်ရမည်မှာ အမှန်ပင် ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ဆန္ဒရှိလျှင်၊ ဝီရိယရှိလျှင်၊ စိတ်ရှိလျှင်၊ ပညာရှိလျှင်၊ ဘာမဆို အောင်မြင်မှုရမည်ဟူသော သဘာဝ နိယာမ်တရားကြောင့် ဖြစ်၏။

ထို့ကြောင့် ဤဂါထာတော်ကို နေ့စဉ် အိပ်ရာဝင်၊ အိပ်ရာထဖြစ်စေ၊ အမှုကိစ္စဆောင်ရွက်တိုင်း ဖြစ်စေ ရွတ်ဆိုပေးပါ။ မိမိ၏ သက်စေ့ရွတ်ဆိုပါက ပို၍အကျိုးထိရောက်၏။ အကြိမ်ကြိမ်ရွတ်ဆိုလျှင်ကား ပြောဖွယ်ရာမရှိပေ။ ရွတ်ဆိုစဉ် ယုံကြည်မှုသဒ္ဓါဖြင့် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်ပါက မုချ အကျိုးထူး ခံစားရ၏။ မုချ ယုံကြည်စွာ ရွတ်ဆိုပွားများကြပါကုန်။

ဂုရက်သားသမီးများ လိုရာဆန္ဒမှန်သမျှ ပြ...နိုင်ကြပါစေ။

* * *

မင်းကြည်မြ

ရှိခြမ်း ■ ■ မန္တန်ပုရပိုက်


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဝဋ္ဋနာဒီပနီ

သုခ

"ဗျို့ . . ဦးမင်္ဂလာ၊ နေကောင်းရဲ့ မဟုတ်လား"

ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အော်ကြီးဟစ်ကျယ် နှုတ်ဆက်၍ တက်လာသူမှာ ဦးမင်္ဂလာ၏ မိတ်ဆွေ ဦးရေချမ်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကသာ ဦးရေချမ်း။ သူမှာ အေးအေးလူလူ တည်တည်ငြိမ်ငြိမ်မဟုတ်ဘဲ အမြဲလိုပင် လှုပ်လှုပ်ရှားရှား စိတ်မြန်ကိုယ်မြန်ဖြစ်သည်။ ဟောဟောဒိုင်းဒိုင်းပြောတတ်သည်။ သဘောဖြူ အူစင်း လူဖြောင့် စိတ်တိုဖြစ်သည်။ စီးပွားရေးလုပ်ရာတွင် အလွန်လာဘ်မြင်၍ ကြိုကြိုတင်တင် တွက်တွက်ဆဆ လူတကာထက် ဦးအောင်လုပ်တတ်ခြင်းကြောင့် ကြွယ်ဝလာခဲ့သူဖြစ်သည်။

အသက်ခုနစ်ဆယ်အရွယ် ဇရာဘက်ကူးမှ စီးပွားရေးတွင် ရပ်နားပြီး အငြိမ်းစားလုပ်ကာ သားသမီးများနှင့် နေသူဖြစ်သည်။

"ထိုင်ဗျာ ဦးရေချမ်း။ အခုတစ်လော မိုးအေးလွန်းလို့ ချမ်းစိမ့်စိမ့်အမြဲဖြစ်နေတယ်။ အိုမင်းလာရင် ရာသီဥတုဒဏ်ကို မတွန်းလှန်နိုင်ကြတော့ဘူး မဟုတ်လား။ ပူရင်လည်း ပူလို့ နေမကောင်း၊ အေးရင်လည်း အေးလို့ နေမကောင်းဘူး။ ခင်ဗျားကတော့ ကြည့်ရတာ သွက်သွက်လက်လက်ပဲ။ နေကောင်းရဲ့ မဟုတ်လား"

"လူကတော့ နေကောင်းပါတယ်ဗျာ"

"လူ နေကောင်း ပြီးတာပဲမဟုတ်လားဗျာ"

"လူနေကောင်းပေမယ့် စိတ်နေမကောင်းလို့ ခင်ဗျားဆီ ထွက်လာခဲ့တာ"

"ဘယ်လိုကြောင့် စိတ်က နေမကောင်းရတာတဲ့လဲ"

"စိတ်ဆိုးတယ်ဗျာ။ ဒေါသထွက်တယ်ဗျာ။ ခံပြင်းတယ်ဗျာ။ မကျေမချမ်းဖြစ်တယ်ဗျာ"

"ခင်ဗျား စိတ်ရောဂါတွေကလည်း များလှချည်လား။ ဖြစ်ရပုံအကြောင်း ပြောစမ်းပါဦး"

"အတိုဆုံး ပြောရရင်တော့ လူအလိမ်ခံရလို့ဗျို့။ နည်းနည်းချဲ့ပြောရရင်တော့ ကျုပ်မြေး အကြီးကောင်ကို နိုင်ငံခြားမှာ သင်္ဘောသားအလုပ်သွင်းမယ်ဆိုပြီး ငွေသုံးသောင်းလိမ်ယူသွားတယ်"

"ဪ… ဟုတ်ရဲ့လား၊ ဖြစ်မှဖြစ်ရလေဗျာ။ ခင်ဗျားမှာလည်း ဗဟုသုတရှိသားနဲ့"

"ဗဟုသုတရှိလို့ ကျုပ်က ဟုတ်မှလည်း လုပ်ကြပါကွာလို့ ပြောပါသေးတယ်။ မြေးဆိုတဲ့ အကောင်က နိုင်ငံခြားရောဂါ သင်္ဘောသားဝေဒနာ ငန်းဖမ်းသလိုဖြစ်နေတာ မဟုတ်လား။ လွန်ခဲ့တဲ့ ၆လလောက်ကတည်းက သူတို့သားအမိ ကျိတ်ကျိတ်လုပ်နေကြတာ။ ယုတ္တိယုတ္တာနဲ့ အဆွယ်ကောင်းလို့ ငွေသုံးသောင်းပေးလိုက်ရတယ်။ နောက်ပြီး နိုင်ငံခြားရောက်တော့ သူတို့ပြောတဲ့ ကုမ္ပဏီက ရှာမတွေ့ဘူး။ အဲဟိုမှာ သောင်တင်နေလို့ ရရာအလုပ်ကြမ်းလုပ်ပြီး ထမင်းစားရသတဲ့။ နောက်ဆုံးတော့ သူ့အမေဆီကို ငွေမှာပြီး ပြန်လာခဲ့ရတယ်။ ဘယ်လောက် ဒေါသဖြစ်စရာကောင်းသလဲ"

"ကဲ - ကဲ၊ တစ်ပူပေါ် နှစ်ပူမဆင့်နဲ့၊ အကုသိုလ်အပေါ် အကုသိုလ်ထပ်မဖြစ်နဲ့"

"ခင်ဗျားကတော့ ခံရတဲ့လူမှ မဟုတ်ဘဲကိုးဗျ။ တရားချမှာပေါ့"

ဦးရေချမ်းက ဝေါက်ဆတ်ဆတ်ပြောလိုက်သောကြောင့် ဦးမင်္ဂလာမှာ သူ့ကို ကြည့်ပြီး အံ့အားသင့်သွားရာမှ ဟက်ဟက်ပက်ပက် ရယ်မောရပါတော့သည်။

သူ့စကားက မှန်ပါသည်။ ကိုယ်သာ သူ့လို ခံစားရလျှင် သူ့လိုပဲ သောကပရိဒေဝတွေ ပေါ်လာမည်မှာ မုချ။ ငွေသုံးသောင်းကြီးများဆိုတာ နည်းနည်းနောနောမှ မဟုတ်ဘဲကလား။ အဲသည်အခါ သူတစ်ပါးက ပေါ့ပေါ့ဆဆလေး တရားလာချ၍ စိတ်အေးသွားနိုင်မည်တဲ့လား။ ပြောတော့ အလွယ်လေး။ သို့ကလိုတွေးမိ၍ ဦးမင်္ဂလာက ဦးရေချမ်းအား စိတ်မဆိုးမိဘဲ ရယ်လိုက်ရခြင်းဖြစ်သည်။ သို့ကလို ရယ်ရင်းနှင့်…

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်။ ကျုပ်က ခံရတဲ့သူ မဟုတ်လို့ ပေါ့ပေါ့လေး ပြောမိတာပါ"

ဟု တောင်းပန်သည့်အခါမှ သူပါ သတိရ၍ ဦးမင်္ဂလာပါ ရောရောနှောနှော ရယ်ဖော်ရလာပါတော့သည်။

"ကဲ - ကဲ၊ စိတ်ပြေလက်ပျောက် လက်ဖက်ရည်လေး တစ်ခွက်သောက်လိုက်ပါဦး"

ဦးမင်္ဂလာက လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့ပေးလိုက်သည်။ သည်တော့မှ ဦးရေချမ်းက လက်ဖက်ရည်ကြမ်းကို ယူ၍သောက်ရင်း…

"လောကကြီးတစ်ခုလုံး လူတွေဟာ လိမ်နေကြတာပဲ ထင်ပါရဲ့ဗျာ"

ဟု ညည်းလိုက်ပြီးမှ…

"ပစ္စည်းရမယ်၊ အလုပ်ရမယ်ဆိုပြီးတော့ လိမ်ကြတယ်။ ရောင်းပေးမယ်၊ ဝယ်ပေးမယ်ဆိုပြီး လိမ်ကြတယ်။ အတုကို အစစ်လုပ်ပြီး လိမ်ကြတယ်။ ကုန်ကုန်ပြောရရင်ဗျာ၊ လူလူချင်း ဆက်ဆံရာမှာတောင် မပြုံးချင်ဘဲ ပြုံးပြကြတယ်၊ မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ကြတယ်။ မကြည်ညိုဘဲနဲ့ ကြည်ညိုဟန်ဆောင်ကြတယ်။ အကျိုးမလိုလားဘဲနဲ့ လိုလားဟန်ဆောင်ကြတယ်"

ဟု ဦးရေချမ်းက မကျေမချမ်းပြောနေတော့သည်။

www.burmeseclassic.com

"ပြီးတော့၊ ရယ်တာလောက်တော့ ကျုပ်တို့ကိုယ်တိုင်လည်း သူများကို လိမ်နေကြတာပဲမဟုတ်လား ကိုရေချမ်းရဲ့ တစ်ခုတော့ စဉ်းစားမိတယ်ဗျ။ ကျုပ်တို့က သူများကို လိမ်နေရင်းလည်း ကိုယ့်ဟာကိုယ်တော့ လိမ်နေမှန်း သိကြတယ်။ သူများက ကိုယ့်ကို လာလိမ်ရင်လည်း အလိမ်မပေါ်မီသာ ယုံလိုက်ပြီးတော့ အလိမ်ပေါ်တဲ့တစ်နေ့ အလိမ်ခံရကြောင်း သိရတယ်။ အဲ - ကိုယ့်စိတ်ကို ကိုယ်က ပြန်လိမ်နေတာမျိုးကျတော့ တစ်သက်လုံး အလိမ်မပေါ်တော့ပါဘူးဗျာ၊ ဟုတ်တယ်မဟုတ်လား။ ခင်ဗျား စဉ်းစားစမ်း"

ဦးရေချမ်းက သောက်ပြီးသော လက်ဖက်ရည်ပန်းကန်ကို ပြန်ချလိုက်ပြီး…

"ခင်ဗျားက သက္ကာယဒိဋ္ဌိကို ဆိုလိုတာလား"

ဟု ဦးမင်္ဂလာအား ပြန်မေးလိုက်သည်။

"သက္ကာယဒိဋ္ဌိက ကျုပ်တို့ကို တစ်သံသရာလုံး လိမ်ခဲ့တာမို့ ထားပါတော့။ ယခုတစ်ဘဝတည်းမှာပဲ အခိုက်အတန့်အားလျော်စွာ၊ အခါအခွင့်အားလျော်စွာ အခြေအနေအရ ပေါ်ပေါက်လာတဲ့ လိမ်တာမျိုးကလေးတွေက ရှိသေးတယ်လေ။ ဥပမာဗျာ - ကိုယ့်ရာဂစိတ်က မေတ္တာအစစ်ယောင်ဆောင်ပြီး ကိုယ့်စိတ်ကို ပြန်လိမ်တာမျိုးတို့၊ အဲဒါမျိုးတို့ကျတော့ ငါ့ကို လိမ်နေတာပါကလားလို့ မရိပ်မိတော့ဘူးတဲ့ဗျို့။ ကိုယ့်လိုဘဝကလေးကို ကိုယ်စွဲပြီး ရဲရဲကြီးလိမ်နေတာပဲတဲ့"

"အခု ခင်ဗျားပြောတာလောက်တော့ ကျုပ် ကြားဖူးပါတယ်။ ရာဂက မေတ္တာယောင်ဆောင်တာ။ သောက,က ကရုဏာယောင်ဆောင်တာ"

"သည်လောက် မကဘူးဗျို့။ လိမ်နည်း ၃၇မျိုးတောင် ရှိသတဲ့။ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးက နေတ္တိပါဠိတော် အဋ္ဌကထာမှယူ၍ ဖွင့်ပြ ရေးသားတော်မူတဲ့ ဝဉ္စနာဒီပနီဆိုတဲ့ ကျမ်းကို ဖတ်ရတော့မှ သိတော့တယ်။ မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝလင်္ကာကြီးမှာ "အကာသလ၊ ပါပထွက်တွဲ၊ သုံးဆယ့်ခုနစ်ဖြာ၊ ဝဉ္စနာခေါ်ရိုး၊ လှည့်ပတ်မျိုး"လို့ ဖော်ပြတော်မူခဲ့သေးတယ်။ ပထမ ရွှေကျင်ဆရာတော်ဆိုတာ ရွှေဘိုမြို့တောင်ဘက် လုတော်ကြီး ငါးရွာအပါအဝင် ရွှေကျင်ရွာမှာ သက္ကရာဇ် ၁၁၈၄ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ရက်နေ့တွင် ဖွားမြင်တော်မူပါသတဲ့"

"ကျုပ်က ညောင်လေးပင်၊ မဒေါက်၊ ရွှေကျင်က အောက်မေ့နေတာ"

"မဟုတ်ပါဘူး။ လုတော်ကြီး ငါးရွာအပါအဝင် ရွှေကျင်ရွာက ဖြစ်ပါတယ်။ ငယ်စဉ်က မဟာဗောဓိကျောင်းတိုက်ဆရာတော် ဦးဝရဗုဒ္ဓိနှင့် ဝက်ပါကျောင်းဆရာတော်တို့ထံ စာပေ ပရိယတ်သင်ကြားပြီး ရဟန်းဘဝရောက်တော့ "သီးလုံး"ဆရာတော်တို့ထံမှာ ပညာသင်ကြားခဲ့တယ်"

"အဲ - သီးလုံးဆရာတော်အကြောင်းကို ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့ "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ" စာအုပ်မှာ ဖတ်ခဲ့ရဖူးသဗျ။ ဆက်ပါဦး"

"ရဟန်းဝါ ၁၉ဝါရတော့ မင်းတုန်းမင်းကြီးရဲ့ ပင့်ခေါင်ကိုးကွယ်ခြင်း ခံရတယ်။ အဲသည်နောက် ရွှေကျင်ဂိုဏ်းရယ်လို့ စ,ထင်ရှားလာခဲ့တယ်။ သာသနာတော်အတွက် ဆရာတော် ပြုစုခဲ့တဲ့ ကျမ်းများမှာ နေတ္တိလီနတ္ထသင်္ဂဟ၊ နေတ္တိဟာရတ္ထဝိဘာဝနီ စတဲ့ ကျမ်းပေါင်း ၃၆ကျမ်းရှိခဲ့တယ်၊ အခုပြောတဲ့ ဝဉ္စနာဒီပနီကျမ်းအပါအဝင်ပေါ့။ မင်းတုန်းမင်းကြီး နတ်ရွာစံပြီးတဲ့နောက် သားတော် သီပေါမင်းလက်ထက်တိုင်အောင် သာသနာပြုတော်မူခဲ့တယ်။ ၁၂၅၅ ခုနှစ်၊ သက်တော် ၇၁နှစ်မှာ ပျံလွန်တော်မူတယ်။ အကျယ်ကို သိချင်ရင် မြန်မာ့စွယ်စုံကျမ်း ကြည့်ပေါ့ဗျာ"

"ဝဉ္စနာဒီပနီအကြောင်း ဆက်ပါဦး"

"ဝဉ္စနာဆိုတဲ့ ပါဠိက လှည့်ပတ်ခြင်း၊ လိမ်လည်ခြင်း၊ မာယာဆောင်ခြင်းလို့ အဓိပ္ပာယ်ထွက်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ အဲသည် လိမ်နည်း ၃၇မျိုးကို ဖောက်သည်ချစမ်းပါဦး"

"နေဦးဗျ။ အဲဒီ ဝဉ္စနာ ၃၇မျိုးဟာ အလွန်နက်နဲသိမ်မွေ့တဲ့ အရာများဖြစ်တယ်။ အထူးသဖြင့် ရဟန်းတော်များအတွက် သီလဝိသုဒ္ဓိဖြစ်တော်မူကြစေရန် ရေးသားဖွင့်ပြတဲ့ ဩဝါဒများသာ ဖြစ်တယ်။ သို့ပေမယ့် လူပုဂ္ဂိုလ်တွေအတွက်လည်း သိသင့် သိထိုက်၊ ကျင့်သင့် ကျင့်ထိုက်တဲ့ ဩဝါဒများလည်း ပါနေပါတယ်။ အဲသည်တော့ ကျွန်တော်တို့နဲ့ အပ်စပ်တဲ့ ဝဉ္စနာများကိုသာ ထုတ်နုတ်ပြီး ကြည့်ကြရအောင်"

"အေးဗျာ၊ ကျုပ်တို့ သိသင့်သမျှ၊ လိုက်နာသင့်သမျှ အဆုံးအမတွေကို သိရရင် တော်ပါပြီ၊ ပြောသာ ပြောပါ"

**(၁) ရာဂ,က မေတ္တာယောင်ဆောင်ခြင်း**

"မေတ္တာယနာ မုခေန ရာဂေါ ဝဉ္စေတိ"

မေတ္တာယနာ မုခေန - ချစ်ခြင်းမေတ္တာကို အရင်းပြုသဖြင့်၊ ရာဂေါ - တပ်ခြင်းရာဂတဏှာသည်၊ ဝဉ္စေတိ - မေတ္တာယောင်ဆောင်၍ လှည့်ပတ်၏။

"မြန်မာလိုပြောရရင်ဗျာ ဖြစ်ပေါ်လာတဲ့ ကိုယ့်ရာဂစိတ်ကို ရာဂစိတ်လို့ မထင်စေဘဲ မေတ္တာလို့ လိမ်လိုက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာလို့ ထင်စေတာပဲ။ အဲသည်နေရာမှာ အံ့ဩစရာကောင်းတာက စိတ်တစ်ခုနဲ့ တစ်ခုဟာ ဆင်တူယိုးမှား မတိမ်းမယိမ်းဆိုရင် ထားပါတော့၊ အခုတော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို ယုံအောင် လိမ်ရတတ်တဲ့ ကိစ္စပဲဗျ။ ခင်ဗျားကြည့်လေ၊ ရာဂဆိုတာက လောဘပြဋ္ဌာန်းတဲ့ ကိလေသာစိတ်မီးတစ်ဆယ့်တစ်ပါးမှာ ပါတဲ့ ပူလောင်ပြင်းပြတဲ့ လောဘ၊ "ရာဂသမော အဂ္ဂိ နတ္ထိ"ရာဂနှင့် တူသောမီးသည် အခြားမရှိလို့တောင် ဘုရားက ဟောတော်မူထားတာပဲ။ ရာဂဟာ ယုတ်မာတယ်။ ညစ်ညမ်းတယ်။ ပူလောင်တယ်။ ဆင်းရဲတယ်။ တစ်ကိုယ်ကောင်းဆန်တယ်။ အကုသိုလ်ဖြစ်တယ်။

မေတ္တာဆိုတာက အင်မတန် အေးချမ်းတဲ့ ရေစင်နဲ့တူတဲ့ ဗြဟ္မစိုရ်တရား။ သန့်ရှင်းတယ်။ ကြည်လင်တယ်။ အေးမြတယ်။ သူ့အကျိုးလိုလားတဲ့ ကုသိုလ်တရား။ အဲသလို ပဋိပက္ခဓာတ်ဖြစ်တဲ့ မီးနဲ့ ရေ သဘာဝနှစ်ခုကို မီးကို ရေထင်အောင် ကိုယ်လိုချင်တာ စွဲပြီး လိမ်တတ်ကြတာဟာ အံ့ဩစရာမကောင်းဘူးလား"

"ဟုတ်တယ်ဗျို့။ အစက ရိုးရိုး၊ နောက်တော့ တစ်မျိုးတိုးလို့ ချစ်ပြန်ဆိုပဲ ဆိုတဲ့ သီချင်းလို အစက ရိုးရိုးသားသား မောင်လို နှမလို၊ ဆွေမျိုးသားချင်းလို ချစ်ရာက နောက်မှ ကိလေသာစိတ်ပေါ်လာသလိုလို ပြောတတ်ကြတာလေ"

"အဲဒါ အစကတည်းက ရာဂက လိမ်ခဲ့တာပေါ့ဗျ။ မူလကတည်းကိုက မေတ္တာအစစ်မဟုတ်တာ"

"စက္ခုရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိတဲ့။ မျက်စိက ရူပါရုံနဲ့ ပေါင်းဖော်မိခြင်းကြောင့် ရာဂတည်းဟူသောသားကို ဖွားလာရတယ်ဆိုတဲ့ စကားမှာ သံဝါသ ဆိုတဲ့ စကားအဓိပ္ပာယ်ကိုက ရိုးရိုးသားသားတွေ့ကြုံ ပေါင်းဖော်တာမျိုးမဟုတ်ဘဲ ကိလေသာအာရုံ ကာမဂုဏ်နဲ့ ပေါင်းဖော်ယှဉ်တွဲ မှီဝဲခြင်းကြောင့်သာ ရာဂတည်းဟူသောသားကို ဖွားလာရတယ်လို့ ကျွန်တော်တို့က သိရမှာ ဖြစ်တယ်။ လင်နဲ့ မယား ညားကြလို့သာ သားဖွားရသလိုပေါ့ဗျာ။ အဲဒါက အရှင်းဆုံးပဲ။ ကြည့်ကာမတ္တ မြင်ကာမတ္တ သဘောထားရင် ရာဂဆိုတာ ဘယ်ပေါ်လာနိုင်ပါ့မလဲ။ ဒါကြောင့် အစက ရိုးရိုးဆိုတာ အစကကို မရိုးတာ"

"အေးဗျ။ အဲဒါမျိုး ကျုပ်တို့ အလိမ်ခံရလို့ မေတ္တာကို ကိန်းဂဏန်းနဲ့တောင် တွက်ပြပြီး ချစ်ရေးဆိုခဲ့ကြသေးတယ်မဟုတ်လား။ ကျုပ်တို့ ငယ်ငယ်ကလေ ဟဲ…ဟဲ၊ မင်းကို ငါးရာ့နှစ်ဆယ့်ရှစ်သွယ်က တစ်ထောင့်ငါးရာအထိ အချစ်တိုးလာတယ်ဆိုတာမျိုးလေ။ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်က ဗြဟ္မစိုရ်



မေတ္တာပဲ။ တစ်ထောင့်ငါးရာက တဏှာကိလေသာပဲ။ ဒါကို ကျုပ်တို့က အချစ်ဒီဂရီတက်လာသလိုလို ဖွဲ့ကြနွဲ့ကြသေးတယ်။ အဲသည်မှာ ပါစင်အောင် လွဲကုန်ရော"

"အဲသလောက် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတာကိုတောင် မယုံ့ယုံအောင် လှည့်စားတာက တပ်မက်ခြင်းဆိုတဲ့ လောဘကို အရင်းခံလို့ပေါ့။ ကျုပ်တို့မြို့နယ်မှာ အလိမ်ဝိဇ္ဇာ ကိုနေအေးဆိုတဲ့ လူရှိခဲ့ဖူးတယ်။ "နေအေးလိမ်နည်း"လို့ စာအုပ်တောင် ထုတ်ယူရတဲ့သူပေါ့။ သူက ဘာပြောသလဲ သိလား။ "လောဘရှိတဲ့ လူတိုင်းကို လိမ်လို့ရတာချည်းပဲ"တဲ့။ သူမှာလည်း လိမ်လည်မှုနဲ့ ခဏခဏအဖမ်းခံရတယ်။ တစ်နေ့တော့ ရာဇဝတ်ဝန်ထောက်က…

"မင်း…သည်လောက် အလိမ်ကောင်းလှတာ ငါ့ကို လိမ်စမ်း"

လို့ ခိုင်းသတဲ့။ သည်တော့ ကိုနေအေးက…

"ကိုယ်တော်တို့လို မင်းစိုးရာဇာလည်း ဖြစ်ပြန်၊ လိမ်မယ်မှန်းလည်း သိနေတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ကျွန်တော်မျိုးက ဘယ်လိမ်လို့ ရပါ့မလဲ။ လိမ်တယ်ဆိုတာ သူများက ယုံလာအောင် အာဝဇ္ဇန်းရွှင်ရွှင်နဲ့ လှည့်ကာပတ်ကာ ပြောနိုင်မှ ဖြစ်ပါတယ်။ အခုတော့ အရှင်ဘုရားကို ကြောက်နေရတာနဲ့ပဲ ယုံလောက်အောင် ယုတ္တိယုတ္တာနဲ့ ဘယ်ပြောနိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com

အဲ - တစ်ခုတော့ရှိရဲ့ အရက်ကလေးသောက်ရရင်ဖြင့် အာဝဇ္ဇန်းရွှင်လာမလား မသိပါဘူး"လို့ ပြောတယ်။

အဲဒီတော့ ရာဇဝတ်ဝန်ထောက်က အရက်တစ်ပုလင်း သာမကဘူး၊ မြည်းစရာ ကြက်သားကြော်ပါ ဝယ်ပေးလိုက်ပြီး...

"ရော့...သောက်၊ သောက်ပြီးတော့တာ ငါ့ကို လိမ်စမ်း"လို့ ဆိုပါတယ်။ ကိုနေအေးက ကြက်သားကြော်လေး စားလိုက်၊ အရက်ကလေးတစ်ခွက်သောက်လိုက်၊ အဲဒီလို စိမ်ပြေနပြေ သောက်စားပြီး အရက်ကုန်သွားတော့ ရာဇဝတ်ဝန်ထောက်ခြေရင်းမှာ ဆောင့်ကြောင့်ကလေးသွားထိုင်ပြီး "ကျွန်တော်မျိုး သွားပါတော့မယ် ဘုရား"လို့ ရှိခိုးဝတ်ချနှုတ်ဆက်လိုက်သတဲ့လေ။

"ဟေ့ကောင်...ဘယ်ရမလဲ၊ ငါ့ကို လိမ်ဦးလေ"

လို့ ရာဇဝတ် ဝန်ထောက်က ပြောတော့...

"ကျွန်တော်မျိုးကြီး လိမ်ပါ့မယ်ဆိုပြီး အရက်နဲ့ ကြက်သားကို လိမ်စားပြီးပါပြီ ဘုရား"

လို့ ဆိုလိုက်သတဲ့။ အဲသည်မှာတင် ရာဇဝတ်ဝန်ထောက်က စဉ်းစားမိတာနဲ့...

"ခွေးမသား၊ နင် ငါ့ကိုတောင် လိမ်နိုင်တယ်။ ဟားဟား"

လို့ ခွက်ထိုးခွက်လန် ရယ်ပြီး လွှတ်လိုက်ရပါသတဲ့။

ဦးရေချမ်းက ဦးမင်္ဂလာ၏ စကားအဆုံးတွင် တဟားဟားရယ်၍...

"သူဟာ ဟုတ်သားပဲဗျ။ လိမ်မယ်ဆိုပြီး အရက်ကို လိမ်သောက်လိုက်တာလေ။ အံ့သြစရာပဲ၊ လိမ်တတ်တဲ့ လူက လိမ်လိမ့်မယ်လို့ သိလျက်သားနဲ့တောင် အလိမ်ခံရတယ်ဆိုရင်တော့ ကျုပ်တို့၊ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် လိမ်နေကြတာ၊ အလိမ်ခံနေကြရတာ မထူးဆန်းတော့ပါဘူး။ အင်း၊ လောဘရှိတဲ့ လူတိုင်းကို လိမ်လို့ရတယ်ဆိုတာ မှန်သားပဲ။ ကျုပ်တောင် အခု ခင်ဗျားနဲ့ စကားပြောရလို့ လောဘကြောင့် အလိမ်ခံရတာ စိတ်သက်သာရာရသွားပြီ"

"သာဓု...သာဓု...သာဓု"

(၂) သောက,က ကရုဏာယောင်ဆောင်ခြင်း

"ကရုဏာယနာ ပတိရူပေန သောကော ဝဉ္စေတိ"

ကရုဏာယနာ ပတိရူပေန - သနားကြင်နာခြင်း ကရုဏာနှင့် တူသောအားဖြင့်၊ သောကော - စိုးရိမ်ခြင်း သောကတရားသည်၊ ဝဉ္စေတိ - လှည့်ပတ်တတ်၏။

"အဲဒါက စိုးရိမ်ပူပန်ခြင်းဆိုတဲ့ သောကစိတ်က သနားကြင်နာခြင်းဆိုတဲ့ ကရုဏာစိတ်လိုလို ဟန်ဆောင်တာကို ဆိုလိုတာပေါ့ဗျ။

သောကမီးဆိုတာလည်း ရာဂမီးလို သတ္တဝါတွေကို လောင်ကျွမ်းပျက်စီး ဆင်းရဲစေတာပဲ။ ပရိဒေဝ - ငိုကြွေးခြင်း၊ ဒုက္ခ - ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ - စိတ်ဆင်းရဲခြင်း၊ ဥပါယာသ - ဆို့တက် မေ့မြောသွားအောင် ပူလောင်ခြင်း ဆိုတာတွေလည်း သောကနဲ့ ဆက်သွယ်နေတဲ့ မီး ၁၁ပါးအပါအဝင် အကုသိုလ်တရားတွေပဲတဲ့"

သောက - ညစ်ညူးပင်ပန်းခြင်း၊ ကြောင့်ကြစိုးရိမ်ခြင်း လက္ခဏာရှိတယ်။

ကရုဏာ - မညစ်ညူး မပူပန်ဘဲ သနားခြင်းလက္ခဏာ ရှိတယ်။

သောက - လွန်စွာ ပူအိုက်ခြင်း၊ သည်းမခံနိုင်ခြင်းကိစ္စ ရှိတယ်။

ကရုဏာ - ပူပူအိုက်အိုက်မရှိ နှလုံးတုန်လှုပ်ခြင်းမျှ ကိစ္စရှိတယ်။

သောက - ကိုယ်၏ ညှိုးနွမ်းဖောက်ပြန်ခြင်းကို ရှေးရှု တယ်။

ကရုဏာ - ကယ်ဆယ် ချီးမြှောက် ထောက်ပံ့ခြင်းကို ရှေးရှုတယ်။

သောက - ချစ်မြတ်နိုးခြင်းနဲ့ နီးစပ်တယ်။

ကရုဏာ - အကျိုးစီးပွားကို တောင့်တခြင်း၊ နှလုံးနူးညံ့ခြင်းနှင့်သာ နီးစပ်တယ်။

"အင်း...သူကလည်း ရာဂနဲ့ မေတ္တာလို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ သဘောတရားနှစ်ခုပဲနော်။ ဒါနဲ့တောင် ကျုပ်တို့မှာ အလိမ်ခံနေကြရသေးတယ်"

"တဏှာကြောင့် အလိမ်ခံရတာပေါ့။ တဏှာယ ဇာယတေ သောကော - တဏှာရှိလို့ သောကဖြစ်တယ်။ ပိယတော ဇာယတိ သောကော - ချစ်လွန်းလို့ သောကဖြစ်ရတယ်ဆိုတဲ့ စကားကို ထောက်ထားနိုင်ပါလိမ့်မယ်။ ကရုဏာဆိုတာက ကိုယ်သွေးကိုယ့်သားဟုတ်ဟုတ်,မဟုတ်ဟုတ် သတ္တဝါတိုင်းအပေါ်မှာ ဆင်းရဲဒုက္ခဖြစ်နေလျှင် ကယ်တင်စောင်မလိုတဲ့ သူတော်ကောင်းတရား ဗြဟ္မစိုရ်တရားစစ်စစ်ဖြစ်တယ်။ ဒုက္ခိတ သတ္တဝါကို မကယ်တင်နိုင်တဲ့အခါ သနားကြင်နာမှုမကင်းပေမယ့် အလွန်တရာ ပူပန်သည်အထိတော့ မဖြစ်ကြပါဘူးတဲ့။ ဒုက္ခဒေါမနဿအထိ အကုသိုလ်စိတ်တွေ ဖြစ်မလာတဲ့ သဘောရှိပါတယ်"

"အဲဒါက ပါရမီရှင် သူတော်ကောင်းကြီးတွေရဲ့ စိတ်လို့ ဆိုရမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အဲ - ကျုပ်တို့တစ်တွေကျတော့ မိဘနဲ့ သားသမီး၊ ဆွေမျိုးရင်းနဲ့ လင်မယား နီးစပ်တဲ့ လူဖြစ်လျှင် သူတို့ ဒုက္ခရောက်သလောက် ကျုပ်တို့မှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ* ဆိုတာတွေပါ တောက်လျှောက် မီးတောက်ကုန်ရော။ အဲဒီလို မီးတောက်ရတာကိုပဲ ကရုဏာဖြစ်လို့ ပူပန်ရတယ်လို့ ဆိုကြတယ်။ ဒါ လီမ်နေတာပဲ။ သောက,က ကရုဏာယောင်ဆောင်နေတာပဲ"

"ဟုတ်ပေ့ဗျာ၊ ဟုတ်ပေ့"

"ကျုပ်တို့မှာ မိဘကို ဖြစ်စေ၊ သားသမီးကို ဖြစ်စေ၊ လင်က မယား၊ မယားက လင်ကို ဖြစ်စေ၊ သေလုနီးပါး မချိမဆံ့ ဒုက္ခခံစားနေရတာမျိုးကို မြင်ရရင် သောကကြောင့် ဆောက်တည်ရာမရနိုင်ဘဲ သေမှာဖြင့်လည်း မြန်မြန်သေပါစေတော့လို့ဆိုတဲ့ စိတ်မျိုးနဲ့ တောင့်တလာမိတယ်။ အဲဒါဟာ ကရုဏာယောင်ဆောင်တဲ့ သောကပေါ့။ သောကကြောင့် ဆောက်တည်ရာမရနိုင်တဲ့ ဗျာပါဒပေါ့"

"အေးဗျ။ အဲဒါကို ကျုပ်တို့က သနားလွန်းလို့ မမြင်ရက် မရှုရက်လွန်းလို့ ခံစားနေရတဲ့ ဝေဒနာမှ မြန်မြန်လွတ်သွားပါစေတော့လို့ တောင့်တတဲ့ ကရုဏာလိုလိုမှတ်နေကြတာပဲ။ တကယ်တော့ သောကမီးတောက်ကို ဆောက်တည်ရာမရအောင် အရှုံးတစ်ပိုင်းဖြစ်နေရတဲ့ စိတ်ပေါ့။ ဒါကို ဗျာပါဒလို့ ခေါ်တာကိုးနော်"

"ဟုတ်ပါတယ်။ ဗျာပါဒ ဆိုလို့ ဒီနေရာမှာ စကားစပ်မိလို့ ပြောရဦးမယ်။ ပါဠိမတတ်တဲ့ ကျုပ်တို့တစ်တွေမှာ သတိမထားလျှင် မကြာမကြာ အရေးမှား၊ အဖတ်မှား၊ အပြောမှားဖြစ်တတ်တာကလေးတွေ ရှိတယ်။ ဥပမာဗျာ - ဗျာပါဒနှင့် ဗျာပါဒ၊ ဒ-ထွေးနှင့် ရှိတဲ့ "ဗျာပါဒ"က အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောကံသုံးပါးထဲက သူတစ်ပါးအား သေကြေပျက်စီးစေလိုတဲ့ စိတ်ကို ဆိုတာဖြစ်တယ်။ ရ-ကောက်နဲ့ ရှိတဲ့ "ဗျာပါဒ"က သောကကြောင့် ဆောက်တည်ရာမရနိုင်အောင် ဗျာများနေတဲ့ ဒေါသကို ဆိုတာဖြစ်တယ်"

"ဟုတ်တယ်ဗျို့။ အဲဒီလို မှားတတ်တာကလေးမျိုး ကျုပ် မှတ်ထားတာတောင် ရှိသေးတယ်။ "သက္ကာယနှင့် သက္ကာရ"လေ။ ယ-ပက်လက်နှင့် ရှိတဲ့ သက္ကာယက သက္ကာယဒိဋ္ဌိလို့ သုံးတာဖြစ်တယ်။ ရ-ကောက်နှင့်ရှိတဲ့ "သက္ကာရ"က ပူဇော်သက္ကာရကို ဆိုလိုတာဖြစ်တယ်။ ဒါမျိုးဟာ သံတူကြောင်းကွဲဖြစ်တတ်တဲ့ စကားလုံးတွေပေါ့"

"အင်း…ခင်ဗျားက ပြောတော့ ကျုပ်က သတိရလာသေးတယ်။ သန္တာန်နဲ့ သဏ္ဌာန်ဗျာ။ သန္တာန်ဆိုတာက အစဉ်ပြခြင်း၊ အစဉ်တစ်ခုသန္တာန်ပေါ့။ သဏ္ဌာန်ဆိုတာက အထည်ကိုယ် ဒြပ်ပုံသဏ္ဌာန်ကို ဆိုလိုတာမဟုတ်လား"

"ဟုတ်တယ်ဗျို့ ဟုတ်တယ်"

"နောက်လည်း ရှိသေးတယ်လေ။ သဒါဆိုတာက အခါခပ်သိမ်း၊ သဒ္ဒါဆိုတာက သဒ္ဒါကျမ်း။ နောက် သဒ္ဓါဆိုတာက ယုံကြည်ခြင်း၊ အဲဒီ စကားသုံးလုံးကို ကျုပ်တို့က ပေါ့ပေါ့ဆဆ ပြောလိုက်ရင် အသံတူသလိုလိုဖြစ်သွားတတ်တယ်မဟုတ်လား။ အသံတူလိုဖြစ်နေပေမယ့် အဓိပ္ပာယ်က မတူဘူး"

"ဟုတ်တာပေါ့ဗျာ။ တိဋ္ဌိနဲ့ ဒိဋ္ဌိလည်း အသံတူ ကျုပ်တို့ ပြောတတ်ကြတယ်။ တိဋ္ဌိဆိုတာက သာသနာပြင်ပမှ အယူမှားသောသူ။ ဒိဋ္ဌိဆိုတာက အယူအမြင်။ ဥပမာ - သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်။ နောက်တစ်ခုတောင် ကျုပ်အမှတ်ရလာတာ ရှိသေး။ ပဏာမနဲ့ ပမာဏလေ။ ပဏာမဆိုတာ ရှိခိုးခြင်း၊ ပမာဏဆိုတာ နှိုင်းယှဉ်ပြတဲ့ ထုထည်ပမာဏသဘောမျိုးမဟုတ်လား"

"အင်း…ခင်ဗျားနဲ့ ကျုပ်နဲ့ စကားစပ်မိလို့ ပြောလာလိုက်ကြတာ ဝဋ္ဋနာဒီပနီက လွတ်ထွက်သွားပြီနဲ့တူတယ်"

"မလွတ်ပါဘူးဗျာ။ ဒါတွေကလည်း ပါဠိကတော့ သူ့ဟာနဲ့သူ မဖောက်မပြန် တိတိကျကျအရှိသားဗျ။ ပါဠိကို မကျွမ်းကျင်တဲ့ ကျုပ်တို့တစ်တွေမှာသာ သတ်ပုံနှင့် အသံကို အမှတ်မှားရင် အလုည့်စားခံကြရတယ်မဟုတ်လား။ ဒါလည်း ဝဋ္ဋနာတစ်မျိုးပေါ့" ■

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဂိုကျိုးပူဇော် သာဟာဝတီပရိတ်တော်

ဝသုန်ဟိန်းထက်



"ပရိတ်"ဟူသော ဝေါဟာရသည် ပါဠိဘာသာဖြင့် [illegible]"ပရိတ္တာ"ဟူသောပုဒ်မှ ဆင်းသက်လာပြီး အကာအကွယ်၊ [illegible]အတား၊ အစောင့်ရှောက်ဟူ၍ အဓိပ္ပာယ်ရ၏။ အိမ်၊ [illegible] မြေတို့ လုံခြုံခြင်းမှာ ခြံစည်းရိုး တံတိုင်းခတ် ကာရံသကဲ့ [illegible] ပရိတ်ရွတ်ဖတ် ပူဇော်ခြင်းသည်လည်း ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဘေးဥပဒ် ရန်စွယ်မှန်သမျှတို့ကို ကေန်ပင် ကင်းစင် ပ,ပျောက်စေ၍ ကောင်းကျိုးခပ်သိမ်း ကြွယ်ဝစေနိုင်ပေ၏။

ယနေ့အခါ၌ ဗုဒ္ဓဘာသာဝင်တို့သည် ပရိတ်တော်များကို ယုံကြည်ကိုးကျွံစွာ ရွတ်ဖတ်ပူဇော်နေကြပါပြီ။ ပရိတ်ကြီး ၁၁သုတ်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အကျွမ်းတဝင် ရင်းနှီးပြီးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် လူသိနည်းသေးသော ပရိတ်တော်များကို ဗုဒ္ဓဘာသာဝင်တို့နှင့် အကျွမ်းတဝင်ဖြစ်စေရန်အတွက် လည်းကောင်း၊ ထို မထင်မရှား တိမ်မြုပ်နေသော ပရိတ်တော်များ၏ တန်ခိုးအာနုဘော်ကို ခံစားပူဇော်နိုင်စေရန်အတွက် လည်းကောင်း ဤ "သာမာဝတီ ပရိတ်တော်"ကို တင်ပြ ပူဇော်လိုက်ရပါသည်။

ထို သာမာဝတီပရိတ်တော်၏ ဖြစ်တည်မှုအစကား ဤသို့တည်း။

အတုမဲ့ တန်ခိုးတော်၊ ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဂေါတမဘုရားရှင်လက်ထက်တော်တွင် ဘဒ္ဒဝတီပြည်မှ "ဘဒ္ဒဝတီ"သူကြွယ်နှင့် ကောသမ္ဗီပြည်မှ "ဃောသက" သူကြွယ်တို့သည် အဆွေခင်ပွန်းများ ဖြစ်ကြ၏။ တစ်ခါသော် ဘဒ္ဒဝတီပြည်၌ ယဉ်နားဟု ခေါ်သော သေွးဆိပ်သင့်သော အနာကျရောက်၍ လူအများ သေကြေပျက်စီးကြရလေသည်။

ဘဒ္ဒဝတီ သူကြွယ်သည် ဇနီးနှင့် သမီးဖြစ်သူ "သာမာဝတီ"(ရွှေရောင်အဆင်းရှိသူ)တို့ကို ခေါ်၍ အိုးအိမ်ကို စွန့်ခွာ၍ ဃောသက သူကြွယ်ရှိရာ ကောသမ္ဗီပြည်သို့ ထွက်ခွာလာခဲ့လေသည်။ ကောသမ္ဗီပြည်အရောက်တွင် မိခင်နှင့် ဖခင်ဖြစ်သူမှာ အသက်ကံကုန်၍ ဘဝတစ်ပါးပြောင်းသွားရရှာလေသည်။ သမီးဖြစ်သူ သာမာဝတီလည်း ခိုကိုးရာမဲ့ဘဝဖြင့် မြို့တံခါးအနီး ဇရပ်တစ်ဆောင်တွင် နေ၍ ဃောသက သူကြွယ်၏ အလှူမဏ္ဍပ်၌ သွားရောက် တောင်းရမ်းစားနေရတော့သည်။

ထိုအကြောင်းကို မိတ္တသူကြွယ်မှတစ်ဆင့် ဃောသက သူကြွယ်သိလျှင် မေတ္တာရှေ့ထား ကရုဏာပွား၍ သာမာဝတီအား ခေါ်ယူ၍ သမီးရင်းသဖွယ် မွေးမြူစောင့်ရှောက်၍ အခြွေရံ ငါးရာနှင့်တကွ သူဌေးအရာ၌ ထားလေ၏။

♦♦♦

တစ်ကြိမ်သော် ကောသမ္ဗီပြည်တွင် နက္ခတ်သဘင်ပွဲတော်နှင့် ကြုံကြိုက်လေသည်။ သာမာဝတီ သတို့သမီးသည် အခြွေရံများနှင့်တကွ ရေချိုးဆိပ်သို့ ဆင်းစဉ် ကောသမ္ဗီပြည့်ရှင် ဥတေနမင်းက မြင်တွေ့ပြီး ချစ်ခင်နှစ်သက်လွန်း၍ ဃောသက သူကြွယ်ထံမှ တောင်းယူလျက် မိဖုရားကြီးအရာ တင်မြှောက်လေသည်။ အခြွေရံ ငါးရာသည်လည်း မိမိတို့ သခင်မနှင့်အတူ နန်းတော်၌ ခစားကြရလေသည်။

ထိုစဉ်က ဥတေနမင်း၌ သာမာဝတီအပြင် "ဝါသုလဒတ္တာ"နှင့် "မာဂဏ္ဍီ"ဟူသော မိဖုရားနှစ်ပါးရှိသေး၏။ သာမာဝတီ မိဖုရားသည် ဘာသာတရားကိုင်းရှိုင်းပြီး စိတ်နှလုံးဖြူစင်သူဖြစ်ပြီး မြတ်စွာဘုရားရှင်အား ရိုသေစွာ လုပ်ကျွေးပြု၍ သရဏဂုံဆောက်တည်ရာ သောတာပန်အဖြစ် ရောက်ရှိခဲ့လေသည်။

သို့သော် မာဂဏ္ဍီ မိဖုရားကမူ ဘုရားရှင်အားလည်း မကြည်ညို။ သာမာဝတီ မိဖုရားအပေါ်လည်း မကျေနပ်။ ရန်ငြိုးဖွဲ့၍ မကြာခဏဆိုသလို မင်းကြီးအား ကုန်းချောလေတော့၏။

တစ်ကြိမ်တွင်လည်း မင်းကြီး၏ စောင်းတော်တွင် မြွေအရှင်ကို ထည့်၍ သာမာဝတီ၏ လက်ချက်ဟု လုပ်ကြံဖန်တီးပြခဲ့၏။ ဤသို့ လေးကြိမ်တိုင်တိုင် လီဆယ်မှုများလုပ်၍ ကုန်းချောလေရာ မင်းကြီးလည်း အမှန်ကို မမြင်နိုင်ဘဲ ယုံကြည်ခဲ့လေသည်။

မိမိအသက်ကိုပင် လုပ်ကြံဝံ့သည့် မိဖုရားဟု မောဟအများဖြင့် မင်းကြီးသည် သာမာဝတီ၏ ရင်ညွန့်ကို ချိန်၍ မြားဖြင့် ပစ်ခတ်လေသည်။ သို့သော် မေတ္တာရှေ့ထားသော သာမာဝတီ မိဖုရားသည် မည်သည့်ဘေးရန်မှ မသင့်။ မြားလည်း မခဲ့။

ထိုအခါမှ ဥတေနမင်းကြီးလည်း သတိ သံဝေဂရကာ သာမာဝတီအား လက်အုပ်ချီကာ တောင်းပန်လေသည်။ သာမာဝတီ မိဖုရားက မည်သို့မျှ ဒေါသမပွားဘဲ…

"မြတ်သောမင်းကြီး…ကျွန်ုပ်အား မကိုးကွယ်လင့်။ ကျွန်ုပ်ကား ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော မြတ်ဗုဒ္ဓကို ဆည်းကပ်ပြီးသူဖြစ်သည်။ ဤကိုးကွယ်ရာသည်ကား အတုမဲ့ ကိုးကွယ်ရာပင်တည်း။ ထိုအတွက် မြတ်ဗုဒ္ဓကိုပင် ကိုးကွယ်ဆည်းကပ်ပါလော့"

ဟု ချိုသာစွာ တိုက်တွန်းလေသည်။

မင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်လေတော့သည်။

♦♦♦

မာဂဏ္ဍီသည် မိမိ၏ ကုန်းချောမှုများ မအောင်မြင်၍ ဘထွေးတော်နှင့် တိုင်ပင်ကာ မင်းကြီး ဥယျာဉ်ကစားထွက်သောအချိန်၌ သာမာဝတီနှင့် အခြံရံများ နေသော နန်းဆောင်ကို မီးတိုက်ပြန်သည်။

သာမာဝတီ မိဖုရားလည်း အခြံရံတို့ကို စုရုံးခေါ်ယူ၍

"ရှင်မတို့… အစမထင်သော သံသရာ၌ ထင်ကျက်သော ဝဋ်ကြွေးကို ရှောင်ပြေး၍ မလွတ်နိုင်။ ဝဋ်ကြွေးရှိလျှင် အခုဘဝမှာပင် အကြွေးဆပ်လေလော့။ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ မမေ့မလျော့သော သတိဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မှတ်ကြကုန်လော့"

ဟု ဆုံးမစကားဆိုလေသည်။

သာမာဝတီ မိဖုရားနှင့်တကွ အားလုံးသော အခြံရံတို့သည် ရှေးက ပြုခဲ့သော ဝဋ်ကြွေးကို အကြွေးဆပ်မည်ဟု ဆုံးဖြတ်၍ ဝေဒနာ ပရိဂ္ဂဟ ကမ္မဋ္ဌာန်းအဖြစ် နှလုံးသွင်း၍ မီးလောင်ခံကြလေတော့သည်။ မကွယ်လွန်မီစပ်ကြား၌ အချို့သည် သကဒါဂါမ်အဖြစ်၊ အချို့သည် အနာဂါမ်အဖြစ် ရောက်ကြရလေတော့သည်။

သာမာဝတီ မိဖုရားနှင့် အခြံရံ ငါးရာတို့ မီးလောင်၍ သေဆုံးရကြောင်း မင်းကြီးသိလေသော် ကြီးစွာသော ပူဆွေးသောကရောက်ခဲ့သော်လည်း ရာဇမာန်ဖြင့် ဖုံးကွယ်၍ ထိုအမှုကို ဥပါယ်တံမျဉ်ဖြင့် စစ်ရန် ဆုံးဖြတ်၏။ ထို့နောက်···

"အခုအခါ၌ ငါ့အား အပြစ်ရှာတတ်သော သာမာဝတီ မိဖုရားမရှိတော့၍ စိတ်ချမ်းသာရပေပြီ။ ဤအမှုကို ငါ့အား ချစ်မြတ်နိုးသူတစ်ဦးဦးက ပြုပေးသည် ဖြစ်လတ္တံ့"

ဟု မိန့်ကြားလေရာ မာဂဏ္ဍီ မိဖုရားလည်း ရွှင်လန်းစွာဖြင့် ထ၍···

"ကျွန်ုပ်သည်ပင် ဘထွေးတော်နှင့် တိုင်ပင်၍ ပြုလေ၏"

ဟု ဝန်ခံ၏။ မင်းကြီးလည်း ဝမ်းသာသော အမူအရာကို ဟန်ဆောင်ပြပြီး···

"ဤသို့ဆိုလျှင် ငါ့အား ကျေးဇူးပြုသော သင်နှင့် သင့်ဆွေမျိုး အပေါင်းအား ဆုလာဘ်တော် ချီးမြှင့်အံ့။ ထိုအမှု၌ ပါဝင်သူ အားလုံးကို ခေါ်ချေလော့"

ဟု ဆိုလေသည်။

မာဂဏ္ဍီသည်လည်း ဝမ်းမြောက်စွာဖြင့် မိမိ၏ ဆွေမျိုး အပေါင်းအား နန်းရင်ပြင်၌ စုရုံးစေသည်။ ထိုသူတို့ ဆုရသည်ကို မြင်လျှင် ဆွေမျိုးမတော်စပ်သူတို့ပင် ရောက်လာကြပြီး မာဂဏ္ဍီ၏ အမျိုးတည်းဟု ဆိုကာ စုဝေးကြကုန်၏။ ထိုအခါမှ မင်းကြီးလည်း ထိုသူအားလုံးကို ဖမ်းစေ၍ ချက်ထိ နက်သော တွင်းတို့၌ ရပ်စေ၍ မြေဖို့ ကောက်ရိုးအုပ်ကာ မီးရှို့စေသည်။ မာဂဏ္ဍီကိုမူ မိမိအသားကိုပင် ပြန်စားစေလျက် ညှဉ်းဆဲကိုက်လေရာ ထိုသူအားလုံး မီးလောင်သေဆုံး ပျက်စီး ကြရလေသည်။

ဤဇာတ်လမ်းသည် ဓမ္မပဒအဋ္ဌကထာ အပ္ပမာဒဝဂ္ဂ အခန်းတွင် ပါရှိသော သာမာဝတီဝတ္ထုမှ ဖြစ်ပါသည်။

•••

သာမာဝတီ မိဖုရားသည် မြားဖြင့် ပစ်ခတ်ခံရသော် လည်း ပရိတ်တော်တန်ခိုးကြောင့် မသေ။ ကုန်းချောစကား တို့ဖြင့် ဖျက်သော်လည်း မပျက်။ မီးတနင့်ပါး ခုံးပါး၍ တစ် ကောဇ်ကြွက်ဖြစ်နေရာမှ မပြတ်ရွတ်ဆိုနေသည့် ပရိတ်တော် တန်ခိုးကြောင့် မင်းမိဖုရားအဖြစ် ရောက်ခဲ့ရ၏။

ထို့ကြောင့် ထို သာမာဝတီ ပရိတ်တော်ကို ရွတ်ဖတ် ပူဇော်သူတို့သည် မည်မျှအခက်အခဲကြုံနေသော်လည်း လွတ်မြောက်နိုင်၏။ ကူညီစောင်မမည့်သူများ ပေါ်လာရ၏။ အလုပ်ကိုင် စီးပွားရေးကျဆင်း၍ ထင်တိုင်းမပေါက်၊ ခရီး မရောက်က ရွတ်ဖတ် ပူဇော်ကြည့်ပါ။ အံ့ဖွယ် ထူးခြားမှုကို အချိန်တိုအတွင်း ကြုံတွေ့နိုင်ပါသည်။ ခရီးလမ်း၌ ဘေးဥပဒ် ကင်းကာ လိုရာပန်းတိုင်သို့ ချောမောစွာ ရောက်ကြရပေမည်။ တစ်စုံတစ်ခုသော အကြောင်းကိစ္စ ကြီးငယ်ရှိလျှင်သော် လည်းကောင်း၊ အမှုကိစ္စများအတွက်သော် လည်းကောင်း အဓိဋ္ဌာန်ဝင်၍ ပူဇော်ပါက မကြာချက်ချင်း လက်ငင်း အကျိုး ထူးနှင့် ပြည့်စုံရပေမည်ဖြစ်၏။

## သာမာဝတီ ပရိတ်တော်

*နတ္ထိမေ သရဏံအညံ၊ ဗုဒ္ဓေါ မေသရဏံ ဝရံ၊*
*ဓမ္မောမေ သရဏံ ဝရံ၊ သံဃောမေ သရဏံ ဝရံ၊*
*တေ သရဏံ မုပေမိ၊ မယိ ကာဒီန စိတ္တတိ၊*
*တေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။*

## အနက်အဓိပ္ပာယ်

မေ - ငါ့အား၊ အညံ - တစ်ပါးသော၊ သရဏံ - ကိုးကွယ်ရာသည်၊ နတ္ထိ - မရှိ၊ ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ မေ - ငါ၏၊ ဝရံ - မြတ်သော၊ သရဏံ - ကိုးကွယ်ရာတည်း။

ဓမ္မော - မြတ်တရားသည်၊ မေ - ငါ၏၊ ဝရံ - မြတ်သော၊ သရဏံ - ကိုးကွယ်ရာတည်း။

သံဃ - သံဃာတော်သည်၊ မေ - ငါ၏၊ ဝရံ - မြတ်သော၊ သရဏံ - ကိုးကွယ်ရာတည်း။

အဟံ - ငါသည်၊ တေ သရဏံ - ဤဘုရား တရား သံဃာတည်းဟူသော ကိုးကွယ်ရာကို၊ ဥပေမိ - ချဉ်းကပ် ကိုးကွယ်ပါ၏။ ကဒါ - ယုံမှားခြင်းသည်၊ မယိ - ငါ၌၊ နဝိဇ္ဇတိ - မရှိ။

တေန သစ္စဝဇ္ဇေန - ဤမှန်သော သစ္စာစကားကြောင့်၊ မေ - ငါ့အား၊ ဇယမင်္ဂလံ - အောင်ခြင်းမင်္ဂလာသည်၊ ဟောတု - မုချမသွေဖြစ်ပါစေသတည်း။

သတ္တဝါမှန်သမျှ တရားတွေ၍ ချမ်းမြေ့ကြပါစေ။

* * *

ဝသုန်ထိန်းဆင့်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်ကြီးမှာ ကြီးမား ကျယ်ဝန်းသလို ခံ့ညားမှုလည်း ရှိ၍နေပေသည်။ အချိန်ကာလ ကား မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ နေ့ဆွမ်း ဘုဉ်းပေး တော်မူပြီးချိန်ဟု ဆိုရမည်ပင် ဖြစ်ပါသည်။

ကျောင်းတော်ကြီးဆီ သွားရာ မြေနီလမ်းကလေးမှာ ရှည်လျားလွန်းလှသလို သန့်ရှင်းပြီး ညီညာပြေပြစ်နေပါ၍ ကြည်နူးအေးမြမှု ခံစားရသည်ဟုဆိုလျှင် ပိုမည်မထင်မိချေ။ သို့သော်လည်း ခေါင်းကိုပင် မမော့နိုင်ရှာပါဘဲ စိုက်စိုက် စိုက်စိုက်ဖြင့် တစ်လှမ်းချင်း လျှောက်လာနေသူ အမျိုးသမီး တစ်ဦးမှာကား ကြည်နူးသာယာမိသောစိတ်ကို ဂရုမပြုမိအား ပါချေ။

သာဝတ္ထိပြည်ဗွာနေ၏ စစ်သေနာပတိချုပ်ဖြစ်သော ဗန္ဓုလစစ်သူကြီး၏ ဇနီးဖြစ်သူ မလ္လိကာဒေဝီသည် မိဘတို့ နေထိုင်ရာအရပ်၊ မလ္လာမင်းတို့၏ တိုင်းပြည် ကုသိနာရုံသို့ ပြန်ရမည်ကို သိရှိပါသည်။ တစ်ပြည်စီ ခွဲခွာသွားရမည့်အရေး တွင် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓဘုရားရှင်၏ ကျောင်းတော်ရှေ့ကို ဖြတ်သန်းသွားရသည်ပင်ဖြစ်ရာ ဝင် ရောက်ဖူးမြော်ကြည်ညိုလိုသောစိတ်၏ ခေါ်ဆောင်မှုကြောင့် အရောက်လာခဲ့ရခြင်းလည်း ဖြစ်ပါ၏။

ဤတိုင်းပြည်သို့ သူမ ရောက်ခဲ့ရစဉ် အဖြစ်အပျက်များ ကိုလည်း ပြန်ခံစားရင်း တွေးမိဖြစ်သွားသည်။

ဗန္ဓုလစစ်သူကြီးသည် သာဝတ္ထိပြည်၏ စစ်သေနာပတိ ချုပ်ဖြစ်သော်လည်း အမှန်မှာ မလ္လာတိုင်း၏ မင်းသားတစ်ဦးပင် ဖြစ်သည်။ မလ္လိကာဒေဝီသည်လည်း မလ္လာမင်းတို့၏ မင်းမျိုး မင်းနွယ် မင်းသမီးတစ်ဦးဖြစ်ပါသည်။ မင်းမျိုးမင်းနွယ်ချင်း ဆည်း တူခဲ့သည်။ ထူးခြားသော ရုပ်အဆင်းသဏ္ဌာန်၊ မိန်းကလေးတစ်ယောက်၏ ထူးခြားဂုဏ်အင်္ဂါများကိုလည်း ပိုင်ဆိုင်ထားပေရာ ဗန္ဓုလမင်းသား၏ ရွေးချယ် တော်ကောက် ခြင်းကို ခံခဲ့ရပါ၏။ တစ်ပြည်ခြားနေသော သာဝတ္ထိအရပ်တွင် သူမတူအောင်ပင် ထူးခြားတင့်တယ်စရာကောင်းလှသော ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ခဲ့သည့် မင်္ဂလာပွဲသဘင်ကို ဆင်နွှဲ ခွင့်ရခဲ့ပါသည်။

ကုသိနာရုံမှ သာဝတ္ထိသို့ ကြွမြန်းခဲ့ရာ လမ်း တစ်လျှောက်ဝယ် ကြိုဆိုခဲ့ကြသော၊ လူပရိသတ်များကြား တွင် မိန်းမချော၊ မိန်းမလှတစ်ဦးဖြစ်ကြောင်း ရေပန်းစားခဲ့ရ သော မလ္လိကာဒေဝီဖြစ်ခဲ့ပါသည်။ ခြေတစ်လှမ်းမျှပင် မြေပေါ် မနင်းရပါဘဲ ရတနာစီခြယ်ထားသော လှည်းအတွင်းမှ ကြွရှု လှပသော မဟာလတာ အဝတ်တန်ဆာကြောင့် လူတိုင်း ငေးမောခဲ့ကြရပါသည်။

တန်ဖိုး ကိုးကုဋေထိုက်တန်ပြီး ရတနာမျိုးစုံတို့ဖြင့် တောက်ပ လင်းလက်သည့် အဝတ်ကို ဝတ်ဆင်ခွင့်ရခဲ့သူ အမျိုးသမီးတစ်ဦး၏ ထူးခြားသော ဂုဏ်ကျက်သရေရှိသူဟု တင်စားခံရသူလည်း ဖြစ်ခဲ့ဖူးပါ၏။ သာဝတ္ထိပြည့်ရှင်မင်း ပသေနဒီကောသလမင်းကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေး တော်မူခဲ့ရသော မင်္ဂလာပွဲ၏ အဓိကကျသူ မိန်းမကောင်း၊ မိန်းမမြတ်ဖြစ်ခဲ့ရသော သူမ၏ ခန္ဓာကိုယ်ထည်ကြီးသည် ယခုအခါတွင်မတော့ ဘာမျှအသုံးမဝင်တော့သည့် လူကိုယ် ကောင်ကြီးအဖြစ် သတ်မှတ်ရတော့မည်မှာ သေချာနေသည့် အသွင်ဆောင်ခဲ့ရပေပြီ။

နားထဲတွင် မခံမရပ်နိုင်လောက်အောင်ပင် ကြားမိရ သည်က "အမြုံမ"ဟူသော စကားရပ်ပင် ဖြစ်ပါချေ၏။ ချစ်ခင် ကြင်နာရသူ လင်တော်မောင် မောင်ကြီး ဗန္ဓုလကိုယ်တိုင်က ပင် တိုင်းပြည်အရေးနှင့် ချစ်သူအရေးတွင် တိုင်းပြည်အရေး ကို ပိုမိုဦးစားပေးသည်ဟု ထင်မြင်မိသည်။

မလ္လိကာသည်ကား အိမ်ထောင်ကျပြီး၍ ၃နှစ်ကြာမြင့် ခဲ့သည့်တိုင် သားသမီးမမွေးဖွားနိုင်သူဖြစ်နေရသည်။ သာဝတ္ထိ ပြည်၏ နန်းတော်အတွင်း၌ မိန်းမမှန်လျှင် သားသမီးမွေးဖွား ပေးနိုင်ရမည်ဟု ယဉ်ကျေးမှုဓလေ့စရိုက်က အခိုင်အမာရှိနှင့် ခဲ့ပြီးဖြစ်ပါ၏။ သားသမီး မမွေးဖွားနိုင်သူဖြစ်ခဲ့သော မလ္လိကာကို အသရေမဲ့သူ၊ အမြုံမဟု စွပ်စွဲပြောကြားလာခဲ့ကြသည်။ ဗန္ဓုလ ကိုယ်တိုင်မှာလည်း ဤတိုင်းပြည်ကြီး၏ စစ်သေနာပတိချုပ် ဖြစ်ရကား တိုင်းပြည်၏ ဥပဒေအမိန့်ကို မလွန်ဆန်နိုင်ဘဲ ရှိနေခဲ့သည်။ မလွဲသာမရှောင်သာဟု ဆိုရပါမည်၊ မိမိချစ်ဇနီး မလ္လိကာကို သားသမီးမမွေးဖွားပေးနိုင်ပါလျှင် မိမိနေရပ်သို့ သာ ပြန်ပါတော့ဟု မပြောချင်ပါဘဲလျက် ပြောထွက်ခဲ့ပါသည်။

တစ်လှမ်းချင်းလျှောက်လာခဲ့ရင်း ဇေတဝန်ကျောင်း တော်ကြီး၏ တံခါးပေါက်ဝ လှေကားထစ်ဆီ ရောက်ရှိခဲ့သည်။ လူပရိသတ်ကြီးကို တရားတော် ချီးမြှင့်ပေးတော်မူနေသော ဗုဒ္ဓဘုရားရှင်သည်ကား ပလ္လင်ထက်တွင် ခန့်ညားတည်ကြည် လှစွာ သီတင်းသုံးတော်မူလျက်ရှိနေသည်ကို တွေ့ရပါသည်။

သူမက လူပရိသတ်များကြားထဲမှ တိုးဝှေ့ဝင်ခဲ့ပြီး မြတ်စွာဘုရားနှင့် နီးနိုင်သမျှ နီးမည့်နေရာသို့ တိုးကပ်ထိုင် လိုက်ရပြီး အဆင်ပြေသည့် နေရာတစ်နေရာမှ ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့လိုက်သည်။ တရားတော်ကို နှိုးနှိုးခြင်း ပြုနေသော်လည်း မလ္လိကာဒေဝီ ကျောင်းတော်ကြီးထဲ ဝင်ရောက်လာခဲ့သည်ကို မြတ်စွာဘုရားရှင် သတိထားမိပါ၏။ သို့သော်လည်း ဟောတော်မူလက်စ မပြတ်သေးသော တရားအရာကို ဆက်လက် ဟောကြားနေလိုက်ရသည်။

မလ္လိကာဒေဝီက တရားတော်ကို စူးစိုက်နာယူနေမိရာမှ ကမ္မဝင့်၏ အကျိုးဆက်ဝန်းအကြောင်း တရားစကားရပ်များထဲတွင် ပါရှိလာသည်။ တရားတော်နှင့်အတူပင် ဆင်ခြင်နှလုံးသွင်းကြည့်မိသည်။ သူမအနေဖြင့် သားသမီးမမွေးခြင်းသည် ထိုခေတ် ယဉ်ကျေးမှုဆိုင်ရာအရ ကြီးစွာသော အပြစ်ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ မိမိအပြစ်ကိုလည်း သိမြင်မိသည့်အားလျော်စွာ မိဘရပ်ထံ ပြန်ခွင့်ရခြင်းကို ကျေနပ်စွာ ပြုမူခဲ့မိခြင်းလည်း ဖြစ်ပါသည်။ ဘယ်သူမပြု မိမိမှုသာ ဖြစ်ပါသည်။ ကံကြမ္မာ၏ အကျိုးစက်ဝန်းကို မည်သူက ဟန့်တားနိုင်ပါမည်နည်း။ ဗန္ဓုလသည် ယခုအချိန်တွင် ကံကြမ္မာ၏ အကျိုးစက်ဝန်းကား ကြီးမားကျယ်ပြန့် ကျယ်ဝန်းလှပါသည်ဟု နားလည်သင့်သည်ပင် ဖြစ်သည်။ ဤသဘောအတိုင်းပင် သဗ္ဗေသတ္တာ ကမ္မသကာဟု မှတ်ယူပြီး တရားစကားအရ နှလုံးသွင်းဆင်ခြင်လိုက်မိသည်တွင် ငြိမ်းအေးသော အရသာကို ခံစားခွင့်ရရှိသွားခဲ့ပါ၏။

တရားပွဲလာ ပရိသတ်များအား တရားချီးမြှင့်ခြင်းအမှုကိစ္စများ ပြီးဆုံးသွားခဲ့လေပြီ။ မြတ်စွာဘုရားရှင်က ထူးခြားစွာ ကျောင်းထဲ ရောက်ရှိနေသူ မလ္လိကာဒေဝီကို အနားတိုး၍ လျှောက်ထားနိုင်စေရန် မိန့်ကြားလိုက်ပါသည်။ ကိုယ်ကလေးကျုံ့ပြီး မြတ်စွာဘုရားရှင်အား အနီးကပ် ဖူးမြော်ရင်း ဦးခိုက်ဝပ်တွားလိုက်သည်။

မြတ်စွာဘုရားရှင်က မလ္လိကာဒေဝီအား အကျိုးအကြောင်းမေးမြန်းသောအခါ ခင်ပွန်းဖြစ်သူ ဗန္ဓုလက သားသမီးရတနာ မထွန်းကားရခြင်းကြောင့် မိဘအိမ်သို့ ပြန်နိုင်းသဖြင့် ပြန်လာရင်း ဝင်ရောက်ဖူးမြော်ရခြင်းဖြစ်ကြောင်း လျှောက်ထားလိုက်ပါသည်။

မြတ်စွာဘုရားရှင်က ပြန်လည်မိန့်ကြားသည်မှာ "သားသမီးမရခြင်းကြောင့် မိဘရပ်ထံ ပြန်ရမည်ဆိုပါလျှင် မိဘအိမ်သို့ ပြန်စရာမလိုပါ။ ခင်ပွန်းသည် ဗန္ဓုလထံသို့သာ ချစ်သမီးပြန်သွားလိုက်ပါ" ဟု မိန့်မှာလေသည်။

ထိုစကားသံအဆုံးတွင် မလ္လိကာဒေဝီ၏ ရင်ထဲ၌ အပြုံးပန်းလေးတစ်ပွင့် ပွင့်ခဲ့ရပြီဖြစ်ပါသည်။

မလ္လိကာဒေဝီသည် ဇေတဝန်ကျောင်းတော်ကြီးကို ကျောခိုင်းခဲ့၏။ ဦးတည်ရာနေရာက သာဝတ္ထိပြည်ရှိ စစ်သူကြီး ဗန္ဓုလ၏ အိမ်တော်ရှိရာဆီသို့။

◆◆◆

တိုင်းရေးပြည်ရာကိစ္စရပ်များ မရှိတော့သည့် ညနေဘက်အချိန်ကာလသည် ချစ်ဇနီးနှင့် တီးတိုးစကားများ ပြောဆိုနေလေ့ရှိသော အချိန်ဖြစ်နေပါ၏။ လုပ်ငန်းကိစ္စရပ်များကိုလည်း မေ့ထားလိုက်ပြီး အညောင်းဆန့်ရင်း တစ်ယောက်တည်း ထိုင်လိုက်၊ ထလိုက်လုပ်ရင်း အိမ်တော်ရာမြင်ကွင်းနှင့်အတူ အတွေးပင်လယ်ထဲ မျောပါသွားခဲ့ရသည်။

အမှန်ဆိုပါလျှင် မိမိက တိုင်းပြည်တစ်ပြည်၏ ထီးနန်းပြည့်ရှင်ဘုရင်ပင် ဖြစ်ခွင့်ရမည့်သူဖြစ်ခဲ့သည်။ လုပ်ဆောင်ခဲ့ရသမျှတွင်လည်း ပြီးမြောက်အောင်မြင်ခဲ့ရသည့် လုပ်ရပ်များစွာရှိခဲ့သည်။ ငယ်ဘဝ ဒိသာပါမောက္ခ ဆရာကြီးထံမှ ပညာများ ပြည့်စုံစွာ သင်ကြားခဲ့ပြီး မိမိနေရပ် ပြန်ရောက်ခဲ့စဉ်က အကြောင်းအရာလေးတစ်ခုကို စဉ်းစားမိသွားသည်။

ကုသိနာရုံ၏ မင်းညီမင်းသားတစ်ပါးဖြစ်သော သူ့ကိုညီအစ်ကို မင်းသားများက တက္ကသိုလ်ပြန် လက်ရုံးရည်ကို အလေးအမြတ်ပြုပြီး စွမ်းရည်ပြသစေပါသည်။ တက္ကသိုလ်မှ





www.burmeseclassic.com

www.burmeseclassic.com

မြန်ရောက်လာသည့် မင်းသားတိုင်းအတွက် လုပ်ရိုးလုပ်စဉ် အခမ်းအနားတစ်ခုလည်း ဖြစ်ပါ၏။ မားခုတ်အတတ်ပညာကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ခဲ့သည်ဟု သတင်းစကားကြားထားခဲ့ပြီးဖြစ်ရကား ဝါးအလုံးရေ ၆၀စီ ပါသော ဝါးအစည်းပေါင်း ၆၀ကို သံလျက်ဖြင့် ခုတ်ဖြတ်ပြရန် အစီအစဉ်ပြုလုပ်ထားရှိခြင်းဖြစ်သည်။

ချစ်ခင်လှသော ညီနောင်သားချင်းများက သူ၏ စွမ်းရည် ထက်မြက်သည်ကို သိရှိပါ၍ အချို့ အချို့သော ဝါးလုံးများတွင် သံချောင်းအချို့ကိုပါ ထည့်သွင်းညှပ်ထားစေလိုက်ပါသည်။ သို့သော်လည်း ဗန္ဓုလက ပရိသတ်အလယ်တွင် ဝါးအစည်း ၆၀ကို ခုတ်ဖြတ်ပြနိုင်ခဲ့ပါ၏။ ဝါးအစည်းများက ခုတ်၍ ပြတ်သည့်အချိန်တိုင်းတွင် "ကရိ...ကရိ"ဟု သံချောင်းသံများ ကြားခဲ့ရခြင်းကို မှတ်မိနေရာ လက်တွေ့စစ်ဆေးမိသည်တွင် သံချောင်းများ ကြားညှပ်ထားသည်ကို သိခဲ့ပြီး မလ္လာမင်းသားများအပေါ် စိတ်ဆိုးဒေါသဖြစ်ခဲ့ရသည်။

ကုသိနာရုံ၏ လက်ရှိဘုရင် ခမည်းတော်နှင့် မယ်တော် မိဖုရားကြီးတို့ထံတွင် တိုင်းပြည်ရှိ မင်းသားများကို အားလုံး သတ်ပစ်မည်ဟု ဒေါသအလျောက် ဖွင့်ဟပြောဆိုလိုက်မိသည်။ ခမည်းတော်နှင့် မယ်တော်တို့က သားတော် ဗန္ဓုလ၏ အကြံအစည်ကို တားမြစ်ရပါတော့၏။ ချစ်ခင်သော ညီအစ်ကိုတော်များကို သတ်ပစ်ရလောက်အောင်လည်း မဖိုက်မဲသင့်ပါကြောင်း ဖျောင်းဖျပြောဆိုခဲ့ရာ ဤတိုင်းပြည်တွင် မနေချင်တော့ဘဲ သူငယ်ချင်းဖြစ်သူ ပသေနဒီကောသလမင်း၏ တိုင်းပြည်သို့ လာရောက်ခဲ့မိခြင်း ဖြစ်သည်။

ထိုကမှတစ်ဆင့် သာဝတ္ထိပြည်ကြီး၏ စစ်သေနာပတိချုပ် စစ်သူကြီးရာထူးအဆင့်အထိ ရရှိခဲ့ပါသည်။ တာဝန်ဝတ္တရားများကို မငြီးမငြူဘဲ ထမ်းဆောင်ခဲ့ရသလို မိမိချစ်ခင်နှစ်သက်ရပါသော တစ်ပြည်တည်းအတူနေ မျိုးရိုးဂုဏ်ရှိသော ဆွေမျိုးတော် မလ္လိကာဒေဝီကို ဇနီးအဖြစ် သိမ်းပိုက်ရယူနိုင်ခဲ့ပါ၏။

ချစ်ခင်စွာ ပေါင်းစည်းထားသော အမျိုးသားနှင့် အမျိုးသမီးတွင် ရာထူး၊ ဂုဏ်၊ လုံ့ပမှု၊ မျိုးနွယ်ကောင်းတို့ ပြည့်စုံမှုနှင့် မလုံလောက်နိုင်ပါပေ။ ဇနီးနှင့် ခင်ပွန်း ပေါင်းစည်းမှုမှ တစ်ဆင့် သင့်တော်သော ကာလတစ်ခုတွင် သားသမီးများ ရှိကြခြင်းက ထုံးစံဖြစ်သည်ကို ဗန္ဓုလ နားလည်သိရှိပါသည်။

ဆန်းကြယ်သော အဝတ်တန်ဆာများ ဝတ်ဆင်ခဲ့၍ လှပသော မိန်းမတစ်ယောက်၏ အချည်အချင်းများ ရှိခဲ့စေကာမူ ခေတ်နှင့်အညီ ဆိုင်ရာ ယဉ်ကျေးမှုအရ အိမ်ထောင်ပြုကြခြင်းတွင် ကာမဂုဏ်သက်သက်မဟုတ်ပါချေ။ လောကစီးပွားအရ သားသမီးတို့၏ ဘုန်းတန်ခိုး ကံအကြောင်းတရားများကလည်း ဘဝတိုးတက်ရေးအတွက် အခြေခံအနေအထားများ သဖွယ် ဖြစ်ကြရမည်ပင်။ မွေးဖွားလာကြသော သားသမီးများကိုလည်း လူ့တာဝန်ကျေပွန်အောင် ဆုံးမပြုပြင်ပေးရန်း မိဘတစ်ယောက်၏ အလင်းရောင်ကို ရရှိခံစားချင်မိသေးသည်။

သို့ရာတွင် ဇနီးသည် မလ္လိကာနှင့် သုံးနှစ်တိုင် ပေါင်းသင်းခဲ့သော်လည်း သားသမီးတစ်ယောက်မှ မရခဲ့ပေ။ စစ်သေနာပတိတစ်ယောက်အနေဖြင့် မလ္လိကာကို ကွာရှင်းမှတစ်ပါး အခြားလုပ်စရာမရှိတော့ဟု ဆုံးဖြတ်ရတော့၏။ ထိုခေတ်ယဉ်ကျေးမှုအရ မလ္လိကာကို ကွာရှင်းပစ်ရမည်။ သားသမီးများရရန် နောက်ထပ် အိမ်ထောင်ပြုရမည်လည်း ဖြစ်ပါ၏။ သူက ယဉ်ကျေးမှု လူ့ဘောင်စည်းကမ်းကို လိုက်နာနိုင်သူဖြစ်ချင်ပါသည်။ သို့မဟုတ်ပါက လူ့အသိုင်းအဝိုင်းက ဖယ်ကြဉ်လာကြမည်ကိုလည်း စိုးရိမ်စိတ်ဖြစ်မိ၍ မလုပ်သင့်သော၊ မပြောသင့်သော စကားကို ဆိုခဲ့မိချေပြီ။

သက်ပြင်းမောတစ်ခုကို လေပူနှင့်အတူ မှုတ်ထုတ်လိုက်မိသည်။ ဘုရင်မဖြစ်ခဲ့ရသော်လည်း အုပ်ချုပ်ရေးနှင့်ဆိုင်သော စစ်သူကြီး ရာထူးကိုတော့ ပိုင်ဆိုင်ခွင့်ရခဲ့ပါသည်။ သို့အတွက် ချွေးရုံသင်းပင်းဟု ဆိုအပ်သော တပ်မဟာကြီးသည် လည်းကောင်း၊ နေထိုင်ခွင့်ရသော အိမ်ရာနှင့် ချစ်ဇနီးသည်ရှိ၍ လည်းကောင်း၊ ပြည့်စုံသကဲ့သို့ ရှိခဲ့ပြီးမှ အထီးကျန်ဆန်နေရသူလို ဖြစ်နေကြောင်း သိရှိခံစားလာမိပါ၏။

အလုံးစုံ ပြည့်စုံခဲ့သော သူ့ဘဝတွင် ယနေ့ တစ်ရက်မှစ၍ ချစ်ဇနီး မလ္လိကာ မရှိခြင်းက လစ်ဟာနေသယောင် တစ်ခုခုလိုအပ်နေသယောင် ခံစားမိခြင်းလည်း ဖြစ်ရပါသည်။ တစ်သက်လုံးအတွက် မပေါင်းသင်းတော့ဟု စိတ်ထဲမှ ဆုံးဖြတ်ချက်ချထားသော်လည်း တစ်ညနေအတွက်ကိုပင် သူ့အတော်ရင်ဆိုင် ဖြတ်သန်းနေရသည်။

မနေ့ကတည်းက မပြောချင်ပါဘဲ ပြောလိုက်ရသည့် စကားရပ်လေးကို ပြန်လည်ကြားယောင်မိရာ...

"မလ္လိကာ ချစ်နှမ...သားသမီးသည် ငါတို့အတွက် အရေးအကြီးဆုံး လူ့ဘဝရပ်တည်မှုဖြစ်ပါ၏။ နှမအနေဖြင့် သားသမီးမမွေးပေးနိုင်ပါလျှင် မိဘများထံသို့သာ ပြန်လိုက်ပါတော့"ဟု ပြောလိုက်မိခြင်းကို မှားများ မှားလေပြီလားဟု သံသယဖြစ်မိခဲ့လေပြီ။

တစ်သက်လုံးအတွက် မြတ်မြတ်နိုးနိုး လက်တွဲရန် ဆန်းဆန်းပြားပြား ခမ်းခမ်းနားနားပင် ပြုမူဆောင်ရွက်ခဲ့၍



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားစွာ လက်ထပ်ယူခဲ့ရသော ထိုဇနီးသည်သည် သုံးနှစ်ပေါင်းသင်းခဲ့ပြီး တစ်ညနေ အတူရှိမနေခြင်းကပင် လစ်ဟာမှုအထွင့်အထိပ်ဆီသို့ ရောက်ရှိနေပြီလားဟု ထင်စရာရှိခဲ့ပါသည်။

ဒေးဒေးဝိုင်ဝိုင်နှင့်ပင် မှောင်ရီပျိုးစ လမ်းမကို ဗန္ဓုလစစ်သူကြီး အကြောင်းမဲ့ ကြည့်လိုက်မိသည်။

ရေးရေးလေး မြင်ရသော မြင်ကွင်းတစ်ခုက သူ၏မျက်လုံးထဲ ပုံရိပ်ထင်လာသည်။ သူက မျက်လုံးကိုပါ ပွတ်လိုက်ပြီး သေသေချာချာပင် ပြန်ကြည့်မိပါ၏။ မယုံကြည်နိုင်လောက်အောင်ပင် ပုစွန်မျက်လုံးလို ပြူးကျယ်သွားရပါသည်။

တဖြည်းဖြည်း နီးလာသော မြင်ကွင်းက သေချာသောကိုယ်လုံးကိုယ်ထည်အဖြစ် မြင်တွေ့ရမိစဉ်တွင် လွန်စွာမှလည်း အံ့ဩဝမ်းသာဖြစ်မိရပါ၏။ ပုံရိပ်က တရွေ့ရွေ့နှင့်ပင်သူ့အနီးသို့ တိုးကပ်၍လာသည်။

"ချစ်နှမ…ချစ်နှမ…မလ္လိကာ၊ ဘာဖြစ်လို့ ကုသိနာရုံကို မသွားတာလဲ"

ဟု အယောင်ယောင်အမှားမှား ပြောချလိုက်မိတော့သည်။

ပြုံးစစနှင့် မလ္လိကာ၏ မျက်နှာပေးအနေအထားကပါးဖောင်းဖောင်းလေးကို ဆွဲဆိတ်ပစ်ချင်စရာကောင်းလှပါသည်။ စကားသံတို့က ပွင့်ဟထွက်မလာသေး၍ ဗန္ဓုလစစ်သူကြီးရှေ့ တစ်လှမ်းနှစ်လှမ်းတိုးခဲ့ပြီး မလ္လိကာ၏ လက်ကလေးနှစ်ဖက်ကို တယုတယထွေးပိုက် ကိုင်ထားလိုက်မိသည်။

"မသွားရတော့ပါဘူး မောင်ကြီး။ မောင်ကြီးအတွက် မြတ်စွာဘုရားရှင်ရဲ့ အမှာစကား နမတော်ဆီမှာ ပါရှိလာပါတယ်။ မိဘရပ်ထံကို ပြန်မယ်ဆိုရင် ပြန်စရာမလိုပါဘူးတဲ့။ စစ်သူကြီး ဗန္ဓုလဆီကိုသာ ဒကာမ ပြန်သွားလိုက်ပါတဲ့။ အဲဒီလို အမှာစကားပါးလိုက်တာပါ [illegible]၊ သိပြီလား"

အလင်းရောင်ပျောက်တော့မည့် [illegible]ဆည်းဆာအလှကို လူခန္ဓာကိုယ်ထည်နှစ်ခုက တစ်ခုတည်းအဖြစ် ပူးကပ်တည်ရှိစေခြင်းဖြင့် အလှဆင်ထားသည့် မြင်ကွင်းမှာကား…■

* * *

ကိုမိုး(ရွှေမြည်သာ)

ကျမ်းကိုး ။ ။ ဦးရွှေအောင် (ပုပ္ပဝင်)စီရင်ချက်

## စာမူရှင်များသို့ ဖိတ်ခေါ်ခြင်း

အနယ်နယ်အရပ်ရပ်ရှိ စာမူရှင်များကို
ကျွန်တော်တို့ မဂ္ဂဇင်းမှ နွေးထွေးစွာ
ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။
မိမိတို့နေရပ်အသီးသီးတွင် တည်ရှိသော
စေတီပုထိုးများ၊
ထူးဆန်းသောဖြစ်ရပ်များတို့ကို
သုတရသပုံစံဖြင့်
ရေးသားပေးပို့နိုင်ပါကြောင်း
အသိပေးအပ်ပါသည်။


ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com






တ်၏ခြေတော်ရာ
း၊ နတ်မောက်မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



### နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းမှ

# ရှင်အရဟံ မဟာဗောဓိ ရွှေညောင်တော်

မင်းသုခ

www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းထွန်းတောက် မြို့နှတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့သည် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးဖွားရာဇာတိမြို့ဖြစ်ပြီး သမိုင်းတွင် ဂုဏ်သိက္ခာဝင်မြောက်သည့် မြို့တစ်မြို့ဖြစ်သည်။

အဆိုပါ နတ်မောက်မြို့ကို ကောဇာသက္ကရာဇ် ၄၂၃ခုနှစ်က "နန္ဒာဟာမင်းတရားကြီး"မှ စတင်တည်ထောင်ခဲ့ပြီး မူလက "နတ်မရှာ"ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းတရားကြီးသည် အဆိုပါ နတ်မရှာသို့ ကြွရောက်တော်မူခဲ့စဉ်က ၎င်း"နတ်မရှာ"ကို "နတ်မောက်"ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း လေ့လာမှတ်သားရသည်။

## ဂုဏ်ရည်ခညောင်း ပင်းမြို့ဟောင်း

ပင်းမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၏ မြောက်ဘက် ၁၇မိုင်ခန့်အကွာတွင် တည်ရှိသည်။

ရှင်အရဟံ ရဟန္တာမထေရ်မြတ် မဟာဗောဓိ ရွှေညောင်တော်ကို ပင့်ဆောင်စိုက်ပျိုးခဲ့သည့်ဒေသဖြစ်၍ "ပင့်မြို့"ဟု ခေါ်ဝေါ်လာခဲ့ကြရာမှ ကာလရွေ့လျောလာသည့်အခါ "ပင်းမြို့"ဟု ခေါ်တွင်လာခဲ့ကြကြောင်း လေ့လာမှတ်သားရသည်။

ပင်းမြို့ဟောင်းတွင် မြို့ရိုးနှင့် ကျုံးရှိပြီး အချို့နေရာများ၌ အုတ်ရိုးများ ပေါ်နေသည်။ မြို့ရိုးတစ်ဖက်လျှင် ပေတစ်ထောင်ကျော်ရှိသည်။ မြို့ရိုးထုမှာ ၆ပေရှိပြီး မြို့ရိုးအုတ်များမှာ အလျား ၁၆လက်မ၊ ဖက် ၇လက်မခွဲနှင့် ထု ၂လက်မရှိကြောင်း သိရှိမှတ်သားရသည်။

ပင်းမြို့ဟောင်းမှာ မြို့တံခါးပေါက် ၄ပေါက်ရှိရာ အရှေ့ဘက်တွင် မင်္ဂလာတံခါး၊ တောင်ဘက်တွင် ရန်အောင်မြင်တံခါး၊ မြောက်ဘက်တွင် ရွှေအိုးရတံခါးနှင့် အနောက်မြောက်တွင် အမင်္ဂလာတံခါးတို့ဖြစ်ကြောင်း သိရှိရသည်။

ပင်းမြို့ဟောင်းမှာ -

(၁) အပင်မြို့

(၂) အောင်သပြေမြို့

(၃) သစ္စာပန်မြို့

(၄) ပင့်မြို့ နှင့်

(၅) ပင်းမြို့ ဟူ၍ မြို့အမည် ၅မျိုးရှိကြောင်း သိရသည်။

အဆိုပါ ပင်းမြို့ဟောင်း၌ သာသနာသက္ကရာဇ် တစ်ရာပြည့်နှစ်တွင် "ကဒူးနောင်တော်ကြီး"က မြို့ပြပြည်ရွာချဲ့တွင်





www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျေးလက်တောရွာ မြေတိုင်းသူကြီး ၉၅ဦး ထားရှိကာ အမတ်ပေါင်း စုံလင်စွာဖြင့် မင်းကျင့်တရား ၁၀ပါးနှင့်အညီ အုပ်ချုပ်စိုးစံတော်မူခဲ့ကြောင်း။ ထို့နောက် သာသနာသက္ကရာဇ် ၁၂၃ခုနှစ်တွင် "ကဗ္ဗးညီတော်"က ဆက်လက်အုပ်ချုပ်လာခဲ့ကြောင်း လေ့လာမှတ်သားရသည်။

ဗိသနိုးမင်သမီး ဘုန်းတန်ခိုးကြီးလာချိန်တွင် အောင်သပြေမြို့(ယခု ပင်းမြို့)သည် သာသနာသက္ကရာဇ် ၁၃ဂခုနှစ်၌ ဗိသနိုးလက်အောက်သို့ ကျရောက်ခဲ့သည်။ ပင်းမြို့တွင် မင်းဆက် ၅ဆက် အုပ်စိုးတော်မူခဲ့ကြပြီး မြို့သက်မှာ နှစ်ပေါင်း ၁၀၀ကျော် ထင်ရှားကျော်ကြားခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

### ဗောဓိပင်ဟူသည်

"ဗောဓိပင်"ဟူသည့် ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သဗ္ဗညုတဉာဏ်တည်းဟူသော ဗောဓိဉာဏ်ကို ရရန် အားထုတ်ရာ၌ အမှီပြုသော သစ်ပင်မြတ် (ဘုရားရှင်များ ပွင့်တော်မူရာ သစ်ပင်မြတ်)ဖြစ်သည်။ ထိုအပင်များကို အချုပ်အားဖြင့် "ဗောဓိပင်"ဟု ခေါ်သည်။

မည်သည့်သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် မူလအမည်အပြင် ဗောဓိပင်ဟူသော အမည်ထူးကို ရသည်။ (ထိုဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့်သဘောရှိ၍ မဟာဗောဓိပင်ဟု အထူးပြု ခေါ်တွင်ကြပြန်သည်။)

ဂေါတမဘုရားအလောင်းတော်သည် ညောင်ဗုဒ္ဓဟောပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူ၍ ထိုညောင်ဗုဒ္ဓဟောပင်ကို "မဟာဗောဓိညောင်ပင်"ဟူ၍ ခေါ်တွင်ကြသည်။ ထို့ကြောင့် ဗောဓိပင်သည် ပွင့်တော်မူရာ ဘုရားရှင်သို့ လိုက်၍ အမည်အမျိုးမျိုးရှိကြသည်။

ကုက္ကိုပင်၌ ဘုရားပွင့်တော်မူလျှင် ထိုအပင်သည် "ဗောဓိ ကုက္ကိုပင်"ဖြစ်လာပြီး သဖန်းပင်၌ ဘုရားပွင့်တော်မူလျှင် ထိုအပင်မှာ "ဗောဓိ သဖန်းပင်"ဖြစ်လာသည်။

### ပူဇော်ထိုက်သည့်အပင် (ပရိဘောဂစေတီ)

မြတ်စွာဘုရား၏ ဖွားဖက်တော် ၇ပါးမှာ "ကာ… ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟော"ဟူ၍ အဆိုရှိခဲ့သည်။ ၎င်းတို့၏ အဓိပ္ပာယ်မှာ -

(၁) ကာ - ကာဠုဒါယီအမတ်၊
(၂) ယသော် - ဘဒ္ဒကစ္စနာ ယသော်ဓရာမင်းသ…
(၃) ညီတော် - ညီတော် အာနန္ဒာ၊
(၄) ဆန္န - ဆန္နအမတ်၊
(၅) ကဏ္ဍက - ကဏ္ဍကမြင်း။


www.burmeseclassic.com

www.burmeseclassic.com

(၆) သောဠ္ဌ - ရွှေအိုးကြီးလေးလုံး။

(၇) ဗုဒ္ဓဟော - ညောင်ဗုဒ္ဓဟောပင်တို့ ဖြစ်ကြောင်း မှတ်သားရသည်။

အထက်ပါ ဖွားဖက်တော် ၇ပါးတို့မှာ ဘုရားလောင်း ဖွားမြင်တော်မူသည်နှင့် တစ်ပြိုင်နက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ မဟာဗောဓိပင်သည် ဖွားဖက်တော် ၇ပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည့်အပြင် ဘုရားရှင် ဗောဓိဉာဏ်တော် ရရှိရန် အားထုတ်တော်မူရာ၌ အသုံးပြုတော်မူသော သစ်ပင်ထူး သစ်ပင်မြတ်ဖြစ်၍ "ပရိဘောဂစေတီ" လည်း ထိုက်ပေသည်။

စေတီလေးပါးဖြစ်သော ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီနှင့် ပရိဘောဂစေတီဟူ၍ ရှိရာ မဟာဗောဓိညောင်ပင်သည် "ပရိဘောဂစေတီ" ထိုက်၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ပူဇော်သင့်၊ ပူဇော်ထိုက်သည့် သစ်ပင်ထူး သစ်ပင်မြတ် ဖြစ်ပေသည်။

## သံဝေဇနီယ လေးဌာနအဝင်အပါ

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသတွင်…

(၁) မြတ်စွာဘုရားရှင်ဖွားမြင်တော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော၊

(၂) သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိပင်၊

(၃) ပဉ္စဝဂ္ဂီ ၅ဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူရာ မိဂဒါဝုန်တော နှင့်

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းရုံတောဟူ၍ သံဝေဇနီယ လေးဌာနရှိသည့်အနက် "မဟာဗောဓိပင်" သည်လည်း တစ်ဌာနအပါအဝင်ဖြစ်သည်။

## ကမ္ဘာ့စံတော်ဝင် မဟာဗောဓိပင်လေးပင်

ကမ္ဘာ့စံတော်ဝင် မဟာဗောဓိပင် ၄ပင်တို့မှာ မူလ ဗုဒ္ဓဂယာ မဟာဗောဓိပင်တစ်ပင်နှင့် ရဟန္တာမထေရ်မြတ်တို့ စိုက်ပျိုးတော်မူခဲ့ကြသော ဗောဓိပင်သုံးပင်အပါအဝင် စုစုပေါင်း မဟာဗောဓိပင် ၄ပင်ဖြစ်သည်။


### ၁။ မူလ ဗုဒ္ဓဂယာ မဟာဗောဓိပင်


အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓရဂယာရှိ မဟာဗောဓိပင်သည် မြတ်စွာဘုရားရှင် ဖွားမြင်တော်မူခဲ့စဉ်က တစ်ပြိုင်နက်




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com

ပေါ်ပေါက်လာခဲ့သည်။ မြတ်ဗုဒ္ဓ၏ ကြီးစွာသော လုံ့လဥဿဟကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိတော်မူပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ထိုသို့ ဘုရားဖြစ်ရန် အထောက်အပံ့ပြုခဲ့သောကြောင့် ထိုညောင်ဗုဒ္ဓဟောပင်ကို "မဟာဗောဓိပင်"ဟု ခေါ်သည်။

**၂။ ရဟန္တာတို့ စိုက်ပျိုးသော မဟာဗောဓိပင်သုံးပင်**

**(၁) အာနန္ဒာဗောဓိပင်။** ။ မြတ်စွာဘုရားရှင်၏ ခွင့်ပြုတော်မူချက်အရ အရှင်မဟာမောဂ္ဂလာန်သည် ဗုဒ္ဓဂယာ မဟာဗောဓိပင်၏ အသီးမှည့်ကို ကောင်းကင်ခရီးမှ ယူဆောင်တော်မူလာပြီး အရှင်အာနန္ဒာ အကြီးအမှူးဖြင့် စိုက်ပျိုးတော်မူခဲ့၍ "အာနန္ဒာဗောဓိ"ဟု ခေါ်သည်။

**(၂) သဃ်မိတ္တာဗောဓိပင်(သျှရီဗောဓိပင်)။** ။ ဒေဝါနံပိယတိဿ(ယခု ပတ္တနား)ပြည့်ရှင် ဘုရင်သီရိဓမ္မာသောကမင်းကြီး၏ အမိန့်တော်မူချက်ဖြင့် ဗုဒ္ဓဂယာ မဟာဗောဓိပင်ကြီး၏ တောင်ကိုင်း(ဒက္ခိဏသာခါကိုင်း)ကို ပင့်ဆောင်တော်မူပြီး သမီးတော် သဃ်မိတ္တာ ရဟန္တာထေရီမအား သီရိလင်္ကာပြည့်ရှင် "ဒေဝါနံပိယတိဿ"မင်းကြီးထံသို့ ပို့ဆောင် စိုက်ပျိုးစေခဲ့သော မဟာဗောဓိပင်ဖြစ်သည်။ ထိုမဟာဗောဓိပင်သည် သီရိလင်္ကာနိုင်ငံ အနုရာဓမြို့တွင် ရှိပြီး "သဃ်မိတ္တာ ဗောဓိပင်"ဟု ခေါ်သည်။ (သျှရီဗောဓိပင်ဟုလည်း ခေါ်ကြောင်း သိရသည်။)



**(၃) ရှင်အရပ်ာ မဟာဗောဓိရွှေညောင်တော်။** ။ ရှင်အရပ်ာ မဟာဗောဓိ ရွှေညောင်တော်သည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၏ မြောက်ဘက် ၁၈မိုင်ခန့်အကွာ "ပင်းမြို့ဟောင်း"တွင် တည်ရှိသည်။

ကျောက်ပန်းတောင်းမြို့မှ ပင်းမြို့ဟောင်းအထိ ကတ္တရာလမ်းများ ဖောက်လုပ်ထားပြီးဖြစ်၍ မော်တော်ယာဉ်ဖြင့် လွယ်ကူစွာ သွားရောက်နိုင်ပါသည်။ (ပင်းမြို့ဟောင်း၏ တောင်ဘက် ၄မိုင်ခန့်အကွာရှိ ရွာမွန်ရွာမှာ ကားလမ်းဆုံဖြစ်သည်။)

ပျော်ဘွယ်မြို့မှ လည်းကောင်း၊ တောင်တွင်းကြီးမြို့မှ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့မှ လည်းကောင်း၊ ပင်းမြို့ဟောင်းအထိ ကတ္တရာလမ်းဖြစ်ပြီး လွယ်ကူစွာ သွားလာနိုင်ပါသည်။

ကျောက်ပန်းတောင်းမြို့မှ ပင်းမြို့ဟောင်းအထိ ကတ္တရာလမ်း ၃၅မိုင်၊ ပျော်ဘွယ်မြို့မှ ပင်းမြို့ဟောင်းသို့ ၅၂မိုင်၊ နတ်မောက်မြို့မှ ပင်းမြို့ဟောင်းသို့ ၁၈မိုင်ကွာဝေးပြီး မော်တော်ယာဉ်လမ်းကြောင်း သုံးကြောင်းဖြင့် ပင်းမြို့ဟောင်းရှိ ရှင်အရပ်ာ မဟာဗောဓိရွှေညောင်တော်သို့ ရာသီမရွေးသွားရောက် ကြည်ညိုပူဇော်ကာ ကုသိုလ်တော်ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပင့်ဆောင်ပူဇော် ဗောဓိရွှေညောင်တော်

သာသနာသက္ကရာဇ် ၁၆၀၇ ခု၊ ကောဇာသက္ကရာဇ် ၄၂၅ ခု၊ ခရစ်သက္ကရာဇ် ၁၀၆၃ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့် ဓမ္မဒေဝီတို့၏ ရင်အရပ်၊ ရဟန္တာမထေရ်မြတ်တို့သည် ရဟန်းရှင်လူ ပြည်သူအများတို့ ပူဇော်ကြည်ညိုနိုင်ရေးအတွက် မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မဟာဗောဓိပင်၏ ပင်ပွားကို ရယူပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးထားရှိရန် တိုင်ပင်ဆွေးနွေးတော်မူခဲ့ကြသည်။

ထို့နောက် ရှင်အရပ်သည် အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်သမာပတ်ကို ဝင်စားတော်မူပြီး အဓိဋ္ဌာန်ပြုလျက် အိန္ဒိယနိုင်ငံ ဂယာမြို့အနီးရှိ မဟာဗောဓိပင်ရှိရာသို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသည်။ မဟာဗောဓိပင်အနီးသို့ ရောက်တော်မူလျှင် ကောင်းကင်မှ ဆင်းကြွတော်မူပြီး မဟာဗောဓိပင်ကို ရှိခိုး ပူဇော်တော်မူသည်။

ငင်းနောက် မဟာဗောဓိပင်အား ဆေးဒါန်း မြင်းသီလာဖြင့် အပြာပြာရစ်ပတ်၍ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို အဓိဋ္ဌာန်ပြုတော်မူ၏။

“သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း၊ ပစ္စန္တရစ်အရပ်ဒေသရှိ ပျူ၊ ကမ်းယံ၊ သက်၊ မွန်နှင့် မြန်မာတိုင်းဖွား ရဟန်းရှင်လူ ပြည်သူပြည်သား လူအများသို့ ပူဇော်ကိုးကွယ်ထိုက်ပါလျှင် ပင်စည်ပင်လုံးမှ ကင်းကွာပါစေသား”ဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူသည်။

ထိုခဏ၌ပင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းမှာ ရှင်အရပ် ရဟန္တာမထေရ်မြတ်၏ လက်တော်ဝယ် အလိုလိုရောက်ရှိ တည်လာတော်မူသည်။

ထို့နောက် ရှင်အရပ် ရဟန္တာမထေရ်မြတ်သည် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းတော်ကို မြန်မာနိုင်ငံသို့ ကောင်းကင်ခရီးဖြင့် ပင့်ဆောင်တော်မူသည်။

ပထမဦးစွာ ယခု ပင်းမြို့ဟောင်းအနောက်ဘက် “ဘေ ခင်းတောင်”ပေါ်တွင် ရွှေဖျင်းနှင့် ခေတ္တကိန်းဝပ် တည်ထား ပူဇော်တော်မူခဲ့သည်။ ထို့နောက် ရှင်အရပ်သည် ဗောဓိပင် ကို စိုက်ပျိုးရန် သင့်လျော်သော မြေနေရာကို လေးခင်းတော (ယခုပင့်ခဲ့သောတောင်)ပေါ်မှ မျှော်ကြည့်တော်မူရာ တမ္ဗဒီ တိုင်း၊ သုနာပရန္တတိုင်း၊ ကမ္ဘောဇတိုင်း၊ ယောနကတိုင် ရာမညတိုင်း အစရှိသည့် တိုင်းကြီး ၅တိုင်းတို့၏ အလယ်ဗ ဖြစ်သော ပုဂံပြည်၏ အရှေ့တောင်အရပ် ၄ယူဇနာအကွ (၄ဂမိုင်အကွာ)တွင် ရှိသည့် အောင်သပြေမြို့တော်ဟော (ယခု ပင်းမြို့ဟောင်း)နေရာအား ရွေးချယ်တော်မူသည်။

အဆိုပါ နေရာ၌ ကောဇာသက္ကရာဇ် ၄၂၅ခုနှစ်၊ ကဆု လပြည့်(ဘုရားပွင့်တော်မူသော ဗုဒ္ဓ)နေ့တွင် မဟာဗောဓိ ကို စိုက်ပျိုးတော်မူခဲ့ရာ ယခုအခါ သက်တမ်းမှာ နှစ်ပေ ၉၅၀ခန့်ရှိပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပလ္လင်သုံးဆင့် ပန်တင့်

မဟာဗောဓိပင်၏ ပတ်ပတ်လည်ကို ပလ္လင်သုံးဆင့်ဖြင့် နိုင်မာတင့်တယ်စွာ ပြုပြင် ပူဇော်ထားရှိသည်။

ပထမဦးစွာ ငါးထပ်ဒါယကာ ပင်းတလဲမင်းလက်ထက် မြို့ထယ် ရွှေကူကြီးဘုရားဒါယကာ ဦးစိန်၏ သား ဦးသောကြာ က ကောဇာသက္ကရာဇ် ၁၀၁၅ခုနှစ်မှ ၁၀၂၀ပြည့်နှစ်အထိ ဗောဓိပင်၏ ပထမ ပလ္လင်ကို ပြုလုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ပထမ ပလ္လင်မှာ အမြင့် ၁၀ပေ၊ အရှေ့အနောက် ၇၂ ပေ၊ တောင်မြောက် ၇၂ပေရှိသည်။

ဒုတိယ ပလ္လင်ကို ဇေယျဝတီကျောင်းတိုက်ဆရာတော် ထေမကျော် ဦးအာစာရက ကောဇာသက္ကရာဇ် ၁၂၃၂(မှကွဲ ၁၂၃၅)ခုနှစ်က ပထမ ပလ္လင်ကို ငုံပြီး သဘော်ပုံသဏ္ဌာန် ပြုလုပ်လှူဒါန်းတော်မူခဲ့သည်။ (ဆရာတော်၏ ရဟန်း ဒါယိကာမှာ မင်းတုန်းမင်းကြီး၏ တောင်နန်းစံ စကြာဒေဝီ မိဖုရားခေါင်ကြီးဖြစ်သည်။)

ဒုတိယ ပလ္လင်မှာ အမြင့် ၁၂ပေ၊ အရှေ့အနောက် ၁၂၃ပေ၊ တောင်မြောက် ၁၀၄ ပေရှိသည်။

တတိယ ပလ္လင်ကို ကောဇာသက္ကရာဇ် ၁၂၉၇ ခုနှစ်က မင်းမြို့မ စတုဗ္ဗမြောက် ဆရာတော် ဦးကုမာရနှင့် ဆရာ ဦးဖိုးရင် အမှူးပြုသော ဝေါ်ယကာအဖွဲ့နှင့် အများပြည်သူတို့က ကောင်းမှုပြုကာ လှူဒါန်းခဲ့ကြသည်။


တတိယ ပလ္လင်မှာ အမြင့် ၁၀ပေ၊ အရှေ့အနောက် ၅၂ပေ၊ တောင်မြောက် ၃၄ပေရှိသည်။

အဆိုပါ ပလ္လင်သုံးဆင့်၏ အထက်တွင် ရှိသည့် ရှင်အရပ်ဝ ရဟန္တာမထေရ်မြတ် စိုက်ပျိုးတည်ထား ကိုးကွယ် တော်မူခဲ့သော မဟာဗောဓိပင်နှစ်ပင်၏ လုံးပတ်တော်မှာ ၁၂ပေစီ အညီအမျှရှိကြသည်။

## အံ့ဖွယ်စုံလင် မဟာဗောဓိပင်

ရှင်အရပ်ဝ မဟာဗောဓိ ရွှေညောင်တော်၏ ထူခြားချက်များမှာ -

* ခက်မ,ငါးခြာရှိပြီး အပွေးမှာ ငွေရောင်ကဲ့သို့ ရှိသည်၊
* လပြည့်နေ့များတွင် အရွက်များ ကန်တော့ထိုးသည်၊
* အရွက်ချွန်၍ ရှည်လျားသည်။ များသောအားဖြင့် အရွက်အလျားအရှည်မှာ ဂလက်မခန့်ရှိပြီး အနံမှာ ၆လက်မ ခန့်ရှိသည်။ ရွက်နုထွက်လျှင် သန္တာရောင်ထွက်သည်။
* ပင်စည်မကြီး၏ မြောက်ဘက်အကိုင်းနှင့် အနောက် တောင်ဘက် အကိုင်းကြီးတို့မှာ မြေပြင်သို့ လုံး၀ ကျိုးကျ သွားသော်လည်း ၎င်းအကိုင်းတို့မှ အတက်၊ အခက်၊ အရွက်



www.burmeseclassic.com


www.burmeseclassic.com

များ ထွက်ပေါ်လာပြီး ထူးခြားစွာ ပြန့်လည်ရှင်သန်နေသည်။

* ခက်မ,ငါးဖြာအနက် အနောက်တောင်ဘက်အကိုင်းကြီးမှာ နဂါးကြီးတစ်ကောင်ကဲ့သို့ တွန့်လိမ်နေပြီး အနောက်ဘက်ဆီသို့ အုံ့ညြွဖွယ်ရာ ဖြာထွက်နေသည်။

* အရှေ့ဘက် အကိုင်းကြီးမှာ ခြောက်ပြီး သေသွားသော်လည်း ထိုအကိုင်းခြောက်၏ ထိပ်တွင် အတက်များထွက်၍ အရွက်များ ဝေစီနေသည်ကို ထူးခြားစွာ တွေ့မြင်ရသည်။

* ကောဇာသက္ကရာဇ် ၁၂၃၅ ခုနှစ်က ဆရာတော်



ဦးအာစရသည် ဗောဓိပင်အား သင်္ဘောပုံ ပလ္လင်ခံရန်အတွက် ဗောဓိကိုင်းမလွတ်၍ ဓားဖြင့် ခုတ်ဖြတ်ချရာ ဗောဓိကိုင်းမှာ မြေပေါ်သို့ မကျဘဲ ပလ္လင်တော်ပေါ် စိုက်ကျပြီး ရောင်ခြည်တော်များ ထူးဆန်းစွာ ထွက်ပေါ် ကွန့်မြူးသည်ကို ဖူးမြင်ကြရသည်။

(စာကြွင်း။ ။ မဟာဗောဓိပင်မှ ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်၊ ရွှေဘုန်းမြင့်စေတီတော်သို့ ရောင်ခြည်တော်များ အသွားအပြန် ကွန့်မြူးနေသည်ကို မကြာခဏ ဖူးမြော်ကြရကြောင်း ဦးပဥ္စင်း ဦးဥတ္တမထံမှ ကြားသိခဲ့ရသည်။)

အထူးသတိပြုရန်မှာ ပရိဘောဂစေတီထိုက်သော မဟာ ဗောဓိပင်၏ အကိုင်းအခက်အလက်တို့ကို ပိုင်းဖြတ်ခြင်းမှ မပြုကောင်းပါ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျိုးပဲ့ သည့် အကိုင်းအခက်များကို ရယူနိုင်ပါသည်။ ၎င်းအကိုင်း အခက်ကို "ဒက္ခိဏာသာခါ" ဘုရားရုပ်ပွားဆင်းတုတော်အဖြစ် ထုလုပ်ပြီး ကိုးကွယ်ကြရာ အလွန်တန်ခိုးကြီး၍ အန္တရာယ် ကင်းစင်၊ လာဘ်များ ရွှင်စေကြောင်း သိရသည်။ အလားတူ ဗောဓိပင်အရွက်များကိုလည်း ချူးခြွေခြင်းမပြုရဘဲ ကြွေကျ သည့် ဗောဓိရွက်များကိုသာ ကောက်ယူကြည်ညို ကိုးကွယ် ရကြောင်း မှတ်သားရသည်။

## ဗောဓိပင်ဖူး ကုသိုလ်ထူး

မြတ်စွာဘုရားအနုရုတို့ ပွင့်ထွန်းပေါ်ပေါက်တော်မူ ရာ မဟာဗောဓိပင်၏ မြတ်သော ဂုဏ်အင်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

* မဟာဗောဓိပင်သည် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတမြတ်စွာ ဘုရားရှင်၏ ဖွားဖက်တော်အစစ်ဖြစ်တော်မူသည်။

* ဘုရားတစ်ဆူပွင့်တော်မူရန်အတွက် ဗောဓိပင်တည်



www.burmeseclassic.com

www.burmeseclassic.com

သော ဗောဓိပင်အဖြစ် ပွင့်တော်မူချိန်အထိ စောင့်ကြို တည်ရှိနေသည်။

* ဘုရားရှင်တိုင်းသည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်တွင် မာရ်ငါးပါးကို အောင်မြင်တော်မူလေ့ရှိသည်။
* အတွင်းရန်၊ အပြင်ရန်၊ ကိလေသာရန်ဓာတ်တို့ကို အကြွင်းမဲ့ ပယ်သတ်ရာ ဌာနလည်းဖြစ်သည်။
* သစ္စာလေးပါး အမှန်တရားကို ဆရာမကူ သယမ္ဘူ ဉာဏ်တော်မြတ်ဖြင့် သိမြင်တော်မူရာ ဌာနလည်းဖြစ်သည်။
* ပထမ သတ္တာဟအပြီး ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာတို့ကို စတင်ပြတော်မူရာ ဌာနဖြစ်သည်။
* အနိမိသ ဒုတိယသတ္တာဟဖြင့် ဘုရားရှင်မြတ်ကျေးဇူးဆပ်၍ ကြည့်အပ်တော်မူရာ ဌာနဖြစ်သည်။
* ဘုရားရှင်တိုင်း မစွန့်ပစ်အပ်သော "အဝိဇဟိတ" ဌာနဖြစ်သည်။
* "ဖွား၊ ပွင့်၊ ဟော၊ စံ" ဟူသော သံဝေဇနိယ လေးဌာနအနက် တစ်ဌာနအပါအဝင်ဖြစ်သည်။
* မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်ကတည်းက ကိုယ်တော်နှင့်မခြား အလားထပ်တူ ပူဇော်ရန် ခွင့်ပြုတော်မူခဲ့ရာ ဌာနဖြစ်သည်။



* ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်နှင့် အာသဝက္ခယဉာဏ်တော်မြတ်တို့ ရတော်မူရာ ဌာနဖြစ်သည်။
* သဗ္ဗညုတဉာဏ်တော်မြတ် ရတော်မူရာ ဌာနဖြစ်သည်။
* "အနေကဇာတိ သံသာရံ" အစရှိသဖြင့် မနသာဥဒါန်း၊ ဝစသာဥဒါန်းတို့ ကျူးရင့်တော်မူရာ ဌာနဖြစ်သည်။
* ပလ္လင်္ကသတ္တာဟအပြီး ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာတို့ကို စတင်ပြတော်မူရာ ဌာနဖြစ်သည်။
* သက်တော်ထင်ရှား မြတ်စွာဘုရားရှင် အမြဲသီတင်းသုံး စံတော်မူသကဲ့သို့ ရှိခိုးပူဇော် ဖူးမြော်ထိုက်သည့် ဌာနလည်းဖြစ်သည်။
* မဟာဗောဓိပင်သည် မြတ်စွာဘုရားရှင်တိုင်း၏ အသုံးအဆောင် ပရိဘောဂစေတီထိုက်တော်မူသည်။
* ဗောဓိပင်ပူး ကုသိုလ်ထူးခဲ့ကြသည့် ရဟန္တာမထေရ်ကြီးများ၊ ရဟန္တာထေရီမကြီးများကဲ့သို့ နိဗ္ဗာန်ရောက်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

သည်အထိ ကုသိုလ်ထူးများ ရရှိသွားရန်အတွက် ထေရာထေရီအပါ ဒါနများမှာ ကြည့်ရှုလေ့လာ အတုယူကာ ကုသိုလ်ရှာသင့်လှသည့် ဈာနဖလ အားကောင်းလှသော နေရာထူး၊ နေရာမြတ်၊ ဈာနထူး၊ ဈာနမြတ်လည်းဖြစ်ပါသည်။

ဤသို့ဖြင့် အံ့ဖွယ်စုံလင် ဂုဏ်အင်ပြည့်ဝ ဈာနဖလ အားကောင်းလှသည့် မြတ်ဗုဒ္ဓအရှေ့ရှေ့တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ရာ မဟာဗောဓိ ရွှေကျောင်းတော်၏ အနိုင်းမဲ့ ဂုဏ်တော်ရှုတော်ကား အံ့မကုန် ဖူးမဝ ထူးခြားတော်မူလှသောကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကြည်ညိုဖူးမြော်ကာ ပူဇော်သင့် ပူဇော်ထိုက်လှပေသည်။

ဤသို့ ယုံကြည်သဒ္ဓါထက်သန်စွာဖြင့် ဖူးမြော်ကြည်ညိုပါက ကောင်းမြတ်သော ကုသိုလ်အကျိုးထူး တရားများ [illegible]မသွေ ရရှိခံစားနိုင်ကြမည်ဖြစ်ပေသည်။

### ပင်းမြို့ဟောင်းမှ အံ့ဩဖွယ်ရာများ

ရှေးဟောင်းသမိုင်းဝင် ပင်းမြို့ဟောင်းသို့ တစ်ခါတစ်ခေါက် ရောက်ရှိပါက အဆိုပါ "ရှင်အရဟံ မဟာဗောဓိ ရွှေကျောင်းတော်"ကို သွားရောက်ကြည်ညို ဖူးမြော်ပူဇော်ပြီး တရားဘာဝနာများ အေးချမ်းစွာ ပွားများအားထုတ်နိုင်ပါသည်။ တစ်ဖန် "ပင့်ခဲ့တော့"တောင်ပေါ်မှ ရှင်အရဟံ ရဟန္တာမထေရ်မြတ်၏ ခြေတော်ရာမြတ်ကို ဆက်လက်ကြည်ညို ဖူးမြော်နိုင်ပြီး ရှင်အရဟံ သိမ်သမုတ်ခဲ့သော မြောက်သိမ်တော်၊ တောင်သိမ်တော်နှင့် ပိဋကတ်တိုက်တော်ဟောင်းများ အစရှိသည့် သာသနိက အဆောက်အအုံများသို့လည်း သွားရောက်လေ့လာ ကြည်ညိုနိုင်ပါသည်။

၎င်းအပြင် ကမ္ဘာ့အကြီးဆုံး သစ်ပင်စာရင်းတွင် ပါဝင်နိုင်လောက်သည့် သပြေညီနောင် (ခေါ်) ရောပ သပြေပင်ကြီးနှစ်ပင်(ဓာတ်ပုံတွင် ပြထားသည့်အတိုင်း)ကိုလည်း တအံ့တဩဖြင့် လေ့လာကြည့်ရှုနိုင်ပါသည်။ အဆိုပါ မြောက်ဘက် သပြေပင်ကြီး၏ ပင်စည်အချင်းမှာ ၁၀ပေ၊ ၆လက်မရှိပြီး တောင်ဘက် သပြေပင်ကြီး၏ ပင်စည်အချင်းမှာ ၁၀ပေရှိ၍ လူကြီးငါးယောက်ဖက်၍ မမီနိုင်လောက်အောင် ကြီးမားတုတ်ခိုင်လှသည်။

(မှတ်ချက်။ မြောက်ဘက် ပင်စည်အောက်ပိုင်းအခြေ အချင်းမှာ ၂၃ပေရှိပြီး၊ တောင်ဘက် ပင်စည်အောက်ပိုင်းအခြေ အချင်းမှာ ၂၀ပေရှိသည်။)


တစ်ဖန် မဟာဗောဓိပင်ကြီးနှင့် မနီးမဝေးတွင် ကိန်း





www.burmeseclassic.com

www.burmeseclassic.com



ဝပ် စံပယ်တော်မူသည့် ရောင်ခြည်တော် မကြာခဏ ကွန့်မြူးသော ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီ၊ ရွှေဘုန်းမြင့်စေတီအပါအဝင် သမိုင်းဝင် ဘုရားပုထိုးစေတီများကိုလည်း ဖူးမြော်ကြည်ညိုကာ ကုသိုလ်ယူနိုင်ကြပါသည်။

ဆက်လက်ပြီး သီရိမင်္ဂလာ မေတ္တာကန်သာအတွင်း၌ နှစ်စဉ် သီတင်းကျွတ်လ(သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့)တွင် ထူးခြားအံ့သြဖွယ်ရာ ဖူးပွင့်မြဲဖြစ်သည့် ကြာပန်းနှစ်ဆင့်၊ သုံးဆင့်၊ ငါးဆင့်၊ ခုနစ်ဆင့်(ဓာတ်ပုံတွင် ပြထားသည့်အတိုင်း) စသည်တို့ကိုလည်း တအံ့တသြဖြင့် လေ့လာကြည့်ရှုနိုင်ပါသည်။

(ဤသို့ ကြာပန်းအဆင့်ဆင့် ထူးတင့်စွာ ဖူးပွင့်ခြင်းမှာ ရှင်အရဟံ မဟာဗောဓိ ရွှေဉောင်တော်၏ အနန္တတန်ခိုးတော်ကြောင့်ဖြစ်ကြောင်း ဆရာတော် ဦးဥတ္တမက ရှင်းလင်း မြွက်ကြားတော်မူသည်။)

(သီတင်းကျွတ်လပြည့်နေ့ မီးထွန်းပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကိုလည်း ကျင်းပပြုလုပ်မြဲဖြစ်သည်။)

သို့ဖြစ်၍ မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ဗုဒ္ဓဂယာ မဟာမြေမြတ်ရှိ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်သို့ သွားရောက် ဖူးမြော်ရန် အခါအခွင့်မသင့်သေးမီကာလအတွင်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၏ မြောက်ဘက် ၁၈မိုင်ကွာဝေးသည့် ပင်းမြို့ဟောင်းရှိ ဗုဒ္ဓဘာသာ မဟာဗောဓိပင်ပွားတစ်ဆူဖြစ်တော်မူသော "ရှင်အရဟံ မဟာဗောဓိ ရွှေဉောင်တော်"သို့ သွားရောက်ဖူးမြော်ပူဇော်ကာ ကုသိုလ်တော်ယူနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်။

နိဗ္ဗာနဿ ပစ္စယော ဟောတု

* * *

## ဗုဒ္ဓပူဇနိ ထူးဘိပွဲတော်

ပင်းမြို့ဟောင်းရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ ပဓာန နာယကဆရာတော် ဦးဥက္ကဋ္ဌနှင့် တာဝန်ခံခန်းနေ ဆရာတော် ဦးဥတ္တမ အရှင်သူမြတ်နှစ်ပါးတို့၏ ဦးဆောင်မှု၊ ဂေါပကအဖွဲ့၏ ကြီးပမ်းမှုဖြင့် "ရှင်အရဟံ မဟာဗောဓိ ရွှေဉောင်တော်"နှင့် "ရွှေဘုန်းပွင့်၊ ရွှေဘုန်းမြင့်စေတီ"တွင် နှစ်စဉ် တပေါင်းလဆန်း ၈ရက်နေ့မှ လပြည့်နေ့အထိ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်မြဲဖြစ်ကြောင်း သိရသည်။

မင်းသုခ

ရည်ညွှန်း၊

- အိန္ဒိယနိုင်ငံ၊ သာဝတ္ထိကျောင်းတိုက်ဆရာတော် ဦးဩဘာသ၏ မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်း၊ ပုံရိပ်လွှာများ။
- မင်းဘူး ဦးအောင်ကြိုင်၏ ဗောဓိပင်နှင့် အံ့သြဖွယ်ရာများ စာအုပ်။
- ဦးမြင့်သန်းဋ္ဌေး၏ မဟာဗောဓိ ရွှေဉောင်တော်စာအုပ်။
- ဦးညာဏ်လှ(အောင်သက်နံ၊တိုက်)၏ ပင်းမြို့နှင့် မဟာဗောဓိ ရွှေဉောင်တော်သမိုင်းစာအုပ်)။
- ဆရာတော် ဦးဥတ္တမ(ပုဗ္ဗာရုံကျောင်း၊-ပင်းမြို့)၏ မြွက်ကြားချက် များ။



www.burmeseclassic.com

www.burmeseclassic.com

# အလမ္ဗုသာနတ်သမီး
# မာယာ

ညီအောင်ပြည့်



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ "အလမ္ဗုသာ" နတ်သမီးသည် ယခုပြုအပ်သောအမှုကြောင့် ယခုဘဝမှစ၍ ရောက်လေရာ ဘဝတိုင်း၌ တရားရှင် ရသေ့ ရဟန်းတို့အား ဖျက်ဆီးသောသူ ကျောင်းကြီးဖျက်မဘဝကို မရောက်ရပါလို၏"တဲ့။

ထိုသစ္စာဆိုသံသည် ကျောင်းကြီးဖျက်မအမည်ခံ သိကြားမင်း၏ မြောက်မြားစွာသော အခြွေအရံ ကိုယ်လုပ်တော်များမှ သာမန်ကိုယ်လုပ်တော် နတ်သမီးဘဝရောက်နေသော အလမ္ဗုသာ၏ အသံပင်။ ထိုအချိန်က တာဝတိံသာနတ်ပြည်တွင် အလမ္ဗုသာကို စိုးမိုးသူသည် တာဝတိံသာနတ်ရွာပိုင်ရှင် သိကြားမင်း ဦးမာဃပင်။

ဦးမာဃသည် တန်ခိုးအရှိန်အဝါခုတ်ယုတ်ချိန်၌ တပည့်ဖြစ်သူ ပဉ္စသိခ်၏ အကူအညီဖြင့် ဣန္ဒသာလဂူတွင် ဘုရားရှင်၏ သက္ကပဉ္စာသုတ်တရားတော်ကို နာကြားမိလိုက်သည့်အတွက် ခုကုဋေ ၆သန်း နှစ်သက်ရည်သော သောတာပန်အရိယာ သိကြားမင်းအဖြစ် ကံကောင်းထောက်မစွာ ရောက်လာရသူဖြစ်သည်။ သိကြားဆိုးကြီးတစ်ယောက်ဟု သူ့ကို သတ်မှတ်ကြသည်။

| |
|---|
| ဟိမဝန္တာတောင်ခြေက |
| သခ်မ်းကျောင်းမှာ ရသေ့တစ်ပါးက |
| တရားကျင့်ပုံ ပြင်းထန်တယ်။ |
| တစ်နေ့နေ့မှာ ငါတို့နေရာကို |
| မလွဲမသွေရောက်လာလိမ့်မယ်။ |
| တရားရှင် စြစ်ပေမယ့် |
| ငါတို့ရဲ့ ရန်သူ၊ ငါ့ရဲ့ ရန်သူပဲ။ |
| သူ့ဆီကို မင်းသွားပြီး မင်းရဲ့ တန်ခိုး၊ |
| မိန်းမတို့ ပရိယာယ်နဲ့ |
| သူ့သီလပျက်အောင် ဖျက်ဆီးပစ်ပါ |
| အလမ္ဗုသာမင်းသမီး |

တာဝတိံသာသည် မူလက ဝေပစိတ္တိတို့၏ နေရာပ
လူ့ဘဝတွင် လမ်းဖောက်၊ ကျောင်းဆောက်၊ တံတားခ
ပရဟိတကောင်းမှုများစွာလုပ်ခဲ့ကြသော ဦးမာဃ၊ ပဇာပ
သသ၊ ဝရုဏာ ဆိုသော သုံးယောက်အဖွဲ့သည် ယှဉ
တစ်သောင်းမျှသော ကျယ်ဝန်းသည့် တာဝတိံသာသို့ န
အဖြစ် ရောက်ခဲ့ကြသည့်အလျောက်၊ ဂူတစ်ခုအတွင်း ခြ
နှစ်ကောင် မနေနိုင်သည့်သဘောမို့ နှစ်ဦးနှစ်ဖွဲ့နေရန် ခ
သဖြင့် မူလပိုင်ရှင် ဝေပစိတ္တိတို့နှင့် တိုးခဲ့ကြ၏။

ခက်နေသည်က ဝေပစိတ္တိအဖွဲ့သည် တစ်စုံတစ
ကောင်းမှုကြောင့် ရောက်လာခဲ့ရသော်လည်း သူတို့သ
အရက်သမား ကဇော်အိုး နတ်များဖြစ်နေကြခြင်းပင်တည
သာမန် နတ်ယောက်ျား နတ်ဆိုး၊ နတ်ညွှံတို့သည် ဘဝ
စရာဆိုသည့်အခါ ရံဖန်ရံခါ သောက်ကြသည်မဟုတ်။ အချ
သရွေ့ ရှိသမျှ နေ့ည တရစပ် မူးနေကြသော ပေမူးရူးနတ်မ
ပင်။

ထိုအကြောင်းအရာကို သိထားသော ဦးမာဃတို့အ
က ဝေပစိတ္တိတို့အဖွဲ့အား အရက်သေစာကို ပရိယာယ်ဆ
ကာ တိုက်ကျွေးပြီး မလှုပ်ရှားနိုင်တော့သည့်အချိန်တွ
တာဝတိံသာအပေါ်မှ တစ်ယောက်ပြီး တစ်ယောက် ပစ
လိုက်သည်။ ဝေပစိတ္တိတို့အဖွဲ့သည် တာဝတိံသာအောက်
ကို ပစ်ချခံလိုက်ရသည့်အတွက် သူတို့ရောက်သော အေသ
အသူရာနိုင်ငံဟု အထင်အရှားဖြစ်လာစေတော့သည
ဦးမာဃတို့အဖွဲ့သည် ဝေပစိတ္တိတို့အဖွဲ့၏ နေရာကို ပိုင်ဆ
လိုက်ရသော်လည်း ရှေ့ရေးမလုံ၊ နောင်ရေးလည်း မလုံအ
သို့ ရောက်ခဲ့သည်။

ထိုသို့ ကြောက်နေ၊ တွေဝေနေရသည့်အကြော
အရင်းသည် တရားသဘောအရ သုံးသပ်လျှင် တစ်ပါးသူ
နေရာကို လုယူခြင်းသည် မတရားအမှုသာဖြစ်ပေရာ မတရ
အမှုကို ပြုထားသောသူတို့သည် လိပ်ပြာမလုံ၊ အထိ
တလန့်ဖြစ်နေရမြဲပင်။ သို့အတွက် ဦးမာဃသည် မိမိတို့ထ
သာလွန်သော ကုသိုလ်ရှင်ပေါ်ပေါက်လာလို့ တာဝတိံသ
ရောက်လာပါက မိမိတို့ကို နှင်ထုတ်မည့်အရေး တွေးပူက
ကယောင်ချောက်ချားအတွေးနှင့် ရှိနေရသောကြောင့် သိကြ
မင်း ဦးမာဃသည် ကျောင်းကြီးဖျက်မအမည်ခံ အလမ္ဗုသာ
ခေါ်ယူ တာဝန်ပေးလေသည်။

"အလမ္ဗုသာ…သင့်အား တာဝတိံသာ၏ အကျိ
ငါ၏ အကျိုးအတွက် ဆောင်ရွက်ရန် ကိစ္စတစ်ခု တာဝန်ပေ
ချင်သည်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလေတော့ အလမ္ဗုသာက . . .

"နိုင်းစေတော်မူပါ။ ဦးလည်မသုန် ဆောင်ရွက်ပါမည် အရှင်သိကြားမင်း"

ဟု လျှောက်တင်လေသည်။

"ဟိမဝန္တာတောင်ခြေက သခ်မ်းကျောင်းမှာ ရသေ့တစ်ပါးက တရားကျင့်ပုံ ပြင်းထန်တယ်။ တစ်နေ့နေ့မှာ ငါတို့ နေရာကို မလွဲမသွေရောက်လာလိမ့်မယ်။ တရားရှင် ဖြစ်ပေမယ့် ငါတို့ရဲ့ ရန်သူ၊ ငါ့ရဲ့ ရန်သူပဲ။ သူ့ဆီကို မင်းသွား ပြီး မင်းရဲ့ တန်ခိုး၊ မိန်းမတို့ ပရိယာယ်နဲ့ သူ့သီလပျက်အောင် ဖျက်ဆီးပစ်ပါ အလမ္ဗုသာမင်းသမီး"

သိကြားမင်းထံမှ မမျှော်လင့်သော အမိန့်စကားသံကြောင့် တုန်လှုပ်မိသွားသည်။ ပြင်းထန်သော ကမ္မဋ္ဌာန်းအကျင့်ကြောင့် သိကြားမင်း ယူဆသလို၊ ရန်သူပင် ဖြစ်စေဦး၊ ကိုယ်ရေးအကျင့်ပျက်မှုအကျိုးကို အလမ္ဗုသာတစ်ယောက် စက်ဆုပ်ရွံရှာမိသည်။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ကိုယ်ရေးကိုယ်တာ ထိခိုက်လာလျှင် အကျင့်မပျက်သူ ရှားပါးလွန်းလှသော်ငြား အမိန့်ကို မလွန်ဆန်ဝံ့ပမာ ရှိခဲ့သော်လည်း အလမ္ဗုသာ စကားထပ်ကွန့်မိသည့်အချက်က အခြေအရံများစွာ ရှိပါသနဲ့ သူ့ကိုမှ နိုင်းရသလားဟူသော မေးခွန်းမျိုး မေးလိုက်သည်။

"ဟဲ့ - အလမ္ဗုသာ၊ ရုပ်ရည်အားဖြင့် ဖြစ်စေ၊ တန်ခိုးအားဖြင့် ဖြစ်စေ၊ သင့်ထက်သာသူ ရှိသည်။ သို့ပေတည့် ယောက်ျားတို့၏ လိုအင်ဆန္ဒကို အလိုက်သိစွာ မာယာ ပရိယာယ်အသွယ်သွယ်နဲ့ အပြုအစု အယုအယမှာ ဘယ်သူမှ သင့်ကို မမီ၍ တာဝန်ပေးခြင်းဖြစ်တယ်"

ဆိုလေတော့ အလမ္ဗုသာ နတ်သမီး မည်သို့မျှ မတတ်နိုင်။ နိုင်းစေရာ လုပ်ရမည့်သဘောမို့ ရသေ့လေးထံ ရောက်ခဲ့သည်။ လူသားအသွင်ဖြင့် ခြံလွှာ၊ ဆွဲကြိုး ဖွါအရာ ရတနာဆောင်စုံ အသင့်အတင့်ဖုံးလွှမ်း၍ ရသေ့လေး၏ မနီးမဝေးမှ ရီသဲ့သဲ့ မျက်နှာဖြင့် ပြုံးပြနေလိုက်သည်။

နေထွက်ပြုချိန်ကြောင့် တောတောင်တစ်ခုလုံး အာယာလှပစွာဖြင့် သိမ်မ်းကျောင်းပတ်ဝန်းကျင်ရှိ ပန်းပင်တို့သည် ဝေဆာနေသည်။ ရသေ့လေးသည် ကျောင်းအနီး အမိုက်သရိုက်များ လှည်းကျင်းနေစဥ် အလမ္ဗုသာကို မျက်တရက်တွေ့လိုက်ရ၍ အံ့သြကြီးစွာဖြင့် စူးစူးစိုက်စိုက် ကြည့်နေမိသည်။ တစ်ခါတစ်ရံမျှ မတွေ့ဘူးသူကို မြင်လိုက်ရ၍ တံမြက်စည်းကို ချကာ ခြေလှမ်းများ နောက်ဆုတ်မိသွား၏။ အလမ္ဗုသာက . . .

"ဘီလူးမလို့များ ထင်နေလား"



ဟု မေးလိုက်သည့်အခါ ရသေ့လေးက မဆိုင်းမတွပင် . . .

"မမြင်စဖူး မြင်လိုက်ရတော့ တောထဲက ဘီလူးလို့ ထင်ပါတယ်။ ငါ့ရဲ့ ဖခင်က ပြောဖူးတာတော့ ဘီလူးမှာ အစွယ်ရှိတယ်။ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးနဲ့တဲ့။ အခုတော့ သင့်မျက်နှာက နေ့လယ်မှာ လမင်းကြီးထွက်နေသလို ဝင်းပနေတာပဲ။ ဘီလူးဆိုတာ အရုပ်မြင့်မား ထွားထွားကြိုင်းကြိုင်းကြီး။ သင်ကတော့ လုံးကျစ်သွယ်ပျောင်းတဲ့ ခန္ဓာကိုယ်လေးနဲ့။ ဒါကြောင့် ဘီလူးတော့ မဟုတ်တန်ပါ"

ဟု ပြောလိုက်သည့်အချိန်တွင် မိန်းမတို့မာယာအလုကြွယ်ကာဖြင့် ရသေ့လေးကို ကျောခိုင်းထွက်လျှောက်လိုက်သည်။ ရသေ့လေးသည် မိန်းမတစ်ယောက်တည်းဟူသော ဆန္ဒကျင်ဘက် အာရုံကို ထုံတတ်ဖို့မဆိုထားနှင့်၊ ကြားဖူးအောင်ပင် ကြားဖူးမည်မဟုတ်ရှာသော အဖိုသဘာဝဓာတ်ခိုက်ကာ အတွေ့ကို ထားဦး၊ ဤမျှလောက်အငွေ့ဖြင့်ပင် မခွဲခွာနိုင်တော့သည်မို့ အလမ္ဗုသာ၏ လက်ကို အပြေးကလေးဆွဲကိုင်၍ . . .

"သည်းခံပါ။ လူတစ်ယောက်ကို မမြင်စဖူး အမြင်ထူး၊ အတွေ့ထူးမို့ ရုတ်တရက် ညှော်ဝတ်မကျေမိတာပါ။ ကျောင်းသခ်မ်းထဲမှာ စားစရာ သစ်သီးမျိုးစုံ၊ လဲလျောင်းဖို့ အိပ်ရာ

www.burmeseclassic.com

> အိပ်ရာတည်းဟူသော
> ဖောဋ္ဌဗ္ဗအာရုံသည်
> ခံစားသူကိုယ်တိုင် မသိသော
> ခံစားချက်အာရုံဖြစ်၏။
> အကောင်းအဆိုး ထိတွေ့မှု အာရုံများကို
> အသိဖြင့် ခံစား၍
> အိပ်ပျော် သွားသည့်အခါတွင်မူ
> ခံစားသူကိုယ်တိုင် မသိဘဲနှင့် ခံစားတတ်သည်။
> မည်မျှ ခံစားလိုက်သည်မသိ၊
> လူတို့၏ အရေအတွက်အားဖြင့်
> သုံးနှစ်ကြာခဲ့သည်

အခေါ်သင့်နှင့် တည်းခိုနိုင်ပါတယ်"

ဆိုသော စကားလုံးများဖြင့် အလမ္ဗုသာကို အတင်းဆွဲခေါ်ဆောင်နေတော့သည်။

ထိုအပြုအမူကြောင့် အလမ္ဗုသာ နတ်သမီးက ရသေ့လေး၏ ခါးကို အားရပါးရ ဆွဲယူလျက် တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်၏။

သိကြားမင်း ဦးမာယသည် အလမ္ဗုသာ နတ်သမီးနှင့် ရသေ့လေး၏ ပုံရိပ်သဏ္ဌာန်ကို မြင်လိုက်သည်နှင့် ရွှေခြူး ရွှေယှက်သိမ့်သိမ့် သင်းယင်းလှသော နတ်ပလ္လင်၊ နတ်အိပ်ရာကို ဖန်ဆင်းလိုက်သည်။

အိပ်ရာတည်းဟူသော ဖောဋ္ဌဗ္ဗအာရုံသည် ခံစားသူကိုယ်တိုင် မသိသော ခံစားချက်အာရုံဖြစ်၏။ အကောင်းအဆိုး ထိတွေ့မှု အာရုံများကို အသိဖြင့် ခံစား၍ အိပ်ပျော်သွားသည့်အခါတွင်မူ ခံစားသူကိုယ်တိုင် မသိဘဲနှင့် ခံစားတတ်သည်။ မည်မျှ ခံစားလိုက်သည်မသိ၊ လူတို့၏ အရေအတွက်အားဖြင့် သုံးနှစ်ကြာခဲ့သည်။

သုံးနှစ်တာကာလတိုင်တိုင် ရသေ့လေးသည် အလမ္ဗုသာ နတ်သမီးလေးနှင့် မေ့မြောလျက်။ ရသေ့လေး၏ ဘဝသည် အသိတရား ရလိုက်သည့်အခါ ကြီးလေးသော မှားယွင်းမှု ကြုံတွေ့ရသည့်အတွက် ပိုပွဲဝေဝိကာ နှင့် ဘယ်သူလဲဟု တွင်တွင်မေးလေတော့သည်။

အလမ္ဗုသာကလည်း…

"အလမ္ဗုသာ နတ်သမီးပါ"

ဟု လက်အုပ်ချီ၍ ဖြေလိုက်ချိန်ဝယ် ရသေ့လေးက-

"နတ်သမီးတဲ့လား။ ဒါဆိုရင် ကျုပ်ဟာ တရားနဲ့ ကင်းဝေးခဲ့ပြီ။ ရှာန်အဘိညာဉ်တို့လည်း ပျောက်ကွယ်ခဲ့ပြီ။ တရားကျင့်သုံးမှု၊ ဂါထာမန္တန်ရွတ်ဖတ်မှု၊ နေ့စဉ် ဝတ္တများတို့နှင့်လည်း ကင်းဝေးခဲ့ရပြီ။ ဆိုးရွားလေစွ နတ်သမီး"

ဟု ယူကျုံးမရ လေသံနှင့် ပြောဆိုလိုက်သည်။

အလမ္ဗုသာကလည်း သူ့ကို ခိုင်းစေသူသည် သိကြားမင်း ဦးမာယဖြစ်ကြောင်း၊ အရှင်ရသေ့လေး ကျင့်ကြံအားထုတ်သည့် အကြောင်းတရားကြောင့် သူပိုင်စိုးသော တာဝတိံသာကို လုယူမည်စိုး၍ ဤအပြုအမူကို ကျင့်ခဲ့ရကြောင်း ပြောဆိုသည့်အခါ ရသေ့လေးသည် အံ့ဩတုန်လှုပ်စွာ သိကြားမင်းလို ပုဂ္ဂိုလ်မျိုးက ထိုသို့ကြံဆောင်လေခြင်းသည် ကြီးစွာမှားကြောင်း။ သို့သော် ငါ့ကြောင့် သိကြားမင်း ချမ်းသာပါစေ၊ မည်သည့်ဆင်းရဲမှုမှ မဖြစ်ပါစေသတည်းဟု ဆိုလျက် အလမ္ဗုသာကို မကြည့်တော့ဘဲ တရားပလ္လင်ပုံစံဖြင့် ခွေထိုင်ကာ ဆက်လက်ကျင့်ကြံအားထုတ်နေတော့သည်။

အလမ္ဗုသာလည်း တာဝတိံသာသို့ ပြန်လည်ရောက်ရှိ ကာ သိကြားမင်း ဦးမာယနှင့် သွားရောက်တွေ့ဆုံလေသည်။ သိကြားမင်း ဦးမာယသည်လည်း တာဝန်ကျေပွန်မှုအတွက် အလမ္ဗုသာအား လိုချင်သောဆုကို တောင်းစေသည်။

အလမ္ဗုသာ နတ်သမီးတောင်းသောဆုသည်…

"ကျွန်မ အလမ္ဗုသာ နတ်သမီးသည် ယခုပြုအပ်သော အမှုကြောင့် ယခုဘဝမှစ၍ ရောက်လေရာ ဘဝတိုင်း တရားရှင် ရသေ့၊ ရဟန်းတို့အား ဖျက်ဆီးသော ကျောင်းကြီးဖျက်မဘဝကို မရောက်ရပါလို၏"ဟူ၍ ဖြ လေသတည်း။

* * *

ညီအောင်


မှီငြမ်း၊

- ဆရာကြီး ရွှေဥဒေါင်း၏ ဗုဒ္ဓစာပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



နံ ၊ ရှိ - ၀ ၇၂ - 12

www.burmeseclassic.com

www.burmeseclassic.com

လောကီကိစ္စအဝဝ အောင်မြင်နိုင်ရေးအတွက် လူသည် စနည်းစွာကိုလည်း ရှာရ ဖွေရ၏။ ငွေကြေးရဖို့လည်း နည်းဗျူဟာ သုံးရ၏။ လူမှုရေးဝယ် မြင့်မားစွာ ရပ်တည်နိုင်ရေး အတွက် ပစ္စည်းဓနကို စုဟာယ်ဆောင်းဟာယ် ရှာဟာယ်ဖွေဟာယ် ပြုမူရပေသည်။ ထို့ကြောင့် လူနှင့် စီးပွားရေးမှာ ပေါက်ဖော်သဘောမျိုး ခံယူရပါသည်။ စီးပွားရေးယှိုင်လျှင် ဘဝမဏ္ဍိုင်ကြီး ပြိုလဲတတ်ပေသည်။ သို့ကြောင့် လောကီ လူသားဆုံလည်နွားများအဖို့ ကြီးပွားရာကို နည်းရှာရပါသည်။ ကြံဆရ၏။ တွေးခေါ်လုပ်ကိုင်ရပေသည်။

ခေတ်အဆက်ဆက်ပင် လူသားများသည် ကြွယ်ဝနည်းကို ရှာဖွေခဲ့ကြသည်။ ဖတ်ပူမီးတိုက် ရှာ၏။ ကျားကုတ်ကျားခဲ ကြံစည်၏။ သို့အတွက် တိုးတက်သည်လည်း ရှိ၏။ ဆုတ်ယုတ်သူလည်း မရှား။ အချို့က အချောင်ရပေါက်ရှာ၏။ ဘနဖူး သိုက်တူးသည်။ ကြိုးစား ရိုးသားမှုဖြင့် မရှာ။ အကြံဉာဏ်ကို မသုံး။ ရေစုန်မျောသူများ ရှိသကဲ့သို့ ရေဆန်လှော်ခတ်သူများလည်း ဒုနှင့် ဒေး။

သည်ခေတ်မှမဟုတ်ပေ။ စီးပွားရေးကို အကြံအဖန်လုပ်ကာ အချောင်ရအောင် ရှာကြံမေးတတ်ခဲ့သည်များမှာ ဗုဒ္ဓလက်ထက်ကပင် ရှိခဲ့ပေသည်၊ ဤသည်ကို "အင်္ဂုတ္တိုရ်"ပါဠိတော်တွင် တွေ့ခဲ့ရပါသည်။

စီးပွားရေးအကြောင်းမေးသူ "ဗျဂ္ဃ"ဆိုသော ပုဏ္ဏားကောလိယတိုင်းသားတစ်ဦး။ သည်အမေးကို ဖြေဆိုခဲ့သူက "ရွှေဉာဏ်ရှင် ဗုဒ္ဓဂေါတမ" မြတ်ဗုဒ္ဓဖြစ်သည်။

ကောလိယတိုင်း သက္ကရသတ္တမည်သော ကျေးရွာကလေး၌ နေသော ဗျဂ္ဃပဇ္ဇ ပုဏ္ဏားသည် မြတ်ဗုဒ္ဓထံသို့ ဆိုက်ရောက်လာခဲ့သည်။ တစ်ခုသော ညနေခင်း ခြေခင်းလက်ခင်းသာသာအချိန်။

ထိုအချိန်တွင် ဂေါတမ ရှင်တော်မြတ်ဘုရားပွင့်ပြီး သဗ္ဗညုတဉာဏ်ရ၍ မသိတာ မရှိ၊ အကုန်သိသည်ဟူသော ဗုဒ္ဓ၏ သတင်းက ပျံ့နှံ့နေသည်။ စီးပွားရေး သွေးဆာနေသူ ဗျဂ္ဃပဇ္ဇတို့ ရွာနီဂုံးသို့ အခါတစ်ပါးတွင် မြတ်ဗုဒ္ဓရောက်ရှိခဲ့သည်။

သည်တော့ ရက်ထားသော ပက္ကလာ မိုးရွာတာနှင့် အသင့်ဆိုသလို ဗျဂ္ဃပဇ္ဇလည်း ဗုဒ္ဓထံသို့ အပြေးလာ၏။ အမောတကော မေး၏။ ကြည်ညို၍မဟုတ်။ ဖူးမြော်ဖို့ မရည်ရွယ်။ ဂါရဝပြုဖို့ ကြံစည်တာ မဟုတ်ခဲ့။ ဘုရားရှင်ထံမှ စီးပွားရေးရာ နည်းအဖြာဖြာကို အချောင်ရယူလိုသောကြောင့် စိတ်ဝင်စားဟန်ပြုပြီး မေးခဲ့ခြင်းဖြစ်ချေသည်။

ညရီတရောအချိန်တွင် ဗျဂ္ဃပဇ္ဇသည် မြတ်ဗုဒ္ဓအား ဝတ်ပြု၏။ မရှက်နိုင်၊ မကြောက်နိုင်၊ သိလိုသော စီးပွားရေးကိစ္စကို မေးတော့သည်။ အမေးမှာ ဤသို့ဖြစ်၏။

"မြတ်စွာဘုရား…တပည့်တော်အား မေးခွင့်ပြုပါလော့။ အကြောင်းကတော့ စီးပွားရေးရာကိစ္စဖြစ်ပါသည် ဘုရား။ တပည့်တော်သည် ကာမဘုံသား ဆုံလည်နွားကဲ့သို့ အိမ်ရာတည်ထောင် လောကီဘောင်သားတစ်ဦးဖြစ်ပါသည်။ ကာမသုခကို ပျော်မွေ့သော ဓလေ့ရှိသူဖြစ်ပါသည်။ ဇနီးမယား၊ သမီးသားနှင့် စီးပွားရစ်နှောင်သည့် ကာမ၏ သားကောင်၊ ကာမဘုံသား ကျွေးကျွန်ပါတည်း။ သားကျွေးမှု၊ မယားကျွေးမှု ကိစ္စအဝဝဝယ် နစ်မွန်းနေရပါသည် ဘုရား။ သို့ပါသောကြောင့် ရဟန်းအရှင်သူမြတ်များကဲ့သို့ အေးဆေးစွာ တရား၌ မမွေ့နိုင်ပါ။ လှောင်ချိုင့်တွင်းက ငှက်ငယ်ပမာ လွန်စွာကျပ်တည်းကြပါသည်။ ဝါးလုံးခေါင်းထဲ ဆင်ဝင်ဘိသကဲ့သို့ ခက်ခဲလှပါသည်။ အဝတ်အစားဆိုလည်း လှလှပပဝတ်လို၏။

| |
|---|
| စီးပွားဓနသည် ပဓာနကျပါသည် ဘုရား။ |
| စီးပွားရှိမှ လောကီကိစ္စအဝဝအပြင် |
| ဒါနအလှူပေးယူနိုင်ပါသည် ဘုရား။ |
| သို့ပါ၍ စီးပွားရေးနှင့် ပတ်သက်၍ |
| ဣဓိတ္တံ- အလိုရှိသမျှကို ပတ္တိတံ- လွယ်လွယ်နှင့် |
| ပြည့်စုံစေအောင်၊ တောင့်တလေတိုင်း |
| မဆိုင်းမတွ ရလာစေအောင် မကြာချက်ချင်း |
| ယခုပင် မ,စတော်မူပါ ဘုရား။ |
| ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ကိစ္စအတွက် |
| ကောင်းကျိုးဖွံ့ဖြိုးစေမည့် ကြီးပွားရေးနည်းလမ်းကို |
| တပည့်တော်အား ညွှန်ကြားတော်မူပါဘုရား |



www.burmeseclassic.com

www.burmeseclassic.com

အမွေးနံ့သာဆိုလျှင်လည်း သင်းတပျံ့ပျံ့ရှိလို၏။ စားရေးသောက်ရေးကအစ လူကိစ္စသည် ကုန်နိုင်ဖွယ်မရှိပါ။ လောဘအတိုပါ ဘုရား။

ထိုမှတစ်ပါး ဝတ်စားနေမှု ပြည့်စုံသည်နှင့် မပြီးသေး၊ လူ့တန်းချင်ကြ၏။ ဥပုသ်သီတင်းဆောက်တည်လိုသေး၏။ သို့အတွက် စီးပွားခနသည် ပဓာနကျပါသည် ဘုရား။ စီးပွားရှိမှ လောကီကိစ္စအဝဝအပြင် ဒါနအလှူပေးယူနိုင်ပါသည် ဘုရား။ သို့ပါ၍ စီးပွားရေးနှင့် ပတ်သက်၍ ဤစိတ္တံ- အလိုရှိသမျှကို ဗတ္တိတံ-လွယ်လွယ်နှင့် ပြည့်စုံစေအောင်၊ တောင့်တသေတိုင်း မဆိုင်းမတွ ရလာစေရအောင် မကြာချက်ချင်းယခုပင် မ,စတော်မူပါ ဘုရား။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောအိစ္စအတွက် ကောင်းကျိုးဖွံ့ဖြိုးစေမည့် ကြီးပွားရေးနည်းလမ်းကို တပည့်တော်အား ညွှန်ကြားတော်မူပါ ဘုရား"

ဗျဂ္ဃပဇ္ဇသည် စီးပွားရေးအတွက် နည်းလမ်းကောင်းရဖို့ အရက်အကြောက်ကင်းမဲ့စွာ လျှောက်တင်သည်။ ထိုအခါမြတ်ဗုဒ္ဓသည် လူသားအားလုံးနှင့် ဆိုင်သည့် ကြီးပွားရေးလမ်းညွှန်ချက်တစ်ခုကို ဟောကြားခဲ့ပါသည်။ ကြီးပွားရေးအကျက်ဖွင့်ရန် အကွက်ဆိုက်လာသည်နှင့် ဗုဒ္ဓက အောက်ပါအတိုင်း လမ်းညွှန်ခဲ့ပါသည်။

"ချစ်သား ဗျဂ္ဃပဇ္ဇ…၊ ကြီးပွားလိုရေး အစဉ်တွေးလျက်အပြေးလာသော ဒါယကာ…ဤခလောကေ-စွဲမက်အာရုံအံ့ဟုခေါ်သော လောကီဘောင်၌၊ ကုသလပုဗ္ဗော-မည်သည့်ည့်ပါခွဲခြားမဆို ပုဂ္ဂိုလ်တစ်ဦးသည်၊ ကသိယာ-ကောက်ပဲသီးနှံ ဆန်ရေစပါး သီးနှံများဖြင့် လယ်ယာကိုင်းကျွန်း ဖြစ်ထွန်းအောင် လုပ်ကိုင်ခြင်းဖြင့် လည်းကောင်း၊

ဂေါရက္ခေန - နွားမွေး၊ ငါးမွေး၊ ကြက်ဘဲမွေးလျက်သော မွေးမြူအမှု ပြုလုပ်ခြင်းဖြင့် လည်းကောင်း၊

ရာဇပေါရိသေန - မင်းထံ ခစား၊ ထင်ရှားအမှု၊ အားထုတ်ပြု၍၊ မင်းမှုထမ်းခြင်းဖြင့် လည်းကောင်း၊

သိပ္ပညာတရေန - စက်မှုစွမ်းအား ဖွင့်ထားအမှု၊ အစုပြုထုပ်၍ လည်းကောင်း၊ သက်မွေးမှုအမြတ် အတတ်များစွာရှိကြပါ၏။

စီးပွားအသက်မွေးခြင်းဖြင့် ထိုအမှုများကို ပြုသည်ဆိုအံ့။ လုပ်လေသမျှ အသက်မွေးမှုတို့၌ ကျွမ်းကျင်လိမ္မာသည်(ဖြစ်) လုပ်တတ်ကိုင်တတ်မှု ရှိရမည်။ ပိုင်ပိုင်နိုင်နိုင်ဖြင့် လုပ်တတ်ရမည်၊ ထိုအလုပ်နှင့် ပျင်းရိခြင်း ကင်းရမည်။ ထိုအလုပ်နှင့် စပ်၍ သိသင့်သိထိုက်သော စူးစမ်းတတ်သော ဉာဏ်ပညာဖြင့် အကြွင်းမဲ့ ပြည့်စုံအောင် ကြံဆောင်ရမည်။ ထိုသို့သော အချက်များဖြင့် အလုပ်တစ်ခုကို စူးစိုက်မှုပြုခဲ့သော် မအောင်မြင်၊ မကြီးပွားခြင်းသည် မရှိသာတည်း"

ဤကား ပုဏ္ဏားကို ဟောကြားခဲ့သော ဗုဒ္ဓ၏ လမ်းညွှန်တရားသာတည်း။ ဘုရားက ပေးသော ချမ်းသာရေးနိသျှည်းလည်း ဖြစ်သည်။ ဗုဒ္ဓ၏ ကြီးပွားရေးနည်း။ ဤနည်းကား ရှင်းပါသည်။

လူ့ဘဝတွင် သင့်လျော်သော ဝါသနာပါသော စီးပွားရေးလုပ်ငန်းတစ်ခုကို ရှာပြီးလျှင် ပိုင်နိုင်အောင် လုပ်ဖို့ပဲဖြစ်သည်။ ပမာဆိုအံ့။ လယ်ယာလုပ်စားမည်ကြံခဲ့လျှင် လယ်သမားအတတ်ပညာရှာရမည်။ ယင်းနှင့် ဆက်စပ်သော ပစ္စည်းလုပ်ငန်းခွင် ကိရိယာများ စုံလင်ရမည်။ ကျွမ်းကျင်သောအတတ်ဖြင့် ကိုယ်ကလည်း လုပ်နိုင်သလို၊ အများကိုလည်း ကြီးကြပ်နိုင်ရပေမည်။ သို့ဆိုလျှင် ကြီးပွားဖို့ အခွင့်များပေမည်။ ကုန်သည်လုပ်ငန်း၊ မွေးမြူရေး၊ ဝန်ထမ်း၊ စက်မှုလက်မှုလုပ်ငန်း စသော အလုပ်များကိုလည်း ဤနည်းနှင်နှင်သာ အသုံးပြုပါလေ"

သက်ဆိုင်ရာ လုပ်ငန်းတွင် ကိုယ်ကျွမ်းကျင်ရုံသာမက၊ ဘယ်ဟာကို ဘယ်လိုလုပ်၊ ဘယ်လိုကိုင်ဟု လမ်းညွှန်နိုင်ရပါမည်။ သို့အတွက် ပိုင်မှ လုပ်ပါဟု လမ်းညွှန်ထားပေသည်။

ဆိုလိုသည်မှာ ပန်းပဲရှာတွင် အပ်ရော့င်းနိုင်အောင်ကြိုးစားသင့်ကြောင်း ညွှန်ပြထား၏။ ပန်းပဲရှာကဲ့သို့ ပန်းပဲအလုပ်များသောနေရာမှာ အကောင်းဆုံး အပ်ရောင်းနိုင်သူသည် ပညာပိုင်၍ နိုင်သူဖြစ်ပေသည်။ ဘယ်အလုပ်မဆိုပိုင်လျှင် အောင်နိုင်ပေသည်။ မည်သည့်အလုပ်ကိုမဆို ဆရာခေါ်ခံရသည်အထိ ပြည့်စုံပါစေ။ ပြီးမှ လုံ့လ ဝီရိယဖြင့်ကြိုးစားခဲ့လျှင် လောကီကြီးပွားရေးသည် မခက်ပါဟု ဆိုထားပေသည်။

သို့ကြောင့် ပိုင်လျှင် နိုင်ပါလိမ့်မည်။

* * *

မောင်ရဲရှူး



www.burmeseclassic.com

www.burmeseclassic.com

ပုထုဇဉ် သတ္တလောကသားအားလုံးဟာ ချမ်းသာသုခ လိုချင်တပ်မက်ကြတယ်။ လိုအင်ဆန္ဒပြည့်ဝချင်ကြတယ်။ သို့အတွက် သတ္တဝါတို့ကို ချမ်းသာသုခ တိုးပွားများပြားရန် အတွက် ပြုလုပ်သင့်တဲ့ ကောင်းမှုကုသိုလ်တွေ၊ လုပ်ငန်းတွေ ဟာ ပုညကြိယာဝတ္ထုများ မည်၏။ ဆယ်မျိုးသော ပုည ကြိယာဝတ္ထုများဟာ…



www.burmeseclassic.com

www.burmeseclassic.com

(၁) ဒါန၊
(၂) သီလ၊
(၃) ဘာဝနာ၊
(၄) အပစာယန၊
(၅) ဝေယျာဝစ္စ၊
(၆) ပတ္တိဒါန၊
(၇) ပတ္တာနုမောဒန၊
(၈) ဓမ္မသာဝန၊
(၉) ဓမ္မဒေသနာ၊
(၁၀) ဒိဋ္ဌိဇုကမ္မ

ရယ်လို့ ဖြစ်ပေါ်ပါတယ်။

အထူးသဖြင့် ဖြောင့်မှန်တဲ့ အယူဝါဒရှိခြင်း၊ ကံ-ကံ၏ အကျိုးကို ယုံကြည်ခြင်းဟာ ဒိဋ္ဌိဇုကမ္မမည်ပါတယ်။ အယူဖြောင့်မှန်ရေးသည် သတ္တဝါတိုင်းအတွက် အရေးကြီးဆုံး ဖြစ်ပါတယ်။

အလှူ လှူဒါန်းခြင်းဟာ အကျိုးအမှန်ရှိတယ်။ သမ္မာဒိဋ္ဌိဖြစ်ရာဖြစ်ကြောင်း ဆယ်မျိုးကို (ဖြောင့်မှန်စွာ ယုံကြည်သိမြင် လက်ခံကျင့်သုံးမှုသည် ဒိဋ္ဌိဇုကမ္မဖြစ်ပါတယ်) ဒိဋ္ဌိဇုကမ္မအယူဖြောင့်မှန်ရေးအတွက် သမ္မာဒိဋ္ဌိက ဒသဝတ္ထုခေါ် သမ္မာဒိဋ္ဌိဖြစ်ကြောင်း တရားဆယ်ပါးတို့ကို နားလည်သင့်ပါတယ်။ အဲသည် သမ္မာဒိဋ္ဌိဖြစ်ကြောင်း ဆယ်မျိုးကတော့ -

(၁) အတ္ထိဒိန္နံ - ပေးလှူရခြင်းအကျိုးကျေးဇူးသည် အမှန်ရှိ၏။
(၂) အတ္ထိယိဋ္ဌံ - ယဇ်ကြီး(အလှူကြီး)ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။
(၃) အတ္ထိဟုတံ - ယဇ်ငယ်(အလှူငယ်) ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။
(၄) ကောင်းစွာပြုလုပ်အပ်သော ကုသိုလ်ကံမကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံတို့၏ အကျိုးဆက်(ဖလ)၊ အကျိုးရင်း(ဝိပါက)သည် အမှန်ရှိ၏။ (အတ္ထိသုကတ ဒုက္ကဋာနံ ကမ္မာနံဖလ ဝိပါကော)
(၅) အတ္ထိအယံလောကော - ဤလောကသည် အမှန်ရှိ၏။
(၆) အတ္ထိပရောလောကော - တမလွန်လောကသည် အမှန်ရှိ၏။
(၇) အတ္ထိမာတာ - အမိ၌ ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့် ပြုခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။
(၈) အတ္ထိပိတာ - အဘ၌ ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့် ပြုခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။
(၉) အတ္ထိသတ္တာဩပပါတိကာ - သေ၍တစ်ဖန် ဖြစ်ပြန်သော သတ္တဝါတို့သည် အမှန်ရှိကုန်၏။
(၁၀) အတ္ထိလောကေ သမဏဗြာဟ္မဏာသမ္မဂ္ဂတာ သမ္မာပဋိပန္နာ - ဤလောကသည် လည်းကောင်း၊ တမလွန်လောကသည် လည်းကောင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ညီညွတ်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ အမှန်ရှိကုန်၏။

ဒီသမ္မာဒိဋ္ဌိကဒသ ဝတ္ထုနဲ့ ပြည့်စုံမှသာလျှင် သမ္မာဒိဋ္ဌိက အယူမှန်သူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးစင်စစ်ဖြစ်နိုင်ကြပါတယ်။

မိစ္ဆာဒိဋ္ဌိ ဆယ်မျိုးမှ လည်းကောင်း၊ ဣဿရနိမ္မာနဒိဋ္ဌိ-အစိုးရသူတို့ ဖန်ဆင်းခြင်း စသည်တို့မှ လည်းကောင်း၊ လောကီအယူအဆ ဗေဒင်ယတြာလောကီဒိဋ္ဌမင်္ဂလာတို့မှ လည်းကောင်း။ လွတ်ကင်း စင်ကြယ်၍ ကံ-ကံ၏ အကျိုးကို ဖြောင့်မှန်စွာ ယုံကြည်သိမြင်ပြီး လောကသံသရာ နှစ်ဖြာကောင်းကျိုး တိုးပွားစည်ပင်စေရန် ကုသိုလ်ကံတွေကို အားထုတ်ပြုလုပ်ရမှာ ဖြစ်ပါတယ်။

သတ္တဝါအတွက် ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ခေါ်တဲ့ ကံ-ကံ၏ အကျိုးကို အမှန်သိမြင်ရေးသည် အရေးအကြီးဆုံး ဖြစ်သကဲ့သို့၊ အကျိုးအကြီးဆုံးလည်း ဖြစ်ပါတယ်။

ဉာဏ်အမြင်မှန်ဖြင့် ပြုလုပ်မှသာ အထက်တန်းကျတဲ့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိနဲ့ ဘဝလွတ်မြောက်ရာ နိဗ္ဗာန်အထိ ရောက်နိုင်ပါတယ်။ အပြစ်ရှိသောအမှုတို့တွင် "မိစ္ဆာဒိဋ္ဌိ"ခေါ် အယူလွဲမှားမှုဟာ အပြစ်အကြီးဆုံး ဖြစ်ပါတယ်။ နိယတမိစ္ဆာဒိဋ္ဌိခေါ်ပါတယ်။

ဘုရားချွတ်၍မျှ မကျွတ်သောသူများ သံသာရ ခါဏုက ခေါ် သံသရာ သစ်ငုတ်ကြီးများ ဖြစ်ကြရပါတယ်။ အဖြစ်မခံပါနဲ့။ အယူမှန်သူဖြစ်ရင် ပုညကြိယာဝတ္ထု ဆယ်ပါးကို အားထုတ်ကြစေကုန်ရာသတည်း။

* * *

အရှင်တိခလာက(တောထွက်ရဟန်း)
အင်းလျားရွာသစ်ကျောင်း၊ ဆရာတော်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြတ်ဗုဒ္ဓ၏ ပါရမီဖြည့်စဉ်ကာလ တစ်လျှောက် ဝက်ဘဝဖြင့် ပါရမီဖြည့်ကျင့်ခဲ့ရသည့် ဇာတ်ကို "တုဏ္ဍိလဇာတက" ဇာတ်အမှတ် (၃၈၈)၌သာ ရှားရှားပါးပါး တွေ့ရှိရပေသည်။ ထိုဇာတ်၌ မြတ်စွာဘုရားရှင်သည် ဝက်ဘဝ၌ ဖြစ်ခဲ့ရဖူးကြောင်းကို "ဇာတကဋ္ဌကထာ"၌ အခိုင်အမာတွေ့ရပေ၏။ ထိုမှ "မဟာတုဏ္ဍိလဝက်မင်း ပရိတ်တော်"သည်လည်း ဖြစ်ပေါ်လာရပေသည်။

# ဘေးရန်အန္တရာယ်မှလွတ်ကင်း၍ မင်းနှင့်တကွ လူအများ၏ ပူဇော်မှုကိုခံရသော မဟာတုဏ္ဍိလဝက်မင်း ပရိတ်တော်

နေဝန်းနီ





www.burmeseclassic.com

www.burmeseclassic.com

အခါတစ်ပါး၌ ဇာစ်ခုသောဘဝတွင် ကျွန်တော်တို့၏ မြတ်ဗုဒ္ဓအလောင်းတော်သည် ဝက်မျိုး၌ ဖြစ်ခဲ့၏။ မိခင်ဝက်မသည် ရန်သူနှင့် တွေ့ခိုက် အလောင်းတော် ဝက်နှင့် ညီတော် ဝက်ကို စွန့်ခွာသွားခဲ့လေသည်။ ထိုအခါ တောမှပြန်လာသည့် ရွာမှ အဘွားအိုတစ်ဦးက ထိုဝက်ညီနောင်ကို တွေ့ရှိသဖြင့် ကောက်ယူလျက် အကြီး အလောင်းတော်ဝက်မင်းကို မဟာတုဏ္ဍိလ၊ အငယ်ဝက်ကို စူဠတုဏ္ဍိလဟု အမည်နာမမှည့်ခေါ်ပြီး သားများအရာထားကာ မွေးမြူခဲ့လေသည်။



တစ်နေ့သ၌ ပျော်ပွဲစားထွက်လာကြသော သေသောက်ကြူးတစ်စုတို့သည် ဝက်သားကို အလိုရှိကြသဖြင့် အဘွားအိုအား ချဉ်းကပ်၍ အလောင်းတော် ဝက်ညီနောင်ကို ဝယ်ကြသေး၏။ ပထမ၌ အဘွားအိုက ဤဝက်ညီနောင်ကို သားသမီးအရာထားသဖြင့် မရောင်းဟု ငြင်းဆန်သော်လည်း သေသောက်ကြူးတို့၏ ဥပါယ်တံမျဉ်နှင့် တိုက်သည့် သေရည်ကိုသောက်မိသည့်ကာလ သေရည်မူးကာ မဟာတုဏ္ဍိလနှင့် စူဠတုဏ္ဍိလတို့အပေါ်၌ မေတ္တာများ ပျက်ပြယ်၍ ရောင်းရန်သဘောတူလိုက်လေ၏။

ထိုအခါ ညီငယ် စူဠတုဏ္ဍိလဝက်သည် သေရမည့်ဘေးကို ကြောက်ရွံ့သဖြင့် နောင်တော် မဟာတုဏ္ဍိလအား-

“မိခင်သည် မိမိတို့ ညီနောင်ကို ရက်စက်စွာဖြင့် သေသောက်ကြူးတို့အား ရောင်းလိုက်သည့်အဖြစ်ကို ငိုယိုပြောကြားလေသည်။ အလောင်းတော်သည် မေတ္တာပါရမီကို ပွားများလျက် ညီငယ်ကို တရားဟောပြ ဆုံးမလေ၏။ ထိုအလောင်းတော်၏ ညီငယ်အား တရားဟောပြ ဆုံးမသံသည် အရာထာသီတစ်ပြည်လုံးသို့ ဖုံးလွှမ်းသွားလေသည်။

ထိုအသံကြောင့် ဗာရာဏသီမင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့လည်း အဘွားအို၏ အိမ်သို့ အုတ်အုတ်ကျက်ကျက်ဖြင့် ရောက်ရှိလာကြပြီး အလောင်းတော်၏ အသံကို နာကြားကြကုန်၏။ ထိုအခါ အလောင်းတော်သည် ညီငယ်နှင့်တကွ လူအပေါင်းအား သီလနှင့် စပ်သည့် ဂုဏ်ကျေးဇူးတို့ကို ဘုရားရှင်၏ တင့်တယ်ခြင်းမျိုးဖြင့် တင့်တယ်စွာနိကျူးဟောကြားတော်မူလေ၏။

ဗာရာဏသီမင်းသည် မဟာတုဏ္ဍိလဝက်မင်း၏ ကြိုးကြာသံ၊ စက္ကဝက်သံ၊ ရွှေဟင်္သာသံတို့၏ သာယာဖွယ်သောအသံတော်တို့နှင့် တူစွာသည့် အသံတော်ဖြင့် ဟောကြားတော်မူသော တရားသံကို နာကြားရသည့်အခိုက် အလွန်ကြည်ညိုလှစွာ ကြည်ညိုအထူးတို့ဖြင့် ကြည်ညိုသောကြောင့် မဟာတုဏ္ဍိလဝက်မင်းအား မင်းအဖြစ် အမွှေးနံ့သာ ဖျန်း၍ လည်၌ ပတ္တမြားရတနာတို့ကို ဖွဲ့စေပြီး ပူဇော်လျက် သားအမှတ်ထား လုပ်ကျွေးလေသည်။

ဝက်မင်းလည်း မင်းနှင့်တကွ လူအပေါင်းအား တရားဟောခြင်း၊ အဆုံးအမပြုခြင်းတို့ဖြင့် အသက်ထက်ဆုံး ကယ်ချွတ်တော်မူခဲ့လေ၏။

ဇာတကဋ္ဌကထာ တုဏ္ဍိလဇာတက၌ တွေ့ရသော မဟာတုဏ္ဍိလဝက်မင်း၏ အကြောင်းဖြစ်ပေသည်။

ဤဇာတ်၌ အလောင်းတော် ဝက်မင်းသည် သတ္တဝါတိုင်း သေဘေးကို အလွန်မှပင် ကြောက်ရွံ့တတ်ခြင်း၊ သီလ၏ မွှေးပျံ့ခြင်းဂုဏ်တို့ကို ဓမ္မပဒပါဠိတော် ပုပ္ဖဝဂ်လာ ဂါထာတစ်ပုဒ်နှင့် ဒဏ္ဍဝဂ်လာ ဂါထာတစ်ပုဒ်တို့ကို ဟောကြားဖော်ပြထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါ၏။ ဤနှစ်ဂါထာသည်ပင် မဟာတုဏ္ဍိလဝက်မင်း ပရိတ်တော်ဖြစ်ပါသည်။

ကျွန်တော်တို့ ကိုးကွယ်သော ဝီးကုန်းမြို့ မဟာစည်သာသနာ့ရိပ်သာ မင်္ဂလာရာမ ကန်ဦးကျောင်းဆရာတော်ဘုရားကြီးက ဤပရိတ်တော်ကြောင့်ပင် အလောင်းတော်နှင့် ညီတော်တို့ သေသမားတို့ သတ်မည့်ဘေးမှ လွတ်မြောက်ခဲ့ရကြောင်းနှင့် မင်းနှဲ့ ပြည်သူတို့၏ ပူဇော်မှုကို ခံရကြောင်းသို့အတွက် ဤဝက်မင်းပရိတ်တော်ကို နေ့စဉ် ရွတ်ဆိုဖော်



www.burmeseclassic.com

www.burmeseclassic.com

ပါက သားရန်အပေါင်းမှ ကင်းဝေးပြီး မင်းနှင့်တကွ လူအပေါင်း၏ ချစ်ကြည်ရင်းနှီးမှုနှင့်အတူ ပူဇော်မှုကို ခံရမည်ဖြစ်ကြောင်း၊ တူသော အကျိုးပေးမှုကို ခံရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။ သို့အတွက် လောကီ-လောကုတ် အကျိုးမယုတ်နိုင်သော ပရိတ်တော်ကို ဆက်လက် တင်ပြအပ်ပါ၏။

**မဟာတုဏ္ဍိလ ဇာတ်မင်း ပရိတ်တော်**

* စန္ဒန တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ၊
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။
* သဗ္ဗေတသန္တိ ဒဏ္ဍာသ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော၊
အတ္တာနံ ဥပမံကတွာ၊ နဟနေယျ နဃာတယေ၊
မဏိဂီဝေ ပိဠန္ဓိတွာ၊ သန္တာရေမိ ဗဟူဇနေ၊
သီလေန မေ သမော နတ္ထိ၊ သောမေ သီလပါရမီ။

**အနက်**

စန္ဒနံ - စန္ဒကူးနံ့သည် လည်းကောင်း၊ တဂရံ-တောင်ဇလပ်ပန်းနံ့သည် လည်းကောင်း၊ အထ-ထို့နောက်၊ ဥပ္ပလံ-ကြာညိုပန်းနံ့သည် လည်းကောင်း၊ ဝဿိကီ - မြလေးပန်းနံ့သည် လည်းကောင်း ရှိကြကုန်၏။ ဧတေသံ ဂန္ဓဇာတာနံ-ဤပန်းရနံ့အမျိုးမျိုးတို့ထက်၊ သီလဂန္ဓော - သီလ၏ အနံ့သည်၊ အနုတ္တရော - အတုမရှိ မြတ်၏။

သဗ္ဗေ - အလုံးစုံသော သတ္တဝါတို့သည်၊ ဒဏ္ဍာသ-ဒဏ်ကို၊ တသန္တိ - ထိတ်လန့်ကြကုန်၏။ သဗ္ဗေ - အလုံးစုံသော သတ္တဝါတို့သည်၊ မစ္စုနော - သေခြင်းကို၊ ဘာယန္တိ-ကြောက်လန့်ကြကုန်၏။ အတ္တာနံ- မိမိကိုယ်ကို၊ ဥပမံကတွာ-ဥပမာပြု၍၊ နဟနေယျ - မသတ်ဖြတ်ရာ၊ နဃာတယေယျ-မညှင်းဆဲရာ၊ မဏိ - ကျောက်မျက်ရတနာတို့ကို၊ ဂီဝေ ဂီဝါယံ - လည်၌၊ ပိဠန္ဓိတွာ - ဆွဲဆင်၍ ငါသည်၊ ဗဟူဇနေ-လူအပေါင်းကို၊ သန္တာရေမိ - ကောင်းစွာ ကယ်တင်ပါ၏။ မေ - ငါ့အား၊ သီလေန - အကျင့်သီလနှင့်၊ သမော-တူသော အရာသည်၊ နတ္ထိ - မရှိ၊ သော - ဤအရာသည် မေ- ငါ၏၊ သီလ - သီလပါရမီတည်း■

* * *

ခနဝန်း...

မှီငြမ်း၊

- ဒီးကုန်းမြို့ မဟာစည် သာသနာ့ရိပ်သာ မင်္ဂလာရာမ ကန်ဦးကျောင်း...
ဆရာတော်ဘုရားကြီး ဘာသာ့ဥက္ကံ့သာစာရ၏ ပရိတ်ငယ်များ(လက်ရေးမူ)...

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

**ခေတ္တာရာဆရာကျော်**

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

**အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။**

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ဝိ/-
ဟောစာတမ်းကြီး ၁၀၀၀ဝိ/-

**နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။**

**အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၈၄၆၆၄၂၊ ၀၉-[illegible]**



www.burmeseclassic.com

www.burmeseclassic.com




မည်သည့်လူမျိုး ဘာသာဝင်ပဲ ဖြစ်စေ၊ လူတိုင်း မွေးဖွား
ပြီး နောက်ဆုံးတစ်နေ့ သေဆုံးကြရသည်။ ထိုကဲ့သို့ သေဆုံး
ခြင်းအား ဗုဒ္ဓဘာသာဝင်လူမျိုးတို့အဖို့တော့ သေခြင်းတရားက
မြဲသည်ဟု ဆိုကြသည်။ လူတိုင်း သေခြင်းတရားကို မလွန်
ဆန်နိုင်ကြလို့ မြဲသည်ဟု ဆိုခြင်းပင် ဖြစ်သည်။ ထို့ကြောင့်
လည်း ရွာတိုင်း မြို့တိုင်း၊ ရွာသိမ်ရွာငယ်ဇနပုဒ်က စ၍ ရွာ
တိုင်းမှာ သင်္ချိုင်း (သို့မဟုတ်) သုသာန်ဆိုတာ တစ်ရွာမှာ
တစ်ခုတော့ ရှိကြသည်။ မြို့သိမ်မြို့ငယ်များမှာလည်း တစ်မြို့
လျှင် သုသာန်သင်္ချိုင်းတစ်ခုတော့ ရှိသည်ကို တွေ့ရသည်။
သို့သော်လည်း ရွာငယ် မြို့ငယ်အချို့မှာတော့ သုသာန်သင်္ချိုင်း
နှစ်ခုတွေ့ရသည့် မြို့ရွာတွေ ရှိသည်။ ဥပမာ - ရွာ၏ တောင်
ဘက်တွင် တစ်ခု၊ ရွာ၏ မြောက်ဘက်တွင် တစ်ခုတွေ့ရသည်။
စာရေးသူတို့၏ ရွာပင် လူနေအိမ်ခြေအရ အိမ်ခြေ ၃၀ကျော်
၄၀ ဝန်းကျင်ရှိသော်လည်း သင်္ချိုင်းကုန်းမှာ ရွာတောင်ဘက်
တစ်ခု၊ ရွာမြောက်ဘက် တစ်ခုရှိနေသည်ကို တွေ့ရသည်။
ဒါကလည်း ရှေးဘိုးဘွားအစဉ်အဆက်က တည်ရှိလာခဲ့ခြင်း
ဖြစ်သည်။

ရှေးမီနောက်မီ လူကြီးသူမတို့ ပြောစကားအရ ရွာလယ်
နေရာ အိမ်ဝိုင်းတွင် ရှေးက သူကြီး၊ မင်းမှုထမ်းများ နေထိုင်
ခဲ့ရာ အိမ်ဝိုင်းအား တောင်ဘက်၊ မြောက်ဘက်တို့မှ သေဆုံး
သူတို့ ရှိသည့်အခါ ၎င်းမင်းဝိုင်းအား မကျော်မဖြတ်ရအောင်
အလာအရ တောင်ဘက်နီးသူက တောင်ဘက်ပိုကာ သင်္ဂြိုဟ်

www.burmeseclassic.com

ရသည်။ မြောက်ဘက် သင်္ချိုင်းနီးသူအား မြောက်ဘက်မှာပင် သင်္ဂြိုဟ်ရသည်။ ထိုကဲ့သို့ သင်္ချိုင်းနှစ်ခုနှင့် မြို့ရွာအတော်များများပင် တွေ့ရသည်။ များသောအားဖြင့် ရေးက မင်းမှုထမ်း၊ အရာထမ်း၊ သူကြီး၊ မြို့စား၊ နယ်စားတို့ နေထိုင်ခဲ့ရာ မြို့ရွာများတွင် အများဆုံး တွေ့ရခြင်းဖြစ်သည်။

တောင်မြောက်သော် လည်းကောင်း၊ အရှေ့အနောက်ဘက်သော် လည်းကောင်း သင်္ချိုင်းနှစ်ခုရှိသည်။ မြို့ရွာတို့မှာ အထူးအဆန်းသဖွယ်မဟုတ်သော်လည်း ရွာမြို့၏ အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့တွင် လေးဘက်လေးတန် သင်္ချိုင်းကုန်းနှင့် ထွက်လမ်း ဝင်လမ်း ပိတ်ဆို့နေသည့် ရွာ/မြို့များလည်း ရှိတာ တွေ့ရှိရသည်။

ထိုကဲ့သို့ လေးဘက်လေးတန် ပိတ်ဆို့နေသည့် မြို့ရွာတို့မှာ ရွာတောင်ဘက်တွင်လည်း သင်္ချိုင်း၊ ရွာမြောက်ဘက်တွင်လည်း သင်္ချိုင်း၊ ရွာအရှေ့ဘက်ကျပြန်တော့လည်း ဘုန်းကြီးများ ပျံလွန်တော်မူသည့်အခါ ထားရှိသည့် ဂူ၊ အရိုးဘုရားတို့ တည်ရှိရာ ဘုန်းကြီးသင်္ချိုင်း၊ အနောက်တွင်လည်း ရေဝတီမြစ်ကမ်းပါးတို့ တည်ရှိသည်။ မြို့ရွာများအား ပျံလွန်တော်မူသွားပြီဖြစ်သည့် ဆရာတော်ကြီး ဦးကိတ္တိမှ စည်တော်ပိတ်သင်္ချိုင်းနဲ့ မြို့ရွာများဟု မှီဆိုလေ့ရှိကာ အဲဒီလို စည်တော်ပိတ်သင်္ချိုင်းရှိတဲ့ မြို့ရွာတွေ ဘယ်တော့မှ မကြီးပွား မတိုးတက်ဘူးကွဟု မိန့်တာ မှတ်သားရဖူးပါသည်။ ဘယ်ကြီးပွားပါ့မလဲ၊ ဝင်ပေါက် ထွက်ပေါက် ပိတ်နေတဲ့ မြို့ရွာများဟု ဆိုလိုရင်းဖြစ်သည်။

ရွာမြောက်ဘက်မှာလည်း သင်္ချိုင်း၊ ရွာတောင်ဘက်မှာလည်း သင်္ချိုင်း၊ ရွာအရှေ့ဘက်ကျပြန်တော့လည်း ဘုန်းကြီးသင်္ချိုင်း၊ ရွာရဲ့ အနောက်ဘက်မှာက မြစ်ကမ်းပါး၊ လေးဘက်လေးတန် ပိတ်ဆို့နေတော့မှတော့ ဘယ်လာပြီး စီးပွားလာဘ်လာဘကောင်းတော့မလဲ။ ဝင်တော့မှာလဲ။ စည်တော်ပိတ်သင်္ချိုင်းနဲ့ မြို့ရွာတွေ ဘယ်တော့မှ မကြီးပွား မတိုးတက်ဘူးဟု မိန့်ဆိုလေ့ရှိရာ ဗဟုသုတအဖြစ် ရေးထားလိုက်ခြင်းဖြစ်ပါသည်။

* * *

ကိုသက်ရှည်


## ရောဂါဝေဒနာ အမြန်ဆုံး သက်သာပျောက်ကင်းသွားပြီ

၁၅-၇-၂၀၁၂ ရက်မှာ ဆရာကြီးနဲ့ သွားရောက်တွေ့ဆုံပြီး၊ ကျွန်မအဖေရဲ့ ဒူးခေါင်းနှစ်ဖက် နာကျင်ကိုက်ခဲ လမ်းမလျှောက်နိုင်၊ အလုပ်မလုပ်နိုင် (၂)နှစ်ကျော် ဆေးကုလို့ မသက်သာ မပျောက်ကင်းဖြစ်နေတဲ့ ရောဂါဝေဒနာကို၊ ဆရာကောင်းတွေ့ ဆေးစွမ်းကောင်းတွေ့ပြီး အမြန်ဆုံး သက်သာပျောက်ကင်းဖို့ ဂမ္ဘီရပညာပံ့ပိုးမှုအဖြစ်၊ အထူးယတြာတောင်းခံဆောင်ရွက်ခဲ့ပါတယ်။ ပထမ(၁)လအတွင်းမှာပဲ သိသိသာသာ ကောင်းမွန်ပြီး၊ ယခု(၂)လကျော် (၃)လအရောက်မှာ လုံးဝပျောက်ကင်းလို့ ပြန်ပြီးလမ်းလျှောက်နိုင် အလုပ်လုပ်နိုင် ဖြစ်နေပါပြီ။ (မရွှေဝါ•••မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ)၊ ကျွန်မဆရာက•••••

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

**ယုံကြည်အားကိုးမှသာ လာခဲ့ပါ (နေ့စဉ်နံနက်(၇)နာရီမှ ညနေ(၅)နာရီအထိဖွင့်သည်)**


အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။




www.burmeseclassic.com

www.burmeseclassic.com




# အသိပညာနှင့် ယှဉ်သောအတတ်

ပန်းမြိုင်လယ် စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

အသိပညာနှင့် အတတ်ပညာမည်သော စကားနှစ်မျိုးကို သာမန်ကာလျှံကာ ကြည့်လျှင်တော့ တူသယောင်ယောင်။ ထဲထဲဝင်ဝင် နက်ရှိုင်းစွာဖြင့် ဆင်ခြင်ကြည့်မိတော့မှ သိသိသာသာ ကွဲပြားခြားနားလှသည်ကို သတိပြုမိပါတယ်။

* ပညာရွှေအိုး လူမခိုး။

* အတတ်ပညာနှင့် တူသည့်ဥစ္စာသည် မရှိ။

* အတတ်ပညာကို ခိုးသူတို့ မခိုးယူနိုင် ဆိုတဲ့ နီတိကျမ်းလာ အဆုံးအမအတိုင်း ငယ်စဉ်တောင်ကျေး ကလေးဘဝမှအစပြု၍ အတတ်ပညာရပ်တွေကို ဆရာရင်တို့ထံမှာ သင်ကြားခဲ့ရပါတယ်။

ဒီနေရာမှာ ဆရာဆိုတဲ့ ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုကြည့်ရပါလျှင်···

"သိဿာနံ ဟိတံ အာစရတီတိ အာစရိယော"

သိဿာနံ - တပည့်တို့၏၊ ဟိတံ - အစည်းအပွားကို၊ အစရတီတိ - ရှေးရှုကျင့်တတ်၏၊ ဣတိ - ထို့ကြောင့်၊ အာစရိယော - အာစရိယဆရာမည်ပါပေ၏"တဲ့။

"ဆရာဆိုတာ စာကိုလည်း သင်၊ လူလည်း ပြင်"ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျင့်ကြံနေရမှာပါ။ တပည့်ကောင်းဖြစ်ဖို့၊ သူကောင်းဖြစ်ဖို့က ပထမ၊ စာတတ်ဖို့က ဒုတိယလို့လည်း ဆိုထားပေတယ်။

"ရှေ့ရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူလော့"ဆိုပြီး မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်မှာ ဆုံးမထားပေတာပဲ။ ဒီတော့ကာ သေသေချာချာ စဉ်းစားကြည့်ရင်တော့ ပန်းပဲဆရာ အထုမခံရတဲ့ သံတုံးဟာ ဓားကောင်းတစ်လက်၊ လက်နက်ကောင်းတစ်ခု ဖြစ်မလာနိုင်သလို ကျောက်ဆစ်ဆရာ အဖြတ်မခံရတဲ့ ကျောက်တုံးဟာ ရုပ်တုကောင်းတစ်ခုဖြစ်မလာနိုင်ပါဘူး။ ဒီလိုပါပဲ။ ဆရာကောင်း အဆုံးအမ မခံရတဲ့ တပည့်ဟာ လူကောင်းသူကောင်းဖြစ်မလာနိုင်ပါဘူး။

ဆရာ့ရဲ့ အသွန်အသင် အဆုံးအမစကားကို မနာခံခဲ့ရင်တော့ ဘဝပျက်လို့ အသက်တောင် ဆုံးရတဲ့ ဇာတ်နိပါတ်တွေတောင် ရှိနေသေးတာပါပဲ။ သားသမီးမြေးမြစ်တွေကို ပြောချင်တာလေးတွေ မှတ်သားရလွယ်အောင် ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန်နဲ့ နားထောင်ကောင်းအောင် ပြောပြချင်[...]တဲ့ ရင်ထဲက စကားလေးတွေကို အားလုံးသိစေချင်၊ မှတ်[...]ချင်လို့ ပြောပြလိုက်မယ်နော်။

(၂)

ဒီ ဇာရာဏသီပြည်တစ်ဝန်းမှာ အတတ်ပညာမျိုး[...]ကုံလုံကြွယ်ဝလှတဲ့ "ဒိသာပါမောက္ခ"မည်သော ဆရာတ[...]ဟာ ဘွဲ့ထူးနဲ့အညီ ကျော်ကြား ထင်ရှားလှပါပေတယ်။ ဆ[...]ကြီးဟာ တပည့်အားလုံးကို သက်ဆိုင်ရာ ဘာသာရပ်အလို[...]အတတ်ပညာတွေ သင်ကြားပေးနေတာပါ။ ဆရာကြီးဟ[...]တပည့်အားလုံးအပေါ်မှာ စေတနာ မေတ္တာ လွှမ်းကဲစွာ ထ[...]တာမို့ အတတ်ပညာကိုချည်း သက်သက်သင်ပေးတာ[...]မဟုတ်။ ဝတ္တရားကျေမဟုတ်ပါဘူး။ အကြားအမြင်များ[...]ဆိုတဲ့ အတတ်ပညာနှင့် ဆိုင်ပြီး သိသင့်သိထိုက်၊ ဆင်ခြင်[...]ဆင်ခြင်ထိုက်တဲ့ အရာအားလုံးကိုပါ တွဲဖက်ပြီး သင်ကြာ[...]နေတဲ့ ဆရာရင်ပါ။

တတ်သိပညာဆိုတာ အသိရော အတတ်ရော ပြ[...]မှ ခေါ်ဆိုလို့ ရနိုင်တာပါ။ အသိပညာသည် ဦးနှောက်[...]တူ၏။ အတတ်ပညာသည် လက်နှင့် တူ၏။ ပမာဆို[...]ရဲရဲတောက်သော မီးကျည်ခဲတစ်ခုကို သယ်ယူလိုဖြ[...]သယ်ယူမည့် အတတ်ပညာနှင့် လက်မပူအောင် မည်[...]ပြုလုပ်၍ ကိုင်ဆောင် သယ်ယူရမည်ကို ဦးနှောက်က ချ[...]နိုင်မှသာ မီးပူခြင်းကင်းစွာဖြင့် လိုရာနေရာသို့ သယ်ယူနိုင်[...]သာ ဖြစ်ပါ၏။

ထိုထိုသော ဥပမာမျိုးပေး၍ တပည့်အပေါင်းအ[...]တတ်သိပညာရရှိဖို့ ပဲ့ပြင် လမ်းပြပေးပါ၏။ ငယ်ရွယ်သူ[...]သင်သားတွေဆိုတာကလည်း အခက်သားကလား။ မပြ[...]အိုး ဘောင်ဘင်ခတ်တယ်လို့ပဲ ဆိုရမည်လား၊ တတ်သိ[...]မနေသာလို့ပဲ ပြောရမည်လားတော့ မသိ၊ ပညာစွမ်းက[...]တွေကို တယ်စမ်းချင်၊ ပြချင်ရှိကြပေတာကိုး။

ဆရာကြီးရဲ့ တပည့်တွေထဲမှာ လက်နက်၊ လေ[...]အတတ်သင်ယူသူတွေ၊ ဂါထာ မန္တရားအတတ်ကို သင်[...]သူတွေ၊ ဓာတ်ဗိန္ဓောအတတ်နဲ့ လူနာကုထုံးတွေ သင်[...]သူတွေ စသည် စသည်ဖြင့် အဋ္ဌာရသ ၁၈ရပ်ကို တ[...]ပေါင်း ၅၀၀က သင်ယူနေကြရပါတယ်။ တစ်ယော[...]တစ်ယောက်ဟာ ပညာရပ်ချင်း မတူညီကြသလို ကျွမ်း[...]အစွမ်းထက်ပုံချင်းလည်း မတူညီကြပါဘူး။

ဒီအထဲမှာ "သဉ္ဇီဝ"မည်သော လုလင်က [...]ထစေတတ်သော မန္တရားအတတ်ကို သင်ကြ[...]



www.burmeseclassic.com

www.burmeseclassic.com

ခဲ။ "လေးသူရ"ကတော့ လေးပစ်ခြင်းအတတ်ကို သင်ကြားတတ်မြောက်တာမို့ သူ့နာမည်ကိုတောင် လေးတစ်လုံးအထွတ်တင်ပြီး အခေါ်ခံရတာကိုပင် ဘဝင်မြင့်ချင်သလိုလို။ "ဓားဗလ"ကတော့ လက်ထဲက ဓားကို တစ်ခါမှမချသလို၊ ဓားရေး ၃၇ချင်းကိုလည်း ပိုင်နိုင်ကျွမ်းကျင်စွာ ခုတ်ကစားနိုင်ပြီ။ "ဆေးသီဟ"ကတော့ ဗိန္ဓောအတတ်ပညာနဲ့ ဓာတ်ကြီးလေးပါးရဲ့ အကြောင်း သင်ကြားထားလို့ ပညာစွမ်းတွေတောင် ပြချင်နေပြီ။ ဆိုရရင်တော့ သူ့ရှေ့မှာ ဖျားချင်နာချင်လို့ နာချေချောင်းဆိုးတာတောင် အလွတ်မပေးဘဲ ဆေးဝါးဓာတ်စာကို ချက်ချင်းပေးတတ်တာမျိုးပါ။ လေးသမားကလည်း လေးအစွမ်း၊ ဓားသမားကလည်း ဓားအစွမ်း၊ မန္တရားတတ်တဲ့သူကလည်း သူ့မန္တရားအစွမ်းကို ထုတ်ဖော်ပြသပြီး လက်စွမ်းပြချင်နေကြပါတယ်။

ဒီလို . . . ဒီလို ထင်တစ်လုံးနဲ့ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး စိတ်ကြီးဝင်နေကြတဲ့ တပည့်တွေရဲ့ အခြေအနေကို ဆရာအရှင်က သိနေပါတယ်။ အမှန်တကယ်မှာတော့ သူတို့တစ်တွေမှာ ပြီးပြည့်စုံသော ပညာတွေအကုန်အစင် သင်ယူတတ်မြောက်ကြသေးတာတော့ မဟုတ်ပါဘူး။ ဆရာရှင်က တပည့်တွေကို အချိန်အခါနှင့်အညီ လိုက်လျောညီထွေစွာဖြစ်အောင် စာတွေနဲ့ လက်တွေ့ ယှဉ်တွဲပြီး သင်ကြားပြသပေးတာဟာ အတုယူစရာပါပဲ။ ဆရာ ပညာပေးပုံလေးကို ကြုံတုန်း ပြောလိုက်ပါရစေတော့။

(၃)

လေးတစ်စင်းနဲ့ လွှားလွှား . . . ငွားလွှားဖြစ်နေတဲ့ လေးသူရဟာ ကြွားလုံးထုတ်လောက်ရအောင်ကိုပဲ တော်ပါပေတယ်။ တစ်နေ့မှာတော့ သူ့လက်စွဲတော် လေးတစ်လက်နဲ့ သရက်ပင်ကြီးအောက်ကို ရောက်လာတယ်။

"သူငယ်ချင်းတို့ . . . မင်းတို့နဲ့ ကြုံတုန်းကြုံခိုက် ငါ့လေးအစွမ်းလေးပြမယ်ကွ။ ဟောဟို သရက်ပင်ကြီးထိပ်ဖျားမှာ သီးနေတဲ့ သရက်သီးကြီးရဲ့ အညှာကို ထိအောင် ပစ်ပြီး သရက်သီးကို ကြွေကျစေရမယ်။ ပြီးတော့ မြေမခဘဲ အကောင်းပကတိအတိုင်း ရစေမယ်။ အဲဒါ မင်းတို့ ယုံလား"

"မင်းကလည်း ဟုတ်မှလုပ်ပါကွာ၊ ပြုတ်ကျလို့ မြေခရင်တော့ ကြေမွသွားမှာပေါ့ကွ"

"ကဲ - ဒါဆိုရင် မျက်တောင်မခတ်နဲ့ သေသေချာချာ ကြည့်ထား၊ ကဲ - လာလေ့"

လေးသူရက သရက်သီးအညှာကို စိတ်တည်တည်ငြိမ်ငြိမ်နဲ့ သေသေချာချာချိန်ပစ်လိုက်တယ်။ အညှာကို တန်းတန်းမတ်မတ် ထိမှန်ပြီး သရက်သီးကျအလာမှာ မြေမကျခင် ဆီးပြီး ဖမ်းပြလိုက်တော့ သရက်သီးကောင်းရလိုက်ပေတယ်။ မြင်ရသူတွေအားလုံးအတွက်တော့ အံ့ဩဘနန်းပေပဲပေါ့။

ဒီမြင်ကွင်းအားလုံးကို ဆရာရှင်က အစမှ အဆုံးကြည့်နေတာကို သူတို့အားလုံး မသိကြပေဘူး။ ဆရာရှင်ဟာ အခြားသစ်ပင်ကွယ်က ထွက်လာပြီး လေးသူရရဲ့ လေးအစွမ်းကို ချီးကျူးပါတယ်။

"ချစ်သား . . . သင်သည် လေးအတတ်ကို သင့်သလောက်တော့ တတ်မြောက်ပေပြီ။ သို့သော်ငြားလည်း လေးညှို့ကို ကိုယ်တိုင်ကျစ်သည့် ပညာကို သင်ပါဦးလော့။



လေးကို ပြုပြင်သည့် ပညာကိုလည်း သင်ကြားဦးလော့။ ယခု သင် ပစ်နေသော လေးညှို့သည် သူတစ်ပါး ကျစ်ပြီး ပြုပြင်ထားသည့် လေးပင်ဖြစ်ပေ၏။ သို့ကြောင့် သင်ကိုယ်တိုင် ညှို့ကျစ်ပြုပြင်နိုင်အောင် သင်ကြားပြုလုပ်ချေလော့"

"ဆရာရှင်မြတ် . . . ကျွန်ုပ်သည် မိဘနှစ်ပါးနှင့် နေစဉ်အခါက ဖခင်၏ လယ်ယာကိုလည်း ကူခဲ့ရပါ၏။ လယ်ထွန်နွားများစွာကိုလည်း ထိန်းကျောင်းခဲ့ရပါ၏။ ထိုနွားများအတွက် နွားလံကြိုး၊ ထိန်းကြိုး၊ နွားနဖားကြိုးမှအစ ကျစ်ခဲ့ဖူးပါ၏။ သို့ကြောင့် လေးညှို့ကျစ်ဖို့ရာဆိုသည်မှာလည်း မခဲယဉ်းနိုင်ပါ အရှင်ဆရာ

"အင်း . . . ထင်တစ်လုံးနဲ့ လွဲနေပါပေါ့လား တပည့်ငယ်



www.burmeseclassic.com

www.burmeseclassic.com

ကဲ-ကဲ…ချစ်တပည့်ငယ်၊ အသို့ဆိုလျှင် လေးမြားများထားရာ အဆောင်အတွင်းမှ ချည်ခင်တို့ကို သွားယူချေပြီး လေးညှို့ကို ကိုယ်တိုင်ကျစ်လေလော့"

လေးသူရဟာ သူ့ကိုယ်သူ အထင်ကြီးပြီးသားပေမို့ မဆိုင်းမတွဘဲ ချည်ခင်တို့ကို သွားရောက်ယူပြီး လေးညှို့ကို ကျစ်လေတယ်။ ပြီးတော့ ရင်ကော့ ခေါင်းမော့ပြီး ဆရာ့ကို ပြပါတယ်။ ဆရာရင်ကတော့ အဆိုးအကောင်း မဝေဖန်ဘဲ ခေါင်းတညိတ်ညိတ်နဲ့ပါ။

"ကဲ - ချစ်တပည့် သင့်လက်ထဲက လေးဟာ ဆရာကိုယ်တိုင်ကျစ်ပြီး ပြင်ဆင်ထားတာတွေ ဖြစ်တယ်။ အဲဒီ လေးညှို့ကို ဖြုတ်၍ သင်ကျစ်ထားသော လေးညှို့ကို ငင်လော့"

လေးသူရဟာ ဆရာခိုင်းသမျှ မဆိုင်းမတွ အလျင်အမြန်ပဲ ပြုလုပ်လိုက်နိုင်ပါတယ်။

"ကဲ - ချစ်တပည့်၊ သင် ကျစ်ထားသော လေးညှို့၊ သင် ပြင်ထားသော လေးဖြင့် ဟောဟို သရက်ပင်ခေါင်မှ က သရက်သီးတွဲရဲ့ အညှာကို ပစ်ပြီး အလုံးမပျက် ကျစေလော့"

လေးသူရက ဒါလေးများ မခဲယဉ်းလေဟန် သဘောထားပြီး လေးညှို့ကို တင်းတင်းဆွဲ ပစ်မှတ်ကို သေသေချာချာ ချိန်၊ အသက်ခွေ့အောင့်ဆိုတဲ့ ဆရာသင်ထားသည့်အတိုင်း မဆိုင်းမတွ ပစ်ချလိုက်ပါတော့တယ်။ ဒါပေမယ့် အခါတိုင်း ပစ်လေ့ရှိတဲ့ မြားလို ဖြောင့်တန်းစွာ မသွားဘဲ တုန်ခါလို့ သွားတာမို့ သရက်သီးအညှာကို မြားသွားမထိဘဲ မြားမြီးများနဲ့ ရိုက်ချလိုက်သလိုဖြစ်သွားတာမို့ သရက်သီးခိုင်ဟာ မြေပြင်ကို ပရမ်းပတာလွင့်စဉ်ကျလို့ ကြေကွဲကုန်တယ်။

ကြွားလုံးထုတ်ထားပြီး ထင်တစ်လုံးနဲ့ ဖြစ်နေတဲ့ လေးသူရဟာ ဆရာ့ရှေ့မှာ အရှက်ရပေတော့ပေါ့။ ဒါကို ဆရာရင်က လက်တွေ့နှင့် ယှဉ်သော ဆုံးမချက်တစ်ခုကို ပေးလိုက်ပါတယ်။

"ချစ်သား သူရ…အတတ်ပညာတစ်ရပ်နှင့် တစ်ရပ်ဆက်သွယ်နေတဲ့ ပညာရပ်တွေဟာ လွန်စွာ များပြားလှပေတယ်။ အတတ်ပညာဟာ ဆုံး-စ မမြင်နိုင်တဲ့ ပင်လယ်ပြင်နဲ့ တူပေတယ်။ လေးပစ်တတ်ရုံနှင့် လေးသမားကောင်း မမည်ပေဘူး။ လေးညှို့ကြိုးသည် လွန်စွာသေးငယ်သည်။ ကြိုးကျစ်တတ်သူတိုင်း လေးညှို့ ကြိုးကို ကျစ်တတ်သည်မမည်။ အတတ်ပညာ၏ နက်နဲသော လျှို့ဝှက်ချက်တွေကို သိထားသင့်သလို၊ စနစ်မကျတဲ့ လေးညှို့ကြိုးနဲ့ စစ်မြေပြင်ဝင်လျှင်တော့ အန္တရာယ်များလိမ့်မယ် ချစ်တပည့်"

ဆရာရင်စကားကြားတော့ လေးသူရလည်း ခေါင်းကြီးငုံ့လို့။ သူ့ဘေးမှာတော့ သူ့ငယ်ချင်းတွေ ဝိုင်းဝိုင်းလည်နေပါတယ်။

✦✦✦

ဆရာရင်ရဲ့ မျက်လုံးအစုံဟာ သူ့သေကို ထစေတဲ့ မန္တရားအတတ်ပညာသင် တပည့် သဋ္ဌိအပေါ် စူးစူးနစ်နစ် ကျရောက်လာပြီး…

"ချစ်သား သဋ္ဌိ၊ သင်သည်လည်း တတ်မြောက်အပ်သော မန္တရားအချို့ကို တတ်ချေပြီ။ သို့သော်ငြား သင် တတ်မြောက်ပြီသော မန္တရားများစွာတို့အနက် သတ္တဝါတို့ကို ထစေသော မန္တရားကို သတိနှင့် ချိန်ခါသင့် သုံးစွဲတတ်ရပေမည်။ အထူးသဖြင့် ချစ်သားသည် သေသူကို ထစေတတ်သော မန္တရားကိုကား ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ပြီ။ သို့သော် တားမြစ်သော မန္တရားကိုမူ သင်မပြုသေးချေ။ တားမြစ်သော မန္တရားကိုလည်း သင်ချေဦး"

ဆရာ့စကားကို ကြားတော့ သဋ္ဌိက ပြုံးတယ်။ ပြီးတော့ သူ့အထင်နဲ့ အမြင်အတိုင်း…

"ဆရာရင်ခင်ဗျား…သူသေ သတ္တဝါတို့အား ထစေသော မန္တရားအတတ်သည် အလွန်ပင် မွန်မြတ်လှပါ၏။ (သမ္ဘောယ္ဘ မစ္စနော)အလုံးစုံသော သတ္တဝါတို့သည် သေခြင်းတရားကို လွန်မင်းစွာ ကြောက်ရွံ့ကြကုန်၏။ ကျွန်ုပ်သင်ကြားတတ်မြောက်သော မန္တရားအတတ်ဖြင့် သေပြီးသတ္တဝါတို့ကို သေခြင်းကင်း၍ လွတ်မြောက် ရှင်သန်နိုင်ပါ၏။ ရှင်ခြင်းကို မနှစ်သက်သော သတ္တဝါဟူ၍ မရှိတန်ရာပါ။ သေဘေးမှ မန္တရားအတတ်ကြောင့် ရှင်သန်ထမြောက်လာသောသူကို တားမြစ်သော မန္တရားဖြင့် ပြန်လည်သေစေရမည်ဆိုပါက ထိုမန္တရားသည် အကုသိုလ်မန္တရား၊ သူသတ် မန္တရားပင် ဖြစ်ပေရာ၏။ သို့ကြောင့် မသင်ကြားလိုတော့ပါ ဆရာအရှင်မြတ်"

"ချစ်သား တပည့်… အတတ်ပညာရပ်မည်သည် တတ်ကောင်းရာ၏။ တတ်ပြီးသော အတတ်ပညာရပ်နှင့် ဆက်စပ်နေသော ပညာရပ်ကို မသင်ယူချေမူ လက်နက်ရိက္ခာမစုံလင်ဘဲ စစ်မြေပြင် စစ်တိုက်ထွက်သည့် စစ်သူကြီးကဲ့သို့ အန္တရာယ်များပေစွ။ လက်နက်ရှိသူကို လက်နက်မဲ့နှတ်ဖြင့် ရင်ဆိုင်ခြင်းသည် သူရသတ္တိရှိသည်ဟု မဆိုနိုင်။ အသိမဲ့ ဆင်ခြင်မဲ့ ရင်ဆိုင်ခြင်းသာဖြစ်၍ အကျိုးမဲ့ခြင်းသာ ဖြစ်စေရာ၏။ အန္တရာယ်ကို မြင်၍သာ ဆရာတိုက်တွန်းခြင်း

www.burmeseclassic.com

ဖြစ်ပေတယ် တပည့်ငယ်"

"ကျေးဇူးတင်ပါတယ် ဆရာရှင်။ အခါသင့် အခွင့်သာပြီး သင့်မြတ်သောရက်တွင် သင်ယူပါမည်။ ကျွန်ုပ်အတွက်တော့ ထိုမန္တရားသည် လိုအပ်မည်တော့ မထင်ပါ"

ပညာပေးသူနှင့် ပညာယူသူ တူမျှသော အဆင်ပြေမည်ပေါ့။ ပေးကား ပေး၏၊ မယူလျှင်တော့ အလကားပေပဲပေါ့။ ဆရာရှင်ကတော့ "ဆရာ့စေတနာကို တစ်နေ့တော့ ; ။ လည်လာမှာပေါ့ တပည့်ငယ်ရယ်"ဆိုတဲ့ အသံတိတ် စကား ကသော တိုးတိုးညင်သာ။

(၄)

"ခုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး"ဆိုတဲ့ တပည့်တို့ရဲ့ ဝတ္တရားအတိုင်း ဆရာ့ထံပါးမှာ ဝတ်ကြီးဝတ်ငယ် ပြုစုကြရပါတယ်။ ဆရာရှင်မှာ တပည့်သား ၅၀၀တောင် ရှိနေတာဆိုတော့ ကျွေးမွေးဖို့ နေ့စဉ် ချက်ပြုတ်ရပါတယ်။ ထင်းမီးနဲ့ ချက်တဲ့အတွက် ဥတုရာသီ သာယာတဲ့ အချိန်မျိုးမှာ တပည့်တွေ စုစည်းပြီး ထင်းရှာထွက်ကြရတာလည်း ဝတ္တရားတစ်ခုပါပဲ။

တစ်နေ့မှာတော့ ရာသီဥတုကလည်း သာသာယာယာ၊ တောထဲကို ထင်းရှာ-ထင်းတိုက်သွားကြတဲ့ တပည့်တွေကလည်း ခင်မင်သူတွေနဲ့အတူဆိုတော့ ပျော်ပျော်ရွှင်ရွှင်၊ တတ်ကျွမ်းရာ ကိုယ်စီ ပညာလေးတွေကလည်း အသီးသီးပါလာကြတော့ လက်တုည့်စမ်းလို့ လက်စွမ်းကလည်း ပြချင်ချင်။ အဓိကအလုပ်က ထင်းရှာ ထင်းခွေတဲ့ အလုပ်ဆိုတော့ ထင်းခုတ်တဲ့ ဓားမတွေလောက်သာ ..လာကြပါတယ်။

တောနက်ရဲ့ တစ်နေရာကိုလည်း ရောက်လာကြရော၊ ကျားကြီးတစ်ကောင်ဟာ တောကောင်ချောင်းနေသလို ဝပ်စင်းနေတာကို တွေ့လိုက်ကြရပါတယ်။ အနည်းငယ် အလှမ်းဝေးတာမို့ သတိထား ကြည့်နေကြတယ်။ ကျားဆိုတဲ့ သတ္တဝါဟာ ဘယ်လိုပဲ သားကောင်ကို ချောင်းချောင်း၊ သူ့အမြီးကိုတော့ တဘုတ်ဘုတ်နဲ့ လှုပ်ရိုက်ပြီး အငြိမ်မနေတတ်ပါဘူး။ ဒါကို သိထားတဲ့ ကျောင်းသားတစ်ဦးက တွေးတွေးဆဆနဲ့ ပြောပါတယ်။

"ကျားက အသေကြီးပါကွာ၊ အမြီး လုံးဝမလှုပ်ဘူး တွေ့လား။ သေချာပါတယ်"

လေးသူရကတော့ . . .

"တောက် . . ငါ့လေးကို ယူမလာမိတာ မှားတာပဲ။ ပါလေသာ ပါလို့ကတော့ ကျားအရှင်ဆိုလည်း အသေဖြစ်သွားမှာပေါ့"

ဒီတော့ သဉ္စိဝက . . .

"မင်းတို့ကလဲကွာ၊ သတ္တဝါတွေအသက်ကို သတ်ဖို့ ဖြတ်ဖို့ပဲ အချိန်ပြည့် စဉ်းစားနေကြတယ်။ သတ္တဝါအသက်ဆိုတာ သတ်ကောင်းတာ မဟုတ်ဘူး။ ကယ်တင်ကောင်းတာပါကွာ။ စိတ်နှလုံး မြင့်မြတ်စင်ကြယ်တဲ့သူတွေဟာ သတ္တဝါတွေကို သေခြင်းမဲ့ရာသို့ ပို့ဆောင်ပေးတတ်တယ်လို့ ဆရာရှင်ရဲ့ ဆုံးမစကား ပြန်ကြားယောင်ကြစမ်းပါဦးလား။ ဒီကျားဟာ သေနေပြီ။ ဒီတော့ မင်းတို့ ဘာလုပ်မလဲ။ ဓားဗလာကရော ဓားတဝင့်ဝင့်နဲ့ ကျားရေခုတ်မလား။ မလုပ်ကြပါနဲ့ကွာ။ ငါကတော့ ဒီကျားကို သေခြင်းမဲ့ရာကို ငါလုပ်ပြမယ်။ ကျားသေကို အသက်သွင်းပြမယ်။ ငါ့ရဲ့ မန္တရားအစွမ်းနဲ့ လက်တွေ့ပြမယ်။ မင်းတို့အားလုံး ယုံရဲ့လား"

ဆိုတော့ကာ မယုံဘူး၊ ယုံတယ်၊ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ်ဆိုတဲ့ ဝိဝါဒကွဲပြားတဲ့ စကားတွေ ညံလာတယ်။ ဒီတော့ သဉ္စိဝက မယုံဘူးဆိုတဲ့သူတွေအပေါ် ဝိဝါဒကွဲပြားတဲ့ စကားတွေ ညံလာတယ်။ ဒီတော့ သဉ္စိဝက မယုံဘူးဆိုတဲ့သူတွေအပေါ် ရှူးရှူးရှားရှားဖြစ်လာပြီးတော့ . . .

"ကဲ - မယုံဘူး၊ မဖြစ်နိုင်ဘူးဆိုတဲ့သူတွေ ကျန်ခဲ့။ ကြောက်တဲ့သူတွေ လွတ်ရာကို ရှောင်နေဖို့ အချိန်ပေးမယ်။ ကဲ - ပုန်းကြ၊ ရှောင်ကြပေရော့"

သဉ္စိဝက ပုန်းရှောင်သူတွေကို အချိန်ပေးပြီး ရှောင်နိုင်းပါတယ်။ လုံလောက်တဲ့ ပုန်းရှောင်ချိန်ပြီးလောက်မှာတော့ ကျားသေကို အသက်သွင်းဖို့ရာ စတင် ပြင်ဆင်ပါတော့တယ်။

ပစ်တန်ကောင်း ကျောက်စရစ်ခဲလေးတွေကို လက်ထဲဆုပ်ပြီး သူတတ်ကျွမ်းတဲ့ မန္တရားနဲ့ မန်းမှုတ်လို့ နေပါတယ်။ အဲဒီနောက်မှာတော့ မန်းမှုတ် စီရင်ထားတဲ့ ကျောက်ခဲနဲ့ သေနေတဲ့ ကျားကို စတင်ပြီး ပစ်ခတ်ပါတယ်။ သေနေတဲ့ ကျားဟာ တိုင်းထွာလို့ မကြည့်ပေမယ့် ကိုးတောင်နီးပါးရှိတဲ့ ကျားကြီးတစ်ကောင်ဆိုတာကိုတော့ အမြင်နဲ့ မှန်းလို့ရပေတယ်။

သဉ္စိဝရဲ့ မန္တရားဟာ ဘယ်လောက်တောင် စွမ်းအားထက်လဲဆိုတော့ တစ်ကြိမ် စတင်ပစ်ရုံနဲ့ မျက်လုံးအိမ်ပွင့်လာတယ်။ နောက်တစ်ကြိမ်ပစ်လိုက်တော့ အမြီးဟာ လှုပ်ရမ်းလာသလို၊ မျက်လုံးအိမ်ဟာ လည်လာပါတယ်။ နောက်တစ်ကြိမ်ပစ်တော့ အသက်ရှူလာပြီး ပိန်လိုက် ဖောင်းလိုက်နဲ့ ဗိုက်ကြီး.. လှုပ်လို့လာပေတယ်။ သည်လိုနဲ့ နောက်တစ်ကြိမ် နောက်တစ်ကြိမ်နဲ့ နောက်ဆုံး မန္တရားကို ခပ်ပြင်းပြင်း ခပ်ထန်ထန်လေး မှုတ်ပြီး ပစ်လိုက်တယ်ဆိုရင်ပဲ "ဝေါင်း" ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျားဟိန်းသံကြီးဟာ တောတစ်ခွင်လုံး ဖုံးလွှမ်းသွားပါတယ်။

သဥ္စိဝကတော့ မယုံဘူးဆိုသူတွေရဲ့ ရှေ့မှာ သူ့ရဲ့ မန္တရား အစွမ်း အကြံျထူးကို လှစ်ဟပြခွင့်ရလိုက်တာမို့ ရှင်လာတဲ့ ကျားကို အားရကျေနပ်စွာနဲ့ စိုက်ကြည့်လို့ ပီတိတွေ ဝေနေတာပေါ့၊ အောင်နိုင်သူရဲ့ အပြုံး အောင်နိုင်သူရဲ့ ကြုံးဝါးသံတွေနှင့်အတူ···

"ဟားဟားဟား···မယုံဘူးဆိုတဲ့သူတွေ သဥ္စိဝရဲ့ အစွမ်းကို မြင်ကြပြီမဟုတ်လား၊ ဟားဟားဟား"

အားရပါးရ အော်ရယ်လိုက်သံဟာ ရှင်လာတဲ့ ကျားကို အသိပေးလိုက်သလိုဖြစ်သွားပါတယ်။ သဥ္စိဝရဲ့ ရယ်သံအဆုံးမှာပဲ ကျားက အားအင်အပြည့်နဲ့ ခုန်အုပ်လိုက်ပါတော့တယ်။ သဥ္စိဝ လဲကျသွားတော့ ကျားက လည်မျိုကို ခဲလိုက်ပါပြီ။ မယုံဘူးဆိုသူတွေအထဲမှာ ဓားဗလနဲ့ လေးသူရဲတို့တွေလည်း ပါရဲ့၊ သူတို့လက်ထဲမှာတော့ ထင်းခုတ်ဓားမက လွဲလို့ ဘာမှ မရှိကြပေဘူး။ ဓားရေးထက်ပါတယ်လို့ ဆိုကြပေမယ့် သူနယ်သူတောမှာတော့ ကျားက အားသာပေတာပေါ့။ ကျားရဲ့ လှုပ်ရှားမှုဟာ အလွန်လျင်မြန်လွန်းတာမို့ မယုံသူအားလုံးနဲ့ မထိမ်မြင် ဆင်ခြင်မှု အားနည်းသူတွေအကုန်လုံးဟာ ကျားခဲလို့ သေကြရပေတာပေါ့။

ဒါပေမယ့် ကျားလည်း ဓားဒဏ်ရာ မချိမဆံ့နဲ့ တောထဲ ဝင်ပြေး ပျောက်ကွယ်သွားတော့တယ်။ သစ်ပင်မြင့်မြင့်မှာ တက်ပုန်းရှောင်နေတဲ့သူတွေဟာ အပေါ်စီးကနေ မြင်ကွင်းအားလုံးကို တွေ့နေရတာပါ။ ကျားပြေးလို့ အတော်ကြီးကြာမှ ကြောက်ကြောက်နဲ့ သစ်ပင်တွေပေါ်က ဆင်းပြီး ပြန်ပြေးကြတော့တာပေါ့။

(၅)

"အဲဒါပါပဲ ဆရာကြီးရယ်"ဆိုပြီး အဖြစ်သနစ်အားလုံးကို မခြွင်းမချန် ပြန်ပြောကြတော့ ဆရာကြီးဟာ သေဆုံးသူ့သူတပည့်တွေအတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရတော့တာပေါ့။ ဒီတော့ တပည့်အားလုံးကို ဆင့်ခေါ်ပြီး ဆုံးမစကား မြွက်ကြားပါတယ်။

"တပည့်တို့··အသိပညာနှင့် အတတ်ပညာကို အသုံးချရန် ဆရာ အတန်တန်ဆုံးမခဲ့ဖူးပြီ။ အတတ်ပညာရပ်ကို မာန်ဝင့်ရန်၊ ကြွားလုံးထုတ်ရန်၊ ဟန်ရေးပြရန် မသုံးအပ်။ ဟုတ်မှန်နာလို အကျိုးရှိမည့် နေရာတွင် သုံးစွဲရန်သာ ဖြစ်ချေ၏။ မတတ်အပ်သော ပညာမည်သည် မရှိ။ မလုပ်သင့် မလုပ်ထိုက်သောအရာသာ ရှိချေ၏။ အရာဌာနအလျောက် မသုံးအပ်သော ပညာသာ ရှိတယ်လို့ သဥ္စိဝကို ငါ ဆုံးမခဲ့ဖူး၏။ သေသူကို ရှင်အောင် လုပ်နိုင်သလို၊ ရှင်သူကိုလည်း အခါအားလျော်စွာ လိုအပ်သည့်အချိန်တွင် သေအောင်၊ လဲအောင် လုပ်နိုင်သည့်ပညာကို သင်ထားရန် ငါပြောခဲ့ဖူး၏။ သို့ပေမယ့်လည်း သဥ္စိဝက မလိုအပ်ဟု ယူဆခဲ့၏။ နောင်သောအခါ သင့်မြတ်သောရက်တွင် သင်ယူပါမည်ဟု ဆို၏။ သူ့အတွက်ရာ ထိုမန္တရားကို မလိုအပ်ဟုလည်း ထင်မြင်ယူဆထားခြင်းကြောင့်ဖြစ်၏။ ယခုမူ ဆရာ့စကားပယ်ရှားသူ သဥ္စိဝနှင့်တကွ အသိပညာကို အသုံးမချသူ တပည့်တွေအားလုံး ဆုံးရှုံးရချေကုန်ပြီ။

မည်သို့ပင် အတတ်ပညာတွေ တတ်နေစေကာမူ အသိ၊ သတိနှင့် မယှဉ်လျှင်တော့ ပျက်စီးခြင်း၏ နိဂုံးအဆုံးသို့သာ ရောက်စေရာ၏။ ကဲ ကဲ - တပည့်တို့၊ သေဆုံးသူ သဥ္စိဝအပါအဝင် သူငယ်ချင်းသုံးယောက်ရဲ့ ပစ္စည်းများအားလုံးကို သိမ်းဆည်းပြီး သူတို့မိဘများထံ ပြန်ပို့ရန် စီစဉ်ကြကုန်လော့"

အားလုံးသော တပည့်တွေဟာ ဆရာရှင်၏ စကားများသည် အသက်နှင့်အမျှ မှတ်သား နာယူစရာများဖြစ်သည် ဆိုတာကိုတော့ သူတို့ရင်တွင်း နှလုံးသားများမှာ လင်းလင်းလက်လက် တောက်ပနေချေပြီတကား။

သမ္မေသတ္တာ သုဒိတာ

* * *

ဒန်းမြိုင်လယ်စိန်ဝင်း

ကျမ်းကိုး၊

- ငါးရာ့ငါးဆယ်ဇာတ်တော်(ကေ ကနိပါတ်၊ သဥ္စိဝဇာတ်)။
- ဦးအေးချို(မဟာဝိဇ္ဇာ)၏ ၁၉၉၃၊ နိဝင်ဘာလ၊ အနန္တငါးဖြာ မဂ္ဂဇင်း)။



www.burmeseclassic.com

www.burmeseclassic.com



# ကိုးဆယ့်နှစ်ကမ္ဘာ
# ငိုခဲ့ရသူများအကြောင်း

## မေဓာဝီ(ရွှေပြည်သာ)

ရ အဆက် . . .

ရန်ကုန်တိုင်း၊ သုံးခွမြို့မှ ဦးရေခဲအမည်ရှိ ဒကာကြီး ာက်သည် ရောဂါသည်းကာ သတိလစ်သွား၏။ ငရဲ ာရုံများသည် သူ့စိတ်အစဉ်၌ ထင်လာသည်။ အများ နားလည်အောင် ပြောသောအခါ ငရဲပြည်သို့ ရောက်သွားသည် ဟုပင် ပြောရမည်။ ငရဲပြည်တွင် သူတို့ရပ်ကွက်မှ ကျောင်း ဂေါပကဦးကြွင်းနှင့် တွေ့ရသည်။ အဘယ့်ကြောင့် ငရဲကျနေ သနည်းဟု မေးကြည့်လိုက်သောအခါ ဘုန်းကြီးကျောင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ရေကန်တူးရန် လှူထားကြသော အလှူငွေထဲမှ ဆေးလိပ်တစ်ကျပ်ဖိုးဝယ်သောက်ခဲ့မိသောကြောင့်ဟု ဖြေသည်။

သူ့မိသားစုများ မသိအောင် ဝှက်ထားသော ပစ္စည်းဥစ္စာကိုလည်း နေရာနှင့်တကွ သေချာပြောပြလိုက်သည်။ ဦးရေခဲ တကယ်မသေနိုင်ဘူးဆိုသည်ကိုလဲ သေချာသိသည့်အတွက် ယခုလို မှာကြားနေခြင်းဖြစ်သည်။ သူသည် ရုတ်တရက် သေဆုံးခဲ့ရခြင်းကြောင့် ပစ္စည်း ဥစ္စာဝှက်ထားသောနေရာကို သူ့မိသားစုအား ပြောပြချိန်မရခဲ့ပေ။

ဦးရေခဲ သတိပြန်ရလာသောအခါ ဂေါပကဥက္ကဋ္ဌအိမ်သို့သွား၍ ထိုအကြောင်းကို ပြောပြရာ ပထမတွင် မယုံကြည်ဘဲ ဦးရေခဲကို စိတ်ဆိုးကြ၏။ သို့သော် ဦးရေခဲ ပြောပြသည့်အတိုင်း ပစ္စည်း ဥစ္စာကို ရှာဖွေကြည့်သောအခါ အမှန်တကယ်ပင် တွေ့သွားလေသည်။ ထိုအခါကျမှ ယုံကြည်ကြတော့သည်။

ဤဖြစ်ရပ်ကို ထောက်၍ ဘာသာရေးလုပ်ကြသောသူများသည် ကျောင်းအတွက် လှူထားသောငွေကို ကျောင်းအတွက်သာ သုံးရသည်။ အခြားမည်သည့်နေရာမှ မသုံးရပေ။ ဆွမ်းအတွက် လှူထားသောငွေကိုလည်း ဆွမ်းအတွက်သာ သုံးရသည်။ အခြားမည်သည့်နေရာမှ မသုံးရပေ။ တရားပွဲ ကျင်းပပြီဆိုလျှင်လည်း ဓမ္မကထိက ဆရာတော်အတွက် လှူသောငွေကို ဓမ္မကထိကဆရာတော်ကိုသာ တစ်ပြားမကျန် လှူရသည်။ အခြားမည်သည့်နေရာတွင်မှ မသုံးရပေ။ ထိုပြဿနာမျိုးမှာ တရားပွဲတိုင်းလိုလို အဖြစ်များလှသဖြင့် အကျယ်ရှင်းပြချင်ပါသေးသည်။

တရားပွဲသည် ရန်ပုံငွေအတွက် ကျင်းပသည့် တရားပွဲ၊ တရားပူဇော်ဖို့ တရားနာဖို့အတွက် သက်သက်ကျင်းပသော တရားပွဲဟု နှစ်မျိုးရှိ၏။ ယခုခေတ်တွင် ရန်ပုံငွေအတွက် ကျင်းပသော တရားပွဲများကား မရှိသလောက် ရှားပါးသွားလေပြီ၊ ပိုက်ဆံရှာဖို့အတွက် တရားကို အသုံးမချသင့်ပေ။ ဇာတ်ပွဲကိုသာ အသုံးချဖို့ သင့်ပေသည်။

စာရေးသူအပါအဝင် ထေရဝါဒနည်းကျသော ဆရာတော်အများစုသည် ရန်ပုံငွေရှာဖို့ တရားပွဲဆိုလျှင် ကြွရောက်ဟောပြောခြင်းမပြုရပေ။ လှူသင့်သည်ဟု ထင်လျှင် တရားပွဲကျင်းပသောနေရာတွင် ရသမျှ ဓမ္မပူဇာများကို အကုန်ပြန်လှူပစ်ချင် လှူပစ်သည်။ မလှူသင့်ဟု ယူဆလျှင်ကား လာရောက် အလှူခံသည့်တိုင် မလှူတတ်ပေ။

ယခု တရားနာဖို့အတွက် သက်သက်ကျင်းပသော တရားပွဲများနှင့် ပတ်သက်၍ ဆောင်စရာ ရှောင်စရာများကို

တင်ပြချင်ပေ၏။ ပထမဦးဆုံးအနေဖြင့် တရားပွဲကျင်းပသူတို
အတုယူသင့်သည့် တရားပွဲတစ်ပွဲကို နမူနာအဖြစ် တင်ပြ
ဖြစ်သည်။

**ဆောင်စရာ တရားပွဲ**

ထိုတရားပွဲမှာ ရွှေပြည်သာမြို့နယ်၊ ဏ-ရပ်ကွက်
တရားပွဲဖြစ်သည်။ ထိုရပ်ကွက်မှ လူငယ်များသည် တ
လည်း နာ၊ စာလည်း ဖတ်သဖြင့် သာသနာပြုခြင်းအဓိပ္ပ
ကို သေချာသိကြသည်။ သာသနာဟူသည် အဆုံးအမ
အဓိပ္ပာယ်ထွက်သည်။ မည်သူ့အဆုံးအမနည်းဟု ပုစ္ဆာထု
လိုက်သည့်အခါ "ဗုဒ္ဓအဆုံးအမ"ဟု ဖြစ်လာသည်။

ဗုဒ္ဓ၏ အဆုံးအမများသည် ဝိနည်းပိဋကတ်၊ သုတ္တ
ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ပင် ဖြစ်၏။

ထိုတွင် ဝိနည်းပိဋကတ်ကို အနှစ်ချုပ်လိုက်လ
ကိုယ်၊ နှုတ်ဖြင့် ကျူးလွန်သော ဝီတိက္ကမကိလေသာ
ပယ်သတ်သည့် သီလသာသနာကို ရသည်။ သုတ္တန်ပိဋက
ကို အနှစ်ချုပ်လိုက်လျှင် စိတ်ထဲ၌ ထကြွသောင်းကျန်း
တတ်သည့် ပရိယုဋ္ဌာနကိလေသာကို ပတ်သက်သည့် သ
သာသနာကို ရသည်။ အဘိဓမ္မာပိဋကတ်ကို အနှစ်ချုပ်လို
လျှင် အကြောင်းတိုက်ဆိုင်မှ ပေါ်ပေါက်လာမည့် ကိန်းအေ
နေသည့် အနုသယကိလေသာကိုသာ ပယ်သတ်သည့် ပ
သာသနာကို ရသည်။

ထိုပညာဟူသည် ဝိပဿနာပညာနှင့် မဂ်ပညာပင်
သည်။ ထို့ကြောင့် ဘုရားရှင်၏ အဆုံးအမသာသနာဟူ
သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးပင်ဖြစ်သည်။

သာသနာပြုခြင်းသည် ထိုသီလ၊ သမာဓိ၊ ပညာ သိ
သုံးပါးကို လူသားတွေရဲ့ ရင်ထဲရောက်အောင် ဟော
သင်ကြားပြသပေးခြင်းပင် ဖြစ်သည်။ ထို့ကြောင့် စာသင်တို
များ ဖွင့်လှစ်ပြီး ပို့ချပေးတာ၊ ရိပ်သာများ ဖွင့်လှစ်ပြီး 
ကြားပြသပေးတာ၊ တရားပွဲကြီးများ ဟောကြားပြသပေး
ကို "သာသနာပြုသည်"ဟု ခေါ်သည်။

ထိုသို့ သာသနာပြုခြင်းအဓိပ္ပာယ်ကို သိထားသ
ရွှေပြည်သာမြို့ ဏ-ရပ်ကွက်မှ လူငယ်များသည် သ
ရပ်ကွက်ထဲတွင် သာသနာပြု တရားပွဲကြီးတစ်ပွဲပြုလုပ်
ကြသည်။

ထို့ကြောင့် စိတ်တူကိုယ်တူ လူငယ် ၂၀ ယောက်
"တရားပွဲဖြစ်မြောက်ရေးအဖွဲ့"ဆိုပြီး ဖွဲ့လိုက်သည်။ သ
အားလုံးသည် လက်လုပ်လက်စားများ။ လ...ား ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြသောကြောင့် ချမ်းသာသူများ မဟုတ်ကြပေ။ ထို့ကြောင့် တစ်ယောက်ကို ငါးသောင်းစီခန့်ရအောင် တစ်နှစ်စုသည်။

တစ်နှစ်ပြည့်သောအခါ တစ်ယောက်လျှင် ငါးသောင်းနှုန်းဖြင့် အယောက် ၂၀စုရာ တရားပွဲကျင်းပရန် ရန်ပုံငွေသိန်းရရှိသွားသည်။ ထို ၁၀သိန်းကို တရားပွဲအတွက်တို့ အချိုးကျ အသုံးပြုပုံလေးမှာ လေးသိန်းသည် အသံချဲ့ မီးစက်၊ မဏ္ဍပ် စသော တရားပွဲကျင်းပစရိတ်အဖြစ်သုံးချသည်။ ကျန် ၆သိန်းသည် ပင့်ထားသော မေ့ကာထိကအတွက် မ,တည် ဓမ္မပူဇာအဖြစ် အသုံးပြုသည်။ သူတို့ကြ တစ်ညလျှင် ဓမ္မပူဇာ ၂သိန်း မ,တည် ပူဇော်သည်။ သတ်လှူသော ဓမ္မပူဇာငွေများကိုလည်း ရေစက်မချမီမှာ သတ်အား အရေအတွက်ကို ကြေညာပြီး ဆရာတော်၏ ယမှတစ်ဆင့် ချက်ချင်းကပ်လှူလိုက်သည်။

လူငယ်တို့၏ လုပ်ရပ်မှန်ကန်သောကြောင့် သူတို့ပွဲသည် တစ်နှစ်ထက် တစ်နှစ် ပရိသတ်အင်အား၊ ဇာငွေအင်အား အများဆုံးအဖြစ် စံချိန်တင်နေဆဲပင်သည်။ ထိုသို့သော လူငယ်များကို စာရေးသူက အမှတ်တရ စာရေးသူ၏ စာအုပ်ကို လက်ဆောင်ပေးသောအခါ ပြုပါ ဒဿနလေးကို အမြဲထည့်ထည့်ပေးတတ်သည်။

မြတ်စွာဘုရားသည် ဘုန်းကံကြီးမားတော်မူသည်။ သဒ္ဓါကြီးမားတော်မူသည်၊ ပညာဉာဏ်ကြီးမားတော်မူသည်။ တု ဘုန်းကံ၊ သဒ္ဓါ၊ ပညာကြီးမားသူများသာလျှင် မြတ်စွာ၏ သာသနာကို ချီးမြှောက်ထောက်ပံ့နိုင်သည်။ ထို့ကြောင့် မည်သည့်အခက်အခဲများကို တွေ့ရတွေ့ရ သာသနာ တရားပွဲကြီးကို မဖြစ်ဖြစ်အောင် လုပ်ဆောင်ကြရမည်။ တစ်ခုသော အကြောင်းကြောင့် တရားပွဲမကျင်းပနိုင်ဟုဆိုလျှင် မည်သည့်အကြောင်းပင်ပြုပြု မိမိတို့သန္တာန် ဘုန်းကံ၊ သဒ္ဓါ၊ ပညာများ မရှိတော့သောကြောင့်သာ ည်ဟု မှတ်ယူသင့်သည်။

## စရာ တရားပွဲ

မြစ်ဝကျွန်းပေါ်ရှိ ရွာတစ်ရွာမှ တရားတစ်ပွဲအကြောင်း ပြပါဦးမည်။

ယခု တရားပွဲမျိုးကား ရှောင်ရမည့် တရားပွဲသာ ဖြစ် စာရေးသူသည် တရားပွဲလာပင့်လျှင် မဟောဘူးသေး နေရာ၊ ချောင်ကျသည့် နေရာမျိုးဆိုလျှင် ဦးစားပေးပြီး ရှိသည်။ ယခုလည်း ထိုမြစ်ဝကျွန်းပေါ်ရွာမှ တရားပွဲ လာပင့်သောအခါ အထက်ပါ အချက်နှစ်ချက်နှင့် ကိုက်ညီနေသောကြောင့် လက်ခံလိုက်သည်။

သူတို့သည် တရားပွဲရက်ကို လွယ်ကူစွာ ရသောကြောင့် အလွန်ဝမ်းသာနေကြသည်။ ရန်ကုန်မြို့ပေါ်မှာပင် နေရာတိုင်း ပင့်မရသည့် ဆရာတော်တစ်ပါးက ဆင်းရဲသော၊ ခေါင်သော သူတို့ကျွန်းရွာလို နေရာမျိုးကို သုံးညတောင် ပေးလိုက်သည်မဟုတ်ပါလော။

"ဒကာကြီးတို့ကို တရားပွဲနဲ့ ပတ်သက်ပြီး တစ်ခုပဲ တောင်းဆိုချင်ပါတယ်"

"မှန်ပါ၊ အမိန့်ရှိပါ ဘုရား"

"တခြားတော့ မဟုတ်ဘူး။ အလှူငွေ မများချင်နေပါစေ၊ ပရိသတ်တော့ များများနာစေချင်တယ်။ ပရိသတ်များမှလည်း ဒီလိုတောရွာထဲ ဦးဇင်းတို့ လာဟောရကျိုးနပ်မှာ ဒကာကြီးတို့ ပရိသတ်များများ တရားနာအောင် ဘယ်လိုလုပ်ကြဖို့ စိတ်ကူးထားသလဲ"

"အနီးအနားက ရွာအားလုံးကို အသံချဲ့စက်နဲ့ လိုက်ဖိတ်ဖို့ စီစဉ်ထားပါတယ်"

"အဲသလောက်နဲ့ မပြည့်စုံသေးဘူး။ ပရိသတ်များများနာဖို့ဆိုရင် တစ်အချက်က မိမိရွာအပါအဝင် ရွာ ၅ရွာဖိတ်မယ်ဆိုရင် အဲဒီရွာ ၅ရွာမှာ အိမ်ခြေ ၃ထောင်ရှိတယ်ဆိုပါစို့၊ အဲဒါဆိုရင် ဖိတ်စာသုံးထောင်ရိုက်ရမယ်။ ဖိတ်စာကိုလည်း တရိုတသေသိမ်းထားချင်လောက်အောင် ကောင်းကောင်းရိုက်ရမယ်။

ဖိတ်စာထဲမှာ ဟောမယ့် ဆရာတော်ရဲ့ ဓာတ်ပုံပါရမယ်။ မေ့ကာထိက ဆရာတော်ရဲ့ မှတ်သားဖွယ်ရာ ဩဝါဒအဆုံးအမလေးတွေပါ ပါရမယ်။ ဒါမှ ဖိတ်စာဖတ်လိုက်တာနဲ့ကို တရားတစ်ပုဒ်နာပြီးသားဖြစ်သွားမယ်။ အဲဒီဖိတ်စာ သုံးထောင်ကို တစ်အိမ် တစ်စောင်ရောက်အောင် ဖိတ်ပေးရမယ်။ ဒုတိယအချက်ကတော့ ဟောမယ့် ဆရာတော်ရဲ့ ဘွဲ့၊ ဟောမယ့်နေရာ၊ အချိန်တွေ ရေးထားတဲ့ သုံးပေပတ်လည်ခန့် ကြော်ငြာစာရွက်ကြီးတွေကို ရွာတိုင်းစေ့ လူစည်ကားတဲ့ နေရာမှာ ကပ်ပေးရမယ်။

တတိယအချက်ကတော့ တရားနာ ပရိသတ်တွေ အသွားအပြန် အဆင်ပြေအောင် ကြိုဆိုဖို့ စက်လှေတွေ စီစဉ်ပေးရမယ်။ ဖိတ်စာထဲမှာလည်း ကြိုဖို့ စက်လှေတွေဟာ ဘယ်အချိန်၊ ဘယ်နေရာက ကြိုမယ့်အကြောင်း ထည့်ရိုက်ထားရမယ်။ အဲဒါဆိုရင် ဒကာကြီးတို့ တရားပွဲ မစည်ဘဲကို မနေဘူး။ လူတွေဆိုတာ ခက်တယ်၊ အကုသိုလ်ဖြစ်မယ့်



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ပွဲဆိုရင်တော့ ကြိုစရာမလိုတဲ့ လာကြပေမယ့် ကုသိုလ်ရမယ့် တရားပွဲကျတော့ ကြို/ပို့လုပ်မှပဲ လာဖြစ်ကြတယ်"

"တပည့်တော်တို့ရွာက ဆင်းရဲတော့ ဖိတ်စာရိုက်ဖို့တော့ အခက်အခဲရှိတယ် ဘုရား"

"ဒါဆိုရင် ဖိတ်စာ ၃ထောင်ကို ဦးဇင်းလှူပါ့မယ်"

၂၀၀၄ ခုနှစ်ခန့်က ရိုက်တာပင် ဖိတ်စာ ၃ထောင်ကို ရှစ်သောင်းခန့် ကုန်ကျသည်။ ထိုသို့ အစီအစဉ်တကျ ကျင်းပသောကြောင့် ကျွန်းရွာတရားပွဲသည် သူတို့မြို့မှာ ကျင်းပသော တရားပွဲထက်ပင် ပရိသတ်များသွားသည်။ ရွာခံ အတိုးအသွားများကပင် အားရဝမ်းသာပြောကြသည်။ သူတို့ အသက်



ဂဝအတွင်း ရွာတွင် ဤမျှလောက် တရားနာပရိသတ်များတာ တစ်ခါမှ မကြုံဖူးဘူးဟူ၏။

ဦးဆောင်ကျင်းပသော ကျေးရွာဥက္ကဋ္ဌကလည်း တပြုံးပြုံးနှင့် လာလျှောက်သည်။ သူတို့ နာမည်ကြီးဇာတ်ပွဲ တစ်ပွဲကပင် ငှားဖူးသည်။ ဤတရားနာ ပရိသတ် သုံးပုံပုံ တစ်ပုံပင် မရှိဟု ဆိုသည်။ ပရိသတ်များ များပြားသည့်အတွက် ဝမ်းသာစရာသတင်းနှင့်အတူ ပရိသတ်လှူသော ဓမ္မဒါနငွေကို တခြားဝေယျာဝစ္စများတွင် အသုံးပြုမည်။ ပိုသောငွေကိုမှ ဓမ္မကထိကအား လှူမည်ဟူသော စိတ်မကောင်းဖွယ်ရာ သတင်းကလည်း တစ်ခါတည်း ကပ်ပါလာသည်။

ပထမည ဟောသည့် ဓမ္မပူဇာငွေကို ညတွင်းချင်း မကပ်ကတည်းက သံသယတော့ ဝင်မိသည်။ ယခုတော့ သံသယရှိသည့်အတိုင်း ဖြစ်နေလေသည်။ စာရေးသူ စဉ်းစားရပြီ။ သူတို့ကို ခေါ်ပြောရင် ကောင်းမလား။ ခေါ်မပြောဘဲ သူတို့ထိုက်နဲ့ သူတို့ကံဆိုပြီး ပစ်ထားရရင် ကောင်းမလား။ အတော်ကြာအောင် စဉ်းစားရသည်။

များသောအားဖြင့် လူတို့သည် မိမိအမှားကို ထောက်ပြပြီး ဆုံးမလျှင် နာခံသောလူသည် အင်မတန်ရှားသည်။ စိတ်ဆိုးသွားသောလူကသာ များသည်။ ပစ်ထားလိုက်လျှင် မိမိကိုတော့ မုန်းစရာ၊ စိတ်ဆိုးစရာ မရှိ။ သို့သော် သူတို့မှာ တရားပွဲလုပ်တိုင်း ဓမ္မကထိကငွေကို ခိုးယူသုံးစွဲသော သူခိုးများဘဝသို့ ရောက်ကြပေတော့မည်။

ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးကတော့ "သူ တော်ကောင်းတို့၏ အဆုံးအမကို ခံယူသင့်ကြောင်း" ယခုလို ဩဝါဒပေးထားသည်။

ဆုံးမမည့်သူ သဲလုံးအတူတူများပါစေဟု ရှင်ရာဟုလာ နလုံးသွင်းသည်။ သာမဏေငယ် ဆုံးမသော်လည်း နားထောင် မည်ဟု အရှင်သာရိပုတ္တရာ နလုံးသွင်းသည်။ အပြစ်ပြ ဆုံး သူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။ ပန်းပဲဆရာ အတု မခံသော လက်နက်သံတုံးမဖြစ်။ အဆုပ်ခဲ သံရုပ်၊ ပစ်ရခက် စားရခက်။ ရေနက်ရာသို့ ပြေးဝင်သောငါး ကျီးငတ် အစ မဖြစ်။ ဝက်သားသော်လည်း ဆီနိုင်နိုင်အချက်ခံရမှ အရသာ ရှိသည်။ ပတ္တမြားတွင်းထွက်မှန်သော်လည်း ကျောက်သွေး ဆရာ အကာကုန်အောင် သွေးမှ အရောင်တောက်သည် ကျောက်ဆင်းတုသော်လည်း ကျောက်ဆစ်ဆရာ ထုဆစ်နိုင် အနေကဇာတင်ခံရမည်။ သဗ္ဗါ ပညာ၊ ဗဟုသုတရှိသော်လည် အဆုံးအမကို ခံရမှ အရသာရှိသည်။ ဂုဏ်ရောင်တော မည်။ မြတ်နိုးခံရမည်။ တောအရပ်၌ မိတကင်းသော သားသ ကျားစာဖြစ်သည်။ သာသနာ၌ ဩဝါဒကင်းသော ရဟ မာရ်နတ်စာဖြစ်သည်။

ရှင်ရာဟုလာက နေ့စဉ် သဲများကို လက်နှင့်ဆုပ် "ဤသဲလုံးအရေအတွက်နှင့်အမျှ ဆုံးမသော ဆရာများ ရပါစေ"ဟု အဓိဋ္ဌာန်ပြု၏။ ယခုခေတ် လူအများစုကား ကို ဆုံးမမည့်လူမုန်းသမျှ သဲများ ဖြစ်သွားပါစေ"ဟု ဆုတော မည့်သူများဖြစ်၏။ အရှင်သာရိပုတ္တရာသည် ယနေ့မှ ရှ သော ခုနစ်နှစ်သားအရွယ် ကိုရင်လေးက ဆုံးမသည်ကို ရှိသေစွာ နာယူကျင့်သုံးသည်။

ယခုခေတ် လူအများစုကား အသက် ၇၀အ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတစ်ယောက်က လာရောက်ဆုံးမလျှင်ပင် "အလကား အသက်ကြီးပြီး အချိန်မစီးတဲ့သူကြီး" ဟု ဝေဖန်တတ်သူများ ဖြစ်၏။ ဆရာတော်ကြီးက အပြစ်ပြ၍ ဆုံးမသူကို ရွှေအိုးပေး သူဟု မှတ်သင့်ကြောင်း ဆုံးမ၏။ ယခုခေတ် လူအများစုက အပြစ်ပြ၍ ဆုံးမသူကို သေနတ်ပြ၍ ဓားပြတိုက်သူလို သဘောထားတတ်ကြ၏။

ဗုဒ္ဓကလည်း ဓမ္မပဒတွင် ဟောကြားပြီးသားရှိ၏။

"အဆုံးအမ ဩဝါဒပေးသူကို မသူတော်များက မုန်းတီး ၏။ သူတော်ကောင်းများက ချစ်မြတ်နိုး၏"

ရဟန်းသည် ဘာသာရေးတွင် ခေါင်းဆောင်ဖြစ်၏။ ခေါင်းဆောင်သည် ခေါင်းမရှောင်သင့်၊ ခေါင်းရှောင်လျှင်လည်း ခေါင်းဆောင်နေရာတွင် မနေသင့်ပေ။

နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း
ဝမ်းတွင်းမသို၊ စိတ်မတိုဘဲ
ကျိုးလိုစိတ်က၊ ဆုံးမတတ်မှ၊
ဆရာဟူလော့။ ။

မယာဒေဝ လက်ာလေးဂိုဒ်လေးကိုလည်း တရေးရေး ပြန်ယောင်နေသည်။ ဆရာသည် အမုန်းခံ၍ ချစ်သော ဆရာ၊ အမုန်းခံ၍ မချစ်သော ဆရာဟု နှစ်မျိုးရှိ၏။ ထိုဆရာနှစ်ဦး ထုံးကို စာသင်သားဘဝတွင် တွေ့ဖူး၏။ ပထမစာချဆရာ တော်သည် တပည့်များကို အမုန်းခံပြီး ချစ်သည်။ သူ စာချ ချိန်တွင် အိပ်ငိုက်နေလျှင် ခေါင်းခေါက်ပြီး သတိပေးတတ် သည်။ ဓာတ်ဖြင့် နာနာကျင်ကျင်ကြီးဖြစ်အောင်ကား တစ်ခါမှ မခေါက်ပါ။

စာချချိန်အမီ ရောက်မလာသော တပည့်များကို အိပ် ခန်းထဲအထိ ကိုယ်တိုင်လိုက်ခေါ်သည်။ အတော်အတန် နေမကောင်းတာလောက်ဆိုလျှင် စောင်ခြုံပြီး သူ စာချသည် ကို ဘေးနားက နားထောင်နေရသည်။ စာနောက်ကျသွားမှာ စိုးရိမ်သောကြောင့်ဖြစ်သည်။ တကယ့်ကို မချိမဆံ့ ဖျားနာ နေတာမှန်လျှင် သူကိုယ်တိုင် စိုက်ထားသည့်ဆေးခါးကြီးပင် မှ ဆေးရွက်များကို လာတိုက်သည်။ သူ့ရှေ့မှာပင် ဝါးစားပြီး မျိုချိုင်းသည်။ ထိုဆေးခါးကြီးရွက်မှာ မည်မျှခါးသနည်းဆိုလျှင် ညက ဝါးစားထားလျှင် မနက်အထိ ခါးတုန်းရှိသေးသည်။

စာမကျက်ချင်၍ ဟန်ဆောင်ဖျားကြသော စာသင်သား များသည် ထိုဆေးခါးကြီးရွက်တိုက်မည်ဟု ဆိုသည်နှင့် ချက် ချင်း နေကောင်းသွားတတ်ကြသည်။ ထိုဆရာတော်ကား မှုလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့ ရသိကာမ ရာမကျောင်းသစ် ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသပင် ဖြစ်၏။

◆◆◆

နောက် စာချဆရာတော်တစ်ပါးကား သူ စာချနေလျှင် တပည့်များ စိတ်မဝင်စားလည်း ဂရုမစိုက်။ အိပ်ငိုက်နေလည်း ဘာမှမပြောပေ။ သူ့စာ သူချပြီး အချိန်စေ့သည်နှင့် ထသွား တော့သည်။ သူချသော စာဝါလာမတက်လည်း မေးမြန်းစုံစမ်း ခြင်းမရှိပေ။ ဤဆရာမျိုးကား တပည့်များကို အမုန်းခံပြီး မချစ်သော ဆရာသာဖြစ်၏။

အသိဉာဏ်နည်းပါးစဉ်အချိန်က ပထမဆရာကို မုန်း သည်။ ဒုတိယဆရာကို ချစ်သည်။ အသိဉာဏ်ကြီးမားလာ သောအချိန်တွင်ကား ပထမဆရာသည်သာ တပည့်တို့၏ အမုန်းကို ခံယူပြီး တကယ်ချစ်သော ဆရာပါလားဟု ပိုင်း ခြားပြီး သိသွားသည်။ ထိုအခါကမှ ပထမဆရာကို လေးစား ကြည်ညိုရကောင်းမှန်း သိသွားသည်။ ဒုတိယဆရာကား တပည့်တို့၏ အမုန်းကို ခံယူပြီး မချစ်ရဲသော ဆရာပါလားဟု နားလည်သွားသည်။ ငါကား အမုန်းခံချစ်သော ဆရာ့နေရာ တွင် နေတော့မည်ဟု ဆုံးဖြတ်ထားပြီး တရားပွဲကျင်းပရေး အကျိုးဆောင်တစ်ဖွဲ့လုံးကို ခေါ်ခိုင်းလိုက်သည်။ သူတို့အဖွဲ့ စုံသည်နှင့် ဖော်ပြပါ ဩဝါဒကို ပေးလိုက်သည်။

"ဒကာကြီးတို့ကို ဆုံးမဩဝါဒမပေးမီ စကားတစ်ခွန်း ပလ္လင်ခံထားချင်ပါတယ်။ ဦးဇင်း ဒီစကားကို ပြောတယ်ဆို တာ ငွေမက်လို့ မဟုတ်ဘူးဆိုတာပါပဲ။ ဘာကြောင့်လဲဆို တော့ အခုပြောမယ့်စကားက ငွေနဲ့ ပတ်သက်နေလို့ပါပဲ။ ငွေမက်တဲ့ ဘုန်းကြီးဆိုရင် ဒကာကြီးတို့ တောရွာလေးတွေ ကို လာဟောမနေပါဘူး။ ရန်ကုန်မြို့ပေါ်မှာချည်း ဟောနေမှာ ပါ။ ရန်ကုန်မှာ ဦးဇင်းတရားပွဲကို လုပင့်နေကြတာပဲ။

ဦးဇင်းသာ ဟောမယ်ဆိုရင် နှစ်ပေါက်ဟောလို့ ရပါ တယ်။ ရန်ကုန်မှာ ဟောတဲ့ ဓမ္မပူဇာငွေဟာ တစ်ညမှာ အနည်းဆုံး ငါးသိန်းနဲ့ အထက်မှာ ရှိပါတယ်။ အချို့နေရာ တွေဆိုရင် တစ်ညတည်းနဲ့ သိန်း ၂၀ကျော်ထိ ရတဲ့ နေရာ တွေတောင် ရှိပါတယ်။ အဲဒီလိုနေရာတွေကို မဟောဘဲ ဒကာကြီးတို့ တောရွာမှာ လာဟောတယ်ဆိုကတည်းက ငွေကြောင့်မဟုတ်ဘဲ စေတနာ မေတ္တာကြောင့်ဆိုတာ ထင် ရှားပါတယ်"

(မှတ်ချက်။ ယခုဆိုလျှင် စာရေးသူကို ဩစတေးလျ နိုင်ငံကလည်း ဒုတိယအကြိမ် ထပ်ကြွပေးဖို့ ပင့်နေသည်။ အမေရိကန်၊ ကနေဒါ၊ တရုတ်-တိုင်ပေနိုင်ငံတို့ကလည်း ပင့်နေသည်။ စာရေးသူ မကြွနိုင်ပါ။ မကြွနိုင်ခြင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ပင့်လျှောက်သူများ နားလည်အောင် ရှင်းပြလိုက်ပါသည်။

မြန်မာနိုင်ငံတွင် စာရေးသူတို့ ဟောသော တရားကို နာခွင့်မရသေးသော တောသူတောင်သားတွေ အများကြီး ကျန်သေးသည်။ မြန်မာပြည်တွင် ကျေးရွာပေါင်း နှစ်သောင်း မကရှိရာ စာရေးသူတို့ တစ်သက်လုံးဟောလည်း နှံ့စပ်ရန် မလွယ်ကူပေ။ ဓမ္မပူဇာငွေအနေနှင့် ကြည့်လျှင် နိုင်ငံခြားသွား ဟောလျှင် မြန်မာပြည်မှာထက် ဓမ္မပူဇာပိုရပါသည်။

တရားနာ ပရိသတ်အရေအတွက်၊ တရားပွဲအရေအတွက်အနေနှင့် ချိန်ကြည့်လျှင် စာရေးသူတို့ ရှုံးပါသည်။ စာရေးသူသည် ဓမ္မပူဇာငွေကို အဓိက မထား။ ပရိသတ်ကို အဓိကထားသောကြောင့် နိုင်ငံခြားသွားဟောလျှင် စာရေးသူ ရှုံးပါသည်။ ရှုံးပုံကို ရှင်းပြပါအံ့။ နိုင်ငံခြားတွင် တရားပွဲသည် တစ်ပတ်တွင် စနေ၊ တနင်္ဂနွေ နှစ်ရက်သာ ရှိသည်။

ပရိသတ်အနေနှင့် ကြည့်လျှင် ၁၀၀၊ ၁၅၀၊ အများဆုံး ၂၀၀ခန့်သာ ရှိသည်။ ပြီးတော့ နိုင်ငံခြားသား ဘာသာခြားများက စိတ်ဝင်စားသည်မဟုတ်။ ကိုယ့်မြန်မာချင်းသာ ဟောရခြင်းဖြစ်သည်။ နိုင်ငံခြားသား ဘာသာခြားတစ်ယောက်ကို ဗုဒ္ဓဘာသာဖြစ်လာအောင် ဟောနိုင်သော ဘုန်းကြီးလည်း အင်မတန်ရှားပါသည်။

မြန်မာပြည်တွင် တစ်ညတည်းနှင့် ပရိသတ် နှစ်သောင်းဝန်းကျင်နှင့် နှစ်သောင်းအထက်ရှိသော တရားပွဲအချို့ကို မှတ်တမ်းအဖြစ် ဖော်ပြလိုက်ပါသည်။

(မော်လမြိုင်၊ ချောင်းဆုံ သံဖြူဇရပ်၊ ပဲခူး-စိန်မှူးမိသားစု၊ ရေနံချောင်း၊ အောင်လံ၊ တွံတေးမြို့၊ မြိတ်မြို့၊ မကွေး၊ မင်းဘူး၊ ရန်ကုန်မြို့၊ မိုလ်တထောင်ဘုရား။)

"ဒကာကြီးတို့ မွေ့ကထိကကို လှူတဲ့ ဓမ္မပူဇာငွေတွေကို တခြားနေရာတွေမှာ သုံးစွဲဖို့ စီစဉ်နေကြတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ် ဘုရား။ တပည့်တော်တို့ ကိုယ်ကျိုးအတွက် မဟုတ်ပါ။ တရားပွဲအကြို/အပို့စရိတ်အတွက် လိုအပ်တဲ့ နေရာမှာ သုံးမှာပါ ဘုရား"

"တရားနာ ပရိသတ်က ဓမ္မကထိကကို ရည်စူးပြီးတော့ လှူတာ။ ဒကာကြီးတို့ တရားပွဲဝေယျာဝစ္စအတွက် လှူတာမဟုတ်ဘူး။ ဒါကြောင့် ဓမ္မပူဇာငွေကို ဓမ္မကထိကဆရာတော်ကို အကုန်လှူရတယ်။ တခြား ဘယ်နေရာအတွက်မှ မသုံးကောင်းဘူး။ ကိုယ်ကျိုးအတွက်ပဲ ယူယူ၊ တခြား ဝေယျာဝစ္စအတွက်ပဲ ယူယူ၊ ဓမ္မကထိကငွေထဲက နိုက်ယူလိုက်တာနဲ့ ခိုးမှုကံက မြောက်သွားတယ်။

ဒကာကြီးတို့ဟာ ကိုယ့်စီးပွားရေး ကိုယ်လုပ်နေတဲ့ အချိန်တုန်းက သူတော်ကောင်းတွေဖြစ်နေပြီး ဘာသာရေးပွဲလုပ်ကာမှ သူခိုးတွေဖြစ်သွားရတာ အင်မတန်မှ နစ်နာပါတယ်။ ပြီးတော့ ဒီတရားပွဲဖြစ်အောင် ဒကာကြီးတို့ကို ဘယ်သူကမှ ရိုက်နှက်ပြီးတော့ ခိုင်းတာ မဟုတ်ဘူး။ ကိုယ့်စေတနာနဲ့ ကိုယ်လုပ်နေကြတာ။ ဒီတော့ တရားပွဲမလုပ်ခင် အစောကြီးကတည်းက ကြိုပြီး ရန်ပုံငွေရှာထားရတယ်။ ရန်ပုံငွေ မပြည့်မစုံသေးရင် တရားပွဲမလုပ်နဲ့ဦးပေါ့။ ရန်ပုံငွေပြည့်စုံတဲ့ နေ့မှာ လုပ်ကြပေါ့။ အခုတော့ ဘုန်းကြီးကို လှူတဲ့ ဓမ္မပူဇာငွေတွေကို အပိုင်သိမ်းပြီး လိုတဲ့နေရာ လျှောက်သုံးမယ်ဆိုရင် ဘုန်းကြီးဟာပြီး တရားကို ရောင်းစားနေသလိုဖြစ်တာပေါ့။ ပိုက်ဆံရအောင် ဇာတ်ပွဲရုံသွင်းတာနဲ့ ဘာမှမထူးတော့ပါဘူး"

သူတို့မျက်နှာတွင် မကျေနပ်သော အမူအရာကို တွေ့ရသည်။ စာရေးသူ စကားဆုံးသည်နှင့် မျက်နှာအပျက်ပျက်နှင့် ဦးချပြီး ပြန်သွားကြသည်။ စာရေးသူ အချိန်မီ ဆုံးမလိုက်သောကြောင့် သူတို့သည် ဓမ္မပူဇာငွေများကို မသုံးဖြစ်ကြတော့ပေ။ သုံးညပြီးသောအခါ တစ်ညစီရသောငွေ၊ စုပေါင်းရသောငွေများကို ပရိသတ်များအား တိကျစွာ ကြေညာပြီး စာရေးသူ၏ ကပ္ပိယအား လွှဲအပ်ပါသည်။

သုံးညပေါင်း အလှူငွေ ငါးသိန်းငါးသောင်းကျော်ရရှိသည်။ ထိုငွေများအနက် ငါးသောင်းကျော်ကို ထိုရွာကျောင်းထိုင်ဆရာတော်ကြီး မျက်စိခွဲစိတ်ခအဖြစ် လှူဒါန်းလိုက်သည်။ သူတို့ရွာကျောင်းတွင် စုပေါင်းမှော်ရုံကြီး ဆောက်လျက်ရှိသည်။ သူတို့ရွာတွင် ဆင်းရဲသား များသဖြင့် များများစားစား လှူနိုင်မည့်သူမရှိ။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော ယူအမ်တီဘီမှ ငွေ ၁၀သိန်းချေးပြီး ဆောက်နေကြခြင်းဖြစ်သည်။

တစ်လကို နှစ်သောင်းခွဲခန့် ပြန်သွင်းရသည်ဟု ဆိုသည်။ ထိုနှစ်သောင်းခွဲငွေရအောင် ရွာထဲတွင် လစဉ်လိုက်ကောက်ရသည်။ ထိုအကြောင်းကို စုံစမ်းထားပြီးဖြစ်သည်။ ထို့ကြောင့် ကျန်ငွေ ငါးသိန်းကို မှော်ရုံအတွက် တင်ရှိနေသော အကြွေးကို ဆပ်ပေးခဲ့သည်။ နောက်တစ်နှစ် နှစ်ညဟောပေးသောအခါတွင်လည်း ငါးသိန်းကျော်ပင် ရသည်။

ဒုတိယနှစ်ရသော ငါးသိန်းကျော်ကို ဆပ်ပေးလိုက်သောအခါတွင် တစ်ရွာလုံးအပေါ်တွင် တင်နေသော အကြွေးကြီးကျေသွားလေတော့သည်။ သူတို့ရွာတွင် နှစ်ကြိမ် တရားဟောကြွလာရာ နှစ်ကြိမ်လုံး တစ်ပြားမှ ယူမသွားဘဲ အကြွေးဆပ်



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့သဖြင့် တစ်ရွာလုံး ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုကြွေးကြသည်။ ဝမ်းသာသည်က သူတို့ မဆပ်နိုင်သည့် အကြွေးကြီး ကျေသွားသောကြောင့်ဖြစ်သည်။ ဝမ်းနည်းသည်က သူတို့ တောရွာလေးသို့ မေတ္တာရေစာကား ကြွလာသော ဆရာတော်ကို ဘာမှမလှူနိုင်ကြသောကြောင့်ဖြစ်သည်။

ခုံးမည်ဝါဒပေးစဉ်က စိတ်ဆိုးသွားကြသော တရားပွဲ အကျိုးဆောင်များလည်း သူတို့စိတ်ထဲ ပြစ်မှားထားသ ကျေပျောက်စေရန် လာရောက်ကန်တော့ တောင်းပန်ကြသည်။ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်ကြသူများ အားလုံး ၉၂ကမ္ဘာငိုကြွေးရခြင်းဘေးမှ လွတ်ကင်းကြပါစေ။

* စာတတ်လျက် မိမိကိုယ်ကို မခုံးမလျှင် ထိုစာသည် ငရဲရိက္ခာတည်း။
* လာဘ်ပေါ်လျက် သီတင်းသုံးဖော် မချီးမြှောက်လျှင် ထိုလာဘ်သည် ပြိတ္တာရိက္ခာတည်း။
* စစ်သူရဲသည် မင်းရိက္ခာစား၍ မင်းရန်သူကို နှိမ်သည်၊ ကိုယ်တွင်းရန်သူကိုကား မနှိမ်နိုင်။
* ရဟန်းသည် ဘုရားရိက္ခာစား၍ ကိုယ်တွင်းရန်သူကို နှိမ်သည်။
* လင်းတသည် ကောင်းကင်ပျံလျက် ခွေးကောင်ပုပ်ကို မက်၍ မြေ၌ ကျော့ကွင်းမိသည်။
* ငါးသည် ရေနက်ရာနေလျက် တီကောင်မက်၍ ရေတိမ်၌ ငါးမျှားချိတ်မိသည်။
* ရဟန်းသည် သာသနာ၌နေလျက် လောကအာမိသ မက်၍ မာရ်နတ်လက်တွင်း၌ ညွတ်ကွင်းမိသည်။
* သရက်ပင်လည်း အသီးကြွယ်လျှင် ကိုင်းပဲ့တတ်သည်။
* သီလကြိုးဆွဲ သမာဓိခွဲထောက်ပြုရမည်။
* ဘုရားရှင်သည် မြင်းမိုရ်တောင်ကို သမုဒ္ဒရာရေမှ ထုတ်နိုင်၏။ မသူတော်ကို ဒုစရိုက်မှ မထုတ်နိုင်။
* အမြစ်မရှိသော ဤကိုယ်ဖြင့် မြဲသောနိဗ္ဗာန်ကို မလဲနိုင်ပြီလော။

. *(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)*

မစွန့်လွှတ်တဲ့သူဟာ ဘယ်သောအခါမှ အထွတ်အထိပ်သို့ မရောက်နိုင်ဘူးဆိုတာ ဝါ့တပည့်တို့ မှတ်ထားကြ။ မိမိ ချစ်ကိုယ်ရဲ့ သက်သာမှုကို သူတစ်ပါးအတွက် စွန့်လွှတ်နိုင်ရမယ်။ ကိုယ်ပိုင်ပစ္စည်းကိုလည်း သူတစ်ပါးတို့အတွက် စွန့်လွှတ်နိုင်ရမယ်။ ဒါကတော့ အသီးတွေ ဝေနေတဲ့ သစ်ပင်ကြီးလို စွမ်းနိုင်သမျှ ကျင့်မယ်။ *(သီတဂူ အရှင်ဉာဏိဿရ)*

* * *

●မဇ္ဈာရှင်(ရွှေပြည်သာ)


# ရှမ်းမလေးခေါက်ဆွဲ



အမှတ် (၉၈၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ)
ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီး၍ ရန်ပြေမှတ်တိုင်ဆင်းပါ။
☎ ၀၁ - ၇၃၀၄၇၃၀၃

နေ့စဉ် - နံနက် (၇း၃၀) နာရီ မှ (၉း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

စနေ-တနင်္ဂနွေ - နံနက် (၈း၃၀) နာရီ မှ (၁၂း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

'က လေး ခေါ် မ လာ ရ ပါ ။'




www.burmeseclassic.com

www.burmeseclassic.com



* ဒိဝါတပတီ အာဒိစ္စော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယောတပတီ၊ ဈာယီ တပတိဖြစ်
ဇောအာထသဗ္ဗာ မယောရတ္တိ၊ ဗုဒ္ဓေါတပတီ၊
တေဇသာ ဇတောန သစ္စဝင္ဒေန သောတ္ထိမေ၊
ဟောတု ဇယ မင်္ဂလာ။

* ဖုဋ္ဌသသ လောကဓမ္မေဟိ၊
စိတ္တံ ယဿ၊ နကမ္ပတိ၊
အသောတံ ဝိရဇံ ခေမံ။

# ပဋ္ဌာန်း ရတနာဂါထာတော်

**ကျော်သန်း**



www.burmeseclassic.com

www.burmeseclassic.com

* တုဋ္ဌေဟိ တုဋ္ဌေဟိ မမတုဋ္ဌေဟိ၊
ပီယေဟိ ပီယေဟိ မမပီယေဟိ၊
သိနေ္ဟဟံ သိနေ္ဟဟံ မမသိနေ္ဟဟံ၊
ရာဇစိတ္တံ ပိယံမှိုင်းမှိုင်း အမစ္စရာဇ စိတ္တံ၊
ပိယံမှိုင်းမှိုင်း အမစ္စစိတ္တံ ပိယံမှိုင်းမှိုင်း။
ပုရိသစိတ္တံ ပိယံမှိုင်းမှိုင်း၊ ဣတ္ထိစိတ္တံ ပိယံမှိုင်းမှိုင်း။
သဗ္ဗစိတ္တံ ပိယံမှိုင်းမှိုင်း၊
ဧဿြောင်း ဇဟိ ဇဟိ ဗလံခြင်း။
ဧဿြောင်း ဇဟိ ဇဟိ ဗလံကာပ်၊
ဧဿြောင်း ဇဟိ ဇဟိ ဗလံခြင်းကာပ်စေ။

* သဗ္ဗဟိတ မင်္ဂလာနိ၊ ပုညာဘိ သီရိသောဘဏီ၊
သုရသတီစ မေမာတာ၊ နိစ္စံ ရက္ခန္တု မံသဒါ။

ထိုဂါထာတော်.လေးပိုဒ်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်သောသူများသည် ဣဋ္ဌာသယ လိုတရသော မဏိဇောတပတ္တမြားမျက်ရှင်ကို ရရှိထားသောသူနှင့် အလားသဏ္ဌာန်တူသောကြောင့် ထိုဂါထာလေးပိုဒ်ကို မဏိဇောတ ပတ္တမြားရတနာဂါထာတော်ဟု ခေါ်တွင်သည်။

ထိုဂါထာတော်ကို နေ့စဉ် နံနက်အရုဏ်တက်ချိန်တွင်သော် လည်းကောင်း၊ ညဘက် အိပ်ခါနီးတွင်သော် လည်းကောင်း ဂါထာတော်တစ်ပုဒ်လျှင် ၂၇ခေါက်စီဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ စုစုပေါင်း ဂါထာတော် လေးပိုဒ်ဖြစ်သဖြင့် အခေါက်ရေပေါင်း ၁၀၈ခေါက်စေအောင် ရွတ်ဖတ် သရဇ္ဈာယ်ရမည်။

ထို့ပြင် ထိုဂါထာတော် လေးပိုဒ်ကို ၁၀၈ခေါက်စေအောင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ တစ်ထိုင်တည်းနှင့် (၀၊) မှုရိယာပုတ်တစ်ပါးနှင့် ပြီးစီးအောင် ရွတ်ဖတ်သရဇ္ဈာယ်ရည်ကို အထူးသတိပြုရမည်။ ထိုဂါထာလေးပိုဒ်၏ သတ္တိ၊ သိဒ္ဓိအစွမ်းသည် ဂါထာတော်များ ဖတ်ကြားရန် ရည်ညွှန်းထားသည့်အတိုင်း ရွတ်ဖတ်သရဇ္ဈာယ်၍ ဇရက်မြောက်သောနေ့မှ စ၍ စီးပွားရေးများ အထူးတိုးတက် အောင်မြင်လာတော့၏။ စီးပွားရေးအထစ်အငေါ့များ၊ အဖုအထစ်များ၊ အခက်အခဲများ ပြေလည်လာရ၏။ အဆင်ပြေလာရ၏။ လုပ်ချင်သည့် စီးပွားရေးအရောင်းအဝယ်လုပ်ငန်းမှန်သမျှ မအောင်မြင်ဟူ၍ မရှိ။ အဆင်မပြေဟူ၍ မရှိ။ မတိုးတက်ဟူ၍ မရှိ။ အားလုံးသော စီးပွားရေးနှင့် အရောင်းအဝယ်လုပ်ငန်းဟူသမျှ မအောင်မြင်ဟူ၍ မရှိတော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဝမ်းသာအားရ အံ့သြစွာ တိုးတက် အဆင်ပြေလာလိမ့်မည်။

သို့ပါ၍ ကြိုက်သော ကုန်ပစ္စည်းရောင်း၊ ကြိုက်သော ဆိုင်ဖွင့်၊ မည်သည့်လုပ်ငန်းပဲ လုပ်လုပ် အကျိုးမပေးဘူးဟူ၍ မရှိတော့ပြီ။ ဂါထာတော်၏ တန်ခိုးစွမ်းအားကြောင့် အဆင်မပြေဟူ၍ မရှိ။ ငွေရေးကြေးရေး ဘေးကျပ်နံကျပ်မရှိ။ ရွှေငွေရတနာဆုံးရှုံးမှု မရှိ။ အားလုံး အောင်မြင်တိုးတက်လာတော့၏။

နှုတ်ပါးစပ်က ဈေးခေါ်တိုင်း ရ၏။ ဈေးခစ်တိုင်း ရ၏။ ဝမ်းနှုတ်မှ စီးပွားရေးနှင့် ပတ်သက်၍ စိတ်ထဲရှိရာ ကြိုက်နှစ်သက်သလို ပြောဆိုတိုင်း အောင်မြင်ပြီးစီး၏။ တောင့်တတိုင်းလည်း ရလာ၏။

ထိုဂါထာတော်၏ တန်ခိုးအားကြောင့် မိမိတို့၏ စီးပွားရေး အရောင်းအဝယ်လုပ်ငန်းများကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ကူညီမ,စ စောင့်ရှောက်လာကြကုန်၏။ အိမ်တွင်းရေးမိသားစု အေးအေးချမ်းချမ်း ဖြစ်လာကြရ၏။ သောက ဗျာပါဒ စိတ်ရှုပ်မှု၊ စိတ်ဆင်းရဲမှုမှန်သမျှတို့ မရှိတော့ချေ။ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်ဆန္ဒအလိုတို့ ပြီးစီးအောင်မြင်ရလေတော့၏။

* * *

ကျော်သန်း(တိုင်းရင်းဆေး)


**အယ်ဒီတာအဖွဲ့ မှခန်းနှင့် မြန်ချိမ်ရေး**

မဂ္ဂဇင်း

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၇၁။




www.burmeseclassic.com

www.burmeseclassic.com

**"နီအိမ်နီးစကား"**

မဂ္ဂဇင်း ဂျာနယ်တွေမှာ ကျွန်တော်ရေးဖြစ်ခဲ့သည့် ဘာသာရေးနှင့် ယှဉ်သော အစိတ္တာန်ကျင့်စဉ်တွေကို ဖတ်ရှုကာ ကျင့်သုံးပြီး အကျိုးထူး၍ ဖုန်းဆက်လာကြသူတွေ၊ ကိုယ်တိုင်လာရောက် ကျေးဇူးစကားဆိုကြသူတွေ များစွာရှိနေခဲ့ပါသည်။ ၂၀၀၂ လောက်ကတည်းက တစ်စိုက်မတ်မတ်ရေးဖြစ်ခဲ့သည့် ဆောင်းပါးတွေကလည်း မနည်းလှတော့။ ဆောင်းပါးစုစည်းမှု လုံးချင်းစာအုပ်တွေကလည်း ဆယ်အုပ်လောက်ပင်ရှိခဲ့ပေပြီ။ "ချမ်းသာခြင်းဆီသို့ခြေလှမ်းများ"၊ "အောင်မြင်ချမ်းသာ"၊ "အောင်အတိတ် အောင်နိမိတ်"၊ "အောင်စေ ပိုင်စေ နိုင်စေ" စသည်ဖြင့် မနည်းလှတော့။ ၂၀၁၂ထဲမှာတော့ "နေထွက်လထွက် စီးပွားတက်" ထွက်ဖြစ်သည်။ တချို့စာအုပ်တွေကို ဒုတိယအကြိမ်၊ တတိယအကြိမ် ပြန်ရိုက်နေကြလေသည်။ စာဖတ်ပရိသတ်၏ တုံ့ပြန်မှုတွေကိုလည်း များစွာရနေခဲ့သည်။ အမှန်ပင်ပီတိဖြစ်ရပါသည်။ သည်ဘက်နှစ်တွေမှာ ကျွန်တော်ရေးဖြစ်ခဲ့သည့် ဆောင်းပါးတွေထဲက စာဖတ်ပရိသတ်၏ တုံ့ပြန်မှု အရဆုံး ဆောင်းပါးမှာ "ခန္ဓာမေ့စေတီ"အစိတ္တာန်နှင့်



/၄ပိုင်း/

# ထီပေါက်ဖူးတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com

"သပိတ်ဝင် အိတ်ဝင်"အမိဗ္ဗာန်ဖြစ်သည်။ သပိတ်ဝင် အိတ်ဝင်က "ကြံတိုင်းအောင် ဆောင်တိုင်းမြောက်"စာအုပ်မှာ ပါရှိလေသည်။ ခန္ဓာ ဓမ္မစေတီအမိဗ္ဗာန်က "နေလ"ဂျာနယ်မှာ ၂၀၁၁ခုနှစ်လောက်က ရေးဖြစ်ခဲ့သည်။ ထိုဆောင်းပါးထွက်ပြီး လေးငါးလ လောက်ကြာတော့ ရှစ်မိုင်ဘက်က စာဖတ် ပရိသတ်တစ်ဦးက ဖုန်းဆက်ခဲ့ပါသည်။ ထိုကျင့်စဉ် စတင် ကျင့်ဖြစ်ပြီး မကြာမီပင် လစဉ် ထီပေါက်ခဲ့သည်တဲ့။ လစဉ် ပေါက်တာပါတဲ့။ ဆုကတော့ အမျိုးမျိုးဖြစ်သည်တဲ့။ ထိုရက် တွေက အလုပ်များနေသည့်အတွက် ကျွန်တော်က အေး အေးဆေးဆေး ဖုန်းပြန်ပြောချိန်မရခဲ့။ နောက်မှ အသေးစိတ် ဖုန်းဆက်မေးမည်ဟု စိတ်ကူးထားသည်။

ယခု ၂၀၁၂ ဩဂုတ်လထဲမှာ လားရှိုးဘက်က စာဖတ် ပရိသတ်တစ်ဦးက ဖုန်းဆက်ပြီး ကျေးဇူးတင်စကား အထပ် ထပ်ပြောခဲ့လေသည်။ သူလည်း ခန္ဓာဓမ္မစေတီအမိဗ္ဗာန်၏ ထူးခြားသော ကောင်းကျိုးတွေကို လက်တွေ့ခံစားနေရပါသည် တဲ့။ ခန္ဓာဓမ္မစေတီအမိဗ္ဗာန်သည် အံ့ဩရလောက်အောင် ထူးခြားလှကြောင်း ပြန်ပြောပြလာကြသည်။ ကျကျနနနှင့် ထိထိမိမိ အမိဗ္ဗာန်ဝင်သူအများစုမှာ ထူးခြားသွားကြတာများ လေသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း အမိဗ္ဗာန်စရဏကုသိုလ် လေးတွေကို အလျဉ်းသင့်သလို ဖြည့်ကျင့်နေဖြစ်ခဲ့ပါသည်။ ယခု ၂၀၁၂ထဲတွင် ကျွန်တော်ရွေးချယ် ကျင့်သုံးနေဖြစ်သည့် အမိဗ္ဗာန်ကျင့်စဉ်မှာ ခန္ဓာဓမ္မစေတီအမိဗ္ဗာန်ပဲ ဖြစ်သည်။ စေတီပေါင်း ၁၀၈ ဆူပြည့်အောင် ဖြည့်ကျင့်မည်ဟု ရည်ရွယ်ပြီး နေ့စဉ် ပုတီးစိပ်နေဖြစ်သည်။ စိပ်ဖြစ်ခဲ့သလောက် ကာလ အတိုင်းအတာအတွင်းမှာလည်း ထိုက်သင့်သလောက် ထူး ခြားပါသည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော်သည် ဤကျင့် စဉ်ကို သရဏဂုံတည်သော ကျင့်စဉ်၊ မြတ်ဗုဒ္ဓ၏ ဂုဏ်တော် မြတ်တို့ကို ဗုဒ္ဓါနုဿတိ ဘာဝနာပွားထုံသော ကျင့်စဉ်၊ သံသရာမှ လွတ်မြောက်ကြောင်း အကျင့်မြတ်အစစ်ဖြစ်သည့် လက္ခဏာရေးသုံးပါးကို ဆင်ခြင်သော ကျင့်စဉ်၊ ဘုရားရှင်၏ အမြတ်ဆုံး ဉာဏ်တော်တွေကို ပူဇော်သော ကျင့်စဉ်ဖြစ် သဖြင့် ထိုသဒ္ဓါစိတ်ဖြင့် ရွေးချယ် ကျင့်လှမ်းနေဖြစ်ခြင်းသာ ဖြစ်ပါသည်။

ယခု ဂမ္ဘီရဆန်းကြယ်ပရိသတ်အတွက် ကျင့်စဉ် ကောင်းလေးတစ်ခုလောက် လက်ဆောင်ပါးမည်ဟု တွေးမိ သောအခါ "ခန္ဓာဓမ္မစေတီ"အမိဗ္ဗာန်ကိုပဲ ရွေးချယ်လိုက်မိပြန် သည်။ အောက်တွင် တင်ပြထားသော "ထီပေါက်ဖူးတဲ့လူ" ဆောင်းပါးမှာ ကျွန်တော်၏ ဆောင်းပါးစုစည်းမှု လုံးချင်းစာ အုပ်တွေထဲမှာ မပါဝင်ခဲ့သေးပါ။ နောက်ထပ် ထုတ်မည့် "နတ်စောင်းတော်သံ"လုံးချင်းတွင် ထည့်သွင်းရန် ရွေးချယ် ထားသော ဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။ ကျွန်တော်အလွန် သဘောကျသည့် ထိုကျင့်စဉ်အကြောင်း ရေးထားခဲ့သော ထိုဆောင်းပါးလေးကိုပင် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ ပရိသတ် အတွက် လက်ဆောင်ပါးလိုက်မိပြန်ပါသည်။

(၁)

လွန်ခဲ့သည့် ၃နှစ်ကျော်လောက်က ဖြစ်သည်။

မှတ်မှတ်ရရဖြစ်လောက်အောင်ပင် ထိုနေ့ နံနက်စော က နှင်းတွေ ထူထူထဲထဲ ဝေနေခဲ့လေသည်။ ဆောင်းအကုန် နွေအကူး ရာသီဦးတွင် ဆောင်း၏ လက်ကျန် နှင်းတွေက လှုလှုပပ ဝေနေခဲ့ခြင်းဖြစ်သည်။ မိုးလင်းပြီဖြစ်သော်လည်း သိပ်သိပ်သည်းသည်း ကျဆင်းနေသည့် နှင်းမှုန်တွေကြောင့် ကားကို မီးဖွင့်ပြီး မောင်းနှင်နေရသည်။ နှင်းမှုန်တွေကြောင့် လမ်းဘေး ဝဲယာမှ ရှုခင်းတွေကို ဘာမှသဲသဲကွဲကွဲ မမြင်ရ။ ထို ဝိုးတဝါးရှုခင်းတွေကိုပင် ငေးမောရင်း ကျွန်တော်လိုက်ပါ လာဖြစ်သည်။

"ဘယ်လိုလဲ ကိုသက်နှင်းခွေလေး။ ကဗျာရေးဖို့ စဉ်း စားနေတာလား"

ကျွန်တော်တို့အုပ်စုကို ဦးဆောင်ပြီး ခေါ်လာခဲ့သည့် ကဗျာဆရာ၊ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က ကျွန်တော့်ကို လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ဆရာ့ဇာတိ မြေပုတီးကုန်းသို့ ကျွန်တော်တို့ ခရီးထွက်ခဲ့ကြခြင်းဖြစ်၏။ သည်အရွယ်တိုင်အောင်ပင် ဇာတိရွာပြန်အသိက ဆရာ့စိတ် ကို ပြန်လည်နုပျိုနေစေတတ်ဆဲပင်လား။ ဆရာ့မျက်နှာမှ အပြုံးရိပ်တွေက အခါတိုင်းထက် ကြည်လင် ချိုမြနေသည်မှာ အမှန်ပင်။ ကျောင်းသားဘဝကတည်းက ဆရာ မောင်စိန်ဝင်း ၏ ကဗျာတွေ၊ ဝတ္ထုတွေကို ကျွန်တော်တို့ လွန်စွာ စွဲမက်ခဲ့ ရသည်။ ထိုသို့ ကျွန်တော်တို့ အားကျ လေးစားခဲ့ရသလောက် ဆရာ့ကဗျာတွေ၊ စာတွေကလည်း ခမ်းခမ်းနားနားပင် သက်ဝင် လှုပနေခဲ့လေသည်။ ကဗျာအရှိန်အဝါကြီးမားခဲ့ သည့် ဆရာက ကျွန်တော့်ကို ထိုစကားလေးပြောလိုက် တော့ ကျွန်တော့်မှာ မနေတတ်အောင် ဖြစ်သွားရသည်။ သို့သော် ဆရာက ကျွန်တော်၏ ကဗျာချစ်စိတ်ကို သိထား သဖြင့် စိတ်ရင်းနှင့် ရိုးရိုးသားသားပြောလိုက်ခြင်းသာဖြစ် ကြောင်း ဆရာ့မျက်နှာတွင် ထင်ရှားနေပါသည်။

ကျွန်တော့်ဘေးတွင် ထိုင်နေသည့် ကျွန်တော့်သူငယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်း မောင်ညိုအေး(ပန်းတော)က မျက်စိမှိတ်ပြီး ဘုရားစာ ရွတ်ရင်း လိုက်ပါလာခဲ့ရာမှ…

"စီးကရက်သောက်ချင်တယ် ကိုသက်နှင်းဆွေရယ်"

ဟု သူ့ထုံးစံအတိုင်း ကလေးတစ်ယောက်လို ပူဆာလာလေတော့သည်။

ကျွန်တော်တို့အုပ်စုတွင် အသက်အကြီးဆုံးဖြစ်သည့် ဆရာ လယ်တွင်းသား စောချစ်ကိုမူ ဘတ်စ်ကား၏ ဟိုဘက်ခြမ်း ခုံတန်းမှ ရှေ့ဆုံးခုံ(တစ်ယောက်ထိုင်ခုံ)တွင် သီးသန့်နေရာပေးထားလေသည်။ ဆရာကြီးက စာအုပ်တစ်အုပ်ကို စိတ်ပါလက်ပါ ဖတ်ရင်း လိုက်ပါလာတာ တွေ့ရသည်။ စာအုပ်ကို လှမ်းကြည့်လိုက်မိတော့ ဆရာ ဦးသိန်းလွင်၏ "အေးဗစ်ကော့ပါဗီးလ်"စာအုပ်လေး (အင်္ဂလိပ်လိုရေးထားတာ) ကို ဖတ်နေတာ တွေ့ရသည်။ ဆရာက ကားပေါ်တွင် အပျင်းပြေ ဖတ်နေခြင်းမျိုးမဟုတ်ဘဲ စိတ်ဝင်တစားဖတ်နေခြင်းဖြစ်သည်။ ကျွန်တော်သည် ဆရာ၏ "ကျွန်တော်အမုန်းဆုံးကျွန်တော်" ဝတ္ထုကို အလွန်ကြိုက်ခဲ့ပါသည်။

ဆရာ မောင်စိန်ဝင်းက ကျွန်တော်တို့၏ ရှေ့တစ်ခုံကျော်တွင် ထိုင်သည်။ ဆရာနှင့် အတူတွဲပြီး ထိုင်သူမှာ ဆရာ ချစ်ဦးညိုဖြစ်သည်၊ ဆရာ ချစ်ဦးညိုနှင့် ဆရာ မောင်စိန်ဝင်းတို့က ငယ်ပေါင်းကြီးဖော် သူငယ်ချင်းရင်းချာတွေလို ချစ်ခင်ရင်းနှီးကြသူတွေဖြစ်သည်။ မင်းနှင့် ငါနှင့်ပင် ပြောကြတာ တွေ့ရသည်။ ဆရာ မောင်စိန်ဝင်းက ဆရာ ချစ်ဦးညိုကို "ဘိုချစ်"ဟု ချစ်စနိုးခေါ်တာကိုလည်း ကြည်နူးဖွယ်ရာ တွေ့နေရသည်။ ကျွန်တော်သည် ဆရာ ချစ်ဦးညို၏ "သုဝဏ္ဏဘုမ္မိဝေဒနာ"ဝတ္ထုကြီးကို တရှိက်မက်မက် စွဲလမ်းခဲ့သူဖြစ်သည်၊ ထိုဝတ္ထုကြီး၏ စကားပြေ ထုဆစ်တင်ပြထားတာတွေကို အလွန်နှစ်သက်စွာ လေးစားနေခဲ့မိသည်။ ထို့ကြောင့် ကျွန်တော် လေးစား အားကျခဲ့ရသည့် ထိုဆရာကြီးတွေနှင့် အတူ ခရီးသွားရခြင်းကို ကျွန်တော် ကျေနပ်နေမိပါသည်။

"ကိုသက်နှင်းဆွေ…ဘာလိုတာရှိလဲ။ လိုတာ ရှိရင်ပြောဗျာ။ ထိုင်ရတာ အဆင်ပြေတယ်မဟုတ်လား။ ဟေ့-မောင်ညိုအေး၊ မင်းက စီးကရက်ဆာနေတာမဟုတ်လား။ ရော့-ရော့…ဟောဒီမှာ"

ဆရာ မောင်စိန်ဝင်းက နောက်သို့ မကြာခဏလှည့်ကာ ဂရုတစိုက်မေးနေလေသည်။

"ဟေ့ - မောင်စိန်ဝင်း၊ ဘေးမှာ ရှိတဲ့ ငါ့ကိုလည်း ဘာလိုတာရှိလဲလို့ မေးပါဦးလားကွာ"

ဆရာ ချစ်ဦးညိုက ထိုသို့ ဝင်ပြောလိုက်သောအခါ ဆရာ မောင်စိန်ဝင်းက -

"သေလိုက်ပါတော့ ဘိုချစ်ရာ၊ မေ့နေတာဟ။ မင်းအတွက် သီးသန့်စီစဉ်လာတာ ရှိတယ်"

ပြောပြောဆိုဆို ဆရာက ခရီးဆောင်အိတ်ထဲမှ ရှောက်ကဲ့သို့ စတီးလ်ဘူး ခပ်ပြားပြားလေးကို ထုတ်ကာ ဆရာ ချစ်ဦးညို၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"အေးကွာ… မင်းကို အဲဒါလေးတွေ ချစ်ရတာပဲ မောင်စိန်ဝင်းရာ၊ ခရီးသွားတဲ့အခါတော့ ဒီလို "ကွာလတီ" ကောင်းတဲ့ ဖျော်ရည်က အလိုအပ်ဆုံးပဲဟ"

ဆရာ မောင်စိန်ဝင်းတို့ သူငယ်ချင်းနှစ်ယောက်သည် ထိုဘူးပြားလေးကို တစ်ယောက်တစ်လှည့်မော့ရင်း ရယ်လိုက်မောလိုက်နှင့် လိုက်ပါလာကြလေတော့သည်။

"ကိုသက်နှင်းဆွေရေ… ဒီဖျော်ရည်က ခင်ဗျားနဲ့ မအပ်စပ်ဘူး။ ဟိုကောင် မောင်ညိုအေးကလည်း ဒါတွေ မသောက်တော့ဘူး။ ခင်ဗျားတို့က စီးကရက်ဖွာကြဗျာ၊ ရေဆာရင် ရေသန့်သောက်ကြဗျာ"

ဆရာ မောင်စိန်ဝင်း၏ အပြုံးတွေ ပိုပြီးနုပျိုလာသည် ထင်ရ၏။ ဘတ်စ်ကားပေါ်တွင် ကျွန်တော်တို့အုပ်စုက ပတ်ဝန်းကျင်မှ ခရီးသည်တွေ အားကျရလောက်အောင် လွတ်လပ်ပေါ့ပါးစွာ လိုက်ပါလာကြခြင်းဖြစ်သည်၊ ဆရာ မောင်စိန်ဝင်းနှင့် ဆရာ ချစ်ဦးညိုတို့ကလည်း တဟားဟား ပြောဆိုရယ်မောလျက်။ ကျွန်တော်နှင့် မောင်ညိုအေးက စီးကရက်ကို ထိန်းထိန်းသိမ်းသိမ်းဖွာရှိုက်ရင်း တွတ်ထိုးလျက်။ ဆရာ လယ်တွင်းသား စောချစ်က စာတစ်အုပ်နှင့် ငြိမ့်လျက်။ ကားက အရှိန်မှန်မှန်ပြေးလျက်။ တဖြည်းဖြည်းနှင့် ဆီးနှင်းတွေ ပါးလျလာသည်။ ဘေးဘက်မှ မြင်ကွင်းတွေကို လှလှပပ မြင်လာရသည်။

ကျွန်တော်က မောင်ညိုအေးနှင့် စကားပြောရင်းမှာပင် ကဗျာတစ်ပုဒ်ကို ရေးဖြစ်ခဲ့ပါသည်။

(၂)

ကျွန်တော်တို့သည် ပုတီးကုန်းမြို့လေးမှတစ်ဆင့် ဆရာ့ဇာတိ မယ်ဇလီတိုင်းရွာလေးသို့ ဆက်သွားကြရမည်ဖြစ်သည်။ ဆရာ့ဇာတိရွာလေးတွင် ရွာဦးစေတီတော်လေးဆူကို ထီးတော်တင်ပွဲရှိသည်။ ထိုစေတီလေးဆူမှာ ရှေးဟောင်းစေတီတော်တွေဖြစ်ပြီး နှစ်ပေါင်းများစွာကတည်းက ပြိုပျက်နေခဲ့ကာ ချုံနွယ်ပိတ်ပေါင်းတွေထဲတွင် ပျောက်ကွယ်နေခဲ့သည် ဆို၏။ ယခု ထိုစေတီတော်တွေကို ဆရာနှင့် ရွာဦး ဆရာတော်တို့က ဦးဆောင်ကာ အသစ်တဖန် ပြန်လည်ပြုပြင်တည်ထား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့လေပြီ။ စာမူခ ငွေရတိုင်း ဘုရားတည်ဖို့အတွက် ဆရာမောင်စိန်ဝင်း ငွေလှဲပို့နေခဲ့တတ်တာ ကျွန်တော် သိနေခဲ့သည်။ ကျွန်တော်တို့လည်း အလှူငွေအနည်းအကျဉ်း ထည့်လှူထားဖြစ်ခဲ့၏။ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ညိုအေး(ပန်းတော)နှင့် ကျွန်တော်တို့ သုံးယောက်က ဆရာတပည့်ရင်းတွေလည်းဖြစ်၏။ သားအဖတွေလို သံယောဇဉ်ကြီးကြသူတွေလည်းဖြစ်သည်။ သူငယ်ချင်းအရင်းအချာတွေလို ရင်းနှီးပွင့်လင်းစွာ နေထိုင်ဖြစ်တာတွေလည်း ရှိသည်။ အထူးသဖြင့် ၂၀၀၀ ခုနှစ်၏ နောက်ပိုင်းကာလများတွင် ကျွန်တော်သည် ဆရာ့ခင်မင်မှုအောက်မှာ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း၊ ကျိုးကျိုးနွံနွံပင် ကျွမ်းဝင်ခင်မင်စွာ နေထိုင်ဖြစ်ခဲ့သည်။ ကျွန်တော်နှင့် မောင်ညိုအေးတို့ကို ဆရာကလည်း အမှန်ပင် သံယောဇဉ်ကြီးရှာလေသည်။

ဆရာ့ကို အကြောင်းပြု၍ စာပေနယ်မှ စာပေဩဇာကြီးမားသော စာရေးဆရာ၊ ကဗျာဆရာကြီးများစွာကို ကျွန်တော် ရင်းနှီးခွင့်ရခဲ့ပါသည်။ ယခု ဆရာ လယ်တွင်းသားအောင်ချစ်နှင့် ဆရာချစ်ဦးညိုတို့ကိုလည်း ဆရာ မောင်စိန်ဝင်းကြောင့်ပင် တွေ့ဆုံ ခင်မင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ယခုခရီးတွင် ကျွန်တော်က ဆရာ မောင်စိန်ဝင်း၏ သီးသန့် ဖိတ်ခေါ်မှုဖြင့် လိုက်လည်ခြင်းဖြစ်သည်။ ကျွန်တော်နှင့်အတူ ဆရာ့သူငယ်ချင်း ဦးကိုကြီး(လှူရှင်တော်တိုင်ကီ)လည်း လိုက်လည်ခဲ့လေသည်။

ကားပေါ်တွင် ကျွန်တော်တို့အဖွဲ့ တပျော်တပါးလိုက်ပါသွားခဲ့ကြ၏။ ရန်ကုန်-ပြည်လမ်းမကြီးမှ ပုတီးကုန်းမြို့ဘက်သို့ ထွက်ခဲ့သည့်နေရာတွင် ဘတ်စ်ကားကြီးပေါ်မှ ဆင်းခဲ့ကြပြီး ပုတီးကုန်းမှလာကြိုသူတွေ၏ကားလေးဖြင့် ခရီးဆက်ခဲ့ကြရသည်။ လာကြိုသည့်အဖွဲ့က ကားသာမက၊ ဆိုင်ကယ်တွေရော ပါလာသဖြင့် ပိုပြီးစည်ကားသိုက်မြိုက်သွားသည်။ ဆရာ မောင်စိန်ဝင်း၏ ရွာလေးသို့ ရောက်တော့ ဘုရားထီးတော်တင်ပွဲနှင့် စာပေဟောပြောပွဲကို ပေါင်းပြီး စီစဉ်ထားသဖြင့် ရွာလုံး အုန်းအုန်းကျွက်ကျွက် စည်ကားနေတာ တွေ့ရပါသည်။ ဆရာ့သားအလတ် ကိုချို (ကဗျာဆရာ ချိုသက်)က ကြိုတင် ကြိုပြီး ရောက်နေနှင့်သည်။ ကိုချိုက ရွာမှ သူငယ်ချင်းတွေ ဆွေမျိုးတွေနှင့် တစ်သားတည်းကျနေတာကိုလည်း တွေ့မြင်ရပါသေးသည်။

ထို့အပြင် ရွာမှ လူကြီးပိုင်း၊ လူလတ်ပိုင်းတွေသာမက လူငယ်ပိုင်းတွေကပါ ဆရာ မောင်စိန်ဝင်းကို အလွန်ချစ်ခင်ကြည်ညိုလေးစားကြ၊ အားကိုးအားထားရှိကြတာ တွေ့



ရသည်။ နေ့ခင်းစာ၊ ညစာ စီစဉ်ထားတာတွေက လိုလေသေးမရှိအောင် အထူးမြိုင်ဆိုင်၍နေသည်။

ရွာဦးကျောင်း ဆရာတော်နှင့် ဆရာမောင်စိန်ဝင်းတို့ ဦးစီးဦးဆောင်ပြုကာ ပြုပြင်တည်ထားသည့် ရွှေစေတီ၊ ငွေစေတီ၊ မြစေတီနှင့် ပတ္တမြားစေတီတွေက ကြည်ညိုစရာကောင်းလှ၏။

ကျွန်တော့်တို့အဖွဲ့က သက်တော်ကြီးရင့်လှပြီဖြစ်သော ရွာဦး ဆရာတော်ကြီးကို ကန်တော့ကြခိုက် ဆရာ ချစ်ဦးညိုက ဆရာတော်ထံ ပျပ်ဝပ် ရိုကျိုးစွာ ချည်းကပ်ပြီး စကားတစ်ခွန်းကို လျှောက်ထားလိုက်လေသည်။

"အရှင်ဘုရား…တပည့်တော်တို့ ပုထုဇဉ် လူသားတွေအတွက် ဘဝမှာ သွားလာနေထိုင်နေရင်းနဲ့ အထိရောက်ဆုံး လိုက်နာကျင့်သုံးသွားသင့်တဲ့ အရိုးရှင်းဆုံး၊ အထိမိဆုံးနဲ့ အတိုဆုံး အနှစ်ချုပ်ဖြစ်တဲ့ မြတ်ဗုဒ္ဓအဆုံးအမ တရားမမွတစ်ခုကို ညွှန်ပြခဲ့မတော်မူပါ ဘုရား"

ထိုအခါ ဆရာတော်ကြီးက -

"မကောင်းမှုဟူသမျှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုဟူသမျှ အတတ်နိုင်ဆုံး ဖြည့်ကျင့်ပါ။ စိတ်ကို ဖြူစင်အောင် ထားပါ"

ဟု တည်ကြည်အေးချမ်းစွာ ဆုံးမ မိန့်ကြားတော်မူလိုက်၏။

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကို ထား။ အဲဒါပဲပေါ့ ဒကာရယ်။ အဲဒါဟာ လူတွေ အမြဲလိုက်နာသွားသင့်တဲ့ မြတ်ဗုဒ္ဓအဆူဆူတို့ရဲ့ အကောင်းဆုံးသော အဆုံးအမမှပဲ"

ကျွန်တော်သည် တစ်ခွန်းချင်း မိန့်ဟသွားတော်မူသည့် ဆရာတော်ကြီးကိုလည်း ကြည်ညို၍ မဆုံးတော့။ ထိုသို့သော အချိန်ပိုင်းလေးမျှသာ ရသည့်အခွင့်အရေးလေးကိုပင် အကျိုးရှိအောင် မေးမြန်းလျှောက်ထားတတ်သည့် ဆရာ ချစ်ဦးညိုကိုလည်း လေးစားစိတ်နှင့်အတူ ကျေးဇူးတင်မဆုံးတော့။

ထိပ်ဆုံးသို့ ရောက်သည်အထိ အောင်မြင် ကြီးပွားသွားသူတို့တွင် ထိုသို့သော ကျွန်တော်တို့ အံ့တုယူစရာ အမူအကျင့်ကောင်းတွေ မည်မျှ ရှိနေလေဦးမည်နည်း။ အောင်မြင်သူတို့တွင် အောင်မြင်ထိုက်သည့် အရည်အချင်းတွေ အနိုင်အမာရှိနေပါလားဟုလည်း တွေးမိလိုက်ပါသေးသည်။

(၃)

ညရောက်တော့ ရွာအပြင်မှ ကွင်းပြင်ကြီးတွင် ဇာတ်စင်ကြီးက ခန့်ညားစွာ ရှိနေသည်။ မီးရောင်စုံတွေနှင့် ပွဲဈေးတန်းကြီးကလည်း တမျှော်တခေါ်ဖြစ်နေ၏။ ပရိသတ်တွေက ကွင်းနှင့်အပြည့်။ အံ့သြစရာကောင်းလောက်အောင် စည်ကားလှသည့် ကျေးလက် စာပေဟောပြောပွဲပင်ဖြစ်သည်။ ထိုပရိသတ်အများစုက သူတို့နယ်သား နိုင်ငံကျော် စာရေးဆရာ၊ ကဗျာဆရာကြီးအား ချစ်ခင်မြတ်နိုးသည့်စိတ်ကို အခြေခံပြီး ရောက်လာကြတာ ဖြစ်နိုင်ကြောင်း ကျွန်တော်လိုက်တွေးမိပါသေးသည်။ စာရေးဆရာတွေက တခမ်းတနား ပြင်ဆင်ထားသည့် ဇာတ်စင်ကြီးပေါ်မှာ တက်ပြီးဟောပြောရသည်။ ဆရာ မောင်စိန်ဝင်းက မိတ်ဆက်စကားပြောရုံသာ ပြောသည်။ ဆရာ မောင်ညိုအေး(ပန်းတော)၊ ဆရာ လယ်တွင်းသားစောချစ်၊ ဆရာ ချစ်ဦးညိုတို့သုံးယောက် ဟောပြောကြသည်။

ထိုဆရာသုံးယောက်လုံးက ဆရာ မောင်စိန်ဝင်းကို တလေးတစား ဂုဏ်ပြုပြီး ပြောသွားကြသည်။ ဆရာတွေ ဟောတာ ပြောတာတွေကလည်း ကြက်သီးထလောက်အောင် ကောင်းပါသည်။ လက်ခုပ်သံတွေ ဝေစည်၍နေသည်။ ဟောပြောပွဲက အရှိန်အဟုန်ကောင်းကောင်းနှင့် အောင်မြင်သွားခဲ့၏။

ဟောပြောပွဲပြီးတော့ ကျွန်တော်တို့ တည်းခိုရာ ဆရာ မောင်စိန်ဝင်း၏ အိမ်ကြီးသို့ ပြန်လာကြသည်။ ထိုအိမ်ကြီးက ဆရာ မောင်စိန်ဝင်း၏ ဇာတိချက်မြှုပ်ခဲ့သည့်နေရာ၊ ဆရာ့ဘဝ၏ အောင်မြေတစ်ခုပင်ဖြစ်၏။ ဆရာ့မိဘတွေ ချန်ထားရစ်ခဲ့သည့် မိဖွားဖမွေအိမ်ကြီးက ဘုန်းကြီးကျောင်းကြီးလို ခန့်ညားလျက်နေသည်။ ကျွန်းတိုင်ကြီးတွေကလည်း အံ့သြစရာ ခမ်းနားလျက်နေ၏။

"ဟောဒါက ကျွန်တော် ကျောင်းပြီးစတုန်းက ရွာမှာ လာပြီးနားနေရင်း ပတ္တာန်းရွတ်ခဲ့တဲ့ နေရာပဲ ကိုသက်နှင်းခွေရေ။ ဟောဒီ ခုံလေးက ပတ္တာန်းစာအုပ်တင်ရွတ်တဲ့ ခုံပဲ"

အပေါ်ထပ်တွင် ဆရာငယ်စဉ်က ဖတ်ခဲ့သည့် စာအုပ်ဘီဒိုရှိ၏။

"ဟေ့ - မောင်စိန်ဝင်း။ မင်း ငယ်ငယ်က ဖတ်ခဲ့တဲ့ စာအုပ်တစ်အုပ်တော့ အမှတ်တရယူသွားရမယ် သူငယ်ချင်းရာ"

ဆရာ ချစ်ဦးညိုက စာအုပ်တစ်အုပ်ကို တောင်းယူလေသည်။ ကျွန်တော်နှင့် ဆရာမောင်စိန်ဝင်းတို့က အပေါ်ထပ်မှာ တက်အိပ်ဖြစ်ခဲ့သည်။ မအိပ်ခင် ကျွန်တော်တို့အတွက် အသင့်ပြင်ထားသော ညလယ်စာဖြင့် ညှော့ခံပါသေးသည်။

"ကြက်သား ကာလသားချက် စီစဉ်ထားတယ် အစ်ကိုရေ၊ စားပြီးမှပဲ အေးအေးဆေးဆေးနားပါဗျာ"

ဆရာ မောင်စိန်ဝင်းက ဆရာ လယ်တွင်းသားစောချစ်ကို အစ်ကိုဟု ခေါ်၏။ ဆရာ လယ်တွင်းသားစောချစ်က အေးအေးချမ်းချမ်း တည်တည်ကြည်ကြည်နှင့် အလွန်လူကြီးပီသစွာ ပြောဆိုဆက်ဆံတတ်သူဖြစ်လေသည်။ ဆရာ့ထံတွင် နူးညံ့မှုတွေ ထုံမွှမ်း၍နေတာ တွေ့ရသည်။

ကျွန်တော်သည် ကျွန်တော် လေးစားကြည်ညိုရသည့် ဆရာကြီးတွေ ပြုမူသမျှ ပြောဆိုသမျှတို့ကို ငေးကြည့်၍ မဝ၊ နားထောင်၍ မဝဖြစ်နေရတော့၏။

"ဟေ့ကောင် - ဘိုချစ်၊ ဒီဖျော်ရည်တွေကိုတော့ မင်း တစ်ယောက်တည်း ဖြုန်းပေတော့ကွာ"

"ဟာ • • • အဲလိုတော့မလုပ်နဲ့ သူငယ်ချင်းရာ။ တစ်ယောက်တည်းသောက်ရတာ ဘယ်ချိုမှာလဲကွ။ မင်းလည်း အတူချ"

သူငယ်ချင်းနှစ်ယောက်က တက်ညီလက်ညီဖြစ်နေသည်။ ဖျော်ရည်ဆိုသည်မှာ ဘီယာဖြစ်၏။ လမ်းတွင် ဆရာနှစ်ယောက်မော့နေခဲ့သည့် ဂျပ်ပြားဘူးလေးထဲတွင် အကောင်းစား ဝီစကီတွေ ထည့်ထားခြင်းဖြစ်ကြောင်း ညရောက်မှ



www.burmeseclassic.com

www.burmeseclassic.com

ပြောပြ၏။ ဆရာ မောင်စိန်ဝင်းရော၊ ဆရာ ချစ်ဦးညိုပါ အရက်သေစာကို စွဲမြဲစွာ သောက်တတ်သူတွေ မဟုတ်။ အခုလို ခရီးသွားချိန်တချို့တွင် အပျင်းပြေသဘော သောက်လျှင်လည်း ဝီစကီအကောင်းစားကိုသာ အမိက သောက်တတ်၏။ ဆရာလယ် တွင်းသားစောချစ်၊ မောင်ညိုအေးနှင့် ဦးကိုကြီးတို့က အရက်သောက်သူတွေ မဟုတ်။ ကြက်သား ကာလသားချက်ဟင်းကိုသာ စားကြသည်။ ကျွန်တော်ကမူ အရက်ဝိုင်းကိုပင် ဝင်ထိုင်လေ့ သိပ်မရှိသူ။

"ကိုသက်နှင်းဆွေရေ…ကျွန်တော်တို့နဲ့ လာထိုင်ပါဗျ။ အခု ဘီယာလောက်ပဲ သောက်နေတာပါ။ ထိုင်လို့ဖြစ်ရင် လာထိုင်ပါ။ ကြုံတုန်း စကားပြောကြရအောင်"

ဆရာ ချစ်ဦးညိုက ကျွန်တော့်ကို တရင်းတနှီးဖိတ်ခေါ်လေသည်။ ကျွန်တော်သည် ဆရာတို့နှင့် အတူထိုင်ပြီး ရေနွေးကြမ်းသောက်ရင်း စကားပြောဖြစ်ခဲ့ပါသည်။ အားလုံး အိပ်ရာဝင်သွားသည်အထိ ဆရာ မောင်စိန်ဝင်း၊ ဆရာ ချစ်ဦးညိုနှင့် ကျွန်တော်တို့သုံးယောက် ဆက်ပြီး စကားပြောနေကြသေး၏။ အနီးကပ် ပြောဆိုနေထိုင်ဖြစ်တော့မှ ဆရာ ချစ်ဦးညိုသည် ပွင့်လင်းရိုးရှင်းသော စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ပိုပြီးသိသာလာ၏။ နက်ရှိုင်းစွာ ရှင်သန်နေသည့် ဆရာ့အနုပညာစိတ်ကြောင့်လည်း ပိုပြီး ခင်မင်လေးစားစရာကောင်းနေသည်ဟု ကျွန်တော့်စိတ်တွင် ခံစားလာရပါသည်။

"ဆရာ ထီပေါက်ဖူးတယ်လို့ ကြားဖူးတယ်။ အဲဒီအကြောင်းလေး နည်းနည်းပြောပြပါလား ဆရာ။ အဲဒီတုန်းက ထူးထူးခြားခြားလုပ်ဖြစ်ခဲ့တဲ့ ဘာသာရေးကျင့်စဉ်လေးတွေ ရှိရင်လည်း ကြုံတုန်း ပြောပြပါဦး။ မှတ်သ…ရတာပေါ့ ဆရာ"

ကျွန်တော်နှင့် ဆရာ ချစ်ဦးညိုသည်လည်း ထိုစကားဝိုင်းမှာပင် ဆရာတပည့်ရင်းတွေလို ရင်းနှီးသွားခဲ့တော့သည်။

"ဟုတ်တယ် ကိုသက်နှင်းဆွေရေ ကြာတော့ ကြာခဲ့ပြီဗျ။ အဲဒီတုန်းက ထီပေါက်ခဲ့တာကလည်း သိုကြီးဗျ။ ငွေကလည်း အခုထက် တန်ကြေးကောင်းတဲ့ ခေတ်ဗျာ။ ဒီလိုဗျ အဲဒီတုန်းက ကျွန်တော် အဓိဋ္ဌာန်တစ်ခုဝင်ဖြစ်ခဲ့တယ်။ ခင်ဗျားသိမှာပါဗျာ၊ ခန္ဓာဓမ္မစေတီအဓိဋ္ဌာန်ဗျ။ ခန္ဓီစေတီလို့လည်း ခေါ်ကြတယ်လေဗျာ။ အဲဒါကို ကျွန်တော်ဝင်ခဲ့တာ။ စေတီပေါင်း ကျွန်တော့်သက်စေ့ဝင်ဖြစ်ခဲ့တာဗျ။ အဲဒီအဓိဋ္ဌာန်ကို စေတီပေါင်းသက်စေ့ဝင်ပြီး သိပ်မကြာပါဘူး။ ထီ ထပေါက်တော့တာပါပဲ"

ဆရာ့စကားကြောင့် ကျွန်တော် အံ့သြသွားခဲ့ရသည်။

"တစ်ခုတော့ ရှိတယ်ဗျ။ ကျွန်တော်က ထီပေါက်ချင်လို့ ဘာလို့ရယ်တော့ မဟုတ်ဘူး။ ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်ကောင်းမှုအလုပ်ကို ကိုယ် စိတ်ပါတုန်းအချိန်လေးမှာ၊ ကိုယ်တတ်နိုင်သလောက်အတိုင်းအတာလေးနဲ့ ဖြည့်ကျင့်ထားဦးမယ်ဆိုတဲ့ ကုသိုလ်ချစ်စိတ်လေးနဲ့ လုပ်ဖြစ်ခဲ့တာဗျာ။ ထီပေါက်တာကတော့ သူ့အကျိုးဆက်တစ်ခုပဲဖြစ်ပါလိမ့်မယ်"

ထို့နောက် ဆရာက ထိုစဉ်က အကြောင်းတချို့ကို တဖွဲ့တနွဲ့ပြောပြနေပြန်သည်။ ကျွန်တော်သည် ထိုညက အချိန်တွေ ကုန်လွန်သွားခဲ့တာကိုပင် နှမြောနေမိတော့၏။

"တစ်ခုပြောပြဖို့ ကျန်နေသေးတယ် ကိုသက်နှင်းဆွေရေ။ အဲဒီအချိန်တွေတုန်းက ကျွန်တော် အမြဲလိုလို အရက်သောက်ဖြစ်နေခဲ့တယ်ဗျ။ အဲဒီ အဓိဋ္ဌာန်ဝင်နေတုန်းမှာတောင် ပုတီးစိပ်ပြီးတာနဲ့ အရက်သောက်ဖြစ်တဲ့ နေ့တွေ ရှိခဲ့ဖူးတယ်ဗျာ။ နောက်တော့မှ ကျွန်တော် သုံးသပ်မိတာက ငါးပါးသီလကို လုံလုံခြုံခြုံစောင့်ထိန်းပြီး အဲဒီအဓိဋ္ဌာန်ကို ထိထိမိမိ ဝင်နိုင်မယ်ဆိုရင် ဒီထက်ပိုပြီးထူးခြားတဲ့ ကောင်းကျိုးပေးတာမျိုးတွေ ဖြစ်လာနိုင်တယ်လို့ တွေးမိခဲ့တာပါ။ အဲဒီတုန်းကတော့ အရက်ကို သောက်ဖြစ်နေခဲ့တာဗျ။ အခုတော့ ဘီယာလောက်တောင်မှ ခုလို တစ်ခါတစ်ရံလောက်ပဲ သောက်ဖြစ်ပါတော့တယ်ဗျာ"

ထိုညက ကျွန်တော်တို့ အိပ်ရာဝင်တော့ ညနှစ်နာရီပင် မကတော့။ အိပ်ရာဝင်ခါနီးတွင်မှ ထိုစကားကို ဆရာ ချစ်ဦးညိုက ထပ်ပြောခဲ့ခြင်းဖြစ်သည်။

(၄)

နောက်နေ့တွင် ဆရာ လယ်တွင်းသား စောချစ်နှင့် ဆရာ ချစ်ဦးညိုတို့ ပြန်သွားကြသည်။ ကျွန်တော်တို့က ဆရာ မောင်စိန်ဝင်းနှင့်အတူ ကျန်ရစ်ခဲ့သည်။ ကျွန်တော်တို့ ချစ်ခင်လေးစားရသည့် ဆရာ့ရွာ၊ ဆရာ့အိမ်၊ ဆရာ့ငယ်ဘဝ အငွေ့အသက်တွေကို ကျွန်တော် ခံစားနေဖြစ်ခဲ့ပါသည်။ ဆရာ့စာအုပ်တိုက်ကြီးကိုလည်း ဖွင့်ပြီး ဖွဖြစ်ခဲ့သည်။ ဆရာနှင့် အတူ စကားတွေ ပြောဖြစ်ခဲ့သည်။ ထို့အပြင် ဆရာတို့ရွာနှင့် သိပ်မလှမ်းတော့သည့် ရွှေကျောင်းဆောင်ဘုရားကို သွားဖူးဖြစ်ခဲ့သေးသည်။ ဆရာ မောင်စိန်ဝင်း၏ တူတော်သည် ဆိုသည့် မယ်ဇလီတိုင်းရွာမှ ကျောင်းဆရာ ဦးလှသောင်းတို့ အဖွဲ့က ကျွန်တော်တို့ကို လိုလေသေးမရှိအောင် တာဝန်ကျေစွာ ဧည့်ဝတ်ပြုခဲ့ကြလေသည်။ ထိုခရီးသည် ကျွန်တော့်ဘဝ၏ အမှတ်တ…ရတွေထဲမှ အထင်ကရ ခရီးတစ်ခုဖြစ်ခဲ့လေသည်။

www.burmeseclassic.com

ထိုခရီးမှ ပြန်လာကတည်းက ဆရာ ချစ်ဦးညိုပြောပြသည့် ကျင့်စဉ်ကို ရေးဖို့ စိတ်ကူးထားခဲ့မိသည်။

“ကိုသက်နှင်းခွေ…ခင်ဗျားကို ဘိုချစ်ပြောတဲ့ ကျင့်စဉ်လေး ရေးပါလားဗျ။ စိတ်ဝင်စားတဲ့ စာဖတ်ပရိသတ်လည်း ကျင့်သုံးနိုင်တာပေါ့။ ကျုပ်တို့ အတူသွားခဲ့တာလေးကိုလည်း မှတ်တမ်းတင်ပြီးသားဖြစ်သွားတာပေါ့”

ဆရာ မောင်စိန်ဝင်းကလည်း ထိုသို့ နှစ်ကြိမ်လောက် သတိတရ တိုက်တွန်းခဲ့ဖူးသည်။ သို့သော် ကျွန်တော် မရေးဖြစ်ခဲ့။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော့်ထက် အတိုင်းအဆမရှိအောင် စာပေအရှိန်အဝါ၊ စာပေသြဇာမြင့်မားသည့် ဆရာကြီးတွေ၏ အကြောင်းကို ရေးရမှာ လက်တွန့်နေခဲ့ခြင်းသာ ဖြစ်၏။

“ဟေ့လူ - ကိုသက်နှင်းခွေ… ဘာမှလက်တွန့်မနေပါနဲ့ဗျာ။ ခင်ဗျားရေးတတ်သလိုသာ ရေးစမ်းပါ”

ယခု ၂၀၁၁ ခု၊ စက်တင်ဘာလ၏ တစ်ရက်တွင် ဆရာ မောင်စိန်ဝင်းနှင့် ဆုံခိုက် ထိုသို့ ထပ်ပြောခဲ့ပါသေးသည်။ ဆရာ့စကားကြောင့်ပင် ယခုဆောင်းပါးကို ရေးဖြစ်သွားခဲ့ခြင်းဖြစ်သည်။

(၅)

ခန္ဓီစေတီ (ခေါ်) ခန္ဓာခမ္ဘစေတီအမိဋ္ဌာန်ကျင့်စဉ်ကို ကျွန်တော် အနည်းငယ်မျှ ကျင့်သုံးကြည့်ခဲ့ဖူးပါ၏။ စွဲစွဲမြဲမြဲ ထိထိမိမိ မကျင့်ဖြစ်ခဲ့ပါ။ (ယခု ၂၀၁၂ခု၊ စက်တင်ဘာလထဲမှ စကာ စွဲမြဲစွာ ကျင့်လှမ်းနေဖြစ်ပါပြီ။) သို့သော် ယခင်ကတည်းက လူတချို့ကို ညွှန်ပြပေးခဲ့ဖူးရာ ထူးခြားလှတာတွေ့ရပါသည်။ ခန္ဓီစေတီအဆူများစွာ တည်နေခဲ့သည့် အမိဋ္ဌာန်ရှင်တွေကိုလည်း တော်တော်များများ တွေ့ခဲ့ဖူးပါသည်။ ကောင်းမှု မြတ်နိုးစိတ်သက်သက်ဖြင့် ကျင့်သုံးရင်း ထိုသူတို့၏ လူမှုဘဝတွင် အခက်အခဲတွေ ထူးခြားစွာ ပြေလည်သွားကြောင်း၊ ဘဝတိုးတက် မြင့်မားလာကြကြောင်း ကိုယ်တွေ့ပြောပြချက် ထူးခြားမှုတွေကိုလည်း မှတ်သားရဖူးပါသည်။

**ခန္ဓီစေတီ (ခေါ်) ခန္ဓာခမ္ဘစေတီအမိဋ္ဌာန်ကျင့်စဉ်**

ပုတီးစိပ်ရာတွင် အဆင့် ၁၆ဆင့်ရှိသည်။ ၁၆ဆင့်ပြည့်က အခြေခံ ပလ္လင်တော်မှ အထက်စိန်ဖူးတော်အထိ စေတီတစ်ဆူပြီးမြောက်သည်ဟု မှတ်ပါ။ တစ်ဆင့်လျှင် ပုတီး ၁၀ပတ်စီ စိပ်ရမည်။ ၁၆ဆင့်ပြီးက ပုတီးပတ် ၁၆၀ပြည့်ကာ စေတီတော်တစ်ဆူ အောင်မြင်ပါပြီ။

:

တစ်ရက်လျှင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ ငါးဆင့်ဖြစ်စေ စသည်ဖြင့် စိပ်သွားနိုင်သည်။ သို့မဟုတ် တစ်ရက်တည်းနှင့် ၁၆ဆင့်ပြည့်အောင် အပြီးစိပ်လိုပါက စိပ်နိုင်သည်။

(၁) အမိဋ္ဌာန်ကျင့်စဉ် (စေတီအရေအတွက်) မိမိသက်စေ့ပြည့်လျှင် အခက်အခဲ အန္တရာယ်များရှိပါက သိသာစွာ ကင်းရှင်းသွားပြီး ကောင်းကျိုးအကြံအစည်များ အထူးအောင်မြင်နိုင်သည်ဟု ရှေးမှ ဆရာတို့၏ ညွှန်ပြမှုကို မှတ်သားရဖူးပါသည်။

(၂) ၁၀၈ ဆူတည်မိလျှင်(ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များကိုပင် ဖူးတွေ့ရနိုင်ကာ) အထူးထူးသော လောကီ၊ လောကုတ္တရာ ကောင်းကျိုးများ ရရှိနိုင်သည်ဟု ညွှန်းဆိုထားပါသည်။

(၃) ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ သာသနာ့တို့သာမက လက္ခဏာရေးသုံးပါး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ သရဏဂုံတည်ခြင်း၊ အမြတ်ဆုံး ဉာဏ်တော်တို့ကို ပူဇော်ခြင်း စသည့် အမြတ်ဆုံး ဘာဝနာတို့ ပေါင်းစု စီမံကာ အဓိဋ္ဌာန်ဘာဝနာပွားထုံသော ကျင့်စဉ်ဖြစ်၍ ထွတ်မြတ်လှပါသည်။

ပုတီးပတ်ရေများများရဖို့ စိတ်စောပြီး အလောတကြီး မစိပ်မိစေဘဲ မိမိအာရုံဖြင့် ကြည်ညိုစိတ်ဖြင့်သာ ပွားထုံသင့်ပါသည်။

(၄) အမိဋ္ဌာန်ပုတီးစိပ်ကာ ခန္ဓာခမ္ဘစေတီတည်ရာတွင် အထူးသန့်ပြန့်စွာ ဝတ်စား ပြင်ဆင်ပြီးမှ၊ အနန္တငါးပါးအား ရိုသေကိုင်းညွှတ်စွာ ကန်တော့ခြင်း၊ ခင်ပွန်းကြီးဆယ်ပါးအား ပြစ်မှားမိခဲ့တာတွေ ရှိပါက ဝန်ချ တောင်းပန်ခြင်း၊ ငါးပါးသီလ ခံယူခြင်း စသည့် ပရိကံတို့ကို ကျကျနနပြုပါ။ အမိဋ္ဌာန်စေတီတစ်ဆင့်ပြီးတိုင်း (သို့မဟုတ်) တစ်ဆူပြီးတိုင်း သုံးဆယ့်တစ်ဘုံသား (သိကြား၊ နတ်၊ လူ၊ ဗြဟ္မာ၊ ဝေနေယျသတ္တဝါ) အားလုံးကို ကျကျနန အမျှပေးဝေပါ။ မေတ္တာပို့ပါ။

(၅) ပုတီးစိပ်ရာတွင် ၁၀၈လုံး ပုတီးဖြင့် စိပ်ပါ။

* ဗုဒ္ဓသရဏံဂစ္ဆာမိ - ၁၀ပတ်(တစ်ဆင့်)
* ဓမ္မံသရဏံဂစ္ဆာမိ - ၁၀ပတ်
* သံဃံသရဏံဂစ္ဆာမိ - ၁၀ပတ်
* အရဟံ - ၁၀ပတ်
* သမ္မာသမ္ဗုဒ္ဓေါ - ၁၀ပတ်
* ဝိဇ္ဇာစရဏသမ္ပန္နော - ၁၀ပတ်
* သုဂတော - ၁၀ပတ်
* လောကဝိဒူ - ၁၀ပတ်



www.burmeseclassic.com

* အနုတ္တရောပုရိသဓမ္မသာရထိ - ၁၀ပတ်
* သတ္တာဒေဝမနုသာနံ- ၁၀ပတ်
* ဗုဒ္ဓေါ - ၁၀ပတ်
* ဘဂဝါ - ၁၀ပတ်
* အနိစ္စ - ၁၀ပတ်
* ဒုက္ခ - ၁၀ပတ်
* အနတ္တ - ၁၀ပတ်
* (ပု-ဒိ-အာ၊ အာ-ဒိ-ပု ) - ၁၀ပတ်

ထိုစနစ်အတိုင်း စိပ်ရပါမည်။

အထက်တွင် ဆိုထားသည့်အတိုင်း တစ်နေ့လျှင် တစ်ဆယ့်ဖြစ်စေ၊ ၁၆ဆင့်လုံး(စေတီတစ်ဆူပြီးမြောက်အောင်) ဖြစ်စေ အဆင်ပြေသလို စိပ်နိုင်ပါသည်။

ယခု ဤဆောင်းပါးသည် တစ်ခါက ထိုကျင့်စဉ် အစီအစဉ်ဝင်ပြီးချိန်မှပင် တိုက်ဆိုင်စွာ ထီပေါက်ခဲ့ဖူးသည့် ဆရာ ချစ်ဦးညို၏ ပြောပြချက်လေးကို တင်ပြလိုခြင်းသာ ဖြစ်ပါသည်။ ထိုခရီးတွင် ဆရာနှင့် ခုံခဲ့ပြီး ယခုနောက်ပိုင်းတွင် ဆရာ့အောင်မြင်မှုတွေက တစ်ဟုန်ထိုးတိုးတက်နေဆဲပင် ဖြစ်သည်။ ယခုနောက်ပိုင်းတွင် ထိုကျင့်စဉ်ကို ဆရာ ချစ်ဦးညို ထပ်မံကျင့်ဖြစ်သည်၊ မကျင့်ဖြစ်သည်တော့ မသိပါ။ သို့သော် ဟိုစဉ်က ထိထိမိမိ ကျင့်သုံးခဲ့ဖူးသည့် ကုသိုလ်စွမ်းအားအရှိန် အဟုန်က ဆရာ့ဘဝကို မြင့်သည်ထက် မြင့်အောင် ယခုထက်တိုင် တွန်းတင်ပေးနေဆဲဖြစ်သည် ဆိုတာကိုတော့ ကျွန်တော် မမိုတ်မသုန် ယုံကြည်နေမိပြန်ပါသတည်း။

(မှတ်ချက်။ ကျွန်တော့်ရေးသားတင်ပြမှု မကျွမ်းကျင်၊ မပြည့်စုံခြင်းကြောင့် ထိုဆရာတို့၏ ဂုဏ်သိက္ခာပုံရိပ်တို့ကို တစ်စုံတစ်ရာထိခိုက်စေသည့် စကားလုံးအဓိပ္ပာယ်သက်ရောက်စေမှုတို့ ရှိခဲ့လျှင် ဤနေရာမှပင် နဖူးမြေစိုက် ဦးခိုက်ကန်တော့ တောင်းပန်အပ်ပါသည်။ အမှန်မှာ ဆရာ ချစ်ဦးညို၊ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာ လယ်တွင်းသား စောချစ်တို့သည် ကျွန်တော့်မိတ်ဆွေများ မဟုတ်ကြပါ။ ကျွန်တော် လွန်စွာ လေးစားအားကျ အတုယူရသည့်၊ စာပေပညာ ခံယူနေရသည့် ကျွန်တော့်ဆရာများသာ ဖြစ်ပါသည်။ သက်ရှိထင်ရှား ထိုဆရာများကို ဤဆောင်းပါးဖြင့်ပင် အမှတ်တရရေးသားပြီး ဂါရဝပြုခြင်း ဟုသာ မှတ်ယူစေချင်ပါသည်။)

ဆရာများကို ချစ်ခင်လေးစားစွာဖြင့်

*အားလုံးသဘ္ဗဝါချမ်းသာပါစေ*

* * *

သက်နှင်းဇေဆွ(ပုပ္ပါး)


# နောက်ကွယ်မှာခြေမများတော့ဘဲ

# အိမ်မှာမြဲသွားပြီ

အိမ်မှာကုန်မျိုးစုံစတိုးဆိုင်ကြီးလုပ်ကိုင်နေတဲ့ ကျွန်မခင်ပွန်းဟာ၊ ဆိုင်မှာဇင်မြဲအောင်မထိုင်ဘဲ၊ သူ့အပေါင်းအသင်းတွေနဲ့ နေ့ရော ညပါ ဟိုသွားဒီသွား သောက်စားပျော်ပါး နောက်ကွယ်မှာ ခြေများရှုတ်ထွေးနေတဲ့ကိစ္စတွေ ကင်းရှင်းပြီး၊ ခြေငြိမ်အိမ်မြဲပြီး ကိုယ့်မိသားစုကိုသာ ချစ်ခင်ဖို့ အထူးယတြာအစီအရင်၊ (၁၃-၈-၂၀၁၂)ရက်မှာ၊ ဆရာ့ထံ ဆက်သွယ်တောင်းခံဆောင်ရွက်ခဲ့ပါတယ်။ မယုံနိုင်လောက်အောင်ပဲ ယခုတစ်လ၊ နှစ်လ အတွင်း ပြောင်းလဲသွားတယ်။ ကျွန်မတို့မိသားစု စိတ်ချမ်းသာရလို့ ထောက်ခံပေးလိုက်ပါတယ်ရှင့်•••••။ (မစပယ်•••ပုသိမ်)။ ကျွန်မဆရာက

## ဆရာဦးပိုင်ဇအောင်(ဝိဇ္ဇာဘွဲ့)

(လက္ခဏာဗေဒင်အစီအရင်)

ဟောခန်းအမှတ်(R-1)၊ မြေညီထပ်၊ တိုက်(၄၀)၊ မဟာမြိုင်အိမ်ယာထိပ်၊
(မဟာရန်ကုန်စားသောက်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

- ၀၉-၇၃၁-၄၇၀၂၄၊ ၀၉-၅၀-၉၃၈၉၁။

ကြိုးဝိုင်းဆက်စုံအင်း အရှင်းပေးသျှင်းပြီးမှလာပါ




www.burmeseclassic.com

www.burmeseclassic.com



ခင်(တောင်ကြီး)

# ပန်းဆုပြည့်စေ လျှမြေစေ (၅)

ပန်းချီအောင်နိုင်လတ်



www.burmeseclassic.com

www.burmeseclassic.com

အကျွန်ုပ်သည်ကား ဆင်းရဲနွမ်းပါးလှသော စပါးခင်းစောင့်ရသူ မိန်းကလေးတစ်ဦးဖြစ်ပါ၏။ အကျွန်ုပ်၌ ကိုယ်ပိုင်စိုက်နိုင်ပျိုးနိုင်ရန်ဟူ၍ လယ်မြေမရှိ၊ ယာမြေမရှိ၊ ခြံမြေဟူ၍လည်း မရှိ။ ဝိတိ ဆင်းရဲလွန်းလှသူဖြစ်ပါသည်။ အကျွန်ုပ်မှာ ကိုယ်တိုင်ထွန်ယက် စိုက်ပျိုးနိုင်ရန် အစွမ်းအစလည်း မရှိသောကြောင့် သူတစ်ပါးတို့၏ သလေးစပါးခင်းအား အစားယူ စောင့်ကြပ်ပေးရသောအလုပ်ကို လုပ်ကိုင် စားသောက်ခြင်း ပြုရပါလေ၏။

သလေးစပါးခင်းစောင့်ဟူ၍ လုပ်ခကြေးငွေမှာလည်း နည်းပါးလွန်းလှသဖြင့် အကျွန်ုပ်၏ ဝမ်းမီးတောက်တို့ ငြိမ်းအေးနိုင်ရန်အလို့ငှာ ရှာကြံရပ်တည်ခြင်း ပြုရပါပေသည်။ နေ့စဉ် စပါးခင်းစောင့်ရန် ထွက်ခွာရသည့်အခါတိုင်း စားသောက်ဖွယ်ရာဟူ၍ သူတကာတို့ကဲ့သို့ မြိန်ယှက်လောက်ဖွယ်ရာ ထမင်းဟင်းလျာတို့ကို ယူဆောင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့်၊ အကျွန်ုပ်သည် သလေးစပါးမှ ဖောက်ယူ၍ ရရှိသော ပေါက်ပေါက်တို့ကိုသာ အဆာပြေ စားသောက်ရန် နေ့စဉ် ထည့်ယူလာခဲ့ရလေ့ရှိပါ၏။

တစ်ခါတစ်ရံ၌ ဆင်းရဲတွင်းနက်လှပါလေသောကြောင့် မိုးသာလျှင် ဆင်းရဲရမည်၊ သဒ္ဓါတရားတို့၌ မဆင်းရဲစေရဟူ၍ အမြဲဆုံးဖြတ်ထားမိပါ၏။ တစ်နေ့သောအခါ အကျွန်ုပ်သည် သလေးစပါးခင်းအား ကျေးငှက်သာရကာ တိရစ္ဆာန်တို့ ဝင်ရောက်ဖျက်ဆီး စားသောက်ခြင်းတို့မှ ကင်းဝေးစေရန်ဟူ၍ မျက်ခြေမပြတ် ကြည့်ရှုနေမိစဉ် ထူးခြားလှသော မြင်ကွင်းတစ်ခုကို အကျွန်ုပ် တွေ့မြင်လိုက်ရပါလေ၏။ ထိုမြင်ကွင်းအား မဝေးကွာလှလေသော နေရာ်ဘက်ဆီမှ အကျွန်ုပ်ရှိနေသောရာ သလေးစပါးခင်းဆီသို့ ဦးတည်လျှောက်လှမ်း ကြွရောက်လာခဲ့လေသော ရှင်ရဟန်းတစ်ပါးကို ဖူးတွေ့လိုက်ရခြင်းပင် ဖြစ်ပါသည်။

မျက်လွှာကို ချတော်မူလျက် ဆင်ပြောင်ကြီးတစ်ကောင်အလား တည်ငြိမ်လှစွာသော ရှင်ရဟန်း၏ ထည်ဝါခန့်ညားထွန်းသည့် အသွင်သဏ္ဍာန်သည် သိက္ခာသမာဓိ ရှိလွန်းလှပါ၏။ အရှင်၏ အမှတ်သညာဖြင့် လှမ်းကြွသော ခြေလှမ်းတော်တို့သည် တင့်တယ်လှပေစွ။ အရှင်၏ ဝိနည်းနှင့် ညီညွတ်သော ကိုယ်ဟန်အမူအရာတို့သည် ကြည်ညိုဖွယ်ရှိလုပါပေစွ။ အရှင်၏ ဖန်ရည်စွန်း သင်္ကန်းတော်အရောင်အဝါတို့သည် ရှု၍မငြီး အံ့ဩလောက်စဖွယ်ပင် လင်းဖြာလွန်းလှပါပေစွ။

အကျွန်ုပ်ကား အဝေးမှ ကြည့်ရှုမိရုံဖြင့်ပင် လေးစားကြည်ညို၍မဆုံး၊ နှလုံးအိမ်ထဲထိသို့တိုင် ရိုကျိုးစွာ ပူဇော်နေမိပါလေ၏။ ထိုရှင်ရဟန်းသည် တစ်စထက်တစ်စ အကျွန်ုပ်နှင့် နီးလာသောအခါ…

"အို…ဒါ…ဒါ အရှင်မဟာကဿပကိုယ်တော်ကြီးပါလား"

အကျွန်ုပ် ဝမ်းမြောက်လှစွာပင် ရေရွတ်မိပါတော့၏။ အရှင့်အား အကျွန်ုပ် တစ်စုံတစ်ရာ လှူဖွယ်ပစ္စည်း လှူဒါန်းလိုက်လိုပါ၏။ သို့သော်လည်း ယခုလက်ရှိ ပစ္စုပ္ပန်၌ အကျွန်ုပ်၏ လက်အစုံတွင်းဝယ် နံ့ချာညှံ့ဖျင်းလှသော သလေးစပါးပေါက်ပေါက်တို့သာ ရှိနေပါသည်။ ဤအရာများသည် နေ့လွဲညစာ မစားသုံးသော ရှင်ရဟန်းတို့၏ ခန္ဓာတော်အတွက် လုံလောက်သော အာဟာရတစ်ခုအဖြစ် ရရှိနိုင်မည်ဟူ၍ အကျွန်ုပ် မထင်မိပါပေ။ သို့သော်လည်း ဤပေါက်ပေါက်တို့သည် အကျွန်ုပ်အတွက် နံနက်စာ၊ နေ့လယ်စာတို့အတွက် ရည်ရွယ်ထားသော အစားအစာများ ဖြစ်ပါ၏။ ထို့ကြောင့် အကျွန်ုပ်၏ အားထားရသော အစားအစာများမှတစ်ဆင့် မြင့်မြတ်သော အလှူဒါနတစ်ခုကို အကျွန်ုပ် ပြုလုပ်လိုပါသည်။

"ရပ်တော်မူပါ အရှင်ဘုရား"

အရှင်မဟာကဿပ၏ ခြေတော်အစုံတို့သည် ဖြည်းညင်းစွာ ရပ်တန့်သွားခဲ့ပါလေ၏။

"အရှင်မြတ်ဘုရား…တပည့်တော်မ လှူဒါန်းသော ဤသလေးစပါး ပေါက်ပေါက်များကို အလှူခံပေးတော်မူပါဘုရား"

အကျွန်ုပ်သည် ပေါက်ပေါက်များကို အကုန်အစင်ပင် အရှင်မြတ်ကြီး၏ သပိတ်အတွင်း ထည့်သွင်းလှူဒါန်းလိုက်မိပါလေသည်။ ပြုလုပ်လိုက်သော လှူဒါန်းမှုအစုစုနှင့်တကွ တောင်းဆုယူခြင်းမျိုးတို့ကို အကျွန်ုပ် ပြုလုပ်လိုက်ပါသော်ငြား ဝဋ်နှင့် ကြမ္မာတို့ဟူသည် ရထားနောက်သို့ အစဉ်လိုက်ပါနေမြဲဖြစ်သော လှည်းဘီးကဲ့သို့ပင်ဖြစ်သဖြင့် ယခုဘဝ၏ ပေးဆပ်ရမည့် ဘဝဝဋ်ကြွေးတို့ကို မလွတ်ကင်းနိုင်ခဲ့တော့ပါပေ။

ထိုအရှင် ပြန်ကြွသွား၍အပြီး အကျွန်ုပ်၏ အလှူအတန်းလည်း ဖြစ်မြောက်ခဲ့ပြီး မကြာမီမှာပင် စပါးခင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com

တိုးထွက်လာခဲ့သော အဆိပ်ပြင်းလွန်းလှသည့် မြွေဆိုး တစ်ကောင်၏ ကိုက်ခဲခြင်းကို ခံခဲ့ရပြီး အကျွန်ုပ် ဘဝပြောင်း ခဲ့ရပါလေသည်။ ဆင်းရဲ နွံ့ချာလှသော ဘဝတစ်ခုမှ နောက် ဘဝတစ်ခုသို့ ပြောင်းလာရသည်တွင် အံ့သြခြင်းအသွယ်သွယ် ဖြင့် အကျွန်ုပ် ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရပါလေ၏။

♦♦♦

အကျွန်ုပ်၏ ဘဝသစ်ဟူသည်ကား တစ်ခါမျှလောက် ပင် စိတ်ကူးမယဉ်ခဲ့ဘူးလေသော ဘဝမျိုးဖြစ်၍ စစချင်း၌ ထင်ယောင်ထင်မှား အတွေးများပင် မှားဖြစ်ခဲ့ရပါလေသေး၏။ ယခု ပြောင်းခဲ့ရသော ဘဝသစ်ဆိုသည်မျိုးမှာ လူများစွာတို့ မကြာခဏ ဆုတောင်း ဆုပန်လေ့ရှိကြသော ဘဝမျိုးလည်း ဖြစ်ပါ၏။ ကြီးကျယ်ခမ်းနားသည့် အသွင်အပြင်ရှိသော ရွှေ သားနှင့်အတိပြီးသည့် ဗိမာန်ကြီးတွင် စံစားရသည့်ဘဝမျိုး လည်း ဖြစ်ပါ၏။ လိုအပ်ပါကလည်း မိမိစေလိုရာစိတ်တို့ အတိုင်း လူတို့ရှိရာဘဝများသို့ သွားချည်ပြန်ချည် ပြုလုပ်နိုင် သော ဘဝမျိုးလည်း ဖြစ်ပါလေသည်။

ဤဘဝတွင် ဤကဲ့သို့ဖြစ်လာရန်ဟူ၍ အကျွန်ုပ် ယောင်၍မျှပင် စိတ်မကူးမိပါခဲ့။ လူဖြစ်စဉ်ဘဝက ဆင်းရဲနွံ့ချာ လွန်းလှ၍ ကြီးကြီးမားမား ကောင်းမှုကုသိုလ်တို့ကိုလည်း အကျွန်ုပ် မပြုလုပ်နိုင်ခဲ့မိသည်မှာ အမှန်ပင် ဖြစ်ပါ၏။ ယခုမူ ကား အကျွန်ုပ်သည် တာဝတိံသာနတ်တို့ပြည်ရပ်၌ ယူဇနာ အလိုအားဖြင့် ၃ဝမျှ အလျားရှိသော ရွှေအတိ ဗိမာန်တော် ၏ ပိုင်ရှင် နတ်သမီးလေးပင် ဖြစ်နေပါတော့သည်။ အကျွန်ုပ် အား နတ်တို့ပြည်၌ ခေါ်ဆိုကြသည်မှာ "လာဇာနတ်သမီး" ဟူ၍ဖြစ်လေ၏။

အကျွန်ုပ်ကိုယ်၌ ၁ဝယူဇနာရှိလေသော နတ်ဝတ် ပုဆိုးတို့ကို ဝတ်ရုံလျက် နတ်သမီးအထိန်းအခပေါင်း တစ်ထောင်ခြံရံ၍ ခစားနေကြကုန်ပါ၏။ ဗိမာန်တော်၏ တံခါး ၌ ရှေးဘဝကောင်းမှုကို ထင်ရှားစွာ ပြသသောအားဖြင့် တွဲလွဲ ချိတ်လျက်ရှိသည့် မြေခွက်၌ ရွှေပေါက်ပေါက်တို့ဖြင့် တန်ဆာ ဆင်ယင်ထားလေသည်။

အကျွန်ုပ်သည် မိမိရရှိဖူးသော ကုသိုလ်အကြောင်း ဆက်တို့ကို ဆင်ခြင်ကြည့်သောအခါ အရှင်မြတ်ထံ၌ ပြုခဲ့ဖူး လေသော ကံကုသိုလ်အစုစုတို့ကို တွေ့မြင်လာခဲ့ရလေ၏။ ထို့ကြောင့် နံနက်စောစောတွင် နတ်ပြည်ထက်မှ ဆင်းသက် လာပြီးကာ ရွှေတံမြက်စည်း၊ ရွှေခြင်းတောင်းတို့ စွဲကိုင်လျက် အရှင်မဟာကဿပ၏ ကျောင်းဝင်းတစ်ခုလုံးအား လှည်း ကျင်းသုတ်သင်ခြင်းတို့ ပြုလုပ်ပါလေသည်။ အကျွန်ုပ်၏ သ တရားအလိုဆန္ဒအတိုင်း အမှိုက်များ သိမ်းဆည်းကျုံးယူခြင် သောက်ရေ သုံးရေတို့ ခပ်ထည့်ခြင်းများ ပြုလုပ်ပြီးမှ နတ် ပြည်သို့ ပြန်တက်လာခဲ့ပါ၏။

ပထမတစ်ရက်၊ ထိုမှ ဒုတိယတစ်ရက်၊ ထို့နောက်မှ တစ်ဖန် တတိယရက်သို့ ရောက်သည့်အခါတွင် အရှင်မြတ် သည် သိနားလည်တော်မူပေတော့သည်။ ထိုအရာတို့ကို လှည်းကျင်း သန့်စင်ပေးသူသည် လူစင်စစ်မဟုတ်ဟူသည် အကြောင်းကိုပင် ဖြစ်ပါလေတော့၏။ သိတော်မူချင်းပင် အရှင်မြတ်က...

"အသင်နတ်သမီး...ပြုခဲ့ပြီးသည်ကား ရှိစေလေတော့ နောက်နောင် ဆက်၍ ဤကဲ့သို့သောအမှုတို့ကို မပြုပါလေ နှင့်။ ဤနေရာသို့လည်း မလာပါနှင့်"

ဟူ၍ဆိုကာ မောင်းထုတ်ပါလေတော့၏။

အကျွန်ုပ်ကား ဝမ်းနည်း အားငယ်လွန်းလှစွာ သည်းသည်းထန်ထန် ငိုကြွေးမိပါသည်။ ရှိုက်ကာရှိုက်ကာ ငိုနေမိသော အကျွန်ုပ်၏ ငိုကြွေးသံကို ဂန္ဓကုဋီတိုက်တော် အတွင်းမှ ဘုရားရှင်ကိုယ်တော်သည် ကြားသိတော်မူလေ၏ ဘုရားရှင်မှ အကျွန်ုပ်အား...

"နတ်သမီး...စောင့်စည်းခြင်းသည် ငါ၏ တပည့်သား ကဿပ၏ ဝတ်ဝန်ပင် ဖြစ်ပေ၏။ ဤကောင်းမှုဖြင့် ငါသည် အကျိုးရှိ၏ဟူ၍ မှတ်သားလျက် ကောင်းမှု ဆက်၍ပြုခြင်းက ကောင်းမှုကုသိုလ်အလိုရှိအပ်သောသူတို့၏ တာဝန်များသာ ဖြစ်လေသည်။ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဟူသည် ပစ္စုပ္ပန် ဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာ ခြင်း၏ အကြောင်းသာလျှင် ဖြစ်ပေ၏"

ဟူ၍ မိန့်တော်မူပါလေသည်။

အကျွန်ုပ် လာဇာနတ်သမီးအဖို့မှာမူကား ဘုရားရှင်၏ ဒေသနာတော်တို့အား ကောင်းကင်ထက် ရပ်တည်လျက် နာယူရင်းမှပင် သောတာပန်ဖြစ်ခဲ့ရလေ့ပြီ ဖြစ်ပါတော့၏။

* * *

ခင်(တောင်ကြီး)




www.burmeseclassic.com

www.burmeseclassic.com

# ဘြဲတိုင်းအောင် ဆောင်တိုင်းမြောက် အောင်မြင်နိုင်သောဂါထာ.....

တင့်ထူး(ဓေယျဝတီ)



လူ့ဘဝရရှိလာသည်နှင့်အမျှ အသက်ရှင် ရပ်တည်နိုင်အတွက် စားဝတ်နေရေးကိစ္စများကို မပြတ်လုပ်ဆောင်ကြရပေသည်။ ထိုကဲ့သို့ လုပ်ဆောင်ကြရသည့်အခါ မိမိ ထုပ်လေသမျှ အောင်မြင် ကြီးပွားလိုကြသည်။ မည်သူ ဦးတစ်ယောက်မျှ မိမိအတွက် အကျိုးတရား မရနိုင်သော ကို မလုပ်လိုကြပေ။ ဝန်ထမ်းလည်း ဝန်ထမ်းအလျောက် ရာ တာဝန်ကို ကျေပွန်အောင် လုပ်ကြရ၏။ လယ် လည်း မိသားစု စားဝတ်နေရေး အဆင်ပြေအောင် ယာမြေထဲတွင် စိုက်ပျိုး ရိတ်သိမ်းနှင့် တကုပ်ကုပ် တ်ကြရသည်။ ကျောင်းသားလည်း မိမိတို့ သင်ယူနေ သာအတန်းကို နှစ်ချင်းပေါက် အကျအရှုံးမရှိ အောင်မြင် င် ကြိုးစားကျက်မှတ်နေကြရပေသည်။

သည်နေရာတွင် စာရေးသူတို့ ကျောင်းသားဘဝ ခုနစ် ရှစ်တန်းအရွယ်က ဖြစ်ပါသည်။ အတန်းတင် စာမေးပွဲ နီးလာပြီဆိုလျှင် စာတွေ ကြိုးစားလေ့ကျင့် ကျက်မှတ် သည်။ စာမေးပွဲ ကျရှုံးမှာကို အလွန်ကြောက်ကြသည်။ တန်းထဲ အတူတူသင်ယူသူတွေက အောင်ကြပြီး မိမိက ကျရှုံးခဲ့လျှင် ရှက်စရာလည်း ကောင်း၏၊ မိဘတွေအတွက်လည်း နောက်နှစ် ဆက်ထားပေးရန် ဝန်ထုပ်ဝန်ပိုးဖြစ်စေလေသည်။ ထို့ကြောင့် စာမေးပွဲနီးလာသည်နှင့် ဗေဒင်ဆရာတစ်ဦးဦးထံသို့သွားကာ ယတြာချေပေးရမည့်အချက်အလက်များကို မေးစမ်းရတော့သည်။ ဗေဒင်ဆရာက ညွှန်ကြားပေးသည့်အတိုင်း နတ်စင်တွင် သပြေပန်းတင်၍ ဆုတောင်းရန်၊ ဘုရားတွင် သစ်သီးဆွမ်းလှူပြီး လိုရာဆုတောင်းရန် လုပ်ဆောင်ခဲ့ရသည်။

"ဟေ့ - ဇော်အောင်…ရေပုံးကြီးဆွဲ၊ သပြေပန်းတွေကိုင်ပြီး ဘယ်သွားမှာလဲကွ"

"ဩော်…ငါ စာမေးပွဲမကျရအောင် ရှာဦးက နတ်စင်မှာ ပန်းသွားဆက်ပြီး ဆုတောင်းမလို့လေကွာ"

"အေး၊ ကောင်းတယ်၊ ကောင်းတယ်။ ဒီလို ယတြာချေပေးလိုက်တော့ အတိုက်အခိုက်အညံ့တွေ ပယ်ပျောက်ပြီး လိုရာဆန္ဒပြည့်မြောက်တာပေါ့ကွာ"

စာရေးသူတို့ ခုနစ်တန်း၊ ရှစ်တန်းအရွယ်က စာမေးပွဲနားနီးတိုင်း ထိုကဲ့သို့ အညံ့များ ပပျောက်အောင် ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရလေသည်။ တချို့ အသိုးအဘွားများက ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေမည့် ဂါထာများကို သင်ပေးကြသည်။

ယခုဆိုလျှင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်ပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေဆဲ ကာလ ဖြစ်သည်။ နောက်မကြာမီ ရောက်ရှိလာတော့မည့် ဖေဖော်ဝါရီ၊ မတ်လများတွင် အတန်းတင် စာမေးပွဲများ ဖြေဆိုကြရတော့မည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း စာမေးပွဲအောင်မြင်ခြင်းအကျိုး ရရှိစေနိုင်ရန်နှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသူတွေအတွက် ကြံတိုင်အောင်၊ ဆောင်တိုင်းမြောက်၊ စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်စေနိုင်သော ဂါထာတစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါသည်။

ထိုဂါထာမှာ သီရိလင်္ကာနိုင်ငံသား အရှင်ဗုဒ္ဓရက္ခိတမဟာထေရ်မြတ်က မြတ်စွာဘုရား၏ ဂုဏ်တော်များကို သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းများနှင့် တန်ဆာဆင်ပြီး အဆန်းတကြယ် ဂါထာအသွယ်သွယ်တို့ဖြင့် ဖွဲ့ဆို ချီးကျူးထားသည့် "ဇိနာလင်္ကာရ"ကျမ်းတွင် ပါရှိသော ဂါထာဖြစ်သည်။ ထိုကျမ်းတွင် အခန်းပေါင်း ၂၀၊ ဂါထာပေါင်း ၂၇၉ ဂါထာပါရှိ၍ ၁၂၅နံပါတ်မြောက် ဂါထာဖြစ်သည်။ ဒ-ဝ-န အက္ခရာသုံးမျိုးမျှနှင့် ဖွဲ့ဆိုထားသည့် ဂါထာဖြစ်သည်ဟု ထိုကျမ်းမှာပင် မိန့်ဆိုထားပါသည်။

ဤဂါထာဖြစ်ပေါ်လာခဲ့ပုံမှာ ဗုဒ္ဓမြတ်စွာဘုရားသည် ခုနစ်ဌါမြောက်တွင် မယ်တော်မိနတ်သား အမှူးရှိသည့် နတ်အပေါင်းတို့အား အဘိဓမ္မာတရားဟောကြားရန် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပါသည်။ သိကြားမင်းကြီးသည် ဘုရားရှင်ကို ဖူးမြင်ရသည့်အခါ "ဘုရားရှင်ဟာ အခုဝါကို ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်မှာ ဝါဆိုတော်မူမယ် ထင်တယ်။ ဒီကျောက်ဖျာကြီးဟာ အလျားယူဇနာ ၆၀၊ အနံအပြန့် ယူဇနာ ၅၀၊ အမြင့် ၁၅ယူဇနာရှိလို့ အလွန်ကြီးလွန်းနေပြီ။ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ဟာ ဒီကျောက်ဖျာကြီးနဲ့စာရင် အလွန်သေးငယ်နေတယ်။ ဘုရားရှင်ဟာ ဒီကျောက်ဖျာကြီးပေါ်မှာ သီတင်းသုံးရင် ဖန်းဆန်ကောကြီးအလယ်မှာ ငှက်ငယ်လေး နားနေသလို မတင့်မတယ် ကြည့်ရှုဖွယ် မကောင်းလေစွ"ဟု အကြံလွဲကာ စိတ်မချမ်းမသာဖြစ်နေရှာလေသည်။

ထိုကဲ့သို့ သိကြားမင်းကြီး၏ အကြံများ၊ အမြင်မှားဖြစ်နေသည်ကို ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသည့်အတွက် နှစ်ထပ် သင်္ကန်းကြီးကို ကျောက်ဖျာကြီးတစ်ခုလုံး လွှမ်းမိုးမိအောင် ခင်းတော်မူလိုက်ပြီး တင်ပျ... ခွေအတွင်းမှာ ကျောက်ဖျာပြင်တစ်ခုလုံးကို သွင်းကာ ထိုင်နေ... တော်မူလိုက်လေသည်။ ထိုအခါမှာမှ သိကြားမင်းသည် ဘုရား... ရှင်၏ တန်ခိုးတော်အားအစွမ်းကို သိမြင်တော်မူပြီး မြတ်စွာ... ဘုရားကို ရှိသေမြတ်နိုး ရှိခိုးကန်တော့သည်ဟု ကျမ်းဂန်... ဆို၏။

ဤဂါထာသည် ထိုအကြောင်းအရာကို ရည်ညွှန်းဖွဲ့ဆို... ထားသော ဂါထာဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဤဂါထာ... သည် မြတ်စွာဘုရားရှင်၏ ဘဂဝါဂုဏ်တော်တွင် ပါဝင်သော... ဘုန်းတော်ခြောက်ပါးအနက် ကာယသရိယဘုန်းတော်တွင်... ကိုယ်တော်ကို ကြီးချင်သလောက် ကြီးမားအောင် ဖန်ဆင်းနို... စွမ်းရှိသည့် မဟိမာဘုန်းတော်နှင့် ဘုရားအရာ မကြံသာ... ဆိုသည့် ဗုဒ္ဓဝိသယ အစိန္တေယျဂုဏ်တော်များကို ချီးကျူး... ဖွဲ့ဆိုထားသည့် ဂါထာဖြစ်သည်။

ဂါထာ

*ဒေဝါနံ နန္ဒနော ဒေဝေါ*

*ဒေဝဒေဝ နန္ဒိနော်။*

*ဝေဒဒီနေန ဝေဒေန၊*

*ဝေဒီ ဝေဒေန ဝေဒိနော။*

ဟူ၍ ဖြစ်ပါသည်။ ဂါထာ၏ အနက်မှာ -

ဒေဝါနံ - နတ်အပေါင်းတို့သည်၊

နန္ဒနော - နှစ်သက်မြတ်နိုးအပ်သော၊

ဒေဝေါ - နတ်တို့သေဌ်နင်း သိကြားမင်းကြီးသည်...

နော - အကျွန်ုပ်တို့၏၊

ဒေဝဒေဝ - ဒေဝဒေဝေ - နတ်ထက် နတ်ဖြစ်တော်... မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရား... ရှင်ကိုယ်တော်မြတ်အပေါ် ၌၊

ဝေဒဒီနေန- ပညာဉာဏ်နည်းပါးလှသောကြောင့်၊

နန္ဒိ - နှစ်သက်အားရခြင်း မရှိခဲ့ပေ၊

ဝေဒိနော - သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏...

ဝေဒေန - သဗ္ဗညုတဉာဏ်အား စွမ်းပကားဖြင့်...

ဒေဝေါ - နတ်တို့သေဌ်နင်း သိကြားမင်းကြီးသည်...

ဝေဒေန - မိမိဉာဏ်ပညာဖြင့်၊

ဝေဒီ - ရှင်ဘုရား၏ တန်ခိုးတော်စွမ်းအားကို သိ... တော်မူပြီး ဟူ၍ဖြစ်သည်။

ထိုဂါထာတော်၏ အဓိပ္ပာယ်အချုပ်မှာ နတ်အပေါင်း... ၏ နှစ်သက်မြတ်နိုးမှုကို ခံရသော သိကြားမင်းကြီးသည်... ပညာဉာဏ်နည်းပါးလှသောကြောင့် အကျွန်ုပ်တို့၏ ဘုရား...



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်မြတ်အပေါ်၌ နှစ်သက်အားရခြင်း မရှိခဲ့ဟူ၍ အထင်အမြင်လွဲခဲ့သည်။ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုသိကြားမင်းကြီး၏ အထင်အမြင်လွဲမှုဖြစ်နေသည့်စိတ်ကို သိမြင်တော်မူ၍ သိကြားမင်း စံရာ မဏ္ဍုလာမြေကျောက်ဖျာကြီးတစ်ခုလုံးကို ကိုယ်တော်တစ်ခုလုံးဖြင့် လွှမ်းချ၍ ထိုင်နေတော်မူ၏။ ထိုအခါမှ သိကြားမင်းကြီးသည် ရှင်တော်ဘုရား၏ တန်ခိုးတော်စွမ်းအားကို သိတော်မူပြီးဟူ၍ အဓိပ္ပာယ်ရပါသည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲအောင်မြင်နိုင်စေရန် ဤဂါထာ၏ အနက်ကိုပါ အရကျက်မှတ်ပြီး ရွတ်ဆိုပူဇော်ပါ။ သို့မဟုတ် ဂါထာဖြစ်ပေါ်လာပုံနှင့် မြတ်စွာဘုရားရှင်၏ ဘုန်းတော်၊ ဂုဏ်တော်ကြီးမြတ်မှု အကြောင်းအရာများကို နှလုံးသွင်းပြီး ဂါထာချည်းသက်သက် ရွတ်ဆိုပူဇော်လျှင်လည်း ကြံတိုင်းအောင်၊ ဆောင်တိုင်း မြောက်ပြီး စိတ်ရှိသလောက် ပြီးမြောက်အောင်မြင်သည့် အကျိုးတရားများကို ခံစားကြရမည်သာ ဖြစ်သည်။

ဤဂါထာတော်သည် အထူးသဖြင့် စာမေးပွဲ ဖြေဆိုသူများအတွက် စာမေးပွဲ အောင်မြင်နိုင်စေရန် ရွတ်ဆိုပူဇော်သင့်ပေသည်။ ရွတ်ဆိုရာတွင် စွဲမြဲယုံကြည်မှုဖြင့် ရွတ်ဆိုရမည်သာ ဖြစ်ပါသည်။ သို့ရာတွင် ဤဂါထာသည် စာလုံးဝ မကြိုးစားသူကို အောင်မြင်အောင် စွမ်းနိုင်မည် မဟုတ်ပါ။ သက်ဆိုင်ရာ ဘာသာရပ်စာများကိုလည်း ကြိုးစား ကျက်မှတ်ကာ ဂါထာကိုလည်း ယုံကြည်စွဲမြဲမှုဖြင့် ရွတ်ပွားပါလျှင် အောင်မြင်နိုင်မည်သာ ဖြစ်သည်။

ထို့ကြောင့် စာမေးပွဲဖြေဆိုသူများ မဖြေမီရက်တွင် အိပ်ရာဝင်၊ အိပ်ရာထ ၁၀ခေါက်စီ ရွတ်ပွားပြီး စာမေးပွဲခန်းထဲ ထိုင်၍ ဖြေခါနီးတွင် ၇ခေါက်ရွတ်ပွားပူဇော်လျှင် စာမေးပွဲကို အထူးအောင်မြင်နိုင်ပါသည်။

အခြားစီးပွားရေးအရောင်းအဝယ်လုပ်ကိုင်ကြသူများလည်း ယုံယုံကြည်ကြည်နှင့် ဤဂါထာကို ရွတ်ပွားခဲ့ပါလျှင် အောင်မြင်နိုင်မည်သာ ဖြစ်သည်။

* * *

တင့်ထူး(ဧယျာဝတီ)

ကျမ်းကိုး၊

- ဗိဒုကတ်ကျမ်းဂန်တော်လာ အစွမ်းထက်ဂါထာ ပရိတ်တော်များ၊ (မှော်စရိယာ ဦးအေးနိုင်(ဘီ-အေ)

အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

တောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - အမှတ်(၂၇၄/B-4)၊ မိဂသီလမ်း-၂၀၊
၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၇၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ အမည်မှာ ဦးမျိုးမြင့် ဖြစ်သည်။ ကျွန်ုပ်သည် ကျောင်းဆရာ တစ်ယောက်၊ အလယ်တန်းပြ ကျောင်း ဆရာတစ်ယောက်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစ ၁၉၄၆ခုနှစ်၌ ဘီလူးကျွန်း၊ ချောင်းဆုံ မြို့တွင် အလယ်တန်းပြ အင်္ဂလိပ်စာပြ ဆရာအဖြစ် တာဝန်ယူပေးရန် ချောင်းဆုံ မြို့နေ ကျွန်ုပ်၏ ငယ်ဆရာတစ်ဦးဖြစ် သော ဆရာကြီး ဦးအောင်ဒင်က အကူ အညီတောင်းလာသောကြောင့် ကျွန်ုပ် သည် ချောင်းဆုံမြို့နယ်သို့ ရောက်သွား ပါသည်။

လစာကို မြို့မိမြို့ဖများက စုပေါင်း ထောက်ပံ့ပါသည်။ (အစိုးရကျောင်း မဟုတ်သေးသောကြောင့် မြို့မိမြို့ဖများ က ပညာရေးဖွံ့ဖြိုးရန် ကိုယ်ထူကိုယ်ထ ထူထောင်ပေးခြင်းဖြစ်သည်။ ၁၉၄၇ခုနှစ် တွင် အစိုးရကျောင်းဖြစ်သွားပါသည်။)

ကျွန်ုပ်သည် ချောင်းဆုံမြို့ အလယ်ပိုင်းရှိ ဆရာကြီး ဦးအောင်ဒင်၏ နှစ်ထပ်အိမ်ကြီး၏ အောက်ထပ်၌ နေပါ သည်။

မိုးအကုန် ဆောင်းအကူး ရာသီ ဥတုသာယာသော တနင်္ဂနွေနေ့တွင် နံနက်စာစားပြီးသောအခါ ကျွန်ုပ်သည် ဆရာကြီး ဦးအောင်ဒင်အား ချောင်းဆုံ မြို့မြောက်ပိုင်း မြင့်မိုရ်တောင်၏ မြောက် ဘက်ရှိ ကျွန်ုပ်တို့ ငယ်စဉ်က ရေကူး ဆော့ကစားလေ့ရှိသော စမ်းချောင်း ဘက်သို့ သွားမည်ဟု အသိပေးပြီး ကျွန်ုပ် ဆောင်နေကျ ဓားတိုကလေးကို ယူ၍ထွက်လာပါသည်။

မြင့်မိုရ်တောင်ကို တက်ပြီး တောင်ထိပ်ရှိ ရသေ့ကြီး ဦးခန္တီတည် ထားခဲ့သော စေတီတော်ကို ဖူးမြော်ပြီး နောက် ကျွန်ုပ်သည် တောင်ဆင်းလမ်း ကလေးအတိုင်း မြောက်ဘက်သို့ ခပ် မှန်မှန်ဆင်းလာပါသည်။

ငယ်စဉ်က ကျွန်ုပ်သည် ဤဒေသ သို့ မကြာမကြာရောက်ခဲ့ဖူးသော်လည်း ယခုနှစ်ပေါင်း ၂၀ကျော်အကြာ၌ မြေပြင် အနေအထားမှ ဘာစ်မျိုးတစ်မည်ဖြစ် နေ၏။ (လွန်ခဲ့သော နှစ်ပေါင်း ၂၀က ကျွန်ုပ်သည် ပြည်မြို့တွင် အဒေါ်(အမေ့ ညီမ)နှင့် အတူနေခဲ့၏။)

တောင်ပေါ်မှ ဆင်းလာပြီး နာရီ ဝက်ကျော်ကျော်အကြာ၌ ငယ်စဉ်က ကျွန်ုပ် ရေကူးဆော့ကစားခဲ့သော စမ်း ချောင်းသို့ ရောက်လာပါသည်။

စမ်းချောင်းတွင် ရေချိုးနေသူ၊ ရေ ကစားနေသူများကို မတွေ့ရပါ။

ငယ်စဉ်က ကျွန်ုပ်တို့ ရေကူးရာ စမ်းချောင်းနေရာထိပ်ရှိ ကျောက်တုံးပေါ် ၌ ထိုင်ပြီး စမ်းချောင်းရေကို တစ်ဝ သောက်ပြီးနောက် နာရီဝက်ခန့်ထိုင်၍ အနားယူနေမိသည်။

၎င်းနောက် ကျွန်ုပ်သည် ငယ်စဉ် က မသွားခဲ့ရသော စမ်းချောင်း၏ ထိပ် ဖျားသို့ သွားရန် စိတ်ကူးပေါက်လာပြီး ထိုင်ရာမှထ၍ အနောက်ဘက်သို့ ခရီး ဆက်၏။ စမ်းချောင်းထဲတွင် ကျောက် ဆောင်ကြီးငယ်များ ရှိသလို စမ်းချောင်း နံဘေး တစ်ဖက်တစ်ချက်၌လည်း ဆူး ပင်၊ ချုံပင်များ၊ ဝါးပင်ပေါက်များကို တွေ့ ရ၏။

စမ်းချောင်း၏ ကြည်လင်သော ရေထဲ၌ ငါးများ သွားလာလှုပ်ရှားနေကြ ၏။ ကျွန်ုပ်သည် မြေပြင်အနေအထား ကို ကြည့်၍ စမ်းချောင်းထဲမှ သွားလိုက်၊ စမ်းချောင်းနံဘေးမှ သွားလိုက်နှင့် တစ်နာရီခန့် သွားမိသောအခါ စမ်းချောင်း မှာ အလွန်ကျဉ်းမြောင်းလာပြီး စမ်း ချောင်းတစ်ဖိုက်၌ ကြခတ်ဝါးပင်များကို တွေ့ရ၏။ မြေပြင်အနေအထားမှာလည်း မြင့်၍ မြင့်၍လာ၏။

သွားရေးခက်လာသည့်အတွက် ကျွန်ုပ်သည် ဓားအကူအညီဖြင့် ဝါး တောင်ဝှေးတစ်ချောင်းခုတ်ပြီး ဆက် သွားပါသည်။ ကြခတ်ဝါးတောမှာ အလွန် ထူလာသလို စမ်းချောင်း၏ ရေထွက် ပေါက်များမှ ထွက်လာသော ရေများ၍ လမ်းကြောင်းများမှာလည်း ကျဉ်းမြောင်း လာ၏။

အမှောင်ထုက အားကောင်းလာ ရာ ကျွန်ုပ်သည် နောက်ကြောင်းပြန် လှည့်ရန် ဟန်ပြင်လိုက်စဉ် ကြခတ်ဝါး ပင်များကြားထဲမှ အသက် ၂၀ကျော် အမျိုးသမီးတစ်ယောက် ရေအိုးငယ်

“ ငယ်စဉ်က မသွားခဲ့ရသော စမ်းချောင်း၏ ထိပ်ဖျားသို့သွားရန် စိတ်ကူးပေါက်လာပြီး ထိုင်ရာမှထ၍ အနောက်ဘက်သို့ ခရီးဆက်၏။ စမ်းချောင်းထဲတွင် ကျောက်ဆောင်ကြီးငယ်များ ရှိသလို၊ စမ်းချောင်းနံဘေး တစ်ဖက်တစ်ချက်၌လည်း ဆူးပင်၊ ချုံပင်များ၊ ဝါးပင်ပေါက်များကို တွေ့ရ၏။ ”



www.burmeseclassic.com

www.burmeseclassic.com

လေးတစ်လုံးကို ပိုက်၍ ပေါ်လာ၏။

"ဟင်"

ကျွန်ုပ်၏ နှုတ်မှ အံ့ဩသံထွက်သွား၏။ အမျိုးသမီးနှင့် ကျွန်ုပ်၏ အကွာအဝေးမှာ ဆယ်လံခန့်သာ။

သူမသည် ကျွန်ုပ်ကို ပြုံးကြည့်ပြီးနောက် ဆောင့်ကြောင့်ထိုင်၍ စမ်းချောင်းထဲမှ ရေများကို ရေအိုးထဲရောက်အောင် ပြုလုပ်ပြီး ရေပြည့်သွားသောအခါ ထိုင်ရာမှထ၍ ရေပြည့်နေသော အိုးကို ရင်ဝယ် ပိုက်ထားလိုက်ပြီး…

"မှောင်နေပြီ။ ကျွန်မနောက် လိုက်ခဲ့ပါ"

ဟု ပြော၍ အနောက်ဘက် ကြခတ်ဝါးတောထဲ တိုးဝင်သွားရာ ကျွန်ုပ်သည် သူမ လုပ်ပုံလုပ်နည်းအတိုင်း လိုက်ဝင်သွားသည်။ မြေပြင်ပေါ်တွင် ဝါးရွက်ခြောက်ငယ်များ ပြည့်နှက်နေ၏။

ပေတစ်ရာခန့် သွားမိသောအခါ ဂူပေါက်ဝကို တွေ့ရ၏။ မိန်းမပျိုက ကိုယ်ကို ကျုံ့နိုင်သမျှ ကျုံ့၍ ခါးကို ကိုင်းပြီး ဂူထဲဝင်သွားရာ ကျွန်ုပ်သည်လည်း သူမအတိုင်းလုပ်၍ လိုက်ဝင်သွားသည်။

"ကျွန်တော်မျိုးမ ရေခပ်သွားရင်း တွေ့လို့ ခေါ်ခဲ့တာပါ"

မိန်းမပျိုက ဂူထဲတွင် ဝါးမီးတုတ်ကိုင်၍ ရပ်နေသူကို ရိုသေစွာဖြင့် ပြောလိုက်သည်။

"အေးလေ၊ လမ်းမှားရောက်လာပုံရတယ်။ ကူညီရမှာပါ"

မီးတုတ်ရှင်က အောင်မြင်သောအသံဖြင့် ပြောသည်။ သူ့အသက်မှာ ၅၀ ဝန်းကျင်ခန့်ဖြစ်သည်။ သူ့အရပ်မှာ ၅ပေကျော်ကျော် ဖြပေနီးပါးခန့်။ ဂူ၏အမိုးနှင့် ထိရန် တစ်ပေခန့်သာ လိုတော့၏။

ရေခပ်လာသော အမျိုးသမီးမှာ ဂူထဲသို့ ဝင်ရောက် ပျောက်ကွယ်သွား၏။

"သင်…ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ဒီဘက်ကို ရောက်လာတာလဲ"

မီးတုတ်ရှင်က မေးသည်။

"ကျွန်တော် ကျောင်းဆရာတစ်ယောက်ပါ။ ငယ်စဉ်က ဆော့ကစားရေကူးခဲ့ဖူးတဲ့ စမ်းချောင်းရဲ့ ရေထွက်ပေါက်ကို လိုက်ကြည့်ရင်း ရောက်လာတာပါ"

ကျွန်ုပ်က သူ့မျက်နှာကို ကြည့်၍ ပြောလိုက်သည်။

"သင်ပြန်ဖို့ အချိန်မရှိတော့ဘူး။ ဒီမှာပဲ ညအိပ် အနားယူပါ။ ကျွန်ုပ်တို့နှင့် ညစာအတူတူစားတာပေါ့။ လာ၊ ဟိုကျောက်တုံးပေါ်မှာ ခဏထိုင်ပြီး နားပါ"

ထိုပုဂ္ဂိုလ်သည် မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးကို ညွှန်ပြပြီး



နောက် အထဲဝင်သွားသည်။ ဂူမှာ အတော်ကျယ်ဝန်းပုံရသည်။ လေဝင်လေထွက် မည်သို့ရှိသည်ကို ကျွန်ုပ် မခန့်မှန်းနိုင်သော်လည်း ဂူအမိုးပေါ်တွင် အပေါက်ငယ်များ ဖောက်ထားပုံရပြီး ထိုအပေါက်များမှတစ်ဆင့် လေများ ဝင်လာပုံရသည်။

ကျွန်ုပ်သည် မီးတုတ်ရှင် ညွှန်ပြသော ကျောက်တုံးပေါ် သွားပြီးထိုင်လိုက်သည်။ ကျောက်တုံး၏ အပေါ်မျက်နှာပြင်မှာ ညီညာနေ၏။ သုံးပေပတ်လည်ကျော်ကျော် ဧရိယာရှိ၏။ ကျွန်ုပ်သည် ပင်ပန်းနွမ်းနယ်လာရာ ထိုကျောက်တုံး၏ မျက်နှာပြင်ပေါ် ထိုင်ရင်း မျက်လုံးများ စင်းလာသောကြောင့် ကျောက်တုံးမျက်နှာပြင်ပေါ်၌ ခွေခွေကလေး လှဲချလိုက်ရာ ချက်ချင်းအိပ်ပျော်သွားပါသည်။

"ဧည့်သည်တော်…ဧည့်သည်တော် ညစာသုံးဆောင်ဖို့ ထပါရှင့်"

သာယာသော စကားသံကြောင့် ကျွန်ုပ်သည် အိပ်ပျော်နေရာမှ နိုးလာပြီး ကျွန်ုပ်အနီးတွင် မီးတုတ်ကိုင်၍ ရပ်နေသူကို ကြည့်လိုက်သည်။

ရေအိုးဖြင့် ရေထွက်ခပ်သော အမျိုးသမီးကို တွေ့ရသည်။

"ကျွန်မနောက် လိုက်ခဲ့ပါ။ မင်းဘုရားတို့နဲ့ အတူတူ ညစာစားဖို့ပါ"

သူမက ပြောပြောဆိုဆို ရှေ့က သွားရာ ကျွန်ုပ်သည် သူမနောက်မှ လိုက်သွားသည်။

ပေ ၃၀ခန့် သွားမိသောအခါ ဝါးမီးတုတ်များ စိုက်ထူထွန်းထားသော ပေ ၂၀ ပတ်လည်အခန်းတစ်ခန်းထဲသို့ ရောက်သွားသည်။

မြေကြီးပေါ်တွင် ဝါးဖြင့် ပြုလုပ်ထားသော လေးထောင့်စားပွဲသုံးလုံးပေါ်၌ ထမင်းပွဲများကို ပြင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝါးစားပွဲတစ်ခု၏ ထိပ်၌ မီးတုတ်ရှင် အမျိုးသားကြီးက ထိုင်နေသည်။

"ဧည့်သည်တော်...အကျွန်ုပ်တို့နှင့် အတူတူ ညစာသုံးဆောင်ပါ"

ထိုအမျိုးသားကြီးက ပြောသောကြောင့် ကျွန်ုပ်သည် သူ့ ညွှန်ပြရာ၊ သူနှင့် မျက်နှာချင်းဆိုင်နေရာတွင် ဝင်ထိုင်လိုက်သည်။

ကျွန်ုပ်ထိုင်လိုက်ပြီး ခဏအကြာတွင် အမျိုးသမီးကြီးနှစ်ယောက်(အသက် ၄၀ ဝန်းကျင်)သည် အမျိုးသားကြီး၏ ဝဲ-ယာ တစ်ဖက်တစ်ချက်တွင် ဝင်ထိုင်လိုက်ကြ၏။

အခြား ဝါးစားပွဲနှစ်လုံးတွင်လည်း အမျိုးသမီး လေးယောက်စီ ဝင်ထိုင်လိုက်ကြကြောင်း ကျွန်ုပ်တွေ့ရှိရသည်။

ဝါးစားပွဲပေါ်တွင် ဝါးခွက်များတွင် ထည့်ထားသော ထမင်းများ၊ ဟင်းများကို တွေ့ရ၏။

"ကိုင်း...ဧည့်သည်တော် သုံးဆောင်ပါ"

အမျိုးသားကြီးက ဝါးလက်ဆေးခွက်တွင် ရှိသော ရေထဲသို့ လက်နှစ်ဆေးပြီး ထမင်းခွက်ကို စနှိုက်ပြီး စားပါတော့သည်။

အသက် ၆၀ ကျော်အရွယ်ရှိ အဝတ်ခေါင်းပေါင်း ပေါင်းထားသော အမျိုးသားကြီးတစ်ယောက်က ထမင်းဟင်းများကို လိုက်ဖြည့်ပေး၏။ ထမင်းမှာ လုံးတီးဆန်ကို ချက်ထားသော ထမင်းဖြစ်ပြီး ဟင်းများမှာ မှိုဟင်း၊ မျှစ်ခြောက်ဟင်း စသည်တို့ ဖြစ်ပါသည်။

ကျွန်ုပ်သည် ဆာဆာနှင့် ဆန်လုံးတီး ထမင်းများနှင့် မျှစ်ခြောက်ဟင်းကိုသာ စားပါသည်။ မှိုဟင်းကို မစားပါ။ ထမင်းဝိုင်းမှာ တိတ်ဆိတ်လွန်း၏။

ကျွန်ုပ်သည် ဝမ်းဗိုက်ပြည့်သွားသောကြောင့် လက်ဆေးရည်ခွက်ထဲ

ကျွန်ုပ်သည်
ကြက်သီးများ ထလာပြီး
ဂူထဲမှ အမြန်ဆုံး ထွက်လိုက်သည်။
ဂူ၏ အပြင်ဘက်ရှိ
ကြခတ်ဝါး တောထဲရောက်သောအခါ
ခေတ္တရပ်၍
ပတ်ဝန်းကျင်ကို ကြည့်သည်။
တိတ်ဆိတ်လွန်း၏။
ငှက်သံပင် မကြားရ။
ကြခတ်ဝါးများ၏
ဝါးရွက်များသည် ထူထပ်၏။
(ဝါးတော အလွန်ထူသောကြောင့်)။
နေရောင်ကိုပင်
ကောင်းကောင်းမတွေ့ရ

လက်ကို စင်ကြယ်စွာ ဆေးလိုက်ပါသည်။ ထိုအခိုက် ကျွန်ုပ်သည် အံ့ဩဖွယ်ရာတစ်ခုကို တွေ့လိုက်ရသည်။

အမျိုးသားကြီးအပါအဝင်နှင့် အမျိုးသမီးများအားလုံးသည် ထမင်းစားပွဲများပေါ်၌ ခေါင်းများ ငိုက်စိုက်ကျပြီး အိပ်နေသည်ကို တွေ့ရသည်။

"ဘယ်လိုပါလိမ့်"

ကျွန်ုပ်၏ စိတ်ထဲမှ ပြောလိုက်သည်။

ကျွန်ုပ် ဘာလုပ်ရမည်နည်း။

အသက် ၆၀ ကျော် အမျိုးသားကြီး၏ အရိပ်အယောင်ကိုလည်း မတွေ့ရ။

ဂူထဲရှိ ဝါးမီးတုတ်များ များမှာလည်း အားပျော့လာလေပြီ။

ကျွန်ုပ်သည် မီးရောင်ရှိစဉ် ဂူထဲရှိ ကျောက်တုံးရှည်ကြီးပေါ်တွင် သွားရောက် လဲလျောင်းလိုက်ရာ ကျွန်ုပ်သည် ချက်ချင်းအိပ်ပျော်သွားသည်။

•••

ကျွန်ုပ် အိပ်ပျော်ရာမှ နိုးလာသောအခါ ဂူအမိုးပေါက်မှ ဝင်ရောက်လာသော နေရောင်ခြည်တန်းများကို တွေ့ရသည်။

ကျွန်ုပ်သည် ငေါက်ခနဲ ထထိုင်လိုက်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဓားတိုနှင့် ဝါးတောင်ဝှေးကို ရှာဖွေ၍ ယူထားလိုက်သည်။

"ညတုန်းက လူတွေ ဘယ်ရောက်သွားကုန်ပြီလဲ"

ကျွန်ုပ်သည် ဂူထဲရှိ အခန်းများကို လိုက်ကြည့်သည်။ လူစလူနများကို လုံးဝ မတွေ့။

ဂူကြီးတစ်ခုလုံးမှာ လူများ နေနေသည့် အနေအထားမျိုး မရှိ။

ကျွန်ုပ်သည် ကြက်သီးများ ထလာပြီး ဂူထဲမှ အမြန်ဆုံး ထွက်လိုက်သည်။ ဂူ၏ အပြင်ဘက်ရှိ ကြခတ်ဝါး တောထဲရောက်သောအခါ ခေတ္တရပ်၍ ပတ်ဝန်းကျင်ကို ကြည့်သည်။ တိတ်ဆိတ်လွန်း၏။ ငှက်သံပင် မကြားရ။ ကြခတ်ဝါးများ၏ ဝါးရွက်များသည် ထူထပ်၏။ (ဝါးတော အလွန်ထူသောကြောင့်)။ နေရောင်ကိုပင် ကောင်းကောင်းမတွေ့ရ။

ကျွန်ုပ်သည် စမ်းချောင်းအတိုင်း စုန်ဆင်း၍ ခပ်သွက်သွက်လျှောက်လာရာ မိနစ် ၂၀ခန့် လျှောက်မိသောအခါမှ ကြခတ်တောထဲမှ ထွက်လာနိုင်သည်။

ကျွန်ုပ်သည် စမ်းချောင်းအတိုင်း စုန်၍ ခပ်သွက်သွက်လာခဲ့ရာ ငယ်စဉ်က ကျွန်ုပ်တို့ ရေကူးရာ စမ်းချောင်း နေရာသို့ ရောက်သောအခါ ခေတ္တရပ်နားပြီး ဟိုဟိုဒီဒီကို ကြည့်နေစဉ် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးအောင်ဖင်နှင့် အသက် ၆၀ကျော် လူကြီးတစ်ယောက် ကျွန်ုပ်ဆီသို့ လာနေသည်ကို တွေ့ရ၏။ ကျွန်ုပ်ပျော်သွားသည်။

"ဆရာကြီး"

ကျွန်ုပ်က အသံပြုလိုက်သည်။

"မောင်မျိုးမြင့်…မင်း ဘယ်လိုဖြစ်တာလဲ။ ငါဖြင့် မင်းအတွက် စိတ်ပူပြီး တစ်ညလုံး အိပ်မပျော်ဘူး။ ဒါနဲ့ မိုးလင်းတာနဲ့ ဟောဒီ ကပ္ပိယကြီး ဦးအောင်ကို အကျိုးအကြောင်းပြော၊ မြင့်မိုရ်တောင်ကျောင်းက ဆရာတော်ထံ သွား။ ဦးအောင်ကို ငါနဲ့ ထည့်လိုက်ဖို့ ခွင့်ပန်ပြီး လာခဲ့တာ"

ဆရာကြီးက ကျွန်ုပ်အနီးသို့ ရောက်သောအခါ ပြောပါသည်။

ဤတွင် ကျွန်ုပ်သည် ကြခတ်တောကြီးရှိရာ စမ်းချောင်းထိပ်ဆီသို့ လက်ညှိုးညွှန်၍ ညက ဖြစ်ရပ်ကို ပြောပြရပါသည်။

ထိုအခါ ဦးအောင်က -

"ဆရာလေးက မုတ္တမမြို့စားကြီးနဲ့ သူ့အခြွေအရံတွေနဲ့ တွေ့ခဲ့တာကိုး"

ဟု အစချီပြီး…

♦♦♦

"ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ လောက်က ဟိုး မယ်ဒမ(ယခုတော့ မုတ္တမပေါ့)က မြို့စားကြီးတစ်ယောက်ဟာ စစ်ရှုံးပြီး သူ့နောက်လိုက်နောက်ပါ အခြွေအရံအနည်းငယ်နဲ့ ဒီမှာ လာခိုလှုံနေခဲ့တယ်။ အဲဒီ ကြခတ်တောထဲမှာ ခိုလှုံနေရင်း သူ့ရဲ့ စားတော်ကဲ ချက်ကျွေးတဲ့ မှိုဟင်းကို စားမိပြီး မြို့စားကြီး၊ မြို့စားကတော်နှစ်ယောက်နဲ့ သူ့အခြွေအရံ အမျိုးသမီးတွေ သေဆုံးကုန်တယ်။ အဲဒီထဲမှာ မှိုဟင်းကို အနည်းငယ်သာ စားမိလို့ မသေမရှင်ဖြစ်နေတဲ့ အခြွေအရံ အမျိုးသမီးက မြို့စားကြီးကို



အဝေးဘက်ကနေ စောင့်ကြပ်နေရတဲ့ ကိုယ်ရံတော် စစ်သည်အချို့ဆီ သွားပြီး ပြောပြလိုက်တယ်။ နောက်ဆုံး အဲဒီ အခြွေအရံ အမျိုးသမီးလည်း သေသွားရှာတယ်။

ဒါနဲ့ မြို့စားကြီးကို အဝေးဘက်က စောင့်ကြပ်နေရတဲ့ ကိုယ်ရံတော်လည်း သူ့လူအနည်းငယ်နဲ့ ရောက်လာပြီး မြို့စားကြီးနဲ့ မိဖုရားတွေ၊ စားတော်ကဲနဲ့ အမျိုးသမီးအခြွေအရံတွေကို ဂူထဲမှာပဲ မြေမြှုပ် သင်္ဂြိုဟ်လိုက်ကြတယ်။

ဒီဖြစ်ရပ်ကို ကိုယ်ရံတော်နဲ့ သူ့နောက်လိုက်တွေက တစ်ဆင့် ငါတို့ရဲ့ အဘိုးအဘွားတွေ သိခဲ့ရတယ်။ ကိုယ်ရံတော်နဲ့ သူ့နောက်လိုက်တွေလည်း မုတ္တမကို မပြန်ကြတော့ဘဲ ဒီကျွန်းမှာပဲ နေရင်း အိမ်ထောင်ကျကုန်တယ်"

ဟု ပြောပြသည်။

"မှိုဟာ အဆိပ်မှိုမှန်း စားတော်ကဲ မသိဘူးလား"

ကျွန်ုပ်က မေးရာ…

"စားလို့ရတဲ့ မှိုထင်ပြီး ချက်ကျွေးတာ ဖြစ်မှာပေါ့"

ဆရာကြီး ဦးအောင်ဖင်က ပြောသည်။

"ဒီလိုဆိုရင် ခု ကျွန်တော်ကြုံခဲ့ရတာ အိပ်မက်မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ မကျွတ်မလွတ်သေးတဲ့ မြို့စားကြီးနဲ့ အဖွဲ့သားတွေကို တွေ့ခဲ့တာ"

ကပ္ပိယ ဦးအောင်က ပြောသည်။

ကျွန်တော် ကြက်သီးများ ထသွားသည်။

"မင်း ကံကောင်းတယ်။ မင်းကို သူတို့ ခေါ်မထားတာ"

ဟု ဆရာကြီး ဦးအောင်ဖင်က ပြောသည်။

ထို့နောက် ကျွန်ုပ်တို့သည် ထိုစမ်းချောင်းကို ကျောခိုင်းလိုက်ပါတော့သည်။■

* * *

မြသိန်း

www.burmeseclassic.com

www.burmeseclassic.com



# အခက်အခဲအကျပ်အတည်းမှ လွတ်မြောက်စေသော

# ဂါထာနှင့်အစီရင်

လင်းပြည့်မောင်(မြန်မာစာ)

ယနေ့ ညနေသည်ကား ယခင်နေ့များထက် လှပသာယာ၏။ ရာသီဥတု၏ ကြည်လင် သာယာမှုကြောင့် ညနေအတော်စောင်းချိန်အထိပင် အလင်းရောင်က မကွယ်ပျောက်သေး။ အနောက်ဘက်ယွန်းယွန်းဆီသို့ ကွယ်ပျောက်စ နေမင်းကြီး၏ နီဝါဝါရောင်ခြည်တို့သည် လှတိုင်း လှတိုင်း၏ ကိုယ်ပေါ်သို့ ကဲဖြန့် ကျရောက်နေ၏။ အကျည်းတန်သူများပင် ထိုအချိန်တွင် လှပနေတတ်သည်မို့ အကျည်းတန်လှချိန်ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်ပေမည်။

ကျွန်ုပ်သည် သဘာဝတရား၏ အလှအပကို ရှုမြင်ခံစားရင်း ကျိုက္ကဆံဘုရားဝင်းထဲသို့ တရွေ့ရွေ့လျှောက်ဝင်လာ၏။ ကျွန်ုပ်သည် ညနေတိုင်းလိုလို ကျိုက္ကဆံဘုရားဘက်သို့ လမ်းလျှောက်ရင်း ဘုရားဝင်ဖူးလေ့ရှိသည်။ ကျွန်ုပ်နေထိုင်သည့် သဃ်န်းကျွန်း စံပြဈေးနားမှ ၁၅မိနစ်ခန့် လမ်းလျှောက်လျှင် ကျိုက္ကဆံဘုရားသို့ ရောက်လေ၏။

ကျိုက္ကဆံဘုရားဝင်းအတွင်းတွင် ဈေးဆိုင်များ၊ နိဗ္ဗာန်ကုန်ဆိုင်များ၊ ဗေဒင်ဟောခန်းများနှင့် ဘုရားဖူးညှော်သည်များ

www.burmeseclassic.com

အပြင် ဘုရားဝင်းအတွင်း ဖြတ်သွားဖြတ်လာကြသော စက်ဘီး၊ ဆိုက်ကား၊ လမ်းလျှောက်သူများနှင့် အမြဲတမ်း စည်ကားနေလေ့ရှိသည်။

အခါကြီး ရက်ကြီးများတွင်တော့ ထမင်းဆိုင်၊ မုန့်ပဲသွားရည်စာဆိုင်များ၊ ကလေးကစားစရာ ပစ္စည်းများ ရောင်းချသည့်ဆိုင်များနှင့် ပွဲလမ်းသဘင်တစ်ခုလို လမ်းဘေးဝဲယာမှာ ပြည့်ကျပ်နေတတ်လေ၏။

ကျွန်ုပ်သည် ပန်းဆိုင်တစ်ဆိုင်မှ သပြေပန်းတစ်စည်း ဝယ်ယူပြီးလျှင် ဖိနပ်အပ်ထားခဲ့ကာ ဘုရားကြီးပေါ်သို့ တက်လာခဲ့၏။ တနင်္လာထောင့်ရှိ တန်ဆောင်းထဲတွင် နေရာယူပြီးလျှင် ဘုရားရှင်အား သပြေပန်းများနှင့် ပူဇော်ကန်တော့၏။ ပြီးလျှင် ဘုရားကို တစ်ပတ်ပတ်၍ မေတ္တာသုတ်ရွတ်ဖတ်ကာ ကျိုက္ကဆံဘုရားကြီးအား စောင့်ရှောက်သော သမာဒေဝ နတ်ကောင်း နတ်မြတ်များနှင့် အစောင့်အရှောက် ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာပို့ အမျှအတန်းများ ပေးဝေလေသည်။ ပြီးလျှင် ဝိဇ္ဇာများတန်ဆောင်းသို့ သွားရောက်၍ ဘုမိနတ်၊ နာရီဝက်ခန့်မျှ တရားထိုင်၍နေမိလေသည်။

ကျွန်ုပ် တန်ဆောင်းထဲသို့ ရောက်သည့်အချိန်၌ လူအတော်ပင် ရှင်းနေ၏။ တန်ဆောင်းအတွင်း သန့်ရှင်းရေးလုပ်နေသော အမျိုးသမီးကြီးတစ်ဦးနှင့် ကျွန်ုပ်အနီးတွင် ပုတီးစိပ်နေသော ဦးလေးကြီးတစ်ဦးကိုသာ တွေ့ရလေသည်။

ကျွန်ုပ်သည် တရားထိုင်ပြီးသည်နှင့် ဝိဇ္ဇာများ တန်ဆောင်းတော်ထဲမှ ထွက်ရပ်ပေါက် ဝိဇ္ဇာတို့၏ ပုံတော်များကို ကန်တော့၍ မေတ္တာပို့၏။ ပြီးလျှင် တန်ဆောင်းအပေါက်ဝနားတွင် ခေတ္တမျှ ထိုင်ကာ အပြင်ဘက်မှ ဖြတ်သွားဖြတ်လာ ဘုရားဖူးတို့အား ငေးမောကြည့်ရှုနေမိလေ၏။ ထိုအချိန်တွင်-

"မောင်ရင်တစ်ယောက်တည်းလားကွဲ့"

ဟု ကျွန်ုပ်နောက်ဘက်ဆီမှ ခေါ်သံကြားရ၍ လှည့်ကြည့်လိုက်ရာ စောစောက ကျွန်ုပ်ဘေးနားတွင် ပုတီးစိပ်နေသည့် ဦးလေးကြီး။ ဦးလေးကြီးမှာ ယောဂီအညိုရောင်ကို အထက်အောက် ဝတ်ဆင်ကာ ကျွန်ုပ်အား ပြုံးပြုံးကြည့်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း···

"ဟုတ်ကဲ့၊ တစ်ယောက်တည်းပါ။ ဦးလေး ပြန်တော့မှာလား"

ဟု အလိုက်သင့်ပင် ပြန်နှုတ်ဆက်လိုက်၏။

"ပြန်တော့မလို့ပဲ။ ဒါပေမယ့် မောင်ရင့်ကို စကားပြောချင်တာနဲ့ ခဏထိုင်လိုက်ဦးမယ်"

ဟု ဆိုကာ ကျွန်ုပ်ဘေးနားတွင် ဝင်ထိုင်လေ၏။ ပြီးလျှင် ကျွန်ုပ်အား ကြည့်၍···

"ဒီမှာ မောင်ရင်၊ မောင်ရင် စိတ်ဝင်စားမယ်ဆိုရင်
တစ်ခုလောက် မေးချင်တယ်"

ဟု စကားစ၏။

"ဟုတ်ကဲ့၊ မေးပါ ဦးလေး၊ ဘာများပါလိမ့်"

"သြော်···တခြားတော့ မဟုတ်ပါဘူးကွယ်။ မောင်ရင်
ကို ကြည့်ရတာ ပူပင်သောကတွေ ရှိနေပုံပဲ။ ဘုရားကို
လာတာ စိတ်သက်သာရာဖြစ်တယ်ဆိုပြီး လာ,လာထိုင်နေ
တာလား"

ထိုဦးလေးစကားကြောင့် ကျွန်ုပ်မှာ အံ့သြမိတော့သည်။

"ဦးလေးက ဗေဒင်ဆရာလား။ ဒါမှမဟုတ် အကြား
အမြင်ရနေတာလား"

ဟု ကျွန်ုပ် မေးလိုက်လျှင်···

"ဗေဒင်ဆရာလည်း မဟုတ်ဘူး။ အကြားအမြင်လည်း
မရဘူး။ လူထဲက လူဆိုတော့ လူကဲခတ်တတ်တာ မဆန်း
ပါဘူးကွယ်"ဟု ဆိုကာ ရယ်မောနေလေတော့၏။

ကျွန်ုပ်မှာ ထိုဦးလေးကို ကြည့်၍ လိုက်လည်း မရယ်
မောဖြစ်တဲ့ ကြောင်တောင်တောင်နှင့်ပင် ငေးကြည့်နေမိသည်။
ထိုဦးလေးပြောသလို အပူအပင်တွေ များနေ၍ပဲလားတော့
မသိ၊ ဟက်ဟက်ပက်ပက် မရယ်မောဖြစ်ခဲ့သည်မှာ ကြာ
ပြီ။

ထိုဦးလေးက ဆက်လက်ပြီး···

"လူတိုင်းဟာ ဒုက္ခနဲ့ မကင်းကြဘူးကွဲ့။ လူတိုင်းမှာ
အခက်အခဲဆိုတာ ရှိတယ်။ လူဖြစ်လာတာကိုက ဒုက္ခကိုး
ကွဲ့။ ဆိုပါဦး။ မောင်ရင် ဘုရားကို လာပြီးတော့ အဓိဋ္ဌာန်ပုတီး
စိပ်တာလား"

"မဟုတ်ပါဘူး။ ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မှ မရှိ
ဘူး။ ခုရက်ထဲ အလုပ်ကလည်း မရှိ၊ အလုပ်မရှိတော့
တခြားအကျပ်အတည်းတွေလည်း ကြုံတွေ့ရတာပေါ့၊ ဒါနဲ့ပဲ
စိတ်ပြေလက်ပျောက် လမ်းလျှောက်ရင်း ဘုရားထဲကို ရောက်
ရောက်လာတာပါ။ ဘုရားဖူးရုံပဲ ဖူးပြီး ပြန်သွားတဲ့နေ့လည်း
ရှိတယ်။ ပန်းလှူတဲ့နေ့ လှူတယ်။ တစ်ခါတလေ တရားထိုင်
သလိုမျိုး ငြိမ်ငြိမ်လေး ထိုင်နေဖြစ်တယ်။ အင်း···နေ့တိုင်း
လုပ်ဖြစ်တာကတော့ မေတ္တာပို့တာပဲ။ မေတ္တာတော့ အမြဲ
ဖြစ်တယ်"

ဟု ဆိုလိုက်လေလျှင် ထိုဦးလေးက ကျွန်ုပ်မျက်နှာ
အား စေ့စေ့ကြည့်၍···

"အေး၊ အဲဒီမေတ္တာကြောင့် မင်း ဒီတန်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတာပဲ။ ဝိဇ္ဇာတန်ဆောင်းထဲကို ဒီနေ့မှ ရောက်ဖြစ်တာမဟုတ်လား"

ဟု ဆိုပြန်၏။

ကျွန်ုပ်သည် ဒီတစ်ကြိမ်တော့ လွန်စွာအံ့ဩမိသည် ဖြစ်ရာ...

"ဦးလေးက အကြားအမြင်ရတာ ဟုတ်ရင် ဟုတ်၊ မဟုတ်ရင် ကျွန်တော့်ကိုများ သိနေတာလား။ ဦးလေးက အတော့်ကို ထူးခြားတယ်။ ဟုတ်ပါတယ်။ ဦးလေးပြောတဲ့အတိုင်း ဒီနေ့မှပဲ ဝိဇ္ဇာတန်ဆောင်းထဲ ဝင်ချင်စိတ်ပေါက်လာတာနဲ့ ဝင်ပြီး မေတ္တာပို့နေမိတယ်"

ကျွန်ုပ်၏ စကားအဆုံး၌ ထိုဦးလေးသည် ကျွန်ုပ်၏ ခုံးကို တစ်ချက်ပုတ်ပြီး...

"မင်းကို ဝိဇ္ဇာတွေ မ,ချင်လို့ ဝိဇ္ဇာတန်ဆောင်းထဲ ရောက်ခေါ်လိုက်တာလို့ မှတ်လိုက်ပေါ့"ဟု ဆိုကာ သဘောကျနှင့် ရယ်မောပြန်လေသည်။ ထို့နောက်...

"ဦးလေး မောင်ရင့်ကို အကြံဉာဏ်တစ်ခုပေးချင်တယ်။ မောင်ရင် ယခုလက်ရှိ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေက လွတ်မြောက်ချင်ရင် မောင်ရင် နက်ဖြန်ညနေက စပြီး ဒီဘုရားမှာ အဓိဋ္ဌာန်ဝင်ပါ။ သစ္စာပြုပြီး ဆုတောင်းပါ။ အဓိဋ္ဌာန်ဝင်တဲ့ နေရာမှာတော့ ခုလို အဆင်ပြေသလိုလေး လုပ်လို့တော့ မရဘူး။ အချိန်ပေးရမယ်။ အချိန်တိကျရမယ်။ နေရာတိကျရမယ်။ ကိုယ် ရွတ်ဖတ်ပွားများမယ့် ဂုဏ်တော်၊ ဂါထာအခေါက်ရေ တိကျရမယ်။ သစ္စာပြုထားတဲ့အတိုင်းလည်း စောင့်ထိန်းရမယ်။ ဆုတောင်းလည်း တစ်ခုပဲ တောင်းရမယ်။ မနက်ဖြန်က စပြီး ၉ရက် လုပ်ရမယ်။ ကဲ - ဘယ်လိုလဲ၊ လုပ်နိုင်မလား" ဟု ဆိုလေသည်။

"ဟုတ်ကဲ့၊ လုပ်နိုင်ပါတယ်။ ဘယ်အချိန်လုပ်ရမယ်ဆိုတာရယ်၊ ဘာကို ရွတ်ဖတ်ပူဇော်ရမလဲဆိုတာ ကျွန်တော့်ကို ပြောပြပေးပါ"

"နေဦး၊ မင်းက ဘာနေ့သားလဲ"

"စနေသားပါ"

"ဟုတ်ပြီ ဒါဆိုရင် မနက်ဖြန်ညနေ ၅နာရီ မိနစ် ၄၀ က စနေထောင့်က ဘုရားကို ရေသပ္ပာယ်။ ရေသပ္ပာယ်တဲ့ နေရာမှာ သက်စေ့တို့ ဘယ်နှခွက်လောင်းရမယ်တို့ မမှတ်နဲ့။ အေးချမ်းစေလို့၊ သန့်ရှင်းစေလိုတဲ့ စိတ်စေတနာမျိုးနဲ့ ရုပ်ပွားတော်ရဲ့ ပခုံးနှစ်ဖက်ကနေ လောင်းလှူပါ။ ပြီးရင် ငါးပါးသီလ ခံယူပြီး မေတ္တာသုတ်တစ်ခေါက်ရွတ်ပြီးမှ ဒီဂါထာလေးနှစ်ပုဒ်ကို တစ်ပုဒ်ကို ပုတီးတစ်လုံးချနဲ့ ပုတီး ၉ပတ်စိပ်ပါ"

ဟု ဆိုကာ ကျွန်ုပ်လက်ထဲသို့ စာရွက်လေးတစ်ရွက် ပေးလေ၏။ ပြီးလျှင်...

"အဲဒါ နမောတဿ ဂါထာနဲ့ နမောတေ ဂါထာပဲ။ အဲဒီ ဂါထာနှစ်ပုဒ်က တွဲဖက်ပြီး ရွတ်ဆိုပူဇော်ရင် အင်မတန် ကောင်းတယ်။ နမောတဿ ဂါထာက မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်၊ ဘဂဝါဂုဏ်တော်နဲ့ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်တွေကို ပူဇော်ရှိခိုးတာ၊ နမောတေဂါထာက ဘုရားရှင်ကို တိုင်တည်ပြီး ဆုတောင်းတာတွေကို စိတ်ရောကိုယ်ပါ အလေးအနက်ပြုပြီး မင်းအလိုရှိတဲ့ ဆုတစ်ဆုကိုသာ တောင်းပါ။ မကြာခင်မှာပဲ မင်းရဲ့ အခက်အခဲ အကျပ်အတည်းတွေက လွတ်မြောက်သွားပါလိမ့်မယ်။ အေး၊ တစ်ခုတော့ ရှိတယ်။ အဓိဋ္ဌာန်ရက်အတွင်း ငါးပါးသီလတော့ လုံပါစေကွယ်။ ဦးလေး ဒီကျင့်စဉ်ကို အဓိဋ္ဌာန်ဝင်တာ အကြိမ်ပေါင်း များစွာရှိခဲ့ပြီ။ အထက်အညာက ဦးလေးတို့ ကိုးကွယ်တဲ့ ဆရာတော်ကြီး တစ်ပါးက ချီးမြှင့်ခဲ့တာ။ လွယ်ကူ ရိုးစင်းပြီး အင်မတန် ထိရောက်တယ်။ ကဲ - မိုးလည်း အတော်ချုပ်နေပြီ ဦးလေး သွားတော့မယ်"

ဟု ဆိုကာ သူ၏ ဘေးလွယ်အိတ်လေးကို ပခုံးပေါ် တင်လျက် ထီးကောက်ကြီးကို ဆွဲကာ ပြန်ဖို့ ဟန်ပြင်လေတော့သည်။ ထိုအခါမှ ကျွန်ုပ်သည် ကျေးဇူးတင်ကြောင်း ပြောဖို့ သတိရကာ...

"ဦးလေးနဲ့ တွေ့ရတာ ကျွန်တော့်အတွက် အတော့်ကို ထူးခြားပါတယ်။ ကျွန်တော့်စိတ်ထဲလည်း အားတက်မိတယ်။ ဦးလေးပြောတဲ့အတိုင်း မနက်ဖြန်က စပြီး အဓိဋ္ဌာန်ဝင်ပါမယ်။ ဦးလေးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် တစ်ခုခုနဲ့ ဒါနပြုပါရစေ"

ဟု ဖိတ်မန္တက ပြုလိုက်လေသည်။

"နေပါစေ မောင်ရင်ရယ်။ ဦးလေးက ကိုးပါးသီလယူထားတယ်။ မင်း ကျေးဇူးတင်တာကိုပဲ ဦးလေးက ပြန်ပြီး ကျေးဇူးတင်ပါတယ်။ ဦးလေး တတ်စွမ်းသရွေ့ မျှဝေတာပါ။ လူလူချင်း ကူညီတာ မေတ္တာတရားပဲလေ။ နောက် အကြောင်းတိုက်ဆိုင်ရင်လည်း တွေ့ကြဦးမှာပေါ့။ ကဲ - သွားပြီဟေ့"

ထိုဦးလေး ထွက်သွားသောအခါ ကျွန်ုပ်လက်ထဲမှ ဂါထာစာရွက်လေးကို ဖြန့်ဖတ်ကြည့်မိသည်။

* နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* နမောတေ ဗုဒ္ဓဝီရတ္ထု၊



www.burmeseclassic.com

www.burmeseclassic.com

ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္မာစပ္ပဋိပန္နောသိ၊ တသမေ သရဏံဘဝ။

ဂါထာနှစ်ပုဒ်စလုံးမှာ ကျွန်ုပ် ရပြီးသားဖြစ်နေ၏။ နမော တေဂါထာမှာ အကျဉ်းအကျပ် အခက်အခဲများမှ လွတ်မြောက်သည်ဟု ကြားဖူးနားဝတော့ ရှိသည်။ သို့ရာတွင် တစ်ခါမှတော့ မရွတ်ဆိုဘူးခဲ့။ အနက်အဓိပ္ပာယ်ကိုလည်း ယခုမှပင် သိရတော့သည်။ ဂါထာ၏ အနက်ကို ရေးထားသည်မှာ -

"သီလနှင့် မွေ့လျော် လုံ့လတော်ရှိရှိးမှန်ပြား မြတ်စွာဘုရားအား ဘုရားတပည့်တော်၏ ကာယဝစီ မနောချိုလျက် နှစ်သက်မြတ်နိုး ရှိခိုးခြင်းသည် မုချ ယုံကြည်ဖြစ်ပါစေသတည်း။

ကြွင်းမဲ့ဥသုံ အလုံးစုံကို အကုန်သိ၍ ဘေးရန်ကင်းပြား ရှင်တော်ဘုရားသည် ခေတ်ကာလအလျောက် ပေါ်ပေါက်များစွာ ရောဂါရန်စွယ်၊ အန္တရာယ်အဝဝ၊ တောင့်တခြင်းဟူသမျှမှ ပါရမီတန်ခိုးနှင့် ပယ်နှိမ်ချိုးသဖြင့် လွယ်လင့်ကြည်ဖြူ ကင်းလွတ်တော်မူသည်။ အလွန်သင့်လျော်ဖြစ်တော်မူပါပေ၏ ဘုရား။

ဘုရားတပည့်တော်မှာမူကား ကျဉ်းမြောင်းခဲခက် ခု[...] နယ် စက်ဝန်းအတွင်းသို့ သက်ဝင်း ကျရောက်နေရပါသည်[...] ဝင့်မကောင်းသဖြင့် ညွတ်ကွင်းပမာ မှန်စွာဖြစ်နေရပါသည်[...] ကရုဏာကြီးမား ရှင်တော်ဘုရားသည် မြတ်စွာဘုရား[...] နေ့စဉ် အားထားမှုဇော် တပည့်တော်အား ဘေးရန်ကင်း[...] ချမ်းသာရကြောင်း မြတ်သော ပုန်းအောင်းမှီခိုရာအဖြ[...] ကရုဏာမိုးသွန်းကာ ဖြိုးလျက် နှစ်သက်ကြည်ဖြူ စေ[...] ရောက်တော်မူပါ ဘုရား"

ကျွန်ုပ်သည် ထိုဂါထာနှင့် အနက်ကို ရွတ်ဖတ်ကြည်[...] ရင်း၌ပင် ရင်ထဲ အတော်ပင် အေးချမ်းသွားသလို ခံစား[...] သည်။ ငါ ဒီလို ယောင်တောင်တောင်နဲ့ ဘုရားထဲ လာ,လာ[...] ထိုင်နေမယ့်အစား မနက်ဖြန်က စ၍ ကြိုးစားပြီး အဓိဋ္ဌာန်ဝ[...] မယ်ဟု ဆုံးဖြတ်ကာ နေရာမှထ၍ ကျိုက္ကဆံစေတီတော်ကြီ[...] ဘက် ဦးလှည့်ကန်တော့ကာ ဘုရားဝင်းထဲမှ ထွက်ခွာလာ[...] တော့သည်။

* * *

လင်းပြည့်မောင်(မြန်မာစ[...]

မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

# ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၃

www.burmeseclassic.com

www.burmeseclassic.com

# ဂျမ်ိုရှာဆန်းကြယ် စာအုပ်စင်

သုတအံ့




## ယောဂီ စောလွင် | သုံးဆယ့်ရှစ်ချက် မင်္ဂလစက်


"တူမ ။ တူမလေးအားလုံးနှင့်တကွ စာရေးသူ၏ မြေးများအားလုံးအတွက် ရည်ညွှန်းပါသည်"ဟု စာအုပ်အဖွင့်တွင် ဆိုထားသည်။ "ရွှေခြေရာစာစဉ်"အတွက် ဂျမ်ိုရှာဆန်းကြယ်မဂ္ဂဇင်းမှ ဖြန့်ချိလိုက်သော ယောဂီ စောလွင်၏ "သုံးဆယ့်ရှစ်ချက် မင်္ဂလစက်"စာအုပ်ဖြစ်သည်။

ကလေးများ၊ လူငယ်များအတွက် ရည်စူးပြီးရေးသော သုံးဆယ့်ရှစ်ချက် မင်္ဂလစက်မှာ အရွယ်သုံးပါးမရွေး အားလုံးဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။

လူငယ်လူရွယ်များအတွက် ဦးတည်ပြီး ရေးသားထားသောကြောင့် တင်ပြပုံမှာ ရိုးရှင်းပြီး နားလည်လွယ်သည်။

မင်္ဂလာသုံးဆယ့်ရှစ်ပါးကို လေးစားလိုက်နာ ကျင့်သုံးနေနိုင်ကျင့်ကြံသွားမည်ဆိုပါက လူသားအားလုံး ကောင်းကျိုးချမ်းသာသုခကို ခံစား စံစားနိုင်ကြမည် ဖြစ်ပေသည်။

မျက်နှာဖုံးဒီဇိုင်း - မိုးနေ
ပုံနှိပ်ခြင်း - ၂၀၁၂၊ ဒီဇင်ဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀ ကျပ်။




## စာရေးဆရာစုံ | ခေတ်ကြေးမုံ(လူငယ်နှင့် အောင်မြင်ရေးစာစုများ)

"စိန်မိုးယံ"စာတည်းအဖွဲ့မှ စီစဉ်တင်ဆက်လိုက်သော ခေတ်ကြေးမုံ (လူငယ်နှင့် အောင်မြင်ရေးစာစုများ ထွက်ရှိလာသည်။

မေတ္တာရှင်(ရွှေပြည်သာ)၊ ဆင်ဖြူကျွန်း အောင်သိန်း၊ လူထု စိန်ဝင်း၊ အောင်သင်း၊ ထွန်းလွင်(မြမှာစရိယ-ဘီအေ)၊ ညီညီနိုင်၊ လယ်တွင်းသား စောချစ်၊ ဟိန်းလတ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ချစ်နိုင်(စိတ်ပညာ)၊ နန္ဒာမိုးကြယ် စသော စာရေးဆရာ (၁၉)ဦး၏ လက်ရာများကို အားပါးတရ ဖတ်ရှုရမည်ဖြစ်သည်။


လူငယ်နှင့် အောင်မြင်ရေးစာစုများဟု ဆိုထားသည့်အတိုင်း စာရေးဆရာအရွယ်စုံတို့၏ လူငယ်ဘဝနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ လက်ဆင့်ကမ်းမှုများ၊ အတုယူစရာများ၊ ရှောင်ရန်ဆောင်ရန်များကို အကြောင်းအရာ စုံစုံလင်လင် ရသအပြည့်အဝပေးစွမ်းစေမှာ သေချာ၏။

ဖြန့်ချိရေး - စိန်မိုးယံ
ပုံနှိပ်ခြင်း - ၂၀၁၂၊ အောက်တိုဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ကျပ်။



www.burmeseclassic.com

www.burmeseclassic.com



## ဓနုတ်ဟိဏ်းဇော် — မသေခင်က ပြိတ္တာဖြစ်ခဲ့သူ . . .

"မသေခင်က ပြိတ္တာဖြစ်ခဲ့သူနှင့် ကံ-ကံ၏ အကျိုး"ဟု အမည်ပေးထားသော ဗုဒ္ဓခေတ် ပေတများနှင့် ဆန်းကြယ်ထူးခြား ကိုယ်တွေ့ဖြစ်ရပ်မှန်များ စာအုပ်ထွက်ရှိလာသည်။

ရေးသားသူမှာ ဓနုတ်ဟိဏ်းဇော်ဖြစ်သည်။

ပေတဝတ္ထုများကို ပရိသတ်နှင့် ရင်းနီးကျွမ်းဝင်အောင် စာရေးသူမှ ဗုဒ္ဓစာပေများမှ ကိုးကားပြီး ဇာတ်လမ်းဆင်ထားခြင်းဖြစ်သည်။ စုစုပေါင်း ဝတ္ထုတို (၁၂)ပုဒ် ပါဝင်သည်။ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များနှင့်အတူ ကံ-ကံ၏အကျိုးကို ဝတ္ထုတစ်ပုဒ်စီတိုင်းတွင် တွေ့မြင်ဖတ်ရှုရမည်ဖြစ်သည်။

ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များနှင့်အတူ သင်ခန်းစာယူသင့်သည်များကိုပါ ရရှိစေမည်ဖြစ်သည်။

မျက်နှာဖုံးဒီဇိုင်း - မင်းဇော်
ဖြန့်ချိရေး - သုခဘုံစာပေ
ပုံနှိပ်ခြင်း - ၂၀၁၂၊ အောက်တိုဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀ကျပ်။



## စမ ပေါက်ဆိန် — သေရွာပြန် ဖိုးအေးနှင့် ဂမ္ဘီရဝတ္ထုတိုစုစည်းမှု

"မြရတနာ"စာပေမှ ထုတ်ဝေလိုက်သည့် "သေရွာပြန် ဖိုးအေးနှင့် ဂမ္ဘီရ ဝတ္ထုတိုများ"စာအုပ်ထွက်ရှိလာသည်။ ရေးသားသူမှာ စမပေါက်ဆိန်ဖြစ်သည်။

ယမကာ ဖိုးအေး၊ သေရွာပြန် ဖိုးအေး၊ ငါးပိရည်နှင့် ထမင်းစားသောသူရဲမ၊ ဘိုးတော် တာတီး လုပ်တိုင်းပြီး သရဲကို အဖော်လုပ်ပြီး ခရီးသွားခြင်း၊ မြွေပွေး သန်းထွန်းနှင့် ခနစ်ရက်ပြည့် ရက်လည်ည စသည့် ဝတ္ထုတို (၆)ပုဒ်ကို စုစည်းထုတ်ဝေထားသည်။

ဂမ္ဘီရဆန်ဆန် စိတ်ဝင်စားဖွယ်များကို စမပေါက်ဆိန် ရေးသားသည့် ဝတ္ထုတိုများတွင် တွေ့ရမည်ဖြစ်သည်။

မျက်နှာဖုံးပန်းချီ - မင်းထက်နိုင်
ဖြန့်ချိရေး - မြရတနာစာပေ
ပုံနှိပ်ခြင်း - ၂၀၁၂၊ နိုဝင်ဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀ကျပ်။

*****



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ ဇန်နဝါရီလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် နှစ်သစ်နှင့်အတူ လုပ်ငန်းသစ် ပြုလုပ်ရမည်။ အကြံအစည် စိတ်ကူးအသစ်များ ပေါ်ပေါက်လာမည်။ ဆည်သည့်ကိစ္စမဆို ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်ပါ။ လုပ်ငန်းတိုးချဲ့ နေရာဌာနပြောင်းရွှေ့ရကိန်းလည်း ရှိသည်။ အလျှမင်္ဂလာကိစ္စဆောင်ရွက်ရမည်။ အင်္ဂါနှင့် သောကြာနံပါသော လူအပေါင်းအသင်း သတိထား။ ဆိတ်သား၊ ဆီးသီးရှောင်ပါ။ ဆိုးဝေးထွက်ကိန်း မကောင်းသေးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ကုံကော်ညွှန့် ၁၅ညွှန့်လှူ၍ တနင်္လာထောင့်တွင် ကုက္ကား ၁၅လက်လှူပါ။

.......................................................................

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မထင်မှတ်ဘဲ ငွေအစုလိုက်ဝင်မည်။ ငွေ၊ ကား၊ ကျောက်၊ ကြေးထည်၊ ငွေထည်ပစ္စည်း။ ငါး၊ ခွေး၊ ကြောင်ဝင်မည်။ သားသမီးကို အကြောင်းပြု၍ ငွေဝင်လာမည်။ နေအိမ်သို့ ဘုရား၊ ရဟန္တာကြွလာပါက နိမိတ်ကောင်းသည်ဟု မှတ်ယူပါ။ ပုံတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်တစ်ခုခုကြွလာမည်။ အိမ်, ခြံ, မြေရောင်းထွက်မည်။ အိမ်ခန်းငှားသောကိစ္စ အဆင်ပြေမည်။ ဆွေမျိုးသားချင်းအတွက် စိတ်ညစ်ရမည်။ အစာမကြေ၊ လေရောဂါခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တိုင်း ခရေညွှန့် ၆ညွှန့်လှူ၊ နေ့စဉ် ရေတော်၊ အအေးဖျော်ရည် ဒါနပြုပါ။

.......................................................................

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လက်ရှိအလုပ် ပုံမှန်ဆက်လုပ်နေခြင်းသည် အကောင်းဆုံးဖြစ်သည်။ စေတနာသည် ဝေဒနာဖြစ်တတ်သည်။ ဆက်လူကြီး၊ မိဘဆရာသမားထံမှ အကူအညီရမည်။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ အမှုပြဿနာ ရှင်းရမည်။ အထူးသဖြင့် အင်္ဂါ-သောကြာအမည်တွဲများ(ဥပမာ - သန်းဇော၊ သန့်ဇင်၊ သီတာစန်း) အစစအရာရာ သတိထားပါ။ အနီးကပ် ရန်သူရှိနေမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆ[illegible]နှင့် ပြန်ဆုံ၍ အကူအညီရမည်။

**ကောင်းကျိုးပြုယတြာ** - ခွေး၊ ခိုး၊ ငါး၊ ကြောင်၊ ကြက်၊ မကြာခဏ စေတနာထား၍ အစာကျွေးပါ။

www.burmeseclassic.com

## ဗုဒ္ဓဟူးနံ်အကျွရာ

### (ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ကြံစည်ထားမှုတွေ အောင်မြင်လာတော့မည်။ စိတ်ကူးအကြံအစည်ကို လက်တွေ့ အကောင်အထည်ဖော်ပါ။ လာဘ်ငွေများ ဝင်ကိန်းရှိသည်။ ကြွေးဟောင်းများ ပြန်ရမည်။ ကံစမ်းမဲပေါက်၊ ထီပေါက်ကိန်းရှိသည်။ ထီဝါသနာပါက ၂၄၈ ပါသော ထီလက်မှတ်ရွေးထိုးပါ။ အိမ်၊ ခြံ၊ မြေ၊ ကားထွက်ပြီး ပြန်ဝင်မည်။ နေအိမ်သို့ ဘုရား၊ ရဟန္တာရုပ်ပွားတော်၊ ပုံတော်၊ ဓာတ်တော်ကြွလာပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်မှုများ ပြဿနာဖြေရှင်းရတတ်သည်။ ခရီးဝေးသွားလျှင် အင်္ဂါ၊ သောကြာနေ့ရှောင်ပါ။ ဆီး၊ မျက်စိ၊ အစာအိမ်ဝေဒနာ ခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - ရာဟုထောင့်မှာ ရေသက်စေ့ သပွာယ်၊ ရေတော်လှူ၊ ခရေညွန့်၊ ယပ်ဖြူ ၁၂လက်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံ်အကျွရာ

### (ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .

နှစ်သစ်မှာ အလုပ်အကိုင်၊ စီးပွားရေးကိစ္စတွေ အဆင်ပြေလာမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမား၊ ငယ်ချစ်ဟောင်းနှင့် ပြန်ဆုံရမည်။ ဤလမှာ စန်းပွင့်၊ လာဘ်ပွင့်နေမည်။ လူငယ်များ ချစ်သူအသစ်တွေ့မည်။ အချစ်ရေးကိစ္စ အပြိုင်အဆိုင်ပေါ်မည်။ မိန်းကလေးများ ဆုံးဖြတ်မှားပါက ဒုက္ခတွေ့မည်။ ဆွေမျိုးသားချင်း အဆင်မပြေမှုတွေ ရှိနေမည်။ လူယုံ သတိထားပါ။ မိမိကိုယ်တိုင်လည်း သစ္စာရှိပါ။

**ကောင်းကျိုးပြုယတြာ** - အဓိဋ္ဌာန်တစ်ခု မပျက်မကွက်ဆောင်ရွက်ပြီး မိဘဘိုးဘွားတို့အား တတ်နိုင်သလောက် ကူညီအားပေးစောင့်ရှောက်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံ်အကျွရာ

### (သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် အကြံအစည်လွဲချော် ဆုံးဖြတ်ချက်မှားနေတတ်သည်။ လက်ရှိ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်သည်။ ဝန်ထမ်းများ အလုပ်ရာထူးတိုး၊ လစာဝင်ငွေတိုး၊ ပြောင်းရွှေ့ရကိန်းရှိသည်။ မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်လာနိုင်သည်။ မြုပ်နေသော အရင်းပေါ်လာမည်။ အိမ်၊ ဆိုင်ခန်း၊ စက်ပစ္စည်းရောင်းထွက်မည်။ စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်းများ နေးကွေးကြန့်ကြာနေမည်။ မည်သည့်ကိစ္စမဆို အပြိုင်အဆိုင်ကြုံတွေ့ရမည်။ အချစ်ရေးတွင် တရားဝင်လက်ထပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံ်ထောင့်တွင် ရွက်လှ (၁၇)ညွန့်လှူ၊ ဘုရားရွှေကပ်လှူ၊ အအေးဖျော်ရည်ကပ်လှူပေးပါ။ (လေး၊ ရေ၊ ယပ်၊ ရွှေ) ၄ဟူနံ ဒါနပြုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံ်အကျွရာ

### (တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ရွှေ၊ ရတနာပစ္စည်း၊ အအေးဖျော်ရည်၊ ရေလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း စသည့်လုပ်ငန်းများ အရောင်းအဝယ် အဆင်ပြေလာမည်။ မိသားစု၊ စီးပွားရေး၊ အိမ်ထောင်ရေး သာယာဖျော်ရွှင်မှု ကြုံတွေ့ရမည်။ အလှူ၊ မင်္ဂလာကိစ္စဆောင်ရွက်ရခြင်း၊ အပျော်ခရီး၊ ဘုရားဖူးခရီးထွက်ရခြင်း ကြုံတွေ့ရမည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ ကျန်းမာရေးမကောင်းသော မိဘအကြီးအကဲ ပြန်လည်ကျန်းမာလာမည်။ မိန်းကလေးများ ဇာတ်လမ်းရှုပ်ထွေးသော အချစ်ရေးကိစ္စကြောင့် အရှက်တကွဲဖြစ်ရတတ်သည်။ သွေးနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - တစ်ပတ်တစ်ကြိမ် နေအိမ်ဘုရားမှာ ဒန့်း (၆)ညွန့်လှူ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံအတွက် ငွေလှူလိုက်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# နေ့စေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား နေ့စေး" စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ဓာ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ဆိုင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅


ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) စရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄


www.burmeseclassic.com

www.burmeseclassic.com




# ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓပုထိုးတော်ကြီး

■ မောင်လင်းအောင် ■




www.burmeseclassic.com


www.burmeseclassic.com



ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများ အနက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းပေါ်၌ အေဒီ ၇၅၀မှ ၈၄၂ခုကြားတွင် တည်ထားကိုးကွယ်ခဲ့သော ဘောရောဗုဒ္ဓေါ (Borobudur) ပုထိုးတော်ကြီးသည် အကြီးအကျယ်ဆုံးဖြစ်သည်။ ပုထိုးတော်ကြီး၏ ကြည်ညိုဖွယ်ဖြစ်သော ဗိသုကာ



လက်ရာနှင့် ပန်းတမော့လက်ရာများသည် ကမ္ဘာပေါ်၌ အလွန်ရှားရာ ထင်ရှားကျော်စောလေသည်။ ဘောရောဗုဒ္ဓေါပုထိုးတော်ကြီးသည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်း ယော့ဂျာကားတားမြို့အနောက်မြောက်ဘက် မိုင် ၂၀အကွာ အယ်လိုနှင့် ပရိုဂိုမြစ်ဆုံရာတွင် ရှိသော ကုန်းပြင်မြင့်ပေါ်၌ တည်ရှိသည်။ ထိုဒေသသည် တစ်ချိန်က ရေအိုင်ကြီးသဖွယ် မြေနိမ့်ပိုင်းဖြစ်ခဲ့ရာ ဘောရောဗုဒ္ဓေါပုထိုးတော်ကြီးမှာ ရေအိုင်အတွင်းတွင် ဖွားဖွားစွင့်စွင့် ပွင့်နေသော ကြာပန်းကြီးသဖွယ် တင့်တယ်သည်ဟု အဆိုရှိကြလေသည်။




ယင်းအဆိုနှင့် ကိုက်ညီစွာပင် ပုထိုးတော်ကြီးသည် ရှေးထည်အရှိန်အဝါ အလွန်ကြီးမားလှပြီး လွန်စွာပင် သပ္ပာယ်သည်။ စေတီတော်ကြီး ပတ်ဝန်းကျင် ကုန်းမြင့်တစ်ဝိုက်သည် ထန်းပင် စသော အခြားသော အပင်ဖုကြီးများဖြင့် အထူးတင့်တယ်၍ အချို့နေရာတွင် စပါးပင်တို့ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ အရှေ့ဘက်နှင့် အနောက်ဘက် ခပ်လှမ်းလှမ်းတွင် မီးတောင်ကြီးများကို လှမ်းတွေ့နိုင်သည်။ အနောက်ဘက်တွင် ပေတစ်သောင်းကျော် မြင့်သော မီနီးရာနှင့် ဆမ်းဟင်း





www.burmeseclassic.com


www.burmeseclassic.com



မီးတောင်ကြီးများရှိပြီး အရှေ့ဘက်တွင် မားဗာပူနှင့် မားအပီဟုခေါ်သော အမြွှာမီးတောင်နှစ်တောင်ကို တွေ့ရသည်။ မြောက်ဘက်တွင် ဂျာဗားကျွန်းအား ပင်လယ်



ထဲတွင် ခိုင်ခိုင်မြဲမြဲနေစေရန် နက်ထားသည့် သံမှိုဟု ကျွန်သားကျွန်းသူများက ယူဆသော "ဂျလန်တောင်"ရှိသည်။ ဘောရောဗုဒ္ဓေါ ပုထိုးတော်ကြီးတည်ရှိသော အင်ဒို




www.burmeseclassic.com

www.burmeseclassic.com

နီရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး ကျွန်းစုများဖြင့် ဖွဲ့စည်းထားသည်။ ဂျာဗားကျွန်း၊ ဆူမတ်တရား ဘိုနီယိုကျွန်းစုများ၊ ဆဲလီဘီစ်ကျွန်းကြီးလေးကျွန်း၊ အနောက်အီရီယံ၊ မဒူရာ၊ မိုလူကာပ်စ်၊ ဘာလီ စသော ကျွန်းများနှင့် အခြားကျွန်းငယ်ပေါင်း ထောင်ကျော်ပါဝင်၏။ မြို့တော်အဖြစ် ဂျာဗားကျွန်းမှ ဂျကာတာမြို့ကို သတ်မှတ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် လူဦးရေ သန်း ၂၁၀ကျော်ရှိပြီး တရုတ်၊ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့ပြီးလျှင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။


ဘောရောဗုဒ္ဓေါပုထိုးတော်ကြီးကို ဂုရာစုနှင့် ၈ရာစုအတွင်း သေလိန္ဒြာမင်းဆက်များလက်ထက် မဟာယာန



ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားစဉ် တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်သည်။ ပိသုကာနှင့် ပန်းတမော့လက်ရာများကို အကဲခတ်ကြည့်ခြင်းအားဖြင့် ၈ရာစုနောက်ပိုင်းတွင် တည်ထားသည်ဟု ခန့်မှန်းယူဆဖွယ်ဖြစ်သည်။ ဂျာဗားကျွန်းတွင် အိန္ဒိယ ယဉ်ကျေးမှု လွှမ်းမိုးမှုများ ရှိခဲ့သော်လည်း ဒေသရိုးရာဟန်များကိုလည်း တွေ့ရသောကြောင့် အင်ဒိုနီးရှားလက်ရာဟုလည်း ဆိုကြသည်။ သေလိန္ဒြာမင်းများ အုပ်စိုးစဉ် ထွန်းကားသည့် အနုပညာလက်ရာများကိုလည်း တွေ့ရသည်၊ သို့သော် မည်သည့် ကျောက်စာမှတ်တမ်း စသည်တို့ကိုမျှ မတွေ့ရသဖြင့် အရင်းအမြစ်ကို ယခုတိုင် အတိအကျမသိကြရချေ။

"ဘောရောဗုဒ္ဓေါ"ဟူသော အမည်သည် ဘရာနှင့် ဗုဒ္ဓေါဟူသော ဝေါဟာရနှစ်လုံးကို ပေါင်းစပ်ထားခြင်းဖြစ်သည်ဟု သမိုင်းနှင့် ကျောက်စာပညာရှင် သုတေသီကြီး ပါမောက္ခ Purbotjaroko က ဆိုသည်။ ဗုဒ္ဓေါရှာကျောင်းတော်ကြီး၊ ပရဗုဒ္ဓမှလာသော စကား၊ တောင်ကုန်းပေါ်မှ ထင်ရှားသော ကျောင်းတော်ကြီး စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်။ ဘောရောဗုဒ္ဓေါ ပုထိုးတော်ကြီးကို အနီးရှိ မီးတောင်များမှ ရရှိသော ၆၀၀၀၀ ကုဗမီတာရှိသည့် ကျောက်သားတို့ဖြင့် တည်ဆောက်ထားသည်။

ပုထိုးတော်ကြီး၏ အထက်(အပေါ်ဆုံး) ပစ္စယံတွင်



ဉာဏ်တော် ၃၄ ဒသမ ၅မီတာ(ပေ ၁၁၀ကျော်)ခန့်ရှိသော စေတီတစ်ဆူတည်ထားကာ အောက်ခံမှာ ၁၂၃မီတာ(၄၀၃ပေ) ခန့် အမြင့်ရှိသည်။ ပုထိုးတော်ကြီး၏ ပုံတော်ကို အိန္ဒိယနိုင်ငံရှိ စေတီတော်များမှ အတုယူ၍ ဂျာဗားအနုပညာလက်ရာဖြင့် မွမ်းမံခဲ့သည်ဟု ယူဆဖွယ်ရှိသည်။ စေတီတော်၏ ပန္နက်ပုံသည် လေးထောင့်ဖြစ်၍ မျက်နှာတစ်ဖက်လျှင် ၄၇၉ပေ ရှိသည်။ ဖိနပ်တော်မှ ပန်းခုံ၊ သို့မှ အာလိန်၊ ပစ္စယံ ၅ဆင့် တက်သွား၍ ယင်းတို့အထက်၌ ကြည်းဝန်း ၃ဆင့်ရှိပြန်သည်။ ယင်းတို့အထက် အလယ်ဗဟိုတွင် သပိတ်မှောက်၊ ငုက်ပျော



www.burmeseclassic.com

www.burmeseclassic.com

ဖူး ထီးတို့ ရှိလေသည်။ အာလိန့် ၅ဆင့်တွင် မုခ်ဝအဆောင်ကလေးများ ရှိ၍ ယင်းအဆောင်များထဲ၌ လူတစ်ကိုယ်စာ ဝင်ရုံ နေရာများ ထားကာ၊ ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်ထားသည်။ ယင်းရုပ်ပွားတော်များသည် စုစုပေါင်း ၄၃၂ဆူရှိသည်။

အပေါ်ဆုံး ပစ္စယံတွင် ရုပ်ပွားတော် ၆၄ဆူရှိ၍ ကျန်ပစ္စယံ ၄ခုတွင် တစ်ဖက်တစ်ချက်၌ ရုပ်ပွားတော် ၉၂ဆူရှိသည်။ ရုပ်ပွားတော်များအနောက်တွင် ပစ္စယံလမ်းခြားလျက် စေတီတော်၏ နံရံ ၄ခုတွင် ပန်းတမော့လက်ရာများဖြင့် ပြုလုပ်ထားသော စဉ့်ကွင်းကျောက်ချပ်များကို တွေ့ရှိနိုင်သည်။ ပုထိုးတော်အား တည်ထားစဉ်က စဉ့်ကွင်းကျောက်ချပ်ပေါင်း ၂၀၀၀ခန့် ရှိခဲ့သော်လည်း ယခုအခါ ကျောက်ချပ်ရေ ၁၃၀၀ ခန့်သာ ရှိတော့သည်။ ထိုစဉ့်ကွင်းကျောက်ချပ်များကို တစ်ခုနှင့် တစ်ခုဆက်၍ အလျားလိုက် ချခင်းသွားပါက ၃မိုင်ခန့် ရှည်မည်ဟု ခန့်မှန်းရသည်။

ပုထိုးတော်ကြီး၏ အပေါ်ဆုံး ပစ္စယံနံရံတွင် စဉ့်ကွင်း ၂တန်းရှိသည်။ အပေါ်တန်းတွင် ဘုရားအလောင်းတော် နတ်သားသည် ကြည့်ခြင်းကြီးငါးပါးဖြင့် ကြည့်ပြီးနောက် စုတေသည်မှ မိဂဒါဝုန်တော၌ မြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို ဟောပြောပုံအထိ ရုပ်လုံးဖော်ထားသည့် စဉ့်ကွင်းများရှိသည်။ အောက်ဘက်တန်းတွင် မဟာယာနဗုဒ္ဓဘာသာအယူဝါဒဆိုင်ရာ ဖြစ်စဉ်အကြောင်းရပ် ဇာတ်များကို ရုပ်လုံးပုံဖော်ထားသည့် စဉ့်ကွင်းများလည်း ရှိသည်။ အပေါ်ဘက်တန်းနှင့် အောက်ဘက်တန်းတွင် စဉ့်ကွင်းကျောက်ချပ်ရေ ၁၂၀ခန့် အသီးသီးရှိသည်။





ပစ္စယံ ၅ခုအထက်ရှိ ကြည်းဝန်း ၃ဆင့်တွင် ခေါင်းလောင်းသဏ္ဍာန် စေတီ ၇၂ဆူရှိသည်။ ပထမအဆင့်တွင် ၃၂ဆူ၊ ဒုတိယအဆင့်တွင် ၂၄ဆူနှင့် တတိယအဆင့်တွ ၁၆ဆူရှိသည်။ စေတီတော်များ၏ အတွင်း၌ ဝိရောစနရုပ်ပွ တော်များ စံပယ်လျက်ရှိသည်ကို ယင်းစေတီ၌ ပြုလုပ်ထ သည့် အတန်းလိုက် ဖောက်ထားသော မျက်ကွက်အပေါ် များမှ ဖူးတွေ့နိုင်သည်။ အောက်ပစ္စယံ ၅ဆင့်၌ ထိုကဲ့ ရုပ်လုံးများနှင့် အလှအပတန်ဆာဆင်ထားခြင်း မရှိဘဲ ရိုး စွာ တည်ဆောက်ထားသည်။ ကြည်းဝန်းအထက် အလ ဗဟိုတည့်တည့်တွင် အဝန်း ၅၂ပေ၊ ဉာဏ်တော် ခန့်ရှိသော ခေါင်းလောင်းပုံ စေတီကြီးတစ်ဆူရှိသည်။ ထိုစေ




www.burmeseclassic.com

www.burmeseclassic.com








ကြီး၏ ပုံသဏ္ဍာန်မှာ အောက်ခြေတွင် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်စေတီကြီးပုံသဏ္ဍာန် လုံးဝန်း၍ အထက်သို့ ချွန်တက်သွားလေသည်။

အောက်ခြေမှ ဖူးတွေ့ရလျှင် အဆိုပါ စေတီကြီးမှာ တောင်းကင်သို့ မတ်မတ်ကြီး မြင့်တက်သွားမယောင် ထင်ရသည်။ သို့ရာတွင် အဝေးမှ ကြည့်ပါက ပုထိုးတော်ကြီး၏ အုတ်ကြီးမားကျယ်ပြန့်လှပုံကို သိရှိခံစားရနိုင်သည်။ ပုထိုးတော်ကြီးကို သုံးပိုင်းခွဲခြားနိုင်သည်။ ပထမအပိုင်းကို ပန်းခုံနှင့် ပစ္စယံ ၅ဆင့်၊ ဒုတိယအပိုင်းအဖြစ် ကြည်းဝန်း ၃ဆင့်နှင့် တတိယပိုင်းအဖြစ် အထက်ပစ္စယံမှ စေတီတော်ကြီးတို့ ဖြစ်သည်။ ပန်းခုံနှင့် ပစ္စယံ ၅ဆင့်တွင် စုလစ်မွန်းချွန် စသည်တို့ဖြင့် တန်ဆာဆင်ထားသော်လည်း ကြည်းဝန်း ၃ဆင့်တွင် အလှပုံဖော် တန်ဆာဆင်ထားမှု လုံးဝမရှိချေ။ ထိုအဆင့်တွင် အဆုံးအစမရှိသော သံသရာကို ရည်ညွှန်းလို၍ အဝိုင်းပုံများနှင့် စေတီပုံများသာ တည်ထားဟန်ရှိသည်ဟု ယူဆကြသည်။ တန်ဆာအမျိုးမျိုးဆင်ကာ ပုံဖော်ခြယ်သထားသော ပစ္စယံ ၅ဆင့်သည် လောကီစည်းစိမ်တို့ဖြင့် အမျိုးမျိုးအဖုံဖုံ ခံစားစံစားရာ ကာမဘုံကို ရည်ညွှန်းတည်ဆောက်ထားခြင်းဖြစ်သည်ဟုလည်း ယူဆကြသည်။

ဘောရောဗုဒ္ဓေါဘုန်းတော်ကြီးသည် နှစ်ပေါင်းများစွာ လေဒဏ်၊ မိုးဒဏ်များကြားတွင် ကြံ့ကြံ့ခိုင် တည်ရှိနေခဲ့သည်။ ၁၄ရာစုတွင် ဂျာဗား၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ တိမ်ကောသွားချိန်တွင် တောတွင်း၌ တိမ်မြုပ်နေခဲ့ရပြီး အင်္ဂလိပ်တို့ အုပ်စိုးသည့် ခေတ်အရောက် ၁၈၁၄ခုနှစ်တွင်မှ ဘုရင်ခံ သောမတ်စတန်းဖို့ဒ်ရက်ဖယ်လ်က ဒေသခံတို့၏ ပြောပြချက် သိရှိကာ ပြန်လည်ရှာဖွေ ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၁ ခုနှစ်ကတည်းက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့သော ဘောရောဗုဒ္ဓေါပုထိုးတော်ကြီးမှာ အင်ဒိုနီးရှားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်ရာ နေရာတစ်ခုအဖြစ် တည်ရှိနေသလို ဒေသတွင်း ဗုဒ္ဓဘာသာဝင်များ လာရောက်ဖူးမြော်ရာ ပုထိုးတော်ကြီးလည်း ဖြစ်သည်။

၁၉၇၅ ခုမှ ၁၉၈၂ ခုနှစ်အတွင်း အင်ဒိုနီးရှားအစိုးရနှင့် ယူနက်စကိုအဖွဲ့တို့ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်မှုများ အကြီးအကျယ်ပြုလုပ်ခဲ့ကြသည်။ ယခုအခါတွင် ဘောရောဗုဒ္ဓေါပုထိုးတော်ကြီးကို ကမ္ဘာ့အကြီးဆုံး ပုထိုးတော်ကြီးအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန် မှတ်တမ်းပြုစုရေးအဖွဲ့က အတည်ပြုခဲ့သည်။

* * *

မောင်လင်းအောင်

Ref ; Wikipedia, The Free encyclopedia

မြန်မာ့စွယ်စုံကျမ်း



www.burmeseclassic.com

www.burmeseclassic.com



# ပီယလက်ကိုင်ပ
# ဆောင့်ကြွညှို့

အောင်ကောင်းမြ(သာကေ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ကျွန်ုပ်၏ နေအိမ်ရှိ ကြံတိုင်းအောင် ဆေးခန်းသို့ ဂမ္ဘီရမိတ်ဆွေတစ်ဦး ရောက်ရှိလာပါသည်။ သူသည် ရွှေပြည်သာမြို့တွင် နေထိုင်သူဖြစ်ပြီး ကျွန်ုပ်နှင့် လွန်ခဲ့သော ၁၀နှစ်ကျော်ကာပင် ခင်မင်ရင်းနှီးခဲ့သူဖြစ်ပါသည်။ သူရောက်လာသောအချိန်တွင် ကျွန်ုပ်မှာ အမျိုးသမီးတစ်ဦးအား အိမ်ထောင်ရေးကိစ္စ အဆင်ပြေစေရန် စီရင် ဆောင်ရွက်ပေးနေပါသည်။ ဗေဒင်ဆရာထံသို့ ရောက်ရှိလာသူများမှာ အကြောင်းအမျိုးမျိုး၊ ခံစားချက်အမျိုးမျိုးနှင့် ရောက်ရှိလာတတ်၏။ ဗေဒင်ဆရာမှ နည်းနည်းဟောရပြီး သူတို့က ရင်တွင်းခံစားချက်ကို အချိန်ကြာမြင့်စွာ မနားတမ်း ရင်ဖွင့်ပြောဆိုကြ၏။ ထိုသို့ ရင်ဖွင့်ပြောဆိုသည်ကို မိမိမှာ စိတ်ရှည်စွာ သည်းခံ နားထောင်ပေးရပါသည်။

လောကီ ဂမ္ဘီရပညာရှင် ဆရာကြီး မင်းသိခ်က ဗေဒင်သင်တန်းတစ်ခုတွင် "ဗေဒင်မေး ပရိသတ်ရင်ထဲက ပြောချင်တဲ့ စကားကို စိတ်ရှည်သည်းခံပြီး နားထောင်ပေးပါ"ဟု ဩဝါဒစကား မိန့်ကြားခဲ့ပါသည်။ အခြားဆရာများ နားထောင်သည်၊ နားမထောင်သည်မသိ၊ ကျွန်ုပ်ကတော့ ထိုသို့သော အဖြစ်အပျက် အတွေ့အကြုံကို မကြာခဏ နားထောင်ပေးရပါသည်။ အချို့ဆို ပြောဆိုရင်း မျက်ရည်ကျ အလွမ်းဝေဒနာ ကြီးပြာပြသကြ၏။ သမုဒယသံယောဇဉ် ဝေဒနာမှာ အခြားဝေဒနာနှင့် မတူ၊ မစားနိုင် မသောက်နိုင်သည်အထိ ဖြစ်ရ၏။ ထိုသို့ ခံစားရသူအများစုကတော့ အမျိုးသမီးများ ဖြစ်ကြ၏။ ဤဆောင်းပါးရေးသောနေ့တွင် ဂျာနယ်တစ်စောင်၌ "အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် ကြွက်ဆေးသောက် သေသွားသော အထက်တန်းရှေ့နေ အမျိုးသမီး"ဟူသော သတင်းကို ဖတ်လိုက်ရသည်။ လှိုင်သာယာမှ အသက် ၃၇နှစ်အရွယ် ဒေါ်မြင့်မြင့်အေးဖြစ်သည်။ ၁၆-၈-၂၀၁၂ထုတ် ဗီးနပ်စ် သတင်းစာစောင်တွင် ဖော်ပြထားပါသည်။

ကျွန်ုပ်သည် အိမ်ထောင်ရေးအဆင်မပြေသော အမျိုးသမီးအား အမြန်အဆင်ပြေစေရန် နှစ်နံ့တွဲ ယတြာများ ဖိတ်နေ့ မိတ်ထောင့်တွင် လှူခိုင်း၊ မေတ္တာပို့ ဆုတောင်းခိုင်းလိုက်ပါသည်။

ထိုအမျိုးသမီးပြန်သွားသောအခါ မိတ်ဆွေ ဦးတင်မောင်မှ...

"အချစ်ရေး မေတ္တာရေး ပီယကိစ္စအတွက် အဆောင် လက်ကိုင်ပဝါနည်း တော်တော်စွမ်းတယ်။ ဆရာမကြီး တစ်ယောက် စီရင်ပေးထားတာ"

ဟု ပြောပြီး သူ့အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပြပါသည်။ လက်ကိုင်ပဝါထောင့်စွန်းတွင် ရေမွှေးနံ့ မွှေးနေပါသည်။

"လက်ကိုင်ပဝါ အမွှေးနံ့ပြယ်သွားရင် နောက်တစ်ထည် အသစ်မှာ ရေမွှေးဆွတ်ပြီး ထပ်ဆောင်ထားရတယ်"

"ဒါဆို လက်ကိုင်ပဝါ ဒါဇင်လိုက် ဆောင်ထားရမယ့်သဘောဖြစ်မနေဘူးလား"

"ဟုတ်တယ်။ ဒါဇင်လိုက် ဝယ်ထားရတယ်။ ပြန်လျှော်ပြီး သုံးလို့ မရဘူး။ တစ်ထည်ကို တစ်လလောက်သုံးပြီး အသစ်လဲ ဆောင်ရတယ်"

ကျွန်ုပ်အနေဖြင့် ပီယသိဒ္ဓိအစီအရင်အမျိုးမျိုးပြုလုပ်ဖူးပါသည်။ မိတ်ဆွေ ဆရာ ဦးတင်မောင်ပြောသော ပီယလက်ကိုင်ပဝါအဆောင်ပြုလုပ်နည်းကို သိရှိထားသော်လည်း လက်တွေ့ မလုပ်ဖြစ်ပေ။ ဦးတင်မောင်ပြောမှ ရတနဗ္ဗူယမဟာသိဒ္ဓိဂါထာမန္တန်ကျမ်းတွင် ဖတ်ဖူးသည်ကို သတိရသွားပါသည်။

"ဆရာပြောမှ သတိရတယ်။ အချစ်ရေး၊ မေတ္တာရေး အတွက် လက်ကိုင်ပဝါအစီအရင် ကျွန်တော့်မှာ ရှိတယ်။ လက်တွေ့ စမ်းသပ်ကြည့်ဦးမယ်"

"လက်တွေ့ ဆရာက စီရင်ပေးရင် ပိုကောင်းတာပေါ့။ လိုအပ်တာကိုတော့ သူတို့ကို ဝယ်ခိုင်းပေါ့"

ဟု ဦးတင်မောင်မှ အကြံပေးပါသည်။

♦♦♦

နောက်နှစ်ရက်အကြာတွင် ရှမ်းပြည်နယ်ဘက်တွင် အလုပ်သွားလုပ်နေသော အမျိုးသမီးတစ်ဦးရောက်ရှိလာပါသည်။ သူမသည် လူချစ်လူခင်ပေါ်များစေရန် ပီယအဆောင် ပြုလုပ်လိုသည်ဟု ဆိုပါသည်။ ကျွန်ုပ်လည်း လက်ကိုင်ပဝါ အစီအရင်ဆောင်ရွက်ပေးလိုက်ပါသည်။ လက်ကိုင်ပဝါ ပီယအဆောင်ပြုလုပ်နည်းကို စာဖတ်ပရိသတ်များကိုယ်တိုင် ဆောင်ရွက်နိုင်ကြစေရန် မေတ္တာ စေတနာဖြင့် ဖော်ပြပေးလိုက်ပါသည်။

မည်သည့်အဆောင်၊ ဂါထာဖြစ်စေ သစ္စာရှိဖို့တော့ အရေးကြီးပါသည်။ အပျော်အပါး အရှုပ်အထွေးပြုလုပ်လိုစိတ်ဖြင့် ဆောင်လျှင် အစွမ်းထက်မည်မဟုတ်ပေ။ စီရင်ပုံမှာ ကန်တော့ ... ငှက်ပျောသီးတစ်လုံး၊ ငှက်ပျောသုံးဖီး)၊ ပန်းပွင့် ကိုးပွင့်(ပန်းသုံးမျိုး၊ ပန်းတစ်မျိုးကို သုံးပွင့်လျှပါ)၊ ဆီမီး



www.burmeseclassic.com

www.burmeseclassic.com

တစ်တိုင်၊ ကွမ်းတစ်ယာ၊ လက်ဖက်တစ်ထုပ်၊ ငွေ ၅၀ဝကျပ်၊ အမွှေးတိုင်တစ်ထုပ်ထည့်၍ မိမိနေအိမ် ဘုရားကျောင်းဆောင်ရှေ့တွင် ဘုရားကို အာရုံပြု လှူပါ။ ရှင်သီဝလိ ရဟန္တာ၊ သူရဿတီမယ်တော်တို့ကို လှူလျှင်လည်း ရသည်။ စာရေးသူအနေဖြင့် သူရဿတီမယ်တော်ရှေ့တွင် ပြုလုပ်ပေးပါသည်။ ပွဲဘေးတွင် အကောင်းစား ရေမွှေးတစ်ပုလင်းအဖုံးကို ဖွင့်၍ ပီယမျက်ရှုဂါထာတော်ဖြင့် (၁၀၈)ခေါက် ရွတ်မန်းရမည်။

ဂါထာမရွတ်ဆိုမီ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလထဲမှာမှ ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရယကံတို့ကို သစ္စာပြု၍ ရာသက်ပန် ထာဝရလုံခြုံစေပြီးမှ ဤပီယမျက်ရှုဂါထာတော်ကို ရွတ်ဆို စီရင်ရန် ရေးမှုဟောင်းဂါထာမန္တန်ကျမ်းတွင် ပြဆိုထားသည်။ စီရင်ပေးမည့် ဆရာ၊ ဆရာမသစ္စာရှိ၊ သီလလုံခြုံပါက ဆောင်ရွက်ပေးသမျှ အစွမ်းထက်ပါသည်။

**ပီယ မျက်ရှုဂါထာတော်ကြီး**

* လေးကျွန်းမျက်နှာ လေးမျက်နှာလည်း ရှင်နေမင်းလည်း ငါ့အဘ၊
* ရှင်လမင်းလည်း ငါ့အမိ၊ သွားလေရာရာ ငါ့မျက်နှာကရဏာမင်းကြီး အမိ ငါ့ကို တည်ဘိလော၊
* စိတ်ထွင့်မြင် ရှင်နေမင်း၊ စွတ်ထွင့်မြင် ရှင်လမင်း၊
* တစ်မြို့လုံး မျက်ရှု၊ တစ်ရွာလုံး မျက်ရှု၊ တစ်ပြည်လုံး မျက်ရှု၊
* ရဟန်းရှင် လူမေတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါမေတ္တာ၊
* ပွင့်ဆရာပွင့်စေ၊ လင်းဆရာလင်းစေ၊ ပွင့်ပွင့်လင်းလင်း။။

၁၀၈ ခေါက် ရွတ်မန်းပြီးပါက ထိုရွတ်မန်းထားသော ရေမွှေးပုလင်းကို မြင့်မြတ်ရာမှာ ရိုသေစွာ ထားရာ၏။ မဆိုင်သူ၊ မသန့်သူ မကိုင်တွယ်ရပါ။ အရေးအကြောင်းရှိခဲ့ပါလျှင် ဤရွတ်မန်းထားသော ရေမွှေးအား နဖူးဆံစ မျက်ခုံးနှစ်ခုကြားမှာ တစ်စက်၊ အထက်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းမှာ တစ်စက် ဆွတ်ဖျန်းစေပြီး မိမိသုံးစွဲမည့် လက်ကိုင်ပဝါတွင် တစ်စက်ဆွတ်ဖျန်း၍ အမှုကိစ္စအဝဝများကို ဆောင်ရွက်သွားလာပါက လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ် သတ္တဝါ ဝိဉာဏ်အပေါင်းတို့သည် အနံ့ကို ရှူကာမျှဖြင့် အနံ့ရကာမျှဖြင့် ရင်ဝယ်သားကဲ့သို့ ချစ်ခင်လေးမြတ်ကြကုန်၏။

အနုပညာရှင်၊ အဆိုတော်၊ လူအများနှင့် ဆက်ဆံနေသူများ အများ၏ ချစ်ခင်အားပေးမှု ခံရမည်။ ကုန်ရောင်းကုန်ဝယ်၊ ဈေးရောင်းဈေးဝယ်ကောင်း၏။ လက်ကိုင်ပဝါအမြဲဆောင်ထားပါက တစ်လထက်တစ်လ စီးပွားရေးအလုပ်အကိုင်များ၊ လာဘ်လာဘများ အထူးတိုးတက်ဝင်ရောက်လာစေနိုင်၏။ ကျန်းမာပျော်ရွှင်စွာ နေရ၏။ စားသောက်ဆိုင်တွင် အသက်မွေးဝမ်းကျောင်းပြုနေရသော အမျိုးသမီးလေးများ ဤလက်ကိုင်ပဝါဆောင်၍ အဆင်ပြေနေပါသည်။ စီးပွားရေး၊ လာဘ်လာဘကို အာရုံပြု ဆောင်ရွက်ပါ။

ဤဂါထာကို နေ့စဉ် ပုံမှန် အနည်းဆုံး ၉ခေါက်ရွတ်ဆိုပါ။ နံနက် ၉ခေါက်၊ ည ၉ခေါက်ရွတ်ဆိုပေးပါကလည်း အကျိုးထူးပါသည်။ နေ့အခါ နေမင်းကို ကြည့်၍ ရွတ်ဆိုပါ။ ညအခါ လမင်းကို ကြည့်၍ ရွတ်ဆိုပါ။ ခုနက်ရက်သားသမီးများ မိမိအား မေတ္တာသက်ဝင် ချစ်ခင်လာစေနိုင်၏။ လူချစ်လူခင်ပေါ်များသည်။ မိတ်သင်္ဂဟပေါ်များ၏။ ပြောတိုင်း ဆိုတိုင်း တောင့်တတိုင်း ရရှိနိုင်၏။

အထူးသတိပြုရမည်မှာ အချို့သူများသည် ရေမွှေးအပေါစားဝယ်လာပေးသဖြင့် လက်ကိုင်ပဝါတွင် ဆွတ်လိုက်သောအခါ တစ်နေကုန်ပင် အနံ့မခံပေ။ ၁၀၈ ခေါက် ပင်ပန်းစွာ ရွတ်ဆိုထားသမျှ အကျိုးမရှိဖြစ်ရ၏။ ထို့ကြောင့် အနံ့ကောင်း တန်ဖိုးကြီးသော၊ အမျိုးအစားကောင်း ရေမွှေးပုလင်းရွေးဝယ်ဖို့ အရေးကြီးပါသည်။

ငှက်ပျောသီးမှည့်လျှင် ပွဲစွန့်၍ရသည်။ လက်ကိုင်ပဝါတစ်ထည် ရေမွှေးတစ်စက်ဆွတ်၊ အနံ့ကုန်သွားလျှင် ထပ်၍ဆွတ်နိုင်ပါသည်။ လက်ကိုင်ပဝါလျှော်ပြီး ပြန်သုံးလျှင်လည်း ရသည်။ အထက်တွင် ဆရာ တင်မောင် ပြောပြသော တစ်ထည်ပြီး တစ်ထည်စွန့်ပစ်ရမည်ဟု ဤကျမ်းတွင် ဖော်ပြမထားပေ။ စိတ်ဝင်စားသူများ ကိုယ်တိုင်ပြုလုပ်ကြည့်ပါ။ မလုပ်နိုင်ပါက ဆရာဖြစ်သူမှ စနစ်တကျ ဆောင်ရွက်ပေးပါမည်။

* * *

အောင်ကောင်းမြဲ(သာကေတ)



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လိုလက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင်သွားတဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများတဲ့သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာတတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို အခြေခံပြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး ဆီးအိမ်တိုင်အောင် ဘော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား ကို နီးစပ်ရာ မြန်မာဆေးအရောင်းဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . ကန္တာရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးပြား ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်. . ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသ နေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တာရဝတီဆေးတိုက် ကို သွားပြီး ဆရာနဲ့တိုင်ပင်ဆေးစား. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့..ဆီးရောဂါမှန် သက်သာပျောက်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ..."

**ပင်ရင်းဌာန- ကန္တာရဝတီဆေးတိုက်**


အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာ့အေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၀၃၇၉

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်းကြိုး

# အမိုက်အမဲလေးမို့





www.burmeseclassic.com

www.burmeseclassic.com

ပရလောကသားတွေ ရှိနေတဲ့ ထူပ်ရှားသက်ဝင် ဖြစ်စဉ်တချို့ကို ကျွန်တော် မဂ္ဂဇင်းတွေမှာ ဖတ်ရှုနေရပါတယ်။ ဖတ်ရှုရတဲ့ ဝတ္ထုလေးတွေရဲ့ အကြောင်းအရာတွေကလည်း ရင်သပ်ရှုမော အံ့သြဖွယ်ရာ ဖြစ်ရပ်ဆန်းတွေမို့ စာဖတ်သူများရဲ့ ရင်မှာ ဟုတ်ရောဟုတ်ရဲ့လား၊ ဖြစ်ရော ဖြစ်နိုင်ပါ့မလားဆိုတဲ့ သံသယအတွေးတွေ ဝေခဲ့ရပါတယ်။ အဲဒီ ဝေခဲ့တဲ့ အတွေးတွေနဲ့ အတူ ထပ်ဆင့်တွေးမြင်မိတာက အဲဒီ ပရလောကသားတွေရဲ့ နယ်ပယ်ဆိုတာ လျှို့ဝှက်ချက်တွေနဲ့ ပရိယာယ် မာယာတွေက နက်ရှိုင်းဆန်းကြယ် တုန်လှုပ်ချောက်ချားဖွယ် ရှိနေကြတယ်ဆိုတာပါပဲ။ ဒါကြောင့်လည်း သရဲတစ္ဆေဆိုရင် ကြားတာနဲ့တင် ကျောချမ်း ကြောက်ရွံ့နေကြသူတွေ ရှိနေကြတာပါ။ တကယ်တော့ ဘာမှမဆန်းလှပါဘူး။ ဆန်းတာက အဲဒီ သရဲတစ္ဆေ ပြိတ္တာဆိုတာတွေကို တွေ့ဖူးသလား၊ ကြုံဖူးသလား မေးကြည့်ရင် တွေ့ဖူး ကြုံဖူးသူက ခပ်ရှားရှား ဖြစ်နေတာကို တွေ့ရှိရပါတယ်။ (အဲဒါကိုက ပရလောကသားတွေရဲ့ လျှို့ဝှက်ချက်တစ်ခုဆင်ပါရဲ့။)

အများအားဖြင့် အသံနဲ့ ခြောက်လှန့်ခြင်း၊ ပစ္စည်းတစ်ခုခုနဲ့ ခြောက်လှန့်ခြင်း၊ ပြီးတော့ အနံ့နဲ့ ခြောက်လှန့်ခြင်း၊ အရိပ်နဲ့ ခြောက်လှန့်ခြင်းတို့ကိုသာ ပြနိုင်ကြသူတွေပါ။ တချို့က ပြောကြတယ်။ ထန်းပင်လောက်ရှိတဲ့ အရပ်၊ လင်ဗန်းလောက်ရှိတဲ့ မျက်လုံး၊ တစ်တောင်လောက်ထွက်နေတဲ့ လျှာ၊ တစ်ကိုယ်လုံး ဖုံးအုပ်နေတဲ့ အမွေးအမျှင်တွေနဲ့ဆိုပြီး မကြောက်ကြောက်အောင် ခြောက်လုံး လှန့်လုံးတွေနဲ့ ပုံကြီးချဲ့ကြတယ်။ ဒါကို ကြောက်တဲ့သူကလည်း ထရံပေါက်၊ ကြမ်းပေါက် မကျန် အဝတ်တွေ ဆို့ပြီး ကြောက်တတ်ကြပါတယ်။

ဩော်…ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော် ငယ်ငယ်က ဖတ်ခဲ့ရတဲ့ ကာတွန်းလေးတစ်ကွက်ကို အမှတ်တရ ပြောပြချင်ပါတယ်။ အဲဒီကာတွန်းလေးက ကာတွန်းဆရာ စိန်ကြီးရဲ့ လက်ရာတစ်ခုပါ။ သရဲလေးတစ်ကောင် နေ့ခင်းကြောင်တောင် တုန်ယင်နေတဲ့ ခန္ဓာကိုယ်နဲ့ ပြောလိုက်တဲ့ စကားက "အမလေးနော်၊ နေ့ခင်းကြောင်တောင် လူခြောက်မှာ ကြောက်လိုက်တာ"ဆိုတဲ့ ဗိုက်ပူနံကား၊ မျက်လုံးပြူးပြူး၊ မည်းမည်းခြောက်ခြောက် သရဲလေးတစ်ကောင်ရဲ့ ပုံပါ။ ကျွန်တော် ဒီကာတွန်းလေးကို တွေးကြည့်မိတိုင်း မပြုံးမရယ်ဘဲ မနေနိုင်ပါဘူး။ ပြီးတော့ "အေးလေ၊ သူတို့ဘဝ၊ သူတို့လောကမှာလည်း ဒီလိုဖြစ်ရပ်လေးတွေ ရှိကောင်း ရှိမှာပေါ့"လို့ တွေးတော ခံစားမိပါတယ်။ (ဩော်… သူတို့လည်း လူခြောက်မှာ ကြောက်ရင်လည်း ကြောက်နေမှာပေါ့နော။)

ထားပါတော့လေ။ မမြင်အပ်တဲ့ အရာဆိုတာ တွေးတော ကြောက်ရွံ့မှုတွေ ဖြစ်တတ်ကြတာ အပြစ်ဆိုစရာတော့ မရှိပါဘူး။ ဒါပေမယ့် သူ့လောကနဲ့သူ၊ ကိုယ့်လောကနဲ့ကိုယ် စည်းတစ်ခုခြားနေတယ်ဆိုတာကိုတော့ မမေ့မလျော့ဘဲ သတိပြုကြစေလိုပါတယ်။ ဒါကြောင့်လည်း လူ့စည်း၊ ဘီလူးစည်းဆိုတဲ့ စကားရှိနေတာပေါ့။ လူ့စည်း၊ ဘီလူးစည်းဆိုတာ ရှိနေမှတော့ သရဲစည်း၊ တစ္ဆေစည်း၊ ပြိတ္တာစည်း ဆိုတာတွေလည်း ရှိနေမှာ အမှန်ပါလို့ တွေးတော ယုံကြည်မိပါတယ်။ နောက်ပြီး စည်းတစ်ခုဆိုတာက အလကား သက်သက်ရှိနေတာ မဟုတ်ပါဘူး။ ခြားနားထားတဲ့ ပြတ်တောက်ခြင်းအရာတစ်ခုပါ။ သူ့ဘက် ကိုယ့်ဘက်ဆိုတဲ့ ပိုင်ဆိုင်ခြင်းအရာတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း တန်ဖိုးကြီးပါတယ်။ ကလေးစကားနဲ့ ပြောရရင် စည်းမကျော်နဲ့၊ ကျော်ခဲ့ရင် ထမင်းရေပူလောင်လိမ့်မယ်ဆိုတာ ဖြစ်ပြီး လူကြီးစကားနဲ့ ပြောရရင်တော့ မလိုအပ်တဲ့ စည်းတွေ ကျော်ခဲ့ရင် အမှားကြီး မှားလို့ အပါယ်ငရဲအထိ ကျလိမ့်မယ်ဆိုတာပါပဲ။ ဆိုလိုတာက သူ့ဟာသူနေ၊ ကိုယ့်ဟာသာကိုယ်နေခဲ့ရင် ခုနပြောတဲ့ စည်းတစ်ခုရှိနေတာကြောင့် ကာရန်ခြင်းဆိုတာ ခိုင်မြဲနေမှာပါ။ ဒါမှမဟုတ်ဘဲ သွားကျော်ခဲ့ရင်တော့ ကျော်ခဲ့သူရဲ့ အမှားပဲလေ။ ဒါတော့ အပြစ်ရှိသူ ခံရပေမပေါ့။

တကယ်လည်း စည်းကျော်ခဲ့လို့ မသေရုံတမယ် အဖြစ်ဆိုးနဲ့ ကြုံခဲ့ရသူ တစ်ဦးရှိခဲ့ပါတယ်။

သူ ကျော်ခဲ့တဲ့ စည်းက အဓိကရ နတ်နန်းတစ်ခုရဲ့ စည်းပါ။ မသေကောင်း မပျောက်ကောင်းဖြစ်ခဲ့လို့ သူကိုယ်သူ ဘယ်လိုခံစားရမလဲဆိုတာ မသိနိုင်ပေမယ့် သူ့ကို ကြည့်ပြီး ကျွန်တော့်ရင်မှာ အသိတရားတွေ များစွာရရှိခဲ့ပါတယ်။ နှုတ်ကြောင့် သေ၊ လက်ကြောင့် ကြေဆိုတာ တကယ်အမှန်ရှိလေတော့ ဘဝမှာ ဆင်ခြင်ရမယ့်အရာတွေထဲမှာ ပီယဝါစာ-ချိုသာသော စကားတွေနဲ့ လူချစ်လူခင်များအောင် နေထိုင်တတ်ရမယ်ဆိုတာ သိခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့ရတဲ့ ဖြစ်ရပ်လေးက ဒီလိုပါ။

◆◆◆

၁၉၇၀ ခုနှစ်၊ ဧပြီလ၊ ပိတောက်





www.burmeseclassic.com

www.burmeseclassic.com

တွေ လိုင်လိုင်ပွင့်တဲ့ မှတ်မှတ်ရရ သကြံန်အတက်နေ့။ သူငယ်ချင်းတွေ စုပြီး ကားငှားထားတယ်။ ကားက ပါပလေကာင်းချိတ် အဖြူရောင်လေး။ သွားမယ့် ခရီးစဉ်က ပဲခူးမြို့သို့ ဘုရားဖူး ခရီးစဉ်။ ကျွန်တော်တို့က သူငယ်ချင်း ၈ယောက်၊ လမ်းထဲက လူကြီးတွေက ၈ယောက်၊ ပေါင်း ၁၆ယောက်။ ချောင်ချောင်ချိချိ သက်သက်သာသာ လေးဆိုပါတော့။

လူစုံတော့ ကားစထွက်တယ်။ ပျော်ပျော်ပါးပါး ရယ်ရယ်မောမောပါပဲ။ ပြည်လမ်းတစ်လျှောက် တရိပ်ရိပ်ပြေးနေတဲ့ ကျွန်တော်တို့ကားလေးထဲမှာ ရယ်မောသံတွေနဲ့ သီချင်းသံတွေက လွှင့်ပျံ့လိုင်လို့ပေါ့။ လူငယ်တွေ ဆိုတော့ ပျော်ကြသည်ပေါ့လေ။ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးပဲ ဆိုကြပါစို့။ ဒီလိုနဲ့ ထောက်ကြံ့မရောက်ခင် ရွှေညောင်ပင် ဘိုးဘိုးကြီးနတ်နန်းရှေ့ကို ရောက်တော့ ကားကလေး အရှိန်သတ်လိုက်ပါတယ်။ နတ်နန်းကို ဦးခိုက်လို့ ဘိုးဘိုးကြီးကို အမွှေးနံ့သာ၊ ပန်း၊ ဆီမီး ဆက်မယ်ဆိုတဲ့ သဘောနဲ့ ကားဆရာက ကားရပ်ပြီး ဆင်းသွားပါတယ်။ ဒါကို ကျွန်တော်က သိနေတယ်။ သိနေတယ်ဆိုတာက အဲဒီနတ်နန်းရဲ့ အရှေ့ဘက်စောင်းစောင်းမှာ "ကုန်းတလပေါင်" ဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်။ အဲဒီရွာက ကျွန်တော့်အမေရဲ့ ရွာပါ။ ကုန်းတလပေါင်ရွာရဲ့ တောင်ဘက်မှာ ရှိတဲ့ "လေးဒေါင့်ကန်ရွာ" ဆိုတာကတော့ ကျွန်တော့်ချက်မြှုပ်။ အဲဒီတော့ ကားဆရာ ဘာလုပ်မယ်ဆိုတာ ကျွန်တော် ခန့်မှန်းမိတာပေါ့။ ကျွန်တော့်အမေက ပြောဖူးတယ်။

"သား . . .အဲဒီဘက်မှာ ရွှေညောင်ပင် ဘိုးဘိုးကြီးနတ်နန်းဆိုတာ ရှိတယ်။ အဲဒီနတ်နန်းဘက်ကို လှည့်လို့ အပေါ့အလေးမစွန့်နဲ့။ မသိလို့ ကျူးခဲ့ရင်တောင် ရှိရှိသေသေ တောင်းပန်ပါ သားရယ်။ အမေတို့ ရွာသားတွေမှန် သမျှ ရှိသေမှုနဲ့ ဘယ်တော့မှ မျက်နှာမူလို့ အပေါ့အလေး မစွန့်ကြဘူး။ မှတ်ထားနော်"လို့ သွန်သင်ဆုံးမခဲ့ဖူးပါတယ်။

အဲဒီလို ဆုံးမခဲ့တဲ့ အမေ့စကားသံတွေ ကြားနေတုန်း "ကားဆရာ ဘယ်လဲ"လို့ ကျွန်တော့်သူငယ်ချင်း ဖြစ်သူ မောင်သာနိုးက လှမ်းမေးလိုက်ပါတယ်။

"ဒီနတ်နန်းကို သွားမလို့၊ ခဏနော် ညီလေး"လို့ ပြောပြောဆိုဆို ကားဆရာက တစ်ဖက်ကမ်းကို အပြေးကလေးကူးသွားခဲ့ပါတယ်။

> "
>
> သူစကားသံကို
>
> ကားဆရာ ကြားနိုင်မည်မထင်ပါ၊၊
>
> တစ်ဖက်ကမ်းကို ရောက်သွားခဲ့ပါပြီ၊၊
>
> ဒီအချိန်မှာ ကျွန်တော်
>
> မောင်သာနိုးမျက်နှာကို
>
> အံ့ဩခြင်းနဲ့အတူ
>
> ဖျတ်ခနဲ လှမ်းကြည့်လိုက်မိပါတယ်၊၊
>
> ဖြူနီးဆို ခေါင်းတွေ ကြီးသွားပြီး
>
> ကြက်သီးတွေ ဖြန်းခနဲ
>
> ထသွားမိတယ် ထင်ပါရဲ့၊၊
>
> ရော . . .ခက်ပြီ၊
>
> ဒီကောင် ဘာတွေ
>
> ပေါက်သွားသလဲ မသိဘူး
>
> "

"ဒီဗျာ... ရှုပ်ရှုပ်ယှက်ယှက်၊ အချိန်တွေ ဖင့်တယ်ဗျာ။ ကျွန်တော်တို့ အခုသွားမှာက ဘုရားဖူးခရီးစဉ်၊ ဘုရားဖူးဖို့။ ဘယ်က နတ်နန်းတွေ၊ ဘာတွေလဲ။ ဒါတွေ မလိုပါဘူးဗျာ"လို့ မောင်သာနိုးက ဆက်ပြောနေပါတယ်။

သူစကားသံကို ကားဆရာ ကြားနိုင်မည်မထင်ပါ။ တစ်ဖက်ကမ်းကို ရောက်သွားခဲ့ပါပြီ၊ ဒီအချိန်မှာ ကျွန်တော် မောင်သာနိုးမျက်နှာကို အံ့ဩခြင်းနဲ့အတူ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိပါတယ်။

ဖြူနီးဆို ခေါင်းတွေ ကြီးသွားပြီး ကြက်သီးတွေ ဖြန်းခနဲ ထသွားမိတယ် ထင်ပါရဲ့။ ရော . . .ခက်ပြီ၊ ဒီကောင် ဘာတွေ ပေါက်သွားသလဲ မသိဘူး။

"ဟေ့ကောင် . . .သာနိုး၊ မင်း ဘာတွေဖြစ်နေတာလဲ။ မပြောကောင်း မဆိုကောင်းကွာ။ မင်း တော်တော့"

လို့ ကျွန်တော်လှမ်းပြီး ဟန့်တားလိုက်ပါတယ်။

"မဟုတ်တာ ကိုငြိမ်းရ၊ ကျွန်တော်တို့ ခရီးဖင့်လို့ ပြောတာပါ။ ဘာလဲ ကျွန်တော်ပြောတာ မှားလို့လား"

လို့ သူက ပြန်မေးနေပါတယ်။ ကျွန်တော် တော်တော်ဒေါသထွက်သွားတယ်။

"အေး ဟုတ်တယ်။ မင်းမှားနေတယ်။ သူ့ယုံကြည်ချက်နဲ့သူ ရိုသေကိုင်းရှိုင်းမှုကို မင်း ဟန့်တားစရာ ဘာအကြောင်းမှမရှိဘူး။ မင်း အဲဒီလိုပြောနေတာကိုက မှားနေတာ။ ဒါ ဘယ်နေရာလဲ၊ မင်း သိလား"

"မသိဘူး ကိုငြိမ်း။ သိစရာလည်း မလိုဘူးထင်ပါတယ်"

"အေး၊ မင်း မသိရင် မှတ်ထား။ ဒါ ရွှေညောင်ပင်ဘိုးဘိုးကြီး နတ်နန်းဆိုတာပဲ။ မင်းအများတွေကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com

လိုက်။ မင်းကွာ…”

ဆိုပြီး ကျွန်တော် တရိပ်ရိပ်တက်လာတဲ့ ဒေါသတွေကို ကြိုးစားပြီး မျို သိပ်နေမိတယ်။ မကောင်းဘူးလေ။ ကျွန်တော်တို့က သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ။ သူမိုက်ပေမယ့် ကျွန်တော် မျိုသိပ်လိုက်တာ ကောင်းပါတယ်။ ဒီအချိန်မှာ ကားပေါ်မှာ ပါလာတဲ့ လူကြီးတချို့ကလည်း…

“မောင်သာနိုး မင်း မှားနေတယ်။ မောင်ငြိမ်းပြောတာ မှန်တယ်။ ဒါ ရန်ကုန်မြို့မှာ ရှိတဲ့ တစ်ခုတည်းသော အထင်ကရနေရာတစ်ခုပဲ။ ရှိသေကိုင်းရှိုင်းမှ ရှိရမယ်။ မယုံချင် နေပေါ့ကွာ။ ဒါပေမယ့် မစော်ကားပါနဲ့။ မင်းတစ်ယောက်အတွက်နဲ့ အားလုံး ဒုက္ခရောက်သွားနိုင်တယ်”

လို့ ဝိုင်းပြောကြတော့ သာနိုး နှုတ်ဆိတ်သွားပါတယ်။ သူ့အမှားကို သူ သိသွားတာလား။ ဒါမှမဟုတ် အများနဲ့ တစ်ယောက်မို့ စိတ်လျှော့သွားတာလားဆိုတာကိုတော့ သူကိုယ်သူပဲ သိနိုင်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ကားဆရာက ပြန်ရောက်လာပြီး ကားပေါ်တက်လို့ ခရီးဆက်ခဲ့ပါတယ်။

ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ။ သူငယ်ချင်း သာနိုးကို ကြည့်ပြီး ကျွန်တော် သက်ပြင်းရှည်ကြီး ချမိတယ်။ မရှိတာထက် မသိတာက ပိုခက်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့လို့ တွေးရင်း ကားနောက်ပိုင်းကနေ ဝေးကျန်ခဲ့တဲ့ ရွှေညောင်ပင် ဘိုးဘိုးကြီးနတ်နန်းကို ကျွန်တော် မျက်စိတစ်ဆုံးငေးကြည့်ရင်း “အမိုက်မဲလေးမို့ ခွင့်လွှတ်ပါ ဘိုးဘိုးကြီးခင်ဗျား”လို့ သူ့ကိုယ်စား အကြိမ်ကြိမ်တောင်းပန်နေမိပါတယ်။

♦♦♦



ဒီလိုနဲ့ ထောက်ကြံ့စိတ်ကို ကျော်ဖြတ်လို့ လှည်းကူးမြို့ကို ဝင်ခဲ့ပါပြီ။ လှည်းကူးဈေးဘက်ရောက်တော့ ရေပက်သူတွေနဲ့ ရေကစားကြသူတွေ၊ စတုဒီသာမဏ္ဍပ်တွေနဲ့ စည်ကားလှပါတယ်။ အဲဒီမှာ ကားခဏရပ်လို့ ကျွန်တော်တို့ ရေကစားကြတယ်။ ပျော်စရာကြီးပါ။ လှည်းကူးသူတွေရဲ့ ဖော်ရွေတဲ့ စကား ပြီးတော့ လှပပြီး ချစ်စရာကောင်းတဲ့ အပြုံးတွေဟာ ကျွန်တော်တို့ရင်မှာ မကြာခင်က ရှိနေခဲ့တဲ့ မွန်းကျပ်နေတဲ့ ခံစားမှုတွေအားလုံးကို ငြိမ်းအေး ပယ်ဖျောက်စေခဲ့ပါပြီ။ ခုတော့ သင်္ကြန်အပျော် အငွေ့အသက်တွေကသာ မွန်းထုံလို့ နေပါတယ်။ လူငယ်တွေဆိုတော့လည်း ခံစားလွယ်ကြသည်ထင်ပါရဲ့။ ဒီလိုနဲ့ နှုတ်ဆက်ပြီး ပဲခူးမြို့ဘက်သို့ ဦးတည် ခရီးဆက် ကားထွက်ခဲ့တော့ ကားနောက်ပိုင်း နောက်ဖွင့်ပြား

ပေါ်မှာ ကျွန်တော်ရယ်၊ ခင်မြင့်ရယ်၊ လှအေးနဲ့ သာနိုး သူငယ်ချင်း လေးယောက် ခြေတွဲလောင်းချပြီး လိုက်ပါလာခဲ့ကြပါတယ်။ လမ်းတစ်လျှောက်စလိုက် နောက်လိုက်နဲ့ တဟေးဟေး တဟားဟား၊ ပျော်သလားမမေးပါနဲ့။

ဒါပေမယ့် အဲဒီအပျော်တွေဟာ အင်းတကော်ကိုလည်း ရောက်ရော ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်တော့တာပါပဲ။ သာနိုးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်ခဲ့ပြီလေ။ သူငယ်ချင်းတွေ လူစုခွဲပြီး စားသောက်ဆိုင်မှန်သမျှနဲ့ အိမ်သာ၊ ရေချိုးခန်းအဆုံး အင်းတကော်တစ်ဝိုက် ရှာဖွေခဲ့သော်လည်း ဘယ်လိုနည်းနဲ့မှ ရှာမတွေ့ခဲ့ပါဘူး။ ပါလာတဲ့ လူကြီးတွေလည်း မျက်နှာပျက်နေကြပြီး “ရှာကြပါဦး၊ ရှာကြပါဦး”လို့သာ ပြောနေကြတယ်။ ဘယ်နေရာ၊ ဘယ်မှာ ရှာရမလဲဆိုတာကိုတော့ ဘယ်သူမှ မသိနိုင်ကြပါဘူး။ အဲဒီတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ စလိုက်တယ်။ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်လိုက်တာက လာလမ်းတစ်လျှောက် နောက်ကြောင်းပြန်လှည့်ပြီး ရှာမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။ လူကြီးတွေကို စားသောက်ဆိုင်မှာ ခဏထားခဲ့ပြီး ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်လိုက်တယ်။

လမ်းတစ်လျှောက် ကားရပ်လိုက်၊ ဆင်းမေးလိုက်နဲ့ လာခဲ့ကြတာ အင်းတိုင်ကျော်တော့ သတင်းသဲ့သဲ့ရခဲ့ပါပြီ။ လူတစ်ယောက် ကားပေါ်က ပြုတ်ကျကျန်ခဲ့လို့ ဆေးရုံပို့လိုက်တယ်ဆိုတဲ့ သတင်းပါပဲ။ ကျွန်တော်တို့ ဘာမှ စဉ်းစားမနေကြတော့ပါဘူး။

“ကားဆရာ…လှည်းကူးဆေးရုံကို မောင်းပေးပါ။ သာနိုးဟုတ်,မဟုတ် ဆေးရုံရောက်မှ သိရမှာဆိုတော့ ကျွန်

www.burmeseclassic.com

မြန်လေးသာ မောင်းပေးပါ"

လို့ မေတ္တာရပ်ခံလိုက်ပါတယ်။

♦♦♦

လှည်းကူးဆေးရုံရောက်ခဲ့ပါပြီ။

သာနီးကိုလည်း လှည်းကူး ပြည်သူ့ဆေးရုံပေါ်မှာ တွေ့လိုက်ရပါပြီ။ ပတ်တီးတွေ ခေါင်းနဲ့ မေးကို သိုင်းထားပြီး လက်တွေ ခြေထောက်တွေမှာလည်း ပတ်တီးတွေက အပြည့်။

"စောစောကမှ သတိရတာ"လို့ ဆရာဝန်တွေက ပြောပါတယ်။

"ဩော်...မြင်ရချက် မသက်သာလိုက်တာ သူငယ်ချင်းရယ်"လို့ မြည်တမ်းရုံမှအပ ကျွန်တော်တို ဘာမှ မတတ်နိုင်ပါ။

"ကဲ - ငါတို့ ဘာဆက်လုပ်မလဲ" လို့ ခင်မြင့်က ကျွန်တော့်ကို မေးပါတယ်။

"အေး၊ ငါလည်း အဲဒါပဲ စဉ်းစားနေတာ။ ဒီလိုလုပ်ကွာ၊ မင်းတို့ခြောက်ယောက် ကားဆရာခေါ်ပြီး ပဲခူးရောက်အောင် သွားပါ။ ဘုရားဖူးခရီးစဉ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပါ။ ငါ နေခဲ့မယ်။ ပြီးတော့ သူ့အိမ်ကိုလည်း ငါပဲ ဖုန်းဆက်အကြောင်းကြားလိုက်မယ်။ စီစဉ်စရာရှိတာအားလုံး ငါဆောင်ရွက်ပေးပြီး နေခဲ့မယ်။ ကဲ - မင်းတို့ သွားကြတော့။ အင်းတကော်မှာ ကျန်ခဲ့တဲ့ လူကြီးတွေလည်း စိတ်ပူပြီး မျှော်နေကြရော့မယ်"

"ငါ မင်းနဲ့ နေခဲ့မယ် သူငယ်ချင်း။ မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား ကွာ"

လို့ လှအေးက တွေးတွေးဆဆ ဝင်ပြောတယ်။

"ဖြစ်ပါတယ် သူငယ်ချင်းရယ်။ အချိန်တွေ နောက်ကျနေပြီ။ ကဲ- မင်းတို့အားလုံး သွားကြတော့"

လို့ ပြောပြီး ကျွန်တော် ဆေးရုံ အပြင်ဘက်ကို လှမ်းထွက်လိုက်ပါတယ်။

အဲဒီတော့မှ သူတို့အားလုံး သာနီးကို တစ်ချက်ကြည့်ပြီး လိုက်ထွက်လာကြပါတယ်။

"ကဲ - သွားကြတော့ကွာ။ အားလုံး အဆင်ပြေအောင် ငါစီစဉ်တတ်ပါတယ်။ စိတ်အေးအေးထားပြီး သွားကြပါ။ ပဲခူးမြို့က တန်ခိုးကြီးဘုရားအရှေ့ရှေ့ရောက်ရင်သာ သာနီးအတွက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအပေါင်း ရန်အပေါင်း ကင်းဝေးပါစေလို့ ဆုတောင်းပေးကြပါ။ ငါ သာစုခေါ်နေပါ့မယ် သူငယ်ချင်းတို့ရယ်"

လို့ ပြောရင်း တလိမ့်လိမ့် လိမ့်ပြီး ထွက်သွားတဲ့ ကားလေးရဲ့ နောက်ကျောပြင်ကို ကျွန်တော် မျက်စိတစ်ဆုံးငေးမောကြည့်နေမိပါတယ်။

BURMESE CLASSIC .com

♦♦♦

မောင်သာနီးရဲ့ မထီမဲ့မြင် စကားတစ်ခွန်းကတော့ တစ်ခွန်းဆို တစ်ခွန်းဆိုသလောက် ပြီးမြောက်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော် သူ့ကို ကြည့်ပြီး စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရပါတယ်။ မနေတတ် မထိုင်တတ်ဆိုတာထက် နှုတ်ကျုံတော့ နှုတ်မရဆိုတဲ့ အဖြစ်မျိုးနဲ့ မကျော်သင့်တဲ့ စည်းတစ်ခုကို ကျော်ဖြတ်ခဲ့တာ မှန်ခဲ့လေတော့ မိမိပြုသည့်ကံ မိမိသာ ခံပေဦးတော့လို့ ပြောရုံမှ တစ်ပါး အခြားမရှိတော့ပါ။

တကယ်တွေးကြည့်ရင် အံ့ဩစရာ သိပ်ကောင်းပါတယ်။ ကားလေးရဲ့ နောက်ဖွင့်ပြားပေါ်မှာ ကျွန်တော်တို့ လေးယောက် အတူထိုင်နေခဲ့ကြတာပါ။ ကားပေါ်မှာ ပါလာကြတာကလည်း ကားဆရာနဲ့ဆိုရင် စုစုပေါင်း ၁၇ယောက်။ ဆန်းတာက သာနီး ခုလိုပြုတ်ကျကျန်ခဲ့တာကို ကျန်သူ ၁၆ယောက်တွင် တစ်ယောက်တလေမှ မမြင် မသိလိုက်ကြတာပါပဲ။ ပြုတ်ကျကျန်ခဲ့တာလည်း အမှန်ပါ။ တစ်ဦးတစ်ယောက်မျှ မတွေ့ မမြင်လိုက်ကြတာလည်း အမှန်ပါ။ တွေးကြည့်လိုက်တိုင်း ဘယ်လိုမှ မဖြစ်နိုင်တာကိုလည်း သိနေပါတယ်။ ဒါပေမယ့် သာနီးတစ်ယောက် ပြုတ်ကျကျန်ခဲ့ပါတယ်။

ဩော်...မမြင်အပ်သည့် ပရလောကဆိုသည်မှာ အံ့ဖွယ်များပါတကား။ မယုံသော်လည်း ကြုံခဲ့ရင် ပုံပြင်မဟုတ်သည့် ဆန်းကြယ်မှုတွေက များလှပါတကားလို့ တွေးတောရင်း လှည်းကူးမြို့ ဆေးရုံပေါ်မှ အနောက်တောင်ဘက်ခပ်ယွန်းယွန်း ရွှေညောင်ပင် ဘိုးဘိုးကြီး နတ်နန်းရှိရာသို့ မှန်းဆဦးညွှတ်လျက်...

"အမိုက်အမဲလေးမို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်သည်းခံပေးပါ ဘိုးဘိုးကြီးခင်ဗျာ"လို့ ကျွန်တော်· သူ့ရဲ့ ကိုယ်စား တောင်ပန်းတိုးလျှိုး ရှိခိုးနေမိပါတယ်။■

* * *

အောင်ငြိမ်းလှိုင်(ဥက္ကလာ)



www.burmeseclassic.com

www.burmeseclassic.com

# မခင်ရှေ့မှ လမ်းပြကြယ်

သာဓုမြေဘုန်းရှိန်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် နောက်ပါ ရဟန်းတော်များစွာနှင့်အတူ ဝေသာလီသို့ ကြွချီ ရောက်ရှိလာ၏။ မြတ်စွာဘုရားရှင် ကြွချီရောက်ရှိလာသော သတင်းသည် ကြီးစွာသော တောမီးအဟုန်ကဲ့သို့ ဝေသာလီတစ်တိုင်းလုံး ပျံ့၍ ဘုရားဖူးသွားသူများဖြင့် လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့တွင် အထူးစည်ကားနေတော့၏။

ဝေသာလီပြည်တွင် ဉစ္စာခနေပေါကြွယ်ဝလျက် ဝေဒပညာ၌ ပြည့်စုံစွာ တတ်မြောက်သော ဗြာဟ္မဏပုဏ္ဏားကြီး "မဟာသာလ"သည် ထင်ရှားကျော်ကြားသည်နှင့်အမျှ သူ၏ တစ်ဦးတည်းသော သမီးလေး "ရောဟနီ"မှာလည်း ရုပ်ဆင်း အင်္ဂါလှပခြင်းနှင့် လိမ္မာရေးခြားရှိမှုတို့ကြောင့် တစ်မြို့လုံးက သိနေကြသည်။ ထိုသမီးလေးက အဖော်အပေါင်းများနှင့် ဘုရားဖူးလိုက်ပါလိုကြောင်း ရိုသေလေးစားစွာ ခွင့်တောင်းလာသဖြင့် မဟာသာလ ပုဏ္ဏားကြီး မျက်နှာရှုံ့၍ ပြောလိုက်လေ၏။

"သမီးကကွယ် . . .ဒုက္ခရှာလို့၊ ကပိလဝတ်ဘုရင် သုဒ္ဓေါဒနရဲ့ သားက အသက်ငယ်ငယ်လေး ရှိသေးတာ။ သိဥ္စည်းဆရာကြီးများနဲ့စာရင် အများကြီး ငယ်သေးတယ်။ သိဥ္စည်းဆရာကြီးတွေကိုတောင် သဘောမတွေ့ခဲ့တဲ့ သမီးက ဒီသုဒ္ဓေါဒနသားဆီကို ဘာလို့ ချော်ချော်ချော်ခံသွားနေဦးမှာလဲ"

"မြွေပွေး၊ မြွေဟောက်နဲ့ မီးတို့ကို သေးသေးလေးရယ်လို့ အထင်မသေးအပ်ပါဘူး ဖခင်။ အလားတူစွာ လူမှာလည်း ငယ်ရွယ်တယ်ရယ်လို့ အထင်မသေးသင့်ပါ။ ဩဇာအာဏာနှင့် သီလ သမာဓိရှိလျှင် အလေးထားရပါမည် ဖခင်"

ဟု သမီးက ပြန်ပြောတော့ "ငါ့သမီးက အလာကြီးပါလား"ဟု တွေး၍ မဟာသာလ ပုဏ္ဏားကြီး သဘောကျသွားသည်။ သို့သော် သူ့ရင်ထဲ အသည်းထဲ၌ စွဲနေသော ယုံကြည်ချက်ကို မစွန့်နိုင်ဘဲ ပြောလိုက်လေ၏။

"သမီးရယ် . . .သူလိုကိုယ်လို လူ့သားက မွေးတဲ့ လူသားစစ်စစ်က ဘုရားဖြစ်တာမှမဟုတ်ဘဲ။ ဘုရားဆိုတာ အနန္တတန်ခိုးရှင်၊ ဖန်ဆင်းရှင်၊ ကယ်တင်ရှင် သမီးရဲ့ စကြဝဠာ ရေမြေတောတောင်နဲ့တကွ၊ လေးပါးသော လူမျိုးနဲ့ သတ္တဝါအနန္တတို့ကို ဖန်ဆင်းပေးနိုင်တဲ့ မဟာဗြဟ္မာကြီးကွဲ့"

"ဖခင်ပြောတဲ့ မဟာဗြဟ္မာကြီးဆိုတာ ဘယ်လိုပုံပါလဲရှင်။ အသံကရော သာယာပါရဲ့လား။ သမီး ဖူးတွေ့ချင်လိုက်တာ။ ပြီးတော့ ဟောကြားတဲ့ တရားတော်ကိုလည်း နာချင်
တယ် ဖခင်။ ဒါပေမယ့် သမီးမှာ တစ်ကြိမ်တစ်ခါမျှ ဖူးခွ
တရားနာခွင့်မရခဲ့ပါဘူး။ ယခုအခါ လူသားစင်စစ်ဖြစ်
ဘုရားကိုတော့ ဖူးခွင့်ပေးပါ။ တရားတော်ကို နာကြားခွင့်ပြု
ဖခင်။ ကိုယ်တိုင်ဖူးတွေ့ပြီး တရားတော်နာကို နာကြား
ဝေဖန်ပိုင်းခြားပါရစေ ဖခင်။ သမီးမှာ ဝေဖန်ပိုင်းခြားနိုင်
ပညာဉာဏ်ရှိတာကို ယုံရင် သွားခွင့်ပေးပါ ဖခင်"

ဟု ခယယ တောင်းပန်သောအခါ တစ်သက်လုံး
အလိုလိုက်၍ အကြိုက်ဆောင်ပေးခဲ့သော တစ်ဦးတည်
သမီးအလိမ္မာလေးအပေါ် မငြင်းဆန်ရက်တော့ဘဲ ခေါင်းညိတ်
လိုက်ရသည်။ တကယ်တော့ ခေါင်းသာ ညိတ်လိုက်ရသည်
မင်းစည်းစိမ်ကို အပြည့်အဝခံစားလာခဲ့ရသော မင်းသား
သိဒ္ဓတ္ထထံ၌ အဘယ်တရားထူးမျှ ရှိမည်မဟုတ်ဟု
တွေးမိလိုက်၏။

ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ ကစ္စာယ
အဇိတ၊ နာဋပုတ္တ စသည့် သက်ကြီးဝါကြီး ဘုရားကြီး
ကိုပင်လျှင် "တပည့်နောက်လိုက်တော့ များပါရဲ့ ဣန္ဒြေသိ
အရာ၌ ကြည်ညိုဖွယ်မရှိ၊ မိမိကိုယ်မိမိ အမွှမ်းတင်လွန်းသည်
ဟု ဘဝင်မကျဘဲ ပြန်လာခဲ့သော သမီးသည် ရေးနည်းတူ
စိတ်ပျက်လက်ပျက် ပြန်လာဦးမည်ဟု တွေး၍ သမီး
အလာမှာ အကဲခတ်ကြည့်ရသည်။

◆◆◆

ယခုတစ်ကြိမ်ပြန်လာပုံသည် ရှေးယခင်များက
လာပုံနှင့်မတူဘဲ စကားနည်းလျက် တည်တည်ငြိမ်ငြိမ်ရှိ
၏။ မျက်နှာသွင်ပြင်မှာလည်း မိုးသောက်ဦး ပွင့်သစ်စ
ကလေးနှင့်မခြား ကြည်လင် လန်းဆန်းနေသည်။

"ဘယ့်နှယ့်လဲ သမီးရဲ့။ အရင့်အရင်များကလို တွေ
ကြုံခဲ့ရတဲ့ ဘုရားတွေ၊ တရားတွေအကြောင်းကို ရယ်ရ
မောမောနဲ့ ပြောမဆုံးပေါင် တောသုံးထောင် မပြောတော့
လား"

ဟု တမူထူးခြားစွာ ပြောင်းလဲလာသော သမီး
မေးလိုက်၏။

"အို . . .ဖခင်၊ ယခု သမီး ဖူးမြော်ရသော ဂေါတမ
သည် ယခင်က တွေ့ရသော ဘုရားဆိုသူများနှင့် လုံးဝခြား
လှပါတယ်။ ယခု သမီးဖူးခဲ့ရသော ဘုရားရဲ့ တရားတော
အဆီအနှစ်တို့ကို ထား၍ ထိုဘုရားရှင်ရဲ့ ရူပကာယ အသ
တော်ကိုပင်လျှင် ဖခင်ရဲ့ မျက်စိမှာ မြင်ယောင်လာအောင်
ပြောမပြနိုင်စွမ်းပါ ဖခင်"

www.burmeseclassic.com

သကျသာကီဝင်မင်းမျိုးဖြစ်၍ အသားအရေစိုပြည်ဖြိုးအိနူးညံ့လျက် သိမ်မွေ့စွာ အသရေရှိနေမည်ကို ကြိုတင်တွက်ဆထားသော မဟာသာလ ပုဏ္ဏားကြီးသည် သမီးပြောသည့်အပေါ် စောဒကမတက်ဘဲ ငြိမ်နေလိုက်၏။ သို့သော် သမီးဖြစ်သူက ငြိမ်မနေ။ နောက်နေ့တွင်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားထံ အဖူးအမြော်သွားလိုပါကြောင်း ခွင့်တောင်း၍ အဖော်များနှင့်အတူ သွားပြန်သည်။ ပြန်လာသောအခါ သမီးမျက်နှာက ပို၍ကြည်လင် ဝင်းပလာသည်။ သမီးလေးမျက်နှာကို ကြည့်၍ မဟာသာလရင်ထဲမှာပါ ကြည်လင်လာ၏။ သို့ဖြင့် နောက်နေ့ ... နောက်နေ့များတွင် အလွယ်တကူ ခွင့်ပြုခဲ့သည်။

မြတ်စွာဘုရားရှင်ထံ တစ်ကြိမ်သွားရောက် ဖူးမြော်ပြီးကတည်းက သမီးသည် အိမ်ရှိ အလုပ်သမားများနှင့် ဆက်ဆံရာ၌ မေတ္တာစေတ်တွေ ပြည့်၍ နူးညံ့သိမ်မွေ့ ပျော့ပျောင်းလာ၏။ ဖခင်၏ ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း အရေးတယူဖြင့် ဆောင်ရွက်လာသည်။ ပို၍ ထူးခြားလာသည့်အရာလည်း ရှိနေသေး၏။ ဤသည်ကား "သမဏ ... သမဏ" ဟူ၍ တစ်ကိုယ်တည်း ဥဒါန်းကျူးသကဲ့သို့ ရွတ်ဆိုနေခြင်းတည်း။

ဗုဒ္ဓ၏ ရူပကာယ အသရေတော်ကို ကြည်ညိုလွန်း၍ ဗုဒ္ဓလိုလ်စွဲဖြင့် "ဗုဒ္ဓ ... ဗုဒ္ဓ" ဟု မြည်တမ်းနေလျှင်မူ ဘာမျှပြောဖွယ်မရှိ။ ယခုမူ ဗုဒ္ဓ၏ တပည့် သာမဏများကို မြည်တမ်းတူးရင့်နေခြင်းဖြစ်၍ အံ့သြလွန်းမက အံ့သြစွာ သမီးကို မေးမိသည်။

"သမီးရယ် ... သမဏ ... သမဏနဲ့ မြည်တမ်းနေတာ၊ အဲဒီ သမဏဆိုတာ ဘယ်သူများလဲ"

"သမဏဆိုတာ ဗုဒ္ဓရဲ့ သာဝကများ ဖြစ်ပါတယ် ဖခင်"


"အဲဒါဆို သပိတ်ကို ကိုင်စွဲပြီး အိမ်စဉ်မှာ ထမင်းလိုက်လံ တောင်းခံကြသူများပေါ့"

"မှန်ပါတယ် ဖခင်"

"အို ... ဒါဆို သူတောင်းစားများနဲ့ ဘာခြားတော့မှာလဲ သမီး။ ဗုဒ္ဓက အဲဒါကို မတားမြစ်ဘူးလား"

ဖခင် ပုဏ္ဏူးကြီးက အပြစ်တင်လိုက်၏။ ဤသည်ကို သမီးက ပြန်လည်ရှင်းပြသည်။

"ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် အိမ်စဉ်ရပ်ပြီး အကာ အကာမများ လောင်းလှူတဲ့ ဆွမ်းကို ခံယူပါတယ် ဖခင်။ သူ့တပည့် သာဝကများကိုလည်း ရဟန်းဖြစ်သည့်နေ့က စလို့ တစ်သက်လုံး ဆွမ်းခံခြင်းကို ကြောင့်ကြစိုက် မပြုလုပ်ရန် ညွှန်ကြားပေးထားပါတယ် ဖခင်"



သမီးပြောသည်ကို နားထောင်ပြီး မဟာသာလ ပုဏ္ဏားကြီးသည် မျက်နှာရှုံ့၍ ခေါင်းယမ်းလိုက်ပြီး ...

"သမီးရယ် ... မိမိဝမ်းစာအတွက် လူအများရဲ့ လုံ့လဝီရိယနဲ့ ရှာဖွေရရှိထားတဲ့ ထမင်းကို အလွယ်တကူ လိုက်လံခံယူ စားသောက်ခြင်းဟာ သင့်တော်ပါ့မလား။ လူများအပေါ် တင်တင်စီးစီး အခွင့်အရေးယူရာ ရောက်မနေဘူးလား"

၊ သမီးကို အဖြေခက်စေရန် ချောင်ပိတ်၍ မေးလိုက်၏။

"လူတွေဆီက မရမနေ အာဏာနဲ့ အတင်းအဓမ္မ အနိုင်အထက်ပြုမှု တောင်းယူခြင်းမဟုတ်တဲ့အတွက် တင်တင်စီးစီးအခွင့်အရေးယူတယ်လို့ မယူဆအပ်ပါဘူး ဖခင်။ သမဏများဟာ ငြိမ်းချမ်းစွာ တောင်းခံယူသူများ ဖြစ်ကြပါတယ်။ အိမ်ရှင်က မပေးလှူလျှင်လည်း ငြိမ်းချမ်းစွာ ထွက်ခွာသွားကြပါတယ်။ လောင်းလှူသမျှကိုလည်း အကောင်းအဆိုး အပျော့အမာ ခွဲခြားမနေဘဲ ခံယူစားသုံးကြပါတယ် ဖခင်"

သမီးပြောသည်ကို နားထောင်ပြီး ဗုဒ္ဓသည် သာကီဝင်မင်းမျိုးဖြစ်လျက် သူကိုယ်တိုင် နိမ့်ချသော စိတ်ရှိရုံမျှမက၊ တပည့် သာဝကတို့ကိုပါ ကျိုးနွံနိမ့်ချသော စိတ်ရှိအောင် ဆုံးမသူပါတကားဟု တွေးမိ၍ ချီးမွမ်းစကားဆိုလိုက်သည်။

"ဒီလိုတော့လည်း ကြည်ညိုစရာအကောင်းသားပါကလား"

ဖခင်ထံမှ ချီးမွမ်းစကားကို ကြားလိုက်ရသော သမီးက ကျေနပ်ဝမ်းသာ ဆက်ပြော၏။

"[illegible]မှာ အချိန်မပြတ် တရစပ် ပြုလုပ်ရတဲ့ ကိစ္စနှစ်ရပ်လည်း ရှိပါသေးတယ် ဖခင်။ တစ်ခုက ဗုဒ္ဓဟောကြား ဆုံးမတဲ့ တရားတို့ကို မှတ်သား သရဇ္ဈာယ်နေရခြင်း

www.burmeseclassic.com

ဖြစ်ပြီး တစ်ခုက ဗုဒ္ဓကျင့်စဉ်အတိုင်း သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်တဲ့ ဝိပဿနာတရားအကျင့်ကို ကျင့်ကြံအားထုတ်နေရခြင်းဖြစ်ပါတယ် ဖခင်။ ယင်းကိစ္စနှစ်ရပ်ကို မပြုကျင့်သော သာမဏာအား မြတ်စွာဘုရားရှင်က ပြင်းထန်စွာ ရှုတ်ချ ပြစ်တင်တော်မူပါတယ် ဖခင်"

"သမဏာတွေကို ဒါလောက်တောင် ချီးမွမ်းဂုဏ်ပြုနေပုံထောက်တော့ သမီးလေးကိုယ်တိုင်များ သာမဏာမလေး (ရဟန်းမလေး)ဖြစ်ချင်နေပြီလားကွယ်"

သမီးကို ချစ်စနိုးဖြင့် ရယ်သွမ်းသွေး၍ ကျီစယ်လိုက်သည်။ ဤသည်ကို သမီးက မရယ်မောဘဲ အတည်ပြန်ပြော၏။

"သမဏာတို့၊ ရဟန်းတို့ဆိုတာ ကမ္မဋ္ဌာန်းတရားကို ကောင်းစွာ အားထုတ်၍ ရာဂ၊ ဒေါသတို့ကို ကောင်းမွန်စွာ စွန့်ပယ်နိုင်ကြပါတယ်။ အကြားအမြင်လည်း ရှိ၊ တရားကိုလည်း သိဆောင်ကြပါတယ်။ တစ်ခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ တည်ကြည်သောစိတ်နှင့် သတိလည်း ရှိကြပါတယ်။ ပစ္စည်းဥစ္စာ စုဆောင်းခြင်းမရှိသကဲ့သို့ ငှက်ခြင်း၊ တွယ်တာခြင်းကင်း၍ တစ်နေရာမှ တစ်နေရာသို့ လွတ်လပ်ပေါ့ပါးစွာ သွားလာနိုင်ကြပါသည်။ ရွှေငွေဥစ္စာတို့ကိုလည်း ခံယူခြင်းမပြုဘဲ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည့် ပစ္စည်းလေးပါးမျှကိုသာ ခံယူကြပါသည်။ အမျိုးလေးပါးတို့မှ အသီးသီး ရဟန်းပြုလာကြသော သမဏာတို့သည် မိမိတို့၏ ဇာတိပုည ဂုဏ်မာနတို့ကို စွန့်ပယ်၍ အချင်းချင်း ညီညွတ်ချစ်ခင်စွာ နေထိုင်ကြရပါသည်။ အို···ကျေးဇူးကြီးလှပါသော ဖခင်၊ ခွင့်ပြုမည်ဆိုလျှင် သမီး သာမဏေမလေး(ရဟန်းမလေး) ဖြစ်ချင်ပါသည်"

မြတ်စွာဘုရားရှင်ထံ တစ်ကြိမ်သွားရောက် ဖူးမြော်၍ တရားတော်ကို နာကြားပြီးသည်မှစ၍ သံသရာမှ လွတ်မြောက်ရာ လမ်းစဟု ဆိုအပ်သော သောတာပန်အဆင့်သို့ ရောက်ခဲ့ပြီဖြစ်သော သမီးက တောင်းပန်သည်။

သမီးထံမှ လုံးဝ မျှော်လင့်တွေးထင်မထားသော စကားကို ကြားလိုက်သည့် ပေါသာလ ပုဏ္ဏားကြီးမှာ ကိုယ့်နားကို မယုံကြည်နိုင်အောင်ဖြစ်ကာ တုန်လှုပ်ထိတ်လန့်ခြင်းကြီးစွာဖြင့် ဒရောသောပါး ပြောလိုက်လေ၏။

"အို···ဘယ်လိုပြောလိုက်တာလဲ သမီး။ အဖေတို့မျိုးရိုးဟာ မြင့်မြတ်တဲ့ မဟာဗြဟ္မာကြီးက ဆင်းသက်လာတယ်ဆိုတာကို အသိသားနဲ့။ ဘာကြောင့် မဟုတ်မဟပ်တာတွေကို စိတ်ကူးရတာလဲ"

လို့ ပြောပြီး သမီးကို စူးစူးနစ်နစ်ကြည့်သည်။ သမီးက ဖခင်ကြီးကို လေးလေးစားစား ပြန်ကြည့်ပြီး ရိုရိုသေသေ ပြန်ပြော၏။

"သတ္တဝါတစ်ဦးတစ်ယောက်အတွက် မျိုးရိုးဗီဇက အဓိကမဟုတ်ပါဘူး ဖခင်။ အကျင့်သီလကသာ အဓိကပါ"

တစ်လောကလုံးတွင် သန့်စင် မွန်မြတ်သော အမျိုးကောင်းသားဟု ဆိုပါသော်ငြား အကျင့်မကောင်းပါက ကဲ့ရဲ့ပြစ်တင်ရှောင်ကြဉ် ကျောခိုင်းတတ်ကြသည်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်နေသော မဟာသာလ ပုဏ္ဏားကြီးသည် သမီးပြောစကားကို မငြင်းသာ မငြင်းနိုင်ဘဲ ငိုင်နေမိ၏။ ထို့ကြောင့် သမီးက ပြောလိုက်ပြန်သည်။

"ဗုဒ္ဓက ဗြဟ္မာအစစ်တို့ရဲ့ အကျင့် ဂုဏ်ကိုလည်း ဟောကြားတော်မူလိုက်ပါသေးတယ် ဖခင်"

ဟု ပြောလိုက်သောအခါ တအံ့တသြကြည့်လိုက်မိပြီး···

"ဗြဟ္မာမျိုးမဟုတ်တဲ့ သကျဗုဒ္ဓက ဗြဟ္မာတရားကို ဟောတယ်ဆိုတာကတော့ လွန်လွန်းပြီထင်တယ် သမီး။ သူ ဘယ်လိုလုပ် ဟောနိုင်မှာလဲ"

ဟု မေးခွန်းထုတ်သည်။

"ဟောနိုင်ပါတယ် ဖခင်။ မယုံဘူးဆိုရင် သမီးမှတ်မိသရွေ့ ပြန်ပြောပြပါမယ်"

ဟု နိဒါန်းချီလိုက်ပြီး ဗုဒ္ဓဟောကြားတော်မူသော ဗြဟ္မာအစစ်တို့၏ အကျင့် ဂုဏ်ကို ပြောပြသည်။

(၁) အကြင်သူသည် မကောင်းမှုဟူသမျှတို့ကို အပပြုပြီးဖြစ်ခြင်း၊

(၂) တဟုန်းဟုန်းသော မာန်မာနမှ ကင်းခြင်း၊

(၃) သီလစောင့်ထိန်း၍ သမထ ဝိပဿနာ နှစ်ဖြာသော အကျင့်ရှိခြင်း၊

(၄) ကိလေသာအငြိအစွန်းမှ ကင်းစင်ခြင်း၊

(၅) အရဟတ္တဖိုလ်သို့ ရရောက်ပြီးခြင်း၊

(၆) မှန်ကန်သောအကျင့်ကို ကျင့်သုံးပြီးခြင်း၊

(၇) ရာဂ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိဟူသော တရားများ မရှိခြင်း···

"စသည့် တရား ဂုဏ်နှင့် ပြည့်စုံသူဖြစ်၍ ဗုဒ္ဓသည် သူကိုယ်သူ ဗြဟ္မာအစစ်ဖြစ်၏ဟု ရဲရဲဝံ့ဝံ့ ဝန်ခံ ကြေညာပါသည်။ မိမိကိုယ်မိမိ ဗြဟ္မာဟူ၍ မျိုးရိုးစဉ်ဆက်အရ ခံယူထားသော ဖခင်သည် အဆိုပါ ဗြဟ္မာစစ်စစ်၏ ကျင့်ဝတ်ဂုဏ်ဖြင့် ပြည့်စုံပြီးဖြစ်ပါ၏လော"

မဟာသာလ ပုဏ္ဏားကြီးမှာ ဘယ်လိုပြန်ဖြေရမည်

www.burmeseclassic.com

ဆိုတဲ့၊ ပါးစပ်အဟောင်းသားဖြင့် သမီးကို ကြည့်နေမိ၏။ အတော်ကြာမှ ခေါင်းရမ်း၍ ပြောနိုင်သည်။

"အမှန်ကို ဝန်ခံရရင်တော့ သမီးရယ်၊ ဖခင်မှာ အဲဒီအချက်တွေနဲ့ မပြည့်စုံသေးပါဘူး"

"အဲဒါဆို သမီးနဲ့ ဖခင် ဗြဟ္မာအစစ်စစ်ဖြစ်အောင် ကြိုးစားပြီး ကျင့်ကြံအားထုတ်ကြပါစို့လား ဖခင်။ သမီးကို ဘိက္ခုနီ(ရဟန်းမ)ပြုခွင့်ပေးပြီး ဖခင်ကိုယ်တိုင်လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓ၏ တရားတော်ကို လည်းကောင်း၊ ဗုဒ္ဓ၏ သာဝက သမဏတို့ကို လည်းကောင်း ဆည်းကပ်ရာဟူ၍ ကိုးကွယ်ပါလော့။ အာသဝေါတရားတို့ ထင်းရာကုန်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အားထုတ်ပါလော့"

ဟု ရိုသေစွာ တိုက်တွန်းသည်။

သမီး ရောဟနီ၏ မေတ္တာ စေတနာ စကားလုံးများက ဖခင် မဟာသာလ၏ နှလုံးသားကို ပီတိဖြင့် ထုံမွမ်းစေလျက် ကြက်သီးဖျင်းဖျင်းထသွားစေတော့၏။ တော်လိုက်တဲ့ သမီး။ အာဂသမီးပါလားဟူသော အကြည့်ဖြင့်လည်း သမီးကို မြတ်မြတ်နိုးနိုးကြည့်၍ ကတိပေးလိုက်သည်။

"အို…ချစ်သမီး ရောဟနီ၊ ဖခင်သည် အမျိုးအနွယ်အားဖြင့် အစဉ်အဆက် ခေါ်ဝေါ်သမုတ်ခဲ့သော ဗြဟ္မဏအဖြစ်မှ ပရမတ္ထ ဗြဟ္မအစစ်ဖြစ်အောင် ကြိုးပမ်းကျင့်ဆောင်ပါတော့အံ့။ ချစ်သမီးလည်း မှန်မြတ်သော ဗုဒ္ဓ၏ ဓမ္မတို့ကို ကျင့်ကြံအားထုတ်နိုင်စေခြင်းငှာ ဘိက္ခုနီပြုပါလော့"

သမီး ရောဟနီက ဖခင်၏ ခြေအစုံကို ဝမ်းမြောက်ဝမ်းသာ ရှိခိုးကန်တော့လိုက်လေ၏။

"ဖခင်ကို ဓမ္မအလင်းရောင်ပေးတဲ့ သမီးလေးကို ကျေးဇူးတင်ပါတယ်ကွယ်။ ကျန်းမာချမ်းသာစွာနဲ့ ဗုဒ္ဓရဲ့ တရားထူး တရားမြတ်ကို အမြန်ဆုံး ရရှိနိုင်ပါစေ"

မဟာသာလ ပုဏ္ဏားကြီးက ဝမ်းသာပီတိ စေတနာအပြည့်ဖြင့် ဆုတောင်းမေတ္တာပေးလိုက်သည်။

* * *

သာဓုမြေဘုန်းရှိန်


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက်နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟောစာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံးများကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်းစသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက်ပေးခြင်း, ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကိုနာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါကဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်းအကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန်နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများစုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမောသော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ်ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင်ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရမည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်းများ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲလျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါသည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေးမည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 0949 312100 , 0949 320960, 01-73009994, 0951 52521





www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတွေလှ ကျောက်ဆည်ရွာ

ဗေဒသုတေသီ ဆရာမျိုး



ဝေနေယျမွေ့သုခ အောင်ချမ်းသာစေတီ

(၁)

**နိဒါန်း**

ကျွန်ုပ်သည် တစ်နေ့သ၌ ရွှေညောင်ဖူး ကျောက်ချပ်ရွာမှ ဦးညွန့်မောင်၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာသို့ ကိုဖိုးတုတ်၏ မြင်းလှည်းဖြင့် လိုက်ပါလာခဲ့လေ၏။ ထို့နောက် ရွာလယ်မှ စေတီညီနောင်၏ ဘုရားဒါယကာတစ်ဦးဖြစ်သူ ဦးစိုးတင့်နှင့် တွေ့ဆုံခဲ့ပါလေ၏။ ဦးစိုးတင့်မှ ကျွန်ုပ်အား ဂုဏ်ပြုကာ စကားပြောလိုက်သော ကြိုဆိုပြီးလျှင် လက်ဖက်ရည်၊ မုန့်များနှင့် ညှော့ခံ၍ ကျေးရွာ ဂေါပကအဖွဲ့အဝင်များကို အမြန်ဆုံး စုစည်းလိုက်ပေ၏။ ထို့နောက် ကျွန်ုပ်တို့အဖွဲ့သည် လူအင်အားတောင့်တင်းစွာဖြင့် ရှေးဟောင်းသမိုင်းဝင်စေတီညီနောင်သို့ ချီတက်ခဲ့ကြပေ၏။

**ကျောက်ဆည်ရွာ၏ ဓမ္မာရုံ**


ထို့နောက် ကျွန်ုပ်တို့အဖွဲ့သည် နှစ်ဆူပေါက်စေတီညီနောင်ဝင်းအတွင်း အလွန်အင်မတန် တင့်တယ်လှပခံ့ညားပါလေသော ဓမ္မာရုံတော်သစ်ကြီး၌ စုစည်းပိုင်းဖွဲ့ဖြစ်ကြပါလေ၏။ ဓမ္မရိပ်သာ၏ မှတ်ဦးအလှူရှင်မှာ မြန်မာသက္ကရာဇ် ၁၃၆၉ ခု၊ ခရစ်သက္ကရာဇ် ၂၀၀၇ ခုနှစ်တွင် နှစ်ဖက်သောမိဘများကို ဦးထိပ်ထားလျက် ကျောက်ဆည်ရွာ ကိုဝင်းဆွေ-မကြူကြူ၊ သမီး မအေးမြတ်မွန် မိသားစုကောင်းမှုဖြစ်ပါလေ၏။ အဝင်ဝ သံတံခါးအလှူရှင်မှာ ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်မှ ကိုဆန်းဦး-မရီရီဝင်း၊ သမီး ယုဇနဆန်းဦး မိသားစုဖြစ်ပါလေ၏။ ဓမ္မာရုံတော်အတွင်း၌ အင်မတန်မှ သပ္ပာယ်တင့်တယ်ပါလေသော ထိုင့်တော်မူ ရုပ်ပွားတော်သုံးဆူသည် လက်ရာမြောက်လှစွာသော ပလ္လင်တကဲအသီးသီးနှင့်အတူ စံမြန်းတော်မူကြ

www.burmeseclassic.com

ပါလေကုန်၏။

လက်ဝဲဘက်အစွန်းမှ ရုပ်ပွားတော်သည် နဂိုဟ်ရွာ ဟောင်းစေတီအတွင်းမှ ဘုရားဖြစ်ပေသည်။ ရုပ်ပွားတော်နှင့် တံကဲအလှူရှင်မှာ ကျောက်ဆည်ရွာ ဦးဖိုးခြိ၊ နှမ ဒေါ်တင်ညွှန့် ကောင်းမှုဖြစ်ပေသည်။ ပလ္လင် ဒါယိကာမမှာ ဒေါ်လုံးဖြစ်ပေ သည်။ နံဘေးမှ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်သော နတ်မင်းနှစ်ပါး၏ အလှူရှင်များမှာ ကိုဝင်းဆွေ-မကြူကြူ၊ သမီး မအေးမြတ်မွန်နှင့် ဦးမြသောင်း-ဒေါ်ခင်ရီ၊ နှမ ဒေါ်စိန်ရင် ကျောက်ဆည်ရွာတို့ ဖြစ်ပေသည်။ လက်ယာဘက်အစွန်

ရှေးဟောင်း တံတိုင်းကိုတော့ ကျောက်ဆည်ရွာသား ဗိုလ်ကြီး စိန်လွင်က ပြုပြင်ခဲ့တာပါ။ အောင်မောင်(အညာသား)ဆိုတဲ့ ကလောင်အမည်ရ စာပေပညာရှင်တစ်ဦးဖြစ်ပါတယ်။ ယခု တော့ ကွယ်လွန်သွားခဲ့ပါပြီ။ အုတ်အနေအထားအရ အင်းဝ ခေတ်ကလို့ ခန့်မှန်းသိရှိရပါတယ်။ ကျွန်တော်တို့ ဒီရွာသစ် ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀ကျော် ၂၀၀ နီးပါးကမှ တည် ဖြစ်ခဲ့တာပါ။ ဟိုဘက်က ဘုရားပျက်အုပ်စုက နဂိုက ကျောက်ဆည်နေရာဖြစ်ပါတယ်။ အဲဒါကို ပျော်ဘွယ်သူကြီး ဦးမှုံက ရေဒဏ်မိုးဒဏ်အတွက် ဒီဘက်ကို ရွှေ့လာခဲ့တာ



မြေသားအတိတောင်ပို့ကြီးဖြစ်လုနီးပါး

ရုပ်ပွားတော်မှာ တိုးနယားနှစ်ကောင် ခံဆောင်ထားပြီးလျှင် ပလ္လင်တံကဲနှင့် ဘုရားဒါယိကာမမှာ ဒေါ်အေးရီဖြစ်ပေသည်။ နတ်မင်းကြီးနှစ်ပါးအလှူရှင်မှာ လှိုင်လင်မြို့မှ ကိုဝင်းရွှေ-မမှုမှု ဖြစ်ပေသည်။ အလယ်ပင်မ ရုပ်ပွားတော်ကြီးတွင် ရုပ်ပွားတော်ငယ် ဂုဏ်နှင့်အတူ ရှင်သီဝလိရဟန္တာ၊ ရှင်ဥပဂုတ္တ ရဟန္တာနှင့် နတ်ပြဟ္မာများစွာ ခြံရံပါရှိလျက် တံကဲနောက်ခံ တွင်လည်း သာသနာစောင့် နတ်မင်းကြီး လေးပါးနှင့် နဂါး နှစ်ကောင် ခြံရံစောင့်ရှောက်လျက်ရှိပေသည်။


ဂေါပကအဖွဲ့ဝင်များနှင့် ဝိုင်းဖွဲ့ဆွေးနွေးဖြစ်ကြရာတွင် "ဒီအုတ်တံတိုင်းက ၁၃၅၈ ခုနှစ်က ပြုပြင်ထားတာပါ။ အရင်

ပါ။ ရွာမရွှေ့ခင်ကတည်းက စေတီနှစ်ဆူရှိနေလို့ "နှစ်ဆူပေါက် ရွာ"လို့ ခေါ်ခဲ့ပါတယ်။ ဒါပေမယ့် နှစ်ဆူပေါက်ရွာရယ်လို့ အမည်မတွင်ခဲ့ဘဲ ဟောဒီ ကျောက်ဆည်ကန်ကြီးကို အမှီပြု ပြီး "ကျောက်ဆည်ရွာ"ရယ်လို့ပဲ အမည်တွင်ရှိခဲ့ပါတယ်။ ဒီရွာမှာ ရွာဦးကျောင်းနဲ့ မူလတန်းလွန်ကျောင်းတစ်ကျောင်း ပါဝင်ပြီး အိမ်ခြေ ၁၈၅လုံး ရှိပါတယ်။ မြောက်ဘက်မှာလည်း ရှေးဟောင်းဘုရားတစ်ဆူရှိပါသေးတယ်။ ကျွန်တော်တို့ရွာမှာ ဂေါပကအဖွဲ့အစည်းရယ်လို့ သီးသန့် တရားဝင်ဖွဲ့မထားဘဲ ဆန္ဒရှိသူက ဦးဆောင်ပြီး စုပေါင်းအကျိုးဆောင်စနစ်ကို ကျင့် သုံးပါတယ်။ ဘုရားပရဝဏ်ဧရိယာကတော့ နှစ်ဧကခန့်ရှိပါ




www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဖက်အရံစေတီ(၃)ဆူ



ကိုးတောင်ပြည့်စေတီနှင့် တံခွန်တိုင်

တယ်။ ဆရာတော် ဦးကောသလ္လရဲ့ တရားတော်ထဲက ဘုရားတည်နည်းကို မှီပါတယ်။ ထီးတင်ပွဲမှာ သံဃာ့မဟာနာယက အဖွဲ့ဝင်များအပါအဝင် သံဃာ ၆၆ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ဆီမီးတစ်ထောင်၊ ရေတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆွမ်းတစ်ထောင်၊ သစ်သီးတစ်ထောင် အစရှိသဖြင့် ထောင်ငါးလီအစီအစဉ်ဖြင့် ကပ်လှူပူဇော်လာခဲ့တာ ၃၂ကြိမ်ရှိပြီဖြစ်ပါသည်။

သည်စေတီနှစ်ဆူကို ပြုပြင်တဲ့ ဘုရားဒါယကာဟာ သက်ဆိုးမရှည်ဘူးဆိုတဲ့ ကောလာဟလသတင်းအရ ဘယ်သူမှ မပြုပြင်ရဲဘဲ ရှိနေခဲ့တာကို ဦးစိုးတင့်ကနေပြီး ဘုရားတည်လို့ သေမယ်ဆိုရင် ဆယ်ခါပြန် သေစမ်းပါစေ၊ လူ့ဘဝမှာ အဓိပ္ပာယ်မဲ့ အကုသိုလ်တွေနဲ့ အနှစ် ၁၀၀ အသက်ရှင်နေထိုင်ရတာထက်စာရင် ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ဘုရားဒါယကာအဖြစ်နဲ့ တစ်ရက် အသက်ရှင်ရတာက ပိုပြီး မွန်မြတ်တယ်ဆိုတဲ့ ခံယူချက်နဲ့အတူ သာသနာ့အာဇာနည်စိတ်ထားနဲ့ ပြုပြင်ခဲ့တာပါ။ အခု ဦးစိုးတင့်ဟာ အသက်အန္တရာယ်မရှိတဲ့အပြင် အနာရောဂါကင်းစင်ပြီး ကျန်းမာရေးကောင်းမွန်တဲ့အပြင် စီးပွားဥစ္စာလည်း ဒီရေအလားတိုးတက်လာပြီး စပါးစက်တစ်လုံးကိုပါ ပိုင်ဆိုင်လာခဲ့ပါတယ်"

www.burmeseclassic.com




ညီတော်စေတီနှင့် ဦးစိုးတင်၊ ဦးခြို၊ ဦးချစ်သန်း

## နောင်တော်စေတီ


စာရေးသူတို့ ဝိုင်းဖွဲ့စကားပြောနေစဉ်အတွင်းမှာပဲ ဦးစိုးတင့်ရဲ့ ဇနီး ဒေါ်ခင်စန်းတင့် ဦးဆောင်တဲ့ အမျိုးသမီးအဖွဲ့ဟာ အိုးကြီးအိုးငယ် ပန်းကန်ခွက်ယောက်များကို သယ်ဆောင်လာကြပြီး ဓမ္မာရုံအတွင်းမှာ ထမင်းပွဲပြင်ဆင်လို့ အားလုံး တပျော်တပါး ထမင်းလက်ဆုံ အတူစားဖြစ်ကြပါတယ်။ ထို့နောက် ဘုရားဝင်းအတွင်း လှည့်ပတ်ဖူးမြော်ကြလေရာ ပထမဦးဆုံး စတင်ဖူးမြော်ကြသည်မှာ နောင်တော်ကြီးစေတီဖြစ်ပေသည်။ ထီးဒါယကာအဖြစ် ကျောက်ဆည်ရွာ ကိုနေဝင်း-မအေးမြင့်တို့မှ ၁၃၇၀ ခု၊ နတ်တော်လပြည့်တွင် တင်လှူထားခြင်းဖြစ်ပေသည်။ နောင်တော်စေတီ၏အာရုံခံတိုက် တဝဂ္ဂပုံစံ မုခ်ဦးတွင် နဂါးနှစ်ကောင်နှင့် ဝိဇ္ဇာဇော်ဂျီ စောင့်ရှောက်လျက် အထက်တွင် ပစ္စယံသုံးဆင့် အရန်စေတီလေးဆူ၊ ပန်းအိုးရှစ်လုံး၊ မနုသီဟ လေးကောင်ပါရှိပြီး စေတီတော်အား ဘီလူးရှစ်ကောင်ခြံရံလျက်ရှိပါသည်။

"ဒီနောင်တော်ကြီးစေတီတော်က ရှေးဟောင်းလက်ရာဖြစ်ပြီး ကျွန်တော်တို့က အပေါ်ပိုင်းကိုပဲ အနည်းငယ် ပြုပြင်ခဲ့ရပါတယ်"



အဘယမုဒြာရုပ်တော်မှုရုပ်ပွားတော်

www.burmeseclassic.com




ဓမ္မစကြာမုဒြာ

## ညီတော်စေတီ

"ဒီညီတော်စေတီကတော့ အုတ်ပုံပဲ ကျန်ခဲ့တဲ့အတွက် ကျွန်တော်တို့ အစအဆုံး ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရတာပါ။ မူလက "အဘယ လာဘမုနိ အေးချမ်းသာစေတီ" လို့ ဆရာတော်ကြီးက ဘွဲ့တော်ပေးတဲ့အချိန်မှာ ညဘက် အိပ်မက်ထဲမှာ ဒီဘွဲ့နဲ့ဆိုရင် မအောင်မြင်နိုင်ဘူးလို့ ပြောသံ ကြားတာနဲ့ "ဝေနေယျဓမ္မသုခ အောင်ချမ်းသာစေတီ"လို့ ဘွဲ့တော်အပ်နှင်းခဲ့ရပါတယ်။ ၁၃၇၀ ခု၊ ကဆုန်လပြည့်နေ့မှာ စတင် ပန္နက်ချဖြစ်ပြီး ဥရက်အတွင်းမှာ ပန္စယံသုံးဆင့်ပြီးပါ တယ်။ နတ်တော်လပြည့်နေ့ နံနက် ၃နာရီမှာ အောင်မြင်စွာ ထီးတော်တင်လှူနိုင်ခဲ့ပါတယ်။ ကုန်ကျစရိတ်ကတော့ သိန်း ၁၂၀ပါ"

ရေးအခါ ပုဗ္ဗေစအလုပ်ခြေကျ သူတော်ကောင်းတရား နှင့် ယှဉ်မြော်မများ ခေတ်မစောင်းရအောင်၊ ခေတ်ကောင်းသည့် အခါဝယ် ၁၃၇၀ ခု၊ ကဆုန်လပြည့်နေ့၊ ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဥတ္တမ သက်တော် ၈၅နှစ်၊ ဝါတော် ၆၅ကို ဦးထိပ်ထား၍ သာသနာ့ အကျိုးဆောင် ဦးစိုးတင့်၊ ဦးချစ်သန်း၊ ဦးချုံ၊ ဦးတင်အောင်၊ ဦးအောင်ခင်တို့ ဦးဆောင်ကာ ပဌာန်းအဖွဲ့ဝင် ၂၀ကျော်၊




သိမ်ဦးစေတီနှင့် ဦးဩသ၊ ဦးပဏ္ဍိစ

www.burmeseclassic.com

မွေစကြာအဖွဲ့ဝင် ၂၀ကျော်၊ ကျေးရွာသူ ရွာသားများ၊ အဝေးရောက် ဂုရက်သားသမီးများပါမကျန် စုပေါင်း၍ သဒ္ဓါတရား ကြည်သိစွာဖြင့် ပါဝင်လှူဒါန်းကြပြီး အနီးရှိ ကျေးရွာသားများနှင့် ဆန်းရုံဆရာ ဦးလှအောင်(ခေါင်းဆေးကန်ကျေးရွာ၊ မလှိုင်မြို့) တို့ တွဲဖက်၍ လုပ်အားဒါန ပါဝင်ဆောင်ရွက်ကာ ရှေးဟောင်း စေတီတော်မြတ်ကြီးအား စတင်ပြုပြင်ခဲ့ကြလေသည်။

ရှေးဟောင်းစေတီတော်မြတ်ကို ဘိုးဘွားတို့က ဤနေရာ၊ ဤဒေသတွင် သာသနာထွန်းကားခဲ့ကြောင်းကို အနာဂတ် ရွာသူရွာသားများ သိစေလို၍ ဆက်လက်တည် ထားခဲ့ပါသည်။ ဘိုးဘွားအမွေခံယူကာ ကောင်းမှုများ ရယူလို ခြင်း၊ လှူနတ်ပြဟ္မာသတ္တဝါများ ပူဇော်ပွားများစေလိုခြင်း၊ နောင် သားစဉ်မြေးဆက် သဒ္ဓါတရားတိုးပွားစေခြင်း၊ သီလ သမာဓိ ပညာတိုးပွားကာ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်မှု မလျော့ စေလိုခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ၁၃၇၀ ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပန္နက်ချ၍ စတင်ပြုပြင်ခဲ့ပြီး နတ်တော် လတွင် ထီးတော်နှစ်ဆူ တင်လှူပွဲကို အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ကြပါသည်။

ဦးစိုးတင့်ထံမှ မူလစေတီတော် အုတ်ပုံမြင်ကွင်းနှင့် ဗုဒ္ဓပနာထည့်သွင်းပူဇော်ရာ ဌာနတို့ကို ထပ်ဆင့်ကူးယူဖြစ်ပါ



နဂါးရုံဘုရား




ရှေးမူမပျက် အောက်ခြေပစ္စယံအဆင့်ဖော်ထိန်းချုပ်ခြင်း




www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံတွင်းမှ ရုပ်ပွားတော်သုံးဆူ



တံခွန်တိုင်စေတီတော်

လေ၏။ ညီတော်စေတီ၏ လက်ရှိ ဉာဏ်တော်မှာ ၃၅တော
ဖြစ်ပေသည်။ အောက်ခြေတွင် ပန်းတင်ခုံ၊ ၎င်းအထက်တွ
ပစ္စယံသုံးဆင့်နှင့် ရှစ်မြောင့်ရှစ်ထောင့်ချိုးထားပြီး အရန်စေ
ရှစ်ဆူနှင့် ပန်းအိုးရှစ်လုံးပါရှိကာ မုခ်လေးမုခ် ရုပ်ပွားတေ
လေးဆူ ခံဆောင်၍ အထက်စေတီတော်တွင် ဘီလူး
ကောင် စောင့်ကြပ်လျက်ရှိပါသည်။

မြောက်ဘက် ရုပ်ပွားတော်အလှူရှင်အဖြစ် ကျော
ဆည်ရွာမှ ဦးထွန်းမြင့်-ဒေါ်ဝိုင်းကြည်၊ အရှေ့ဘက် ရုပ်
တော်၏ အလှူရှင်အဖြစ် ကျောက်ဆည်ရွာမှ ဦးလှ
ဒေါ်အေးရီ၊ တောင်ဘက် ရုပ်ပွားတော်အလှူရှင်အ
ဦးသက်တင်-ဒေါ်ခင်စန်းမို၊ အနောက်ဘက် ရုပ်ပွားတေ
အလှူရှင်အဖြစ် ကျောက်ဆည်ရွာမှ ဦးမြသောင်း-ဒေါ်
တို့ ဖြစ်ကြပါသည်။

အနောက်မြောက်အရပ် ပန်းတင်ခုံ အရန်စေတီအ
ရှင်အဖြစ် ကျောက်ဆည်ရွာ ကိုရဲငွေလင်း-မသီတာခိုင်၊ သ
နန်းကလျာခိုင်၊ မနှင်းပွင့်လင်းနှင့် အထက်ပစ္စယံ အရန်စေ
အလှူရှင်အဖြစ် လျော်ပင်ရွာ ဦးမော်ဘီ-ဒေါ်သိန်းရ
ရည်စူး၍ ဒေါ်ခင်စန်းတင်၊ သား အောင်သန်းဦး၊ ဝေ
(ခေတ္တမလေးရှား)၊ သမီး မျိုးသဇင်တို့မှ လည်း

စာမျက်နှာ(၁၉၇)သို့

www.burmeseclassic.com

အချိန်အားဖြင့် ၁၉၆၇ခုနှစ်က ဖြစ်သည်။

အမရပူရမြို့နယ် ပြည်သခင်ကြီး ကျေးရွာ၏ ပုထိုးတော်ကြီးဘုရားရှေ့တွင် အမျိုးသမီးတစ်ဦးမှာ ညှိုးငယ်သော မျက်နှာ၊ စိတ်နှလုံးမချမ်းသာသည့်အသွင်ဖြင့် ဘုရားဝတ်ပြုရင်း နှုတ်မှ တတွတ်တွတ် ဆုတောင်းနေသည်ကို တွေ့မြင်နေရသည်။ အဘယ်သို့သော သောကကို ရင်ဝယ်ပိုက်၍ စိတ်ထိခိုက်နေရသော အမျိုးသမီးငယ် ခံစားနေရရှာပါလိမ့်။ မြင်ရသူတို့၏ ဘဝင်နှလုံးတွင် ကိုယ်ချင်းစာနာစိတ်ကြောင့် ရှုရှုးစိုက်စိုက်ပင် ရပ်မကြည့်နိုင်ပါလေတော့။

သူမ၏ ရုပ်ရည်မှာ အသားအရည်ဝင်းဝါစိုပြေလျက် ပါးအို့နှစ်ဖက်တွင် သနပ်ခါး ပန်းနုရောင်ပြေးနေသည်။ သို့သော်ငြား အသားအရည်နှင့် မျက်နှာအလှက ဖုံးလမင်းအား တိမ်သလ္လာဖုံးသည့်နှယ် ညှိုးငယ်နွမ်းလျနေရှာသည်လေ။ စင်စစ် သူမက အညာဒေသသူ တစ်ဦးကားမဟုတ်၊ မြောက်ပိုင်း ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့အနီးရှိ ရှမ်းရွာလေးတစ်ရွာတွင် မွေးဖွားကြီးပြင်းလာခဲ့သူ ရှမ်းအမျိုးသမီး စောနန်းထွေးဆိုသူပင် ဖြစ်ပါလေ၏။ အဘယ်ကြောင့် ရှမ်းမလေး စောနန်းထွေးမှာ မြန်မာပြည်အလယ်ပိုင်း အညာဒေသ၏ ရွာတစ်ရွာတွင် ရောက်ရှိနေဘိသနည်း။ အနီးပြသနာမှာ အထူးအဆန်းတော့

# လှူဘဝသည်သာလျှင်

အလင်္ကာသူရ





www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ ပြောရလျှင် မြန်မာပြည်ဓလေ့ထုံးစံအရ သျှောင်နောက် ဆံထုံးပါရိုးပင် မဟုတ်ပါလား။

စောနန်းထွေးက ပုထိုးတော်ကြီးဘုရားအား ဦးခိုက်ကန်တော့ပြီးနောက် ဘုရားရင်ပြင်တော်မှ ထွက်ခွာလာကာ အရှေ့မြောက်ဘက်ဆီ သို့ လေးတွဲသော ခြေလှမ်းများဖြင့် ဆက်လျှောက်သွားပြန်လေတော့သည်။ မြတ်ဗုဒ္ဓအား ဦးခိုက်ကန်တော့ပြီးလျှင် မိမိပြုသမျှ ကောင်းမှုကုသိုလ်အဝဝအား ဆုတောင်းအမျှဝေလေ့ရှိသော ကြေးခေါင်းလောင်းဆီသို့ သွားနေခြင်းပင် ဖြစ်သည်။ ကြေးခေါင်းလောင်းကြီးရောက်သည်နှင့် ခေါင်းလောင်းထိုးတံအား မ,ယူလျက်…

"ဒီဘဝမှာ ဘုရား။ ကျွန်မ ဘယ်သူ့ကိုမှ မကောင်းတဲ့ စိတ်၊ မကောင်းတဲ့ အပြောအဆိုနဲ့ မကောင်းတဲ့ အပြုအမူများကို မပြုလုပ်မိခဲ့ပါ ဘုရား။ ဒါပေမယ့် ယခု ကျွန်မရဲ့ လက်ရှိဘဝမှာ အရင့်အရင်ဘဝအထိုထိုက ဝဋ်ကြွေးကြမ္မာကြောင့် သောကပူဆွေး ဒုက္ခဘေးနဲ့ ကြုံတွေ့နေရပါတယ် ဘုရား။ သို့သော်လည်း တွေ့ကြုံခံစားနေရတဲ့ အဖြစ်နဲ့ ပတ်သက်လို့ ဘယ်သူ့ဘယ်သူ့ကိုမှ အငြိုးမထား၊ အမုန်းမပွားလိုပါ ဘုရား။ ဆုတောင်းလို့သာ ပြည့်မယ်ဆိုရင် မိခင်၊ ဖခင်ရှိရာ မွေးရပ်မြေကိုသာ ပြန်ရောက်အောင် သနားသောအားဖြင့် ပို့ဆောင်ပေးပါ အရှင်ဘုရား။ ကျွန်မ ပြုပြုသမျှ ကောင်းမှုကုသိုလ်ကိုလည်း ဝေနေယျ သတ္တဝါအပေါင်းအား အမျှပေးဝေပါတယ်။ သာဓု… သာဓု…သာဓု…ခေါ်ဆိုနိုင်ကြပါစေ"

သူမက တစ်ကိုယ်ကြား ဆုတောင်း အမျှဝေးရင်း ကြေးခေါင်းလောင်းကြီးအား ထိုးလိုက်လေသည်။ ကြေးခေါင်းလောင်းကြီးမှ ထွက်ပေါ်လာသည့်အသံသည် ကြားရသူတိုင်းအဖို့ စိတ်မချမ်းမြေ့ဖွယ် သံစဉ်များဟု ခံစားနေကြလေမည်လား မသိ။ ထိုအတူ ခေါင်းလောင်းသံက ဟိုးအဝေးမြေတစ်နေရာရှိ သူမ၏ မိဘများ နေထိုင်ရာ ရှမ်းရပ်ရွာသို့ ပျံလွင့်သွားဘိသို့ပင်။ စိတ်ထင်ဖွယ်ရာဖြစ်နေရတော့သည်။

"နန်းထွေးရယ်…နင့်အဖြစ်ကလည်း စိတ်မချမ်းသာစရာပါပဲလား အေ။ ဒီကောင့်ကို ညည်းမို့လို့ ကြိုက်ပြီး ဒီရွာကို လိုက်လာခဲ့ရတာလဲဟယ်။ ညည်းအဖြစ်ကို မြင်ရတာ ငါ တကယ့်ကို စိတ်မကောင်းဘူး"

ပုထိုးတော်ကြီးဘုရားသို့ ဆီမီးပူဇော်ပြီး ရောက်လာသော ဒေါ်ကျင်ရီဆိုသူက စောနန်းထွေးအဖြစ်ကို မြင်လိုက်ရသဖြင့် စိတ်မကောင်းစွာ ပြောလိုက်ခြင်းဖြစ်သည်။ ဒေါ်ကျင်ရီအသံကြောင့် စောနန်းထွေးက ညှိုးငယ်သောအကြည့်ဖြင့် လှည့်ကြည့်ရင်း ပြန်လည်ပြောလိုက်လေတော့၏။

"အင်း… လူ့ဘဝဆိုတာ ဒီလိုပဲပေါ့ ဒေါ်လေး ကျင်ရီရယ်။ ဒါကတော့ ဖူးစာကံအကြောင်းမလှလို့ဘဲ ဆိုရမယ် ထင်ပါရဲ့လေ။ သူက နန်းထွေးကို ချစ်သလို နန်းထွေးကလည်း သူ့အပေါ် ပြန်ချစ်မိခဲ့တာကိုး။ ပြောရရင် အရင်ဘဝက သူ့အပေါ်မှာ…"

"အင်း… ဘဝ ဝဋ်ကြွေးကို ညည်းက ပြောချင်တာလား။ အေး၊ မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်ယောက်အပေါ် ပြန်ပြီး မေတ္တာရှိတာကို ငါ အပြစ်မပြောလိုပါဘူးအေ။ ဒါပေမယ့် မိန်းမသားဆိုတာ ကိုယ်နဲ့ တစ်သက်လုံး ပေါင်းဖက်ရမယ့် ယောက်ျားတစ်ဦးရဲ့ သဘောထားကို စောင့်ကြည့်လေ့လာပြီးမှ အိမ်ထောင်ပြုသင့်တာပေါ့။ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်၊ ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်ရတဲ့ ဘဝမျိုးဆိုတော့ စဉ်းစားချင့်ချိန်သင့်တဲ့ သဘောကို ငါပြောပြတာပါ။ ခုတော့ နန်းထွေးအဖြစ်က နေ့တိုင်းလိုလို သူ့ရဲ့ အနိုင်စက်ခံဘဝကို ရောက်နေရတာကို တို့က မမြင်ရက်၊ မကြည့်ရက်လို့ပါ အေရယ်"

"သူက နန်းထွေးအပေါ်ကို ချစ်ရှာပါတယ် ဒေါ်လေး ကျင်ရီရယ်။ သူ့စိတ်တိုင်းမကျရင်သာ ကျွန်မကို ဆဲဆိုရိုက်နှက်တာပါ။ ဒါကလည်း သူ အရက်ဝင်နေတဲ့ အချိန်မျိုးမှပါ။ ဒါကို နန်းထွေးက သည်းခံနိုင်ပါတယ်။ တစ်ခါတလေကျတော့လည်း ရွာက မိဘတွေကို လွမ်းမိတာပေါ့နော်။ ကျွန်မ ရွာကို ပြန်ချင်ရင် သူက ပြန်ခွင့်ပြုပါတယ်။ ဒါပေမယ့် နန်းထွေးမှာ ပိုက်ဆံမရှိဘူးလေ။ သူကလည်း မပေးနိုင်ဘူးပေါ့။ ကြာတော့ ရွာပြန်ချင်တယ်လို့ ပြောရင် သူက စိတ်တိုပြီး ရိုက်တတ်တယ်။ သူမှာ လမ်းစရိတ်ပေးစရာ ပိုက်ဆံမရှိတော့ နန်းထွေးက အပူကပ်တယ်ဆိုပြီး ရိုက်တတ်တာ။ ဒါကြောင့် ရွာကို ပြန်နိုင်ဖို့ သူ့ ငွေရှာရအောင် ဒီပုထိုးတော်ကြီးဘုရားမှာ လာပြီး ဆုတောင်းနေရတာ"

စောနန်းထွေးက သူမ၏သဘောကစိတ်အား ခံစားနေရလင့်ကစား၊ သူမယောက်ျား ဇော်ဝင်းထွန်းအပေါ်၌ အပြစ်မမြင်၊ ချစ်ချစ်ခင်ခင် သည်းခံနေနိုင်ပေမယ့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကတော့ ဇော်ဝင်းထွန်းအပေါ် အောင့်ကြောလန် အမြင်ကတ်နေကြသည်လေ။

"အံမယ်လေး… အံ့ပါရဲ့ နန်းထွေးရယ်။ သူက ရွာပြန်ဖို့ စရိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

တော့ မရှာနိုင်ဘဲ အရက်ဖိုးတော့ ရှာနိုင်နေတာပဲ။ ငါတော့ ညည်းကို ကြည့်ပြီး အံ့သြနေသလို၊ ကိုယ်နဲ့ ခွေမျိုးများတော်ရင် မလွယ်ဘူး။ ကိုယ့်အပေါ် ခွဆဲရိုက်ပုတ်နေတဲ့ ယောက်ျားကို စွဲစွဲလမ်းလမ်းပေါင်းသင်းနေလိုက်တာ"

"သူရိုက်တာ နန်းထွေး မနာပါဘူးရှင်။ သူက ကျွန်မကို ချစ်လို့ ရိုက်တာပါ။ ဆိုးတာက အရက်က ဆိုးနေတာ ဒေါ်ကြီး ကျင်ရီရဲ့။ သူ အရက်မသောက်ရင် နန်းထွေးကို မရိုက်ပါဘူး။ နန်းထွေးတို့ ရှမ်းအမျိုးသမီးတွေက ကိုယ့်လင်၊ ကိုယ့်ခင်ပွန်းကို အိမ်ဦးသခင်လို ကိုးကွယ်ပြီး နေတတ်ကြတယ်လေ။ မိန်းမဆိုတာ ယောက်ျား၊ ခင်ပွန်းအပေါ် သိက္ခာရှိရှိနဲ့ သည်းခံတတ်ရမယ်လို့ အဆိုရှိခဲ့တာပဲကိုး"

"အင်း… အဲဒီလို မိန်းမကောင်းစိတ်ဓာတ်မျိုးကိုတော့ ငါက ချီးကျူးပါတယ်အေ။ ဒါပေမယ့် ဇော်ဝင်းထွန်းက အရက်မူးမူးပြီး ညည်းကို ရိုက်ပုတ်ဆဲဆိုနေတာ မမြင်ရက်လို့ ပြောနေရတာပါ။ အေး၊ ညည်းရဲ့ စိတ်ထားကြောင့် တစ်နေ့တော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ပါစေလို့ပဲ ငါ ဆုတောင်းလိုက်ပါရဲ့။ ကဲ - ညည်းလည်း ဘုရားဖူးဆုတောင်းပြီးပြီပဲဥစ္စာ၊ ငါနဲ့ ရွာကို ပြန်ကြတာပေါ့"

ဒေါ်ကျင်ရီစကားကိုတော့ စောနန်းထွေးက ဘာမှအထွန့်မတက်တော့။ ပုထိုးတော်ကြီးဘုရားမှ ရွာဘက်သို့ ဒေါ်ကျင်ရီနှင့်အတူ ပြန်လာခဲ့လေတော့သည်။

◆◆◆

( ၂ )

အမရပူရ (ခေါ်) တောင်မြို့သည် ယက္ကန်းမြို့တော်ဟုဆိုလျှင် မမှားပါချေ။ အမရပူရမြို့ပေါ်ရှိ ကွယ်ဝချမ်းသာကြသူတိုင်းမှာ ရက်ကန်းစင်ထောင်ထားတတ်လေ့ ရှိကြကုန်၏။ ထိုရက်ကန်းစင်များ အပြိုင်အဆိုင်ရှိနေခြင်းကပင် မြို့သူ မြို့သားနှင့် အနီးအနားရှိ ကျေးရွာများမှ လက်လုပ်လက်စားသမား ဆင်းရဲသားတို့မှာ များသောအားဖြင့် ရက်ကန်းခတ်တတ်ကြသူတွေချည်း။ ထိုအထဲတွင် ဇော်ဝင်းထွန်းတစ်ယောက်အပါအဝင်ပင် ဖြစ်ပါလေ၏။ ခေတ်အခါ အချိန်သမယ ပြောင်းလဲလာသည်နှင့် စီးပွားရေးလုပ်ငန်းမှာလည်း တစ်စတစ်စ ပြောင်းလဲလာတော့သည်။ ဇော်ဝင်းထွန်း ခပ်ငယ်ငယ်လူမမယ်အရွယ်၌ ရက်ကန်းခတ်သူအဖြစ် လုပ်ကိုင်စဉ်က ပိုးကျူ၊ ဖဲကျူနှင့် ချိတ်ပုဆိုးများကို အားထား ရက်ခတ်ကြရသည်။

ခေတ်ပြောင်းလာသည်နှင့်အမျှ ၂/၁၀၀အိုင်၊ ၂/၁၀၀ ဖောက် ချည်ချောလုံချည်များ မတွင်ကျယ်ပါလေတော့။ အိန္ဒိယမှလာသော ပလေကပ်လုံချည်များ အစားထိုးဝင်ရောက် ထိုးဖောက်လာခဲ့ချေပြီလေ။ ထိုရောအခါ ရက်ကန်းစင်ပိုင်ရှင်နှင့် ရက်ကန်းသမားတို့၏ ဘဝမှာ အခြေအနေတွေ ပြောင်းလဲ၍ လုပ်ငန်းမှာ မတွင်ကျယ်တော့။ လုပ်ငန်းက လစဉ်၊ နေ့စဉ် မမှန်တော့။ ထို့ကြောင့် ရက်ကန်းအငှားခတ်သူများအဖို့ ဝင်ငွေလျော့နည်း ရှားပါးသွားရလေတော့၏။ နောက်ဆုံး၌ တစ်ဦးစကား တစ်ဦးနားဖြင့် အလုပ်မဖြစ်တော့သော ရက်ကန်းလုပ်ငန်းအား စွန့်၍ တောင်ပိုင်း ရှမ်းပြည်နယ် နမ့်ဆန်မြို့သို့ သွားရောက်ကြကာ_လက်ဖက်ခူးသွားကြတော့သည်။ အစပထမတွင် တောင်ပေါ်တက် လက်ဖက်ခူးသည့် အလုပ်များ လုပ်ငန်းမကျွမ်းကျင်ကြသေးသဖြင့် ရသည့် ဝင်ငွေနည်းပါးသော်လည်း နောက်ပိုင်း အတွေ့အကြုံရှိလာသော အခါတွင် လုပ်ရည်ကိုင်ရည်တိုးတက်လာကြကာ ဝင်ငွေများလည်း တိုးပွားလာခဲ့ကြတော့သည်။

မိဘရပ်ဌာနေသို့ ငွေများပေးပို့နိုင်ရုံမက၊ စုစုဆောင်းဆောင်းဖြင့် ငွေစများ ရှင်လာကြသည်။ နောက်ပိုင်းတွင် လက်ဖက်ခူး၊ လက်ဖက်လှော်များ လုပ်ကိုင်ကြသလို၊ မီးသွေးဖုတ်အလုပ်များကိုလည်း ပြောင်းလဲလုပ်ကိုင်လာတတ်ကြသည်။ တောင်ပေါ်တက် အလုပ်လုပ်ကိုင်သူတိုင်း အဆင်ပြေ ချောမွေ့သည်ဟု ဆိုရချိမ့်မည်။

"ဟော့ကောင် - ဇော်ဝင်းထွန်း။ မင်းကို ဟို စောနန်းထွေးဆိုတဲ့ ရှမ်းမလေးက ကျနေတာကွ။ အဲဒါ မင်း နည်းနည်းလောက် ကြိုးစားကြည့်ရင် အဆင်ပြေနိုင်တယ်ဆံရာ"

လက်ဖက်ခူးသူများမှာ တစ်နယ်တစ်ကျေး ဒေသစုံမှ လာရောက်လုပ်ကိုင်နေကြသူများဖြစ်သော်လည်း ကြာတော့ ခင်မင်ရင်းနှီးသွားကြရသည်သာ။ လက်ဖက်လုပ်ငန်းမှာ ဒေသခံ ရှမ်းတောင်သူများ၏ မူရင်းအလုပ်မို့ ရှမ်းလူမျိုးများလည်း ပါဝင်ကြသည်လေ၊ ရှမ်းတောင်သူ အပျိုချောအုပ်စုတွင် စောနန်းထွေးက အထင်ပေါ်ဆုံးဖြစ်နေလေသည်၊ ထို့ကြောင့် အပေါင်းအသင်းများက ဇော်ဝင်းထွန်းအား မြှောက်ပင့်ရင်းသောတီးပေးကြသည်။ အလော်ကောင်းသဖြင့် ဇော်ဝင်းထွန်းမှာ စောနန်းထွေးအပေါ် အာရုံစိုက် စိတ်ဝင်စားသွားတော့၏။ ဇော်ဝင်းထွန်းအနေဖြင့် ကြာကြာ မကြိုးစားလိုက်ရ၊ မစွန်းရင်းကလည်း ထိ၊ ကစွန်းခင်းကလည်း ငြိဆိုဘိသို့၊ သူတို့နှစ်ဦးမှာ မေတ္တာမျှ၍ ချစ်သူတို့ဘဝသို့ ရောက်သွားခဲ့ကြရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မကြာမတင်မှာပင် ဇော်ဝင်းထွန်းက အပေါင်းအသင်း လက်ဖက်ခွူးကြသူတွေထဲမှ အသက်အရွယ်ကြီးသူတို့ဖြင့် စောနန်းထွေးမိဘများထံ သူစုဆောင်းထားသော ငွေကြေးများဖြင့် မိသား ဖသားပီပီ တောင်းရမ်းခွင့်ပန်၍ လက်ထပ်ယူခဲ့လေတော့သည်။

ယောက္ခမများမှာ ရှမ်းတောင်သူ ရိုးသားသူများဖြစ်၍ ဇော်ဝင်းထွန်းအား ယုံကြည်စိတ်ချစွာ အတူနေ၊ အတူစား၊ တစ်အိမ်တည်းနေ မိသားစုဖြစ်သွားကြသည်။ နောက်ပိုင်း၌ ဇော်ဝင်းထွန်းက အပေါင်းအသင်းများလာရာက အသောက်အစားဖက်လာတော့သည်။ စောနန်းထွေးမိဘများကမူ ရိုးသားသူများဖြစ်၍ သောက်စားခြင်းအား မနှစ်မြို့ကြချေ။ ထိုအခါ ဇော်ဝင်းထွန်းက လွှတ်လပ်ဟုဆိုကာ အိမ်ခွဲနေထိုင်ရန် ကြိုးစားခဲ့သည်။ သို့သော် ယောက္ခမများက အိမ်ခွဲနေရန် သဘောမတူသဖြင့် နောက်ဆုံးတွင် စောနန်းထွေးအားခေါ်၍ မိမိနေရပ်ဒေသဖြစ်သည့် အမရပူရမြို့နယ်ရှိ ပြဿဒ်ကြီးကျေးရွာသို့ ခေါ်ဆောင်လာခဲ့လေတော့သည်။

စောနန်းထွေးမှာ ဇနီးမယားတစ်ယောက်မို့ လင်ယောကျ်ားခေါ်ရာသို့ မိဘများကို ခွင့်ပန် ကန်တော့၍ ပြဿဒ်ကြီးရွာသို့ လိုက်လာခဲ့ရခြင်းပင် ဖြစ်ပါလေ၏။

♦♦♦

( ၃ )

ပါးစပ်အကျင့် ဝမ်းအချင့်ဟု ဆိုရိုးစကားရှိသည်ပဲလေ။ မိမိရွာပြန်ရောက်၍ မိဘများ ရှိစဉ်ကတော့ ငြိမ်းထိန်းသိမ်းသိမ်းရှိခဲ့သေးသည်။ သို့သော် မိဘများ ကွယ်လွန်သွားသည့်နောက်ဝယ် အသောက်အစား ပိုမိုများပြားလာခဲ့တော့သည်။ ထိုအချိန်ထိ သူတို့တွင် သားသမီး မထွန်းကားခြင်းကပင် ဇော်ဝင်းထွန်းအတွက် အပူအပင် သံယောဇဉ်ကင်း၍ ဘဝအမှောင်တွင်း ရောက်ခဲ့လေတော့၏။ အခုံး၌ နိုးကြောင်နိုးဝက် သောက်လာခဲ့သော ဇော်ဝင်းထွန်းမှာ ကိုယ့်မင်းကိုယ့်ချင်း အတားအဆီးမရှိ၊ သောက်စားနေတော့သည်။ သို့စဉ်တိုင် စောနန်းထွေးကမူ အချစ်နှင့် သစ္စာကို စောင့်ထိန်းသော ဇနီးမယားကောင်းပီပီ ဝတ္တရားမပျက် သည်းခံပေါင်းသင်းခဲ့သည်မှာ



ကြာချေပြီပဲလေ။

"နောက်ရက်ကျရင် အစ်ကို ကြိုက်တဲ့ ဟင်းကို နန်းထွေး ချက်ပေးမယ်နော် အစ်ကို။ ခုတော့ ဒီဟင်းနဲ့ပဲ စားလိုက်နော်"

"ဟ… မင်း ငါနဲ့ ပေါင်းသင်းနေတာ ကြာပြီ၊ ငါ ဘာဟင်းကြိုက်တတ်တယ်ဆိုတာ မသိဘူးလား။ ကဲကွာ၊ ကဲကွာ"

မည်သို့ပင် အကြိုက်ဆောင်ပါစေ၊ မူးလာသည့်အခါ စောနန်းထွေးအတွက် မသက်သာပါလေတော့။

စောနန်းထွေးက အရိုက်အပုတ်ခံ၊ သည်းညည်းခံနေသော်ငြား ပတ်ဝန်းကျင်မှ ကြားရ မြင်ရသူများမှာတော့ စိတ်မကောင်းဖြစ်နေမိတော့သည်။ တစ်ညနေဟုပင် ဆိုရချိမ့်မည်။ ကွမ်းသီးတန်းရပ်ရှိ ဦးပွကြီး၏ အရက်ဖြူဆိုင်မှ ဇော်ဝင်းထွန်း ရေချိန်ကိုက်၍ ပြန်လာသည်။ ဒယီးဒယိုင်ဖြင့် အိမ်ပြန်လာရင်း "သက်တော်ရှည်၊ သက်တော်ရ" ဘုရားအရောက်၌ သူ့စိတ်ထဲ အိမ်ရောက်ပြီအထင်ဖြင့် ဇနီးဖြစ်သူ စောနန်းထွေးက လာမခေါ်ရကောင်းဟု ဆဲဆိုအော်ဟစ်နေတော့သည်။ ခဏကြာတော့ ဘုရားတန်ဆောင်းထဲတွင် လှဲရင်း အော်ဟစ်ဆူညံနေတော့သည်။ ထိုအခါ ဘုရားတန်ဆောင်းနှင့် နီးကပ်နေသော ဘိသိက်ဆရာကြီး ဦးစိန်သောင်းရောက်လာသည်။

"ဟဲ့ - မောင်ဇော်ဝင်းထွန်း၊ ထ…ထ၊ ဒါ မင်းအိမ်မဟုတ်ဘူး။ သက်တော်ရှည်ဘုရားတန်ဆောင်းထဲကို ရောက်နေတာကွဲ့။ မင်းအိမ်က ရွာထဲမှာလေ။ မင်းပြန်နိုင်တယ် မဟုတ်လား"

ဦးစိန်သောင်း လေသံကြောင့် တန်ဆောင်းထဲတွင် လဲလျောင်းဆူပူနေသော ဇော်ဝင်းထွန်းက လူးလဲထလိုက်ကာ မျက်စိများကို ပွတ်သပ်ကြည့်ရင်း…

"ဒါ…ဒါ ကျုပ်အိမ်မဟုတ်ဘူးလား။ ကျုပ်အိမ် မဟုတ်ရင် မနေပါဘူးဗျ။ ခင်ဗျားက ကျုပ်ကို နှင်ထုတ်နေရအောင် ဒီနေရာက ခင်ဗျားအပိုင်လား၊ ဘုရားဒကာမို့လား၊ အာဏာပြနေလိုက်တာ။ ဟွန်း…ကျုပ်သိပါတယ်၊ ကျုပ်အိမ် ကျုပ်ပြန်နိုင်ပါတယ်။ ဘယ်သူမှ လိုက်ပို့စရာမလိုပါဘူး၊ အေ့" ဟု အရက်လေသံဖြင့် ပြန်ပြောလေ၏။

ရုတ်တရက်ဆိုတော့ ဦးစိန်



www.burmeseclassic.com

www.burmeseclassic.com

သောင်း ဒေါသထွက်သွားသေးသည်။ နောက်တော့ အရက်မူးသမားနှင့် စကားအငြင်းမပွားလိုသဖြင့် ခပ်မဆိတ်၊ မသိကျိုးကျွံပြုနေလိုက်ရတော့၏။ ထို အခါမှ ဇော်ဝင်းထွန်းမှာ ထိုင်နေရာမှ ထလျက် ဟိုယိုင်ဒီယိုင်ဖြင့် ရွာလမ်း တစ်လျှောက်သို့ ထွက်သွားတော့သည်။ သို့ပေမယ့် အေးအေးဆေးဆေးတော့ မဟုတ်၊ နေဝင်ရီတာရော သီချင်းအော် ဟစ်သီဆိုရင်းသွားခြင်းဖြစ်သည်။ ရွာ ထဲ မရောက်မီ သံလမ်းကို ဖြတ်ကျော်၍ ပုထိုးတော်ကြီးမြောက်ဘက်မှ ရွာ ဘက်သို့ လျှောက်သွားသည်။ လမ်းတွင် သူနှင့် တွေ့ရသူတွေက ဝေးဝေးမှ ရှောင် ထွက်သွားကြသလို၊ ပြဿနာမဖြစ်လို သူတွေက အိမ်တွင်းသို့ ဝင်သွားကြ တော့သည်။ လမ်းပေါ်တွင် သူ တစ်ယောက်တည်း သီချင်းညည်းရင်း ပြန်လာခဲ့ရာမှ ရုတ်တရက်ဆိုသလို သူ့ စိတ်တွင် မသိုးမသန့်ဖြစ်ဟန်ဖြင့် နောက်သို့ သမင်လည်ပြန် လှည့်ကြည့် လိုက်တော့၏။

နေညိုချိန်ဖြစ်သော်လည်း သူ့ နောက်မှ လူတစ်ယောက်လိုက်လာ သည်ကို တွေ့လိုက်ရသည်။ သို့ပေမယ့် နောက်က လူက သူ့အား ရန်မူမည့်သူ မဟုတ်သလို၊ ရန်ပြုနိုင်သည့် လူသား တစ်ဦးလည်း မဟုတ်ပါချေ။

"လမ်းလျှောက်လာတာကလည်း တယ်နှေးကွေးလှသကိုး။ လာ···လာ ကျုပ်ကို မီအောင် မြန်မြန်လျှောက်ခဲ့၊ စောင့်နေမယ်၊ အေ့···"

စင်စစ်၊ သူ့နောက်မှ လူက လူ တစ်ဦးဖြစ်သော်ငြား စွမ်းအားသန်မြန် သည့် လူငယ်လူရွယ်တစ်ယောက် မဟုတ်ဘဲ ဝါးတောင်ဝှေးကို အားပြု ရင်း ခြေလှမ်းကို စမ်းလျှောက်နေရရှာ သည့် သက်ကြီးရွယ်အို အဖိုးကြီး တစ်ယောက်သာ ဖြစ်ပါလေ၏။

"လာစမ်းပါဗျာ၊ ကျုပ်က သီချင်း ဆိုမယ်၊ ခင်ဗျားက ကပြပေါ့နော်။ ဘာ သီချင်းနဲ့ကချင်လဲ။ ကဲ - ပြော၊ အေ့"

တောင်ဝှေးကို ထောက်ရင်း လမ်းလျှောက်လာသော အဖိုးအိုမှာ ခေါင်းပေါင်းပေါင်းထားသော တဘက် အောက်မှ ဖြူဖွေးသော ဆံစများ၊ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးနှင့် မုတ် ဆိတ်မွေးတို့ပင် ဖွေးဖွေးလှုပ် ဖြူရော် နေရပြီ။ ထိုအဖိုးအို သူ့အနားရောက် လာသည်တွင် တောက်ပြောင်စူးရှ သော မျက်လုံးအစုံဖြင့် ဇော်ဝင်းထွန်း အား ကြည့်လိုက်ရင်း···

"အေး၊ ငါက မင်း ကခိုင်းသလို ကပြဖို့ လိုက်လာတာမဟုတ်ဘူးကွဲ့။ မင်းလို ဘုရားမရှိ၊ တရားမရှိနဲ့ အမှား စရိုက်နဲ့ မိုက်တွင်းနက်နေတဲ့ လူမိုက်ကို ဆုံးမပေးဖို့ လာခဲ့တာပဲကွဲ့"ဟု ပြော လိုက်စဉ်မှာပင် ဘယ်ဆီက ရောက် လာကြမှန်းမသိရသော ထောင်ထောင် မောင်းမောင်းနှင့် သန်မာထွားကျိုင်း နေသော လူကြီးနှစ်ယောက်အား တွေ့ လိုက်ရတော့သည်။ ထိုလူကြီး နှစ်ယောက်မှာ အပေါ်ပိုင်း ခန္ဓာကိုယ် တွင်း ဗလာကျင်းလျက် အောက်ပိုင်း၌ လုံချည်ကတ်ထောက်တို့အား ခါး တောင်းကျိုက်ထားကြသည်ကိုလည်း တွေ့မြင်လိုက်သည်။ ထိုသူတို့၏ လက်မောင်း၊ ရင်ဘတ်နှင့် ပေါင်၊ ခြေ သလုံးတို့တွင် ထိုးကွင်းကြီးများ ထိုး ထားသည်ကိုလည်း ထင်ထင်ရှားရှား တွေ့လိုက်ရပြန်၏။ ဇော်ဝင်းထွန်းမှာ ထိုသူနှစ်ယောက်အား တွေ့မြင်လိုက် ရသည်နှင့် တစ်ပြိုင်နက်၊ သူသောက် လာခဲ့သော အရက်မူးသည့် အရှိန်အဝါ တွေ ဘယ်ပျောက်၍ ဘယ်ပေါက်ကုန် မှန်း မသိပါလေတော့။

"ဒီလူမိုက်ကို မင်းတို့နှစ်ယောက် ခေါ်လာခဲ့ကြပေတော့"ဟု အဖိုးအိုက ပြောကာ ရှေ့မှ ဦးဆောင်လျက် ထွက် သွားရင်း ရုတ်တရက် ပျောက်ကွယ် သွားလေတော့၏။ ထိုအခါမှ ဇော်ဝင်း ထွန်းမှာ အမူးတွေ ပျောက်သွားရုံသာ မက၊ အကြောက်တရားတွေရပါ ကြီး စိုးလာတော့သည်။ ကြောက်စိတ် ကြောင့် ဇောချွေးတွေ ပျံလာတော့ သည်။ သူလွတ်မြောက်ရေးအတွက် နောက်သို့ လှည့်အကြည့်လိုက်တွင် သူ့ လက်နှစ်ဖက်အား သန်မာသော လူ ထွားကြီး၏ လက်ချောင်းများ၏ ချုပ် ကိုင်ခြင်းကို ခံလိုက်ရတော့သည်။ ထို နောက်၌ "ရတနာမဥ္ဇူ"စေတီတော် ဘက်သို့ ဆွဲခေါ်သွားကြလေတော့သည်။

ဇော်ဝင်းထွန်းမှာ ကြောက်အ လန့်အား ရှန်းကန်ရင်းဖြင့် ဆွဲခေ သွားရာသို့ လိုက်ပါသွားရင်း မေ့မြော ခွေလဲပုံကျသွားလေတော့၏။

•••

( ၄ )

ဇော်ဝင်းထွန်း၏ ငယ်သ အောင် အသံနက်ကြီးဖြင့် အော်လို သံက ပြဿဒါးကြီးရွာအတွင်းရှိ လူ အံ့သြထိတ်လန့်သွားလိုက်ဘိဖြစ်ခြ အချိန်ကလည်း ကြည့်ဦး။ မှောင်ရီပျိ အမှောင်ကြီးစိုးကာစ အချိန်။ နေ တွေအတွင်း၌ မီးရောင်တလက်လ ထွက်ပြူစပြုနေချေပြီပဲလေ။ လူ သိတတ်သူတွေက စုစည်းလျက် အ ကြားရာ "ရတနာမဥ္ဇူ"ဘုရားဆေ ဆီသို့ ဓာတ်မီးရောင်တဝင်းဝင်း သွားကြည့်ကြရတော့သည်။ ဘု ဝေ·ာင့်အရောက် ဓာတ်မီးရောင် အောက်ဝယ် ဇော်ဝင်းထွန်းမှာ ကြီး လဲကျလျက် တွေ့လိုက်ရ သူ့အနီး၌ အခြားတစ်ခုတစ်ရာမှ

www.burmeseclassic.com

www.burmeseclassic.com

နတ္တိရယ်လေ။

"ဟ…ဒီကောင် အသက်မှ ရှိသေးရဲ့လား။ ကြည့်စမ်းပါဦး။ သေသေချာချာ"

အသက်ကြီးကြီးတစ်ယောက်က အခြေအနေအား အကဲခတ်၍ နှိုးရိမ်တကြီးပြောလိုက်ခြင်းဖြစ်သည်။ ရွာသားတွေ၌ ဖြစ်ပေါ်တတ်သော စေတနာ ဒေါမနဿစိတ်ရှိနေကြောင်း ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။

"ဒီကောင် မေ့နေပေမယ့် အသက်ရှူနေသေးတယ်။ မသေသေးဘူး။ သူ့ကို ဘယ်သူက အပြီးနဲ့ ရိုက်သွားသလဲ မသိဘူး။ ဒဏ်ရာကို ရှာကြည့်ပါဦးဟ"

လူစုထဲမှ တစ်ဦးက အကြံပြုသည်။ ထိုအခါမှ ကျန်လူများက ဇော်ဝင်းထွန်း၏ ခန္ဓာကိုယ်တွင်း ဒဏ်ရာရှိမရှိ ဓာတ်မီးထိုး၍ ရှာကြည့်ကြသည်။ သွေးထွက်သံယို အခြေအနေကိုမှု မတွေ့ခဲ့ကြရ။ အကျီကို လှန်လော ကြည့်လိုက်လေမှ ထူးခြားချက်တစ်ခုကို တွေ့လိုက်ရလေတော့၏။

"ဟာ… ဒီမှာ ကြည့်ပါဦး၊ သူ့ကျောပြင်မှာ လက်ဝါးရာကြီးလိုလို မဲမဲအရာကြီးပါလား။ ဒါ လူ့လက်ဝါးရာတော့ မဖြစ်နိုင်ဘူး။ သေသေချာချာ ကြည့်ကြပါဦး။ ထူးဆန်းလိုက်တာ"

ကျောပြင်တွင် တွေ့လိုက်ရသည့် လက်ရာအား မြင်လိုက်ရသူ၏ မှတ်ချက်ချသံကြောင့် ဝိုင်းအုံ၍ ဓာတ်မီး ထိုးကြည့်ကြတော့သည်။ တစ်ဖန် ထူးဆန်းသော လက်ဝါးရာကြီးကြောင့် နီးအနား ဘုရားပုရဂုဏ်အတွင်းသို့ လှမ်း၍ ဓာတ်မီးဖြင့် ထိုးကြည့်ကြပြန် သည်။ ထူးခြားလှုပ်ရှားသည့် သံသယ ကို မတွေ့ကြရသဖြင့် တွေးမိလိုက် သော ကျောပြင်တွေ စိမ့်ခနဲဖြစ်သွား သော တုန်လှုပ်ချောက်ချားသွားကြ ရတော့သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဇော်ဝင်းထွန်းကျောပြင်၌ တွေ့လိုက်ရသည့် လက်ငါးချောင်းရာ ပါသည့် လက်ဝါးအရာကြီးပင် ဖြစ်နေသည်။ ပမာဏအားဖြင့် တစ်ပေလောက်တော့ ရှိလိမ့်မည်ထင်သည်။ မျောက်တစ်ကောင်၏ လက်ဝါးရာသည်ပင် တစ်ပေမျှမရှိနိုင်။ ဤမျှ ကြီးမားသော မျောက်တစ်ကောင်တွေ့ဖို့ ဆိုသည်မှာ ဝေးစွ။ ဟိုတွေးဒီတွေးဖြင့် တဖြည်းဖြည်း စိုးရိမ်ကြောက်လန့်စိတ်များ ဝင်လာကြသည်။



"ကဲ…ကဲ…ဒီမှာ ထိုင်ကြည့်နေလို့ မဖြစ်သေးဘူး။ သူ့အိမ်ကို ခေါ်သွားပြီး ပြုစုကြမှဖြစ်မှာ။ ရွာအပြင်ဘက်မှာ ကြာကြာနေလို့ မကောင်းဘူး။ ညဥ့်အမှောင်ရောက်ရင် ဘုရားအနီးအနားမှာ နာနာဘာဝ၊ ဝိနာဘာဝတွေ မြူးထတဲ့ အချိန်မျိုး။ ကဲ - မြန်မြန်သာ သူ့ကို ထမ်းခေါ်ခဲ့ကြတော့"

အသက်အရွယ်ကြီး. လူကြီးတစ်ဦးမှ သတိပေးစကားပြောကြားရင်း နှုတ်ဖျားမှ တတ်သမျှ မှတ်သမျှ ဘုရားစာ၊ တရားစာများ ရွတ်ဖတ်သရဇ္ဈာယ်နေတော့သည်။ ထို့ကြောင့် ရွာထဲသို့ ဝင်လာခဲ့ကြလေတော့သည်။ အိမ်တွင် ဇနီး စောနန်းထွေးမှာ ဇော်ဝင်းထွန်းလာလျှင် အသင့်စားရန် ထမင်းပွဲပြင်ရင်း စောင့်နေရှာသည်။ မမျှော်လင့်ဘဲ ခင်ပွန်းဖြစ်သူအား ရွာသားများက ထမ်းပိုးလာသည်ကို ဓာတ်မီးရောင်များဖြင့် တွေ့လိုက်ရသဖြင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်၍ ပျာပျာသလဲ ဟိုမကိုင်မိ ဒီမကိုင်မိဖြစ်သွားရတော့သည်။

"ဟဲ့ - နန်းထွေး၊ နင့်ယောကျ်ား ရွာအပြင်ဘက်မှာ မူးလဲနေလို့ တို့လာပို့တာ။ သူ့အိပ်ရာ ပြင်စမ်း…မြန်မြန်"

စောနန်းထွေးက အိပ်ရာပြုပြင်နေသော်ငြား၊ သူမ မျက်လုံးများက သူ့ခင်ပွန်းကို စိုးရိမ်ကြောင့်ကြစွာ လှည့်ကြည့်နေမိသည်။ ရွာသားများက နန်းထွေးအဖြစ်ကို တွေ့မြင်လိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားကြသည်။ ဪ… လင်ဆိုးမယား တဖားဖား ဆိုသည်မှာ ဒါမျိုးပဲထင့်။

"သူ…သူ…ဘာမှမဖြစ်ပါဘူးနော်၊ ဦးကြီး အောင်မြိုင်"

"အေး၊ နင့်ယောကျ်ား အမူးလွန်လဲတာပဲလား။ မကောင်းဆိုးရွား တစ်စုံတစ်ရာနဲ့ တွေ့ခဲ့လေသလား မသိပါဘူးဟာ။ သူ့အော်သံကြားလို့ တို့တစ်တွေ ထွက်ကြည့်တော့ "ရတနာမဥ္ဇူဘုရား" ထောင့်မှာ သတိမေ့မြောနေလို့ ထမ်းခေါ်လာခဲ့ရတာ။ သူ့ကို အသေအချာ ဂရုစိုက်လိုက်ဦးဟဲ့"

ဇော်ဝင်းထွန်းအား ပြောရင်း အိပ်ရာပေါ်သို့ တင်ပေးလိုက်ကြသည်။ စောနန်းထွေးက ခင်ပွန်းသည်အား စောင်ပါးပါးဖြင့် ခြုံပေးရင်း…

"ဟုတ်ကဲ့ပါ၊ ဦးကြီး အောင်မြိုင်၊ ကျွန်မ ဂရုစိုက်ပါ့မယ်"ဟု ပြောရင်း

www.burmeseclassic.com

ဇော်ဝင်းထွန်းအား ကြည့်ကာ မျက်ရည်များပင် လဲ့လာသည်။

"အေး၊ နင်ကတော့ ယောက်ျား အပေါ် အပြစ်မမြင် မေတ္တာဝင်နေသူ ဆိုတော့ ဂရုစိုက်မယ်ဆိုတာတို့က သိပြီးသားပါဟာ။ ဒါပေမယ့် သူ ဆိုးတာကို မကြိုက်တဲ့ မိစ္ဆာကောင်က ရိုက်လိုက်လို့ ကျောမှာ လက်ရာကြီး တောင် ထင်ပြီး ကျန်နေခဲ့တာကလား။ ဘုရားစင်က ပရိတ်ရေလေး ဘာလေး တိုက်လိုက်ဦး၊ ကြားလား"

ဦးအောင်မြိုင်က လူကြီးပီပီ မထိန်မဝှက် တည့်ဒိုးကြီးပင် ထုတ်ဖော် ပြောဆိုလိုက်ပါလေ၏။ သူတို့ စကားပြောမဆုံးမီမှာပင် အိပ်ရာထက်မှ ဇော်ဝင်းထွန်းမှာ ငေါက်ခနဲ ထထိုင်လိုက်လေတော့၏။ သူကြည့်ရသည်မှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လူတစ်စုအား ကြည့်နေရင်း...

"ကျုပ်နဲ့ တွေ့ခဲ့တာ၊ မကောင်းဆိုးရွား မိစ္ဆာကောင် မဟုတ်ဘူးဗျ"ဟုပင် ပြန်ပြောလိုက်လေတော့သည်။

♦♦♦

( ၅ )

"ကျုပ်နဲ့ တွေ့လိုက်ရတာက မကောင်းဆိုးဝါးမဟုတ်ဘူးဗျ။ သူ တော်စင်၊ သူတော်စင်မြတ်တစ်ဦးပါ။ သူတို့က ကျွန်တော့်ကို ဆုံးမလွှတ်လိုက်တာ။ ခုတော့ ကိုယ့်အမှား ကိုယ်သိမြင်ခဲ့ရပါပြီဗျာ။ ကျွန်တော် မိုက်လုံးကြီးခဲ့တာကို ဆုံးမရင်း ဟီး...ဟီး ကျွန်တော်... ကျွန်တော် ကြာကြာနေရတော့မယ် မထင်ပါဘူးလေ။ သူတို့က ပြန်ခေါ်ကြတော့မယ်။ ဟီး... ဟီး...ဟီး..."

ဇော်ဝင်းထွန်းက ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ သူ့အဖြစ်ကို ကြည့်၍ လူတွေက မယုံမရဲဖြစ်ကုန်ကြသည်။ စိတ်ဖောက်ပြန်သွားပြီရယ်လားလို့လည်း ထင်နေကြတော့သည်။ ကြည့်တော့လေ၊ ခုတော့ ဇော်ဝင်းထွန်းက သူ့ အရက်မမူးသလို ငိုကြွေးရင်း ဘာတွေ နောက်ပြောင်နေချေသည်မသိ၊ ကြည့်ရသည်မှာ တကယ့်ကို လူကောင်းတစ်ယောက် စကားပြောနေသလိုပါပဲလား။

"ကျွန်တော် အမိုက်ကြီး မိုက်ပြီး မှားခဲ့မိပါတယ်ဗျာ။ ကျွန်တော် ဘယ်လောက်ပဲဆိုးဆိုး ကျွန်တော့် အပေါ် သစ္စာရှိရှိနဲ့ မယားဝတ္တရားမပျက် သည်းခံပြုစုခဲ့တဲ့ နန်းထွေးကို အများရှေ့မှာ တောင်းပန်ပါတယ်လေ"

အားလုံးက ကြောင်ကြည့်နေစဉ် ဇော်ဝင်းထွန်းက စောနန်းထွေးဘက်သို့ လှည့်၍ လေသံမှန်မှန်ဖြင့် တောင်းပန်မှုပြုလေတော့သည်။

"ငါ မင်းအပေါ်မှာ နိပ်စက်ခဲ့မိတာတွေကို ဒီ ဦးကြီးအောင်မြိုင်နဲ့ ရွာသားတွေရှေ့မှာ တောင်းပန်ပါတယ်ကွာ။ ငါ့ကို ခွင့်လွှတ်ပါနော်"

စောနန်းထွေးမှာ သူ့ခင်ပွန်း အဖြစ်ကို ကြည့်၍ ဝမ်းသာဝမ်းနည်း ဖြစ်မိသည့်ပုံပမာ ကျေနပ်ခွင့်လွှတ်ဟန်ပြုးယောင်သမ်းရင် မျက်စိနှစ်လုံး အတွင်းက မျက်ရည်စတွေ စီးကျလာခဲ့သည်မှာ ရင်နင့်စရာမြင်ကွင်းတစ်ခုပင်။

"စောထွေး အစ်ကို့ကို စိတ်မဆိုးခဲ့ပါဘူး။ အမြဲခွင့်လွှတ်ပြီးသားပါ အစ်ကိုရယ်။ အစ်ကိုက အရက်သောက်ရင်သာ ဆိုးပေမယ့် စောထွေးကို အစ်ကိုချစ်တယ်ဆိုတာ သိနေပါတယ်။ ဒါကြောင့်လည်း အတူတူနေခဲ့ကြတာပေါ့ အစ်ကို"

သူတို့လင်မယား၏ အဖြစ်ကို ကြည့်၍ ဦးအောင်မြိုင်က ကောက်ခါငင်ခါ စကားပြောလိုက်ပါလေ၏။

"ဟ - မင်းတို့ လင်မယား နှစ်ယောက်စလုံး ရူးသွားကြတာလား ဒါမှမဟုတ် တို့ကို အကြောင်းရိုက် ဇာတ်လမ်းဆင်နေကြတာတော့ မဟုတ် ပါဘူးနော်"

မြင်ရ၊ ကြားရသူများအဖို့ အထူး အဆန်းထက် ပိုမိုဆန်းကြယ်သော အဖြစ်မျိုးကို တွေ့ကြရသဖြင့် သနား ရမည်လား၊ အပြစ်တင်ရမလား ဆို သည်ကိုပင် မဝေခွဲတတ်အောင် ဖြ နေရတော့သည်။ ထိုအခါမှ ဇော်ဝင်း ထွန်းဟာ သူတို့အား တောင်းပန်သည့် လေသံဖြင့်...

"မဟုတ်ရပါဘူး ဦးကြီး အောင် မြိုင်ရယ်။ ကျွန်တော် တွေ့ကြုံဖြစ်ပျက် ခဲ့ရတာတွေကို ရှင်းပြပါ့မယ်။ နာ ထောင်ကြည့်ကြပါဦးခင်ဗျာ၊ အဖြစ်က ဒီလို ဦးကြီး အောင်မြိုင်ရဲ့၊ ဒီလို...

♦♦♦

( ၆ )

"ကျွန်တော့်ကို ခေါ်လာခဲ့တ ခိုင်းလိုက်တဲ့ အဖိုးအိုဟာ ဘုရားသို နန်းတစ်ခုက သိုက်ချုပ်ကြီးဖြစ်တ ဆိုတာ သူပြောပြလို့ သိလိုက်ရတော တယ်။ ကျွန်တော့်ကို သိုက်စောင့်ဓ နဲ့ ဖမ်းချုပ်ခေါ်သွားပြီး အဆောင်တ အရောက်မှာ အတိတ်က ဘ အကြောင်းတွေကို ပြောပြပြီး ဆုံ ဩဝါဒတွေနဲ့ ဆုံးမတော့တာပါ အမှန်ဆိုရင် ကျွန်တော်ဟာ ဘိုးတေ မင်းတရားကြီးလက်ထက်က မင်းအ ထမ်းတစ်ယောက်လို့လည်း ပြော တယ်။ ဒီပြဿဒ်ကြီးရွာရဲ့ အရှေ့ဘ မှာရှိတဲ့ "ရွှေလင်းပင်"ဘုရားမှာ တာ ယူ စောင့်ရှောက်ရတဲ့ မင်းမှုထမ်း ပြောပြတယ်လေ"

ဇော်ဝင်းထွန်းက သူ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်များအား ပ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပြောသလို ပြန်လည်ပြောပြသဖြင့် အားလုံးက ငိုင်း၍ နားထောင်နေကြသည်။

"ကျွန်တော်ဟာ ဘဝအထိုထိုက အရက်သေစာသောက်စားမှုကို ပြုခဲ့ဖူးတယ်တဲ့ဗျ။ နောက်ဆုံး ဒီအရက်သေစာနဲ့ပဲ အနိစ္စရောက်ခဲ့ပြီး "ရွှေလင်းပင်"ဘုရားရဲ့ ရတနာသိုက်မှာ သိုက်စောင့်ဘဝကို ရောက်ခဲ့ရတယ်လို့ သိုက်ချုပ်ကြီးက ပြန်ပြောပြတယ်"

ဇော်ဝင်းထွန်း ဟန်မပျက်၊ စိတ်မှန် လူမှန်ပုံစံမျိုးဖြင့် သူ့ဘဝဖြစ်စဉ်အား သိုက်ချုပ်ကြီးမှ ပြောပြသည့်အတိုင်း ဖောက်သည်ချ ပြောပြနေသောကြောင့် ဦးအောင်မြိုင်နှင့် တကွ ရွာသားများက စိတ်ဝင်တစားဖြင့် နားထောင်နေကြသည်။ သူက ဆက်၍ သူ့ဖြစ်ပျက်သမျှအား ဆက်လက်ပြောပြပြန်သည်။

"ကျွန်တော် သိုက်စောင့်ဘဝနဲ့ နှစ်အတော်ကြာလာတော့ လူ့ပြည်ကို သွားဖို့ရာ သိုက်ချုပ်ကြီးဆီမှာ ခွင့်ပန်သတဲ့လေ။ ဒီတော့ သိုက်ချုပ်ကြီးက လူ့ပြည်ဆိုတာ ရတောင့် ရခဲတဲ့ ဘဝဖြစ်တယ်။ လူ့ပြည်ကို ရောက်ရင် ဘာသာနဲ့ သာသနာအကျိုးကို လုပ်ဆောင်နိုင်ဖို့ ကြိုးစားရမယ်။ လူ့ဘဝကို အလဟဿသွားနေလို့ မဖြစ်ဘူး။ ဒီတော့ လူ့ဘဝရောက်ရင် ကောင်းမှုကုသိုလ်ပွားများပြီး နိဗ္ဗာန်ရောက်ကြောင်းတရားကို ပွားများမယ်ဆိုရင်တော့ သွားခွင့်ပြုလိုက်မယ်လို့ ကတိခံဝန်မှုပြုမှသာ ခွင့်ပြုနိုင်မယ်လို့ မှာကြားပြီး ကျွန်တော် လူ့ဘဝကို ရောက်လာခဲ့ရတော့တာလေ"

အကယ်တန္တု၊ သူက ပုံပြင်တစ်ပုဒ်ပမာ လုပ်ကြံ ဇာတ်လမ်းဆင်ပြောနိုင်သည်ပေ။ ကြားရသောလူအများက နားထောင်ကောင်းနေသဖြင့် ငြိမ်သက်နေကြတော့၏။

"လူ့ပြည်၊ လူ့ဘဝကို ရောက်လာတော့ သိုက်ချုပ်ကြီးကို ပေးထားခဲ့တဲ့ ကတိခံဝန်ချုပ်တွေ မေ့ပျောက်သွားပြီး အချည်းအနှီးနဲ့ လူ့ဘဝမှာ ပျော်မွေ့နေခဲ့ရင်း အချိန်တွေ ကုန်လာခဲ့တယ် ဆိုပါတော့ဗျာ"

ဇော်ဝင်းထွန်းက သူ့စကားအား ခေတ္တရပ်နားလိုက်ပြီး သူ့မိန်းမ စောနန်းထွေးကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြန်၏။ သူ့မျက်စိအကြည့်များ ပကတိ ကြည်လင်တောက်ပနေသည်ကို ထူးခြားစွာ တွေ့မြင်နေရသည်။ အရက်ခိုးတွေ ဝေနေသော မျက်လုံးစင်းစင်းမျိုး စိုးစဉ်းမျှ မတွေ့ရပါလေတော့။

"ကျွန်တော့်ဇနီး စောနန်းထွေးကလည်း အရင်အတိတ်ဘဝက "ဘီအီးအမ်ဘီး"စစ်တမ်းရဲ့ အရှေ့တောင်ဘက်မှာရှိတဲ့"မြို့ဒေါင့်စေတီ"ရဲ့ သိုက်စောင့် သိုက်နန်းရှင်တစ်ဦးလို့လည်း ပြောပြခဲ့သေးတယ်။ စောနန်းထွေးဟာ အတိတ်ဘဝက "တံခွန်တိုင်"ရွာသူတစ်ဦးဖြစ်ပြီး တောင်သမန်လယ်စား "မောင်ဖေငယ်"နဲ့ ဆွေတော်မျိုးတော် တော်စပ်သူဖြစ်ခဲ့တာကိုလည်း ပြောပြသေးတယ်"

စောနန်းထွေးမှာ သူ့ခင်ပွန်း ဇော်ဝင်းထွန်းပြောပြသမျှအား တအံ့တသြဖြင့် နားထောင်နေရှာရင်း မျက်လုံးလေးများ ပေကလပ်၊ ပေကလပ်ဖြစ်ကာ သူမဘဝ အဖြစ်မှန်ကို မယုံမရဲအနေအထားဖြင့် ငြိမ်သက်နားထောင်နေရှာသည်။

"မြို့ဒေါင့်ဘုရားရဲ့ သိုက်နန်းရှင်ဖြစ်တဲ့ စောနန်းထွေးကိုလည်း သိုက်ချုပ်က လူ့ဘဝကို ရောက်နေတဲ့ ကျွန်တော့်ကို စောင့်ရှောက်သတိပေးဖို့ ဆိုပြီး လွှတ်လိုက်ခြင်းဖြစ်တယ်လို့ သိုက်ချုပ်ကြီးက ပြောပြတယ်။ ဒါပေမယ့် စောနန်းထွေးကို ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်ထဲက ရွာမှာ ပို့ဆောင်ပြီး ကျွန်တော်နဲ့ တွေ့ဆုံအောင် ဖန်တီးပေးခဲ့ရတယ်လို့ ဆိုတယ်။ ကျွန်တော့်ကို စောနန်းထွေးနဲ့ တွေ့နိုင်အောင် သိုက်ချုပ်ကြီးက စီမံပြီး လက်ဖက်ခူးဖို့ ပို့လိုက်တာတဲ့။ ကျွန်တော်တို့နှစ်ယောက်ကို ဖူးစာဖက်ပေးလိုက်ပေမယ့် ကျွန်တော်က အဂတိတွေ လိုက်စားပြီး ပေးထားတဲ့ ဝန်ခံကတိတွေကို မဆောင်ရွက်ခဲ့တာကြောင့် သိုက်ချုပ်ကြီးက မကြာခင် ကျွန်တော့်ကို "ရွှေလင်းပင်သိုက်နန်း"ကို ပြန်ခေါ်ဖို့ တွေ့ဆုံ သတိပေးခဲ့တာကြောင့် ကျွန်တော်လည်း ကြောက်လန့်ပြီး အော်ဟစ်ထွက်ပြေးလာခဲ့ရတာပါ။ မယုံမရှိကြပါနဲ့ဗျာ။ ခု ကျွန်တော် ပြောပြနေတာ အမှန်တွေချည်းပါ။ လီဆယ်ပြောတာ မဟုတ်ပါဘူးနော်"

ဇော်ဝင်းထွန်းက သူ့ဖြစ်စဉ်အား ဖြစ်ရပ်ဆန်းကြယ် မယုံနိုင်ဖွယ် ဇာတ်လမ်းတစ်ပုဒ်ကဲ့သို့ အဆုံးသတ် နိဂုံးချုပ်လိုက်လေတော့၏။ နားထောင်နေသူများကလည်း ဂမ္ဘီရလောက၏ သည်းထိတ်ရင်ဖို သူ၏ ဇာတ်ကြောင်းကို နားထောင်ရင်း ပဟေဠိသဖွယ် ဖြစ်နေကြရလေတော့သည်။

"ကဲ...ကဲ...မောင်ဇော်ဝင်းထွန်းရဲ့ အဖြစ်အပျက်နဲ့ ပြောပုံဆိုပုံအရ တို့တစ်တွေ နားထောင်ရတာကတော့ မယုံနိုင်စရာ၊ ထူးဆန်းတဲ့ အကြောင်းအရာတွေလို့ ဆိုရတော့မှာပဲ။ မင်းပြောတဲ့အတိုင်း မှန်တယ်၊ မမှန်ဘူးဆိုတာ မင်းသာ အသိဆုံးနေမှာပါ



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ့်အမိုက်တရားအများတွေကို ပြုပြင်ပြီး ကောင်းမှုကုသိုလ်လုပ်ပြီး သာသနာ့အကျိုးဆောင်ရွက်နိုင်ဖို့ သတိပေး အကြံပြုချင်တာပါပဲကွာ။ မင်းအပေါ်မှာ စောင့်ရှောက်ဖို့ စေလွှတ်လိုက်တဲ့ သိုက်နန်းရှင်စောနန်းထွေးကိုလည်း ဒီနေ့ ဒီအချိန်ကစပြီး ခင်ပွန်းကောင်းတစ်ယောက်အဖြစ်နဲ့ ပေါင်းသင်းလုပ်ကိုင်ကျွေးပါလို့လည်း ဦးကြီး ပြောချင်ပါတယ်လေ"

ဦးအောင်မြိုင်၏ စကားအဆုံးဝယ် စောနန်းထွေး၏ ရှိုးသားဖြူစင်သော မျက်နှာလေးမှာ ဝင်းထိန်သွားလျက် အပြုံးပီတိတွေ ဖြာနေသည်ကို တွေ့လိုက်ရပါလေ၏။

♦♦♦

( ၇ )

ထိုညက ဦးအောင်မြိုင်တို့ တစ်သိုက် စောနန်းထွေးတို့အိမ်မှ ပြန်လာခဲ့ကြရသော်လည်း ဇော်ဝင်းထွန်း ပြောပြခဲ့သည့် အဖြစ်အပျက်မှာကား မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်ဟုပင် ဆိုရချိမ့်မည်။ သို့သော်ငြားလည်း သူ့အဖြစ်အပျက်မှာကတော့ ထူးခြားဆန်းပြားနေသည်ကတော့ အမှန်ပင်။ ဗို၍ ထူးခြားသည်က ဇော်ဝင်းထွန်း၏ ပြောပုံဆိုပုံ မျက်နှာအနေအထားတို့က အံ့သြဖွယ်ပင် ကောင်းနေချေသေးတော့သည်။ အမူသမားတစ်ယောက် ၏ ကြောက်လန့်စိတ်ဖြင့် စိတ်ထဲ ရှိတာတွေအား မူးမူးကန်းကန်းနှင့် ပြောပြနေတာမဟုတ်သည်ကတော့ အသေအချာပင်။

သို့လော···သို့လော အတွေးစိတ်တွေအား နောက်နေ့နံနက် အရောက်ဝယ် ပျောက်ကွယ်သွားခဲ့ရတော့သည်။ ဇော်ဝင်းထွန်း ပြောပြချက်များ မှန်ကန်နေကြောင်း မီးမောင်းထိုးပြနေဘိသို့ပင် ရှိနေချေသည်လေ။ တိတိပပဆိုရလျှင် ဦးအောင်မြိုင်ထံ စောနန်းထွေး ထိတ်ထိတ်ပျာပျာ သောက၊ မျက်နှာမရွှင်မပျဖြင့် ရောက်လာတော့သည်။

"ဦးကြီး ဦးအောင်မြိုင်ရေ၊ လူမိုက်ကြီးတစ်ယောက်တော့ လူ့ဘဝထဲက ထွက်သွားရှာပါပြီရှင်၊ အဟင့်··· ဟင့်ဟင့်"

ပြောရင်း စောနန်းထွေးက ငိုချလိုက်တော့၏။ ကြားလိုက်ရသည့် စကားမှာ မယုံနိုင်စရာပင်။ လင်နှင့်မယား ကြင်နာမှုမေတ္တာအနေအထား မှန်ကန်သော လမ်းကြောင်းရောက်လာခဲ၍ ကိုယ့်အပြစ်၊ ကိုယ့်အမှား သိမြင်လာခဲ့ပါမှ ဇော်ဝင်းထွန်း လူ့ဘဝကြီးထဲမှ စွန့်ခွာသွားပြီဆိုပါကလား။ သူ့ကျောပြင်ဝယ် ထူးဆန်းသော လက်ဝါးရာကြီးမှတစ်ပါး အခြား အနာတရဝေဒနာမခံစားရပါဘဲလျက် ခုတော့ ဆုံးပါးသွားခဲ့ရချေပြီကော။ သည်အတိုင်းဆိုလျှင် မနေ့ညက သူ့အဖြစ်အပျက်တွေမှာ အမှန်သူတွေ့ကြုံလာခဲ့ရခြင်းပင် ဖြစ်ပေလိမ့်မည်။ ထူးခြားဆန်းကြယ်သည့် လူ့ဘဝ သံသရာကား ချာရယ်ပတ်ပမာလည်ပတ်နေခြင်းပင် ဖြစ်သည်။

"တရားနဲ့သာ ဖြေပါတော့ သမီးရယ်၊ ဘုံဘဝမှာ ဆုံခဲ့ကြရပေမယ့် ကံကြမ္မာက ခွဲခဲ့လေတာမို့ မလွဲမသွေ တွေ့ကြုံကြရမယ့်အဖြစ်တွေပဲလေ။ သုံးဆယ့်တစ်ဘုံအဆင့်ဆင့်မှာ လူ့ဘဝသည်သာ အမွန်မြတ်ဆုံး။ ဘယ်ဘုံဘယ်ဘဝမှ နိဗ္ဗာန်ကို ပို့ဆောင်နိုင်တဲ့ဘဝမဖြစ်နိုင်ဘူးလေ။ နိဗ္ဗာန်ကို ရောက်ဖို့ ဆုတောင်းနိုင်ခြင်းဟာ "သုဂတိ" ဆိုတဲ့ လူ့ဘဝမှာသာ မြတ်ဘုရားဟောကြားခဲ့တဲ့ တရားတော်တွေအတိုင်း ကျင့်ကြံအားထုတ် ကုသိုလ်ကောင်းမှုပြုလုပ်မှသာ ဆုတောင်းပြည့်နိုင်ရတယ်ကွယ်။ ကောင်းမှုကုသိုလ်ပြုလုပ် ဆုတောင်း အမျှဝေခြင်းမှတစ်ပါး မောင်ဇော်ဝင်းထွန်းအတွက် သမီးလုပ်စရာ အခြားမရှိတော့ပါဘူးကွယ်"

ဦးအောင်မြိုင်၏ တရားသဘောအရ ပြောပြလေသည်နှင့် သူတော်ကောင်းတို့၏ ကောင်းမှုအထုံပါသော စောနန်းထွေးမှာ ငိုရှိုက်ခြင်းကို လက်စသိမ်း မိန်းမောတွေဝေခြင်းဆိုသည့် မောဟတွေ ပျောက်သွားပုံရပါလေ၏။

"ဟုတ်ကဲ့ပါ၊ ဦးကြီး ဦးအောင်မြိုင်။ စောနန်း သဘောပေါက်ပါပြီ။ အစ်ကို ဇော်ဝင်းထွန်းတစ်ယောက် ရောက်လေရာဘဝမှ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ဖို့ ကျွန်မ ကောင်းမှု ကုသိုလ်လုပ်ပြီး လူ့ဘဝမှာ အချည်းအနှီးမဖြစ်အောင် ကြိုးစားပါမယ်ရှင်"

"အေးအေး၊ သာဓုကွယ်··· သာဓု။ လူ့ဘဝမှာ သောကတွေ၊ မောဟတွေ၊ လောဘ၊ ဒေါသတွေကို ရှောင်ရှားနိုင်မယ်ဆိုရင် လောကမှာ လူ့ဘဝသည်သာ အမြတ်ဆုံးပါလေ"

ဦးအောင်မြိုင်၏ စကားအဆုံး၌ စောနန်းထွေးမှာ သောကကို ရင်ဝယ်ပိုက်၊ အမှန်တရားကို ရှာဖွေတွေ့ရှိသွားချေပြီတကား။

* * *

အလင်္ကာသွေး

www.burmeseclassic.com



# လူတိုင်းအတွက် ငွေမကုန်သော ဆေးမြီးတိုများ

ပေါ်လွင်ဦး(ရေး)-

### သွားနိုင်မာ ဖြူဖွေးစေရန်

နွယ်ပုပ်ပင် (ခေါ်) နွယ်ဇလပ်ပင်ကို လိုသလောက် ဖြတ်ယူပြီး အခြောက်လှန်းပါ။ ထို့နောက် မီးရှို့ ပြာချပြီး နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သွားတိုက်လျှင် သွားများ နိုင်ခဲ့ပြီး သွားပိုးများ သေစေပါသည်။ နွယ်ပုပ်ပင်သည် မြန်မာ နိုင်ငံအနှံ့ တောင်ကုန်းတွေတွင် တွယ်ကပ်ပေါက်ရောက် လေသည်။ အရွက်ကို ခြေမွပြီး နမ်းလျှင် အပုပ်နံ့ထွက်သော ကြောင့် နွယ်ပုပ်ပင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

### ထင်းမြီးကောက်ကဲ့သို့ အဆိပ်ရှိ အကောင်ကိုက်သော်

ကင်းမြီးကောက် (သို့) ကင်းခြေများနှင့် ကင်းဖြူ အကိုက်ခံရသော် မန်ကျည်းစေ့ကို သွေးပြီး အကိုက်ခံရသော နေရာကို ကပ်ထားပါ။ မန်ကျည်းစေ့သည် အနာပေါ်တွင် ကပ်နေ၍ ခဏအကြာတွင် ကွာကျသွားပြီး သက်သာသွား ပါလိမ့်မည်။

### ကြို့ထိုးဝေဒနာနှင့် ငရုတ်ကောင်းစေ့

တချို့သောသူတို့မှာ ကြို့ထိုးဝေဒနာသည် တစ်ရက် နှစ်ရက်မက ဂုရက်မျှပင် ခံရတတ်သည်။ ဤဝေဒနာကို ကြို့ကြီးထိုးဝေဒနာဟု ခေါ်၏။ ယခု ဖော်ပြသော မြန်မာ့ ဆေးမြီးတိုမှာ တွယ်အပ်ထိပ်ဖျားအစူးတွင် ငရုတ်ကောင်း စေ့ကို စိုက်ပြီး မီးရှို့ပါ။ မီးလောင်ပြီး အခိုးထွက်လာသော် အဝတ်ဖြင့် အုပ်ပြီး အခိုးကို အားရပါးရရှူလိုက်ပါ။ ခဏ အတွင်း ကြို့ထိုးဝေဒနာဆိုးကြီး ပျောက်ကွယ်သွားပါလိမ့် မည်။

### ကုရခက်သော ဝဲနင်းခူ

ဝဲနင်းခူရောဂါဖြစ်လျှင် အလွန်ကုသရခက်လှသလို၊ အကြောင်းသိသော် ရက်ပိုင်း လပိုင်းအတွင်း ပျောက်ကင်း နိုင်သည်ကို ရှေးတိုင်းရင်းဆေးဆရာတစ်ယောက်၏ ပြောပြ ချက်ကြောင့် သိရပါသည်။ ရေထဲတွင် တွေ့ရသော ရုပ်ခရု



www.burmeseclassic.com

www.burmeseclassic.com

ကို ပြာချပါ။ ထို့နောက် ဆေးဒန်းကို အမှုန့်ပြု ရောမွှေပြီး နှမ်းဆီစစ်စစ်ဖြင့် တစ်နေ့ သုံးကြိမ်လူးပေးလျှင် ပျောက်နိုင်လေသည်။

## လိပ်ခေါင်းအတွက် ဆေးတစ်ခွက်

မိုးရာသီတွင် မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရသော ခရုဖင်လိမ်နှင့် မှားတတ်သည်ကို သတိပြုရမည်။ ထိုခရုမှာ လက်ဖွေကဲ့သို့(ခရုပတ်ဖွေ) ခရုတစ်မျိုးကို ပြာချ၍ စအိုဝကို လိမ်းသုတ်ပေးပါ။

## အစာအိမ်အတွက် ဆေးမခက်

ပျားရည်စစ်စစ်တစ်ဇွန်း မိတ်သလင်ဥကို ထောင်း၍ တစ်ဇွန်းရအောင် အရည်ညှစ်ပါ။ ထို့နောက် ပျားရည်နှင့် မိတ်သလင်အရည်ကို ရောမွှေပြီး တစ်နေ့ တစ်ဇွန်း သုံးကြိမ် သောက်ပါ။ အစာအိမ် လေနာရောဂါ ရက်ပိုင်းအတွင်း ပျောက်နိုင်လေသည်။

## ယားနာအတွက် တမာရွက်


ယားနာကို လူတိုင်း အနည်းနှင့် အများဆိုသလို ဖြစ်တတ်သည်။ တမာရွက်(အညာတမာ)ကို ပြုတ်ပြီး ရေချိုး၍လည်းကောင်း ပြာချ၍ လည်းကောင်း အနာကို လိမ်းသုတ်နိုင်၏။

## လက်ခွနာပေါက်သော်

ကွမ်းစားဆေးရွက်ကြီးကို ပြာချ၍ ကန့်ကို အမှုန့်ထောင်းကာ အနာကို အုံပေးပါ။ ပြည်ပေါက်ကာ မကြာခင် သက်သာသွားပါမည်။

## ဆီးကျောက်အတွက်

ဆီးကျောက်အတွက် ကုန်းထိကရုန်းနှင့် ရေထိကရုန်းဟူ၍ အသုံးပြုရန် ထိကရုန်းနှစ်မျိုးနှစ်စားရှိသည့်အနက် ရေထိကရုန်းမှာ ပြုတ်၍ တို့စရာအဖြစ် အသုံးပြုကြသည်။ ကုန်းထိကရုန်းကို ဆီးရောဂါအတွက် ဆေးအဖြစ် အသုံးပြုပါသည်။ ဆီးသွားသည့်အခါ အနည်များပြီး ကျောက်တည်သကဲ့သို့ ဖြစ်နေလျှင် ကုန်းထိကရုန်းအမြစ်ကို ပြုတ်ကျို၍ ၁၀ရက်ခန့်သောက်သော် ဆီးကျောက်များ ကြေမွသွားပြီး သက်သာစေသည်။



## ခါးနာရောဂါအတွက် ဆေးမခက်

၁။ လူတိုင်းသည် ခါးကုန်းပြီး အလေးအပင်မ,၍သော် လည်းကောင်း၊ အဆင်မသင့်၍ ခါးနာလျှင်သော် လည်း ကောင်း ဖြစ်တတ်ကြပါသည်။ ထိုသို့ဖြစ်သော် ရေချိုး တွင် ဒူးဆစ်မှ ခြေဖျားထိ ရေလေးငါးခွက်ခန့်လောင်း ထို့နောက် ခါးကို ကုန်းပြီး လူတစ်ဦးတစ်ယောက်က ခါး ပေါ်သို့ ရေဖြည်းဖြည်းလောင်းချပေးသော် ခါးသည် ပျောင်းလာပါလိမ့်မည်။

၂။ လူတစ်ယောက် ခံနိုင်ဝန်အားရှိသော ဝါး တစ်လုံးကျော်ကျော်ခန့်ပေါ်တွင် စောင်တစ်ထည်ခေါက်တ ပြီး လူနှစ်ယောက်က ဝါးတစ်ဖက်စီကိုင်၍ အမြ တစ်တောင်ကျော်ခန့် မ,လိုက်၊ ချ,လိုက်လုပ်ပေးပါ။ ခါး သက်သာသွားပါလိမ့်မည်။ (ကျောက်ကပ်ရောဂါကြောင့် ခါး ခြင်းမဟုတ်ပါ။)

မှတ်ချက်။ ဤဆေးမြီးတိုများကို ပြောပြသော ဆရာ ဦးထွန်းမြိုင်အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတ အပ်ပါသည်။

* * *

ပေါ်ခွင်ဦး(



www.burmeseclassic.com

www.burmeseclassic.com



# ဆေးပေါင်းခတဲ့ ညစာ

# မဲဇလီပင်အကြောင်းသိကောင်းစရာများ

**သစ္စာဝါဒီ ဆရာ မြတ်စောလင်း**

တစ်နေ့တွင် ကျွန်ုပ်နှင့် ဆရာ ကိုသီဟတို့သည် တန်ဆောင်မုန်းလပြည့်နေ့ည မဲဇလီဖူးသုပ်စားသည့် အကြောင်းများကို ဆွေးနွေးမိကြ၏။ ထိုသို့ ဆွေးနွေးသည့် အခါ ကိုသီဟမှ သူ တတ်သိနားလည်ထားသော တိုင်းရင်း ဆေးပညာ၏ ဗဟုသုတများကို အောက်ပါအတိုင်း ပြောပြ ခဲ့၏။

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ကြာသပတေးနေ့ ခရစ်သက္ကရာဇ် ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်နေ့ညတွင် ဖော်ပြထားသော ဇာတာဂြိုဟ်နေအတိုင်း ကရကဋ်ရာသီတွင် ၂၃အံသာ ၂၇လိတ္တာဖြင့် လဂ်တည်ရှိပြီး ညမွန်းတည့်သည့် မြောက်အရပ်မှသည် တောင်အရပ်သို့ နေသွားနေချိန်ဖြစ်သဖြင့် ဒက္ခိဏာယဉ်ဟု ခေါ်သည့် ဆောင်း ရာသီ ဟေမန္တဥတု ရတု ဖြစ်တွင် ဟေမန္တရတု မဟိသဗဟိရ ကာလတို့ဖြစ်၍ ၎င်းဆောင်းရာသီ ဟေမန္တဥတုကာလတွင် လူတစ်ဦးအတွက် ကျန်းမာရေးကောင်းနေလျှင် အောက်ပါ လက္ခဏာများ ဖြစ်ပေါ်နေပေလိမ့်မည်။

(၁) ရေဆာလောင်မှုမရှိခြင်း၊

(၂) ချေးလွန်စွာ မထွက်ခြင်း၊

(၃) ဆီးများများသွားနေခြင်း၊

(၄) အစားအသောက်မကောင်းခြင်း၊

(၅) အအိပ်နည်းခြင်း၊

(၆) ဝမ်းသွားများခြင်း၊

(၇) ကိုယ်သားကိုယ်ရေအေးခြင်း၊

(၈) ခံတွင်းနုံ့ မန့်ခြင်း။

(၉) ခေါင်းကြည်လင်မှုမရှိခြင်း စသော လက္ခဏာတို့ သည် ကျန်းမာရေးကောင်းသူအတွက် ဖြစ်စေပြီး အကယ်၍ ကျန်းမာရေးမကောင်းခဲ့လျှင် ၎င်းနှင့် ဆန့်ကျင်ဘက်များ ဖြစ်ပေါ်နေလိမ့်မည်။ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖြင့် အရသာနှင့် ကုသော ဒေသနာနယ ဆေးပညာအရ အေး၍ ခါးသော သစ်ပွင့်သစ်ရွက်တို့ကို ဆားဖြင့် ရောစပ်၍ အေးခါးငန်အရသာဖြစ်အောင် ပြုလုပ်ပြီး စားစေရ၏။

www.burmeseclassic.com

ဇွင်းတန်ဆောင်မုန်းလတွင် မဲဇလီဖူးများ လှိုင်စွာပေါ်၏။ ထိုမဲဇလီဖူး၊ မဲဇလီရွက်တို့ကို မြန်မာတို့၏ ယုံကြည်ချက်အရ ဇွင်းတန်ဆောင်မုန်းလပြည့်နေ့သည် ဆေးစွမ်းပို၍ထက်သည်ဟု ယုံကြည်ကြ၏။ ထိုမြန်မာတို့ ယုံကြည်သော မဲဇလီဖူး၊ အရွက်တို့၏အကြောင်းကို အောက်တွင် ပြည့်စုံစွာ ဖော်ပြရေးသား တင်ပြအပ်ပါသည်။

## မြန်မာအခေါ် "မဲဇလီ"

## ရုက္ခဗေဒအမည် "Cassia Siamealam"

မဲဇလီကို သဘော်မဲဇလီ၊ မဲဇလီကြီးဟု နှစ်မျိုးခေါ်ဆိုလျက်ရှိပါသည်။ မဲဇလီအဖူးဟင်းချိုဟာ မြန်မာအစားအစာနှင့် အာဟာရအတွက် ဟင်းကောင်းတစ်ခွက်၊ ဆေးကောင်းတစ်လက်ဖြစ်စေပါတယ်။ လတန်ဆောင်မုန်း ကြတ္တိကာနက္ခတ်စန်းယှဉ်ရာ တန်ဆောင်မုန်းလပြည့်နေ့ နက္ခတ်တာရာ စုံညီစွာဖြင့် ဆေးပေါင်းခတဲ့ မဲဇလီဟာ အင်မတန်မှ ဆေးဖက်ဝင်သည်ဟု စာဆိုရှိပါသည်။

မဲဇလီပင်သည် အဖူး၊ အပွင့်၊ အရွက်၊ အမြစ်နှင့် ပဥ္စင်းပါးလုံး အသုံးဝင်ပါသည်။ မြန်မာဆေးကျမ်းအလို ဖန်၏။ လေကို ပယ်တတ်၏။ ရောဂါဖြစ်စေသောပိုးကို သေစေနိုင်၏။ ဝမ်းကို သက်စေနိုင်၏။ သလိပ်ကို ပယ်၏။ ဆီးကို များစေ၏။ အဆိပ်ကို ပြေစေ၏။ ခံတွင်းကောင်းစေ၍ အစာကို မြိန်စေပါသည်။

မဲဇလီအဖူးနှင့် အပွင့်၊ အရွက်တို့ကို ကြက်သွန်ဖြူ၊ ကြက်သွန်အနီ၊ မြေပဲ၊ နှမ်း စသည်တို့ဖြင့် သုပ်စားလျှင် ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးအောင့်ခြင်းတို့ကို သက်သာစေသည်။

မဲဇလီပင်၏ ပဥ္စင်းပါးလုံးသည် အရေပြားနှင့် ယားယံခြင်း၊ နူနာနှင့် အသားရေတို့ကို လှပကြည်လင်စေပါသည်။ အဖူး၊ အပွင့်၊ အရွက်တို့ကို သကြားနှင့် ဆား အနည်းငယ်ထည့်ပြုတ်၍ သောက်ပါက အသက်ရှူ ပြွန်ချောင်း ရောင်သော ရောဂါနှင့် ပန်းနာရောဂါများကို ပျောက်ကင်း သက်သာစေပါသည်။ အရွက်သည် ပွေး၊ ဝဲ၊ နှင်းခူ စသော အရေပြားရောဂါများကို နေ့ည နှစ်ကြိမ်မှန်မှန် ရက်အတန်ကြာ ပွတ်ပေးသော ပျောက်၏။ အဖူး၊ အပွင့်၊ အရွက်နှင့် ပဥ္စင်းပါးတို့ကို ကွမ်းရွက်၊ ဆားတို့နှင့်အတူ ပြုတ်၍ အရေပြားအနာအမျိုးမျိုးတို့၌ အသုံးပြုနိုင်သည်။

အရွက်ကို ကြိတ်၍ အဆိပ်ရှိသော သတ္တဝါများ ကိုက်သော နေရာသို့ အုံပေးသော် အဆိပ်ပြေ၏။ လူပျိုနာများ အပေါ် လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေသည်။ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်တို့ကို ဆား၊ လက်ဖက်ခြောက်ရည်ကျကျပြုတ်၍ ခပ်နွေးနွေးငုံပေးသော် သွားဖုံးနာခြင်း၊ ခံတွင်း၌ အနာအဖုများ ပေါက်ခြင်း၊ သွားဖုံးရောင်ရမ်းခြင်း၊ ရေစိုကမ်းပြို သွားဖုံးရိခြင်း၊ ခံတွင်းပျက်ခြင်း၊ အစာမစားနိုင်ခြင်းတို့ကို သက်သာစေပါသည်။

မဲဇလီပင်၏ ပဥ္စင်းပါးကို အမှုန့်ပြု၍ ပျားရည်နှင့် ဖျော်၍ စားသုံးသော် သွေးသားစင်ကြယ်၍ အသားအရေဝဖြိုးပြီး အင်အားတိုးစေသည်။ တန်ဆောင်မုန်းလရာသီ ချိန်ခါညီမှု နက္ခတ်စုံပေါ် ပွင့်တွန်းရာတွင် မဲဇလီပင်သည် ဟင်းကောင်းတစ်ခွက်၊ ဆေးကောင်းတစ်လက်ဖြစ်စေပါသည်။

ဒံပေါက်စားပြီးလျှင် မဲဇလီရွက်ဟင်းချိုသောက်ပေးခြင်းဖြင့် ဒံပေါက်ကြောင့် သွေးတက်လာမည်ကို ကာကွယ်ပေးနိုင်၏။ မဲဇလီရွက်ဟင်းချိုသည် သွေးတိုးခြင်းကို သက်သာစေ၏။ ဂရင်ဂျိုနာကိုလည်း သက်သာစေ၏။ အတွင်းလိပ်ရှိသူများ မကြာမကြာ သုံးစွဲသင့်၍ မဲဇလီဖူးကို သုပ်စားခြင်း၊ အရွက်ကို ပြုတ်တို့ခြင်း၊ ဟင်းချိုချက်၍ သောက်ခြင်း၊ အခေါက်ကို ဆေးဖော်ခြင်း စသဖြင့် မဲဇလီသည် လူသားတို့အတွက် များစွာအကျိုးပြုသော ဆေးဖက်ဝင်အပင် အစာ အာဟာရ ဖြစ်သောကြောင့် အစားလည်း ဆေး၊ ဆေးလည်း အစာဖြစ်ကြောင်း ကျွန်ုပ်၏ စာဖတ်ပရိသတ်များကို ရေးသား တင်ပြလိုက်ရပေသတည်း။□

* * *

သစ္စာဝါဒီဆရာမြင့်စာလင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၂ ခုနှစ်လောက်ကဟု ထင်ပါသည်။ လတွေ၊ ရက်တွေတော့ မမှတ်မိ။ နေ့ကတော့ သောကြာတစ်ရက် ဖြစ်ပါသည်။ ကျွန်တော်သည် လေထန်ကုန်းတွင် ရေးဖော်များနှင့် လေကန်၍ အချိန်ကျသောအခါ ၃၅လမ်း ကိုနိုင်၏ ရှမ်းရိုးရာဆိုင်ရောက် မောင်မြဲကြီး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ စာပေဗိမာန်က ဦးစန်းမြင့်၊ ငြိမ်းအောင်(သစ်လုပ်ငန်း)၊ မောင်မြေသွေး(မြန်မာစာ)၊ သန်လျင် မောင်မောင်ဦး၊ ပန်းချီ မိုးဝေ၊ ပန်းချီ ညီညီလွင်၊ ကိုမောင်သန်းဝင်း စသည့် ရေးဖော်များနှင့် ထိုဆိုင်တွင် ဆက်၍ လေကန်ကြပြန်သည်။

ရှမ်းရိုးရာဆိုင်ပိုင်ရှင် ကိုနိုင်က အနုပညာသမားဖြစ်သည်။ စာပေ၊ ဗီဒီယို၊ ရုပ်ရှင်ကို ဝါသနာပါသည်။ ရှမ်းရိုးရာ ဗီဒီယိုလုပ်ငန်းထောင်ထားသည်။ စာပေ အနုပညာသမားများကို ချစ်ခင်သည်။ လေးစားသည်။ အနွံအတာခံသည်။ ကျွန်တော်တို့ စာသမားများက မူးလာ၍ ဂျိကျလည်း သူက ပြုံးပြုံးပြုံးပြုံးနှင့် သည်းခံတတ်သည်။

ထိုဆိုင်တွင် ထိုင်ဖြစ်မှ မင်းသားကြီး ဇော်ဝင်း၊ ချန်ပီယံ တင်ညွန့်နှင့် ဒါရိုက်တာ ပိုင်သတို့နှင့် ရင်းနှီးသွားရသည်။ ကိုနိုင်၏ ရှမ်းရိုးရာဆိုင်က ညနေစောင်းတွင် စာပေအနုပညာသမားများ ဆုံကြသောကြောင့်ဖြစ်သည်။ (ယခုတော့ ထိုဆိုင်လည်း မရှိတော့။ ကိုနိုင်လည်း မတွေ့တာ ကြာပြီ။ သတိရမိသေးသည်။)

ထိုနေ့က ကျွန်တော်နှင့် မောင်မြဲကြီး(ပန်းတောင်း)တို့ စာပေကိစ္စတစ်ခုနှင့် ပတ်သက်၍ အငြင်းအခုန်ဖြစ်နေစဉ် ကျွန်တော့်အနားသို့ လူတစ်ယောက် လာရပ်သည်ကို သတိပြုမိ၍ မော့ကြည့်လိုက်သောအခါ ရင်းနှီးပြီးသား မမြင်တာ ကြာ၍ မမှတ်မိသော မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။ ကျွန်တော်က…

"ဟာ…မင်း…မင်း"

"ဟုတ်တယ် အစ်ကို ကျွန်တော်ပဲ"

"မင်းကို ငါသိပါတယ်"

"အစ်ကို မမှတ်မိဘူးလား။ ကျွန်တော် ခင်မောင်ဇင်လေ။ ရောက်တာ သိပ်မကြာသေးဘူး။ ရောက်ရောက်ချင်း ဖျာပုံကို အရင်သွားတာ။ ဟိုမှာ မိန်းမယူဖို့ကိစ္စ စီစဉ်ပြီးမှ ရန်ကုန်ကို ပြန်လာတာ။ ရေ့အပတ်ထဲ အစ်ကိုနဲ့ အစ်မဆီ လာခဲ့မယ်"

ထိုအခါကျမှ ကျွန်တော်၏ အတွေးတွင် သူ့ကို မှတ်မိသွားသည်။ သူနှင့် ကျွန်တော်သည် သူစိမ်းတစ်ရံခဲ မဟုတ်။ မောင်ခင်မောင်ဇင်သည် ကျွန်တော်၏ ယောက်ဖအရင်းကြီးဖြစ်သည်။ သူ့အစ်မသည် ကျွန်တော်၏



# နိုင်ငံခြားပြန်တစ်ယောက်နှင့်ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သည်။ သူ့ကို မမှတ်မိခြင်းမှာ သူသည် နိုင်ငံခြားကို ၅နှစ်လောက်ကြာအောင် သွားနေသည့်အပြင် သူသည် အလွန်ဝ၍ အသားအရေစိုပြေကာ မမြင်တာကြာ၍ သူ့ကို ကျွန်တော် မမှတ်မိခြင်းဖြစ်ပါသည်။ သူသည် ကျွန်တော့်ထက် အသက် ၁၀နှစ်ခန့် ငယ်ပါသည်။

"ထိုင်ဦးလေကွာ၊ စကားလေး ဘာလေးပြောရအောင်"

"မထိုင်တော့ဘူး အစ်ကို။ ကျွန်တော့်မှာ ညှိသည်ပါသေးတယ်။ ရှေ့အပတ်ကျမှ အစ်ကိုနဲ့ အစ်မဆီ အေးအေးဆေးဆေးလာခဲ့မယ်။ အစ်ကိုနဲ့လည်း အေးအေးဆေးဆေး စကားတွေ ပြောချင်သေးတယ်။ ကျွန်တော် အခု ဗိုလ်ချုပ်လမ်းနဲ့ ၄၇လမ်းထိပ်မှာ တိုက်ခန်းဝယ်ထားတယ်"

"အေးအေး၊ ဒါဆို ကောင်းပြီ"

"ဩော်…ဒါထက် အစ်ကိုတို့ ဗိုင်းကို ကျွန်တော်ရှင်းလိုက်မယ်။ ဘာ ထပ်ယူဦးမလဲ"

"ဟေ…အားနာစရာကြီး၊ တို့လည်း ပြည့်စုံနေပါပြီ"

"ရပါတယ် အစ်ကို။ ကျွန်တော် ရှင်းလိုက်ပါ့မယ်"

ကျွန်တော်တို့ ကိုးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကုန်ကျငွေအတွက် စိတ်တွက်တွက်နေချိန်မှာ မောင်မင်းကြီးသားက မမျှော်လင့်ဘဲ အလှူပေးသွားသောကြောင့် ကြိတ်ပြီး ဝမ်းသာသွားမိသည်။

ကျွန်တော်တို့ကိုးယောက်လည်း မှောင်နေပြီဖြစ်သောကြောင့် လမ်းခွဲလိုက်ကြသည်။

နောက်တစ်ပတ်တွင် မောင်ခင်မောင်ဇင်ရောက်လာသည်။ သူ နိုင်ငံခြားက ပြန်လာတာ တစ်လကျော်ပြီ

> ကျွန်တော် နိုင်ငံခြားကို
> ရောက်နေ ..မယ့်
> အားရင် စာအမြဲဖတ်တယ်အစ်ကို။
> အထူးသဖြင့် အစ်ကို့စာတွေ
> အမြဲဖတ်တယ်။ အစ်ကိုရေးတဲ့
> ထူးဆန်းသော ပုတီးတစ်ကုံးနှင့်
> အံ့ဖွယ်ဖြစ်ရပ်ဆန်းများစာအုပ်ကို
> သူငယ်ချင်းတစ်ယောက်ဆီမှာတွေ့လို့
> ငှားပြီး ဖတ်လိုက်တယ်။
> အဲဒီစာအုပ်ထဲက
> အဖြစ်အပျက်တွေလိုပဲ ကျွန်တော့်ရဲ့
> ကိုယ်တွေ့ထူးဆန်းတဲ့
> အကြောင်းလေးကို ပြောပြချင်လို့ပါ

ဖြစ်ကြောင်းနှင့် သူပြန်လာလျှင် အိမ်ထောင်ပြုမည်။ သူချစ်သူရှိရာ ဖျာပုံမြို့သို့ အစီအစဉ်များ သွားဆွဲနေသောကြောင့် ကျွန်တော်နှင့် သူ့အစ်မထံသို့ ချက်ချင်းရောက်မလာနိုင်ကြောင်း သူက ရှင်းပြသည်။ မောင်ခင်မောင်ဇင် နိုင်ငံခြားမသွားမီက အခုလို မဟုတ်။ အခု သူက အသားအရေစိုပြေကာ ဝဖြိုးနေသောကြောင့် ကျွန်တော်က သူ့ကို မမှတ်မိကြောင်း ကိုခိုင်တို့ ရှမ်းရိုးရာဆိုင်မှာ တွေ့စဉ်ကအကြောင်း ရှင်းပြရသည်။

သူ့အစ်မနှင့် ကျွန်တော်၏ သားသမီးများအတွက် သူက လက်ဆောင်များ ပေးကာ နာရီဝက်ခန့် စကားပြောပြီး ကျွန်တော့်အနားသို့ ကပ်ကာ လက်ကုတ်၍ အပြင်သို့သွားရန် ပြောသည်။

ကျွန်တော် သဘောပေါက်လိုက်ပါ သည်။ သူ ကျွန်တော့်ကို အေးအေး ဆေးဆေး တစ်စုံတစ်ခုပြောချင်နေ ကြောင်း သိနေသည်။ ကျွန်တော်က အဝတ်အစားလဲကာ သူနှင့် အပြင်သို့ ထွက်ခဲ့သည်။

ကျွန်တော်နှင့် မောင်ခင်မောင်ဇင် သည် သန်လျင်မြို့ပြင်ရှိ "နွေမိုး ဆောင်း"စားသောက်ဆိုင်ကို ရောက် လာကြသည်။ စားသောက်ဖွယ်ရာများ စားပွဲပေါ်သို့ ရောက်လာသောအခါ သူ က…

"အစ်ကိုက စာရေးတာ ဝါသနာ ပါမှန်း သိလို့ အစ်ကို့ကို ကျွန်တော့်ရဲ့ ကိုယ်တွေ့အဖြစ်အပျက်ကလေး ပြော ပြချင်လို့ ခေါ်လာတာပါ"

"အေး၊ ကောင်းတာပေါ့။ ပြော ပါ၊ နားထောင်မယ်"

"ကျွန်တော် နိုင်ငံခြားကို ရောက် နေပေမယ့် အားရင် စာအမြဲဖတ်တယ် အစ်ကို။ အထူးသဖြင့် အစ်ကို့စာတွေ အမြဲဖတ်တယ်၊ အစ်ကိုရေးတဲ့ ထူးဆန်း သော ပုတီးတစ်ကုံးနှင့် အံ့ဖွယ်ဖြစ်ရပ် ဆန်းများ စာအုပ်ကို သူငယ်ချင်းတစ် ယောက်ဆီမှာ တွေ့လို့ ငှားပြီး ဖတ် လိုက်တယ်။ အဲဒီစာအုပ်ထဲက အဖြစ် အပျက်တွေလိုပဲ ကျွန်တော့်ရဲ့ ကိုယ် တွေ့ ထူးဆန်းတဲ့ အကြောင်းလေးကို ပြောပြချင်လို့ပါ"

"အေး၊ ဗိုကောင်းတာပေါ့ကွာ ငါကလည်း အဲဒီလို ထူးဆန်းတာတွေ တွေ နားထောင်ချင်ပါတယ်"

"ကျွန်တော် နိုင်ငံခြားမထွက်ခင် ထွက်ဖို့ ကြိုးစားနေတာ အစ်ကိုလည်း သိပါတယ်။ ၂နှစ်လောက်ကြာတဲ့အထိ မအောင်မြင်သေးဘူး။ အဆင်ပြေ တော့လည်း ဆိုင်းမဆင့် ဗုံမဆင့်ထွ ခဲ့ရတာပဲ။ နိုင်ငံခြားတော့ ရောက်





www.burmeseclassic.com

www.burmeseclassic.com

အလုပ်က မရသေး။ ဒီကြားထဲ ကျွန်တော့်ပတ်စ်ပို့ အလိမ်ခံလိုက်ရသေးတယ်။ လိမ်တဲ့လူကလည်း တခြားလူ မဟုတ်ဘူး။ မြန်မာပြည်သား ကျွန်တော့်မိတ်ဆွေထဲကပဲ။ ကျွန်တော့်မှာ အစ်ကိုနဲ့ အလုပ်ကလည်း မရသေး၊ ပတ်စ်ပို့ကလည်း အလိမ်ခံရဆိုတော့ စိတ်ဆင်းရဲလိုက်တာ မပြောပါနဲ့။

အလုပ်မရသေးတော့ စားဝတ်နေရေးကလည်း အခက်အခဲတွေ့၊ အဲဒီတော့ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ ဘုရားပဲ ရှိတော့တယ်။ နောက်ပြီး နံနက်တိုင်း ကျွန်တော်အလွတ်ရတဲ့ စရဏပရိတ်တို့၊ မေတ္တာသုတ်တို့ အမြဲရွတ်တယ်။ ကံအားလျော်စွာပဲ ကုမ္ပဏီတစ်ခုမှာ ကားရေဆေးတဲ့ အလုပ်တစ်ခု ရသွားတယ်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် စားဝတ်နေရေး အဆင်ပြေရင် ပြီးရောဆိုပြီး ကျွန်တော် အလုပ်ကို ကြိုးစားလုပ်တယ်။ ကားရေဆေးတယ် ဆိုပေမယ့် စက်ကိရိယာတွေနဲ့ ဆေးပြီး အခြောက်ခံတဲ့ အဆင့်အထိ ခဏပဲ ကြာပါတယ်။

ကုမ္ပဏီပိုင်ရှင်ရဲ့ ဇနီးက ခွေးတစ်ကောင်ကို ဆွဲပြီး လျှောက်ကြည့်နေတယ်။ ဒီလိုပဲ အလုပ်ထဲကို သူက လျှောက်ကြည့်နေကျပါ။ သူဆွဲလာတဲ့ ခွေးက ခါးလျားရှည်ရှည်နဲ့ အကောင်ကြီးကြီး၊ အမြီးမပါတဲ့ ဒိုဗာမင်အမျိုးအစားခွေးပါ။ သခင်ရဲ့ အမိန့်ပေးတာကိုပဲ နာခံတယ်။ ကိုက်တတ်တယ်။ ခွေးက ငယ်ငယ်ကတည်းက အမြီးကို ဖြတ်ထားလို့ အမြီးမပါဘူး။ ကျွန်တော် ကြားဖူး မှတ်ဖူးတာကတော့ အဲဒီခွေးမျိုးတွေက လူတောင် အသေကိုက်တတ်တယ်လို့ ကြားဖူးတယ်။ သူဌေးလင်မယားက အဲဒီလိုပဲ သံကြိုးနဲ့ ချည်ထားတဲ့ ခွေးကို ဆွဲပြီး လှည့်ပတ်ကြည့်နေကျဆိုတော့ ကျွန်တော်လည်း အမှတ်တမဲ့ပါပဲ။ ကိုယ့်အလုပ် ကိုယ်လုပ်နေပါတယ်။

သူဌေးရဲ့ ဇနီးက တစ်နေရာမှာ ရပ်စကားပြောနေတုန်း သူဌေးလက်ထဲက ကိုင်ထားတဲ့ သံကြိုးကို ခွေးက ရုန်းပြီး ဆွဲနေတယ်။ သူဌေးက ခွေးကို သူတို့ဘာသာစကားနဲ့ ပြောလိုက်တော့ ခွေးက ငြိမ်သွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ကားရေဆေးနေရင်း မြင်နေရတယ်။ စိတ်ထဲကလည်း အလုပ်လုပ်နေရင်း စရဏပရိတ်နဲ့ မေတ္တာသုတ်ကို ရွတ်နေမိတယ်။ နောက် သိပ်မကြာပါဘူး။ ခွေးက ဆောင့်ပြီးရုန်းလိုက်တဲ့အခါ သံကြိုးက ပြတ်ထွက်သွားတယ်။ သံကြိုးပြတ်သွားတာနဲ့ ခွေးက ဒေါသတကြီးနဲ့ ကျွန်တော် ကားရေဆေးတဲ့ ဆီကို ပြေးလာတယ်။ ခွေးက သွားကြီးဖြဲပြီး ကျွန်တော့်ဆီကို တည့်တည့်ပြေးလာတာ တွေ့တာနဲ့ ကျွန်တော့်မျက်လုံးတွေ ပြာသွားတယ်။ ကုမ္ပဏီပိုင်ရှင်သူဌေးဆီကလည်း အော်သံတွေ ကြားလိုက်ရတယ်။ ခွေးက လျှပ်တစ်ပြက်အတွင်း ကျွန်တော့်ဆီကို ချက်ချင်းရောက်လာတယ်။

ကျွန်တော် ကားရေဆေးတဲ့ စက်ကို ယောင်ပြီး ကိုင်ထားချိန်မှာ ခွေးက ကျွန်တော့်ရဲ့ ပေါင်ကို ကုန်းပြီး ဟပ်လိုက်တယ်။ ကျွန်တော် သိသလောက် ဒိုဗာမင်ခွေးတွေဟာ လူကို ကိုက်ရင် ပတ်ရပ်ပြီး မျက်နှာကို ကိုက်တတ်တယ်ဆိုတာ သိထားတယ်။ ကျွန်တော့်အတွေးက ငါတော့ ဒီဘဝတော့ သွားပြီးလို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ဒီကောင်က ပတ်ရပ်ပြီး မကိုက်ဘူး။ ကျွန်တော့်ပေါင်ကို လှမ်းဟပ်လိုက်တယ်။ သူ ဟပ်လိုက်တဲ့(ကိုက်တဲ့) အချိန်မှာ ကျွန်တော့်ဘဝမှာ တစ်ခါမျှမကြုံဘူးတဲ့ အတွေ့အကြုံကို ခံစားလိုက်ရတယ်။ အသည်းထဲမှာ အေးသွားပြီး ခဏလောက် သတိမေ့သလို ဖြစ်သွားတယ်။

ကြောက်အားကြီးလို့ ကြောက်စိတ်တွေ များတာလည်း ပါမယ်ထင်ပါတယ် အစ်ကိုရာ။ ကျွန်တော် သတိပြန်လည်လာတဲ့အချိန်မှာ ကျွန်တော့်ခန္ဓာကိုယ်မှာ နာကျင်တဲ့ ဝေဒနာတစ်ခုမှ မခံစားလိုက်ရဘူး။ ကျွန်တော်ကြည့်လိုက်တော့ ဒိုဗာမင်ခွေးကြီးဟာ လှည့်ပြီး ပြန်ထွက်သွားတာပဲ မြင်လိုက်ရတယ်။ အဲဒီတော့မှ ကျွန်တော်လည်း ငါ ဘာတွေများ ဖြစ်သွားသလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးကြည့်လိုက်တဲ့အခါမှာ ကျွန်တော့်ပေါင်မှာ ခွေးကြီးရဲ့ ပါးစပ်က သွားရည်တွေ ကျန်နေတာ တွေ့ရတယ်။

ကျွန်တော့်အဖြစ်အပျက်က ကျွန်တော့်ကိုယ်တောင် ကျွန်တော်မှ ဟုတ်ရဲ့လားလို့ သံသယဖြစ်မိခဲ့တယ် အစ်ကို။ ကျွန်တော့်ကုမ္ပဏီပိုင်ရှင် သူဌေးကလည်း ကျွန်တော့်ဆီကို အပြေးအလွှားရောက်လာပြီး သတင်းမေးတယ်။ ကျွန်တော် ဘာမှမဖြစ်တော့ သူလည်း အံ့သြနေတယ်။ ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားမိသလောက်ကတော့ ကျွန်တော် အမြဲတမ်းရွတ်နေတဲ့ စာရဏပရိတ်နဲ့ မေတ္တာသုတ်ကြောင့် အခုလိုကြုံတာပဲလို့ ကျွန်တော် ယုံကြည်တယ်။ အစ်ကိုရော စာရေးဆရာပဲ၊ အစ်ကို ဘယ်လိုမြင်သလဲ"

"ဘယ်လိုမှ မမြင်ပါဘူး ကိုခင်မောင်ဇင်ရယ်။ ကိုခင်မောင်ဇင်ရဲ့ အမြင်နဲ့ အစ်ကို့အမြင် အတူတူပါပဲလို့ပဲ ပြောချင်ပါတယ်"■

* * *

မောင်မြင့်မား(ဗိုလ်ကလေး)


www.burmeseclassic.com

(၁၇၇)မှအဆက်


အရှေ့မြောက်အရပ် ပန်းတင်ခုံ အရန်စေတီအလှူရှင်အဖြစ် ကျောက်ချပ်ကျေးရွာ ကိုအောင်ဝင်း-မစန်း(ထော်လာဂျီ) မိသားစုနှင့် အထက်ပစ္စယံ အရန်စေတီအလှူရှင်အဖြစ် လျှော်ပင်ရွာ ဦးမှော်တီ-ဒေါ်သိန်းအား ရည်စူး၍ ဦးရွှေ-ဒေါ်ခင်စန်းမြင့်၊ သမီး မသင်းသင်းအေး၊ မသင်းသင်းထွေးတို့မှ လည်းကောင်း၊ အရှေ့တောင်အရပ် ပန်းတင်ခုံ အရန်စေတီအလှူရှင်အဖြစ် ကျောက်ဆည်မှ (ဦးကိုကြီး)-ဒေါ်စိန်မြိုင်၊ ကိုစောမြတ်ငြိမ်း-မတင်မိုးလွင်နှင့် အထက်ပစ္စယံ အရန်စေတီအလှူရှင်အဖြစ် ကျောက်ဆည်မှ ကိုကျော်ရွှေ-မခင်အုံးတို့မှ လည်းကောင်း၊ အနောက်တောင်အရပ် ပန်းတင်ခုံ အရန်စေတီအလှူရှင်အဖြစ် ပျော်ဘွယ်မြို့ ဦးငွေသိန်း၊ သမီး နွယ်နွယ်ဝင်းတို့အား ရည်စူးပြီး ဒေါ်အုန်းငွေ(ပြည်နိုင်ဖြိုးအမှုဆောင်) တ·က·က ထွန်းထွန်းလင်း - မဝါဝါနှင့် အထက်ပစ္စယံ အရန်စေတီအလှူရှင်အဖြစ် ပန်းတောင်ကျေးရွာ နှစ်ဖက်မိဘအား အမှူးထား၍ ကိုနိုးလွင်-မမာလာဝင်း၊ ညီမ မဝင်းဝင်းအေးတို့မှ လည်းကောင်း အသီးသီးလှူဒါန်းကြပါလေ၏။

"ဒီတံခွန်တိုင်စေတီကိုလည်း မှတ်တမ်းတင်ပေးပါဦး ဆရာ"

.ဘုံသုံးဆင့် ရုပ်ပွားတော်သုံးဆူ ခံဆောင်ထားသော



ရုပ်တော်မှဗျာဒိတ်ပေးရုပ်ပွားတော်




ထပ်မံလှူဒါန်းသောအာရုံခံ




www.burmeseclassic.com

www.burmeseclassic.com



ထပ်မံလှူဒါန်းသောအာရုံခံ



ရုပ်တော်မှုဗျာဒိတ်ပေးရုပ်ပွားတော်

တံခွန်တိုင်စေတီကို ပေါ့ပင်ရွာ ဦးမော်တီ-ဒေါ်သိန်းရတို့အား ရည်စူး၍ ဒေါ်ခင်စန်းတင့်၊ သား အောင်သန်းဦး၊ ဝေယံဦး (ခေတ္တ မလေးရှား)၊ သမီး မျိုးသင်ဇင်တို့မှ လှူဒါန်းပါသည်။

"ဒီအရန်စေတီသုံးဆူကလည်း နဂိုကတည်းက ရှိတာ ကို ကျွန်တော်တို့ ပြန်လည်ပြုပြင်ထားတာပါ"

အရှေ့မြောက် အရန်စေတီကို ကွယ်လွန်သူ မိဘများ ကို ဦးထိပ်ထားပြီး ဒေါ်မြမိသားစုမှ ၁၃၆၉ခုနှစ်တွင် ပြန်လည် ပြုပြင်ပါသည်။ မြောက်အရပ် တဝဂ္ဂပုံစံ အရန်စေတီတော် ကို နှစ်ဖက်မိဘများအား အမှူးထား၍ ကိုမောင်မောင်တင်- မစန်းဦး(ကျောက်ဆည်ရွာ)မှ ၁၃၆၉ခုနှစ်တွင် ပြန်လည် လှူဒါန်းပါသည်။ အနောက်မြောက် အရန်စေတီတော်ကို ဒေါ်ခင်မြင့်ကြည်၊ ဒေါ်ခင်မြင့်ရီ(ကျောက်ဆည်)မိသားစုတို့က ၁၃၆၉ခုနှစ်တွင် ပြန်လည်ပြုပြင်ပါသည်။

**ဗောဓိပင်နှင့် နံ့သင့်ဘုရား**

ညီတော်စေတီ၏ အနောက်ဘက်တွင် ဗောဓိပင်နှင့် နံ့သင့်ဘုရားကို ၁၃၆၈ခု၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့ က လှူဒါန်းပါသည်။

"ဗောဓိပင်က နဂိုကတည်းက ရှိတာပါ။ နံ့သင့်ဘုရား

www.burmeseclassic.com

တွေကိုတော့ ရပ်ရွာက တည်တာပါ”

**အဘယမုဒြာ**

ဗောဓိပင်၏ တောင်ဘက်တွင် မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၀၇ခုနှစ်တွင် ကျောက်ဆည်ရွာ ဘုရားဒါယိကာမများဖြစ်ကြသော ဒေါ်ဗျားကြီးနှင့် ဒေါ်တင်ယု တို့မှ လှူဒါန်းထားသော အဘယမုဒြာဟန် ရုပ်တော်မှု ရုပ်ပွား တော်ကြီး တည်ရှိပါသည်။

ဖွားတော်မူခန်း၏ မြောက်အရပ်တွင် ဘူမိဖဿမုဒြာ ရုပ်ပွားတော်မြတ်ကြီးကို တံကဲပလ္လင်နဲ့ အာရုံခံ တန်ဆောင်း အပါအဝင် အပြီးအစီး တစ်ဦးတည်းသော ဒါယကာအဖြစ် ဦးစောမောင်-ဒေါ်ထားခင်၊ သမီး မမာမာအေး မိသားစု ကျောက်ဆည်ရွာမှ လှူဒါန်းပါသည်။

**ဓမ္မစကြာတရားဦး ဟောကြားဟန်**

နောင်တော်ကြီးစေတီတော်၏ မြောက်ဘက်တွင် မြတ်စွာဘုရားသခင်၏ ဓမ္မစကြာတရားဦး ဟောကြားဟန်



ဆရာတော်ဦးဥတ္တမ

ရုပ်ပွားတော်ကြီးကို ပဉ္စဝဂ္ဂီ ၅ဦးအပါအဝင် အာရုံခံ တန်ဆောင်း တစ်ခုလုံး၏ အလှူရှင်အဖြစ် ကျောက်ဆည်ရွာသားများဖြစ် ကြသော ကိုနေဝင်း-မအေးမြင့်၊ ကိုနန်းဝင်းဆန်း-မတင်မာဌေး မိသားစုတို့မှ တာဝန်ယူ လှူဒါန်းပါသည်။

**ဖွားတော်မူခန်းနှင့် ဘူမိဖဿမုဒြာ**

ဗောဓိပင်၏ အနောက်ဘက်တွင် မယ်တော် မာယာမှ ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူလေသောအခါတွင် အမိဝမ်းမှ ကျွတ်လျှင်ကျွတ်ခြင်း ခြေလှမ်း ၇လှမ်း ကြွလှမ်း လျက်…

“အဂ္ဂေါဟ မသ္မိလောကဿ၊ ဇေဋ္ဌောဟမသ္မိလော ကဿ၊ သေဋ္ဌောဟမသ္မိလောကဿ”

လောကမှာ ငါဟာ အမြတ်ဆုံး၊ အကြီးဆုံး၊ ချီးမွမ်းအခံ ရဆုံးဟူ၍ ကြွေးကြော်တော်မူလေပုံကို သရုပ်ဖော် ပူဇော်ထား ပါလေ၏။ အများကောင်းမှုဖြစ်ပါသည်။

**ကိုးတောင်ပြည့်စေတီနှင့် တံခွန်တိုင်**

ဓမ္မစကြာမုဒြာ၏ အနောက်ဘက်တွင် ကိုးတောင်ပြည့် စေတီတော်ကို မူလ အလှူရှင်အဖြစ် ဗိုလ်ကြီး စိန်လွင်မှ လှူဒါန်းထားပြီးလျှင် ကိုဝင်းစိုး-မခင်မာဌေး မိသားစုမှ ထပ်မံ ပြုပြင်ထားပါလေ၏။ ၎င်း၏ မြောက်ဘက်ရှိ တံခွန်တိုင်တော်



www.burmeseclassic.com

www.burmeseclassic.com

တော်ကို ဦးဆောင်-ဒေါ်ငယ် မိသားစု၊ ကျောက်ဆည်ရွာမှ လှူဒါန်းထားခြင်းဖြစ်ပါသည်။

**ဗျာဒိတ်ပေး ရုပ်ပွားတော်**

ဓမ္မာရုံ၏ မြောက်ဘက်တွင် ရှေးဟောင်းစေတီတော်များကို ဖူးမြော်ရန် ညွှန်ပြနေသော ဗျာဒိတ်ပေး ရုပ်တော်မှ ရုပ်ပွားတော်ကြီးကို ဖူးမြော်ရပါလေ၏။

တစ်ဝင်းလုံးအနှံ့ လှည့်လာပြီးချိန်တွင် ကျွန်ုပ်တို့သည် ကျောက်ဆည်ရွာဦးကျောင်းဆီသို့ ဆက်လက်ချီတက်ခဲ့ကြပါလေ၏။

(၂)

**ကျောက်ဆည်ရွာဦးကျောင်းဆရာတော်**

ပထမဆရာတော် ပျော်ဘွယ်သား ဦးဖေ၊ ဒုတိယဆရာတော် ကျောက်ဆည်သား ဦးသုမင်္ဂလ၊ တတိယဆရာတော် ကျောက်ဆည်သား ဦးဉာဏဝံသ၊ စတုတ္ထဆရာတော် ကျောက်ဆည်သား ဦးသီလာစာရ ဟူ၍ ရှေးယခင် ဆရာတော်လေးပါး သီတင်းသုံးခဲ့ပြီးလျှင် ဦးသီလာစာရ ၁၃၂၈တွင် ပျံတော်မူလေသောအခါ လက်ရှိဆရာတော် ကျောက်ဆည်သား ဦးဥတ္တမမှ ပဉ္စမမြောက် ဆရာတော်အဖြစ် ဆက်လက်သီတင်းသုံးလျက်ရှိသည်။ ဦးဥတ္တမသည် ဦးသီလာစာရနှင့်အတူ ၂၃နှစ်မျှ သီတင်းသုံးနေထိုင်ခဲ့ပြီး ဆရာတော် ပျံလွန်တော်မူသောအခါ ကျောင်းထိုင်ဖြစ်လာခဲ့လေသည်။

လက်ရှိ ပဉ္စမဆရာတော် ဦးဥတ္တမသည် သက်တော် ဂ၇နှစ်နှင့် ဝါတော် ၆ဂ ဝါ ရရှိပြီးဖြစ်ပါသည်။ ယခင်က မြို့နယ်သံဃာ့ဝန်ဆောင်မှုအဖြစ် လည်းကောင်း၊ ရပ်ကျေးဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့နယ် သံဃာ့မဟာနာယကအဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက်တော်မူခဲ့ပြီးလျှင် သက်တော် ၇၅နှစ်အရွယ်မှစ၍ ကျန်းမာရေးအခြေအနေအရ အနားယူတော်မူခဲ့ပါသည်။ ကျောင်းတွင် ရဟန်း ၅ပါးနှင့် သာမဏေ ၆ပါး သီတင်းသုံးတော်မူကြပါသည်။

"ဘုန်းဘုန်းခြေထောက်တစ်ဖက်က ချော်လဲပြီး အရိုးလွဲသွားလို့ စတီးချောင်းလဲထားရတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ကောင်းကောင်းလည်း မရပ်နိုင်ဘူး။ အသက်ကြီးတော့ စကားလည်း သိပ်မပြောနိုင်တော့ဘူး။ မောကယ်။ ၁၂၈၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့မှာ မွေးတာ။ ကျုပ်က အကြီးဆုံးပဲ။ ကျန်တဲ့ ညီအစ်ကိုမောင်နှမ လေးယောက်လုံး အကုန်သေကုန်ကြပြီ။ နောင်တော်ဘုရားကို အစ်ကို ဦးပန်းဖူးက တည်ခဲ့ပြီး၊ ညီတော်ဘုရားကိုတော့ ညီ ဦးပန်းဆိုင်က တည်ခဲ့တာတဲ့။ ဒကာကြီး ကျောက်ဆည်ရွာသမိုင်းကို ရေးသားပြုစုမယ်ဆိုရင် ကျောက်ဆည်ကန်ကြီးအကြောင်း ပါမှ ပြည့်စုံလိမ့်မယ်။

**ကျောက်ဆည်ကန်ရာဇဝင်**

ဆရာတော်ကြီးမှ ဆက်လက်အမိန့်ရှိသည်မှာ -

"၁၂၄၆ခုနှစ်က ဒီမှာ မိုးခေါင်တော့ အင်္ဂလိပ်က လာပြီး ဒီကန်ကို တူးပေးသွားတာဖြစ်တယ်။ ကျောက်တုံးတွေနဲ့ ဆည်ဖို့ထားတဲ့ ကန်မို့လို့ ကျောက်ဆည်ကန်လို့ ခေါ်တယ်။ "ဦးကောင်းလိမ်ထုတ် သိပ္ပံပြုတ်"ဆိုတဲ့ သက္ကရာဇ်တဘောင်အရဆိုရင် ၁၂၄၇ခုနှစ်ဖြစ်တဲ့အတွက် ဒီကျောက်ဆည်ကန်ဟာ ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်က တည်ဆောက်ခဲ့တာ ဖြစ်ပေတယ်။ ကျုပ်ရဲ့ ဆရာတော်ကြီး ဦးသီလာစာရဟာ ဒီကဗျာကို ရေးစပ်ခဲ့ပါတယ်"


ဆရာတော်ကြီး၏ မှတ်စုစာအုပ်မှ ရှေးသမိုင်းဝင် ကဗျာအား အောက်ပါအတိုင်း ကူးယူဖော်ပြအပ်ပါသည်။

* ကျောက်ဆည်ကန်ကြီး စတူးလေတာ၊
ဘယ်သူတွေဟု မသိပေရှာ၊
ရှေးလူကြီးတို့ ပြောဖူးလေတာ၊
ဘိလူးများ တူးသွားကြလေရှာ။
* ဒါပေမယ့်လို့ ဘီလူးတွေမှာ၊
ပြူကန်းရန်တို့ ဉာဏ်နီထုပ်ခါ၊
တောင်ပေါ်ထိပ်သို့ တက်၍ပြေးရှာ၊
မိုးနတ်ပြ အနိုင်ရလိုက်တာ။
* အဲဒီတော့မှ ဘီလူးတွေမှာ၊
ဟိုပြေး ဒီပြေး ပြေးကြလေတာ၊
ပြူကန်းရန်တို့ ထပ်ချပ်မကွာ၊
အားအင်တင်း အပြင်းလိုက်တော့တာ။
* ဆယ်ပုံဆယ်နည်း ကြားဖူးသည်မှာ၊
လက်ကမ်းကောင်က ကျောက်ကို မ,ကာ၊
ကန်တော်ကြီးနဲ့ အရှေ့ထိပ်မှာ၊
ကျောက်တွေချ ခဏနေသေးတာ။
* အဲဒီတုန်းက ကျောက်ချခဲ့တာ၊
ကျောက်ချပ်ရွာဟု ခုတွင်လေတာ၊
ကန်တော်ကြီးရဲ့ အရှေ့ထိပ်မှာ၊
အခုတိုင် ရှိလျက်နေသည်တာ။
* ကျောက်ဆည်ကန်ဟု ဘာကြောင့်ခေါ်တာ၊

www.burmeseclassic.com

လက်ဆင့်ကမ်းလို့ ကျောက်တန်းလို့သာ၊
အဲဒီ ဥဒါန်းရည်မှန်းလို့သာ၊
ကျောက်ဆည်ဟု ခေါ်ပြုနေခဲ့တာ။
* ၅ဂခုတွင် ပြုနာမှာ
ဆရာတော်ကြီး ပြောဖူးလေတာ၊
အင်္ဂလိပ်တို့ ဖောက်လုပ်တူးတာ၊
ကန်တော်ကြီးအပြီး နိဋ္ဌိတာ။
* ၅ဂခု ထိုသည့်နှစ်မှာ၊

* ဗမာမင်းတို့ လေ့စီး၍လာ၊
လေ့တော်ပေါက်ဟု ခုတွင်လေတာ၊
ဆရာတော်ကြီး ပြောဖူးလေတာ၊
နောင်လူများ မှတ်သားစေဖို့ရာ။
* လူထုအများ လုပ်စားစေရာ၊
ရေတံခါးဟု သုံးခုပေါ်လာ၊
အင်္ဂလိပ်တို့ ဖောက်လုပ်သေချာ၊
အခုတိုင် ရှိလျက်နေသည်တာ။



ရွာဟောင်းနေရာမှ ရှေးဟောင်းဘုရားများ

လူသူအများ စားသောက်စေရာ၊
ဘာတစ်ခုမျှ မရှိလေတာ၊
ခန္ဓာပြတ် အောက်ရပ်ပြေးရရှာ။
* ကျန်လူအများ စားသောက်နေတာ၊
ကောက်ကွေ့သီးနှင့် ကြွေးဥကိုပါ၊
ဝိညာဉ်အသက်မပျက်စေရာ၊
အမြဲပဲ စားသုံးနေရာရှာ။
* အဲဒီတုန်းက အခက်ကြုံတာ၊
ဒီဘုန်းတော်ကြီး ပြောဖူးပေတာ၊
ငယ်ငယ်တုန်းက ကြားဖူးပေတာ၊
တပည့်များ စိတ်များ မသက်သာ။

* ကန်စာရေးများ တစ်နည်းပေါ်လာ၊
ဝရမှတ် စာရေးနောက်ထပ်ပေးခါ၊
စနစ်တကျ မှတ်ကြသေချာ၊
၁၃ပေပြည့်လျက် လှုံ့ထွက်ရှာ။
* ဘင်လုပ်သားဟု တစ်မျိုးထားကာ၊
ဓားကိုယ်စီနှင့် လုပ်ကြသေချာ၊
အမှိုက်သရိုက် မရှိစေရာ၊
ကျွဲနွား စ ဆိတ်များ မတက်ရာ။

ဆရာတော်ကြီးများ အစဉ်အဆက်ရေးသားခဲ့သော အဆိုပါ ကဗျာ(တဘောင်)မှာ အလွန်သိမ်မွေ့နက်နဲလှပေရာ နောင်းလူများ လုံးဆုပတ်စေ့ ဘာသာပြန်ဆို အဓိပ္ပာယ်ကော




www.burmeseclassic.com

www.burmeseclassic.com

ခြင်းဟာ မစွမ်းနိုင်ခဲ့ပေ။ ရှာသားအများစု ကောက်ယူကြသော အယူအဆတစ်မျိုးမှာ "ကျောက်ဆည်ကန်ကို ဘီလူး တစ်ရစ်၊ လူ တစ်ရစ်တည်ခဲ့တာ ဖြစ်တယ်။ ဒီကန်ကို မိုးမလင်းခင် အပြီးတည်နိုင်လျှင် ဘီလူးက အနိုင်ရလို့ လူကို စားခွင့်ရှိတယ်။ မိုးလင်းမှ ပြီးလျှင် လူက အနိုင်ရလို့ ဘီလူးများ ထွက်ပြေးရမယ်။ ဒါကြောင့် ကန်ကို မိုးမလင်းခင် တည်ပြီးတဲ့အခါမှာ လူသားတွေက ကန်ထိပ်ကနေ မီးတုတ်တွေနဲ့ အလင်းရောင်ရအောင် ဖန်တီးပြီး မိုးလင်းပြီလို့ ဆိုပြီး ဘီလူးတွေကို လှည့်စားပြီး မောင်းထုတ်ခဲ့ကြတယ်"ဟူ၏။

ပညာရှိ ဆရာတော်ကြီးများ၏ စာချိုးအဓိပ္ပာယ်မှာ ဤသို့ မဟုတ်နိုင်ပေ။

"နယ်ချဲ့ စစ်ဘီလူးနှင့်တူသော အင်္ဂလိပ်တို့သည် မြန်မာကျေးကျွန်များ၏ လုပ်အားကို အသုံးချ၍ ဤကျောက်ဆည်ကန်နှင့်တူသော နိုင်ငံတော်ကြီးကို လွှမ်းမိုးခဲ့သည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိလျှင် တိုင်းနိုင်ငံကြီးသည် နယ်ချဲ့ ဘီလူးတို့၏ လွှမ်းမိုးမှုကို ခံရ၍ အမျိုး ဘာသာ သာသနာ ကွယ်ပျောက်ပြီး အမှောင်ထု ဖုံးလွှမ်းလိမ့်မည်။ မီးတုတ်နှင့်တူသော အလင်းရောင်ကို အသုံးချလျက် ကျောက်ဆည်ကန်နှင့် အလားတူသော နိုင်ငံတော်ကြီးကို လွတ်လပ်ရေးတည်းဟူသော အလင်းရောင် လွှမ်းမိုးစေလျက် မြန်မာ၊ ပျူ၊ ကမ်းရံ အစရှိသော တိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် စည်းလုံးညီညွတ်စွာဖြင့် ကျောက်ဆည်ကန်ကြီးကို အပြီးတည်ဆောက်နိုင်သကဲ့သို့ လွတ်လပ်ရေးကို အရဖော်ဆောင်လျက် ထိန်းသိမ်းလက်တွဲ စောင့်ရှောက်ကြပါစို့"ဟူ၍ ရည်ရွယ်ပေးသော မျိုးချစ်တော်လှန်ရေး သမိုင်းဝင် ကဗျာတစ်ပုဒ်ဖြစ်ပေသည်။ တိုင်းသူပြည်သားတို့သည် သူ့ကျွန်ဘဝတွင် ကောက်ကွေ့သီးနှင့် ကြွေဥကို စားသုံးနေရ



ချင်ယားကုန်းဘုရားကြီးအဝေးမြင်ကွင်း

သကဲ့သို့ ဝတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့် အသက်ဆက်နေရသည့်ဘဝမှ အလောင်းစည်သူမင်းကြီးလက်ထက်တုန်းကကဲ့သို့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်ခြင်းဟူသော လေ့တော်ကို စီးနင်း၍ ခရီးထွက်ကြရာတွင် ဘီလူးနှင့်တူသော အင်္ဂလိပ်များ၊ ကျွဲနွားနှင့် တူသော ဖက်ဆစ်များ၊ ဆိတ်နှင့် တူသော ကုလားများကို တိုင်းနိုင်ငံနှင့် ပမာပြု တင်စားထားပေသော ကျောက်ဆည်ကန်ပေါင်ရိုးပေါ်သို့ မတက်စေရန် တားမြစ်ပိတ်ပင် ကာကွယ်ကြပါ"ဟူ၍ အဓိပ္ပာယ်လာရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

**သိမ်နှင့် သိမ်ဦးဘုရား**

ထို့နောက် စာရေးသူသည် ကျောက်ဆည်ရွာဦးကျောင်းဝင်းအတွင်းသို့ ဦးပဉ္စင်းနှစ်ပါးဖြစ်သော ဦးဩသဠ၊ သက်တော် ၅၇နှစ်နှင့် ဦးပဏ္ဍိတ၊ သက်တော် ၅၃နှစ်တို့နှင့်အတူ လေ့လာခဲ့ပါသည်။

"ဒီသိမ်ကြီးကို ၁၃၄၀ ခု၊ ကျောက်ဆည်ရွာက ဒေါ်အေးကြည်၊ သား မောင်ဝင်းတင်နှင့် သမီး မနီနီမြင့်တို့က လှူဒါန်းခဲ့တာပဲ ဒကာကြီး။ သိမ်ဦးဘုရားကြီးကတော့ နှစ်ကာလကြာမြင့်ပြီဖြစ်လို့ ဦးဇင်းတို့ မသိမိပေဘူး"

"ကဲ - လာ ဒကာကြီး၊ ကျုပ်တို့ ရွာဟောင်းနေရာက ရှေးဟောင်းဘုရားတွေကို သွားရောက်ဖူးမြော်ကြဦးစို့"

(၃)

**မူလ ရွာဟောင်းနှင့် သမိုင်းဝင် ရှေးဟောင်းဘုရားများ**

စာရေးသူတို့သည် လမ်းတွင် ကျောက်ဆည်ကန်ပေါင်ရိုးကို လှမ်းမျှော်ကြည့်ရင်းဖြင့် စကားပြောဖြစ်ကြလေ၏။

"ဒီကန်ကြီးမှာ စိုက်ပျိုးရေးကို လွှတ်ဖို့ ရေတံခါးသုံးခုရှိတယ်။ ဒီကန်ကနေ ရေကျော်ရင် ကန်နဲ့ အရှေ့ထိပ်မှာ ရေကျော်ရှိတယ်။ အဲဒီ ရေကျော်ကနေ လျှံကျသွားတဲ့ ရေက စမုံကို ရောက်တယ်။ စမုံကမှတစ်ဆင့် မန္တလေး မြစ်ငယ်ပေါက်ကို ရောက်တယ်။ အရင်ကတော့ စမုံက မြစ်ပဲ။ ဒီဆည်ကို ဆောက်လိုက်တော့ စမုံမြစ်ကို ပိတ်လိုက်လို့ မြစ်အဆင့်မဟုတ်တော့ဘူး။ ကန်အကျယ်အဝန်းက နှစ်မိုင်ပတ်လည်ရှိတယ်။ ကန်ရဲ့ အလယ်မှာ တောကျောင်းနဲ့ ဘုရားရှိသေးတယ်၊ လောလောဆယ် ရေမြုပ်နေတယ်။ အဲဒီကျောင်းမှာ ရဟန်းနှစ်ပါးရှိတယ်။ အဲဒီဘေးမှာ ပန်းတောရွာဆိုတာရှိတယ်။ ကန်ရဲ့ ပတ်လည် နှစ်မိုင်အတွင်းက ရွာလေးပဲ။ မိုးတွင်းတုန်းက ရွာတစ်ခြမ်းမြုပ်တယ်။ အခုတော့ ပေါ်သွားပါပြီ။

ဒီရွာရဲ့ ပတ်ဝန်းကျင်ကို လေ့လာမယ်ဆိုရင် အရှေ့ဘက်မှာ ရွှေညောင်ဖူး-ကျောက်ချုပ်၊ တောင်ဘက်မှာ ပန်းတော၊ မြောက်ဘက်မှာ ချင်းယားကုန်းဘုရားကြီး၊ အနောက်ဘက်မှာ ဇောင်ချမ်းတောင် ပတ်လည်ဖွဲ့စည်းထားတယ်။ ဒကာကြီးအခုမြင်နေရတာဟာလည်း ရှေးဟောင်း သမိုင်းဝင် ချင်းယားကုန်းဘုရားကြီးဖြစ်တယ်။ မဟာ···စကားတပြောပြောနဲ့ လာလိုက်တာ မူလရွာဟောင်းနေရာက ရှေးဟောင်း ဘုရားကုန်းကို ရောက်လာပြီ။ ဒကာကြီးရေ··မှတ်တမ်းတင်လိုက်ပါဦး။

ဒီဘုရားဟာဆိုရင် မသမာသူတွေရဲ့ လက်ချက်[...] ဗြာပနာအဖောက်ခံခဲ့ရတယ် ဒကာကြီး။ ဟောဒီ အကြီး[...] စေတီတော်အတွင်းက ရုပ်ပွားတော်ကိုတော့ မသမာသူ[...] မဦးခင် ကျုပ်တို့ အချိန်မီ စေတီညီနောင်ဆီကို ပင့်ဆော[...] နိုင်ခဲ့တယ်။ ဓမ္မာရုံသစ်ကြီးရဲ့ လက်ဝဲဘက် အစွန်းက ဒကာ[...] ကြီး မနက်က ဖူးခဲ့ရတဲ့ ရုပ်ပွားတော်ပဲပေါ့"

စေတီတော်ကြီးကို စာရေးသူ ဓာတ်ပုံမှတ်တမ်း ပ[...] ချိန်မှာ မူလ စေတီတော်တွင် မတွေ့မြင်ခဲ့ရပါလေသော[...] ရောင်ခြည်တော်လွှတ်သည့် အလင်းလုံးကြီးကို ဓာတ်ပုံ[...] တွင် အံ့သြဝမ်းမြောက်ဖွယ်ရာ ဖူးမြော်ရပါလေ၏။ ဤသည်[...] ပင်လျှင် ကျောက်ဆည်ရွာသမိုင်းအတွင်းမှ အံ့ဖွယ်ထူးခြား[...] သော မှတ်တမ်းတစ်ရပ်ဖြစ်ပါလေတော့သည်။

(၄)

**မိုးကောင်းဘုရား**


နောက်တစ်နေ့တွင် စာရေးသူသည် ဦးစိုးတင့်၏ တူ[...] မောင်ဇင်မျိုးအောင်မှ ဆိုင်ကယ်ဖြင့် ပို့ဆောင်ပေးသဖြင့် မိုးကောင်းဘုရားသို့ ရောက်ရှိခဲ့ပေ၏။ မိုးကောင်းဘုရားမှာဦး[...] ကို လှိုင်လင်မြို့ ရွှေပိတောက် ကုန်မျိုးစုံရောင်းဝယ်ရေး[...] ဦးဝင်းရွှေ-ဒေါ်မှုမှု မိသားစုမှ ၁၃၆၅ ခုနှစ်တွင် လှူဒါန်းခဲ့ပါ[...] သည်။ မိုးကောင်းစေတီတော်ကြီးကို ၁၃၆၅ ခု၊ နယုန်လပြည့်[...] (၁၄-၆-၂၀၀၃)နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ နန့်စန်မြို့[...] မှ ဒေါ်သန်းခင်၊ ဒေါ်ညို၊ ဦးသိန်းမြင့်-ဒေါ်စန်း၊ ကိုမြမောင်-မဖြူဖြူသင်း၊ သမီး သင်းသင်းနွယ်၊ သား မျိုးရာဇာ မိသားစုတို့မှ ပြုပြင်မွမ်းမံ၍ ခေါင်းလောင်းဆော်နှင့် သောက်ရေအိုးစင်တို့ကိုပါ ပူးတွဲ လှူဒါန်းပါလေ၏။

ထို့အပြင် အဆိုပါ ကျောက်ဆည်ဇာတိဖွား နန့်စန်မိသားစုတို့သည် မိုးကောင်းစေတီတော်၏ မြောက်ဘက်တွင်လည်း ဆန္ဒပြည့်ဘုရား၊ ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ တန်ဆောင်းတော်ကြီးကို ၁၃၆၈ ခု၊ နယုန်လပြည့်နေ့ သာသနာသက္ကရာဇ် ၂၅၅၀ ခုနှစ်တွင် ထပ်မံ၍ သဒ္ဓါကြည်ဖြူစွာဖြင့် လှူဒါန်းပူဇော်ကြပြန်ပါလေကုန်၏။ မိုးကောင်းစေတီတော်၏ တောင်အရပ်တွင်လည်း တံခွန်တိုင်စေတီကို နန့်စန်မိသားစုမှပင် လှူဒါန်းထားခြင်းဖြစ်ပါလေ၏။ အောက်ခြေ ရုပ်ပွားတော် လေးဆူတွင် အရှေ့အရပ်မှ သုမနမြတ်စွာဘုရားကို ဦးသက်တင်-ဒေါ်သန်းမှိမှ လည်းကောင်း၊ တောင်အရပ် သုမေဓာမြတ်စွာဘုရားကို ဦးမြသောင်း-ဒေါ်ခင်ရီမှ လည်းကောင်း၊ အနောက်အရပ်မှ ဖုဿမြတ်စွာဘုရားကို ဦးတင်အောင်-ဒေါ်ကျင်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆည်းကောင်း၊ မြောက်အရပ် ဂေါတမမြတ်စွာဘုရားကို ကွယ်လွန်သူ ဒေါ်အုန်းငွေ ကောင်းမှုအဖြစ် လည်းကောင်း အသီးသီးလှူဒါန်းကြပါလေကုန်၏။

အဝင်ဝ အရှေ့မျက်နှာစာတွင် နဂါးသုံးကောင် ခြံရံထားသော သပ္ပာယ်ကြည်ညိုဖွယ်ရာ နဂါးရုပ်ပွားဆင်းတုတော်ကြီးကို ၁၃၆၆ တွင် လည်းကောင်း၊ အရန်စေတီတော်များနှင့် ဗုဒ္ဓဗိတ်ပေး ဘုရားကို ၁၃၆၅ ခုနှစ်တွင် လည်းကောင်း အသီးသီးလှူဒါန်းပူဇော်ထားကြပေသည်။

ထို့နောက် မောင်ဇင်မျိုးအောင်မှ စာရေးသူအား ဦးစိုးဝင်း၏ အိမ်သို့ ပို့ဆောင်ပေးခဲ့ပါလေ၏။

## ကျွန်ုပ်နှင့် ကိုစိုးဝင်း

ကိုစိုးဝင်းသည် ကျောက်ဆည်ရွာတွင် ထိုင်းခုံးမ မျိုးပွား မွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်ပါလေ၏။ ထိုင်းငှုံးမငှက်ကြီးများကို ဦးစိုးဝင်းမှ အစာကျွေးနေပုံကို မှတ်တမ်းတင်ဖြစ်ပါလေ၏။ ထို့နောက် ကိုစိုးဝင်း၏ တဲမှ စေတီညီနောင် ရှုခင်းကို တင့်တယ်သပ္ပာယ်စွာ ဖူးမြော်ရပါလေ၏။

## အံ့ဖွယ်ရောင်ခြည်တော်

ညနေစောင်းအချိန်တွင် ကိုစိုးဝင်း၏ ကန်ရေပြင်၌ စေတီညီနောင်ဘုရားကြီး၏ အရိပ်သည် ထူးခြားဆန်းကြယ်စွာ ရောင်ခြည်တော်များအဖြစ် ရောင်စဉ်များ ဖြာထွက် ထင်ဟပ်နေသည်ကို အံ့ဖွယ်ထူးခြား ဝမ်းမြောက်ဖွယ်ရာ ဖူးတွေ့ခဲ့ရပါလေ၏။ ကိုစိုးဝင်းသည် သူ၏ တဲကလေးမှ စေတီတော်ကို ဖူးမြော်ကြည်ညို အဓိဋ္ဌာန်ဝင်ရင်းဖြင့် စီးပွားရေး၊ လူမှုရေးရာများတွင် တိုးတက်အောင်မြင်ခဲ့ပါလေ၏။

## နိဂုံး

ကျောက်ဆည်ရွာသည်ကား ထူးဆန်းထွေလာ အံ့ဖွယ်ရာများနှင့် ပြည့်နှက်နေပါလေသော ဂမ္ဘီရကျေးရွာကလေး တစ်ရွာပင် ဖြစ်ပါလေ၏။ ထို့အပြင် မြန်မာ့လွတ်လပ်ရေး သမိုင်းတွင်လည်း ဂုဏ်ဝင် မော်ကွန်းတွင်ရစ်လေသော ကျေးရွာကလေးဖြစ်ပါလေ၏။ ဦးစိုးတင့်ကဲ့သို့သော ဘာသာ၊ သာသနာနှင့် ပတ်သက်လာလျှင် အသက်ကိုပင် စွန့်လွှတ် စွန့်စားဝံ့သော သာသနာ့အာဇာနည်များလည်း ပေါ်ထွန်းပါလေ၏။ ကျောက်ဆည်ရွာဘုရားစေတီများသည်လည်း ဆုတောင်းပြည့်ပါလေ၏။ အဆွေတော် စာရှုသူများအနေနှင့်လည်း ရေသမိုင်းဝင် ကျောက်ဆည်ကန်ကြီးကို လေ့လာလိုလျှင် ဖြစ်စေ၊ ဆုတောင်းပြည့်ဝ၍ အကျိုးထူးများကို ပေးစွမ်းနိုင်သော ဘုရားပုထိုးစေတီတော်များတွင် ဖူးမြော်ကြည်ညို၍ အဓိဋ္ဌာန်ဝင်လိုလျှင် ဖြစ်စေ၊ ကျောက်ဆည် ရွာဦးကျောင်း ဆရာတော်ကြီးအား ဖူးမြော်လှူဒါန်းလိုလျှင် ဖြစ်စေ၊ ရောင်ခြည်တော်ကွန့်မြူးသော ရေးဟောင်းစေတီတော်များကို ပြန်လည်ပြုပြင်လှူဒါန်းလိုလျှင် ဖြစ်စေ၊ ပျော်ဘွယ် မြို့မဈေးမှ ကားဖြင့်သော် လည်းကောင်း၊ ဆိုင်ကယ်ဖြင့် လည်းကောင်း၊ မြင်းလှည်းဖြင့် လည်းကောင်း ကျောက်ဆည်ရွာကလေးသို့ လာရောက်နိုင်ပါသည်ဆိုသည့်အကြောင်းကို နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ ဘုရားဖူး ဖိတ်ခေါ်လိုက်ရပါကြောင်း။

* * *


မေသန့်ဇော်သီဆရာမျိုး

www.burmeseclassic.com



# ကြံဆောင်ကကာ အရောင်ရွေးပေတော့

ဦးကျော်(ပြည်)



နေ့လယ် ၂နာရီခန့်။

အလုပ်အားနေသဖြင့် ခဏတာ အနားယူရင်း ဘာသာရေးစာအုပ်တစ်အုပ်ကို ဖတ်နေမိ၏။

ထိုအချိန်တွင် အိမ်ရှေ့ခန်းမှ ဘုန်းခနဲအသံတစ်ချက်ကို ကြားလိုက်မိ၍ နားစွင့်လိုက်ရာ ယောက်ဖဖြစ်သူမှန်း သိလိုက်ရသဖြင့် အိမ်ရှေ့ခန်းသို့ ကျွန်ုပ်ထွက်လာလိုက်၏။

ယောက်ဖဖြစ်သူသည် ပလတ်စတစ် ထိုင်ခုံထက်တွင် ခြေပစ်လက်ပစ် ထိုင်နေလေ၏။ ဘေးခုံပေါ်တွင် သူ လွယ်နေကျ လွယ်အိတ်ဖြူကလေး။ ကျွန်ုပ် ကြားလိုက်သော ဘုန်းဟူသောအသံမှာ ထိုလွယ်အိတ်အား ခုံပေါ်သို့ ပစ်ချသံဖြစ်မည်ကို ကျွန်ုပ်တွေးထင်လိုက်၏။ ထို့နောက် သူ့အား အကဲခတ်ကြည့်လိုက်ပါ၏။

တစ်စုံတစ်ရာအား မကျေမချမ်းဖြစ်ခဲ့သည်ကို သူ၏ အမူအရာကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါလေ၏။

ကျွန်ုပ်လည်း အလုပ်ခန်းထဲ ဝင်ထိုင်လိုက်သည်။ လုပ်စရာရှိသည်များကို လုပ်မည်ဟု ဟန်ပြင်နေခိုက် မီးဖိုဆောင်မှ ထွက်လာသော ဇနီးဖြစ်သူ၏ အသံကို ကြားလိုက်ရလေ၏။

"နင်…ဒီနေ့ ပြန်လာတာ စောလှချည်လား"

ဟူသော အသံ။

ဟုတ်ပါ၏။ ကျွန်ုပ်၏ ယောက်ဖသည် နေ့တိုင်းထို
မြို့ထဲ သွားရ၏။ အကြောင်းမှာ "လှလှနွယ်"စာပေမှ ထွ
သမျှသော စာအုပ်များကို ဖြန့်ဝေခြင်း ငွေသိမ်းခြင်း စသ
အလုပ်များအား အဓိက လုပ်ဆောင်နေသူဖြစ်သောကြေ
တည်း။

ထို့ကြောင့် မနက် ၈နာရီမှထွက်လျှင် ညနေ ၅
လောက်မှ အိမ်သို့ ပြန်ရောက်၏။ ယနေ့ ပြန်ရောက်လာသ
မှာ နေ့ ၂နာရီပင် မထိုးသေးလေရာ အကြောင်းရှိလိမ့်
ကို ကြိုတင် ခန့်မှန်းမိပါ၏။

ပို၍သေချာသည်မှာ ပြန်ရောက်သည်နှင့် မည်သ
စကားမှမပြောဘဲ မျက်နှာမှန်သုန်သုန်ဖြစ်နေခြင်းပင်။

"ပြော…မပြောချင်ပါဘူး အစ်မရာ။ ကျွန်
ဒေါသတော်တော်ထွက်ခဲ့ရတယ်"ဟူ၍ သူ့အစ်မ
ယောက်ဖက ပြောသည်။ သူ့အစ်မက -

"ဘာများလဲဟ၊ ပြောပါဦး"ဟု မေး၏။

ယောက်ဖသည် ထိုင်ရာမှ ထကာ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ချာစာအုပ်အား တစ်ရွက်ချင်း လှန်လျောရင်း တစ်နေရာအရောက်တွင် လက်ဖြင့် ထောက်ပြ၍ "ဒီဆိုင်ပေါ့ဗျာ"ဟု ဆိုကာ သူ့အစ်မအား ဘောက်ချာစာအုပ်မှ တစ်နေရာအား ပြလေ၏။

ဇနီးဖြစ်သူလည်း သူပြသော ဘောက်ချာအား သေချာစွာ ကြည့်ပြီးသည်နှင့်···

"ကဲ - ပြောပါဦး"

ဟု မေးလေ၏။

"ကျွန်တော်ပို့ထားတဲ့ စာအုပ် သူ့ဆိုင်မှာ ကုန်နေတာ တစ်လကျော်နေပြီ။ အဲဒါကို ရှာဦးမယ်။ နေပါဦး။ နင်ကလည်း ခဏခဏလာနေတာပဲနဲ့ အိုဗျာ··ပြောလိုက်တာ စုံနေတာပဲ ကျွန်တော်လည်း သူ့ချိန်းတိုင်း သွားရတာ သုံးလေးခါရှိပြီ ပိုက်ဆံနဲ့ လုပ်ထားကြတာတွေလေ။ ကျောက်ခဲသလဲမှ ဟုတ်တာ။ တခြားဆိုင်တွေ ဒီလိုမဟုတ်ပါဘူး။ ကတိတစ်လုံး ကို တန်ဖိုးထားကြတယ်"

ဟူ၍ ဆိုကာ ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်ပြန်လေ၏။ ကျွန်ုပ်၏ ဇနီးက -

"အေးပေါ့ဟာ။ လောကမှာ အဆင်ပြေတဲ့ လူတွေချည်းပဲတော့ ဘယ်တွေ့နိုင်ပါ့မလဲ။ ဒီလိုလူစားမျိုးတွေလည်း ရှိဦးမှာပေါ့။ ဒါ သဘာဝပဲလေ။ ကိုယ့်ဘက်ကသာ စပြီး ဘယ်တော့မှ မမှားစေနဲ့။ ကိုယ်ချင်းစာစိတ်ဆိုတာ လူတိုင်းရင်မှာ ရှိတာမှမဟုတ်တာ။ ရေရှည်ကျရင် စေတနာက အကျိုးပေးတတ်ပါတယ်"

ဟု ပြောလေ၏။ ယောက်ဖဖြစ်သူ -

"ကျွန်တော့်ဘက်က အများကြီး လိုက်လျောထားတာပါ။ သူချိန်းတဲ့အတိုင်း သွားတယ်။ ပြေပြေလည်လည်ဆက်ဆံတယ်"

ဟု ဆိုပြန်၏။ ဇနီးသည်က -

"အလုပ်သဘောမှာ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးပြေလည်ဖို့ လိုတယ်။ ကိုယ့်ဘက်ကတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် ပြောဆိုလုပ်ကိုင်တတ်ရမယ်။ တချို့လူတွေကတော့ မောင်လေးပြောသလို ဟုတ်တယ်။ သူ့ဘက်ကချည်းအသာ အနိုင်ယူချင်ကြတာ။ ဒါဟာ ရေရှည်မှာ မကောင်းဘူး။ ခုခေတ်တွေ ပြောင်းသွားပြီ။ ကိုယ့်အတွာချည်း ရှေ့တန်းတင်တဲ့ လူတွေ ကျရှုံးနေကြတဲ့ အချိန်ရောက်ပြီ။ အတွာ-ပရ မျှတကြမှ အဆင်ပြေနိုင်ကြမယ်။ နင်လည်း စာများများဖတ်။ ကိုယ်နဲ့ ဘယ်လိုမှ ဆက်ဆံလို့ မရတော့ရင် ရှောင်ပေါ့"

ဟူ၍ သူ့မောင်အား ရှည်ရှည်ဝေးဝေးကြီး ဆုံးမနေလေသည်။

ကျွန်ုပ်လည်း ဇနီးသည်နှင့် ယောက်ဖတို့ အပြန်အလှန် ပြောဆိုသံများကို နားထောင်နေမိ၏။ အားလုံး ငြိမ်ကျသွားပြီဆိုမှ -

"ကဲ - ငါ့ညီ၊ မင်းရဲ့ စကားဆုံးပြီဆိုတော့ ငါက မင်းကို ပြောချင်တာလေးတစ်ချက်တော့ ပြောမယ်"ဟု အစချီကာ -

"ငါက ဗေဒင်ဆရာဆိုတော့ ဗေဒင်ပညာအမြင်ကိုပဲ ပြောချင်တယ်"ဟု ပြောလိုက်လေရာ အနားတွင် ထိုင်နေသော ယောက်ဖသည် ဓာတ်လိုက်သွားသောသူကဲ့သို့ပင် ငြိမ်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာလေ၏။ ပြီးနောက် ကျွန်ုပ်အား···

"ဘာကို အစ်ကိုပြောချင်တာလဲ"ဟူ၍ မေးလာလေ၏။

ကျွန်ုပ်က အောက်ပါအတိုင်း ရှင်းပြလိုက်လေ၏။

"ဒီလိုလေကွာ၊ အလုပ်တိုင်းမှာ အခက်အခဲရှိတတ်စမြဲပေါ့ကွာ။ အဆင်ပြေအောင်တော့ လုပ်ရမှာပေါ့။ ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ မခက်ခဲသင့်ဘဲ ခက်ခဲတာမျိုးတွေ ရှိတတ်တယ်။ ကိုယ့်ဘက်က ဘယ်လောက်ပဲ ပြေလည်အောင် လုပ်ပေးပေမယ့် သူ့ဘက်က ဘယ်လိုမှ မပြေလည်တာမျိုးပေါ့။ ဒါ အကြောင်းမျိုးစုံတော့ ရှိတာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုယ်က ဗေဒင်ပညာကို လေ့လာနေသူပဲ။ မင်းက ဗေဒင်ဝါသနာအိုးတော့မဟုတ်ဘူး၊ အသက်မွေးဝမ်းကျောင်းတော့ မှန်းဆထားသူပဲလေကွာ။ မင်းသိတဲ့ ပညာရပ်နဲ့ အတတ်နိုင်ဆုံး ကာကွယ်တာမျိုး၊ ပိုကောင်းအောင် လုပ်တာမျိုး ရှိသင့်တယ်။ ဒါမှမဟုတ်ရင် အကြောင်းရင်းကို မင်းတတ်တဲ့ ဗေဒင်ပညာနဲ့ အဖြေထုတ်ကြည့်ရင် အဖြေတ်ရနိုင်တယ်။

ဗေဒင်ပညာဆိုတာ တကယ်တမ်း အသုံးချတတ်ရင် စီးပွားရေး၊ လူမှုရေးကိစ္စတွေမှာ အထောက်အပံ့ပြုတယ်ဆိုတာ မင်းလည်း ယုံပြီးသားပဲ။ လောကီအတွက် အသုံးချပညာတွေထဲမှာ ဗေဒင်ပညာလည်း ပါတယ်ဆိုတာ မင်းမှတ်ထား။

တစ်ခုတော့ ရှိတာပေါ့ကွာ။ လက်တွေ့ မျက်မြင်မဟုတ်တာကြောင့် အယုံအကြည်မဲ့တာတော့ တချို့ရှိမှာပေါ့။ မျက်စိနဲ့ မြင်မှ၊ တွေ့ထိလို့ ရမှ ယုံကြည်မယ်ဆိုရင်တော့ ဒီပညာနဲ့ဝေးပြီကွ။ ပြီးတော့ ဗေဒင်ပညာဆိုတာ ဘာသာရေးမဟုတ်ဘူးကွ။ [illegible] ကဲ - ဒါတွေ ထားပါတော့။ ငါပြောချင်တာက လွယ်လွယ်လေး။ ပေါ့ပေါ့ပါးပါးလေးပါ။ မင်းသိပြီးသားပဲ ပြောမယ်။ မင်းကို ငါမေးမယ်။ ဒီနေ့ ဘာနေ့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ယောက်ဖကို တွေရာလေးပါး ရှင်းပြရင်းမှ ဖြတ်၍ မေးခွန်းထုတ်လိုက်၏။ တစ်ချိန်လုံး ကျွန်ုပ်ပြောသမျှကို ငြိမ်၍ နားထောင်နေသော ယောက်ဖသည် ခေါင်းထောင်လာကာ "တနင်္လာနေ့"ဟု ပြန်ဖြေလေ၏။

ကျွန်ုပ်ကပင်…

"မင်းနဲ့ အဲဒီဆိုင်က အမျိုးသမီးနဲ့ အဆင်မပြေတာက ဘယ်အချိန်လဲ"

ဟူ၍ မေးသော် ယောက်ဖသည် စဉ်းစားပြီး…

"မနက် ၁၁နာရီလောက်"

ဟူ၍ ပြန်ဖြေလေသည်။ ကျွန်ုပ်ကပင်…

"ဒါဆို မင်းသိနေတာပဲ။ အဲဒီအချိန်က အင်္ဂါဝိဇ္ဇာအခါတိုင်အရဆိုရင် ဘာဖြစ်မလဲ"

ဟု ဆက်မေးလိုက်သည်။

"အင်္ဂါအချိန်ပေါ့"ဟု ပြန်ဖြေ၏။

ကျွန်ုပ်လည်း ခေါင်းတဆတ်ဆတ်ညိတ်ပြရင်းဖြင့်…

"ပညာကို လေ့လာနေသူဆိုတော့ အမြဲတမ်း ရှင်သန်နေရတယ်ကွ။ မထိုင်းမှိုင်းနဲ့။ အင်္ဂါအခါမှာ တနင်္လာဟာ အခိုက်လေကွာ။ တနင်္လာသားဖြစ်တဲ့ မင်းကိုယ်တိုင် ခိုက်နေရာမှာ ရောက်နေတာ။ ဆိုးတာက မင်းဝတ်ထားတဲ့ အင်္ကျီအရောင်ပဲ။ အဲဒီအချိန်ဟာ အဖြူရောင်ခိုက်နေတယ်။ ပိုပြီး အဆင်မပြေဖြစ်အောင် အဖြူရောင်က ပံ့ပိုးပေးနေတယ်ကွ။ ထပ်စဉ်းစားဦး။ မင်းသွားပြောတာကလည်း ငွေရေးကြေးရေးကိစ္စမဟုတ်လား။ တနင်္လာပဲလေကွာ"

ကျွန်ုပ်က မြင်အောင် ထင်အောင် အဆက်မပြတ်ပြောလိုက်လေရာ ယောက်ဖခမျာ ငိုင်ကျသွားလေ၏။ အတန်ကြာမှ -

"ဟုတ်ပါတယ်။ ကျွန်တော် သတိမမူမိလိုက်ဘူး။ တကယ်တော့ အဲဒီ အကြောင်းတိုက်ဆိုင်မှုတွေကြောင့် အဆင်မပြေမှုဟာ ပိုပြီးလေးနက်သွားတာပဲနော်"

ဟူ၍ ပြောလေ၏။

"ဟုတ်တယ် ငါ့ညီ။ အင်္ဂါအခါမှာ အခန့်မသင့်ရင် ရန်ပွဲတောင် ဖြစ်နိုင်တယ်။ ဒါ အစ်ကို့ရဲ့ လက်တွေ့တွေ့ထဲကနေ ထုတ်ပြောတာ။ အခိုက်ဓာတ်အားတွေ များလာရင် ရန်ဆီကို ဦးတည်တတ်တယ်။ မပြေလည်မှုကို ပိုကြီးကျယ်သွားစေတယ်။

ကဲ - ထား၊ တကယ်တမ်း ပြောချင်တာက အရောင်ကိစ္စပဲ။ စကြဝဠာကြီးနဲ့ ပြောရရင် ကြီးကျယ်သွားမယ်ထင်တယ်။ မင်းရဲ့ အနီးဝန်းကျင်ကို ကြည့်စမ်း။ အရောင်တွေ တွေ့သလား"

"တွေ့ပါတယ်။ အရာဝတ္ထုမြင်သမျှမှာ သူ့အရောင်နဲ့ သူ ရှိနေကြတယ်"

"အေး၊ အဲဒီအရောင်ဟာ ဂြိုဟ်တွေမှာလည်း ရှိတယ် ဆက်စပ်နေတယ်။ အာကာသကောင်းကင်ကြီးထဲက ဂြိုဟ် တာရာ၊ နက္ခတ်တွေဟာ လူတစ်ယောက်ချင်းဆီကို တိုက် ရိုက် လွှမ်းမိုးပြုပြင်ခြင်း မရှိဘူးဘဲ ထား။ အာကာသစကြဝဠာ ကြီးထဲမှာ ရှိနေကြတဲ့ လူ့ သတ္တဝါတွေဟာ အကြောင်းအကျိုး ဆက်သွယ်နေကြတာတော့ ရှိတယ်။

အရောင်တွေကလည်း ဒီလိုပဲ။ အကြောင်းအကျိုး တယ်။ ဒါ ဗေဒင်ရှုထောင့်ကနေ အစ်ကိုပြောနေတာ။ တနင်္ နွေဆို အနီရောင်၊ တနင်္လာဆို အဖြူရောင် စသဖြင့် ဗေဒင်က ဆိုတယ်။ ဒါ မင်းသိပြီးသားပဲ။

ဗေဒင်က ပြောတာက အရောင်တွေဟာ အ အလိုက်၊ နေ့အလိုက် စိုးမိုးကြတယ်။ အချိန်တစ်ချိန်မှာ ကောင်းကျိုးပြုသလို၊ အချိန်တစ်ချိန်မှာ ဆိုးကျိုးပြုတယ် ငါ့ညီ ဝတ်ထားတဲ့ အဖြူရောင်ဟာ ပဋိပက္ခဖြစ်နေတဲ့ အ အခါ အခိုက်မှာ ရှိနေလေတော့ ဆိုးကျိုးပိုဖြစ်အောင် ထော ပံ့တဲ့ အရောင်ပဲ။

ဒါကြောင့် ငါ့ညီဟာ နေ့တစ်နေ့မှာ ဘယ်အရောင်ဟာ ဘယ်အချိန်မှာ ကောင်းကျိုးဆောင်ပြီး၊ ဘယ်အချိန်မှာ ဆိုး ကျိုးဖြစ်နေတယ်ဆိုတာ သိထားသင့်တယ်။ ပြီးတော့ လ တွေ့ဘဝမှာ လိုက်နာသုံးစွဲကြည့်စေချင်တယ်။ တကယ်တော အရောင်ကို ဆောင်တတ်ရင် ကိုယ့်အတွက် အဆော ကောင်းပဲ။ တော်ရုံ အညံ့ဘေးကနေ ကင်းဝေးစေတယ် ဒါဟာ ဗေဒင်က လာတဲ့ သဘောတရားဖြစ်တယ်။

တချို့ ပညာရှင်ကြီးတွေဆိုရင် လူတစ်ယောက် လ ရှိ ဝတ်ထားတဲ့ အရောင်ကို ကြည့်ပြီး ခင်ဗျား ခု ဘာဖြစ် တယ်၊ အနာဂတ်မှာ ဘာဖြစ်လိမ့်မယ်ဆိုတာ ပြောပြနိုင်တယ် တချို့ဆို ဘောပွဲမှာ အရောင်ကို ကြည့်ပြီး အနိုင်အရှုံး ခက်ခဲမှု၊ လွယ်ကူမှု ဆုံးဖြတ်နိုင်တယ်။ ကောင်းကင်မှာ စွန်လွှတ်နေတာတောင် ဘယ်ကလေးရဲ့ စွန်က အဖြတ်ခံ မယ်ဆိုတာ မှန်အောင် ပြောနိုင်တယ်။ ဒါ ငါ ငယ်ငယ်တ တကယ်တွေ့ဖူးတာ။

ဒါတွေက ကြုံတုန်း ပြောတာပါ။ တကယ်ပြောချင်တာ က ဗေဒင်ပညာမှာ အရောင်ကို အဆောင်လို သုံးနိုင်တယ် ဆိုတာပဲ။ ဒါလောက်ပြောရင် မင်း သဘောပေါက်ပြီထင်တယ်

ကျွန်ုပ်လည်း ပြောရင်း မောလာသဖြင့် ရေအေး



www.burmeseclassic.com

www.burmeseclassic.com

ဆက်လိုက်ပါ၏။ ပြီးသော် သဘောပေါက်လွယ်မည့် အောက်ပါ ဇယားကွက်များကို ရေးချပြလိုက်ရပါသတည်း။

ဇယား (၁)

| နေ့ | သုံးစွဲရန်အရောင် |
|---|---|
| တနင်္ဂနွေနေ့ | အဝါ |
| တနင်္လာနေ့ | အဖြူပြောက် |
| အင်္ဂါနေ့ | နက်ပြာ |
| ဗုဒ္ဓဟူးနေ့ | အနီ |
| ကြာသပတေးနေ့ | အဖြူ |
| သောကြာနေ့ | ပန်းရောင် |
| စနေနေ့ | အစိမ်း |

(မှတ်ချက်။ နေ့အလိုက် ဝတ်ဆင်ရန်ဖြစ်သည်။ အကြီအစည်ပြုသောနေ့သာ ဤအတိုင်းဝတ်ပါ။ အကယ်၍ ဆတ်လို၍ ဤအတိုင်းဝတ်ပါကလည်း ကောင်းပါသည်။)

(မှတ်ချက်။ အရေးတကြီးကိစ္စများတွင် အချိန်နှင့် ဆိုက်၍ ဝတ်ဆင်သင့်ပါသည်။)

ကဲ - စာရှုသူ…

ဇယား (၂)

| အခါ / နေ့ | နံနက် ၆း၀၀ နာရီမှ ၇း၃၀ | နံနက် ၇း၃၀ နာရီမှ ၉း၀၀ | နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ | နံနက် ၁၀း၃၀ နာရီမှ ၁၂း၀၀ | နေ့လယ် ၁၂း၀၀ နာရီမှ ၁း၃၀ | နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ | ညနေ ၃း၀၀ နာရီမှ ၄း၃၀ | ညနေ ၄း၃၀ နာရီမှ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| ၁-နွေ | အဝါ | ပန်း | အနီ | ဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါ |
| ၂-လာ | ဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါ | ပန်း | အနီ | ဖြူပြောက် |
| ၃-ဂါ | နက်ပြာ | အဝါ | ပန်း | အနီ | ဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ |
| ၄-ဟူး | အနီ | ဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါ | ပန်း | အနီ |
| ၅-တေး | အဖြူ | နက်ပြာ | အဝါ | ပန်း | အနီ | ဖြူပြောက် | အစိမ်း | အဖြူ |
| ၆-ကြာ | ပန်း | အနီ | ဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါ | ပန်း |
| ၀-စနေ | အစိမ်း | ဖြူ | နက်ပြာ | အဝါ | ပန်း | အနီ | ဖြူပြောက် | အစိမ်း |

အဲဒီဇယားနှစ်ခုက လွယ်ကူပေမယ့် လိုက်နာသူကို ကောင်းခြင်းဆောင်ပါလိမ့်မယ်။ နေ့အလိုက်၊ အခါအလိုက် ဉာဏ်ရှိသလို သုံးစွဲနိုင်ခြင်းဖြင့် သင့်အတွက် အကျိုးပေးတွေ ကောင်းလာမှာ ဖြစ်ပါတယ်။

* * *

ဦးကျော်(မြည်)


အရာမကြီး ဒေါ်လှလှကြွယ်၏



ဘုန်းကြွယ် (အမှတ်တံဆိပ်)

ဝမ်းမှန်ဆေး

ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၉၆) ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ၁၉၉၀ ခုနှစ်၊ ဧပြီလထဲတွင် ကျောက်ဖြူထောင်သို့ ပြောင်းရွှေ့ခဲ့ရ၏။ ထိုစဉ်က ကျွန်ုပ်၏ ရာထူးအဆင့်မှာ ထောင်မှူးကြီးဖြစ်သည်။ ထောင်[illegible]ရာရှိဖြစ်သူ ဦးအောင်မြတ်ကျော်သည် ကျိုင်းတုံအကျဉ်းထောင်တွင် အလုပ်လွှဲပြောင်းနေရသဖြင့် အချိန်မီ ရောက်မလာနိုင်သောကြောင့် ကျွန်ုပ်သည် ထောင်[illegible]ဝန်ခံအရာရှိအဖြစ် အုပ်ချုပ်[illegible]ရသည်။

ကျောက်ဖြူအကျဉ်းထောင်သည် (၁)အဆင့်ရှိသော ထောင်တစ်ခုဖြစ်သည်။ အရာရှိ သုံးဦးနှင့် ဝန်ထမ်းအင်အား ၁၅ယောက်ခန့်သာ ရှိသည်။ အကျဉ်းသားဦးရေမှာ ၂၀၀ခန့် ရှိနေခဲ့သည်။ အကျဉ်းထောင်ထဲတွင် အလုပ်ရုံဆောင်ကြီးတစ်ဆောင်ရှိပြီး အကျဉ်းသားများ အိပ်ထောင်တစ်ဆောင်ရှိသည်။ စားဖိုကြီးမှာ သီးသန့်ထားရှိပြီး ထောင်၏ အပြင်ဘက် ကပ်လျက် အမျိုးသမီးဆောင်ရှိလေသည်။

ကျွန်ုပ်သည် ထောင်ပိုင်ကြီး ဦးအောင်မြတ်ကျော် လောလောဆယ် ရောက်ရှိမလာသေးသဖြင့် ခေတ္တ တာဝန်ခံအရာရှိအဖြစ် ထောင်ကို အုပ်ချုပ်နေခဲ့ရသည်။ အကျဉ်းသား-အကျဉ်းသူများ၊ အချုပ်သား-အချုပ်သူများနှင့် ပတ်သက်သော ရုံးကိစ္စများဖြစ်သည့် နေ့စဉ်တရားရုံးများသို့ ရုံးထွက်သွားကြသည့် အချုပ်သား-အချုပ်သူများကို ရုံးထုတ်ပေးရခြင်း၊ လွတ်လူလွတ်ခြင်းကိစ္စရပ်အားလုံးကို တာဝန်ယူ ဆောင်ရွက်နေရလေသည်။

ထိုအတူ တနင်္လာနေ့ ထောင်ပိုင်တန်းစီလှည့်လည်ခြင်းကို ထောင်မှူးဦးသာအောင်နှင့် လှည့်လည်စစ်ဆေးနေခဲ့သည်။ ထိုသို့ ထောင်ပိုင် တန်းစီစစ်ဆေးနေစဉ် အကျဉ်းသား အချုပ်သမားများသည် ရင်ဘတ်ရှေ့တွင် နံပါတ်ကြီး (History Ticket) ခေါ် ကိုယ်ရေးရာဇဝင် စာရွက်ကို ဖြန့်ပြပေးထားရသည်။

ယင်းကဲ့သို့ အကျဉ်းသား အချုပ်သားများသည် ခေါင်းကို ငုံ့လျက်ပုံစံ အနေအထားရပ်ပြီး ပြသနေလျက်ရှိသည်။ ထိုထဲမှ အကျဉ်းသားတစ်ယောက်သည် မျက်နှာညှိုးငယ်စွာဖြင့် ကြောင်တိကြောင်တောင်ပုံစံမျိုးဖြင့် ရပ်နေသည်ကို လှမ်းမြင်နေရသည်။ အသက်မှာ ၄၀နှစ်ခန့်လောက်ရှိမည်။

ယင်းကိုင်ဆောင်ထားသော နံပါတ်ကြီး စာရွက်ပေါ်မှာ ဖော်ပြထားသော

> "အချုပ်သား မောင်လှချေဆိုသူသည်
> ကျွန်ုပ်အား အမှုအခင်း
> စတင်ဖြစ်ပွားလာခြင်းနှင့်ပတ်သက်၍
> အောက်ပါအတိုင်း
> ပြောပြနေခဲ့လေသည်။
> ကျွန်ုပ်မှာ
> သက်ရှိ လူသားတစ်ယောက်မှ
> ၎င်း၏ မိန်းမဖြစ်သူအား
> သတ်ဖြတ်သွားခဲ့ခြင်းမဟုတ်ဘဲ
> သက်မဲ့ အရုပ်တစ်ရုပ်က
> သတ်သည်ဆိုခြင်းအပေါ်
> စဉ်းစားတွေဝေလျက်
> နားထောင်နေမိသည်"

အမှုအခင်းနှင့် ပတ်သက်၍ ဖတ်ကြည့်လိုက်သောအခါ လူသတ်ရန် ကြံစည်အားထုတ်မှုဟု တွေ့ရသည်။ ၎င်းကျူးလွန်ခဲ့သည့်အမှုအပေါ် စိတ်ဝင်စားသွားသည်။ မည်ကဲ့သို့အကြောင်းကြောင့် လူကို သတ်ရန် ကြံစည်အားထုတ်ရခြင်းဖြစ်သနည်း။

ကျွန်ုပ်သည် ယင်းအချုပ်သားအား လှည့်လည်စစ်ဆေးမှု ပြီးစီးသွားသည့်အခါ ရုံးခန်းထဲသို့ ခေါ်ဆောင်လာခဲ့ရန် တန်းစီး အောင်သာကျော်ကို တိုးတိုးတိတ်တိတ် မှာကြားထားခဲ့သည်။ ထို့နောက် ထောင်တွင်းရှိ အိပ်ထောင်များ လုံခြုံရေး ကောင်းမွန်မှု ရှိ၊မရှိ၊ စားဖိုကြီးထဲတွင် ချက်ပြုတ် စီမံနေမှု အဆင်ပြေ၊မပြေနှင့် အမျိုးသမီးဆောင်ထဲရှိ အကျဉ်းသူ/အချုပ်သူ ၂၀ယောက်ခန့်၏ ကျန်းမာရေး၊ နေထိုင်ရေး ကောင်းမွန်မှု ရှိ၊မရှိ မေးမြန်းစစ်ဆေးပြီး ရုံးခန်းဆီ ပြန်လာခဲ့လေသည်။

ကျွန်ုပ်သည် နံနက်ပိုင်း ထောင်တွင်း လှည့်လည်စစ်ဆေးမှု ဆောင်ရွက်ခဲ့ရသဖြင့် ရုံးခန်းထဲတွင် အမောဖြေရင်း ထိုင်နေသည်။ မကြာမီ တန်းစီး အောင်သာကျော်သည် အချုပ်သားတစ်ဦးကို ရုံးခန်းထဲဆီ ခေါ်သွင်းလာလေသည်။

အချုပ်သားမှာ ကျွန်ုပ် စားပွဲရှေ့တွင် ပုံစံအနေအထားရပ်လျက် ခေါင်းငုံ့ရပ်နေသည်။ သူ၏ ဟန်ပန်အမူအရာမှာ ပြစ်မှုတစ်ခုကို ဘာမသိဘာမသိ ကျူးလွန်လာခဲ့သူလို ဇဝေဇဝါဟန်ပန်အနေအထားမျိုးဖြစ်နေသောကြောင့် ကျွန်ုပ်က စကားစမေးလိုက်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲကွ"

"မောင်လှချေပါ"

"ဒါနဲ့ မင်းအမှုက ဘယ်လိုဖြစ်လို့ လူသတ်ရန် ကြံစည်မှုဖြစ်ခဲ့ရတာလဲ။ လူသတ်မှုမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်"

"ဒါဆို မင်းက ဘယ်သူကို သတ်ခဲ့လို့လဲ"

"ကျွန်တော့်မိန်းမကိုပါ။ ဒါပေမယ့် မသတ်ခဲ့ရပါဘူး"

"ဟေ…မိန်းမကိုလည်း သတ်တယ်ပြောပြီး မသတ်ရပါဘူးဆိုတော့ မင်းဟာက ဘယ်လိုလဲကွ"

"ဟုတ်ပါတယ်။ သူဟာသာသူပဲ လဲကျ သေဆုံးနေတာကို ကျွန်တော် မြင်တွေ့လို့ ပွေ့ယူထားခဲ့တာ။ အဲဒါကို လူတွေက ကျွန်တော်သတ်တယ်ဆိုပြီး စွပ်စွဲခံရတာပါ"

"ဒါဆို မင်းမသတ်ရင် ဘယ်သူ သတ်တာလဲ"

"သူယောင်ရုပ်ကပါ"

"ဟာ…ဘာလဲကွ၊ မင်းပြောနေတာ ငါ နားမရှင်းဘူး။ ဘယ်လို သူယောင်ရုပ်က သတ်ရတာလဲ"

"ဒီလိုပါ ဆရာ။ သူ အသက်မထွက်ခင် အချိန်လေးမှာ သူယောင်ရုပ်ကို လက်ညှိုးထိုးပြပြီး ဇက်ကျိုးကျသွားတာပဲ"

ဟု အစချီလျက် အချုပ်သား မောင်လုခဲ့ချေဆိုသူသည် ကျွန်ုပ်အား အမှုအခင်း စတင်ဖြစ်ပွားလာခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောပြနေခဲ့လေသည်။ ကျွန်ုပ်မှာ သက်ရှိလူသားတစ်ယောက်မှ ၎င်း၏ မိန်းမဖြစ်သူအား သတ်ဖြတ်သွားခဲ့ခြင်းမဟုတ်ဘဲ သက်မဲ့ အရုပ်တစ်ရုပ်က သတ်သည်ဆိုခြင်းအပေါ် စဉ်းစားတွေဝေလျက် နားထောင်နေမိသည်။

◆◆◆

ကျွန်တော်သည် ကျောက်မြူမြို့နယ်၊ စနဲရွာတွင် နေထိုင်ပါသည်။ ကျွန်တော်၏ အလုပ်မှာ ပင်လယ်ထွက်ငါးဖမ်း၊ ပုစွန်ချလုပ်ငန်းဖြင့် အသက်မွေး



ဝမ်းကျောင်းပြုနေသူဖြစ်သည်။ ငါး၊ ပုစွန်များကို ပိုက်ချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ကျွန်တော်သည် "မထားရီ"ဆိုသူနှင့် အိမ်ထောင်ကျပြီး ကလေးမရှိဘဲ လင်ကိုယ်မယား နှစ်ယောက်တည်း အတူတူပေါင်းသင်းနေထိုင်လျက်ရှိသည်။

ကျွန်တော်သည် နေ့စဉ်နံနက်စောစော ပင်လယ်ပြင်ဆီသို့ လှေဖြင့် ပိုက်ချပြီး ငါးဖမ်းနေခဲ့သည်။ တစ်နေ့တွင် ကျွန်တော် ပိုက်ချပြီး ငါးဖမ်းနေစဉ် ပိုက်ကွန်ထဲတွင် ငါးများနှင့် အတူတူ သူယောင်ရုပ်လေးတစ်ရုပ်ပါလာသည်ကို ပိုက်ဆွဲတင်စဉ် တွေ့မြင်ခဲ့လေသည်။

သူယောင်ရုပ်၏ ပုံသဏ္ဍာန်မှာ ခြေ-လက်မြှောက်ကနေသော ပုံစံမျိုးဖြင့် မင်းသမီးလေး ကနေဟန်ဖြစ်သည်။ အခြား တစ်နေရာရာမှ မျောပါလာဟန်တူသည်။ ကျွန်တော်လည်း ရှေးဟောင်းတစ်ခုဖြစ်မည်ထင်ပြီး အိမ်သို့ ယူဆောင်လာခဲ့လေသည်။

ကျွန်တော်သည် သစ်ကန[...] ရောင် မင်းသမီး သူယောင်ရုပ်ကို ရေ[...] ဖြင့် တိုက်ချွတ်ဆေးကြောပြီး ညှော်ခန်း ထဲတွင် အလှဆင် ထားရှိလေသည်။ အရုပ်အတိုင်းအထွာမှာ နှစ်ပေခွဲ သုံးပေ ခန့်လောက် မြင့်သည်။

ကျွန်တော်၏ ဇနီး မထားရီသည် ရွာထဲတွင် နေ့စဉ် ငါးများကို လှည့်လည် ရောင်းချလေ့ရှိသည်။ အိမ်တွင် တင် ထားသော သူယောင်ရုပ်ကို ကြည့်ပြီး ဘယ်က မျောလာသည့် ပစ္စည်းမှန်းမသိ ဟု ဆိုကာ မနှစ်မြို့သည့်အသွင်မျိုးရှိနေ သည်။ ကျွန်တော်က ရှေးဟောင်းပစ္စည်း ဝယ်ယူသူနှင့် တွေ့ခဲ့လျှင် ရောင်းချရန် ကြံရွယ်ထားသည်။

လောလောဆယ် သူယောင်ရုပ် ကို ညှော်ခန်းထဲတွင် အလှသဘော ထားရှိခြင်းသာ ဖြစ်ပါသည်။ ဇနီးဖြစ်သူ မထားရီကတော့ အိမ်မှာ ထားရှိခြင်း အတွက် လုံးဝ ကျေနပ်နှစ်မြို့ဟန် မရှိပေ။

တစ်နေ့သော နံနက်ပိုင်းအချိန် ခန့်တွင် အိမ်သို့ ဆွမ်းခံကြွလေ့ရှိသော ဘုန်းကြီးတစ်ပါး ကြွလာနေစဉ် ညှော်ခန်း ထဲမှ မင်းသမီး သူယောင်ရုပ်ကို အမှတ်မထင်တွေ့မြင်သွားစဉ်…

"ဒကာကြီး…ဒီသူယောင်ရုပ် ဘယ်က ရလာခဲ့တာလဲ"

"တင်ပါ့ ဘုရား။ တပည့်တော် ပင်လယ်ဘက် ငါးဖမ်းထွက်ရင်း ပိုက်ထဲမှာ ငြိပါလာခဲ့တာပါ ဘုရား"

"အိမ်း…ဒီလို သူယောင်ရုပ်ဆိုတာ သတိတော့ ထားပါ။ အိမ်မှာ နိုက်တတ်တယ်။ သူယောင်များဟာ အကောင်အထည် မမြင်ရဘဲ ခြောက်လှန့်တတ်တဲ့ သဘောလက္ခဏာရှိ တယ် ဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ဘုရား။ တပည့်တော်လည်း ဘာရယ်မဟုတ်ပါဘူး ပိုက်ထဲမှာ ပါလာတာ မြင်တော့ သူယောင်မင်းသမီးရုပ်လေးက လက်ရာမြောက်လွန်းနေလို့ လုတာနဲ့ မလွှင့်ပစ်ရက်ဘဲ အိမ်ကို သယ်လာခဲ့မိတာပဲ"

"ဒီလို သူယောင်နဲ့ ပတ်သက်ပြီး ကြုံခဲ့ဖူးတာတစ်ခု ပြောပြမယ်။ ဘုန်းကြီးလည်း ဟိုတုန်းက ဒီလို သူယောင်နဲ့ ပတ်သက်တဲ့ သစ်တုံးတစ်တုံးရခဲ့ဖူးတယ်။ ပင်လယ်ကမ်းစပ်ဘက်က ရွာတစ်ရွာမှာ ဆွမ်းစားကြွပြီး ပြန်လာတုန်း ပင်လယ်ကမ်းစပ်မှာ ရေထဲ မျောပါလာနေတဲ့ သစ်တုံးတစ်တုံးကို တွေ့လို့ ကျောင်းမှာ အသုံးချရအောင် ဘုန်းကြီးကျောင်းသားလေးကို သယ်လာခိုင်းခဲ့တယ်"

"အဲဒီ သစ်တုံးက ဘယ်လိုဖြစ်သွားတာလဲ ဘုရား"

"ဘုန်းကြီးလည်း ကျောင်းကို ပြန်ရောက်တော့ အဲဒီသစ်တုံးကို ခြံတိုင်ဝတံခါးမှာ တိုင်တစ်တိုင်ကျိုးနေလို့ လဲပြီးစိုက်ခိုင်းလိုက်တယ်။ မကြာပါဘူး။ ညဘက်လည်း ရောက်ရော ပြဿနာဖြစ်တော့တာပဲ"

"ဘယ်လို ပြဿနာများလဲ ဘုရား"

"ဒီလို ဒကာရဲ့။ ကျုပ် ကျောင်းဝင်းထဲမှာ လေမတိုက်ပါဘဲနဲ့ အပြင်က ဖုန်လုံးကြီးတွေ ဝေ့ဝဲတိုက်လာတယ်။ ညဘက် ဘုရားရှိခိုးဖို့ ဆီမီးထွန်းတော့လည်း အလိုလိုငြိမ်းငြိမ်းသွားတယ်။ နောက်တစ်ခါ သောက်ရေအိုးစင်က ရေအိုးဟာ ဘယ်သူမှမလုပ်ဘဲနဲ့ အလိုလို ရေတွေ မှောက်ကျကုန်တယ်"

"ဟင်…ဒါဆို သူယောင်ရုပ်က ခိုက်တတ်တဲ့ သဘောပေါ့"

"ဟုတ်တယ်။ ကျုပ်ကျောင်းဝင်းထဲမှာ မကြာခဏ ခြောက်လှန့်မှုပုံစံအမျိုးမျိုးနဲ့ ခြောက်လှန့်ခံခဲ့ရတယ်"

"နောက် ဘယ်လိုလုပ်ပစ်ခဲ့လဲ ဘုရား"

"ပင်လယ်ထဲကို ပြန်မျှောပစ်လိုက်မှ ကျောင်းဝင်းထဲမှာ ဘယ်လို ခြောက်လှန့်မှုမျိုးမှ မခံရတော့ဘဲ အေးအေးငြိမ်ငြိမ်သက်သွားတယ်"

"အင်း… ဒါဆို ဒီလို ခြောက်လှန့်တတ်တဲ့ မကောင်းဆိုးဝါး သူယောင်ရုပ်ကို ရေထဲ ပြန်လွှင့်ပစ်မှ ထင်တယ်"

"အသင့်တော်ဆုံးပေါ့ ဒကာကြီးရယ်"

ကျွန်တော်လည်း ဆွမ်းခံကြွလာသော ဘုန်းကြီး၏ အတွေ့အကြုံကို ကြားသိခဲ့ရသောအခါ အိမ်မှာ ဆက်၍

"ဇနီးသည် မထားရီကတော့ နောက်ဖေး မီးဖိုချောင်တွင် ငါးကိုင်နေသဖြင့် ငါးခုတ်သံ တဒိုင်းဒိုင်းမြည်သံ ကြားနေရသည်။ မထားရီသည် ခုတ်ပြီးသွားသော ငါးတုံးများကို ဇလုံထဲထည့်ကာ ဆားနှင့်နနွင်းနယ်ပြီး ကြော်ရန် စားပွဲခုံပေါ်သို့ တင်ထားလိုက်သည်။ ကျန်ငါးသေးသေးလေးများကို ခေါင်းဖြတ်၊ အမြီးလျက် ဆားနှင့်နယ်ပြီး ငါးဆားနယ်လုပ်ထားရန် ဆက်လက် ငါးကိုင်နေလေသည်"

မထားဝံ့တော့ဘဲ နောက်တစ်နေ့နံနက် ပင်လယ်ထဲ ပိုက်ချသွားစဉ် ယူသွားပြီး ရေထဲ မျှောပစ်ရန် ဆုံးဖြတ်ခဲ့လေတော့သည်။

•••

မွန်းတည့်ချိန်လောက်တွင် ဇနီးသည် မထားရီသည် ရွာထဲသို့ ငါးလှည့်လည်ရောင်းချပြီး အိမ်ပြန်လာလေသည်။ ငါးတောင်းကို နောက်ဖေးဘက်မှာ ချပြီး နံနက်စာ ချက်ပြုတ်ရန် ငါးများကို ခုတ်ထစ်ပိုင်းရန် ပြင်ဆင်နေသည်။

ထိုအချိန် ကျွန်တော်သည် အိမ်ရှေ့ မြေကွက်လပ်ဝယ် ငါးဖမ်းပိုက်ကို အပ်ဖြင့် ဖာထေးချုပ်ရန် ပိုက်ကွန်ကို တိုင်နှစ်တိုင်မှာ ချိတ်ပြီး ဖြန့်ချနေသည်။ ဇနီးသည်မှ ဟင်းချက်ရန် စီစဉ်နေစဉ် ဆာလောင်မွတ်သိပ်နေသော်လည်း နောက်နေ့မနက် ငါးဖမ်းထွက်ချိန်အမီ ပိုက်ကွန်မှ အပေါက်များကို ထိုင်ပြီး ဖာထေးနေလေသည်။

ဇနီးသည် မထားရီကတော့ နောက်ဖေး မီးဖိုချောင်တွင် ငါးကိုင်နေသဖြင့် ငါးခုတ်သံ တဒိုင်းဒိုင်းမြည်သံ ကြားနေရသည်။ မထားရီသည် ခုတ်ပြီးသွားသော ငါးတုံးများကို ဇလုံထဲထည့်ကာ ဆားနှင့် နနွင်းနယ်ပြီး ကြော်ရန် စားပွဲခုံပေါ်သို့ တင်ထားလိုက်သည်။

ကျန်ငါးသေးသေးလေးများကို ခေါင်းဖြတ်၊ အမြီးလျက် ဆားနှင့် နယ်ပြီး ငါးဆားနယ်လုပ်ထားရန် ဆက်လက် ငါးကိုင်နေလေသည်။

"ဒုံ…ချလွမ်…ဂွမ်း…"

ဟူသောအသံကို ကြားလိုက်ရသဖြင့် နောက်လှည့်ကြည့်လိုက်သောအခါ စောစောက စားပွဲပေါ်မှာ တင်ထားသော ငါးထည့်ထားသည့် ဇလုံမှာ တစ်စုံတစ်ယောက် ပြုလုပ်လိုက်သလို



www.burmeseclassic.com

www.burmeseclassic.com

စားပွဲခုံအောက် မှောက်ကျသွားကာ ငါးများမှာ ကြမ်းပြင်ပေါ် လွင့်စဉ် ပြန့်ကြဲနေသည်ကို လှမ်းမြင်ရသည်။

မိမိ ငါးကိုင်နေစဉ် စားပွဲပေါ်မှ ဇလုံကို ကြောင်တစ်ကောင်များ ဝင်လာပြီး ခွဲချလိုက်သောကြောင့် မှောက်ကျလေသလားဟု ထင်မှတ်ကာ မီးဖိုခန်းထဲနှင့် ညှော်ခန်းထဲသို့ လှည့်လည်ရှာဖွေကြည့်နေသည်။

ထိုစဉ် အိမ်ရှေ့ မြေကွက်လပ်ဝယ် ယောက်ျားဖြစ်သူ မောင်လှချေမှာ ထိုင်လျက် ပိုက်ဖာထေးနေသည်ကို လှမ်းမြင်နေရသည်။ မိမိစားပွဲပေါ်မှာ တင်ထားသော ဇလုံသည် ဘယ်အတွက်ကြောင့် သူ့အလိုလို မှောက်ကျသွားသည်ကို စဉ်းစားဝေခွဲမရနိုင်အောင် ဖြစ်သွားသည်။

ထို့နောက် ကြမ်းပြင်ပေါ်မှ ပြန့်ကြဲကျနေသော ငါးတုံးများကို လိုက်လံကောက်ယူကာ ဇလုံထဲ ကောက်ထည့်နေသည်။ ပြီးမှ ဇလုံကို စားပွဲပေါ် ပြန်တင်ထားလိုက်သည်။ စောစောက ငါးများ ခုတ်ထစ်နေသည့် မပြီးပြတ်သေးသောအလုပ်ကို ဆက်လက်လုပ်ဆောင်ရန် ဖင်ထိုင်ခုံပေါ် ထိုင်ပြီး ဓားမဖြင့် ငါးခုတ်နေလေသည်။

"ဂွမ်း"

စားပွဲပေါ်မှ ဇလုံမှာ ဒုတိယမ္ဘ ခုံအောက် မှောက်ကျလိုက်သံကြားသည်နှင့် နောက်ဘက်သို့ အလျင်အမြန် လှည့်ကြည့်လိုက်သည်။ မိမိအလုပ်မပြီးစီးနိုင်သေး၍ အလုပ်ရှုပ်နေစဉ် စားပွဲပေါ်မှ ဇလုံမှာ အလိုအလျောက်မှောက်ကျနေသံဖြင့် ဒေါ်ပွကာ လှည့်ကြည့်လိုက်ခြင်းဖြစ်သည်။

နောက်ဖေးခန်းထဲမှ အိမ်ရှေ့ ညှော်ခန်းဘက်ဆီ ဖြတ်ပြေးသွားသလိုလို အရိပ်အယောင်တစ်ခုကို ရိပ်ခနဲ တွေ့မြင်လိုက်ရသောကြောင့် စိတ်ထဲမှ နေ၍...

"ဟင်…ဘာကောင်လဲ မသိဘူး"

ဟု နှုတ်မှ ရုတ်တရက်ထွက်သွားပြီး လက်ထဲမှာ ငါးကိုင်နေသော ဓားမကို ဆွဲလျက် အိမ်ရှေ့ ညှော်ခန်းဘက်ဆီ အပြေးအလွှားထွက်ကြည့်လေသည်။ ထိုအခါ ညှော်ခန်းထဲရှိ သူယောင်ရုပ်မှာ လှုပ်ခါယမ်းနေသလိုဖြစ်သွားသည်ကို မြင်တွေ့လိုက်သဖြင့် သူယောင်ရုပ်နောက်မှာ ခွေးလား၊ ကြောင်လား ဝင်ပုန်းနေသည်ထင်ပြီး ဓားကိုင်လျက် အနီးသို့ ချဉ်းကပ်သွားလေသည်။

ထိုစဉ် သူယောင်ရုပ်၏ မျက်နှာသွင်ပြင်မှာ ပြုံးခနဲ့နဲ့ပုံစံမျိုး မြင်တွေ့လိုက်ရသဖြင့် စိတ်ထဲမှာ ထင်ယောင်ထင်မှားဖြစ်တာလားဟု ထင်ကာ ဇဝေဇဝါဖြစ်သွားလေသည်။ သူယောင်ရုပ်နားကပ်ကာ သေသေချာချာကြည့်လိုက်သော်



လည်း ဘာမှမထူးခြားသလိုဖြစ်နေသည်။

သူယောင်ရုပ်နောက်ဘက် နေရာဆီသို့ လှည့်ပတ်ရှာဖွေကြည့်သော်လည်း ဘာကောင်မျှ မမြင်မတွေ့ရပေ။ သူယောင်ရုပ်အား မသတီသလို မျက်နှာမျိုးဖြင့် တစ်ချက်စိုက်ကြည့်ကာ မီးဖိုခန်းဘက်ဆီ ပြန်သွားရန် ကျောခိုင်းလိုက်စဉ် ရုတ်တရက် တစ်စုံတစ်ယောက်၏ နောက်မှ အားဖြင့် ဆောင့်တွန်းလိုက်သလိုဖြစ်သွားကာ ရှေ့ဘက် အားသွန်မှောက် လဲကျသွားသည်။

"အား"

ရုတ်တရက် နောက်မှ ဆောင့်တွန်းခြင်း ခံလိုက်ရသောကြောင့် လက်ထဲမှာ ကိုင်ဆွဲထားသော ဓားမပေါ် အားဖြင့် ပြိုလဲကျသွားလိုက်စဉ်မှာပဲ အသံနက်ကြီးဖြင့် ရှူးရှူးဝါးဝါး နာကျင်စွာ အော်ဟစ်လိုက်လေသည်။

ဘကယ်တော့ သူမ၏ လက်မှာ ကိုင်ထားသော ဓားမ ထောင်ထားသလို ပုံစံပေါ် မှောက်ရက်လဲကျလိုက်သဖြင့် ရင်ကို ထိုးခွဲလိုက်သလိုအဖြစ်မျိုး ကြုံသွားရခြင်းဖြစ်သည်။

ယင်းကဲ့သို့ အိမ်ပေါ်မှ ဇနီးဖြစ်သူ၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံကို ကြားလိုက်ရသဖြင့် ကျွန်တော်သည် အိမ်ပေါ်သို့ ကမန်းကတန်းပြေးတက်ကြည့်ခဲ့လေသည်။

အိမ်ရှေ့ ညှော်ခန်းမနေရာ ကြမ်းပြင်ပေါ်တွင် ဇနီးသည့် မထားရီမှာ သွေးအိုင်ထဲ မှောက်လဲကာ ညည်းညူနေသံကို ကြားသဖြင့် ပွေ့ထူလိုက်သည်။

"ဟဲ့ - ထားရီ ဘယ်လိုဖြစ်သွားတာလဲ"

"ဟို…ဟို…"

ဟု လက်ညှိုးထိုးလျက် စွင် တသပ်သပ် ညည်းတွားနေရာမှ ဇက်

www.burmeseclassic.com

ချိုကသွားလေသည်။ ကျွန်တော်လည်း သူမကို သတ်သွားသောသူအား ပွေ့ထူထားလျက် လှည့်ပတ်ရှာဖွေကြည့်နေသည်။ သူမ လက်ညှိုးထိုး ညွှန်ပြသွားသောနေရာဆီ လှမ်းကြည့်လိုက်သောအခါ မင်းသမီး သူယောင်ရုပ်ဖြစ်နေသည်။

ကျွန်တော်လည်း ဇနီးသည်၏ရင်ခွင်မှာ ထိုးစိုက်လျက် ရှိနေသောဓားမကို ယူပြီး ဘေးချထားကာ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ် အသာအယာချထားလိုက်သည်။ နောက် အိမ်ရှေ့ထွက်ပြီး ဘေးပတ်ဝန်းကျင်မှ အိမ်များကို လှမ်းအော်အကူအညီတောင်းခဲ့လေသည်။ ဘေးအိမ်မှ လူများလည်း ကျွန်တော့်အိမ်ဝိုင်းထဲ အပြေးအလွှားဝင်ရောက်လာပြီး အိမ်ပေါ် တက်ကြည့်ကြသောအခါ သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသော မထားရီအလောင်းနှင့် ဘေးနားမှ သွေးများ ပေကျံနေသော ဓားမတစ်ချောင်းကို မြင်တွေ့သွားသောအခါ…

"ဟာ…မောင်လှချေ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ကျွန်…ကျွန်တော် ဘာမှမလုပ်ရပါဘူးဗျာ။ သူဘာသာ အိမ်ပေါ်မှာ ဒီလိုဖြစ်နေတာ။ အော်သံကြားလိုက်လို့ တက်ကြည့်တော့ ခုလိုပုံစံအတိုင်း တွေ့ရတာပါပဲ"

"မင်းမလုပ်တဲ့ သူကိုယ်သူ ဓားနဲ့ ရင်ကို ခွဲပစ်ပါ့မလား"

"တကယ်ပါ။ ကျွန်တော် ဘာမှမလုပ်ရပါဘူး။ ယုံပါဗျာ"

ဤကဲ့သို့ အခင်းဖြစ်ပွားရာနေရာကို တစ်စုံတစ်ယောက်က အကြောင်းကြားလိုက်၍ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကာ သက်သေခံ ဓားမကို ရှာဖွေတွေ့ရှိမှုဖြင့် သိမ်းဆည်းပြီး မောင်လှချေကို လက်ထိပ်ခတ် ဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။

♦♦♦

"မင်းပြောပုံဆို မင်းအဖြစ်က တော်တော်ထူးဆန်းတာပဲ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် ကိုယ်တိုင် ဒီယ်ထိလက်ရောက် မသတ်ခဲ့ရဘဲ အဲဒီ သူယောင်ရုပ်က သတ်လိုက်တာပါ"

"မင်းပြောတာ ဟုတ်ပေမယ့် သူယောင်ရုပ်က သက်မဲ့ သက်သေဖြစ်နေတယ်ကွ။ ဒါကို တရားရုံးက ဘယ်လို ယုံကြည်လက်ခံမလဲ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော့်မိန်းမကိုယ်တိုင် အသက်မထွက်ခင် အဲဒီ သူယောင်ရုပ်ကို လက်ညှိုးထိုးပြရင်း သေသွားခဲ့တာပဲ"

"အဲဒီလိုပြောရင် ဒီကောင် မိန်းမသေလို့ စိတ်ဖောက်ပြန်ပြီး ပြောနေတယ်ပဲ ထင်မှာပေါ့"

ကျွန်ုပ်သည် မောင်လှချေ၏ အမှုသွား အမှုလာအပေါ် ဆင်ခြင်သုံးသပ်ကြည့်ကာ တရားရုံးတွင် သူယောင်ရုပ်နှင့် ပတ်သက်၍ ခိုက်တတ်ကြောင်း၊ တစ်နည်းတစ်ဖုံ ခြောက်လှန့်တတ်သည့်သဘောရှိကြောင်း ထောက်ခံပေးရန်လိုသည်။

ဒါ့ကြောင့် မိမိအိမ်သို့ ဆွမ်းခံကြွလာသော ဘုန်းကြီးကိုယ်တိုင် တရားရုံးမှာ လိုက်ပါ ထောက်ခံပြောဆိုပေးမည်ဆိုလျှင် ဖြစ်နိုင်ခြေရှိသော်လည်း ဘုန်းကြီးအနေဖြင့် တရားရုံးမှာ သက်သေထွက်ဆိုပေးနိုင်ရန် ဝိနည်းတော်နှင့် ညီ၊မညီကို မသိနိုင်ပေ။

မောင်လှချေမှာ တရားရုံးသို့ ရီမန်ကြီးတစ်ပတ်တစ်ခါ ရုံးထုတ် စစ်ဆေးလျက်ရှိသည်။ အိမ်နီးနားချင်း မျက်မြင်သေသက်များကလည်း အခင်းဖြစ်ချိန်တွင် မောင်လှချေကို အိမ်ရှေ့မြေကွက်လပ်မှာ ငါးဖမ်းပိုက်ဖာထေးနေသည်ကို မြင်တွေ့ခြင်း၊ လင်မယားချင်း ခိုက်ရန်ဖြစ်ပွားလေ့မရှိခြင်း စသည်များကို သက်သေထွက်ပေးကြသည်ဟု မောင်လှချေက ပြောပြလေသည်။

ဤသို့ ရုံးထွက်နေခဲ့ရာမှ တစ်နှစ်ခန့်အကြာတွင် တရားရုံးမှ စွဲချက်တင်သင့်၊ မတင်သင့် ကောက်ချက်ချ စစ်ဆေးလျက်ရှိနေသည်။ တရားရုံးအနေဖြင့် သက်သေများ ထွက်ဆိုချက်အပေါ်တွင်သာ အကိုးအကားပြု၍ စီရင်ရလေသည်။ သို့မှသာ တရားနည်းလမ်းကျမည်ဖြစ်ပေသည်။

နောက်ဆုံးမှာတော့ တရားရုံးမှ အမှုအပေါ် ဆင်ခြင်သုံးသပ်ကာ စွဲချက်မတင်ဘဲ အမှုမှ တရားသေ လွှတ်ပေးလိုက်လေသည်။ အမှုကို ပိတ်သိမ်းခဲ့သည်။ အမှုပြီးပြတ်သွားခဲ့ချိန်ဝယ် မောင်လှချေသည် အိမ်မှ မင်းသမီး သူယောင်ရုပ်ကို လှေဖြင့် တင်ဆောင်ကာ ပင်လယ်ထဲမှာ မျှောပစ်ခဲ့လေတော့သည်။


* * *

နိုး၁၀



www.burmeseclassic.com

www.burmeseclassic.com




ပွန်ပီမြို့ရဲ့ တည်နေရာပြမြေပုံ

# ပြာပုံမိုးရွာခဲ့တဲ့ ပွန်ပီမြို့ဟောင်း

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

အီတလီက (Mt Vesuvius) မီးတောင်ဟာ အေဒီ ၇၉ခုနှစ်က ပေါက်ကွဲခဲ့လို့ ရှေးဟောင်းမြို့ကြီးတွေဖြစ်တဲ့ ပွန်ပီ(Pompeii)နဲ့ ဟာကျူလေးနီးယမ်း(Herculaneum)တို့ ပျက်စီးသွားခဲ့ရတယ်။ အဲဒီနေရာတွေကို ၁၈ရာစုလယ်လောက်က ပြန်လည်တူးဖော်ခဲ့တာဟာဖြင့် ခေတ်သစ်ရှေးဟောင်း သုတေသနသိပ္ပံပညာရဲ့ အခန်းကဏ္ဍသစ်ကို ဖွင့်လိုက်သလိုပါပဲ။

ပွန်ပီဟာ အီတလီနိုင်ငံ၊ (Campania)ဒေသက ရှေးမြို့ဟောင်းပါ။ နေပယ်မြို့ရဲ့ အရှေ့တောင်ဘက် ၁၄မိုင် (၂… ကီလိုမီတာ)အကွာ၊ ဗီစူးဗီးယပ်တောင်ရဲ့ အရှေ့တောင်ဘ… အောက်ခြေမှာ ရှိတယ်။ မြို့ကို ဒီနေ့ခေတ်မှာ ဆာမို(Sarno… လို့ ခေါ်တဲ့ ဆာနပ်စ်(Sarnus)မြစ်ရဲ့ မြောက်ဘက် မြစ်… သမိုင်းမတင်မီကာလ ချော်ရည်ပူများ စီးဝင်ခဲ့ရာ တောင်ကုန်း… လေးပေါ်မှာ တည်ခဲ့ကြတာပါ။ ပွန်ပီဟာ ဟာကျူလေးနီးယမ်း… (Stabiae),(Torre Annunziata)နဲ့ အခြားနေရာတွေ… အတူ ပြင်းထန်တဲ့ မီးတောင်ပေါက်ကွဲမှုကြောင့် ပျက်စီးသ…



www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ အဲဒီနေရာတစ်ဝိုက်ကို ထိန်းသိမ်းစောင့်ရှောက်ထိုက်ခြင်းဖြင့် သူတို့ရဲ့ အကြွင်းအကျန်တွေက ဂရိ-ရောမဘဝ(Greco-Roman life)တွေအတွက် ပြိုင်ဘက်မရှိတဲ့ မှတ်တမ်းများကို ဖြစ်ပေါ်စေခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာတော့ သျှင်ဒတ်ခံ အဲဒီနေရာတစ်ဝိုက်ကို ကမ္ဘာ့အမွေအနှစ်ဒေသ (World Heritage site)အဖြစ် ယူနက်စကို (UNESCO) အဖွဲ့ကြီးက ကြေညာလိုက်ပါတယ်။

ပျက်စီးမှုကြီး ကြုံရစဉ်က ပွန်ပီမှာ လူဦးရေ



ပွန်ပီမြို့ (The House of the Faun) အိမ်ဝင်းမှ ရုပ်တုတစ်ခု

တစ်သောင်းနဲ့ နှစ်သောင်းကြား နေထိုင်နေခဲ့တာပါ။ ဒီနေ့ခေတ်သစ်မြို့ကလေး ပွန်ပီရဲ့ လူ့အဖွဲ့အစည်းမှာတော့ ၁၉၉၅ ခုနှစ်စာရင်းအရ လူဦးရေ (၂၆၂၄၁)ဦး နေထိုင်နေကြပါတယ်။ မြို့သစ်ကတော့ ဘုရားဖူးရာ ဘာသာရေးဌာန(The Basilica of Santa Maria del Rosario)ရဲ့ အရှေ့ဘက်အပိုင်းမှာ ရှိနေရဲ့။

**ပွန်ပီရဲ့ သမိုင်းကြောင်း**

ပွန်ပီ၊ ဟာကျူလေးနီးယမ်းနဲ့ အနီးအနားက မြို့တွေမှာ ပထမဆုံး အခြေချ နေထိုင်ခဲ့တာ[illegible]တော့ ကမ္ပားနီးယားမှာ ကျောက်ခေတ်သစ်ကတည်းက အခြေချ နေထိုင်ကြသူ (The Ne[illegible] inhabitant[illegible]က ဆင်းသက်လာတဲ့ အော်စကန် (Oscan-speaking)စကားပြော ဒေသခံတွေပဲ ဖြစ်နိုင်ကြပါရဲ့။ မြေလွှာထပ်ဆင့်မှုအရ ဆာနပ်စ်မြစ်ဝနားမှာ ရှိတဲ့ ပွန်ပီရဲ့ အော်စကန်(Oscan)ရွာလေးဟာ မကြာခင်မှာပဲ ၈ ရာစု ဘီစီအီးထဲက ပင်လယ်အော်မှာ အခြေချ နေကြတဲ့ ယဉ်ကျေးတဲ့ ဂရိတွေရဲ့ လွှမ်းမိုးမှုအောက်ကို ရောက်သွားခဲ့တယ်လို့ ရှေးဟောင်းသုတေသန သက်သေခံချက်တွေမှာ ဆိုခဲ့တယ်။ ဂရိလွှမ်းမိုးမှုတွေ ရှိပေမယ့် ၆ ရာစုမှာတော့ (The Etruscans)တွေ ဝင်ရောက်လာတယ်။ ထရပ်စကန်တွေရဲ့ လွှမ်းမိုးမှုဟာ သူတို့ရဲ့ ပင်လယ်အင်အားကို (Syracuse)ရဲ့ ပထမမြောက်ဘုရင် (King Hicron I)က ၄၇၄ ဘီစီအီးမှာ (Cumae)ရေကြောင်းစစ်ပွဲနဲ့ ဖြိုချ ဖျက်ဆီးလိုက်တဲ့အထိ အတော်အင်အားရှိခဲ့တယ်။

ဂရိရဲ့ လွှမ်းမိုးမှု ဒုတိယခေတ်ဟာလည်း မကြာခင် ဆိုက်ရောက်လာပြန်တယ်။ အဲဒီနောက် ၅ရာစုအကုန်မှာ စစ်မက်လိုလားတဲ့ အီတလီမျိုးနွယ်စု (Samnites)တွေက ကမ်ပါနီးယားတွေကို အောင်နိုင်သွားပြန်ပြီး ပွန်ပီ၊ ဟာကျူလေး[illegible]နဲ့ စတာဘီရေး ဟာ ဆမ်နိုက်မြို့တွေ ဖြစ်သွားပါ[illegible] သမိုင်းမှာ ပထမဆုံး ဖော်[illegible]ရတာကတော့ ဒုတိယ ဆမ်နိုက်စစ်ပွဲအတွင်း ၃၁၀ ဘီစီအီးမှ ဖြစ်ပါ

www.burmeseclassic.com



ပွန်ပီတူးဖော်မှုတွေကရတဲ့ မီးတောင်ပြာများကြားမှ ခွေးသတိထား ကြွေပြားစီပန်းချီ

တယ်။ ရောမ ရေတပ်လည်း ပွန်ပီရဲ့ ဆာနပ်စ်ဆိပ်ကမ်းကို ဆိုက်ရောက်လာတယ်။ အဲဒီကမှ အနီးအနားက(Nuceria) မြို့ကို မအောင်မြင်တဲ့ တိုက်ခိုက်မှုလုပ်ခဲ့တယ်။ ဆမ်နိုက်စစ်ပွဲတွေ ပြီးသွားတဲ့အခါ ကမ်ပါနီးယားဟာ ရောမရဲ့ အပြန်အလှန် အကျိုးစီးပွားအတွက် အစိတ်အပိုင်းဖြစ်သွားတယ်။ မြို့အားလုံးဟာလည်း ရောမရဲ့ မဟာမိတ်ပေါ့။ သို့သော် အားလုံးတော့ အပြည့်အဝ လက်အောက်ခံ မဖြစ်၊ လူမှုရေးစစ်ပွဲချိန်အထိ ရောမအောက် သိမ်းသွင်းနေရဆဲ။ ပွန်ပီကတော့ အဲဒီစစ်ပွဲမှာ အီတာလျှံတွေနဲ့ ဆက်ကာ သူတို့နဲ့အတူ ရောမကို တော်လှန်ခဲ့တယ်။ ဂ၉ ဘီစီအီးမှာတော့ ရောမဗိုလ်ချုပ်(Lucius Cornelius Sulla)ရဲ့ တပ်နဲ့ ဝိုင်းတာခံရတယ်။

စစ်ပြီးတဲ့အခါ ပွန်ပီဟာ ပိုမြစ်(Po River) တောင်ပိုင်းတစ်လျှောက်က အီတာလျှံတွေနဲ့အတူ ရောမရဲ့ နိုင်ငံသားဖြစ်ခွင့်ကို ရလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ပွန်ပီရဲ့ စစ်အတွင်းက အနေအထားကြောင့် အပြစ်ပေးခံရတဲ့အနေနဲ့ ပွန်ပီရဲ့ နေရာတွေမှာ ရောမဗိုလ်ချုပ်ရဲ့ တူ (Publius Sulla)နဲ့ စစ်ပြန်တွေဟာ ကိုလိုနီလေးတစ်ခုတူထောင်လိုက်ကြတယ်။ လက်တင်ကို အော်စကန်အစား ရုံးသုံးဘာသာစကားအဖြစ် အစားထိုးလိုက်ကြတယ်။ မကြာခင်မှာတော့ မြို့ဟာ သင်တန်းကျောင်းတွေ၊ ဗိသုကာနဲ့ ယဉ်ကျေးမှုတွေမှာ ရောမဆန်လာ (Romanized)တော့တယ်။

၅၉ ဘီစီအီးမှာတော့ ပွန်ပီရဲ့ ပွဲကြည့်စင်အဝိုင်း (amphitheatre)မှာ ပွန်ပီသားတွေနဲ့ နျူဆီးရီးယားသားတွေ အကြား အဓိကရုဏ်းတစ်ခုဖြစ်ခဲ့တယ်လို့ ရောမသမိုင်းဆ (Tacitus)က မှတ်တမ်းတင်ခဲ့တယ်။ ၆၂ဘီစီအီးမှာ ထ လှုပ်ခဲ့တော့ ပွန်ပီနဲ့ ဟာကျူလေးနီးယမ်း နှစ်ခုလုံးမှာ အ အကျယ် ပျက်စီးခဲ့သေးတယ်။ မြို့တွေဟာ နောက် ၁ အကြာမှာ နောက်ဆုံး အပျက်အစီးကြီးဖြစ်လာတဲ့အ တောင် အဲဒီကပ်ဘေးကို ပြန်လည်ပြုပြင်ယူရတာတွေ နိုင်သေးဘူး။

ဗီစူးဗီးယပ်တောင်ဟာ ၇၉ ဘီစီအီး ဩဂုတ်လ ၂ ရက်နေ့မှာ ပေါက်ကွဲခဲ့တာပါ။ ထင်ရှားတဲ့ မျက်မြင်သက်သေ တင်ပြချက်တစ်ခုကတော့ သမိုင်းပညာရှင် တာစီတပ်စ် သိ ထားတဲ့ ညီငယ်(Pliny)ရဲ့ စာလေးနှစ်စောင်ဖြစ်ပါတယ်။

သူဟာ (Misenum)ရောမရေတပ်ရဲ့ ဒုဗိုလ်မှူးကြီး ဖြစ်တဲ့ အစ်ကို ပလင်နီရဲ့ သေခြင်းတရားကို စုံစမ်းနေသူ အစ်ကို ပလင်နီဟာ ဒုက္ခရောက်နေတဲ့ လူထုကြီးကို က တင်ဖို့ မိစီနမ်ကနေ တစ်ဟုန်ထိုးပြေးထွက်ခဲ့ရလို့ မီးတော ပေါက်ကွဲတဲ့ ဖြစ်ရပ်ကြီးကို အနီးကပ်မြင်လိုက်ရသူပါ။ ဟာ စတာဘီရေးမှာ သေဆုံးသွားခဲ့ပါတယ်။

၂၀ ရာစုအကုန်မှာ ဒေသတွင်း တူးဖော်မှုတွေ၊ တောင်ဗေဒ လေ့လာမှုတွေ ဂရုစိုက်လုပ်လာတဲ့အခါ အတော် လေး အသေးစိတ် သိလာကြတယ်။ ဩဂုတ်လ ၂၄ရက် မွန်းတည့်ပြီးစလေးမှာပဲ ပြာ၊ ရေမြှုပ်ကျောက်နဲ့ အခြ မီးတောင်အပျက်အစီးအစအနတွေ ပွန်ပီမြို့ပေါ်ကို စတ ကျလာတယ်။ လျှင်မြန်စွာနဲ့ပဲ ထုထည် ၉ပေ(၃မီတာ) လောက် ဖုံးလွှမ်းသွားခဲ့တယ်။ အိမ်အတော်များများရဲ့ အမိုး တွေ ပြိုကျကုန်တယ်။ ဩဂုတ်လ ၂၅ရက်နေ့မှာတော့ မီးက ဖြစ်လာတဲ့ (pyroclastic)ပစ္စည်းတွေ၊ (nuées ardentes)လို့ ခေါ်တဲ့ အပူဓာတ်ငွေ့တွေဟာ တစ်ဟုန်ထိုး တဟူးဟူး အလိပ်လိုက် အလိပ်လိုက် ပေါ်ထွက်ကျဆင်း လာပြီး မြို့တံတိုင်းအထိ ရောက်လာတယ်။ မကြာခင်မှာတော့ ကျရောက်လာတဲ့ မီးတောင်အစအနတွေကြောင့် မသေ လောက်သေးပေမယ့် မြို့နေ လူထုဟာ အသက်ရှူမဝ မွန်းကျပ်လို့ နေကြပါပြီ။ မီးတောင်က ထွက်လာတဲ့ အပူငွေ့ လှိုင်းကြီးအပြင် ပြာပုမှိုင်းတွေလည်း ရှာကျလာပေါ့။ နောက် ထပ် အနည်းဆုံး ၉ပေလောက်ရှိတဲ့ အစအနတွေ ထပ်ကျ လာပြန်ရဲ့။ မြို့နေ လူထုဟာ သူတို့အိမ်ထဲမှာပဲ ပုန်းခိုရာ နေရာရှာရင်း သေပွဲဝင်ခဲ့ကြရတယ်။ ကျဆင်းလာတဲ့ ပြာ ထုကတော့ သူတို့ရဲ့ အလောင်းတွေပေါ်မှာ အသုဘ ဖုံးလွှမ်းလိုက်တဲ့ အဝတ်မဲလိုပေါ့။ ဒါမှမဟုတ် ခွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com

လို လွတ်မြောက်ခြား ကြိုးစားရင်း ကမ်းခြေဘက်နဲ့ စတာဘီရေးနဲ့ နူစီးရီးယားဆီ ဦးတည်တဲ့ လမ်းတွေဆီကိုလည်း ပြေးဆင်းသွားကြသူတွေ ရှိရဲ့။ ဒီလိုနဲ့ ပွန်ပီဟာ မီးတောင်ကျောက်လွှာတစ်လွှာရဲ့ ၁၉ ပေကနေ ၂၃ပေ(၆-၇မီတာ) နက်တဲ့ ပြာထုအောက်မှာ မြေမြှုပ်ပြီးသားဖြစ်သွားပါတော့တယ်။ အဲဒီလို မြို့ကို ရုတ်ခြည်း ဖုံးအုပ်မြှုပ်နှံလိုက်တဲ့အတွက် နောက်ထပ် ၁၇ရာစုတိုင်တဲ့အထိတော့ သူခိုးသူဝှက်၊ လုယက် ဖျက်ဆီးသူတွေရဲ့ အန္တရာယ်နဲ့ ရာသီဥတုနဲ့ မိုးလေဝသ တိုက်ခိုက်မှုဒဏ်တွေကနေ အကာအကွယ်ရပြီး ကင်းလွတ်သွားပါတော့တယ်။


**တူးဖော်မှုသမိုင်း**

ပွန်ပီရဲ့ အပျက်အစီးတွေကို ၁၆ရာစုမှာ ပထမဆုံး ဗိသုကာ (Domenico Fontana)က ရှာဖွေတွေ့ရှိခဲ့တယ်။ ဟာကျူလေးနီးယမ်းကိုတော့ ၁၇၀၉ ခုနှစ်မှာ တွေ့ခဲ့ပြီး စနစ်တကျ တူးဖော်မှုကို ၁၇၃၈ ခုနှစ်မှ လုပ်ခဲ့ကြရတယ်။ ပွန်ပီမှာတော့ ၁၇၄၈ ခုနှစ်အထိ လုပ်ငန်း မစနိုင်သေးဘူး။ ၁၇၆၃ခုနှစ်မှာ(Rei publicae Pompeianorum)ကို တွေ့ရတော့မှ အဲဒီနေရာကို ပွန်ပီလို့ သတ်မှတ်နိုင်ခဲ့တယ်။ အဲဒီနှစ်မြို့လုံးမှာ ၁၈ရာစုလယ်ရောက်တော့ ရှေးဟောင်းသုတေသနပညာရဲ့ ခေတ်မီ သိပ္ပံပညာရပ်တွေနဲ့ စတင်လုပ်နိုင်လာတာပါ။

နေပယ်ဘုရင် (Don.Carlos)ရဲ့ အာဏာစက်နဲ့ အားပေးကူညီမှုကြောင့် စစ်အင်ဂျင်နီယာ (Karl Weber)ဟာ ၁၇၅၀ ကနေ ၁၇၆၄ခုနှစ်အတွင်းမှာ စနစ်ကျတဲ့ လေ့လာမှုတွေ လုပ်ခဲ့ပေမယ့် အခြားသော ရတနာရှာဖွေသူတွေ၊ ဒါမှမဟုတ် လေ့ကျင့်မထားတဲ့ တူးဖော်ရေးလုပ်သားတွေရဲ့ ကြုံရာကျပန်း ဖြစ်ကတတ်ဆန်း တာဝန်မဲ့ တူးဆွမှုတွေကိုတော့ အစောပိုင်းထဲက မကြာခဏ ခံထားရပြီးပါပြီ။ အဲဒီလို စည်းကမ်းမဲ့ တူးဆွတာတွေဟာ ၁၈၆၀ ခုနှစ်မှာ တစ်ခါ ရပ်ဆိုင်းသွားခဲ့တယ်။ အီတာလျံ ရှေးဟောင်း သုတေသနပညာရှင်(Giuseppe Fiorelli) တူးဖော်ရေး ဒါရိုက်တာဖြစ်လာစဉ်ကပေါ့။ တူးဖော်ရေးလုပ်တဲ့ နေရာအတွင်းမှာ ရှိတဲ့ ဧရိယာတွေကို ရှင်းလင်းပြီး ဂရုတစိုက် မှတ်တမ်းတင်ကြတယ်။ ပွန်ပီကို နယ်မြေ ၉ခု ခွဲလိုက်တယ်။ သတ်မှတ်နေရာ အပိုင်းအခြား အကွက်တစ်ကွက်တစ်ခုချင်းကို နံပါတ်တွေ တပ်ခဲ့တယ်။ လမ်းထဲက တံခါးတစ်ချပ်ချင်းကိုတောင် နံပါတ်တပ်ခဲ့တာပါ။ ဒါကြောင့် အိမ်တစ်လုံးစီဟာ အဆင်ပြေလွယ်ကူစွာ နံပါတ်စဉ် ၃ခုလောက်အတွင်းမှာ ရှိနေလို့ ရှာရ လွယ်ကူသွားတယ်။ ဖီအိုရယ်လီဟာ မီးလောင်ပြာအတွင်းမှာ တစ်စတစ်စ ပျက်စီးသွားတဲ့ ခန္ဓာကိုယ်တစ်ခုစီရဲ့ အခေါင်းပေါက်ထဲကို အင်္ဂတေလောင်းပြီး ပုံပြန်သွန်းတဲ့ နည်းသစ်ကိုလည်း ဖွံ့ဖြိုးစေခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ရပ်နားပြီးတဲ့နောက် ၁၉၂၄ကနေ ၁၉၆၁ခုနှစ်အထိ တူးဖော်မှုအကြီးအကဲဖြစ်တဲ့ (Amedeo Maiuri)ရဲ့ လက်အောက်မှာ တူးဖော်မှုကြီးတွေ ပြန်စခဲ့တယ်။ ဧရိယာအကျယ်ကြီး တူးဖော်ခဲ့ရာမှာ (The Via dell'Abbondanza)ရဲ့ တောင်ဘက်အထိ ဒေသ ၁နဲ့ ၂အထိ လုပ်နိုင်ခဲ့တယ်။ ထွက်ရှိလာတဲ့ အစအနတွေကို မြို့တံတိုင်းအပြင်ဘက်မှာ ပုံကြလို့ အတော်လေးလည်း သန့်စင်သွားရဲ့။ အဲဒါက (The Porta di Nocera)ဂိတ်ကို ပေါ်ထွက်လာစေတယ်။ ဂိတ်ကနေ နူစီရီးယားအထိ လမ်းရဲ့ တစ်ဖက်ချင်းစီဟာ ခွဲဆန့်ထားတဲ့ သင်္ချိုင်းမြေကြီးလို တကျယ်တပြောပါပဲ။ ၁၉၉၀ ခုအထိမှာတော့ မြို့ရဲ့ သုံးပုံနှစ်ပုံကို တူးဖော်နိုင်ခဲ့ပါပြီ။

စတာဘီရေးနဲ့ (Gragnano) အနီးအပါးက တူးဖော်



ပွန်ပီတူးဖော်မှုတွေကရတဲ့ အိုင်းရစ်ဘုရားကျောင်း
မီးတောင်ပြာများကြားမှ ရေမကြေးစားပွဲခုံ

www.burmeseclassic.com




နေပယ်ရှေးဟောင်း သုတေသနပြတိုက်မှ
ပွန်ပီတူးဖော်မှုတွေကရတဲ့ ကျားစီးနေဟန်ပန်းချီကား

ရေးတွေကို ၁၇၄၈ နဲ့ ၈၄ခုနှစ်အတွင်းမှာ နေပယ်ဘုရင် ဒွန်ကားလိုစ်က အစပျိုးပေးခဲ့လို့ အိမ်ကြီးရခိုင်(Villa) ၁၂ခု ရှာဖွေတွေ့ရှိလာခဲ့တယ်။ ၂၀ရာစုရောက်တဲ့အခါ အဲဒီနေရာမှာ အလုပ်တွေ ပြန်စလာနိုင်ပြန်တယ်။ (The Villa of San Marco)အိမ်ကြီးကို သူ့ရဲ့ ပတ်ပတ်လည်က ကြီးမားလှတဲ့ ဥယျာဉ်ကြီးနှစ်ခုနဲ့ ရေချိုးကန်အပါအဝင် အကောင်းဆုံး ထိန်းသိမ်းပြုပြင်နိုင်ခဲ့တယ်။ အခြားအိမ်ကြီးတွေကိုလည်း အနီးအနားက (Scafati, Domicella, Torre Annunziata) တွေနားမှာနဲ့ အခြားသော(Boscoreale)နဲ့ (Boscotrecase) အနားက ဗီဆူးဗီးယပ်တောင်ရဲ့ အနိမ့်ပိုင်း ကုန်းလျှောတွေမှာ တွေ့ခဲ့ရတယ်။ အိမ်ကြီးအတော်များများကိုတော့ တူးဖော်မှုအပြီးမှာ ပြန်ဖုံးပေးခဲ့တယ်။ ဒါပေမယ့် ပဟေဠိဆန်သော အိမ်ကြီး(the Villa of the Mysteries)လို ထင်ရှားတဲ့ အချို့ကိုတော့ မြင်နိုင်ပါသေးတယ်။

**အကြွင်းအကျန်များရဲ့ ရုပ်ပုံလွှာ**

ပွန်ပီမြို့ရဲ့ အသွင်အပြင်ဟာ ပုံမကျ ပန်းမကျပါ။ ဘာလို့လဲဆိုတော့ သမိုင်းမတင်မီကာလကတည်းက ရှိနှင့်ခဲ့တဲ့ မီးတောင်ချော်ရည်စီး လမ်းပေါ်မှာ တည်ခဲ့ရလို့ပေါ့။ တူးဖော်မှုတွေက အနောက်တောင်ပိုင်းဟာ ပိုရှေးကျတယ်လို့ ဖော်ပြနေတယ်။ ဒါပေမယ့် ပညာရှင်တွေက မြို့တံတိုင်းတွေ ဆန့်ထွက်လာပုံနဲ့ ဘယ်သူတွေက တည်ဆောက်သူတွေဖြစ်တယ်ဆိုတဲ့အပေါ်မှာတော့ သဘောမတူကြဘူး။ မြို့တံတိုင်းတွေက ၂မိုင်(၃ကီလိုမီတာ)ယောက် ရှည်ပြီး ၁၆၃ဧက (၆၆ဟက်တာ)ကျယ်တဲ့ အဝန်းအဝိုင်းနဲ့ပေါ့။ ဂိတ်ပေါက် ၇ခုကိုလည်း တူးဖော်ရရှိခဲ့တယ်။ အရှေ့တောင်နဲ့ အနောက်မြောက်ကို တန်းနေတဲ့ ပင်မလမ်းကြီးကတော့ (The Porta Vesuvio)ခေါ် မြို့ရဲ့ အမြင့်ဆုံးအပိုင်းဖြစ်တဲ့ ပင်လယ်ရေမျက်နှာပြင်ထက် ၁၄၄ ပေ (၄၄မီတာ)၊ အမြင့်က ဗီဆူးဗီးယပ်ဂိတ်(Vesuvius Gate)နဲ့ မြို့ရဲ့ အနိမ့်ဆုံးအပိုင်းက ၂၆ပေ (၈မီတာ)ရှိတဲ့ (The Porta di Stabia)ခေါ် စတာဘီရေဂိတ်(Stabiae Gate)ကို ဆက်ထားတဲ့ (The Via Stabiana) ပါ။ အဲဒီဂိတ်ကို ဖြတ်ပြီး ဆာနက်စ်မြစ်နဲ့ စတာဘီရေးကကုန်တွေ ဝင်တာပေါ့။ ဒီလမ်းကိုမှ အခြားပင်မ လမ်းကြီးနှစ်ခုဖြစ်တဲ့ (The Via dell'Abbondanza)နဲ့ (the Via di Nola)ကလည်း ဖြတ်သေးရဲ့။

အများပိုင် အဆောက်အဦတွေဟာ ဧရိယာသုံးနေရာမှာ အများအားဖြင့် စုပြီး တည်ရှိနေကြတယ်။ ပေ ၁၁၀ (၃၄မီတာ)အမြင့်က ရောမခေတ် မြို့ကြီးများရဲ့ လူအများစုဝေးရာ နေရာ(The Forum)၊ အနောက်တောင်ဘက် အကြီးဆုံး ဧရိယာမှာ ရှိတဲ့ ၈၂ပေ(၂၅မီတာ)မြင့်တဲ့ အရပ်မှာရှိပြီး တောင်ဘက် တံတိုင်းအစပ်ကနေ ပင်လယ်အော်ကို ဆီးမြင်ရတဲ့ တြိဂံစုဝေးဆောင် (The Triangular Forum)နဲ့ အရှေ့ဘက်မှာရှိတဲ့ အမိုးမဲ့ ပွဲကြည့်စင်ဝိုင်းနဲ့ 'The Palaestra'



နေပယ်အမျိုးသားပြတိုက်မှ ပွန်ပီတူးဖော်မှုတွေကရတဲ့ ခွက်တွေကိုင်ထားတဲ့ အရိုးစုပုံ

စာမျက်နှာ(၂၂၃)သို့

www.burmeseclassic.com

နေဝန်းသစ်

# သားသမီး အဖတ်တင်နိုင်သော ဆင်စွယ်ဂမုန်းအစီအရင်

ယနေ့ တင်ပြမည့်နည်းမှာ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ မိုးသဲတောရွာရှိ ဦးသန်းအေး ပြောပြခဲ့သော ၎င်း၏ ကိုယ်တွေ့နည်းဖြစ်ပါသည်။

ဦးသန်းအေးသည် ဒေါ်တင်အေးနှင့် ၁၉၈၀ ခုနှစ်လောက်က အိမ်ထောင်ကျခဲ့သော်လည်း အိမ်ထောင်သက် ၁၀နှစ်လောက်ရသည့်တိုင် သားသမီး အဖတ်မတင်နိုင်။ သားသမီးမရနိုင်ဖြစ်သဖြင့် သားသမီးရှား ရှားနေခဲ့ပါသည်။ တစ်ပါးသူများ ကလေးချီတာ မြင်ရလျှင် ကလေးချီလိုဇော၊ ကလေးရလိုဇောဖြင့် နေမထိထိုင်မသာ ဖြစ်နေရပါ၏။ မနာလိုသလိုလည်း ဖြစ်နေပါသည်။

တစ်နေ့ ထိုကိစ္စဖြင့် ပတ်သက်၍ ကဏ္ဍလီရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီး ဦးပဏ္ဍိကို လျှောက်ထားရာ ဆရာတော်က -

"အေး၊ ငါ့တပည့် ဒီလောက်တောင် ကလေးလိုချင်နေရင်တော့ ဘုန်းကြီး ဝိဇ္ဇာယာနကျမ်းကြီးတစ်စောင်က တွေ့ထားတဲ့ အစီအရင်လေးတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သားသမီးမရနိုင်တဲ့သူတွေ၊ သားသမီးမွေးဖွားပြီး မွေးလိုက် သေလိုက်ဖြစ်နေကြသူတွေအတွက် သားသမီးရနိုင်၊ သားသမီးအဖတ်တင်နိုင်တဲ့ နည်းလေးပဲ။ ဘုန်းကြီးရေးပေးလိုက်မယ်။ ဘုန်းကြီးကတော့ မအပ်စပ်ဘူး။ ငါ့တပည့်ကိုယ်တိုင်လုပ်ပေါ့၊ ဒါမှမဟုတ် နားလည်တတ်ကျွမ်းတဲ့ သူတစ်ဦးဦးကို လုပ်ခိုင်းပေါ့"ဟု အမိန့်ရှိပါသည်။


"အမိန့်ရှိပါ ဘုရား။ တပည့်တော် ချက်ချင်းလုပ်ပါ့မယ်"

"အေးအေး၊ ဒါပေမယ့် ကံတရားကလည်း ရှိသေးသကွဲ့။ သားသမီးရနိုင်ပါရဲ့၊ အဖက်တင်နိုင်ပါရဲ့နဲ့ အကြောင်းအကျိုး မညီညွတ်လို့ အဖတ်မတင်သူတွေအတွက် ရနိုင်ကောင်းပါတယ်။ လုပ်ကြည့်ပေါ့။ နည်းကတော့ သိပ်ခဲခဲယဉ်းယဉ်းမဟုတ်ပါဘူး"

ဟု မိန့်ကြားကာ အောက်ပါ အစီအရင်လေးကို ပေးလိုက်ပါ၏။

**စီရင်နည်း**

ငွေပြား၌ အောက်ပါ စမပုံနှစ်ပုံနှင့် ၎င်းစမတို့အား ဂါထာကို ရန်၍ ရေးရမည်ဖြစ်ပါသည်။




(စမပုံနှင့် ဂါထာရေးပုံ)

**အရန်ဂါထာ**

"စတုဟိ ဝိဇ္ဇာအက္ခရေဟိ သဗ္ဗသိဒ္ဓိ ဂယုတိသိဒ္ဓိ"

ဤသို့ ရေးပြီးပါက ၎င်းအရန်ဂါထာနှင့် ၁၀၈ အုပ်စုတ်ရမည်။

နောက် အိုးသစ်၌ သန့်ရှင်းသော သဲမြေတို့ကို ခံကာ အိုးဖင်ကို ဖောက်ပြီး အောက်က စီရင်ထားသော ငွေပြားကို ခံ၍ ဆင်စွယ်ဂမုန်းကို စိုက်ကာ နံနက်တိုင်း အရန်ဂါထာကို ၇အုပ်ရွတ်ပြီး ရေလောင်းပေးရမည်။

ဦးသန်းအေးသည် ဆရာတော် ပေးလိုက်သည့်နည်းကို ပြုလုပ်စီရင်ခဲ့ရာ သား ကျော်စွာဦးနှင့် ကျော်စွာဝင်း၊ သမီး သဲမာတို့ကို အဖတ်တင်ခဲ့ပါသည်။

ဦးသန်းအေးက ဆက်လက်ပြောပြသည်မှာ -

"အဲဒီ ဆင်စွယ်ဂမုန်းအစီအရင်က သားသမီးရလာရုံ တင်မကဘူး ဆရာရေ၊ ဆရာတော်ကြီးရဲ့ အဆိုအမိန့်အရ၊ အဲဒီနည်းအရ ဆင်စွယ်ဂမုန်းကို စိုက်ပျိုးရင် အလုပ်အကိုင် အဆင်ပြေ ချောမောစေခြင်း၊ စီးပွားဥစ္စာတိုးတက်ကြီးပွားစေခြင်း၊ အများရဲ့ လေးစားမှုကို ခံရခြင်း၊ ဂုဏ်သတင်းကျော်စေခြင်း၊ သူပြု သူကြံများနှင့် တွေ့ကြုံပါကလည်း ဂမုန်းက တန်ပြန်အကျိုးသက်ရောက်စေခြင်း၊ အပြိုင်အဆိုင်မှန်သမျှလည်း ကိုယ်ကသာ အနိုင်ရစေနိုင်ခြင်း စတဲ့ မရေမတွက်နိုင်သော အကျိုးတွေကို ပေးတယ်လို့ ဆိုပါတယ်။ ဒါတွေကလည်း လက်တွေ့တွေ့ပါပဲ ဆရာရယ်။ ဒါပေမယ့် ဝိဇ္ဇာယာနကျမ်းအလိုအရ ကာမကိစ္စဖောက်ပြန်တတ်သူတွေနဲ့ စနေသားသမီးတွေအတွက်တော့ ဘယ်သောအခါမျှ အကျိုးမပေးနိုင်ကြောင်း၊ မစိုက်ကောင်းကြောင်း၊ မစိုက်သင့်ကြောင်းလည်း မိန့်ကြားလိုက်ပါတယ်"ဟူ၍ ဖြစ်ပါသည်။

လိုအင်ဆန္ဒအပေါင်းနှင့် ပြည့်ဝကြပါစေ။

* * *

နေဝန်းသစ်



www.burmeseclassic.com

www.burmeseclassic.com

# ကြို့ကြီး ထိုးသော်

**နတ်မောက် မှတ်ကျောက်**

ထမင်းစားပြီးစ (သို့မဟုတ်) အစာတစ်ခုခုစားပြီး နောက် နာရီဝက်၊ တစ်နာရီနီးပါး "ဂွတ်···ဂွတ်···ဂွတ်" နှင့် ကြို့ထိုးခြင်းသည် သာမန် ကြို့ထိုးခြင်းဖြစ်ပြီး အလို အလျောက်ပျောက်သွားတတ်ပါသည်။

ထိုသို့ သာမန်ကြို့ထိုးခြင်းအတွက် အသက်မရှူဘဲ ခေတ္တအောင့်ထားခြင်း၊ ထိတ်လန့်သွားအောင် ပြုလုပ်လိုက်ခြင်း၊ ရေသောက်လိုက်ခြင်း၊ ကြက်သွန်နီဥကို ထုထောင်း၍ ထန်းလျက်နှင့် ဖျော်သောက်လိုက်ခြင်း၊ ထမင်းရည်ကို သောက်ခြင်းတို့ဖြင့် တစ်နည်းနည်းနှင့် အလွယ်အသာပျောက်ကင်းစေပါသည်။

ကြို့ကြီးထိုးခြင်းဆိုသည်မှာ ၄ဂနာရီမှ လေးငါးဆယ်ရက်အထိ တဂွတ်ဂွတ်နှင့် ကြို့ထိုးနေခြင်းမျိုး ဖြစ်ပါသည်။

ယင်းသို့ ကြို့ ကြီးထိုးခြင်းမျိုးအတွက် လက်တွေ့ သိမြင်ဖူးသော ပျောက်ကင်းနည်း နှစ်မျိုးရှိပါသည်။

ပုံသကူရရှိသော ဆင်အရေကို ဆောင်ယူထားပါ။ ရှေးမြန်မာဆေးဆရာကြီးများတွင် ဆောင်ထား ရှိထားတတ်ပါသည်။ ရနိုင်သူများ၊ တိုက်ဆိုင်ကြုံတွေ့သူများ ဆောင်ထား၍ ဇီဝိတဒါနပြုသင့်ပါသည်။ ၎င်းဆင်အရေကို ရေနှင့် သွေးပြီး ဟင်းသောက်ဇွန်း နှစ်ဇွန်း သုံးဇွန်းစာ တိုက်ပေးလိုက်လျှင် ကြို့ကြီးထိုးခြင်း နာရီပိုင်းအတွင်း သက်သာသွားပါမည်။ အချိန်ခြား၍ ကြို့ထိုး မရပ်မချင်း၊ မပျောက်မချင်း တိုက်ပေးနိုင်ပါသည်။

နောက်တစ်နည်းမှာ ရာသီအချိန်အခါနှင့် တိုက်ဆိုင်ကြုံတွေ့ရနိုင်လျှင် ပေပင်မှ ပေသီးအစိုတစ်လုံးကို ရေနှင့် သွေးပြီး အကြမ်းပန်းကန်တစ်လုံးစာ သောက်ပေးလိုက်ပါ။ ကြို့ကြီးထိုးခြင်း ပျောက်ကင်းသွားစေပါသည်။

လက်တွေ့ ဆရာသမားကြီးများထံမှ မြင်သိခဲ့ဖူးသော ဆေးနည်းဖြစ်၍ တင်ပြ ရေးသားလိုက်ပါသည်□

* * *

နတ်မောက်မှတ်ကျောက်




www.burmeseclassic.com

www.burmeseclassic.com




ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)




လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၅၀၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## နာကာဆိုနေကို မှန်အောင် ဟောလိုက်ပြီ

ဆရာဒေဝသည် (၁၉၈၆)ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နာကာဆိုနေ၏ ဘဝနှင့်လက္ခဏာဆောင်းပါးဖြင့် ဝန်ကြီးချုပ်မှာ တိုင်းပြည်တာဝန်ကို ထပ်မံ၍ထမ်းဆောင်ရလိမ့်မည်ဟု ကြိုတင်၍ အတိအလင်းဟောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နာကာဆိုနေမှာ နှစ်ကြိမ်တိတိ ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး၍ ဥပဒေအရ သုံးကြိမ် လုပ်ရဖို့မရှိပါ။ သို့သော် တစ်နှစ်သက်တမ်းတိုးမြှင့်ရွေးချယ်ခံရ၍ ဝန်ကြီးချုပ်အဖြစ် ထမ်မံထမ်းဆောင်ခဲ့ရပါသည်။

ဤသို့ မဖြစ်နိုင်သောကြီးကျယ်သည့်ကိစ္စများကို သက်ရှိထင်ရှားသောပုဂ္ဂိုလ်များကို ဆောင်းပါးဖြင့်ကြိုတင်ပြီး တိုင်းသိပြည်သိ ဟောကြားရေးသားနိုင်ခဲ့သောကြောင့် ဆရာဒေဝကို ခေတ်သစ်ဆရာကိုင်ရှိဟူ၍ အမည်ပေးကုန်ကြပြီ။

ဤကြော်ငြာကို (၂၄-၁၀-၂၀၀၀)နေ့တွင် ထုတ်ဝေသော သိဒ္ဓိအချပ်ပိုကြော်ငြာတွင် ကော်လံပြည့်မှုရင်းဆောင်းပါးတစ်ခုလုံးကို ကြော်ငြာထည့်ပြီးဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဥဒဟိုသွားလာလှုပ်ရှားနေတဲ့ လူတွေကို ကြည့်ပြီး ကျုပ်စိတ်တွေ အလိုလိုရှုပ်သွားမိတယ်။ ဟုတ်တယ်လေ။ ဒီလူတွေကို ကြည့်ပြီး ကျုပ်စိတ်ကို ကျုပ် တားဆီးမရနိုင်အောင် ဖြစ်နေမိ

တယ်။ တကယ်တော့ ကျုပ် ေ
ဆယ်ဘဝက အရက်သမား။

ကျုပ်အရက်နဲ့ နှစ်ပါးဂေ
ခဲ့တာ ကြာခဲ့ပြီပဲ။ ဒါကြောင့်
ကျုပ်ရင်ထဲမှာ အမြဲတမ်း ခံစာ
ဝေဒနာ။ ဒီဝေဒနာကို ကျုပ် မ
နိုင်ဘဲ ဖြစ်ဖြစ်နေတာ။ ခက်ေ
ကျုပ်အနီးအနားမှာ ပျားယန်းခ
လာနေတဲ့သူတွေ။ ဟော…
ရမယ့် မီးရထားကြီးက ဥဩ
ဘူတာရုံထဲကို ဝင်လာပြီ။ ကျ
မှာ ဖော်မပြနိုင်အောင် ဝမ်းသ
တယ်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ဝမ်းမသာဘဲ ရှိပါ့မလား ဗျာ။ ကျုပ်လွယ်လာတဲ့ လွယ်အိတ်ထဲမှာ ကျုပ်ဘဝရဲ့ ထာဝရအဖော်မွန်ရှိနေပြီမဟုတ်လား။ ဒါကြောင့်လည်း ကျုပ်အဖော်နဲ့ လိုက်ဖက်တာကို အသင့်ထယ်ပြီး လွယ်အိတ်ထဲကို ထည့်လိုက်မိတယ်။

မီးရထား ဘူတာဆိုက်တော့ ဆင်းသူ၊ တက်သူတွေနဲ့ ရှုပ်ထွေးနေတာ။ ကျုပ်လည်း ကြာကြာဆိုင်းမနေနိုင်တော့ဘဲ မီးရထားတွဲပေါ် တက်ပြီး ထိုင်ခုံအလွတ်တစ်ခုမှာ ထိုင်လိုက်မိတယ်။ ကျုပ် ထိုင်ခုံအလွတ်တွေကို ကြည့်ပြီး ဝမ်းသာသွားမိတယ်။ ကျုပ်ရဲ့ လောလောဆယ်အခြေအနေက လူရှင်းလေ ကောင်းလေပဲ မဟုတ်လား။

သိပ်မကြာဘူး မီးရထားက ဥဩသံပေးပြီး ထွက်သွားတဲ့အထိ ကျုပ်ထိုင်ခုံဘေးနဲ့ ရှေ့ခုံမှာ လူတစ်ယောက်မှ မထိုင်သေးဘူး။ ကျုပ်လည်း မီးရထားထိုင်ခုံကို ခေါင်းမှီပြီး မှိန်းနေမိတာ ဘယ်လောက်ကြာသွားမှန်း မသိဘူး။

"ဒကာ...ဒီထိုင်ခုံမှာ ဒကာရှိလား"

ကျုပ် ခေါင်းမှီပြီး မှေးနေတုန်း ဖြူနန်းစားကြီး ကြားလိုက်ရတဲ့ အသံကြောင့် ကျုပ်မျက်စိဖွင့်ပြီး ကမန်းကတန်း ကြည့်လိုက်မိရင်း အံ့ဩသွားမိတယ်။ ဟုတ်တယ်လေ၊ ကျုပ်မျက်စိကို ကျုပ် မယုံနိုင်အောင် ဖြစ်သွားမိတယ်။ ကြည့်လေ၊ ကျုပ်ရှေ့က ထိုင်ခုံဘေးမှ စက္ကူကန္တြေချပြီး သပိတ်ပိုက်ရင်း ညင်သာစွာ မေးနေတဲ့ ဘုန်းကြီးအိုကြီးတစ်ပါး။

"ဒီထိုင်ခုံမှာ ဘူတာရုံက ထွက်လာကတည်းက ဘယ်သူမှ မထိုင်ပါဘူးဘုရား။ ဘုန်းကြီး ထိုင်ချင်ရင် ရပါတယ်ဘုရား"

"ဒါဆိုလည်း ဘုန်းကြီး ခဏထိုင်ပါရစေကွယ်။ ထိုင်ခုံထိုင်မယ့်သူရှိရင် ဘုန်းကြီး နေရာဖယ်ပေးပါ့မယ်ကွယ်"

"တင်...တင်ပါ့ဘုရား"

ကျုပ် ဘုန်းကြီးအိုကြီးရဲ့ စကားကို နားထောင်ပြီး လျှောက်ထားလိုက်မိတယ်။ ဘုန်းကြီးအိုကြီးက သပိတ်ပိုက် မျက်စိကို မှိတ်ပြီး ထိုင်ခုံမှာ ထိုင်ရင်း ပါးစပ်မှာ တတွတ်တွတ်ရွတ်နေသံကို ကျုပ်နားထဲမှာ မသဲမကွဲကြားနေရတယ်။ ကျုပ် ဘုန်းကြီးအိုကြီးကို ကြည့်ရင်း ရင်ထဲမှာ တလှပ်လှပ်တုန်နေမိတယ်။ ဟုတ်တယ်လေ။ ကျုပ်ဘဝက အရက်ကို မသောက်ရရင် မနေနိုင်တဲ့ဘဝဖြစ်နေတာမဟုတ်လား။

ခု ကျုပ်ရှေ့က ထိုင်ခုံမှာ ဘုန်းကြီးအိုကြီး ထိုင်နေလို့ ကျုပ်အဖြစ်ကို မျှသိပ်ပြီးနေရပေမယ့် ကျုပ် ဂဏှာမငြိမ်နိုင်အောင် ဖြစ်နေမိတာ အမှန်ပဲ။ ဒါနဲ့ ကျုပ်လည်း ကျုပ်စိတ်ကို ကျုပ်ဖြေမယ်ဆိုပြီး လွယ်အိတ်ထဲက ရေဘူးကို ထုတ်ပြီး ရင်ထဲက အပူသောကကို ငြိမ်းအောင် သောက်နေရပေမယ့် ကျုပ်ခံစားနေရတဲ့ အပူသောက မငြိမ်းနိုင်ဘူး။

လူသာဆို ကျုပ် တောင်းပန်ပြီး သောက်လို့ရပေမယ့် ကျုပ်ရှေ့မှ စက္ကူကန္တြေချပြီး ငြိမ်သက်စွာ ထိုင်နေတဲ့ ဘုန်းကြီးအိုကြီး။ ကျုပ် လောလောဆယ် ကြုံတွေ့နေရတဲ့ အခက်အခဲကြောင့် ကျုပ်လွယ်အိတ်ထဲက အရက်ပုလင်းကို စမ်း၊စမ်းပြီး ကျုပ်စိတ်ကို ကျုပ် မျှသိပ်နိုင်ဖို့ ကြိုးစားနေမိတာ အခါခါ။

"ဒကာ...ရင်ထဲက ဝေဒနာကြောင့် အတော်ကြီး အခံရခက်နေပြီနဲ့ တူတယ်"

ကျုပ်ရင်ထဲက အပူကို ဘယ်သူမှ မသိအောင် ကြိတ်ပြီး သိမ်းဆည်းထားခဲ့ပေမယ့် ဘုန်းကြီးအိုကြီးရဲ့ ကရုဏာသံစဉ်စကားကို ကြားလိုက်ရ[...] ကျုပ် အံ့ဩသွားမိတယ်။ ဒါနဲ့ ကျ[...] လည်း တင်းမခံသာတော့ဘူး။

"တပည့်တော်...အမှန်စကား[...] ပြောရရင် ရင်ထဲက ဝေဒနာကို မ[...] သိပ်နိုင်လို့ပါ ဘုရား"

"အင်းလေ၊ ဒကာရဲ့ ဝေဒနာ[...] ဒကာနည်းနဲ့ ဒကာ ဖြေရှင်းမှ သက်သ[...] ခွင့်ရမယ်ဆိုတာ ဘုန်းကြီး သိပါတယ်[...] ကွယ်။ ဘုန်းကြီး ပြတင်းပေါက်နား[...] သွားနေပေးပါ့မယ်"

ဘုန်းကြီးအိုကြီးက ကျုပ်ကို[...] ပြောပြီး ထိုင်ခုံက ထပြီး ပြတင်းပေါက်[...] နားမှာ သွားရပ်နေတယ်။ ဒီတော့[...] ကျုပ် လွယ်အိတ်ထဲက အရက်ပုလင်း[...] ကို ထုတ်ပြီး ကမန်းကတန်း သေ[...] သောက်လိုက်မိတယ်။ ပြီးမှ အကြော်[...] ကို အားရပါးရ စားလိုက်မိတယ်။

ဒီတော့မှ ကျုပ်ရင်ထဲမှာ ခံစား[...] နေရတဲ့ ဝေဒနာ အတော်ကြီးကို သက်[...] သာခွင့် ရသွားမိတယ်။ ကျုပ် အရက်[...] ပုလင်းကို ကိုင်ရင်း ဖျတ်ခနဲ ကျုပ်ရှေ့[...] ထိုင်ခုံမှာ ထိုင်ခဲ့တဲ့ ဘုန်းကြီးအိုကြီးကို[...] သတိရပြီး ကြည့်လိုက်မိတယ်။ ဘုန်းကြီး[...] အိုကြီးက သပိတ်ပိုက်ရင်း ကျုပ်ကို[...] လှမ်းကြည့်နေတဲ့ အကြည့်။ သည်တော့[...] မှ ကျုပ်အဖြစ်ကို ကျုပ် သတိရသွား[...] တယ်။

ကြည့်လေ။

ကျုပ်အဖြစ်က ဘုရားမကြိုက်တဲ့ အလုပ်။ လူ့ပတ်ဝန်းကျင်မှာ နာခေါင်းရှုံ့စရာအလုပ်မဟုတ်လား။ ခု ကျုပ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့နေမိတာက ဘုရားသားတော် ဘုန်းကြီးအိုကြီး။ ကျုပ် ခံစားနေရတဲ့ ဝေဒနာကို မရှုရက်နိုင်လို့ ခွင့်လွှတ်စာနာတဲ့ ကရုဏာမျက်ဝန်း။

ကျုပ် ကမန်းကတန်း အရက်ပုလင်းကို လွယ်အိတ်ထဲကို ပြန်[...]



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဘုန်းကြီးအိုကြီးကို ကြည့်ပြီး လက်စုံ မှ ကန်တော့လိုက်မိတယ်။ ဘုန်းကြီးအိုကြီးက ကျုပ်အဖြစ်ကို ကြည့်ပြီး ထိုင်ခုံမှာ ပြန်ထိုင်တယ်။

"ဒကာ ခံစားနေရတဲ့ ဝေဒနာ သက်သာခွင့်ရပြီမဟုတ်လား"

"သက်…သက်သာခွင့် ရပါပြီ ဘုရား။ တပည့်တော် ဝေဒနာကို မမျိုသိပ်နိုင်လို့ ခုလို ပြုမူရတာကို ခွင့်လွှတ်ပါ ဘုရား"

"ဘုန်းကြီး ခွင့်လွှတ်ပါတယ် ဒကာရယ်။ ဒြော်…ဒါနဲ့ ဒကာက ဘယ်အရပ်၊ ဘယ်ဒေသကို ခရီးသွားမှာ လဲကွဲ့"

"တပည့်တော်…တပည့်တော်"

ရုတ်တရက် မေးလိုက်တဲ့ ဘုန်းကြီးအိုကြီးရဲ့ စကားကြောင့် ကျုပ်စကားတစ်ဝက်တစ်ပြက်နဲ့ ဆွံ့အသွားမိတယ်။ ဟုတ်တယ်လေ၊ ကျုပ်ရင်ထဲမှာ ခံစားခဲ့ရတဲ့ ဝေဒနာနဲ့အတူ ကျုပ်ဖိစပ်ဖျားဆီက အဆီးအတားမဲ့ ထွက်သွားမိတဲ့ တောက်ခတ်သံပြင်းပြင်းနဲ့ ရုတ်တရက် ခက်ထန်သွားမိတဲ့ ကျုပ်မျက်နှာ။

"အတိတ်ဝေဒနာကို ဘာဖြစ်လို့များ ရင်ထဲမှာ တူးဆွနေရတာလဲ ဒကာရယ်။ ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို မဖြစ်ရဘဲ၊ မဖြစ်ချင်တာ ဖြစ်နေရတာ မဟုတ်လား။ ဒါတွေကို ပြန်တွေးပြီး ဒကာ့ရင်ထဲမှာ သိုဝှက်ထားရင် ဒကာပဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားနေရမှာ မဟုတ်လား။ ပြုသူ အသစ်၊ ဖြစ်သူ အဟောင်းဆိုပြီး အတိတ်ဝဋ်ကြွေးကို ဆပ်နေရတယ်လို့ စိတ်ကို ဒုန်းဒုန်းချပါတော့ ဒကာရယ်"

ဘုန်းကြီးအိုကြီးရဲ့ ဓမ္မရသပြည့်လျှမ်းတဲ့ စကားသံက ကျုပ်ရင်ထဲမှာ မျိုသိပ်ခံစားနေရတဲ့ အဖြစ်ကို သိနေပြီလား။ ကျုပ်အဖြစ်ကို ကျုပ် မယုံနိုင်အောင် ဖြစ်သွားမိတယ်။

"ဘုန်းကြီးဘုရား…တပည့်တော်ရဲ့ ဘဝမှာ သူ…သူ့ကို အမြတ်နိုးဆုံး ဖြစ်ခဲ့ပါတယ် ဘုရား။ လင်သားတို့ဝတ္တရားနဲ့အညီ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ ဒါပေမယ့် သူ…သူက တပည့်တော်ကို ရက်စက်ခဲ့ပါတယ် ဘုရား"

ကျုပ်စိတ်တွေ မထိန်းသိမ်းနိုင်ဘဲ ဆို့နင့်တုန်ခါတဲ့ အသံနဲ့အတူ ကျုပ်မျက်ရည်တွေ အလိုလိုဝဲလာမိတယ်။ ကျုပ်မျက်ရည်မကျအောင် အပြင်ပန်းမှာ ထိန်းနေရပေမယ့် ကျုပ်ရင်ထဲမှာ မျက်ရည်ကျနေတယ်ဆိုတော့ ကျုပ်ပဲ သိတယ်။

"တွယ်တာမှု သမုဒယသံယောဇဉ်မီးက ကြောက်စရာ အလွန်ကောင်းတယ် ဒကာ။ ပုထုဇဉ်မှန်သမျှ အာရုံတို့ရဲ့ ကျက်စားမှုဒဏ်ကို မခံနိုင်ကြဘူးကွဲ့။ ဒီတော့ ဒကာ ဘယ်ခရီး၊ ဘယ်လမ်းကို ဆက်မှာလဲ"

"တပည့်တော်ရဲ့ ဘဝခရီးစဉ်က ဘယ်ရယ်လို့ ဦးတည်ချက် မရှိတော့ပါဘူး ဘုရား။ ခြေဦးနဲ့ ဒူး တည့်ရာသွားပြီး အတိတ်က ခံစားမှုတွေအားလုံးကို မေ့ပျောက်အောင် ဖြေနေရတာပါ။ အဲဒါကြောင့် တပည့်တော်ရဲ့ ဘဝမှာ ဖြေဆေးဆိုလို့ ဒါပဲ ရှိတာပါ ဘုရား"

"အင်း…ပုထုဇဉ်ဆိုတော့လည်း ခံစားမှုဒဏ်ကို ဖြေသိပ်နိုင်စွမ်းမရှမုန်း ဘုန်းကြီး ကိုယ်ချင်းစာနာမိပါတယ်ကွယ်။ ဒါပေမယ့် ဒကာကို ဘုန်းကြီး တစ်ခုမေးပါရစေ။ ဒကာ့ဘဝမှာ ဒကာ ဘယ်သူ့ကို အချစ်ဆုံးဖြစ်ခဲ့လဲ"

ဘုန်းကြီးအိုကြီးရဲ့ အမေးစကားသံနဲ့အတူ ကျုပ်မိဘဆွေမျိုး ညီအစ်ကိုမောင်နှမ၊ ပြီးတော့ ကျုပ်ဘဝမှာ အချစ်ဆုံးလို့ သတ်မှတ်ခဲ့တဲ့ သူ့မျက်နှာ။ ထိုအရာအားလုံးထက် ကျုပ် နောက်ဆုံး သိလိုက်ရတဲ့ အတွေး။

"တပည့်တော် အမှန်အတိုင်း ဝန်ခံပြီး ပြောရရင် တပည့်တော်ကိုယ် တပည့်တော် အချစ်ဆုံးပါ ဘုရား"

ကျုပ် ဘုန်းကြီးအိုကြီးကို မငုံ့မရဲ လျှောက်တင်ရင်း ကြည့်လိုက်မိတယ်။ ဘုန်းကြီးအိုကြီးက ရထားပြတင်းပေါက်ဆီမှာ တရိပ်ရိပ်ကျန်ခဲ့တဲ့ တောင်တန်းတွေ၊ လယ်ကွင်းတွေ၊ ရွာတွေကို ငေးကြည့်ပြီး…

"ဒကာပြောတာ မှန်ပါတယ်ကွယ်။ ဒီတော့ မိမိရဲ့ ခန္ဓာအိမ်ပျက်စီးရာပျက်စီးကြောင်းကို ဘာဖြစ်လို့များ ကြံစည် အားထုတ်နေရတာလဲ ဒကာရယ်။ လူ့ဘဝဆိုတာ အလွန်ရခဲတဲ့ အရာကွဲ့။ လူ့ဘဝမှာ ခဏနေခွင့်ရတဲ့ အခိုက်အတန့်လေးမှာ သံသရာခရီးအတွက် အချည်းနှီးမဲ့ အချိန်မကုန်စေချင်ဘူး။ သံသရာခရီးအတွက် ရတနာသုံးပါးကို နှလုံးသွင်းပြီး ဒါန၊ သီလ၊ ဘာဝနာကို တတ်စွမ်းသမျှ အားထုတ်စေချင်တယ်။

ကျုပ်ဘဝမှာ ပထမဆုံး ကြားနာခွင့်ရလိုက်တဲ့ ဘုန်းကြီးအိုကြီးရဲ့ ဓမ္မရသတရားက ကျုပ်နှလုံးသားထဲကို နက်နက်ရှိုင်းရှိုင်း စူးနစ်ဝင်သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်ဘဝမှာ မိုက်စရာ၊ တွယ်တာစရာ၊ အားထားစရာ ကင်းမဲ့တဲ့ အထီးကျန်ဘဝမဟုတ်လား။ ဒီတော့ ကျုပ် ဘာဆက်လုပ်ရမှာလဲ။ ကျုပ် မတွေးစဖူး အတွေးတွေနဲ့ ချာချာလည်နေမိတယ်။

ပြီးတော့ ကျုပ်ရင်ထဲမှာ လိုက်တက်လာတဲ့ ဝေဒနာ။ ဒီဝေဒနာက ကျုပ်ခန္ဓာကိုယ်ကို နှိုးဆွနေပြန်တယ်။ ကျုပ် မမျိုသိပ်နိုင်အောင် ဖြစ်သွားမိတယ်။ ကြည့်လေ။ ကျုပ်မျက်စိထဲမှာ ဖျတ်ခနဲ တွေ့လိုက်ရတဲ့ ကျုပ်အဖေရဲ့



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာ။ ကျုပ်အဖေ ခံစားခဲ့ရတဲ့ ဝေဒနာ။ ကျုပ်ရင်ထဲမှာ ထပ်ဆင့်ပြီး တောက်လောင်သွားမိတဲ့ အပူ။ ဒီတော့ ကျုပ်လွယ်အိတ်ထဲမှာ ရှိတဲ့ ပုလင်းကို ဆွဲထုတ်ပြီး မော့ချလိုက်မိတယ်။ ကျုပ်ရင်ထဲမှာ ပူဆင်းသွားတဲ့ အာသီအငွေ့၊ အငွေ့အသက်နဲ့အတူ ကျုပ် ခံစားနေရတဲ့ ဝေဒနာတည်ငြိမ်သွားတယ်။ ဒီတော့မှ ကျုပ်ရှေ့မှာ ထိုင်နေတဲ့ ဘုန်းကြီးအိုကြီးကို သတိရသွားမိတယ်။

"တပည့်တော်…တပည့်တော် ဝေဒနာကို မခံစားနိုင်လို့ပါ ဘုရား။ တပည့်တော်ရဲ့ ရိုင်းပြတဲ့ အပြုအမူကို ခွင့်လွှတ်ပေးပါ ဘုရား"

"ဒကာ့အဖြစ်ကို ဘုန်းကြီး ခွင့်လွှတ်ပြီးသားပါကွယ်။ ဘုန်းကြီးပြောချင်တာက ဒကာ ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် ဒကာ့ဘဝဟာ မကြာခင် ပျက်စီးဆုံးရှုံးတော့မှာ သေချာတယ်"

"တပည့်တော်ဘဝဟာ မကြာခင်…ပျက်စီးတော့မှာ ... ဟုတ်လား ဘုရား"

ဘုန်းကြီးအိုကြီးရဲ့ စကားကြားမှ ကျုပ်အဖြစ်ကို ကျုပ် ပြန်တွေးမိရင်း အလိုလိုကြောက်ရွံ့ တုန်လှုပ်သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်အဖြစ်က ဆင်ခြင်တုံတရားကင်းမဲ့နေတဲ့ လူတစ်ယောက်။ ပြီးတော့ ကျုပ် လက်ရှိဘဝမှာ ခံစားနေရတဲ့ အပူမီး။ ဒါကြောင့်လည်း ကျုပ်ဖြစ်ချင်သလို ဖြစ်မလာတဲ့ဘဝမှာ အပြင်းပြဆုံး၊ အနက်ရှိုင်းဆုံး စောင့်တည်ရာမဲ့ ကျုပ်ဘဝရဲ့ ဖြစ်စဉ်။

ဟော…ခုတော့ ဘုန်းကြီးအိုကြီးရဲ့ စကားသံကို ထပ်ဆင့်ကြားလိုက်ရော ကျုပ်ကိုယ်ကျုပ် အချစ်ဆုံးဆိုတာ ဘယ်မှာလဲ။ ကျုပ် ရင်နင့်သွားမိပြန်တယ်။ ဟုတ်တယ်လေ။ ကျုပ်ကိုယ်ကျုပ် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်ခဲ့တဲ့ ပစ္စက္ခဝေဒနာတွေက တနင့်တပိုး ကြီးမဟုတ်လား။

"တပည့်တော်ဘဝကို ပြုပြင်ပေးပါ ဘုရား။ ပြုပြင်ပေးပါ"

"ဒကာ့ဘဝကို ဘုန်းကြီးက နည်းလမ်းပြဖို့ပဲ ရှိတာ။ ဒီတော့ အရင်းခံဖြစ်တဲ့ ဒကာ့ဘဝကို ဒကာပြုပြင်ဖန်တီးမှ ဒကာ ခံစားနေရတဲ့ ဒုက္ခတွေ ကင်းမှာ။ ဒီတော့ ဒကာရဲ့ ကိုယ်စိတ်နှစ်ပါးကို အရင်ဆုံး တည်ငြိမ်အောင် ကြိုးစားမှ ဖြစ်မယ်ကွဲ့"

ဘုန်းကြီးအိုကြီးရဲ့ ကရုဏာပြည့်လျှမ်းတဲ့ မျက်ဝန်းအစုံနဲ့ ကျုပ်ကို သနားစရာ သတ္တဝါအဖြစ် ကြည့်နေရာတယ်။ မကြာခင် ကျုပ်စီးလာတဲ့ မီးရထား ဘူတာရုံဘစ်ခုကို ဆိုက်ရောက်ဖို့ ဥသြသံပေးနေတာ ကြားလိုက်ရတယ်။

"ကဲ - ဒကာ၊ ခုဆိုက်မယ့် ဘူတာမှာ ဘုန်းကြီးဆင်းရမှာ။ ဒကာ ကျန်းမာချမ်းသာပါစေကွယ်"

ဘုန်းကြီးအိုကြီးက ကျုပ်ကို ဆုပေးရင်း သပိတ်ပိုက်ပြီး မီးရထားပေါ်က ဆင်းသွားတယ်။ ကျုပ် ဘုန်းကြီးအိုကြီးကို ပြတင်းပေါက်ကနေ လှမ်းကြည့်ပြီး ကျုပ် ဘယ်သွားရမှန်းမသိတော့ဘူး။ ကျုပ် ရှေ့ဆက်ပြီး ဦးတည်ရာမဲ့ သွားရမှာလား။ ဒါမှမဟုတ် ကျုပ် ဘယ်ဘူတာဆင်းရမှာလဲ။ ကျုပ်စိတ်ကို ကျုပ် မနိုင်ဘဲ ချီတုံချတုံဖြစ်နေမိတယ်။

"လူ့ဘဝ ခဏနေခိုက်မှာ သံသရာခရီးအတွက် အကျိုးမဲ့ အချိန်မကုန်ပါစေနဲ့ကွယ်"

ကျုပ် နားထဲမှာ စွဲထင်ကျန်နေခဲ့ဖြစ်တဲ့ ဘုန်းကြီးအိုကြီးရဲ့ စကားသံ။ ဟုတ်တယ်လေ။ ကျုပ်ဘဝက သံသရာခရီးအတွက် အကျိုးမဲ့ အချိန်ကုန်နေတာ။ ဟော…ရထားထွက်တော့မယ်။ ကျုပ်မျက်စိထဲမှာ လှမ်းတွေ့နေရခဲ့ဖြစ်တဲ့ ဘုန်းကြီးအို၊ ကျုပ် အရှိန်နဲ့ ထွ[...]ခွာစပြုနေတဲ့ ရထားပေါ်ကနေ ကမ[...]ကတန်း ဆင်းလိုက်မိတယ်။

ရုတ်တရက် လစ်ဟာသွား[...] အသိနဲ့အတူ ကျုပ်ခန္ဓာကိုယ်[...] လေဟာပြင်ထဲ မျောပါသွားပြီး ပြင်း[...] တဲ့ အရာတစ်ခုနဲ့ ထိခိုက် ခံစားမိရ[...] ကျုပ်အာရုံစွဲငြိနေတဲ့ ဘုန်းကြီးအိုကြီး[...]

•••

"ဘုန်းကြီးဘုရား…တပည့်တော်[...] ကို ခေါ်ပါ ဘုရား။ တပည့်တော် လို[...] လိုက်ပါရစေ ဘုရား"

ကျုပ်ပါးစပ်ဖျားဆီမှ ဘုန်းကြီး[...] ကြီးကြားအောင် အဆက်မပြတ်[...] နေမိတယ်။

"ဒကာ…သတိထားလေ။ ဒ[...] အနားမှာ ဘုန်းကြီးရှိပါတယ်ကွယ်"

ကျုပ်နားထဲမှာ ရုတ်တရ[...] ကြားလိုက်ရတဲ့ ဘုန်းကြီးအိုကြီး[...] စကားသံ။ ဒါ…ဒါဆို ကျုပ်ရောက်[...] တာက ဘယ်နေရာလဲ။ ကျုပ်အသိ[...] တွေ နိုးကြားသွားပြီး မျက်စိကို [...] ကြည့်လိုက်မိတယ်။ ဘုန်းကြီးအိုကြီး[...] ကျုပ်ဘေးမှာ ထိုင်ပြီး ကျုပ်ကို [...] တဲ့ အကြည့်နဲ့ ကြည့်နေတဲ့ မြင်ကွင်[...]

"ဟင်…ဘုန်းဘုန်းကြီးပါလာ[...] တပည့်တော် ဝမ်း…ဝမ်းသာလိုက်တာ[...]

ကျုပ် အားရပါးရပြောပြီး [...] အလုပ်မှာ ကျုပ်ခန္ဓာကိုယ်အနှံ့ နာက[...] ရှုရမှုကြောင့် ကျုပ်အံ့သြသွားမိတ[...] ကျုပ် ဘာတွေဖြစ်ခဲ့တာလဲ။ ကျုပ်ကို[...] ကျုပ် ကြည့်လိုက်မိတယ်။

"ဘုရား…ဘုရား"

ကျုပ်အဖြစ်ကို ကျုပ်တွေ့လို[...] လို့ ဘုရားကို မတစဖူး တလို[...] တယ်။ ကြည့်လေ။ ကိုယ်ခန္ဓာအနှံ့ [...] ဖူးရောင်နေတဲ့ အရာတွေ။

"တပည့်တော်…တပည့်[...]



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေ ဖြစ်ခဲ့တာလဲ ဘုရား"

"အင်း…ဒကာရဲ့ ဘဝကံတရားက အလွန်ဆန်းကြယ်ပါလားကွယ်။ ဘုန်းကြီးကတော့ ဒကာ့အဲဖြစ်ဆိုးကို ဖြန်းစားကြီး တွေ့ မြင်လိုက်ရတော့ ဒကာ ဘဝခြားသွားပြီလို့ ထင်မှတ်ထားခဲ့တာကွဲ့"

"ဟို…ဟို…တပည့်တော် ဘယ်လို ဘဝခြားဖို့ ဖြစ်ခဲ့ရတာလဲ ဘုရား"

"ဘုန်းကြီး ရထားဆိုက်တော့ ဆင်းပြီး ဘူတာရုံလေး စကြံမှာ ရှိနေတုန်း လူတစ်ယောက် ရထားပေါ်က ပြုတ်ကျပြီး သတိမေ့နေတယ်ဆိုလို့ ဘုန်းကြီး လာကြည့်တော့ ဒကာဖြစ်နေတာကို တွေ့ရတာပဲ။ ဒကာ ကံကောင်းတာက အရက်မူးနေတဲ့ အရှိန်ကြောင့် ရထားအဆင်းမှာ မထိန်းနိုင်ဘဲ လိမ့်ကျခဲ့တာမဟုတ်လား။ တကယ်ဆို ဒကာ ဆက်ပြီး ရထားလမ်းဘက်ကို လိမ့်ဆင်းခဲ့ရင် မတွေ့ဝံ့စရာပဲ။ ဘုန်းကြီးလည်း ဘုန်းကြီးရဲ့ ဒကာဆိုပြီး ကျောင်းကို ခေါ်လာပြီး ပြုစုခဲ့တာပါ။ ဒီနေ့မှ ဒကာ ကောင်းကောင်းသတိရလာခဲ့တာကွဲ့"

ကျုပ် ဘုန်းကြီးအိုကြီးရဲ့ စကားသံကို နားထောင်ရင်း ကျုပ်ရင်ထဲမှာ တုန်လှုပ်နေမိတယ်။ ကျုပ်သာ ရထားလမ်းကို လိမ့်ဆင်းသွားခဲ့ရင် ဘုန်းကြီးပြောသလို ကျုပ် ဘဝခြားပြီမဟုတ်လား။ ကျုပ်အနီးအနားမှာ ထိုင်ပြီး ကျုပ်ကို ဆေးဝါးနဲ့ လိမ်းကျံ တိုက်ကျွေးနေတဲ့ ဘုန်းကြီးအို။ ကျုပ် ဘုန်းကြီးအိုကို ကြည့်ရင်း ရုတ်တရက် တွေ့လိုက်ရတဲ့ အရာ။

ဟုတ်မှ ဟုတ်ပါလေစလို့ ကျုပ် သံသယစိတ်တွေ ဝင်သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ် အမှတ်မထင် တွေ့လိုက်ရတဲ့ ဘုန်းကြီးအိုကြီးရဲ့ လက်ဖျံမှာ တက်တူးအမှတ်အသား ဗျူဟ။ ကျုပ်ကြည့်မိရင်း ကျုပ်အဖေရဲ့ မျက်နှာ။ ကျုပ်ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတဲ့ နာကြည်း ခံပြင်းချက်တွေက အလိုလိုပြန်ပေါ်လာမိတယ်။

"ဘုန်းကြီးဘုရား…ဒီတက်တူးထိုးထားတဲ့ အရုပ်ကလေးက ဗျူဟ မဟုတ်လား ဘုရား"

"ဟုတ်တယ် ဒကာ။ ဘုန်းကြီး ငယ်ငယ်က သူငယ်ချင်းတစ်ယောက်နဲ့ ကတိသစ္စာပြုပြီး ထိုးထားခဲ့တာပါ။ ဒကာက ဘုန်းကြီး တက်တူးထိုးထားတဲ့ ဗျူဟကို တွေ့လို့ စိတ်ဝင်စားနေပြီနဲ့ တူတယ်"

ဘုန်းကြီးပြောသလို ကျုပ် စိတ်မဝင်စားဘဲ နေပါ့မလား။ ကျုပ်အဖေက မှဆိုး။ တစ်နေ့ ရိုးထဲမှာ သားကောင်ရှာရင်း ရတနာတွေ တွေ့ခဲ့တယ်လို့ ကျုပ် အမေကို ပြောပြခဲ့တာ။ ရတနာတွေ သွားအယူမှာ ကျုပ်အဖေ သားကောင် လက်ချက်နဲ့ ဆုံးပါးခဲ့သလိုလို ကြားခဲ့ရတာ။ ဒါပေမယ့် ကျုပ် ထပ်ဆင့်ကြားခဲ့ရတာက ကျုပ်အဖေရဲ့ သူငယ်ချင်းက ရတနာတွေကို ယူပြီး အဖေ့ကို သတ်ခဲ့တယ်ဆိုတဲ့ စကား။ အဲဒီကတည်းက ကျုပ်နှလုံးသားမှာ သံမှိုစွဲထားခဲ့တဲ့ ကလဲ့စားချေဖို့ကိစ္စ။

ကျုပ် ဘယ်အထိ ဘုန်းကြီးအိုကြီးရဲ့ လက်ဖျံက ဗျူဟရုပ်ကလေးကို ကြည့်ပြီး အတွေးနစ်မြောမိရင်း ခံစားနေမိတယ် မသိဘူး။ ကျုပ် လက်ကို ကိုင်ပြီး ကျုပ်ကို ကြည့်နေတဲ့ ဘုန်းကြီးအိုကြီး။

"ဒကာ့ကို တွေ့စကတည်းက ဒကာ့ရုပ်ရည်၊ ဒကာ့အသံကို ကြားလိုက်ရလို့ ဘုန်းကြီး တမင်ရွေးပြီး ဒကာ ရှေ့က ထိုင်ခုံမှာ ထိုင်ခဲ့မိတာ ဒကာ။ ဒကာ့ရင်ထဲမှာ ခံစားနေရတဲ့ နာကြည်းမှု သောကဗျာပါဒကို သိခွင့်ရလိုက်တော့ ကံတရားက တိုက်တိုက်ဆိုင်ဆိုင်ပဲ ဘုန်းကြီး အလွန်ချစ်ခဲ့တဲ့ ငယ်သူငယ်ချင်း ဖိုးဒေါင်းသားမှန်း သိခွင့်ရခဲ့တယ်။ ဒါကြောင့်လည်း ဘုန်းကြီးအပေါ်မှာ အမျက်အငြိုး သံသယတွေ ရှိနေတာ သိလို့ ဘုန်းကြီး ဒကာပေးတဲ့အတိုင်း ခံယူဖို့ အသင့်ပါ ဒကာ"

ဘုန်းကြီးအိုကြီးက တည်ငြိမ်တဲ့ ပကတိ နှလုံးသားနဲ့ ပြောဆိုနေမှန်း ကျုပ်ရင်ထဲက သိလိုက်ပါတယ်။ အမှန်တော့ ကျုပ်ရင်ထဲမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့တဲ့ အမျက်အငြိုး အာဃာတ အမြဲတေ ရုတ်တရက် ကြေပျက် ပြုန်းတီးနိုင်ဖို့ မလွယ်မှန်း ကျုပ်ပဲ သိတာ မဟုတ်လား။

ကျုပ် ဘုန်းကြီးအိုကြီးကို ကြည့်လိုက်မိတယ်။ ဘုန်းကြီးအိုကြီးက ပကတိ ရှင်းသန့်စွာ စကြေ့ကြွနေချနေ သည့်အသွင်က အထင်းသား ပေါ်လွင်နေတယ်။ မြတ်ဘုရားရဲ့ မေတ္တာ အေးချမ်းမှုနဲ့အတူ သူတော်ကောင်းတရားကို ရင်ခွင်ပိုက်ပြီးထားတဲ့ ဘုန်းကြီးအိုကြီး။

ကျုပ် သူတော်ကောင်းကို မနော စိတ်နဲ့ ပြစ်မှားနေမိပါလား။ ကျုပ် လှိုင်းထန်နေတဲ့ နှလုံးသားထဲကို ရုတ်ခြည်း ဝင်ရောက်လာတဲ့ အသိတရားက ကျုပ်ကို နှိုးဆွနေတယ်။ ကျုပ် ဘာဆက်လုပ်ရမလဲ။ ကျုပ် အတွေးတွေနဲ့ နပန်းလုံးနေမိတယ်။ နောက်ဆုံး ကျုပ် ဘုန်းကြီးအိုကြီးရဲ့ လက်အစုံကို ကိုင်ရင်း ဦးညွှတ်ကန်တော့လိုက်မိရင်း ကျုပ်ပါးစပ်ဖျားဆီက ထွက်ပေါ်သွားမိတဲ့ စကားသံ။

"တပည့်တော်…တပည့်တော် ဘုန်းကြီးအပေါ် ပြစ်မှားမိခဲ့တာကို ခွင့်လွှတ်ပါ ဘုရား"

"ဘုန်းကြီး အပြစ်မယူပါဘူး ဒကာရယ်။ ဒါကြောင့်လည်း ဒကာ

www.burmeseclassic.com

သတိမေ့နေတုန်း တွေ့လိုက်ရတဲ့ ဟောဒီက တက်တူးကြောင့် ဘုန်းကြီး ဒကာ့ကို ကျောင်းအရောက် ခေါ်လာပြီး ပြုစုခဲ့တာပါ။ ဘုန်းကြီးနဲ့ ဒကာ့ဖခင်တို့က သိပ်ချစ်တဲ့ သူငယ်ချင်းတွေပါ။ ဒါပေမယ့် လောဘဆိုတဲ့ တရားခံကြောင့် သူငယ်ချင်းဆိုတဲ့ မေတ္တာယှဉ်းပျက်ပြီး သံသယအမုန်းတွေ ပွားခဲ့ရတာပါ"

ကျုပ် ဘုန်းကြီးအိုကြီးရဲ့ ဆွေးမြည့်တဲ့ စကားသံနဲ့အတူ ကျုပ်ညာလက်ဖျံမှာ ရေးထိုးထားတဲ့ ဗျူဂ်ကို အကြည့်ရောက်သွားမိတယ်။

"တကယ်တော့ ဒကာ့ဖခင်က မသမာသူ လက်ချက်ကြောင့် တိမ်းပါးခဲ့တာပါ။ တရားခံအစစ်က ဘုန်းကြီးမဟုတ်ဘူး ဒကာ"

"ဘုန်း…ဘုန်းကြီးမဟုတ်ဘူး"

ကျုပ် ဘုန်းကြီးအိုကြီးရဲ့ စကားသံကြောင့် ရုတ်ခြည်း နားမလည်နိုင်အောင် ဖြစ်သွားမိတယ်။ ဒါဆို ဘယ်သူလဲ။ ကျုပ် ဝေခွဲမရနိုင်ဘဲ ပြေငြိမ်းစပြုနေတဲ့ ဒေါသက အလိုလို မြွေဆိုးပါးပျဉ်းကြီး ထောင်သွားသလို ခံပြင်းသွားမိတယ်။ ပြီးတော့ ကျုပ် မယုံကြည်နိုင်တဲ့ အကြည့်နဲ့ ဘုန်းကြီးအိုကြီးကို ကြည့်လိုက်မိတယ်။

"ဒကာ့ကို တွေ့လိုက်ရကတည်းက ဘုန်းကြီးက သံသယကြွေးဟောင်းတစ်ခုဆပ်ရတော့မယ်လို့ ဝမ်းမြောက်နေမိတာ အမှန်ပါ။ ဒါပေမယ့် ဒကာ့နလုံးသားမှာ ခုအထိ ဒေါသမီးမငြိမ်းသေးဘူးမဟုတ်လား။ ဒီဒေါသတွေ မပြေနိုင်သမျှ ဒကာ့ရင်ထဲမှာ ဝေဒနာအပူမီးတွေ လောင်မြိုက်နေတယ်ဆိုတာ ဒကာပဲ သိပါတယ်"

ကျုပ်ရင်ထဲမှာ တင်းကျပ်စွာ ခံစားနေရတဲ့ အပူမီး။ ကျုပ်ဖခင် ကျုပ်ပါးပြင်ကို ကြင်နာစွာ နမ်းပြီး နောက်ဆုံးတွေ့လိုက်ရတဲ့ မြင်ကွင်း။ ကျုပ်ရင်ထဲမှာ ဝေ့ဝေ့ဝဲဝဲ ပြန်ပေါ်လာမိပြန်တယ်။ ဒါဆို ကျုပ်ဝေဒနာကို ချုပ်တည်းနိုင်စွမ်း မရှိခဲ့လျှင် ကျုပ် ရှေ့ဆက်ရမယ့် ခရီးစဉ်။

"ဒကာ့ဖခင်ကို ကျူးလွန်ခဲ့တဲ့သူက လူ့ဘဝမှာ မရှိတော့ပါဘူး ဒကာ။ ဒီပြစ်မှုအတွက် နောက်ဆုံး ဘုန်းကြီးကို အခါခါတောင်းပန်ရှာတယ်။ ဒါပေမယ့် သူ ကျူးလွန်ခဲ့တဲ့ အပြစ်ကို ပစ္စုပ္ပန်မှာ ခံစားရုံတင်မကဘူး။ သံသရာအထိပါသွားပြီ ဒကာ။ ဘုန်းကြီး ခုလိုပြောပြတာကို ဒကာ မယုံဘူးဆိုရင် ဘုန်းကြီး သက်သေပြပါ့မယ်"

ဘုန်းကြီးအိုကြီးက လွယ်အိတ်လေးကို ယူပြီး ကျုပ်ကို လွယ်အိတ်ထဲက ပစ္စည်းတွေကို တစ်ခုချင်း ထုတ်ပြနေတယ်။ ကျုပ်တွေ့လိုက်ရတဲ့ အဝတ်အိတ်လေးတစ်ခု။ ဒီအိတ်ကလေးကို ကျုပ် မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ အလိုလိုအံ့ဩသွားမိတယ်။

"ဒါ…ဒါ…တပည့်တော်ဖခင် အမြဲကိုင်နေကျ အိတ်ကလေးပါလား ဘုရား"

"ဟုတ်တယ် ဒကာ။ ဘုန်းကြီးနဲ့ ဖိုးဒေါင်း ရတနာတွေ ယူပြီး ပြန်အလာမှာ ဓားပြတွေနဲ့ တွေ့ခဲ့ကြတာပါ။ ဘုန်းကြီးတို့ ဘယ်လိုပဲ တောင်းပန် တောင်းပန် မရလို့ ဘုန်းကြီးနဲ့ ဖိုးဒေါင်း ဓားပြတွေကို ခုခံတိုက်ခိုက်ခဲ့ကြတယ်။ နောက်ဆုံး ဓားပြအဖွဲ့က အနိုင်ရပြီး ဖိုးဒေါင်းကို သတ်ခဲ့သလို ဘုန်းကြီးကိုလည်း သတ်ခဲ့တာ"

"ဘုန်း…ဘုန်းကြီးက မသေခဲ့ဘူးပေါ့"

"ဘုန်းကြီး အသက်မသေခဲ့ပေမယ့် ပြုလုပ်ခဲ့တဲ့ ကံကြွေးက ရှောင်ဖယ်လို့ မရခဲ့ဘူး ဒကာ။ ဟောဒီရှ
ကြည့် ဒကာ"

ဘုန်းကြီးအိုကြီးက ဝတ်ရုံထ
တဲ့ သင်္ကန်းကို လှပ်ပြလို့ ကျုပ်ကြည
လိုက်မိတယ်။ ဘုန်းကြီးအိုကြီးရဲ့ ခန္
ကိုယ်ပေါ်မှာ တွေ့လိုက်ရတဲ့ ဒဏ်ရာ
ပေါင်းများစွာ။ ကျုပ် အံ့ဩမဆုံးနိုင်
အောင် ဖြစ်သွားမိတယ်။

"ဓားပြတွေက ဘုန်းကြီးကို သေ
ပြီဆိုပြီး ရတနာတွေ ယူသွားကြတာ
ဘုန်းကြီးလည်း ဒဏ်ရာတွေကြားက
သတိရပြီး ဖိုးဒေါင်းကို ကြည့်လိုက်တော့
ဒဏ်ရာတွေ ဗရပွနဲ့ သေအံ့မူးမူးအချိ
မှာ ဘုန်းကြီးကို ဟောဒီအိတ်လေး
ပြီး သူ့မယားနဲ့ သားကို ပေးပါလို့
ရင်း တိမ်းပါးသွားတာပဲ ဒကာ။ အဲ
ကြောင့် ဘုန်းကြီးလည်း ဖိုးဒေါင်းတို့
မိသားစုကို စုံစမ်းတော့ ဖိုးဒေါင်းဇနီးသည်
ဆုံးပါးပြီး သားက ဘယ်ရောက်နေမှ
မသိခဲ့လို့ ဘုန်းကြီး စုံစမ်းနေခဲ့တာ
ခဲ့ပါပြီ ဒကာ။ ခု ဒကာနဲ့ ပြန်ဆုံ
ဖိုးဒေါင်းသားမှန်း အတိအကျသိရ
ဒကာ့ဖခင်ပေးခဲ့တဲ့ အိတ်ကလေး
လက်ခံပါ ဒကာ"

ဘုန်းကြီးက ကျုပ်ကို ပြော
အိတ်ကလေးကို လှမ်းပေးလိုက်
ကျုပ်ယူပြီး ကြည့်လိုက်မိတယ်။ ကျ
မယုံနိုင်စဖွယ် တွေ့လိုက်ရတဲ့ အိတ်
က ရွှေတုံးရွှေခဲလေးတွေ။

"ရွှေ…ရွှေတုံးလေးတွေပါလ
ဘုရား"

ကျုပ်အဖေ မသေခင်က တခ
တရပေးခဲ့တဲ့ ရွှေတုံးရွှေခဲတွေကို ကြ
ပြီး ကျုပ်ရင်ထဲမှာ ကြေကွဲစွာ ခံစား
မိတယ်။ ဟုတ်တယ်လေ။ ကျုပ်တ
အဖေရှိသော်လည်း အဖေလို့ အားရ
ခေါ်ခွင့်မရနိုင်တဲ့ ဘဝ။

"တပည့်တော်…ဒီရွှေ



www.burmeseclassic.com

www.burmeseclassic.com

မယူပါရစေနဲ့ ဘုရား။ တပည့်တော် ဖခင်ရဲ့ အမွေကို ဘုန်းကြီးကို လှူပါတယ် ဘုရား"

ကျုပ်စကားကို ကြားတော့ ဘုန်းကြီးအိုကြီးက အံ့သြသွားတဲ့ မျက်နှာနဲ့ ကျုပ်ကို ကြည့်နေတယ်။

"ဘာဖြစ်လို့လဲ ဒကာ။ ဒီရွှေတုံး ရွှေစတွေက ဒကာ ရှေ့ဆက်ရမယ့် ဘဝခရီးအတွက် အထောက်အကူပြုမယ့်အရာပဲမဟုတ်လား"

"မဟုတ်တော့ပါဘူး ဘုရား။ တပည့်တော်ရဲ့ ဘဝမှာ တွယ်တာ မြတ်နိုးမှုကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ ဒုက္ခဝေဒနာကြားမှာ မနစ်မြောချင်တော့ပါဘူး ဘုရား။ တပည့်တော်ဘဝကို တပည့်တော် သိ...သိပါပြီ ဘုရား"

"ဘယ်လို ဒကာ၊ ဘုန်းကြီးကို ပြောစမ်းပါဦး"

"ဒီလိုပါ ဘုရား။ တပည့်တော် ဘဝမှာ လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းကဲမှုကြောင့် တပည့်တော် ခန္ဓာအိမ်ပါမက၊ နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်ခဲ့ပါပြီ ဘုရား။ အဲဒါကြောင့် တပည့်တော်...တပည့်တော်ရဲ့ ဘဝကို...ဘဝကို..."

ကျုပ်ရင်ထဲမှာ ဆို့တက်လာတဲ့ ဝေဒနာကြောင့် ကျုပ်မျက်ရည်တွေတွေ ကျရင်း ဘယ်အထိ ငိုရှိုက်နေမိတယ် မသိဘူး၊ ကျုပ်ခေါင်းကို တယုတယ ပွတ်သပ်ပြီး နှစ်သိမ့်နေတဲ့ အထိအတွေ့ အငွေ့အသက်။ ကျုပ် ကမန်းကတန်း ကြည့်လိုက်မိတယ်။ ကျုပ်ကို ရင်ဝယ်ထားပြီး မေတ္တာတရားနဲ့ ဖြေသိမ့်နေတဲ့ ဘုန်းကြီးအိုကြီးရဲ့ ကရုဏာမျက်ဝန်း။

•••

ကျုပ် ဘယ်အထိ အငိုင်းအတာမဲ့ မြတ်ဓမ္မကို အာရုံသက်ဝင်ပြီး ပုတီးစိပ်နေမိတယ် မသိဘူး ကျုပ်ဘဝ တစ်လျှောက်လုံး တစ်ခါမှ အေးချမ်းပီတိ မဖြစ်ဘူးတဲ့ ခံစားမှု။ ကျုပ် အဓိဋ္ဌာန် ပုတီးစိပ်ပြီး စေတီလေးကို ဦးချကန်တော့ပြီး ကျုပ် ဝါးကျောင်းလေးရှိရာကို ကြည့်လိုက်မိတယ်။

"ဟင်"

ကျုပ် မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ မြင်ကွင်း။ ကျုပ်မျက်စိကို အခါခါ ပွတ်သပ်ကြည့်လိုက်ပေမယ့် ကျုပ်မျက်စိထဲမှာ မပျောက်နိုင်တဲ့ မြင်ကွင်း။ ကျုပ်ရင်တစ်ခုလုံး တဒိန်းဒိန်းမြည်ဟည်းသွားမိတယ်။ ကျုပ်အကြည့်ကို လွှဲဖယ်နိုင်ပေမယ့် ကျုပ်ရင်ထဲမှာ ကပ်ငြိလာတဲ့ အရာ။ ဒီအရာနဲ့အတူ ကျုပ်နှလုံးသားမှာ ပွင့်အန်ထွက်လုလု စကားသံ။

"စိတ်ကို ဖြေပါတော့ ကိုရင်ကြီးရယ်။ ခုကိစ္စက ကိုရင်ကြီးဘဝရဲ့ နောက်ဆုံးအဖြေတစ်ခုမို့ သည်းခံပြီး တွေ့ဆုံခွင့်ပေးလိုက်ပါကွယ်"

ဘုန်းကြီးအိုကြီးရဲ့ စကားသံကြောင့် ကျုပ် စက္ခုက္ကန္ဒြေချပြီး ဝါးကျောင်းလေးရှိရာသို့ လာခဲ့မိတယ်။ ကျုပ်ကို အံ့သြဖွယ်ကြည့်နေတဲ့သူ။ ကျုပ် ဝါးကျောင်းလေးပေါ်ကို တက်ထိုင်ပြီး မြတ်ဘုရားရဲ့ တရားဓမ္မကို အာရုံမပြတ်အောင် နှလုံးသွင်းနေမိတယ်။

"တပည့်တော်မကို ခွင့်လွှတ်ပါဘုရား။ တပည့်တော်မရဲ့ မထိန်းသိမ်းနိုင်တဲ့ မီးက တပည့်တော်မဘဝကို လောင်ကျွမ်းခဲ့ပါပြီ ဘုရား။ ဒါကြောင့် တပည့်တော်မ အရှင့်အပေါ် ကျူးလွန်ခဲ့သမျှ အပြစ်တွေကို ခွင့်... ခွင့်လွှတ်ပါဘုရား။ တပည့်တော်မ အရှင့်ဆီ လာတွေ့တာက တပည့်တော်မ နောက်ဆုံးခရီးကို မကြာမီ သွားရတော့မယ့် ခရီးသည်မို့ပါ ဘုရား"

"နောက်ဆုံးခရီးသည်...နောက်ဆုံး ခရီးသည်"

ကျုပ် ဒကာမကြီးရဲ့ တိုးညင်းငိုရှိုက်သံနဲ့ ရောထွေးပါနေတဲ့ နောင်တစကားသံကို အခါခါရေရွတ်မိတယ်။ ကျုပ် မြတ်ဘုရားကို အာရုံပြုပြီး အတိတ်က ဝေဒနာဆိုးကို ဘယ်အထိ လွှဲဖယ်ရှင်းလင်းနေမိတယ် မသိဘူး။

"ကိုရင်ကြီး"

ဘုန်းကြီးအိုကြီးရဲ့ အသံနဲ့အတူ ကျုပ်မျက်စိကို ဖွင့်ပြီး ကြည့်လိုက်မိတယ်။ ကျုပ်ရှေ့ မြင်ကွင်းမှာ လုံးဝ မတွေ့ရတဲ့ သူ။ သူပြုခဲ့တဲ့ ကံနဲ့ သူလမ်း သူသွားနေပါလား။ နောက်ဆုံးတော့ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေ့ကွင်းရပါလားလို့ ကျုပ်တွေးလိုက်မိတယ်။ ဟုတ်တယ်လေ။ ကျုပ်ကို ဘဝလမ်းတင်မကဘူး၊ ဓမ္မလမ်းကို ပြခဲ့တဲ့ ဘုန်းကြီးအိုကြီးရဲ့ အဆုံးအမ။ ဒါကြောင့်လည်း ကျုပ် ဒီဘဝကို အချိန်မီ ရောက်ခဲ့တာ၊ အရတော်ခဲ့တာ မဟုတ်လား။

ခုတော့ ကျုပ်ဘဝရဲ့ နောက်ဆုံးခရီးအတွက် ရင်ထဲက သောကပရိဒေဝတွေ အပူမှန်သမျှကို ဓမ္မတရားတော်နဲ့ ယဉ်သတ်ပြီး ကျုပ် သံသရာခရီးဆက်ဖို့ ကြိုးစားနေရတဲ့ ဘဝ။ ဟော... ကျုပ်ကြားလိုက်ရတဲ့ ခေါင်းလောင်းသံ။ တောင်ပေါ်စေတီလေးဆီက လေအဝှေ့နဲ့အတူ ပါလာတဲ့ ဓမ္မခေါင်းလောင်းသံက ကမ္ဘာတိုင်အထိ ပျံ့ပြီးချမ်းမှု ရသ။

ဒီခေါင်းလောင်းသံနဲ့အတူ ကျုပ်နှလုံးသားထဲမှာ နက်နက်ရှိုင်းရှိုင်း ထွက်ပေါ်သွားမိတဲ့ ဥသဘ ကျင်လည်ကုန်ကြတဲ့ သတ္တဝါအနန္တတို့ကို မေတ္တာပို့သံက အလိုလို ထွက်ပေါ်သွားမိလေတော့သည်။

* * *

ဆွေနိုင်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ဖရုံနှင့် ရောဂါဘယဝေးအောင် ကုသပါ

ကျော်တင့်ဆွေ

 ´စာဖတ်ပရိသတ်များ လတ်ဆတ်တဲ့ ကျောက်ဖရုံသီးကို ဟင်းလျာအဖြစ် ချက်စားသုံးလေ့ရှိကြပါတယ်။ အချို့ကျေးလက်ဒေသများမှာ ကျောက်ဖရုံသီး လတ်လတ်ဆတ်ဆတ်များကို အခွံခွာ သန့်စင်ပြီး နေနဲ့ ကောင်းစွာ ခြောက်သွေ့စေရန် နေလှန်း အခြောက်ခံကာ တစ်နှစ်ပတ်လုံး စားသုံးကြတဲ့သူတွေလည်း ရှိပါတယ်။

စားသုံးတဲ့ ဟင်းလျာထဲမှာ ဆိတ်၊ ကြက်၊ ဝက်အသားများနဲ့ ကျောက်ဖရုံသီးခြောက်များကို စားသုံးတတ်ကြပါတယ်။ မြစ်ငါးများ ပုစွန်များနဲ့လည်း အချိုဟင်း၊ အချဉ်ဟင်းအကြော်များအဖြစ်နဲ့ တွဲဖက် စားသုံးတတ်ကြပါတယ်။ ချက်နည်းကလည်း လွယ်ကူပါတယ်။ ကျောက်ဖရုံသီးခြောက်များကို ရေနွေးပျော့ကာ လှီးဖြတ်ပြီး ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆားတို့နဲ့ ချက်ခြင်းပင် ဖြစ်ပါတယ်။ ကြက်ဥ၊ ဘဲဥများနဲ့လည်း ချက်စားတတ်ပါတယ်။ ခေါက်ဆွဲကြော်၊ ငါးဆုပ်များနဲ့လည်း ချက်စားလေ့ရှိကြပါတယ်။ လူမမာများအတွက် ဆန်ပြုတ်ထဲမှာ ထည့်၍လည်း စားသုံးနိုင်ပါတယ်။

**ဆီးရောဂါအတွက် ဟင်းလျာကောင်း**

မြန်မာ့တိုင်းရင်းဆေးခေတ်အဆက်ဆက် ဆေးကျမ်းဆရာများ၊ ဆေးကျမ်းတိုင်းမှာ အသုံးပြုလေ့ရှိတဲ့ ဝေါဟာရတစ်ခုကတော့ "ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီး" ပါပဲ။ ဆိုလိုရင်းအချက်ကတော့ အမျိုးသားတိုင်း ဆီးရောဂါနဲ့ ကင်းဝေးစေရမယ်။ အမျိုးသမီးတိုင်း မီးယပ်နဲ့ ပတ်သက်တဲ့ ရောဂါတွေနဲ့ ဝေးရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ မြန်မာ့ဆေးပညာအယူအဆအရ ဆီးခိုးရိုက်တဲ့ ဝေါဟာရဆိုတာလည်း မြန်မာ့ဆေးကျမ်းဟောင်းတွေမှာ အထင်အရှား ဖော်ပြထားပါတယ်။ ရှေးမြန်မာဆေးဆရာတွေရဲ့ အယူအဆကတော့ ဆီးခိုးရိုက်၍ နေမကောင်းဖြစ်လျှင် ကျောက်ဖရုံသီးခြောက်ကို သကြားနဲ့ ပြုတ်ဆေးရည်စနစ်အတိုင်းပြုပြီး ဟင်းစား စတီးဇွန်းနဲ့ နှစ်ဇွန်းခန့် သောက်ပေးနိုင်ပါတယ်လို့ ညွှန်ကြားထားပါတယ်။ ဒီပြုတ်ဆေးဟာ တခြားရောဂါတွေဖြစ်တဲ့ နှလုံးတုန်ရင်ခုန်ပျောက်ကင်းစေနိုင်ပြီး အင်အားကိုလည်း ပြည့်ဝစေနိုင်ပါတယ်။ ဆီးပူညောင်းကျရောဂါကိုလည်း သက်သာစေနိုင်ပါတယ်။

**အစာလမ်းကြောင်းရောဂါ**

လေပွခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ခံတွင်းပျက်ပြီး အစားပျက်ပါက ကျောက်ဖရုံသီးခြောက်ကို ငါးခူနဲ့ ဆီပြ
ချက်စားပေးပါ။

**ပန်းညိုးရောဂါ**

အစားအစာများဟာ အာဟာရဓာတ်ကို ရရှိစေ
ရောဂါကို ကာကွယ်နိုင်သလိုပါ၊ ရောဂါကုသရာမှာလည်
အစာလည်း ဆေးအဖြစ် အသုံးဝင်စေပါတယ်။ စားသုံးနည်
ကတော့ ဆိတ်သားနဲ့ ကျောက်ဖရုံသီးခြောက်ကို ချက်စ
ခြင်းဖြစ်ပါတယ်။ ဆိတ်သား မကြိုက်သူတွေအတွက်
တော့ ငါးဖယ်သားနဲ့ ကျောက်ဖရုံသီးခြောက်ကို ရောစပ်
ချက်စားနိုင်ပါတယ်။ ဒိုသားနဲ့လည်း ချက်စားပေးနိုင်ပါတယ်

**ကိုယ်လက်ထုံထိုင်း**

ကျောက်ဖရုံသီးခြောက်ကို ငါးမြွေထိုးသားနဲ့ ပေါင်းစ
ပေးပါက ခန္ဓာကိုယ်ရဲ့ ဖောက်ပြန်နေတဲ့ ကိုယ်လက်ထုံထိုင်
မှုတွေ ပျောက်ကင်းနိုင်ပါတယ်။

**ဝမ်းကိုက်ရောဂါ**

ကျောက်ဖရုံသီး လတ်လတ်ဆတ်ဆတ်နဲ့ ဖြစ်စေ
ကျောက်ဖရုံသီးခြောက်ကို ဖြစ်စေ ငါးမြွေထိုးနဲ့ ချက်စားပေ
ပါက ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေနိုင်ပါတယ်။

**အစာလမ်းကြောင်းရောဂါများ**

အစာလမ်းကြောင်းရောဂါလက္ခဏာတစ်ရပ်ဖြစ်တဲ့ မကြာခဏ လေချဉ်တက်ခြင်းပါ။ ဒီလေချဉ်တက်တဲ့ အခြေ
အနေတွေကို စားသုံးသင့်တဲ့ ဟင်းလျာကတော့ ကျောက်ဖရုံသီးခြောက်ကို ငါးသံချိတ်ငါးငယ်များကို ဆီပြန်ချက်စား
ပေးခြင်းဖြစ်ပါတယ်။

အားအင်ကုန်ခန်းနေချိန်မှာ အစာမကြေခြင်းက စတဲ့ လေထိုး၊ လေအောင့်လျှင်တော့ ကျောက်ဖရုံသီးခြောက်ကို ငါးရံ့သားနဲ့ ဆီပြန်ချက်စားရပါတယ်။

**ဝမ်းလျှော ဝမ်းပျက်ရောဂါ**

ငါးနက်ပြာနဲ့ ကျောက်ဖရုံသီးခြောက်ကို ဆီပြန်ချက်စားပေးခြင်းဖြင့် ဝမ်းလျှော ဝမ်းပျက်ရောဂါအတွက် လိုအပ်တဲ့ ဟင်းကောင်းတစ်ခွက်ပဲ ဖြစ်ပါတယ်□

*အာရောဂျ ပရမံ လာဘ*

* * *

ကျော်တင့်ဆွေ



www.burmeseclassic.com


www.burmeseclassic.com

စာ(၂၂၀)မှအဆက်

တို့ဟာ အများပိုင် အဆောက်အဦကြီးတွေပါ။

ဒီဖိုရမ်ဟာ မြို့ရဲ့ ဘာသာရေး၊ စီးပွားရေးနဲ့ မြူနီစီပယ်ဘဝတွေရဲ့ စုဝေးရာပေါ့။ ကြီးမားတဲ့ ထောင့်မှန်စတုဂံပုံကြီးဖြစ်ပြီး တိုင်လုံးတွေ ပါတဲ့ နှစ်ထပ် ပေါ်တီကိုနဲ့ပါ။ အဲဒီအဆောက်အဦကို အနောက်ဘက်မှာ မိုးနေတာကတော့ နတ်ဘုရားသုံးပါး(Triad of Deities) ဖြစ်တဲ့ ဂျူပီတာ (Jupiter)၊ ဂျူနို(Juno)နဲ့ မိနာဗါ(Minerva)တို့ရဲ့ ဘုရားကျောင်း (The Capitoline)ပေါ့-

တွေ ရှိနေတယ်။ အကြီးဆုံးသော ရှေးရောမတရားရုံးလည်းဖြစ်၊ ဘုရားကျောင်းလည်း ဟုတ်တဲ့ (Basilica)မှာတော့ အဓိက ခန်းမကြီးဟာ လေးဘက်ချ ကော်ရစ်ဒါတွေနဲ့ပါ။ မြို့ရဲ့ ထူးခြား ထင်ရှားတဲ့ ဗိသုကာအဆောက်အဦလည်းဖြစ်ရဲ့။ အဲဒါကို ခရစ်ယာန်ဘုရားကျောင်းများရဲ့ မူလနဲ့ တိုးတက်ဖြစ်ထွန်းရာလို့ တွေးတောယူဆကြလို့ အရေးပါနေရဲ့။ အဲဒီနေရာတွေကို ငွေလဲလှယ်ရာအဖြစ်၊ တရားစီရင်ရေးရဲ့ အုပ်ချုပ်ရာတွေအဖြစ်လည်း အသုံးပြုကြတယ်။ အနောက်



နေပယ်အမျိုးသားပြတိုက်မှ ကွန်ပီတူးဖော်မှုတွေကရတဲ့ ရောမခေတ်ဟင်းချက်တန်ဆာပလာတွေ

အရှေ့ဘက်မှာတော့ စားနပ်ရိက္ခာအစုံရတဲ့ ဈေးကြီး (The Macellum) ရှိနေတယ်။ တောင်ဘက်မှာတော့ မြို့စောင့်နတ်တွေရဲ့ သေးငယ်တဲ့ နတ်ကွန်းလေး(Lares)ပါ။ လျှင်ကြီးနောက်ပိုင်း ၆၂ စီအီးမှာ ဆောက်ခဲ့တာပေါ့။ ပြီးတော့ (The Temple of Vespasian) ဘုရားကျောင်းနဲ့ ငွေအားအလုံးအရင်းနဲ့ ထောက်ပံ့ပေးတဲ့ သူဌေးကြီး(Eumachia)ရဲ့ ကြီးမားထိုးထွက်နေတဲ့ သိုးမွေးစက်ရုံများ ဌာနချုပ်တွေ ရှိသေးတယ်။ ဖိုရမ်ရဲ့ တောင်ဘက်အစွန်း ကက်ပီတိုးလီးယမ်ဘုရားကျောင်းရဲ့ မျက်နှာချင်းဆိုင်မှာတော့ မြို့တော် ကောင်စီရဲ့ စည်းဝေးရာနဲ့ မြို့တော် ရာဇဝတ်တရားသူကြီးများရဲ့ ရုံးခန်းဘက်မှာတော့ ပွန်ပီမြို့စောင့်နတ် ဘုရားကျောင်း (The Temple of Venus Pompeiana) ရှိတယ်။ အဲဒီကနေ ဖြတ်သွားပြန်ရင် မြို့ရဲ့ အစောဆုံးဖြစ်တဲ့ အပိုလိုဘုရားကျောင်း (The Temple of Apollo)ကို ရောက်တယ်။

ဒိုရစ်ဘုရားကျောင်း(The Doric Temple)ဘေးက သုံးမြောင့် စုဝေးခန်း(The Triangular Forum)ကတော့ ပွန်ပီမှာ အသက်အရှည်ဆုံး အဆောက်အဦပေါ့။ သုံးမြောင့်စုဝေးခန်း အရှေ့ဘက်မှာ တတိယနဲ့ ပထမ ဘီစီအီးအတွင်းက ဇာတ်ရုံ၊ အားကစားကွင်း(Palaestra)တစ်ခုနဲ့ အမိုးပါ ဇာတ်ရုံငယ်လေးတစ်ခုရှိတယ်။ အဲဒီနားမှာမှ (Zeus Meilichius) နဲ့ (Isis)ရဲ့




www.burmeseclassic.com

www.burmeseclassic.com

ဘုရားကျောင်းတွေနဲ့ ဆမ်နိုက်ကစားကွင်းဟောင်း (The old Samnite palaestra)တို့လည်း ရှိပြန်တယ်။ ပွန်ပီရဲ့ အရှေ့တောင်နားမှာ ပွဲကြည့်စင်ဝိုင်းနဲ့ အနောက်ဘက်မှာတော့ ဆမ်နိုင်ကစားကွင်းဟောင်းကို အစားထိုးဖို့ တည်ဆောက်ထားတဲ့ ကစားကွင်းကြီး။ ရေချိုးခန်းတွေကလည်း မြို့အနှံ့ ဟိုနားဒီနားပျံ့လို့ ရှိနေကြတယ်။ (The Stabian Baths) ရေချိုးခန်းကတော့ ရောမခေတ်ကတည်းက ရှိနင့်တာပါ။ ဖော်ရမ် ရေချိုးခန်း(The Forum Baths)၊ မီးတောင်ပေါက်ကွဲ

Samnite period)ကတည်းကပါ။ (The Surgeon)က ဒီ... တွေကတော့ အဲဒီခေတ်အတွင်းဆောက်ခဲ့တဲ့ ရှေးဦး(Atri... house) အိမ်တွေရဲ့ အကောင်းဆုံး နမူနာပါ။

အများစုသော ဇိမ်ခံအိမ်တွေဟာ ၂၀၀-၈၀ ဘီစီ... ဒုတိယ ဆမ်နိုက်ကာလမှာ တည်ဆောက်ခဲ့ကြတာပါ။ ကု... သွယ်ရေးနဲ့ ယဉ်ကျေးမှုအဆက်အဆံတွေ တိုးတက်လာတဲ့... ရလဒ်အဖြစ် (Hellenistic Refinements) မွမ်းမံမှုတွေ... မိတ်ဆက်လာခဲ့တယ်။ 'The House of The Faun' ဟာ...



မီးတောင်ပေါက်ကွဲမှုခံရတဲ့ ဟာကျူးလေးနီးယမ်းမြို့ အိမ်ကြီးတစ်အိမ်ရဲ့ အတွင်းပိုင်းကြွေပြားကပ်နံရံများ

ချိန်မှာ တည်ဆောက်ဆဲဖြစ်တဲ့ ဗဟိုရေချိုးခန်း(The Central Baths)နဲ့၊ ဇိမ်ခံ ကိုယ်ပိုင် ရေချိုးခန်းတွေလည်း ရှိကြတယ်။ ဒါပေမယ့် လူထုအဆောက်အအုံတွေထက် ပိုမိုထင်ရှားတာကတော့ တခြားတစ်နေရာမှာ တူးဖော်တဲ့အခါ တွေ့ခဲ့ရတဲ့ ရာပေါင်းများစွာသော နမူနာပြ ကိုယ်ပိုင်အိမ်တွေပါ။ ဒါတွေဟာ ပြိုင်ဘက်ကင်းပြီး ပွန်ပီမှာပဲ ရှိတာတွေမို့ အီတာလျံနဲ့ ရောမပြည်တွင်း ဗိသုကာပညာသမိုင်းရဲ့ အနည်းဆုံး ၄ရာစုလောက်အတွင်းကို ခြေရာကောက် လေ့လာဖို့ ဖြစ်နိုင်ခြေများတဲ့ဟာတွေပေါ့။ အစောဆုံးအိမ်တွေဟာ စတုတ္ထနဲ့ တတိယ ဘီစီအီးခေတ်၊ ပထမ ဆမ်နိုက်ကာလ(The First

မြို့ရဲ့ အကွက်တစ်ခုလောက် ကျယ်ပြီး သူ့မှာ ပင်မ(Atria) ခန်းနှစ်ခန်း၊ ထမင်းစားခန်း (Triclinia)၄ခန်းနဲ့ ကြီးမားတဲ့ ပတ်ပတ်လည် ဥယျာဉ်ကြီးနှစ်ခု။ သူ့ရဲ့ အပြင်ပန်း မျက်နှာစာ (Fa…de)တွေကို အဲဒီခေတ်က အဆောက်အဦသုံး အဓိက ပစ္စည်းဖြစ်တဲ့ နူဆီးရီးယားက မီးခိုးရောင်အမှုန့်ညက် (Tufa) နဲ့ ပြုလုပ်ခဲ့တယ်။ နံရံတွေကိုတော့ ပထမ ပွန်ပီခေတ် (The First Pompeian) တန်ဆာဆင်မှုတွေ၊ ဒါမှမဟုတ် ချိုးတက်နေတဲ့ ပုံ(Incrustation) ဆေးသုတ်နည်းတွေနဲ့ လုပ်ကြတယ်။ အဲဒါက စကျင်ကျောက်လွှာကပ်ထားသလိုမျိုး ဖြစ်အောင် တုပထားတဲ့ ဆေးသုတ်အင်္ဂတေနံရံပေါ့။ နာမည်

www.burmeseclassic.com

www.burmeseclassic.com


ကျော် မဟာအလက်ဇန္ဒားကြွေပြားစီ ပန်းချီကား(Alexander The Great Mosaic)ကို ဒီအိမ်မှာ တွေ့ရတာကလည်း ပျောက်ကွယ်နေတဲ့(Hellenistic Painting) ဆေးသုတ်နည်းကို မိတ္တူလုပ်ထားတာ ဖြစ်နိုင်ပါတယ်။ အဲဒီခေတ်က အိမ်အတော်များများမှာ ကြမ်းခင်းကို ထူးထွေဆန်းပြားတဲ့ ကြွေပြားချပ်ရောင်စုံအစပ်အဟပ်တွေနဲ့လည်း ပြုလုပ်တန်ဆာဆင်ထားကြရဲ့။ မြင့်မားတဲ့ တိုင်လုံးတွေနဲ့ ဆောက်ထားတဲ့ ဆင်ဝင်ပါတဲ့ (The House of The Silver Wedding)ကိုလည်း အဲဒီခေတ်မှာပဲ ဆောက်ခဲ့တယ်၊ ဒါပေမယ့် အဲဒါဟာ နောက်ပိုင်းမှာတော့ အပြောင်းအလဲတွေ ရှိခဲ့တယ်။ လှပခမ်းနားတဲ့ စားပွဲခန်းမ(Banquet Hall)တွေနဲ့ (The Exedra)တွေကို မိသားစုကလေးတွေရဲ့ ကျောင်းစာသင်ခန်းအဖြစ်လည်း သုံးခဲ့ကြတယ်။ အဲဒီမှာ ဂဝ ဘီစီအီးကနေ ၁၄ စီအီးအထိ ခေတ်စားခဲ့တဲ့ ဒုတိယ ပွန်ပီခေတ်၊ ဒါမှမဟုတ် (Architectural) ဗိသုကာဟန်နဲ့ အလှဆင်ခဲ့တယ်။

ဆမ်နိုက်ခေတ်အတွင်း ဆောက်ခဲ့တဲ့ အိမ်အတော်များများဟာ ရောမခေတ်က အိမ်တချို့ရဲ့ သိုအပ်ချက်မျိုးနဲ့ ဆောက်ခဲ့တာပါ။ ဒါတွေကတော့ အများအားဖြင့် သိပ်မြင့်မားထည်ဝါတာတွေ မဟုတ်ဘူး၊ ဝင်ပေါက် ခပ်နိမ့်နိမ့်ပါမယ်။ ဒါပေမယ့် အဆင်တန်ဆာကိုတော့ ပိုအသေးစိတ် ခြယ်လှယ်မယ်။ 'The House of Marcus Lucretius Fronto' အိမ်ဟာ သေးပေမယ့် ရောမအင်ပါယာခေတ် (The Roman Imperial period)ရဲ့ ထည်ဝါတဲ့ အိမ်ပါ။ (The Tablinum-master's Office)ကို အထူးသဖြင့် တန်ဆာဆင်ထားတာကတော့ အင်ပါယာခေတ်ဦးကနေ လျှင်လျှပ်တဲ့အထိအတွင်းက တတိယ ပွန်ပီခေတ်၊ ဒါမှမဟုတ် အီဂျစ်ဟန်(Egyptianizing) ပေါ့။ 'The House of The Vettii' ဟာ ကြွယ်ဝချမ်းသာတဲ့ ရောမခေတ် ကုန်သည်လူတန်းစားပိုင် အိမ်များရဲ့ စံပြပါ။ အဲဒါရဲ့ အခန်းအချို့ကို စတုတ္ထမြောက် ပွန်ပီ (သို့မဟုတ်) တန်ဆာဆင်တဲ့ ဟန် (Ornamental)စတိုင်နဲ့ အလှဆင်ထားတယ်။

The atrium-peristyle house' အိမ်နဲ့ သူ့ရဲ့ လှပတဲ့ ပန်းချီတွေ၊ ခမ်းနားထည်ဝါတဲ့ ပရိဘောဂတွေ၊ လှပတဲ့ ရေပန်းနဲ့ ဥယျာဉ်တွေ၊ ကြေးထည်နဲ့ မာဘယ်ကျောက်သား ပန်းပုရုပ်တွေဟာ စံနမူနာပြု ဖြစ်ရုံသာမဟုတ်ဘဲ၊ အထွေထွေလည်း အထောက်အကူပြုရဲ့။ ဒါ့အပြင် အဲဒီမှာ များစွာသော အိမ်လေးတွေလည်း မြို့အနှံ့ရှိရဲ့။ အဲဒါတွေထဲမှာ အတော်များများဟာ အိမ်ဆိုင်တွေပါ။ တူးဖော်သူတွေက ရှေးဟောင်းဘဝကို ထင်ဟပ်ပြနိုင်ဖို့ အခုအခါမှာ တတ်နိုင်သမျှ အပြည့်အဝ ထိန်းသိမ်းပေးနေပါတယ်။ အညတြတွေရဲ့ အိမ်တွေဟာ သူဌေးအိမ်တွေလိုပဲ သတင်းအချက်အလက်တွေ ပေးနိုင်ခဲ့တယ်။ အမိုးတွေ၊ နှစ်ထပ်အိမ်တွေနဲ့ လေသာဆောင်တွေကို အတော်များများ ထိန်းသိမ်းထားပြီးပါပြီ။

**ဥရောပယဉ်ကျေးမှုအပေါ် လွှမ်းမိုးခြင်း**

ဗိစူးဗီးယပ်ပေါက်ကွဲမှုကြီးကြောင့် မြေမြှုပ်ခံလိုက်ရတဲ့ ပွန်ပီနဲ့ အခြားဒေသတွေကို ပြန်လည်တွေ့ရှိမှုဟာ ဥရောပရဲ့ ခံစားမှုအပေါ်မှာ အကြီးအကျယ် လွှမ်းမိုးသွားခဲ့တယ်။ တူးဖော်မှုသတင်းတွေက ရှေးဟောင်းပစ္စည်းတွေအပေါ် စိတ်ဝင်စားမှု လှိုင်းဂယက်တစ်ခုကို မီးမွှေးပေးပြီး ဥရောပတစ်ခွင်



နေပယ်ရှေးဟောင်းသုတေသနပြတိုက်မှ
ပွန်ပီတူးဖော်မှုကရတဲ့ အလက်ဇန္ဒားစစ်ချီနေဟန်
ကျောက်ပြားစီပန်းချီ


ပျံ့နှံ့သွားတော့တယ်။ နေပယ်ကို ၁၇၅၅ခုနှစ်မှာ ပထမဆုံး ခရီးရောက်ရှိခဲ့တဲ့၊ ထင်ပေါ်ကျော်ကြားဘဲ့ ရှေးဂရိ - ရောမစာပေ၊ ဘာသာစကားလေ့လာရေး ပညာရှင်ကြီး ဂျာမန်လူမျိုး 'Johann Joachim Winckelmann' ရဲ့ ချီးကျူးဂုဏ်ပြုတဲ့ ကြေညာချက်နဲ့ 'Giambattista Piranesi' ရဲ့ သတ္တုပြားပေါ် ရေးခြစ်ပုံဖော်မှုတွေက တူးဖော်တွေ့ရှိမှုတွေကို ပိုပြီးကျော်ကြားသွားစေခဲ့ပြန်တယ်။ နေပယ်၊ ပွန်ပီနဲ့ ဟာကျူလေနီးယမ်းတွေဟာ အင်္ဂလိပ်ခရီးသွားတွေရဲ့ ဥရောပလေ့လာရေးခရီးစဉ်ကြီး(The European Grand Tour)တွေမှာ အရေးပါတဲ့ ရပ်နားလေ့လာရာ ဖြစ်လာတယ်။

အနုပညာရှင်၊ ဗိသုကာနဲ့ အိုးလုပ်သူ၊ အဆုံးဆိုရရင်



www.burmeseclassic.com

www.burmeseclassic.com



ပွန်ပီမီးတောင်ပေါက်ကွဲမှုများကြားမှ ထူးဆန်းသော အိမ်ကြီးရဲ့
ရောမခေတ်နံရံဆေးရေးပန်းချီ

အိမ်ထောင်ပရိဘောဂလုပ်သူတွေဟာ ပွန်ပီက တစ်ဆင့် စိတ်ကူးဉာဏ်တွေ ပွင့်ခဲ့တယ်။ တူးဖော်လေ့လာမှုမှ တွေ့ရှိရတဲ့ ဆေးရေးနံရံတွေက ခေတ်ပြိုင် အိမ်တွင်းဆေးရေးခြယ်မှုကိုလည်း စိတ်ဝင်စားစေခဲ့တယ်။ ၁၈ရာစုခေတ် ဗိသုကာ ဂျိမ်းနဲ့ ရောဘတ်အဒမ်ဟာ တူညီတဲ့ ပန်းဒီဇိုင်းတွေ သုံးပြီး အင်္ဂလန်မှာ အင်္ဂတေပန်းတွေ ခေတ်စားစေခဲ့တယ်။ ပြင်သစ်မှာတော့ လူဝီ ၁၄စတိုင်မှာ ပွန်ပီပန်းအဆင် (Pompeian motifs)တွေ ဖွဲ့စည်းပေါင်းစပ်ပြီး (Fontainebleau) က, လူဝီရဲ့ မိဖုရား မာရီအင်တွိုင်းနက် (Marie Antoinette)ရဲ့ ခန်းမဆောင်ကိုလည်း အဲဒီဟန်နဲ့ပဲ အလှဆင်ခဲ့တာပါ။ အဲဒီကမှ ဥရောပတစ်ခွင်ကို ခေတ်စားသွားတော့တယ်။

Po River (Jacques-Louis David)နဲ့ သူ့တပည့် (Jean-Auguste-Dominique Ingres)ဟာ တူးဖော်လေ့လာမှုမှာ စွာန်သွင်းပြီး သူတို့ရဲ့ ပုံတွေကို ရေးဆွဲခဲ့တယ်။ တကယ်တော့ ပွန်ပီကို တွေ့ရှိမှုတွေဟာ ဥရောပမှာ ခေတ်စားခဲ့တဲ့ ၁၈ရာစုလက်ရာ အခွေအလိပ်တွေနဲ့ အနုအယဉ်ဟ (The Rococo)ကို လုံး၀ဥဿုံ အစားထိုးခဲ့တဲ့ ဂန္ထဝင်စတိုင်သစ်(The Neoclassic style)ကို လှုံ့ဆော်ပေးခဲ့ပြီး ပြင်သ တော်လှန်ရေးနဲ့ နပိုလီယံခေတ်ရဲ့ အနုပညာဟန်အ ရောက်ရှိ ဖြစ်ပေါ်စေခဲ့တာပါ။

**အရေးပါတဲ့ သမိုင်းအချက်အလက် ဖစ်မြစ်တွေ**

ရှေးဟောင်းသုတေသန နယ်မြေတွေရဲ့ အ၀ိုင်းအဝ ဟာ အလွန်အရေးပါခဲ့ပါတယ်။ အဲဒီကနေ ရှေးဟော ကမ္ဘာရဲ့ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ နိုင်ငံရေးဘ ဆိုင်တဲ့ အမြင်အမျိုးမျိုးကနေ ပြိုင်ဘက်ကင်းတဲ့ သတ အချက် အရင်းအမြစ်တွေကို ပေးလာပါတယ်။ ကောင်း ထိန်းသိမ်းနိုင်ခဲ့တဲ့ အိမ်ဘုရားဆောင်တွေက မိသားစုထဲ ရှင်သန်ခဲ့တဲ့ ဘာသာရေးရဲ့ ဒီနေ့အထိ ရှင်သန်နေမ မမျှော်လင့်ရဲတဲ့ ပုံတွေကို ပေးခဲ့တယ်။ မုန့်ဖုတ်ရုံတွေ လည်း စက်ပစ္စည်းအပြည့်အစုံ၊ မုန့်နဲ့စက်တွေ ပေါင်းမုန့်



www.burmeseclassic.com

www.burmeseclassic.com

တွေပါ ရှိနေခဲ့ဖြစ်တဲ့ မီးဖိုနဲ့တကွ နေ့စဉ်ဘဝမှာ အရေးပါတဲ့ အရာတွေကို နေ့တိုင်း ဘယ်လိုထုတ်လုပ်နေတယ်ဆိုတာ ပြသနေရဲ့။ ပစ္စည်းပစ္စယအစုံအလင်နဲ့ များစွာသောအလုပ်ရုံတွေကလည်း လေ့လာဖို့ အရေးပါလှတယ်။ ပန်းပုဆရာတွေ၊ ပစ္စည်းကိရိယာ တန်ဆာပလာလုပ်သူတွေနဲ့ ကျောက်ဖြတ်သမားတွေရဲ့ ဆိုင်ခန်းတွေ၊ ငါးငံပြာရည်စက်ရုံ၊ မီးအိမ်နဲ့ ဝိုင်အမျိုးမျိုး။ အစားအသောက်ဆိုင်တွေကလည်း အခြားသော အမြင်မျိုးစုံနဲ့ ရှေးခေတ် နေထိုင်မှုဘဝကို ပြန်လည်သက်ငေ ပြနေကြရဲ့။ ပွန်ပီဟာ မြေထဲပင်လယ်ဒေသကို ကုန်ပို့ရာ လူစည်ကားတဲ့ ဆိပ်ကမ်းမြို့ပါ။

ကုန်သည်နဲ့ ကုန်သွယ်ရေးသမားတွေဟာ အစားအစာနဲ့ တည်းစရာ ခိုစရာတွေကို မြို့ဝင်ဂိတ်နဲ့ လူစည်ကားရာ နေရာတွေရဲ့ အနားမှာ တွေ့နိုင်တယ်။ စားသောက်ဆိုင်နဲ့ တည်းခိုခန်းအချို့ဟာ အတော်လေး ဆွဲဆောင်မှုရှိတယ်။ ဥယျာဉ်ထဲမှာ လဲလျောင်း အနားယူနေတဲ့ ဧည့်သည်တွေကို တောင် စားစရာနဲ့ ဝန်ဆောင်မှု သွားပေးကြတယ်။ ဈေးသက်သာတဲ့ နေရာတွေကတော့ အခန်းလေးတွေက ကျဉ်းပြီး ခပ်မှောင်မှောင်ပေါ့။ ဖောက်သည်တွေကလည်း ခွေးခြေလေးတွေနဲ့ ထိုင်လို့။

ကျောက်စာ(Inscriptions)တွေကလည်း သတင်းအချက်အလက်တွေ ပေးပါတယ်။ အဲဒါတွေက ပြည်သူပိုင်အဆောက်အအုံတွေမှာ စိုက်ထူထားတဲ့ ကျောက်စာတိုင်တွေ၊ သင်္ချိုင်းဂူတွေ၊ ရုပ်တုတွေရဲ့ အခြေတွေမှာ ရှိနေရဲ့။ ဘဏ်လုပ်ငန်းရှင်ကြီး (Lucius Caecilius Jucundus)ရဲ့ နာမည်ကျော် ဖယောင်းပြားတွေပေါ်က စီးပွားရေးမှတ်တမ်းတွေ၊ လူအချင်းချင်း၊ ဒါမှမဟုတ် လူနဲ့ တိရစ္ဆာန်တို့ရဲ့ ဖျော်ဖြေရေးတိုက်ပွဲ ကြေညာချက်တွေ၊ များစွာသော ရွေးကောက်ပွဲမှတ်တမ်းတွေ၊ ရင်ခုန်ဖွယ် တိုက်ခိုက်ရေးပြိုင်ပွဲတွေရဲ့ ပဲ့တင်သံတွေကို ဖော်ပြထားကြတာပါ။ နံရံမှာ လက်ဆော့ ရေးသားမှတ်တမ်းတင်ထားတဲ့ 'The graffiti' တွေမှာတော့ ဈေးနှုန်းစာရင်း၊ ရိုင်းရိုင်းပျပျ ဆဲစာနဲ့ စွပ်စွဲ ပြစ်တင်စာတွေ၊ ချစ်သူများရဲ့ အပြန်အလှန်ပေးစာတွေ၊ (Virgil)တွေရဲ့ အဆိုအမိန့်တွေ၊ ယုတ်စွအဆုံး ကလေးတွေရဲ့ တောင်ခြစ် မြောက်ခြစ် အက္ခရာတွေအထိပေါ့။ စာပေအမှတ်အသားတွေနဲ့ ရှေးဟောင်း သုတေသနသက်သေတွေက လူ့အဖွဲ့အစည်းရဲ့ အလွှာအဆင့်ဆင့်ကို လေ့လာဖို့ ဖြစ်စေပါတယ်။ လူပိုလူလျှံတွေ၊ ကျွန်တွေ၊ စီးပွားရေးလုပ်ငန်းရှင်အသေးလေးတွေနဲ့ ရှေးဟောင်း ရောမကမ္ဘာရဲ့ မင်းမျိုးနိုးမျိုးတွေကို ပိုပြီးလေ့လာ သင်ယူနိုင်ပါရဲ့။

ဒါ့အပြင် ပွန်ပီက မြို့ရဲ့ ပန္နက်ပုံတွေ၊ ရှေးဟောင်းမြို့တစ်မြို့ရဲ့ မြေယာအသုံးချပုံတွေကို အကောင်းဆုံးလေ့လာဖို့ အခွင့်အရေးကို ပေးပါသေးတယ်။ ၂၀ရာစုအလယ်က စပြီး လုပ်လာတဲ့ တူးဖော်မှုတွေက မမျှော်လင့်တဲ့ မြေလွတ်တွေကိုလည်း ဖော်ထုတ်ပေးခဲ့တယ်။ ဒါပေမယ့် ရှေးဂရိ-ရောမ အမိုးမဲ့ ပွဲကြည့်စင် ဝိုင်းကြီးက ဖြတ်လာတဲ့ ကြီးမားသော မြေထီးတည်းကြီးဟာ နွားဈေး(The Foro Boario-Cattle Market)မဟုတ်ဘဲ၊ ကာလရှည်ကြာစွာ ထောက်ပို့ထားတဲ့ စပျစ်ခြံကြီးပါ။ သီးပင်တွေ၊ ဥယျာဉ်တွေနဲ့ စပျစ်ခြံအများအပြားကိုလည်း ရှာဖွေတွေ့ရှိခဲ့ရတယ်။ ဒါဟာ ဘာကို ပြနေသလဲဆိုရင် လူဦးရေကျဲပါးသေးလို့ မြေယာတွေကို အရေးတယူ အသုံးပြုမှု နည်းနေတယ်ဆိုတာပါ။

ကံမကောင်းစွာဘဲ တူးဖော်လေ့လာမှုတွေဟာ ရာသီဥတု၊ အဲဒီဒေသကို ကမ္ဘာလှည့် ခရီးသည်အများအပြား လာရောက်မှုနဲ့ ပေါက်ပင်တွေကြောင့် အမြဲပဲ အခက်အခဲတွေ့ရပါတယ်။ ၁၉၅၀ခုနှစ်တွေက စလို့ အားဖြည့် ကွန်ကရစ် အမိုးတွေကို အဆောက်အအုံအတော်များများမှာ လုပ်ပေးခဲ့ပေမယ့် နောက်ဆယ်စုနှစ်တွေမှာတော့ အဲဒီအကာအကွယ်တွေကြောင့်ပဲ ပျက်စီးယိုယွင်းမှုတွေဖြစ်ပြီး အခက်အခဲကြုံခဲ့ရပြန်ပါတယ်။ ၁၉၉၅ ခုနှစ်မှာတော့ (Pietro Giovanni Guzzo)ဟာ ဒီဒေသရဲ့ ကြီးကြပ်သူ (Superintendent) ဖြစ်လာပါတယ်။ ထိန်းသိမ်းစောင့်ရှောက်ဖို့ ကြိုးပမ်းမှုတွေလည်း ပြန်လည်အသက်ဝင်လာပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်လာခဲ့တယ်။ အဲဒီလိုလုပ်ခဲ့ပေမယ့်လည်း ပွန်ပီဟာ ဆက်လက်ပြီး ပြဿနာမျိုးစုံနဲ့ ရင်ဆိုင်ရပြန်တယ်။ သိက္ခာချခံရတာတို့၊ အစီအမံမှားတာတို့၊ ခိုးယူဖျက်ဆီးမှုတို့ အပါအဝင်ပေါ့။

၂၀၀၈ ခုနှစ်၊ ဇူလိုင်လမှာတော့ အီတာလျံအစိုးရဟာ ဒီဒေသအတွက် တစ်နှစ်လောက် အရေးပေါ် အခြေအနေ အဖြစ် ကြေညာပြီး ပွန်ပီကို စောင့်ကြည့်ဖို့ အထူးတာဝန်ပေး ခန့်အပ်သူလည်း ခန့်ထားခဲ့ပါတယ်။ သူ ပထမဆုံး လုပ်ရမယ့် အရေးတကြီးကိစ္စကတော့ မှုရင်းမပျက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးနဲ့ ခုလို အမြတ်မ ပျောက်ဆုံးသွားဖို့ ဖုံးလွှမ်း မခံရခင်ကတည်းက ရှိနှင့်နေပြီးသားဖြစ်တဲ့၊ တန်ဖိုးရှိလှတဲ့ သက်သေတွေကို လေ့လာဖော်ထုတ်ဖို့ပါ။


* * *

ကိုးအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-ဝ)



www.burmeseclassic.com

www.burmeseclassic.com



# ခင်ပွန်း အိမ်မြဲစေဖို့

အောင်လံထူ ဆရာဟိန်း (စီးပွားရေး)

ဖျော်ဖြေရေးနှင့် အပျော်အပါး အသောက်အစား ပေါများလှသော ယနေ့ခေတ်အခါတွင် အမျိုးသားအများစုမှာ လုပ်ငန်းခွင် ပြီးဆုံးသည်နှင့် မိသားစုရှိရာ အိမ်ဂေဟာသို့ တန်းတန်းမတ်မတ် ပြန်လေ့ပြန်ထနည်းလာကြသည်။ အဖျော်ယမကာဆိုင်၊ နိုက်ကလပ်နှင့် ကာရာအိုကေခန်းမများတွင် သူငယ်ချင်းအပေါင်းအသင်းများနှင့် အချိန်လွန် ပျော်ပါးကြပြီး ညဉ့်နက်သန်းခေါင်ကျော်မှသာ အိမ်ပြန်လေ့ရှိကြသည်။ အိမ်ထောင်သည် အမျိုးသမီးများအဖို့ အချိန်တန် အိမ်ပြန်မလာသော ခင်ပွန်းသည်အတွက် နေ့စဉ် စိုးရိမ်သောကရောက်နေကြရသည်။ အပေါင်းအသင်းမင်သော ခင်ပွန်းအတွက် လမ်းမှားရောက်သွားမည်ကိုလည်း တွေးတော ကြောက်ရွံ့နေရသည်။

ထိုကဲ့သို့ စိုးရိမ်သောကရောက်နေကြရသော အိမ်ထောင်သည် အမျိုးသမီးများအတွက် သောကငြိမ်းအေးစေ

| ခင်ပွန်း မွေးနံ | လုပ်ရမည့် အချိန် (နံနက်) | နင်းရမည့် အရွက်(ဆပွတ်) | မျက်နှာမူရန် (ပဋ္ဌပွတ်) | စာရေးရမည့် (အမြစ်) |
|---|---|---|---|---|
| တနင်္ဂနွေ | ၇း၃၀ မှ ၉း၀၀ | သီဟိုဠ်၊ သီး | အနောက် | ထန်း၊ ထိန် |
| တနင်္လာ | ၇း၃၀ မှ ၉း၀၀ | ထိန်၊ ထန်း | မြောက် | အုန်း |
| အင်္ဂါ | ၇း၃၀ မှ ၉း၀၀ | အုန်း၊ အင် | အနောက်တောင် | ကံ့ကော် |
| ဗုဒ္ဓဟူး | ၇း၃၀ မှ ၉း၀၀ | ကံ့ကော်၊ ကွမ်း | အရှေ့မြောက် | ညောင်၊ ဆီး |
| ကြာသပတေး | ၇း၃၀ မှ ၉း၀၀ | ညောင်၊ ဆီး | အရှေ့ | ရွက်လှ၊ ဝါး |
| သောကြာ | ၇း၃၀ မှ ၉း၀၀ | ရွက်လှ၊ ဝါး | အရှေ့တောင် | ပျဉ်းမ၊ ပေါက် |
| စနေ | ၇း၃၀ မှ ၉း၀၀ | ပျဉ်းမ၊ ပေါက် | တောင် | သီဟိုဠ်၊ သီး |

သော နည်းလမ်းကောင်းတစ်ခုဖြစ်သည့် ခင်ပွန်းဖြစ်သူ အိမ်မြဲစေသော ယတြာတစ်ခုကို တင်ပြပေးသွားပါ့မယ်။

ယတြာပြုလုပ်ပုံမှာ ခင်ပွန်းဖြစ်သူ၏ မွေးနေ့တွင် မွေးနံ၏ ဆပွတ်အချိန်ဖြစ်သော နံနက် ၇နာရီခွဲမှ ၉နာရီအတွင်း ခင်ပွန်း၏ ဆပွတ်နံသင့် သစ်ရွက်ကို နင်းပြီး ပဋ္ဌပွတ်အ… သို့ မျက်နှာမူကာ အမြစ်နံသင့် သစ်ရွက်ပေါ်တွင် ခင်ပွန်း… နာမည်အပြည့်အစုံနှင့် လိုရာဆန္ဒ ရေးသားကာ ၎င်းအိပ်သော… ခေါင်းအုံးအောက်တွင် ထားပေးပါ။ အရွက်နွမ်းသွားပါက… အသစ်တစ်ဖန်ထပ်လုပ်ပေးပါ။ ထိုအတိုင်း မကြာမကြာလု… ပေးသွားပါက သင့်ခင်ပွန်း၏ ပြောင်းလဲလာမှုကို လက်တွေ့… အကျိုးခံစားရမှာပါ။ ခုနစ်ရက်သားသမီးများအတွက် ယတြာ… ဖော်ပြပေးလိုက်ပါတယ်။

ဤနေရာတွင် ဆပွတ်ဟူသည်မှာ မွေးနံမှ ခြောက်… မြောက် နေ့နံအား လည်းကောင်း၊ ပဋ္ဌပွတ်ဟူသည် မွေးနံ… ငါးခုမြောက် နေ့နံအား လည်းကောင်း၊ အမြစ်ဟူသည် မွေး… မတိုင်ခင် နေ့နံ (သို့မဟုတ်) မွေးနံမှ ခုနစ်ခုမြောက် နေ့… အား လည်းကောင်း ဆိုလိုပါသည်။

အထက်ပါ ယတြာအား ဥပမာတစ်ခုပြရသော်…

ခင်ပွန်းသည် တနင်္ဂနွေသားဖြစ်သော် ၎င်းနေ့နံနက်… ၇နာရီခွဲမှ ၉နာရီအတွင်း သီဟိုဠ်ရွက်ကို နင်းပြီး အနောက်… အရပ်သို့ မျက်နှာမူကာ ထန်း (သို့မဟုတ်) ထိမ်ရွက်ပေါ်တွင်… "ကို———သည် အလုပ်ချိန်မှအပ မိသားစုနှင့် နွေးနွေးထွေး… ထွေးနေကာ အိမ်မှာ မြဲပါစေ။ အိမ်မှာ ကပ်နေပါစေ" ဟု… ရေးကာ ၎င်းအိပ်သော ခေါင်းအုံးအောက်သို့ ထားပေးပါ…

အချိန်၏ တိကျခြင်း၊ အရွက်၏ တိကျခြင်း၊ ဆုတောင်း… သစ္စာတို့ တိကျခြင်းများ စုံပါက အိမ်ရှင်မတို့၏ ခင်ပွန်းသည်… များ အပေါင်းအသင်းဖယ်ကာ အိမ်မှာ အမြဲတွယ်ကပ်နေမှာ… အသေအချာပင်ဖြစ်ကြောင်း စေတနာရှေ့ထား တင်ပြပေး… လိုက်ပါတယ်■


* * *

အောင်လံထူ ဆရာဟိန်း(စီးပွား…



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မုံးဟုန်းထိပ်

# တန်းတင်တောင်တန်းကြီးက စောင်းသီချင်းသံ

ပွင့်သစ်စ နေမင်းသည် လင်းလက်၍လာ၏။ နေရောင်ခြည်သည် ရိုးမတောင်စွယ်ကြီးအနှံ့သို့ ဖြန့်ကျက်လျက်ရှိသည်။ တန်းတင်တောင်တန်းတောင်စွယ်တို့သည် မိုးအကုန် ဆောင်းအကူး နှင်းမြူစ ရာသီကြောင့် အထူးတင့်တယ်၍ မြရောင်သမ်းလျက်ရှိသည်။ နံနက်ခင်းလေနှင့်အတူ မြူးကြွလျက်ရှိသော တောတန်းတောင်စွယ်တို့မှာလည်း ရှုမငြီးဖွယ်ရှိနေပေသည်။

တောတောင်၏ အမြင်အာရုံတို့သည် မည်သည့်အရာနှင့်မျှ အစားထိုး၍မရအောင် ဆွဲဆောင်ခြင်း ရှိ၏။ ငြီးငွေ့ခြင်း၊ ရှာရှခြင်းနှင့်လည်း နိုင်းကောင်းခြင်း မရှိပေ။ စိတ်ကူးကောင်းသော ဧ



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီတို့သည်လည်း ရေးမီနိုင်စွမ်း ကင်း၏။ သဘာဝ၏ အာဟာရသည် ပကတိ အားဖြင့်သာ တည်၏။

သဘာဝဟူသည်မှာ မပြုမပြင် ပင်ကိုယ်ရသကို ဆို၏။ သစ္စာဝါတို့တွင် ရှိသော အာရုံခြောက်ပါးသည် ရသ ခြောက်ပါးကို မဖောက်မပြား မှန်မှန် ကန်ကန် ခံစားတတ်၏။ ယခုသည် အမြင်အာရုံဖြင့် ရူပါရုံကို ခံစားနေမိကြ၏။ မရိုးနိုင်သော ရိုးမတောင်စွယ် တောင်တန်းတို့၏ အလှအပများ၊ စမ်းရေကျသံများ၊ ငှက်ကလေးတို့၏ တေးဆိုသံများ၊ ထိုထိုရသတို့သည် စိတ်အာရုံ၌ စွဲထင်၍နေ၏။

ယခု မောင်အေးချမ်း၊ ကိုစိုးထွန်းအောင်၊ မခိုင်မြကြည်တို့ လျှောက်သွားနေကြသည်မှာ တန်းတင်တောင်တန်းကြီးဖြစ်၏။ တန်းတင်တောင်တန်းကြီးသည် အမ်းမြို့နယ် တန်းတင်အုပ်စု၌ တည်၏။ ရခိုင်ရိုးမကြီးမှ ဖြာထွက်လာသော တောင်စွယ်တောင်တန်း၊ တောင်လက်မောင်းကြီးဖြစ်၍ တောနက်၊ တောစိမ်းကြီးလည်း ဖြစ်၏။

သစ်တော-ဝါးတော၊ စမ်းချောင်း-စမ်းအိုင်များ ပေါ၏။ ထာဝစဉ် စိမ်းလန်းလျက်ရှိ၏။ သားရဲသားကောင်၊ ကျေးငှက် သာရကာတို့ စံပျော်ရာ သဘာဝသစ်တောကြီးဖြစ်၏။ မည်သည့် ရာသီဥတုတွင်မျှ ခြောက်သွေ့ခြင်းလည်း မရှိပေ။

ထိုတန်းတင်တောင်တန်းကြီး၏ အနောက်ဘက်စွန်(တောင်တန်းကြီး၏ အမြင့်ဆုံး)တွင် မဲရွာသားများ တည်ထား ကိုးကွယ်ကြသည့် ဆုတောင်းပြည့် မဲတောင်ဘုရား(စေတီတော်)တစ်ဆူရှိသည်။ ထိုဆုတောင်းပြည့် မဲတောင်ဘုရားကို ယခုလို သီတင်းကျွတ်လဆုတ်တွင် ပွဲတော်ကျင်းပ၏။

ထိုအခါ တန်းတင်တောင်ခြေတစ်လျှောက်တွင် စလျက်ရှိသော တန်းတန်ရွာ၊ မဲရွာအပါအဝင် အခြားရွာများ၊ အမ်းမြစ်၏ ထိုဘက်ကမ်းတွင် တည်ရှိသော အိမ်ခြေလေးထောင်ခန့်ရှိသည့် တက်တောင်ရွာကြီး၊ ထိုထိုရွာများမှ ဘုရားဖူးများသည် မဲတောင်ဘုရားပွဲတော်သို့ ခြိမ့်ခြိမ့်သဲ လာရောက်ပြီး ဖူးမြော်ကြသည်။

မောင်အေးချမ်းက ထိုကဲ့သို့ တန်းတင်တောင်တန်းကြီး၏ ကြည်နူးဖွယ်ရာများကို ကိုစိုးထွန်းအောင်နှင့် မခိုင်မြကြည်တို့အား ပြောပြ၍ သူတို့သည် များစွာသဘောကျကြ၏။ မောင်အေးချမ်းက သူတို့နှစ်ယောက်ကို အစ်ကို၊ အစ်မဟု ခေါ်သော်လည်း စင်စစ်တွင် သူတို့နှစ်ယောက်သည် မောင်အေးချမ်း၏ ကျူရှင်ဆရာ၊ ဆရာမများသာ ဖြစ်ကြသည်။ ကိုစိုးထွန်းအောင်က စောင်းတီးကျွမ်းကျင်ပြီး မခိုင်မြကြည်က စည်းခေါက်၍ သီချင်းဆိုတတ်သည်။ နှစ်ယောက်စလုံး အသံကောင်း ရုပ်ချောလေးများ ဖြစ်ကြသည်။

မောင်အေးချမ်းက နဲ့ ပုလွေ၊ ဆိုင်း၊ မောင်း အကုန်ရ၏။ ထို့ကြောင့် ဆရာ-တပည့်များနှင့် မတူဘဲ သူငယ်ချင်းများသဖွယ် ဖြစ်လာကြ၏။ ညနေတိုင်းလည်း တီးမှုတ်သီဆိုကြ၏။ တီးမှုတ်သီဆို၍ တစ်ခန်းရပ်လျှင် ကိုစိုးထွန်းအောင်က -

"မောင်အေးချမ်း၊ မင်း ပြောတဲ့ တန်းတင်တောင်တန်းကြီးဆိုတာကို ကြားရရုံနဲ့ ငါ စိတ်ဝင်စားတယ်ကွာ။ ဒီ သီတင်းကျွတ်ကျောင်းပိတ်ရင် တို့ မင်္ဂလာကိစ္စပြီးတာနဲ့ တို့နှစ်ယောက်လည်း လိုက်မယ်။ စောင်းလည်း ယူခဲ့မယ်။ ရိုးမတောင်တန်းကို လျှောက်သွားလိုက်၊ သစ်သီးခူးစားလိုက်၊ စမ်းရေသောက်လိုက်၊ ကျောက်တန်းကျောက်စွယ်တွေမှာ ထိုင်ပြီး စောင်းလေး တီးလိုက်၊ မမြက သီချင်းဆို၊ မင်းက ပုလွေမှုတ်၊ တော်တော့်ကို ပျော်စရာကြီး နေမှာ"

သူတို့နှစ်ယောက်မှာ မြို့မျက်နှာဖုံး သူဌေးမိသားစုမှ ဆင်းသက်လာကြပြီး အထက်တန်းကျောင်းသား-ကျောင်းသူဘဝမှာပင် ချစ်ကြိုက်ကာ တက္ကသိုလ်မှ ဘွဲ့ရ၍ ယခု ဆရာ၊ ဆရာမဘဝကို ရောက်မှ မင်္ဂလာဆောင်ကြမည်ဖြစ်၏။ စိတ်ထားချင်း ရည်တူပြီး နှလုံးဖြူကြသူများလည်း ဖြစ်၏။

နှစ်ယောက်လုံး ရုပ်လှပြီး အဆိုအကလည်း ဝါသနာပါကြ၏။ ကဗျာလင်္ကာလည်း တတ်ကျွမ်းကြ၏။ သီချင်းများကို ကိုယ်တိုင်ရေးစပ် သီဆိုနိုင်ကြ၏။ ကျောင်းသား-ကျောင်းသူဘဝကပင် အဆို အက၊ အရေး အတီး လက်ရွေးစင်များလည်း ဖြစ်ကြ၏။ သူတို့၏ လက်ရာများသည် နုပြီး နွဲ့၏။ အသံကောင်း ရုပ်ချောသောသူတို့အဖို့ လွန်စွာ လိုက်ဖက်၏။

ယခုနှစ် အစမ်းကြီး စာမေးပွဲပြီးသည်နှင့် သူတို့နှစ်ယောက် မင်္ဂလာဆောင်ကြတော့မည်ဖြစ်သည်။ အစမ်းစာမေးပွဲကြီးပြီးသည်နှင့် မောင်အေးချမ်းလည်း ရွာကို အလည်ပြန်ဖြစ်၍ သူတို့နှစ်ယောက်လည်း လိုက်ပါလည်ပတ်ကြမည်ဖြစ်သည်။

◆◆◆

ရွာမှ ထွက်၍ လယ်တစ်ကွင်းဖြတ်လိုက်သည်နှင့် တောင်ခြေကို ရောက်လာကြသည်။ တန်းတင်ချောင်းကြီးအတိုင်း ဆန်တက်ပြီး ခွဆုံကို ရောက်လျှင် မြားဆိပ်ပင်ချောင်းဘက်ကို ဆက်လက်ပြီး တက်ကြသည်။ မြင်း

www.burmeseclassic.com

ဆိပ်ပင်ချောင်းမှ ကျောက်ထပ်ချောင်းဘက်ကို ဆက်တက်ပြီး သရက်ငိုးဘက်မှ တန်းတင်တောင်တန်းကြီး၏ တောင်ခုလတ်တွင် တစ်ထောက်နားကြသည်။

မောင်အေးချမ်းက ရှေ့ခရီးကို တစ်အောင့်ကြာအောင် မျှော်ကြည့်လိုက်ပြီး. . .

"နောက်တစ်ဆင့် ဆက်တက်လိုက်ရင်တော့ တောကြောထိပ်ကို ရောက်ပြီး အတက်ကုန်ပြီဗျ။ ဒီတော့ တစ်ခါတည်း ဆက်တက်ကြမလား။ ဒီနေရာမှာ နားကြမလား"

ဟု မေးကြည့်လိုက်သည်။

ကိုစိုးထွန်းအောင်က ကျောက်တုံးတွင် ထိုင်လိုက်သည်။ မခိုင်မြကြည်လည်း ကိုစိုးထွန်းအောင်နား ကပ်ထိုင်ကာ နဖူးက ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်၏။ ထို့နောက် ကိုစိုးထွန်းအောင်က ပြောသည်။

"ဒီနေရာလေးမှာ တစ်ထောက်နားမယ်ကွာ။ မောလည်း မောပြီ။ ချွေးလည်း ထွက်ပြီ"

ဟု ဆိုကာ စမ်းရေကို သက်ခုပ်ဖြင့် ခပ်ပြီး သောက်၏။ မခိုင်မြကြည်ကိုလည်း လက်ခုပ်ဖြင့်ပင် ရေခပ်၍ တိုက်၏။ ပြီးလျှင် ဆိုကြ၊ တီးကြ၊ မှုတ်ကြ၏။ သူတို့ ဆို-တီး-မှုတ်ကြသည်မှာ အများအားဖြင့် စောင်းပုလွေတို့နှင့် လိုက်ဖက်သော သီချင်းကြီးများသာ ဖြစ်၏။ သူတို့ သုံးယောက်၏ အကြိုက်မှာလည်း သီချင်းကြီးများသာ ဖြစ်၏။

ထို့နောက် တစ်ထောက်ဆက်တက်ကြပြန်သည်။ အေးအေးဆေးဆေး တောတောင် ရှုမျှော်ခင်းများကို ကြည့်ရှုခံစားရင်းကသာ ဖြည်းဖြည်းမှန်မှန်တက်နေကြသောကြောင့် သိပ်ပြီးပင်ပန်းခြင်းလည်း မရှိပေ။ တောင်မြင့်လာသောကြောင့် လေလည်း တိုးသည်။ သစ်တောကြီးများ ထူထပ်လာပြီး ကျောက်ခဲ ကျောက်ဆောင်များလည်း ပေါသည်။

သည်နေရာတွင် ကျောက်တုံး ကျောက်ဆောင်၊ စမ်းပေါက်, စမ်းအိုင်လေးများ ရှိသောကြောင့် ထမင်းထုပ်များကို ဖွင့်၍ စားကြ၏။ ငါးခြောက်မီးဖုတ်၊ ကြက်သားဆီပြန်၊ ဘဲဥပြုတ်၊ ငရုတ်သီးထောင်းနှင့် ရရာ ဝါးရောင်ချဉ်များကို ဆွတ်ခူးပြီး ဝါးလုံးကျည်တောက်ဖြင့် ဟင်းရည်သောက်တစ်ခွက် ဖန်တီး



ကာ စမ်းအိုင်ဘေးက ဒန်ဒကောက်သွန်များကို ခူးပြီး အတို့အမြှုပ်လုပ်၍ ဟင်းမျိုး အတော်အတန်စုံသောကြောင့် အတော်လေးပင် အဆင်ပြေသွား၏။

စားသောက်ပြီးနောက် တီးမှုတ်သီဆိုခြင်းကို စကြပြန်သည်။ အပျော်တမ်း ခရီးထွက်လာသောကြောင့် တောတောင် ရှုမျှော်ခင်းများကို ကြည့်ရှုခြင်း၊ ငှက်လေးများ၏ တေးသံစုံကို နားထောင်ခြင်း၊ တီးမှုတ်သီဆိုခြင်းများကိုသာ အဓိကထားပြီး တန်းတင်တောင်တန်းကြီးကို လျှောက်သွားနေကြသည်။

နောက်တစ်ကြိမ် ဆက်ထ... လိုက်ကြရာ တန်းတင်တောင်တန်း... ၏ အမြင့်ဆုံး တစ်နေရာကို ရော... လာကြသည်။ ထိုအခါ အရပ်လေး... နာတွင် ရှိနေကြသော တောတောင်... ကို မြင်နိုင်သမျှ ကြည့်ရှုလေ့လာ... ကြ၏။ အရစ်ရစ် အခွေခွေရှိနေ... ရိုးမတောင်တန်းကြီးများမှာလည်း ကြ... နှုး တ,သ၍ မဆုံးအောင်ပင် ရှိနေ... သည်။

"သာယာလိုက်တာ အေး... လေးရာ။ တို့တစ်သက်မှာ အ... သာယာကြည်နူးဖွယ်ကောင်းတဲ့ ... တောင်ရှုခင်းတွေကို တစ်ခါမှ... မတွေ့မမြင်ဖူးပါဘူး။ အခုတော့ ... ကျေးဇူးကြောင့် ကြည့်ရှု ခံစားခွင့်... တဲ့အတွက် မင်းကိုလည်း ကျေးဇူး... လို့ မဆုံးပါဘူး။ တကယ်ပါကွာ။ ... ကို မပြန် တော့ဘဲ ဒီတောတောင်... ထဲမှာသာ တစ်သက်ပတ်လုံး နေ... လည်နေချင်တော့တယ်"

ကိုစိုးထွန်းအောင်က ထိုသို့... ၍ မောင်အေးချမ်းအောင် သဘော... စွာဖြင့် ပြုံး၏။ ထို့နောက် တောတော... ရှုခင်းများကို တစ်ဝကြီး ကြည့်ရှုခံစား... ၏။ မခိုင်မြကြည်မှာ သာ၍ပင် ပျော်... ဟန်ရှိသည်။ သူ၏ မျက်နှာထ... အမြဲတမ်း ပြုံးရွှင်နေသည်ကိုသာ ... ရ၏။ တောပန်းကလေးများကို ... တိုင်းလည်း ခူးယူပြီး ယောက်ျားဖြ... ကိုစိုးထွန်းအောင်အား သူမခေါင်း... ပန်ပေးခိုင်း၏။

"မင်းက ဒီတောင်တန်းကြီး... အမြဲတမ်း ရောက်နေကျပဲလား"

ဟု ကိုစိုးထွန်းအောင်... မောင်အေးချမ်းအား မေး၏။

"ဒီအခေါက်နဲ့မှ သုံးခါ...



www.burmeseclassic.com

www.burmeseclassic.com

အများအားဖြင့်ကတော့ မဲတောင်ဘုရား သွားဖူးရင်းကပဲ ရောက်ဖြစ်ပါတယ်"

"မဲတောင်ဘုရားက ဘယ်ဘက်မှာလဲ"

"ဒီတန်းတင်တောင်တန်းကြီးရဲ့ အနောက်ဘက်အစွန်မှာပါ"

"အေးကွာ။ အခုတော့ ဘုရားကိုတန်းပြီး မသွားသေးဘူး။ ဒီတောင်တန်းကြီးကို ဖြည်းဖြည်းမှန်မှန်လျှောက်ရင်း၊ တီးမှုတ်သီဆိုရင်း ညနေလောက်မှ ဘုရားတက်ဖူးပြီး ထူးခြားနား သီချင်းကြီးကို တီးမှုတ်သီဆို ပူဇော်ကြမယ်လေ"

ဘုရားဆီမှ စက်ဖွင့်သံကို ကြားနေရ၏။ ခရီးတာအားဖြင့် သုံးလေးမိုင်ခန့်သာ လှမ်းပေတော့မည်။ ထို့ကြောင့် ခပ်မှန်မှန်သာ စောင်းတီးလိုက်၊ ပလွေမှုတ်လိုက်၊ သီချင်းဆိုလိုက်နှင့် တန်းတင်တောင်တန်းကြီးကို လျှောက်၍သွားကြလေသည်၊ လျှောက်သွားရင်းက ရှုမျှော်ခင်းများကိုလည်း တစ်ဝကြီး ကြည့်ရှုခံစားကြ၏။

နွယ်ကြိုးတန်းများကို တွေ့တိုင်း မခိုင်မြကြည်က ဒန်းစီးလျှင် ကိုစိုးထွန်းအောင်က ပုခက်လွှဲသလို လွှဲပေး၏။ သူတို့၏ မင်္ဂလာဆောင်ပြီးစ ဇနီးမောင်နှံနှစ်ယောက်ကို ပျော်ရွှင်ကြည်နူးနေကြသည်ကို ကြည့်ပြီး မောင်အေးချမ်းက သဘောကျစွာဖြင့် ပြုံး၏။ ထို့နောက် မခိုင်မြကြည်က တောပန်းကလေးများကို အိမ်ပြန် လက်ဆောင်အဖြစ် လျှောက်၍ခူး၏။

"ဟော့…တစ်ယောက်မှ မလှုပ်နဲ့ အားလုံး လက်မြှောက်လိုက်ကြ"

မိုးကြိုးပစ်သကဲ့သို့ အသံသြသြကြီးကို ကြား၍ ကြည့်လိုက်ကြရာ နာမည်ကျော် တစ်ကိုယ်တော် လူဆိုးကြီး ဦးပုတ်ဆိုးသည် သစ်ပင်ကြီး အကွယ်မှ ခုန်ထွက်လာပြီး ခြောက်လုံးပြူးနှင့် ချိန်လျက် မောင်အေးချမ်းတို့ဘက်သို့ လာနေလေသည်။ ထို့ကြောင့် မောင်အေးချမ်းတို့မှာ ဘာလုပ်ရမှန်းမသိဖြစ်ကာ လက်များကို မြှောက်၍သာ နေကြရလေသည်။

မောင်အေးချမ်းသည် ယခင်က ပင် နှစ်ကြိမ်မျှ ဦးပုတ်ဆိုးကို မြင်ဖူး၏။ ရက်စက်သည့်အရာတွင် နာမည်ကြီး၏။ ကံငါးပါးလုံးကို ရသမျှ ကျူးလွန်၏။ ရက်စက်လွန်းသောကြောင့်လည်း တပည့် မမြဲခြင်းဖြစ်၏။ တပည့်များနှင့် သူသတ်ကိုယ်သတ် သတ်ကြရင်းက သူကချည်း အနိုင်ရပြီးနောက်ပိုင်းတွင် တပည့်မမွေးတော့ဘဲ တစ်ကိုယ်တော် လူဆိုးကြီးအဖြစ် နေ၏။

ခိုးဆိုးလုယက် သတ်ဖြတ်သည့်နေရာတွင် သူမတူအောင် ဆိုး၏။ သူနှင့် ရင်ဆိုင်တွေ့သော လူများကိုလည်း သခင်းပေါက်ကြားမည်စိုး၍လော မသိ၊ အဆဖျောက်ပစ်သည်က များ၏။ အသက်ချမ်းသာရသူ အလွန်ရှား၏။

"အဟဲဟဲ…ကိုယ့်လူတို့မှာ ငါ့အတွက် ကောင်မချောလေးတစ်ယောက်လည်း ပါလာကြသကိုး။ ကျေးဇူးတင်ချင်စရာကောင်းလိုက်ပါပေတယ်"

ဟု ပြောပြီး လူဆိုးကြီး ဦးပုတ်ဆိုးသည် မောင်အေးချမ်းတို့ဘက်သို့ ဦးတည်လာနေရင်းက လမ်းကြောင်းပြောင်းကာ ပန်းကလေးများ တစ်ပွေ့တစ်ပိုက်ဖြင့် ကြောင်ကြောင်ကြီး ရပ်တောင့်နေသော မခိုင်မြကြည်ဘက်သို့သာ လျှောက်သွားနေလေသည်။

"ဘယ်လိုလဲ မိုးပြာရောင် ဝမ်းဆက်ကလေးရဲ့။ ဟို စောင်းကို ပိုက်ထားတဲ့ ဂျင်းမိုးပြာရောင်နဲ့ လူက မင်းရဲ့ ခင်ပွန်းသည်များလား။ အပျိုအစစ်ကလေးမဟုတ်ဘူးလား"

ဟု ဆိုကာ မခိုင်မြကြည်အား နောက်မှနေ သိမ်းကြုံးဖက်လိုက်ပြီး ခြောက်လုံးပြူးကိုင်ထားသော လက်နှင့် ခါးကို ဖက်ကာ တသိမ့်သိမ့်တုန်အောင် ကိုင်လှုပ်၍ ညှစ်လေ၏။ ထို့နောက် သွားရည်တမြားမြားကျလျက် နားမခံနိုင်လောက်သော ရာဂနှင့် စပ်သည့် စကားလုံးများဖြင့်လည်း ပြော၍နေလေသည်။

မခိုင်မြကြည်၏ ပါးနှနှကို လည်းကောင်း၊ နှုတ်ခမ်းအစုံကို လည်းကောင်း အကြမ်းဖက်ရန် အားထုတ်လာသည်ကို မခိုင်မြကြည်က အတတ်နိုင်ဆုံး ရုန်းကန်ဖယ်ရင်းက ကာကွယ်နေရ၏။ မခင်မြကြည်က အတတ်နိုင်ဆုံး တွန်းဖယ်ထား၍ သူ၏ အကြမ်းဖက်နေခြင်းများ မအောင်မမြင်ဖြစ်နေရသောကြောင့် ဦးပုတ်ဆိုးသည် အလွန်အမင်း ဒေါသထွက်လာပြီး နားထင်ကို ခြောက်လုံးပြူးဖြင့် တေလိုက်ရာ မခိုင်မြကြည်သည် ရုန်းကန်တွန်းဖယ်ခြင်းကို မပြုရဲတော့ပေ။

"ကိုစိုးထွန်းအောင်…ဒီအတိုင်း အလျှော့ပေးနေလို့ ဖြစ်မလားဗျ။ ကျွန်တော် သိုင်းလက်ရေတတ်ပါတယ်။ ဒီလူယုတ်မာကြီး မခိုင်မြကြည်ရဲ့ နှုတ်ခမ်းကို အရှုံးအမူးနမ်းနေတုန်း ကျွန်တော် ဒီလူယုတ်မာကြီးရဲ့ နဖူးကို ဆောင့်ကန်လိုက်မယ်။ သူ ဘာမှ ပြန်လုပ်ချိန်မရဘဲ လက်က ခြောက်လုံးပြူး လွင့်ထွက်သွားမှာပဲ"

ဟု မောင်အေးချမ်းက တိုးတိုး ပြော၏။

"မလုပ်နဲ့ကွာ။ ထင်သလို ဖြစ်မလာရင် အားလုံး သေကြမှာ"

ဟု ကိုစိုးထွန်းက အသံတုန်တုန်ဖြင့် ပြော၏။ ကိုစိုးထွန်းအောင်၏ အသံတုန်နေခြင်းမှာ ဒေါသထွက်၍လား၊ ကြောက်၍များလားဟု မခွဲခြားနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

"ဟေး···ဟိုအငယ်ကောင်က လှစွမ်းကောင်းလား။ ဘာလဲ မင်း ထွက်ပေါက်ကျယ်ချင်သလား။ မင်းတို့ နှစ်ကောင်လုံး မသေချင်ရင် ရှေ့က သွား။ ဟိုချောက်ကြီးထဲကို ဆင်းကြစမ်း"

မောင်အေးချမ်းနှင့် ကိုစိုးထွန်းအောင်တို့မှာ ဘာမျှမတတ်နိုင်ကြတော့ပေ။ လူယုတ်မာကြီး ဦးပုတ်ခိုး၏ နွားအုပ်ကို မောင်သကဲ့သို့ ချောက်ကြီးထဲကို မောင်းချခြင်းသာ ခံရလေသည်။ လူယုတ်မာကြီးကမူ ခြောက်လုံးပြူးကို လက်တစ်ဖက်က ကိုင်ပြီး မနိုင်မြကြည်အား ချုပ်ကိုင်၍ နောက်မှ လိုက်ပါလာသည်။ ထို့နောက်···

"မဲတောင်ဘုရားပွဲတော် ကျင်းပနေတုန်း ချောင်းမြောင်း စောင့်ဖမ်းရင်ကောင်မလေးတစ်ယောက်လောက်တော့ မြည်းစမ်းရလောက်တယ်လို့ ထင်နေခဲ့တာ။ အခုတော့ ကျေးဇူးရှင် မိတ်ဆွေလေး နှစ်ယောက်က လာပို့ပေးလို့ အချောအလှ မိန်းပြာမလေးတစ်ယောက် ငါ့ကိုယ်တော်ရှင်မြတ်၏ ရှေ့တော်မှောက်ကို အလိုအလျောက်ရောက်လာတော့တာပဲ။ ဒါဟာ မုတ်ဆိတ်မှာ ပျားစွဲတာတော့ မဖြစ်နိုင်ဘူး။ ——မှာ ပျားစွဲတာပဲ ဖြစ်မယ်။ အဟဲဟဲ···"

"ရှင် ··· ယုတ်မာလွန်းတယ်။ သမီး နမချင်း မစာနာဘူး"

ဟု မနိုင်မြကြည်က ငိုသံပါကြီးနှင့် ပြော၏။

"အဟဲဟဲ··ယုတ်မာတာမဟုတ်သေးပါဘူး။ အခု နည်းနည်းလေးမြည်းစမ်းကြည့်နေတာပါ။ ပြီးမှ···ပြီးမှ··· အဟဲဟဲ"

မောင်အေးချမ်းသည် နားထောင်၍မရသည်အထိ ဖြစ်လာ၏။ ကိုယ်တိုင်က လက်နှစ်ဖက်ကို မြှောက်ပြီး ရှေ့မှ သွားနေရသည့်တိုင်အောင် သည်းခံနိုင်စွမ်းမရှိတော့ဘဲ ဒေါသဖြင့် မွန်ထူပြီး အသားများပါ တုန်လာလေ၏။

"ကိုစိုးထွန်းအောင်···ကျွန်တော် ဒီလူယုတ်မာကြီးကို လုပ်တော့မယ်။ သေရမှာကိုလည်း မစဉ်းစားတော့ဘူး။ သူ မသေရင် ကိုယ်သေပေါ့ဗျာ။ ဒီအတိုင်းသာဆိုရင် ဒီလူယုတ်မာကြီးဟာ ချောက်ထဲရောက်တာနဲ့ ကျွန်တော်တို့ အားလုံးကို သတ်ချင် သတ်ပစ်မှာဗျ"

ဟု မောင်အေးချမ်းက တိုးတိုး ပြောသည်။



"မောင်အေးချမ်း···သည်းခံစမ်းပါ။ မင်းပြောသလိုလည်း မဟုတ်ပါဘူး။ ဒါကြောင့် ဒီအချိန်မှာ မင်းတို့၊ ငါတို့ အသက်ရှင်ရေးကိုသာ အဓိကထားပြီး စဉ်းစားပါ။ သူ ငါ့မိန်းမကို စော်ကားချင် စော်ကားပါစေ၊ ငါ ခွင့်လွှတ်သည်းခံပြီး ပေါင်းသွားမှာပါ"

ချောက်နက်ကြီးထဲသို့ ရောက်လာကြ၏။ သစ်ပင်ကြီးများက အုပ်မိုးနေ၏။ ကျောက်တုံး ကျောက်ဆောင်ကြီးများလည်း ပေါ၏။ တောငှက်ပျောပင်များလည်း ဟိုတစ်ပင်··သည်တစ်ပင် ရှိနေ၏။ ထိုအခိုက်မှာပင် တောငှက်ပျောပင်များကို ချိုး၍ စားနေသော "ဂါးချေ"အမည်ရှိ စွယ်စုံ တောဆင်ကြီးတစ်ကောင်နှင့် ပက်ပင်းတိုးမိကြလေသည်။

ဂါးချေသည်ကား လူသတ်သည့်နေရာတွင် နာမည်ကြီးသည်။ ရက်စက်သည်။ ကြောက်လန့်ခြင်း ကင်းစွာဖြင့် သတ်ဖြတ်တတ်သည်။ လူများနှင့် အနေနီး၍ ယဉ်ပါးပြီး လူတို့၏ စိတ်ကိုလည်း သိသည်။ ဂါးချေတို့ သားအမိနှစ်ကောင်သည် တန်းတင်တောင်ကြီးသို့ ရောက်လာကြရာ မိခင် ဆင်မကြီးသည် ချောက်ထဲသို့ ပြုတ်ကျပြီး သေသဖြင့် ဂါးချေတစ်ကောင်တည်း ကျန်နေခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က ဂါးချေသည် သိပ်ပြီး အရွယ်မရောက်သေးပေ။ ထို့ကြောင့် အခြားတောတောင်များကို မသွားတတ်ဘဲ သည်တောတောင်များထဲက လူတို့၏ လုပ်ခင်း တောင်ယာများကိုသာ ဝင်မွှေ၍ စားသောက်လေ၏။ ထို့ကြောင့် လူများက လောက်လေးဖြင့် ပစ်၊ ခဲနှင့်ပေါက်၊ ဓားလုံနှင့် ထိုး၊ အမျိုးမျိုးလုပ်ကြ၏။ ဂါးချေလည်း အလူးအလိမ့်ခံစားရ၏။

အစွယ်ပေါက်လာသောအခါ ကားကားလေးဖြစ်၍ "ဂါးချေ"(ဂါးလေး) ဟု ပြော/ခေါ်ကြသည်၊ အရွယ်ရောက်၍ အားအင်များ ပြည့်ဖြိုးလာသောအခါ ဂါးချေသည် သည်းမခံတော့ပေ။ လူများကို ပြန်၍ တိုက်ခိုက်လာ၏။ လူများနှင့် မကြာခဏ တိုက်ခိုက်နေရ၍ လူတို့၏ စိတ်အကြံကိုလည်း သိနေသောကြောင့် ဂါးချေနှင့် ပက်ပင်းတိုးလျှင် အသက်ချမ်းသာရသူ ရှား၏။

"ရှဲ့"ဟု ကျယ်လောင်စွာဖြင့် စွယ်



www.burmeseclassic.com

www.burmeseclassic.com

ဲ့ပေးပြီး ဂါးချေသည် နာမောင်းကို စပ်ထဲ ထည့်ကာ ခေါင်းမော့ပြီး ကျက်လုံးများ ခွတ်ခွတ်ဖြူလျက် လူ များဘက်သို့သာ စိုက်ကြည့်နေလေ သည်။ ဤပုံစံအနေအထားမှာ ဆင်တို့ သည် ရန်သူအား သတ်ရန် အသင့် ပြင်ဆင်ထားခြင်းပင် ဖြစ်၏။ ယခု မောင်အေးချမ်းတို့အား မသတ်ခြင်းမှာ ရေများနေ၍ထင်၏။

ထိုအခိုက်မှာပင် ဦးပုတ်ဆိုးသည် ခြောက်လုံးပြူးဖြင့် ဂါးချေအား ပစ်လိုက် ၍ ဂါးချေ၏ ဦးခေါင်းကို ရှပ်ထိသွား ဖြင့် ဦးပုတ်ဆိုးနှင့် မခိုင်မြကြည်တို့ အား အပြေးကျုံးပြီး နင်းသတ်လိုက် လေသည်။ မောင်အေးချမ်းနှင့် ကိုစိုး ထွန်းအောင်တို့လည်း ဦးတည်ရာဘက် သို့ ထွက်ပြေးကြ၏။ မောင်အေးချမ်းက ဘာသားလေးဖြစ်၍ ဆင်/ကျားများ၏ အကြောင်းကို အထိုက်အလျောက် သိ သော်လည်း၊ မြို့သားလေး ကိုစိုးထွန်း အောင်သည်ကား ကျား/ဆင်တို့၏ အကြောင်းကို ဘာမှမသိပေ။

"ကိုစိုးထွန်းအောင် . . . တောင် အောက်ကို ဆင်းမပြေးနဲ့၊ တောင်ကမ်း ယံကို တန်းတန်းဖြတ်ပြေး"

မောင်အေးချမ်းက အော်ပြော လိုက်သော်လည်း နောက်ကျသွားလေ ။ ဂါးချေ တောဆင်ရိုင်းကြီးသည် ကိုစိုးထွန်းအောင် ပြေးဆင်းသွားသော တောင်အောက်လမ်းအတိုင်း ဖင်ထိုင် လျှောချလိုက်သဖြင့် ကိုစိုးထွန်းအောင် း တွေးဝံ့စရာပင် မရှိတော့ပေ။

ဂါးချေ တောဆင်ရိုင်းကြီးသည် လူသုံးယောက်ကို သတ်ဖြတ်ပြီးရုံဖြင့် ကျေနပ်နိုင်သေးဘဲ မောင်အေးချမ်း ဘက်ကို တစ်ဖန် ပြေးတက်ပြီး လိုက် ပြန်သည်။ မောင်အေးချမ်းမှာလည်း ကျောက်တုံး ကျောက်ဆောင်ကြီးများ၏ အကြားတွင် ပြေးလမ်းပိတ်နေသော ကြောင့် ချုံနွယ်များ ပိတ်ဖုံး ရစ်ပတ်နေ သည့် အိမ်တစ်ဆောင်ခန့် ရှိသော နီးစပ် ရာ ကျောက်တုံးကြီးတစ်တုံးပေါ်သို့ ပြေး တက်လိုက်ရသည်။

ဂါးချေ ဆင်ဆိုးကြီးသည် နာ မောင်းဖြင့် မောင် အေးချမ်းအား လိုက် ဆွဲ၍ မမီလိုက်သောကြောင့် ကျောက် တုံးကြီးမှာ ရစ်ပတ်နေသော နွယ်ချုံများ ကို နာမောင်းနှင့် တအားဆောင့်ဆွဲ လိုက်ရာ နွယ်ပင်များနှင့် ရောထွေးပြီး မောင်အေးချမ်းလည်း ပါသွားလေသည်။ ကံကောင်း၍ ဆင်ဖဝါးအောက်ကို မရောက်ဘဲ ဆင်၏ ကျောကုန်းမှ ဖြတ် ကျော်ကာ လွင့်စဉ်ပြီး ကျောက်အိုင်ကြီး ထဲသို့ ကျသွားလေသည်။

ဂါးချောင်း ဆင်ဆိုးကြီးသည် မောင်အေးချမ်း ဘယ်ဆီကို ရောက်သွား မှန်းမသိဖြစ်ကာ ဟိုသည် ကြည့်ရှုရှာ ဖွေရင်းက ကျောက်အိုင်ဘက်ဆီကို ပြေးဆင်းလာပြန်၍ မောင်အေးချမ်း လည်း ရေထဲသို့ ငုပ်ပြေးရင်းက ကျောက်ခေါင်းထဲကို ဝင်နေလိုက်ရ သည်။ ကျောက်ခေါင်းထဲသို့ ဝင်နေ သောကြောင့် ဂါးချေ မမြင်နိုင်တော့ပေ။

ဂါးချေသည် ရေအိုင်ထဲ လျှောက် နင်းလိုက်၊ မောင်အေးချမ်းအား ရှာလိုက် နှင့် တစ်အောင့်ကြာသော် "ရွှီ"ဟု ကျယ် လောင်စွာဖြင့် စွယ်သံပေးပြီး တစ်ချက် အော်ကာ ကျောက်ရေအိုင်မှ ပြေးတက် ပြီး တောင်ကမ်းပါးယံတွင် တစ်အောင့် ကြာ ငြိမ်နေပြန်သည်။

ကိုယ်ကို ပုလျက် အမြီးကို ထောင်၊ နာမောင်းကို ခေါင်းပေါ်မှာ တင် ပြီး နားရွက်ကို တဖျတ်ဖျတ်ခတ်ကာ စဉ်းစားနေ၏။ အနံ့ရှာရင်းဖြင့် အသံဗလံ များကိုလည်း နားစိုက်နေဟန်ရှိသည်။ ထို့နောက် "ရွှီ"ဟု ကျယ်လောင်စွာ ထပ်အော်လျက် ဦးတည်ရာဘက်သို့ ပြေးထွက်သွားလေသည်။

သို့မှ မောင်အေးချမ်းလည်း ကျောက်ခေါင်ထဲမှ ထွက်၍ မဲတောင် ဘုရားဆီသို့ ပြေးတက်ကာ ဘုရား ဂေါပကအဖွဲ့နှင့် သက်ဆိုင်ရာ ပွဲထိန်း အရာရှိများအား ခေါ်ယူကာ အလောင်း များကို လိုက်ရှာကြရ၏။ ထိုအချိန်တွင် စက်လေ့ဗုံ့ပြီး ကိုစိုးထွန်းအောင်နှင့် မခိုင်မြကြည်တို့၏ မိဘများကိုလည်း အခေါ်လွှတ်ထားရသည်။

လူဆိုးကြီး ဦးပုတ်ဆိုး၏ အလောင်းကို ရဲများလက်သို့ ပေးအပ် လိုက်ပြီး ကိုစိုးထွန်းအောင်နှင့် မခိုင်မြ ကြည်တို့၏ အလောင်းနှစ်လောင်းကိုမူ မောင်အေးချမ်းကပင် ဦးဆောင်ပြီး သူတို့၏ မိဘများနှင့်အတူ တန်းတင် တောင်တန်းကြီး၏ တောင်စွယ် တစ်နေရာတွင် သင်္ဂြိုဟ်ကြသည်။ အသုဘရှုရန် ဘုရားပွဲလာ ဘုရားဖူးပြီးသတ်များ နှင့် တန်းတင်တောင်ခြေတွင် ရှိသည့် ရွာများကပါ ရောက်လာကြသဖြင့် တော ထဲက အသုဘနှင့်မတူဘဲ နာမည်ကြီး လူတန်းစားများထဲက မြို့အသုဘတမျှ ပင် စည်ကားလေသည်။

ဆရာတော်ငါးပါးကို ပင့်ဖိတ်ကာ ရေစက်ချ၊ အောင်ချင်းယှဉ်လျက်ရှိသော မြေပုံလေးနှစ်ပုံတွင် တောပန်းလေးများ ကို ဝေနေအောင် ကြဲဖြန့်ပြီး သင်္ဂြိုဟ် ကြသည်။ ကိုစိုးထွန်းအောင်နှင့် မခိုင်မြ ကြည်တို့၏ သွေးစပ်သူများအပြင် အသုဘ လာရှုကြသူများအားလုံးတို့ သည်ပင် မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ ပညာရှိနှစ်ယောက်တို့ ၏ အကြွင်းမဲ့ ဆုံးရှုံးခြင်းကြောင့် နမြော တသ၍မဆုံးလည်း ဖြစ်ကြရ၏။

• • •

ဤအဖြစ်သည်ကား ကြာခဲ့ပြီ။

www.burmeseclassic.com

နှစ်ပေါင်း ၃၀ပင် ကျော်လာခဲ့ပြီ။ ယခုအခါ မောင်အေးချမ်းသည်လည်း ကလောင်ကြောက်မှုဖြင့် စာပေရေးသားသူအဖြစ်သို့ ရောက်လျက်ရှိသည်။ သို့သော်လည်း ဤအဖြစ်ကို တစ်နေ့တစ်ရက်မျှ မေ့၍မရသေးပေ။ ရွာကို ပြန်တိုင်းလည်း ထိုနေရာ၊ ထိုမြေပုံလေးနှစ်ပုံရှိရာသို့ သွား၍ မိမိပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ကိုစိုးထွန်းအောင်နှင့် မခိုင်မြကြည်တို့အား အမျှပေးဝေလေ့ရှိ၏။

ယခုအခါ ထိုနေရာဒေသ တောတောင်တို့သည် ထိုအချိန်ကလောက် နက်ရှိုင်း ကြမ်းတမ်းခြင်း မရှိတော့ပေ။ ကာလအလျောက် ကျားဆိုးကြီးများလည်း(ကျွန်းပတ်ကျားမှလွဲ၍) သိပ်ပြီး ရောက်လာခြင်းမရှိတော့ပေ။ ထို့နည်းတူ တန်းတင်တောင်တန်းကြီး၏ တောင်ခြေ တောင်စွယ်များတွင် လူတို့၏ လုပ်ခင်းများ ရှိလာနေ၍ တောဆင်များသည်လည်း ရံခါသာ ရောက်လာလေ့ရှိတော့သည်။

မောင်အေးချမ်း ရန်ကုန်မှ ပြန်၍ ရွာကို ရောက်ပြီးနောက် နှစ်ရက်သုံးရက်နားကာ တန်းတင်တောင်တန်းကြီးကို တက်လေ့ရှိသည်။ ရေးရေးလေးမျှသာ ရှိတော့သော ကိုစိုးထွန်းအောင်နှင့် မခိုင်မြကြည်တို့၏ မြေပုံလေးနှစ်ပုံဆီကို အရောက်သွားလျှင် မြေပုံပေါ်မှ အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားပြီး ရရာတောပန်းလေးများကို ခူးယူကာ ပန်းစည်းပန်းခွေများ ပြုလုပ်ပြီး သူတို့၏ မြေပုံမှာ ချသည်။

အဖြူ၊ အနီ၊ အဝါ၊ အပြာ အရောင်စုံသော ပန်းပွင့်ကလေးကို ကြဲဖြန့်သည်။ သစ်စိမ်းရွက်ကလေးများကို ရံ၍ ကြဲသည်။ ထို့နောက် ဘေးတစ်နေရာက မတ်တတ်ရပ်ကာ မိမိ၏ စိတ်ကို ကြည်လင်အောင် ထားပြီး ကိုစိုးထွန်းအောင်နှင့် မခိုင်မြကြည်တို့၏ ရုပ်အစုံကို စိတ်အာရုံ၌ ပြန်လည်ထင်ဟပ် မြင်ယောင်လာသည်အထိ ပြု၍ မိမိပြုလုပ်ဖူးသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှအတန်းဝေ၏။

ထိုနေရာမှ ခွာ၍ ပြန်ဆင်းလာပြီးနောက် တောင်ခြေ၏ အနီးဝန်းကျင်သို့ ရောက်လျှင် ထိုအနီးဝန်းကျင်တွင် ဥယျာဉ်လုပ်နေကြသော လူများက မောင်အေးချမ်းအား သူတို့၏ ဥယျာဉ်ထွက် သီးနှံများကို ကျွေးမွေးဧည့်ခံရင်း ပြောပြကြသည်မှာ -

"ကောင်လေး···နှင့်ရဲ့ သူငယ်ချင်း ကောင်လေးနဲ့ ကောင်မလေးတို့ဟာ ဒီတန်းတင်တောင်တန်းကြီးမှာ ရှိနေကြတယ်၊ တစ်ခါတလေ စမ်းချောင်းထဲမှာ ပန်းခူးနေကြတာကို တွေ့ရတယ်။ တစ်ခါတလေ ဒန်းစီးနေကြတာကို တွေ့ရတယ်။ ပြီးတော့ တောင်တန်းတစ်လျှောက်မှာ စောင်းတီးပြီး သီချင်းဆိုနေကြတာကိုလည်း တွေ့ရတယ်။ တစ်ခါတလေဆိုရင် မဲတောင်ဘုရားရင်ပြင်တော်မှာလည်း တွေ့ရတတ်တယ်"

နောက်တစ်ယောက်ကလည်း -

"သူတို့က သရဲတစ်မျိုးတော့ ဖြစ်မယ်။ ဒါပေမယ့် ဘုရားဖူးကြဦးမယ်ဆိုတဲ့ အာရုံကောင်း နိမိတ်တွေ ရှိနေတုန်းဖြစ်လို့ ဆင်နင်းပြီး အစိမ်းသေနဲ့ သေသွားကြပေမယ့် နတ်စိမ်းဖြစ်သွားကြတာပဲ ဖြစ်မယ်"

နောက်တစ်ယောက်ကလည်း -

"လူမိုက်ကြီး ဦးပုတ်ဆိုးကိုလည်း တွေ့ကြတယ်။ သူကတော့ ကောင်လေးနဲ့ ကောင်မလေးတို့လို မဟုတ်ဘူး။ တောင်တန်းမှာလည်း မဟုတ်ဘူး။ တောင်ခြေက မြက်စာခင်းနဲ့ လယ်တောစပ်တွေမှာ ညဘက် သူ့ကိုယ်လုံးကြီး မီးလောင်ပြီး အော်ညည်း ထွ[...] ပြေးနေတာကိုပဲ တွေ့ကြတယ်"

ဆို၏။

ပြောပြကြပုံချင်း တူညီမှု မရှိ[...] ဤသည်မှာ သေခါနီးတွင် ဖြစ်သေ[...] ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့[...] အကျိုးပေးခြင်းကို လိုက်၍ ဖြစ်သွား[...] ခြင်းမှုပင် ဖြစ်သည်။ ကိုစိုးထွန်းအော[...] နှင့် မခိုင်မြကြည်တို့မှာ ဘုရားဖူး[...] သော မဟာကုသိုလ်စိတ်နှင့် ကြည်[...] စိတ်များသာ ဖြစ်နေကြပြီး ဦးပုတ်ဆိုး[...] မှာမူ ရာဂစိတ်၊ လောဘစိတ်၊ ဒေါ[...] စိတ်တည်းဟူသော ကြီးလေးသ[...] အကုသိုလ်စိတ်များသည်သာ ပွားလျ[...] ရှိ၏။

မဟာကုသိုလ်စိတ်နှင့် သေ[...] သွားရသူတို့သည် အစိမ်းသေနှင့် [...] ဆုံးရလျှင်ပင် တိဟိတ် ပုဂ္ဂိုလ်များအ[...] ဖြစ်နိုင်သောကြောင့် စာတုမဟာ[...] နတ်တို့အနွယ် နတ်စိမ်းများသာ ဖြ[...] ရ၍ တရားတော်ကို နာကြားရ[...] သောတာပန်အထိပင် ဖြစ်နိုင်၏[...] ကြောင့်လည်း သူတို့၏ တည်ရာ[...] တွင် ပျော်ရွှင်ရယ်မောစွာဖြင့် နေနိုင်[...] ခြင်းဖြစ်ပေမည်။

ဦးပုတ်ဆိုး၏ အကြောင်း[...] အထူးဖွင့်ဆိုရန်ပင် မရှိပေ။ အတုံး[...] အတစ်လိုက်ဖြစ်လျက်ရှိသော အ[...] သိုလ်စိတ်နှင့်သာ သေဆုံးသွား[...] ကြောင့် ယခု ကိုယ်ကို မီးစွဲလော[...] သည်ဟူသော သရဲဘဝမှ ထို[...] နက်သော အနက်ကြီးကို ကျသွား[...] ရှိနေသေး၏။ သူ့လမ်းကို သူထွင်[...] သည်ဟူ၍သာ ဆိုရပေတော့မည်[...]

* * *

မင်းသ[...]



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်သော ဂမုန်းသံယာစင် ဆေးအသုံး

ချစ်မုန်းခင်(ကြို့ပင်ကောက်-လယ်တီ)

"ဂမုန်း" ဟူသော အမည်မှာ ဥရှိသော အပင်ငယ်များစွာတို့ကို ခြုံ၍ခေါ်သောအမည်ဖြစ်သည်။ အချို့မှာ မြေ၌ ပေါက်သည်။ အချို့မှာ အပင်ကြီးတွင် တွယ်ကပ်ပေါက်သော ပင်ဆင့်မျိုးဖြစ်သည်။

ဂမုန်းသယ်ာစင်သည် ဇလတ္တာရွက်ကဲ့သို့သော အရွက်ရှိ၍ အမြစ်လုံးသည် ဂမုန်းသယ်ာစင်၏ ဆေးအစွမ်းများမှာ...

* နှလုံးရောဂါနှင့် ဆက်နွယ်နေသော နှလုံးခုန် ရင်တုန် မောပမ်းနွမ်းနယ်ကာ ခြေဆစ်လက်ဆစ်ကလေးများ ရောင်နေတတ်ပြီး အဆစ်အမျက်ကိုက်ခဲကာ အသက်ကို ဝအောင် မနည်းရှူနေရသော နှလုံးရောဂါသည်များ။
* နေ့စဉ် သွေးပေါင်ကျဆေး မှီဝဲနေရသော သွေးတိုးရောဂါရှင်များ။
* အစာအိမ်ရောဂါသည်များ ခံစားနေရသော အစာမကြေ ရင်ပြည့်ရင်ကယ် အစာအိမ် အချဉ်ပေါက်ကာ ခံစားနေရသော ရောဂါသည်များအားလုံး ပျောက်ကင်းခြင်း။
* သွက်ချာပါဒနှင့် ပန်းသေရောဂါရှင်များ ခန္ဓာကိုယ်သွေးသားလည်ပတ်မှု မှန်လာပြီး ကိုယ်ငွေ့နှင့် သွေးအား၊ လေအား၊ တွန်းကန်မှုအားကောင်းလာကာ ရှင်လျက်နှင့် သေနေရသော ဘဝဆိုးကြီးမှ ဘဝသစ်ကို တစ်ဖန် ရယူပေးစွမ်းနိုင်ခဲ့ပါသည်။

ဂမုန်းသံယာစင်သည် ဆာလောင်မွတ်သိပ်ခြင်းကို ဖြစ်စေတတ်၏။ ကြေကျက်ခဲ၏။ အသက်ကို ရှည်စေ၏။ ကာမကို အားပေး၏။ အကြောတို့ကို တွန့်ရှုံ့စေတတ်၏။ ဝဖြိုးစေတတ်၏။ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏။

နှလုံးရောဂါ၊ သွက်ချာပါဒ၊ မြစ်ခြောက်နာ၊ ဆီးချို၊ ကျောက်တည်ရောဂါ၊ အစာမကြေ ဝမ်းပျက်ရောဂါနှင့် ပန်းသေ ပန်းညှိုးရောဂါတို့၌ အကျိုးပြု၏။

## ဂမုန်းသံယာစင်ဆေးအသုံး

၁။ ဂမုန်းသံယာစင် တစ်မတ်သားကို ထုထောင်း၍ နွားနို့တစ်ပုလင်းဖြင့် နေ့စဉ်ကျိုချက်ကာ အရည်ရော အဖတ်ပါ စားသုံးစေပြီး အနည်းဆုံး တစ်လခန့်နှင့် အမြဲတမ်း မှီဝဲနိုင်ပါက အကျိုးထူးများ တွေ့ရပါလိမ့်မည်။

၂။ ဂမုန်းသံယာစင် ခုနစ်ခုကို ရေစင်အောင် ဆေးပြီး ပါးပါးလှီး၍ ပျားရည်တစ်ပုလင်းတွင် ထည့်ကာ နေပူတွင် ၁၀ရက်ခန့်လှန်း၍ ဂမုန်းဖတ်များ နူးနပ်အောင် နေဖြင့်ကျက်စေပြီးမှ အရည်ရော အဖတ်ပါ နံနက်တစ်ဇွန်း ညတစ်ဇွန်း မှီဝဲစေပါသည်။ (စိမ်ရည်ကဲ့သို့ သောက်ကောင်းလှပါသည်။)

၃။ ဂမုန်းဥများကို ပါးပါးလှီး နေလှန်း အမှုန့်ပြုကာ ပျားရည်ဖြင့် လုံး၍ရသောအဆင့်ရောက်အောင် နယ်ကာ ရွေးစေ့ခန့်လုံးပြီး နေလှန်း၍ နံနက် နှစ်လုံး၊ ည နှစ်လုံး (ရေကို အဝသောက်ပါ) မှီဝဲစေသောနည်းဖြင့် စမ်းသပ်ခဲ့ရာ ဆီး၊ ဝမ်း၊ သွေး၊ လေမှန်ကာ သွေးသားစင်ကြယ်၍ အဆစ်အမျက် ကိုက်ခဲညောင်းညာမှု ဝေဒနာများ ပျောက်ကင်းစေပြီး အမျိုးသမီးများပါ သွေးမသန့်မှုကြောင့် ဖြစ်ပေါ်ရသော တင်းတိပ်၊ မှဲ့ခြောက်နှင့် ဝက်ခြံရောဂါများပါ ပျောက်ကင်းကုန်ကြ၍ အစွမ်းကုန် မိမိတို့၏ ဖုံးကွယ်နေသော ပင်ကိုယ်အလှပန်းများလည်း ဖူးပွင့်လာခဲ့ကြပါသည်။

## တာရှည်စွာ ထားသိုနိုင်ရန်

ဂမုန်းဥများကို ပါးပါးလှီး၍ အခြောက်လှန်းပြီးလျှင် အမှုန့်ထောင်း၍ နွားနို့၊ ဆိတ်နို့၊ ပျားရည်၊ ထန်းဖိုဦးတင်းလဲရည်တို့ဖြင့် ကျိုချက်ကာ ရွေးစေ့ခန့်လုံးပြီး နေပူတွင် သွေ့ခြောက်အောင် လှန်းပြီးမှ ပုလင်းထဲသို့ ထည့်ကာ ဥတုသုံးပါးမရွေး စားသုံးနိုင်သောအဆင့်သို့ ရောက်ရှိလာခဲ့ရပါသည်။

ဂမုန်းသယ်ာစင်၏ ဆေးဖက်ဝင် အသုံးပြုပုံများအား သုတေသီများအတွက် ရေးသား တင်ပြအပ်ပါသည်။

* * *

ချစ်မုန်းခင်(ကြို့ပင်ကောက်-လယ်တီ)



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၃၊ ဇန်နဝါရီလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု


၂၀၁၃၊ ဇန်နဝါရီလ၏ ကောင်းကင်ထက်၌ ဓနုရာသီရောက် တနင်္ဂနွေဂြိုဟ် ဇန်နဝါရီ ၁၅ရက်တွင် မကာရရာသီ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး မကာရရာသီမှ အင်္ဂါဂြိုဟ် ဇန်နဝါရီ ၂၆ရက်နေ့၌ ကုမ်ရာသီခွင်တွင် ပြောင်းရွှေ့ရပ်တ ပါမည်။ ဓနုရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဇန်နဝါရီ ၁၆ရက်နေ့၌ မကာရရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် ပြိဿရာသီအတွင်း ဖောက်ပြန်သွားလာနေရာမှ ဇန်နဝါရီ ၃၁ရက်နေ့တွင် ဂြိုဟ်ပတ်လမ်းကြောင်း၌ အတည့်ပြန်လည် သွားလာပါမည်။ စနေဂြိုဟ် တူရာသီတွင် ပုံမှန်သွားလာမည်ဖြစ်သည်။ ဗြိစ္ဆာရာသီမှ သောကြာဂြိုဟ် ဇန်နဝါရီ ၅ရက် တွင် ဓနုရာသီ၊ ဇန်နဝါရီ ၂၉ရက်နေ့တွင် မကာရရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ နှင့် မိဿရာသီများတွင် ရပ်တည်နေပါမည်။ မိန်ရာသီတွင် ယူရေးနပ်စ်ဂြိုဟ်၊ နက်ပ်ကျွန်းဂြိုဟ်နှင့် ပလူတိုဂြိုဟ် ကုမ်ရာသီနှင့် ဓနုရာသီ၌ ပုံမှန်သွားလာနေသည်ကို တွေ့ရပါလိမ့်မည်။

ထူးခြားသော ဂြိုဟ်ဖြစ်စဉ်များအဖြစ် ဇန်နဝါရီလ ၂ရက်နေ့တွင် ကျွန်တော်တို့ နေထိုင်သော ကမ္ဘာသည် နေ အနီးဆုံး ခုံမှတ်သို့ ရောက်ရှိသောဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။ အဆိုပါ ဖြစ်စဉ်၌ နေနှင့် ကမ္ဘာအကွာအဝေး မိုင်သန်းပေါ (၉၁.၉)သန်းခန့် ဖြစ်ပါသည်။ ၂၀၁၃၊ ဇန်နဝါရီ ၁၇ရက်နေ့၌ ဗုဒ္ဓဟူးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်း ရောက်ရှိပြီး ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်ပါမည်။ ရွှေဈေးနှုန်းများ ကျဆင်းတတ်သည့် အချိန်ကာလဖြစ်သည် နဝါရီလ ၂၂ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီ ၃၂မိနစ်တွင် လနှင့် ကြာသပတေးဂြိုဟ်များ နီးကပ်စွာ ပူးယှဉ် ဖြစ်စဉ် ပေါ်ပေါက်လာပါမည်။ ကမ္ဘာလည်ပတ်နှုန်းအရ အနောက်လောင်ဂျီတွဒ် ၁၀၂ ဒီဂရီ ၂၆ မိနစ်နှင့် မြောက်လတ္တီ ၂၀ဒီဂရီ ၁၆မိနစ်ရှိ ကျူးဘားနိုင်ငံပေါ်၌ ဖြစ်စဉ်ပေါ်ပေါက်ပါမည်။ ဖြစ်စဉ်အရ အမေရိကန်ပြည်ထောင်စု၊ ကျူး မက္ကဆီကိုနှင့် ယင်း၏ အောက်ဘက်ပိုင်း နိုင်ငံအချို့တွင် ငလျင်ဖြစ်စဉ် ဖြစ်ပေါ်နိုင်သည်။ မတ်ပဲဈေးနှုန်းများ ပြောင်း မြင့်တက်လာမည်။ ၂၀၁၃၊ ဇန်နဝါရီ ၂၇ရက်၊ နံနက် ၂နာရီ ၁မိနစ်တွင် စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ် လမ်းကြောင်း ရောက်ရှိ၍ ကမ္ဘာနှင့် တိုက်ရိုက် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အနောက်လောင်ဂျီတွဒ် ဒီဂရီ ၃၅မိနစ်နှင့် တောင်လတ္တီတွဒ် ၁၂ဒီဂရီ ၅၀မိနစ်ရှိ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။အမေရိကန် ကနေဒါနိုင်ငံများအတွက် ငလျင်ဖြစ်စဉ် သတိထားရမည့် ဂြိုဟ်ရပ်တည်မှုဖြစ်သည်။



www.burmeseclassic.com


www.burmeseclassic.com




ကမ္ဘာဖြင့် နေ၏ အနီးဆုံး ဆုံမှတ်သို့ ကျရောက်နေပုံ။



ဝုဒ္ဓဟူးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းထဲ ရောက်ရှိနေပုံ။



လနှင့် ကြာသပတေးဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်နေပုံ။



စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိနေပုံ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ ဇန်နဝါရီလ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

**ARIES**



**မိဿလက်**

ပါးနပ်လိမ္မာစွာဖြင့် မိမိအကြံအစည်များအတွက် အကောင်အထည်ဖော်ပါ။ ငွေကြေးကံ၊ လုပ်ငန်းကံ အရှိန်ပြင်းပြင်း မြင့်မားတိုးတက်သော ကာလဖြစ်သည်။ လူမှုရေး၊ အိမ်ထောင်ရေးပိုင်း အတိုက်အခံ တွေ့ကြုံမည်။ ရွေ့ကျောက်မျက်ရတနာပစ္စည်းအသစ်အဆန်းများ ရရှိသုံးစွဲရမည်။ လုပ်ငန်းများအတွက် ကောင်းမွန်သော အထောက်အပံ့ အကူအညီကောင်းများ ရရှိချိန်။ အထက်အကြီးအကဲနှင့် ရာထူး ကြီးသူများကို အကြောင်းပြု၍ အခွင့်အရေးသစ်များ ပေါ်ပေါက်လာမည်။ အစားအသောက် များပယ်မှုကြောင့် ကျန်းမာရေးအညံ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ ငွေကြေး၊ စီးပွားဖြစ်ထွန်းမှု ကံကောင်းမွန်ချိန်။ ပညာသင်ကြားနေသူများကံဇာတာ အထွင့်အထိပ်သို့ ရောက်ရှိချိန်။အိမ်ထောင် ရှင်များ နားလည်မှု လွဲချော်၍ အတိုက်အခံများပြားမည်။ ချစ်သူများ ရွှေရောင်လွှမ်းသည့် အနာဂတ် ချစ်ရက်များ ရယူပိုင်ဆိုင်ခွင့် ရရှိချိန်။

**TAURUS**



**ပြိဿလက်**

ကံဇာတာ၏ မျက်နှာသာပေးမှုကြောင့် အခွင့်အရေးကောင်းအချို့ လက်ဝယ် ရောက်ရှိလာသော် လည်း အခက်အခဲများ ရင်ဆိုင်ရမည်။ ငွေကြေးကိစ္စများကြောင့် ပြဿနာအနှောင့်အယှက် ကြုံတတ် မည်။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်ကိစ္စများ၊ ခရီးဝေးသွားလာမှုများအတွက် အဆင်မပြေမှုများ ရင်ဆိုင်ရမည်။ ထိခိုက်ဒဏ်ရာရရှိတတ်၍ သတိပြုပါ။ အထက်အကြီးအကဲများနှင့် ပတ်သက်၍ လုပ်ငန်းပိုင်း အတိုက်အခံကြုံမည်။ လူမှုရေးသောကပြဿနာများကြား ဗျာများနေရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် စိတ်ပင်ပန်းမှုများပြားပြီး မျှော်မှန်းသလောက် အကျိုးမဖြစ်ထွန်းချိန်။ ပညာရေးပိုင်း ကြီးမားစွာ ဆုံးရှုံးနစ်နာတတ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ကြောင့် အခက်အခဲများ လျော့ပါးခွင့် ရရှိချိန်။ ချစ်သူများ ပြင်းထန်သော ပဋိပက္ခပြဿနာများကြား လမ်းခွဲဆုံမှတ်သို့ ရောက်ရှိချိန်။

**GEMINI**



**မေထုန်လက်**

လုပ်ငန်းတွင် အောက်လက်ကြောင့် သောကပြဿနာများ ဗလောင်ဆူနေရတတ်သည်။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားချိန်ဖြစ်ပြီး အကောင်းဆုံး အခွင့်အရေးသစ်များအား ဆေးခြယ် ပုံဖော်နိုင်မည်။ လူမှုရေးကိစ္စများပြားနေပြီး မျက်နှာပွင့်လန်း စန်းထချိန်ဖြစ်သည်။ အလုပ်အတွက် စိတ်ပင်ပန်း သော်လည်း ငွေကြေးကံကောင်းနေမှုကြောင့် အဆင်ပြေမယ့်ကာလပါပဲ။ ငွေကြေးကြွေးမြီပေါင်းများ ပြန်လည်ရရှိတတ်သည်။ လုပ်ငန်းရှင်များ အခက်အခဲနှင့် ပင်ပန်းကြန့်ကြာမှုများ ရင်ဆိုင်ကျော်ဖြတ် ရချိန်။ ပညာသင်ယူနေသူများ ပင်ပန်းခက်ခဲ ရုန်းကန်ရပြီး အခွင့်အရေးများ လက်လွှတ်ဆုံးရှုံး တတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ သံသယစက်ဝန်းအောက်မှ ရုန်းထွက်ရန် ခက်ခဲနေမည်။ ချစ်သူများ မာနနှင့် အတ္တများကြား အမုန်းစစ်ပွဲ ဆင်နွှဲရမည်။

**CANCER**



**ကရကဋ်လက်**

လုပ်ငန်းပိုင်းကြီးပွားတိုးတက် အောင်မြင်မည်။ ရာထူးဘုန်းကံ တိုးတက်မြင့်မားမှုများ တွေ့ကြုံ လာမည်။ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်၍ အလွယ်တကူ ငွေကြေးရှာဖွေ စုဆောင်းနိုင်မည်။ လုပ်ငန်းအတွက် အတိုက်အခံပြောဆိုရပြီး အခွင့်အရေးရရှိမည်။ လူမှုရေးကိစ္စများအတွက် ရှေ အကုန်အကျ များပြားနေတတ်သည်။ ခရီးဝေးများ သွားလာရပြီး ငွေကြေးအကျိုးရှိမည်။ အဆင် အသွယ်ကောင်းများ တွေ့ကြုံ၍ တိုးတက်အောင်မြင်ချိန်။ ထင်ပေါ် ကျော်စော၍ ကြံစည်ကြိုးပမ်း ဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝမည်။ လုပ်ငန်းရှင်များ အရာရာကံကောင်း အောင်မြင်မှုများ ရင်ဆိုင်ရချိန်။ ပညာသင်ယူသူများ အခွင့်အရေးသစ်များ တွေ့ကြုံ၍ အောင်ပွဲများ ရရှိချိန်။အိမ် ထောင်ရှင်များ အေးချမ်းတည်ငြိမ်သော မိသားစုဘဝရရှိချိန်။ ချစ်သူများ ချိုသောအချစ်နှင်းများ ရရှိပိုင်ဆိုင်ချိန်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



**သိဟ်လဂ်**

ဘုန်းကံဩဇာအရှိန်အဝါ မြင့်မားတိုးတက်သော ကာလဖြစ်သည်။ နိုင်ငံရပ်ခြား၊ လူမျိုးခြားများကို အကြောင်းပြု၍ ရည်ရွယ်ကြိုးပမ်းမှုများ ကောင်းကျိုးပြုမည်။ အိမ်, ခြံ, မြေ, ယာဉ်တို့ကို အကြောင်းပြု၍ အခွင့်အရေးကောင်းများ ရရှိမည်။ ကံဇာတာကောင်းမွန်သော်လည်း လုံ့လစိုက်ထုတ်လိုမှု အားနည်းတတ်သောကာလဖြစ်သည်။ ဆက်သွယ်ကြိုးပမ်း ဆောင်ရွက်မှုများ တော့လွဲလွဲနေတတ်သည်။ အသုံးအဆောင် ပစ္စည်းကောင်းများ ပျောက်ရှပျက်စီး ဆုံးရှုံးတတ်သည်။ ကြံစည်မှုအဝဝအတွက် တိုးတက်ကံကောင်းသော အခွင့်အရေးကောင်းများ လွယ်လင့်တကူ ရရှိတတ်မည်။ လုပ်ငန်းရှင်များ လုပ်ငန်း၌ အမှုပြဿနာများ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ဖြေရှင်းနိုင်မည်။ ပညာသင်ယူသူများ မျှော်မှန်းသည်ထက် အောင်မြင်မှုများ ရရှိချိန်။ အိမ်ထောင်ရှင်များ အဖက်ဖက်မှ အေးချမ်းသော မိသားစုဘဝရရှိမည်။ ချစ်သူများ စိတ်ကူးဆန္ဒ ထပ်တူညီချိန်။

---

## VIRGO



**ကန်လဂ်**

လုပ်ငန်းပိုင်း တိုးတက်အောင်မြင်၍ စိတ်ကူးကောင်းကောင်း အကြံဉာဏ်သစ်များဖြင့် အခွင့်အရေးသစ်များ ပုံဖော်ခွင့်ရရှိမည်။ ငွေကြေးစီးပွားကံ တိုးတက်မြင့်မား၍ ထီပေါက်သကဲ့သို့ ငွေကြေးအစုလိုက်အပုံလိုက်ရရှိမှုများ မကြာခဏ တွေ့ကြုံရမည်။ ဘုန်းကံဩဇာအရှိန်အဝါ မြင့်မားထွန်းတောက်၍ အလိုရှိသောဆန္ဒများ ပြည့်စုံအောင်မြင်လာမည်။ အထက်အကြီးအကဲများနှင့် ပတ်သက်၍ ဝန်ထုပ်ဝန်ပိုးဖြစ်ရတတ်သည်။ လုပ်ငန်းတာဝန်ဝတ္တရားများအတွက် စိတ်ပင်ပန်းမှု များပြားချိန်။ လုပ်ငန်းရှင်များ ငွေကြေးစီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုကံ အထူးကောင်းမွန်လာမည်။ ပညာရေးပိုင်း အောင်မြင်မှုများ ဖန်တီးခွင့်ရရှိမည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်၏ လုပ်ငန်းများ ထူးခြားစွာ တိုးတက်ကြီးပွားအောင်မြင်ချိန်။ ချစ်သူများ ယခင်ထက်ပိုမိုသော ချစ်ခြင်းမေတ္တာတရားများ မွေးဖွားရှင်သန်ချိန်။

---

## LIBRA



**တူလဂ်**

ငွေကြေးအကြောင်းကိစ္စများအတွက် အတိုက်အခံကြားမှ အကျိုးရှိ အဆင်ပြေလိမ့်မည်။ စိတ်ကူးစိတ်သန်းအမျိုးမျိုးကြား ရွေးချယ်ရန် ခက်ခဲသော အကြောင်းကိစ္စများ တွေ့ကြုံလာတတ်သည်။ လုပ်ငန်းကိစ္စအတွက် အပြောအဆို အောင်မြင်မည်။ လူမှုရေးကိစ္စအမျိုးမျိုးကြား ဗျာများနေရတတ်သည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးပေါ်ပေါက်လာတတ်သည်။ ကုမ္ပဏီအဖွဲ့အစည်းများကို အကြောင်းပြု၍ စီးပွားကံ အကျိုးပေးချိန်။ မိသားစုကျန်းမာရေးကိစ္စများကို အကြောင်းပြု၍ စိတ်အနှောင့်အယှက်ကြုံမည်။ ပစ္စည်းအသစ်အဆန်းများ လက်ဆောင်ရရှိချိန်။ လုပ်ငန်းရှင်များ လုပ်ငန်းသစ်များ တိုးချဲ့ ဆောင်ရွက်လုပ်ကိုင်ရန် အခွင့်အရေးကောင်းများ တွေ့ကြုံလာတတ်သည်။ ပညာရေးတွင် လုံ့လ ဝီရိယစိုက်ထုတ်မှုအပိုင်း အားနည်းချိန်။ အိမ်ထောင်ရှင်များ ခွဲခွာနေထိုင်ရမှုများပြားသော ကာလ။ အိပ်မက်သစ်များဖြင့် ချစ်သူအနာဂတ်ရက်များ လုပချိန်။

---

## SCORPIO



**ဗြိစ္ဆာလဂ်**

စကားပြဿနာတွေ့ကြုံတတ်သည်။ သူတစ်ပါးကိစ္စများ ကူညီဆက်သွယ်ပေးမှုဖြင့် ငွေကြေးအကျိုးရှိမည်။ ခရီးထွက်လိုစိတ် ပြင်းပြနေတတ်ပြီး ခရီးဝေးနှင့် နိုင်ငံရပ်ခြားခရီးစဉ်များ တွေ့ကြုံတတ်သည်။ အိမ်, ခြံ, မြေ, ယာဉ်တို့နှင့် ပတ်သက်သော အခွင့်အရေးကောင်းများ မိမိနှင့် မိသားစုတွေ့ကြုံတတ်သည်။ မှန်ကန်သော တွေးခေါ်ကြံဆမှုများဖြင့် မိမိရည်ရွယ်ချက်များ ဖန်တီး ပုံဖော်ခွင့်ရရှိမည်။ လူမှုရေးကိစ္စများအတွက် စိတ်ပင်ပန်းမှု များပြားပြီး အကျိုးမရှိဖြစ်ရတတ်သည်။ ကျန်းမာရေးအညံ့နှင့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ ကောင်းသော အဆက်အသွယ်ကောင်းများ ရရှိလာမည့် အချိန်ကာလ။ ပညာရေးတွင် လူမှုရေးအကြောင်းကိစ္စများဖြင့် စိတ်လေလွင့်မှု များပြားသော အချိန်ကာလ။ အိမ်ထောင်ရှင်များ စိတ်အလိုမကျမှု ပြဿနာများ ငွတ်မိုတ် ဖန်တီး ပုံဖော်တတ်ချိန်။ ချစ်သူများ အဆင်ပြေ နားလည်မှု လျော့ပါးချိန်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလဂ်

မိမိဆောင်ရွက်ကြိုးပမ်းမှုများ၌ စိတ်အနှောင့်အယှက်များပြားပြီး အဆင်မပြေဖြစ်ရမှုများ ယှဉ်တွဲနေမည်။ ဝီရိယ၏ အကျိုးကြောင့် ကံကြမ္မာ၏ မျက်နှာသာပေးခြင်း ခံရချိန်။ မထင်မှတ်ဘဲ ငွေကြေးအများအပြားရရှိမည့် အခွင့်အရေးများ တွေ့ကြုံရသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ ကံဇာတာ အကောင်း-အဆိုး ဒွန်တွဲနေချိန်။ ကျန်းမာရေးတွင် အပူ-အဖျားနှင့် ပတ်သက်၍ အသေးအဖွဲအညံ့ကြုံတတ်သည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ ရာထူးတိုးတက်ရန် အထူးအခွင့်အရေးများ ရရှိနိုင်ပြီး ဘုန်းကံသြဇာမြင့်မားသောကာလဖြစ်သည်။ လုပ်ငန်းရှင်များ အတိုက်အခံများ ရင်ဆိုင်ရပြီး ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံမည်။ ပညာသင်ယူနေသူများ မိမိမျှော်မှန်းကြိုးပမ်းသလောက် အရာထင်မည်။ အိမ်ထောင်ရှင်များ နွေးထွေးသော မေတ္တာရိပ်အောက် အဖက်ဖက်မှ ပြည့်စုံချိန်။ ချစ်သူများ ချိုမြိန်မှု ရွှေရောင်နေ့ရက်များ ထွေးပိုက်ခွင့်ရရှိမည်။

## CAPRICORN



## မကာရလဂ်

ထူးထူးခြားခြား မျက်နှာပွင့်လန်းပြီး လူမှုရေးပိုင်း ထင်ပေါ်ကျော်စောမည်။ ကုမ္ပဏီအဖွဲ့အစည်းများကို အကြောင်းပြု၍ လုပ်ငန်းပိုင်း အကျိုးရှိ အဆင်ပြေမည်။ ရွှေရတနာပစ္စည်းအသစ်အဆန်းများ ရရှိသုံးစွဲရမည်။ ခရီးဝေးသွားလာမှုများ တွေ့ကြုံရပြီး စိတ်အနှောင့်အယှက်ကြုံမည်။ လုပ်ငန်းပိုင်း အတိုက်အခံ၊ အခက်အခဲအချို့ ရင်ဆိုင်တွေ့ကြုံရသော်လည်း အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်တို့နှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ပေါ်ပေါက်တွေ့ကြုံနိုင်သည်။ မိမိထမ်းရွက်သော တာဝန်များအတွက် စိတ်ပင်ပန်းဖိစီးမှုများပြားတတ်ချိန်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ငွေကြေးပိုင်းဆိုင်ရာ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများပြားနေမည်။ ပညာသင်ကြားသူများ ငွေကုန်ကျမှု များပြားနေမည်။ အိမ်ထောင်ရှင်များ သံသယဖြစ်ရမှုများ ကြုံတတ်သည်။ ချစ်သူများ ငွေကြေးကိစ္စများအတွက် နားလည်မှု လွဲချော်နေမည်။

## AQUARIUS



## ကုမ်လဂ်

ပင်ပန်းမှုဖြင့် ယှဉ်တွဲ၍ ကံကောင်းမှုများ ဖန်တီးရယူနိုင်မည်။ ငွေကြေးအကျိုးအမြတ်များ ရရှိမည့် စိတ်ကူး ယူဆချက်များ ဖြစ်တည်ပေါ်ပေါက်ချိန်။ လုံ့လ ဝီရိယအားအင် နည်းပါးတတ်သည့် ကာလဖြစ်သည့်အတွက် အခွင့်အရေးကောင်းများ လက်လွှတ် ဆုံးရှုံးရတတ်သည်။ လူမှုရေး အထောက်အပံ့ အကူအညီကောင်းများ ရရှိပြီး ငွေကြေးအကျိုးရှိ အဆင်ပြေမည်။ တွေးခေါ်ယူဆဆုံးဖြတ်ချက်များ တည့်မတ် မှန်ကန်၍ အခွင့်အရေးသစ်များ ဖန်တီးရယူသင့်ချိန်။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်ကိစ္စများနှင့်ပတ်သက်၍ ငွေကြေးအကျိုးပေးကံ ကောင်းမွန်သောကာလ။ လုပ်ငန်းရှင်များ အတိုက်အခံ အခက်အခဲများကြားမှ ထူးခြားသည့် ကံကောင်းမှုများ တွေ့ကြုံရမည်။ ပညာသင်ကြားနေသူများ ကြိုးစားမှု အောင်ပွဲများ ဆွတ်ခူးနိုင်ချိန်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးသာယာပြီး ငွေကြေးအဆင်ပြေမည့်ကာလ။ ချစ်သူဖြင့် စိတ်ကူးဆန္ဒ ရင်ခုန်သံများ ထပ်တူညီချိန်။

## PISCES



## မိန်လဂ်

ကံဇာတာ ပြန်လည်မြင့်မားတိုးတက်၍ အကောင်းဆုံး အခွင့်အရေးများ တဖြည်းဖြည်းချင်း ပြန်လည်၍ တည်ဆောက်နိုင်မည်။ ကံအညံ့များ လျော့ပါးသက်သာ၍ တိုးတက်အောင်မြင်မည့် လမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချနိုင်သော ကာလ။ ယခင် ရင်ဆိုင်တွေ့ကြုံခဲ့ရသော အခက်အခဲပြဿနာများ အောင်မြင်စွာ ဖြေရှင်းနိုင်မည်။ စိတ်ကူးသစ်များဖြင့် ခရီးလမ်းမများ လုပချိန် တရားမဝင် ငွေကြေးအကျိုးအမြတ်များ ရရှိမည်။ ထိပေါက်တတ်သော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုးအမြတ်များ ထူးခြားစွာ ရရှိမည့်အချိန်ကာလ။ ပညာသင်ကြားနေသူများ ပညာရေးတွင် စိတ်ပင်ပန်းမှု ယှဉ်တွဲ၍ အောင်မြင်မှုများ ပေါ်ပေါက်လာမည်။ အိမ်ထောင်ရှင်များ ကတောက်ကဆ ပြဿနာအသေးအဖွဲများ မကြာခဏ ဖြေရှင်းရတတ်သည်။ ချစ်သူများ နားလည်မှု ယုံကြည်ချက်များ တစ်ဦးအပေါ် တစ်ဦး လွဲချော်နေတတ်သည်။

စာမျက်နှာ(၂၇၈)သို့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တနင်္လာနေ့တွင် သာယာဝတီသို့ ရုံးချိန်းသွားရန်ရှိသည်။ လက်ပံတန်းရှိ သူငယ်ချင်းတစ်ဦး၏ အမွေဆိုင်အမှု အတွက် ရှေ့နေလိုက်ပေးနေရသည်မှာ သုံးလကျော်ခဲ့ပြီ။ အမှုရုပ်လုံးပေါ်လာ သဖြင့် မကြာမီ အဆုံးသတ်နိုင်တော့ မည်ဟု မျှော်လင့်ရသည်။ တိုက်ကြီးမှ မနက် ၇နာရီ ကိုယ်ပိုင်ကားဖြင့် ထွက် ခဲ့သော် ရုံးချိန်းမတိုင်မီ ရောက်ပါသည်။ တနင်္လာနေ့နံနက်တွင် သာယာဝတီသို့ သွားရန် ပြင်ဆင်နေစဉ် ဖေဖေ ကား အနီးသို့ ရောက်လာသည်။

"သား…ဒီနေ့ သာယာဝတီသွား မှာမဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ။ ဒီနေ့ ရုံးချိန်း ရှိပါတယ်"

"သားကို မှာစရာရှိတယ်။ သား ကိုနောက်တိုးကို သိတယ်နော်"

"ဘကြီးနောက်ကို သိတာပေါ့ ဖေဖေရယ်"

"သူ့အိမ်ကို သိတယ်မဟုတ် လား"

"သုံးဆယ်မြို့က ဘကြီးနောက်ရဲ့ အိမ်ကို ရောက်ဖူးပါတယ်"

"ကိုနောက်တိုး စနေနေ့က ဆုံး သွားတယ်။ ဖေဖေ အသုဘလိုက်မပို့နိုင် လို့ ရက်လည်မှပဲ သွားတော့မယ်။ ဒီ တော့ သားက ခဏဝင်လိုက်ပါကွယ်"

"ဟယ်…ဘကြီးနောက် ဆုံးပြီ၊ စိတ်မကောင်းလိုက်တာ"

အိမ်က ထွက်လာကတည်းက စိတ်မကောင်းဖြစ်ရသည်။ ဘကြီးနောက် သည် ဖေဖေ၏ အချစ်ဆုံးသူငယ်ချင်း ဖြစ်သည်။ အလွန်ပျော်တတ်၊ စ,တတ်၊ နောက်ပြောင်တတ်သူဖြစ်သည်။ တွေ့ သည့်လူကို စ,တတ်၊ နောက်တတ် သဖြင့် ဘကြီးနောက်ဟု ချစ်စနိုးခေါ် မိခြင်းဖြစ်သည်။ တွေ့သည့်လူတိုင်း အစအနောက်ခံရသည်သာ ဖြစ်သည်။ အသက် ၆၀ကျော်သည့်တိုင် ငယ်မူကို မပျောက်နိုင်ဘဲ စ,တုန်း နောက်တုန်းရှိ သေးသည်။ ဖေဖေကလည်း ဘကြီး နောက်ကို မတွေ့ရလျှင် မနေနိုင်သူဖြစ် ၍ မကြာခဏသွားရောက်တွေ့ဆုံတတ် ပါသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ဖေဖေဆီကို ဘကြီးနောက် အသည်း အသန်ဖြစ်နေကြောင်း သတင်းရောက် လာသည်။ ဖေဖေက ချက်ချင်းသွားလို သော်လည်း သွေးတိုးနေသဖြင့် ချက် ချင်းမသွားနိုင်ခဲ့ပါ။ နောက်နှစ်ရက် အကြာတွင် ဘကြီးနောက် ဆုံးပြီဟု အကြောင်းကြားသဖြင့် ဖေဖေ မနေနိုင် တော့ဘဲ ချက်ချင်းလိုက်သွားခဲ့သည်။ ညမိုးချုပ်မှ ဖေဖေ အိမ်ပြန်ရောက်လာ သည်။

"နောက်တိုးကတော့ ငယ်ကျင့် မပျောက်သေးပါဘူးကွာ။ ငယ်ကျင့်က သေမှ ပျောက်မယ့်ကောင်ပါ"

ဖေဖေ့စကားကို မရှင်းလင်း၍ ကျွန်တော်က မေးမိသည်။

"ဘာဖြစ်လို့လဲ ဖေဖေရ"

"ဘာဖြစ်ရမလဲ။ ငါရောက်သွား တော့ နောက်တိုးက ငါ့ခံလိုက်ရပြီဆို တာ သိလို့ တဟားဟားဖြစ်နေတယ်။ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည် ပဲ။ ငါ ဒီလိုလုပ်မှ မင်းလာမယ်ဆိုတာ သိလို့ လုပ်ရတာပါကွာလို့ ပြောလိုက် သေးတယ်"

"ဒါဆို ဘကြီးနောက် တကယ် မသေဘူးပေါ့နော်"

"မသေပါဘူးကွာ။ ငါနဲ့ တွေ့ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြီး တဟားဟားရယ်နေတာပဲ။ ညစာကျွေး ပြီးမှ ငါ့ကို ပြန်လွှတ်တယ်လေ"

ဤသို့ နောက်တတ်သည့် ဘကြီး နောက်ဖြစ်သည်။ သူကိုယ်တိုင် သေပြီဟု နောက်ခဲ့သူဖြစ်သည်။ မည်သို့ဖြစ်စေ ထိုအချိန်က ဘကြီးနောက် တကယ် မသေ၍ ဝမ်းသာခဲ့ရသည်။

•••

လွန်ခဲ့သောနှစ်က ဘကြီးနောက် နှင့် တွေ့ရသည်။ သာယာဝတီသို့ အသွား သုံးဆယ်တံတားထိပ်တွင် ဘကြီးနောက်ကို တွေ့ရ၍ ကားရပ်ပြီး နှုတ်ဆက်ပါသည်။ ဘကြီးနောက်က အမျိုးသမီးငယ်ငယ်တစ်ဦးကို ခေါ်ပြီး ကျွန်တော်၏ ကားဆီသို့ လျှောက်လာ သည်။

"မိတ်ဆက်ပေးရဦးမယ်။ ဒါက ရှေ့နေ မောင်မောင်ပါ။ မောင်မောင် သူက ငါ့သမီးရဲ့ သူငယ်ချင်း နန်းရွှေ ရည်၊ ကျောင်းဆရာမ၊ သာယာဝတီကို သွားချင်လို့၊ အဲဒါ မင်း သူ့ကို ခေါ်သွား ပေးပါ"

"စိတ်ချပါ ဘကြီး။ ယွန်းရွှေရည် သွားချင်တဲ့ နေရာအထိ ပို့ပေးလိုက်ပါ့ မယ်။ ကဲ - မနန်းရွှေရည်၊ ကားပေါ် တက်ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ရှင်"

မနန်းရွှေရည် ကားပေါ် ရောက် သည်နှင့် ဘကြီးနောက်ကို လက်ပြ နှုတ်ဆက်ပြီး ကားထွက်ခဲ့ပါသည်။ ကား ပေါ်တွင် မနန်းရွှေရည်နှင့် စကားပြော ခဲ့ရသည်။

ကျွန်တော်က တိုက်ကြီးတွင် နေထိုင်ပြီး ရှေ့နေလိုက်နေသူဖြစ် ကြောင်း ပြောပြ မိတ်ဆက်ပါသည်။ မနန်းရွှေရည်မှာ ရှမ်းပြည်မှ သာယာဝတီ သို့ အထက်တန်းပြ ဆရာမအဖြစ် ပြောင်းလာသူဖြစ်ကြောင်း ဘကြီးနောက်

www.burmeseclassic.com

၏ သမီးသာ အသိရှိသဖြင့် သုံးဆယ်တွင် ယာယီနေထိုင်ပြီး ခရိုင်ပညာရေးရုံးသို့ သတင်းပို့ရန် သွားရခြင်းဖြစ်ကြောင်း ပြောပြပါသည်။

မနန်းရွှေရည်မှာ ရုပ်ရည်ချောမောလှပသလို စကားပြောရာတွင်လည်း ယဉ်ကျေးသဖြင့် ခဏအတွင်း ရင်းနှီးခွင့်ရခဲ့သည်။ မနန်းရွှေရည်၏ ချိုသာပြီး စကားသံဝဲဝဲက အလွန်နားထောင်၍ကောင်းပါသည်။ မနန်းရွှေရည်နှင့် မိတ်ဆွေဖြစ်ခွင့်ရသဖြင့် ဘကြီးနောက်ကို အထူးကျေးဇူးတင်နေမိပါသည်။

ကျွန်တော်သည် ရန်ကုန်၊ တိုက်ကြီး၊ သာယာဝတီပြည် စသည့် ဒေသများသို့ မနားမနေသွားရောက် ရေနေလိုက်နေရသဖြင့် မနန်းရွှေရည်နှင့် နောက်ထပ် မတွေ့ဆုံဖြစ်ခဲ့ပါ။ သုံးလကျော်လောက်အကြာတွင် သာယာဝတီတွင် ဘကြီးနောက်နှင့် ရုတ်တရက်တွေ့လိုက်ရသည်။

"မင်းကားကို မြင်လို့ အပြန်လိုက်ချင်လို့ စောင့်နေတာ"

"ရပါတယ် ဘကြီးရယ်။ အလုပ်ကိစ္စအားလုံးပြီးပါပြီ။ သွားကြတာပေါ့"

ဘကြီးနောက် ကားပေါ် တက်သည်နှင့် ကားထွက်ခဲ့သည်။ ဘကြီးကို တွေ့လိုက်သည်နှင့် နန်းရွှေရည်ကို ချက်ချင်း သတိရလိုက်သော်လည်း ဘကြီးကို မေးသင့်မသင့် ချိန်ဆနေရသည်၊ နောက်ဆုံး သိလိုစိတ်ကို တားဆီးမရသဖြင့် ထုတ်ဖော်မေးလိုက်ရတော့သည်။

"ဘကြီးနောက်…နန်းရွှေရည်နဲ့ တွေ့သေးသလား"

"ဟာ • • • မင်း နန်းရွှေရည်အကြောင်း မကြားဘူးလား"

ဘကြီးနောက်၏ စကားကြောင့် အံ့သြသွားမိပါသည်။

"ဘာမှမကြားပါဘူး၊ နန်းရွှေရည် ဘာဖြစ်လို့လဲ"

"ပြောရမှာတော့ စိတ်မကောင်းပါဘူးကွာ"

"ဘာဖြစ်လို့လဲ ဘကြီး"

"လွန်ခဲ့တဲ့လက နန်းရွှေရည် သူ့ကိုယ်သူ ကြိုးဆွဲ ပြီး ဆုံးသွားတယ်"

"ဗျာ"

ကြားရသည့်စကားအတွက် အံ့သြရုံသာမက ထိတ်လန့်တုန်လှုပ်သွားပါသည်။ သေဆုံးသည်ပင် ရိုးရိုးသေခြင်းမျိုးမဟုတ်ဘဲ သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။ မယုံကြည်နိုင်စရာဖြစ်သည်။ ဖြစ်ရလေ နန်းရွှေရည်ရယ်။ အလွန်ချောမောလှပသော မနန်းရွှေရည်အတွက် စိတ်မကောင်းဖြစ်ရသည်။ ဘကြီးက ဆက်ပြောပါသည်။

"နန်းရွှေရည်က သည်ဒေသကို မရောက်ဘူးလို့ အသိအကျွမ်းလည်း များများစားစားရှိတာ မဟုတ်ဘူး။ ရှမ်းပြည်က စွန့်စားလာခဲ့ရတာ ဆိုတော့ သူ့မှာ ဘာအခက်အခဲရှိတယ်ဆိုတာ ပတ်ဝန်းကျင်က မသိနိုင်ဘူး၊ အကူအညီ မပေးနိုင်ဘူးပေါ့ကွာ။ သူ့အခက်အခဲကို ကြိုတင်သိရရင်တော့ ကူညီနိုင်တာပေါ့"

ဘကြီးနောက်၏ ပြောစကားကိုသာ နားထောင်နေရသည်၊ ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် ခံစားရပါသည်။ နန်းရွှေရည်အတွက် ယူကျုံးမရအောင် ဖြစ်ရသည်။ ထိုနေ့က ဘကြီးနောက်ကို သုံးဆယ်မြို့အိမ်အထိ လိုက်ပို့ပေးပြီး တိုက်ကြီးသို့ ပြန်ခဲ့ပါသည်။

ပျောက်သောသူ ရှာရင် တွေ့သေသောသူ ကြာရင် မေ့ဟူသော စကားအရ သတင်းကြားရကာစက နန်းရွှေရည်အတွက် စိတ်မကောင်းဖြစ်ရပါသော်လည်း ရက်ကြာလာသည်နှင့် အမှု တစ်စတစ်စ မေ့ပျောက်ရလာပါသည်။

•••

သာယာဝတီသို့ ရုံးချိန်းတစ်ခုနှင့် လာရင်း အမှုသည်တစ်ဦးက ဖိတ်ခေါ်သဖြင့် သူ၏ အိမ်သို့ လိုက်ခဲ့ရသည်။ ထိုလူမှာ ဆန်စက်ပိုင်ရှင်တစ်ဦးဖြစ်သဖြင့် သူ၏ နေအိမ်မှာ အလွန်ခမ်းနား လှပပါသည်။ ထိုအိမ်တွင် အမှုကိစ္စများ စကားပြောဆိုပြီး တိုက်ကြီးသို့ ပြန်ရန် ကားဆီသို့ လျှောက်လာစဉ် နောက်က ခေါ်သံကြောင့် ခြေလှမ်းတုံ့သွားပါသည်။

"ဦးမောင်မောင်၊ ဦးမောင်မောင် ဟုတ်ပါတယ်နော်"

ထိုအသံကို ကြားဖူးသည်ထင်၍ နောက်သို့ လှည့်ကြည့်လိုက်ရာ ရုတ်တရက် အံ့သြသင့်ရုံသာမက ကြက်သီးများ တဖျန်းဖျန်းထသွားပါသည်။

"ဟင်" –

တွေ့လိုက်ရသူမှာ နန်းရွှေရည်ဖြစ်ပါသည်။

"နန်းရွှေရည်၊ မနန်းရွှေရည် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် နန်းရွှေရည်ပါ"

"မနန်းရွှေရည် ဘာမှမဖြစ်ဘူးနော်"

"ဘာဖြစ်ရမှာလဲ၊ ဘာဖြစ်တယ် ကြားလို့လဲဟင်"

"သြော်…ဟို…ဟို နေကောင်းရဲ့လားလို့ပါ"

"နေကောင်းပါတယ်ရှင်။ ဒီအိမ်က ဆရာမနဲ့ ကျောင်းမှာ အတူနေကြရင်း ခင်မင်ရင်းနှီးပြီး သူတို့ခေါ်တာနဲ့ ဒီအိမ်မှာ နေခွင့်ရတာ"

"သုံးဆယ်က ဘကြီးနောက်ကိုရော တွေ့မိသေးသလား"

"တွေ့ပါတယ်။ သာယာဝတီမှာ မကြာခဏတွေ့ပါတယ်၊ မနေ့ကတောင် သာယာဝတီကို လာသေးတယ်"

www.burmeseclassic.com

ကျွန်တော် အဖြစ်မှန်ကို သိလိုက်ရပါသည်။ ကျွန်တော် ဘကြီးနောက်၏ ရိုက်ချက်ကို ခံလိုက်ရခြင်းဖြစ်သည်။ ဘကြီးနောက်၏ ရိုက်ချက်က ပြင်းသည်။ တစ်ခါက ဖေဖေ့ကို အရူးဖြစ်အောင် လုပ်နိုင်ခဲ့သလို၊ ယခု ကျွန်တော်ကို အရူးဖြစ်အောင် လုပ်လိုက်ခြင်းဖြစ်သည်။ အလွန်လှပသော နန်းရွှေရည်ကို ကျွန်တော် စိတ်ဝင်စားမှန်းသိ၍ နောက်လိုက်ခြင်းဖြစ်သည်။ ပိပိရိရိ သေသေသပ်သပ် နောက်တတ်ခြင်းကို ချီးကျူးရပါမည်။ ယခုမှ ကျွန်တော် ပြုံးနိုင်ပါတော့သည်။ ဘကြီးနောက်၏ အကွက်ကျကျ နောက်တတ်ခြင်းအပြင် အလွန်ချစ်စဖွယ်ကောင်းသော နန်းရွှေရည် အသက်ရှင်နေသဖြင့် ကျေနပ်၍ ပြုံးခြင်းဖြစ်သည်။

အတိတ်ဟောင်းက ဇာတ်ကြောင်းကို ပြန်လည်တွေးမိ၍ ပြုံးနိုင်သော်လည်း ယခု ဘကြီးနောက်၏ နာရေးသတင်းကြောင့် မပြုံးနိုင်တော့ပါ။ လူတကာကို နောက်ပြောင်လိုက်ရမှ ကျေနပ်သော ဘကြီးနောက်သည် နောက်ထပ် မနောက်ပြောင်နိုင်တော့ပါ။ လူတကာကို ယုံကြည်အောင် လှည့်စားနိုင်ခဲ့သော်လည်း သေခြင်းတရားကို လှည့်စားနိုင်ခြင်း မရှိတော့ပါ။ တစ်သက်လုံး ရယ်မောပျော်ရွှင်စွာ နေလာခဲ့သော ဘကြီးနောက်၏ ဘဝသည် နိဂုံးချုပ်ခဲ့ရပြီ။ တစ်လမ်းလုံး ကားမောင်းလာရင်း ဘကြီးနောက်ကို မြင်ယောင်နေမိသည်။ အဖေမှာသည့်အတွက် ဘကြီးနောက်တို့အိမ်သို့ ဝင်ရဦးမည်။ ဘကြီးနောက်၏ အိမ်သားများနှင့် တွေ့ပြီး ဝမ်းနည်းစကားပြောရမည်။ တွေးတောရင်း ကားလေးသည် သုံးဆယ်မြို့သို့ ဝင်လာသည်။ ရုံးချိန်းက နီးနေပြီဖြစ်၍ သာယာဝတီကို အရင်သွားမှဖြစ်မည်။ ဘကြီးနောက်တို့အိမ်သို့ ညနေမှ ဝင်ရန် ဆုံးဖြတ်ပြီး သုံးဆယ်ကို ကျော်ကာ သာယာဝတီသို့ ရောက်ခဲ့သည်။

ထိုနေ့က တရားရုံးကလည်း နောက်ကျမှ ပြီးသည်။ တရားရုံးမှ ပြီးသည်နှင့် အမှုသည်တစ်ဦးက ညစာကျွေးရန် ဖိတ်ကြားသဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ လိုက်ရပြန်သည်။ အပေါင်းအသင်းများ စုံလင်နေသဖြင့် ပျော်ပျော်ပါးပါး အရက်ပါ သောက်ဖြစ်ကြသည်။

တိုက်ကြီးသို့ ကားမောင်း၍ ပြန်ရမည်ဖြစ်၍ ဘီယာလောက်သာ သောက်ရန် တောင်းပန်သော်လည်း မိတ်ဆွေများက အတင်းတိုက်သဖြင့် ဝီစကီပါ သောက်ဖြစ်ခဲ့သည်။ ဝိုင်းသိမ်း၍ သာယာဝတီမှ ထွက်ချိန်တွင် နေဝင်စပြုနေပြီဖြစ်သည်။ မိမိကိုယ်ကို မမူးဘူးဟု ထင်ခဲ့သော်လည်း ကားမောင်းရင်း လေဆန်မိ၍ ရီတီတီဖြစ်လာသည်။

သုံးဆယ်အဝင်တွင် ရုတ်တရက် မိုးက ရွာချလိုက်ပြန်သည်။ မိုးရွာသဖြင့် ကား ကို သတိထား မောင်းနေရသည်။ မိုးမှာ ပိုမိုသည်းလာသဖြင့် ရှေ့ကို သဲသဲကွဲကွဲ မမြင်နိုင်တော့ပါ။ မိုးရေကြောင့် ကားလမ်းကလည်း ချောနေသည်။ အရက်မူးစ ပြုနေသဖြင့် ဘကြီးနောက်၏ အိမ်သို့ ဝင်သင့်၊ မဝင်သင့် စဉ်းစားရသည်။ ဘကြီးနောက်တို့အိမ်သို့ မဝင်ပါက အဖေ့ကို အပြောခက်တော့မည်။ ရက်လည်ဆွမ်းကျွေးသည့်နေ့ အဖေသွားပါက မျက်နှာပူစရာဖြစ်၍ ဝင်ရန် ဆုံးဖြတ်လိုက်ရသည်။

သုံးဆယ်ရောက်မှ မိုးက ပိုမိုပြင်းထန်လာပါသည်။ ဘကြီးနောက်နေသည့် လမ်းချိုးသို့အရောက် လမ်းလယ်မှ လူကြီးတစ်ယောက် မိုးရေထဲတွင် ရပ်နေသည်ကို မီးရောင်ဖြင့် မြင်ရသည်။ ထိုလူကြီးကလည်း လမ်းလယ်မှ လက်ပြသဖြင့် ထိုလူကြီး၏ အနီးတွင် ကားကို ရပ်ပေးလိုက်ရသည်။ ထိုလူကြီးမှာ အဆောင်းအကာမပါသဖြင့် တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲရွှဲစိုနေသည်။ အနီးကပ်ကြည့်လိုက်မှ ဘကြီးနောက်ဖြစ်နေမှန်း သိလိုက်ရသည်။ ဘုရား···ဘုရားဟု နှုတ်က ထွက်သွားပါသည်။

ဘကြီးနောက်က သရဲဘဝနှင့် ခြောက်လှန့်နေတာလား။ မဖြစ်နိုင်ပါ။ ဘကြီးနောက်အစစ်မှန်း သေချာပါသည်။ မိုးရေများ ရွှဲနေသော ဘကြီးနောက်က တဟားဟားရယ်နေပါသည်။ ဘကြီးနောက်က ထုံးစံအတိုင်း မထင်မှတ်သည့်နေရာတွင် အမှတ်မထင်တွေ့ပြီး နောက်ပြောင်နေပြန်သည်။ မိုးသည်း နေသဖြင့် ကားပေါ်မှ ဆင်း၍မရ။ ဘကြီးနောက်နှင့် လက်တစ်ကမ်းသာ ကွာသဖြင့် မှန်ကို ချပြီး မေးလိုက်ရသည်။

"ဘကြီးနောက် မသေဘူးနော်

"ဟားဟားဟား"

ဘကြီးနောက်မှာ မသေလို့ တွေ့ တာပေါ့ကွာဟူသော အမူအရာဖြင့် အားပါးတရ ရယ်ပြနေပါသည်။

"ဘကြီးနောက်ကို အသက်ရှင် ရက် တွေ့ရလို့ ဝမ်းသာပါတယ်။ အခု တစ်ယောက်တော့ ဘကြီးနောက် နောက်တာ ခံလိုက်ရပြီး အရမ်းဝမ်းနည်း နေတာပဲ"

"ဟားဟားဟား"

"ဒါလောက်နောက်ရရင် ကျေနပ် ပါတော့ ဘကြီးရာ။ ဒါဆို ကျွန်တော် ပြန်တော့မယ်"

ကားထွက်ခဲ့ပြီး ကျွန်တော် လက်ပြ နှုတ်ဆက်သလို ဘကြီးနောက် ကလည်း ပြန်လည် လက်ပြပြီး နှုတ် ဆက်နေပါသည်။ ဘကြီးနောက်





www.burmeseclassic.com

www.burmeseclassic.com

ကျောခိုင်းပြီး ကားထွက်ခဲ့သော်လည်း မိုးသံလေသံကို ဖောက်ထွက်ကာ ဘကြီးနောက်၏ ရယ်မောသံက ကျယ်လောင်စွာ ထွက်ပေါ်နေပါသည်။ ဘကြီးနောက်ကို ရုတ်တရက်တွေ့လိုက်ရ၍ အမူးတွေ ဘယ်ပျောက်သွားသည်ပင် မသိရတော့ပါ။ အမူးပြေသွားသဖြင့် တိုက်ကြီးအရောက် ကားကို ဖြည်းဖြည်းမှန်မှန် မောင်းခဲ့ပါသည်။ အိမ်သို့ ရောက်သည်နှင့် အဖေက အသင့်စောင့်နေသည်။ အဖေ့ကို ဝမ်းသာစရာစကားပြောချင်လှသဖြင့် အိမ်ပေါ် အမြန်တက်ခဲ့သည်။

"ဒီတစ်ခါလည်း အဖေ ခံလိုက်ရပြန်ပြီ။ ဘကြီးနောက် မသေဘူး အဖေရဲ့"

"ဘာကွ၊ ဘယ်လို"

"ဘကြီးနောက် တကယ်မသေပါဘူးလို့ ပြောတာပါ"

"မဖြစ်နိုင်တာကွာ"

"ကျွန်တော်ကိုယ်တိုင် ဘကြီးနောက်ကို ကိုယ်တိုင်တွေ့ခဲ့ရတာပါ"

"ဒါဆို မင်းကို နောက်တိုးက ခြောက်လိုက်တာပဲ"

"တကယ်တွေ့ခဲ့တာပါ အဖေရဲ့။ ဘကြီးနောက် မသေပါဘူး"

"တိုက်ကြီးမှာ နေတဲ့ နောက်တိုးရဲ့ ညီဝမ်းကွဲ ကျော်မောင်ဆိုတာ ရှိတယ်။ ကျော်မောင်ကိုယ်တိုင် အသုဘက ပြန်လာခဲ့ပြီ"

"ဟာ•••ဒါဆို"

"မင်းမယုံရင် ရက်လည်တဲ့နေ့ မင်းလိုက်ခဲ့ပေါ့။ မင်းခံရသလား၊ ငါခံရသလားဆိုတာ ကွဲကွဲပြားပြားသိရတာပေါ့"

မယုံကြည်နိုင်လောက်အောင် အံ့သြသွားမိပါသည်။ ကျွန်တော်သည် တစ္ဆေသူရဲရှိသည်ဟု ယုံကြည်မှုမရှိပါ။ တစ္ဆေသူရဲကို မကြောက်တတ်၍ တစ်ခါမှ အခြောက်အလှန့်ခံရခြင်းမျိုးလည်း မရှိပါ။ ဘကြီးနောက်ကို ကိုယ်တိုင်တွေ့ခဲ့ရပါလျက် ဘကြီးနောက် သေဆုံးပြီဆိုခြင်းကို လုံးဝ လက်မခံနိုင်ပါ။ ဘကြီးနောက်၏ ရက်လည်ဆွမ်းကျွေးသို့ လိုက်ရန် ဆုံး[illegible]ဘ်လိုက်မိသည်။

•••

ဘကြီးနောက်အတွက် ပြုလုပ်သည့် ဆွမ်းကျွေးသို့ သွားမည့်မနက် သွားခါနီးမှ အမှုသည်တစ်ဦးရောက်လာသဖြင့် အိမ်မှအထွက်နောက်ကျခဲ့ပါသည်။ အဖေနှင့်အတူ ကားကို အမြန်မောင်း၍ သုံးဆယ်သို့ ထွက်ခဲ့ကြသည်။ ရောက်ရမည့်အချိန်ထက် နောက်ကျမှ ရောက်ပါသည်။ ဘကြီးနောက်၏ အိမ်ရှေ့တွင် တာပေါ်လင်များ မိုးလျက် စားပွဲကုလားထိုင်များ ချထားသည်ကို မြင်လိုက်ရသည်။ အိမ်အပေါ်ထပ်တွင်လည်း ဘုန်းကြီး တရားနာ ရေစက်ချနေသံကြား၍ ဘကြီးနောက် အမှန်တကယ် ကွယ်လွန်သွားပြီဖြစ်ကြောင်း အတည်ပြုလိုက်ရပါတော့သည်။

ကျွန်တော်တို့ အိမ်ပေါ် တက်စဉ် ဘုန်းကြီးရေစက်ချချိန်နှင့် တိုက်ဆိုင်နေပါသည်။ အမျှသုံးကြိမ်ဝေလိုက်သဖြင့် သာဓုခေါ်လိုက်ရပါသည်။ သာဓုခေါ်သံနှင့်အတူ ဘကြီးနောက် ကောင်းရာသုဂတိဘုံသို့ ရောက်ပါစေဟု ဆုတောင်းလိုက်မိပါသည်။

ဘကြီးနောက် အမှန်ကွယ်လွန်ခြင်းဖြစ်ပါက ကျွန်တော်ကိုယ်တိုင် ဘကြီးနောက်ကို မျက်စိနှင့် တပ်အပ်မြင်လိုက်ရခြင်းသည် လှည့်စားချက်ပေလောဟု တွေးရပြန်သည်။ မြင်ရသည်မှာ ဘကြီးနောက်မှ ဘကြီးနောက်အစစ်ဖြစ်သည်။ ဘကြီးနောက်နှင့် ရုပ်ချင်းတူသူလည်း မဖြစ်နိုင်ပါ။ တစ္ဆေခြောက်သည် ဆိုခြင်းကို လုံးဝ လက်မခံနိုင်ပါ။ ကျွန်တော်သည် တစ္ဆေသရဲကို ကြောက်တတ်သူမဟုတ်၍ ညဘက် ကျောင်းကြို ကျောင်းကြား သုသာန်ပါမကျန် ဖြတ်သန်းသွားလာနေသူဖြစ်ပြီး တစ်ခါမှ နာနာဘာဝနှင့် တွေ့ခဲ့ရသည် မရှိပါ။ ကိုယ်တိုင်က တစ္ဆေသရဲကို မယုံသည့်အပြင် နှုတ်က ပရိတ်တော်၊ ဂါထာတော်များကို မပြတ်ရွတ်ဆိုနေသည့်အပြင် အမှောင့်ပယောဂ မနှောင့်ယှက်နိုင်စေရန် အဆောင်လက်ဖွဲ့ကိုလည်း အမြဲဆောင်ထားလေ့ရှိပါသည်။

ကျွန်တော် မူးနေ၍ပင် ဖြစ်သလောဟု တွေးပြန်ပါကလည်း ဘကြီးနောက်ကို မမှတ်မိနိုင်လောက်အောင် မူးခြင်းမဟုတ်သည်မှာ သေချာပါသည်။ ထိုကိစ္စကို အထပ်ထပ် စဉ်းစားသော်လည်း အဖြေမပေါ်ခဲ့ပါ။ နှစ်ပေါင်းများစွာကြာသည့်တိုင် ထိုအဖြစ်အပျက်ကို မေ့ပျောက်မရအောင် ရှိနေပါသည်။ မည်သို့ပင်တွေးတွေး တစ္ဆေခြောက်ခြင်း မဖြစ်နိုင်ကြောင်း ယုံကြည်မိသော်လည်း နိုင်လုံသော အဖြေမရခဲ့ပါ။ နှစ်များစွာ ကြာလာခဲ့သည့်တိုင် အတိတ်ဟောင်းက အဖြစ်ကို နောင်းတမြည့်မြည့် ခံစားရလျက်ရှိပါသည်။

* * *

ခကာင်းခေသာ်



www.burmeseclassic.com

www.burmeseclassic.com

# သက်ရောက်ယတြာ

မောင်ရဲလေး

ယတြာချေမည့်သူသည် ရောက်သက်ကို ဧဖြင့် စားပြီး အကြွင်းအတိုင်း ယတြာချေရမှာ ဖြစ်ပါတယ်။

ဥပမာတွက်ပြပါမည်။

| | | |
|---|---|---|
| ၈ | ၂၅ | ၃ |
| | ၂၄ | |
| | ၁ | |

အသက် ၂၅နှစ်ရှိသောသူတစ်ဦးဆိုပါစို့။

၁-ကြွင်းသောကြောင့် တနင်္ဂနွေထောင့်တွင် လိမ္မော်ရောင်ပန်း တစ်ပွင့်၊ တစ်ခက်၊ အလင်းတိုင်တစ်တိုင်၊ နံ့သာတိုင်တစ်တိုင် လှူဒါန်းပြီး ဣန္ဒြိပဋ္ဌာဂါထာကို အနန်းသား ဇလုံးပုတီးဖြင့် ၆ပတ်စိပ်ပြီး လိုရာဆုတောင်းပါ။

## ဣန္ဒြိပဋ္ဌာဂါထာ

သဗ္ဗေ ဗုဒ္ဓါ ဣန္ဒြိ ပစ္စယာ၊
ပစ္စေကာနဉ္စ ယံဣန္ဒြိ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

ကျန်နေသားများကို ဇယားဖြင့် ဖော်ပြထားပါတယ်
ဇယားကို ကြည့်ပြီး ဆောင်ရွက်ပါ။

* * *

ရဲလေး(ပုဘ...

| အကြွင်း | ဂါထာ | ဇလုံးပုတီး နေ့နံထောင့် | အပတ် ရေ | လှူရန်ပစ္စည်းများ | | |
|---|---|---|---|---|---|---|
| | | | | အညွန့်ပန်း | အလင်းတိုင် | နံ့သာတိုင် |
| ၂ | သဗ္ဗေဗုဒ္ဓါ ခေမပစ္စယာ၊ ပစ္စေကာနဉ္စ ယံခေမံ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | ကံ့ကော်သား ၂-လာ | ၁၅ | အဖြူရောင်ပန်း | ၂ | ၂ |
| ၃ | သဗ္ဗေဗုဒ္ဓါ ဇိနပစ္စယာ၊ ပစ္စေကာနဉ္စ ယံဇိနံ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | ဆီးသား ၃-ဂါ | ၈ | အစိမ်းရောင်ပန်း | ၃ | ၃ |
| ၄ | သဗ္ဗေဗုဒ္ဓါ လာဘပစ္စယာ၊ ပစ္စေကာနဉ္စ ယံလာဘံ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | ရေသံ ၄-ဟူး | ၁၇ | အဝါရောင်ပန်း | ၄ | ၄ |
| ၅ | သဗ္ဗေဗုဒ္ဓါ သိရိပစ္စယာ၊ ပစ္စေကာနဉ္စ ယံ သိရိ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | ငုပ ၅-တေး | ၁၉ | ပန်းရောင်ပန်း | ၅ | ၅ |
| ၆ | သဗ္ဗေဗုဒ္ဓါ ဗလပစ္စယာ၊ ပစ္စေကာနဉ္စ ယံဗလံ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | သီးသား ၆-ကြာ | ၂၁ | အညိုရောင်ပန်း | ၆ | ၆ |
| ၇ | သဗ္ဗေဗုဒ္ဓါ တေဇပစ္စယာ၊ ပစ္စေကာနဉ္စ ယံတေဇံ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | ပိတောက် ၀-နေ | ၁၀ | အနီရောင်ပန်း | ၇ | ၇ |
| ၀ | သဗ္ဗေဗုဒ္ဓါ ယသပစ္စယာ၊ ပစ္စေကာနဉ္စ ယံယသံ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ | ခရေ (ဝါ) ရင်းတိုက် (၈-ရာဟု) | ၁၂ | မီးခိုးရောင်ပန်း (ဝါ) မရမ်းရောင်ပန်း | ၈ | ၈ |



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် စိုးမိုးနိုင်

# ဘဝပုစ္ဆာ အဖြေရှာကဏ္ဍ

**ဒေါ်စန်းစန်းမြင့်**
**သထုံ(၄)၊ အဆောင်(၄)၊ အခန်း(၁၉)၊ နေပြည်တော်။**

**မေး။ ။ ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။**

**ဖြေ။** ။ ဒေါ်စန်းစန်းမြင့်သည် တရုတ်ရိုးရာဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ ကြက်(မီး)နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၇)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်း ဗေဒင်ပညာရပ်အရ ဗြိစ္ဆာရာသီ (Scorpio)ဖွားဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်စန်းစန်းမြင့်သည် ဟိတ်ဟန်အပြည့်ဖြင့် လှုပ်ရှားဆောင်ရွက်တတ်သူ၊ ပွင့်ပွင့်လင်းလင်းပြောတတ်သူ၊ ဝီရိယကောင်းသူ၊ စိတ်အားထက်ထက်သန်သန်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သူ၊ ငွေကောင်းသူ၊ လိမ္မာပါးနပ်သူပင် ဖြစ်သည်။

ဒေါ်စန်းစန်းမြင့်အတွက် ဘဝအောင်မြင်မှု ကျင့်စဉ်မှာ -

(၁) အောင်မြင်သူများ၏ ဘဝဖြစ်စဉ်များကို ရှာဖွေဖတ်ရှုပါ။ အောင်မြင်သူများ၏ ကောင်းသော အချက်များကို အတုယူပါ။ သင့်ပတ်ဝန်းကျင်ရှိ ဘဝတွင် အောင်မြင်သူများကို ရှာဖွေကာ သူတို့၏ တော်သောအချက်များကို အတုခိုးပါ။

(၂) သင်လိုချင်သော ရည်မှန်းချက် ပန်းတိုင်ကို တိတိကျကျ သတ်မှတ်ပါ။ ထိုရည်မှန်းချက်သည် သင်လုပ်ဆောင်နိုင်သော အရာမျိုးသာဖြစ်ရမည်။

(၃) 'Give and Take' ဆိုသကဲ့သို့ ပေးမှသာလျှင် ရမည်။ အနာခံမှ အသာစံရ၏။ ရည်မှန်းချက်အတွက် ပေးဆပ်အနစ်နာခံလျက် ကြိုးစားပါ။

(၄) ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ - ပြင်းပြသော အမှုကိစ္စဟူသမျှသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ မုချ အမှန်ကေန် ပြီးစီးအောင်မြင်ရသည်သာတည်း။

ထို့ကြောင့် ဆန္ဒပြင်းပြင်းပြပြဖြင့် ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းပါ။ မဖြစ်မနေ ငါ့ရည်မှန်းချက်ကို ဖြစ်အောင် လုပ်မည်ဆိုသောစိတ်ကို မွေးပါ။ ဆန္ဒပြင်းလျှင် ပြင်းသလောက် အောင်မြင်မှုကို ရရှိပေလိမ့်မည်။

(၅) အောင်မြင်သူတိုင်းသည် မိမိကိုးကွယ် ယုံကြည်ရာ ဘာသာတရားကို အထူးပင် သက်ဝင် ယုံကြည်သူများပင် ဖြစ်သည်။ ထို့ကြောင့် မိမိကိုးကွယ်ရာ ဘာသာကို မမေ့လျော့ပါနှင့်။

နေ့စဉ် နံနက်ပိုင်းနှင့် ညပိုင်းတွင် အိမ်ရှိ ဘုရားတွင် ရေချမ်းကပ်လှူကာ သီလခံယူပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို ရွတ်ဆိုပါ။ ဂုဏ်တော်များ၏ အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပါ။

အချိန်ရလျှင် ရသလောက် တရားနာခြင်း၊ တရားထိုင်ခြင်း၊ တရားစာအုပ်ဖတ်ရှုခြင်းများ ပြုလုပ်ပါ။ ဘာသာတရားသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကျေးဇူးများကို အထောက်အပံ့ပြုသည်။

ချမ်းသာစေ၊ ချမ်းသာမှန်ကို လိုလားတောင့်တသူ၊ အောင်မြင်ခြင်းအစစ်အမှန်ကို မျှော်မှန်းတောင့်တသူ ဒေါ်စန်းစန်းမြင့်အနေဖြင့် ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်များကို ယုံယုံကြည်ကြည်ပွားများလျှင် အိုးအိမ်မြေယာပိုင်ဆိုင်ခြင်း၊ ငွေကြေးအခက်အခဲများ ပြေပျောက်ခြင်း၊ လူမှုရေးအဆင်ပြေခြင်း၊ မိသားစုသာယာချမ်းမြေ့ခြင်း၊ ကျန်းမာခြင်း စသောအကျိုးများကို မရေမတွက်နိုင်အောင် ရရှိခံစားရပါလိမ့်မည်။

**မအေးမျိုးသန့်**
**မိုးကုတ်မြို့။**

**မေး။ ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။**

**ဖြေ။** ။ မအေးမျိုးသန့်သည် တရုတ်ရိုးရာဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ နဂါး(မြေ)နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၁)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မိန်ရာသီ (Pisces)ဖွားဖြစ်ပါသည်။ ထို့ကြောင့် မအေးမျိုးသန့်သည် ပင်ကိုယ်စွမ်းရည်ရှိသူ၊ ဦးစီးဦးဆောင်လုပ်တတ်သူ၊ မွေးရာပါစွမ်းပကားရှိသူ၊ ဆုံးဖြတ်ချက် ခိုင်မာသူ၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသူဖြစ်သည်။

ချစ်သူသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒပညာရပ်အရ ကျား(မီး)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၂)ဂဏန်းသမားဖြစ်ပြီး အနောက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းဗေဒင်ပညာရပ်အရ သိဟ်ရာသီ(Leo)ဖြစ်ပါသည်။ ထို့ကြောင့် ချစ်သူသည် အရည်အချင်း အစွမ်းအစရှိသူ၊ ငွေရှာတော်သူ၊ စိတ်ကူးစိတ်သန်းကောင်းသူ၊ တစ်ခါတစ်ရံ စိတ်ကူးယဉ်တတ်သူ၊ ပတ်ဝန်းကျင်မှာ ထူးထူးခြားခြား ထင်ပေါ်သူဖြစ်သည်။

မအေးမျိုးသန့်၏ အချစ်ပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် လူကြီးမိဘအသိုင်းအဝိုင်းများနှင့် တိုင်ပင်ညှိနှိုင်းပြီး ဘဝခရီးကို လျှောက်လှမ်းမည်ဆိုလျှင် ပြဿနာကြီးကြီးမားမား မကြုံတွေ့နိုင်ပေ။

**မယဉ်မေ**
**၁၇-လမ်း။ နန်းရွှေ၊ မန္တလေးမြို့**

**မေး** ။ **ဘဝအောင်မြင်ရေးကျင့်စဉ်ကို သိလိုပါသည်။**

**ဖြေ** ။ မယဉ်မေသည် တရုတ်ရိုးရာဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ဝက်(သတ္တု)နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၂)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ တူရာသီ(Libra)ဖွားဖြစ်ပါသည်။ ထို့ကြောင့် မယဉ်မေသည် ဉာဏ်ရည် ဉာဏ်သွေးထက်မြက်သူ၊ စိတ်ရှည် သည်းခံသူ၊ အားနာစိတ်, သနားစိတ်ဖြင့် သူတစ်ပါးကို အလွယ်တကူ ယုံကြည်တတ်သူ၊ ရုပ်ဝတ္ထုပစ္စည်းများကို လိုချင်မက်မောသူ၊ စိတ်ကူးစိတ်သန်းကောင်းသူ၊ တစ်ခါတစ်ရံ စိတ်ကူးယဉ်တတ်သူ၊ အမှတ်သည်းခြေကြီးသူပင် ဖြစ်သည်။

အားနာစိတ်ဖြင့် အယုံအကြည်လွယ်မှုကြောင့် ဘဝတွင် အခက်အခဲကြုံတွေ့ရနိုင်သည်ကို သတိပြုစေချင်သည်။ မယဉ်မေအတွက် ဘဝအောင်မြင်ရေးကျင့်စဉ်မှာ-

(၁) ပျားကောင်လေးများသည် ပန်းမျိုးစုံမှ ပန်းဝတ်ရည်ကို စုပ်ယူပြီး ပျားအုံကို စုကြသည်။ အကြိမ်ပေါင်းများစွာ အကောင်ပေါင်းအမြောက်အမြား စုဝေးလာပြီးမှ ပျားအုံတစ်အုံဖြစ်လာသည်။

ထိုအတူ အောင်မြင်မှုတစ်ခုကို တည်ဆောက်ခြင်းသည် ပျားအုံတစ်အုံကို ဖွဲ့တည်ခြင်းနှင့် အလားသဏ္ဌာန်တူသည်၊ အောင်မြင်မှုသည် ဘွားခနဲ ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ပေ။ တဖြည်းဖြည်းချင်း အကြိမ်ပေါင်းများစွာ ကြိုးစားမှသာ အောင်မြင်မှုကို ဖန်တီးရယူရသည်။ အောင်မြင်မှုသေးသေးလေးများကို စုဆောင်းပြီး အောင်မြင်မှု ကြီးကြီးကို တည်ဆောက်ပါ။

(၂) အမေရိကန်မှာ ဝပ်ရှော့သမားတစ်ဦးက သူ၏အရည်အချင်းအစွမ်းအစကို မသိဘဲ ငွေဆင်းရဲခြင်းကြောင့် သတ္တိမရှိ၊ စိတ်အားငယ်နေသည်။ သို့သော် မမျှော်လင့်ဘဲ ဒေါ်လာတစ်ထောင်ကို ကောက်ရလိုက်သောအခါ စိတ်ဓာတ်အင်အားရှိသွားသည်။ ဒေါ်လာတစ်ထောင်ကြောင့် စိတ်ဓာတ်အင်အားပြည့်သွားသောအခါ လုပ်ငန်းလုပ်ကိုင်ရန် ဝပ်ရှော့ပစ္စည်းများ တစ်ပိုင်တစ်နိုင် ဝယ်လိုက်သည်။ ရောင်းသူက ဒေါ်လာတစ်ထောင်တန်ကို မအမ်းနိုင်သောကြောင့် နောက်မှပေးဟု ဆိုသည်။ ထိုသို့ဖြင့် ဒေါ်လာတစ်ထောင်ပေါ်မှာ အရင်းတည်လိုက်သော စိတ်ဓာတ်အင်အားကြောင့် ကြိုးစားလိုက်ရာ တိုးတက်ကြီးပွားချမ်းသာသွားလေသည်။ ရောင်းဝယ်ဖောက်ကားခြင်းမှ ရရှိလာသော အမြတ်များဖြင့် အကြွေးများကို ဆပ်ပြီးသောအခါမှ ဒေါ်လာတစ်ထောင်တန်စက္ကူကြီးက အတုကြီးမှန်း သိသွားသည်။ သို့သော် ဖုံးကွယ် တိမ်မြုပ်နေသော စိတ်ဓာတ်အင်အားများကို ဒေါ်လာတစ်ထောင်တန်အတုကြီးက ဖော်ထုတ်ပေးလိုက်ခြင်းကြောင့် ဘဝအောင်မြင်သွားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဘဝအောင်မြင်မှု ထူးထူးချွန်ချွန်ရရှိစေရန် စိတ်ဓာတ်အင်အားကို မြင့်မြင့်မားမားမွေးမြူပါ။

(၃) နေ့စဉ် နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားရှေ့တွင် ရတနာမြတ်သုံးပါးကို စိတ်ညွတ်ကာ ပန်း၊ ရေချမ်းဆွမ်းကပ်လှူကာ သီလခံယူပြီး အောက်ပါ လယ်တီဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်း ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

**လယ်တီဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်း ဂါထာတော်**

(၁) ဗုဒ္ဓေါစ မင်္ဂလော လောကေ၊ ဒေဝဗ္ရဟ္မနွမြဟ္မိသရော
ဗုဒ္ဓံ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခ ပမုစ္စရေ။
(၂) ဓမ္မောစ မင်္ဂလော လောကေ၊ သဗ္ဗာပါပ ဝိနာသကော
ဓမ္မံ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
(၃) သံဃောစ မင်္ဂလော လောကေ၊ ဘယဝေရ ဝိနောဒနော
သံဃံ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
(၄) တေံ ခေါ မင်္ဂလံ ခေမံ၊ တေံ မင်္ဂလ မုတ္တမံ။
တေံ မင်္ဂလ မာဂမ္မ၊ သဗ္ဗပါပါ ပမုစ္စရေ။
(၅) တေံ ခေါ သရဏံ ခေမံ၊ တေံ သရဏာ မုတ္တမံ။
တေံ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
(၆) တေံ ခေါ ရတနံ ခေမံ၊ တေံ ရတန မုတ္တမံ။
တေံ ရတန မာဂမ္မ၊ သဗ္ဗဒေါသာ ပမုစ္စရေ။

အထက်ပါ အချက်များကို လိုက်နာလျှင် မယဉ်မေ၏ ဘဝမှာ တိုးတက်ကြီးပွား အောင်မြင်ခြင်းများစွာရရှိပေလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** ▪ ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** ▪ ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** ▪ ကျန်းမာရေးဇာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** ▪ ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** ▪ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** ▪ ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** ▪ အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်း ပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် – ၁၇၉ (မြေညီထပ်)၊ ၃၁ – လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း – ၃၇၄၄၈၅




www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသားများရဲ့ ဘယ်လက်ဖဝါးပြင်မှ အိမ်ထောင်ရေး


ဆရာကြီးဦးအောင်မြိုင် (လက္ခဏာဗေဒင်သုတေသီ)

အသက် ၃၀ ဝန်းကျင်အရွယ် အမျိုးသမီးတစ်ဦးက အသက် ၃၃နှစ်အရွယ် အမျိုးသားတစ်ဦးရဲ့ ဘယ်၊ ညာ လက်ဖဝါးပြင်ပုံစံကို ယူလာခဲ့ပြီး အဲဒီအမျိုးသားရဲ့ အိမ်ထောင်ရေးကံကြမ္မာကို ဟောပေးပါလို့ တောင်းဆိုခဲ့ပါတယ်။ ဒါကြောင့် အမှတ်အသားပိုစုံတဲ့ ဘယ်လက်ဖဝါးပြင်ပုံစံကို ရွေးချယ် ကြည့်ရှုစစ်ဆေးရခြင်းပါပဲ။




အိမ်ထောင်ရေးနဲ့ ပတ်သက်လာရင် လက်သန်းအောက် အိမ်ထောင်ရေးလမ်းကြောင်းကို ပထမဦးစားပေး ကြည့်ရှုရပါတယ်။ အဲဒီမှာ အိမ်ထောင်ရေးလမ်းကြောင်း နှစ်ကြောင်း အပြိုင်ဖြစ်နေတာ တွေ့ရတဲ့အတွက် အိမ်ထောင်ဘက် နှစ်ယောက်ရှိတတ်တယ်။ အိမ်ထောင်တစ်ဆက်နဲ့ ကွဲပြီး နောက်တစ်ဆက် ထပ်ယူနိုင်တယ်။ အိမ်ထောင်တစ်ဆက်နဲ့ မကွဲခင်ကတည်းက နောက်တစ်ယောက်နဲ့ မရှင်းမရှင်းဖြစ်နေတတ်တယ်။ (က-အက္ခရာ)။

လက်သန်းထိပ်ဖျားကလည်း နည်းနည်းကောက်နေတယ်။ ပြီးတော့ လက်သန်းရဲ့ အလယ်ဆစ်နဲ့ အရင်းဆစ်တွေက ဖောင်းကြွကြွမရှိဘဲ ပိန်သေးနေတာ တွေ့ရတယ်။ (ခ-အက္ခရာ)။





ဒီလို လက်သန်းမျိုးဟာ အချစ်ရေး၊ အိမ်ထောင်ရေး သားသမီးရေးကိစ္စတွေမှာ သိပ်ကံမကောင်းတတ်ဘူး။ ပရိယာယ် မာယာများခြင်း၊ လှို့ဝှက်ခြင်း၊ သားသမီးရဖို့ ခက်ခဲခြင်း စတာတွေ ဖြစ်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်ချောင်းအားလုံးရဲ့ ထိပ်ဖျားရှိ ဖွေတွေကို ကြည့်ရင် နဂါးပတ် ကျော့ကွင်းဖွေအမျိုးအစားကိုသာ တွေ့ရတယ်။ (ဂ-အကွက်ရှာ)။





ဒီဖွေအမျိုးအစားများသူဟာ စိတ်အပြောင်းအလဲ အလွန်မြန်တယ်။ အသစ်အဆန်းတွေကို ပိုပြီး နှစ်သက်တယ်။ အဟောင်းတွေကို စွဲလမ်းမှုသံယောဇဉ် နည်းပါးတတ်တယ်။ ဒါကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း အဟောင်းကို ပစ်ပြီး အသစ်ရှာတတ်တဲ့ ပင်ကိုယ်ဗီဇမျိုးရိုးရှိနိုင်ကြောင်း အဟောထုတ်ပေးနိုင်တယ်။ (ခြွင်းချက်အနေနဲ့ နှလုံးလမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းတွေ ကောင်းမွန်ရင် ထိန်းသိမ်းနိုင်စွမ်းရှိတယ်။)

ဒီလက်ဖဝါးပြင်မှာ သေချာကြည့်ရင် နှလုံးလမ်းလက်ခလယ်အောက်မှာ နည်းနည်းကောက်တယ်။ ဦးခေါင်းလမ်းကြောင်းကလည်း ပီပီပြင်ပြင်မရှိဘူး။

အချစ်ရေး အိမ်ထောင်ရေးမှာ သာယာပျော်ရွှင် နိုင်မြဖို့ဆိုတာ နှလုံးလမ်းကြောင်းမှာ အဖျက်လမ်း ကင်းဖို့ လိုပါတယ်။

ယခု လက်ဖဝါးပြင်ရဲ့ နှလုံးလမ်းကြောင်းအဖျားမှာ အောက်စိုက် ခက်ရင်းခွလမ်းငယ်လေးတစ်ခုက ဖြတ်ထားတာ တွေ့ရတယ်။ (ဃ-အကွက်ရှာ)။




ဒီဥပါဒ်လမ်းမျိုးက အချစ်ရေး၊ အိမ်ထောင်ရေးမှာ အဆင်မပြေဖြစ်၊ စိတ်သဘောထားခြင်း မတိုက်ဆိုင်၊ ပြဒါးတစ်လမ်း သံတစ်လမ်းဆိုသလို လမ်းခွဲရတတ်တဲ့ ကံကြမ္မာမျိုးကို ဖန်တီးပေးတတ်တယ်။

အိမ်ထောင်ရေးဒုက္ခ မကြုံရအောင် ကြိုတင် ကာကွယ်နိုင်ကြပါစေ။

* * *

ဆရာဦးအောင်မြိုင်
(လက္ခဏာဗေဒင်သုတေသီ)




အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

# ခေါင်ရန် နှင့် ရောင်ရန်



လပွတ္တာရန်မင်းအောင်

တစ်နေ့မှာ ကျွန်ုပ်၏ ဗေဒင်ဟောခန်းသို့ ကိုတင်ထွင်ရောက်ရှိလာ၏။ ကျွန်ုပ်နှင့် ကိုတင်ထွင်၏ အကျွမ်းတဝင် ရင်းနှီးခင်မင်ခဲ့သည်မှာ ဂုလခန့်ပင် ရှိသေးသည်။

"ဆရာ···မင်္ဂလာပါ ဆရာ"

"ဩော်···ကိုတင်ထွင်၊ မင်္ဂလာပါ၊ လာ···ထိုင်"

ကျွန်ုပ်က ခရီးဦးကြိုပြုလိုက်သည်နှင့် ဗေဒင်ဟောခုံရှေ့ ဖျာပေါ်တွင် ကိုတင်ထွင် ဝင်ထိုင်လိုက်သည်။

"ဆရာ့ကို လာပင့်တာပါ။ ကျွန်တော် မြေယာဝယ်ဖို့ မြေကွက်လပ်နှစ်နေရာ ဆိုင်ထားတယ်။ မြေယာက နှစ်နေရာ ပေမယ့် ရောင်းမယ့် ပိုင်ရှင်ကတော့ တစ်ဦးတည်းပါ ဆရာ။ ကျွန်တော်ဝယ်မှာက မြေယာတစ်ကွက်တည်းပါ။ ဘယ်မြေကွက်လပ်ကို ဝယ်သင့်သလဲလို့ ဆရာနဲ့ တိုင်ပင်ပြီး ဝယ်ချင်လို့ပါ ဆရာရယ်"

"ကောင်းပြီလေ၊ လိုက်ကြည့်ပေးပါ့မယ်"

ကျွန်ုပ်လည်း ဟောခန်းကို ခေတ္တပိတ်ပြီး ကိုတင်ထွင်၏ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါသွား၏။ ကွမ်းတစ်ယာညက်ပင် မကြာတတ်၊ လမ်းချိုးထိပ်တစ်နေရာအရောက်တွင် ဆိုင်ကယ်လေး ရပ်တန့်သွားသည်။

ကျွန်ုပ်တို့နှစ်ယောက် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်နှင့် ကိုတင်ထွင်က လက်ညှိုးထိုးပြပြီး···

"ဆရာ···ကျွန်တော်ဝယ်ဖို့ ဆိုင်ထားတဲ့ မြေကွက်လပ်က ဒီမြေကွက်နဲ့ ဟိုမြေကွက်ပါ။ မြေကွက်နှစ်ခုစလုံး အိမ်မပါဘူး ဆရာ"

ကျွန်ုပ်လည်း မြေကွက်လပ်နှစ်ခုကို သေသေချာချာကြည့်လိုက်၏။ ဆိုင်ကယ်ရပ်ထားသည့်တည့်တည့်မှ မြေကွက်သည် မြောက်ဘက်စူးစူးသို့ မျက်နှာစာလှည့်ထား၏။ လမ်းချိုးလေးထိပ်ဖြစ်သည်။ အနောက်တောင်အရပ်ဘက်၌ အုတ်ရေတွင်းတစ်တွင်း ပါရှိသည်။ နောက်မြေကွက်လပ်တစ်ခုကတော့ တောင်စူးစူးသို့ မျက်နှာစာလှည့်ထား၏။ အနောက်စူးစူးအရပ်ဘက်၌ ဆူးပါသော ကသစ်ပင်ကြီးတစ်ပင်နှင့် အုန်းလေးပင် အိမ်ရှေ့မျက်နှာစာ၌ ပါရှိ၏။ သရက်သီးပင် နှစ်ပင်လည်း ပါရှိသည်။

"ကိုတင်ထွင်···ဒီမြေကွက်ကိုတော့ မဝယ်သင့်ဘူးဗျာ။ ဟို တောင်ဘက်ကို မျက်နှာစာလှည့်နေတဲ့ မြေကွက်ကို ဝယ်သင့်တယ်။ ဒါပေမယ့် ဟို ကသစ်ပင်ကိုတော့ လှဲပစ်လိုက်"

"ဟုတ်ကဲ့ ဆရာ။ အဲဒါဆိုရင် ဒီရက်ထဲ ငွေချေပြီး ခြံစည်းရိုး အရင်ခတ်ထားလိုက်မယ်။ အိမ်ကတော့ ရှေ့လရောက်မှ ဆောက်မယ် ဆရာ"

"မဟုတ်သေးဘူး ကိုတင်ထွင်။ အိမ်မဆောက်သေးဘဲ ခြံစည်းရိုးကို အရင်မခတ်နဲ့၊ ခိုက်တတ်တယ်။ ပြီးတော့ အိမ်ဆောက်လို့ လက်စမသတ်သေးခင်မှာ အဲဒီအိမ်ပေါ်မှာ ဘယ်သူမှ ထမင်းစားတာမျိုး မလုပ်သင့်ဘူးလေ"

"ဩော်···ဟုတ်လား။ ကျွန်တော် မသိလို့ပါ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ညွှန်ကြားတဲ့အတိုင်း ကျွန်တော် ဆောင်ရွက်ပါ့မယ်။ လာ - ဆရာ၊ ဆိုင်ကယ်ပေါ် တက်၊ လက်ဖက်ရည်ဆိုင်သွားရအောင်"

"နေပါစေဗျာ။ ပရိသတ်တစ်ဦးနဲ့ ချိန်းထားလို့၊ လက်ဖက်ရည်သောက်ဖို့ အချိန်မရလို့ပါ"

ကျွန်ုပ်က ပြောလိုက်သည့်အခါ ကိုတင်ထွဋ်က -

"ဟုတ်ကဲ့ ဆရာ။ ဆရာ့ပရိသတ်နဲ့ ချိန်းထားတယ်ဆိုရင် ကျွန်တော် ဗေဒင်ဟောခန်းအထိရောက်အောင် ပြန်ပို့ပေးပါ့မယ် ဆရာ"

ကိုတင်ထွဋ်က ဆိုင်ကယ်စက်နှိုးလိုက်သည်နှင့် ကျွန်ုပ်လည်း ဆိုင်ကယ်နောက်မှာ တက်ထိုင်လိုက်သည်။ ကတ္တရာလမ်းအတိုင်း ဆိုင်ကယ်လေး တရိပ်ရိပ်နှင့် မောင်းနှင်သွား၏။ ခဏအကြာမှာပင် ဟောခန်းရှေ့သို့ ဆိုင်ကယ် ဆိုက်ရောက်သွား၏။ ကျွန်ုပ်က တံခါးဖွင့်၍ ဗေဒင်ဟောခန်းထဲ ဝင်သွားသည်နှင့် ကိုတင်ထွဋ်ပါ ဝင်လိုက်လာ၏။

ကိုတင်ထွဋ်သည် သူ့အင်္ကျီအိတ်ထဲမှ စာအိတ်ခေါက်လေးကို ထုတ်ယူပြီး…

"ကျွန်တော် ဆရာ့ကို ကန်တော့ဖို့ အိမ်မှာကတည်းက ထည့်ယူလာတာပါ။ ဆရာ့ကို ကန်တော့ပါတယ် ဆရာ"

"ရပါတယ်ဗျာ။ နောက်ကိုလည်း အကူအညီလိုရင် ပြောပေါ့။ တတ်နိုင်တဲ့ဘက်က အကူအညီပေးပါ့မယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်"

ကိုတင်ထွဋ်လည်း ကျွန်ုပ်ကို ကန်တော့ပြီးသည်နှင့် ပြန်သွားသည်။ ကျွန်ုပ်လည်း ရေးစရာရှိသော ဟောစာတမ်းများကို ဆက်၍ရေးနေမိသည်။

♦♦♦

နောက် ၇လခန့်အကြာတွင် ကျွန်ုပ်၏ ဟောခန်းဆီသို့ ကိုတင်ထွဋ် ရောက်ရှိလာပြန်၏။

"ဆရာ"

ခေါ်သံကြား၍ ဟောခန်းအဝသို့ ကျွန်ုပ် မော့ကြည့်လိုက်၏။ ကိုတင်ထွဋ်ကို မြင်တွေ့လိုက်သည်နှင့်…

"ဟင်…ကိုတင်ထွဋ်၊ လာ - ထိုင်ဗျာ၊ ခင်ဗျားကြည့်ရတာ ညှောင်နာနာနဲ့၊ နေမကောင်းလို့လား"

ကျွန်ုပ်က ဖိတ်ခေါ်လိုက်သည်မို့ ကိုတင်ထွဋ်လည်း ဗေဒင်ဟောခုံရှေ့မှာ ဝင်ထိုင်လိုက်သည်။

"လူကတော့ နေကောင်းပါတယ် ဆရာ။ စိတ် နေမကောင်းတာပါ"

"ဟေ…ဘယ်လိုဖြစ်လို့လဲ"

"ဒီလေးငါးလအတွင်းမှာ ကျွန်တော့်စီးပွားရေး အတော့်ကို ထိခိုက်သွားတယ် ဆရာ။ ဆရာ ညွှန်ကြားတဲ့ စကားကို နားမထောင်မိလို့ ဆိုရမှာပဲ"

"ဘယ်လို…ဘယ်လို၊ ရှင်းအောင် ပြောပြစမ်းပါဦး"

ကျွန်ုပ်က မေးလိုက်သည်နှင့် ကိုတင်ထွဋ်၏ မျက်နှာမှာ ညှိုးနွမ်းသွားပြီး…

ဒီလိုပါ ဆရာ။ ဆရာ ဝယ်ခိုင်းတဲ့ မြေကွက်ကို မဝယ်ဘဲ ဆရာ မဝယ်ခိုင်းတဲ့ မြေကွက်ကို ဝယ်ပြီး အိမ်ဆောက်မိပါတယ်။ အဲဒါကလည်း ကျွန်တော့်မိန်းမ ခင်ခင်ကြောင့်ပါ။ ဆရာဝယ်ခိုင်းတဲ့ မြေက လမ်းထိပ်နဲ့ တစ်ခြံကျော်ဖြစ်နေလို့တဲ့။ အခု အိမ်ဆောက်ထားတဲ့ မြေက လမ်းထိပ်မှာဆိုတော့ ဈေးရောင်းဈေးဝယ် ပိုကောင်းနိုင်တယ်တဲ့လေ။ အဲဒါကြောင့် သူ စိတ်ကူးရှိတဲ့အတိုင်းပဲ လမ်းထိပ်က မြေကို ဝယ်ပြီး အိမ်ဆိုင်လေး တည်တာပေါ့ ဆရာရယ်။ ဒါပေမယ့် ရောင်းချရတာ အကြွေးက ကျသေး။ စာရင်းဇယားအရ အမြတ်တော့ ကျန်ပါရဲ့ ရင်းနှီးထားတဲ့ ငွေကတော့ ပြန်မပေါ်ဘူးလေ။ ဆိုင်တည်ခါစက ရောင်းကောင်းပါတယ်။ အခုတော့ အကြွေးတောင်းလို့လားမသိဘူး ဆရာ၊ ဝယ်ယူအားပေးကြတဲ့ မိတ်ဆွေလည်း လျော့ပါးသွားတယ်"

"အဲဒီလိုလည်း မပြောနဲ့ ကိုတင်ထွဋ်ရေ၊ အတိတ်ကံဝင့်ကြွေးပါလာတော့လည်း ဘယ်ပညာရပ်နဲ့ပဲ ကျူညီ ကူညီမရပါဘူး။ စီးပွားထိခိုက်မယ့် အဲဒီခြံကိုပဲ ခင်ဗျားတို့ ဝယ်နေဖြစ်တာပေါ့။ ခင်ဗျားက စနေသားဆိုတော့ ခင်ဗျားတို့ အခု ဝယ်နေတဲ့ ခြံမျက်နှာက ဘုမ္မိဖြစ်တဲ့ မြောက်အရပ်ဘက်ကို လှည့်နေတာလေ။ ကျုပ် ဝယ်နေခိုင်းတဲ့ ခြံက ခင်ဗျားရဲ့ သိရိအရပ်ဖြစ်တဲ့ မင်္ဂလာအရပ်မဟုတ်လား။ ပြီးတော့ အခု ခင်ဗျားနေတဲ့ ခြံထဲမှာ အုတ်ရေတွင်းရှိတယ်လေ။ အဲဒီရေတွင်းရှိတဲ့ အရပ်က ခင်ဗျားရဲ့ ပရိဝါရအရပ်ပဲ။ ခင်ဗျားမှတ်ထား၊ ကိုယ့်ရဲ့ သိရိအရပ်နဲ့ ပရိဝါရအရပ်၊ အာယုအရပ်ဘက်မှာ ရေတွင်း ရေကန် မတူးအပ်ဘူး။ ဆူးရှိတဲ့ သစ်ပင်လည်း မစိုက်ကောင်းဘူးလေဗျာ"

ကျွန်ုပ်ပြောနေသည့် စကားကို နားစွင့်ထောင်နေသော ကိုတင်ထွဋ်တစ်ယောက် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားဟန်ပြုလိုက်ပြီး…

"သြော်… အဲဒါကြောင့် ဆရာက အဲဒီခြံမြေကို မဝယ်ခိုင်းတာကိုး။ အခုတော့ ဝယ်နေပြီးလို့ လွန်သွားပြီ ဆရာ။ နိုက်တာတွေ ပြေပျောက်မယ့် နည်းလမ်း[illegible] ညွှန်ပါဦး ဆရာ"

www.burmeseclassic.com

"ဟုတ်ပြီ။ အဲဒီခြံအတွင်းမှာပဲ ခင်ဗျားမွေးနံ့ထောင့် အနောက်တောင်ဘက်မှာ ကဆော့ပင်စိုက်ဗျာ။ မခင်အတွက် အရှေ့မြောက်မှာ လက်ပံပင်စိုက်။ အဲဒါ ကြီး-စတု သစ်ပင်စိုက်တဲ့ ယတြာခန်းပဲဗျ။ နောက်တစ်ခုကတော့ ခင်ဗျားရဲ့ အာယု ဖြစ်တဲ့ အနောက်အရပ်မှာ မွေးနံ့ ထိန်ပင်စိုက်ပြီး မခင်အတွက် အရှေ့တောင်အရပ်မှာ ကံ့ကော်ပင် စိုက်ပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့။ ဆရာပြောတဲ့ သိရီအရပ်နဲ့ ပရိဝါရအရပ်၊ အာယုအရပ်၊ ဘုမ္မိအရပ်ဆိုတာတွေကို ယူဆပုံ ယူဆနည်း ပြပေးပါလား ဆရာ"

"ခင်ဗျားက စိတ်ဝင်စားတယ်ဆိုရင်တော့ ကျုပ် စာနဲ့ ရေးပေးလိုက်ပါ့မယ်"

ပြောပြောဆိုဆိုနှင့်ပင် ကျွန်ုပ်လည်း စာရွက်ပေါ်၌ ဘောပင်နှင့် အောက်ပါအတိုင်း ရေးပေးလိုက်သည်။

| | | |
|---|---|---|
| ပရိဝါရ | အာယု | နဂရ |
| သိရီ | တနင်္ဂနွေ | ဘုမ္မိ |
| ဌာန | တေဇ | ဿယသတိ |

| | | |
|---|---|---|
| သိရီ | ပရိဝါရ | အာယု |
| ဌာန | တနင်္လာ | နဂရ |
| တေဇ | ဿယသတိ | ဘုမ္မိ |

| | | |
|---|---|---|
| ဌာန | သိရီ | ပရိဝါရ |
| တေဇ | အင်္ဂါ | အာယု |
| ဿယသတိ | ဘုမ္မိ | နဂရ |

| | | |
|---|---|---|
| တေဇ | ဌာန | သိရီ |
| ဿယသတိ | ဗုဒ္ဓဟူး | ပရိဝါရ |
| ဘုမ္မိ | နဂရ | အာယု |

| | | |
|---|---|---|
| ဘုမ္မိ | ဿယသတိ | တေဇ |
| နဂရ | ကြာသပတေး | ဌာန |
| အာယု | ပရိဝါရ | သိရီ |

| | | |
|---|---|---|
| အာယု | နဂရ | ဘုမ္မိ |
| ပရိဝါရ | သောကြာ | ဿယသတိ |
| သိရီ | ဌာန | တေဇ |

| | | |
|---|---|---|
| ဿယသတိ | တေဇ | ဌာန |
| ဘုမ္မိ | စနေ | သိရီ |
| နဂရ | အာယု | ပရိဝါရ |

ကျွန်ုပ်က နေ့ ဂုနေ့အတွက် ပုံသေရေးလိုက်ပြီး ကိုတင်ထွဋ်ကို ပေးလိုက်သည်။

"ရော့ အဲဒါ ခုနစ်ရက်သားသမီးအတွက် ရေးပေးလိုက်တာပါ ကိုတင်ထွဋ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ။ ဒီတစ်ခါတော့ ဆရာညွှန်တဲ့အတိုင်း အတိအကျလုပ်ပါ့မယ်။ ဆရာလည်း အလုပ်ရှိသေးတယ်ထင်တယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီ ကိုတင်ထွဋ်"

ကိုတင်ထွဋ်လည်း ကျွန်ုပ်ရေးပေးလိုက်သော စာရွက်ကို အသေအချာခေါက်၍ အိတ်ထဲ ထည့်ပြီး ရွှင်ပြုံးစွာ ပြန်သွားလေတော့သည်။

* * *

လမ္ဘဏ္ဍာရန်မင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

**EX–စာပေဗိမာန်**

**အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်**

**သင်တန်းနည်းပြ**

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈:၃၀) မှ ညနေ (၆:၀၀)

www.burmeseclassic.com

www.burmeseclassic.com

ဒါကတော့ ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ မမျှော်လင့်တဲ့အချိန်မှာ ဖြစ်ပျက်ခဲ့တဲ့ ထူးခြားတဲ့ ဖြစ်ရပ်ဖြစ်လို့ တကယ့်ကို အမှတ်တရဖြစ်ခဲ့ရပါတယ်။ ကျွန်တော်ဟာ ဘီအီးဘွဲ့ရရှိပြီး သင်္ဘောအင်ဂျင်နီယာအလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်။ လောလောဆယ်ကတော့ ပြည်တွင်းက စက်သုံးဆီပို့တဲ့ သင်္ဘောမှာ စတင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ရန်ကုန်ရုံးချုပ်ကနေ စက်သုံးဆီတွေ တင်ပြီး သက်ဆိုင်ရာ တိုင်းနဲ့ ပြည်နယ်

# ရီရီငွေး

နှစ်ပေါင်းငါးဆယ်ကြာ
အမှတ်တရကယ်မြစ်ဆုံးပြီ...





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အသီးသီးမှာ ရှိတဲ့ အစိုးရပိုင်ဌာနများဆီကို သွားရောက် ပို့ဆောင်ပေးရတယ်။ ဒါ့ကြောင့် ဧရာဝတီမြစ်တစ်ကြောမှာ ရှိတဲ့ မြို့တွေဆိုရင် မရောက်ဘူးတာ မရှိသလောက်ပါပဲ။

ကျွန်တော်တို့ သင်္ဘောဟာ ရန်ကုန်ဆိပ်ကမ်းက စထွက်တယ်ဆိုရင်ပဲ ပါလာတဲ့ သင်္ဘောဝန်ထမ်းတွေဟာ ကျရာ တာဝန်ကို ဆောင်ရွက်ကြရပါတယ်။ ညနေ ၅နာရီလောက်မှ အားလုံး တာဝန်က နားကြရတာ ထုံးစံဖြစ်နေပါပြီ။ ဒါတောင် စက်မောင်းတဲ့သူကတော့ သတ်မှတ်ထားတဲ့ မြို့မရောက်မချင်း စက်မောင်းတဲ့ တာဝန်ကို ထမ်းဆောင်နေရဆဲပါပဲ။

ညနေစောင်းလို့ ဂျူတီက နားပြီး မကြာခင်မှာ အားလုံးအတူတူ ထမင်းစားကြပါတယ်။ ကျွန်တော်တို့ရဲ့ စက်သုံးဆီတင် သင်္ဘောပေါ်မှာ စုစုပေါင်း ၉ဦးရှိပါတယ်။ စက်မောင်း ၂ဦး၊ စက်ပြင် ၂ဦးနဲ့ ကျန် ၅ဦးကတော့ အထွေထွေ အလုပ်သမားတွေပေါ့။ အဲဒီထဲမှာ အသက်အကြီးဆုံး ဦးလေးမောင်တစ်ယောက်လည်း အပါအဝင်ပါပဲ။ ဦးလေးမောင်ကတော့ ဆီလောင်းအဖြစ်နဲ့ လိုက်ခဲ့တာ ကြာပါပြီ။ အခုဆိုရင် အသက် ၅၀နီးနေပြီ။ သူက အင်မတန်ရယ်စရာပြောတတ်တဲ့သူပဲ။ ညနေရောက်ရင် သူ့အနားမှာ လူတွေ ဝိုင်းနေတတ်တယ်။ သူ့အပြောမှာတင်ပဲ အားလုံးက တဝါးဝါးတဟားဟား ရယ်မောကြနဲ့ ဦးလေးမောင်ရှိရင် မပျင်းကြဘူး။ သူက တစ်ခါတစ်ခါမှာတော့ သရဲတစ္ဆေအကြောင်း ပြောပြတတ်တယ်။

သရဲတစ္ဆေအကြောင်းပြောရင်တော့ ဘယ်သူမှ မရယ်ရဲဘူး။ ကြောက်စိတ်နဲ့ တုတ်တုတ်တောင် မလှုပ်ရဲဘူး။ အိမ်သာသွားတာတောင် အဖော်နဲ့ သွားကြရတယ်။ အခုလည်း ပြောပြန်ပြီ၊ တစ္ဆေအကြောင်း။

"ငါတို့ရွာမှာ တစ္ဆေခြောက်တာက အဆန်းပဲကွ"

"ဘယ်လိုဆန်းတာလဲ၊ ပြောစမ်းပါဦး"

"အဲဒီတစ္ဆေက ရွာလယ်က ရေကန်နားမှာ ရှိတဲ့ ထန်းပင်မှာ နေတာ"

"ပြောစမ်းပါဦး၊ ဘယ်လိုခြောက်တာလဲလို့"

"သူမသေခင် လွန်ခဲ့တဲ့ဝတုန်းက ညဘက်မှာ အပျိုကြီးအိမ်နားသွားပြီး ဘင်ဂျိုသွားတီးပြီးအပြန်မှာ ပိုးထိပြီး ထန်းပင်နားရောက်တော့ လဲကျသေဆုံးသွားခဲ့တယ်။ အဲဒီမှာတင် ထန်းပင်ကို စိတ်စွဲပြီး ထန်းပင်တစ္ဆေဖြစ်သွားတာပေါ့"

ထိုစဉ် အလုပ်သမား မောင်ထွန်းအောင်က သိပ်ပြီး ကျေပ်မပြည့်သူပီပီ-

"ဦးလေးမောင်…အဲဒီလူကြီးက ထန်းပင်နားမှာ သေလို့ ထန်းပင်တစ္ဆေဖြစ်သွားတာပေါ့နော်။ အုန်းပင်နားမှာ သေရင် အုန်းပင်တစ္ဆေဖြစ်မှာပေါ့နော်"

"မင်းကလည်း စကားပြောလို့ကောင်းတုန်း ဒိန်းဒေါင်းဖျက်ဆိုသလိုပဲ။ ငါပြောနေတဲ့ စကားတောင် ဘယ်ရောက်သွားမှန်းမသိဘူး"

"ကဲပါ ဦးလေးမောင်ရယ်၊ ဒီဆယ်ပြား ထွန်းအောင်ကို အရေးလုပ်ပြီး ပြောမနေပါနဲ့၊ အဲဒီ ထန်းပင်တစ္ဆေအကြောင်း ဆက်ပြောပါဦး"

"အဲဒီ ထန်းပင်တစ္ဆေက လူဘဝတုန်းက လူပျိုလှည့်ရင်း သေသွားတာဆိုတော့ လူပျိုလှည့်တဲ့ကိစ္စကို အတော်မုန်းဆိုပဲ။ သူက ဒို့အပြင်အချိန် ဒို့အပြင်လူတွေကို မခြောက်ဘူး။ ညသန်းခေါင်ယံမှာ လူပျိုလှည့်တဲ့ ကာလသားတွေကိုပဲ ခြောက်တာ"

"အထူးအဆန်းပဲ၊ ဆက်ပြောပါဦး"

"အဲဒီတုန်းက ငါတို့ဘကြီးက လူပျိုပေါ့ကွာ။ ဒီဇာတ်လမ်းက သူပြောပြတာလေ။ သူတို့ ကာလသား သုံးယောက်က ရွာလယ်က ရေကန်ကြီးကို ဖြတ်ပြီး သူချစ်တဲ့ ဒွေးမေဆီကို လူပျိုလှည့်သွားသတဲ့။ အရင်တုန်းကတော့ ဒီလိုပဲ သွားနေကျပေါ့။ ည ၁၀ နာရီကျော်ကျော်လောက်မှာ အဲဒီ ရေကန်ကြီးနားလည်းရောက်ရော ထန်းပင်ပေါ်က မည်းမည်းအကောင်ကြီး ဆင်းလာတာတွေ့လို့ ကြည့်နေတုန်း လေပွေမွှေသလိုပဲ အဲဒီမည်းမည်း အကောင်ကြီးက တဖြည်းဖြည်းကြီးလာပြီး ဂျင်လို တစ်ကိုယ်လုံးလှည့်ပြီး သူတို့အနားကို ဘယ်လိုရောက်လာမှန်းတောင် မသိဘူးတဲ့။ အနားလည်းရောက်ရော သူ့လက်ဖဝါးကြီးနဲ့ တဖျန်းဖျန်းရိုက်လိုက်တာ ဖုံဘကြီးနဲ့ ကာလသားတွေ ကြောက်လွန်းလို့ သေးတောင်တဖျန်းဖျန်းကျတယ်။ အိမ်ရောက်လို့ ကျောကုန်းလှန်ကြည့်လိုက်တော့ ကျောကုန်းမှာ လက်ဖဝါးရာကြီးက အပြည့်ပဲတဲ့။ ဘယ်လောက်ကြီးလိုက်တဲ့ လက်ဖဝါးကြီးလဲ မသိဘူး"

"ဒါနဲ့ ဦးလေးမောင်ဘကြီးက ဘာဖြစ်သွားသေးလဲ"

"ဟာ…ဘာပြောကောင်းမလဲ။ အကြောက်ကြီးပြီး ဖျားတာများကွာ ဆရာပင့်ပြီး ခုနစ်ရက်လောက် ကုယူရတယ်။ ဒါတောင် အဖျားကြီးပြီး အဲဒီ ထန်းပင်ကို လာခဲ့ပါ့မယ်တွေ ဘာတွေပြောတာ။ ဒါနဲ့ လူကြီးတွေက မလာဘူးလို့ ပြန်ပြောခိုင်းရတယ်။ ဒီလိုနဲ့ ထန်းပင်တစ္ဆေက ညညမှာ အရမ်းခြောက်လို့ သေတဲ့လူ သေ၊ ဖျားတဲ့လူ ဖျားဖြစ်နေတာပေါ့။ နောက်တော့ အဲဒီထန်းပင်



www.burmeseclassic.com

www.burmeseclassic.com

အောက်မှာ ဘုန်းကြီးငါးပါးပင့်ပြီး ပရိတ် ရွတ်လိုက်ရတယ်။ ပရိတ်လည်း ရွတ်ပြီးရော မိုးချုန်းသံကြီးလို အသံကြီးက ထန်းပင်ပေါ်ကနေ ကျယ်ကျယ်လောင်လောင် မြည်ဟီးပြီး ဟိုးအဝေးကြီးဆီကို ရောက်သွားရောတဲ့။ အဲဒီအချိန်ကစပြီး ထန်းပင်တစ္ဆေလည်း မခြောက်တော့ဘူးတဲ့"

"ဟင်"

ဒီတော့မှ ကျွန်တော်အပါအဝင် အားလုံးက "ဟင်း"ချနိုင်ပါတော့တယ်။ ဒါပေမယ့် ဆယ်ပြားက ဝင်ပြောလိုက်တာကတော့…

"ဦးလေးမောင်ရယ်၊ တစ္ဆေဆိုတာ လူက ဖြစ်တာပါ။ ဘာကြောက်စရာရှိလဲလို့"

"အေးပါကွာ။ မင်းလည်း မတွေ့သေးတော့ ပြောအားရှိတာပေါ့။ ရင်ဆိုင်တွေ့မှ ဖင်ထိုင်မေ့သွားမယ်"

တကယ်တော့ ဆယ်ပြားပီပီ ကန့်လန့်တိုက်ပြီး စကားနိုင်လုပြောတာပါ။ သူလည်း ညမှောင်ရင် အိမ်သာတောင် တစ်ယောက်တည်း မသွားရဲဘူး။ ကြောက်တတ်တာပါပဲ။

♦♦♦

ဒီလိုနဲ့ ကျွန်တော်တို့ သင်္ဘောဟာ ဟင်္သာတမြို့ကို ကျော်ဖြတ်လာခဲ့ပါပြီ။ ဦးလေးမောင်ကို အများက တစ္ဆေအကြောင်းပြောခိုင်းလို့ ညတိုင်းညတိုင်း တစ္ဆေသရဲအကြောင်း ပြောပြခဲ့တယ်။ သူပြောပြတဲ့အထဲမှာ ခေါင်းပြတ်ကြီးသရဲတို့၊ အဝတ်ဖြူခြုံတဲ့ သရဲမတို့၊ ကိုးသင်္ချိုင်းတစ္ဆေတို့ စတဲ့ ကြောက်လန့်ဖွယ်အကြောင်းတွေ ပါ,ပါတယ်။

အားလုံးက စိတ်ဝင်တစားနဲ့ မေးကြ မြန်းကြသလောက်၊ ဆယ်ပြားကတော့ ပြီးအောင် နားထောင်ပြီးရင် ကန့်လန့်တိုက်တော့တာပဲ။ သင်္ဘောရဲ့

> "သင်္ဘောရဲ့ စက်ခန်းမှာ အနည်းငယ် ချို့ယွင်းချက်ရှိတာကြောင့် 'လက်ပန်ရွာ'ဆိုတဲ့ ရွာကလေးတစ်ရွာမှာ သင်္ဘော ခေတ္တနားခဲ့တယ်။ အဲဒီမှာ ချို့ယွင်းချက်အနည်းငယ်ကို ပြုပြင်ပြီးတော့ ပခုက္ကူမြို့ကို ဆက်ထွက်မှာ ဖြစ်ပါတယ်။ လက်ပန်ရွာဆိုတာက အတော်ကလေး တောကျတဲ့ ရွာကလေး တစ်ရွာပါပဲ။ အိမ်ခြေ ၁၀၀လောက်ပဲ ရှိပါတယ်။ ဟိုးအရင်တုန်းက သောင်းကျန်းသူတွေကြောင့် ရွာပျက်ခဲ့ဖူးတဲ့ရွာတဲ့။ ဒါလည်း နောက်မှ သိရတာပါ"

ဦးတည်ချက်က ပခုက္ကူအထိ သွားရမှာ ဖြစ်ပါတယ်။ အခု သွားရင်းသွားရင်းနဲ့ ပခုက္ကူရောက်ဖို့ သုံးရက်လောက်ပဲ လိုတော့တယ်။ သင်္ဘောရဲ့ စက်ခန်းမှာ အနည်းငယ် ချို့ယွင်းချက်ရှိတာကြောင့် "လက်ပန်ရွာ"ဆိုတဲ့ ရွာကလေးတစ်ရွာမှာ သင်္ဘော ခေတ္တနားခဲ့တယ်။ အဲဒီမှာ ချို့ယွင်းချက်အနည်းငယ်ကို ပြုပြင်ပြီးတော့ ပခုက္ကူမြို့ကို ဆက်ထွက်မှာ ဖြစ်ပါတယ်။ လက်ပန်ရွာ ဆိုတာက အတော်ကလေး တောကျတဲ့ ရွာကလေး တစ်ရွာပါပဲ။ အိမ်ခြေ ၁၀၀လောက်ပဲ ရှိပါတယ်။ ဟိုးအရင်တုန်းက သောင်းကျန်းသူတွေကြောင့် ရွာပျက်ခဲ့ဖူးတဲ့ ရွာတဲ့။ ဒါလည်း နောက်မှ သိရတာပါ။

ကျွန်တော်တို့ သင်္ဘောဟာ အဲဒီရွာမှာ ဆိုက်ကပ်တယ်ဆိုရင်ပဲ ရွာထဲက ကလေးတွေ စုပြုံထွက်လာ… အထူးအဆန်းသဖွယ် လာကြည့်… တယ်။ ဦးလေးမောင်က ကလေး… တတ်တဲ့သူမို့။ ရောက်လာတဲ့ က… တွေကို သူစားဖို့ ယူလာတဲ့ ဝေဖာ… တို့၊ ဘီစကွတ်မုန့်တို့၊ သကြားလုံး… ကို လက်ဆောင်ပေးလိုက်တယ်။ … တော့ ကလေးတွေက အရမ်းပျော်ပြီး…

"ဦးလေး…နောက်တစ်ခါလာ… လည်း မုန့်ယူလာခဲ့ပါဦး"

"ဦးလေးက အရမ်းစိတ်ကောင်း… တယ်"

"ဦးလေးကြီးကို ချစ်တယ်"

ဆိုတဲ့ အသံတွေ အများကြီး… ကြားရတယ်။

အဲဒီရွာမှာ စက်ပြင်တာ သုံးရ… ကြာခဲ့တယ်။ ဒီမှာတင် ဦးလေးမော… နဲ့ ကလေးတွေဟာ အဖွဲ့လေးတစ်… ဖြစ်သွားခဲ့တယ်။ ပြဿနာက အဲဒီ… အစပျိုးခဲ့တယ်။

အဲဒီအဖွဲ့ထဲက အသက် ၁၃နှ… အရွယ် ဖိုးသီးက ခေါင်းဆောင်ပေါ… ဦးလေးမောင်နဲ့ စကားစပ်ရင်း သူတို့… က ထဘီရင်လျားနဲ့ သရဲမအကြောင်… ပြောပြခဲ့တယ်။

"ဦးလေး…ဦးလေး…သားတို့… ရွာမှာ ဟိုတံတားဆိပ်ကို ညဘက်ဆိုရ… မသွားရဲဘူး"

"ဘာဖြစ်လို့လဲဟ ဖိုးသီးရ"

"ဟာ…ဘာပြောကောင်းမလဲ… ဦးလေးရယ်၊ ညသန်းခေါင်လောက်… ရင် အဲဒီတံတားဆိပ်ကနေ ထဘီရ… လျားနဲ့ သရဲမက တက်လာပြီး လူတွေ… ကို ခြောက်လှန့်တော့တာပဲ"

"ဟေ…ဟုတ်လား။ အဲဒီ သရဲ… က ဘာဖြစ်လို့ ထဘီရင်လျား သရဲ… ဖြစ်ရတာလဲ"

"ဟိုး…အရင်တုန်းက ဒီရွာ…

www.burmeseclassic.com

သောင်းကျန်းသူတွေ ဝင်စီးပြီး သေနတ်နဲ့ လျှောက်ပစ်တာတဲ့။ အဲဒီအခါတုန်းက အဲဒီ မိန်းမနာမည်က ဒေါ်မြတဲ့။ မြစ်ဆိပ်နားက တဲမှာ နေတာ။ သူက ဆင်းရဲတော့ ညဘက်ဆိုရင် အင်္ကျီမဝတ်ဘဲ ထဘီရင်လျားနဲ့ နေတာပေါ့။ အဲဒီ သောင်းကျန်းသူတွေက သေနတ်နဲ့ ပစ်လို့ သေနတ်မှန်ပြီး ရေထဲကို ကျသွားပြီး သေသွားတာ။ အဲဒီကတည်းက ညဘက် ညဘက်ဆိုရင် အရုံမ်းခြောက်တော့တာပဲ"

"ဟေ…ဒါဆို တံတားဆိပ်ဆိုတာက အခုလှမ်းမြင်ရတဲ့ လှေဆိပ်လား"

"ဟုတ်ပါတယ် ဦးလေး"

အဲဒီအချိန်မှာ ဆယ်ပြားက ဖိုးသီးကို…

"ဟေ့ကောင်လေး၊ မင်းက ငါတို့ကို ကြောက်မယ်အောက်မေ့လို့ လျှောက်ပြောတာမဟုတ်လား။ ငါကတော့ သရဲကို မကြောက်ဘူး။ သရဲဆိုတာ လူက ဖြစ်တာပါကွ"

"ဒါတော့ သားလည်း မသိဘူး ဦးလေးရာ။ ဦးလေးမောင်က မေးလို့ သားလည်း ပြောပြတာပဲ"

အဲဒီအချိန်မှာ ဝင်းမောင်က အနားကို ရောက်လာပြီး…

"ဟေ့ကောင် ထွန်းအောင်၊ မင်းက သရဲမကြောက်ဘူးသာ ပြောတယ်၊ မနေ့ညက အိမ်သာကို တစ်ယောက်တည်း မသွားရဲလို့ ငါ့ကို အဖော်ခေါ်ပြီးတော့"

"ကြောက်တော့ မကြောက်ပါဘူးကွာ။ ဒါပေမယ့် အဖော်ရှိတုန်း ကိစ္စရှင်းထားရတာပေါ့ကွာ"

"ငါလည်း ဖိုးသီးပြောလို့ သတိရလာတယ်"

"ဘာကို သတိရတာလဲ"

"မနေ့ညက အိပ်မပျော်လို့ နာရီပြန် နှစ်ချက်လောက် အိမ်သာ ထသွားတာ ဟိုတံတားဆိပ်နားမှာ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် ရေချိုးနေတာ လရောင်နဲ့ မထင်မရှားမြင်ရတယ်။ ဒါကြောင့် ငါ့ရဲ့ စိတ်ထဲမှာ နည်းနည်းတော့ ထူးဆန်းတယ်လို့ ထင်နေတာ"

"မင်းကလည်း ငါ့ကို နှိုးရောပေါ့။ ထမီရင်လျားနဲ့ ဖြစ်ချင်ဖြစ်နေမှာ"

"ဟေ့ကောင် နှာဘူး၊ မင်းလို အကောင်ကို အသက်နှုတ်သွားမယ်။ နှာဘူးကျမနေနဲ့"

"နှုတ်ချင် နှုတ်ပါစေကွာ။ ငါက အရုပ်ဆိုးလို့ ရည်းစားတောင် မရှိဘူး။ သရဲမက ငါ့ကို ချစ်တယ်ဆိုရင်လည်း ကျေနပ်ပါတယ်"

"ဟုတ်ပါတယ်။ သရဲဆိုတာ လူက ဖြစ်လာတာမဟုတ်လား ကိုထွန်းအောင်ရဲ့"

"မင်းကလည်း ငါ့စကားကို လိုက်ပြောပြန်ပြီ"

အဲဒီနေ့ညကတော့ ကျွန်တော်တို့ အုပ်စုတွေ ညဘက်မှာ တော်တော်နဲ့ အိပ်မပျော်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖိုးသီးပြောတဲ့ တံတားဆိပ်နဲ့ ကျွန်တော်တို့သင်္ဘောရပ်နေတဲ့ နေရာဟာ သိပ်မဝေးလို့ပါပဲ။ လှမ်းကြည့်ရင် မြင်နေတဲ့အတွက် အားလုံးက ကိုယ်စီအတွေးနဲ့ နည်းနည်းတော့ ကြောက်နေကြပါတယ်။

အဲဒီညက အားလုံး ကြောက်ရွံ့စိုးထိတ်ဖွယ်အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ပါတယ်။ ကျွန်တော်တို့အုပ်စုတွေ ည ၁၀နာရီမှာ လူစုခွဲပြီး အိပ်ရာဝင်ခဲ့ကြပါတယ်။ နာရီပြန်နှစ်ချက်တီးကျော်ကျော်အချိန်ခန့်မှာ…

"မလိုက်ဘူး၊ ဒုန်း…မလိုက်ဘူး၊ ဒုန်း…ဒုန်း…ဒုန်း"

ဆိုတဲ့ အသံတွေ ဝင်းမောင်နဲ့ ထွန်းအောင်အခန်းဘက်က ကြားရလို့…

"ဝင်းမောင်…ဝင်းမောင်"

"ထွန်းအောင်…ထွန်းအောင်"

ကျွန်တော်နဲ့ ဦးလေးမောင်အပါအဝင် လူလေးယောက်လောက်က အခန်းတံခါးကို ထုပြီး သူတို့ကို နှိုးခဲ့ကြတယ်။

သိပ်မကြာခင်မှာ အခန်းတံခါးပွင့်သွားပြီး ချွေးတွေ စိုရွှဲနေတဲ့ ဝင်းမောင်နဲ့ ငေါင်တောင်တောင်ထိုင်နေတဲ့ ဆယ်ပြား ထွန်းအောင်ကို တွေ့လိုက်ရတယ်။ အဲဒီအခါမှာ ဦးလေးမောင်က…

"ဟေ့ကောင်…ဝင်းမောင်၊ ဘာဖြစ်လို့လဲ"

"အမလေး… မပြောပါနဲ့တော့ ဦးလေးမောင်ရယ်။ ကျွန်တော့် တစ်သက်မှာ ဒီလောက်ကြောက်စရာကောင်းတဲ့ အိပ်မက်မျိုး တစ်ခါမှ မမက်ဖူးဘူး"

"မင်း မအိပ်ခင် ဘုရားမရှိခိုးလို့ အိပ်မက်ဆိုးတွေ မက်နေတာ ဖြစ်မယ်"

"ဦးလေးမောင်ရယ်…၊ ဘုရားမရှိခိုးဘဲ ဘယ်အိပ်မလဲ။ ဖိုးသီးလာပြောကတည်းက ထဘီရင်လျားနဲ့ သရဲမကို ကြောက်ပြီး ဘုရားရှိခိုးပြီးမှ အိပ်တာပါ"

"ဒါနဲ့ မင်း ဘယ်လိုအိပ်မက်ဆိုးတွေ မက်လို့လဲ"

"အဲဒီ ထဘီရင်လျား သရဲမကို ကြောက်ပါတယ်ဆိုမှ သရဲမကို အိပ်မက်မက်လို့"

"ဒါဆိုရင် မင်း အဲဒီ ထဘီရင်လျား သရဲမကို စိတ်စွဲပြီး မက်တာနဲ့ တူတယ်"

"ဖြစ်နိုင်တယ် ဦးလေးမောင်ရဲ့။ ညက သန်းခေါင်လောက်မှာ ထပြီး အပေါ့သွားရင်းနဲ့ အဲဒီတံတားဆိပ်ဘက်



www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်းကြည့်လိုက်မိသေးတယ်။ ညက ရုတ်ရက်လဆိုတော့ သိပ်မသဲကွဲဘူး။ အဲဒီတံတားဆိပ်နားမှာ တစ်ယောက်ယောက်ထိုင်နေသလိုပဲ။ ဒါနဲ့ ကျွန်တော်လည်း ကြောက်တာနဲ့ အိမ်သာမြန်မြန်ဝင်ပြီး အခန်းထဲကို အမြန်ပြန်လာခဲ့တယ်။ အဲဒီအချိန်မှာ လေစိမ်းတစ်ချက်တိုက်လိုက်တော့ ရင်ထဲမှာ ဖျန်းခနဲ အေးစိမ့်သွားပြီး ကြက်သီးတဖျန်းဖျန်းထလာတယ်။ ကြောက်ကြောက်နဲ့ အိပ်လိုက်တာ ဘာမှမကြာပါဘူး။ အိပ်မက်မက်တော့တာပါပဲ"

"အေးပါ။ မင်း အိပ်မက်တယ်လို့ မက်သလဲဆိုတာ ပြောပါကွ"

ဦးလေးမောင်က မချင့်မရဲနဲ့ ထပ်မေးပြန်တယ်။ ဒီတော့ ဝင်းမောင်က-

"အိပ်မက်ရဲ့ အစမှာ ကျွန်တော်အိမ်သာကအပြန် အဲဒီတံတားဆိပ်မှာ ဆံပင်ဖားလျားနဲ့ ထဘီရင်လျားနဲ့ မိန်းမတစ်ယောက်ထိုင်နေတာ ထင်ထင်ရှားရှားတွေ့လိုက်ရတယ်။ ကျွန်တော်နဲ့ သူအကြည့်ချင်းဆုံချိန်မှာ တရုတ်သရဲကားထဲကလို အဲဒီသရဲမက လေဟုန်စီးပြီး ကျွန်တော့်ရဲ့ အနီးကို ရောက်လာခဲ့တယ်။ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မိပြီး "မင်း ငါ့နောက်ကို လိုက်ခဲ့ရမယ်" လို့ပြောပြီး ကျွန်တော့်လက်ကို အတင်းဆွဲတော့တာပဲ။ ဒါနဲ့ ကျွန်တော်က သူ့ရဲ့ မျက်နှာကို ကြည့်လိုက်တော့... အမလေး...သေနတ်မှန်ထားတဲ့ ဒဏ်ရာတွေ သွေးတွေနဲ့၊ သွားကလည်း ဟိုခေါ်ထွက် ဒီခေါ်ထွက်နဲ့ ပြောရင်းနဲ့တောင် တော်တော်ကြောက်လာပြီ။ သူ့မျက်နှာကြီးနဲ့ အနီးကပ်ပြီး အတင်းဆွဲတော့ ကျွန်တော်လည်း အတင်းအော်ပြီး အတင်းရုန်းတာပေါ့။ အိပ်မက်ထဲမှာ ရုန်းရင်းနဲ့ ကုတင်ပေါ်ကို ခြေဆောက်နဲ့ ဆောင့်မိလို့ တဒုန်းဒုန်းမြည်နေတာ။ အဲဒီအချိန်မှာ ကျွန်တော်လန့်ပြီး နိုးလာတာ။ ရေ...ရေ...ရေပေးပါ။ မောလွန်းလို့ပါ"

"အေးအေး၊ ဒီမှာ ရေ၊ သောက်လိုက်ပါဦး"

ဦးလေးမောင်က ဝင်းမောင်ကို ရေတစ်ခွက်လှမ်းပေးလိုက်တယ်။ အဲဒီအခါမှာ အနားမှာ ရှိတဲ့ ဆယ်ပြားက ကောက်ကာငင်ကာ...

"ဝင်းမောင်ရယ်...ထဘီရင်လျားနဲ့ သရဲမကို တွေ့တာ ကြောက်စရာလား။ ညကလည်း မှောင်မှောင်မှာ ဒီလိုသရဲမမျိုး ငါတောင် တွေ့ချင်သေးတယ်"

"ဟော့ကောင် ထွန်းအောင်၊ သူတစ်ပါးကြောက်လန့်နေတဲ့ အချိန်မှာ မင်းက နဘူးစကားပြောနိုင်သေးတယ်၊ သွား...သွား"



ဦးလေးမောင်က ဆယ်ပြားထွန်းအောင်ကို အော်ဟစ် ဟောက်ထုတ်လိုက်ပါတယ်။ အဲဒီတော့လည်း ဆယ်ပြားက မျက်နှာငယ်ငယ်လေးနဲ့ ထွက်သွားတာ သနားစရာပါပဲ။ ဒီထွက်သနားစရာကောင်းတဲ့ အဖြစ်အပျက်ဟာ ဒီညမှာ စတင်ဖြစ်ပေါ်ခဲ့ပါတယ်။

♦♦♦

ကျွန်တော်တို့ သင်္ဘောလည်း စက်ပြင်ပြီးလို့ မနက်ဖြန် သင်္ဘောထွက်ဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် ဒီနေ့ညမှာ စောစောအိပ်ခဲ့ကြပါတယ်။ ညသန်းခေါင်ကျော်အချိန်မှာ...

"ဝုန်း..."

ဆိုတဲ့ ကျယ်လောင်တဲ့ အသံကြီးကို ကြားလိုက်ရတဲ့အတွက် အခန်းတံခါးဖွင့်ပြီး ကုန်းပတ်ပေါ်ကို ပြေးတက်လာခဲ့တယ်။ နောက်တော့ ကုန်းပတ်ပေါ်ကို ဦးလေးမောင်တို့၊ ဝင်းမောင်တို့ အုပ်စုရောက်လာပြီး ဝင်းမောင်က -

"ဆယ်ပြား...ရေထဲ ခုန်ချသွားပြီ"

လို့ ပြောလိုက်တယ်။

"ဆယ်ပြားက ဘာဖြစ်လို့ ရေထဲ ခုန်ချလိုက်တာလဲ ဝင်းမောင်"

ဦးလေးမောင်က ကမန်းကတန်း မေးလိုက်သည်။

"ဖြစ်ပုံက ညသန်းခေါင်ကျော်လောက်မှာ ဆယ်ပြားက ကျွန်တော့်ကို နှိုးပြီးပြောတယ်။ သူ အိပ်မက်မက်တယ်တဲ့၊ အိပ်မက်ထဲမှာ ထဘီရင်လျားနဲ့ သရဲမက လာခေါ်တယ်တဲ့။ သူက ရုန်းပြီး မလိုက်ဘူးလို့ ပြောတော့ သရဲမက မရဘူးတဲ့၊ နင် မနေ့ညက ဝင်းမောင်ကို အိပ်မက်ပေးတုန်းက လိုက်မယ်လို့ ပြောတယ်လို့ ပြောပြီး ရေထဲ ခုန်ချသွားတော့တာပဲ"

"ဟေ... ဒါဆို ဆယ်ပြားကို



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဆယ်ကြလေ"

"နီတွတ်တို့၊ အေးဆောင်တို့ ဘာငိုင်နေတာလဲ။ အခုဆင်းပြီး ကယ်ကြလေ"

ကျွန်တော်က အဲဒီလိုလှမ်းအော်လိုက်တော့မှ နီတွတ်နဲ့ အေးဆောင်တို့ ရေထဲ ခုန်ဆင်းသွားကြတယ်။ လရောင်မလင်းတလင်းမှာ ရေကူးပြီး လိုက်ရှာနေတုန်း ဆယ်ပြားရဲ့ ကိုယ်တစ်ပိုင်းပေါ်လာပြီး…

"ငါ့ကို ကယ်ပါဦး။ သရဲမ ဆွဲနေလို့"

လို့ ပြောပြီး ရေထဲ ပြန်မြုပ်သွားတယ်။ အဲဒီနေရာကို နီတွတ်တို့ အေးဆောင်တို့ အမြန်ကူးသွားခဲ့ပြီး ရှာခဲ့ကြပါတယ်။ ဒါပေမယ့် ဆယ်ပြားပဲ ကံဆိုးတာလား မသိပါ။ သူတို့နှစ်ဦးလည်း ရှာမတွေ့ခဲ့ပေ။ ဒါကြောင့် ဝင်းမောင်နဲ့ ခင်လှတို့လည်း ထပ်မံ ရေထဲ ခုန်ဆင်းပြီး ရှာကြပါတယ်။ ဆယ်ပြားကို ဘယ်လိုမှ ရှာမတွေ့ကြပါဘူး။ ဆယ်ပြားရေနစ်ခြင်းအတွက် အားလုံးက အံ့သြနေကြပါတယ်။

"ဆယ်ပြားက ရေကူးကျွမ်းကျင်တာပဲ။ ဘာဖြစ်လို့ ရေနစ်ရတာပါလိမ့်"

"ဟုတ်ပါ့ကွာ။ အကြောင်းတစ်ခုခု ရှိရင်တောင် သူပဲ ရေထဲ ခုန်ဆင်းပြီး အလုပ်လုပ်သေးတာပဲ"

"ဒီလောက် ရေကူးကျွမ်းကျင်တဲ့ ဆယ်ပြား ဘယ်လိုဖြစ်ရပါလိမ့်"

ဒီညမှာ တစ်ညလုံး ဆယ်ပြားကို ဒရင်ပ်ရှာရတာနဲ့ မိုးစင်စင်လင်းပါလေရော။

"အင်း… အပျက်အပျက်နဲ့ ဆယ်ပြားတစ်ယောက် ရေနစ်ပြီး ဆုံးရှာပါပေါ့လား"

"ဟုတ်ပါ့ ဦးလေးမောင်ရယ်။ ဆယ်ပြားအတွက် စိတ်မကောင်းလိုက်တာ"

ကျွန်တော်တို့အားလုံး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြရပါတယ်။ မနက်မိုးလင်းတော့လည်း သူ့အလောင်းကို ရှိန်းနဲ့ ရေထဲဆင်းပြီး ရှာကြပါသေးတယ်။ ဒါပေမယ့် အလောင်းက မရသေးဘူး။ သဘောကလည်း ထွက်ရတော့မယ်။ အားလုံး ရှုပ်ကုန်ပြီ။ ဒီတော့ အလောင်းရဖို့ အဓိကဖြစ်နေတယ်။

ဒါနဲ့ ရွာထဲက လူကြီးတွေကို ပြောပြတော့ သူတို့က အကြံပေးခဲ့တယ်။ အဲဒါကတော့ သေသူရဲ့ ခေါင်းအုံးကို ရေထဲမျှောပြီး ငှက်ပျောသုံးဖီး၊ အုန်းသီးတစ်လုံးနဲ့ ကန်တော့ပွဲပြင်ခိုင်းတယ်။ နောက်တော့ သူတို့ပဲ ရွတ်ဖတ်ပေးပြီး အလောင်းပြန်ရအောင် ဆုတောင်းခဲ့ကြတယ်။ တိုက်ဆိုင်တာလား ဘာလားဆိုတာ မသိပေမယ့် ကိုက် ၂၀၀လောက်မှာ အလောင်းပြန်ပေါ်လာတယ်။

"အလောင်းပေါ်လာပြီဟေ့"

ဆိုတဲ့ အသံနဲ့အတူ နီတွတ်တို့၊ ဝင်းမောင်တို့အုပ်စုဟာ ရေကူးပြီး အလောင်းသွားဆယ်ကြတယ်။ ဆယ်ပြားရဲ့ အလောင်း ကုန်းပေါ် ရောက်လာလို့ ကြည့်လိုက်တော့…

"အမလေး…မျက်နှာက ကြောက်စရာကြီး"

ခင်လှတို့အုပ်စုက ဝိုင်းအော်လိုက်ကြတယ်။ သူတို့အော်သံကြောင့် ကျွန်တော်လည်း အနားကပ်ကြည့်တော့ ဟုတ်ပါရဲ့ဗျာ။ တစ်စုံတစ်ခုကို ကြောက်လန့်လို့ မျက်လုံးကြီး ပြူးနေတယ်။ ပါးစပ်ကလည်း အရမ်းကို ဟနေတယ်။ ဖြုန်းခနဲ ကြည့်လိုက်ရင် တကယ်ကြောက်စရာကြီးပါပဲ။ အဲဒီအချိန်မှာ ဦးလေးမောင် ရောက်လာပြီး သူ့ရဲ့ မျက်စိနဲ့ ပါးစပ်ကို ပိတ်ပေးလိုက်တယ်။

"တကယ်တော့ ဆယ်ပြားဟာ… စိတ်ကောင်းရှိပါတယ်ကွာ။ ဒါပေမယ့် ဦးနှောက်က သိပ်ပြီးကျပ်မပြည့်တော… ထင်ရာပြောတာပေါ့။ တချို့နေရာတွေ… အမှားမခံဘူး။ လူစိမ်းဆိုရင် ဒုက္ခပေး… တတ်တယ်။ နောက်ပြီး သူက ပုံမှန်စိတ်… မဟုတ်တော့ ဝင်းမောင် အိပ်မက်မက်… တာကို စိတ်ဆွဲပြီး သူ့ကို လာခေါ်တယ်… ဆိုပြီး ရေထဲ ခုန်ချတာလား မသိဘူး…"

"တစ်ခုခုတော့ တစ်ခုခုပဲ။ ဒါ… မယ့် သူက နှုတ်မစောင့်စည်းတော… ဒုက္ခရောက်တာပေါ့။ သူ့မျက်နှာ… ကြည့်ရတာ သေခါနီးမှာ တော်တော်… လေး ထိတ်လန့်ဖွယ်နဲ့ တွေ့ခဲ့ရတယ်… တူတယ်"

"အေးလေ၊ ဘာပဲဖြစ်ဖြ… မောင်ထွန်းအောင်တစ်ယောက် ကော… ရာ သုဂတိလားပါစေလို့ ဆုတောင်း… ရမှာပဲ"

ကျွန်တော်တို့အုပ်စုဟာ စိတ်… မကောင်းစွာနဲ့ မောင်ထွန်းအောင်… အဲဒီရွာမှာပဲ သင်္ဂြိုဟ်ခဲ့ကြပါတယ်… အားလုံးကတော့ မောင်ထွန်းအော… တစ်ယောက် နှုတ်ဝစီကြောင့် အဟု… တကယ်ဖြစ်ခဲ့ပြီလို့ ပြောစမှတ်ပြု… တာပဲ။

"မောင်ထွန်းအောင်…ကော… ရာ သုဂတိလားပါစေ"■


* * *

www.burmeseclassic.com

စာ(၂၅၂)မှအဆက်

# ၂၀၁၃၊ ဇန်နဝါရီလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် (၁၂)လက်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ ဓနသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထား သည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီး တို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့ မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် (၁၂)လက်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လက်တစ်ခုချင်း အလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တ သိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့် အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့ မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် ပျမ်းမျှနေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် (၁၂)လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ- ဧပြီ ၁၃မှ မေ ၁၃အတွင်း နံနက် ၅:၄၅ မှ ၇:၄၅နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉:၄၅မှ ၁၁:၄၅နာရီ အတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှုဇယားတွင် မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှုဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံ, မြေ, ယာဉ်, ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဧေယျာကို (B.Sc)(D.S.A)

နက္ခတ်သိပ္ပံအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ_၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၄ : ၂၀ | ၁၄ : ၅၂ | ၁၅ : ၅၈ | ၁၆ : ၂၇ | ၁၈ : ၁၉ | ၁၈ : ၄၉ | ၂၀ : ၀၇ | ၂၀ : ၃၉ | ၂၀ : ၅၄ | ၂၁ : ၂၈ | ၀၀ : ၄၆ | ၀၁ : ၂၀ |
| ၂ | ၁၄ : ၁၆ | ၁၄ : ၄၈ | ၁၅ : ၅၄ | ၁၆ : ၂၃ | ၁၈ : ၁၅ | ၁၈ : ၄၅ | ၂၀ : ၀၃ | ၂၀ : ၃၅ | ၂၀ : ၅၀ | ၂၁ : ၂၄ | ၀၀ : ၄၂ | ၀၁ : ၁၆ |
| ၃ | ၁၄ : ၁၂ | ၁၄ : ၄၄ | ၁၅ : ၅၀ | ၁၆ : ၂၀ | ၁၈ : ၁၁ | ၁၈ : ၄၁ | ၁၉ : ၅၉ | ၂၀ : ၃၁ | ၂၀ : ၄၇ | ၂၁ : ၂၀ | ၀၀ : ၃၈ | ၀၁ : ၁၂ |
| ၄ | ၁၄ : ၀၈ | ၁၄ : ၄၀ | ၁၅ : ၄၆ | ၁၆ : ၁၆ | ၁၈ : ၀၇ | ၁၈ : ၃၇ | ၁၉ : ၅၅ | ၂၀ : ၂၇ | ၂၀ : ၄၃ | ၂၁ : ၁၆ | ၀၀ : ၃၅ | ၀၁ : ၀၈ |
| ၅ | ၁၄ : ၀၄ | ၁၄ : ၃၆ | ၁၅ : ၄၂ | ၁၆ : ၁၂ | ၁၈ : ၀၃ | ၁၈ : ၃၃ | ၁၉ : ၅၁ | ၂၀ : ၂၃ | ၂၀ : ၃၉ | ၂၁ : ၁၂ | ၀၀ : ၃၁ | ၀၁ : ၀၄ |
| ၆ | ၁၄ : ၀၀ | ၁၄ : ၃၂ | ၁၅ : ၃၈ | ၁၆ : ၀၈ | ၁၇ : ၅၉ | ၁၈ : ၂၉ | ၁၉ : ၄၇ | ၂၀ : ၁၉ | ၂၀ : ၃၅ | ၂၁ : ၀၈ | ၀၀ : ၂၇ | ၀၁ : ၀၀ |
| ၇ | ၁၃ : ၅၇ | ၁၄ : ၂၈ | ၁၅ : ၃၄ | ၁၆ : ၀၄ | ၁၇ : ၅၅ | ၁၈ : ၂၅ | ၁၉ : ၄၃ | ၂၀ : ၁၅ | ၂၀ : ၃၁ | ၂၁ : ၀၄ | ၀၀ : ၂၃ | ၀၀ : ၅၇ |
| ၈ | ၁၃ : ၅၃ | ၁၄ : ၂၄ | ၁၅ : ၃၀ | ၁၆ : ၀၀ | ၁၇ : ၅၁ | ၁၈ : ၂၁ | ၁၉ : ၃၉ | ၂၀ : ၁၁ | ၂၀ : ၂၇ | ၂၁ : ၀၀ | ၀၀ : ၁၉ | ၀၀ : ၅၃ |
| ၉ | ၁၃ : ၄၉ | ၁၄ : ၂၀ | ၁၅ : ၂၆ | ၁၅ : ၅၆ | ၁၇ : ၄၇ | ၁၈ : ၁၇ | ၁၉ : ၃၅ | ၂၀ : ၀၈ | ၂၀ : ၂၃ | ၂၀ : ၅၆ | ၀၀ : ၁၅ | ၀၀ : ၄၉ |
| ၁၀ | ၁၃ : ၄၅ | ၁၄ : ၁၆ | ၁၅ : ၂၂ | ၁၅ : ၅၂ | ၁၇ : ၄၃ | ၁၈ : ၁၃ | ၁၉ : ၃၁ | ၂၀ : ၀၄ | ၂၀ : ၁၉ | ၂၀ : ၅၂ | ၀၀ : ၁၁ | ၀၀ : ၄၅ |
| ၁၁ | ၁၃ : ၄၁ | ၁၄ : ၁၂ | ၁၅ : ၁၈ | ၁၅ : ၄၈ | ၁၇ : ၃၉ | ၁၈ : ၀၉ | ၁၉ : ၂၈ | ၂၀ : ၀၀ | ၂၀ : ၁၅ | ၂၀ : ၄၈ | ၀၀ : ၀၇ | ၀၀ : ၄၁ |
| ၁၂ | ၁၃ : ၃၇ | ၁၄ : ၀၉ | ၁၅ : ၁၄ | ၁၅ : ၄၄ | ၁၇ : ၃၅ | ၁၈ : ၀၅ | ၁၉ : ၂၄ | ၁၉ : ၅၆ | ၂၀ : ၁၁ | ၂၀ : ၄၄ | ၂၃ : ၅၉ | ၀၀ : ၃၇ |
| ၁၃ | ၁၃ : ၃၃ | ၁၄ : ၀၅ | ၁၅ : ၁၀ | ၁၅ : ၄၀ | ၁၇ : ၃၁ | ၁၈ : ၀၁ | ၁၉ : ၂၀ | ၁၉ : ၅၂ | ၂၀ : ၀၇ | ၂၀ : ၄၁ | ၂၃ : ၅၅ | ၀၀ : ၃၃ |
| ၁၄ | ၁၃ : ၂၉ | ၁၄ : ၀၁ | ၁၅ : ၀၇ | ၁၅ : ၃၆ | ၁၇ : ၂၈ | ၁၇ : ၅၇ | ၁၉ : ၁၆ | ၁၉ : ၄၈ | ၂၀ : ၀၃ | ၂၀ : ၃၇ | ၂၃ : ၅၁ | ၀၀ : ၂၉ |
| ၁၅ | ၁၃ : ၂၅ | ၁၃ : ၅၇ | ၁၅ : ၀၃ | ၁၅ : ၃၂ | ၁၇ : ၂၄ | ၁၇ : ၅၃ | ၁၉ : ၁၂ | ၁၉ : ၄၄ | ၁၉ : ၅၉ | ၂၀ : ၃၃ | ၂၃ : ၄၇ | ၀၀ : ၂၅ |
| ၁၆ | ၁၃ : ၂၁ | ၁၃ : ၅၃ | ၁၄ : ၅၉ | ၁၅ : ၂၈ | ၁၇ : ၂၀ | ၁၇ : ၅၀ | ၁၉ : ၀၈ | ၁၉ : ၄၀ | ၁၉ : ၅၆ | ၂၀ : ၂၉ | ၂၃ : ၄၃ | ၀၀ : ၂၁ |
| ၁၇ | ၁၃ : ၁၇ | ၁၃ : ၄၉ | ၁၄ : ၅၅ | ၁၅ : ၂၄ | ၁၇ : ၁၆ | ၁၇ : ၄၆ | ၁၉ : ၀၄ | ၁၉ : ၃၆ | ၁၉ : ၅၂ | ၂၀ : ၂၅ | ၂၃ : ၃၉ | ၀၀ : ၁၇ |
| ၁၈ | ၁၃ : ၁၃ | ၁၃ : ၄၅ | ၁၄ : ၅၁ | ၁၅ : ၂၀ | ၁၇ : ၁၂ | ၁၇ : ၄၂ | ၁၉ : ၀၀ | ၁၉ : ၃၂ | ၁၉ : ၄၈ | ၂၀ : ၂၀ | ၂၃ : ၃၆ | ၀၀ : ၁၃ |
| ၁၉ | ၁၃ : ၀၉ | ၁၃ : ၄၁ | ၁၄ : ၄၇ | ၁၅ : ၁၇ | ၁၇ : ၀၈ | ၁၇ : ၃၈ | ၁၈ : ၅၆ | ၁၉ : ၂၈ | ၁၉ : ၄၄ | ၂၀ : ၁၇ | ၂၃ : ၃၂ | ၀၀ : ၀၉ |
| ၂၀ | ၁၃ : ၀၅ | ၁၃ : ၃၇ | ၁၄ : ၄၃ | ၁၅ : ၁၃ | ၁၇ : ၀၄ | ၁၇ : ၃၄ | ၁၈ : ၅၂ | ၁၉ : ၂၄ | ၁၉ : ၄၀ | ၂၀ : ၁၃ | ၂၃ : ၂၈ | ၀၀ : ၀၅ |
| ၂၁ | ၁၃ : ၀၁ | ၁၃ : ၃၃ | ၁၄ : ၃၉ | ၁၅ : ၀၉ | ၁၇ : ၀၀ | ၁၇ : ၃၀ | ၁၈ : ၄၈ | ၁၉ : ၂၀ | ၁၉ : ၃၆ | ၂၀ : ၀၉ | ၂၃ : ၂၄ | ၂၃ : ၅၈ |
| ၂၂ | ၁၂ : ၅၈ | ၁၃ : ၂၉ | ၁၄ : ၃၅ | ၁၅ : ၀၅ | ၁၆ : ၅၆ | ၁၇ : ၂၆ | ၁၈ : ၄၄ | ၁၉ : ၁၆ | ၁၉ : ၃၂ | ၂၀ : ၀၅ | ၂၃ : ၂၀ | ၂၃ : ၅၄ |
| ၂၃ | ၁၂ : ၅၄ | ၁၃ : ၂၅ | ၁၄ : ၃၁ | ၁၅ : ၀၁ | ၁၆ : ၅၂ | ၁၇ : ၂၂ | ၁၈ : ၄၀ | ၁၉ : ၁၂ | ၁၉ : ၂၈ | ၂၀ : ၀၁ | ၂၃ : ၁၆ | ၂၃ : ၅၀ |
| ၂၄ | ၁၂ : ၅၀ | ၁၃ : ၂၀ | ၁၄ : ၂၇ | ၁၄ : ၅၇ | ၁၆ : ၄၈ | ၁၇ : ၁၈ | ၁၈ : ၃၆ | ၁၉ : ၀၉ | ၁၉ : ၂၄ | ၁၉ : ၅၇ | ၂၃ : ၁၂ | ၂၃ : ၄၆ |
| ၂၅ | ၁၂ : ၄၆ | ၁၃ : ၁၇ | ၁၄ : ၂၃ | ၁၄ : ၅၃ | ၁၆ : ၄၄ | ၁၇ : ၁၄ | ၁၈ : ၃၂ | ၁၉ : ၀၅ | ၁၉ : ၂၀ | ၁၉ : ၅၃ | ၂၃ : ၀၈ | ၂၃ : ၄၂ |
| ၂၆ | ၁၂ : ၄၂ | ၁၃ : ၁၃ | ၁၄ : ၁၉ | ၁၄ : ၄၉ | ၁၆ : ၄၀ | ၁၇ : ၁၀ | ၁၈ : ၂၉ | ၁၉ : ၀၁ | ၁၉ : ၁၆ | ၁၉ : ၄၉ | ၂၃ : ၀၄ | ၂၃ : ၃၈ |
| ၂၇ | ၁၂ : ၃၈ | ၁၃ : ၁၀ | ၁၄ : ၁၅ | ၁၄ : ၄၅ | ၁၆ : ၃၆ | ၁၇ : ၀၆ | ၁၈ : ၂၅ | ၁၈ : ၅၇ | ၁၉ : ၁၂ | ၁၉ : ၄၆ | ၂၃ : ၀၀ | ၂၃ : ၃၄ |
| ၂၈ | ၁၂ : ၃၄ | ၁၃ : ၀၆ | ၁၄ : ၁၁ | ၁၄ : ၄၁ | ၁၆ : ၃၃ | ၁၇ : ၀၂ | ၁၈ : ၂၁ | ၁၈ : ၅၃ | ၁၉ : ၀၈ | ၁၉ : ၄၂ | ၂၂ : ၅၆ | ၂၃ : ၃၀ |
| ၂၉ | ၁၂ : ၃၀ | ၁၃ : ၀၂ | ၁၄ : ၀၈ | ၁၄ : ၃၇ | ၁၆ : ၂၉ | ၁၆ : ၅၈ | ၁၈ : ၁၇ | ၁၈ : ၄၉ | ၁၉ : ၀၄ | ၁၉ : ၃၈ | ၂၂ : ၅၂ | ၂၃ : ၂၆ |
| ၃၀ | ၁၂ : ၂၆ | ၁၂ : ၅၈ | ၁၄ : ၀၄ | ၁၄ : ၃၃ | ၁၆ : ၂၅ | ၁၆ : ၅၄ | ၁၈ : ၁၃ | ၁၈ : ၄၅ | ၁၉ : ၀၀ | ၁၉ : ၃၄ | ၂၂ : ၄၈ | ၂၃ : ၂၂ |
| ၃၁ | ၁၂ : ၂၂ | ၁၂ : ၅၄ | ၁၄ : ၀၀ | ၁၄ : ၂၉ | ၁၆ : ၂၁ | ၁၆ : ၅၁ | ၁၈ : ၀၉ | ၁၈ : ၄၁ | ၁၈ : ၅၇ | ၁၉ : ၃၀ | ၂၂ : ၄၄ | ၂၃ : ၁၈ |

www.burmeseclassic.com

| | တုလင် | | ပြိဿာလင် | | မနုလင် | | မကာရလင် | | ကုမ်လင် | | မိန်လင် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၂ : ၀၆ | ၀၂ : ၃၈ | ၀၃ : ၁၅ | ၀၃ : ၄၅ | ၀၆ : ၃၅ | ၀၇ : ၀၅ | ၀၆ : ၃၇ | ၀၇ : ၀၇ | ၀၉ : ၀၇ | ၀၉ : ၄၀ | ၁၄ : ၁၂ | ၁၄ : ၄၇ |
| ၂ | ၀၂ : ၀၂ | ၀၂ : ၃၄ | ၀၃ : ၁၁ | ၀၃ : ၄၂ | ၀၆ : ၃၀ | ၀၇ : ၀၂ | ၀၆ : ၃၃ | ၀၇ : ၀၃ | ၀၉ : ၀၃ | ၀၉ : ၃၇ | ၁၄ : ၀၈ | ၁၄ : ၄၃ |
| ၃ | ၀၁ : ၅၈ | ၀၂ : ၃၀ | ၀၃ : ၀၇ | ၀၃ : ၃၈ | ၀၆ : ၂၈ | ၀၆ : ၅၈ | ၀၆ : ၂၉ | ၀၆ : ၅၉ | ၀၈ : ၅၉ | ၀၉ : ၃၃ | ၁၄ : ၀၄ | ၁၄ : ၃၉ |
| ၄ | ၀၁ : ၅၄ | ၀၂ : ၂၆ | ၀၃ : ၀၃ | ၀၃ : ၃၄ | ၀၆ : ၂၄ | ၀၆ : ၅၄ | ၀၆ : ၂၅ | ၀၆ : ၅၅ | ၀၈ : ၅၅ | ၀၉ : ၂၉ | ၁၄ : ၀၀ | ၁၄ : ၃၅ |
| ၅ | ၀၁ : ၅၀ | ၀၂ : ၂၂ | ၀၂ : ၅၉ | ၀၃ : ၃၀ | ၀၆ : ၂၀ | ၀၆ : ၅၀ | ၀၆ : ၂၁ | ၀၆ : ၅၁ | ၀၈ : ၅၁ | ၀၉ : ၂၅ | ၁၃ : ၅၇ | ၁၄ : ၃၁ |
| ၆ | ၀၁ : ၄၆ | ၀၂ : ၁၈ | ၀၂ : ၅၅ | ၀၃ : ၂၆ | ၀၆ : ၁၆ | ၀၆ : ၄၆ | ၀၆ : ၁၇ | ၀၆ : ၄၇ | ၀၈ : ၄၇ | ၀၉ : ၂၁ | ၁၃ : ၅၃ | ၁၄ : ၂၇ |
| ၇ | ၀၁ : ၄၂ | ၀၂ : ၁၄ | ၀၂ : ၅၁ | ၀၃ : ၂၂ | ၀၆ : ၁၂ | ၀၆ : ၄၂ | ၀၆ : ၁၃ | ၀၆ : ၄၃ | ၀၈ : ၄၃ | ၀၉ : ၁၇ | ၁၃ : ၄၉ | ၁၄ : ၂၃ |
| ၈ | ၀၁ : ၃၈ | ၀၂ : ၁၀ | ၀၂ : ၄၇ | ၀၃ : ၁၈ | ၀၆ : ၀၈ | ၀၆ : ၃၈ | ၀၆ : ၀၉ | ၀၆ : ၃၉ | ၀၈ : ၄၀ | ၀၉ : ၁၃ | ၁၃ : ၄၅ | ၁၄ : ၁၉ |
| ၉ | ၀၁ : ၃၅ | ၀၂ : ၀၇ | ၀၂ : ၄၄ | ၀၃ : ၁၄ | ၀၆ : ၀၄ | ၀၆ : ၃၄ | ၀၆ : ၀၅ | ၀၆ : ၃၅ | ၀၈ : ၃၆ | ၀၉ : ၀၉ | ၁၃ : ၄၁ | ၁၄ : ၁၅ |
| ၁၀ | ၀၁ : ၃၁ | ၀၂ : ၀၃ | ၀၂ : ၄၀ | ၀၃ : ၁၀ | ၀၆ : ၀၀ | ၀၆ : ၃၀ | ၀၆ : ၀၁ | ၀၆ : ၃၂ | ၀၈ : ၃၂ | ၀၉ : ၀၅ | ၁၃ : ၃၇ | ၁၄ : ၁၁ |
| ၁၁ | ၀၁ : ၂၇ | ၀၁ : ၅၉ | ၀၂ : ၃၆ | ၀၃ : ၀၆ | ၀၅ : ၅၆ | ၀၆ : ၂၆ | ၀၅ : ၅၇ | ၀၆ : ၂၈ | ၀၈ : ၂၈ | ၀၉ : ၀၁ | ၁၃ : ၃၃ | ၁၄ : ၀၇ |
| ၁၂ | ၀၁ : ၂၃ | ၀၁ : ၅၅ | ၀၂ : ၃၂ | ၀၃ : ၀၂ | ၀၅ : ၅၂ | ၀၆ : ၂၂ | ၀၅ : ၅၄ | ၀၆ : ၂၄ | ၀၈ : ၂၄ | ၀၈ : ၅၇ | ၁၃ : ၂၉ | ၁၄ : ၀၃ |
| ၁၃ | ၀၁ : ၁၉ | ၀၁ : ၅၁ | ၀၂ : ၂၈ | ၀၂ : ၅၈ | ၀၅ : ၄၈ | ၀၆ : ၁၈ | ၀၅ : ၅၀ | ၀၆ : ၂၀ | ၀၈ : ၂၀ | ၀၈ : ၅၃ | ၁၃ : ၂၅ | ၁၃ : ၅၉ |
| ၁၄ | ၀၁ : ၁၅ | ၀၁ : ၄၇ | ၀၂ : ၂၄ | ၀၂ : ၅၄ | ၀၅ : ၄၄ | ၀၆ : ၁၄ | ၀၅ : ၄၆ | ၀၆ : ၁၆ | ၀၈ : ၁၆ | ၀၈ : ၄၉ | ၁၃ : ၂၀ | ၁၃ : ၅၆ |
| ၁၅ | ၀၁ : ၁၁ | ၀၁ : ၄၃ | ၀၂ : ၂၀ | ၀၂ : ၅၀ | ၀၅ : ၄၀ | ၀၆ : ၁၀ | ၀၅ : ၄၂ | ၀၆ : ၁၂ | ၀၈ : ၁၂ | ၀၈ : ၄၅ | ၁၃ : ၁၇ | ၁၃ : ၅၂ |
| ၁၆ | ၀၁ : ၀၇ | ၀၁ : ၃၉ | ၀၂ : ၁၆ | ၀၂ : ၄၇ | ၀၅ : ၃၆ | ၀၆ : ၀၆ | ၀၅ : ၃၈ | ၀၆ : ၀၈ | ၀၈ : ၀၈ | ၀၈ : ၄၂ | ၁၃ : ၁၃ | ၁၃ : ၄၈ |
| ၁၇ | ၀၁ : ၀၃ | ၀၁ : ၃၅ | ၀၂ : ၁၂ | ၀၂ : ၄၃ | ၀၅ : ၃၂ | ၀၆ : ၀၃ | ၀၅ : ၃၄ | ၀၆ : ၀၄ | ၀၈ : ၀၄ | ၀၈ : ၃၈ | ၁၃ : ၀၉ | ၁၃ : ၄၄ |
| ၁၈ | ၀၀ : ၅၉ | ၀၁ : ၃၁ | ၀၂ : ၀၈ | ၀၂ : ၃၉ | ၀၅ : ၂၉ | ၀၅ : ၅၉ | ၀၅ : ၃၀ | ၀၆ : ၀၀ | ၀၈ : ၀၀ | ၀၈ : ၃၄ | ၁၃ : ၀၆ | ၁၃ : ၄၀ |
| ၁၉ | ၀၀ : ၅၅ | ၀၁ : ၂၇ | ၀၂ : ၀၄ | ၀၂ : ၃၅ | ၀၅ : ၂၅ | ၀၅ : ၅၅ | ၀၅ : ၂၆ | ၀၅ : ၅၆ | ၀၇ : ၅၆ | ၀၈ : ၃၀ | ၁၃ : ၀၂ | ၁၃ : ၃၆ |
| ၂၀ | ၀၀ : ၅၁ | ၀၁ : ၂၃ | ၀၂ : ၀၀ | ၀၂ : ၃၁ | ၀၅ : ၂၁ | ၀၅ : ၅၁ | ၀၅ : ၂၂ | ၀၅ : ၅၂ | ၀၇ : ၅၂ | ၀၈ : ၂၆ | ၁၂ : ၅၈ | ၁၃ : ၃၂ |
| ၂၁ | ၀၀ : ၄၇ | ၀၁ : ၁၉ | ၀၁ : ၅၆ | ၀၂ : ၂၇ | ၀၅ : ၁၇ | ၀၅ : ၄၇ | ၀၅ : ၁၈ | ၀၅ : ၄၈ | ၀၇ : ၄၈ | ၀၈ : ၂၂ | ၁၂ : ၅၄ | ၁၃ : ၂၈ |
| ၂၂ | ၀၀ : ၄၃ | ၀၁ : ၁၅ | ၀၁ : ၅၂ | ၀၂ : ၂၃ | ၀၅ : ၁၃ | ၀၅ : ၄၃ | ၀၅ : ၁၄ | ၀၅ : ၄၄ | ၀၇ : ၄၄ | ၀၈ : ၁၈ | ၁၂ : ၅၀ | ၁၃ : ၂၄ |
| ၂၃ | ၀၀ : ၃၉ | ၀၁ : ၁၂ | ၀၁ : ၄၉ | ၀၂ : ၁၉ | ၀၅ : ၀၉ | ၀၅ : ၃၉ | ၀၅ : ၁၀ | ၀၅ : ၄၀ | ၀၇ : ၄၀ | ၀၈ : ၁၄ | ၁၂ : ၄၆ | ၁၃ : ၂၀ |
| ၂၄ | ၀၀ : ၃၆ | ၀၁ : ၀၈ | ၀၁ : ၄၅ | ၀၂ : ၁၅ | ၀၅ : ၀၅ | ၀၅ : ၃၅ | ၀၅ : ၀၆ | ၀၅ : ၃၆ | ၀၇ : ၃၇ | ၀၈ : ၁၀ | ၁၂ : ၄၂ | ၁၃ : ၁၆ |
| ၂၅ | ၀၀ : ၃၂ | ၀၁ : ၀၄ | ၀၁ : ၄၁ | ၀၂ : ၁၁ | ၀၅ : ၀၁ | ၀၅ : ၃၁ | ၀၅ : ၀၂ | ၀၅ : ၃၃ | ၀၇ : ၃၃ | ၀၈ : ၀၆ | ၁၂ : ၃၈ | ၁၃ : ၁၂ |
| ၂၆ | ၀၀ : ၂၈ | ၀၁ : ၀၀ | ၀၁ : ၃၇ | ၀၂ : ၀၇ | ၀၄ : ၅၇ | ၀၅ : ၂၇ | ၀၄ : ၅၉ | ၀၅ : ၂၉ | ၀၇ : ၂၉ | ၀၈ : ၀၂ | ၁၂ : ၃၄ | ၁၃ : ၀၈ |
| ၂၇ | ၀၀ : ၂၄ | ၀၀ : ၅၆ | ၀၁ : ၃၃ | ၀၂ : ၀၃ | ၀၄ : ၅၃ | ၀၅ : ၂၃ | ၀၄ : ၅၅ | ၀၅ : ၂၅ | ၀၇ : ၂၅ | ၀၇ : ၅၈ | ၁၂ : ၃၀ | ၁၃ : ၀၄ |
| ၂၈ | ၀၀ : ၂၀ | ၀၀ : ၅၂ | ၀၁ : ၂၉ | ၀၁ : ၅၉ | ၀၄ : ၄၉ | ၀၅ : ၁၉ | ၀၄ : ၅၁ | ၀၅ : ၂၁ | ၀၇ : ၂၁ | ၀၇ : ၅၄ | ၁၂ : ၂၆ | ၁၃ : ၀၀ |
| ၂၉ | ၀၀ : ၁၆ | ၀၀ : ၄၈ | ၀၁ : ၂၅ | ၀၁ : ၅၅ | ၀၄ : ၄၅ | ၀၅ : ၁၅ | ၀၄ : ၄၇ | ၀၅ : ၁၇ | ၀၇ : ၁၇ | ၀၇ : ၅၀ | ၁၂ : ၂၂ | ၁၂ : ၅၇ |
| ၃၀ | ၀၀ : ၁၂ | ၀၀ : ၄၄ | ၀၁ : ၂၁ | ၀၁ : ၅၁ | ၀၄ : ၄၁ | ၀၅ : ၁၁ | ၀၄ : ၄၃ | ၀၅ : ၁၃ | ၀၇ : ၁၃ | ၀၇ : ၄၆ | ၁၂ : ၁၈ | ၁၂ : [illegible] |
| ၃၁ | ၀၀ : ၀၈ | ၀၀ : ၄၀ | ၀၁ : ၁၇ | ၀၁ : ၄၈ | ၀၄ : ၃၇ | ၀၅ : ၀၇ | ၀၄ : ၃၉ | ၀၅ : ၀၉ | ၀၇ : ၀၉ | ၀၇ : ၄၃ | ၁၂ : ၁၄ | ၁၂ : ၄၉ |



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

# (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် ( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၅)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်နှင့် ထီးဖြူ (၁၅)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်နှင့် ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို ၉ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - ကြာသပတေးနံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၉)ညွန့်နှင့် တံခွန်ကုက္ကား (၉)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်နှင့် မိမိရောင်းချလိုသော ကုန်ပစ္စည်းများကို ရိုက်ပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်]တွင် ထီးဖြူ (၁၀)လက်နှင့် နင်းဆီ (၁၀)ပွင့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာ[ဆု]တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ[င်] ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်ကို ရွှေချ၍ မိမိလိုရာဆုတောင်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်]တွင် အင်ကြင်း (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော[င့်]တွင် သီဟိုဠ် (၆)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော[င့်]တွင် သြဇာ (၁၄)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ[င်] နာနတ်ယို (၉)ကျပ်သားခန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော[င့်]တွင် ဆီးယို (၉)ကျပ်သားခန့် လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆို[ပါ။]

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွ[င်း] ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၈)ထိပ်စီးကို (၈)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ[င်] ထနော (၁၀)ညွန့်၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု[]တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်]တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်]တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၉)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေ[းနံ]ထောင့်တွင် သရက် (၉)ညွန့်၊ ဆီမီး (၉)တိုင်၊ ရေသက်စေ့တို့ကို သွားရောက်လှူဒါ[န်း၍] မိမိလိုရာဆုကို တောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ[င်] ခရေ (၉)ညွန့်နှင့် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်[ပါ။]

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထော[င့်]တွင် သံရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးလှူဒါန်းပြီး မိမိလိုရာဆုတောင်[းပါ။]

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့သို့ ဖြတ်လာသော အလှူခံပုဂ္ဂို[လ်] တစ်ဦးကို ငွေ ၉၀၀ကျပ် လှူဒါန်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်[နှင့်] နင်းဆီပန်း (၉)ပွင့် လှူဒါန်းပါ။

ထီကံကြမ္မာ - (၉)ထိပ်စီးကို (၇)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း(၉)လုံးကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသန့်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၁၈)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း၊ တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း၊ တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း၊ တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း၊ တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် အင်ကြင်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပ
ထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပ
ထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
ဆီး (ဂ)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို (၉)ပတ် ပုတီးစိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထော
တွင် ရေသက်စေ့သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆို

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်
ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့
သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပ
ထောင့်တွင် ဇီဇဝါ (၉)ညွန့်နှင့် တံခွန်ကုက္ကား (၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်း

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော
တွင် ဇော်စိမ်း (ဂ)ညွန့်ကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၉)ညွန့်နှင့် တရော်ကင်ပွန်း
ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး။ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ရာဟုထောင့်
အုန်းသီးတစ်လုံးကို အဝလုပ်၍ ရွက်လှ (၄)ညွန့်ကို အုန်းသီးထိပ်ဝတွင် စိုက်ပြီး
တံခွန် (၉)လက်နှင့်အတူ လှူဒါန်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော
တွင် မီးသက်စေ့သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော် (၉)ပတ် ပုတီးစိပ်

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်
ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်
ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်း

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပ
ထောင့်တွင် ဝိတ်ဘော (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်း

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော
တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း
ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။


ထီကံကြမ္မာ - (၇)ထိပ်စီး။ (၇)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com



# မှော်ရုံတောက ပြန်လာခဲ့တယ်

သန်းဆွေသစ်

(၁)

"ဟော့လူ"

ခေါ်သံကို ကြားသည်။

ဖြည်းဖြည်းလှည့်ကြည့်လိုက်၏။ ဗိုလ်မှူးဝတ်စုံနှင့် ဦးထုပ်ကို ရှေ့ ခပ်ငိုက်ငိုက်ဆောင်းထားကာ လျှောက်လာပြီး အနားမှာ လာရပ်သည်။

"ဘာကိစ္စလဲ"

ကျွန်တော်က မရဲသော်လည်း ပြေးခဲစေပေါ့၊ အသံကိုထိန်း၍မေးသည်။

"အရေးတကြီးပြောစရာရှိတယ်။ ကျုပ်နဲ့ လိုက်ခဲ့"

သူက ခပ်တည်တည်နှင့် ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ကျုပ်မှာ ခင်ဗျားနဲ့ ပြောစရာစကားလည်း မရှိဘူး။ အချိန်လည်းအကုန်မခံနိုင်ဘူး"

ကျွန်တော်ကလည်း ခပ်ပြတ်ပြတ်ပြောသည်။

"ခင်ဗျား အချိန်မရလောက်အောင်ဘာတွေလုပ်နေသလဲ"

"ကျုပ် ရန်ကုန်မှာ နေတယ်။ အမေ့ကို ခေါ်ပြီး ရန်ကုန်ပြန်မယ်"

"ရန်ကုန်မှာ ဘာလုပ်သလဲ၊ စာရေးဆရာလုပ်နေတာလား"

သူက ဒီလိုမေးလာတော့ သူကိုနည်းနည်းသံသယဖြစ်မိတယ်။ အသိတစ်ယောက်များလားပေါ့။

"ဟုတ်တယ်။ စာရေးဆရာ၊ အယ်ဒီတာ"

"ဪ… ခင်ဗျားက "ဦးသာ" အမည်ပျောက်ပြီး စာရေးဆရာ သန်းဆွေသစ်ပေါ့"

သူသည် ပြောပြီး ရှေ့သို့ ငိုက်ကျနေသော ဦးထုပ်ကို ချွတ်လိုက်သည်။

"ဟာ…တော်တော်နောက်တဲ့လူပဲ"

ကျွန်တော်က သူ့လက်ကို ဆွဲပြီး ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်သည်။ ကျွန်တော်တို့ကို ကြည့်နေသော လူတချို့က ပြုံးနေကြသည်ကို သတိထားလိုက်မိ၏။

သူနှင့် ကျွန်တော် မတွေ့ဖြစ်သည်မှာ ၁၀နှစ်ကျော်ပြီ ထင်သည့်ငယ်စဉ်က ကျောင်းနေဘက် သူငယ်ချင်းတွေ။

"ခု စစ်တွေကို ဘာလာလုပ်တာလဲ"

သူက မေးပြန်သည်။

"အမေ့ကို လာခေါ်တာလေဗျာ"

"ကောင်းပါ့ဗျာ၊ ကောင်းပါ့။ မိဘကို လုပ်ကျွေးတဲ့ သားသမီးဟာ ဘယ်တော့မှ မဆင်းရဲဘူးတဲ့။ အသက်ရှည်တယ်။ အနာရောဂါကင်းဝေးသတဲ့ဗျာ"

သူက လူတတ်ကြီးလုပ်ပြီး ပြောနေသည်။

"ဗိုလ်မှူးက စစ်တွေမှာ ဘာလာလုပ်သလဲ။ မောင်တောမှာဆို"

"ဟုတ်ပါတယ်။ ခင်ဗျား ခုရစာရေးဆရာကြီးဖြစ်နေတယ်ဆိုတာကြားတယ်။ ခင်ဗျားအကူအညီကို လိုနေတယ်။ မနက်စောစော ကားနဲ့ လာကြိုမယ်။ မောင်တောကို ခဏလိုက်ခဲ့ပါ"

"ကျွန်တော် အချိန်မပေးနိုင်ဘူးထင်တယ်"

"အချိန်ရပါတယ်။ ကျွန်တော့်မှာ အမှန်တကယ် အကူအညီလိုအပ်နေတယ်။ ကူညီပါဗျာ"

ပြောပြီး ထိုင်နေရာမှ ထ၍သွားလေတော့သည်။

(၂)

"ပွမ်…ပွမ်…ပွမ်"

"ပွမ်…ပွမ်…ပွမ်"

ကားဟွန်းပေးသံကို ကြားသည်။

"အမေက' လိုက်သွားပါ သားရယ်"ဆိုတာနဲ့ မျက်နှာသစ်ပြီး အဝတ်အစားလဲကာ သူ့ကားနှင့် လိုက်ပါသွားခဲ့သည်။

ကျွန်တော်တို့ သင်္ဘောဆိပ်လက်ဖက်ရည်ဆိုင်မှာ စားသောက်ကြရင်း နောက်ကြ ပြောင်ကြနှင့် အချိန်ဖြုန်းနေခဲ့ကြသည်။

စစ်တွေ-ဘူးသီးတောင်သင်္ဘောသည် မနက် ၇နာရီထိုးတော့မှ ဆိပ်ကမ်းက ခွာသည်။ ရသေ့တောင်မြို့သို့ မွန်းလွဲ တစ်နာရီခွဲလောက်မှ ရောက်သည်။ ရသေ့တောင်မြို့မှ ၂နာရီခွဲလောက်မှ သင်္ဘောထွက်လာခဲ့သဖြင့် ဘူးသီးတောင်မြို့သို့ ညနေ ၅နာရီကျော်မှ ရောက်၏။

"ဆရာဆွေရယ်…သိပ်မိုးချုပ်လိမ့်မယ်။ ခိုးကြပါစို့"ဆိုသဖြင့် သူ့ကားရပ်ထားခဲ့ရာသို့ လျှောက်လာခဲ့ကြကာ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့ကြသည်။

ဂျစ်ကားသည် ဘူးသီးတောင်-မောင်တောသွား ကားလမ်းပေါ်တွင် အရှိန်အဟုန်ပြင်းစွာ ပြေးလွှားနေသည်။

"ဟေ့ကောင်… အောင်ဝင်း နည်းနည်းလျှော့မောင်းစမ်းပါ"

ဗိုလ်မှူးက သူ့ရဲဘော်ကို လှမ်း၍ ပြောသည်။

"အချိန်မရှိတော့ဘူး ဗိုလ်မှူးစခန်းမှာ ရပ်ရဦးမှာလေ"

"ဟာ… ဟုတ်သားပဲကွ။ ဒီ အဲဒါကို လုံးဝသတိမရဘူး။ မောင်း ·…မောင်း။ မြန်မြန်မောင်း။ သတိလည်း ထားဦး"

ကားသည် ပြေးလမ်းပေါ်မှာ နှံ ပျံတစ်စင်းနယ် ပြေးလွှားနေသည်။

ပထမလိုထ်ခေါင်းကို ဖြတ် သည်။ ဒုတိယလိုထ်ခေါင်းကို ဖြတ် သည်။ တံတားထိပ်ကျတော့ အဆင် ကားကို ဘေးကပ်စောင့်နေရသည် ကားလွန်တော့မှ ဆက်မောင်းလာခဲ့ ၏။ သူတို့ကတော့ စစ်သားတွေလည် ဖြစ်ပြန်၊ သွားနေကျမို့ ကြောက် မတူပါ။ ကျွန်တော့်မှာကား ဘုရားတ ရသည်။

ကားသည် ၄မိုင်စခန်းရှေ့မှာ သွားပြီး နာရီကို မြောက်ကြည့်လိုက် ၇နာရီခွဲ။ အရေးထဲ ဆီးက သွားချ သည်။ ဗိုလ်မှူးနှင့် ဆရာ အောင်ဝင် တောင်ပေါ်ကို တက်သွားကြပြီ

ကားပေါ်က ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com

အောက်မှာ ထိုင်လိုက်စဉ် ရှပ်ခနဲ အသံတစ်ခုကို ကြားသည်။ ကျွန်တော် လှမ်း၍ ကြည့်လိုက်၏။

"ဟာ"ခနဲဖြစ်သွားသည်။

အရပ်က ၉ပေတောင်၊ ၁၀တောင် ခန့်ရှိမည်ထင်ပါရဲ့။ အသားက မဲလိုက်သည်မှာ မီးသွေးက အဘခေါ်လောက်သည်။ အကောင်အထည်ကြီးသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ဗရပျစ်နှင့် နှာခေါင်းက ချွန်ချွန်၊ မျက်လုံးက နီနီရဲရဲ၊ ပိန်လှီသော လက်တံ၊ ခြေတံတို့က ရှည်လမျော၊ ဆံပင်က ဖွိုးရိုးဖားရား၊ တိုနံ့နံ့ ပိတ်ဖြူစကို စည်းထားသည်။

"ကုလား အရူးများလား"

အတွေးက မရေရာ။ ကျောပေါ်မှာ ကြက်သီးတွေ ထလာသည်။

ထိုင်နေရာက တိုးလိုးတန်းလန်းနှင့် ရပ်ကာ ကားဆီသို့ ပြေးလာခဲ့သည်။

ရင်ခုန်နေ၏။ ရေသန့်ဘူးကို ဆွဲယူ၍ မော့သောက်လိုက်သည်။ သည်ထိတိုင် ရင်ခုန်က မပျောက်ချင်သေး။

"ကေ့ကြတော့ ကေ့ကြထင်ပါရဲ့"

ကိုယ့်ကိုယ်ကိုယ်ပြောနေမိသည်။

ကြောက်စိတ်က ရင်ကို လာထိသည်။ ကားပေါ်က ဆင်း၍ လူဝင်မှုရုံးရှေ့ ခာတ်မီးတိုင်အောက်တွင် မသိမ်းသေးသော ကွမ်းယာဆိုင်ဆီသို့ ခပ်သွက်သွက်လျှောက်လာခဲ့ကာ ကွမ်းယာတစ်ရာဖိုးဝယ်ပြီး ရပ်၍ ကားကို လှမ်းကြည့်နေလိုက်သည်။

"ဒီကောင်ကြီးက ကားပေါ်တက်ထိုင်နေရင်တော့ ဒုက္ခ။ စိတ်နှလုံးသို့ ပြေးထွက်သွားသည်။ လိုက်ဖမ်းမရ။ ကြောက်စိတ်က တစ်ကိုယ်လုံးကို စိုးမိုးထားသည်။

အတော်လေးကြာတော့မှ ဗိုလ်မှူး အောင်ကျော်နှင့် ဆရာ အောင်ဝင်းတို့ တောင်ပေါ်က ဆင်းလာခဲ့ကြ၏။

"ဆရာခွေး…အဲဒီကာပဲ စောင့်နေ"

ဗိုလ်မှူးက လှမ်း၍ ပြောသည်။ ချက်ချင်းပင် ကားရောက်လာခဲ့၏။ ကျွန်တော် ကားပေါ်ကို တက်လိုက်သည်။ စောစောက အတွေ့အကြုံကို ပြောသင့်၊ မပြောသင့် စဉ်းစားနေမိသည်။

ကားသည် ရှစ်နာရီကျော်မှ မောင်တောမြို့ထဲသို့ ရောက်လာခဲ့သည်။ ထမင်းဆိုင်တစ်ဆိုင်ရှေ့မှာ ကားကို ရပ်ပြီး ထမင်းဝင်စားကြသည်။

ငှက်ဆိုးထိုးသံကို ကြားနေရ၏။ မောင်တောမြို့၏ ခာတ်မီးတိုင်တို့မှာ မဝံ့မရဲစွာ လင်းလက်နေကြသည်။

ဘင်္ဂလားပင်လယ်၏ ရယ်မောသံတို့က ဆူညံနေသည်။ ထမင်းစားသောက်ကြပြီးနောက် ဗိုလ်မှူး အောင်ကျော်တို့အိမ်သို့ မောင်းလာခဲ့ပြန်သည်။

(၃)

"ဆရာခွေး…ထကြရအောင်"

ဗိုလ်မှူးက နှိုးသည်။ ကျွန်တော် ထထိုင်လိုက်၏။

"ဘာလဲ…ညက အိပ်မပျော်ဘူးလား"

သူက မေးသည်။

"စာရေးဆရာနဲ့ အိပ်မပျော်ခြင်းဟာ အမျိုးများတော်နေသလား မပြောတတ်ပါဘူးဗျာ"

"အဲဒီအမျိုးကို သံယောဇဉ်မထားနဲ့"

သူက ပြောပြန်သည်။

ကျွန်တော် ထိုင်နေရာက ထ၍ သွားတိုက် မျက်နှာသစ်ကာ ရေပါတစ်ခါတည်း ချိုးလိုက်သည်။ အိမ်ပေါ်ကို ပြန်တက်ကာ အဝတ်အထည်လဲလှယ်သည်။ မှတ်တမ်းစာအုပ်နှင့် ကင်မရာကို ယူသည်။

"မောင်တောမြို့က ရေရှားတယ်။ ဒါကြောင့် မေယုတောင်ခြေမှာ တစ်ဖက်ဆည် ကန်တော်ကြီးကို ဆည်ဖို့ကြတယ်။ ကန်တော်ကြီးဟာ မောင်တောမြို့ထက် ၁၂ပေလောက် မြင့်တယ်။ ရေဆွဲအားနဲ့ ရေဖြန့်မယ်။ အဲဒါ ဆရာဆောင်းပါးရေးပါ။ ၂၃ပေ ပိုက်လုံးတွေ ဝယ်ရမယ်"

သူက ပြောသည်။

"ကိစ္စမရှိပါဘူး။ ဖြစ်ပါတယ်"

ကျွန်တော်က ပြောလိုက်သည်။

ကျွန်တော်တို့ ကန်တော်ကြီးသို့ ကားဖြင့် ထွက်လာခဲ့ကြသည်။ မြို့နယ်ဌာနအသီးသီးက ဝန်ထမ်းများ ရောက်နေကြချေပြီ။ တပ်မတော်က ရဲဘော်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ မီးသတ်အဖွဲ့ဝင်များ၊ လုပ်အားပေး ပြည်သူများ၊ လူပေါင်းစုံသည်။ ကျွန်တော့်ကို ဗိုလ်မှူးက မြို့နယ်စည်ပင်ဦးစီးမှူး၊ တရားသူကြီးများ၊ ရဲတပ်ဖွဲ့မှ စခန်းမှူး၊ တပ်မှူးစသည့် ဌာနဆိုင်ရာ လူကြီးများနှင့် မိတ်ဆက်ပေးပါသည်။

"ကျွန်တော် လဆန်းလောက်မှ ရန်ကုန်မြို့ကို ပြန်ရောက်မယ်ထင်ပါတယ်။ ရှေ့လဆန်း ပထမပတ်လောက်မှာ ဗိုလ်တစ်ထောင် သတင်းစာကို ဖတ်ကြည့်ကြပါ။ ဒီလောက်ဆိုရင် ဖြစ်ပါတယ်နော်"ဆိုတော့ "ဖြစ်ပါတယ်"ဟု ပြောကြသည်။

ပြောသည့်အတိုင်းပင် ဗိုလ်တစ်ထောင် သတင်းစာ၌ ဇွန်လဆန်းတွင် ပါသွားခဲ့ပါသည်။

ကျွန်တော်တို့ တစ်နေကုန် အလုပ်လုပ်ကြပြီး မောင်တောမြို့သို့ ပြန်လာခဲ့ကြကာ ထမင်းဆိုင်ကောင်းကောင်းမှာ ထိုင်ကြသည်။

"ဆရာခွေး… ဟိုဘက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com

သွားဦးမှာလား"

ဗိုလ်မှူးက မေး၏။

"ဟိုမှာ နေခွင့်တစ်ပတ်လောက် ရမှာလား"

"တစ်ပတ်ရပါတယ်"

"ဒါဆိုရင်တော့ သွားချင်တယ်ဗျာ"

"သူတို့ စီစဉ်ပေးလိမ့်မယ်။ ၅နာရီခွဲ မေယုလက်ဖက်ရည်ဆိုင်မှာ ဆုံကြမယ်"

"ဒီနေ့ တနင်္လာနေ့ဆိုတော့ စနေ တနင်္ဂနွေ နှစ်ရက် လိုက်ပို့နိုင်မှာလား"

ဦးကျော်ရွှေက -

"အမှန်တော့ ဗိုလ်မှူး...မိုးလေဝသနဲ့ ဇလဗေဒက နေ့စဉ် ရာသီဥတု အခြေအနေကို ပြည်သူသို့ တင်ပြနေတာပါ။ ဒါပေမယ့် ဆရာနဲ့ ကျွန်တော် မတွေ့ရတာ ၁၀နှစ်လောက်ရှိပြီ။ ကျွန်တော့်အမျိုးသမီးနဲ့ သူ့မောင်နှစ်ယောက်ဟာ ဆရာ့တပည့်တွေပါ။ အဲဒီတော့ ဆရာ့ကို ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ဦးရွှေက သဘောတူ၍ လိုက်ဖို့ ပြောလာသဖြင့် ကျွန်တော် ဝမ်းသာသွားသည်။ ကျွန်တော်တို့ ထမင်းစားသောက်ကြပြီး ကျွန်တော့်လက်ဆွဲအိတ်ကို ယူကာ ဦးကျော်ရွှေတို့အိမ်သို့ လိုက်ပါလာခဲ့သည်။

အမှန်အားဖြင့် ကုလားစကား ကျွန်တော် မတတ်ပါ။ ဦးကျော်ရွှေက ကျွမ်းပါသည်။ သူပါလျှင် စိတ်ချရပါသည်။

ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းကို ကျွန်တော် စိတ်ဝင်စားနေပါသည်။ တနင်္သာရီတိုင်းနှင့် အင်းလေးကိုလည်း ကျွန်တော် အင်မတန် စိတ်ဝင်စားပါသည်။

အေး၊ နောက်တစ်တိုင်းက ရောဝတီတိုင်းဖြစ်ပါသည်။ ဤဒေသများသို့ မရောက်အရောက် သွားဖို့ ဆုံးဖြတ်ထားပါသည်။ ထိုဒေသများတွင် ရခိုင်သမိုင်းဆိုင်ရာ အတော်များများရှိနေသည်။

(၄)

အမှောင်ညပေမယ့် ကြယ်လေးတွေရဲ့ အလင်းရောင်နှင့် သဲလမ်းကို မြင်နေရသည်။ ကြက်ဖတို့ တွန်သံကို မကြားရတော့၊ အိပ်နေကြပြီထင်သည်။ အချိန်က နံနက် တစ်နာရီပင်ကျော်နေချေပြီ။

နတ်မြစ်ထဲက ကဘောက်တိကဘောက်ချာ တေးသံတို့ကို ကြားနေရသည်။ ဦးကျော်ရွှေနှင့် ကျွန်တော်သည် ဈေးဘက်လမ်းက လျှောက်လာခဲ့ကြသည်။ ဈေးလွန်သောအခါ နွားတစ်အုပ် ပြေးလာသံကို ကြားသည်။ ရှေ့ဆုံးက နွားမ၊ နွားမနောက်က နွားထီးတွေ တစ်တန်းကြီးပြေးသွားကြသည်။ ဟောနောက်တစ်အုပ်ပြေးလာပြန်ပြီ၊ နွားအုပ်တွေက တစ်အုပ်ပြီး တစ်အုပ် ရိပ်ခနဲ ရိပ်ခနဲ မြင်နေရသည်။ နွားတွေက မဲမဲ ညက မှောင်မှောင်၊ နွားအုပ်ပြေးလာတိုင်း ကျွန်တော်တို့က လမ်းဘေးမှာ ကပ်ပေးကြသည်။

"ဦးကျော်ရွှေ... ဟုတ်မှ ဟုတ်သေးရဲ့လားကွာ"

"ဟုတ်တယ် ဆရာ။ ဘာတွေ မှန်းမသိ"

သူက ပြောပြီး ကျွန်တော့်အနားကို တိုးကပ်လာသည်။

"ဦးကျော်ရွှေ...ဆရာ့လက်ဆွဲအိတ်ထဲမှာ ဓာတ်မီးလေး ပါတယ်ကွ၊ ထုတ်လိုက်"

ဦးကျော်ရွှေသည် ဓာတ်ခဲအလတ် နှစ်လုံးထိုး ဓာတ်မီးလေးကို ထုတ်နေစဉ်မှာပင် ဂွမ်းဂွမ်း...ဂွတ်ဂွတ်နှင့် နွားအုပ်ကြီး ပြေးလာပြန်ပါပြီ။

"ဓာတ်မီးထိုးကွ၊ ဓာတ်မီးထိုး"

ကျွန်တော့်အသံက အနည်းငယ် လှုပ်ခတ်နေမှန်း ကျွန်တော့်ကိုယ် ကျွန်တော် သိသည်။ ဦးကျော်ရွှေ ဓာတ်မီးနှင့် လှမ်းထိုးလိုက်သောအခါ ဘာမှ မတွေ့ရပါ။ ဘာမှလည်း မရှိပါ။

"လာ၊ သွားမယ်။ နောက်ကပဲ လာလာ၊ ရှေ့ကပဲ လာလာ၊ ဓာတ်မီးနဲ့သာ လှမ်းထိုး"

ပြောပြီး ကျွန်တော် ရှေ့က သွားသည်။ သူ့ နောက်က ကပ်၍လိုက်လာခဲ့၏။ ကျွန်တော်တို့ ဦးကျော်ရွှေ၏ အိမ်သို့ ရောက်လာခဲ့ကြပြီ။

"ဦးမြရီနဲ့ ကလေးတွေကို မပြောနဲ့၊ ကြောက်နေကြလိမ့်မယ်။ ည လမ်းထွက်ရင် ဓာတ်မီးယူသွားဖို့ မမေ့နဲ့။ ဓာတ်မီးကို ဒီကောင်တွေ ကြောက်တယ်ကွ"

ကျွန်တော်တို့ အိမ်ပေါ်ကို တက်လာခဲ့ကြပြီ၊ ဦးမြရီနဲ့ ကလေးတွေ အိပ်နေကြပြီ။ ဦးကျော်ရွှေက ဦးမြရီကို နှိုးနေသည်။

"ဦးမြရီ...ဦးမြရီ"

ဦးမြရီ နိုးလာခဲ့ကာ အိမ်တံခါးကို ဆွဲဖွင့်လိုက်သည်။ အပြင်ဘက်မှာ ကျွန်တော်နှင့် ဦးကျော်ရွှေတို့ ရပ်နေကြသည်ကို ဦးမြရီက သေသေချာချာ ကြည့်သည်။ ကျွန်တော် ပြုံး၍ နေ၏။ ထို့နောက် ကျွန်တော့်ကို "ဆရာ...ဆရာနော်"ဟု ဦးမြရီက ဝမ်းသာအားရ ပြောသည်။

"လာ...ဆရာ၊ အထဲကို ဝင်ပါ"

ကျွန်တော်တို့ အိမ်ထဲကို ဝင်လာခဲ့ကြသည်။

"အစ်ကို... ဆရာနဲ့ ဘယ်မှာ တွေ့လာတာလဲ"

"ကန်တော်ကြီးပိတ်ပွဲမှာလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်···ဆရာ ရန်ကုန်မှာ နေတယ်ဆို"

"ဟုတ်တယ်။ ရန်ကုန်မှာ နေတယ်။ အမေ့ကို ရန်ကုန်ကို ခေါ်ဖို့ လာခဲ့တာ။ စစ်တွေမှာ ဗိုလ်မှူး အောင်ကျော်နဲ့ တွေ့လို့ သူခေါ်ဆွဲလာတာနဲ့ ပါလာခဲ့ရတာလေ"

ကျွန်တော်က ပြောပြသောအခါ ဦးမြရီ ရယ်သည်။

"ဆရာနဲ့ ဗိုလ်မှူးက ဟိုတုန်းကတည်းက ရင်းနှီးနေကြတာပေါ့"

ဦးမြရီက ထပ်၍ပြောသည်။

"ဟုတ်တယ် ဦးမြရီ။ ဆရာနဲ့ သူက ကျောင်းနေဘက် သူငယ်ချင်းတွေလေ"

"ဆရာ···အိပ်ကြပါစို့။ မနက် ၄နာရီခွဲ ထကြရမှာ။ ဗိုလ်မှူးတို့က လက်ဖက်ရည်ဆိုင်မှာ စောင့်နေလိမ့်မယ်"

"ဆရာ ဘယ်သွားမလို့လဲ"

ဦးမြရီက မေးပြန်၏။

"ဟိုဘက်ကမ်းကို ခဏသွားမလို့လေ။ ဦးကျော်ရွှေ လိုက်ပို့မယ် ပြောတယ်။ ဗိုလ်မှူးတို့က စီစဉ်ပေးတာပါ"

"ငါ ဒီမှာ စာရေးထားခဲ့တယ်။ မဦးကို ခဏသွားပေးလိုက်"

ဦးကျော်ရွှေက စာရေးနေရာမှ လှမ်း၍ပြောသည်။

"ဆရာ့ကိုတော့ သမီးတို့ အမြဲ သတိရနေကြပါတယ်။ ရွာမပြင်တစ်ရွာလုံးကလည်း ဆရာ့ကို အမြဲမေးနေကြတယ်။ ဆရာ့ကျေးဇူးကို မမေ့ကြပါဘူး"

"ဝမ်းသာပါတယ်။ ဆရာလည်း ရွာမပြင်ရွာကို အမြဲသတိရနေတာပါ"

"ကဲ···ကဲ - ဆရာ့ကို ခွင့်ပြုပါဦး" ဆိုပြီး အိပ်ရာဝင်လာခဲ့သည်။

(၅)

အိပ်ရာထဲသို့ ဝင်လာခဲ့ပေမယ့် အိပ်မပျော်ပါ။ အတွေးပေါင်းစုံက ခေါင်းထဲမှာ ယောက်ယက်ခတ်နေကြသည်။

မနက်တိုင်း ငါးပါးသီလခံယူ ဆောက်တည်သည်။ ဖြစ်နိုင်သမျှ ထိန်းသိမ်းသည်။ ဂုဏ်တော်၊ မာရဏ ပရိတ်တော်တို့ဖြင့် ပူဇော်သည်။ ဂုဏ်တော်ကို သွားရာ၊ နေရာ အိပ်ရာတိုင်းမှာ အမြဲ ယုံယုံကြည်ကြည် ရွတ်ဖတ်၏။ သို့စင်လျက် ဒီဝိညာဉ်တွေဟာ ဘာကြောင့် ငါ့ကို ခြောက်လှန့်နေကြသလဲ။ ငါ၏ ကံဇာတာ သိပ်များ ညံ့နေသလား ဆိုသော အတွေးက မိမိ၏ ယုံကြည်မှုတို့ကို ထိပါးလာနေသလို ခံစားနေရသည်။

တွေးရင်း တွေးရင်းနှင့် ၂နာရီခန့် လောက်တွင် ကျွန်တော် အိပ်ပျော်သွားသည်ထင်၏။

"အဖေ"

အဖေသည် အနီရောင် ကွက်စိပ်ပုဆိုး အဖြူရောင် ရှပ်အင်္ကျီလည်ကတုံး တိုက်ပုံအင်္ကျီအနက်ရောင်တို့ကို ဝတ်ဆင်လျက် ကျွန်တော့်ခေါင်းရင်းမှာ ရပ်နေသည်။

"အဖေ···အဖေ"

ကျွန်တော် တဖွဖွခေါ်ကာ လက်အုပ်ချီလိုက်သည်။

"အဖေ့သားက ကံဇာတာ မညံ့ဘူး။ ကံဇာတာ ကောင်းနေတယ်။ မွေးနေ့တိုင်း တတ်နိုင်သမျှ ဒါနပါရမီ ဖြည့်ပါနော် လူလေး"

ပြောပြီး အဖေကျောခိုင်းထွက်သွားသည်။

"အဖေ···အဖေ"

အဖေ့ကို လှမ်းခေါ်ရင်း ကျွန်တော် အိပ်ရာမှ နိုးလာခဲ့သည်။ ဝန်းကျင်မှာ လှည့်ပတ်၍ အဖေ့ကို ရှာနေမိသည်။ အဖေ့ကို မတွေ့ရတော့။

အဖေကွယ်လွန်တော့ ကျွန်တော် မသိလိုက်။ ညီမလေး ဆုံးတော့လည်း ရက်လည်ပြီးမှ ကျွန်တော်သိသည်။

"ဆရာ"

ဦးကျော်ရွှေခေါ်သံကို ကြားသည်။

"ဆရာ နိုးနေပြီ ဦးကျော်ရွှေ"

"ဟုတ်ကဲ့ ဆရာ။ ဆရာရေချိုးလိုက်ပါ။ အိမ်ရှေ့မှာ ရေတိုင်ကီရှိပါတယ်"

"အေး···အေး"

ပြောပြီး သွားပွတ်တံ ကိုယ်သုတ်ပဝါတို့ကို ယူ၍ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အရှေ့ဘက် မိုးကုတ်စက်ဝန်းပေါ်၌ ပန်းနုရောင်ပျို့ပျို့လေးကို မြင်နေရသည်။ ကြက်ဖတို့ တွန်ကျူးနေကြပြီး ငှက်ကလေးတွေ စကားပြောနေကြပြီ။

ကျွန်တော် သွားတိုက်၊ မျက်နှာသစ်ပြီး တစ်ခါတည်း ရေချိုးလိုက်သည်။ ကျွန်တော် ရေချိုးပြီးချိန်တွင် ဦးကျော်ရွှေ အောက်ထပ်သို့ ဆင်းလာခဲ့၏။

ကျွန်တော် ဘောင်းဘီရှည်ကို ဝတ်သည်။ စပို့ရှပ်အင်္ကျီလက်တိုကို ဝတ်သည်။ ခါးပတ်စည်းသည်။ ဘီးနှင့် ဆံပင်ကို တစ်ချက်နှစ်ချက်ဖီးသည်။ ပစ္စည်းတွေကို သိမ်း၍ လက်ဆွဲအိတ်ထဲမှာ ထည့်နေစဉ် ဦးကျော်ရွှေနှင့် ဦးမြရီတို့အသံတွေကို ကြားသည်။

"လက်ဖက်ရည်ဆိုင်မှာ ဆုံကြမယ်။ ငါ တနင်္လာနေ့မနက် ပြန်ရောက်မယ်။ ဆရာတော့ မသေချာဘူး"တဲ့။

ဦးကျော်ရွှေအသံကို ကြားသည်။

ကျွန်တော် လက်ပတ်နာရီကို ကြည့်ဖြစ်သွား၏။ ၄နာရီခွဲ။

"ဆရာ···သွားကြမယ်"

"အေး···အေး"

ပြောပြီး အိပ်ခန်းထဲက ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ့အတွက် လက်ဖက်ရည် ဖျော်မယ်ဆိုတာ မဖျော်နဲ့တဲ့။ လက်ဖက်ရည်ဆိုင်မှာ ဗိုလ်မှူးတို့နဲ့ ဆုံတော့မှ သောက်ကြမှာတဲ့"

ဦးမြရီက ပြောသည်။

"ဟုတ်တယ် ဦးမြရီ"

ကျွန်တော်တို့အိမ်ပေါ်က ဆင်းလာခဲ့ကြသည်။ ဦးမြရီက အိမ်ရှေ့မှ ရပ်၍ ကျန်နေခဲ့၏။

(၆)

အရက်အကြောက်မဲ့ရှာ ပင်လယ်လေ ကမူးရူးထိုး ဖက်နမ်းနေ၏။ အရှေ့ဘက်က မေယုတောင်တန်း မှိုင်းမှိုင်းညို့ညို့ကို ဝိုးတဝါးမြင်နေရသည်။ အနောက်ဘက်ကမ်းမှ ကယုချောင်းတောင်တန်းကိုလည်း မှိုင်းမှိုင်းဆို့ဆို့ မြင်နေရသည်။ ပင်လယ်ထဲမှာ လှိုင်းလုံးများ၏ ဒေါမာန်ထနေသံကို ကြားရသည်။

အလင်းက ပီပြင်လာခဲ့ပြီ။ မော်တော်သည် နတ်မြစ်ကို တောင်မှ မြောက်သို့ ပြေးလွှားနေ၏။ နတ်မြစ်၏ အလယ်ဗဟိုတွင် မျဉ်းတစ်ကြောင်းကို မြင်ရသောအခါ ကျွန်တော် အံ့ဩမိ၏။

နတ်မြစ်၏ အရှေ့ဘက်ခြမ်းရေသည် စိမ်းညို့၍နေပြီး အနောက်ဘက်က ရေသည် ဖြူ၍ နောက်၏။ ထိုရေအရောင်နှစ်ခုသည် နတ်မြစ်၏ အလယ်ဗဟိုမှာ ဆုံကြသောအခါ မျဉ်းကြောင်းတစ်ကြောင်းဖြစ်ပေါ်လာခဲ့၏။ ထိုမျဉ်းသည်ပင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ဘောင်ထရီဖြစ်မည်ထင်၏။

မော်တော်သည် ကယုချောင်းတောင်တန်းထိပ်တွင်ရှိသော "ကယုချောင်း"ချောင်းလေးထဲသို့ ကွေ့ဝင်လာခဲ့ကာ ကယုချောင်းရွာ ဆိပ်ကမ်းမှာ ကပ်လိုက်သည်။

ဘင်္ဂလားဒေ့ရှ် ပုလိပ်များသည် ကာကီရောင် ဘောင်းဘီတို့၊ ကာကီရောင် ရှပ်လက်တို့၊ ကာကီရောင် ဦးထုပ်တို့ကို ဆောင်းထားကာ ဘွတ်ဖိနပ်တို့ကို စီးလျက် နံပါတ်တုတ်ကို ကိုင်ဆောင်လျက် ဆိပ်ကမ်းထိပ်မှာ ရပ်ကာ မော်တော်ပေါ်က တက်လာသူတို့၏ လက်ဆွဲအိတ်များ၊ ကျောပိုးအိတ်များကို၊ လွယ်အိတ်များ၊ ခြင်းများကို ရှာဖွေပြီး မော်တော်ဆိပ်၏ အနီးမှာရှိသော ရုံးခန်းလေးတွင် ယာယီ ပတ်စ်ပို့တို့ကို စစ်ဆေးခဲ့ပြီးသည်နှင့် ဖလောင်းချိတ်မြို့နယ်တစ်နယ်လုံးကို သွားလာခွင့်ပြုလိုက်သည်။

ကျွန်တော်နှင့် ဦးကျော်ရွှေတို့သည် မြန်မာငွေနှင့် ဘင်္ဂလားဒေ့ရှ်ငွေ ဒါကာတို့ကို လဲလှယ်ယူကြသည်။ ၁၉၉၁ခုနှစ်က မြန်မာငွေ(တစ်ကျပ်)သည် ဘင်္ဂလားဒေ့ရှ်ငွေ(ငါးဒါကာ)ဖြစ်သည်။ ထို့နောက်တွင် ကယုချောင်းမှ ဖလောင်းချိတ်မြို့သို့သွားသော ကားဂိတ်သို့ လာခဲ့ကြရာ မမျှော်လင့်ဘဲ ဒေါက်တာ မောင်မောင်ခင်နှင့် တွေ့သည်။

"ဟဲလို…ဆရာခွေ"

ကျွန်တော် လှမ်းကြည့်လိုက်သည်။

"ဟဲလို…ဒေါက်တာ မောင်မောင်ခင်၊ ဘယ်တုန်းက ရောက်နေတာလဲ"

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ဆရာတွေ… ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

"ဘယ်ကို လိုက်ရမှာလဲ"

"ဒီကနေ့ မြစ်နားရွာကို သွားမယ်။ အဲဒီမှာ ကျွန်တော့်အစ်မရှိတယ်။ မြစ်နားရွာမှာ နာရီဝက်လောက် နားပြီး ဖလောင်းချိတ်မြို့ကို သွားရမယ်။ အဲဒီကနေပြီး ဆရာခွေ သွားချင်တဲ့ နေရာကို သွားကြတာပေါ့၊ ဆရာက လေ့လာရေးသက်သက်ပဲမဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ - လာဆိုပြီး ကားပေါ်ကို တက်လာခဲ့ကြသည်။

ကားသည် မြစ်နားရွာထဲသို့ ဝင်လာခဲ့ကာ တိုက်ခံ နှစ်ထပ်အိမ်တစ်လုံးရှေ့မှာ ထိုးရပ်လာသည်။ ထိုအိမ်ထဲသို့ ဝင်လာခဲ့ကြသောအခါ အိမ်ရှင်မိသားစုနဲ့အတူ မိန်းကလေးသုံးယောက်နှင့် ယောက်ျားလေးနှစ်ယောက် ရောက်နေကြ၏။

"ဟေး…ဒေါက်တာ လာပြီကွ။ ဒေါက်တာ…ဒီနေ့ ကျွေးရမှာနော်"

ကောင်မလေးနှစ်ယောက်က ဝမ်းသာအားရပြော၏။

"အစ်မ…ကိုလေးကော"

ဒေါက်တာ မောင်မောင်ခင်က မေး၏။

"လူမမာသွားကြည့်နေတယ် မောင်လေး"

"ဟာ…ဒါဆိုရင်တော့ ပြန်မှပဲ ထင်တယ်။ ကားကိုတော့ ပြန်မှ ဝင်ပို့ခဲ့မယ်"

"ညနေ ပြန်လာမှာလား"

"သေတော့ မသေချာဘူး"

"မသေချာလို့ မဖြစ်ဘူး မောင်လေး။ မင်းကိုလေးက ၉နာရီအရောက် ဆေးရုံကို သွားရတာ"

ဒေါက်တာ မောင်မောင်ခင်ရဲ့ အစ်မက ပြော၏။

"ကိုကို ဒေါက်တာ… ကတိ မပျက်ရဘူးနော်"

ဖြူဖြူချောချော ကောင်မလေးက ဝင်ပြော၏။

"နောက်ရက်တွေ အများကြီး ရှိသေးတာပဲ အေးရယ်"

"မရဘူး။ ကတိမတည်တဲ့ လူတွေကို မုန်းတယ်။ ရှင် ကတိပေးထားလို့ သူငယ်ချင်းတွေကို ဖုန်းဆက်ခေါ်ထားရတာ။ သက်သက်သိက္ခာချတာ"

www.burmeseclassic.com

www.burmeseclassic.com

"အေးကလဲကွာ"

"မအေးနဲ့ ပူတယ်။ ဆရာဝန်ဖြစ်ပြီး ကတိမတည်ဘူး"

မြတ်မြတ်အေးဆိုသော မိန်းကလေးမှာ ဖြူဖွေးသော မျက်နှာလေး နီရဲနေချေပြီ။

"လာ၊ သွားမယ်"

ဒေါက်တာ မောင်မောင်ခင်က ပြောပြီး ထရပ်လိုက်သည်နှင့် သူ့တင်ပါးမှာ သူထိုင်နေသော ဖျာက ကပ်ပါနေ၏။

"ဟာ...ဟာ..."

ဒေါက်တာ မောင်မောင်ခင်၏ သူငယ်ချင်းဖြစ်သူက တအံ့တသြ ရေရွတ်ကာ ထိုင်နေရာက ထရပ်လိုက်သောအခါ သူထိုင်နေသော ဖျာလေးသည်လည်း သူ့တင်ပါးမှာ ကပ်၍ပါသွားပြန်လေ၏။

"ဆရာ...မထနဲ့တော့"

ဦးကျော်ရွှေကတိုးတိုးပြောပြန်၏။

ကျွန်တော် မထရဲတော့ပါ။

ဒေါက်တာ မောင်မောင်ခင်မှာ ပျက်နေသော မျက်နှာကို ပြန်ပြင်ကာ ရယ်ကျဲကျဲနှင့် ပြန်ထိုင်သည်။

"ငါ့မှာ ချေးသည်တွေ ပါလာတယ်ကွ၊ မင်းတို့အမြင်ပဲ။ သူက ရန်ကုန်က လာတဲ့ စာရေးဆရာကြီး၊ သူက ရခိုင်ဒေသ မောင်တောမြို့နယ်က မြို့နယ်ဦးစီးမှူးကွ"

"ဒါတွေ ကျွန်မတို့နဲ့ မဆိုင်ဘူး။ ရှင့်ကိစ္စ"

မြတ်မြတ်အေးက ခပ်ပြတ်ပြတ် ပြောသည်။

"မောင်လေး...ဘာကတိပေးထားလို့လဲ"

"ကယုချောင်းဈေးက ကြက်ဝယ်လာမယ်။ ညနေ ထမင်းချက်စားကြမယ်လို့ ပြောခဲ့တယ် အစ်မ"

ပြောနေစဉ် ဒေါက်တာ အောင်ဇော်မင်း ရောက်လာသည်။

"ဟိုင်း...ဒေါက်တာ မောင်မောင်ခင်"

အိမ်ပေါ်ကို တက်လာပြီး ဒေါက်တာ မောင်မောင်ခင်၏ အနားမှာ ဝင်ထိုင်သည်။

"ဟုတ်တယ် မောင်လေး။ ဒါမင်း ကတိမတည်တာဘဲ။ ငါတို့ ရခိုင်တွေဟာ ရခိုင့်စစ်စစ်ဆိုရင် လွယ်လွယ်နဲ့ ကတိမပေးဘူး။ ပေးပြီးရင်လည်း အဲဒီကတိကို မဖျက်ဘူး။ ဒီကနေ့ မင်းဖလောင်းချိတ်မြို့ကို မသွားနဲ့ မင်းကတိကို ဖြစ်အောင် လုပ်ပါ"

သူ့အစ်မက အပြတ်ပြောသည်။

"ကောင်းပြီလေ"

"ဆရာ...ဒီမှာ တစ်ညအိပ်နိုင်မှာလား"

"ဖြစ်ပါတယ်"

ကျွန်တော်က ပြောလိုက်၏။

"ဒါနဲ့ ကိုလေးကို မိတ်ဆက်ပေးရမယ်။ သူက ရန်ကုန်က လေ့လာရေးလာတဲ့ စာရေးဆရာကြီး။ စာပေဆုနှစ်ဆုရထားတဲ့ စာရေးဆရာ ကိုဆွေပါ။ ဆရာဆွေ... သူကတော့ ကျွန်တော့်ယောက်ဖ ဒေါက်တာ အောင်ဇော်မင်းပါ။ ဖလောင်းချိတ်ဆေးရုံမှာ တာဝန်ကျနေပါတယ်"

"ဝမ်းသာပါတယ် ဆရာ"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ် ဒေါက်တာ"

"ကဲကဲ...နင်တို့ တောင်းဆိုတာကို ငါလိုက်လျောခဲ့ပြီ။ နင်တို့ လုပ်ထားတဲ့ကိစ္စကို ဖြေရှင်းပါ။ မင်းနဲ့ ငါနဲ့ ဆက်ဆံရေးကလည်း ဒီလောက်နဲ့ ကျေနပ်တော့။ ငါ မင်းကို လုံးဝ လက်မထပ်နိုင်တော့ဘူး။ ဒါပဲ"

"ရတယ်။ ဒီထမင်းကိုလည်း ကျွန်မ မစားဘူး။ ရှင်လည်း ဘဝပျက်စေရမယ်၊ မှတ်ထား"

မြတ်မြတ်အေးက ပြောပြီး ထိုင်နေရာက ထကာ -

"လာ...သူငယ်ချင်းတို့ ပြန်မယ်" ဆိုပြီး အိမ်ပေါ်က ဆင်းသွားကြလေပြီ။

"ကဲကောင်းတယ်ဗျ။ စောစောက သိရလို့"

ဒေါက်တာ မောင်မောင်ခင်က နာကြည်းသံနှင့် ပြော၏။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

ဒေါက်တာ အောင်ဇော်မင်းက မေး၏။

ဒေါက်တာ မောင်မောင်ခင်က အကြောင်းစုံ ပြောပြလိုက်၏။

"ဒါတော့ မြတ်မြတ်အေး နားလည်မှုမရှိတာ များတာပေါ့။ ရန်ကုန် ချေးသည်တွေ ပါလာတာကို နားလည်ပေးရမှာပေါ့"

ဒေါက်တာ အောင်ဇော်မင်းက မကျေမချမ်းနှင့် ထပ်၍ပြောပြန်သည်။

"ဒီဘက်ကမ်းမှာ နေကြတဲ့ ရခိုင်တွေက သိပ်ရှဲဆန်တယ်။ အစွဲအလမ်းကြီးတယ်။ အမှန်တော့ သူတို့က နောက်ကြတာပါ။ ခုတော့ အနောက်သန် ရန်ဖြစ်ပေါ့"

ဒေါက်တာ အောင်ဇော်မင်းက ပြောပြသောအခါ ကျွန်တော်နှင့် ဦးကျော်ရွှေတို့မှာ မျက်လုံးပြူးကျယ်၍ သွားကြ၏။

"ကျွန်တော်တို့လည်း မနက်ဖြန် ပြန်မယ်ဗျာ"

ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ် ဆရာ။ တကယ့် လန့်စရာပဲ"

သူက ထပ်ပြောသည်။

ခရီးမဆက်တော့။ ကျွန်တော်တို့ နောက်နေ့ အစောဆုံး ဂုနာရီ မော်တော်ဖြင့် ပြန်လာခဲ့ကြပါသည်။

* * *

သန်းဆွေ

www.burmeseclassic.com

# ထူးဆန်းစွာ ရှက်ကန်တော့ထိုးသည့်

# ဇော်ဂျီတောင်ဝှေးပင်

ဇရာမြေ ကျော်ဝေ



မင်္ဂလာဗေယျုံကျောင်း၏
ပဓာနနာယကဆရာတော်ကြီး ဦးဉာဏဝံသ(ဓမ္မာစရိယ)၏ ပုံတော်

စာရေးသူသည် ၃၁-၁-၂၀၁၂ နေ့တွင် မိတ်ဆွေကြီး ဦးသောင်းညွှန့် နေအိမ်မှ ထူးဆန်းစွာ အရှက်ကန်တော့ထိုးသော ဇော်ဂျီတောင်ဝှေးပင်ကို ဓာတ်ပုံရိုက်ယူပြီး မိတ်ဆွေကြီး ဦးသောင်းညွှန့်က -

"ဦးကျော်ဝေ . . . ခင်ဗျား ဆက်ပြီး ကျွန်တော်နဲ့ မင်္ဂလာဗေယျုံကျောင်းကို လိုက်ခဲ့ဗျာ။ ဟိုကျရင် ခင်ဗျားကို ကျွန်တော် ပြစရာရှိတယ်။ ဆရာတော်ကြီး စိုက်ပျိုးထားတဲ့ ဇော်ဂျီတောင်ဝှေးပင် ကလည်း ကျွန်တော့်အပင်လိုပဲ ကန်တော့ထိုးတာ ဆရာတော်ကြီး က မှတ်တမ်းဓာတ်ပုံရိုက်ကူးထား တယ်။ ခင်ဗျား စာရေးမှန်းမသိတော့ ဆရာတော်ကြီးက ဂမ္ဘီရဆန်ပြီး ဆန်းကြယ်ထူးဆန်းတာကို အမှတ် တရရိုက်ကူးထားတာ"

ဟု မိတ်ဆွေကြီး ဦးသောင်းညွှန့်မှ ပြောသောအခါ စာရေးသူ ကလည်း စာရေးရန်အတွက် ကုန်ကြမ်းအလိုရှိသူ တစ်ဦးဖြစ်သည်နှင့် အညီ ဦးသောင်းညွှန့်ခေါ်ရာ မင်္ဂလာဗေယျုံကျောင်းသို့ လက်စွဲတော် ကင်မရာလေးနှင့် အတူသွားရောက်ခဲ့ပါသည်။ ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော်တို့ကလည်း ပျူငှာစွာဖြင့် . . .




www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီးကျောင်းဝင်းအတွင်းမှ ထူးဆန်းစွာ အရွက်ကန်တော့ထိုးနေသည့်
ဇော်ဂျီတောင်ဇွေးပင်








www.burmeseclassic.com

www.burmeseclassic.com



နာယကဆရာတော်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင် ဂေါပကအဖွဲ့ဝင်များ

"ဒကာကြီးက စာရေးဆရာဆိုတာ ဘုန်းကြီးတို့ အစက မသိခဲ့ပါဘူး။ ဒကာကြီး ဦးသောင်းညွှန့် ပြောပြမှပဲ သိခဲ့ရတာပါ။ ဘုန်းကြီးက စာရေးခြင်းကို ဝါသနာပါပါတယ်"

ဟု ဆရာတော်ကြီးက ပြောသလို၊ တိုက်အုပ်ဆရာတော်ကြီး ဦးကောသလ္လကလည်း . . .

"ဒကာကြီးအပင်က အရွက်ကန်တော့ထိုးတာ တစ်ပတ်တိတိပါပဲ။ ဘုန်းကြီးတို့က စာရေးဆရာတွေနဲ့ မရင်းနှီးတော့ မဂ္ဂဇင်းတွေမှာ ထည့်ဖို့ မစဉ်းစားမိဘူး။ ဇော်ဂျီတောင်ဝေးပင် ဆိုတာ ကန်တော့ထိုးခဲ့ပါတယ်။ ဘုန်းကြီး (၂၇-၂-၂၀၁၁) နေ့က ရိုက်ကူးထားတဲ့ ဓာတ်ပုံကိုသာ ကြည့်တော့"

ဟု ဓာတ်ပုံကို ယူပြီးပြသောအခါ စာရေးသူ အသင့်ပါလာသော ကင်မရာလေးဖြင့် မှတ်တမ်းတင် ဓာတ်ပုံများကို ရိုက်ကူးပြီး ဆရာတော်ကြီးနှင့်အတူ တိုက်အုပ်ဆရာတော်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသောမ၊ ဦးခေမိန္ဒတို့ကို အတူတွဲလျက် ဓာတ်ပုံရိုက်ယူပြီး စာရေးသူက ဇော်ဂျီတောင်ဝေးပင် ကန်တော့ထိုးခြင်းနှင့် ပတ်သက်ပြီး ဆရာတော်ကြီးကို ထူးခြားပုံဖြစ်စဉ်များကို မေးသောအခါ ဆရာတော်ကြီးက-

"ဒကာကြီးမေးလို့သာ ဘုန်းကြီးပြောပြရမှာပါ။ ဘုန်းကြီးလည်း ဗဟုသုတအနေနဲ့ ကျမ်းစာပေတွေကိုလည်း လိုက်



ပဓာနနာယကဆရာတော်ကြီးဘဒ္ဒန္တဉာဏဝံသကို ဖဲဆောက်လုပ်ဆဲကျောင်းမဟာရုံကြီးနှင့် ကွန်ကရစ်လမ်းကြီးအတွက် ကိုသန်းထိုက်ဝင်း ဝတ္ထုငွေကပ်လှူနေစဉ်


စားခဲ့ပါတယ်။ ပဋ္ဌာန်းငယ်ဘာဝတုန်းကပေါ့။ ပုတီးကို မှန်မှန်စိပ်တော့ ဝိဇ္ဇာတွေက စောင့်ရှောက်ကြပါတယ်။ ဇော်ဂျီတောင်ဝေးအရွက် ကန်တော့ထိုးတယ်ဆိုတာ ဝိဇ္ဇာတွေက စီးပွားပေးချင်လို့ပါပဲ။ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေကို ပေးတဲ့နေရာမှာ -

(၁) ရတနာသုံးပါးကို အမြတ်တနိုးနဲ့ ကိုးကွယ်သူ



www.burmeseclassic.com

www.burmeseclassic.com



နာယကဆရာတော်ကြီး ဦးဉာဏဝံသ(ရှေ့မှထိုင်လျက်နှင့် အနောက်ဘက်မှ စီတန်းလျက်(၃)ပါးမှာ
ညာဘက်အစွန်တွင် ဦးသောမ၊ အလယ်တွင် ဦးကောသလ္လ တိုက်အုပ်ကိုယ်တော်နှင့်
ဘယ်ဘက်ဘေးတွင် ဦးခေမိန္ဒ

ဖြစ်ရမယ်။

(၂) မိဘဆရာသမား ဂုဏ်ကျေးဇူးကို အထူးသိတတ်သူဖြစ်ရမယ်။

(၃) လူ့ပုဂ္ဂိုလ်ဆိုလျှင်ကာံငါးပါးကိုလုံခြုံတဲ့သူဖြစ်ရမယ်။

များသောအားဖြင့် ဘာဝနာတရား ‹ှားများအားထုတ်နိုင်လျှင်တော့ အကောင်းဆုံးပေါ့။ ဘုန်းကြီးအကျိုးပေးထူးပုံကို ပြောပြပါဦးမယ်။ ဘုန်းကြီးက ဒကာကြီး ဦးသောင်းညွန့်တို့လို လူ့ပုဂ္ဂိုလ်မဟုတ်တော့ စီးပွားရေးနဲ့ ယှဉ်ပြီးပြောလို့မရပါဘူး။

ဇော်ဂျီတောင်ဝေးပင် အရွက်ကန်တော့ထိုးပြီးတဲ့နောက်ပိုင်းမှာ ဘုန်းကြီး အမှတ်ထားမိတာကတော့ လှူသူတန်းသူ ပေါလာပါတယ်။ ဘုန်းကြီး အားခဲပြီး မျှော်မှန်းချက်ကြီးစွာနဲ့ ဆောက်ထားတဲ့ နှစ်ထပ်ကျောင်းဆောင်ကြီးလည်း ပြီးမြောက်လို့ ဝမ်းသာရပါတယ်။ အနံ ၉ပေ၊ အလျား ၃၆ဝပေရှိတဲ့ ၅၄သိန်းကုန်ကျတဲ့ ကွန်ကရစ်လမ်းမကြီးကိုလည်း ရက်တိုတိုနဲ့ ပြီးခဲ့ပါတယ်။ ထူးခြားတာက လှူသာစုခေါ်နတ်သာစုခေါ်ပေပေါ့။ ယခု ဆောက်လက်စ ဓမ္မာရုံကြီးကလည်း မကြာခင် ပြီးမြောက်တော့မှာပါ။ ဒကာကြီး ဦးသောင်းညွန့်က ကျောင်းအကျိုးတော်ဆောင်ဖြစ်တဲ့အတွက် ဓာတ်သဘောနဲ့ ပြောရရင် ဓာတ်ကူးတယ်လို့ပဲ ဆိုရမှာပေါ့။ ကောင်းသော အတိတ်နိမိတ်နဲ့ ကောင်းသော အကျိုးပေးမှာပါ။ စာရေးဆရာ ဒကာကြီး ဦးကျော်ဝေက ဂန္ထီရဆန်းကြယ် မဂ္ဂဇင်းမှာ စာရေးပြီး ပို့ပေးမယ်ဆိုတော့ ဘုန်းကြီးတို့ ဝမ်းသာပါတယ်။ လိုအပ်ရင် ဘုန်းကြီးနဲ့အတူ ဒကာအချို့ ငွေလှူတဲ့ ဓာတ်ပုံကိုပါ ဘုန်းကြီးပေးပါ့မယ်။ ဒကာကြီး အဆင်ပြေအောင်သာ ရေးပါ။ ဒကာကြီး ကျောင်းအကျိုးဆောင် ဦးသောင်းညွန့်က အပင်နှင့်အတူ ဓာတ်ပုံရိုက်နိုင်ပေမယ့် ဘုန်းကြီးက ပူးတွဲ မရိုက်မိလိုက်လို့ ရိုက်ပြီးသား အပင်ပုံကိုပဲ ဒကာကြီး ဖော်ပြပေတော့။ ဘုန်းကြီးတို့ ဒကာကြီး ရေးတဲ့ ဆောင်းပါး ဂန္ထီရဆန်းကြယ်မှာ ဖော်ပြခြင်းခံရလျှင်လည်း ဘုန်းကြီးတို့ကို အကြောင်းကြားပါ ဒကာကြီး"

ဟု ဆရာတော်မှ ပြောကြားသဖြင့် စာရေးသူကလည်း…

"မှန်ပါ့ဘုရား။ တပည့်တော် စာအုပ်ထွက်လို့ ဆောင်းပါး ပါလာခဲ့လျှင် ဝယ်ယူပြီး လှူမှာပါ ဘုရား"

ဟု ဆရာတော်ကို ဦးခိုက်၍ ပြန်ခဲ့လေတော့သည်။

* * *

ချောမြေကျော်ဇေ



www.burmeseclassic.com

www.burmeseclassic.com

# ချစ်စ ရှည်စေ၊ မုန်းစတိုစေ ဓာတ်ဆင်နည်း



ဆရာဝေယံဦး

စာရေးသူ၏ ရန်ကင်း တိုက်ခန်းရှေ့ ဧည့်ခန်း (ဗဒင်ဟောခန်း) သို့ စာရေးသူ၏ တပည့်မ လှိုင်ဖြိုးဝေ ရောက်ရှိလာပါသည်။

"အခုတစ်လော အပတ်တိုင်း သမီး လာနေပါလား။ လာတိုင်းလည်း မေးခွန်းထုတ်တာတွေက လွန်ပါရော"

"ဒီနေ့က တနင်္ဂနွေလေ။ ပိတောင် အားနေသေး။ စနေ၊ တနင်္ဂနွေနေ့ အလုပ်ပိတ်တော့ မနေ့က အဝတ်လျှော်၊ မီးပူတိုက် အိမ်အလုပ်တွေနဲ့ နစ်ပါးသွားနေရတယ်။ ဆရာနဲ့ စကားပြောရတာ ဗဟုသုတရတယ်"

"လက်ဖက်ရည်သောက်ရတာရော ထည့်မပြောဘူးလား"

"ဩော်··ဒါနဲ့ ဆရာ့ကို မေးဦးမယ်။ သမီးသူငယ်ချင်း တစ်ယောက်အကြောင်းပါ။ သမီးသူငယ်ချင်းဆိုပေမယ့် ညီအစ်မလို နေကြတဲ့ သူငယ်ချင်းပါ"

"ဟုတ်ပါပြီ၊ သူက ဘာဖြစ်နေလို့လဲ"

"ဒီလိုပါ ဆရာ။ သူတို့ရုံးမှာ သူနဲ့ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးနဲ့ သိပ်အဆင်မပြေဘူး"

"ဘယ်လို အဆင်မပြေတာလဲ"

"သူနဲ့ စကားပြောရင် ဆန့်ကျင်ဘက်စကား အမြဲပြော တယ်။ ရန်လိုတဲ့ သဘောပဲ"

"ဘယ်လိုဖြစ်ကြတာလဲ။ ဟိုတုန်းကရော"

"ဟိုတုန်းက ဒီလိုမဟုတ်ဘူးတဲ့။ အခုကျမှ ဘယ်လို ဖြစ်တယ် မသိဘူးတဲ့။ ကြားက တစ်ယောက်ယော နှောင့်ယှက်နေတာများလား မသိဘူး။ သူငယ်ချင်းက သည်း တယ်။ သည်းခံတယ်ဆိုပေမယ့် စိတ်ညစ်စရာဖြစ်လာတယ် အလုပ်ထဲမှာ မပျော်တော့ဘူး ဆရာ"

"အင်း···တစ်ခုခုတော့ အထင်လွဲတာပဲ ဖြစ်မယ် ထားပါတော့၊ အဲဒီအတွက် ဓာတ်ဆင်နည်းတစ်ခုပြောပြမယ် မပြောခင် ဒါကို ဖတ်ကြည့်စမ်း သမီး"

## ချစ်ရန် မုန်းရန် ဓာတ်ဆင်နည်း

- လင်ကွဲ၊ မယားကွဲများ ပြန်လည် ချစ်ခင်စေ
- လင်ငယ်၊ မယားငယ်ယူသွားသူများအား



www.burmeseclassic.com

www.burmeseclassic.com

မယားကြီးကို ပြန်လည်ချစ်ခင်စေပြီး လင်ငယ်၊ မယားငယ်တို့အား မုန်းစိတ်ဝင်စေရန် ဆောင်ရွက်ခြင်း။

- မောင်နှင့် နှမ၊ သားအမိ၊ ဆွေမျိုး စသည်တို့ တစ်ဦးကို တစ်ဦး ချစ်ခင် သင့်မြတ်စေရန်။
- ဇနီးမောင်နှံ တစ်ဦးနှင့် တစ်ဦး ချစ်ခင်သင့်မြတ်စေရန်။
- မိတ်ဆွေ အပေါင်းအသင်း အထင်လွဲမှားနေ၍ ဆန့်ကျင်ဘက်ဖြစ်နေပါက တစ်ဦးနှင့် တစ်ဦး သင့်မြတ်စေရန်။
- ရန်ပြုသူနှင့် ရန်လိုသူနှစ်ဦး ချစ်ခင်သင့်မြတ်စေရန်။

**ဓာတ်ဆင်ပုံသေနည်း**

ချစ်ခင်စေမှု - မူလအချိန် မိတ်နှင့် ပြု။

မုန်းစေလိုမှု - မူလအချိန် ရန်နှင့် ပြု။

"ဆရာရဲ့ ဓာတ်ဆင်နည်းက ဒါတွေအားလုံးနဲ့ သက်ဆိုင်တယ်နော်"

"ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

"တစ်ဦးနဲ့ တစ်ဦး ချစ်ခင်တာပဲ ကြိုက်တယ်။ မုန်းတာမျိုးတော့ ရှုံပါတယ်"

"ကဲ - ထားပါတော့။ သမီးသူငယ်ချင်းက ဘာနေ့သမီးလဲ၊ သိလား"

"သူက ဗုဒ္ဓဟူးသမီးပါ ဆရာ။ ဟိုတစ်ယောက်က ဒေါ်မြမြဆိုတော့ ကြာသပတေးသမီးဖြစ်လိမ့်မယ် ဆရာ"

"ကောင်းပြီ သမီး။ ဗေဒင်စကားနဲ့ ပြောရင် ကြာသပတေးသမီးက ဗုဒ္ဓဟူးသမီးကို ချစ်ခင်အောင် ဓာတ်ဆင်ရမယ်။ ကြာသပတေးအစ ဗုဒ္ဓဟူးအဆုံးဆိုတော့ မရမ်းညွန့်ဆို ရတယ်။ ဂြိုဟ်သက်အရ ကြာသပတေးက ၁၉ညွှန့်၊ ဗုဒ္ဓဟူးက ၁၇ညွန့်၊ စုစုပေါင်း ၃၆ညွှန့်ရတယ်။ အဲဒီ မရမ်း ၃၆ညွှန့်ကို ကြာသပတေးရဲ့ မိတ်အချိန် အောင်မဓာတ်အရ တနင်္ဂနွေနေ့ တနင်္ဂနွေအချိန်(နံနက် ၆နာရီမှ ၇နာရီခွဲ)အတွင်း ကြာသပတေးရဲ့ ဆွေတော်ဖြစ်တဲ့ အင်္ဂါသားသမီးက ပြင်ဆင်ပေးပြီး အုပ်ထိန်းသူ (သို့မဟုတ်) သက်ဆိုင်တဲ့ ဗုဒ္ဓဟူးသမီးက ဘုရားမှာ ကပ်လှူပြီး ဆန္ဒပြုရမှာ ဖြစ်တယ် သမီး။ အဲဒါနဲ့ ပတ်သက်လို့ နောက်ဆက်တွဲ ဒါလေးကို ကြည့်ဦး"

**ဓာတ်ဆင်နိုင်သည့် နေရာဌာနများ**

- မိမိအိမ်တွင်းရှိ ဘုရားစင်တွင် ဆောင်ရွက်နိုင်ခြင်း။
- တန်ခိုးကြီးဘုရားများ၏ မိတ်ကျသောထောင့်မှ ကပ်လှူပူဇော်နိုင်ခြင်း။
- မိမိခြံဝင်းအတွင်း မူလမိတ်အချိန်၊ မိတ်ကျသော အရပ်မှာ နှစ်နံတွဲ ဓာတ်ပင်ကို စိုက်ပျိုးနိုင်ခြင်း ပြုနိုင်သည်။

"မိမိနှင့် မည်သို့မျှ မသက်ဆိုင်သော (သို့မဟုတ်) သူတစ်ပါး၏ သားပျို၊ သမီးပျိုတစ်ဦးဦးအား တစ်ဖက်သတ် ချစ်ခင်စေရန်အတွက် ဤနည်းဖြင့် ဓာတ်ဆင်လို့ မရပါဘူး။ လင်ငယ်၊ မယားငယ်ဘက်မှလည်း လုပ်ပေးလို့ မရဘူး"

"လုပ်ပေးရင် ဘာဖြစ်တတ်လဲ ဆရာ"

"ပြုလုပ်သူရော၊ ပြုလုပ်ဖို့ ညွှန်ကြားသူရော ဘေးသင့်တတ်တယ် သမီး"

"ဒီနေရာမှာ အပြင်မိတ်၊ အတွင်းမိတ် သိထားမှ ဖြစ်မယ်နော်"

"ဟုတ်တယ်လေ။ ဒီဇယားကွက်ကို ကြည့်"

| မွေးနံ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
|---|---|---|---|---|---|---|---|
| အတွင်းမိတ် | ၆ | ၈ | ၅ | ၀ | ၃ | ၁ | ၄ |
| အပြင်မိတ် | ၅ | ၄ | ၆ | ၂ | ၁ | ၃ | ၈ |

အတွင်းမိတ်လင်္ကာ - ဦးသာ စိန်ပန်း ဒန်းလှ ကိုရှာ။

အပြင်မိတ်လင်္ကာ - အောင်ပ ကုလား ဆွေသားတော်ရင်း။

မိတ်ကျသော အချိန်၊ မိတ်ကျသောအရပ်တို့ကို ရွေးချယ်၍ နှစ်နံတွဲဓာတ်အညွှန့်/သစ်ပင်ကို ရွေးချယ် အသုံးပြုပါ။

**ညွှန့်ထောင့်များ**

၁-နွေ - အရှေ့မြောက်
၂-လာ - အရှေ့အရပ်
၃-ဂါ - အရှေ့တောင်
၄-ဟူး - တောင်အရပ်
၅-တေး - မြောက်အရပ်
၆-ကြာ - မြောက်ဘက်
စနေ - အနောက်တောင်
ရာဟု - အနောက်မြောက်

မိတ်အခါရွေးနည်းကို အောက်ပါ အင်္ဂဝိဇ္ဇာအခါရွေးနည်း ဇယားမှာ ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

| နေ့ | ၆ | ၇း၃၀ | ၉ | ၁၀း၃၀ | ၁၂ | ၁း၃၀ | ၃ | ၄း၃၀ |
|---|---|---|---|---|---|---|---|---|
| | ၇း၃၀ | ၉ | ၁၀း၃၀ | ၁၂ | ၁း၃၀ | ၃ | ၄း၃၀ | ၆ |
| ၁နွေ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| ၂လာ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| ၃ဂါ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ၄ဟူး | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ၅တေး | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| ၆ကြာ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| စနေ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |
| ည | ၆ | ၇း၃၀ | ၉ | ၁၀း၃၀ | ၁၂ | ၁း၃၀ | ၃ | ၄း၃၀ |
| | ၇း၃၀ | ၉ | ၁၀း၃၀ | ၁၂ | ၁း၃၀ | ၃ | ၄း၃၀ | ၆ |

ပြုပြင်ဆောင်ရွက်ပေးသူ

| မွေး | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၅တေး | ၆ကြာ | စနေ |
|---|---|---|---|---|---|---|---|
| အပွတ် | ၆ကြာ | စနေ | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၅တေး |

နမူနာ

* တနင်္ဂနွေသားသမီး၏ မိတ်အခါသည် အောင်ပြဖြစ်၍ ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

* တနင်္လာသားသမီး၏ မိတ်အခါသည် ကုလားဖြစ်၍ ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

* အင်္ဂါသားသမီး၏ မိတ်အခါသည် ဆွေသားဖြစ်၍ သောကြာနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

* ဗုဒ္ဓဟူးသားသမီး၏ မိတ်အခါသည် ရင်းတော်ဖြစ်၍ စနေနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

* ကြာသပတေးသားသမီး၏ မိတ်အခါသည် ပအောင်ဖြစ်၍ တနင်္ဂနွေနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

* သောကြာသားသမီး၏ မိတ်အခါသည် သားချော ဖြစ်၍ အင်္ဂါနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

* စနေသားသမီး၏ မိတ်အခါသည် တော်ရင်းဖြစ်၍ ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်းအချိန်ဖြစ်သည်။

"မိတ်ကျတဲ့ အချိန်ကို အင်္ဂလိပ်စွာဝယားမှာ ကြည့်ရ သိမယ်နော်"

"ဟုတ်တယ်လေ။ အဲဒါ မှတ်မိတယ်မဟုတ်လား"

"သမီး သိပါတယ် ဆရာ"

"ဒါဆို ဘာမေးစရာရှိလဲ"

"မရှိတော့ပါဘူး ဆရာ။ ပြည့်စုံပါတယ်"

"ဒါဆို တစ်ခုခုသွားစားကြမယ်"

"ဟုတ်ကဲ့ ဆရာ"

စာရေးသူနှင့် လှိုင်ဖြိုးဝေတို့သည် ရန်ကင်း ပန်းခြံ ကြေးအိုးဆိုင်သို့ ထွက်လာကြပါတော့သည်။

ကျန်းမာချမ်းသာကြပါစေ

* * *

ဝေထံဦး

ကျမ်းကိုး၊

- ဆရာ ဦးလင်းအောင်၏ ဗိဗ္ဗာနည်းကျ မြန်မာဗေဒင်၊

(နေပြည်တော် ပညာ့ဆိပ်ရာတွင် ဗေဒင်ဟောနေသော တပည့် ဆရာ နန်းစုခိုင်အတွက် အမှတ်တရ)

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

ယုံရင်လည်း ပုံပြင်လို့ပဲ မှတ်
တော့။ လွန်ခဲ့တဲ့ အနှစ် ၇၀
က မြန်မာပြည်အထက်ပိုင်း
တစ်မြို့က အဖြစ်အပျက်ပါ။

ထူးထူးဆန်းဆန်း အလွမ်းဇာတ်
လမ်းလေးတစ်ပုဒ်ဆိုလည်း မမှားပါ။

◆◆◆

# ဝိညာဉ်မေတ္တာ

ညီညီနိုင်

စောနန်းကြည်တစ်ယောက် တောအုပ်အလယ်သို့ ညအမှောင်ထုကို ဖြတ်၍ တိုးဝင်လာခဲ့ပါပြီ။

ကြယ်ရောင်ပျပျလေးတွေသာ ရှိသော လမိုက်ည။

စောနန်းကြည်က ချမ်းအေးမှုဒဏ်ကို ခံသာအောင် သိုးမွေးအင်္ကျီလေးဝတ်၍ ခေါင်းစွပ်ကလေးပါ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com

လာသည့်ကြားထဲမှ သူတစ်ကိုယ်လုံး နိုက်နိုက်တုန်နေသည်။

ဒါပေမယ့် သူတစ်ယောက်တည်း အဖော်မပါ။ လူမနီးသူမနီး တောကြီး မျက်မည်းအတွင်း သန်းခေါင်ယံခရီးကို အပြင်းနှင်နေမိသည်။

အချစ်က အရာရာကို ရင်ဆိုင်ရဲသော သတ္တိကို ပေး၏။

ယခုလည်း စောနန်းကြည်တစ်ယောက် အချစ်အတွက် အရဲစွန့်လာခဲ့ခြင်းသာ။

သူ့စိတ်အစဉ်က အိမ်မှထွက်လာတုန်းက ကြောက်စရာအချိန်များကို ပြန်ရောက်သွားသည်။

သူ့အဖေနှင့် အိမ်စောင့်တွေ မသိအောင် ခိုးထွက်ခဲ့တာပဲမဟုတ်လား။ အိမ်အပေါ်ထပ် သူ့ပြတင်းပေါက်အနီးတွင် တုတ်တုတ်ခိုင်ခိုင် ကျွန်းပင်ကြီး တစ်ပင်ပေါက်နေသည်။

စောနန်းကြည်က ရှမ်းဘောင်းဘီဝတ်ထားလျက် ဖြာထွက်နေသော သစ်ကိုင်းကြီးတစ်ကိုင်းကို လှမ်းဆွဲခဲ့ရာမှ တစ်ကိုင်းမှ တစ်ကိုင်းကူးပြီး ပင်စည်ကို တွယ်ဆင်းခဲ့ခြင်းဖြစ်ပါသည်။

သူ့အဖေ ဦးကျော်ဇေယျ၏ အခန်းမှာ ဖန်မီးအိမ်လေး လင်းနေသလို ဦးကျော်ဇေယျ အိပ်မောကျနေခြင်းကိုလည်း အတိုင်းသား မြင်ခဲ့ရပြီးသား။

ခုတော့ သူက မြိုင်သာယာတောအလယ်မှ ချစ်သူ မိုးသဲထံ အသည်းအသန်လာခဲ့ရပြီပေါ့။

မိုးသဲက မြင်းနက်ကြီး ဒုန်းစိုင်းပြီး ရောက်လာမှာ မြင်ယောင်မိသေးသည်။

ပြီးတော့ မိုးသဲ၏ ရင်ထဲမှာ နွေးနွေးထွေးထွေး ခိုလှုံရင်းမှ ချစ်စကားလှလှလေးတွေကို ချိုချိုသာသာ နားထောင်ရမှာ ကြားယောင်ခဲ့ရပြန်သည်။

မိုးသဲကား ယောကျ်ားပီသသည်။ အသားဖြူဖြူ၊ လှပုံချောချော၊ စိတ်ရင်းကောင်းရှိသလောက် ကြင်နာ သနားတတ်သူတစ်ယောက်။

ဒါပေမယ့် သူက တစ်ကိုယ်တော် တောပုန်း ဓားပြ။

အောက်ပြည်မှ မြို့ဝိတစ်ယောက်က မတရားအနိုင်ကျင့်သဖြင့် သတ်ဖြတ်ပြီး မြိုင်သာယာတောကြီးထဲ လာခိုနေခြင်းပါ။

ပြီးတော့ သူ့ဘဝရပ်တည်ရေးအတွက် ခရီးသွားများထံမှ လုယက်ရသည်ဆို၏။

ထူးခြားတာကတော့ ငွေကြေးချမ်းသာသူများကိုသာ တိုက်ခိုက်လုယက်ပြီး သာမန် ဆင်းရဲသားများကိုတော့ လိုအပ်သလို အကူအညီပေး၍ လမ်းပင် ပြလိုက်ပါသေးသည်။ သူက တောပုန်း ဓားပြဆိုလင့်ကစား အသက်အန္တရာယ်မပေး။ သူ့ကို အပြင်းအထန် မခုခံသရွေ့ လူသတ်ခြင်းမရှိ။

စောနန်းကြည်နှင့် မိုးသဲ ဆုံဆည်းရပုံကလည်း မှတ်မှတ်ရရ၊ မမေ့နိုင်အောင်ပင်။

♦♦♦

တစ်နေ့ အရေးပေါ်ခရီးထွက်ခဲ့ရသော စောနန်းကြည်၏ မြင်းလှည်းကို မိုးသဲက ရုတ်တရက် ဝင်တိုက်သည်။ မြင်းလှည်းသမား စောနန်းကြည်နှင့် အဖော် မိန်းမကြီး၊ ညီမဝမ်းကွဲ အပျိုမလေးတို့မှာ ကြောက်လိုက်ရတာများ ဒူးတွေ ဆတ်ဆတ်တုန်လို့။

ကံအားလျော်စွာ မိုးသဲက စောနန်းကြည်ကို သိနေသည်။ နောက်…

"မြိုင်မဟာ ရွာစားကြီး ဦးပုဏ္ဏခေါင်ရဲ့ သမီးချော စောနန်းကြည်မဟုတ်လား။ စောနန်းကြည်ရဲ့ အလှကို ဦးညွှတ်ဂုဏ်ပြုတဲ့အနေနဲ့ မိုးသဲ ချမ်းသာခွင့်ပေးလိုက်ပါတယ်။ မိုးသဲကိုလည်း မှတ်ထားပါနော့"

ထိုအချိန်ကတည်းက မိုးသဲမျက်နှာကို စောနန်းကြည် အသည်းစွဲ မှတ်မိခဲ့ရသည်။

မကြာခင် သူတို့အိမ်သို့ မိုးသဲရောက်လာသည်။ နယ်လှည့် ရတနာကုန်သည်တစ်ယောက်အသွင်ယူလို့။ အဖော်တွေလည်း ပါသည်။ စောနန်းကြည်က ကောင်းကောင်းသိသည်ပေါ့။

စောနန်းကြည်က ကျောက်စိမ်းဆွဲကြိုးလေးတစ်ကုံးဝယ်လိုက်သည်တွင် မိုးသဲက ပတ္တမြားလက်စွပ်လေးတစ်ကွင်း မေတ္တာလက်ဆောင်ပေးသွားသည်။ ထို့နောက် နှစ်ကိုယ်ကြားလေး…

"ည ၁၀နာရီကျရင် မြေပြင်မှာ တွေ့ကြရအောင်နော်"

တဲ့။ သည်မှ အစ မိုးသဲနှင့် စောနန်းကြည်တို့ အသည်းတံတားခင်းခဲ့ကြတယ်ဆိုပါတော့။

ခုလည်း ချစ်သူနှင့် ချိန်းနေကျ မြိုင်သာယာတောအုပ်အလယ်သို့ ရောက်ခဲ့ရာမှ တောရှင်းသော ကွင်းပြင်ထဲမှ လရောင်အောက်သို့ တိုးဝင်ခဲ့မိသည်။ သူရောက်ရောက်ချင်း ဘယ်သူမှ မတွေ့။ အားငယ်စိတ်ဖြင့် ထိတ်ခနဲဖြစ်သွားရ၏။

မြင်းဟီသံကြားသည်နှင့် စောနန်းကြည် နလုံးတွေ တုန်၊ ရင်ခုန်သွားရင်း နောက်သို့ ချာခနဲလှည့်ကြည့်လိုက်၏။

မြင်းပေါ်မှ မိုးသဲက စောနန်းကြည်ကို ပွေ့ချီလိုက်ပြီး သူ့ရှေ့ မြင်းပေါ်တင်ကာ အပျော်ခရီးတစ်ပတ်လျှောက်စီးသည်။

"တအားကြီး ဒုန်းမစိုင်းပါနဲ့ ကိုကို ရယ်၊ အစောကြောက်တယ်"

"အိုး…ကိုမိုးက မြင်းစီးကျွမ်းပြီးသား၊ လိမ့်ကျမှာတော့ မပူနဲ့၊ အစော





www.burmeseclassic.com

www.burmeseclassic.com

ကို အမိဖမ်း ဖက်ထားတာ”

နှစ်ယောက်သား မိုးသဲ ပုန်းအောင်းရာ ချုံကြားမှ မြေအောက်ကျောက်ဂူကြီးထဲ ရောက်သွားကြ၏။

“အစောက သိပ်လှတာပဲနော်။ ကိုမိုးတော့ မခွဲနိုင်တော့ဘူးကွာ”

“အစောလည်း ကိုမိုးကို မခွဲနိုင်တော့ပါဘူးကွယ်။ ဒါပေမယ့်…”

“ဒီလိုဆိုလည်း ကိုမိုး တစ်ခုပြောမယ်၊ အစော နားထောင်မလား”

“ပြောလေ၊ ကိုမိုးပြောတဲ့ စကားတွေ နားထောင်လို့ကို ဝမှာမဟုတ်ဘူး”

စောနန်းကြည်က မျက်လုံးလေးဝိုင်းပြီး ပြောလိုက်ရာမှ မိုးသဲ ကြိတ်မနိုင်ခဲမရဖြစ်ကာ ရင်ခွင်ကြားထဲ အတင်းဆွဲသိပ်ထားလိုက်သည်။

“ကိုမိုးလေ ဒီညက စပြီး တောပုန်း ဓားပြဘဝကို စွန့်ပစ်လိုက်တော့မယ်”

“ဟင်…တကယ်ပြောတာလား ကိုမိုး”

“ကိုမိုးကို ယုံပါ။ အဲ - မနက်ဖြန်ညမှာ အစောကို ခေါ်ပြီး တစ်နေရာကို ပြေးကြမယ်။ အစောအဖေကြီးနဲ့ ကိုမိုးရဲ့ အဝိုင်းတဲ့ တေတဲ့ နေရာမှာ ဘဝသစ်သွားတည်ကြမယ်လေ”

“အို…ဝမ်းသာလိုက်တာ ကိုမိုးရယ်”

စောနန်းကြည်က မိုးသဲကို သိမ်းကျုံးဖက်ထားလိုက်မိသည်။

သည့်နောက်တော့ မိုးသဲက စောနန်းကြည်ကို သူတို့အိမ်ခြံကြီးအနီးသို့ မြင်းနှင့် လိုက်ပို့သည်။

စောနန်းကြည်တို့အိမ်က ရွာစွန်တောစပ်နှင့် သိပ်မဝေးဘူးမဟုတ်ပါလား။

စောနန်းကြည်က အပျော်ကြီးပျော်ကာ ခြံထဲသို့ ပြေးဝင်လာမိသည်။

မိုးသဲကလည်း…

“နက်ဖြန်ည မပေ့နဲ့နော်။ အစောကို အားရပါးရကြီး ခိုးပြေးမှာ”

အတည်ပြု မှာသွားရင်း မြင်းနက်ကြီးကို ပျော်ပျော်ကြီး ကဆုန်စိုင်းသွားသည်။

စောနန်းကြည်က လက်ပြ နှုတ်ဆက်ပြီး အိမ်ပေါ် တက်ခဲ့ချိန်မှာ ခြံစည်းရိုး သစ်ပင်ကွယ်မှ ထွက်လာသူကတော့ သူဖခင် ဦးဖိုးခေါင်နှင့် ညာလက်ရုန်း တပည့်ကျော်ကြီး။

လရောင်အောက်သို့ ထွက်လာသော ဦးဖိုးခေါင့်၏ မျက်နှာမှာတော့ မုန်းတီးမှုနှင့် ဒေါသတွေ အပြေးသား။

◆◆◆

အမှန်တော့ စောနန်းကြည်မှာ မိတဆိုးလေးဖြစ်ခဲ့သလို၊ ဦးဖိုးခေါင်က အစစအရာရာ အလိုလိုက် အကြိုက်ဆောင်ခဲ့သည်။

သည်ကြားထဲမှ သူက တောပုန်းကြီးနှင့်မှ ချစ်ကြိုးသွယ် ငြိနေခဲ့ရတယ်လို့။

ဘာပဲဖြစ်ဖြစ် ချစ်မိတာဖြင့် အရှုံး။ ခွဲစမ်းဆိုရင်တော့ အသည်းကွဲမ်းရပါလိမ့်မည်။

စောနန်းကြည်အဖို့ ရင်တွင်း ခံစားချက်ကို ဟန်ဆောင်ဖုံးကွယ်လျက် မိုးလင်းကတည်းက အိမ်အလုပ်တွေ တကုပ်ကုပ်လုပ်နေမိခဲ့သည်။

အလုပ်လုပ်ရင်းက သံစုံ နာရီကြီးကို မော့မော့ကြည့်ရတာ ခဏခဏ။

ခုမှ အချိန်တွေက ကုန်လှခဲပါဘိ။ မိနစ်၊ စက္ကန့်တွေ အကြောသေကုန်ပြီလား။

စိတ်ထဲ မရိုးမရွဖြစ်နေရင်းမှ ရင်ခုန်လိုက်မောနေရသည်။ အရေးထဲ အဖေကြီးက ဒီနေ့မှ အလုပ်တွေ မပြတ်ခိုင်းနေသေးရဲ့။ လုပ်လိုက်ရတာများ တစ်ခုပြီး တစ်ခု ငယ်ထောက်တာနဲ့ မပြ။

မအားတဲ့ ကြားမှပင် သူ့အဝတ်အစားလေးတွေနှင့် အမိုးတန် ပစ္စည်းလေးတွေကို အလစ်ပြေးပြီး ထုပ်ပိုးရသေးသည်။

ဘာလိုလိုနှင့် နေဝင်၍ မိုးချုပ်ခဲ့ရပါပြီ။

စောနန်းကြည် စောင့်စားနေရသည့်အချိန်ကို ရောက်ပေတော့မည်။ မိုးသဲနှင့် တွေ့ပြီး ချစ်သူနန်းတော်မှာ စံမြန်းဖို့ အချိန်က တရွေ့ရွေ့ နီးကပ်လာတာတော့ အမှန်။

ည ၇နာရီ။

ထမင်းမစားခင်လေးမှာ အိမ်ကြီးရှေ့သို့ မြင်းရထားတစ်စီးဆိုက်လာသည်။ ဦးဖိုးခေါင်၏ ညီမ၊ သူ့အဒေါ် ဒေါ်ပန်းညွန့် ရောက်လာခြင်းဖြစ်သည်။

“နန်းကြည်…နင့်အဝတ်အစားတွေယူပြီး ပန်းညွန့်နောက် လိုက်သွား။ နင့်အဒေါ်အိမ်မှာ တစ်ပတ်လောက်သွားနေရမယ်”

“ရှင်”

အာမေဋိတ်သံက လွှဲလို့ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်လိုက်ပါ။ ဦးဖိုးခေါင်က စောဒကတက်လို့လည်း ရသူမဟုတ်။

စင်စစ်တော့ သူ့ကို အလစ်အငိုက် အရိုက်ကို ထိုးလိုက်တာပါပဲ။

စိတ်ကူးယဉ် ဆင်စွယ် ဗိမာန်လေးမှာ မမျှော်လင့်သော မုန်တိုင်းကြီးကြောင့် တစ်စစီ ပျက်ပြိုသွားရတော့မယ့်အလား။

ဒေါ်လေး ဒေါ်ပန်းညွန့်အိမ်က ရွာလယ်မှာ ရှိ၍ မြင်းသာယာနှင့်ဆိုပိုဝေသွားသည်။ ပြီးတော့ အိမ်သားတွေကလည်း တစ်ပုံကြီး။ ကိုမိုးသဲနှင့် ချိန်းဆက် ကတိပေးထားသလို သန်းခေါင်ယံ ဖူးစာဆုံဖို့အရေးက တွေးလိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

မလွယ်။

စောနန်းကြည် မျက်ရည်စို့ရင်းမှ သူ့အခန်း ကုတင်လေးပေါ် ထိုင်ငိုင်နေမိသည်။

"နန်းကြည်…မြန်မြန်လုပ်လေ၊ သိပ်ညဉ့်နက်သွားရင် တောပုန်းတွေနဲ့ တွေ့သွားဦးမယ်"

ဦးဖူးခေါင်၏ အမိန့်သံက မိုးကြိုးပစ်သလို နက်ကျော ကျယ်လောင်လှချည်။

စောနန်းကြည် သိပ်အချိန်မဆွဲနိုင်တော့ဘဲ အထုပ်ကလေးကို ယူ၍ အိမ်ရှေ့ထွက်ခဲ့ရတော့သည်။

သူ့အဖေ၏ မျက်နှာကို ယောင်လို့တောင် မကြည့်ဝံ့သလို ခေါင်းကလေးငုံ့ဖြတ်ခဲ့ပြီး ဒေါ်ပန်းညွန့်နောက် လိုက်ခဲ့ရခြင်းပါ။

မြင်းလှည်းပေါ် ရောက်သည့်နောက် လမ်းတစ်ဝက်တွင် ဒေါ်ပန်းညွန့်က -

"ညည်း ထွက်ပြေးမယ်တော့ မကြံနဲ့နော်။ ညည်းအဖေအကြောင်းလည်း သိသားနဲ့။ သူ့စကား နားမထောင်လို့ကတော့ ညည်းကို အသေသတ်ပစ်မှာ။ ငါကလည်း သူ့ကို ကြောက်ရတယ်။ သူခိုင်းတဲ့အတိုင်း လုပ်ရမှာပဲ"

စောနန်းကြည်ခမျာ စို့တက်လာသော မျက်ရည်တွေ လျှံထွက်မလာအောင် မျက်လုံးကို ဖွတ်မှိတ်ထားလိုက်ရသည်။

လက်စသတ်တော့ ဦးဖူးခေါင်က စည်းဝါးရိုက်ပြီး အကွက်ဆင်ထားတာကိုး။

"ညည်း ထွက်ပြေးတာနဲ့ ညည်းနောက်ကို လိုက်ဖမ်းဖို့ ရဲတွေနဲ့ ရွာသားတွေလည်း အဆင်သင့်လုပ်ထားပြီးသားပဲ"

ဒေါ်ပန်းညွန့်က တစ်ဆက်တည်း အသိပေး၏။

သူ့နောက်ကို လိုက်ဖမ်းမယ်ဆိုတော့ ကိုမိုးကိုလည်း တွေ့သွားမှာပေါ့။ ကိုမိုးကို တွေ့မယ်ဆိုတာနဲ့ စောနန်းကြည် ဆက်မတွေးရဲတော့ပါ။

ဒေါ်ပန်းညွန့်က ညစာကျွေးသည်။ စောနန်းကြည် တစ်လုတ်နှစ်လုတ်ထက် ပိုမစားနိုင်။ ဒါတောင် မလွှဲသာလို့ စားခဲ့ရခြင်း။

ဒါပေမယ့် သူ့အတွင်းစိတ်ထဲမှာတော့ ခံပြင်း နာကြည်းမှု၊ ဝမ်းနည်းမှုများက ပြောင်းဆန်လျက်။

သူ မိုးသဲရှိမည့်အရပ်ကို ဘယ်နည်းနဲ့ ထွက်ပြေးရမလဲဆိုတာပဲ ကြိတ်ကြံနေမိသည်။

ကြံသာ ကြံ အခွင့်က နည်းနည်းလေးမှ မသာ။ နောက်ဆုံး ည ၁၀နာရီ ထိုးသွားသည်။

ဒေါ်လေး ဒေါ်ပန်းညွန့်က သူ အိပ်ရမည့်အခန်းကို လိုက်ပြသည်။ အောက်ထပ်ဆိုပေမယ့် လုံခြုံရေးအစီအမံတွေက အပြည့်။

"ကဲ - အိပ်တော့ မိနန်းကြည်၊ ထွက်ပြေးဖို့တော့ နည်းနည်းမှ စိတ်မကူးနဲ့။ ငါက တစ်ညလုံး တံခါးဝက ထိုင်စောင့်နေမှာ"

ရာဇသံပေးခဲ့သလို၊ တံခါးကို ကျိုင်းခနဲပိတ်သွားသည်။

စောနန်းကြည်လည်း တံခါးကို ဂျက်ထိုးပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။ ပထမဆုံးအနေဖြင့် ပြတင်းပေါက်တွေကို သွားဖွင့်ကြည့်သည်။

"ဘုရား…မှန်ပြတင်းပေါက်အပြင်က သစ်ချောင်းတွေ အတန်းလိုက်ပိတ်ပြီး သံရိုက်ထားပါလား"

ခုမှ တကယ့်အကျဉ်းသားဘဝ ရောက်ရပါပေါ့။ ထောင်ကြီးတွေထက်တောင် လုံဦးမည်။ သူ ဘယ်နည်းနဲ့မှ အပြင်ထွက်လို့ ရတော့မှာမဟုတ်ပါလား။

စောနန်းကြည် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။

နွမ်းလျော့ ပျော့ခွေသော ကိုယ်လုံးလေးက အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားသည့်နောက် ရှိုက်ကြီးတငင်ငိုသံတွေ ထွက်လာရတော့သည်။

"ကိုမိုး…အစောအဖြစ်ကို မြင်လှည့်ပါဦး ကိုမိုးရယ်။ အစောကို မကယ်နိုင်တော့ဘူးလားဟင်။

ကိုမိုးကတော့ ဖွဲကြီးကြီးနဲ့ စောင့်မျှော်နေမှာပါပဲ။ ဒါပေမယ့် ကိုမိုးဆီကို အစောလာလို့ မရတော့ဘူး။ ဒီတစ်ခါတော့ အဝေးကြီး ဝေးရပြီထင်ပါရဲ့ ကိုမိုးရယ်"

စောနန်းကြည် ချုံးပွဲချငိုရင်းမှ တိုင်တည်စကားတွေ ရေရွတ်မြည်တမ်းမိသည်။

ငိုပြီးရင်း ငိုရင်းက ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။ ဖျတ်ခနဲ လန့်ပြီးနိုးလာခဲ့၏။

သူက ကမူးရှူးထိုးဆိုသလို အခန်းထဲမှာ နာရီလိုက်ရှာသည်။ တစ်လုံးမှ မရှိ။ တမင်ဖျောက်ထားပုံရသည်။

သူ့အဖို့ ငိုလိုက်ရုံမှအပ ဘာမှ မတတ်နိုင်။ သံနှင်းခေါင်ယံ အိပ်မက်ဆိုးကြီးကို ပြန်သတိရလိုက်သည်။

အိပ်မက်ထဲမှာ မိုးသဲ။

မိုးသဲက သူ့နာမည်ကို တကြော်ကြော်အော်ခေါ်နေ၏။

"အစောရေ…အစော…အစော"

ကိုမိုး၏ စူးစူးဝါးဝါးအော်သံများကြောင့် သူ လန့်နိုးခဲ့ရခြင်းပါပဲ။

သူ့ငိုသံကို သူပြန်ကြားပြီး ရင်ထဲက တစ်အိမ်လုံး ကြိတ်ဆိတ်ငြိမ်သက်နေ

www.burmeseclassic.com

တာ သတိထားလိုက်မိ၏။

စောနန်းကြည် ခြေဖျားလေး ထောက်ကာ တံခါးဝသို့ ကပ်လာသည်။ တံခါးရွက်ကို အသံမကြားအောင် ဖြည်းဖြည်းလေး ကြိတ်ဖွင့်သည်။ တံခါးရွက်ကို အသာလှပ်၍ အပြင်ကို ချောင်းကြည့်လိုက်ပြန်သည်။ သူ့အခန်းနှင့် မလှမ်းမကမ်းမှာ နောက်မှီ ကုလားထိုင်တစ်လုံးချထားသည်ကို တွေ့လိုက်ရ၏။ ဒေါ်လေး ဒေါ်ပန်းညွန့်တော့ မရှိတော့ပါ။

သို့ဖြင့် စောနန်းကြည် ခြုံထည်တဘက်လေးကို လည်ပင်းမှာ ပတ်၍ သူ့အထုပ်လေးကို ဆွဲယူကာ အိမ်မတံခါးကြီးဆီသို့ လှမ်းလာမိတော့သည်။

•••

မိုးသဲ သူ့ကို အသေအချာစောင့်နေမည်ကို ယုံယုံကြည်ကြည် သူသိသည်။ သူ မလာမချင်း မျှော်နေမှာတော့ မလွဲ။

စောနန်းကြည် ရွာထဲမှ တိတ်တဆိတ်ဖြတ်၍ တောစပ်သို့ ရောက်သည်နှင့် တစ်ဟုန်ထိုးပြေးလာမိပါ၏။

သူ့ တောအုပ်အလယ် မိုးသဲနှင့် တွေ့နေကျ တလင်းပြင်လေးသို့ ရောက်ချိန်မှာတော့ မျက်နှာပေါ်မှာ မျက်ရည်တွေ အဖွေးသားနှင့် တစ်ကိုယ်လုံး ဆူးခြစ်ရာတွေအပြည့်။

တစ်နာရီနီးပါး တရကြမ်း ပြေးလွှားလာခဲ့ရသလို၊ သူ့ရင်အစုံမှာ လှိုင်းထန်နေသည်။ စိုးရိမ်သောကတွေက ခိုးခိုးဝါးဝါး ဖိစီးနှိပ်စက်နေ၏။ ခုထက်ထိလည်း သူမက်ခဲ့သော အိပ်မက်ကို မြင်ယောင်နေရာက မိုးသဲ၏ စူးရှသော အော်သံက သူ့နားထဲမှာ ပဲ့တင်ထပ်နေခဲ၏။

သည်ညကျကာမှ လဝန်းကျတိမ်ညှိုကင်းသော ကောင်းကင်ပြာတွင် ရှန်းရှန်းသာလျက်။ တောအုပ်အလယ်မှ ချစ်သူ့ စက်ဝိုင်းလေးက သူ့ကို ငြိမ်းအေးစွာ ကြိုဆိုနေသည်။

စောနန်းကြည် ချုံကွယ်မှောင်ရိပ်တွေဆီ လှမ်းမျှော်ကြည့်မိ၏။ တောတိုး၍ ရှာ၏။ မြင်းနက်ရှင်ကား တစ်စွန်းတစ်စမျှ ပေါ်မလာ။

သူ့ အလာနှောင်းလို့ ချစ်သူက ပစ်ထားခဲ့ပြီထင်ပါရဲ့။

စောနန်းကြည် ရူးမတတ်။



ဘယ်သွားလို့ ဘယ်လာရမှန်းမသိ။ တောအလယ်မှာ ယောင်လည်လည်နှင့် အကြာကြီး ကြာသွားပါပြီ။

သည့်နောက်မှ တောနက်ထဲက တစ်ဟုန်းထိုးပြေးလာသော မြင်းခွာသံများ။

မြင်းနက်ကြီးပေါ်မှ စီးလျက် ပါလာသော မိုးသဲ။

စောနန်းကြည် ရှေ့သို့ ရောက်လာတော့သည်။

"ကိုမိုး"

စောနန်းကြည် အားတက်သရော ခေါ်ပြီး ပြေးထွက်သွားသည်။

မိုးသဲထံသို့ လက်ကမ်းလိုက်သည်။

စောနန်းကြည်ကို ငင်ယူ ပွေ့ချီလိုက်သော မိုးသဲလက်တွေက အေးစက်နေသည်။

စောနန်းကြည် တွန့်ခနဲဖြစ်သွားသလို၊ စိမ့်ခနဲ ကြောက်စိတ်ဝင်သွားရာမှ နှစ်ကိုယ်ကြားလေး…

"ကိုမိုး…အစောနောက်ကျသွားတာ တောင်းပန်ပါတယ်။ အဖေ့ကြောင့်ပါ။ သူက ကိုမိုးနဲ့ အစောကို ခွဲဖို့ ကြံခဲ့တယ်။ ခုလည်း ဒေါ်လေးအိမ်က ထွက်ပြေးလာရတာပါ"

"အစော ရောက်အောင် လာခဲ့တာပဲကွာ"

မိုးသဲက ဖျော့တော့ တိုးညင်းသောအသံဖြင့် တုံ့ပြန်လိုက်သည်။

"အခု အစောတို့ ဘယ်သွားကြမလဲလို့"

စောနန်းကြည်က မေးရင်းမှ နောက်ပြန်လှည့်ကြည့်မိသည်။ မိုးသဲ၏ မျက်နှာက ဖြူလျော်နေသလို မျက်လုံးတွေကလည်း ညှိုးလို့ မှိုင်းလို့။

"အစောကို လုံခြုံစိတ်ချရတဲ့ နေရာကို ခေါ်သွားမှာပါ။ ကိုမိုးရင်ခွင်မှာ မှီပြီး အသာလေးလိုက်ခဲ့။ အရမ်းချမ်းတယ်နော်"

စောနန်းကြည်က သူ့လည်တိုင်တွင် ပတ်လာသော သိုးမွေးထည် ပဝါလေးကို မိုးသဲလည်မှာ ပတ်ပေးလိုက်၏။

"ကိုမိုးလည်း ရင်ဘတ်အအေးမိနေဦးမယ်။ ဒါလေး ပတ်ထား"

မိုးသဲက စောနန်းကြည်၏ နဖူးလေးကို တယုတယနမ်းလိုက်သည်။

နောက်တော့ မှောင်မည်းနေသော တောအုပ်ကြီးကို လေးဘက် အသားကျလေး စိုင်းနှင် ဖြတ်သန်းလာမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

စောနန်းကြည်က ချစ်သူရင်ခွင်မှာ မှီလျက်သား မျက်စိရုံမှိတ်ပြီး လိုက်လာမိသည်။

သူ့ကိုယ်မှ အငွေ့အသက်က မိုးသဲရင်ထဲ စီးဝင်ပြီး အအေးဒဏ်မှ သက်သာရာရလိမ့်မည်ဟု မှန်းဆခဲ့၏။

ရုတ်တရက် မြင်းက ရပ်သွားသည်။

စောနန်းကြည် မျက်စိဖွင့်ကြည့်လိုက်သည်။

သူတို့ ဒေါ်ပန်းညွှန့်အိမ်ရှေ့ကို ပြန်ရောက်နေပါပြီ။

သူက မိုးသဲကို နားမလည်သလို ပြန်မော့ကြည့်မိ၏။

"သွားတော့နော် အစော။ တောထဲမှာဆို အစော ခုက္ခရောက်နေလိမ့်မယ်။ ကိုမိုးနောက်လိုက်လို့လည်း ဖြစ်မှာမဟုတ်ဘူး။ အန္တရာယ်တွေ များလှပါတယ်။ ကိုယ့်ကို ခွင့်လွှတ်ပါ။ နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်"

မိုးသဲက အေးစက်သော အနမ်းဖြင့် စောနန်းကြည်၏ ပါးပြင်လေးကို နှုတ်ဆက်အနမ်းလေး ပေးသည်။ စောနန်းကြည်က လက်ဖဝါးနှစ်ဖက်ဖြင့် မိုးသဲ၏ ပါးပြင်ကို တရှိုက်မက်မက် ပွတ်သပ်ရင်း ရီဝေသော မျက်လုံးတွေထဲမှာ အမြေဖြူရှာနေမိ၏။

"သွားပါတော့ အချစ်ရာ"

မိုးသဲ စောနန်းကြည်ကို ပွေ့ချီ၍ မြေပေါ်သို့ ညင်ညင်သာသာ ချပေးလိုက်သည်။

ထို့နောက်တော့ ညအမှောင်ထုကြီးထဲသို့ မြင်းကို စီးဝင်သွားသည်။

တရွေ့ရွေ့ပျောက်ကွယ်သွားသော မိုးသဲကို ငေးရင်း စောနန်းကြည် ရှိုက်ငိုကျန်ရစ်ခဲ့ရပါလေပြီ။

•••

စောနန်းကြည် နောက်တစ်နေ့နေမြင့်ချိန်မှ အိပ်မက်နှင့်အတူ လန့်နိုးလာရသည်။

အိပ်မက်ထဲမှာ မိုးသဲက သူ့နာမည်ကို အော်ခေါ်နေခဲ့၏။ ခေါ်သံက ကျယ်ရာမှ တိုးတိုးသဲ့သဲ့လေး၊ ဝေး၍ဝေး၍ အဝေးဆုံးသို့ လွင့်ပါသွားသည်။

ဒေါ်ပန်းညွှန့်က ကော်ဖီနှင့် မုန့်ဗန်းကိုင်လျက် သူ့အိပ်ခန်းထဲ ဝင်လာ၏။

"ဘာဖြစ်လို့လဲ သမီး"

"ကိုမိုး…သူ…သူ ဘာဖြစ်လို့ သမီးကို ဒီအိမ်ပြန်ပို့ခဲ့ရတာလဲ။ သူ… သူ အစောကို ထားခဲ့တယ်လေ"

စောနန်းကြည်က ကယောင်ကတမ်းနှင့် ရေရွတ်မိသည်။

"ဒါဆို အဖြစ်မှန်ကို သမီးသိသွားပြီထင်ပါရဲ့"

အထိတ်တလန့်နှင့် စောနန်းကြည်က ပြန်မော့မိရာမှ ဒေါ်ပန်းညွှန့်က…

"ဒီလိုလေ သမီး။ ဒီအိမ်မှာ ညသန်းခေါင် အိပ်မောကျနေတဲ့အချိန်မှာ မိုးသဲကို ညည်းအဖေနဲ့ ရဲတွေ သွားဝိုင်းတယ်။ မိုးသဲက လက်နက်မချဘဲ ခုခံတာနဲ့ အသေပစ်ဖမ်းလိုက်ရတယ်။ တောပုန်းကြီး မိုးသဲ သေရှာပြီ"

"မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ အဲဒါ လုံးဝ မဖြစ်နိုင်ဘူး။ သူနဲ့ အစော သန်းခေါင်ကျော်မှာ မြို့သာယာတောထဲမှာ တွေ့ခဲ့တယ်။ အစော နောက်ကျသွားပေမယ့် ချိန်းတဲ့ နေရာကို သူရောက်လာတယ်။ ပြီးတော့ မြင်းပေါ် တင်ပြီး ဒီအိမ်ကို ပြန်ပို့ခဲ့တာပဲ"

"ဒါဆိုရင်တော့ သမီးစိတ်စွဲလမ်းပြီး အိပ်မက်မက်တာပဲ ဖြစ်လိမ့်မယ်။ မိုးသဲက ညသန်းခေါင်မတိုင်မီကပဲ သေနေပြီ။ သေလို့ သူ့အလောင်းကို ရွာပြင်က သုသာန်ကျောင်းမှာတောင် ပြထားသေးတယ်"

"အို…ဒေါ်လေး ညာတာ၊ အစော မယုံဘူး။ အစော ခုသွားကြည့်မယ်"

"ညည်း…မသွားရဘူး စောနန်းကြည်"

ဒေါ်ပန်းညွှန့်က ဆွဲလွဲတားဆီးသည့်ကြားမှ ရုန်းထွက်ပြီး စောနန်းကြည် ပြေးထွက်ခဲ့သည်။

ပြေးတာမှ မရပ်မနား အသည်းအသန်။ သွေးရူးသွေးတန်း။ အသက်ပင် မရှူနိုင်။

သုသာန်ကျောင်းသို့ ရောက်သွားသည်။

ကျောင်းရှေ့ မြေကွက်လပ်တွင် လူတွေ ဝိုင်းအုံနေသည်။

စောနန်းကြည် လူအုပ်ကြားမှ တိုးဝေ့ဝင်သွားသည်။

သူတွေ့လိုက်ရသည်က မြေပြင်ပေါ်မှာ ဆန့်ဆန့်လေး အသက်ကင်းမဲ့နေသော မိုးသဲ။

မိုးသဲမှ မိုးသဲအစစ်။

သူချစ်သူ (ဝါ) သူ့ကို မြှုမတတ်ချစ်ခဲ့ပါတယ်ဆိုတဲ့ ကိုမိုး။

မိုးသဲမျက်နှာတွေက ညက သူနဲ့ဆုံခဲ့ရစဉ်ကလို သွေးဆုတ်ဖြူဖျော့လျက်။

ရင်ဘတ်မှာတော့ သေနတ်ဒဏ်ရာ၊ ဓားဒဏ်ရာတွေနှင့်။

မျက်လုံးအစုံက ငေးငေးငေး ပွင့်လျက်သား။

ပြီးတော့ လည်တိုင်မှာ အဒေ သက်သာအောင်ဆိုပြီး သူ့ကိုယ်တိုင် ပတ်ပေးခဲ့တဲ့ သိုးမွှေးပဝါ မာဖလာအနီ ရောင်ပတ်လျက်သား။

* * *

ညီညီ



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ် ဇန်နဝါရီလ )

# ၁၂ ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ဘဝအတွက် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရချိန်။ စီးပွားရေးကို အခြေပြုသော အနုပညာကိစ္စရပ်များကို လုပ်ဆောင်နေမည်။ ယခုကာလမှာ ထူးထူးခြားခြား အနုပညာကိစ္စရပ်များကို စိတ်ဝင်စားနေပါလိမ့်မည်။ စကားအပြောအဆို တိကျသေသပ်လုပနေမည်။ ကျန်းမာပျော်ရွှင်သောဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ရန် စိုးရိမ်စိတ်ကို လျှော့ချပါ။ ရောဂါဝေဒနာပပျောက်ရှိလျှင် ဆေးမြီးတိုနှင့် ကုသခြင်းကို ရှောင်ကြဉ်ပါ။ ကောင်းစွာ တတ်ကျွမ်းနားလည်သော သမားတော်နှင့် တိုင်ပင်ကာ ကုသပါ။ အရည်ရွှမ်းသော အသီးအနှံများ၊ အမျှင်ဓာတ်ပါသော အသီးအနှံများကို စားသုံးပေးပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၁)အဆုံး၊ (၃)အစ (၆)အဆုံး။
ယတြာ - မွေးနေ့တွင် အိမ်ရှိ ဘုရားမှာ သီလခံယူပြီး အနွံ့ရာယ်ကင်း ပရိတ်ကြီး (၁၁)သုတ် ရွတ်ဖတ်ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

မျှော်လင့်ချက်များ အဓိပ္ပာယ်ပြည့်ဝနေချိန်။ အပြိုင်အဆိုင်များစွာကို ယှဉ်ပြိုင်အနိုင်ယူပြီး နေရာကောင်းကို အရယူနိုင်ပါလိမ့်မည်။ စကားကို ပွင့်ပွင့်လင်းလင်း ပြောဆိုနေတတ်သည်။ ကျန်းမာရေးအနေဖြင့် နေ့စဉ် လုပ်ဆောင်နေရသော တာဝန်ဝတ္တရားများပြားသည့်အတွက် စိတ်ပင်ပန်း၊ လူပင်ပန်းခြင်းကြောင့် ကျန်းမာရေး ထိခိုက်ရတတ်သည်။ ကျန်းမာရေးကောင်းပြီး စိတ်ပျို ကိုယ်နုစေရန် ဘာသာတရားကိစ္စရပ်များကို ပိုမို လုပ်ဆောင်ပေးပါ။ တရားထိုင်ခြင်း၊ တရားနာခြင်းလုပ်ပေးလျှင် ကျန်းမာရေး သိသိသာသာကောင်းမွန်လာပါလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၂)အဆုံး၊ (၃)အစ (၆)အဆုံး။
ယတြာ - မွေးနေ့တွင် တစ်နေ့တည်း ဘုရားသုံးဆူဖူးကာ ရွှေထီး ၃လက်လှူပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

အတွေးသစ်ကို အတောင်ပံတပ်ခွင့်ရရှိချိန်။ သင့်အတွေးစိတ်ကူးပေါ် မူတည်ပြီး သင့်ဘဝအနေအထား အပြောင်းအလဲကြုံရပါလိမ့်မည်။ ပညာဉာဏ်ကို လွှာသုံးမှုကြောင့် လုပ်ငန်းကိစ္စရပ်များ အဆင်ပြေ ချောမွေ့နေပေလိမ့်မည်။ လောကခံတရားရှစ်ပါးကို ကြံ့ကြံ့ခိုင်လျက် ရင်ဆိုင်နိုင်ရန် နေ့စဉ် ဘာသာရေးကိစ္စရပ်များကို လုပ်ဆောင်ပါ။ ကျန်းမာရေးအနေဖြင့် အအေးမိခြင်းကြောင့် ကိုယ်လက်မအီမသာ ဝေဒနာ၊ ခေါင်းမူး ခေါင်းကိုက်ဝေဒနာမျိုးကို ခံစားရတတ်သည်။ ကျန်းမာရေးကောင်းမွန်စေရန် ရေချိုး ခေါင်းလျှော် ဆင်ခြင်ပါ။ ခြေထောက် လုံးဝအအေးမခံသင့်ပါ။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၉)အဆုံး၊ (၄)အစ (၁)အဆုံး။
ယတြာ - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလှူဒါန်းကာ ဒါနကောင်းမှု ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

တည်ငြိမ်ရင့်ကျက်နေချိန်။ ခေါင်းအေးအေးထား လုပ်ဆောင်တတ်ခြင်းက သင့်အားသာချက်ဖြစ်နေပေ လိမ့်မည်။ မိသားစုကို မေတ္တာ၊ စေတနာပွားလျက် ဆက်ဆံနေမည်။ ပတ်ဝန်းကျင်က သင့်ကို ဝေဖန်လာသည်ကို ဥပေက္ခာပြုလျက် ဘဝခရီးကို ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းနေမည်။ ရပ်ဝေးခေ နှင့် အကျိုးပေးကောင်းသည်။ အသက်ရှည် ကျန်းမာခြင်း၏ လျှို့ဝှက်ချက်ကို တွေ့ရှိကာ ကျန်းမာ ရွှင်လန်းတက်ကြွပြီး ရောဂါဘယကင်းရှင်းနေမည်။ ကျန်းမာရေးအတွက် ပူပင်သောကကင်းဝေးပြီး ပြုံးပျော်ရွှင်လန်းနေရမည်။

**ထီးထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၂)အဆုံး၊ (၁)အစ (၇)အဆုံး။
**ယတြာ** - ကိုယ်ဝန်ဆောင်တစ်ဦးကို သစ်သီးနှင့် ငွေကြေးဒါနပြုပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

ထွန်းတောက်မည့် ရောင်ခြည်ကို တွေ့မြင်နေရချိန်။ အနောင့်အယှက်အန္တရာယ် ကင်းဝေးနေမည်။ သင့်သီလ၊ သမာဓိ၊ ဉာဏ်ပညာတို့ကြောင့် ဂုဏ်သိက္ခာမြင့်မားခွင့်ရရှိမည်။ ဩဇာရှိသော အကြီးအကဲ ထံမှ အကူအညီကောင်းများ ရရှိမည်။ အိပ်ရေးဝဝအိပ်ခြင်း၊ အာဟာရပြည့်ဝစွာ စားသုံးခြင်း၊ အရက် နှင့် ဆေးလိပ်တို့ကို ရှောင်ကြဉ်ခြင်း၊ သင့်လျော်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့ က ကျန်းမာပျော်ရွှင် တက်ကြွရွှင်လန်းခြင်း၏ လျှို့ဝှက်ချက်ပင်ဖြစ်သည်။ သင့်ကျန်းမာရေးကောင်း သည်ထက် ပိုကောင်းစေရန် ရှောင်သင့်သည်ကို ရှောင်၊ ဆောင်သင့်သည်ကို ဆောင်ပါ။

**ထီးထိုးသင့်သောနေ့** - ကြာသပတေး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၇)အဆုံး၊ (၉)အစ (၃)အဆုံး။
**ယတြာ** - ဂုဏ်တော်ကိုးပါးကို သတိရတိုင်း မကြာခဏရွတ်ဆိုပါ။ ကူညီသင့်၊ ကူညီထိုက်သူကို တတ်နိုင်သရွေ့ ကူညီပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

အတတ်ပညာ၊ အသိပညာရပ်များကို အသုံးချခွင့်ရရှိချိန်။ ဆိုင်းမဆင့် ဗုံမဆင့် ကံကောင်းခြင်းများ ရောက်ရှိလာမည်။ စပ်တူလုပ်ငန်း၊ စွန့်စားလှုပ်ရှားရသော လုပ်ငန်းရပ်များနှင့် အထူးပင် အကျိုးပေး ကောင်းသည်။ သင့်ကို အရေးတယူ ဆက်ဆံသူများနှင့် ကြုံရပါလိမ့်မည်။ ရင်ခုန်စရာ ခပ်ဆန်းဆန်းဖြစ် စေမည့် ခရီးတစ်ခုကို သွားခွင့်ရရှိမည်။ ကျန်းမာခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီးတစ်ပါး ပင်ဖြစ်သည်။ ထိုကျန်းမာခြင်းဆုလာဘ်ကို ပိုင်ဆိုင်နိုင်ရန် ဆီး၊ ဝမ်းမှန်အောင် နေထိုင်ပါ။ ဆီးချုပ် ဝမ်းချုပ်မခံပါနှင့်။ နေ့စဉ် မန်ကျည်းဖျော်ရည်တစ်ခွက်ကို မှန်မှန်သောက်သုံးပေးပါ။

**ထီးထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၄)အဆုံး၊ (၅)အစ (၈)အဆုံး။
**ယတြာ** - မွေးနေ့မှာ သီလခံယူပြီး သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ပျော်စရာ ရွှင်စရာ မင်္ဂလာအပြည့်အ၀ရှိနေချိန်။ အမြင့်သို့ တက်လှမ်းလိုသော ဆန္ဒများ ပြည့်၀မည်။ အရာရာကို ဉာဏ်နှင့်ယှဉ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်နေမည်။ စီးပွားဥစ္စာ ဒီရေအလား တိုးတက်စေမည့် ဈေးကွက်ကောင်းတစ်ခုကို မြန်းစားကြီး ရှာဖွေတွေ့ရှိမည်။ ကျန်းမာရေးအတွက် အစားမှား၊ ဆေးမှား သတိပြုပါ။ ကျန်းမာရေးကောင်းသည်ထက် ပိုကောင်းစေရန် ထူးဆန်းသော အစာ၊ မစားဘူးသော အစာ၊ ကြေခဲ သော အစာ၊ လေချုပ်စေသော အစာ၊ အပူအစပ်လွန်ကဲသော အစာတို့ကို ရှောင်ကြဉ်ပါ။ တတ်ကျွမ်းနားလည်သူ ညွှန်ကြားသောဆေးကိုသာ သောက်သုံးပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၇)အစ (၇)အဆုံး။
**ယတြာ** - လူကြီးမိဘများ၏ ဝေယျာ၀စ္စကို ပိုမိုပြုလုပ်ခြင်းဖြင့် ကုသိုလ်ယူပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

အမြင်ကျယ်ပြီး စင်ကြယ်သောအတွေးများကို ရရှိချိန်။ စိတ်ထားဖြူစင်ပြီး ကံကြမ္မာကို ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်နေမည်။ သင့်ဘ၀အနာဂတ်အတွက် ကောင်းမွန်သော အကြံဉာဏ်ကောင်းများ ရရှိမည်။ ယာဉ်၊ ကား၊ စက်ပစ္စည်းကြောင့် ဝင်ငွေကောင်းများ ရရှိမည်။ အပြောအဆို လိမ္မာခြင်းကြောင့် အရောင်းအ၀ယ်ကိစ္စရပ်များ အဆင်ပြေပေလိမ့်မည်။ ကျန်းမာရေး အနည်းငယ် ချူချာချာရှိနေတတ်သည်။ ကျန်းမာရေးကိစ္စကို ပေါ့ပေါ့ဆဆ သဘောမထားသင့်ပါ။ ကျန်းမာရေးကောင်းပြီး ချမ်းသာစေ၊ ချမ်းသာမှုကို ရရှိနိုင်စေရန် ဗောဇ္ဈင်တရားတော်မြတ်ကို နာယူပါ။ လေ့လာပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၁)အဆုံး၊ (၂)အစ (၁)အဆုံး။
**ယတြာ** - မွေးနေ့တွင် အိမ်ရှိ ဘုရားမှာ သီလခံယူပြီး လက်ဖက်နှင့် ရွက်လှလှူဒါန်းပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

သီလ၊ သမာဓိ၊ ပညာဖြင့် စိတ်ကို ထိန်းချုပ်နိုင်စွမ်းအား ကောင်းနေချိန်။ ဂုဏ်သတင်းကျော်စောမှု၊ လူအများ၏ အာရုံစိုက်မှု ခံရမည်။ ငွေကြေးဥစ္စာအလီလီရရှိမည်။ "၀"ရှိပြီး "ဝိ"လုပ်ခွင့်ရမည်။ သင့်အစွမ်းအစကို ပြသခွင့်ရမည့် အခွင့်ကောင်းကြုံမည်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်တာရမ်ခြင်းလုပ်ငန်းနှင့် အကျိုးပေးကောင်းသည်။ ကျန်းမာရေးကောင်းပြီး လုပ်ဆောင်တာအ၀၀ကို တက်ကြွစွာ လုပ်ဆောင်နိုင်ရန် ဣရိယာပုတ်လေးပါးကို မျှတစွာ နေထိုင်ပါ။ လဲလျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လမ်းလျှောက်ခြင်းတို့ မျှတစွာ နေခြင်းဖြင့် ပိုမိုကျန်းမာလာပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၉)အစ (၃)အဆုံး။
**ယတြာ** - မွေးနေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး တံခွန်၊ ကုက္ကားနှင့် အောင်သပြေလှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ရင်းနှီးခင်မင်သူများ၏ လေးစားချစ်ခင်မှုကို ရရှိချိန်။ ကိုယ်ပိုင်စိတ်ကူးများကို ထူးထူးကဲကဲ အကောင်အထည်ဖော်နေမည်။ ခြေလှမ်းသစ်အတွက် ကူညီသူများ ရှိနေမည်။ နိုင်ငံရပ်ခြား၊ ရပ်ဝေးဒေသမှ လက်ဆောင်ပစ္စည်းရရှိမည်။ ရာထူးတိုးကိန်း၊ နေရာကောင်းရရှိကိန်း ရှိနေပါသည်။ မိတ်ဆွေဟောင်းတစ်ဦးနှင့် ပြန်လည်ဆုံဆည်းရမည်။ ကျန်းမာရေးကောင်းမွန်သည်ထက် ကောင်းမွန်စေရန် ရသာဖြပ်ပါးကို မှန်မှန်တတစားသုံးပါ။ ပျင်းရိငေးမောမှုကို ရှောင်ပြီး စောစောအိပ်၊ စောစောထပါ။ သင့်အဟောင်းအနွမ်းပစ္စည်းများကို စွန့်ပစ်ခြင်းဖြင့် ပိုမိုကျန်းမာလာပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၄)အဆုံး၊ (၂)အစ (၇)အဆုံး။
**ယတြာ** - ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် အဝါရောင်ပန်းများ ကပ်လှူပူဇော်ပါ။

ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ဆုံးဖြတ်ချက် ပြတ်သားမှု အားနည်းနေချိန်။ အခက်အခဲ မီးပင်လယ်ကို ဖြတ်သန်းနေရမည်။ ချီတုံချတုံကိစ္စရပ်များနှင့် ကြုံမည်။ စမ်းတဝါးဝါးဖြင့် ဘဝခရီးကို လျှောက်လှမ်းနေမည်။ မနာလိုသူ ရန်လိုသူများ သင့်ထံပါးဝယ် ဝိုင်းဝိုင်းလည်နေသည်။ မိသားစုနှင့် စကားအရှုပ်အရှင်းဖြစ်ရတတ်သည်။ ကံအားနည်းနေသောကာလမှာ ဘာသာတရားကို ပိုမိုလုပ်ဆောင်ပါ။ ကျန်းမာရေးဒေါင်ဒေါင်မြည် ကောင်းမွန်စေရန် ရာသီပေါ် သီးနှံများကို စားသုံးပေးပါ။ အချိန်ပေးပြီး အနားယူခြင်းဖြင့် လန်းဆန်းတက်ကြွလာပါလိမ့်မည်။ ခရီးသွားလာလျှင် ပို၍ပို၍ တက်ကြွလာပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၈)အစ (၂)အဆုံး၊ (၃)အစ (၉)အဆုံး။
**ယတြာ** - ကျောင်းသားများကို စာအုပ်နှင့် စာရေးကိရိယာများပေးလှူကာ ဒါနပြုပါ။

မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

ရွှန်းကိုင်လျှင်ပင် ရွှေဖြစ်တတ်ချိန်။ ကောင်းခြင်းသုခ မင်္ဂလာအဖြာဖြာနှင့် ပြည့်ဝနေမည်။ စိတ်ကူးသစ်များကြောင့် ပျော်မြူးနေရမည်။ သေချာခိုင်မာသော ဦးတည်ချက်များ ရှိနေမည်။ ဘဝခရီးအတွက် ခိုင်မာသော ရည်မှန်းချက် ပန်းတိုင်ရှိနေမည်။ သင့်တိကျပြတ်သားမှုကြောင့် လုပ်ငန်းခွင်မှာ ထင်ပေါ်ကျော်ကြား လူသိများနေမည်။ ကျန်းမာရေးကောင်းနေသော်လည်း စည်းမရှိ ကမ်းမရှိ ပရမ်းပတာနေထိုင်စားသောက်လျှင် ကျန်းမာရေးချို့ယွင်းသွားနိုင်သည်ကို သတိပြုစေချင်ပါသည်။ အသက်ကိုဥာဏ်စောင့်သောကြောင့် မိမိကျန်းမာရေးကို မိမိ ဂရုပြု စောင့်ရှောက်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၃)အဆုံး၊ (၈)အစ (၅)အဆုံး။
**ယတြာ** - ခင်မင်ရင်းနှီးသူ မိတ်ဆွေများကို ကြာဆံချက်ကျွေးမွေးဒါနပြုပါ။

***



www.burmeseclassic.com

www.burmeseclassic.com




# မနောမယ စွမ်းအင်ထူး

သက်လုံ



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်ရှိ စိတ္တဗေဒပညာရှင်များက လည်းကောင်း၊ စိတ်တန်ခိုးသုတေသီတို့က လည်းကောင်း၊ ကျွန်ုပ်တို့တွင် စိတ်အလွှာနှစ်လွှာရှိကြောင်းကို တညီတညွတ်တည်း လက်ခံထားကြပါ၏။ ယင်းတို့ကား -

(၁) သိစိတ် (ဝါ) စိတ်ရိုးရိုးနှင့်

(၂) မသိစိတ် (ဝါ) မနောဟူ၍ပင် ဖြစ်သည်။

သို့ရာတွင် စိတ်တန်ခိုးသုတေသီအချို့က ထို့ထက်ပို၍ ယုံကြည်လက်ခံထားကြသည်။ သူတို့၏ အယူအဆတွင် စိတ်အလွှာသည် တကယ်တမ်းတော့ သုံးလွှာရှိသည်ဟု ဆိုကြသည်။ ယင်းအလွှာသုံးလွှာကား -

(၁) သိစိတ် (ဝါ) စိတ်ရိုးရိုး၊

(၂) မသိစိတ် (ဝါ) မနော၊

(၃) အနန္တမနော (ဝါ) အနသယမနောတို့ပင် ဖြစ်ကြလေသည်။

ဤကဲ့သို့ အလွှာသုံးလွှာ စိတ်ဖြာခွဲခြမ်းခြင်းကို စိတ္တဗေဒပညာရှင်များ၊ စိတ်တန်ခိုးသုတေသီများအားလုံးက လက်ခံ ယူဆထားကြသည်တော့ မဟုတ်ပါ။ အချို့သော ပုဂ္ဂိုလ်များကသာ လက်ခံ ယူဆထားကြခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤသို့ ယုံကြည်လက်ခံထားကြသူများသည် တစ်နေ့တခြား များပြားလာပြီဖြစ်၏။ ထိုအလွှာများကို ကျွန်ုပ်သိတတ်သလောက် ရှင်းလင်းပြရမည်ဆိုလျှင် သိစိတ် (ဝါ) စိတ်ရိုးရိုးဆိုသည်မှာ ကျွန်ုပ်တို့ အိပ်မပျော်ဘဲ နိုးကြားနေသော ကာလအတွင်း ကျွန်ုပ်တို့က သိနေသောစိတ်ကို ခေါ်ခြင်းပင်ဖြစ်သည်။ ဥပမာ - ယခု လက်တစ်ဖက်ကို မြှောက်ကြည့်ပါ။ ထိုသို့ လက်မြှောက်ခြင်းကို သိစိတ်က စေခိုင်းခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ကျွန်ုပ်တို့ အသိရှိ၍ (ဝါ) ကျွန်ုပ်တို့သဘောဖြင့် လှုပ်ရှားလုပ်ကိုင်မှုမှန်သမျှကို အုပ်ချုပ်စေခိုင်းသူမှာ သိစိတ်ပင် ဖြစ်လေသည်။

သိစိတ်ကို နားလည်သဘောပေါက်လျှင် မနောကို သဘောပေါက်မည်ဖြစ်၏။ ကျွန်ုပ်တို့၏ သဘောမပါဘဲ (ဝါ) ကျွန်ုပ်တို့ မသိရှိ၊ အမှတ်မဲ့ဖြစ်နေသော လှုပ်ရှားမှုများကို ထိန်းချုပ်စေခိုင်းနေသူမှာ မသိစိတ်ခေါ် မနောပင် ဖြစ်၏။ ယခု သင် စာဖတ်နေခိုက်တွင် သင်၏ နှလုံးသည် ခုန်နေ၏။ တစ်ဖန် သင်သည် အသက်ကိုလည်း ရှူနေသည်။ နှလုံးကို ခုန်စေခြင်း၊ အသက်ရှူစေခြင်းလုပ်ငန်းများကို ထိန်းချုပ်လုပ်ကိုင်နေသူမှာ မသိစိတ်ခေါ် မနောပင်ဖြစ်၏။ သို့သော် ထိုအလုပ်များကို သိစိတ်က ကြားဝင်၍ လုပ်ကိုင်နိုင်သည်လည်း ရှိ၏။ ဥပမာ - အသက်ရှူခြင်းကို အသိရှိရှိဖြင့် သိစိတ်က ဝင်၍ စိုးမိုးစေခိုင်းရာရောက်သွားသည်။ နှလုံးသွေးခုန်ခြင်းကိုကား သာမန် စိတ်တန်ခိုးရှိသူတို့က အသိရှိရှိ ဝင်ရောက်စီမံ၍ မရနိုင်ပါ။ စိတ်တန်ခိုးကြီးမားသောသူတို့၏ အရာသာ ဖြစ်ပါသည်။

မနောက စီမံအုပ်ချုပ်သော အခြားလုပ်ငန်းများစွာရှိသေး၏။ အိပ်မက်မက်ခြင်းများ၊ အကျင့်ပါသွားသော လုပ်ငန်းများ စသည်တို့ ဖြစ်ကြ၏။ အချို့ကမူ မနောအလွှာကို ဘဝင်စိတ်ဟူ၍ ခေါ်ဝေါ်ကြ၏။ ကျွန်ုပ်သည် သဗ္ဗိုဟ်ကို တတ်မြောက်ကျွမ်းကျင်သူမဟုတ်သဖြင့် ဤအသုံးအနှုန်းကို မသုံးနှုန်းပါ။

စိတ်၏ တတိယအလွှာဖြစ်သော အနန္တမနော (ဝါ) အနသယမနော ဟူသည်မှာ ကိုယ်က မသိရုံသာမက၊ သိစိတ်နှင့် ဆက်စပ်ရန်ပင် မလွယ်ကူပါ။ နားလည်ရလည်း အလွန်ပင် ခက်ခဲလှပါ၏။ ဤစိတ်အလွှာသည် အများတကာ စိတ်အလွှာနှင့် ဆက်စပ်နေသည်ဟုဆို၏။ လူတစ်ယောက်နှင့် တစ်ယောက် စိတ်ချင်းအဆက်အသွယ်ပြုကြသည်မှာလည်း ဤအလွှာကို ဖြတ်သန်း၍သာ အဆက်အသွယ်ပြုကြရသည် ဆို၏။

ဂန္ဓာရီဂိုဏ်းများက ဆရာ့ဆရာများနှင့် ဂိုဏ်းသားတို့ အဆက်အသွယ်ပြုကြရသည်မှာလည်း ဤအနန္တမနောအားဖြင့်သာ ဆက်သွယ်ရသည်ဟု အဆိုရှိလေသည်။ စိတ်အလွှာတွင် အမြင့်ဆုံးဖြစ်၍ စိတ်တန်ခိုးတွင်လည်း အမြင့်ဆုံးတန်ခိုးကို ပေးနိုင်စွမ်းသောအလွှာဖြစ်လေသည်။ သို့ရာတွင် ဤအလွှာကို လက်ခံထားသူ နည်းပါးသေးသည်ဖြစ်၍ တွင်တွင်ကျယ်ကျယ်မရှိသေးရကား ဤအနန္တမနောအလွှာအကြောင်းကို ကျွန်ုပ်တို့ ပြည့်ပြည့်စုံစုံ မသိကြရသေးချေ။

စိတ်တန်ခိုးပိုင်းတွင်လည်း မနောအလွှာမှ တန်ခိုးကို ကုန်စင်အောင် မသိကြသေးသဖြင့် အနန္တမနော ခေါ် အဆုံးမရှိသော မနောအလွှာ၏ တန်ခိုးကို မည်သို့ပြည့်ပြည့်စုံစုံ လုံလုံငငသိကြရပါမည်နည်း။ သို့ဖြစ်ရာ စိတ်၏ အလွှာသုံးခုအကြောင်းကို ဤမျှလောက်ပင် နားလည်ထားကြလျှင် ကျွန်ုပ် ယခုရေးမည့်အကြောင်းအရာတွင် လုံလောက်ပြီဖြစ်ပါ၏။ စိတ်အလွှာသုံးခုရှိသလို၊ အသိလည်း သုံးခုရှိသည်ဟု ယူဆနိုင်ပါ၏။ အသိသုံးခုဆိုသည်မှာ အမျိုးအစားအားဖြင့် သုံးမျိုးရှိခြင်းကို ဆိုလိုပါသည်။ ယင်းတို့မှာ -


www.burmeseclassic.com

www.burmeseclassic.com

(၁) သိစိတ်အလွှာမှ သိသော အသိ၊

(၂) မနောအလွှာမှ သိသော အသိ၊

(၃) အနန္တမနောအလွှာမှ သိသော အသိတို့ ဖြစ်ကြသည်။

ဤသို့အားဖြင့် အသိသုံးမျိုးသုံးစားရှိသည်ဟု ယူဆလျှင် အသိတရားနှင့် ပတ်သက်၍ လျှို့ဝှက်ချက်တော်တော်များများသည် ပြေလည်သွားနိုင်ပေသည်။

နေ့စဉ်နှင့်အမျှပင် ကျွန်ုပ်တို့တွင် အသိတရားများ ဖြစ်ပေါ်နေ၏။ လမ်းသွားရာတွင် မြက်ပင်ကို မြင်၏။ မြက်ပင်မှန်းသိ၏။ ထို့ပြင် မြက်ပင်၏ ပုံသဏ္ဌာန်၊ အရောင်အဆင်းများကိုပါ သိ၏။ တစ်ဖန် ကိုင်ကြည့်လျှင် အကြမ်းအနုကိုပါ သိပြန်၏။ ဤသို့ဖြင့် စိတ်အလွှာမှ အသိများသည် အလွန်များပြား၏။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ခန္ဓာဟူသော အာရုံအဝင်အဝ ပဿာဒတို့မှတစ်ဆင့် သတင်းပေးပို့ သိသမျှသည် သိစိတ်အလွှာမှ အသိများပင် ဖြစ်လေသည်။

စိတ်ကူးဟူသော အသိသည်ပင်လျှင် သိစိတ်လွှာမှ အသိဖြစ်၏။ အသိစိတ်လွှာမှ အသိဖြင့် ထိုးထွင်းကြံဆပါများသော် မနောအလွှာမှ အသိသည် ဖြစ်ပေါ်၍ လာ၏။ ထိုအသိသည် နက်နဲ၏။ တစ်ခါတစ်ရံတွင် သင်္ကေတသရုပ်ဆန်၏။ ဥပမာ - အိပ်မက်မက်ခြင်းသည် မနောလွှာမှ အသိဖြစ်၏။ အိပ်မက်ဟူသည် မည်မျှပင် စင်းနေစေကာမူ သင်္ကေတသာ ဖြစ်၏။ အဓိပ္ပာယ်အကြောင်းကိုမူ ကောက်တတ်မှ နားလည်နိုင်လေ၏။

ထို့ပြင် ဖြစ်ရပ်တစ်စုံတစ်ခုကို ကြိုတင်၍ သိခြင်း၊ အမြင်အကြားရခြင်း စသော စွမ်းရည်များမှာ မနောအလွှာမှ သိသော အသိစွမ်းရည်များဖြစ်သည်။ တော်တော်များများဖြစ်သော စိတ်တန်ခိုးတို့မှာ မနောအလွှာမှ အသိနှင့် ဆတ်စပ်နေပေ၏။ မနောလွှာမှ အသိကို ဆက်သွယ်ရယူနိုင်လျှင်ပင် လူသည် စိတ်တန်ခိုးရှိသူဟူ၍ ခေါ်လောက်ပြီဖြစ်၏။ ထိုအသိကို ဆက်သွယ်ရယူရာတွင်လည်း မခဲယဉ်းပါ။ ကြိုးစားလျှင် ရနိုင်ပါသည်။ နက်နဲစွာ ဆင်ခြင်တွေးတောခြင်း၊ အဖန်ဖန် မပျက်မကွက် လေ့ကျင့်ခြင်း စသည့်လုပ်ငန်းများဖြင့် လုပ်ဆောင်လျှင် မနောလွှာမှ အသိဖြင့် သိသောအသိကို ရရှိမည်သာတည်းဟု အကျဉ်းချုပ် ဖော်ပြနိုင်ပေသည်။ လောကတွင် ဤအသိမျိုးပိုင်ရှင်များသည် များပြားလှပါ၏။ သိပ္ပံပညာရှင်ကြီးများ၊ ဘာသာရေးအရ တရားအားထုတ်သူများ၊ ဗေဒင်လက္ခဏာ စသော နက်နဲသည့် ပညာများကို စာတွေ့ သုံးသပ်နေကြသူ ပညာရှင်များ၊ စိတ်သဘာဝကို လေ့လာနေကြသည့် စိတ်ပညာရှင်များ စသည့် ပုဂ္ဂိုလ်များစွာတို့သည် စိတ်အလွှာမှ အသိကို မကြာခဏရရှိကြသူများ ဖြစ်ကြ၏။

ထို့ပြင် မထင်မှတ်သောသူများသည်လည်း မနောအသိကို ရရှိသိမြင်ကြရ၏။ ကလေးငယ်များ၊ အာရုံထိတွေ့လွယ်သူများ၊ စိတ်ပျော့သူများ(ဤအထဲတွင် မိမိကိုယ်မိမိ နတ်ဝင်သည်(သို့မဟုတ်) ဥစ္စာစောင့်ဝင်စားသူ စသည်ဖြင့် ထင်မှတ်နေကြသူများ ပါဝင်၏)၊ အာရုံကြောရောဂါဖြစ်နေသူများသည် မနောအလွှာမှ အသိကို ရတတ်သည်အား အံ့ဩစွာ တွေ့မြင်ရ၏။ ထို့ကြောင့် မနောလွှာက အသိသည် အကောင်းပိုင်းသာမဟုတ်၊ အညံ့ပိုင်းလည်း ရှိ၏ဟု သိသာပါသည်။ ဒေဝပိုင်းရှိသလို၊ တိရစ္ဆာန်ပိုင်းလည်း ရှိ၏။ ဤမျှ အရိပ်ပြလိုက်လျှင်ပင် မနောတန်ခိုးကို ကောင်းမြတ်သော ကျင့်စဉ်တို့ဖြင့် ရယူနိုင်သလို၊ တိရစ္ဆာန်တို့၏ ယုတ်မာသော ကျင့်စဉ်မျိုးဖြင့်လည်း ရနိုင်ကြောင်း အကောင်ထင်နိုင်ကြပြီဟူ၍ ယူဆပါသည်။

မနောအလွှာမှ အသိအကြောင်းကို ဤမျှနှင့် ရပ်နားပြီးသော် တတိယအလွှာမှ အသိအကြောင်းကို ဆက်လက်တင်ပြပါရစေ။

**အနန္တမနောအလွှာမှ သိသော အသိသည်**
**ခက်ခဲနက်နဲလှ၏။**
**အလွန်မြင့်သောအလွှာမှ**
**လာသောအသိဖြစ်၍ သန့်စင်၏။**
**မနောလွှာမှ မြင့်မြတ်သော**
**အသိပိုင်းကို ရရှိသူများမှ ရနိုင်သောအသိဖြစ်၏။**
**ထို့ကြောင့် အကျင့်သိက္ခာကောင်းသူများသာလျှင်**
**အနန္တမနောလွှာမှ အသိကို ရယူသိရှိနိုင်ပါသည်။**
**အနန္တမနောအလွှာအသိသည်**
**စဉ်းစားဆင်ခြင်နိုင်လွန်းသောကြောင့်**
**သိခြင်းမျိုးလည်း မဟုတ်။**
**သို့သော် စဉ်းစားဆင်ခြင်မှု ဗီရိယနှင့်**
**ကင်း၍လည်း မရနိုင်ပါ**



www.burmeseclassic.com

www.burmeseclassic.com

## နက်နဲသော အနန္တမနော

အနန္တမနောအလွှာမှ သိသော အသိသည် ခက်ခဲနက်နဲလှ၏။ အလွန်မြင့်သောအလွှာမှ လာသောအသိဖြစ်၍ သန့်စင်၏။ မနောလွှာမှ မြင့်မြတ်သော အသိပိုင်းကို ရရှိသူများမှ ရနိုင်သောအသိဖြစ်၏။ ထို့ကြောင့် အကျင့်သိက္ခာကောင်းသူများသာလျှင် အနန္တမနောလွှာမှ အသိကို ရယူသိရှိနိုင်ပါသည်။ အနန္တမနောအလွှာအသိသည် စဉ်းစားဆင်ခြင်နိုင်လွန်းသောကြောင့် သိခြင်းမျိုးလည်း မဟုတ်။ သို့သော် စဉ်းစားဆင်ခြင်မှုဝီရိယနှင့် ကင်း၍လည်း မရနိုင်ပါ။ ဤအလွှာမှ အသိသည် ရုတ်တရက် ဝင်းခနဲ လက်ခနဲ သိလာ၏။ မည်သို့မည်ပုံတွေးခေါ်၍ ဤအသိကို ရရှိလာသည်ဟု ခြေရာကောက် ပြောဆိုနိုင်ခြင်းမရှိဘဲ သူ့ဘာသာသူ ရုတ်တရက် လက်ခနဲ သိလာခြင်းမျိုးဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် အင်ကျူးယစ်ရှင်း (Intuition)ဟု ခေါ်သော အမှန်တရားကို အလိုလိုသိခြင်းဟူသောအသိသည် ဤအလွှာမှ အသိတစ်မျိုးပင် ဖြစ်လေသည်။ သို့သော် အင်ကျူးယစ်ရှင်းခေါ်သည့် အလိုလိုသိ၊ အဘိညာဉ်သိဟူသော အသိတရားအကြောင်းကို ဤမျှသာ အစီရင်ခံလိုပါသည်။

လောကီပညာဟု ရှေးက ခေါ်ဝေါ်သည့် ဂန္ဓာရီပညာများကို လေ့လာလိုက်စားသူများက ဤအနန္တမနောအလွှာမှ အသိကို သူတို့၏ ဂိုဏ်းဂဏအား အုပ်ချုပ်သော မမြင်ရသည့် ဆရာကြီးများက ပို့လွှတ်သော သင်ကြားပို့ချချက်ဟူ၍ ယူဆကြသည်။ ထို့ကြောင့် ဂန္ဓာရီသမားများသည် ဤအနန္တမနောအလွှာအသိ တစ်စုံတစ်ရာကို ရရှိဖို့အတွက် အလွန်ပင် ကျင့်ကြံ၍ ကြိုးစားအားထုတ်ကြသည်။ သူတို့၏ ကျင့်စဉ်မှုလမ်းစဉ်များတွင် ကမ္မဋ္ဌာန်းလုပ်ငန်းများပါဝင်ရာ ထိုသို့စိတ်စူးစိုက်အာရုံပြုသည့် လေ့ကျင့်ခန်းများ၌ အာရုံပြုစရာများကို တခမ်းတနား ဖော်ပြတတ်ကြသည်။ ရှင်းရှင်းဆိုရလျှင် မြင်ကွင်းကျယ် ရုပ်ရှင်ကားကြီးကို ကြည့်နေရသကဲ့သို့ ကျယ်ပြန့်သောမြင်ကွင်းတွင် အသေးစိတ်ကျလှသော ရုပ်ပုံကို ပြည့်ပြည့်စုံစုံ ပြတ်ပြတ်သားသား မြင်လာအောင် အာရုံပြုရ၏။

တစ်ဖန် သူတို့သည် ဤမျှနှင့်ပင် မရပ်ဘဲ နှုတ်မှလည်း တဖွဖွရွတ်ဆိုရသော မန္တန်များဖြင့် အားဖြည့်၍ ကျင့်ကြံကြသည်။ နာရီပေါင်းများစွာ၊ ရက်လပေါင်းများစွာ ကျင့်ကြံကြသည်။ ဤသို့ဖြင့် တစ်ချိန်ချိန်တွင် သူတို့သည် အနန္တမနောအလွှာအသိ (ဝါ) ဆရာတစ်ဦးဦး၏ တိုက်ရိုက်သင်ကြားပို့ချချက်ကို ရရှိမည်ဟူ၍ သူတို့ ယုံကြည်မှတ်ယူထားကြသည်။ ထို့ကြောင့်ပင် တိဗက် ဆိုရိုးစကားတစ်ရပ်၌ "အချိန်တန်လျှင် ဆရာရောက်၏" ဟူသော စကားရှိကြောင်း ကျွန်ုပ်မှတ်သားမိဖူးပါသည်။ မည်သို့ပင်ဖြစ်စေ၊ စိတ်ဖြင့် အာရုံပြုခြင်းသည်လည်း မမြင်ရသော ရုပ်ပိုင်းဆိုင်ရာ တုန်ခါမှုလှိုင်းများကို ဖြစ်ပေါ်စေသည်ဖြစ်ရာ အနန္တမနောအလွှာဟူသည် တုန်ခါမှုလှိုင်းဖြင့် ချဉ်းကပ်ရသော မနောအလွှာဖြစ်ကြောင်း သံသယကင်းစွာ မှတ်ယူနိုင်ပေသည်။

ကျွန်ုပ်တို့တိုင်းပြည်တွင် ဂန္ဓာရီပညာလိုက်စားသူဖြစ်စေ၊ စိတ်တန်ခိုးတိုးတက်ရာ တိုးတက်ကြောင်းကို လိုက်စားကျင့်ကြံနေသူဖြစ်စေ၊ ရာခိုင်နှုန်းတော်တော်များများသည် ဆရာကို အားကိုးချင်ကြ၏။ လူဆရာကို မတွေ့ရသော် စာအုပ်ထဲက နည်းလမ်းများကို အားကိုးချင်ကြပြန်၏။ ထိုသို့အားကိုးချင်ကြသူများသာ ရာခိုင်နှုန်းများနေသည်ကို ကျွန်ုပ်သတိပြုမိ၏။ တကယ်ဆိုလျှင် ကားဆရာသည် လည်းကောင်း၊ စာအုပ်ထဲက နည်းနာသည် လည်းကောင်း၊ မနောအလွှာသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် လေ့ကျင့်ခန်းတွေကိုသာ ပေးနိုင်ပါ၏။ ဆရာကလည်း သင့်အတွက် ကျင့်ကြံမလာနိုင်ပါ။ စာအုပ်ကလည်း သင့်အတွက် ကျင့်ကြံမလာနိုင်ပါ၊ စာအုပ်ကလည်း သင့်အတွက် ကျင့်ကြံမပေးနိုင်ပါ။ ကိုယ့်အတွက် ကိုယ်သာလျှင် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်ဖြစ်ပါ၏။

အထူးသဖြင့် အနန္တမနောအလွှာမှ တံခါးကို ခေါက်၍ ထိုအလွှာမှ အသိကို အပြင်သို့ ခေါ်ထုတ်နိုင်ရန်အတွက်သော်ကား ကျင့်ကြံကြိုးကုတ် အားထုတ်မှုသည် အမှန်ပင် လိုပါသည်။ ဤနေရာတွင် သင့်ကိုယ်သင်သာ အားကိုးရာဖြစ်ပါသည်။ အပြင်မှ လာနိုင်သည်မှာ မီးစကလေးသာ ဖြစ်ပါသည်။ သင်၏ အသိစိတ်ထဲတွင် ဝုန်းခနဲ မီးထတောက်ရန်ကား သင်၏ အတွင်းသားအခြေအနေပေါ်တွင် မူတည်လှပါ၏။ မီးသွေးခဲကို မီးတောက်အောင် မွှေးရသည်မှာ ကြာမြင့်တတ်ပါ၏။ သို့ရာတွင် ယမ်းမှုန့်အနီးသို့ ကပ်မိလျှင်ကား ရုတ်တရက်ပင် ဝုန်းခနဲထ၍တောက်မည်သာဖြစ်ပါသည်။

အဆင်သင့်ဖြစ်အောင်သာ ပြင်ဆင်ထားပါ။ အသိဉာဏ်သည် ဖြစ်ပေါ်လာရမည်တည်း။

* * *

သက်ရှိုး



www.burmeseclassic.com

www.burmeseclassic.com



တကာယ်တော့ ဆိုးပေဆိုသူမှာ
ရာသူနှင့် ယေ်စဉ်က အညာတာန်ရှာ
ဗောဓိဘုန်းကြီးကျောင်းလေးတွင်
တုနေထိုင်ခဲ့ဖူးသော ကျောင်းနေဖက်
ယ်ချင်းတစ်ဦးဖြစ်လေ၏။ ဆိုးပေ၏
န်နာမည်မှာ မောင်ထွန်းဝေ ဖြစ်လေ

# ကျွတ်ချိန်တန်၍ကျွတ်သည်



www.burmeseclassic.com

www.burmeseclassic.com

၏။ ငယ်စဉ်က မိဘအဘိုးအဘွားများက အလိုလိုက် အချစ်လွန်ခဲ့ကြ၍ ဆိုးဆိုးပေပေ လူတေတစ်ဦးဖြစ်ခဲ့သည်။ ထို့ကြောင့် မောင်ထွန်းဝေဟူသော နာမည်ပျောက်ကာ ဆိုးပေဟူသော နာမည်တွင်ခဲ့၏။

စာရေးသူမှာ ရန်ကုန်မြို့တွင် နေထိုင်လေသည်။ မွေးရပ်မြေသို့ တစ်နှစ်လျှင် တစ်ခေါက်ခန့်မျှ ရောက်ရှိ၍သွားတတ်၏။ ထိုအခါ အမှတ်ရသူ သူငယ်ချင်းအချို့ကို မေးမြန်းကြည့်မိ၏။ တချို့လည်း ရှိသေး၏။ တချို့မှာ ကွယ်လွန်ကုန်ကြလေပြီ။ တချို့လည်း တွေ့ဆုံခဲ့ရ၍ တချို့လည်း မဆုံခဲ့ကြချေ။ ထိုမှ "ဆိုးပေ"ဟူသော သူငယ်ချင်းတစ်ယောက်၏ မေးမြန်းမှု စကားများကို ကြားခဲ့ရ၏။

တစ်ဆင့် ဖောက်သည်ချသူမှာ စာရေးသူ၏ ဦးလေး အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးထွန်းရီပင် ဖြစ်၏။ ပြီးခဲ့လေသောနှစ် စာပေဟောပြောပွဲရာသီတစ်ခုတွင် ရွာသို့ ပြန်ရောက်သွား၏။ ထိုမှ ဦးထွန်းဦးနှင့် ဆုံ၍...

"ဟော့ကောင် အောင်ကျော်မင်း။ မင်းကို မင်းသူငယ်ချင်း ဆိုးပေက သိပ်တွေ့ချင်နေတာကွ။ တွေ့ချင်တဲ့အကြောင်းကတော့ မင်း စာရေးဆရာဖြစ်နေတယ်ဆိုတဲ့ မင်းသတင်းကြောင့်ပေါ့။ ပြီးတော့ မင်းကိုလည်း စာရေးနိုင်အောင် သူ့ရဲ့ အကြောင်းလေးကို ပြောပြချင်သတဲ့ကွာ"

ဦးထွန်းရီမှတစ်ဆင့် ဆိုးပေ၏ အဖြစ်အပျက်တစ်ခုကို တစ်ဆင့်ပြောပြခဲ့လေသည်။ သို့တိုင် မိမိမှာ စာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်မျှ မရေးသားဖြစ်ခဲ့။ ပြီးခဲ့သော တစ်လခန့်ကာလကတော့ ဦးလေး ထွန်းရီမှာ ရန်ကုန်မြို့သို့ ကိစ္စတစ်ခုဖြင့် ရောက်ရှိလာခဲ့ပြန်လေသည်။ ဤတွင် မိမိထံသို့ သူငယ်ချင်းဖြစ်သူ ဆိုးပေမှ စာတစ်စောင်ရေး၍ ပေးလိုက်၏။ သူငယ်ချင်းဖြစ်သူ ဆိုးပေ ရေးလိုက်သောစာကို ဖတ်၍ မိမိ ဝတ္ထုတစ်ပုဒ်ရေးသားရန် စိတ်ကူးမိ၏။

ယခုအခါ ဆိုပေးမှာ မဆိုးမပေလေတော့တဲ့ ထွန်းဝေဟူသော နာမည်ဖြင့် လိမ္မာရေးခြားရှိသော၊ အမိအဖကို ရိုသေကိုင်းရှိုင်း ကျိုးနွံသော လူကောင်းလူတော်တစ်ယောက်ဖြစ်ကာနေလေပြီ။ ဆိုးပေ ရေးပေးလိုက်သော သူ၏ အဖြစ်အပျက်တစ်ခုအား မိမိမှ တတ်စွမ်းသမျှ ဝတ္ထုတစ်ပုဒ်အဖြစ် ဖွဲ့ဆိုရသော် ဤသို့သာ ဖြစ်လေ၏။

♦♦♦

တောင်ရွာချောင်ဆိုသည်က အညာတန်းဟူသော ရွာကလေး၏ အနောက်ဘက်ကို ကပ်လျက် တစ်ဆက်တည်းရှိသည့် ရွာလေးတစ်ရွာဖြစ်သည်။ ဥယျာဉ်ခြံမြေလုပ်ကိုင်ကြသည့် ခြံလုပ်သားများ အများစုနေထိုင်ရာ ရွာလေးတစ်ခုလည်း ဖြစ်လေသည်။ တောင်ရွာချောင်၏အဆုံးတွင် ရိုးကြီးဟူသော ချောင်းတစ်ခုက အနားသတ်၍ထားလေသည်မို့ ချောင်းရေကို အားပြု၍ နွေ၊ မိုး၊ ဆောင်းမပြတ် ဥယျာဉ်ခြံမြေလုပ်ကိုင်သူများက ကွမ်း၊ နာနတ် အစရှိသည့် ရာသီပေါ် ကုန်မျိုးစုံကို စိုက်ပျိုးနိုင်၏။

ရိုးကြီးချောင်း၏ တစ်ဖက်တွင်တော့ ရိုးတန်းဟူသော ရွာလေးရှိလေသည်။ ဆိုးပေမှာ အစကတော့ ဤတောင်ရွာချောင်းသား မဟုတ်။ ရွာချင်း ထိစပ်နေသည့် အညာတန်းဟူသောရွာမှ ဖြစ်လေသည်။ တောင်ရွာချောင်းရွာသူ ခင်ထားနှင့် ဖူးစာဆုံခဲ့ရသည်မှ ဆံထုံးနောက်သို့ သျှောင်ပါလေကာ ဤတောင်ရွာချောင်းရွာသားဖြစ်လာရ၏။

အညာတန်းရွာတွင် ဆိုးပေ၏ မိဘများ ရှိ၏။ မိသားစု စားဝတ်နေရေးအတွက် ကုန်ဆိုင်လေးတစ်ခုကို တည်ကာ အရောင်းအဝယ်ပြု၏။ မြို့သွားမြို့လာ၊ တောပြန်ရွာပြန် လူစည်ကားသောနေရာဖြစ်သည်မို့ အရောင်းအဝယ်က မဆိုးလှ။ စားနိုင် သောက်နိုင်သော အဆင့်ရှိလေသည်။

ဆိုးပေတွင် မိသားစု ၆ယောက်ရှိ၏။ အားလုံးမှာ မိန်းကလေးများသာဖြစ်ကြ၍ ဆိုးပေတစ်ယောက်သာလျှင် ယောကျ်ားလေးဖြစ်သည်။ သားယောကျ်ားလေးတစ်ဦးသာ ပါသည်မို့ အဖေနှင့် အမေမှာ အလိုလိုက်လေသည်။ အထူးသဖြင့် အဘွားဖြစ်သူ ဒေါ်ဂျမ်းပုံက ပို၍အလိုလိုက်သည်။ ဒေါ်ဂျမ်းပုံမှာ မြေးဖြစ်သူ ဆိုးပေကို သူ့ယောကျ်ား ကိုဖိုးကွန်း ဝင်စားလေသည်ဟု မှတ်ယူထားရာ တခြားမြေးများထက် အချစ်ပိုသလို၊ အလိုလိုက်မှုလည်း ပိုလေသည်။

မြေးများကို ဖျက်သူသည် အဘိုးအဘွားများဟု ပြောဆိုမြဲပြုကြသည့်အတိုင်း ဆိုးပေတစ်ယောက် ဆိုးရခြင်းသည်လည်း အဘွားဖြစ်သူ ဒေါ်ဂျမ်းပုံကြောင့် အများဆုံးဖြစ်၏။ ဆိုးပေ၏ ငယ်နာမည်မှာ "မောင်ထွန်းဝေ"ဖြစ်၏။ ငယ်ငယ်က ဆိုးလွန်း ပေလွန်း၍ ငယ်နာမည် ထွန်းဝေပျောက်ကာ နောက်ဆုံး ဆိုးပေဟူသော နာမည်သာ ထင်ရှားလူသိများခဲ့တော့၏။

♦♦♦

အညာတန်းရွာအဆုံးတွင် ဗောဓိဟူသော ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ၏။ အညာတန်း၊ တောင်ရွာ၊ ရိုးကြီး၊ ငါးဘတ်အင်း စသော ရွာများမှ သာသနာရေးကိစ္စ၊ အလှူအတန်းကိစ္စ




www.burmeseclassic.com

www.burmeseclassic.com

များရှိလျှင် ဗောဓိကျောင်းလေးမှ ဆရာတော် သံဃာတော်များကို ပင့်ကြ၏။ ဗောဓိကျောင်းဆရာတော်မှာ ဦးကောဏ္ဍညဖြစ်လေသည်။

ဆိုးပေတစ်ယောက် ကျောင်းနေရမည့်အချိန်သို့ ရောက်လာ၏။ ထိုအခါ အဘွားဖြစ်သူ ဒေါ်ဂျမ်းပုံက မြေးဖြစ်သူ ဆိုးပေအား ဗောဓိကျောင်းဆရာတော် ဦးကောဏ္ဍညထံသို့သွားကာ ကျောင်းအပ်၏။

"တပည့်တော်မြေးလေးကို လိမ္မာရေးခြားရှိအောင် သွန်သင်ပါ။ စာပေပညာလည်း တတ်မြောက်အောင် သင်ပေးပါ။ ဆရာတော်ကို အပ်ပါတယ် ဘုရား"

ဤသို့ဖြင့် ဆိုးပေတစ်ယောက် စာပေသင်ကြားရန် ဗောဓိကုန်းကြီးကျောင်းသို့ ရောက်ခဲ့ရသည်။ ယခုအခါ တတိယတန်းသို့ပင် ရောက်နေပြီဖြစ်၏။ ဆိုးပေမှာ ကျောင်းသို့ ရောက်၍နေသော်လည်း အိမ်တွင် အလိုလိုက်ခံထားရသူ ဖြစ်လေသည်မို့ အရာရာတွင် အသာစီးရလိုသည်။ အနိုင်ရလိုသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်။ အထူးသဖြင့် ကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် တစ်ခုမဟုတ်တစ်ခု ပြဿနာတက်တတ်သည်။

"ဘုန်းဘုန်းဘုရား… တပည့်တော်မ ကျောက်သင်ပုန်းကို ဆိုးပေ တက်နင်းပြီးခွဲတယ် ဘုရား"

"တပည့်တော်ရဲ့ မုန့်တွေကိုလည်း ဆိုးပေ လုစားပါတယ် ဘုရား"

"မနေ့ကလည်း ကျောင်းအခင်းမှာ တပည့်တော်မ ခေါင်းကို ဆိုးပေ ခေါက်သွားပါတယ် ဘုရား"

အသီးသီး တိုင်ကြားလာကြသည်။ ထိုအခါ ဆရာတော် ဦးကောဏ္ဍညမှ ဆိုးပေအား ခေါ်ငင်ရတော့၏။

"ဟဲ့…ဆိုးပေ"

"ဘုရား"

"နင် ကျောင်းသားတွေရဲ့ ပစ္စည်းပစ္စယတွေနဲ့ မုန့်ပဲသရေစာတွေကို လုယူစားတယ်ဆို၊ ဟုတ်လား"

"မှန်ပါ့ဘုရား"

ဤသို့ စစ်မေးလျှင်တော့ ဆိုးပေ မငြိမ်းမကွယ် ဒဲ့မှန်အတိုင်းပြော၏။ ထိုအခါ ဆိုးပါလေသော ဆိုးပေကို ဆရာတော်မှ အပြစ်ပေးရ၏။

သို့သော် ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသလို ဉာဉ်ဟူသည် အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ပျောက်၍မရ။ ဆရာတော်အား ကြောက်၍ ငြိမ်သွားသော်လည်း တစ်ခဏကြာလေလျှင် ဆိုးပေမှာ ဉာဉ်က ဖောက်လာလေသည်။

ဤသို့ဖြင့် ဆိုးပေတစ်ယောက် ကျောင်းခွေး လူခွေးဖြစ်၍လာ၏။ ထို

"

ဒကာမကြီး . . .
ဒကာမကြီးရဲ့ မြေးဆိုးလေးကို
အတန်းပညာ
သင်ကြားပေးနေလို့တော့
အချိန်သာကုန်မယ်။
ကျုပ်သဘောကတော့
အတန်းပညာ သင်ပေးမယ့်အစား
အတတ်ပညာလေး
တစ်ခုခုသင်ပေးနိုင်ရင် ကောင်းမယ်။
ဒါမှ သူ့ဘဝ
ရပ်တည်နိုင်မှုရှိမယ်

"

ကြောင့် ဆရာတော် ဦးကောဏ္ဍညသည် ဆိုးပေ၏ အဘွားဖြစ်သူ ဒေါ်ဂျမ်းပုံအား ခေါ်ရတော့၏။

"ဒကာမကြီး…ဒကာမကြီးရဲ့ မြေးဆိုးလေးကို အတန်းပညာသင်ကြားပေးနေလို့တော့ အချိန်သာ ကုန်မယ်။ ကျုပ်သဘောကတော့ အတန်းပညာ သင်ပေးမယ့်အစား အတတ်ပညာလေး တစ်ခုခုသင်ပေးနိုင်ရင် ကောင်းမယ်။ ဒါမှ သူ့ဘဝ ရပ်တည်နိုင်မှုရှိမယ်"

ဤသို့ဖြင့် ဒေါ်ဂျမ်းပုံတစ်ယောက် ဆိုးပေကို ကျောင်းထုတ် အလုပ်လုပ်ဖို့ စီစဉ်ရတော့၏။ ဆိုးပေအား တစ်ခုပြီးတစ်ခု အလုပ်အကိုင်လေးများကို လုပ်ကိုင်စေလေ၏။

သို့သော် ဘာအလုပ်မှ မမြဲ။

သွင်းပေးသော အလုပ်ထဲတွင် တစ်ခုမဟုတ်တစ်ခု ပြဿနာတက်တတ်၏။ နောက်ဆုံး လိုက်လံ ဖြေရှင်းပေးရသူက ဒေါ်ဂျမ်းပုံသာ ဖြစ်တော့သည်။

ထစ်ခနဲဆိုလျှင် ဆိုးပေပါသလို၊ စီခနဲဆိုလျှင် ဆိုးပေရောက်နှင့်ပြီးသား ဖြစ်လေသည်။ ကြာလေကြာလေ ဆိုးပေတစ်ယောက် သွန်သင်မရ၊ ဆုံးမ မရ၊ ဆိုးသထက် ဆိုး၍သာလာလေ၏။ အလုပ်ကိုလည်း လက်ကြောမတင်း။ မြဲမြဲစွာ မလုပ်တတ်။ သို့သော် ဆိုးပေမှာ ကံကောင်း၍သာနေလေသည်။

အဖေနှင့် အမေများဖြစ်ကြသည့် ကိုလွှန်းမောင်နဲ့ ဒေါ်အေးဘုံတို့မှာ ဆိုးပေ၏ အနှံ့တာကို မခံကြ။ ဆိုးပေ ဆိုးသမျှကို ဖြေရှင်းပေးနေသူသည် ဒေါ်ဂျမ်းပုံသာ ဖြစ်လေသည်မို့ ဆိုးပေတစ်ယောက် ဆိုးအား ပေအား မိုက်အားကောင်း၍နေလေ၏။

မြေးအတွက်ဆိုလျှင် ဝတ်ထားသည့် နားတောင်းကိုပင် ချွတ်၍ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ရမည်လား၊ မနေပြော။ သားသမီးများက ပေးလာသော ငွေ၊ ကြေးစလေးများ ချွေးခံအိတ်တွင် ချိတ်နဲ့ တွယ်ကာ မစားရက်မသောက်ရက်၊ အလှူအတန်းကိုပင် မလှူရက် မတန်းရက်ပေမယ့် မြေးအတွက်ဆိုလျှင် ပေးရဖို့ ဝန်မလေး၊ လျှော်ရဖို့ ဝန်မလေး။

ဒီလိုနဲ့ ဆိုးပေတစ်ယောက် နေညိုချိန်ရောက်ဖို့ အချိန်ကျရောက်လာလေသည်။ အကြောင်းမှာ ဘွားအေဖြစ်သူ ဒေါ်ဂျမ်းပုံတစ်ယောက်မှာ ကောက်ကာ ငင်ကာ ဆုံးပါးသွားတော့၏။ ဒေါ်ဂျမ်းပုံ ဆုံး၍ တစ်နှစ်ခန့်ကြာလျှင် ဆိုးပေတစ်ယောက်မှာလည်း တောင်ရွာချောင်ဟူသောရွာမှ "ထားမေ"ဟူသော မိန်းကလေးနှင့် အိမ်ထောင်ရက်သားပြုကာ ယောက္ခမ မိဘများ နေထိုင်သည့် ဇနီးအိမ်သို့ လိုက်နေရလေတော့သည်။

ယောက္ခမများထံ သွား၍နေစဉ် ယောက္ခမများ၏ ခြံလုပ်ငန်းကို မလုပ်မကိုင်တတ်။ ထို့ကြောင့် နောက်ဆုံးတွင် အဖေ၊ အမေများ၏ အလုပ်အကိုင်ဖြစ်သော ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကိုသာ ပြန်၍ကူညီလုပ်ကိုင်ပေးနေရတော့၏။ ထိုသို့ လုပ်ကိုင်ပေးသည့်အတွက် မိဘများက လုပ်အားခအဖြစ် သတ်မှတ်ပေးသည်။

ဆိုးပေမှာ မကောင်း ခြောက်လ၊ ကောင်း ခြောက်လဟူသော စာဆိုကဲ့သို့ မကြာမီ ဗွေဖောက်၍လာပြန်လေသည်။ ရွာထဲ၊ အရပ်ထဲ မသာအိမ်မရှိလိုက်နှင့် ထိုမှ အပေါင်းအသင်းများနှင့် အစပြု၍ ဆိုးပေတစ်ယောက် အရက်လေး တမြမြဖြစ်လာတော့၏။

အရက်သောက်လာလျှင်လည်း အငြိမ်မနေ။ ပြဿနာကို မီးထွန်း၍ ရှာတတ်၏။ ဆိုးပေအကြောင်း သိသူရွာခံ လူများနှင့် မျက်နှာသိများက သည်းခံခွင့်လွှတ်ကြသော်လည်း တခြားရွာမှ အကြောင်းမသိသူများနှင့် မကြာခဏ ရန်ပွဲများ ဖြစ်ပွားကြကာ ရုံးရောက် ဂါတ်ရောက်ဖြစ်ကြရသည်။

ဆိုးပေ မူး၍ ပြန်လာပြီဆိုလေလျှင် မီးထွန်းထားသောအိမ်များက မီးခွက်များ ငြိမ်းမှုတ်ကြသလို၊ ဟောင်နေသောခွေးများပင်လျှင် အသံတိတ်ဆိတ်သွားကြ၏။ မတိတ်၍ မဖြစ်။ မီးမြင်ပါက ထိုအိမ်သို့ဝင်၍ ရစ်တတ်သလို၊ ခွေးဟောင်ပါကလည်း ထိုခွေးကို ဆဲရေးတိုင်းထွာကာ တွေ့ရာ တုတ်၊ ဓား၊ လက်နက်များ၊ ခဲများဖြင့် ပစ်ပေါက်လေတော့၏။

တကယ်တော့ ဤရပ် ဤရွာတွင် ယှဉ်ရဲသူမရှိ၍ မဟုတ်ကြပါ။ ဆိုးပေ၏ မိဘမျက်နှာများကို ထောက်ထားကြရင်း နေကြ၍သာ ဖြစ်ပေ၏။ ဤသည်ကို အခွင့်ကောင်းယူ၍ ဆိုးပေမှာ ဆိုးချင်တိုင်း ဆိုးကာသာနေလေတော့သည်။ တစ်နေ့တွင်တော့ ဆိုးပေတစ်ယောက် အဆိုးအပေဘဝမှ ကျွတ်လွတ်ရန် အကြောင်းတစ်ခု ဆိုက်ရောက်လာလေတော့သည်။

အညာတန်းရွာနှင့် ကပ်လျက်တည်ရှိနေသော တောင်ရွာချောင်ရွာသို့ သွားရန်လမ်းသည် အညာတန်းရွာလယ်မှ ဖောက်၍ ဖို့ထားသည့် မြေကြီးတာတမံလမ်းကြီးသာ ဖြစ်လေ၏။ လမ်းက ဖြောင့်သည်။ ဖြူးသည်။ သို့သော် တစ်ဖက်တစ်ချက်တွင် ကြီးမား အုံ့ဆိုင်းနေသော ဝါးရုံကြီးများကြောင့် လသာနေစေကာမူ အလင်းရောင်သည် မှုန်မှုန်ဝါးဝါးသာ လင်းနိုင်၏။

နွေအခါတွင် လမ်းမှာ ဖြောင့်ဖြူး၍ သွားလာရသည်မှာ ကောင်းမွန်သော်လည်း မိုးအခါတွင်တော့ မြေဖို့ထားသည့် တာတမံဖြစ်၍ ရွှံ့နွံများ ထကာ သွားရလာရသည်မှာ မကောင်း။ သို့သော် တောင်ရွာချောင်ရွာသားများအ... မှာမူ ထိုလမ်းသည် ပန်းခင်းလမ်းသဖွယ် ဖြစ်ပါလေ၏။ ထိုလမ်းမှ မသွား၍ မဖြ... တောင်ရွာချောင်ရွာသို့ သွားဖို့ ဤလမ်း... မှလွဲ၍ တခြားမရှိပေ။

အညာတန်းရွာမှနေ၍ တောင်ရွာ... ချောင်ရွာသို့ ထိုလမ်းမကြီးမှ အဝေး... ကြီးမဟုတ်သော်လည်း နှစ်ဖာလုံခန့်... တော့ သွားရ၏။ ထိုလမ်းအလယ်... လောက်တွင် သတင်းကြီးနေသော... ကုက္ကိုပင်ကြီးတစ်ပင်ရှိလေ၏။

ထိုသတင်းသည် သတင်းကောင်း... တော့ မဟုတ်။ တစ္ဆေခြောက်သော... ကုက္ကိုပင်ကြီးတစ်ပင်အဖြစ် ကျော်ကြား... ထင်ရှား လူသိများနေခြင်းသာလျှင် ဖြစ်... လေသည်။

•••

သည်နေ့ ဟင်္သာတမြို့သို့ ကုန်... ဝယ်ရန် ကိစ္စရှိလေသည်မို့ အဖေ... အမေဖြစ်သူမှ ဆိုးပေကို ဟင်္သာတမြို့... သို့ ကုန်ဝယ်သွားရန် စေလွှတ်လိုက်... ၏။ ဆိုးပေ သွားလေ၏။ အပြန်တွင်... ကားနောက်ကျ၍ ညနေ ၆နာရီကျော်... ကျော်ရှိမှ နိဗ္ဗာန်ရွာကားဖြင့် စီးကာ ပြန်... ရောက်လာခဲ့၏။

မိုးလေးက တစိမ့်စိမ့်ဖြစ်နေသည်... မို့ ချမ်းသလိုလိုဖြစ်လာ၏။ ထို့ကြောင့်... ဆိုးပေတစ်ယောက် နိဗ္ဗာန်ရွာရှိ အ... အရက်ဖြူဆိုင်သို့ ဝင်ကာ တစ်ခွက်... တစ်ဖလားမော့လိုက်၏။ ထို့နောက်... ဟင်္သာတမြို့မှ ဝယ်လာသော ကုန်များ... ကို ထမ်းပိုးကာ အညာတန်းရွာသို့ ပြ... လာ၏။ ည ၇နာရီဝိတိရှိလေပြီ၊ ဆို... အသံပြုလိုက်၏။

"အဖေ၊ အမေတို့ အိပ်ကုန်ကြ... ပြီလား"

"ဟဲ့…ဆိုးပေ၊ နောက်ကျ...

www.burmeseclassic.com

ချည်လား"

"ဟုတ်တယ် အမေ။ ကားနောက်ကျနေလို့ မိုးချုပ်တယ်"

"ဟဲ့ - ဒါနဲ့ မှာတဲ့ ကုန်တွေရော စုံအောင် ရခဲ့ရဲ့လား"

"ဟုတ်ကဲ့၊ ရပါတယ် အမေ။ ကဲ-ရော့၊ ဒါက ဈေးဝယ်လို့ ပိုတဲ့ ပိုက်ဆံနဲ့ ကုန်ဝယ်ဘောင်ချာ။ သားပြန်တော့မယ်"

"ဟဲ့ - ထမင်းစားသွားဦးလေ ဆိုးပေ။ မီးဖိုချောင်ထဲမှာ မင်းညီမတွေ စားနေတယ်။ တစ်ခါတည်း ဝင်စားသွား"

"မစားတော့ဘူး အမေ။ သား မြို့က အမဲသားတွေ ဝယ်လာလို့၊ ပြီတော့ ထားမေလည်း မျှော်နေတော့မယ်"

"မင်းကွယ်···ဆိုးပေရယ်၊ ညအချိန်မတော်ကြီး ဟင်းထုပ်က ပါသေးဆိုတော့၊ ကဲ-ကဲ···သွား···သွား"

အဖေ၊ အမေများအိမ်က ထွက်တော့ မိုးက တသဲသဲရွာလာ၏။ နှီးဗွာန်းရွာတွင် ဝင်၍ မော့လာခဲ့သော အရက်ရှိန်လေးများနှင့် သွား၍လာ၍ကောင်းနေလေသည်။ တောင်ရွာချောင်ရွာသို့ ဖဲ့ဆင်းရာ လမ်းလေးထိပ်သို့ပင် ရောက်လာလေ၏။ လမ်းဆီသို့ မျှော်ကာ ကြည့်လိုက်သည်။

မှောင်အတိမည်းမည်း။ ဘာကိုမှ မမြင်ရ၊ မြင်နေရသည့်အရာအားလုံးမှာလည်း အမည်းရောင်သာ ဖြစ်၏။

ဆိုးပေမှာ ကြောက်တတ်သူမဟုတ်။ ညအချိန်မတော်မှာပင် သချိုင်းကြို သချိုင်းကြား၊ ရွာကြိုရွာကြား၊ ဇရပ်ကြိုဇရပ်ကြား သွားလာနေသူ တစ်ယောက်ဖြစ်၍ တစ္ဆေကို မကြောက်၊ တစ္ဆေသည်သာ ဆိုးပေကို ကြောက်ရမည်ဖြစ်လေသည်။

အမဲသားထုပ်ကို ဆွဲကာ လမ်းထဲသို့ တဖြည်းဖြည်းဝင်လာခဲ့၏။ ကုက္ကိုပင်ကြီးနားသို့ နီးလာလေသည်။ ထိုအခိုက် လေပြေတစ်ချက်က အမှတ်မထင် တိုက်လိုက်၏။

"ရှဲ···ရှဲ···ရှဲ"

"ဖျန်း···ဖျန်း···ဖျန်း"

ကုက္ကိုပင်ကြီးမှာ နာနာဘာဝ တစ္ဆေသရဲကြီးတစ်ကောင်ပမာ ယိမ်းထိုးလှုပ်ရှားသွား၏။ ဆိုးပေ ဆက်၍လျှောက်လာ၏။ ကုက္ကိုပင်တည့်တည့်သို့ ရောက်၏။ ထိုအချိန်တွင်···

"ရှဲ···ရှဲ···ရှဲ"

ဟူသည့် မြည်သံတစ်ခုကို ထပ်မံ ကြားလိုက်ရပြန်၏။ ဤတစ်ခါသည် လေတိုက်၍ သစ်ပင် သစ်ရွက်များ လှုပ်ခါခြင်းမဟုတ်။ ကုက္ကိုပင်ပေါ်မှ သတ္တဝါတစ်ကောင် လျှောဆင်းလာသောအသံဖြစ်၏။

"ဘုတ်"

ဟူသည့် မြည်သံအဆုံး မည်းမည်းအကောင်ကြီး တစ်ကောင်က ဆိုးပေ၏ ရှေ့တွင် ကာဆီးလိုက်ရင်း ဝိတ်ဆို့ကာ ရပ်လိုက်လေသည်။

"ဟေ့···ဒါ ဘယ်သူလဲကွ"

ဆိုးပေ မေးလိုက်၏။ သို့သော် တုံ့ပြန်ဖြေဆိုလာသောအသံ မကြားရ။

"ငါမေးနေတယ်လေ။ မကြားဘူးလား။ ဘယ်သူလဲလို့···"

စကားမဆုံးလိုက်ရ။ ရှေ့တွင် ကာဆီးဝိတ်ဆို့ ရပ်နေသော မည်းမည်း သဏ္ဌာန်အကောင်ကြီးက ဆိုးပေလက်ထဲတွင် ကိုင်ထားသော အမဲသားထုပ်ကို ဝင်ကာ လုပ်ပါလေတော့သည်။

"ဟဲ့···ဟဲ့၊ ဒါ···ဒါ ဘာလုပ်တာလဲ။ ငါ့ကို ဘာမှတ်လို့လဲ။ ဆိုးပေကို ဒီလိုလုပ်လို့ ရမလားကွ"

ဆိုးပေမှာ ညရေးညတာ သွားလာရာတွင် တစ်ဝွါသာသာ ဓားမြှောင်တစ်ချောင်းကို ကိုင်ဆောင်ကာ သွားလေ့ရှိသည်မို့ မိမိအား ဝင်လုံးမှုးကာပ်ကာ သတ်၍နေသော အကောင်မည်းမည်းကြီးကို ဓားဖြင့် ထိုးလေ၏။

"ဗြို···စွပ်···စွပ်···ဗြို"

သို့သော် ဆိုးပေ၏ ဓားချက်သည် သတ္တဝါတစ်ကောင်အား ထိုးရသည်နှင့် မတူ။ ဖွဲအိတ်၊ ဆန်အိတ်တစ်ခုခုကို ထိုးနေရသည်ဟု ထင်၏။ လက်ထဲတွင် ကိုင်ထားသော အမဲသားကိုမူ သတိမရတော့။ အကောင်မည်း တစ္ဆေနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်နေတော့၏။ တစ်ချီတစ်ချီ ဆိုးပေမှာ အောက်သို့ ကျသွားလိုက်၊ အကောင်မည်း တစ္ဆေအပေါ်မှာ ရောက်သွားလိုက်နှင့်။ သို့သော် လက်ထဲတွင် ကိုင်ထားသော ဓားကို လွှတ်မသွားစေရန် အထူးသတိထားနေရလေသည်။

အချက်ပေါင်း မည်မျှရှိအောင် ထိုးနေမိလေသည်မသိ။ ထိုးလိုက်သည့်အခါတိုင်း ဖွဲအိတ်တစ်ခုကို ထိုးရသည့်ပမာဖြစ်နေ၏။ ကြာတော့ ဆိုးပေမှာ လက်ပန်းကျလာ၏။ မျက်လုံးများပင် ပြာဝေလာသည်။ အမှောင်စတို့ကို မြင်လာရ၏။ ထို့နောက်တွင်တော့ ဆိုးပေမှာ သတိလစ်ကာ သွားလေတော့သည်။

ဆိုးပေ မည်မျှသတိလစ်နေလေသည်မသိ။ တောင်ရွာချောင်မှ ရွာသားတစ်စု အညာတန်းရွာဆီသို့ ကီစွတစ်ခုဖြင့် ထွက်လာသည်တွင် ကုက္ကိုပင်အောက်တွင် လဲနေသော ဆိုးပေကို တွေ့ရ၏။

"ဟင်···ဟို···ဟိုမှာ လူတစ်ယောက်လဲနေပါလား။ ဘယ်သူလဲ မသိဘူး။ သေများ သေသွားပြီလား မသိဘူး"

"နေဦး··· နေဦး၊ ဘာမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်မှုန်းမသိနဲ့ အနားကို ရမ်းပြီး မကပ်ကြနဲ့"

"တတ်မီးနဲ့ ထိုး…ထိုး"

"ဟဲ့ …ဟဲ့၊ ဒါ ထားမေ ယောက်ျား ဆိုးပေမဟုတ်လား။ မဟုတ်မှလွဲရော မှူးပြီး လဲနေတာပဲ ဖြစ်ရမယ်"

♦♦♦

ထိုသူများ၏ ပြန်လည်ပေးပို့မှုဖြင့် ဆိုးပေတစ်ယောက် အိမ်သို့ ပြန်ရောက်သွား၏။ ဆိုးပေ သတိရလာချိန်တွင်တော့ ဖြစ်ကြောင်းကုန်စင်ကို ဇနီးဖြစ်သူ ထားမေအား ပြောပြလိုက်သည်။

"ဟင်…ဒါ…ဒါဆို ကိုဆိုးပေ၊ ရှင်…မှူးပြီး လဲနေတာမဟုတ်ဘူးပေါ့ ဟုတ်လား"

"မှူးတော့ နည်းနည်းမှူးတာပေါ့ဟ။ ဒါပေမယ့် ငါ့လက်ထဲက အမဲသားထုပ်ကို တစ္ဆေတစ်ကောင်က ဝင်လုလို့ ငါနဲ့ တစ္ဆေ ထိုးကြိတ် သတ်ပုတ်ကြတာ"

"အမလေးတော်…ကိုဆိုးပေရယ်၊ မသေကောင်း မပျောက်ကောင်း"

ဆိုးပေတစ်ယောက် ကုဏ္ဍိုပင်မှ တစ္ဆေနှင့် သတ်ပုတ်ခဲ့ပြီး နောက်တစ်ရက်မှစ၍ တစ်ပတ်ခန့်အထိ အပြင်းဖျားပါလေတော့သည်။ ကယောင်ကတမ်း ပြောဆိုမှုများပင် ရှိခဲ့၏။

ထိုသို့ အပြင်းဖျားနေစဉ်ရက်အတွင်း နေ့တစ်နေ့တွင် အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ် သူတော်စင်ကြီးတစ်ဦးမှ စကားအချို့ ပြောဆိုလာလေသည်။

"ဟဲ့ကောင် ဆိုးပေ၊ နင် ခုထိ ဆိုးတုန်း မိုက်တုန်းပဲလား။ ခု ဖြစ်ပျက်တဲ့ ကိစ္စကလည်း နင် ရတနာသုံးပါးကို မေ့နေလို့ဖြစ်တာ။ ငါသာ မကယ်ရင် နင်သေတာ ကြာပြီ။ အေး၊ ဒီတစ်ခါ နောက်ဆုံးပဲ။ နင် လူ့ဘဝမှာ နေချင်သေးတယ်ဆိုရင်တော့ ရတနာသုံးပါးကို မမေ့နဲ့"

ထိုမှ ဆိုးပေတစ်ယောက် လန့်နိုးသွားခဲ့၏။

နေကောင်းစ ပြုလာသော နေ့တစ်နေ့တွင်တော့ ဆိုးပေမှာ အပြောအဆိုသာမက၊ အမူအရာလေးများပါ ပြောင်းလဲလာလေသည်။ ထိုမှ ထူးထူးဆန်းဆန်း တောင်းဆိုမှုတစ်ရပ်ကိုပင် ဇနီးသည်အား တောင်းဆိုလာလေ၏။

"ထားမေ…ငါ ဗောဓိတုန်းတော်ကြီးကျောင်းမှာ တစ်ပတ်လောက် သင်္ကန်းဝတ်ချင်တယ်ကွာ"

"ရှင်…၊ ဘာပြောလိုက်တယ် ကိုဆိုးပေ။ သင်္ကန်းဝတ်ချင်တယ်၊ ဟုတ်လား"

"ဟုတ်တယ် ထားမေ။ ငါ သင်္ကန်းဝတ်ချင်တယ်"

"ကိုဆိုးပေရယ် ကျုပ် ကြားတာ ဟုတ်ပါတယ်နော်။ ဒါနဲ့ ရှင် ဘယ်လိုဖြစ်သွားတာလဲ။ ကျုပ်တောင် နားမလည်နိုင်တော့ဘူး"

"အေး၊ မင်း နားလည်အောင် ပြောပြရရင်တော့…"

ဆိုးပေသည် ထားမေအား နေမကောင်းသောရက်တွင် မိမိမြင်မက်ခဲ့သော အိပ်မက်ထဲတွင် ဆုံတွေ့ခဲ့ရသော သူတော်စင်ကြီး၏ မှာကြားချက်များကို ပြောပြလိုက်သည်။

"သြော်…ဒါကြောင့်ကိုး။ ဒီလိုဆိုရင်လည်း ကျုပ် သာဓုခေါ်ပါတယ် ကိုဆိုးပေရယ်"

♦♦♦

ဆိုးပေမှာ ဗောဓိကျောင်းတွင် တစ်ပတ်ခန့် ဘုန်းကြီးဝတ်လေသည်။ လူထွက်လာသည့်နေ့မှစ၍ လူကောင်းသူကောင်းတစ်ယောက်ဖြစ်ကာ ရပ်ရေးရွာရေးကိစ္စများတွင် ပါဝင်လာသလို၊ မိတ်ဆွေမျိုး ပတ်ဝန်းကျင်အသိုင်းအဝိုင်းများနှင့်လည်း ဝင်ဆံ့သူတစ်ယောက်၊ လိမ္မာရေးခြားရှိသောသူတစ်ယောက်ဖြစ်လာလေသည်။

ရုတ်ခြည်း ပြောင်းလဲသွားသော ဆိုးပေအား ရွာသူရွာသားများက နားမလည်နိုင်ကြပေ။ ကုဏ္ဍိုပင်တစ္ဆေချောက်၍သာ ဆိုးပေတစ်ယောက် လူကောင်းသူကောင်းတစ်ယောက်ဖြစ်သွားကြသည်ဟု ထင်ခဲ့ကြ၏။ တစ္ဆေကြောင့် မဟုတ်၊ အိပ်မက်ထဲတွင် သူ့အား စောင့်ရှောက်လေသော သူတော်စင်ကြီး၏ ဆုံးမစကားကြောင့်သာလျှင်ဖြစ်ကြောင်း ထားမေကတော့ သိနေသည်။

♦♦♦

ယခုဆိုလျှင် တစ်ချိန်က ဆိုးခဲ့တေခဲ့ ပေခဲ့လေသော ဆိုးပေမှာ ထွန်းပေဟူသော လူကောင်းတစ်ယောက်ဖြစ်၍နေလေပြီ။ ကျွတ်ချိန်ကျမှသာ ကျွတ်သည်ဟူသော စကားအရ လူဆိုးလူပေတစ်ယောက်ဖြစ်စေကာမူ ကျွတ်လွတ်ရမည့်အချိန်တွင် လူကောင်းတစ်ယောက်ဖြစ်၍သွားသည်၊ တောင်ရွာချောင်ရွာမှ ဆိုးပေတစ်ဖြစ်လဲ ထွန်းပေ၏ ဘဝအဖြစ်အပျက် အပြောင်းအလဲများကတော့ လူတိုင်း ပြော၍ မယုံကြည်နိုင်လောက်အောင် ရှိတော့၏။

* * *

ဆုမွန်ဦး(ဟဉ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ – ဇန်နဝါရီလအတွက်

ဓေတ္တရာ ဆရာကျော်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

နှစ်သစ်မင်္ဂလာမှာ အားလုံး မင်္ဂလာပါခင်ဗျား။

ကံကောင်းစေမည့် အကြံပြု စာမျက်နှာကို ရေးလာခဲ့တာ ၃နှစ်ခန့် ရှိပါပြီ။ အတိုင်းအတာတစ်ခုအထိ အကျိုးရှိကြောင်း စာဖတ်ပရိသတ်တချို့ထံမှ ကြားရသဖြင့် ဝမ်းမြောက်ရပါတယ်။

အသုံးဝင်မှုဆိုသည်မှာ အသုံးချတတ်ခြင်းအပေါ်မှာလည်း မူတည်ပါတယ်။ ကျွန်တော့်ယုံကြည်ချက်ကတော့ နက္ခတ်ဗေဒင်ပညာအပေါ် မယုံကြည်သူများကို ယုံကြည်လာအောင် မလုပ်ပါ။ ယုံကြည်နေသူများကိုသာ အကျိုးရှိအောင် စွမ်းဆောင်ပါမည်လို့ ပြောချင်ပါတယ်။

ဒါကြောင့် ၂၀၁၃မှာ ဆက်လက် အကြံပြုပေးပါဦးမယ်လို့ စာဖတ်သူများကို မေတ္တာရည်လျက် နှုတ်ခွန်းဆက်လိုက်ရပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

## ၂၀၁၃ ဇန်နဝါရီလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၈၊ ၂၉၊ ၃၀ ရက်များ | အရှေ့အရပ် စန်းပွင့် |
| ၃၊ ၄၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၃၁ ရက်များ | တောင်ရပ် စန်းပွင့် |
| ၅၊ ၆၊ ၇၊ ၁၄၊ ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၂၅ ရက်များ | အနောက်အရပ် စန်းပွင့် |
| ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | မြောက်အရပ် စန်းပွင့် |

အထက်ဖော်ပြပါ ဇယားအတွင်းရှိ ရက်များသည် စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုရက်များတွင် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဆေးဝါးကုသမှု ခံယူရေး၊ ခရီးနှင့် ငွေရေးကြေးရေးအစီအမံများက အစအသုံးချနိုင်ပါသည်။ မိမိတို့၏ ဉာဏ်ပေါ် မူတည်၍ အောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီတွင်ရှိပါက မြောက်အရပ် စန်းပွင့်သည်။

စန်းပွင့်အရပ်ကို မျက်နှာမူ၍ အကြံအစည်ပြုလုပ်ဆောင်ရွက်ပါက အစစအရာရာ ကံပွင့်လန်းလာပါမည်။ တော်ရုံတန်ရုံ အခက်အခဲများ ရှိပါက ပ,ပျောက်သွားပါလိမ့်မည်။

အကောင်းဆုံး အကြံပြုချင်သည်မှာ မည်သူမဆို မနက်မိုးလင်းသည်နှင့် စန်းပွင့်ရာအရပ်ကို မျက်နှာမူပြီး မေတ္တာသုတ် ၅ခေါက်ရွတ်ပေးနိုင်လျှင် ထူးခြားပါလိမ့်မည်။ အထူးသဖြင့် ဈေးရောင်းသူများ၊ ဆေးဆိုင်ဖွင့်သူများ၊ အကြံအစည်ဖြင့် ခရီးထွက်မည့်သူများ၊ လူတွေ့စစ်ဆေးခံမည့်သူများ၊ အလှပြင်ဆိုင်များ၊ အစားအသောက်ရောင်းဆိုင်များ၊ အကြွေးတောင်းသူများ၊ ဗေဒင်ဆရာများ အထူးရွက်ဆောင်ကြည့်ပါ။ ယုံကြည်ဖို့တော့ လိုပါမည်။ ကေန် ထူးခြားပါလိမ့်မည်။ (ကံကောင်းချင်ရင် ကံကို လုံအောင်ထိန်း - ရွှေတောင်မဲ့ရှင် ဆရာတော်ကြီး)။

## ထီကံ


ဤဇာတာကတော့ ၂၀၁၃၊ ဇန်နဝါရီလထဲမှာ ထိုးတဲ့ ထီဖွင့်ရက်ရဲ့ ကောဇာ ဇာတာဖြစ်သည်။ သူဌေးလောင်းရွေးတဲ့ ဇာတာဆိုပါတော့။ ဇန်နဝါရီလထဲမှာ ထီထိုးရင် (၃၊ ၄၊ ၅၊ ၀) ဂဏန်းများ အဓိက ပါဖို့ လိုပါတယ်။ အဓိဋ္ဌာန်အရ



www.burmeseclassic.com

www.burmeseclassic.com


ဂဏန်းကတော့ (၀၊ ၃၊ ၇)လို့ အကြံပြုပါရစေ။




## အဆောင်

ဇန်နဝါရီလထဲမှာ အဆောင်ကျောက်မျက်ရတနာအဖြစ် "ပုလဲ"ကို အဆောင်ပြုကြည့်ပါ။ ကံကောင်းစေဖို့ အထောက်အပံ့ကောင်းတွေ ဖြစ်လာပါမယ်။

## လပြည့်နေ့ဇာတာ




ဤနေ့မှာ ဥပုသ်သီလစောင့်တည်ပါ။ သက်သတ်လွတ်စားပါ။ မေတ္တာသုတ်၊ ဗောဇ္ဈင်သုတ် တတ်နိုင်သရွေ့ အမြဲဖွင့်ထားပြီး ရွတ်ပွားပါ။

## ဇန်နဝါရီလ ဂြိုဟ်ပြောင်း

* တနင်္ဂနွေဂြိုဟ်သည် ၁၄ရက်နေ့တွင် မကာရရာသီသို့ ပြောင်းသည်။
* အင်္ဂါဂြိုဟ်သည် ၂၅ရက်နေ့တွင် ကုမ်ရာသီသို့ ပြောင်းသည်။
* ဗုဒ္ဓဟူးဂြိုဟ်သည် ၁၅ရက်နေ့တွင် မကာရရာသီသို့ ပြောင်းသည်။
* သောကြာဂြိုဟ်သည် ၄ရက်နေ့တွင် ဓနုရာသီသို့ ပြောင်းသည်။

အထူးဆောင်ရွက်ရန်မှာ (၁၃-၁-၂၀၁၃) တနင်္ဂနွေနေ့ ည ၇နာရီ ၁မိနစ်တွင် နေအိမ်ရှိ ဘုရားကျောင်းဆောင်တွင် အောင်သပြေညွှန့် ဇွဲညွှန့်ကို လှူဒါန်း၍ "ဒိဝါတပတိ"အစချီ ဂါထာသော် လည်းကောင်း၊ ဝေဒဗ္ဗမန္တန်သော် လည်းကောင်း၊ ပထဝီဇယျမန္တန်သော် လည်းကောင်း၊ အောက်ပါ ဂါထာသော် လည်းကောင်း ရွတ်ပွားပူဇော်ပါ။ လာဘ်လာဘများ ပွင့်မည်။

ဟော် မိတ္တံ
ဟော် ဓနံ
ဟော် လာဘံ
ဟော် သုခံ
(ဟော် ပိုက်ဆံ)
ဟော် ဇေယျသုခမင်္ဂလံ ဟော် ဟော်။

(မှတ်ချက်။ အနည်းဆုံး ၁၀၇ခေါက်ရွတ်ပါ။ စိတ်ပါလက်ပါ ရွတ်ပါ။ စေတနာပါပါ၊ သဒ္ဓါပါပါ ရွတ်ပါ။)။

* * *

ဓေတ္တရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်မဟုတ်သော ည

ညခင်းဆည်းဆာသည် အလင်းတစ်ချက်၊ မှောင်တစ်ကွက်နှင့်မို့ နေ့တစ်နေ့၏ အဆုံးသတ်၊ ညတစ်ည၏ နိဒါန်းအပျိုးမှာ စက်ရုံဝင်းတစ်ခုလုံးရှိ အလုပ်သမားများ ရေမိုးချိုးပြီး အဝတ်အစားလဲပြီးကြပြီမို့ ထမင်းစားရန် ထမင်းဆိုင်သွားသူသွား၊ ထမင်းကျွေးရုံသို့ သွားသူသွားနှင့် လှုပ်လှုပ်ရှုရှုဖြစ်နေကြသည်။

စက်ရုံဝင်းဆိုသော်လည်း စက်ရုံမဖြစ်သေးပါ။ ဆောက်လုပ်ရေးဝင်းတစ်ခုဟု ရေးမှ ပို၍သင့်လျော်ပါမည်။ ဤပရဝဏ်ကြီးအတွင်း၌ ခဲမဖြူသန့်စင်စက်ရုံဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးဝန်ထမ်းများ တာဝန်ယူ ဆောက်လုပ်နေချိန်ဖြစ်၏။ ၎င်းမှာ သန်လျင်-ကျောက်တန်းသွား လမ်းနံဘေး ဂျိုက်

www.burmeseclassic.com

ခေါက်စေတီနှင့် ငှဖာလုံခန့်အကွာတွင်တည်ရှိပါသည်။

မောင်စိုးနှင့် ဖိုးလုတို့သည် ဆောက်လုပ်ရေးဝန်ထမ်းများ ဖြစ်ကြသည်။ နှစ်ယောက်အတူ ရေချိုးရာမှ ပြန်လာကြပြီး အိပ်ဆောင်ရှိ ဝါးကွပ်ပျစ်ကြီးတွင် ထိုင်လိုက်ကြသည်။

"ဖိုးလု…မနက်ဖြန် စနေနေ့တို့ ရန်ကုန်ပြန်ကြမလား"

နှစ်ယောက်စလုံး ရန်ကုန်မှာ နေကြသူများဖြစ်သည်။ အိမ်ထောင်မရှိသူများပီပီ ဆောက်လုပ်ရေးအဖွဲ့ပြောင်းရွှေ့လုပ်ကိုင်ရာ ဒေသပေါင်းစုံသို့ ပြောင်းရွှေ့လိုက်ပါကာ လုပ်ကိုင်နေကြသူများဖြစ်သည်။ သူတို့၏ လုပ်သက်အလျောက် ယခုအခါ နှစ်ယောက်စလုံး အလုပ်သမားခေါင်းဆောင်များ ဖြစ်နေကြလေပြီ။

"ပြန်ချင် ပြန်လေကွာ။ နေဦး၊ မင်း စောစောက ပြောတော့ ကျိုက်ခေါက်ဘုရားပွဲသွားမယ်ဆို"

"အေး ဟုတ်သားပဲ။ မျက်လှည့်ပွဲသွားကြည့်မလို့ စိတ်ကူးထားတာ။ မနက်ဖြန်ညနေမှ ပြန်မယ်ကွာ။ ငါ့အမေ့ကို ပိုက်ဆံပြန်ပေးချင်လို့ကွ"

"ဒါဆို ည မျက်လှည့်ပွဲသွားကြမယ်ပေါ့ ဟုတ်လား မောင်စိုး"

"အေး၊ ထမင်းစားပြီးတော့မှ လမ်းလျှောက်သွားကြတာပေါ့ကွာ။ သိပ်ဝေးတာမှမဟုတ်ဘဲ"

ဖိုးလုက ဂျင်းဂျာကင်လက်ရှည်ကို ဝတ်ရင်း "အေး-အေး"ဟု ပြန်ပြောလိုက်၏။ မောင်စိုးကတော့ အနွေးထည်မဝတ်ဘဲ အကျီလက်ရှည်တစ်ထည်သာ ကောက်စွပ်၏။

"ဟေ့ကောင် မောင်စိုး။ အနွေးထည်မဝတ်တော့ဘူးလား"

"ဟေ…မလိုပါဘူး ဖိုးလုရာ။ မင်းအနွေးထည်က အပြင်မှာပဲ နွေးမှာကွ။ ငါက အပြင်ပန်း နွေးရုံနဲ့ မဖြစ်ဘူး။ အတွင်းထဲမှာ နွေးမှ ဖြစ်မှာကွ။ ဒါကြောင့် နည်းနည်းတော့ သွားချလိုက်ဦးမယ်။ မင်းပါ လိုက်ခဲ့လေ"

"အေးလေ၊ ငါလည်း လိုက်ခဲ့ပါ့မယ်ကွ။ ဒါပေမယ့် ငါတော့ မသောက်ဘူး။ တစ်ကွင်းလုံး အမှောင်ဖုံးနေပြီ"

ဟိုနားတစ်ကွက်၊ သည်နားတစ်ကွက် လင်းနေသော မီးလုံးရောင်မှန်ပျပျသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ မီးစက်ကလေးမှ ပေးသော မီးလုံးကလေးများမှ ရသော အလင်းရောင်ဖြစ်သည်။ မီးလုံးကလေးများသည် ပရဝဏ်အတွင်း၌ စိုက်ထူထားသော ဝါးလုံးတိုင်ကလေးများတွင် ဟိုနားတစ်ပွင့်၊ သည်နားတစ်ပွင့် ခပ်ကျဲကျဲ ရှိနေသည်။ ထိုခပ်ကျဲကျဲအလင်းကြောင့် ဆောက်လုပ်ရေးဝင်းအတွင်း၌ အလင်းမှိန်မှိန်တို့သာ စိုးမိုးထား၏။

> ❝ ဟိုနားတစ်ကွက်၊ သည်နားတစ်ကွက် လင်းနေသော မီးလုံးရောင်မှန်ပျပျသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ မီးစက်ကလေးမှပေးသော မီးလုံးကလေးများမှရသော အလင်းရောင်ဖြစ်သည်။ မီးလုံးကလေးများသည် ပရဝုဏ်အတွင်း၌ စိုက်ထူထားသော ဝါးလုံးတိုင်ကလေးများတွင် ဟိုနားတစ်ပွင့်၊ သည်နားတစ်ပွင့် ခပ်ကျဲကျဲ ရှိနေသည် ❞

တပို့တွဲလ၏ နှင်းမြူတို့ကလည်း ဝေ့ဝဲပိတ်ဆည်းကျနေသောကြောင့် အမှောင်ကို အားပေးနေသယောင်ရှိသည်။ ပြည့်ဝန်းဆဲ လမင်းက ကြယ်တို့ကြားမှာ နေရာယူစ ပြုနေပြီ။

"ကဲ - သွားစို့၊ ပြီးမှ ထမင်းစားကြတာပေါ့"

"မြန်မြန်လုပ်နော် မောင်စိုး။ အခုတောင် ၇နာရီကျော်နေပြီ။ ထမင်းစာဦးမှာဆိုတော့ ဘုရားသွားဖို့ နောက်ကျနေဦးမယ်"

"အေးပါကွ။ ငါ နားလည်ပါတယ်။ သိပ်မကြာစေရပါဘူး"

သူတို့နှစ်ယောက် အိပ်ဆောင်မှ ထွက်လာကြသောအခါ အတော်မှောင်နေပြီ။

ရွာထဲဟု သူတို့ အကြမ်းဖျင်းခေါ်နေသော ဆောက်လုပ်ရေးဝင်းနဲ့ ကပ်လျက် ရွာစပ်ရှိ အရက်ဆိုင်သို့ နှစ်ယောက်သား သွားထိုင်ကြသည်။ သူတို့အရင်ရောက်နှင့်နေသူက မြင့်ဦးတို့အဖွဲ့ဖြစ်၏။

"မောင်စိုးနဲ့ ဖိုးလုပါလား၊ ဘုရားပွဲသွားကြမလို့ဆို"

"အေးကွ။ တို့ ဘုရားပွဲမသွားခင် နည်းနည်းချပြီး ထမင်းစားမယ်လေကွာ။ ရာသီဥတုက အေးတယ်လေ။ ဒါကြောင့် အနွေးထည် ရင်ထဲထည့်သွားတာ"

"အေးတော့လည်း အေးလို့ပေါ့ကွာ။ အိပ်ရေးပျက်တော့လည်း ပျက်လို့ပေါ့။ ပျော်တော့လည်း ပျော်လို့ပေါ့။ မင်းတို့ ဆင်ခြေတွေကို အလွတ်ရနေပါပြီကွာ"

မြင့်ဦးတို့အဖွဲ့နှင့်အတူ သောက်

www.burmeseclassic.com

ရင်း စားရင်း အချိန့်တော်တော်ကုန်သွားသည်။

မသောက်မစားဘဲ ဝိုင်းနံဘေးမှာ ထိုင်နေရသော ဖိုးလု စိတ်မရှည်တော့ပါ။ နာရီတကြည့်ကြည့်ဖြစ်နေတော့သည်။

"ဟာ…ဆယ်နာရီတောင် ထိုးတော့မယ်၊ သွားရအောင် မောင်စိုး။ ဒီအချိန် ထမင်းကျွေးရုံမှာ ထမင်းတောင် ရတော့မှာမဟုတ်ဘူး"

"မရရော ဘာဖြစ်လဲကွာ။ ဘုရားပွဲရောက်မှ စားကြတာပေါ့။ မြင့်ဦး… မင်းတို့ပါ လိုက်ခဲ့ပါလား။ လူများတော့ ပိုပျော်ဖို့ကောင်းတာပေါ့"

"မလိုက်တော့ပါဘူးကွာ။ ဒီအချိန်ကြီးကျမှ လမ်းလျှောက်သွားရမှာ နီးတဲ့ခရီးလည်းမဟုတ်ဘူး"

"ဟာ…မင်းကလဲ၊ သိပ်မဝေးပါဘူးကွ။ ခါတိုင်းလည်း လျှောက်နေကျပဲဥစ္စာ"

"ခါတိုင်းနဲ့ မတူဘူး မောင်စိုး။ ခါတိုင်းက မနက်စောစောတို့ ညနေတို့ဆို မပြောလိုဘူး။ ခုဥစ္စာက ညကြီးအချိန်မတော်ကွာ။ မှောင်ကြီးမည်းကြီးထဲ ကြောက်စရာကြီး"

သူ့စကားကြောင့် ဖိုးလု ပခုံးတွန့်သွား၏။ မြင့်ဦးစကားမှာ အမှန်ဖြစ်သည်။ သည်လိုအချိန် ဆိုင်ထဲမှ ဘုရားသို့ နှစ်ယောက်တည်း လျှောက်ရန်မှာ တော်တော်ကြောက်စရာကောင်းသည်။ သို့သော် အရက်ရှိန်လေး ရနေပြီဖြစ်သော မောင်စိုးက မကြောက်စကား ပြော၏။

"ဘာကြောက်စရာရှိလဲကွာ။ တို့တွေ ဒီဆိုဒ်မှာ လုပ်လာတာ ဒီလောက်ကြာပြီ။ ကိုယ့်ရပ်ကိုယ့်ရွာလို ဖြစ်နေပြီပဲ။ ဘာကြောက်စရာရှိလဲ။ ဟော့ကောင် ဖိုးလု၊ မင်း ကြောက်လား"



ပြောသာ ပြောရသည်။ ဖိုးလု ကြောက်နေ၏။

သို့သော် ရှယ်တူ သူငယ်ချင်း လုပ်ဖော်ကိုင်ဘက်များရှေ့တွင် ကြောက်သည်ဟု မပြောလို၍ ဟန်ကိုယ့်ဖို့ လုပ်လိုက်ရခြင်းသာ ဖြစ်သည်။

"မင်းတို့ မကြောက်ဘူးဆိုရင်တော့ တံတားထိပ် ကန်စောင်းက အကြောင်းတော့ ပြောပြရဦးမယ်"

"သီလဝါဘက်သွားတဲ့ လမ်းမရောက်ခင် ကန်လား"

"အေးလေ၊ ညာဘက်ခြမ်းက ကန်ပေါ့ကွ။ အဲဒီကန်မှာ နဂါးမတွေ ရှိတယ်တဲ့"

"ဟေ့…နဂါးမ၊ ဟုတ်လား မြင့်ဦး"

"ဟုတ်တယ်။ ရွာထဲက ဦးဖိုးဘ ပြောတာကွ။ သူတို့ငယ်ငယ်က တွေ့ဖူးတာတဲ့"

မောင်စိုး၊ ဖိုးလုတို့အပြင် နံဘေးရှိ လူအားလုံး မြင့်ဦးစကားကို စိတ်ဝင်စားသွားသည်။ သောက်လက်စ ဖန်ခွက်များ၊ စားလက်စ အစာများကို ရပ်ကာ မြင့်ဦး ဆက်ပြောလာမည့် စကားကို နားစိုက်နေကြ၏။

"ပြောပြစမ်းပါကွာ။ သူက ဘာပြောလို့လဲ"

"ပြောပါ့မယ်ကွာ၊ ခဏလေး။ တစ်ခွက်လောက် ချလိုက်ပါရစေဦး"

ဘူးရှေ့ ဖန်ခွက်ကို ကောက်ယူကာ တစ်ချက်တည်း မော့ချပြီး စကားဆက်ပြောလေသည်။

"ဦးဖိုးဘတို့ ငယ်ငယ်ဆိုပေမယ့် သူ့အသက် ၂၅နှစ်လောက်ကတဲ့။ နွားကျောင်းရင်းနဲ့ စားကျက်ကျွံသွားတဲ့ သူ့နွားတွေနောက်ကို လိုက်ရင်း ကန်နားကို ရောက်သွားပါလေရော။ သူပြောပုံကတော့ မှောင်ရီဖျိုးဖျဖြစ်နေပြီတဲ့ကွ။ သူ့နွားကြီး သုံးကောင်ဟာ ကန်စပ်မှာ မြက်စားနေတယ်။ သူလည်း နွားတွေ မောင်းပြီး ရွာပြန်မယ်ဆိုတဲ့ စိတ်ကူးနဲ့ နွားတွေရှိရာ လျှောက်လာနေတုန်း ကျိုက်ခေါက်ဘုရားဘက်က လက်ခနဲ တစ်ချက်ဖြစ်လို့ သူ လှမ်းကြည့်လိုက်တယ်"

"ဘာလဲဟ၊ ရောင်ခြည်တော်တွေ့များလား"

သိချင်စိတ်နဲ့ သူရောက်ရာ နေရာမှာ ရပ်ပြီး ဘုရားကို လှမ်းကြည့်နေပေမယ့် ဘုရားဘက်ဆီက ဘာမှ ထပ်မတွေ့ရတော့ဘူး။ သူ ၁၀မိနစ်လောက် ရပ်ကြည့်နေလို့မှ မထူးခြားတာနဲ့ နွားတွေဆီ လျှောက်မယ်ဟန်ပြင်ပြီး လှမ်းကြည့်လိုက်တယ်။

•••

"ဟာ…ဘာလဲဟ"

နွားတွေရဲ့ တစ်ဖက် ကန်စပ်မှ



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက် ကန်ဘက်ကို မျက်နှာမူပြီး ထိုင်နေတာ တွေ့ရတယ်။

"မိန်းကလေးတစ်ယောက်ပဲ။ ခုနတုန်းကတော့ သူ့ကို ငါ မတွေ့လိုက်သလိုပဲ"

ဦးဖိုးဘ တစ်ယောက်တည်းတွေးရင်း နွားတွေဆီ တရွေ့ရွေ့လျှောက်လာခဲ့တယ်။ သူ့ကိုယ်သူ မျက်စိရှမ်းလို့ မမြင်တာပဲဆိုပြီး စိတ်လျှော့ကာ နွားသုံးကောင်ကို ကြိမ်တို့ပြီး ကန်စပ်ကနေ ခွာထွက်ခဲ့တယ်။

"ဟော့ကောင်တွေ သွားကြစမ်းပါကွာ။ ငါ မင်းတို့ကို ရှာလိုက်ရတာ။ မိုးတောင် ချုပ်တော့မယ်။ ဟော့…ဟော့"

တဟော့ဟော့နဲ့ မောင်းရင်း ရွာဘက်ကို ဦးတည်စေလိုက်ပါတယ်။ တစ်ပြိုင်နက်မှာပဲ ကောင်မလေး တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချတာနဲ့…

"ဟေ့ - ကောင်မလေး။ မိုးချုပ်နေပြီ။ နင်တစ်ယောက်တည်း မနေခဲ့နဲ့ ပြန်တော့လေ"

"ရှင့်အပူမပါပါဘူး။ ကိုယ့်နွားတွေ ကိုယ်ခေါ်ပြီး ပြန်စမ်းပါ"

"အောင်မယ်…အောင်မယ်၊ ငါက မိန်းကလေးတစ်ယောက်တည်းမို့လို့ စိုးရိမ်လို့ ပြောတာ။ ငါ့အပူမပါလည်း မပြောဘူးပေါ့ဟာ"

စိတ်တိုတိုနဲ့ ပြန်ပြောပြီး ရွာဘက်သွားနေတဲ့ နွားတွေရဲ့ နောက်က လိုက်လာခဲ့ရတယ်။

ခပ်လှမ်းလှမ်းရောက်တော့ မိန်းကလေးရှိရာ ကန်စပ်ကို လှည့်ကြည့်လိုက်တဲ့အခါ ထိတ်လန့်ဖွယ် မြင်ကွင်းကြောင့် သူ ကန်ရှိရာကို ခြေကုန်ပြေးလာခဲ့ပါလေရော။

"ဟေ့ - မိန်းကလေး။ ဟေ့-မိန်းကလေး"

မိန်းကလေးဟာ သူ့ကို ကျောပေးလျက် ရေထဲကို စွတ်ခနဲ ထိုးချလိုက်ပါလေရော။ သူလည်း မိန်းကလေးကို ကယ်မယ်ဆိုပြီး ကန်တွင်းရေစပ်ကို ခြေချလိုက်တဲ့အခါ မိန်းကလေး ငုပ်လျှိုးသွားတဲ့နေရာ ရေပွက်မှာ မြွေကြီးတစ်ကောင်ရဲ့ အမြီးများတစ်ခု ရေထဲမှာ ဝုန်းခနဲ ပေါ်လာပြီး ပြန်မြုပ်သွားပါတယ်

အသံကုန်အော်ဟစ်ပြီး ပြေးလာရတဲ့ အကြောင်းရင်းကတော့ မိန်းကလေးဟာ ရေထဲကို ဆင်းသွားလို့ပဲ။

"မဆင်းနဲ့လေ မိန်းကလေး။ ဟေ့-အဲဒီလို မလုပ်ရဘူးလေကွာ"

ကန်စပ်ကို သူရောက်သွားတဲ့အခါ မိန်းကလေးဟာ ရင်ညွန့်လောက်အထိ နက်တဲ့ ရေထဲကို ရောက်နေပြီ။

"ပြန်တက်ခဲ့ပါ မိန်းကလေး။ မင်းဘာပြဿနာရှိလဲ ငါ ရှင်းပေးပါ့မယ်"

ဝန်းကျင်မှာက တော်တော်မှောင်နေပြီ။

မိန်းကလေးက သူ့ကို ကျောပေးလျက် ရေထဲကို စွတ်ခနဲ ထိုးချလိုက်ပါလေရော။

သူလည်း မိန်းကလေးကို ကယ်မယ်ဆိုပြီး ကန်တွင်း ရေစပ်ကို ခြေချလိုက်တဲ့အခါ မိန်းကလေး ငုပ်လျှိုးသွားတဲ့နေရာ ရေပွက်မှာ မြွေကြီးတစ်ကောင်ရဲ့ အမြီးများတစ်ခု ရေထဲမှာ ဝုန်းခနဲ ပေါ်လာပြီး ပြန်မြုပ်သွားပါတယ်။

"ဟာ…မြွေ…မြွေကြီး"

သူ ကြောက်လန့်တကြား ကုန်းပေါ်ကို ပြန်ပြေးတက်ခဲ့ပါတယ်။

ကန်ကို လှည့်မကြည့်တော့ဘဲ သူ့နွားများနောက်ကို ခြေကုန်သုတ်ခြေတင် လိုက်ကာ ရွာအရောက် သုတ်ခြေတင်ပါတော့သည်။ ရွာပြန်ရောက်သော် နွားများ သိမ်းပြီး ကမန်းကတန်း ထမင်းစားကာ အိမ်ပေါ်မှ အိမ်အောက်မဆင်းတော့သည့်အတွက် အိမ်ပေါ်မှာပင် နေလိုက်ရတော့သည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် သူ့အတွေ့အကြုံကို မိဘများပင် မပြောပြဘဲ ကန်ထဲမှ မိန်းကလေးအလောင်းများ ပေါ်နေမည်လားဟု နေ့စဉ် စုံစမ်းနေမိ၏။ တစ်ပတ် ဆယ်ရက်ဖြစ်သွားသည့်တိုင် ကန်ဘက်ဆီမှ မည်သည့်သတင်း တစ်ခုခုမှ ထွက်ပေါ်လာခြင်း မရှိခဲ့ပေ။ ထိုအခါမှ သူ့အတွေ့အကြုံကို မိဘများအား ပြန်ပြောပြမိသောအခါ…

"ကံကောင်းလို့ပေါ့ ဖိုးဘရယ်။ အဲဒီကန်မှာ နဂါးသိုက်ရှိတယ်ကွယ့်။ မင်း နဂါးမနဲ့ တွေ့ခဲ့တာပဲ ဖြစ်မယ်။ တော်ပါသေးရဲ့ မင်းဇိဉာဉ်ကို နှုတ်မယူထားလိုက်လို့"

◆◆◆

စကားဆုံးသော် မြင့်ဦး တစ်ခွက် မော့လိုက်ပြန်သည်။

"သြော်…ဆိုလိုတာက နဂါးမနဲ့ တွေ့မှာစိုးလို့ မင်းတို့ မလိုက်ဘူးဆိုပါတော့"

"အေးကွ။ ငါတို့က နေ့လယ်နေ့ခင်းတောင် ကန်နားရောက်ရင် ကြက်သီးထနေတာ။ ဒီအချိန်ဆိုရင်တော့ ပြောတာနဲ့တောင် ကြောက်နေပြီ

www.burmeseclassic.com

ကွ"

"ဒါဆိုလည်း မင်းတို့ မလိုက်နဲ့တော့ကွာ။ ငါတို့နှစ်ယောက်တည်း သွားတော့မယ်။ ကဲ - ဖိုးလှ၊ တို့သွားစို့။ ဘုရားပွဲရောက်မှ တစ်ခုခုစားတာပေါ့ကွာ"

ဘုရားပွဲသွားရန်ပြောပြီး မောင်စိုးနှင့် ဖိုးလှတို့ ထရပ်ချိန်မှာ ၁၀နာရီခွဲပြီးနေပြီ။

နှစ်ယောက်သား ခေတက်လုပ်ရေဝင်းကြီးကို ပြန်ဖြတ်ကာ ကားလမ်းဘက်အပေါက်မှ ထွက်ပြီး ကားလမ်းအတိုင်း ကျိုက်ခေါက်ဘုရားပွဲတော်သို့ လျှောက်လာခဲ့ကြသည်။ ဘုရားပွဲမှ ဆိုင်းသံ၊ မျက်လှည့်ပွဲသံနှင့် လူသံများကိုပင် ကြားနေရသည်။

"မောင်စိုး…၊ မင်း မြင့်ဦးပြောတာကို ယုံလား"

"ယုံတော့ မယုံပါဘူးကွ။ ဒါပေမယ့် တကယ်ဆိုတော့ရော ဘာကြောက်စရာရှိလဲကွာ။ နဂါးထီးနဲ့ တွေ့ရမှာမှ မဟုတ်တာ။ နဂါးမနဲ့ တွေ့ရမှာပဲ၊ တွေ့ပစေ။ နဂါးမဆိုရင်တော့ ရည်းစားစကား ပြောပစ်လိုက်မယ်"

"ဟေ့ကောင်… ဟေ့ကောင်၊ မင်းကွာ အဲဒီလိုကြီးတော့ မလုပ်ပါနဲ့"

"မင်းကလဲ…ကြောက်နေပြန်ပါပြီကွာ။ ဘာကြောက်စရာရှိလဲ။ တွေ့ရင်ပြောမယ်လို့ ပြောတာပါ။ မတွေ့တော့လည်း မပြောပါဘူးကွာ"

မောင်စိုးမှာ ယစ်ရွှေရည်အတော်ထွေထွေကလေးနှင့်မို့ ကြောက်စိတ်မရှိ ပြောနေပါသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် လမ်းကွေ့တစ်ခုသို့ ရောက်လာခဲ့ပြီ။

လမ်းကွေ့ ကိုက် ၂၀ခန့်တွင် လူရိပ်တစ်ခုကို နှစ်ယောက်စလုံး မြင်တွေ့လိုလို တွေ့လိုက်ရသည်။

"ဟာ… ဟိုရှေ့မှာ လူကွ မောင်စိုး"

"အေး ငါလည်း တွေ့တယ်။ လာ၊ မီအောင် လိုက်ရအောင်ကွာ။ သွက်သွက်လျှောက်"

အအေးဓာတ်ကို အန်တုပြီး သူတို့နှစ်ယောက် ခပ်သွက်သွက်လျှောက်လာရာ ခဏနှင့်ပင် ရှေ့လူကို လှလုံးကွဲအောင် မြင်ရသည်။ လပြည့်ကျော်တစ်ရက်နေ့မို့ ကောင်းကင်၌ ဝိုင်းစက်စက်ပေါ်နေသော လမင်းက ကတ္တရာလမ်းနှင့် လမ်းပေါ်ရှိ လူများကို လှလုံးကွဲစေသည်။

"မိန်းကလေးကွ"

"နဂါးမများ ဖြစ်နေမလား မသိဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ။ မင်း ဖြည်းဖြည်းလျှောက်။ ငါ သွားပြောမယ်"



မောင်စိုး တက်တက်ကြွကြွနှင့် မိန်းကလေးကို မီအောင် လိုက်လေသည်။ ဖိုးလှကတော့ ခြေလှမ်းကို နှေးသည်ထက် ပိုနှေးကာ ချန်နေခဲ့လိုက်၏။

မိန်းကလေးမှာ ခါးလောက်ရှည်သော ဆံပင်ကို ဖြန့်ချထား၏။ ရှိုးရှိုးယဉ်ယဉ် လက်စကအင်္ကျီကလေးနှင့် ထမီအစိမ်းရောင် ဝတ်ဆင်ထားသည်။

မောင်စိုး သူမအနားရောက်သွားသောအခါ သူမက မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်၏။

မိန်းကလေး၏ မျက်နှာကို မမြင်ရသောကြောင့် သူမ၏ လက်ဝဲဘက်၊ သူမ မျက်နှာလွှဲလိုက်သောဘက်သို့ မောင်စိုးက လိုက်ရွှေ့ပြီး ကြည့်သည်။ ထိုအခါ မိန်းကလေးက မျက်နှာကို လက်ျာဘက်သို့ လှည့်လိုက်ပြန်၏။

"မင်း…ဘုရားပွဲသွားမလို့လား"

"ဟုတ်တယ်။ ရှင်တို့ရော…"

သူမက လှည့်မကြည့်တဲ့ ပြန်ဖြေလိုက်ခြင်းဖြစ်သည်။ အဖြေစကားကြားလိုက်ရသည်မို့ မျက်နှာမြင်ရတာ၊ မမြင်ရတာ အဓိကမဟုတ်တော့ဘဲ စကားပြောရင်း ရင်းနှီးအောင် ပြုလုပ်ရန် မောင်စိုး စိတ်အားထက်သန်သွား၏။

"တို့လည်း ဘုရားပွဲကို သွားမှာပဲလေ။ အဖော်ရတာပေါ့နော်"

"အင်း"

"မင်းတစ်ယောက်တည်းလား၊ ဘယ်မှာနေလဲ"

သူမက လက်ျာဘက် လက်ကို ဆန့်ထုတ်ကာ လက်ညှိုးထိုး ညွှန်ပြသည်။

"တို့က မျက်လှည့်ကြည့်မှာဆိုတော့ မင်းလည်း တို့နဲ့အတူ မျက်လှည့်ပွဲ လိုက်ကြည့်ပါလား"

"ကြည့်ချင်တာပေါ့။ သူတို့က ပြ



www.burmeseclassic.com

www.burmeseclassic.com

မှာမို့လို့လား"

"မင်းသာ ကြည့်မယ်ဆိုရင် မျက်လှည့်ပွဲမှမဟုတ်ဘူး၊ ဇာတ်ကြည့်ချင်လည်း ဇာတ်ပြမယ်"

"ဟင်းဟင်းဟင်း…ရှင်က သိပ်သဘောကောင်းတာပဲ"

မိန်းကလေးက တံ့ပြန်ပြောဆိုနေသောကြောင့် မောင်စိုး အတော်အားတက်သွား၏။ အဆင်ပြေပြီဟုလည်း ယူဆကာ မိန်းကလေး၏ လက်ကို လှမ်းကိုင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းစိတ်ကျေနပ်မှုရအောင် ငါ့ဘက်က ကူညီမှာပါ"

"ဟင်းဟင်းဟင်း…ရှင်ဟာလေ သိပ်အပြောကောင်းတယ်။ ရှင့်သူငယ်ချင်းကို မေ့နေပြီလား။ နောက်မှာ ပါလာရဲ့လား၊ ကြည့်လိုက်စမ်းပါဦး"

ထိုအခါမှ သူ့ သူငယ်ချင်း ဖိုးလုကို သတိရသွား၏။ ထို့ကြောင့် နောက်လှည့်ကြည့်လိုက်သည်။ ခပ်ဝေးဝေးမှာ ဖိုးလုတစ်ယောက်တည်း လျှောက်လာနေ၏။

"ပါပါတယ်။ ဟိုးနောက်မှာ လိုက်လာတယ်"

ပြောပြောဆိုဆို မိန်းကလေးဘက်သို့ ပြန်လှည့်ကြည့်လိုက်ရာ -

"အောင်မလေးဗျ၊ ကယ်ကြပါဦးဗျို့"

ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ ဖိုးလုရှိရာနောက်သို့ လှည့်ပြေးလာသည်။

"ကယ်ကြပါဦး၊ ကယ်ကြပါဦးဗျို့၊ ဖိုးလုရေ…ပြေး…ပြေး"

ဖိုးလုရှေ့မှ ဖြတ်ပြေးသွားသော မောင်စိုး၏ အပြေးနှုန်းသည် မီတာ ၁၀၀ တာတိုအပြေးချန်ပီယံတစ်ယောက်၏ နှုန်းထက်ပင် မြန်သေးသည်။ ဖိုးလုလည်း ဘုမသိ ဘမသိ ပြေးရလေ၏။

"ဟေ့ကောင်…မောင်စိုး၊ နေပါဦးကွ။ ငါ့ကို စောင့်ပါဦး၊ ခဏနေပါဦး"

ဖိုးလု မည်သို့ပင် တားသော်လည်း မောင်စိုး အပြေးမရပ်။

မိနစ်အနည်းငယ်အတွင်း ဆောက်လုပ်ရေးဝင်းရှေ့သို့ ရောက်လာ၏။

မောင်စိုး ဝင်းထဲသို့ မဝင်ဘဲ ဆက်ပြေးနေသည်။ ဖိုးလုလည်း လိုက်ပြေးလာရင်း ဂိတ်ရှေ့အရောက်တွင် တဲတွင်းသို့ လှမ်းကြည့်လိုက်ရာ မြင့်ဦးကို တွေ့လိုက်ရ၍…

"ကိုမြင့်ဦး…မောင်စိုး ဘာဖြစ်မှန်းမသိဘဲ အော်ပြေးနေလို့၊ လိုက်လို့လည်း မမီဘူး။ အကျဉ်းအေအီးကားနဲ့ လိုက်ခဲ့ပါဗျာ"

"ကယ်တော်မူကြပါဗျို့။ ကယ်တော်မူကြပါ"

ဖိုးလု ဆောက်လုပ်ရေးဂိတ်ကို ပြောပြီး မောင်စိုးနောက် ဆက်ပြေးလိုက်၏။

မကြာခင် မြင့်ဦးနှင့်အဖွဲ့ ဂျစ်ကားတစ်စီးနှင့် လိုက်လာ၍ မောင်စိုးကို မီသွားကာ ဂျစ်ကားပေါ် တင်ပြီး ဆောက်လုပ်ရေးဝင်းသို့ ပြန်မောင်းရန် စက်နှိုးလိုက်၏။

"ဝူး…ဝူး"

"ကယ်ပါ၊ ကျွန်တော့်ကို ကယ်ကြပါဗျာ"

"အေးပါ၊ ငါတို့ မင်းကို ဆိုဒ်ထဲခေါ်သွားမလို့ပါ"

"မလိုက်ဘူး။ အဲဒီဘက်ကို ပြန်မလိုက်ဘူး။ ဖိုးလု… ဖိုးလု၊ ငါတို့ ရန်ကုန်ပြန်ကြမယ်"

"အေးပါကွာ။ မင်း ရန်ကုန်ပြန်ရပါမယ်။ ဒါနဲ့ မင်း ဘာကို တွေ့ခဲ့တာလဲ၊ ဘာမြင်ခဲ့လို့လဲ၊ ပြောစမ်းပါ။ ငါတို့လည်း သိချင်လို့"

"ရန်ကုန်ပြန်မယ်။ ဒီမှာ မနေချင်ဘူး။ ဟင်းဟင်း…မနေရဲဘူး။ ရန်ကုန်ပြန်မယ်၊ ရန်ကုန်ပြန်မယ်"

မြင့်ဦးက အတော်ကြောက်နေသော မောင်စိုးအား…

"မောင်စိုး… မင်း ဘာတွေ့ခဲ့သလဲဆိုတာ ပြော၊ ငါ မင်းကို ရန်ကုန်ပြန်ပို့မယ်"

"အေး၊ ဟုတ်တယ်။ မင်း ဘာတွေ့ခဲ့လဲ၊ ပြောစမ်းပါကွာ"

ဖိုးလုက သူနှင့် မောင်စိုး မိန်းကလေးတစ်ယောက်နှင့် တွေ့ခဲ့ပုံ၊ မောင်စိုး လိုက်စကားပြောရာမှ လန့်ပြီး ထွက်ပြေးပုံတို့ကို ပြောပြသည်။

"မင်း ဘာတွေ့လို့လဲ မောင်စိုး။ အဲဒီမိန်းကလေးက ဘာလဲ"

"ငါ…ငါ့ကို သူငယ်ချင်းပါလာရဲ့လား၊ လှည့်ကြည့်ပါဦးဆိုလို့ ဖိုးလုကို လှည့်ကြည့်ပြီး သူ့ဆီ ပြန်လှည့်လိုက်တော့ သူ…သူ့မှာ ခေါင်း…ခေါင်း မရှိတော့ဘူး"

ပြောရင်းကပင် မောင်စိုး တစ်ယောက် တုန်လှုပ်စွာဖြင့် ဆောက်တည်ရာမရတော့ပေ။

* * *

နေမင်းသူရိန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

"သုခဝတီ"ဆိုသော မြို့ကြီးကား မင်းနေပြည်နှင့် လှူ တစ်နေ့ခရီး၊ မြင်းတစ်ပြေးမျှ ဝေးကွာလှသော်လည်း ရှေးဟောင်းအမွေအနှစ်၊ စေတီပုထိုး၊ အုတ်ရိုး ကျုံးမြောင်းအဟောင်းတွေ အပြင် အုတ်ဂူ၊ ကျောက်ဂူ၊ လိုဏ်ဂူ ပေါ်များသလို၊ တရားဓမ္မထွန်းခဲ့သလို၊ သုခဆိုသည့် အစွဲကြောင့်လားမသိ၊ မြို့သူမြို့သားများသည် တရားဓမ္မလိုက်စားကြ၏။ ဗုဒ္ဓ၏ အမွေရောင် ဝါထိန်ဝေသည့်အတွက် စိတ်ချမ်းသာခြင်းသုခ၊ ကိုယ်ကျန်းမာခြင်းသုခ၊ ကြွယ်ဝချမ်းသာခြင်း သုခတွေ ဝေမျှ ခံစားကြလေ၏။

ထိုသုခဝတီမြို့ကြီး၏ မြို့စားကြီးကား မင်းမြတ်သူကောင်းပြု၍ နှမတော် ထိပ်ထား ခင်ခင်လေးနှင့် စုလျားရစ်ပတ် မြို့စားအမတ်ခန့်အပ်ခဲ့သော မြို့စားကြီး ဦးယောက်၊ ဦးယောက်၏ ထွန်းပေါက်ကျော်ကြားမှုသည်ကား ထူးခြားလှပါ၏။ စာပေကျမ်းဂန်မှတ်ဉာဏ်လည်း ကောင်း၏။ တစ်ဖန် ထို့ထက်ပိုမိုအစွမ်းထက်သည်မှာ မင်းမြတ်ကိုယ်တော်တိုင် အားကိုးအားထားရလေသော အတ္တာရသ အစွမ်း၊ စစ်ပညာ တစ်ဖက်ကမ်းခတ်သလို၊ တုတ်ပြီး ဓားပြီး အစွမ်းကြီးသူ။ ငယ်စဉ် စစ်သည်ဘဝတွင်ပင် သူ၏ ဆံပင်ဖားလျားချလိုက်ပြီး တိုက်ပွဲဝင်ခဲ့ပါမူ သူ၏ နောက်ဝယ် ပါဝင်လာသည့် စစ်သည် တစ်အိုးစား၊ နှစ်အိုးစား အားလုံး အန္တရာယ်ကင်း၏။

တစ်ဖန် စစ်ကဲ၊ စစ်ဗိုလ်ဘဝတွေမှာလည်း မြင်းစီး၊ ဆင်စီး သူရဲကောင်းကြီးပီပီ ရှေ့က ဦးစီးဦးဆောင် တိုက်ခိုက်ပါက စစ်နည်းပရိယာယ်ကြွယ်ဝသလို၊ ဖျူးပဟာခင်းကျင်း ထက်မြက်ခြင်းကြောင့် တစ်ဖက်ရန်မီး အနီးမကပ်နိုင်။ ယှဉ်ပြိုင်ထိုးခုတ် နောက်ပြန်ဆုတ်ကြ၊ ပြေးကြ၊ သေကြ၊ စစ်ရှုံးလေသော ရန်သူ၊ စစ်နိုင်လေသော စစ်ကဲကြီး ဦးယောက် ထွန်းပေါက်လာသည့်အတွက် မင်းမြတ်ကိုယ်တော်တိုင် နှမတော်နှင့် စုလျားရစ်ပတ်ပြီးနောက် သုခဝတီမြို့ကြီးအား အပိုင်စားပေးသကဲ့သို့ မင်းနေပြည်၏ ရှေ့က ခံတပ်ကြီးသဖွယ် အုပ်ချုပ်စေခဲ့လေသည်။

"မောင်တော်ဘုရား…သားတော် အမည်နာမ တိတိကျကျ ပုဏ္ဏားတော်များဖြင့် တွက်ချက်ပြီးမှ မှည့်စေလိုပါသည် ဘုရား"

"အို…နှမတော် ခင်လေးငယ်၊ မောင်တော် နေပြည်တော်က မင်းမြတ်ထံ သံတော်ဦးတင်ခဲ့တာက သားတော်အတွက် နေ့ရက်၊ ရေတက်ရေကျ တိတိပပ တင်ပြလွှာ ဆက်သထားတာမို့ အမည်နာမ မရသေးပါ နှမတော်"

"အို…မောင်တော်က နောင်တော်မင်းမြတ်ထံအထိ တင်ပြတာကိုး။ ဝမ်းသာလိုက်တာ မောင်တော်ရယ်။ နောင်တော်ကြားသိ အားရှိပြီး တူတော်မောင်အတွက် အမည်နာမရတော့မှာပေါ့ မောင်တော်"

ဤသို့ဖြင့် သုခဝတီမြို့စားကြီး ဦးယောက်နှင့် မြို့စားကတော် ထိပ်ထား ခင်ခင်လေးတို့သည် သားတော်လေးအတွက် ဝမ်းသာကြည်နူး ပျော်မြူးစံမြန်းရင်း နောင်တော် မင်းတရားထံမှ ပုဏ္ဏားဖြူ ပုဏ္ဏားညိုများ၏ တွက်ချက် အမည်နာမအတွက် စောင့်မျှော်နေကြလေတော့သည်။

ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများ၏ တွက်ချက်မှု၊ တွက်ချက်ရာတွင် အဖ၊ အမိမှစ၍ နေလစကြာ၊ ကြယ်တာရာနှင့် ချိန်ခါတိကျ နက္ခတ်အစုံ၊ မင်းမျိုးဂုဏ်ဖြင့် ပြည့်စုံသားလှ၊ ဖခင်မှာကား အင်းဝိဇ္ဇာတမျှ စွမ်းထက်လှ၏ဟူသော ပြည့်စုံတင့်တယ်ဂုဏ်တို့ဖြင့် အဝိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် မျိုးဂုဏ်မြတ်၍ ထင်ဟပ် ရှေ့ဆောင်စေမည့် အဝိတ်နိမိတ်တို့ဖြင့် "သိဒ္ဓိအောင်"ဟု ဂုဏ်တော်နာမည်တွင်ခဲ့လေ၏။

"ညီတွားဂုဏ်မြောက်၊ မြို့စားကြီးတစ်ယောက်နှင့် မင်းသွေးညီမတော်ထိပ်ထားခင်ခင်လေးတို့၏ သားတော်၊ ငါ၏ တူတော်မောင်အား အားကိုးအားထားရသော လူစွမ်းကောင်းအဖြစ် သတ်မှတ်၍ ပုဏ္ဏားတော်များ၏ အမယ်ဘွဲ့မှတ်၊ နှစ်သက်မြတ်သည့်အပြင် မင်းမျိုးမင်းနွယ် အနွယ်ဝင်ဖွား ငါ့သွေးသားအား ရှေ့မှာ သမုတ်၊ မျိုးဂုဏ်ထုတ်၍ ဂုဏ်ပုဒ်ကို ဆောင်၊ မင်းသိဒ္ဓိအောင်ဟု ထပ်မံချီးမြှင့်လိုက်သည်"

"အို…မောင်တော် မင်းမြတ်၊ ကြင်နာတတ်ပါဘိ မောင်တော်ဘုရား။ သူ့သွေးသား မျိုးဂုဏ်ဆောင်အမည် ဟောဒီသားလေး မင်းသိဒ္ဓိအောင်ရေ အမျိုးဂုဏ်ပြောင်မြောက်ပါစေကွယ်"

"အို…နှမတော် ခင်လေးငယ်၊ ဂုဏ်ထည်မယ့် သားယောက်ျား ဗီသစေမှာ အမှန်။ ငါ့ထက် အဆမတန် စွမ်းမဲ့ သား၊ အားထားပါဘိ သားတော်ရယ်"

နှစ်သွယ်မိဘ၊ ဂုဏ်ယူဝံ့ကြွားအားထားရလေသော မင်းမျိုးမင်းသွေးသား ရင်သွေးအား တကြုကြုမွေးရင်း အတွေးတွေလည်း လှ၊ ဂုဏ်ယူကြရင်း နောင် မင်းစကား ပမာထား၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကြွယ်မယ့်သားဟု တဖွားဖွား တဖွဖွပြောဆိုမဝတော့ဘော မေတ္တာ စမ်းရေပမာ လန်းစေရာဟု



www.burmeseclassic.com

www.burmeseclassic.com

ထောပနာပြုလိုက်ကြတော့သည်။

(၂)

မင်းသိဒ္ဓိအောင်ကလေး ငယ်သွေးမှာပင် ဓားရေး လှံရေး မြင်းခင်းရေးတွေ ဝါသနာထုံ၊ စာပေဂုဏ်လည်း ပြည့်ဝ၊ တစ်ခါတစ်ခါ တစ်ယောက်တည်း တွေး၊ ခပ်ငေးငေးလေးအား မိဘနှစ်ပါး သတိထားမိကြသည်။

မင်းသိဒ္ဓိအောင်ကလေးသည် ရံဖန်ရံခါ ကစားဖော်များနှင့် ကစားရင်းမှ ရှေ့ရေးကို မျှော်တွေးတတ်သူပီပီ မေးမြန်းစူးစမ်းလေ၏။

"အို··အမောင်တို့ အမောင်တို့တစ်တွေ အခုလိုဆော့သည့်အခါ ဆော့ကစားပြီး မိဘတွေထံက ဘာပညာအမွေများ ခံယူကြပါသလဲ။ မိဘတွေကလည်း ဘာပညာတွေ သင်ကြားပြသလမ်းညွှန်ကြသလဲ။ ဥပမာ - စာပေဗဟုသုတ၊ သို့မဟုတ်ပါက စစ်ရေးအတွက် ဓားရေးလှံရေး စသည့် ပညာများ ဆင့်ပွားပေးပါသလား။ တတ်စွမ်းအောင်ရော သင်ကြား မှတ်ယူကြပါသလား"

"မင်းသား · · ·ကျွန်ုပ်တို့သည် ငယ်ရွယ်သေးသည့်အတွက် အဖထံ၊ အမိထံမှ ဘာပညာမှ မတောင်းခံ၊ မသင်ကြား၊ မမှတ်သားပါ မင်းသား"

"မင်းသား"

"ပြောပါ အမောင်သုတ"

"မင်းသားရဲ့ ခမည်းတော် မြို့စားကြီးဟာ စစ်ရေးစစ်ရာ ကြွယ်ဝတဲ့အပြင် စာပေလည်း တော်၊ စွမ်းရည်လည်း ထက်ကြောင်း အဘထံမှ ကြားသိရပါသည်။ ထို့ထက် ထူးခြားတာက မင်းသားရဲ့ ဖခမည်းတော်ဟာ အင်းဆိုတဲ့ ဆေးတွေ ကောင်းလို့ မားပြီး တုတ်ပြီးဖြစ်သည်ကို ကြားဖူးပါ၏။ ဟုတ်, မဟုတ် သိလိုပါသည်"

> ဆရာကြီး ဦးစိတ္တကား
> သိုင်းပညာ စွမ်းသလို အင်းအိုင်
> လက်စွဲ အရာတွင်လည်း
> တစ်ဖက်ကမ်းခတ် တတ်မြောက်၏။
> အင်းကွက်ချ ဆေးဝါးစီရင်ပါကလည်း
> အချိန်နက္ခတ် တွက်တတ်၏။
> ငြမ်းစင် အမြင့် ၁၅တောင်မျှပေါ်ဝယ်
> ဆရာတပည့် နှစ်ယောက်တည်း
> သန်းခေါင်ယံအချိန်ကို စောင့်နေခိုက်
> မောင်ယောက်သည်
> သူ၏ တစ်ကိုယ်လုံး ပုဆိုးအောက်
> ပိုးကြိုက်(ခါးတောင်းကြိုက်)
> အနေအထား ဒူးထောက်ကာ
> သူ၏ညာဘက်ရင်အုံကို
> အသင့်ပြင်ထားလေ၏

"မှန်ပေ၏။ စွမ်းသူတို့သည် သစ္စာရှိ၏။ သတ္တိကြွယ်ဝ၏။ ရဲရင့်၏။ အမြော်အမြင်ကြီး၏။ ဆုံးဖြတ်ချက် မှန်၏။ သို့အတွက် အရာရာပြီးမြောက်၍ အစွမ်းထက်သည်ဟု ခမည်းတော် ပြောဖူး၏"

"အစွမ်းထက်သည်ကို သိလိုပါသည်"

"အမောင်တို့ ···· ကျွန်ုပ်၏ ဖခမည်းတော်ကား မှသားမပြောတတ်။ သို့အတွက် ကျွန်ုပ်သည်လည်း မှသားဆိုတာ မသိလို။ ဤသို့ဆိုသော် ခမည်းတော်က သူ၏ ဘဝအတွေ့အကြုံတစ်ခုကို ပြောပြသည်မှာ ဤသို့တည်း"

(၃)

သိုင်းဆရာကြီး ဦးစိတ္တ၏ လက်အောက်၊ လူလားမမြောက်တမြောက်၊ ပညာတစ်ဝက်လောက် သင်ကြားတတ်မြောက်သည့် မောင်ယောက်သည်ကား ဆရာ့စကားအတိုင်း မဆိုင်းမတွ မကြောက်မရွံ့ နောက်မတွန့်ဘဲ ခရီးရောက်ခဲ့သည်မှာ -

"ဟဲ့ - ငယောက်၊ နင် ကြောက်သလား"

"ဆရာကြီးအပါးမှာ ကြောက်စကားနှင့် မတန်၊ ကြောက်ရွံ့ရန် မရှိကြောင်းပါ ဆရာကြီး"

"အေး၊ ကောင်းပြီ။ ယခု ဝါး တစ်ပြန်အမြင့် ၁၅တောင်အဆင့်ရှိတဲ့ ဟောဒီ ငြမ်းအမြင့်ပေါ်က အမောင်ငယောက်အတွက် အင်းစီရင်မှာမို့ အချိန်စောင့်မယ်"

"ကောင်းပါပြီ ဆရာကြီး" ,

ဆရာကြီး ဦးစိတ္တကား သိုင်းပညာစွမ်းသလို အင်းအိုင် လက်ဖွဲ့အရာတွင်လည်း တစ်ဖက်ကမ်းခတ် တတ်မြောက်၏။ အင်းကွက်ချ ဆေးဝါးစီရင်ပါကလည်း အချိန်နက္ခတ် တွက်တတ်၏။ ငြမ်းစင်အမြင့် ၁၅တောင်မျှပေါ်ဝယ် ဆရာတပည့် နှစ်ယောက်တည်း သန်းခေါင်ယံအချိန်ကို စောင့်နေခိုက် မောင်ယောက်သည် သူ၏ တစ်ကိုယ်လုံး ပုဆိုးအောက် ပိုးကြိုက်(ခါးတောင်းကြိုက်)အနေအထား ဒူးထောက်ကာ သူ၏ ညာဘက် ရင်အုံကို အသင့်ပြင်ထားလေ၏။

"ကဲ - နက္ခတ်စုံလင်ပြီ ငယောက်၊ အင်းပေါက်မယ်"

"ဟုတ်ကဲ့"

ဆရာကြီးသည် မောင်ယောက်၏ ညာရင်အုံ၊ ဘယ်ရင်အုံတို့တွင် ချွန်မြနေသော ကြေးစုတ်တံဖြင့် အင်းကွက်အား မတိမ်းမစောင်းရအောင် အင်းချလေပြီ။ ဆုံးဖြတ်ချက်၊ ရဲရင့်မှုတို့ကြောင့် မကြာလိုက်ပါ အင်းနှစ်ကွက် ငယ်-

www.burmeseclassic.com

ညာရင်ဝယ် ပြီးသွားပါပြီ။

"ငယောက် မျက်စိမှိတ်ထား။ နင့်အသားကို ငါထိတာနဲ့ ယောက်ျား လို့သာ အော်ပေတော့"

"စိတ်ချပါ ဆရာကြီး"

"အေး နင် မှတ်သားထားဖို့က အင်းကောင်းရင် မင်းလောင်းတဲ့။ ဆေး ဘယ်လောက်စွမ်းစွမ်း၊ ဘယ်လောက် ကောင်းကောင်း ဟောဒီအင်းစောင်း သွားပါစေ၊ ဆေးထက် ထက်တယ်၊ သာတယ်။ ကဲ - အော်ပေတော့"

ပြောပြောဆိုဆို နှစ်ယောက်ထိုင် နေသော ပြြင်စင်ပေါ်မှ ရှိသမျှ ခွန်အား သုံးကာ မောင်ယောက်အား အောက် သို့ တွန်းအချမှာပင် သတိကောင်း၍ ဆရာ့စကား မြေဝယ်မကျဆိုသည့် အတိုင်း လူတစ်ကိုယ်လုံး မြေပြင်ပေါ် မရောက်ခင်မှာပင်...

"ယောက်ျား"

ဟူသော အော်ဟစ်လိုက်သည့် အသံဝါကား ဘေးပတ်ဝန်းကျင်တွင် ရှိ နေသော အပင်ချုံတွေပေါ် အိပ်ပျော်နေ ကြသည့် ကျေးငှက်တွေပင် လန့်ကာ ဝုန်းခနဲမည်အောင် ထပျံကြလေပြီ။

မောင်ယောက်၏ ယောက်ျား ဆိုသည့် အသံကြီး ဆုံးသည်နှင့် မောင်ယောက်တစ်ယောက် ကြောင် တစ်ကောင်ပမာ မြေသားနှင့် သူ၏ ခြေ နှစ်ချောင်း အသာအယာ ခပ်ဖွဖွထိ သည့်အခိုက် ဆရာကြီး ဦးစိတ္တထံမှ အသံကြီးကား ပြတ်သားပါဘိ။

"မောင်ယောက် အပေါ်ကို ပြန် ခုန်တက်ခဲ့"

"ယောက်ျား"

မောင်ယောက်အား ခါတိုင်း ငယောက်ဟု ခေါ်ပါသော်လည်း ယခု တော့ မောင်ယောက်ဟု ခေါ်ပြီး အပေါ် ခုန်တက်ရန် အမိန့်ပေးသကဲ့သို့ မောင်ယောက်သည်လည်း မဆိုင်းမတွ ခုန်ပျံတက်လိုက်ရာ ၁၅တောင်ခန့် အမြင့် ဝါးတစ်ပြန်ဆင့်ထားသည့် ပြြင်း ပေါ်သို့ ပြန်ရောက်ခဲ့လေ၏။

အပေါ်ရောက်လာလေသော မောင်ယောက်အား ဘာမပြောညာမပြော ဘေးတွင် ချထားသော ဂုဏ်ကြီးတောင် ဓားကောက်ယူကာ ဆရာကြီး ဦးစိတ္တ သည် စလွယ်သိုင်း ခုတ်ပိုင်းလိုက်၏။ မောင်ယောက်ခမျာ မရှောင်သာ ယောင်ချာချာနှင့် အခုတ်ခံလိုက်ရလေ ၏။

"ခုတ်"

"ဟာ...ဆရာကြီး"

"ခုတ်...ခုတ်"

"အို..."

"ဟဲ့ - မောင်ယောက်၊ ဘာလို့ မရှောင်ဘဲ အခုတ်ခံရတာလဲ"

"ဆရာကြီးစကား ကြားသိထား ရပါတယ်"

"ဘာလဲဟဲ့"

"မကြောက်လို့ အခုတ်ခံတာပါ ဆရာကြီး"

"တောက်"

ဆရာကြီး ဦးစိတ္တ၏ တောက် ခေါက်သံ ပြင်းထန်သည့်အတွက် မောင်ယောက်ခမျာ သူ့စကား ဇော်ကား ရာရောက်သွားပြီဟု တွေးကာ မရဲတရဲ လက်အုပ်ချီရင်း ပြောလိုက်၏။

"ကျွန်တော့်စကားအတွက် တောင်းပန်ပါတယ်"

"ဟဲ့ - မောင်ယောက်၊ ငါ့တောက် ခေါက်သံဟာ မင်းအတွက် အားမာန် ဟဲ့၊ မှတ်ထား။ တုတ်၊ ဓားပြီးတဲ့ ငါ တပည့် သိုင်းပညာဆက်သင်ရမယ်။ ပညာရှိရင် ပွဲလယ်တင့်အောင် မြန်မာ့ သိုင်း မြေပိုင်း ရေလှိုင်း၊ လေသိုင်းပညာ ဆက်သင်ပေးတော့မယ်။ နင့်အတွက် ငါ ဝမ်းသာမဆုံးဘူး မောင်ယောက်။ တစ်နှစ် တစ်ယောက်ထက် ဆယ်နှစ် တစ်ယောက်အထိ မရရှိခဲ့တဲ့ ငါ ယခု တော့ အောင်ပြီပေါ့၊ အောင်ပြီကွ"

"ဆရာကြီး...ကျွန်တော်... ကျွန်တော် အောင်ပြီပေါ့ ဆရာကြီး"

"အေးကွ၊ အေးအေး၊ အောင်ပြီ။ ငါ အနှစ်နှစ်အလလ ကြိုးစားရမှုတွေ ထက် ငါ့တပည့် ဆရာကောင်း ပန်းပန် နိုင်ပြီပေါ့"

မောင်ယောက်သည်ကား ဆရာ ကြီး မိန့်ကြားသည့်အတိုင်း ဓားပြီး တုတ်ပြီးတင်မကား ခုန်ပျံကျော်လွှား အလွန်ထူးခြားသော သိုင်းသမားတစ် ယောက်ဖြစ်ခဲ့လေပြီ။ သိုင်းပညာဝယ် ပထမတွင် သမထ အားကောင်းရန် ကျင့်ကြံအားထုတ်ရပြီးနောက် သူ၏ ဆေးအစွမ်း လူ့အစွမ်းတွေကြောင့် မြေ ပြင်ပေါ် ပြေးလွှားပါက သူ၏ ခြေ မြေ နှင့် မထိ။ တစ်ဖန် ရေလှိုင်းများပေါ် ပေါ်လောပေါ်သည့်အပြင် လေသိုင်း လည်း မြေမထိ၊ ရေမထိ။ လေထဲတွင် တစ်ပင်မှ တစ်ပင်၊ တစ်နေရာမှ တစ် နေရာ လွှင့်ပျံကာ လှုပ်ရှားနေနိုင်သော ပြင်စံရှားဖြစ်လာသည်တွင် မင်းမှုထမ်း မင်းခယောက်ျား မြောက်စားခံရလေ၏။

မောင်ယောက်အား စစ်ပညာဖြင့် ရွေးချယ်ရာတွင် အမိက ခြေသည် တစ်ဖွဲ့ လေးယောက်တွင် မထား။ မြင်း တပ်ဖွဲ့တွင် စီးသူ လုံကိုင်ယောက်ျား အဖြစ် တာဝန်ပေး၏။ မြင်းစီးသူရဲသည် သည် ကိုးယောက်ရှိ၏။

မောင်ယောက် မြင်းစီးဘဝတွင် လည်း မကြာလိုက်ပါ။ စစ်ပွဲတိုင်း အောင်၊ ဆေးစွမ်း အင်းစွမ်းကောင်း၍ မြင်းစီးသူရဲမှတစ်ဖန် ဆင်စီးသူရဲဖြစ်ပြန် ၏။ ဗိုလ်၍ စွမ်းစွမ်းတမံ တာဝန်ကျေသည့် အပြင် ရဲရင့်စွမ်းရည်တွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး စစ်သူကြီးဘဝ၊ ထိုမှတစ်ဖန် မင်းမြှောက်စားမှုဖြင့် ဘုရင့်တူမတော်နှင့် လက်ဆက်၍ မြို့စားကြီးဖြစ်ခဲ့ကြောင်း ပြောပြလေ၏။

◆◆◆

"မင်းသား…မင်းသားရဲ့ ဖခမည်းတော်က ဆေးစွမ်းလည်း အားထားတတ်ပနော်"

"အမောင်သုတ၊ သစ္စာကတိဟာ သတ္တိအစွမ်းအတွက် အရေးကြီးသလို သတ္တိစွမ်းရည်ဟာလည်း မြတ်ဗုဒ္ဓ၏ တရားဒေသနာကို အားကိုးအားထားတဲ့ အပြင် ဆေးဆရာ၊ အင်းဆရာ စီရင်တာတွေဟာလည်း အမိုက်အမှားတွေ မလိုက်စားမှတော့ အောင်မြင်သထက် အောင်မြင်နေတာပေါ့။ အရေးကြီးတာ သစ္စာကတိ အမြဲတည်ကြည်ရမယ် ညီမောင် သုတရေ"

မင်းသားလေး မင်းသိဒ္ဓိအောင်ကား အံ့ဩစရာကောင်းအောင်ပင် လေ့လာမှတ်သား ဆည်းပူးနေလေသော အမျိုးကောင်းသားတစ်ဦးဖြစ်ပါတော့သည်။

(၄)

မင်းသိဒ္ဓိအောင်သည်ကား ဒိသာပါတိုင်းမှ ယောက်ျားတို့ တတ်အပ်သော အဋ္ဌာရသ ၁၈ရပ် တတ်မြောက်ပြီးနောက် မြို့စားကြီး၏ အရိုက်အရာအတွက် ဘကြီးတော်မင်းတရား အားကိုး အားထားရသည့် ရေတွင်း ခံတပ်၏ တပ်မိုလ်အဖြစ် မြှောက်စားရင်းမှ ဖခင်ကဲ့သို့ ဆေးစွမ်းကောင်းရှာဖွေလေတော့သည်။

ဆေးစွမ်း၊ အင်းစွမ်းအပြင် သူကြားဖူးလေသော ကျောက်သန္တေ (ကျောက်သခဲ) သတင်းစကား အစရှာလေ၏။ ဘုန်းကံမြင့်မား မင်းယောက်ျားတွေမှာလည်း အများအားဖြင့် အစွမ်းထက်မှုတွေ ရှာဖွေကြသည်မှာ ဓမ္မတာပင်။ မင်းမှုထမ်းတွေက ပို၍ပို၍ ရှာဖွေအားကိုးကြလေသည်။ ထိုအထဲတွင် မင်းသိဒ္ဓိအောင်သည်လည်း တစ်ပါးအပါအဝင်ဖြစ်လေ၏။

သို့အတွက် သူ၏ ဖခမည်းတော် ထံမှတစ်ဆင့် အရှေ့တောရကျောင်း ထိုင် ဆရာတော်ထံသို့ ရောက်သွား၏။ ထိုကျောက်သန္တေကို ရအောင် ဆောင်ကြဉ်းမည်ဟု သန္နိဋ္ဌာန်စိတ်ဖြင့် ဆရာတော်ထံ ရောက်သွားလေသောအခါ -

"အသင်မင်းသား လာမည်ဆိုသည်ကို မိုးလင်းယံမှာ သူတော်ကောင်းတွေက လျှောက်ထားပြီးသားမို့ ဝါးကျောင်းပေါ် ကြွချီပါ အသင်မင်းသား"

"ဘုရားတပည့်တော် မည်သည့် ပုဂ္ဂိုလ်ကိုမျှ အကြောင်းမကြား၊ အသိမပေးပါ ဘုရား"

"ထားပါလေ၊ အခု သူရဲကောင်း အသင်မင်းသား တောရ ဝါးကျောင်းကို



ရောက်လာပြီပဲမဟုတ်လား"

"ထူးခြားလှပါ၏ အရှင်ဘုရား"

"လာတဲ့ ကိစ္စရော ပြောပြမယ်။ သိဒ္ဓိ ဣဒ္ဓိပါဒ်ရှိသော ပစ္စည်းကို လိုလားလို့ လာခဲ့ခြင်းရော မှန်ပါသလား"

"မှန်လှပါ၊ အရှင်ဘုရား။ လုံးဝ မလွဲပါ။ အရှင်ဘုရားသည် ဤသို့ ကြိုတင် သိမြင်နိုင်ခြင်းသည် ကျွန်ုပ်ကြီး အား ထုတ်မှုဟု ထင်မိပါသည် အရှင်ဘုရား"

"အသင်မင်းသား…ဘုန်းဘုန်း ထံပါးက ပစ္စည်းကိုလည်း စွန့်ဖို့ အချိန် တန်ပါပြီ။ သို့သော် ဤပစ္စည်းရရှိနိုင်ရေးအတွက် လွန်စွာခက်ခဲနက်ရှိုင်း ပင်ပန်းရသလို၊ အသက်နှင့်လည်း ရင်းရပါသည်။ သို့သော် လိုချင်တပ်မက်မှု တဏှာဟာ အရာရာကို ကျော်လွှား ဖြတ်သန်းခဲ့ရသည်။ သို့သော် လောဘဆိုတဲ့ ရယူလိုမှု၊ ဒေါသဆိုတဲ့ ရန်ပွား ရန်မီးတွေအပြင် မောဟ ရာဂမီးတွေ တောက်လောင်ပြီး အဲဒီဒုက္ခတွေကို သုခထင် ယှဉ်ပြိုင်ရမှုတွေက လိုချင် တပ်မက်မှုအစွမ်းတရားမှာ အမိုက်ဆုံး ပါလားလို့ မမြင်ခဲ့ဘူး။ သို့သော်လည်း ပဲ ဒီကာယသိဒ္ဓိပစ္စည်းကို လက်ထဲမှာ ဆုပ်ကိုင်ပြီးတဲ့နောက်မှာတော့ ပုဂ္ဂိုလ် မြတ်တွေရဲ့ အဆုံးအမ လမ်းညွှန်ပြမှု ကြောင့် တရားထိုင် ဘာဝနာပွားရင်း အလွန်ထက်မြက်တဲ့ ပစ္စည်းဟာ ဘုန်းဘုန်းအတွက် ဘာမှအသုံးမဝင်တော့ ပါဘူး အသင်မင်းသား"

"အရှင်ဘုရား…တန်ဖိုးကြီးမားပြီး ကာယသိဒ္ဓိအစွမ်းထက်တဲ့ ပစ္စည်းရရှိပုံကို အသေးစိတ်မဟုတ်သော်လည်း အတိုချုပ်ပြီး သိခွင့်ပြုတော်မူပါ ဘုရား"

"ကောင်းပါပြီ၊ ဘုန်းဘုန်းငယ်စဉ် အသင်မင်းသားအရွယ်ပဲ ဆိုပါတော့။ တစ်ဆင့်စကားကြားရတဲ့ ကျောက်သန္တေပစ္စည်းရှိတဲ့ တောနက်ဂနိုင် ဆီ



www.burmeseclassic.com

www.burmeseclassic.com

တန်းကြမ်းကြမ်းကို ဖြတ်သန်းရာဖွေရတာပေါ့။ ဒီပစ္စည်းမှာ အစောင့်အရှောက်တွေ ရှိကြတယ်။ ထိုက်သူ တန်သူမှ ရယူလို့ ရတယ် အသင်မင်းသား"

♦♦♦

ဇာတိမျိုးရိုးကား ရိုးရိုးတောင်သူ လယ်လုပ် ဓမ္မခုတ်ဖြစ်၏။ သို့သော် တစ်ဆင့်စကား တစ်ဆင့်ကြားရာမှ ကျောက်သန္တေအား ရှာဖွေခဲ့လေ၏။ သတင်းကြားရသည်မှာ ဘီလူးသဘက်တို့ပိုင်နက် ဂနိုင်အထက်က ကျောက်ဂူအတွင်း တစ်ဦးတည်း ဖြတ်သန်းခဲ့၏။ ညအခါ တရားထိုင်၊ နေ့အခါ ခရီးဆက်။ တောနက်လေ သားရဲကျား၊ တောကြီးငန်းမြွေအကြား ဖြတ်သန်းရသည်မှာ မလွယ်။ အန္တရာယ်များ၏။

"အင်း…ငါသည် သားရဲအား မယုံ။ အသက်လျှင် မသတ်၊ ဝိုင်းပတ်ဘီလူးသဘက် မနှောင့်ယှက်ရန် စခန်းချပါ၏။ ငါ့အသက်အား ရန်မရှာနှင့်။ ငါ၏ လက်ထဲမှ သံသေဓားသည်ကား အရှာရာကို စွမ်း၏။ ငါ့လမ်း ငါလျှောက်၊ အနှောင့်အယှက်ရှင်းကြကုန်"

သို့သော် သာမန် တောကောင်သားရဲတွေကား အသားစားရန်သာ သိ၏။ သံသေဓားအကြောင်း မည်သည့်တောတိရစ္ဆာန်မှ မသိကြ။ ဘီလူးသဘက်သာ စွမ်းကြောင်း သိ၍ ကြောက်အောင် ခြောက်၏။ မကြောက်တော့ ဘေးဖယ်ပေးရ၏။ သားရဲတွေကား ကိုက်ရန်အတွက် ရန်ပြုပါသော်လည်း လူစွမ်းကောင်းမို့ မယှဉ်ရဲ။ သိုင်းပညာအတတ်၊ အားထုတ်မှု အစွမ်းတွေကြောင့် ကျားလည်း နိုင်၏။ မသတ်။ အနိုင်ရ၍ အသေမသတ်သည့် စိတ်၊ စေတသိက်တို့ကြောင့် ကျောက်ဂူဝအရောက်…

"ဝုန်း…ဝေါ…ဝေါ…ဝေါ…ဘုန်း"

"ဝီ…ဝီ…ဝီ"

"အလို…အသားစားပျားများပါလား"

ဆင်ပြောင်ကြီးသည်ပင် ထိုအသားစားပျားနှင့် တွေ့ပါက အရိုးသာ ကျန်ကြမည်။ ငါသည် ရန်မမူပါ။ လိုအပ်သော ကျောက်သန္တေအတွက်သာလျှင် အဓိက။

"မကောင်းဆိုးရွား ရှောင်ရှားသွားကြကုန်လော့။ ယခု အသံဗလံတွေကား ငါ့သိ၏။ အနှောင့်အယှက်တွေသာဖြစ်၏"

အမှန်ပင် အနှောင့်အယှက်တွေ အထပ်ထပ် ကာရံပိတ်ဆို့ထားသည့်ကြားမှ ကျောက်ဂူထဲသို့ ကြည့်လိုက်လေသောအခါဝယ် အရောင်တလက်လက် တောက်ပနေသော ကြက်မဒန်းဥလောက်ရှိသည့် ဝိုင်းစက်နေသော ကျောက်သန္တေအား တွေ့ရှိလိုက်ရပါပြီ။ လိုချင်ရမ္မက် ငန်းငန်းတက်နေပါသော်လည်း သတိထိန်းချုပ် နောက်မဆုတ်ဟု ဆုံးဖြတ်ချက်ရဲရဲဖြင့် ကျောက်ဂူထဲ အဝင်မှာပင်…

"အို…လက်ထဲက ဓားကို ချထားပါ။ အသင့်ဓားထက် ကျုပ်၏ သံလျက်က ပို၍အစွမ်းထက်ပါဘိ၊ ထက်ပါဘိ…ထက်ပါဘိ"

ကြောက်မက်ဖွယ် အသံကား ကျောက်ဂူ၏ လုံခြုံမှုကြောင့် ဟိန်းနေ၏။ ပဲ့တင်သံတွေ ထပ်နေ၏။ မည်သို့ပင် ထပ်ထပ်၊ အဘယ်မျှပင် ဟိန်းဟောက် ခြိမ်းခြောက်ပါစေ တစ်စက်မှ နောက်မတွန့် မကြောက်ရွံ့သည့်အပြင်-

"အို… အသင် ဘယ်သူပ။ ကိုယ်ထင်ပြပါလော့။ ကျွန်ုပ်သည်ကား နောက်မဆုတ်ပါ။ လိုအပ်သော အရာ မရမချင်း တစ်ရွေးသားမျှ မဆုတ်၊ ရှေ့သို့ ဆက်မည်"

"ဟား…ဟား…ဟား"

"လူသားနှင့် မထိုက်။ လူမိုက်နှင့် မတန်။ ဤကျောက်သန္တေအမှန်ကား သူတော်ကောင်း သူမြတ်ကောင်းလက်ထဲ ရောက်ရမည့် သိဒ္ဓိအောင်ပစ္စည်း။ ဤခရီး ကျောက်ဂူဝမှ နောက်ကြောင်းပြန်လှည့်ပါလော့"

"နှုတ်စကားအား ပြန်လည်ရုတ်သိမ်းမည်မဟုတ်။ ကျွန်ုပ်သည် ဤပစ္စည်းအတွက် အသက်သေသေ အရယူမည်သာ"

"ကောင်းပြီ။ မှတ်သားစရာ မှာကြားမည်။ ဤပစ္စည်းကား ခိုးသား ဓားပြနှင့် မထိုက်မတန်။ သင်မှ တစ်ဖန်ကတိစကားတည်မှသာလျှင် သင်၏ ခန္ဓာနှင့် ဦးခေါင်း အကြောင်းလုပေမည်။ သင်သည် လူစွမ်း၏။ သို့သော် အဘယ်သို့ အသုံးချမည်ဟု ဆုံးဖြတ်ထားသည် မရှိ။ သို့အတွက် အသင်မှ တစ်ဆင့် လက်ထဲမှာ ရောက်ပြီးသော ထိုကျောက်သန္တေပိုင်ရှင်ပေါ်လာလျှင် လက်ဆင့်ကမ်းရပေမည်။ အသင့်လက်ထဲရောက်သည့်နေ့မှစ၍ ပို၍ပို၍ ကျင့်ကြံအားထုတ်ပွားများပြီး အမှားမပြုပါဟု ကတိစကား ဟောဒီ ကျောက်ဂူဝမှာ ထားခဲ့သော် ဝင်ရမည်သာ"

"ကောင်းပါပြီ။ အကျွန်ုပ်သည် မဟုတ်မတရား အစွမ်းများ မသုံးပါ။ ဤကျဒ္ဒိပါဒ် တန်ခိုးရှင် ရတနာအား လူစွမ်းကောင်း ပေါ်ပေါက်ပါက အမှာအကြားအတိုင်း ပေးပါမည်ဟု ကတိပြုပါသည်"

ထိုသို့ ကတိပြုလိုက်သည်နှင့် ကျောက်ဂူကြီးတစ်ခုလုံး ဝင်းဝင်းထိန်ထိန်နေအရှိန်သို့ မပူ၊ အေးမြ၍ လစန္ဒာ အလင်းထက်လည်း သာ၊ အရောင်အန္တရာယ်ကင်းသည့်အတွက် ဤမှန်

www.burmeseclassic.com

www.burmeseclassic.com

မြတ် ထက်မြက်လေသော အစွမ်းထက်သည့် ကျောက်မျက်ကို အရယူအပြီး-

"အို···အသင်၊ ဤသို့ တန်ခိုးကျော်ဇောပါရှိသော ပစ္စည်းအား တန်ဖိုးထားပါ။ အစွမ်းထက်,မထက် မစမ်းသပ်ပါနှင့်။ အခက်အခဲကြုံပါက အသင် သိရပေမည်။ အသင့်အား အန္တရာယ်ပြုသမျှ လုံးဝ နိုင်၏။ ယှဉ်ပြိုင်သူ ရှုံးကြမည်သာ။ ဝီယသိဒ္ဓိ ကာယသိဒ္ဓိတို့ ပြီးပြည့်စုံသော၊ အစွမ်းထက်သော သိဒ္ဓိရှင်တို့အား ပေါ့ပေါ့တန်တန် မလေးမစား မလုပ်ရန် တားမြစ်လိုက်ပါသည်။ ထိုက်သူ စံရမည်မို့ အသင် ယူဆောင်သွားပါ။ လာလမ်းသည် ကြမ်း၏။ ပြန်လမ်းသည် ချောမွေ့ပြီး ခရီးမရှည်။ အသင်၏ လေးရက်ခရီးအား ယခု တစ်မနက်ဖြင့် ပြန်ရောက်မည်သာ။ ကဲ - ရင်ဝယ်ပိုက်၍ ပြန်လိုက်ပါတော့"

"ကောင်းလှပါပြီ။ အမှာအကြားထိုစကားကို တစ်သွေမတိမ်း စောင့်ထိန်းသွားပါမည်"

ဟု ပြောဆိုကာ လိုချင်ရမ္မက်အသက်နှင့် ရင်း၊ ရရှိခြင်းအတွက်နှစ်သက်ပွေ့ပိုက်ပြန်သည့်အခိုက်ဝယ် စောစောက အသံရှင်အတိုင်း နေမွန်းတည့်မှာပင် ဤတောရအရပ်သို့ ရောက်ပြီး ခေတ္တ တစ်ထောက်နားနေခဲ့၏။

(၅)

"အင်း · · · အသင်မင်းသား၊ ဘုန်းဘုန်းစကားသည် သီလတရားမွေ့ကြောင့် အမှားမပါပါ။ ဤနေရာရောက်ပြီး လိုချင်ရမ္မက်သက်သက်သာ ရှိခဲ့သော လောဘ၊ ဒေါသ၊ မောဟတွေမသိ၊ ငါ ဘာလုပ်မလဲဆိုသည့် အတွေးတွေးမိရင်း ညဉ့်အချိန်ကာလ ပြနေကျကျင့်ကြံအားထုတ်ရာက စိတ်တွေလည်း ပြောင်း၊ ဆန္ဒရမ္မက်တွေကနေပြောင်းသွားလေပြီ။ သို့အတွက် ကျေးရွာ



အထက်က ဘုန်းဘုရားထံမှာ သံဃာအစစ်ခံယူပြီး ဒီတောရကျောင်းမှာ နေခဲ့၊ သီတင်းသုံးခဲ့သည်မှာ အနှစ်၅၀တိတိပဲ မင်းသား။ မင်းသားရော ဤပစ္စည်းရှာဖွေရရှိပါက မည်သို့မည်ပုံ သုံးတော်မူမည်ကို သိလိုပါ၏"

"မှန်လှပါ ဘုန်းဘုန်းဘုရား။ တပည့်တော်ကား မင်းခယောက်ျား တစ်ဦးလည်း ဖြစ်ပါ၏။ မင်းမျိုးမင်းနွယ် အနွယ်ဝင်တစ်ယောက်ဖြစ်သည်နှင့်အမျှ ကိုယ်ကျိုး မသုံးပါ။ တိုင်းပြည်အတွက် အသက်အန္တရာယ် ရန်စွယ် ကာဆီးရာတွင် အဆောင်ကောင်း အကာအကွယ် အဖြစ်ထက် မိမိလက်အောက် ရဲမက်တွေပါမကျန် အန္တရာယ်ကင်း၍ ပြည်တွင်း ပြည်ပ ငြိမ်းချမ်းရေးမှာသာလျှင် အသုံးပြု၊ အကာအကွယ်ပြုပါမည်ဟု ဆုံးဖြတ်ပါသည် ဘုန်းဘုန်းဘုရား"

"ကောင်းမြတ်လှပေစွ အသင်မင်းသား။ လူမှာ ကတိ၊ မင်းမှာ သစ္စာ၊ တည်ကြည်စွာ သုံးစွဲနိုင်ရန်အတွက် အသင်မင်းသားလက်သို့ အပ်လိုက်ပါသည်။ တန်ခိုးထက်မှုတွေကား ဘုန်းဘုန်း သိပြီးသား၊ ကြုံပြီးသားမို့ ယုံယုံကြည်ကြည်သာ အကျိုးဆောင်ပါလော့။ ကဲ - ကျောက်ဂူထဲက သူတော်ကောင်းစကားအတိုင်း အကျိုးပြုရာတွင် ထောက်ရှုပါလော့"

"ကျေးဇူးကြီးလှပါ၏။ မှန်သောစကားလည်း ဆိုခဲ့ပါ၏။ သစ္စာတရားထပ်မံပြုပါသည်။ အကျွန်ုပ်သည် ဤဝီယသိဒ္ဓိ၊ ကာယသိဒ္ဓိ ပြီးပြည့်စုံသော ပစ္စည်းအား အမှားအယွင်းစမ်းသပ်ခြင်း မှတစ်ဖန် ကိုယ်ကျိုးသုံးမိပါက အန္တရာယ်ဆိုးနှင့် တွေ့ရကြုံရ ဒုက္ခလှလှကြီး ခံစားရပါလို၏ဟု ကတိစကား အရှင်ဘုရားရှေ့တွင် သစ္စာပြုခဲ့ပါသည်"

"ကောင်းလေစွ အသင်မင်းသား"

မင်းသိဒ္ဓိအောင် မင်းသားအား တောကျောင်းဆရာတော်မှ သူ၏ အသက်ခန္ဓာဖြင့် အတူမခွဲမခွာခဲ့လေသော သံသေတ္တာကိုပါ မင်းသားအား ပေးလိုက်လေတော့သည်။

"အို···အသင်မင်းသား၊ ဤသံသေတ္တာ၏ အစွမ်းထက်ပုံအား တာစောင့် တာပိုင်မှ တစ်နေ့နေ့ ပြောပြလေမယ်။ ဘုန်းဘုန်းမပြောလိုပါ။ ကဲ - လာလမ်းကို ပြန်ပါလေတော့"

"ဘုန်းဘုန်းအား ဦးတိုက်ခဲ့ပါတယ်"

"ကဲ - ကျောက်သေတ္တာ သံသေတ္တာတို့အား စွမ်းသူလက်သို့ အပ်လိုက်ပါပြီ။ ဘုန်းဘုန်းလည်း တည်မြဲနေသည့် တရားပွားများပါတော့မယ်"

"ကျေးဇူးကြီးလှပါသည် ဘုန်းဘုန်းဘုရား" ■

* * *

မင်းခဲရွှေ

www.burmeseclassic.com

# အပြုံးအဆိုင်း အတိုက်အခိုက်တွေအတွက်

မိုးဟိန်းကျော်(လပွတ္တာ)

ကျွန်ုပ်နေခဲ့သော လပွတ္တာမြို့၏ အနောက်ဘက်တွင် ကားလမ်းနှင့် ဆက်သွယ်ထားသော "လပွတ္တာလုပ်"ဟူသော ရွာကြီးတစ်ရွာရှိသည်။ ထိုရွာကြီးအား အလယ်တွင် "လပွတ္တာလုပ်ချောင်း"ဟု အမည်ရသော ချောင်းတစ်ခုက ဖြတ်သန်းစီးဆင်းထားသောကြောင့် လပွတ္တာလုပ်တောင်ဘက်ခြမ်းနှင့် လပွတ္တာလုပ်မြောက်ဘက်ခြမ်းဟု နှစ်ပိုင်းကွဲနေသည်။ ထိုလပွတ္တာ/လပွတ္တာလုပ်လမ်းမကြီးကား မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်သွားသူ စသည်များဖြင့် ဥဒဟိုသွားလာ စည်ကားသည်။ လပွတ္တာလုပ်တောင်ဘက်ခြမ်းရှိ ဘုရားကြီးကုန်းမည်သော ဌာနတွင် ရှေးအခါက ဘုရင်မကြီး ရှင်စောပု ရောက်ရှိခဲ့ပြီး တည်ထားခဲ့သည်ဆိုသော (ရှင်စောပုဘုရား) ယခု ရှင်စောမြတ်စေတီတော်ကြီးတစ်ဆူမှာ တင့်တယ်ခမ်းနားသပ္ပာယ်စွာ တည်ရှိသည်။ ရှေးဟောင်းသမိုင်းဝင်ဘုရားအဖြစ် တန်ခိုးကြီးသည်။

ထိုလပွတ္တာလုပ်ရွာတွင် ကျွန်ုပ် ငယ်စဉ်က သိုင်းပညာသင်ကြားပေးခဲ့ဖူးသော တပည့်များ ရှိကြသည်။ နှစ်ပေါင်း ၃၀ကျော်ကာလ ကြာရှည်ပြီဖြစ်သောကြောင့် ယခုဆိုလျှင် အသက် ၄၀ခန့်ရှိနေကြချေပြီ။ အကြောင်းကြောင်းကြောင့် လပွတ္တာမြို့ပေါ်မှ တောနယ်ကျေးရွာများတွင် သွားရောက်နေထိုင်ခဲ့ရပြီး လွန်ခဲ့သောနှစ်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဘေးကြောင့် ဒုက္ခရောက်ကာ ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာရှိ ကက်သလစ် သာသနာဘုန်းတော်ကြီးမှ ကယ်တင်စောင့်ရှောက် ပံ့ပိုးကူညီထားမှုဖြင့် ဝါးခယ်မ-ရွှေလောင်း ကားလမ်းဒေသတစ်ခု၏ လယ်ကွင်းထဲတွင် အခြေချ နေထိုင်လာခဲ့သည်မှာ တစ်နှစ်ခွဲကျော်ကာလတိုင်ခဲ့ပြီဖြစ်သည်။ လယ်သမားဘဝ၏ ဆင်းရဲပင်ပန်းမှုကို ကိုယ်တိုင်ခံစားရင်း တစ်ဖက်ကလည်း မိမိဝါသနာအရင်းခံသော စာရေးခြင်းအလုပ်ကို ဝါယမစိုက်လုပ်နေသည်။

တစ်နေ့ မရောက်တာ ကြာပြီဖြစ်သော လပွတ္တာမြို့သို့ စာပေကိစ္စတစ်ခုဖြင့် ရောက်ရှိလာရင်း မတွေ့တာ ကြာပြီဖြစ်သော တပည့်ရင်းချာများနှင့် ရောက်တုန်း တွေ့ဆုံရန် လပွတ္တာလုပ်ရွာမကြီးသို့ လမ်းလျှောက်ထွက်ခွာလာခဲ့သည်။ လပွတ္တာမြို့မှ နှစ်နာရီနီးပါးလျှောက်သည်နှင့် လပွတ္တာလုပ်တောင်ဘက်ခြမ်း ကျေးရွာသို့ ရောက်ရှိသည်။ မရောက်တာကြာသော်လည်း ယခင်အတိုင်း အခြေမပျက် မပြောင်းလဲဘဲရှိနေသေးသော လပွတ္တာလုပ်တောင်ဘက်ခြမ်းရွာကား ကျွန်ုပ်နှင့် မစိမ်းပေ။

ရွာလမ်းမအတိုင်း ဝင်လာပြီး ရွာအလယ်ပိုင်းရောက်လှ၍ တဒေါင်ဒေါင် တဒင်ဒင်နှင့် ပန်းပဲထုသံများကို ကြားရတော့သည်။ ကျွန်ုပ်လည်း ထိုပန်းပဲလုပ်သော အိမ်ခြံဝင်းအတွင်းသို့ ချိုးကွေ့ဝင်လိုက်ကာ မီးတရဲရဲ၊ ချွေးတရွှဲရွှဲနှင့် လုပ်ငန်းတွင် အာရုံစိုက်နေသော ပန်းပဲရုံဝဥ္စ ရပ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အသက် ၄၀ကျော်ခန့် အသားဖြူဖြူ အရပ်ကောင်းကောင်း၊ ကျစ်လျစ်သော ခန္ဓာပိုင်ရှင်တစ်ဦးက ပေတုံးပေါ်ရှိ ရဲရဲနီနေသောခဲကို လက်မှ သံညှပ်ဖြင့် တင်ကာ အာရုံစိုက်နေသည်။ ထိုရှေ့မှ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် အသက် ၄၀ခန့် လူတစ်ဦးက ပေါင်တူကို ရိုက်ရန် မြှောက်လိုက်စဉ် အနီး၌ ရပ်လာသော ကျွန်ုပ်ကို တွေ့သွားပြီး လက်ထဲက ပေါင်တူကြီး မြှောက်လျက်သားက ရယ်ရမလို၊ ပြုံးရမလို မျက်နှာပေးဖြင့် ငေးတေးတေးဖြစ်နေသည်ကို အောက်မှ ဖိုခေါင်းက -

"ဟေ့ကောင်…ရိုက်လေကွာ"

ဟု ပြောရင်း မော့ကြည့်သည်နှင့် ကျွန်ုပ်ကို တွေ့မြင်သွားကာ အံ့သြဝမ်းသာစွာဖြင့်…

"ဟာ…ဆရာ"

ဟု ခပ်တိုးတိုးဆိုမြည်သည်။ ပန်းပဲရုံပိုင်ရှင် ဖိုခေါင်းဖြစ်သူ ကိုလှကြည်နှင့် ပေါင်တူကြီး ကိုင်ကာ ရိုက်ရန်ပြင်နေသူ ကိုစန်းရွှေတို့က ကျွန်ုပ်၏ ယေတပည့်များဖြစ်ကြသည်။ အားလုံးထဲမှာ အလွန်ရင်းနှီးခင်မင် လေးစားကြသူများလည်း ဖြစ်ကြသည်။

ကျွန်ုပ်က ပါလာသော ခရီးဆောင်အိတ်ကို ဖိုရုံအတွင်းရှိ ကွပ်ပျစ်ပေါ်တွင် ချရင်း လှုပါ အနားယူ ထိုင်ချလိုက်သည်။ ကိုလှကြည်နှင့် ကိုစန်းရွှေတို့ကလည်း လုပ်လက်စ အလုပ်များ ထားလိုက်ကာ ကျွန်ုပ်အနီး ရောက်လာကြသည်။

"ဟေ့ - မငွေရေ ဒီမှာ သေရွာပြန် ဆရာနာဂစ်ရောက်နေတယ်ဟေ့။ ရေနွေးကြမ်းယူခဲ့ပါဟ"

ကိုလှကြည်က ဖိုရုံနောက်ဘက် ကပ်လျက်ရှိသော အိမ်ပေါ်မှ ဇနီးဖြစ်သူထံ ဝမ်းသာအားရ လှမ်းအော်လိုက်သည်။

"အောင်မလေး…တွေ့ပါတော်။ ဆရာဝင်လာကတည်းက လှမ်းမြင်နေလို့ ရေနွေးကြမ်းရော၊ ထန်းလျက်နဲ့ လက်ဖက်ပါ ယူလာခဲ့ပါတယ်တော်"

ဟု ကိုလှကြည်ဇနီး မငွေက ပြောပြောဆိုဆို ရေနွေးကြမ်းဗန်းကို ကိုင်ရင်း ဝင်လာသည်။

"ကဲ - ဆရာ အလည်သက်သက်ပဲလား"

"အင်း…ဒီလိုပြောလည်း ရတာပဲ။ ဒါပေမယ့် ဒီလိုလည်း မဟုတ်ပြန်ဘူးကွ။ လပွတ္တာကို စာပေကိစ္စတစ်ခုနဲ့ လာရင်း မင်းတို့လည်း တွေ့ချင်တာနဲ့ တမင်လာခဲ့တာပဲ"

"အား…ဒါဆို ရောက်တုန်း နေသွားပါဦး။ ပညာလေးဘာလေး ပြန်နွှေးကြရအောင်"

"အိုးဟိုးဟိုး…မလုပ်ပါနဲ့ စန်းရွှေရာ၊ မမိုက်ချင်တော့ပါဘူး။ တော်ပြီလေကွာ။ မင်းတို့ ငါတို့ နှစ်ပေါင်း ၃၀လောက် မိုက်လာခဲ့ကြတာ။ ခုအရွယ်တွေက သေမင်းနဲ့ လက်တစ်ကမ်းဖြစ်နေကြပြီကွ။ တရားဖက်လို့ ကျန်တဲ့ သက်တမ်း တန်ဖိုးရှိရှိ အသုံးချရတော့မှာကွ"

"အားပါး…ဆရာတောင် သံဝေဂတွေ ပြောပြီပဲ။ အလကားပါ ဆရာ၊ ဝမ်းသာတာနဲ့ ကျီစားတာပါ။ ဆရာ စာတွေပေတွေ ရေးနေတယ်လို့ မဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ်။ ကျွန်တော်တို့ဆီမှာ ဂန္ထဝင်ရဆန်းကြယ်မဂ္ဂဇင်း၊ လပြည့်ဝန်း မဂ္ဂဇင်း၊ ဂန္ဓာရီမဂ္ဂဇင်းတွေကို စာဖတ်ပရိသတ်က ကြိုက်ကြတယ် ဆရာ။ အဌားဆိုင်တွေမှာလည်း အဌားကောင်းတဲ့ မဂ္ဂဇင်းတွေပဲ။ အဲဒီမှာ ဆရာ့ဝတ္ထု၊ ဆောင်းပါး၊ ဗေဒင်၊ ယတြာအဆောင်တွေ ဖတ်ရတယ်။ ကိုယ်တို့ဆရာ ဒီလို သိက္ခာရှိတဲ့ ဘဝပြောင်းသွားတာ ကျွန်တော်တို့က ဂုဏ်ယူပါတယ် ဆရာ"

စန်းရွှေ အားရပါးရပြောသည်ကို ကျွန်ုပ်က အပြုံးဖြင့် ငြိမ်သက်စွာ နားထောင်နေသည်။

◆◆◆

ထိုနေ့ည ကိုလှကြည်နေအိမ်တွင် တပည့်ဟောင်းများနှင့် ရေးဟောင်း နှောင်းဖြစ်များ အောက်မေ့ဖွယ် ပြောဆိုကြရင်း…

"ဟာ…ခုမှ သတိရတယ်။ နီးရက်နဲ့ ဝေး၊ သိသူဖော်စား မသိသူ ကျော်သွားဖြစ်တော့မလို့"

ရုတ်တရက် စန်းရွှေပြောလိုက်သည်ကို ကိုလှကြည်က -

"ဟ…ဘာဖြစ်တာလဲ စန်းရွှေရ။ မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့"

"ဒီလိုကွ။ ခု ငါတို့ဆရာက ဗွယ်စုံပန်းချီ လေးဝင်းလေကွာ။ ဒီတော့ ငါ့မှာ ရှိနေတဲ့ အဲ - ဖြစ်နေတဲ့ အခက်အခဲကို ဆရာ့ကို ပြောပြပြီး အကူအညီတောင်းရမှာပေါ့"

ကျွန်ုပ်က ကိုစန်းရွှေကို ပြုံးကြည့်ရင်း…

"ကဲ - ကိုစန်းရွှေက ဘာတွေများ အခက်အခဲတွေ ဖြစ်နေလို့လဲ၊ ပြောပါဦး"

"ဒီလို ဆရာရေ။ ကျွန်တော်လည်း စားဝတ်နေရေးအတွက် စီးပွားရေးလုပ်ငန်းတွေ အမျိုးမျိုးလုပ်တာပါပဲ။ ခုထိတော့ ဘယ်ဟာမှ အဆင်မပြေသေးဘူး။ ဒီလိုပဲ လုံးလည်ချာပြားဖြစ်နေတာပါပဲ။ ဒီကြားထဲ ဆိုးတာက အောင်မြင်နေလို့ အတိုက်အခံ အပြိုင်အဆိုင်ဖြစ်နေရင် ထားပါတော့။ ခုဟာက ဘာမှ လုပ်မဖြစ်ရတဲ့ကြားထဲ အပြိုင်အဆိုင် အတိုက်

www.burmeseclassic.com

အခုံက ရှိနေသေးတယ် ဆရာ။ စိတ်ကို တော်တော်ထိန်းထားရတယ်။ ဘဝမပျက်ချင်လို့ သည်းခံနေရတာ။ အဲဒါ ဆရာရောက်တုန်း ဒီအခက်အခဲတွေ အဆင်ပြေအောင် ကူညီခဲ့ပါဦး ဆရာရယ်"

"သြော်…ဒီလိုလား။ စိတ်ကို ထိန်းထားတာ ကောင်းပါတယ်ကွာ။ စိတ်ကို စိတ်နဲ့ပဲ ခုံးမရတယ်ကွ။ ထားပါတော့လေ။ မင်းပြောတဲ့ အခက်အခဲမျိုးကို အဆင်ပြေစေတဲ့ နည်းကောင်းတစ်ခု ငါ့မှာ ရှိတယ်ကွ။ ဒါကလည်း ငါ နယ်လှည့်ရင်း ဒေသတစ်ခုအရောက်မှာ ရသေ့ဝိဇ္ဇာကြီးတစ်ပါးနဲ့ တွေ့ဆုံခဲ့ရပြီး ပေးခဲ့တဲ့ နည်းပဲကွ။ ဒီနည်းကို မင်းလိုပဲ ငါ့မှာ အခက်အခဲ အတိုက်အခံ အပြိုင်အဆိုင်တွေ ရှိတုန်းက သေသေချာချာသုံးခဲ့ဖူးတယ်။ အတော်အဆင်ပြေတယ်ကွာ။ ဒီလို အခက်အခဲရှိတဲ့ ငါ့မိတ်ဆွေတချို့ကိုလည်း ပေးခဲ့ဖူးတယ်။ အောင်မြင်ကြတယ်လို့ ပြောကြတယ်ကွ။ ဒီတော့ အဲဒီနည်းကို ငါပေးမယ်။ ရော့ - ဒါက အတိုက်အခိုက် အပြိုင်အဆိုင်တွေအတွက် အောင်မြင်စေတဲ့ အနန္တ အတုလံ မဟာသရဏဂုံ စမတော်ကြီးလို့ ခေါ်တယ်ကွ။ ဒီ စမတော်ကြီးရဲ့ အလယ်ကွက် (နံ)ဆိုတဲ့ နေရာမှာ သုံးတဲ့သူရဲ့ မွေးနံဂဏန်းထည့်ရမယ်ကွ။ နောက်ပြီး အဲဒီ စမတော်ကို မိတ္တူဖြစ်ကူးပြီး ဖယောင်းတိုင်မှာ ပတ်၊ မွေးနေ့မနက် ဖြနာရီတိုင်း တစ်နေ့ တစ်တိုင်ထွန်း၊ မေတ္တာသုတ် ဖြခေါက်ရွတ်။ ဒုတိယက ဟောဒီ စမဘုရားပုံတော်ကို မိတ္တူကူး၊ ကတ်လောင်းပြီး မင်းအိမ်ရဲ့ ဘုရားဆောင်အထက်မှာ မွေးနေ့မနက် ဖြနာရီမှာ ချိတ်ဆွဲ၊ အောင်ဂါထာတော် ဖြခေါက်ရွတ်ဆိုပူဇော်၊ ရတယ်မို့လား။

ဇယစက္ကော၊ ဇယန္တော့ယော၊
ဇယိတဗ္ဗေ၊ ဇယာသနေ၊
ဇယံပေသိ၊ ဇယောသိန်၊
ဇယံဒေဗာ၊ ဇယုတ္တယော…

ဆို။ နောက်ပြီး "ဝိဇ္ဇာစရဏ သမ္ပန္နော" ဂုဏ်တော်ကို ပုတီး ဖြပတ်စိပ်။ မင်းမှာ ရှိနေတဲ့ အခက်အခဲပြဿနာတွေ အောင်မြင်ဖို့ ဆုတောင်းပေါ့ကွာ။ အဲဒီလို ဖြရက်လုပ်ရင် မကြာခင်မှာ မင်းမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲ ပြဿနာတွေ သိသိသာသာပြေလည် အောင်မြင်သွားပါလိမ့်မယ်"

ကိုစန်းရွှေက ကျွန်ုပ်ပြောသမျှကို သေချာစွာ ဂရုစိုက်လျက် လေးလေးစားစား နာယူမှတ်သားရင်း ကျွန်ုပ်ပေးသော စမပုံတော်များကို ရိုရိုသေသေ ဝမ်းသာစွာ ယူလိုက်သည်။ ထိုနေ့ညဉ့် ကျွန်ုပ်နှင့် တပည့်များ ဝမ်းမြောက်ဝမ်းသာ ပြော

အတိုက်အခိုက် အပြိုင်အဆိုင်တွေအတွက် သိဒ္ဓိ စမဘုရားပုံတော်



(မိတ္တူကူး။ ကတ်လောင်းပြီး ဆောင်ရန်)

အနန္တအတုလံ မဟာသရဏဂုံ အင်းတော်ကြီး

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဦ | ဏော | န္တော | တော | အောင် | နံ | ယံ | ဍ္ဍ | ဒ္ဒ |
| ဒါ | ဧ | ဩော်ဇ | အ | သံ | ပ | ပု | န္တော | ဂု |
| ဂု | နံ | ပု | ဂ | စ | ရ | သ | ဂု | ဂု |
| န္တော | ဋ္ဌ | မိ | သ | ဒ္ဒံ | ဿာ | မ္မံ | ဏော | အာ |
| အ | တု | ဏံ | မ | (နံ) | ရ | ဏံ | ဏော | ဏော |
| သ | နံ | ယံ | ဿာ | ဂ | သ | မိ | စ | အ |
| ပိ | ဏော | ဿာ | ရ | သံ | ဂ | ဏံ | အ | အ |
| အ | မိ | မ္မ | ဟာ | ဂု | နံ | န္တော | နံ | ရိ |
| ဂု | တာ | ဏော | မာ | ဓ | န္တော | ယ | ဟံ | နံ |

(မိတ္တူကူးပြီး ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်းရန်)

ဟောကြရင်း အချိန်ကုန်လွန်ခဲ့ကြသည်။ နောက်တစ်ရက် ညနေပိုင်းတွင် နေရပ်ဒေသ ဝါးခယ်မသို့ ပြန်ရန် တပည့်များအား နှုတ်ဆက်လျက် လပွတ္တာမြို့သို့ ထွက်ခွာလာခဲ့တော့သည်။

ဤသို့ အတိုက်အခိုက် အပြိုင်အဆိုင်များကြောင့် အခက်အခဲရှိနေကြရသူများအတွက် အသုံးပြုနိုင်ရန် အထက်ပါ ပုံတော် ဇယားများဖြင့် ရေးသားဖော်ပြလိုက်ရပေတော့သည်။■

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

* * *

မိုးဟိန်းကျော်(လပွတ္တာ)



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်အမြင် နက္ခတ်ဂြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ ဇန်နဝါရီလ၊ ခုနစ်နေ့သားသမီးများအတွက်

# တြင်းရှုပ်အဟောစာတမ်းများ

မွှာစရိယ ဦးအောင်ကျော်မိုး

BURMESE CLASSIC .com

## တနင်္ဂနွေသားသမီးများ

### ယခုလ ဓနုရာသီ တတိယတြင်းရှုပ်အဟောထွက်သည်။



**စီးပွားရေး။** မထင်မှတ်သော အလုပ်ပေါင်းများမှ ငွေရမည်။ ကံကောင်းနေမည်။ ကြံစည်လုပ်ကိုင်သမျှ ငွေရလွယ်သောအချိန်ဖြစ်သည်။ နာမည်ဂုဏ်သတင်းကျော်ကြားမည်။ ကြော်ငြာများမှ အထူးကျေးဇူးခံစားရမည်။ ရာထူးတက်မည်။ ၁၄ရက်ကျော်လျှင် ငွေကုန်များမည်။ အောက်ခြေလွတ်တတ်သည်။ ကြီးသူတို့ကြောင့် စီးပွားရေး လုပ်ရကိုင်ရခက်မည်။ နည်းပညာဆက်သွယ်ရေး လုပ်ငန်းများ အောင်မြင်မည်။

**အိမ်ထောင်ရေး။** အစစ စိတ်ကူးမတူ၊ လွဲချော်နေမည်။ သားသမီးများနှင့်ပတ်သက်၍ စကားများရမည်။ ဆွေမျိုးများ ပြန်သွားလျှင်လည်း ရန်ဖြစ်ရတတ်သည်။ ၁၄ရက်ကျော်လျှင် သာယာပျော်ရွှင်မှု ပိုများသည်။

**ပညာရေး။** မြေယာ၊ ဘူမိဗေဒ၊ မြေတိုင်းနည်း ပညာများ သင်ယူတတ်မြောက်လွယ်သည်။ စစ်ပညာနှင့် အင်ဂျင်နီယာဆိုင်ရာများ လေ့လာဖြစ်မည်။ စစ်ဘက်က ဖြစ်လျှင် တစ်ဆင့်မြင့် ပညာသင်ယူခွင့်ရမည်။ သင်္ချာနှင့်ကျက်စာများ ညံ့နေမည်။ လက်ရေး လုံး၀ မှားယွင်းမည်။

**အချစ်ရေး။** ချစ်သူနှင့် လမ်းခွဲရမည်။ အိမ်ထောင်ကို လျှပ်တစ်ပြက်ပြုလျှင် ၁၃ရက်အတွင်း ရနိုင်၍ ၁၄ရက်ကျော်လျှင် ဝေးကွာသွားတတ်သည်။ အိမ်ထောင်ဘက်က ဆန္ဒရှိသော်လည်း ကိုယ်တိုင်က ဝေခွဲရခက်နေမည်။

**ကျန်းမာရေး။** ဆီးရောဂါနှင့် မီးယပ်ရောဂါများ ဖြစ်လွယ်သည်။ ပေါင် ကိုက်ခဲ နာကျင်မည်။ အစားမှား၊ မသန့်ရှင်းသောလေများကို ရှူသွင်းမှုကြောင့် ချောင်းဆိုးမည်။

**ကံကောင်းသောအရောင်** - ကြေးနီရောင်၊ ပန်းရောင်၊ အညိုရောင်။

**ကံကောင်းသောဂဏန်း** - ၁၊ ၂၊ ၀ ဂဏန်းများ။

**ယတြာ** - တောင်ထိပ်ပေါ်ရှိ စေတီဘုရားများအား ရေသက်စေ့လှူ၍ ဆုတောင်းပါ။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ



ယခုလ သိဟ်ရာသီ ပထမတြင်းရှစ်အဟောထွက်သည်။

**စီးပွားရေး။** အလုပ်သစ်များ ပေါ်လာမည်။ အလုပ်ဟောင်းမှာလည်း မပြီးပြတ်အောင် ရှုပ်နေမည်။ ၁၄ရက်ကျော်လျှင် ဆက်သွယ်မှုများ ရလာမည်။ စက်၊ ယာဉ်အရောင်းအဝယ်နှင့် အကျိုးဆောင်အလုပ်များမှ ငွေဝင်မည်။ လက်ဝတ်ရတနာအဟောင်းများဝင်လာမည်။ စိန်ထည်အကျိုးပေးသည်။ အလုပ်လျှောက်လျှင် ရလွယ်သည်။ ငါး၊ ပုစွန်ကန်များ ရေလိုနေမှုကြောင့် အသုံးစရိတ်တက်မည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဘက် ရာထူးတက်မည်။ ငွေကြေးထောက်ပံ့ပေးနေရမည်။ ကိုယ်က စိတ်မတိုလျှင် အိမ်တွင်းရေး အဆင်ပြေမည်။ အိမ်ထောင်ဘက်မှာ အလုပ်ရှုပ်နေ၍ နားလည်မှုပေးရန် လိုသည်။ ခွဲနေလျှင် စိတ်ချမ်းသာမည်။

**ပညာရေး။** အလွန်ကောင်းမွန်နေမည်။ ကိုယ်တိုင်က မာနရှိပြီး ဆရာကို အားမကိုးမှုကြောင့် မှားယွင်းမှုကြုံမည်။ မိတ်ဆွေကောင်းများက ကူညီမည်။ ပညာရေးအထောက်အပံ့ရမည်။ ရံခါ အချိန်လု၍ ပညာသင်နေရမည်။

**အချစ်ရေး။** အလုပ်တူ လုပ်ဖော်ကိုင်ဖက်များနှင့် ခင်မင်မိရာမှ ချစ်သွားလိမ့်မည်။ အဆင့်တူ၊ ပညာတူသူများ ဖြစ်လိမ့်မည်။ အချစ်ချိန်ခွင်လျှာကို ညှိနေမိမည်။ အစစ အပေါ်စီးက နေမိမည်။ ခရီးသွားရန် စီစဉ်ပြီးမှ ပျက်သွားမည်။

**ကျန်းမာရေး။** စိတ်ဂနာမငြိမ်၊ အနာအပူဖုများ ပေါက်မည်။ ယားယံမည်။ ရံခါ စိတ်အားငယ်မှု ကြုံမည်။ သွားနာမည်။

**ကံကောင်းသောအရောင်** - ကြေးနီရောင်၊ ပန်းရောင်၊ အဖြူရောင်များ။
**ကံကောင်းသောဂဏန်း** - ၁၊ ၂၊ ၆။
**ယတြာ** - မွေးနေ့တွင် ဘုရား၌ မွေးနံထောင့်မှာ အမွှေးတိုင် သက်စေ့လှူ၍ ဆုတောင်းပါ။

BURMESE CLASSIC .com

## အင်္ဂါသားသမီးများ



ယခုလ မကာရရာသီ ဒုတိယတြင်းရှစ်အဟောထွက်သည်။

**စီးပွားရေး။** လခစားအလုပ်နှင့် လုပ်အားစိုက်သော အလုပ်များမှသာ ငွေဝင်မည်။ ယာဉ်၊ ကားနှင့် လက်ဝတ်ရတနာများ အောက်ဈေးဖြင့် ရောင်းနေရမည်။ ခရီးသွားလုပ်ငန်းများ။ ဝန်ဆောင်မှုနှင့် အခြားကုန်ကျစရိတ်တွေ များနေ၍ အိတ်စိုက်နေရမည်။ မြေယာအဆောက်အအုံများ ဈေးမြင့်နေသော်လည်း အဝယ်မလိုက်။ ဂုားလျှင် ငွေရလွယ်မည်။

**အိမ်ထောင်ရေး။** အခေါ်အပြောနည်းနေမည်။ ခွဲနေရမှုများက များနေမည်။ စကားပြောလျှင် အလုပ်အကြောင်းနှင့် သားသမီးအကြောင်းများသာ။ အေးစက်နေသော အိမ်ထောင်ရေးဖြစ်သည်။

**ပညာရေး။** သင်ယူလိုသော ပညာရပ်က များနေမည်။ ပင်ပန်းခက်ခဲမည်။ ပညာချွန်ဖလှယ်ဖြစ်မည်။ ပညာရေးအထောက်အကူပြုပစ္စည်းများ ပျက်မည်။

**အချစ်ရေး။** အချစ်ရေးပြောင်းပြန်ဖြစ်မည်။ ရွေးချယ်ရခက်မည်။ အလုပ်ထဲမှ ချစ်သူနှင့် ခွဲခွာရမည်။ လက်ဆောင်ပေးမိလျှင် အမြန်ခွဲဖြစ်မည်။ ကျွန်းမြှောင် လူပျိုကြီး အပျိုကြီးများနှင့် တွေ့ရမည်။

**ကျန်းမာရေး။** ဝမ်းပျက်မည်။ ဗိုက်ပူ၊ လေအောင့်လေထိုး အစာမကြေဖြစ်မည်။ သစ်တောထဲသွားရာမှ ရောဂါရလာမည်။

**ကံကောင်းသောအရောင်** - အဖြူရောင်၊ အနက်ရောင်။
**ကံကောင်းသောဂဏန်း** - ၆၊ ၇၊ ၀။
**ယတြာ** - စာအုပ်များ လှူဒါန်းခြင်း။ ဆေးသုတ်၊ ဆေးခြယ်ခြင်း။ ရွှေသင်္ကန်းများကို မွေးနေ့တွင် သင်္ကန်းကပ်လှူခြင်းများပြု၍ ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ



ယခုလ ဓနုရာသီ ပထမကြြင်းရှစ်အဟောထွက်သည်၊

**စီးပွားရေး။** အပြောင်းအလွဲမြန်သောအချိန်။ ကတိပျက်မှုများခြင်း။ ချိန်းထားရာမှ လွဲခြင်း။ စာချုပ်ဖောက်ဖျက်မှုများ ကြုံမည်။ ငွေကြေးဖလှယ်မှု၊ ငွေလွှဲမှုများမှ အမြတ်ရမည်။ ပညာသင်ပေးခြင်း။ မိမိပညာကို တန်ဖိုးရှိစွာ အသုံးချခြင်း။ ၁၄ရက်အတွင်း အိမ်ထောင်ဘက်အကူအညီဖြင့် အကျိုးဆောင်အလုပ်များမှ ငွေဝင်မည်။

**အိမ်ထောင်ရေး။** ၁၄ရက်အတွင်း စကားများ။ ရန်ဖြစ်နှင့် မဆုံးနိုင်အောင်ဖြစ်မည်။ စကားတစ်လုံးတည်းနှင့် ကတ်သတ်နေဖြစ်မည်။ ၁၄ရက်ကျော်လျှင် လင်မယားခွဲနေရတတ်သည်။ သွေးအေးနေမည်။ သားသမီးတို့ကြောင့် သင့်မြတ်အောင် နေဖြစ်မည်။

**ပညာရေး။** ၁၄ရက်ကျော်လျှင် ပညာရေးကောင်းသည်။ ဆရာမိဘတို့၏ အကူအညီရမည်။ အလုပ်ကိစ္စ သူတစ်ပါးအား အကူအညီပေးမှုများကြောင့် ပညာရေးအနှောင့်အယှက်ဖြစ်မည်။

**အချစ်ရေး။** မတည်ငြိမ်သောအချစ်။ အချစ်ဟောင်းများနှင့် ဝေးနေချိန်။ အချစ်သစ်ကလည်း မရေရာ။ လိမ်ညာခံရမှု များမည်။ အချစ်အတွက် ပုံပိုးမှုမှန်သမျှ အချည်းနှီးဖြစ်မည်။

**ကျန်းမာရေး။** ယားယံမည်။ အအေးပိုင်းဒေသကို သွားမိရာမှ ရောဂါမျိုးစုံရမည်။ ကိုယ်ခံအားနည်းမည်။

**ကံကောင်းသောအရောင်** - ရောင်စုံ၊ စပ်ကျားနှင့် အဝါနုရောင်။

**ကံကောင်းသောဂဏန်း** - ၅၊ ၇၊ ၉။

**ယတြာ** - အဆိပ်ရှိသော မြွေ၊ ပုရွက်ဆိတ်၊ ကိုက်တတ်သောခွေး တို့တွင် နီးစပ်ရာကို အစာကျွေး၍ မေတ္တာပို့ပေးပါ။

## ကြာသပတေးသားသမီးများ



ယခုလ ဗြိဿရာသီ ဒုတိယကြြင်းရှစ်အဟောထွက်သည်၊

**စီးပွားရေး။** စက်မှု၊ လယ်ယာမြေနှင့် အဆောက်အအုံဆိုင်ရာများ၊ ပုံနှိပ်လုပ်ငန်းများ ဖြည်းဖြည်းနှင့် မှန်မှန်လုပ်ဖြစ်မည်။ စီးပွားတက်မည်။ နိုင်ငံခြားငွေများ ဝင်မည်။ လူမျိုးခြားတို့နှင့် စပ်တူလုပ်ဖြစ်မည်။ အစိုးရဆိုင်ရာအလုပ်များအတွက် ငွေသွင်းဖြစ်မည်။ အခန်းနှင့် အဆောက်အအုံများ ငှားထားသော်လည်း ငွေပြန်မဝင်ဖြစ်မည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဖက်၏ မှုမမှန်မှုများ တွေ့ကြုံရမည်။ ရံခါ အရမ်းကောင်း၍ ရံခါ ဆိုးဆိုးဝါးဝါး နာမည်ပျက်မှု ကြုံမည်။ အိမ်ထောင်ဖက်အတွက် စိတ်အပူရဆုံးအချိန်ဖြစ်သည်။

**ပညာရေး။** လက်ရှိ ပညာရေး စိတ်မဝင်စားနိုင်အောင်ဖြစ်မည်။ ငွေသွင်းပြီးမှ သင်တန်းမတက်ဖြစ်မှု၊ စာအုပ်ပျောက်မှုများ ကြုံတွေ့ရမည်။ သင်ခဲ့ပြီးသော ပညာများကို ပို၍တိုးတက်အောင် ပြုလုပ်လျှင် အကောင်းဆုံးဖြစ်သည်။

**အချစ်ရေး။** ခွေးနွေးရှင်းပြရသမျှ အချည်းနှီးဖြစ်မည်။ စာများ၊ ဓာတ်ပုံများကိုပါ မမြင်ချင်အောင်ထိ စွန့်ပစ်ဖြစ်မည်။ ကြိုးစားထားသမျှ အရာမထင်။ ငြိမ်နေလျှင် အကောင်းဆုံးအချိန်ဖြစ်သည်။

**ကျန်းမာရေး။** ခါးနာမည်။ ချော်လဲမည်။ မီးယပ်ချမ်းဖျားဖြစ်မည်။ ကျန်းမာရေး ဂရုစိုက်သင့်သည်။

**ကံကောင်းသောအရောင်** - ပန်းရောင်၊ အဖြူရောင်နှင့် အနက်ရောင်များ။

**ကံကောင်းသောဂဏန်း** - ၂၊ ၆၊ ဝ။

**ယတြာ** - သက်ကြီးရွယ်အိုတို့အား ဆွေးဆေးလှူ၍ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



ယခုလ ဓနုရာသီ ပထမကြွင်းရှစ်အပေါ်တွက်သည်။

**စီးပွားရေး။** စကားများစွာပြောဆို ငြင်းခုန်ရပြီးမှ ငွေရမည်။ ယာဉ်၊ ကား၊ စက်ပစ္စည်းများ၊ မြေယာကိစ္စများ၊ အဆောက်အအုံများမှ ငွေဝင်မည်။ သို့သော် စာရွက်စာတမ်းလွှဲချော်မှု မပြည့်စုံမှု စသော အငြင်းပွားဖွယ်ရာများကြောင့် ငွေကုန်မည်။ ခရီးသွားနှင့် ဟိုတယ်၊ စားသောက်ကုန်များ အကျိုးပေးသည်။ နာမည်ကြီးသော အလုပ်များကြောင့် ဆုရမည်။ အစိုးရ ချီးမြှင့်သော ဆုတံဆိပ်များ ရမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဖက်၏ စကားကတ်မှု၊ ရန်စကားများ၊ ဆန့်ကျင်ဘက်များ တွေ့ကြုံရမည်။ ဆွေမျိုးများ ရောက်လာလျှင် အိမ်သာယာမည်။ သားသမီးများအတွက် စိတ်ချမ်းသာမည်။ သားသမီးများ ထူးချွန်ဆုရမည်။

**ပညာရေး။** စက်မှုနှင့် လျှပ်စစ်ဆိုင်ရာ ပညာရပ်များ၊ ဒီဇိုင်းနှင့် စက်ချုပ်ပညာများ အကျိုးပေးသည်။ သိပ္ပံနှင့် သင်္ချာဘာသာရပ်များ ဂုဏ်ထူးထွက်မည်။ ဆုရမည်။

**အချစ်ရေး။** ရန်ဖြစ်ပြီးမှ ချစ်လာလိမ့်မည်။ အရိုးကွဲမှ အသည်းစွဲဟူသော စကားမှာ လက်တွေ့ဖြစ်လာမည်။ ငယ်၍ လှပသောသူနှင့် ချစ်သူဖြစ်မည်။ အိမ်ထောင်ပြုရန် ဝေးနေမည်။

**ကျန်းမာရေး။** အအေးမိလွယ်သည်။ ရေနေသတ္တဝါတို့ကြောင့် အစာအဆိပ်ဖြစ်မည်။ များသောအားဖြင့် ကျန်းမာရေးကောင်းမည်။

**ကံကောင်းသောအရောင်** - နီညိုရောင်၊ အဝါရင့်၊ ကြေးဝါရောင်။

**ကံကောင်းသောဂဏန်း** - ၃၊ ၅၊ ၁။

**ယတြာ** - ရွှေမင်းများ တည်ထားသော ဘုရားအား အဖြူရောင် ပန်းလှူခြင်းဖြစ်စေ၊ ထုံးသင်္ကန်းကပ်လှူ၍ ဖြစ်စေ ကုသိုလ်ပြုပြီး ဆုတောင်းပါ။

## စနေသားသမီးများ

BURMESE CLASSIC .com



ယခုလ တူရာသီ ဒုတိယကြွင်းရှစ်အပေါ်တွက်သည်။

**စီးပွားရေး။** အများကို မှီ၍ အကျိုးများရမည်။ ဝန်ထမ်းလျှောက်ရလွယ်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မည်။ တပည့် ဆွေမျိုးများနှင့် စပ်သောအလုပ်များမှ ငွေရမည်။ ဆရာမိဘများကြောင့် ငွေထွက်မည်။ အခြေခံလူများကို မှီသဖြင့် အကျိုးရမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဖက်မှာ လက်စွမ်းပြနေသောအချိန်ဖြစ်သည်။ စီးပွားလုပ်ငန်းများ အောင်မြင်နေမည်။ သာယာသော အိမ်ထောင်ရေးကာလဖြစ်သည်။ ဖခင် ကျန်းမာရေးအတွက် ပူပန်ရမည်။

**ပညာရေး။** ရှေးဟောင်းပညာရပ်များနှင့် ဂမ္ဘီရပညာရပ်များ စိတ်ဝင်စားနေမည်။ လူမျိုးခြား ဘာသာရပ်များ ခက်ခဲစွာ သင်ယူပြီးမှ တော်တတ်လာမည်။ ကျောင်းစာညံ့မည်။ ဆရာကောင်းမတွေ့ ဖြစ်မည်။

**အချစ်ရေး။** လူမျိုးခြားနှင့် ချစ်သူဖြစ်မည်။ အသက်ကြီးသူ (သို့မဟုတ်) မုဆိုးဖို၊ တစ်ခုလပ်ဖြစ်မည်။ ကြင်နာယုယမှုကို ခံရမည်။ ခရီးတိုသွားဖြစ်မည်။

**ကျန်းမာရေး။** သည်းခြေအားနည်းမည်။ စိတ်မငြိမ်။ ရုံခါ ချောင်းဆိုးမည်။ အနာပေါက်မည်။

**ကံကောင်းသောအရောင်** - ပန်းရောင်၊ အနီရင့်ရောင်၊ အညိုရောင်များ။

**ကံကောင်းသောဂဏန်း** - ၂၊ ၃၊ ၀။

**ယတြာ** - ဘုရားအား ယပ်တောင်သက်စေ့ (သို့မဟုတ်) လေပန်ကာ၊ လေနှင့်ဆိုင်သောပစ္စည်းများ လှူ၍ ဆုတောင်းပါ။

*****



www.burmeseclassic.com